www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ မတ်လ၊ အတွဲ(၇)၊ အမှတ်(၉)

# ဂမ္ဘီရ ဆန်းကြယ် မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်း

အောင်စေပိုင် စီစဉ်ဖန်တီးသည်

၂၀၁၃ ခုနှစ်၊ မတ်လ
အတွဲ(၇)၊ အမှတ်(၉)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရှိသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။

### ဂုဏ်တော်မြဲဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပစ္စုပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

### ဂို့အာဝန်အစရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ··· ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ··· ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ··· ဒို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

...တော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
...သား စည်းလုံးညီညွတ်မှု ခိုင်မာရေး
...ပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
...အခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
...တော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

...ကို ဗိုမိဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ
...ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း
...ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
...စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
...ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
...ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
...၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
...နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

...၏ စိတ်ဓာတ်နှင့်၏အကျင့်စာရိတ္တမြင့်မားရေး
... ဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
...ယဉ်ကျေးမှုလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
...မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
... ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


- အကျိုးများသည့် ဖိုးကုလားစေတီ ... ကိုအေးမြင့်(ရွှေ/သူ) ၇
- အိမ်တော်ရာစေတီ ... တင်နိုင်တိုး
- နှစ်တစ်ရာဆုတောင်းပြည့်စေတီ ... တက္ကသိုလ်မြတ်ထင်
- ကမ္ဘာ့ရန်ပြေ မာန်ပြေ မောပြေ. . . . ... မင်းတိုင်ပင်
- ရတနာမာန်အောင်စေတီတော်နှင့်. . . . ... ဂမ္ဘီရဆရာလှမျိုး
- အစိဋ္ဌာန်ပါရမီထူး၊ မေတ္တာတောင်တော်ဦး ... မင်းမြတ်ကြိုင်
- ဓမ္မဝိဇယ ဆုတောင်းပြည့် ရွှေစေတီတော်နှင့် ... မင်းတိုင်ပင်
- မိုးကုတ်မြို့ ဖောင်တော်ဦးမြတ်စွာဘုရား ... မင်းသုခ


## ဘာသာရေးသုတ/ရသဆောင်းပါး


- ပန်ဆုပြည့်စေ. . . . ... ခင်(တောင်ကြီး)
- သူတော်ကောင်းတို့အလှူဖြစ်ပါစေ. . . . ... မုံရွာနေဇာ
- မုဒိတာကောင်းကင်အောက်က နတ်ဆည်ရွာ ... ဖောင်သာကျော်
- ဝဋ္ဋနာဒီပနီ ... သုခ
- တော်ကူးလယ်ပေါ်ဆရာတော်ဘုရားကြီးနှင့်. . . . ... မင်းစောမောင်
- ရွှေတိဂုံဘုရား လင်းဋ္ဌနား ... မှော်ဘီဆရာဦးအောင်ကျော်မိုး
- စိတ်ဝင်စားဖွယ်ကောင်းသောစာတစ်စောင်နှင့်. . . ... မေတ္တာရှင်ရွှေပြည်သာ
- သင်ခန်းစာများကိုမိတ္တူပွားခြင်း. . . . ... ဥဒေါ့ရှောင်မှူး(လှိုင်သင်)
- စာမတတ်သောဒေါ်ရွှေ၏ မေတ္တာ. . . . ... ဓမ္မာစရိယဦးဌေးလှိုင်
- ပြည်တော်အေးချမ်း ရန်အောင်မြင်စေတီတော် ... မောင်ယဉ်လှိုင်း(တာချီလိတ်)
- ဒဏ္ဍာရီလား အဖြစ်မှန်လား ... လှကျော်ညွန့်(ခရကင်း)
- ကျေးဌးရှင် လယ်တီဆရာတော်ဘုရားကြီးနှင့်. . . . ... မင်းထက်ကျော်


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- အန္တရာယ်ကင်း နတ်မင်းကြီးငါးပါးဂါထာတော် ... ကျော်သန်း(တိုင်းရင်းဆေး)
- အောင်မင်္ဂလာ၊ အောင်အတိတ်၊ အောင်နိမိတ် ... ကိုသက်ရှည်
- သဗ္ဗဇယမင်္ဂလာဂါထာ. . . . ... အမျိုးလှ
- ပြူစောထီးရဲ့ မန္တန်တော် ... သျှင်ဖွေး
- အမိအဖကို ခြေစုံရှိခိုးဂါထာ ... ခင်လေး(မာတူ)


## တိုင်းရင်းဆေး


- ပုံတောင်ပုံညာယောနယ်တစ်ခွင်. . . . ... ကိုနေဦးမောင်(ပခုက္ကူ)
- ကျန်းမာခြင်းအတွက် မရန်းပင် ... ကျော်တင့်ဆွေ
- ကင်းစိတ်ပြေပျောက်. . . . ... နတ်မောက်မှတ်ကျော
- ရှေးဆရာတော်ကြီးများ၏. . . . ... ဇရာမြေကျော်ဝေ
- ဒန့်သလွန်ပင်အကြောင်း. . . . ... သစ္စာဂါဒီ
- ကိုယ်ဖောရောင်သည့်ရောဂါ ... ဝင်းဝေ(သုံးဆယ်)


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ဖုန္နဝင်ရသ


- မဇ္ဈရိယကျိန်စာ ... နန္ဒာမိုးကြယ် ၆၇
- တဏှာဖြတ်တဲ့ဝါဒ ... မအောင်ခင်(ဥပဓေ) ၈၈
- သူဌေးတစ်လှည့်၊ ခွေးတစ်လှည့် ... မောင်မောင်သိန်း(ဒီးကုန်း) ၁၀၈
- ဘုရားရှင်ကိုအပြုံးဖွဲ့သူ ... ပဥ္စသီ ၁၁၈
- တုန့်ပြန်ကျေးဇူးပေးဆပ်ရကျိုးနပ်ပြီ ... အောင်မြင့်မြတ်(ပြည်ရွှေတိဂုံ) ၁၄၄


## အထွေထွေသုတ၊ ရသဆောင်းပါး


- အာဟာရနှင့်ကျန်းမာနည်း ... ရွှေဥဒေါင်း ၁၂၆
- သူရဲကောင်းဟူသည် ... ညီအောင်ပြည့် ၁၆၄
- တောင်ကြီးမီးပုံးပျံမှသည်. . . . ... ကြည်မိုးငြိမ်း ၁၇၀
- တရုတ်ပဒေင်ကပြောသော. . . . . ... မကွေးလှမြင့် ၁၈၄
- စာအုပ်စင် ... သုတအုံ ၂၅၂
- ခေတ်နောက်မလိုက်ဆရာမိုက် ... မြယာငြေ ၂၉၃
- ကမ္ဘာ့တောင်ဖက်ခြမ်းရှိ အကြီးဆုံးမြို့တော် ... မောင်လင်းအောင် ၂၉၇


BURMESE CLASSIC .com

## ဂန္ထိရဆန်းကြယ်ဝတ္ထုများ


- ဘဆွေကို စိန်ခေါ်သူ ... ကောင်းသော် ၁၇၇
- ခြေးချစ်အဘွား. . . . ... မင်းမြတ်ဘုန်း(ညောင်လေးပင်) ၁၉၂
- မရအခေါ်သံ ကျီးအော်သံများ ... တင်အေးကျော် ၂၀၅
- သမင်းရုပ်ချစ်သူ ... တောင်တွင်းကိုရင်ဩ ၂၁၁
- ခေတ်ပုံထဲမှ ပျောက်ကွယ်သွားသောပုံရိပ် ... ဂါဦးနွန်းကို ၂၂၀
- ရှိခဲ့တာအမှန်ပါပဲ ... မြမြလှိုင် ၂၃၀
- ကိုးသချိုင်းပြန်အဘိုးသန် ... မင်းရဲကျော် ၂၄၁
- ဝိညာဉ်လေလား၊ စိတ်အထင်လေလား ... မြရာပင်မောင်ထင်ယုံ ၂၄၆
- နေဝင်ပြီးနောက်ဆုံးကာလ ... မဟာထွန်း ၂၅၄
- မြွေဆေး ... နေဝန်းနီ ၂၆၀
- ခဲ့ပေးခဲ့မိသောလိပ်ပြာ ... တင့်ထူး(ဇေယျဝတီ) ၂၆၈
- ချစ်သူ့ဝိညာဉ် ... သန်းဆွေသစ် ၂၇၄
- ချစ်သူခေါ်သံ ... ဇလွန်ကျော်ဦး ၂၈၈
- သပြည့်ညတမ်းခြင်း ... မော်ကျွန်းရဲနိုင် ၃၀၁
- မြစ်ရုပ်ဆန်းကြယ်အင်္ဂလိပ်သချိုင်း. . . . ... မြသိန်း ၃၁၅
- သန်းခေါင်ယံမှကလေးငိုသံ ... ဆုမွန်ဦး(တသ်ာတ) ၃၂၉




www.burmeseclassic.com

www.burmeseclassic.com

# ပဥ္စဂုဏ် အဟံ ဝဏ္ဏာမိ

**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
ကိုကိုလှ(ကမာမြေ)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဟိန်းမင်းဇော်
**ကွန်ပျူတာစာစီ**
စန်းစန်းထွေး၊ A7 Group
**ဖြန့်ဖြူးနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ဌေး
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ဌေး၊ ရန်နိုင်ဦး၊ သန့်စင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စကျူ၊ ကျော်စိုးညိန်း၊ ဆုးထက်အောင်၊ ပညတ်၊

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)


**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(တောင်းစံပုံနှိပ်တိုက်)၊ အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။


| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မိလျှံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေဧး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟင်္သာတ | တာလေးမောင် |











## အဆောင်၊ အစီအရင်၊ ယတြာ



- ၂၀၁၃ မှာ သတိထားရမည့် မွေးနံရှင်များနှင့် ... မောင်ကောင်းမြ
- ဥစ္စာပစ္စည်းပျောက်. . . . . ... ဆရာမင်းသုန္ဒြ
- ကံကောင်းစေမည့် အကြံပြုစာမျက်နှာ ... ဓေတ္တရာဆရာကျော်
- ထဆင်ထူးလုံးကြီးတင် ပီယနှုတ်ပုံ. . . . . ... အေးရွှေ(ဇီးကုန်း)
- ဂမ္ဘီရသိဒ္ဓိဝင် ကျောက်အမြုတေများနှင့် ... ရောမြေကျော်ဓေ
- တစ်နှစ်တာ အမည်ကောင်းဆိုးနှစ်ဖြာ. . . . . ... ကျော်မိုးလွင်(ပါးခယ်မ)
- ကျောင်းဆရာမ လုပ်ငန်းနဲ့အကျိုးပေး/မပေး ... ဦးမောင်မြိုင်
- ဂမ္ဘီရရောင်စဉ် အင်းအစီအရင် ... ဓေတ္တရာဆရာကျော်
- ၂၀၁၃ ခုနှစ်လက်ဆောင် ... သတ်နှင်းမေဆွ


## အသုံးချပညာရပ်များ


- ၂၀၁၃၊ မတ်လအတွက် လိုအင်ဆန္ဒပြည့်ဝ
  အောင်မြင်စေမည့် (ကာ၊ကု၊ဖွင့်)နဝင်းယတြာအစီအရင်များ. . . ဆရာမြတ်ထွဋ်ခေါင်
- ၂၀၁၃၊ မတ်လ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင်
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင်
- ၂၀၁၃၊ မတ်လ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု
  ၁၂ ရာသီ လင်္ဂပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဓေယျာကို
- နာမက္ခရဆန်း ... ဂမ္ဘီဆရာလှ[illegible]
- ၂၀၁၃၊ မတ်လ၊ တြင်းရှုပ်အဟောစာတမ်းများ ... [illegible]


www.burmeseclassic.com

www.burmeseclassic.com



တဝဂူဆုတောင်းပြည့်ဘုရား
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

www.burmeseclassic.com

www.burmeseclassic.com




ဖိုးကုလားစေတီအတွင်းရှိ ရုပ်ပွားတော်
မန္တလေးတိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com






# အကျိုးများသည့် ဖိုးကုလားစေတီ

ကိုအေးမြင့်
(မဟာဝိဇ္ဇာ - ရှေးသု)

"အသက်မကြီးသေးပါ မောင်ရယ် [illegible] ထန်းရွက် ပုတီးလေးဆွဲလို့ ××× [illegible]စာရံကို အရောက်သွားမယ်"


ဟူသော ထန်းရွက် ပုတီးလေးများ [illegible] နာမည်ကျော်သော ရွှေစာရံဘုရား [illegible]ကျောင်းပရာ စေတီဝင်းတွင် "ဖိုး[illegible]စေတီ" တည်ရှိသည်။ မန္တလေး-[illegible] ကားလမ်းဘေး၊ မန္တလေးမြို့မှ [illegible] ဝေးသောနေရာတွင်ဖြစ်၏။ [illegible]ကျော် လေးဆူအပါအဝင်ဖြစ်သော [illegible]သမီးစောမွန်လှ၏ ကောင်းမှုတော် [illegible]စေတီ၏ အနောက်ဘက် ကိုက် [illegible]အကွာတွင် ဖြစ်ပေသည်။ ထို [illegible]စေတီသည်ကား ကုလားကျောင်း [illegible] စေတီပေါက်ထားသော လှိုဏ်ဂူ






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com

ဘုရား(Temple)အမျိုးအစားဖြစ်လေ၏။ စေတီမှာ လေးထောင့်ပုံဖြစ်ပြီး ပစ္စယာ(Terraces) သုံးဆင့်ခံကာ ငှက်ပျောဖူး ထီးတော်တို့ တင်လှူထားသည်။ ပစ္စယာအဆင့်များ၏ ထောင့်တိုင်းနှင့် ပစ္စယာတို့၏ အလယ်တွင် အင်္ဂတေပန်းလက်ရာ ဒေါင်းတံကဲများ၊ တံကဲများနှင့် တန်ဆာဆင်ထားသည်။ စေတီလိုဏ်အတွင်းတွင်လည်း လက်ရာကောင်းလှသော နံရံဆေးရေးပန်းချီလက်ရာများ၊ မင်စာများဖြင့် ရေးထိုးခြယ်လှယ် တန်ဆာဆင်ထားရာ အနုလက်ရာ တန်ဖိုး၊ ရှေးဟောင်း သုတေသနပညာတန်ဖိုး(Archaeological Value) တန်ဖိုးကြီးမားသော စေတီတစ်ဆူဖြစ်လေသည်။

**ဖိုးကုလားစေတီအတွင်း နံရံမှ မင်စာများ**

ထိုစေတီအရှေ့ဘက် မုခ်လိုဏ်၏ တောင်ဘက်နံရံတွင် စေတီသမိုင်းကို မင်စာ-၁၁ကြောင်းဖြင့် ရေးထိုးမှတ်တမ်းတင်ထား၏။ ဘုရားတည်ထားကိုးကွယ်သူ အလှူ့ဒါယကာ၊ ဒါယိကာမနှင့် သားသမီး၊ မြေးတို့၏ အမည်များကို မင်စာစာကြောင်းရေ (၈-၁၁)တွင် ရေးသားထားသည်။ ဘုရားဒကာမှာ မုံတောရွာသား မောင်ကုလား(ဖိုးကုလား)နှင့် ဒကာမမှာ








www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com





မယ်ပုဖြစ်၏။ ထိုစာကြောင်းများအရပင် ထိုဂူဘုရားသည် အလှူဒကာအမည်ကို စွဲကာ ဖိုးကုလားစေတီဟု အမည်တွင်ခဲ့လေသည်။ သမိုင်းမှတ်တမ်းမှတ်ရာ တင်သည့်၊ ဓလေ့နည်းပါးသည့် မြန်မာတို့တွင် ရှားရှားပါးပါး အမှတ်အသားလေးပါပေ။


သို့တိုင်လည်း ဘုရားတည်သော ခုနှစ်သက္ကရာဇ်ကိုမူ မင်စာတွင် ရေးထိုးထားခြင်း မရှိပြန်။ သို့သော် မင်စာတစ်နေရာတွင် အမရပူရမြို့တော်ဟု ပါရှိသဖြင့် အမရပူရကောင်းစားစဉ်ကာလများက ဖြစ်မည်ဟုတော့ ယူဆနိုင်သည်။ ထို့ပြင် စေတီ၏ ဗိသုကာသဘောနှင့် နံရံဆေးရေးပန်းချီလက်ရာများကလည်း အမရပူရခေတ်၊ ဘိုးတော်ဘုရားလက်ထက်တွင် တည်ဆောက်ခဲ့သည်ဟု ခေတ်ကာလကို ခန့်မှန်း(Datirig)နိုင်စေခဲ့၏။


ဘိုးတော်မင်းတရားသည် အမရပူရမြို့တော်ကို သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် တည်တော်မူပြီး ၁၁၄၅ခုနှစ်၌ အင်းဝမှ ပြောင်းရွှေ့ စံနေတော်မူ၏။ မြေးတော် စစ်ကိုင်းမင်း(ဘကြီးတော်ဘုရား)က အင်းဝမြို့ကို ပြုပြင်ကာ ပြန်လည်ပြောင်းရွှေ့ စံမြန်းသဖြင့် အင်းဝသည် ၄၁နှစ် နေပြည်တော်ဖြစ်ခဲ့သည်။ ထိုမင်း၏ ညီတော် သာယာဝတီမင်း(ကုန်းဘောင်မင်း)က အမရပူရသို့ ၁၂၀၀ခုတွင် ပြန်လည်ပြောင်းရွှေ့လာ



www.burmeseclassic.com

www.burmeseclassic.com





ပြန်သည်။ သားတော် ပုဂံမင်း(၁၂၀၈-၁၄)လက်ထက်တွင်လည်း အမရပူရသည် ထီးနန်းစိုက်ရာ မြို့ဖြစ်ခဲ့သည်။ ပုဂံမင်းအား ညီတော် မင်းတုန်းမင်းက ၁၂၁၄ခုနှစ်တွင် နန်းချကာ နန်းတက်ပြန်သည်မှာလည်း အမရပူရတွင်ပင် ဖြစ်၏။ မင်းတုန်းမင်းသည် မန္တလေးမြို့ကို တည်ထောင်ကာ စံမြန်းသော ၁၂၂၀ခုနှစ်အထိ အမရပူရနန်းတွင်ပင် စံတော်မူခဲ့သည်။ ထို့ကြောင့် ဖိုးကုလားစေတီ၏ သက်တမ်းသည် ထိုကာလများအတွင်းမှာပင် အစပြုခဲ့သည်ဟု ခန့်မှန်းနိုင်ပေသည်။

### ဖိုးကုလားစေတီလိုဏ်အတွင်းမှ နံရံဆေးရေးပန်းချီများ

ဖိုးကုလားစေတီ၏ မုခ်အတွင်းဘက် လေးဘက်လုံးတွင် မူလက နံရံဆေးရေးပန်းချီ (Mural Painting)များ များစွာရှိခဲ့သည်။ ထိုဆေးရေးပန်းချီများကို နံရံမုတ်လည်တွင် အထက်အောက် လေးဆင့်နှင့် လိုဏ်များတွင် သုံးဆင့်စီ ရေးဆွဲထားသည်။ ယခုအခါ ရာသီဥတုအပြောင်းအလဲဒဏ်၊ ကာလကြာညောင်းမှုတို့ကြောင့် အင်္ဂတေများ ကွာကျကုန်သဖြင့် ထိုအင်္ဂတေများပေါ်တွင် ရေးဆွဲထားရသော ပန်းချီများမှာ ကွက်တိကွက်ကျားသာ ကျန်ရှိတော့သည်။

နံရံ၏ အောက်ပိုင်း လက်လှမ်းမီရာ နေရာများတွင်ကား လူတို့ကိုင်တွယ် ပွတ်တိုက်ဖန်များခြင်းကြောင့် ပိုမိုပျက်စီးခဲ့သည်။ သရုပ်ဖော်ရေးဆွဲထားသော ဇာတ်လမ်းဇာတ်ကွက်များလည်း သိပ်မပေါ်တော့ချေ။ ကိုယ်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ အကျင့်ဓလေ့အတိုင်း ကိုးကွယ်ပူဇော်ပသမှုများကာ ယဉ်ကျေးမှုလက်ရာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုက နည်းလှသည်လေ။ သို့တိုင်အောင် မြန်မာ့ရှေးရိုး ပန်းချီပညာနှင့် သဘာဝပစ္စည်းများဖြင့် ဆေးရောင်အစပ်အဟပ်ကောင်းမှုကြောင့် အချို့နေရာများတွင် ဆေးသားများ စိုလွင်တောက်ပလျက်ပင် ရှိနေချေသေးသည်။

ဖိုးကုလားစေတီမှ နံရံဆေးရေးပန်းချီများတွင် အနက်၊ အဖြူဟူသော အခြေခံ အရောင်များအပြင် အနီ၊ အစိမ်း၊ အဝါ စသော ဆေးရောင်များကိုပါ သုံးစွဲထားသဖြင့် အရောင်ငါးမျိုးပါဝင်နေသည်။ ထိုအရောင်များကို ပန်းချီလက်ရာရှင်









www.burmeseclassic.com

www.burmeseclassic.com

ရေးရိုးမြန်မာအနုပညာရှင်များက အလျဉ်းသင့်သလို အချိုးတကျ စပ်ဟပ်သုံးစွဲထားသဖြင့် မျက်စေ့ပသာဒဖြစ်စေခဲ့သည်။ ထိုသို့ သုံးစွဲထားသော အရောင်ငါးမျိုးအနက် အနီရောင်ကို မြေပြင်၊ ခေါင်မိုး၊ အင်္ကျီ၊ လုံချည်များတွင် အများဆုံး သုံးပြီး ရေးခြယ်ထား၏။ သို့ဖြစ်ရာ ဗိုးကုလားစေတီမှ ပန်းချီကားတိုင်းကို ခြုံကြည့်လျှင် အနီရောင်သာ လွှမ်းနေရလေတော့၏။ အစိမ်းရောင်ကိုလည်း အင်္ကျီ၊ လုံချည်၊ အဆောက်အအုံ၏ ခေါင်မိုးနှင့် သစ်ပင်တို့တွင် ခြယ်လှယ်ထားပါသေးသည်။ ထိုသို့ သုံးထားသော အစိမ်းရောင်မှာကား စိမ်းစိုရွှင်လန်းသော ဒုတ္တာစိမ်း၊ ပင်လယ်စိမ်းရောင်များ ဖြစ်၏။ သို့ဖြစ်ရာ ဆန့်ကျင်ဘက်ဖြစ်သော အနီနှင့် ထိုအစိမ်းရောင်တို့သည် အားပြိုင်နေကြပေသည်။ ပြာသာဒ်ဘုံမြင့်များတွင် ရွှေရောင်အစား အဝါရောင်ကို ပဏာရစွာ သုံးထားသည်။ အနက်ရောင်ကိုမူ အခြားသော မြန်မာ့ရေးဟောင်း နံရံဆေးရေးပန်းချီများမှာကဲ့သို့ပင် ဆံပင် ဆံထုံးများ၊ အနားသတ်မျဉ်းများတွင်သုံးထားသည်။ အဖြူရောင်ကိုကား အဝတ်အစားနှင့် အုတ်တံတိုင်းများ၊ ခေါင်မိုးများတွင် သုံးထားလေ၏။









## ဇာတ်ကောင်များ


ရေးခေတ်က ဘုရားစေတီများတွင် နံရံဆေးရေးပန်းချီများ ရေးဆွဲရခြင်း၏ ဦးတည်ချက်မှာ ဗုဒ္ဓတရားတော်များကို လူအများ သိရှိနားလည်ရန် အသိပညာပေးခြင်းလည်း တစ်ကြောင်းပါဝင်သည်။ ထိုအချက်ကြောင့်ပင် ဘုရားဟော "ဇာတက"ဇာတ်တော်ကြီးများ(Jataka)ကို အခြေခံလျက် ရေးသားကြ၏။ ကျန် ဦးတည်ချက်မှာမူ ဂူနံရံများကို အလှအပအဆင်တန်ဆာပြုလုပ်ခြင်းပင်ဖြစ်သည်။ ထိုသို့ ပန်းချီကား အပြောက်အမွှမ်းများဖြင့် တန်ဆာဆင်ထားသည့် ဂူဘုရားများကို "ဂူပြောက်"ဟု ခေါ်ကြ၏။

နံရံဆေးရေးပန်းချီများတွင် ရေးဆွဲထားသော အကြောင်းအရာများမှာ ဗုဒ္ဓဝင်ဇာတ်တော်ကြီး ဆယ်ခု၊ ဇာတ်ကြီး ဆယ်ဘွဲ့ (Ten Jataka Stories)မှ ဇာတ်ကွက်များကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ "တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ"ဟူသော တေမိယ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ ဘူရိဒတ်၊ မဟောသဓ၊ စန္ဒကုမာရ၊




www.burmeseclassic.com


www.burmeseclassic.com
















www.burmeseclassic.com

www.burmeseclassic.com









နာရဒ၊ ဝိဓုရနှင့် ဝေဿန္တရာဇာတ်တော် စသော ဘုရားဟော ဇာတ်တော်ကြီးများကို အခြေခံထားလေသည်။ ထိုဇာတ်တော်ကြီးများအနက် ဖိုးကုလားစေတီ နံရံဆေးရေးပန်းချီများတွင် မဟောသဓာဇာတ်တော်နှင့် ဝေဿန္တရာဇာတ်တော်မှ ဇာတ်ဝင်ခန်းများကို အများဆုံး ရေးဆွဲသရုပ်ဖော်ထားသည်။ မဟောသဓာ ပညာစမ်းခန်း၊ ဝေဿန္တရာဇာတ်တော်မှ ဝေဿန္တရာမင်းကြီး ဆင်ဖြူတော်လှူခန်း၊ ဝေဿန္တရာမင်းကြီး သားတော်၊ သမီးတော်များ ပေးလှူခန်းနှင့် ဝေဿန္တရာမင်းကြီး၏ သားတော်၊ သမီးတော်များဖြစ်သည့် "ဂဏှာ"နှင့် "ဇာလီ"တို့ကို ဇူဇကာ ပုဏ္ဏားယုတ်မှ ဆောင်ယူသွားခန်း စသည်တို့ကို ရေးဆွဲထားခြင်းဖြစ်ပေ၏။

ဖိုးကုလားစေတီ၏ အတွင်းဘက် လိုဏ်နံရံများတွင် ဆင်းတုတော်များ ထည့်သွင်းပူဇော်ရန် မှခ်ကပ်(Niche)ငယ်လေးများ ပြုလုပ်ထားပြီး၊ ယင်းပတ်ပတ်လည်တွင်လည်း ဆေးရေးပန်းချီများကို နေရာလပ်မှန်သမျှတွင် အလိုက်သင့် ရေးဆွဲ တန်ဆာဆင်ထားပါသေးသည်။

## နံရံဆေးရေးပန်းချီများမှ ပြောသော ခေတ်ပြိုင် ဝတ်စားဆင်ယင်ပုံများ

ထိုနံရံဆေးရေးပန်းချီများမှတစ်ဆင့် ရေးဆွဲရာခေတ်၏ ဝတ်စားဆင်ယင်ပုံကိုလည်း လေ့လာနိုင်သည်။ ခေတ်ပြိုင် ဝတ်စားဆင်ယင်မှုများသည်သာ ထိုခေတ်တွင် ဆွဲသော ပန်းချီများတွင် အလွှမ်းမိုးဆုံးဖြစ်၏။ ရေးဆွဲသူ ပန်းချီအနုပညာရှင်သည် သူ့ခေတ်၊ သူ့ကာလက သူ့ပတ်ဝန်းကျင်တွင် မြင်တွေ့နေရသော အဝတ်အစား၊ အဆင်အယင်၊ ထုံးဖွဲ့ ပြင်ဆင်ပုံများကိုသာ သူ့ဇာတ်ကောင်များတွင် ထည့်သွင်းရေးဆွဲပေးခဲ့ပေလိမ့်မည်။ ဖိုးကုလားစေတီ နံရံဆေးရေးပန်းချီများမှ ဇာတ်ကောင်၊ ဇာတ်ရုပ်များတွင် ကုန်းဘောင်ခေတ်အလယ်ပိုင်း ဝတ်စားဆင်ယင်မှုများကိုသာ အများဆုံးတွေ့ရ၏။ သို့ဖြစ်ရာ နံရံပန်းချီကားများထဲမှ တချို့သော ဇာတ်ကောင်တို့သည် သေနတ်များ၊ အမြောက်များနှင့် မုတ်ဆိတ်ဖားဖားကုလားစစ်သည်များ ဖြစ်နေကြသည်။ ဥပမာအားဖြင့် "မဟော်သဓာ"ဇာတ်တော်လာ ဥပကာရီမြို့ကို "စူဠနီမင်း"





www.burmeseclassic.com


www.burmeseclassic.com


က ရုစ်ခေါပဏီတာပီများဖြင့် ဝိုင်းဝန်း စစ်ပြခန်းတွင် စစ်သည်များကား ဗုဒ္ဓခေတ်က မရှိနိုင်သေးသော အမြောက်လက်နက်များကိုပင် ကိုင်စွဲအသုံးပြုထားကြသည်။ ထိုအမြောက်ကြီးများဘေးတွင်လည်း သေနတ်ထမ်းစစ်သည်များ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနှင့် ကုလားစစ်သည်များက တိုက်ပွဲဆင်နွှဲနေကြလေသည်။ စစ်သည်အချို့၏ သေနတ်ပြောင်းများကို အောက်သို့ စိုက်လျက် ရေးဆွဲထားလေ့ရှိ၏။ ထို့ပြင် ဦးထုပ်ဆောင်းကာ ရှူးဖိနပ်ဦးမော့ကို စီးပြီး ဓားရှည်ကိုင်ထားသော ကုလားစစ်သားပုံများကိုလည်း တွေ့ရှိရပါသည်။ ယင်းပုံများသည် ထိုခေတ် ထိုအခါ၏ လူမှုရေး၊ နိုင်ငံရေးအခြေအနေများကို ထင်ဟပ်နေသည်ဟု ထင်ပါသည်။


အခြား ထူးခြားမှုတစ်ခုမှာ မပော်သဓာ သတို့သား
















www.burmeseclassic.com


www.burmeseclassic.com















ငယ်သည် လူစီးပြီး နန်းတော်အတွင်းသို့ ဝင်လာပုံဖြစ်သည်။ အမတ်ကြီးများက မဟော်သဓာ သတို့သားအား ပညာအမျိုးမျိုးစမ်းပြီးနောက် ဘုရင့်ရှေ့တော်သို့ ဆောင်ယူသွင်းခန်းတွင် မဟော်သဓာကို ရွှေထီးသုံးလက်မိုးကာ၊ ထိုသို့ လူစီးလျက် ဝင်လာစေခြင်းဖြစ်၏။ မင်းဘူးဆရာတော် ဦးဩဘာသ ပြန်ဆိုရေးသားတော်မူသော မဟော်သဓာဇာတ်တော်ကြီးတွင် မဟော်သဓာသည် ဖွားဖက်တော် သူငယ် ၁၀၀၀ ခြံရံလျက် မင်း၏ နန်းတော်သို့ ဝင်ရောက်လာခန်း ပါရှိ၏။ ယင်းကို ပညာရှိ မင်းမဟော်သည် ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်သော်ငြားလည်း ငယ်ရွယ်သော ကလေးသာသာအရွယ်ဖြစ်ကြောင်းကို ပေါ်လွင်စေရန် ပန်းချီဆရာက စိတ်ကူးဉာဏ်ကွန့်မြူးကာ သရုပ်

www.burmeseclassic.com

www.burmeseclassic.com





ဖော် ရေးဆွဲထားခြင်းဖြစ်ပေမည်။

ထို့ပြင် နံရံဆေးရေးပန်းချီများမှတစ်ဆင့် ထိုခေတ်ထိုအခါက လူတို့၏ ဝတ်စားဆင်ယင်ပုံများအပြင် ဆံပင်၊ ဆံထုံး ထုံးဖွဲ့ပုံများ၊ နေမှုထိုင်မှု ဓလေ့စရိုက်များ၊ ကိုးကွယ်မှု ဓလေ့ထုံးစံများ၊ အဆောက်အအုံပုံများ၊ ဆင်, မြင်း က,သော၊ လူထမ်းသော ယာဉ်ရထားများ၊ လှေ-ဖောင်များ၊ ကိုင်ဆောင်အသုံးပြုသော လက်နက်ကိရိယာနှင့် လူသုံးကုန်ပစ္စည်းများ၊ သီးပင် ပေါက်ပင်များ၊ ရှင်သန်နေထိုင်ကြသည့် သတ္တဝါနှင့် ကျေးငှက်တိရစ္ဆာန်များ၊ မှတ်တမ်းတင် ရေးထိုးထားသော စာပေအရေးအသား၊ အသုံးအနှုန်းများကိုလည်း သုတေသနပြုကာ လေ့လာနိုင်ပါသည်။

## ကိုးကွယ်ဆည်းကပ်ရာလည်း ဖြစ်၊ အနုလက်ရာပစ္စည်းလည်း ဖြစ်

ရှေးဟောင်းဘုရားစေတီတို့သည် ဘာသာရေးရှုထောင့်မှ ကြည့်လျှင် ဗုဒ္ဓဘာသာဝင်များအတွက် ကိုးကွယ်ဆည်းကပ်ရာဖြစ်၏။ ထို့အတူ အနုပညာလက်ရာမြောက်သော ရှေးဟောင်းအမွေအနှစ်အဖြစ် ကြည့်လျှင်လည်း မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဖြစ်စဉ်အတွက် သက်သေခံပစ္စည်းများဖြစ်လို့နေပြန်သည်။ သို့ဖြစ်ရာ သမိုင်းအမွေခံသာသနိက အဆောက်အအုံဟောင်းများကို အင်္ဂါရပ်မှ ဂါရဝဖြစ်အောင် ပြုပြင်မွမ်းမံရသလို ယဉ်ကျေးမှု စရိုက်လက္ခဏာများ အငွေ့ကို အရွက်မပုံရအောင်၊ ပျောက်ပျက်မသွားအောင်လည်း ဂရုပြုရပေသည်။

ထိုသို့သော အနုပညာမြောက်ပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် ထူးခြားချက်များကြောင့် ဖိုးကုလားစေတီတော်ကို မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနမှ ၁၉၆၄-၆၅ ခုနှစ်များတွင် စတင်ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ထိုစဉ်က ပြုပြင်ထိန်းသိမ်းရေးလုပ်ရာတွင် ချုံနွယ်များ ရှင်းလင်းခြင်း၊ အုတ်ဟောင်း အုတ်ဆွေးများ ရွေးထုတ်ပြီး အသစ်စီခြင်း၊ ဂူအတွင်း အုတ်ခင်းပြီး အင်္ဂတေကြားသိပ်ခြင်း၊ အနားသပ်ခြင်း စသော အမာခံ အောက်ခြေ အုတ်လုပ်ငန်းများကို ကိုယ့်တိုင်းပြည်အင်အားနှင့် တတ်နိုင်သမျှ အရင်ဦးဆုံး ပြုလုပ်ပေးခဲ့ကြ၏။ ထို့နောက် တံခါးရွက်အသစ် ပြန်လည်တပ်ဆင်ခြင်း၊ ကျိုးနေသော တံခါးဘောင်များကို အသစ်ပြုပြင်ခြင်းနှင့် ရေနံသုတ်ခြင်းများ စသည့် စေတီတော်၏ ကြံ့ခိုင်ရေးလုပ်ငန်းများကိုလည်း ပြုလုပ်ခဲ့ကြလေသည်။




www.burmeseclassic.com

www.burmeseclassic.com







**တို့ဘိုးဘွားအမွေအနှစ်မို့ တိုင်းပြည်၏**
**ရတနာအဖြစ် ချစ်မြတ်နိုးတတ်ပါစေ**

မိမိတို့နိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းတတ်သည့် ဓလေ့ အသိပညာများရှိပါက နံရံဆေးရေးပန်းချီများကို မပျောက်ပျက်အောင်လည်း ထိန်းသိမ်းနိုင်ပေမည်။ ထိန်းသိမ်းစောင့်ရှောက်သည့် ခေတ်မီ အတတ်ပညာများနှင့် ဓာတုဗေဒပစ္စည်းများ ပါရှိပါမှ နံရံဆေးရေးပန်းချီများသည် စိုလွင်လျက် ရေးမှုမပျက် ရှိနေပေလိမ့်မည်။ ထိုသို့ သိပ္ပံနည်းကျ ပြုပြင်ထိန်းသိမ်းခြင်း မပြုနိုင်လျှင်သော်မှ စေတီပုထိုးများ၏ ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများသာမက၊ တစ်ခါတစ်ရံ လာရောက်လေ့လာ ဘုရားဖူးသူများတွင်လည်း ရှေးဟောင်းယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်ချင်သည့် စိတ်ဓာတ်များ ကိန်းအောင်းနေအောင် ငယ်စဉ်ကပင် အသိပညာများ ပေးဝေထားသင့်ပါသည်။ ယုတ်စွအဆုံး ပုံတွင် ဖော်ပြထားသလို မီးသွေးခဲနှင့် လက်ဆော့ ခြေဆော့ မပြုမိအောင်တော့ လက်ရှောင်တတ်လာရပေမည်။ ယဉ်ကျေးမှုအမွေအနှစ်များကို တိုင်းပြည်၏ ရတနာအဖြစ် တန်ဖိုးထားတတ်ပါစေဟုသာ။

* * *

ကိုအောင်းမြင့်(မဟာဝိဇ္ဇာ၊ ရှေး-)

ကျမ်းကိုး၊

- ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ နှစ်ချုပ်အစီရင်ခံစာများ




www.burmeseclassic.com

www.burmeseclassic.com

မရှိခဏာ ဆရာတော် ချီးမြှင့်သည့်

# ၂၀၁၃မှာ သတိထားရမည့် မွေးနံ့ရှင်များနှင့် ဆောင်ရွက်ရန် ယတြာ

■ အောင်ကောင်းမြ(သာကေတ) ■




၂၀၁၃ ခုနှစ် တစ်နှစ်တာကာလအတွက် ဆောင်ရန်၊ ရှောင်ရန်များ၊ ပြုလုပ်ဆောင်ရွက်ရမည့် ယတြာများကို ရေးသားဖော်ပြပေးရန် စဉ်းစားတွေးခေါ်နေမိပါသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်စာအတွက် နှစ်စဉ် သင်္ကြန်စာ ထွက်ရှိပါသည်၊ ထိုသင်္ကြန်စာမှာ မြန်မာသက္ကရာဇ်ကို မူတည်၍ တွက်ထားခြင်းဖြစ်သည်၊ ယခု ထုတ်ဝေသော သင်္ကြန်စာ ၁၃၇၅ ခုနှစ်အတွက် ကြိုထုတ်နေကြခြင်းဖြစ်ပါသည်။ မြန်မာနှစ်ဆန်းတစ်ရက် (၁၇-၄-၂၀၁၃)မှစ၍ အကျုံးဝင်မည်။

ယခု စာရေးသူအနေဖြင့် ၂၀၁၃ အင်္ဂလိပ် ခရစ်နှစ် အစမှ နှစ်ကုန် ဒီဇင်ဘာလအထိ ဖော်ပြပေးလိုပါသည်။ ထိုအချိန်တွင် စာရေးသူ သတိရမိသည်မှာ ပြည်မြို့မှ မရှိခဏာ ဆရာတော်ဖြစ်သည်။ လွန်ခဲ့သော ၂၀၁၁-၂၀၁၂တွင်လည်း ဆရာတော် ကြိုတင်ဆောင်ရွက်ခိုင်းသော အချက်များ၊ ဟောပြော မိန့်ကြားချက်များ မှန်နေပါသည်။ ယုံကြည်စွာ ဆောင်ရွက်ထားသူများ ဘေးဥပါဒ်အန္တရာယ်ကင်းဝေးစေခဲ့ပါသည်။

ယခု ၂၀၁၃အတွက် လမ်းညွှန်အကြံပေးပါရန် ဆရာတော်ထံ ဖုန်းဆက် မေတ္တာရပ်ခံ တောင်းပန်လျှောက်ထားလိုက်ပါသည်။ မရှိခဏာ ဆရာတော်သည် သက်တော် ငယ်သော်လည်း သီလ၊ သမာဓိ ပညာနှင့် ပြည့်စုံသော ဆရာတော် တစ်ပါးဖြစ်ပါသည်။ ဘဒ္ဒန္တ(သဲကုန်း)အရှင်ကုဝေရ မရှိခဏာ ဆရာတော်(နယ်လှည့် ဓမ္မကထိက)သည် မဟာသိဒ္ဓိ ခေတ္တရာ ဓမ္မရိပ်သာကျောင်းတိုက်၊ ဘုရင့်နောင်လမ်းမကြီး၊ ပြည်မြို့တွင် သာသနာပြုလျက် ရှိပါသည်။

၂၀၁၃၊ ဇန်နဝါရီလ တစ်လပိုင်း နှစ်ဦးမှစ၍ စနေ၊ အင်္ဂါ ရာဟုသားသမီးများ စီးပွားရေး၊ ငွေကြေးလာဘ်လာဘ တိုးပွားမည်။ လုပ်ငန်းအဆင်ပြေ ဝင်ငွေတိုးတက်လာမည်။

သောကြာနှင့် ဗုဒ္ဓဟူးသားသမီးများ ကျန်းမာရေးညံ့မည်၊ ချူချာမည်။ စိတ်အနှောင့်အယှက်ကြုံတွေ့ရမည်။ ကိုယ်စိတ်နှစ်ပါး ပင်ပန်းဆင်းရဲရမည်။

ကြာသပတေး၊ တနင်္ဂနွေသားသမီးများ အိုးသစ်အိမ်သစ် ဝင်မည်။ လုပ်ငန်းသစ် ဆောင်ရွက်ရမည်။ အလှူဒါနများ ပြုလုပ်ရမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ဆောင်ရွက်ရမည်၊ လုပ်ငန်းအဆင်ပြေမည်။ အင်္ဂလိပ်ရက် ၁ရက်မှ ၁၂ရက် အတွင်း မွေးဖွားသူများ ခိုက်ရန်ဖြစ်၊ အမှုဖြစ်၊ ပြဿနာကြုံ

www.burmeseclassic.com

တွေ့ရမည်။ အထက်လူကြီး၊ မင်းစိုးရာဇာနှင့် ဖြေရှင်းရမှုများ ကြုံတွေ့နိုင်သည်။ သတိထားပြောဆို နေထိုင်ပါ။

၁၃ရက်မှ ၂၁ရက်အတွင်း မွေးဖွားသူများ ငွေနံထွန်းမည်။ လာဘ်ဝင်မည်။ လုပ်ငန်းအောင်မြင်မည်။ လူမှုရေး၊ ပရဟိတလုပ်ငန်းများ ပါဝင်ဆောင်ရွက်ရမည်။ စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ပါ။

၂၂ရက်မှ ၃၀-၃၁ရက်အတွင်း မွေးဖွားသူများ ကျန်းမာရေး ချူချာနိုင်သည်။ ဝင်ငွေထက် ထွက်ငွေများနေမည်။ ငွေကြေး မစုနိုင်ဖြစ်နေမည်။ နေအိမ်မှ ယာယီထွက်ခွာနေထိုင်ရမည်။ အိမ်၊ ခြံ၊ မြေ ရောင်းထွက်မည်။ မိသားစုနှင့် ခွဲခွာနေထိုင်ရမည်။

၂၀၁၃ နှစ်စ၊ နှစ်လယ်တွင် အမည်ကြီး အနုပညာရှင် (စာပေ၊ ဂီတပညာရှင်) ကျန်းမာရေးညံ့မည်။ ချူချာတတ်တာမျိုး၊ ဆေးဝါးကုသခံရတာတွေ ကြုံရမည်။ နာမည်ကြီးသူ၊ နာမည်ထင်ရှားသူများ ခန္ဓာပျက်ကိန်းကြုံနိုင်သည်။ ကျန်းမာရေး ဂရုစိုက် နေထိုင်ပါ။

စနေနံနှင့် ပတ်သက်ပြီး (ထီး၊ နာရီ၊ ဖိနပ်၊ အထည်) ဈေးကျဆင်းမည်။ သောကြာနံ သစ်၊ သံ၊ သွပ်၊ သဲ၊ သားရေ ထည်ပစ္စည်း၊ သစ်သီးဝလံ၊ ကြက်သွန်၊ အသံထွက်ပစ္စည်း၊ အနုပညာပစ္စည်းများ ဈေးတက်နိုင်သည်။ အင်္ဂါနံ စက်ပစ္စည်း၊ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ စောင် ဈေးကျနိုင်သည်။ စာအုပ်၊ စာနယ်ဇင်း စာပေဆိုင်ရာလုပ်ငန်း ကျဆင်းနိုင်သည်။

ယတြာနှင့် ပတ်သက်၍ လျှောက်ထားမေးမြန်းရာ ကျန်းမာရေး ကံဇာတာညံ့သော သောကြာ၊ ဗုဒ္ဓဟူးသားသမီးများ ကြံညွှန့် (၇)ညွှန့်၊ ဩဇာ (၇)ညွှန့်၊ သက်ကယ် (၇)ညွှန့်တို့ကို အောင်အိုးမှာ ထည့်ပြီး မိမိနေအိမ် ဘုရားမှာ လှူပါ။ လှူမည့်အချိန်မှာ မွေးနေ့နံနက် ၁၁နာရီဖြစ်သည်။ လှူဒါန်းပြီးပါက သမ္ဗုဒ္ဓေဂါထာ သက်စေ့ထက် တစ်ခေါက်ပို၍ ရွတ်ဆိုပူဇော်ပါ။

အနုပညာရှင်များ၊ စာပေ ဂီတ ရုပ်ရှင် တေးသံရှင် စသည့်လူများ ဘဝအောင်မြင်ရေးနှင့် စိတ်သောက ကင်းဝေးရေးအတွက် အသက်ဘေးချမ်းသာ ဘေးဥပါဒ် အန္တရာယ်ကင်းဝေးစေရေးအတွက် သက်ကယ် (၉)ညွှန့်ကို လက်တစ်ထွာဖြတ်၍ ပလတ်စတစ်ကဒ်လောင်းပါ။ ထို့နောက် မိမိအိမ်ခန်းခေါင်းရင်းဘက်မှာ ချိတ်ကပ်ထားပါ။ ထိုပလတ်စတစ်တွင် ဆော့ပင်အပြာဖြင့် (န)တစ်လုံး အမြီးရှည်ရှည်ဆွဲ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် သုံးကြိမ်သုံးခါ ဆုတောင်းပါ။ လေးနက် ယုံကြည်စွာ ပြုလုပ်ကြပါဟု တိုက်တွန်းပါသည်။ ယုံကြည်မှ အောင်မြင်မည်။

ဂုနေ့သားသမီး မွေးနံရှင်အားလုံးတို့သည် တစ်ထောင်ကျပ်တန်တစ်ရွက်မှာ ဝန်ထမ်းဆိုလျှင် အနီရောင်စက္ကူ၊ ဝန်ထမ်းမဟုတ်လျှင် အဖြူရောင်စက္ကူတစ်ရွက်တွင် ဖြစ်လိုရာ ဆန္ဒနှစ်မျိုးရေး၍ ကပ်ပါ။ စက္ကူအရွယ်အစားမှာ လက်သုံးထစ်(လက်ချောင်းသုံးချောင်းစာ) ဖြစ်ရမည်။ ထိုစက္ကူမျိုး သုံးရွက်ရေးပြီး ထောင်တန်တစ်ရွက်စီမှာ ကပ်ပြီး နံနက်စောစောအချိန်မှာ လမ်းဆုံလမ်းခွတွင် တစ်ရွက်စီ ချပြီး ဆုတောင်းမှု ပြုပေးရမည်။ ပုံသကူထားသည့် သဘောဖြစ်သည်။ ကောက်ချင်တဲ့သူ၊ ကြုံရာလူ ကောက်ယူပါစေ။ တစ်နှစ်စာအတွက် သုံးထောင်ကျပ် ရင်းနှီးသင့်ပါသည်၊ ၂၀၁၃ နှစ်စပိုင်း တစ်ရက်ရက်မှာ ပြုလုပ်နိုင်သည်။ စက္ကူတွင် လိုရာဆန္ဒနှစ်မျိုးသာ ရေးရမည်။ ခဲတံဖြင့် ရေးပါ။

ဤနှစ်သည် ကိန်းဂဏန်းလေးလုံး စီနေသော၊ အစီအစဉ်တကျဖြစ်နေသော နှစ်ဖြစ်သည်၊ ၀၁၂၃(၂၀၁၃) ကိန်းအားလုံးပေါင်းပါက ၆ဖြစ်နေသည်။ ထို့ကြောင့် သောကြာနံ (အနုပညာရှင်နှင့် အနုပညာလုပ်ငန်းများ)၊ သောကြာသားသမီးများ ဂရုစိုက် သတိထား ဆောင်ရွက်ရမည့်နှစ်ဟု ဆိုလိုသည်ဟု ယူဆပါသည်။ စာဖတ်ပရိသတ်များ တစ်နှစ်လုံး သက်စေ့ထက် တစ်ခေါက်ပို၍ သမ္ဗုဒ္ဓေဂါထာ နေ့စဉ်ရွတ်ဆိုပေးသင့်ပါသည်။ မြတ်ဗုဒ္ဓ၏ ဉာဏ်တော် ၆ပါး ဂါထာတော်၊ တရားဂုဏ်တော် ၆ပါး၊ သမ္ဗုဒ္ဓေ၊ သီရည္မိဂါထာ၊ သရဏဂုံဂါထာတော်ကြီး၊ သရဏဘုံ (၃၀)၊ သိကြားမင်းဂါထာ (ဝေဒါသာက) ဂါထာ စသည့် သ-အက္ခရာနှင့် စသော ဂါထာတော်များ ရွတ်ဆိုပူဇော်ကြပါ။

သက်တော်တည်မြဲ ဂါထာ၊ သက်တော်တည် ဂါထာများ ရွတ်ဆို၊ သစ္စာလေးပါး တရားနာ၊ ကျင့်ကြံ၊ သီလစောင့်ထိန်းခြင်းဖြင့် ကပ်သုံးပါးမှ ကျော်လွှန်နိုင်ကြပါစေ။

မရှိခဏ ဆရာတော်မှ ဂုနေ့သားသမီးများအတွက် မေတ္တာရှေ့ထား ဖြေကြားမိန့်တော်မူပေး၍ စာရေးသူအနေဖြင့် လေးစားကြည်ညိုမိပါသည်။ စာဖတ် ပရိသတ်များနည်းတူ ဆရာတော်လည်း သက်ရှည်ကျန်းမာစွာဖြင့် သာသနာပြုနိုင်ပါစေ။

* * *

အောင်ကောင်း[illegible]




www.burmeseclassic.com

www.burmeseclassic.com

# အိမ်တော်ရာစေတီ

တင်နိုင်တိုး



"အိမ်တော်ရာစေတီ"ဟူသည် ဘုရင်မင်းမြတ် မင်းသားဘဝက စံနေတော်မူရာ အိမ်တော်နေရာ၌ စေတီတော်တည်ထား ကိုးကွယ်ခြင်းဖြစ်ပါသည်။ ယင်းအလေ့အထမှာ ကုန်းဘောင်ခေတ်လယ်ပိုင်းတွင်မှ စတင်ခဲ့ဟန်ရှိပါသည်။ အိမ်တော်ရာစေတီအဖြစ် ထင်ရှားသော စေတီတစ်ဆူကို ရန်ကုန်မြို့ မြို့မကျောင်းလမ်း၌ ဖူးတွေ့ရပြီး မန္တလေးမြို့တွင်လည်း အိမ်တော်ရာဘုရားတစ်ဆူရှိပါသည်။ ယင်းအိမ်တော်ရာစေတီနှစ်ဆူစလုံးက ပုဂံမင်း(၁၈၄၆-၁၈၅၂)နှင့် ပတ်သက်သော စေတီတော်များဖြစ်ကြပါသည်။

ကုန်းဘောင်ခေတ် အိမ်တော်ရာနေရာ၌တွင် စေတီစတင်တည်သူမှာ ဘိုးတော်ဘုရားဖြစ်ဟန်ရှိပါသည်။ ဘိုးတော်ဘုရားသည် ဘုရင်မဖြစ်မီ အိမ်နိမ့်စံဘဝက စစ်ကိုင်းဘက်တွင် နေခဲ့ရဖူးပါသည်။ ဘိုးတော်ဘုရား နန်းတက်သောအခါ စစ်ကိုင်းရပ် မိမိနေထိုင်ခဲ့ဖူးရာ အိမ်တော်နေရာတွင် ဘုရားတစ်ဆူတည်ခဲ့သည်။ စေတီတော်ကို ၂၀၊ မတ်၊ ၁၇၈၂တွင် စတင်တည်ခဲ့ပြီး ၂၅၊ မတ်၊ ၁၇၈၂ တွင် ဌာပနာသွင်းခဲ့သည်။ ထို့နောက် ၃၊ ဖေဖော်ဝါရီ၊ ၁၇၈၃တွင် ထီးတော်တင်လှူခဲ့ပါသည်။ စေတီတော်ကို "အောင်မြေလောက စေတီ"ဟု အမည်ပေးခဲ့သော်လည်း "အိမ်တော်ရာဘုရား"ဟုသာ အမည်တွင်ခဲ့သည်။

ဘကြီးတော်(စစ်ကိုင်းမင်း)သည်လည်း ငယ်စဉ်မင်းသားဘဝ စံနေခဲ့ဖူးရာ နေရာတွင် အိမ်တော်ရာစေတီတည်ခဲ့ဖူးပါသည်။ ယင်းစေတီတော်ကို "မဟာဝိဇယရံသီ"ဟု ဘွဲ့မည်ပေးခဲ့သည်။ ဘကြီးတော်ကို ဆက်ခံသည့် ညီတော် သာယာဝတီမင်းကမူ သူ၏ အိမ်တော်ရာစေတီကို မင်းနေပြည်တော်မှ အလွန်ကွာဝေးလှသည့် သာယာဝတီနယ် မင်းကြီးရွာ၌ တည်ထားကိုးကွယ်ခဲ့သည်။ မင်းကြီးရွာမှာ ရေဝတီမြစ်ကမ်းနံဘေး၌ တည်ရှိပြီး ရှေးမြန်မာမင်းများလက်ထက်က ထင်ရှားသော မြို့တစ်မြို့ ဖြစ်ခဲ့ပါသည်။

သာယာဝတီမင်းသည် မင်းသားဘဝက သာယာဝတီမြို့



www.burmeseclassic.com

www.burmeseclassic.com

(ယခု ကြို့ပင်ကောက်မြို့နယ်အတွင်း တည်ရှိ)ကို မြို့စားအရာရရှိခဲ့သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်အတွင်း သာယာဝတီမြို့ စိုးရင်စု မင်းကြီးရွာ၌ အခြေစိုက် စံနေခဲ့ဖူးရာ နောင်ဘုရင်ဖြစ်လာသောအခါ အိမ်တော်ရာစေတီကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပါသည်။ သာယာဝတီမင်းသည် မင်းကြီးရွာ၌ စေတီတော်တည်ရန် စလေ၊ ပခန်းငယ်မြို့စား ဝန်ကြီးမင်းကြီး ဦးလှည့်အား ကြီးကြပ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ပါသည်။ စေတီတော်အား "လောကမဏိစူဠာ"ဟု ဘွဲ့မည်ပေးအပ်ခဲ့သည်။

သာယာဝတီမင်း၏ သားတော် ပုဂံမင်း(၁၈၄၆-၁၈၅၂) က အိမ်တော်ရာစေတီကို နှစ်ဆူတည်ထားကိုးကွယ်ခဲ့သည်။ သာယာဝတီမင်း ၃၊ အောက်တိုဘာ၊ ၁၈၄၁ တွင် ရန်ကုန်သို့ ကြွချီလာစဉ်က သားတော် ပုဂံမင်းသားလည်း အတူလိုက်ပါလာခဲ့သည်။ ထိုစဉ်က ယခုမြို့မကျောင်းအရှေ့ဘက် မြေကွက်လပ်တွင် အောင်မြေရန်နှင့် မြို့တော်ကြီး တည်ဆောက်ကာ ၅လခန့် စံနေခဲ့သည်။

ပုဂံမင်းသားသည် နန်းတော်နှင့် မနီးမဝေး ယခုစေတီတော်ရှိရာနေရာ(မြို့မကျောင်းလမ်း)တွင် စံအိမ်ဆောက်လုပ်နေထိုင်ခဲ့သည်။ နောက်ပိုင်း ဘုရင်ဖြစ်လာသောအခါ ရန်ကုန်မြို့တွင် ခေတ္တစံနေခဲ့ဖူးရာ အိမ်တော်နေရာ၌ ရန်ကုန် ရေဝန် ဦးဝင်းအား ငွေတော်ထုတ်ပေးပြီး စေတီတော်တည်စေခဲ့သည်။ စေတီတော်၏ ဘွဲ့မည်ကို ဓမ္မရံသီဟု ခေါ်ဝေါ်သမုတ်ခဲ့သော်လည်း "အိမ်တော်ရာစေတီ"ဟူ၍သာ အမည်တွင်ခဲ့ပါသည်။

ပုဂံမင်းသည် အမရပူရမြို့တော် မြောက်ဘက်၌လည်း အိမ်တော်ရာစေတီတစ်ဆူတည်ထား ကိုးကွယ်ခဲ့သေး၏။ သာယာဝတီမင်း နာတာရှည် စိတ္တဇဝေဒနာ ခံစားနေရစဉ် နတ်ရွာမစံလွန်မီ ၂နှစ်ခန့်အလို၌ ယတြာပြုသည့်အနေဖြင့် အမရပူရမြို့တော်မြောက်ဘက်(မန္တလေး-မတဲဒေးဝန်းရပ်)တွင် ယာယီနန်းစံခဲ့သည်။ ထိုစဉ်က သားတော် ပုဂံမင်းသားလည်း ခမည်းတော်နှင့် အတူလိုက်ပါ စံနေခဲ့သည်။ ပုဂံမင်း နန်းတက်လာပြီးနောက် မင်းသားဘဝက နေထိုင်ခဲ့ရာ အိမ်တော်ရာနေရာတွင် စေတီတစ်ဆူတည်ခဲ့သည်။

ပုဂံမင်းသည် ၁၀၊ နိုဝင်ဘာ ၁၈၄၇ တွင် ပန်းဘဲအတွင်းဝန် ဦးမို့(နောင် မြဲတောင်မင်းကြီးအဖြစ် ထင်ရှားခဲ့သူ)အား စေတီတော်ကို ပန္နက်ချစေခဲ့သည်။ ထို့နောက် နိုဝင်ဘာလ ၁၈ရက်နေ့တွင် ကိုယ်တော်တိုင် ကြွရောက်လာကာ ရွှေအုတ်၊ ငွေအုတ်များ ချခဲ့သည်။ ယင်းစေတီတော်မှာ ယနေ့တိုင် အိမ်တော်ရာဘုရားဟု အမည်တွင်ပါသည်။

ပုဂံမင်းကို ဆက်ခံသည့် ညီတော် မင်းတုန်းမင်း(၁၈၅၃-၁၈၇၈)က အိမ်တော်ရာနေရာ၌ ကုသိုလ်တော် မဟာလောကမာရဇိန်စေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။ ထို့အတူ သားတော် သီပေါမင်း(၁၈၇၈-၁၈၈၅)ကလည်း အိမ်တော်ရာစေတီအဖြစ် မာန်အောင်ရတနာစေတီတော်ကို တည်ထား ကိုးကွယ်ခဲ့ပါသည်။

အိမ်တော်ရာဘုရားများ အဘယ့်ကြောင့် တည်ထားကိုးကွယ်ကြသနည်းဟု အဖြေရှာကြည့်သောအခါ ဘုရင်မင်းမြတ်သည် မိမိ မင်းသားဘဝက နေထိုင်ခဲ့ရာ စံအိမ်တော်နေရာကို အမှတ်တရဖြစ်လိုခြင်းထက် ယင်းနေရာ၌ မည်သူမျှ ကျူးကျော်နေထိုင်ခြင်း မပြုနိုင်ရန် တည်ထားကိုးကွယ်ခြင်းဖြစ်ဟန်ရှိကြောင်း တွေ့ရှိရပါသည်။ ရှေးမြန်မာမင်းများ လက်ထက်က မွေးဖွားရာ အိမ်နေရာတွင် စေတီတည်သော ဓလေ့မျိုး တွေ့ရှိရ၏။ အလောင်းမင်းတရားလက်ထက်၌ပင် ရွှေချက်သိုစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ဖူးပါသည်။

သို့သော် အိမ်တော်ရာနေရာ၌ စေတီတော်တည်ထားကိုးကွယ်သည့်အလေ့အထကိုမူ ကုန်းဘောင်ခေတ်လယ်ပိုင်းတွင်သာ အစောဆုံး တွေ့ရှိရပါသည်။ ထူးခြားသော တိုက်ဆိုင်မှုတစ်ရပ်အနေဖြင့် အိမ်တော်ရာစေတီများ၏ ဘွဲ့မည်နောက်ဆုံး ဗျည်းအက္ခရာက ရှင်ဘုရင်အား မည်သည့်နေ့သားဖြစ်ကြောင်း ညွှန်းဆိုနေသည်ကိုလည်း တွေ့ရှိရ၏။

သာဓကအားဖြင့်· · ·

* ဘိုးတော်ဘုရား - အောင်မြေလော**က** (တနင်္လာသား)
* ဘကြီးတော် - မဟာဝိဇယရံ**သီ** (သောကြာသား)
* သာယာဝတီမင်း- လောကမဏိစူ**ဠာ** (ဗုဒ္ဓဟူးသား)
* ပုဂံမင်း - မဟာလောကရံ**သီ** / ဓမ္မရံ**သီ** (သောကြာသား)
* မင်းတုန်းမင်း - မဟာလောကမာရ**ဇိန်** (အင်္ဂါသား)
* သီပေါမင်း - မာန်အောင်ရတ**နာ** (စနေသား)

ဟူ၍ ဖြစ်ပါသည်။

တိုက်ဆိုင်မှုဟု ဆိုစေကာမူ အိမ်တော်ရာစေတီတော်များကား အမှန်ပင် ထူးခြားလှသည်ဟု ဆိုနိုင်ပါသည်။■

* * *

တင်နိုင်တိုး

ကျမ်းကိုး၊

- မြို့ရှန်ကုန် ဘုရားစုံသမိုင်း(မင်းမဟော်)၊
- ဆရာ ဦးနီတွတ်(တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန(မန္တလေးတက္ကသိုလ်) ၏ သုတေသနပြုချက်၊



www.burmeseclassic.com

www.burmeseclassic.com

အကျွန်ုပ်သည်ကား ဤဘဒ္ဒကမ္ဘာမှ နောက်ပြန်ဆုတ်၍ ရေတွက်သည်ရှိသော် ကိုးဆယ့်တစ်ကမ္ဘာမြောက်၌ ဘွဲ့တော်အားဖြင့် "ဝိပဿီ" အမည်ရှိသော ဘုရားရှင်လက်ထက်တွင်း လူဖြစ်ဖူးခဲ့ရသူဖြစ်လေသည်။

အကျွန်ုပ်၏ အမည်သည် "စူဠကာလ" ဖြစ်ပါ၏။ အကျွန်ုပ်၌ မဟာကာလဟု အမည်တွင်သော သွေးသားရင်းချာ အစ်ကိုကြီးတစ်ဦးလည်း ရှိခဲ့ပြီး လူသိထင်ရှားလှသော သူကြွယ်ညီနောင်များဟု အများတို့က သတ်မှတ်ထားခဲ့ကြသည်ပင်ဖြစ်ပါသည်။

တစ်ကြိမ်တွင် အကျွန်ုပ်တို့ညီနောင်နှစ်ဦးသည် ကျယ်ပြန့်ပြော



# ဆုပြည့်စေ လှူမျှစေ...၇

■ ခင်(တောင်ကြီး) ■

www.burmeseclassic.com

www.burmeseclassic.com

လှသော သလေးစပါးခင်းကြီးတစ်ခုအား အတူတကွ စိုက်ပျိုးထားဖြစ်ခဲ့ကြပါလေ၏။ အကျွန်ုပ်သည် သလေးစပါးခင်း စိုက်ပျိုးရာ လယ်မြေသို့ မကြာခဏသွားရောက်ကြည့်ရှု ပြုစုလေ့ရှိပါပေသည်။ တစ်ခါ၌ အကြောင်းကြီးငယ် မယ်မယ်ရရသော ရည်ရွယ်ချက်တို့ မရှိခဲ့ပါဘဲလျက်နှင့် သလေးစပါးနှံတွင်းမှ ဆန်နို့ရည်ဖြစ်တည်ကာစ သလေးစပါးစေ့လေးတစ်ခုအား အပေါ်ယံ အခွံလွှာကို ခွဲခွါလျက် ပါးစပ်တွင်းထည့်သွင်း အရသာခံမိလိုက်ပါလေ၏။

ထိုခဏ၌ လောကကြီး၌ ထူးခြားကောင်းမွန်လှသော အရသာတစ်မျိုးသည် တည်ရှိနေပါလေသေး၏တည်းဟူ၍ အကျွန်ုပ် ထင်မှတ်လိုက်မိပါလေသည်။ သလေးဆန်ဖြစ်လာမည့် နို့ရည်တည်လာကာစ စပါးခွံအဖုံးအောက်ရှိ ထိုအရာလေးသည် နူးညံ့ချိုမြိန်စွာဖြင့် လျှာခံတွင်း၌ ရက်ခြည်း အရည်ပျော်ဆင်းလျက် မရှိဘူးသော အားအင်တို့ပင် ရှိလာတတ်သယောင် ထင်မှတ်လိုက်ရပါလေ၏။ ထိုအရသာ၊ ထိုချိုမြိန်မှုတို့ကို အကျွန်ုပ်အနေနှင့် ဘုရားအမှူးရှိသော ရဟန်း၊ သံဃာတော်တို့အား သူတကာထက် ထူးကဲစွာ အဦးဆုံးအနေနှင့် လှူဒါန်းခြင်းပြုလုပ်လိုသော စိတ်ကူးလည်း ပေါက်ဖွားလာခဲ့မိပါလေသည်။

ထို့ကြောင့် အစ်ကိုကြီး မဟာကာလထံ အကျွန်ုပ် ချဉ်းကပ်ပြီး···

"နောင်တော်၊ ညီတော်တို့ နှစ်ဦးပေါင်း၍ သလေးစပါး အခွံဖုံးစတို့အား ခွာယူပြီး ဘုရားရှင်တော်တို့အား လျောက်ပတ် ပြည့်စုံအောင် ပြုပြင်စီမံကာ ပေးလှူကြပါကုန်အံ့"

ဟု ပြောဆိုညှိနှိုင်းမိပါလေသည်။ အစ်ကိုကြီး မဟာကာလကမူ···

"ညီငယ် စူဠ···အဘယ်ကဲ့သို့ ပြောဆိုလိုက်မိပါလေသနည်း။ ထိုကဲ့သို့ သလေးဆန်စပါး၏ အခွံဖုံးကို ခွာ၍ လှူတန်းခြင်းဟူသည် ရှေးခါကာလကလည်း မရှိခဲ့စဖူး။ နောင် အနာဂတ်ကာလတွင်လည်း ရှိလာနိုင်မည်မျိုးမဟုတ်။ အကြောင်းမဲ့သက်သက်ဖြင့် ကောက်ပင်တို့အား ဖျက်ဆီးခြင်း မပြုအပ်သည်သာ ဖြစ်တော့၏"

ဟူ၍ ပြန်ပြောပါလေ၏။ သို့သော် ကျွန်ုပ်သည် လှူချင်တန်းချင်စိတ်တို့ အားကြီးပြင်းပြလွန်းရကား အစ်ကိုကြီးထံ ထပ်ပြန်တလဲလဲ တောင်းပန်တိုက်တွန်းမိပါလေတော့သည်။ တစ်ကြိမ်မက အကြိမ်ပေါင်းများစွာ တိုးလျှိုးပြောဆိုမိသော အခါ အစ်ကိုကြီးကပင်···

"ညီငယ်···ဤမျှလောက် လှူဒါန်းချင်လွန်းလှသည် ဖြစ်ပါက ဤသလေးစပါးခင်းတစ်ခုလုံးကို ငါတို့ နှစ်စု နှစ်ဖို့ ခွဲခြမ်းဝေယူကြပြီး သင်ပိုင်ဆိုင်သော အစုအဖို့ကို အလိုရှိသည်အတိုင်း ပြုလုပ်ပါလေလော့"

ဟု ခွင့်ပြုချက်ကို အကျွန်ုပ်ရရှိခဲ့ပါလေတော့၏။ အကျွန်ုပ် စူဠကာလ၏ ဝမ်းမြောက်မှုတို့ကား အတိုင်းအဆမရှိ၊ အဆုံးအစမရှိ ပကတိ ပြည့်ပြည့်ဝဝဖြစ်ခဲ့ရပါပေ၏။ ထို့နောက်တွင်ကား အကျွန်ုပ်သည် နောင်တော်ပြောဆိုသည့် အတိုင်း အကျွန်ုပ်အဖို့ပိုင် လယ်မြေမှ ထွက်သော ကြီးထွားသန်မာလှသည့် သလေးစပါးတို့ကို ရွေးချယ်ဆွတ်ခူးလိုက်ပါသည်။ သို့သော်လည်း သလေးစပါးများစွာအတွက် အကူအညီများစွာလိုလာသည်ဖြစ်ရာ နီးစပ်ရာ လူပေါင်းများစွာတို့ကို ခေါ်ယူပြုလုပ်ရပါလေ၏။

ဝိုင်းဝန်းကူညီပေးသောသူတို့ကလည်း အကျွန်ုပ်ဆိုလျှင် ဆိုသည့်အတိုင်း သလေးဆန်တို့၏ အခွံအဖုံးတို့ကို စင်ကြယ်အောင် ချွတ်ယူပေးကြပါကုန်သည်ဖြစ်၏။ ထို့နောက် ထိုစပါးစေ့တွင်းတို့မှ ဆန်နို့ရည်တည်စ သလေးဆန်နုတို့အား သန့်စင်သော နို့စင်စစ်တို့ဖြင့် ချက်ပေးကြပါကုန်လေ၏။ ထို့နောက် ထိုအတွင်းသို့ ထောပတ်၊ ပျားရည်၊ တင်လဲ၊ သကာစသည်တို့ဖြင့် အဖျော်ဖြစ်သည့်တိုင် ရောစပ်ပေးကြပါလေသည်။

ချိုမြိန်ရသာဖြင့် ကောင်းမွန်လှသော ထိုသလေးဆန်ဆွမ်းအား ဘုရားအမှူးရှိသော ရဟန်း၊ သံဃာတော်တို့အား ကျေနပ်ပီတိဖြစ်ရခြင်းများဖြင့် အကျွန်ုပ်ကပ်လှူနိုင်ခဲ့ရပါလေသည်။ ဘုရားရှင် ဘုဉ်းပေး၍အပြီး၌ အကျွန်ုပ်က ရိုသေစွာ ရှိခိုးပြီး···

"အရှင်ဘုရား···ဘုရားတပည့်တော်၏ ဤသလေးဆန်ကောက်ဦးအလှူ၏ အဖို့သည် အလုံးစုံသောသူတို့ထက် ရှေးဦးစွာမြတ်သော တရားကို ထိုးထွင်းသိရှိနိုင်ခြင်းဟာ ဖြစ်ပါစေသတည်း"

ဟူ၍ ဆုတောင်းခြင်း ပြုမိပါလေသည်။ ဘုရားရှင်ကလည်း···

"အသင် ဒါယကာ တောင်းသည့်ဆုတို့အတိုင်း ပြည့်စုံသည်ဖြစ်ပါစေသတည်း"

ဟူ၍ ဆွမ်းအနုမောဒနာပြုတော်မူလေသည်။

ထိုအလှူတို့ ပြုလုပ်မိသည့်နောက် အကျွန်ုပ်သည် မိမိပိုင်ဆိုင်သော လယ်မြေရှိရာသို့ သွားရောက်ကြည့်ရှုခဲ့ပါလေ၏။ လယ်မြေတောတစ်ခွင်လုံးသည် အကြား[illegible]စတမ်းစေ့စပ်ပြည့်ကျပ်စွာသော စပါးပင်၊ စပါးနှံတို့[illegible] မူလရှိခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဖုံးလွှမ်းကြလျက်ရှိနေပါလေ၏။ အရာမယွင်းသော သလေးစပါးတို့၏ တိုးပွားပေါက်ရောက်နေကြပုံမှာလည်း အံ့ဩစရာပင် ကောင်းလွန်းလှပါလေသည်။

ထို့ကြောင့် ကျွန်ုပ်သည် မူလထက် သဒ္ဓါပိုမောက်စွာ ဖြစ်လာခဲ့မိပြီး စပါးအနှံပြည့်စ ကာလ၌ "မှန့်ဆန်းဦးအလှူ" ကို ပြုလုပ်ပြီး လှူဒါန်းမိပါ၏။ တစ်ဖန် ရွာသူရွာသားအပေါင်းတို့နှင့်အတူ "စပါးနှံဦးအလှူ"ကို ပြုလုပ်လှူဒါန်းမိပါ၏။ ရိတ်သိမ်းချိန်ကျရောက်သောအခါတွင်လည်း "ရိပ်ဦးအလှူ"ဟူ၍ ပြုလုပ်လှူဒါန်းမိပါ၏။ ထို့နောက် တစ်ဖန် ကောက်လှိုင်းများ စည်းချိန်ရောက်သောအခါ "ကောက်လှိုင်းဦးအလှူ"ကို ပြုလုပ်လှူဒါန်းမိပြန်ပါသည်။

ကောက်လှိုင်းစည်းတို့ကို ဆက်၍ တလင်းရှိရာ ပို့ကြရသောအခါတွင်လည်း အကျွန်ုပ်သည် "တလင်းဦးအလှူ" ကို ပြုလုပ်မိပါ၏။ ထိုတလင်းပြင်၌ စပါးကောက်နှံတို့ကို နယ်ရသောအခါတွင် တစ်ဖန် "တလင်းဦးအလှူ"ဟူ၍ ဆက်လက် ပြုလုပ်ပေးပါ၏။ ရရှိသော စပါးအနှံအပေါင်းတို့ကို တလင်းပြင်၌ စတင် နယ်ကြရသောအခါတွင်လည်း "နယ်ဦးအလှူ"ဟူ၍ ပြုလုပ်လှူဒါန်းမိပါ၏။ ထိုမှ ရရှိလာသော စပါးစေ့များကို အခြင်အတွယ်များဖြင့် ခြင်တွယ်ခြင်းပြုကြရသောအခါတွင်လည်း "ခြင်ဦးအလှူ"ဟူ၍ အလှူအတန်းကို ဆက်လက် ပြုလုပ်ခဲ့ပါသည်။ ထိုသို့ စပါးတို့ကို ခြင်တွယ်ပြီး ကျီတိုက်ရုံများအတွင်း သွင်းထည့်ကြရသောအခါ တစ်ဖန် "ကျီဦးအလှူ"ဟူ၍ အလှူအတန်းတစ်ခုကို ဖြစ်မြောက်အောင် ပေးလှူခြင်းပြုခဲ့မိပါလေ၏။

ဤသို့ဖြင့် အကျွန်ုပ် "စုဋ္ဌကာလ"သည် လယ်မြေခွင်၌ တစ်ကြိမ်သာ စိုက်ပျိုးမှု ပြုခဲ့လေတိုင်းပင် ကိုးကြိမ်တိုင်တိုင်ပင် အလှူဦး အလှူမွန်တို့ကို ပြုလုပ်လှူနိုင်ခဲ့ပါလေတော့သည်။ ထူးခြားသောအချက်မှာ ထိုကဲ့သို့ အကျွန်ုပ် ယှူငင်ဆွဲချ၍ လှူဒါန်းလိုက်လေတိုင်း အကျွန်ုပ်၏ ပဇ္ဇည်းဥစ္စာရင်းတို့သည် အကျွန်ုပ် ရယူလိုက်ရာအရပ်တို့၌ ယုတ်လျော့ပျောက်ပျက်သွားသည်ဟူ၍ မရှိ။ ပကတိ မူလအတိုင်း ပြည့်မောက်မြဲ ပြည့်မောက်လျက်သာ ကျန်ရှိနေခဲ့မြဲဖြစ်ပါ၏။

ပို၍ထူးဆန်းလှသည်။ အကျွန်ုပ် စိုက်ပျိုးခဲ့သော ကောက်ပင်ကောက်နှံအသွယ်သွယ်အပေါင်းတို့သည် ရှေးနှစ်များကထက်ပင် ပိုမိုဖြစ်ထွန်းအောင်မြင်ကြလျက် ရှိနေကြသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရခြင်းဖြစ်ပါသည်။

အကျွန်ုပ်၏ အလှူဦးများကြောင့် ကောင်းဆုပြည့်ခဲ့ရသည့်ပမာ အကျိုးစီးပွား ကောင်းကျိုးအဖြာဖြာ အောင်မြင်နိုင်ခဲ့ရခြင်းတို့က မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်ခဲ့ရပါလေတော့၏။ အကျွန်ုပ်အား ဝိပဿီမြတ်စွာဘုရားရှင်မှ မိန့်တော်မူသည်မှာ…

"တရားကို ကျင့်သောသူအား ထိုတရားသည် တစ်ဖန်ပြန်၍စောင့်ရှောက်တတ်ပါလေ၏။ ကောင်းမြတ်စွာ ကျင့်ကြံအပ်သော တရားသည်လည်း ချမ်းသာခြင်းသုံးပါးကို ဖြစ်စေတတ်လေ၏။ တရားတို့ကို ကောင်းစွာ ကျင့်ကြံသူသည် အပါယ်လေးပါးသို့လည်း မလားနိုင်ပါပဲနှင့် ရှိနိုင်ခဲ့ရပါလေတော့၏"

ဟူ၍ ဖြစ်ခဲ့ပါလေသည်။

အကျွန်ုပ်အနေနှင့်ကား ဘုရားရှင်၏ မြတ်သော တရားတို့ကို သုတကာတို့ထက် လက်ဦးမှဆွ ထိုးထွင်းစွာ သိနားလည်နိုင်ရသူဖြစ်ရပါလို၏။ မရှိ၍ မလှူဟူသော အခြေအနေမှိုး လုံးဝပင် မရောက်ဘဲ တောင့်တောင့်တတ အရာအားလုံးကို လှူဒါန်းပစ်လိုက်ခြင်းဖြစ်ပါသည်။ ထိုမျှနှင့်ပင် အားမရနိုင်ဘဲ ထပ်မံ လှူဒါန်းနိုင်သေးသော ဘဝများကို ထပ်မံတောင့်တ ဆုတောင်းယူခဲ့မိသည်သာ ဖြစ်ခဲ့ရပါလေ၏။

ထိုမှပြီး၍ ယခုလက်ရှိကာလ ဂေါတမဘုရားရှင်တော်လက်ထက်ရောက်ရသောအခါတွင် ကျယ်ဝန်းနက်နဲ ခက်ခဲလှသည့် သာဝက ပါရမီဉာဏ်တို့ အထွတ်အထိပ်ဖြစ်သည်ထိ ရောက်ရှိနိုင်ခဲ့ရပြီး ဘုရားရှင်ကိုယ်တိုင်ကပင်လျှင် အဂ္ဂသာဝကအရာပေးတော်မူခဲ့ပါလေသည်။

အကျွန်ုပ် ပြုခဲ့သော အလှူဒါနအစုစုတို့၏ အကျိုးကြောင့် တောင်းသောဆု၊ လိုသောဆုများအားလုံးပင် ပြည့်ဝနိုင်ခဲ့ရလေပြီဖြစ်ပါ၏။ အကျွန်ုပ်၏ ဒါနနှင့် ဒါနအကျိုးတို့သည် ကမ္ဘာတစ်သိန်းတိုင်အောင်ပင် ထွန်းတောက်နေဦးမည်သာဖြစ်ကြောင်း ဘုရားရှင်မှ မိန့်တော်မူခဲ့ပါလေ၏။ ကိုးကြိမ်ကိုးလီ ပြုခဲ့ဖူးသော အလှူတို့က အကျွန်ုပ်အား တစ်ဖန်ပြန်၍ စောင့်ရှောက်ခြင်းသည်သာပင် မဟုတ်ပါလား■

* * *

ခင်(တောင်ကြီး)

ကျမ်းကိုး

\- ဓမ္မပဒ။



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ကောင်းတို့ အလှူဖြစ်ပါစေ.....

မုံရွာနေဇာ



ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ သဒ္ဓါတရား အားကောင်းကြသူများပီပီ အလှူရေစက် လက်နဲ့မကွာ ပြုနေကြသူတွေပါ။ ဆွမ်းတစ်ဇွန်း၊ ပန်းတစ်ပွင့်၊ ရေတစ်ခွက်ကအစ နည်းများမဟူ အလှူဒါနဟူသမျှကို အလှူဒါန လက်မကွာပြုနေချင်ကြသူတွေပဲ ဖြစ်ပေတယ်။ စွန့်ကြဲ ပေးကမ်း၊ လှူဒါန်းမှုဆိုတဲ့ ဒါနနဲ့ ပတ်သက်လို့ကတော့ အထူးရေးသား တိုက်တွန်းစရာတောင် လိုမယ်မထင်ပါဘူး။

အဲ···နည်းများမဟူ အလှူဒါနပြုလုပ်ကြတဲ့ နေရာမှာ စိတ်ထားမှန်ကန်ဖို့၊ ပြုလုပ်နည်း မှန်ကန်ဖို့ကိုတော့ သတိပေးချင်ပါတယ်။ "ညောင်ပင်ကြီးလောက်လှူပြီး ညောင်စေ့လောက်သာ ရခြင်း"ဆိုတဲ့ စကားဟာ အလှူဒါနပြုစဉ် စိတ်ထားမမှန်ကန်မှု၊ စေတနာမထက်သန်မှု၊ သဒ္ဓါတရား ညံ့ဖျင်းမှုရှိတာကို ပြနေတာပါပဲ။ တစ်ခါ "ညောင်စေ့လောက်သာ လှူပြီး ညောင်ပင်ကြီးလောက် အကျိုးတရားတိုးပွားရရှိသွားခြင်းဟာလည်း အလှူဒါနပြုတဲ့အခါမှာ ဖြူစင်တဲ့ သဒ္ဓါ မှန်ကန်ပြည့်စုံတဲ့ စေတနာတရား အပြည့်အဝထားတဲ့အတွက် ကြောင့်ပဲဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

## သူတော်ကောင်းတို့ရဲ့ လှူခြင်းငါးမျိုး

ဒီမှာ သူတော်ကောင်းတွေ ပြုတဲ့ ဒါနအင်္ဂါငါးမျိုးနဲ့ ပြည့်စုံဖို့ လိုပေလိမ့်မယ်။ သူတော်ကောင်းကို ပါဠိလို "သပ္ပုရိသ"လို့ ခေါ်တယ်။ သူတော်ကောင်းတွေ ပြုလုပ်တဲ့ အလှူဒါနကိုတော့ "သပ္ပုရိသဒါန"လို့ ခေါ်ဆိုတယ်။

သူတော်ကောင်းတွေ ပြုတဲ့ သပ္ပုရိသဒါနက (၅)မျိုး ရှိတယ်။

(၁) သဒ္ဓါယ ဒါနံ ဒေတိ - သဒ္ဓါတရားနဲ့ လှူပါ။

(၂) သက္ကစ္စံ ဒါနံ ဒေတိ - ရိုရိုသေသေ လေးလေးစားစားလှူပါ။

(၃) ကာလေန ဒါနံ ဒေတိ - အချိန်ကာလနဲ့ ကိုက်ညီစွာလှူပါ။

(၄) အနုဂ္ဂဟိတ စိတ္တော ဒါနံ ဒေတိ - မတွန့်မဆုတ်လှူပါ။ ပြတ်ပြတ်သားသားလှူပါ။

(၅) အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ဒါနံ ဒေတိ - မိမိရော သူတစ်ပါးကိုပါ မထိခိုက် မနစ်နာအောင် လှူပါ။

### ဆောင်ပုဒ်လင်္ကာ

သဒ္ဓါကြည်ညို၊ ရိုသေလှစွာ၊
အခါကို သိ၊ မကပ်ငြိဘဲ၊
မထိမပါး၊ လှူတဲ့ပြား၊
ငါးပါးသပ္ပုရိသ၊ မြတ်ဒါန။

### သဒ္ဓါတရားရဲ့ ဥပမာများ

### (၁) သဒ္ဓါတရား

သဒ္ဓါတရားဆိုတာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အကြွင်းမဲ့ ယုံကြည်ခြင်း၊ ကံနှင့် ကံ၏ ကောင်းကျိုး၊ ဆိုးကျိုးကို အကြွင်းမဲ့ ယုံကြည်ခြင်းတို့ပဲ ဖြစ်တယ်။

မိမိရဲ့ အသက်နဲ့ ခန္ဓာ ယှဉ်လာရင်တောင် ရတနာသုံးပါးကို မစွန့်လွှတ်တဲ့၊ ခိုင်မြဲတဲ့ ယုံကြည်မှု သဒ္ဓါတရားမျိုးဖြစ်တယ်။ ဒီလို သဒ္ဓါတရားမျိုးကတော့ သောတာပန်ဖြစ်မှ ရရှိနိုင်တဲ့ သဒ္ဓါတရားမျိုးပါ။

သဒ္ဓါတရား လေးပါးရှိကြောင်းကိုလည်း မှတ်သားသင့်ပါသေးတယ်။

(၁) ပသာဒ သဒ္ဓါ - သက်ဝင်ယုံကြည်မှု၊

(၂) ဩကပ္ပနသဒ္ဓါ - ထဲထဲဝင်ဝင် နက်နက်ရှိုင်းရှိုင်း ယုံကြည်မှု၊

(၃) အဓိဂမ သဒ္ဓါ - ရဟန္တာပုဂ္ဂိုလ်တို့၏ ယုံကြည်မှု၊

(၄) အာဂမ သဒ္ဓါ - ဘုရားလောင်း သူတော်ကောင်းတို့ ယုံကြည်မှုတို့ပဲ ဖြစ်တယ်။

သဒ္ဓါတရားရဲ့ အကျိုးသက်ရောက်မှုကလည်း များစွာရှိပေတယ်။

* သဒ္ဓါယ တရတိ ဩဃံ - သဒ္ဓါတရားဖြင့် ဩဃလေးပါး သံသရာကို ကူးမြောက်နိုင်တယ်။ (သံယုတ်၊ ဩဃ တရဏသုတ်)။
* သဒ္ဓါ ဗီဇံ - သဒ္ဓါတရားဟာ အပင်ပေါက်ဖို့ မျိုးစေ့နဲ့လည်း တူတယ်။ (သံယုတ်ပါဠိ)။
* သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ - သဒ္ဓါတရားဟာ သူတော်ကောင်းတို့ရဲ့ မြတ်သောဥစ္စာဖြစ်တယ်။
* သဒ္ဓါ ပါထေယျ မုတ္တမံ - သဒ္ဓါတရားဟာ မွန်မြတ်တဲ့ ရိက္ခာထုပ်သဖွယ်လည်း ဖြစ်ပေတယ်။

သဒ္ဓါတရားဖြစ်ပွားခြင်းရဲ့ အကြောင်းရင်းက ရတနာသုံးပါးပါပဲ။

နည်းများမဟူ လှူကြတဲ့အခါမှာ ဒီသဒ္ဓါတရားအပြည့်အဝထားပြီး လှူကြပါ။ သဒ္ဓါတရားနဲ့ လှူရင် ရုပ်ရည်ချောမောလှပတဲ့ အကျိုးကို ရရှိတယ်။

*သဒ္ဓါကြည်လင်၊ လှူဒါန်းလျှင်၊*
*ဆင်ပြင် ရုပ်ရည်လှ။*

### (၂) သက္ကစ္စဒါန

ရိုရိုသေသေလှူပါ။ အလှူခံ ပုဂ္ဂိုလ်ကိုလည်း ရိုသေရမယ်။ လှူဖွယ်ပစ္စည်းတွေကိုလည်း ရိုရိုသေသေရှိရမယ်။ မရိုမသေ မလေးမစား မလှူရ။ ပစ္စည်းဝတ္ထုနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ဖြစ်ကတတ်ဆန်း မလှူရပါ။

အဲသလို အလှူခံ ပုဂ္ဂိုလ်၊ လှူဖွယ်ပစ္စည်းတို့ကို ရိုရိုသေသေ လေးလေးစားစားထားပြီး ဖွယ်ဖွယ်ရာရာဖြစ်အောင်၊ အလှူခံ ပုဂ္ဂိုလ် နှစ်သက်အောင် လှူမှသာ အကျိုးပေးတဲ့အခါမှာ ဩဇာကြီးသူဖြစ်ရပေတယ်။ မိမိစကားနားထောင်ပြီး ဩဇာညောင်းသူဖြစ်ရတယ်။ မိမိ မိသားစုအတွင်း၊ မိမိလုပ်ငန်းခွင်အတွင်း၊ မိမိတပည့်၊ မိတ်ဆွေ၊ ပတ်ဝန်းကျင်အတွင်းမှာ မိမိစကား အလေးမထားဘဲ နားမထောင်ကြရင် မိမိဟာ လှူဒါန်းစဉ်က သက္ကစ္စဒါန အင်္ဂါချို့တဲ့ခဲ့ကြောင်း ဘိသင့်ပေတယ်။

ဒါ့ကြောင့် ဩဇာညောင်းစေချင်ရင်၊ မိမိစကား၊ မိမိရေးသားတဲ့ စာများကို လေလေးစားစားရှိစေချင်ရင် သက္ကစ္စဒါနဖြစ်အောင် လှူရမှာဖြစ်ပါတယ်။

*ရိုသေလှူပြား၊*
*ကိုယ့်စကား။*



www.burmeseclassic.com

www.burmeseclassic.com

*အများ နာခံကြ။*

**(၃) ကာလဒါန**

"ကာလဒါန"ဆိုတာ အချိန်အခါကာလကို ကြည့်ပြီး လှူခြင်းပဲ ဖြစ်တယ်။ နံနက်ချိန်မှာ ယာဂု၊ ခဲဖွယ်၊ ဘောဇဉ် စသည်များ လှူဒါန်းခြင်း။ ညနေပိုင်းမှာ ဖျော်ရည်၊ စတုမဓု စသည်များ လှူဒါန်းဖြစ်တယ်။ အေးတဲ့အချိန်မှာ အပူ၊ ပူတဲ့အချိန်မှာ အအေး၊ အလှူခံ ပုဂ္ဂိုလ်များ လိုအပ်ရာရာ အချိန်အခါ ရာသီကို ကြည့်ပြီး လှူဒါန်းရမှာပါ။ သင်္ကန်းချိန် သင်္ကန်း၊ ဆွမ်းချိန် ဆွမ်းဆိုသလိုပေါ့။

* မနာပ ဓာရီ လဘတေ မနာပ - အလှူခံ ပုဂ္ဂိုလ်များ နှစ်သက်မြတ်နိုးတာကိုသာ လှူဒါန်းခြင်းဟာ မိမိလည်း နှစ်သက်မြတ်နိုးဖွယ် အကျိုးတရားကို ရရှိစေနိုင်တယ်။

ဒါမှသာ ဒါနအကျိုးပေးတဲ့အခါမှာ၊ မိမိအလိုရှိတဲ့ အချိန်အခါမှာ မိမိတို့ အလိုရှိရာ ပစ္စည်းဝတ္ထုကို ရရှိစေနိုင်တယ်။

အအေးလို အပူရ၊ အပူလို အအေးရ၊ အချိုလို အခါးရ၊ အခါးလို အချိုရ ဖြစ်နေခြင်းဟာ လှူဒါန်းစဉ်က ကာလဒါန မပြုခဲ့လို့ပါဘဲ။ ဒါကြောင့် လိုတဲ့အချိန်မှာ လိုတဲ့ ပစ္စည်းရရှိအောင်၊ လိုရာဆန္ဒပြည့်ဝအောင် အချိန်အခါကို ကြည့်ပြီး လှူဒါန်းကြရမယ်။

*အခါကို သိ၊ လှူတဲ့ဘိ၊*
*ချိန်ပြည့် ကောင်းကျိုးရ၊*
*လိုတဲ့ ချိန်ခါ၊ လိုအပ်ရာ၊*
*မှန်စွာ လိုတရ။*

**(၄) တွန့်တိုမှုမရှိဘဲ ပြတ်ပြတ်သားသားလှူပါ**

အလှူကောင်းမှု ဒါနတစ်ခုခုပြုတိုင်း တွန့်ဆုတ် တွန့်ဆုတ်မလုပ်ပါနဲ့။ သုံးတန်စေတနာ ပြတ်သားစွာ လှူပါ။ သို့မှသာ အလှူဒါနရဲ့ အကျိုး ကောင်းကျိုးပေးတဲ့အခါမှာ အနှောက်အယှက်မဲ့စွာ ကောင်းတာတွေကိုပဲ အကျိုးပေးပါတယ်။

ဓမ္မပဒ ပါဠိတော်မှာ လာရှိတဲ့ ဧကသာဋက ပုဏ္ဏားဟာ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ကို နာကြားရင်း လှူချင်တဲ့ ဆန္ဒတွေ တဖွားဖွားဖြစ်ခဲ့တယ်။ သူမှာ လှူစရာဆိုလို့ လင်ကိုယ် မယား နှစ်ယောက်သားမှာမှ ပိတ်စ(ဝတ်ရုံ)က တစ်ထည်တည်းပဲ ရှိတယ်။

တရားပွဲများလို လူကြားသူကြား သွားစရာတောင်မှ မယားက နေ့လယ်သွား၊ လင်ယောက်ျားက ညပိုင်းကျမှသွား ဆိုပြီး ခွဲခြားထားရတယ်။ ဒီတစ်ထည်တည်းသော ဝတ်ရုံလေးကိုသာ သူတို့နှစ်ဦးမောင်နှံက ပွဲနေပွဲထိုင်လုပ်နေရတာကိုး။

ဒီတော့ကာ သူလှူလိုက်ရင် မယားသွားတဲ့အခါ ဝတ်စရာမရှိမှာကို ပူပန်ပြီး မလှူမတန်းရက်တဲ့ မစ္ဆရိယခေါ်တဲ့ တွန့်တိုမှု အဖျက်တရားက ဝင်ဝင်လာတာကိုးလေ။ ဒါကြောင့် ညဦးပိုင်းမှာလည်း မလှူနိုင်ခဲ့။ ညဉ့်လယ်ပိုင်းမှာလည်း မလှူဖြစ်။ မိုးသောက်ယံအချိန်ပိုင်းကျတော့မှသာ ဘာပဲဖြစ်ဖြစ် လှူဖြစ်အောင် လှူလိုက်တော့မယ်။ မယားနဲ့ ဖြစ်ရမယ့်ကိစ္စကို နောင်ခါလာ နောင်ခါချေ၊ သဘောထားကာ လှူလိုက်တော့မှ အောင်မြင်သွားတယ်။

တရားသဘောနဲ့ ပြောရင်တော့ မစ္ဆရိယကို သဒ္ဓါတရားက နိုင်သွားတာပါပဲ။

ဧက - တစ်ထည် + သာဋက - အဝတ်(ဝတ်စုံ)။

ဝတ်စုံတစ်ထည်သာ ရှိလို့ သူ့ကို "ဧကသာဋက"ပုဏ္ဏားလို့ ခေါ်တယ်။

အဲဒီ ဧကသာဋကဟာ တွန့်ဆုတ် တွန့်ဆုတ်နဲ့ မလှူရက် မတန်းရက်ဖြစ်နေတဲ့အတွက် ဘုရင်မင်းမြတ်ပေးသနားတဲ့ ဆုလာဘ်သုံးမျိုးအနက် အညံ့ဆုံးဖြစ်တဲ့ "သဗ္ဗစတုက္ကဆု" ပဲ ရရှိခဲ့တယ်။

"သဗ္ဗစတုက္ကဆု"ဆိုတာ ဆင်လေးကောင်၊ မြင်းလေးကောင်၊ ရွာကြီးလေးရွာ၊ အသပြာငွေ လေးထောင်၊ ကျွန်ယောက်ျား လေးယောက်၊ ကျွန်မိန်းမ အလုပ်အကျွေး လေးယောက်၊ အမျိုးသမီးလေးယောက်၊ လေးမျိုးစီ ခုနစ်ဆုကို ဆိုခြင်းဖြစ်ပါတယ်။

ပြီးတော့ တွန့်ဆုတ် တွန့်ဆုတ်နဲ့ မပြတ်မသားဘဲ လှူခဲ့ရင် အလှူရဲ့ အကျိုးကို ခံစားရရှိတဲ့အခါမှာ မိမိစည်းစိမ် ချမ်းသာကို မသုံးဆောင်၊ မခံစားချင်ဘဲ ဖြစ်တတ်တယ်။ ကောင်းတဲ့ ယာဉ်ရထားရှိပေမယ့် မစီးချင်ဘူး။ မွန်မြတ်တဲ့ စားဖွယ်သောက်ဖွယ်တွေ ရှိပေမယ့် မစားချင်ဘူး။ တန်ဖိုးကြီးမားတဲ့ အဝတ်အစားတွေ ရှိပေမယ့် မဝတ်ချင်ဘူး။ ကောင်းမွန်ခမ်းနားတဲ့ အဆောက်အအုံကို မနေချင်ဘူး။ စတဲ့ သိမ်ငယ်တဲ့ စိတ်တွေ ဖြစ်တတ်တယ်။

လောကကြီးမှာ တွေ့မြင်နေရတဲ့ လူသားတွေကို ကြည့်လိုက်ရင် ထင်ရှားတဲ့ သူဌေးတွေ၊ သာကေတွေ တွေ့မြင်နိုင်ပေတယ်။

ကျမ်းဂန်လာ သာကေတွေလည်း မြောက်မြားစွာ ရှိပေတယ်။

အပုတ္တက သူဌေးတို့၊ အဒိန္နပုဗ္ဗက သူဌေးတို့၊ တောဒေယျ သူဌေးကြီး စသူတွေဟာ မသုံးရက် မစွန့်ရက်တဲ့ နေရာမှာ၊ ကပ်စေးနဲတဲ့ နေရာမှာ နာမည်ကြီး ထင်ရှားသူတွေ

www.burmeseclassic.com

www.burmeseclassic.com

ပဲ ဖြစ်တယ်။ ရှည်မှာစိုးလို့ သူတို့အကြောင်းကို မပြောတော့ပါဘူး။ နောင် အလျဉ်းသင့်တဲ့အခါကျတော့ ပြောကြသေးတာပေါ့။

**"အကျိုးပြု ဆောင်ပုဒ်"**

မကပ်မငြိ၊ လှူတဲ့ဘိ၊
အရှိ သုံးဆောင်ရ၊
မစွမ်းငြိတောင်၊ လှူတဲ့ရှောင်
အကောင်းသုံးဆောင်ရ။

**(၅) မိမိနဲ့ သူတစ်ပါးကို မထိခိုက်အောင် လှူပါ**

အလှူလုပ်ပြီး ကြွေးတင်ရင် မိမိကို ထိခိုက်တဲ့ အလှူပါ။

သူတစ်ပါးနဲ့ အပြိုင်အဆိုင်လုပ်တာတွေ၊ သူထက်ငါက သာသွားအောင်ဆိုတဲ့ မမှန်စိတ်ထားနဲ့ စေတနာသဒ္ဓါတရားမပါဘဲ လှူတာတွေဟာ မိမိကိုလည်း ထိခိုက်တာပဲ။ သူတစ်ပါးကိုလည်း နှောင့်ယှက်ရာကျတာပဲ။

သဒ္ဓါ၊ စေတနာတရား ရက်ရက်ရောရောမရှိဘဲ မိမိနာမည်ထင်ပေါ်ကျော်စောမှုအတွက် ပကာသနတွေဘက်မှာ မက်မက်မောမော လှူဒါန်းခြင်းမျိုးဟာလည်း မကောင်းပါဘူး။ ငွေကုန်ပြီး လုပင်ပန်းရုံသာ ဖြစ်တတ်တာမို့ ကောင်းကျိုးချမ်းသာ မရနိုင်ပေဘူး။

အလှူဒါနရဲ့ ကောင်းကျိုးပေးတဲ့အခါမှာလည်း အနှောင့်အယှက်တွေ များတတ်ပေတယ်။ မိမိရဲ့ စည်းစိမ်ချမ်းသာတွေကို ရန်သူမျိုးငါးပါး ဖျက်ဆီးခံရတတ်ပေတယ်။ သတိထားရာကောင်းပါတယ်။

အလှူဒါနပြုတယ် ဆိုပေမယ့် ဝန်နဲ့ အား၊ မြားနဲ့ လေးဆိုတာကို မိမိနဲ့ တန်ရုံ၊ မိမိစွမ်းနိုင်ရုံလောက်ကိုသာ တွက်ချက် ကန့်သတ်ပြီး လုပ်သင့်ပါတယ်။ အစပထမ ရည်ရွယ်တာကတော့ အလှူက ခပ်ကျဉ်းကျဉ်းပါပဲ။ နောက်တော့ အများတကာ ပတ်ဝန်းကျင်က မြှောက်ပေးတာနဲ့ ဆိုင်းထည့်၊ ဇာတ်ပွဲထည့်၊ တီးဝိုင်းတွေ ထည့်၊ ဗီဒီယိုတွေ၊ ဓာတ်ပုံတွေ ရိုက်၊ ရဟန်း သံဃာကို လှူတော့ တစ်ပဲ ခြောက်ပြားဆိုရင်လည်း မကောင်းပါဘူး။ အလွန်အရုပ်ဆိုးပါတယ်။ အကြည့်အမြင်မှာတော့ အလှူကြီးအတန်ကြီးပါပဲ။ တကယ်တမ်း အကျိုးတရားရရှိမှုကျတော့ နှမ်းစေ့လောက် ဖြစ်တတ်ပါတယ်။

ဒီနေရာမှာ အင်းဝအုတ်ကျောင်း ဒါယိကာမကြီး မယ်နုရဲ့ ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ခဲ့တဲ့ ကျောင်းအလှူ၊ ကထိန်အလှူ စတာတွေမှာ ကျောင်းအမကြီးက သူရရှိတဲ့ အကျိုးတရားကို သူမ ကိုးကွယ်ဆည်းကပ် အားထားတဲ့ ဆရာတော် ဦးပုဒ်ကို မေးမြန်းလျှောက်ထားတဲ့အခါမှာ ဆရာတော်က "မိနုရေ…ခွက်ထဲက ရေကို သွန်ချလိုက်၊ ကျန်နေတဲ့ ရေစက်လောက်ပဲ အကျိုးရှိတယ်"လို့ နက်နက်နဲနဲ ရက်ရက်ရဲရဲ မိန့်တော်မူဖူးပါသတဲ့။

စဉ်းစားကြဖို့ပါ။

**"အကျဉ်းမှတ်သားရန် ဆောင်ပုဒ်"**

မထိမပါး၊ လှူတဲ့ပြားမှု၊
ထိုသည့်သူ၏၊ ပြောထူးများပြား၊
စည်းစိမ်အား၊ ငါးပါးရန်မခ၊
မထိမပါး၊ လှူတဲ့ပြား၊
ရန်များ ကင်းဝေးပ။ ။

(မင်းကွန်း တိပိဋက ဆရာတော်ကြီး)

•••

ဒါကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်း သူတော်ကောင်းတို့…

မိမိတို့ လုပ်ကိုင်ရှာဖွေ စုဆောင်းထားတဲ့ ပစ္စည်းဥစ္စာများကို နည်းများမဟုတ် အလှူဒါနပြုကြရာမှာ ဆိုခဲ့ပြီးတဲ့အတိုင်း သူတော်ကောင်းတွေ ပြုလုပ်လေ့ရှိတဲ့ သပ္ပုရိသဒါန အင်္ဂါ ငါးရပ်နဲ့ ပြည့်စုံညီညွတ်စွာ လှူဒါန်းသမှု ပြုသင့်ကြပေတယ်။

သို့မှသာ အလှူဒါနရဲ့ အကျိုးဖလ ရရှိခံစားကြရတဲ့အခါမှာ ပြည့်စုံကောင်းမွန်တဲ့ အကျိုးတရားတွေကို တိုးပွားရရှိနိုင်ကြမှာ ဖြစ်ပါတယ်။

အကျဉ်းချုပ် မှတ်ရမှာကတော့…

(၁) သဒ္ဓါတရားနဲ့ လှူရင် ရုပ်ရည်ချောမောလှပတယ်။
(၂) သက္ကစ္စဒါန-ရိုရိုသေသေလှူရင် ဩဇာအာဏာရှိ တယ်။
(၃) ကာလဒါန - အချိန်အခါနဲ့ ညီညွတ်စွာလှူရင် လိုရာဆန္ဒပြည့်ဝတယ်။
(၄) ပြတ်ပြတ်သားသားလှူရင် မိမိရရှိ စည်းစိမ်ချမ်းသာကို ပြည့်ဝစွာ ခံစားသုံးဆောင်ရတယ်။
(၅) မိမိနဲ့ သူတစ်ပါးကို မထိပါးအောင် လှူရင် ရရှိတဲ့ အကျိုးများ၊ ရန်သူမျိုးငါးပါးနဲ့ ကင်းဝေးတယ်။

**ဆောင်ပုဒ်လင်္ကာ**

လှပစုံစွာ၊ ဩဇာကြီးမား၊
လိုပြားရရှိ၊ အရှိသုံးဆောင်၊
မြားမြောင်ဘေးရန်၊ ကင်းလွတ်မှန်၊
ငါးတန် ကျိုးဖလ။ ။

* * *




www.burmeseclassic.com

www.burmeseclassic.com

# နှစ်ပေါင်း ၁၃၀ကျော်ပြီဖြစ်သော တိုက်ကြီးမြို့ ရှမ်းကျောင်းကြီးနှင့်

# နှစ်တစ်ရာ ဆုတောင်းပြည့်စေတီတော်

■ တက္ကသိုလ် မြတ်ထင် ■



တိုက်ကြီးမြို့ ရှမ်းကျောင်းကြီးဘုရားခန်းအတွင်း ကိန်းဝပ်စံပါယ်နေသော နှစ်ကျိပ်ရှစ်ဆူဘုရားများ

ရှမ်းကျောင်းကြီးသည် တိုက်ကြီးမြို့ မတည်မီကတည်းက လှိုင်မြို့နယ်၊ စီရင်စု မြောင်းတကာတိုက်နယ်အပိုင် အုပ်ချုပ်စဉ်အခါ မြန်မာသက္ကရာဇ် ၁၂၄၄ခုနှစ်၊ နတ်တော်လဆုတ် ၁၁ရက်၊ ခရစ်နှစ် ၁၈၄၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ရက်နေ့စွဲဖြင့် ဟံသာဝတီအရေးပိုင်မင်း ထုတ်ပြန်ပေးခဲ့သော အမိန့်စာအရ ကျောင်းမြေ ခွင့်ပြုသည်မှ စတင်ရေတွက်သော် နှစ်ပေါင်း ၁၃၀ကျော်ဖြစ်သည့် တိုက်ကြီးမြို့တွင် ရှေးအကျဆုံးကျောင်းတော်ကြီးဖြစ်ပေသည်။ ယခု တိုက်ကြီးမြို့ ဖြစ်တည်နေသည့် နေရာ၊ ရှမ်းစုရပ်ကွက် ရှမ်းကျောင်းကြီး တည်နေရာသည် ရန်ကုန်-ပြည် မီးရထားလမ်းအရှေ့ဘက်တွင် ဆင်နေကျားအောင်း သစ်တောဝါးတောထူထပ်ပြီး ငှက်ဖျားပေါသော ရွာတစ်ရွာသာဖြစ်သည်။ ကျောင်းနေရာသည် မူလက ရှမ်းအမျိုးသား ဦးအိန္ဒကာ၏ ဥယျာဉ်ခြံကြီးပင် ဖြစ်ပေသည်။ ရှမ်းအမျိုးသား ဦးအိန္ဒကာသည် ကျောင်းမြေလျှောက်ထားခွင့်



www.burmeseclassic.com

www.burmeseclassic.com

ရရှိသည်နှင့် ထိုမြေယာတွင် သက်ကယ်မိုး၊ ဝါးထရံကာသည့် ယာယီကျောင်းကို ၁၂၆၂ ခုနှစ်တွင် ဆောက်လုပ်ပြီး သီပေါဘုရင် မင်းတရားကြီး၏ မြောက်နန်းမတော် မိဖုရားကြီး ရဟန်းခံတော်မူသည့် "ဂုဏာလင်္ကာရဓဇ ရာဇာမိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရသည့် ရှမ်းကျောင်းကြီး ပထမဆရာတော် ဦးဂုဏာအား ဆက်ကပ်လှူဒါန်း ကိုးကွယ်ခဲ့ကြခြင်းဖြစ်သည်။


ထိုစဉ်က ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ ဘားကရာတိုက်ကျောင်း၌ သီတင်းသုံးတော်မူရာမှ ရှမ်းလူမျိုး ဒကာဆက် အောက်ပါအတိုင်း ကျောင်းထိုင်တော်မူခဲ့ကြကြောင်း လေ့လာမှတ်သားရပါသည်။

* ပထမဆရာတော် (ဂုဏာလင်္ကာရဓဇ ရာဇမိဂုရု ဘွဲ့ရ) ဆရာတော် ဦးဂုဏာလင်္ကာရ (၁၂၄၄-၁၂၆၉)။

* ဒုတိယဆရာတော် ဦးကလျာဏ (၁၂၆၉-၁၃၀၂)။

* တတိယဆရာတော် ဦးရာဇိန္ဒ (၁၂၉၂-၁၃၀၁)။

(ထိုဆရာတော်သည် ဒုတိယကမ္ဘာစစ် ဒုတိယနှစ် ကာလတွင် ဝံသာနုရက္ခိတ တရားဟော ဆရာတော် ၁၀ပါး



တိုက်ကြီးမြို့ ရှမ်းကျောင်းကြီးဘုရားခန်းအတွင်း ကိန်းဝပ်စံပါယ်နေသော နှစ်ကျိပ်ရှစ်ဆူဘုရားများ

များနှင့်တကွ သာသနာတော်ကြီး၏ အကျိုးကို မျှော်ကိုး၍ တိုက်ကြီး ဘူတာရွာခေါ် ရှမ်းစုရွာသို့ ကြွရောက်တော်မူသည်၊ ၁၂၄၉ ခု၊ ၁ဂဂ၇ခု ဇူလိုင်လ ၅ရက်နေ့တွင် ဦးအိန္ဒကပင် အနံ ၅၂ပေ၊ အလျား ၅၂ပေရှိ မြေအား သိမ်သမုတ်ရန် လျှောက်ထားခွင့်ပြုချက်ရရှိ၍၊ ထိုနှစ်အတွင်း သိမ်သမုတ်တော်မူခဲ့သည်။ (ရှမ်းကျောင်းကြီး သာသနာ့မြေနှင့် သိမ်မြေတို့အတွက် ခွင့်ပြုကြောင်း အမိန့်စာများတွင် ရှမ်းစုရွာဟု အသုံးမပြုဘဲ ဟံသာဝတီခရိုင်၊ လှိုင်မြို့နယ်၊ မြောင်းတကာ တိုက်အပိုင် တိုက်ကြီး ဘူတာရွာဟု ဖော်ပြထားသည်။) ထိုရှေးအကျဆုံး ကျောင်းတော်ကြီးတွင် ဆရာတော်အစဉ် အား အင်္ဂလိပ်အစိုးရက ဖမ်းဆီးရန် အမိန့်ထုတ်ပြန်ရာတွင် ပါဝင်သဖြင့် ယိုးဒယားနိုင်ငံသို့ ခေတ္တကြွရောက် တိမ်းရှောင်နေပြီး ကျောင်းသို့ ပြန်ရောက်သည့်အခါ ကျောင်းမထိုင်တော့ဘဲ လက်ရှိ ကျောင်းထိုင်ဆရာတော်ကို ကျောင်းထိုင်စေခဲ့သည်။ ၁၃၀၁ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။)

* စတုတ္ထဆရာတော် ဦးကောဝိဒ (၁၃၀၁-၁၃၂၉)။


* ပဉ္စမဆရာတော် ဘဒ္ဒန္တသံဝရ (၁၃၂၉-၁၃၆၅)။

(ထိုဆရာတော်သည် ၁၃၄၂ခုနှစ်မှ စ၍ လေးကြိမ်တိုင်တိုင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့သည်မှာ ပျံလွန်တော်မူသည်အထိဖြစ်သည်။




www.burmeseclassic.com


www.burmeseclassic.com



ရှမ်းကျောင်းကြီးအတွင်းရှိ နှစ်တစ်ရာဆုတောင်းပြည့် စေတီတော်



နှစ်ပေါင်း(၁၀၀)ပြည့် ဆုတောင်းပြည့်စေတီတော်



တိုက်ကြီးမြို့ ရှမ်းကျောင်းကြီးအတွင်းရှိ မင်္ဂလာကန်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com


၄-၁-၉၉ နေ့တွင် "မဟာသဒ္ဓမ္မ ဇောတိကဓဇ"ဘွဲ့တော် ဆက်ကပ်ရရှိခဲ့သည်။)

* ဆဋ္ဌမမြောက် ဆရာတော် ဘဒ္ဒန္တ ဦးသူရိယ (၁၃၆၆ ခုနှစ်မှ ယနေ့အထိ)။

မြန်မာသက္ကရာဇ် ၁၂၆၄ ခုနှစ် ပတ်ဝန်းကျင်တွင် တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများမှလည်း ဆန်စပါး အသီးအနှံများကို ဈေးတွင် လာရောက်ရောင်းချခြင်း၊ အထက် အညာအရပ်များနှင့် လည်းကောင်း၊ ရန်ကုန်မြို့နှင့် လည်း

ရကြောင်း လေ့လာသူများက ပြောကြားချက်အရ သိရှိရပါသည်။

ရှမ်းကျောင်းကြီး၏ စတုတ္ထဆရာတော် ဦးကောဝိဒ လက်ထက်တွင် ၁၂၉၇ခုနှစ်၊ ခရစ်နှစ် ၁၉၃၅ ခုနှစ်၌ ဇေတဝန် ကျောင်းမကြီးအဟောင်းအား ဖျက်သိမ်း၍ အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ခဲ့ရာ ယခုလက်ရှိ အဆောက်အအုံ ပင်ဖြစ်သည်။ ပဥ္စမမြောက်ဆရာတော် ဘဒ္ဒန္တသံဝရလက်ထက် တွင် ကျောင်းတိုက်ကြီးအတွင်း ၁၂၆၄ခုနှစ်က တည်ထား



ရှမ်းကျောင်းကြီးအလယ်ဗဟိုတွင်တည်ဆောက်ထားသော ဇေတဝန်ကျောင်းတော်ကြီး


ကောင်း ကူးလူးဆက်ဆံ ရောင်းဝယ်ဖောက်ကားနေသော ကြောင့် မြို့လူထု၏ စီးပွားရေးအခြေအနေ သာယာစိုပြည် ဖြိုးဖြိုက်လျက်ရှိပေသည်။ ထိုသို့သော မင်္ဂလာအခါကြီးတွင် ဂုဏာလင်္ကာရဓဇ ရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ ရှမ်း ကျောင်းကြီး ပထမဆရာတော် ဦးဂုဏာလင်္ကာရသည် ရှမ်း ကျောင်းကြီးဝင်းအတွင်း မြောက်ဘက်စွန်းနေရာ၌ မြေပေါက် စေတီတော်တစ်ဆူကို ၁၂၆၄ခုနှစ်တွင် တည်ထားကိုးကွယ် ခြင်းအမှုကို ပြီးစီးတော်မူလေသည်။ ၁၂၆၄ခုနှစ်တွင် တည် ထား ကိုးကွယ်သည်ဟူသော အထောက်အထားကို စေတီ တော်ရှိ ရုပ်ပွားတော်များတွင် မှတ်သားထားသည်ကို တွေ့ရှိ

ကိုးကွယ်ခဲ့သော မြေပေါက်စေတီတော်သည် ဒုတိယကမ္ဘာ စစ်ကြီးအတွင်းက စစ်မီးလျှံဗောံးဒဏ်များကြောင့် ပျက်စီး ယိုယွင်းခဲ့သည်ကို ၁၃၄၄ခုနှစ်မှစ၍ ပြုပြင်ခဲ့ရာ ဉာဏ်တော် ၅၄တောင်ရှိ "နှစ်တစ်ရာပြည့် ဆုတောင်းပြည့် စေတီတော်" ဟူသော ဘွဲ့အမည်ဖြင့် ကြည်ညိုဖွယ် ပြင်ဆင်တည်ထား ကိုးကွယ်တော်မူခဲ့သည်။ စေတီတော်ကြီးအနီးတွင်လည်း "နှစ်တစ်ရာ ဆုတောင်းပြည့် မင်္ဂလာရေကန်တော်ကြီး"ကို လည်း ပြင်ဆင် တည်ဆောက်ပြီးစီးခဲ့သည်။ ကျောင်းဝင်း အလယ်ဗဟိုတွင် ဇေတဝန်ကျောင်းမကြီးနှင့်တကွ သိမ်၊ တန်ဆောင်းသုံးခု၊ နတ်လမ်းများ၊ ဆွမ်းစားကျောင်းဆောင်၊



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးမြို့
ရှမ်းကျောင်းကြီး အဝင်မုခ်ဦး

အမျိုးသား ဥပုသ်ဇရပ်၊ အမျိုးသမီး ဥပုသ်ဇရပ်နှင့် သကြိန်တွင်း ဘုရားရေသွန်းလောင်း ကျောင်းတော်တို့ကို ဆက်လက်ထိန်းသိမ်းမွမ်းမံ တည်ဆောက်မှုများကို ဆောင်ရွက်တော်မူခဲ့သည်။

ဆင္ဝမမြောက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဦးသုရိယလက်ထက်တွင် နှစ်တစ်ရာ ဆုတောင်းပြည့် စေတီတော်၏ ထီးတော်အသစ်ကို ၁၃၇၃ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် တင်လှူ ပူဇော်ခဲ့ကြပါသည်။ ဒုတိယ ထီးတော်ကို ချ၍ တတိယ ထီးတော်ကို တင်လှူပူဇော်ခဲ့ကြခြင်း ဖြစ်ပါသည်။ နှစ်တစ်ရာ ဆုတောင်းပြည့် ရေကန်တော်ကြီးကိုလည်း အသစ်တစ်ဖန် ပြန်လည်မွမ်းမံ ပြင်ဆင်ခဲ့ပါသည်။

ယခုလက်ရှိ ဆင္ဝမမြောက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဦးသုရိယလက်ထက်တွင်လည်း ဆက်လက်ပြုပြင်ထိန်းသိမ်းထားရှိသော သာသနာအဆောက်အအုံ၊ ဘုရား၊ ကျောင်း၊ ကန်များမှာ -

(၁) ရှမ်းကျောင်းကြီးအဝင်မုခ်ဦး၊
(၂) ဇေတဝန်ကျောင်းမကြီးပေါ်ရှိ ရှေးဟောင်း ရုပ်ပွားတော် ၂၈ဆူ (နှစ်တစ်ရာကျော် ရုပ်ပွားတော်များ ပါဝင်ပါသည်။)၊
(၃) နှစ်တစ်ရာ ဆုတောင်းပြည့်စေတီတော်၊
(၄) နှစ်တစ်ရာ ဆုတောင်းပြည့် မင်္ဂလာရေကန်တော်ကြီး၊
(၅) သိမ်တော်ကြီး၊
(၆) ကျောင်းဝင်းအလယ်ဗဟိုတွင် ရှိသော ဇေတဝန်ကျောင်းတော်ကြီး၊
(၇) တန်ဆောင်းသုံးခု၊
(၈) တတိယ ဆရာတော် ဦးရာဇိန္ဒ နေထိုင်တော်မူရာ ကျောင်းတိုက်၊
(၉) နတ်လမ်းများ။
(၁၀) ဆွမ်းစားကျောင်းဆောင်၊
(၁၁) အမျိုးသား ဥပုသ်ဇရပ်၊
(၁၂) အမျိုးသမီး ဥပုသ်ဇရပ်၊
(၁၃) သကြိန်တွင်း ဘုရားရေသွန်းလောင်း ကျောင်းဆောင်တော်တို့ ဖြစ်ကြပါသည်။

တိုက်ကြီးမြို့ ရှမ်းစုရပ်၊ ရှမ်းကျောင်းကြီး ကျောင်းတိုက်ကြီးကို စတင်တည်ထောင် သာသနာပြုသွားကြသော ဆရာတော်ကြီးအစဉ်အဆက်တို့၏ "ဒါယကောဝါဒ ဆုမွန်စာ"အချို့ကို ကောက်နုတ် ဖော်ပြလျက် နိဂုံးကမ္ပတ် အဆုံးသတ်ချင်ပါသည်။

(၁) ဘုရားဟောကြား မြတ်တရား ကြိုးစားသင်ယူပါ။ (နာယူပါ)။
(၂) ရတနာသုံးပါး မိဘများ၊ ဝပ်တွားရှိသေပါ။
(၃) မထီမဲ့မြင်၊ ဘမိခင်၊ မင်းလျှင် မဖြုနှင့်။
(၄) ငယ်လု ကိုရင်၊ တွေ့လေလျှင်၊ သံဃာတော်ကွဲ့ ရှိသေတဲ့။
(၅) စကားတောက်ဆတ်၊ ပြောဆိုလတ်၊ မုန်းတတ်တယ်ကွဲ့ ရန်စကားတဲ့။
(၆) ချိုချိုသာသာပြောဆိုပါ။ မှတ်ကြပါကွဲ့ မောင်တို့ရဲ့။
(၇) ကျောင်းသို့ ရောက်လျှင် ဘုရားရှင်၊ အလျဉ်ဦးချ၊ သုံးကြိမ်ပ။
(၈) ဘုရားပြီးမှ ဆရာပ၊ မှတ်ခဲ့ကြကွဲ့ မမေ့နဲ့။
(၉) ဦးချသောအခါ ညီညွတ်စွာ၊ အင်္ဂါငါးဖြာ ညီစေကွဲ့။
(၁၀) ဆရာသမား ပြောစကား၊ ကြားက ဖြတ်၍ မပြောနှင့်။
(၁၁) မျက်မှောက်တသွယ်၊ မျက်ကွယ်တခြား၊ သည့်နှယ်ပြား၊ ရှောင်ရှားပယ်ရပါမည်။

(ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် အကူအညီပေးသော ရှမ်းဘက် (၂)လမ်းမှ ဆရာ ဦးကျော်တင့်နှင့် ဓာတ်ပုံအကူအညီပေးသော သားဖြစ်သူ မောင်မိုးကျော်တို့အား ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။)။

* * *


ဓာတ္တုသိုလ်ဒေါ်မြတ်ထင်



www.burmeseclassic.com

www.burmeseclassic.com

နတ်ဆည်ရွာရှိ သီတာအေးစေတီတော်



# မုဒိတာကောင်းကင်အောက်က

# နတ်ဆည်ရွာ

■ အောင်သာကျော် ■

မေ့မရဖွယ်၊ လွမ်းမောဖွယ်ကောင်းလွန်းလှသည့် ခရီးစဉ်တစ်ခုကို ဟောမာန်ဦးကာလလေးမှာ လိုက်ပါ စီးမျောမိဖြစ်ခဲ့ရသည်။ လုပ်သားဂျာနယ်ခေတ်ကတည်းက ဆောင်းပါးတွေ၊ ကဗျာတွေ၊ ဝတ္ထုတွေ အတူရေးဖော်ရေးဖက်အဖြစ် လက်တွဲခဲ့ကြသည့် ဦးထွန်းအောင်(အလှဆင်သူဂျာနယ် အယ်ဒီတာ)၊ ဦးအောင်နိုင်(မောင်ထည်ဝါ-ပျော်ဘွယ်)တို့နှင့် အတူသွားရသဖြင့် လွမ်းမောဖွယ်ကောင်းလှသည့် အတိတ်စာမျက်နှာများပေါ်က ရသတို့ ရင်ထဲမှာ လှုပ်ခတ်နေဖြစ်သည်။ လေကို တရစပ်ခွင်းကာ မြူးတစ်စင်းပမာ ပြေးနေသည့် ကိုင်းလတ်ကားဖြူလေးပေါ်ကို နှင်းပွင့်စစ်သည်တော်လေးများက မနားတမ်း ခုန်ဆင်းလို့နေသည်။ "ရောဝတီတိုင်းဒေသကြီးမှ ကြိုဆိုပါ၏"စာတန်းကို ကျော်လာကတည်းက ကားက ပိုလို့သွက်နေသည်။

မျက်နှာပြင်ကို လာရောက်ထိတို့ ဆော့ကစားနေသည့် နှင်းအပ်ငယ်လေးများ၏ အထိုးအခွကြောင့် မျက်နှာတစ်ခွင်လုံး အေးမြမြအရသာဖုံးလို့ နေပြီပင်။ ရောဝတီတံတားကို ကျော်ဖြတ်ခဲ့ရာက ဆယ်မိနစ်သာသာခန့်တွင် ကားလေးသည် ယာဘက်လမ်းဘေးသို့ ထိုးရပ်လိုက်လေတော့သည်။ နိုင်သစ်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းလှိုင်က -

"ကဲ - ဆရာတို့ ဆင်းကြ။ နတ်ဆည်တာဝရောက်ပြီ။


www.burmeseclassic.com


www.burmeseclassic.com



နတ်ဆည်ရွာ အိမ်အချို့

ဟိုမှာ လာကြိုနေတဲ့ စက်လှေနဲ့ ခရီးဆက်ရမှာ"

ဟု ဆိုသဖြင့် ကားပေါ်မှ ဆင်းကာ နတ်ဆည်တာဝ လှေဆိပ်တွင် အသင့်ကြိုနေသည့် စက်တပ် လှေပေါ်တက်ကာ နေရာယူဖြစ်သည်။ ယခုသွားရမည့် ခရီးက မုဒိတာခရီး။ နတ်ဆည်ရွာရှိ ဟောင်းနွမ်းအိုမင်းနေသည့် နတ်ဆည်ရွာ မူလတန်းကျောင်းနေရာတွင် ကျောင်းသစ်ဆောက်လုပ်နိုင်ရေး အတွက် ပန္နက်ရိုက်၊ အုတ်မြစ်ချ မင်္ဂလာအခမ်းအနား ကျင်းပရန် သွားကြခြင်းပင်ဖြစ်သည်။ ခိုင်သစ် ဆောက်လုပ်ရေး



ရေပြင်ကျယ်ရှိ နတ်ဆည်ရွာမြင်ကွင်း

ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းလှိုင်က သူ၏ မိသားစုဝင်များနှင့်အတူ စာရေးသူတို့ကိုပါ လိုက်ပါ မုဒိတာပွားကြရန် ခေါ်သဖြင့် လိုက်ပါသွားကြခြင်းဖြစ်သည်။ လှေပေါ်တွင် သိခွင့်ရသည်မှာ ရွှေပြည်သာမြို့နယ် စာရေးဆရာအဖွဲ့ဝင်များ ဖြစ်ကြသည့် ကဗျာဆရာ မြစိုးလွင်၊ ကဗျာဆရာ ဦးမြင့်လွင်(ရွှေဘို)တို့ အပြင် ကဗျာဆရာ ကိုချစ်စရာ(ရွှေပြည်သာ)လည်း လိုက်ပါ လာကြောင်းနှင့် သတင်းမီဒီယာသမားများလည်း ပါလာ ကြောင်းပင်ဖြစ်သည်။

နတ်ဆည်တာဝမှ နတ်ဆည်ရွာ ဆက်သွယ်ထားသည့် တူးမြောင်းမှာ သိပ်မကျယ်ဝန်းလှချေ။ လှေနှစ်စီး ရှောင်သာ တိမ်းသာအနေအထားရရုံမျှသာ ရှိသည်။ နံဘေးတစ်ဖက် တစ်ချက်ရှိ ကိုင်းတောကြီးများအလယ်မှ ဖြတ်သန်းသွားနေရ လေရာ မြင်ကွင်းပသာဒ အထူးအဆန်းဖြစ်နေရသည်။ စက် လှေအရှိန်က နှေးနေသယောင်ရှိနေရာ မိနစ် ၄၀ သာသာခန့် တွင် နတ်ဆည်ရွာထိပ်ရှိ ရေပြင်ကျယ်ရပ်ဝန်းရောက်သွား တော့မှ စက်ရှိန်သတ်ကာ ကျောင်းဆောက်ရန် ပြင်ဆင်ထား



ရွာအနီးစက်တပ်လှေငယ်ဖြင့် ဤသို့

သော ကျောင်းဟောင်းတည်ရာ ကုန်းမြေဆီသို့ လှေဦးတည် လိုက်တော့သည်။ လှေဦးတည့်လိုက်စဉ်မှာပင် ကမ်းပါးဆီမှ စည်တော်သံက ရေပြင်ကျယ်၏ မိုးယံထက်သို့တိုင် ဟိန်းထ လို့နေပြီဖြစ်သည်။

♦♦♦



ဆရာမောင်ထည်ဝါ(ပျော်ဘွယ်)၊ ဆရာသုဝဏ်၊
ဆရာအောင်သာကျော်တို့ နတ်ဆည်ရွာတွင်

လှေကမ်းပါးသို့ ဆိုက်မိသည်နှင့် မုဒိတာမြင်ကွင်းတို့ ကို မြင်တွေ့ခွင့်ရတော့သည်။ လက်အုပ်လေးများ ချီကာ ဆီးကြိုနေကြသည့် ကလေးငယ်များ၊ လှိုက်လှိုက်လှဲလှဲ နွေး ထွေးစွာ ဆီးကြိုနေကြသည့် ရွာခံများ၊ ရွာ၏ ရပ်မိရပ်ဖများ နှင့် ကြုံကြရသည်။ စာရေးသူတို့ နားနေ ဧည့်ခန်းဖြေရန်



www.burmeseclassic.com

www.burmeseclassic.com



ထိုးထားသော မဏ္ဍပ်ရှေ့ရှိ ကွင်းတွင်ကား ကျောင်းသူကျောင်းသားလေးများက ပန်းပွားအက၊ စည်တော်အကတို့ဖြင့် တင်ဆက်ဖြေဖျော်လျက်ရှိနေသည်။ ညှော်ခံကျွေးမွေးသည့် ငါးကြော်များနှင့် မုန့်ဟင်းခါးကို စားသောက်ကြရင်း ရွာခံများနှင့် စကားလက်ဆုံကျဖြစ်သည်။ လက်ရှိ မူလတန်းကျောင်းလေးမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ခန့်က ဆောက်လုပ်ထားခဲ့သည့်ကျောင်းဖြစ်လေရာ ဟောင်းနွမ်း အိုမင်းလျက်ရှိနေပြီဖြစ်သည်။ လက်ရှိ နတ်ဆည်ရွာ မူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကြည်ဝင်းက···

"အခုရှိနေတဲ့ ကျောင်းက သက်တမ်း ၄၀ကျော်ခဲ့ပါပြီ၊ အိုမင်းပြိုကျနေတာဖြစ်လို့ မိုးတွင်းအခါ မြစ်ရေက ၆ပေလောက်အထိ တက်လို့ ကလေးတွေ လာရတာ အန္တရာယ်များတယ်။ အခုတော့ မကြာခင် ခိုင်ခံ့ တောင့်တင်းတဲ့ ကျောင်းသစ်ကြီးဖြစ်တည်လာတော့မှာမို့ တစ်ရွာလုံး ဝမ်းသာမဆုံးဖြစ်နေကြပါတယ်"

ဟု ရင်ဖွင့်စကားဆိုရှာသည်။

မကြာခင်မှာပင် ဆရာတော် အရှင်သုမြတ်တို့ ကြွရောက်လာကာ ကျောင်းသစ် ပန္နက်ချရန် လျာထား၊ သတ်မှတ်ထားသည့် နေရာတွင် သီတင်းသုံးတော်မူနေကြသည်။ ခဏအကြာတွင် ဆရာတော် ကိုးပါးတို့က မြေသန့်စင်စေရန်အတွက် ပရိတ်တော်များ ရွတ်ဖတ်ပေးခြင်း၊ ကမ္မဝါဖတ်ပေးခြင်းတို့ ပြုပေးတော်မူကြသည်။

နံနက်ပိုင်းအစီအစဉ်များ ပြီးစီး၍ နေ့လယ် ၁၂နာရီ ၁၂မိနစ် ၁၂စက္ကန့်တိတိအရောက်တွင် ပန္နက်ချခြင်း၊ အုတ်မြစ်ချခြင်း မင်္ဂလာအခမ်းအနားကို စတင်တော့သည်။ ခိုင်သစ်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းလှိုင်က ပန္နက်ကိုတိုင်စိုက်ထူကာ ပတ္တမြားအုတ်ဖြင့် စတင် အုတ်စီသည်။ မရမ်း အ·ထ·က ကျောင်းအုပ်ဆရာကြီး ဦးစောဖိုးဝ၊ နတ်ဆည်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ကြည်တို့ကလည်း ပန္နက်တိုင် စိုက်ထူကာ ရွှေအုတ်၊ ငွေအုတ်များဖြင့် အုတ်စီပေးခဲ့ကြသည်။

ကျောင်းလေးတည်ရာ၏ မြောက်ဘက်တွင် ရှိနေသည့် တူးမြောင်းလေး၏ တစ်ဖက်ကမ်းတွင် ရွှေရောင်တဝင်းဝင်း လက်နေသည့် သီတာအေး စေတီတော်တည်ရှိနေသည်ကို ဖူးတွေ့ရသည်။ နတ်ဆည်ရွာလေးတွင် ရေးနှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့သည့် စေတီတော်ပင်ဖြစ်သည်။ မုဒိတာပွားစရာကောင်းလှသည့် အခမ်းအနားလေးက စည်တော်သံ၊ ရတုပုဒ်စုံ ရွတ်ဆိုသံ၊ ကျောင်းသူ ကျောင်းသားလေးများ၏ ပန်းပွားအက၊ ယိမ်းအကတို့ဖြင့် ကြည်နူးဖွယ်ကောင်းနေသည်။

♦♦♦

နံနက်စာစားသောက်အပြီး နေ့လယ် ၁နာရီသာသာခန့်တွင် နတ်ဆည်ရွာလေးမှ ပြန်ရန် ပြင်ဆင်ကြသည်။ စက်တပ် လှေငယ် သုံးစင်းဖြင့် နတ်ဆည်ရွာလေး တည်နေရာ ရေပြင်ကျယ်ကြီးကို လှည့်လည်ပြသသည်။ နတ်ဆည်ရွာလေး တည်နေဟန်က ရှမ်းပြည်နယ်၊ အင်းလေးကန်သာနှင့် ဆင်တူနေသည်။ တိမ်ပြာပြာ မိုးသားအောက်ရှိ ရေပြင်ကျယ် ခပ်စိမ်းစိမ်းပေါ်ဝယ် ရုပ်တိုက်ပြေးလွှားနေသည့် စက်လှေငယ်များကို စီးနင်းလှည့်ပတ်ရင်း ကမ်းပေါ်မှ လှမ်း၍ လက်ပြနှုတ်ဆက်နေကြသည့် ရွာခံများကို နှုတ်ဆက်သည့်အနေဖြင့် လက်များကို ပြန်လည်ဝှေ့ယမ်းပြဖြစ်ကြသည်။

စက်လှေကို နတ်ဆည်တာဝသို့ ဆက်သွယ်ထားသည့် တူးမြောင်းအတွင်း ပြန်လည်ဝင်ဖြစ်သည်တွင် မုဒိတာခရီးမှ ပြန်ဖြစ်ခဲ့ကြပြီဟူသောအသိ ရင်ထဲမှာ လာရောက်လှုပ်ခတ်နေသည်။ တူးမြောင်းဘေးနှစ်ဖက်ဆီမှ လှုပ်ယမ်း နှုတ်ဆက်နေကြသည့်အလား ထင်မှတ်မှားရသည့် ကိုင်းပင်များ၏ လှုပ်ရှားဟန်ကို ငေးမောကြည့်နေဖြစ်မိရင်း မုဒိတာပွဲခင်းလေးဝယ် ပျူငှာစွာ ဆက်ဆံခဲ့ကြသည့် နတ်ဆည်ရွာသားများ၏ ပုံရိပ်များ၊ ပြန်ခါနီးတွင် ဝမ်းနည်းဝမ်းသာ မျက်ရည်စများဖြင့် နှုတ်ဆက်ခဲ့ကြသည့် ပုံရိပ်များက နှလုံးသားထိတိုင် စွဲထင်ပါလာခဲ့သည်ဆိုသည့်အဖြစ်ကို သုံးသပ်နေမိရပါတော့သည်။ (၁၂-၁၂-၂၀၁၂ ခရီးစဉ်အမှတ်တရ)■

* * *

အောင်သာကျော်

(နတ်ဆည်ရွာ မုဒိတာခရီးစဉ်လေးသို့ လိုက်ခဲ့ပါရန် ခေါ်ဆောင်ခဲ့သည့် ခိုင်သစ်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် သူ့ဗိုလ်ကြီး မိုးမော်လှိုင်(ငြိမ်း) ရွှေပြည်သာမြို့နယ် စစ်ပြန် ရဲမှုထမ်းဟောင်း ဥက္ကဋ္ဌတို့အား ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါသည်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



…သမှ အဆက်…

**အသဒ္ဓိယ,က ဝီမံသယောင်ဆောင်ခြင်း**

"ဝီမံသနှာ ပတိရူပေန အသဒ္ဓိယံ ဝဋ္ဋေတိ"

**ဝီမံသနှာ ပတိရူပေန** - စုံစမ်းဆင်ခြင်ခြင်း ပညာ…နှင့် တူသဖြင့်၊ **အသဒ္ဓိယံ** - သူတစ်ပါးကို မယုံကြည် **အသဒ္ဓိယ** - တရားသည်၊ **ဝဋ္ဋေတိ** - လှည့်ပတ်တတ်

အဓိပ္ပာယ်က မသဒ္ဓါသည်ကို ပညာမှတ်တတ်သတဲ့။ …ဖြင့် ဆင်ခြင်သလိုလိုနှင့် သူတစ်ပါးတို့အား မယုံမနှာ…တတ်သတဲ့။

အသဒ္ဓိယက မယုံခြင်းလက္ခဏာရှိတယ်။

ဝီမံသက (ပညာဖြင့်) စုံစမ်းဆင်ခြင်ခြင်းလက္ခဏာရှိ…

အသဒ္ဓိယက မကြည်လင်စေခြင်းကိစ္စရှိတယ်။

ဝီမံသက ကြည်ညိုဖွယ်ဂုဏ်ကို ရှာ၍ ယောနိသော…ကာရဖြင့် ကြံစည်အောက်မေ့ခြင်းကိစ္စရှိတယ်။

အသဒ္ဓိယက အသင့်အတင့် ကြည်ညိုစရာအကြောင်း…ကြံစည်၊ မကြည်ညိုစရာကို ကြံစည်ခြင်း၊ မထီမဲ့မြင်…တားပြုခြင်းကို ရှေးရှုတယ်။

ဝီမံသက ကြည်ညိုဖွယ်များသောအရာတို့၌ အထူး…ညိုမြတ်နိုး ကျိုးနွံပျပ်ဝပ်ခြင်း၊ ကြည်ညိုဖွယ်မရှိသော…တို့၌သော်လည်း မထီမဲ့မြင် မပြုခြင်း၊ လျစ်လျူရှုခြင်းကို…တယ်။

အသဒ္ဓိယက သူတော်ကောင်းကို အမှီမပြုခြင်း၊ …ကောင်းတရားကို မနာခြင်း၊ မသင့်မတင့် နှလုံးသွင်း သဒ္ဓါတရားခေါင်းပါးခြင်းနှင့် နီးစပ်တယ်။

ဝီမံသက ဗဟုသုတ ပညာဝန္တ ပုဂ္ဂိုလ်တို့ကို မှီဝဲခြင်း၊ မကောင်းမှုမှ လန့်ခြင်း၊ နှလုံးနှုးညံ့ခြင်း အစရှိသော သူတော်ကောင်းအဖြစ်နှင့် နီးစပ်တယ်။

"အဲသလို မတူကွဲပြားတာကို နှိုင်းယှဉ်ပြီး မြင်တားတယ်

www.burmeseclassic.com

www.burmeseclassic.com

ကိုရေချမ်းရဲ့"

"အေးဗျ၊ အဲဒီလို နှိုင်းယှဉ်ကြည့်မှ ကျုပ်တို့ဟာ သဒ္ဓါ အစစ်လား၊ သဒ္ဓါအတုလားဆိုတာ ခွဲခြားသိနိုင်မှာပဲ ဦးမင်္ဂလာရဲ့၊ အဲဒါကို မသိရင် သဒ္ဓါအတုက ပညာယောင်ဆောင်တာ ဘယ်သိတော့မလဲ။ ကျုပ်တို့ ပညာဆိုတာကလည်း မင်းတို့ ဉာဏ်တစ်ထွာတစ်မိုက်မျှရယ်နှင့် ငြင်းဖို့သန်ရင် မိုက်ရာကျပါလိမ့်"ဆိုတဲ့ စကားလို တစ်မိုက်တစ်ထွာလောက်ရှိတဲ့ ဉာဏ်မျိုးပဲ"

"ဉာဏ်ပညာနဲ့ ပတ်သက်လို့ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားက ကိုယ်ကျင့်အဘိဓမ္မာမှာ ဒီလိုရေးထားတယ်ဗျ"

*ဉာဏ်ပညာသည် ပညာစစ်၊ ပညာတု နှစ်မျိုးရှိ၏။ ထိုတွင် ကံ-ကံ၏ အကျိုးကို သိတတ်သော ဉာဏ်၊ စာပေကျမ်းဂန်၏ အဓိပ္ပာယ်မှန်ကို နားလည်သော ဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များနှင့် ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တိုင်အောင် အပြစ်ကင်းသော အသိအလိမ္မာဉာဏ်ပညာဟူသမျှသည် ပညာအစစ်ဖြစ်၏။*

*ပါးနပ်သူဟု ခေါ်ရသူတို့ သန္တာန်ဝယ် တစ်ဖက်သားကျလောက်အောင် ဟန်ပန်လေသံဆောင်တတ်၊ ပြောတတ်ဟောတတ်သော ဉာဏ်၊ အနိုးအဝှက်ဉာဏ်၊ အလှည့်အစားဉာဏ်၊ အလိမ်ဉာဏ်၊ ပရိယာယ်မာယာဉာဏ်များသည် ပညာအစစ်မဟုတ်တဲ့ လိမ်လည်လှည့်ပတ်တတ်သော ဝဉ္စနာပညာတုဖြစ်သည်။*

"အဲသလို ပညာအတုနှင့် အစစ်ကို ခွဲခြားပြထားတယ်။ ပညာအစစ်နဲ့ တွဲမိမှ သဒ္ဓါဆိုတာ အစစ်အမှန်ဖြစ်လာပေလိမ့်မယ်။ သဒ္ဓါကလည်း အစစ်အမှန်မဟုတ်၊ ပညာကလည်း အစစ်အမှန်မဟုတ်ဘူးဆိုရင် ယုံရမည့်ဟာကို မယုံကြည်ဘဲ မယုံရမည့်ဟာကို တစ်ထစ်ချ ယုံကြည်နေလိမ့်မယ် ကိုရေချမ်းရဲ့"

"ဟုတ်တာပေါ့ဗျာ။ ကျုပ်တို့တစ်တွေက သိပ္ပံနည်းမကျရင် လက်မခံချင်ပါဘူးဆိုပြီး ရတနာသုံးပါးနှင့်တကွ သူတော်ကောင်းကြီးတွေအပေါ်မှာ မယုံမကြည် မစူးစမ်းတာကိုပဲ ပညာလိုလို ဂုဏ်ယူနေတတ်ကြတယ်မဟုတ်လား။ အဲဒါဟာ မသဒ္ဓါသည်ကို ပညာမှတ်တတ်သည်ဆိုတဲ့ သဘောပေါ့ဗျာ"

"ရှင်းပါပြီဗျာ၊ ရှေ့သာ ဆက်ကြပါစို့"

**၇။ ပုဂ္ဂလဂရဟိတာ,က ပါပဂရဟိတာယောင်ဆောင်ခြင်း**

"ပါပဂရဟိတာ ပတိရူပေန ပရဝဇ္ဇာနုပဿိတာ ဝဍ္ဎေတိ"

**ပါပဂရဟိတာ ပတိရူပေန** - မကောင်းမှုကို ကဲ့ရဲ့ခြင်းဟု ဆိုအပ်သော သူတော်ကောင်းတရားနှင့် တူသဖြင့် **ပရဝဇ္ဇာနုပဿိတာ** - သူတစ်ပါးအပြစ်ကို ရှုတတ်သော မသူတော်တရားသည်၊ **ဝဍ္ဎေတိ** - လှည့်ပတ်တတ်၏။

"ပုဂ္ဂလဂရဟိတာက ပုဂ္ဂိုလ်စွဲပေါ့၊ ပုဂ္ဂလဓိဋ္ဌာန်ပေါ့ဗျာ၊ ပါပ ဂရဟိတာက မကောင်းမှုအကုသိုလ်ပါ။ မတရားကို ဆင်ခြင်တဲ့ ဓမ္မဓိဋ္ဌာန်ပေါ့။ အဲဒီမှာ မကောင်းမှုကို ကဲ့ရဲ့ရမည့်အစား ပုဂ္ဂိုလ်ကို ကဲ့ရဲ့မိအောင် လိမ်လည်လှည့်စားတတ်တဲ့ သဘောပဲ ကိုရေချမ်းရဲ့"

"အလွန်နက်နဲသိမ်မွေ့တဲ့ လှည့်စားခြင်းတစ်မျိုးပါလား ဦးမင်္ဂလာရေ။ ဒါမျိုးကို ကျုပ်တို့က ခွဲခြားကြည့်ဖို့ သတိမရကြဘူး။ ပုဂ္ဂိုလ်ကိုသာ ရှုတ်ချကဲ့ရဲ့မိတတ်ကြတယ်"

"အခုလို ခွဲခြားကြည့်ရင် ပေါ်လာမှာပေါ့ဗျာ"

"ပုဂ္ဂလ ဂရဟိတာက သူ၏ အပြစ်ကို မြင်ခြင်းလက္ခဏာရှိတယ်။

ပါပ ဂရဟိတာက လောဘ၊ ဒေါသ စသော အကုသိုလ်ကိလေသာတို့၏ အပြစ်ကို မြင်ခြင်းလက္ခဏာရှိတယ်။

ပုဂ္ဂလ ဂရဟိတာက နှလုံးမသာယာခြင်းနှင့်တကွ သူတစ်ပါး၏ ဂုဏ်ကို ချေဖျက်ပြောဆို ကြံစည်အောက်မေ့ခြင်းကိစ္စရှိတယ်။

ပါပ ဂရဟိတာက အကုသိုလ်ကိလေသာ နှိပ်စက်အပ်သော ပါပပုဂ္ဂလတို့၌ သနားကြင်နာခြင်းနှင့်တကွ အကုသိုလ်ကိလေသာတို့မှ လန့်ကြောက်စရာကို ကြံစည်အောက်မေ့ခြင်းကိစ္စရှိတယ်။

ပုဂ္ဂလ ဂရဟိတာက သူတစ်ပါးတို့၏ အကျိုးမဲ့ မရှိမသေခြင်းကို ရှေးရှုတယ်။

ပါပ ဂရဟိတာက မိမိသန္တာန်၌ အကုသိုလ်ကိလေသာ ဖြစ်ပေါ်မလာရအောင် စောင့်ရှောက်အားထုတ်ခြင်းကို ရှေးရှုတယ်။

ပုဂ္ဂလ ဂရဟိတာက အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ငြူစူခြင်း၊ ဝန်တိုခြင်း စသော မသူတော်အဖြစ်နှင့် နီးစပ်တယ်။

ပါပ ဂရဟိတာက ဟီရိဩတ္တပ္ပနှင့် နီးစပ်တယ်"

"အင်း…အဲဒီလိုခွဲခြားတော့လည်း ပေါ်လာတာပဲကိုး"

"အဲဒီလိုခွဲခြားတတ်ဖို့အကြောင်း စွန်းလွန်းဆရာတော်ဘုရားကြီးရဲ့ ဩဝါဒတစ်ခုက သိပ်ရှင်းတာပဲဗျာ။ ခင်ဗျားကို ပြောရဦးမယ်"

"ကျေးဇူးပြု၍ ဖောက်သည်ချစမ်းပါဦး ဦးမင်္ဂလာရယ်"

"မြင်းခြံ စွန်းလွန်းဂူကျောင်းမှာ ဆရာတော်ကြီး သီတင်



www.burmeseclassic.com

www.burmeseclassic.com

သုံးနေတော်မူစဉ်ကတဲ့။ ကျောင်းဝင်းထဲက ရေတွင်းမှာ ရေလာခပ်ကြရင်း မိန်းမကြီးနှစ်ယောက် ရန်ဖြစ်ကြသတဲ့။ အော်ကြီးဟစ်ကျယ် တစ်ယောက်တစ်ခွန်းပြောဆိုနေရာက သတ်မယ် ပုတ်မယ်အထိ ဖြစ်လာကြတဲ့အခါ ကိုရင်၊ ဦးပဉ္စင်းများက "ကျောင်းထဲ လာရန်ဖြစ်ရသလား။ မသိသား ဆိုးရွားတဲ့အလင်္ကမကြီးတွေ"လို့ ကဲ့ရဲ့နေကြတဲ့အခိုက် ဆရာတော်ကြီးက "ဟဲ့…ဟဲ့…ဒီလိုမပြောကြနဲ့။ ဒေါသတရားရဲ့ ခက်ထန်မှု ဆိုးရွားပုံတွေကို တရားလာပြနေကြတဲ့ ဓမ္မကထိကဆရာမကြီးတွေလို သဘောထားကြ။ ငှက်ပျောဖီးနှစ်ဖီးယူသွားပြီး တရားပူဇော်လိုက်ကြ"လို့ အမိန့်ရှိတော်မူပါသတဲ့ဗျာ"

"အင်း…ပုဂ္ဂိုလ်နဲ့ တရား ခွဲခြားသိတော်မူပေတာကိုး"

"အလားတူပဲ။ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားက ကျုပ်တို့ကို ဆုံးမတဲ့ စကားတစ်ခုလည်း ရှိသေးတယ်။ ဘယ်လိုလဲဆိုတော့ "ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဒေါသအလျောက် ခက်ထန်စွာ ပြုမူလာလျှင်သော် လည်းကောင်း၊ ကြမ်းတမ်းစွာ ပြုမူလာလျှင်သော် လည်းကောင်း၊ မိမိတို့က ထိုပုဂ္ဂိုလ်ကို အပြစ်မတင်ကြရဘူး။ ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ နှိပ်စက်လွှမ်းမိုးနေတဲ့ ဒေါသတရားကိုသာ သတိထား ဆင်ခြင်၍ သံဝေဂတင်ကြရမယ်"လို့ အမိန့်ရှိတော်မူသတဲ့ဗျ။ ဒါလည်း ကျုပ်တို့ကို အလိမ်မခံရအောင် သတိပေးတော်မူတာပဲ"

"ကျုပ်တို့မှာ သတိမထား၊ မခွဲခြားနိုင်တာက ခက်တယ်"

"သူတစ်ပါးအပေါ်မှာ ကဲ့ရဲ့ခြင်း၊ သူတစ်ပါးအပြစ်ကို ကြည့်တတ်ခြင်းတို့ဟာ ကိလေသာတိုးပွားရာ တိုးပွားကြောင်းသာဖြစ်၍ အာသဝေါတရားကုန်ရာကုန်ကြောင်းတို့မှ ဝေးသည်ထက် ဝေး၏လို့ ဓမ္မပဒမှာ ဘုရားဟောတော်မူတာပဲ"

"အရဏသုတ်မှာလည်း မျက်ကွယ်လည်း မကဲ့ရဲ့နဲ့။ မျက်မှောက်လည်း မကဲ့ရဲ့နဲ့။ စကားဆိုရာမှာလည်း ဖြည်းဖြည်းသက်သာ ဆင်ခြင်စဉ်းစား၍သာ ပြောဆိုရမည်။ မဆင်ခြင်မစဉ်းစားဘဲ အဆောတလျင် မပြောဆိုရ။ ဤသို့ ကျင့်ခြင်း၊ နေခြင်းသည် ကိလေသာကင်းသော နေခြင်းမည်၏လို့ ဟောထားတော်မူပါသေးတယ်"

"လိုတာတော့ မပြောနဲ့ ကိုရေချမ်းရေ၊ ပထမရွှေကျင်ဆရာတော်ဘုရားကြီးက ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာမှ ထုတ်နုတ်ပြီး ဒီလိုရေးသားထားပါသေးတယ်။

*အချို့သော ရဟန္တာရှင်မြတ်တို့က ကောင်းစွာ ကျင့်သော ပုဂ္ဂိုလ်ကို ကောင်းစွာကျင့်သော ပုဂ္ဂိုလ်ပေတည်းဟု ချီးမြှောက်၍၊ မှားသောအကျင့်ရှိသော ပုဂ္ဂိုလ်တို့ကို မှားသောအကျင့်ကို ကျင့်ကြသောသူတို့တည်း"ဟူ၍ မောင်းမဲခြင်းကို ပြု၍ တရားဟောတော်မူကြကုန်၏။ ထိုကဲ့သို့ ဟောရာ၌ ရဟန္တာအရှင်မြတ်တို့ရဲ့ စိတ်မှာ ပုဂ္ဂလ ဂရုဟိတာမဖြစ်သော်လည်း ပုဂ္ဂိုလ်ကို ကဲ့ရဲ့ပြစ်တင်ခြင်းနှင့် တစ်စိတ်တစ်ဒေသတူရကား အမြတ်ဆုံးမဖြစ်သဖြင့် ဘုရားရှင် ချီးမွမ်းတော်မမူ။*

*အရှင်သုဘူတိမထေရ်သည်ကား ဤကဲ့သို့ ပုဂ္ဂိုလ်တို့၌ ချီးမွမ်းခြင်း၊ မောင်းမဲခြင်းကို မပြုမူ၍ ဤအကျင့်ကား ကောင်း၏၊ ဤအကျင့်ကား မကောင်းဟူ၍ အာစာရဓမ္မကိုသာ ချီးမွမ်းခြင်း၊ မောင်းမဲခြင်းကို ပြု၍ တရားဟောတော်မူလေ့ရှိ၏။ ထိုကဲ့သို့ ဟောတော်မူသော အရှင်သုဘူတိလိုပုဂ္ဂိုလ်ကိုသာ ကိလေသာကင်းစွာ နေလေ့ရှိသူဟူ၍ ဘုရားရှင် ချီးမွမ်းတော်မူသည်။*

*ဂဠုန်လက်ဝယ် နဂါး၊ ခြသေ့်လက်ဝယ် သားသမင်ကို မြင်လျှင် ဂဠုန်၊ ခြသေ့်တို့ကို လွန်စွာကြောက်အပ်သည်။ နဂါး၊ သားသမင်တို့ကို လွန်စွာသနားအပ်သည်။ မိမိလည်း ဂဠုန်၊ ခြသေ့်လက်သို့ မရောက်ရအောင် လွန်စွာသတိပြုအပ်သည်ဟူသကဲ့သို့ ပါပကမ္မကို ကျင့်သူမြင်လျှင် ပါပကမ္မကိုလည်းကောင်း၊ ပါပကမ္မ၏အကြောင်း မကောင်းမှု ကိလေသာတို့ကို လည်းကောင်း လွန်စွာကြောက်အပ်သည်။ ပါပကမ္မကို ကျင့်သောသူကို လွန်စွာသနားအပ်သည်။ မိမိလည်း ပါပကမ္မသို့ မရောက်ရအောင် အထူးသတိပြုအပ်သည်။*

*သို့မှသာ တရားလမ်းကျမည်။ သို့မှ ပါပ ဂရုဟိတာဟုဆိုအပ်သော ပဋိပဒါအကျင့်မြတ်ကို ကျင့်မိသည် မည်နိုင်မည်။*

"အဲသည်လို ဆရာတော်ဘုရားက ရေးသားတော်မူခဲ့ပါတယ်"

"အဲဒါကြောင့် ပြောတာပေါ့ဗျာ။ ကျုပ်တို့မှာ သိဖို့လည်း အများကြီးလိုသေးတယ်၊ ကျင့်ဖို့လည်း အများကြီး လိုသေးတယ်လို့"

**ဂ။ ဖရုသဝါစာ,က နိဂ္ဂယှဝါဒီတာယောင်ဆောင်ခြင်း**

"နိဂ္ဂယှဝါဒီတာ ပတိရူပတာယ ဖရုသဝါစတာ ဝဋ္ဋေတိ"

**နိဂ္ဂယှဝါဒီတာ ပတိရူပတာယ** - တပည့်သားတို့ကို တရားအလျောက် အပြစ်ထောက်၍ နှိမ်နင်းဆုံးမလေ့ရှိသော ဆရာကောင်းတို့၏ အလေ့အကျင့်နှင့် တူသဖြင့်၊ **ဖရုသဝါစတာ** - ကြမ်းကြုတ်သော စကားအဖြစ် ဖရုသဝါစာတရားသည်၊ **ဝဋ္ဋေတိ** - လှည့်ပတ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကတော့ လူဆရာ၊ ရဟန်းဆရာတို့မှာ ဖြစ်တတ်တဲ့ သဘာဝပဲဗျ။ ဥာဏ်နဲ့နဲ့ ညံ့ဖျင်းတဲ့ တပည့်အပေါ်မှာ မသိကောင်းလား၊ မတတ်ကောင်းလားလို့ အားမလိုအားမရ ဖြစ်လာတဲ့အခါ ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုရှေ့တော်မိတတ်ကြတယ်။ အဲဒီအခိုက်မှာ ဖရုသဝါစာကို မဆင်ခြင်လိုက်မိဘဲ "ဆုံးမတာပဲ"လို့ လှည့်ဖြားတာကို ခံလိုက်ကြရတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ဗျာ"

"ဒါကတော့ ကျုပ်ကိုယ်တိုင် ခဏခဏဖြစ်ဖူးတာပေါ့ဗျာ။ တပည့်ကို ဖြစ်စေ၊ တူသားကို ဖြစ်စေ အိုးတိုးအတယောင်နန့်ဖြစ်နေရင် သည်လောက်ကလေးမှ မသိဘူးလားဟ၊ ကမြင်းမသား၊ ခွေးမသားလို့ မကြာမကြာ ဆဲမိတတ်တာပေါ့။ ဝစီကံလေးပါးနဲ့သာ ဆန်းစစ်ကြည့်မယ်ဆိုရင်တော့ စေတနာအပထား၊ ဖရုသဝါစာပဲဗျ"

"ဟုတ်တာပေါ့ဗျာ။ ခွဲခြားကြည့်ရအောင်"

"နဂ္ဂယှဝါဒိတာက အပြစ်ကို ထင်စွာပြ၍ ဆိုဆုံးမခြင်းလက္ခဏာရှိတယ်။

ဖရုသဝါစာက သူတစ်ပါးနား၌ မချမ်းမသာစေခြင်းကိစ္စရှိတယ်။

နိဂ္ဂယှ ဝါဒိတာက သူတစ်ပါးတို့ကို ကြောက်ရွံ့ ရှိသေသံဝေဂဖြစ်စေခြင်းကိစ္စရှိတယ်။

ဖရုသဝါစာက သူတစ်ပါးတို့ ကောင်းကျိုး၏ မပြီးခြင်း၊ မကောင်းကျိုး၏ ထင်ရှားခြင်း ဖြစ်ခြင်းကို ရှေးရှုတယ်။

နိဂ္ဂယှဝါဒိတာက သူတစ်ပါးတို့ အကျိုးပြီးခြင်းကို ရှေးရှုတယ်။

ဖရုသဝါစာက ဒေါသ၊ ဒေါမနဿနှင့် နီးစပ်တယ်။

နိဂ္ဂယှ ဝါဒိတာက အကျိုးကို တောင့်တသော အရင်းခံစိတ်နှင့် နီးစပ်တယ်။ ဆိုဆုံးမသလိုလိုနဲ့ ဒေါသက လှည့်စားတတ်သည်တဲ့ ကိုရေချမ်းရဲ့"

"အဲဒီကိစ္စမှာ အပြောအဆို အပြုအမူခံရတဲ့ တပည့်သားတို့က ကျိုးနွံလိမ္မာတယ်ဆိုရင်တော့ တော်ပါသေးရဲ့။ မိုက်မဲသူဆိုရင်တော့ ဆရာ့အပေါ်မှာ နာကြည်းစိတ်တွေ၊ အာဃာတစိတ်တွေ ဖြစ်စရာရှိတယ်။ သာဓကပြရရင် ငါးရာ့ငါးဆယ် တိကနိပါတ် တိလမုဋ္ဌိဇာတ်လေး။ ဗာရာဏသီမင်းကသားတော်ငယ်ကလေးကို တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ ပို့အပ်၍ ပညာသင်စေတယ်။ မင်းသားကလေးက ဇာတိမာန် ခက်ထန်သူဖြစ်တယ်။ ကျောင်းအနီး၌ အမယ်အိုကြီး နေလှန်းထားတဲ့ နှမ်းတွေကို နေ့စဉ် လက်တစ်ဆုပ်၊ လက်တစ်ဆုပ် ယူ,ယူပြီး စားသတဲ့။ မှဆိုးမကြီးက မခံနိုင်တဲ့အဆုံး ဆရာကြီးထံ သွားတိုင်တယ်။ ဆရာကြီးက မင်းသားငယ်ကို ရိုက်နှက်ပြီး ဆုံးမတယ်။ အဲဒါကို မင်းသားက အငြိုးထားပြီး တိုင်းပြည်ပြန်ရောက်လို့ မင်းဖြစ်တဲ့အခါ ဆရာကြီးကို သတ်ရအောင် ဥပါယ်တံမျဉ်နဲ့ ပင့်ဖိတ်တယ်။ ဆရာကြီးရောက်လာတော့ "ခင်ဗျားကြီး ကျွန်ုပ်ကို ရိုက်နှက်ခဲ့တာကို သတိရသေးရဲ့လား။ ခု ကျုပ်ခေါ်တာ ခင်ဗျားကို သတ်ရအောင် ခေါ်တာပဲ"လို့ ပြောတယ်။ အဲဒီအခါ ဆရာကြီးက "မင်းကို ဒီလိုဆုံးမလိုက်လို့ မင်း ယခုလို ဘုရင်ဖြစ်လာတာမဟုတ်လား။ မဆုံးမခဲ့ရင် သူခိုးက ဓားပြဖြစ်မယ်၊ ဓားပြကသူပုန်ဖြစ်မယ်၊ အဲဒီလိုဖြစ်လာရင် မင်းရဲ့ အာဏာကြောင့်သော် လည်းကောင်း၊ တိုင်းသူပြည်သားများက ဝိုင်းသတ်၍သော် လည်းကောင်း သေရမယ်မဟုတ်လား"လို့ မကြောက်မရွံ့ ပြန်ပြောတဲ့အခါ ပညာရှိ အမတ်ကြီးများကပါ ဝိုင်းဝန်းထောက်ခံကြတယ်။ အဲဒီတော့မှ ဘုရင်ဟာ နောင်တရပြီး ဆရာကြီးကို ပူဇော်ပါသတဲ့"

"အင်း…နောင်တရလို့ တော်ပေတာပေါ့။ သို့ပဟုတ်ရင် ဆရာကို သတ်မိတဲ့ ကံကြီးထိုက်မှာပဲ။ ဒါကြောင့် လောကသာရပျို့မှာ "သက်ကြီးမိဘ၊ ဆရာစသား၊ စိုးရသခင် ကျေးဇူးရှင်ကို၊ ပြစ်တင်မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း၊ ဝမ်းထဲယုံ့ယုံ့ ယုန်လျှင်ကျုံ့သို့ ဆိုတုံ့မဝံ့၊ စောင်းမာန်ညှံ့၍၊ ကြောက်ရွံ့ရိုသေ၊ သည်းခံတွေပြင့်၊ ကောင်းစေနလုံး ယဉ်စေမင်း"လို့ ဆုံးမတော်မူထားတယ်"

**၉။ စာချကမျှတာ,က ဝိယဝါဒိတာယောင်ဆောင်ခြင်း**

"ဝိယဝါဒိတာ ပတိရူပတာယ စာချကမျှတာ ဝဉ္စေတိ"

**ဝိယဝါဒိတာ ပတိရူပတာယ** - နှုတ်ခွန်းချိုသာ ဝိယဝါစာရှိမှု ကောင်းမည်အထင်နှင့် အရိုအသေပြောဆိုသဖြင့် **စာချု ကမျှတာ** - ဒါယကာတို့အောက် နှိမ့်ချ၍ ပြောဆိုခြင်း တည်းဟူသော အနေသန တရားသည်၊ **ဝဉ္စေတိ** - လှည့်ပတ်တတ်၏။

"စာချကမျှတာ ဆိုတာက မြှောက်ပင့်ပြောဆိုခြင်း၊ အောက်ကျခံခြင်း။ ဝိယဝါဒိတာက ချစ်ကြည်ညိုအောင် ပြောခြင်း။ အဲသည်လို အဓိပ္ပာယ်ရှိလေတော့ မိမိကို ချစ်ကြည်ညိုအောင် ဝိယဝါစာပြောရင်းက ဒါယကာတို့ကို မြှောက်ပြီး မိမိက အောက်ကျခံရာရောက်သွားတယ်။ အဲသည်လို လှည့်စားတတ်တယ်ပေါ့ဗျာ။ အဲသည် ဝဉ္စနာကတော့ ရဟန်းတော်များနဲ့ ပို၍သက်ဆိုင်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့လည်း သိရအောင် ခွဲခြားကြည့်ကြဦးစို့"

"စာချကမျှတာက မိမိကိုယ်ကို နှိမ့်ချခြင်းလက္ခဏာ



www.burmeseclassic.com

www.burmeseclassic.com

တယ်။

ပိယဝါဒီတာက ကြည်ညိုနှစ်သက်ဖွယ်သော စကားကို ဆိုခြင်းလက္ခဏာရှိတယ်။

စဉ္ဇကမျတာက ဒါယကာတို့ နားခံသာအောင် ကြံဆောင် မြှောက်စားခြင်းကိုစွဲရှိတယ်။

ပိယဝါဒီတာက ဒါယကာတို့အား သဒ္ဓါတရားကို ပွားစေခြင်းကိုစွဲရှိတယ်။

စဉ္ဇကမျတာက "အပြုံးနှင့် ဆီးကြို၍ မျက်နှာလိုမျက်နှာရ နှုတ်ခွန်းချိုသာပြောဆိုပြီး လောကဝတ်(လောကွတ်) ပြုတတ်ခြင်းကို ရှေးရှုတယ်။

ပိယဝါဒီတာက မျက်မှောင်တကုတ်ကုတ်မလုပ်လွန်းဘဲ တရားနှင့်လျော်သော(လျောက်ပတ်စွာ) ပဋိသန္ထာရပြုခြင်းကို ရှေးရှုတယ်။

စဉ္ဇကမျတာက လာဘ်လာဘကို အလိုရှိခြင်း၊ အလိုကြီးခြင်းနှင့် နီးစပ်တယ်။

ပိယဝါဒီတာက မေတ္တာ ကရုဏာနှင့် နီးစပ်တယ်။

အဲသည်လို ခွဲခြားကြည့်လိုက်တဲ့အခါ မေတ္တာနှင့်ဆက်ဆံခြင်းမျိုးလား၊ လာဘ်လာဘကို မျှော်၍ အောက်ကျခံပြီး ရောနှောပွန်းတီး ဆက်ဆံခြင်းမျိုးလားဆိုတာ ကိုယ့်ကိုယ်ကိုယ်သာ အသိဆုံးဖြစ်နိုင်ပါလိမ့်မယ်တဲ့"

"သည့်ထက်ပိုပြီး နားလည်ချင်လိုက်တာဗျာ"

"ကဲ - ဒီလိုဆိုရင် အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားရဲ့ ဘုရားဥပဒေတော်ကြီးထဲက ကုလဒူသက သိက္ခာပုဒ်အဖွင့်မှာ ပါတဲ့ စဉ္ဇကမျတာနဲ့ အကျုံးဝင်တဲ့ စကားအချို့ကို ထုတ်ပြပြီး ပြောမယ်ဗျာ"

*မိမိကိုယ်ကို နှိမ့်ချ၍ သနားလာအောင် ပြောခြင်း။*

*ဒါယကာ၊ ဒါယိကာမတို့ဆီက ပစ္စည်းရအောင် ပြောခြင်း၊ ကြည်ညိုအောင် ပြောခြင်း။*

*"ဒကာရေ...ငါ့ကို မင်းကြီးက ကြည်ညိုတယ်။ ငါ့ကို မည်သည့်အမတ်ကြီးက ကြည်ညိုတယ်"စသည်ဖြင့် မေးဘဲလျက် သူ့ကိုယ်သူပြောခြင်း၊ မေးသည့်အတွက် သူ့ကိုယ်သူ မြှောက်၍ပြောခြင်း။*

*သူဌေးကြီး၊ သူကြွယ်ကြီး၊ ဘာမင်းကြီး ညာမင်းကြီး စသည်ဖြင့် ရာထူးဂုဏ်သိန် စည်းစိမ်နှင့် စပ်သော မြှောက်လုံးပင့်လုံးစကား သုံးနှုန်း၍ ခေါ်ခြင်း။*

*ကလေး၏ မိဘတို့က ကြည်ညိုအောင် ကလေးငယ်ကို ပွေ့ချီချော့မြှူခြင်း။*

"အဲဒါ...အဲဒါတွေပေါ့ဗျာ။ ကျုပ် မှတ်မိသလောက် ပြောရတာပဲ။ ကျုပ်တို့ သိထားဖို့က စဉ္ဇကမျတာဆိုတာ အနေသန (၂၁)ပါးမှာ တစ်ပါးအပါအဝင်ဖြစ်တယ်။ အနေသန အဓိပ္ပာယ်က ရဟန်းနှင့် မအပ်စပ်သော၊ မလျောက်ပတ်သော လာဘ်လာဘရှာမှီးခြင်းလို့သာ မှတ်ပါလေရော့။

အနေသန (၂၁)ပါးက...

(၁) ဆေးကုခြင်း။
(၂) တမန်ပြုခြင်း။
(၃) အစေအပါးခံ၍ သွားခြင်း။
(၄) အိုင်းအမာကို ဖောက်ခြင်း။
(၅) ပျို့အန်ဆေးပေးခြင်း။
(၆) အနာကို ဆေးလိမ်းပေးခြင်း။
(၇) ဝမ်းကျဆေးပေးခြင်း။
(၈) နှာနပ်ဆီချက်ပေးခြင်း။
(၉) အနာသုတ်ဆီ ချက်ပေးခြင်း။
(၁၀) ဝါးပေးခြင်း။
(၁၁) သစ်ရွက်ပေးခြင်း။
(၁၂) ပန်းပေးခြင်း။
(၁၃) သစ်သီးပေးခြင်း။
(၁၄) ရေချိုးက သယ်မှုန့်ပေးခြင်း။
(၁၅) ဒန်ပူပေးခြင်း။
(၁၆) မျက်နှာသစ်ရေပေးခြင်း။
(၁၇) ဆပ်ပြာမှုန့်ပေးခြင်း။
(၁၈) မြေညက်မှုန့်ပေးခြင်း။
(၁၉) ဒါယကာကို ချီးမြှောက်၍ပြောခြင်း။
(၂၀) ပဲနောက်ဟင်းကဲ့သို့ မမှန်စကားပြောခြင်း။
(၂၁) ရွာသူသားငယ်ကို ချီပိုးခြင်း။

အဲသည်လို ပါရှိတယ်။ ကျုပ်တို့ပြောနေကျ စကားကတော့ သစ်သီးပေးခြင်း၊ ပန်းပေးခြင်းတဲ့"

"အင်း...အတော့်ကို နူးညံ့သိမ်မွေ့လွန်းတဲ့ ဝဋ္ဋနာပါလား ဦးမင်္ဂလာရေ။ အခု ကျုပ်တို့ခေတ်နဲ့သာ ပြောရရင် တချို့က အရေးတယူ နှုတ်ဆက်မေးမြန်း ပြောဆိုနီးနေတဲ့ ဘုန်းကြီးရဟန်းကိုမှ ပိုပြီးကြည်ညိုတတ်ကြတယ်။ မပြောဘဲ နေရင်လည်း သာသနာရေးရာ ဘာမှမသိရှာတဲ့ ဒါယကာ၊ ဒါယိကာမတို့အဖို့ နားမလည်နိုင် ရှိကြမှာပဲ"

"နားလည်တဲ့ ဒကာ၊ ဒကာမကျတော့ ကိုယ့်ဆရာတော်ကို ပိုပြီးတော့တောင် ကြည်ညိုသေးသဗျ။ ဆရာတော် ဦးဗုဓ်နဲ့ အုတ်ကျောင်း ဒကာမကြီး နန်းမတော်မယ်နုကို ကြည့်လေ။ အင်းဝမှာ နန်းမတော်ကြီးက မဟာအောင်မြေ


www.burmeseclassic.com

www.burmeseclassic.com

ဘုံစံ အုတ်ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီး ဆရာတော်ကို တင်လှူကိုးကွယ်ထားတယ်။ ဒါပေမယ့် ကျောင်းလာပြီး ဆရာတော့်ကို ဖူးမြင်တဲ့အခါတိုင်း ဆရာတော်က စာကြည့်ရာမှ မိဖုရားကြီးကို လှည့်၍တောင် ကြည့်တော်မမူပါဘူးတဲ့။ မိဖုရားကြီးကလည်း အားရအောင် ကြည်ညိုဖူးမြော်ပြီး ကန်တော့ဝတ်ချ၍သာ ကျေကျေနပ်နပ်ပြန်သွားလေ့ရှိပါသတဲ့။ တစ်ခါတစ်ရံ မိဖုရားကြီးသာမကပါဘူး၊ ဘကြီးတော် ဖန်နန်းရှင် မင်းတရားပါလာလည်း ရှင်ဘုရင်ရယ်လို့ လှည့်ကြည့်တော်မမူဘဲ စာကြည့်မြဲသာ ကြည့်နေပါသတဲ့"

"ဆရာတော်ကြီးကလည်း နေနိုင်လိုက်တာ။ ဘုရင်နှင့် မိဖုရားကလည်း တစ်စုံတစ်ရာမှ စတင်လျှောက်ထားခြင်း မပြုဘူးတဲ့လားဗျာ"

"အမယ်လေး... ရှေးခေတ်က ဒကာ၊ ဒကာမဆိုတာ ကိုယ် ကိုးကွယ်တဲ့ ဆရာတော်ကြီးများကို အလွန်ရိုသေကြတယ်။ အလွန်လည်း ကြောက်ကြတယ်။ စကားဦးသန်းပြီး ပြောဆိုဖို့ ဆိုတာမျိုးတော့ ဝေးရော။ မိဖုရားကြီး ဘဝတစ်သက်တာမှာ သာယာဝတီ ကုန်းဘောင်မင်းက ရာဇဝတ်တော်ပေးလို့ အကွပ်အမျက်ခံဖို့ရာ လိုက်ပါသွားရင်း ဖူးမြော်ခြင်းအနေနဲ့ ဆရာတော့်ကို ဝင်ဖူးတဲ့အခါတုန်းကသာ "တပည့်တော်မ နောက်ဆုံး ကန်တော့ခြင်းနဲ့ ကန်တော့လိုက်ပါတယ် ဘုရား" လို့ စကားဦးသန်းပြီး အရဲစွန့် လျှောက်ဖူးပါသတဲ့။ အဲသည်တော့မှ ဆရာတော်ကြီးက စာကြည့်ရာက လှည့်ပြီး "ဟဲ့- မိန့၊ သူ့ကြွေးရှိ ဆပ်ရလိမ့်မယ်"လို့ တစ်ခွန်းတည်းသာ မိန့်တော်မူလိုက်ပါသတဲ့။ မိဖုရားကြီးကလည်း "ငါ့နာမည်ခေါ်ပြီး တရားဟောတော်မူလိုက်တာ၊ သေပျော်ပြီတဲ့"လို့ ကျေကျေနပ်နပ်ကြီး လိုက်ပါသွားတော်မူပါသတဲ့"

"အင်း... ခင်ဗျားပြောသလို သာသနာရေးဝပြီး နားလည်တဲ့ ဒကာမမို့ အကြည်ညိုကြီး ကြည်ညိုတတ်ပေတာပဲ။ အခုခေတ် ဒကာ၊ ဒကာမများနဲ့သာဆိုရင် "ဆရာတော်ကလည်း ကိန်းကြီးခန်းကြီးနိုင်တယ်"လို့ ဝေဖန်မလား မသိဘူး။ ကျုပ်သာ ဆရာတော်ဖြစ်ရင်လည်း ကိုယ့်ကို ကြည်ညိုအောင် လောကဝတ်ပြုမိတာနဲ့ ဝဋ္ဋနာများ ထိသွားမလား မပြောတတ်ပါဘူး"

"ဟုတ်တာပေါ့ဗျာ။ ကိုယ့်စိတ်ကို အသိဆုံးဆိုပေမယ့် ကိုယ့်စိတ်ကို လုစ်ခနဲပြန်လိမ်တာကို ခံရတတ်ပါတယ်လို့ ဟောအထားသားပဲ။ လူနဲ့ လူချင်းသာဆိုရင် ဒီကိစ္စမျိုးဟာ ထမင်းစား ရေသောက် သဘောထားပြီး ရွှန်းရွှန်းဝေအောင် လောကွတ်လုပ်ကြမှာ ဖြစ်တယ်။ လုပ်လည်း လုပ်နေကြတာပဲ။ လုပ်လေ ကိုယ့်အတွက် ကောင်းလေ။ လုပ်လို့လည်း အပြစ်မရှိဘူးမဟုတ်လား။ ဟော- ·ရဟန်းတော်များအတွက်ကျတော့ နည်းနည်းလေးမှ အတိမ်းအစောင်းမခံတဲ့ ဘုရားဥပဒေတော်ကြီးကို စောင့်ထိန်းနေရတာ ကျွန်တော်တို့ ရိပ်မိနိုင်ကြပြီ၊ ကိုရေချမ်း စဉ်းစားကြည့်စမ်း။ ကျုပ်တို့၊ ခင်ဗျားတို့ သိထားကြတာက ရဟန်းတော်များ သိက္ခာပုဒ်ဟာ ၂၂၇သွယ်သော သိက္ခာပုဒ်လို့သာ သိထားကြတယ်မဟုတ်လား။ အဲသည်လောက် သိက္ခာပုဒ်ကိုတော့ စာအုပ်ထဲမှာ ကြည့်ရင် သိနိုင်ပါသေးတယ်။ အဲဒီ သိက္ခာပုဒ်များကို အနုစိတ် စိတ်လိုက်တဲ့အခါမှာတော့ "ကုဋေကိုးထောင်"အထိ ဖြစ်လာသတဲ့လေ"

"အေးဗျ။ ကျုပ်လည်း ဒီလိုကြားဖူးတာပဲ။ ကုဋေကိုးထောင်ဆိုတာက တစ်ကုဋေ၊ နှစ်ကုဋေ၊ ဆယ်ကုဋေ၊ ရာကုဋေ၊ ထောင်ကုဋေ၊ ကုဋေကိုးထောင်အထိဆိုတော့ ဘယ်လိုသိက္ခာပဒ်တွေလဲဆိုတာတောင် ကျွန်တော်တို့ မသိနိုင်တော့ပါဘူး"

"ဒါကြောင့် ကျုပ်တို့ သိနိုင်လောက်တဲ့ ဥပမာလေးတစ်ခုနဲ့ တင်စားပြထားတဲ့ စကားရှိတယ်မဟုတ်လား။ ရဟန်းတော်များ စောင့်ထိန်းတော်မူကြရတဲ့ အနုသာသနသိက္ခာပုဒ်များဟာ အပ်ဖျား၌ မုန်ညင်းစေ့ကလေးတင်ထားသလိုဖြစ်နေပါသတဲ့။ နည်းနည်းလေးမှ အတိမ်းအစောင်းမခံပါဘူးတဲ့"

"အင်း... ဒီလိုသိရလေ သံဃာ့ဂုဏ်ကို ပို၍ကြည်ညိုစရာကောင်းလေပဲဗျာ"

"ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃောလို့ ဟောတော်မူထားတာပဲဗျာ"

ဘဂဝတော - မြတ်စွာဘုရား၏၊ သာဝက သံဃော- တပည့်သား သံဃာတော်သည်၊ ဥဇုပ္ပဋိပန္နော - သာဋ္ဌေယျ မာယာ ကင်းစင်ကွာ၍ ဖြောင့်စွာ ကျင့်ကြံတော်မူပါပေ၏။

"အင်း... ဒါကြောင့်လည်း လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ရှိခိုးပူဇော်ခြင်းကို ထိုက်ထိုက်တန်တန် ခံတော်မူထိုက်တဲ့ အဟ္ဝနေယျဂုဏ်(?) ပြည့်စုံတော်မူတာပေါ့ဗျာ။ ဒီတော့ ဒီလိုလုပ်ကြပါစို့လားဗျာ။ ရဟန်းတော်များနဲ့သာ တိုက်ရိုက်သက်ဆိုင်တဲ့ ဝဋ္ဋနာမျိုးကိုလည်း အကျဉ်းဖြစ်ဖြစ် ကျွန်တော်တို့ ကြည်ညိုရအောင် ဆွေးနွေးသွားကြတာပေါ့"

"ဒီလိုဆိုလည်း ကောင်းပါပြီဗျာ■

ရှေ့လ ဆက်လက်ဖော်ပြပါမည်၊

* * *

သုံး

(ဆရာကြီး ဦးသုခ၏ "စိတ်ဆိုသောစိတ်နှင့် ဝဋ္ဋနာဓမ္မ" စာအုပ်မှ ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



# မော်ကွန်းလယ်ပေါ် ဆရာတော်ဘုရားကြီးနှင့်

## အံ့ဖွယ်ဒီဖြစ်ရပ်ဆန်းများ

မင်းစောအောင်



www.burmeseclassic.com

www.burmeseclassic.com

ကျေးရှူးရှင် လယ်ပေါ် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ တော်ကူးကြီးကျေးရွာသည် သာသနာတော် ထွန်းကားရာ ဘူမိနက်သန် နေရာမှန်ဟု ဆိုချင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ခေတ်အဆက်ဆက် သာသနာတော် တည်တံ့ခဲ့ရာတွင် တော်ကူးကြီးကျေးရွာသည် သံဃာ့မထေရ်မွန်များ၊ သံဃာ့အာဇာနည်ကြီးများအား မွေးဖွားပေးခဲ့ရာ မိခင်မာတာကြီးသဖွယ်ဖြစ်ခဲ့သောကြောင့်ပင်။ အတိတ်သာသနာကို မှတ်တမ်းများအရ တင်ပြရလျှင် ဤတော်ကူးကြီးကျေးရွာသည် ပဲခူးတိုင်း၊ လက်ပံတန်းမြို့ မြစ်ကွေ့တိုက်မှ အဘိဓမ္မာကျမ်းပေါင်းများစွာကို ပြုစုထုတ်ဝေတော်မူခဲ့သော မြစ်ကွေ့ဆရာတော်ဘုရားကြီး ဦးကေတုမာလာ နောက်ဆုံး သာသနာပြုရင်း ပျံလွန်တော်မူခဲ့သည့်နေရာလည်း ဖြစ်ပါသည်။ ထိုစဉ်က လက်ပံတန်း၊ ပေါင်းတည်၊ သာယာဝတီ၊ စစ်ကွင်း၊ မင်းလှ စသည့်နယ်များမှ ဒါယကာ၊ ဒါယိကာမများက ဒေသခံဒါယကာ၊ ဒါယိကာမများနှင့်အတူ မြစ်ကွေ့ဆရာတော်ဘုရားကြီးအား ပူဇော်ခဲ့ကြပါသည်။ ဆရာတော်ဘုရားကြီး၏ ရုပ်တုတော်လည်း တည်ထားကိုးကွယ်၍ လယ်ပေါ်ကျောင်းတိုက်၌ ပြတိုက်ပြုလုပ်ထားရှိပါသည်။

ထို့ပြင် ကျမ်းပြုနှင့် ဓမ္မကထိက အကျော်အမော်များဖြစ်ခဲ့ကြသော အရှင်သီရိသုမန(ဦးမောင်ကြီး)နှင့် ညီတော် အရှင်သီရိသီလဝံသ(ဦးမောင်ငယ်) အမြွှာနှစ်ပါးမွေးဖွားရာဇာတိလည်း ဖြစ်ခဲ့ပါသည်။ ယင်းမထေရ်အမြွှာနှစ်ပါး၏ တူအရှင်း သက်တော်ထင်ရှားရှိသည့် ညောင်တုန်းမြို့ ရွှေဟသာတောရတိုက်၊ ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ၊ နိုင်ငံတော် သံဃမဟာနာယက ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ အရှင်ဝိမလ၏ မွေးရပ်ဌာနေလည်း ဖြစ်ပါသည်။ ထို့နောက် ပျံလွန်တော်မူပြီးသည့် ကွမ်းခြံကုန်းမြို့နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ မစိုးရိမ်စာသင်တိုက်ဦးစီးနာယကဖြစ်တော်မူသော အရှင်သုမန၏ မွေးဖွားရာဌာနလည်း ဖြစ်ပါသည်။

ထိုကဲ့သို့ သာသနာ့မထေရ်မွန်များ မွေးထုတ်ပေးခဲ့သည့် ဤတော်ကူးကြီးကျေးရွာသည် သာသနာ့ဂုဏ်ရောင်လွှမ်း၍ သာသနာ့မှတ်တိုင်ကြီးအဖြစ် ရပ်တည်ခဲ့ကြောင်း သိသာ ထင်ရှားနိုင်ပါသည်။

ယနေ့တွင်မူ အဆိုပါ မထေရ်မွန်များ မွေးထုတ်ပေးခဲ့သည့် တော်ကူးကြီးကျေးရွာ လယ်ပေါ်ကျောင်းတိုက်တွင် မြစ်ကွေ့ဆရာတော်ဘုရားကြီး၏ တပည့် သက်တော်ရှည် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကောဏ္ဍညသည် ၁၃၁၁ ခုနှစ်မှ ယနေ့တိုင် သီတင်းသုံးတော်မူလျက် သာသနာပြုခဲ့သည်မှာ ၃၇နှစ်တိုင် ရှိခဲ့ပြီဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး လောင်းလျာကို မြန်မာသက္ကရာဇ် ၁၂၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ရက်၊ တနင်္လာနေ့ နံနက် ၇နာရီအချိန်တွင် ပဲခူးတိုင်း၊ လက်ပံတန်းမြို့၌ ဖွားမြင်တော်မူပါသည်။ ငယ်မည်မှာ မောင်ချစ်ရီဖြစ်ပြီး ခမည်းတော်မှာ ဦးစံငြိမ်း၊ မယ်တော်မှာ ဒေါ်စိန်ဖြစ်ပါသည်။ မွေးချင်းနှစ်ယောက်အနက် ပထမမြောက် သားရတနာဖြစ်ပါသည်။

၁၂၇၈ ခုနှစ်၊ အသက် ၁၂နှစ်အရွယ်တွင် ဦးလေးဖြစ်သူ ဦးအောင်ဒွန်းနှင့် အဒေါ် ဒေါ်အုံးတို့၏ ပစ္စည်းလေးပါးအထောက်အပံ့ဖြင့် လက်ပံတန်းမြို့နယ်၊ ထိန်တောကျေးရွာ၊ ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဦးပညာဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့တော်မှာ ရှင်ကောဏ္ဍည ဖြစ်ပါသည်။ ၁၂၈၆ ခုနှစ်တွင် လက်ပံတန်းမြို့ မြစ်ကွေ့တိုက်အတွင်းရှိ သီလဝိသာခနိခဏ္ဍာသိမ်၌ မြစ်ကွေ့တိုက်ဆရာတော်ကြီး ဦးကေတုမာလာကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ပထမပစ္စည်းလေးပါး ဒါယကာမှာ ဦးလေး ဦးအောင်ဒွန်းနှင့် အဒေါ် ဒေါ်အုံး၊ လက်ပံတန်းမြို့ ဈလမ်းနေ ကုန်သည် ဒေါ်စောရင်၊ ရန်ကုန်-ကြည့်မြင်တိုင်နေ ဦးအောင်ဘော်+ဒေါ်နှင်းအိ၊ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ကူးအနောက်ကျေးရွာနေ ဦးကျင်မောင်+ဒေါ်ဝိ၊ ကျောင်းဒါယကာမကြီး ဒေါ်မှတ် (တော်ကူးအနောက်)၊ ဦးစံမြင့်+ဒေါ်တင်စိန်(တော်ကူးအနောက်) တို့ ဖြစ်ပါသည်။

၁၂၇၉ ခုနှစ်တွင် ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်၊ ထိန်တောကျေးရွာ၊ ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဦးပညာဝံသထံတွင် ပရိယတ္တိအခြေခံ စာပေများကို သင်ယူခဲ့သည်။ ၁၂၈၂ခုနှစ်၊ သာမဏေ သုံးဝါအရတွင် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်၊ ဝေဠုဝန်ကျောင်းဆရာတော် ဦးသောဘိတထံတွင် ပရိယတ္တိစာပေများ ဆက်လက်သင်ယူခဲ့သည်။ ထို့နောက် လက်ပံတန်းမြို့ မြစ်ကွေ့တိုက်ဆရာတော်ဘုရားကြီး ဦးကေတုမာလာထံ၌လည်း ပရိယတ္တိစာပေများ ထပ်မံသင်ကြားခဲ့သည်။

ရဟန်းနှစ်ဝါအရတွင် ဆရာတော်သည် စာပေသင်ကြား



www.burmeseclassic.com

www.burmeseclassic.com

ရသည်မှာ ဆန္ဒမပြည့်ဝသေးသဖြင့် မြစ်ကွေ့ဆရာတော်ဘုရားကြီးအား စာသင်သွားရန် ခွင့်ပန်ရာ ခွင့်ပြုချက်ရရှိသဖြင့် ရွှေတိဂုံဘုရားခြေတော်ရင်း၊ စေတီယင်္ဂဏအသင်း၌ ပရိယတ္တိစာပေများကို ဆည်းပူးခဲ့ပြန်သည်။ ရဟန်းသုံးဝါအရ ပထမငယ်နှင့် ပထမလတ်တန်းကို အောင်မြင်တော်မူခဲ့သည်။ ထို့နောက် ရေနံချောင်းမြို့ စိန်ပန်းပင်ကျောင်းတိုက်၌ နှစ်ဝါ၊ ပခုက္ကူကျောင်းတိုက်၌ နှစ်ဝါအရတွင် ဝိနည်း ၅ကျမ်းကို ပြန်ဆို အောင်မြင်တော်မူသည်။ ထိုမှတစ်ဆင့် မန္တလေးအနောက်ပြင် စကုတိုက်မင်္ဂလာအေးကျောင်းဆရာတော် ဦးဝိသာရဒထံ၌ အဘိဓမ္မာ ၇ကျမ်း၊ သုတ် ၃ကျမ်းတို့ကို သင်ရိုးကျွတ် သင်ယူခဲ့သည်။

မြစ်ကွေ့ဆရာတော်ဘုရားကြီး မျက်စိရောဂါဖြစ်သဖြင့် ပြန်ခေါ်ရာ လက်ပံတန်းမြို့သို့ ပြန်ကြွခဲ့ရသည်။ ဆရာတော်ဘုရားကြီးအား ဝတ်ကြီးဝတ်ငယ် ပြုစုရသည်။ လက်ပံတန်း၌ နှစ်ဝါဆိုပြီး ဆရာတော်ဘုရားကြီး မျက်စိရောဂါပျောက်ကင်းသဖြင့် ရန်ကုန်မြို့ ကြည့်မြင်တိုင်၊ ဝေဠုဝန်ကျောင်းတိုက်သို့ ပြန်ကြွလာပြီး ဆရာတော် ဦးသောဘိတနှင့်အတူ စာသင်သားရဟန်းများအား စာပေသင်ကြားပို့ချခဲ့သည်။ ရဟန်း ၂၄ဝါအရတွင် ဦးဓမ္မပါလ၏ ပင့်လျှောက်ချက်အရ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးကြီးကျေးရွာ၊ လယ်ပေါ်ကျောင်းတိုက်သို့ ၁၃၁ဝ ခုနှစ်တွင် ကြွရောက် သီတင်းသုံးခဲ့သည်။

ထိုသို့ သီတင်းသုံးစဉ် ဆရာတော်သည် ကွမ်းခြံကုန်းမြို့နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနယနုဂ္ဂဟစာတော်ပြန်ပွဲ ကျင်းပရေးကော်မတီတွင် နာယကဆရာတော်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်၊ နှစ်စဉ် ဝိနည်းစာဖြေ စာပြန် သံဃာတော်များအား ဩဝါဒကထာ မြွက်ကြားခဲ့သည်။ သာသနာတော်ပြန့်ပွားရေးအတွက် ကွမ်းခြံကုန်းမြို့နယ်၊ သံဃနာယကအဖြစ်လည်းကောင်း၊ တော်ကူးကြီးကျေးရွာအုပ်စု သံဃနာယကအဖြစ် လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၃၄၂ခုနှစ်တွင် ဆရာတော်ဘုရားကြီးသည် ဆီးရောဂါဖြစ်ပွားသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက်ပြီး ခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးသည် ကြံ့ခိုင်မလျှောက်နိုင်သည်မှာ ၄နှစ်ကျော်ကြာမြင့်ခဲ့သည်။ သို့သော် ဆရာတော်ဘုရားကြီးသည် ကျန်းမာရေးချို့တဲ့နေစေကာမူ မိမိပြုသင့် ပြုအပ်သော သာသနာ့တာဝန်ကို ကျေပွန်စွာဆောင်ရွက်ရင်း တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမများကိုလည်း အခွင့်ရခိုက်တွင် လူနတ်နှစ်ဖြာနှစ်ချမ်းသာရေး စသောတရားတော်များကို ဟောကြားသွန်သင် ဩဝါဒပေးခဲ့ပါသည်။

ဤသို့ ဩဝါဒပေးရင်း ဆရာတော်ဘုရားကြီးသည် မိမိ၏ ဂ၁နှစ်မြောက်မွေးနေ့အခါတော်မြတ်တွင် မိမိကိုယ်တိုင်အမြဲမပြတ် ရွတ်ပွားလျက်ရှိသော မေတ္တာဝိဟာရကာ ကမ္မဋ္ဌာန်းတရားတော်ကို မေတ္တာရှေ့ထား၍ ရပ်ဝေးရပ်နီးမှ လာရောက်ဖူးမြော်ကြသည့် ဒါယကာ၊ ဒါယိကာမများအား ဩဝါဒပေးမိန့်ကြားခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် သက်တော် ၄၄နှစ်၊ ဝါတော် ၂၄ဝါမှစ၍ မြစ်ကွေ့ဆရာတော်ဘုရားကြီး သီတင်းသုံးရာ လယ်ပေါ်ကျောင်းတိုက်အတွင်း မိမိနေထိုင် သီတင်းသုံးသော ကျောင်းပေါ်သို့ ကိုရင်၊ ကျောင်းသား အဖော်မခေါ်ဘဲ သံသရာမှ လွတ်မြောက်ရာ လောကုတ္တရာ တရားများကို တစ်ပါးတည်း နေ့ညမပြတ် ပွားများအားထုတ်ခဲ့သည်မှာ ၃၇နှစ်ကြာမြင့်ခဲ့သည်။

ဤသို့ဖြင့် ဆရာတော်ဘုရားကြီးသည် မေတ္တာဝိဟာရကာ ကမ္မဋ္ဌာန်းတရားတော်ကို ပွားများအားထုတ်ရင်း သက်တော် ဂ၃နှစ်၊ ဝါတော် ၆၃ဝါအရ ၁၃၄၉ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ရက်နေ့၊ ၁၉ဂ၇ခုနှစ် စက်တင်ဘာလ ၁၂ရက်၊ စနေနေ့ ည ၁နာရီအချိန်တွင် တော်ကူးအနောက်ကျေးရွာ လယ်ပေါ်ကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

## ထူးဆန်းအံ့ဖွယ် ဂုဏ်သတင်းကျော်ကြားမှုများ

ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူခင် ကျန်းမာရေးအခြေအနေကြောင့် ဆေးဝါးကုသမှု ခံယူရင်း မည်သည့်အရပ်ဒေသသို့မျှ ကြွရောက်နိုင်ခြင်း မရှိဘဲ မိမိ၏ စံကျောင်းပေါ်၌သာ သီတင်းသုံးနေရသော်ငြားလည်း ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် ဂုဏ်သတင်းကျော်ကြားမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။

၁။ ၁၃၄၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ရက်နေ့ နံနက်အရုဏ်ဆွမ်းခံကြွရာတွင် ဆရာတော်ဘုရားကြီး မကြွပါဘဲနှင့် ခလောက်တစ်ရွာ၊ ပြည်တော်သာကျေးရွာများမှ ဒကာမများဖြစ်ကြသော ဒေါ်သန်းရန်၊ ဒေါ်ကြည်၊ ဒေါ်ခင်လှတို့မှ ဆရာတော်ဘုရားကြီးအား ဆွမ်းလောင်းလှူလိုက်ရပါသည်ဟု ပြောကြားကြပါသည်။

၂။ ၁၃၄၇ခုနှစ်၊ ဝါခေါင်လကွယ်နေ့ ခလောက်တစ်ရာကျေးရွာသို့ အံရုဏ်ဆွမ်းခံကြွရာတွင် ဒကာမကြီး ဒေါ်သီမှ ဆရာတော်ဘုရားအား ဆွမ်းလောင်းလှူလိုက်ရသည်ဟု ပြောပါသည်။

၃။ ၁၃၄၇ခုနှစ်၊ တော်သလင်းလပြည့်နေ့တွင် တော



www.burmeseclassic.com

www.burmeseclassic.com

ကုန်းကျေးရွာမှ ဦးကျောက်လုံး၊ ဦးမောင်မှိုင်း၊ ဦးလှမောင်တို့ ကိုယ်တိုင် ဆရာတော်ဘုရားကြီးနှင့် ရွှေတိဂုံဘုရားကုန်းတော်ပေါ်တွင် မျက်မြင်ဖူးတွေ့ခဲ့ရကြောင်း လာရောက်လျှောက်ထားပါသည်။

၄။ ကော့မှူးမြို့နယ်၊ နှစ်ခကျေးရွာမှ ဦးအောင်တင့်က ဆရာတော်ဘုရားအား လာရောက်လျှောက်ထားသည်မှာ ဘုရားတည်မည့်နေရာတွင် တရားနှလုံးသွင်းခိုက် စိတ်အာရုံ၌ ထင်ရှားစွာ ပေါ်လာပါသည်။ တော်ကူးအနောက်ကျေးရွာ၊ လယ်ပေါ်ကျောင်းတွင် ထူးခြားသော ရဟန်းတစ်ပါးကို သွားရောက်ဖူးမြင်ပြီးမှ သာသနာ့အကျိုးများ ဆောင်ရွက်လျှင် အောင်မြင်လိမ့်မည်ဟု စိတ်အာရုံတွင် ထင်ရှားစွာ သိလိုက်ရကြောင်း လာရောက်လျှောက်ထားပါသည်။

၅။ ၁၃၄၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ရက်နေ့တွင် ဆရာတော်ဘုရားအား လာရောက်ဖူးမြော် ကြည်ညိုရင်း တော်ကူးအရှေ့ကျေးရွာ ဦးအောင်သင်းဆိုသူမှ လျှောက်ထားခဲ့သည်မှာ" ရန်ကုန်-ကြည့်မြင်တိုင်အနီး ပဲခူးကလပ်နားတွင် နေထိုင်ကြသော ဒကာ၊ ဒကာမများ သီတင်းကျွတ်လဆန်း ၁၄ရက်နေ့ ညအချိန်တွင် လငပုတ်ဖမ်းသည်ကို ကြည့်ရှုနေခိုက် လငပုတ်ဖမ်းပြီးနောက် ကောင်းကင်ယံတွင် ရဟန်းတစ်ပါးကြွမြန်းလာသည်ကို ဖူးမြင်တွေ့ရှိကြရသော ဒကာ၊ ဒကာမများမှ လယ်ပေါ်ဆရာတော်ဘုရားဖြစ်မည်ဟု ဝေဖန်ပြောဆိုကြသည်ကို တပည့်တော် ကြားသိခဲ့ရပါသည်။ ၎င်းမှာ တိဗ္ဗိသွားကြည့်နေ၍ မဖူးတွေ့လိုက်ရပါဟု လာရောက်လျှောက်ထားပါသည်။

၆။ ၁၃၄၇ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၂ရက်နေ့တွင် ရန်ကုန်၊ သာကေတမြို့နယ်နေ ဦးဘစိန်သည် ဆရာတော်ကြီးအား လာရောက်ဖူးမြော်ရင်း လျှောက်ထားသည်မှာ ဦးဘစိန်အိမ်နားတွင် နေထိုင်ကြသော ရွှေတိဂုံဘုရားဝတ်အသင်းတွင် ပါဝင်ကြသည့် အမျိုးသမီးများသည် ရွှေတိဂုံကုန်းတော် နှစ်ပြားတန်ဆောင်းရှေ့မှ ရဟန်းတော်တစ်ပါးကြွလာသည်ကို ဖူးတွေ့ရ၍ ဆွမ်းကပ်ရန်အတွက် လျှောက်ထားမေးမြန်းရာ တော်ကူးကြီးရွာ၊ လယ်ပေါ်ကျောင်းတိုက်မှ ဘွဲ့တော် ဦးကောဏ္ဍညဖြစ်သည်။ ဆွမ်းလည်း စားပြီးပါပြီဟု ဆရာတော်မှ မိန့်ကြားပါသည်။ အမျိုးသမီးများက ဖျော်ရည်ကပ်ရန် ဘိလပ်ရည်ပုလင်းများ ယူဆောင်လာချိန်တွင် ဆရာတော်အား ရှာမတွေ့တော့ဘဲ ပျောက်ကွယ်သွားကြောင်း ပြောပြသည်ကို ဦးဘစိန်မှ လာရောက်လျှောက်ထားပါသည်။

၇။ ၁၃၄၈ ခုနှစ်၊ တပို့တွဲလဆန်း ၁ရက်နေ့ည၊ ၂ရက်နေ့ည ၄နာရီတွင် ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာ ခါတော်မှီကျောင်း၌ ၄နာရီအချိန်တိုင်း သုံးရက်တစ်ပတ်ကြွမြန်းကြောင်း ဝါးဘလောက်သောက် ဆရာတော်မှတစ်ဆင့် ဦးကျော်လှိုင်အား ပြောပြပါသည်။

ဤသို့ ထူးဆန်းအံ့ဩဖွယ်ရာ ဖြစ်ရပ်များဖြင့် ဂုဏ်သတင်းကျော်ကြားမှု ဖြစ်ပေါ်ခဲ့သော ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးကောဏ္ဍညအား သာသနာ့ပုဂ္ဂိုလ်ထူးတစ်ပါးအဖြစ် ကြည်ညိုသဒ္ဓါပွားလျက် လာရောက်ဖူးမြော်ကြသော ရပ်နီးရပ်ဝေးမှ ဒကာ၊ ဒကာမ၊ ရဟန်းရှင်လူ ပြည်သူများ အစဉ်အမြဲ ပူဇော်သက္ကာယပြုနိုင်ရန် လယ်ပေါ်ကျောင်းတိုက်ဝင်းအတွင်းရှိ ဆရာတော်ဘုရားကြီး မူလ စံမြန်းခဲ့ရာ စံကျောင်းတော်အား ပြတိုက်အဖြစ် ထားရှိပြီး၊ ရုပ်ထုတော်နှင့်တကွ အပူဇော်ခံယူနိုင်ရန်အတွက် လက်ရှိ လယ်ပေါ်ကျောင်းတိုက်ပဓာနနာယက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တရေဝတ၏ ဦးဆောင်မှု၊ ဒကာ, ဒကာမ အကျိုးဆောင်အဖွဲ့များ၏ လှူဒါန်းပံ့ပိုးဆောင်ရွက်မှုများဖြင့် ရှေးဆရာတော်ကြီးများအဆက်ဆက် ချမှတ်တော်မူခဲ့သည့် လမ်းစဉ်အတိုင်း သာသနာရောင်ဝါ ပိုမိုထွန်းတောက်လာအောင် အဖက်ဖက်မှ ဝိုင်းဝန်းဆောင်ရွက်နေကြပြီဖြစ်ပါ၍ သံယာ့မထေရ်မွန်များ၊ သံယာ့အာဇာနည်များ မွေးဖွားပေးခဲ့ရာ ဘူမိနက်သန် မှန်ကန်လှသည့် သာသနာတော် ထွန်းကားရာ တော်ကူးကြီးကျေးရွာ၊ လယ်ပေါ်ကျောင်းတိုက်သို့ အဖူးမြော်တစ်ခေါက်ရောက်ရှိခဲ့သည့် စာရေးသူအနေဖြင့် တော်ကူးလယ်ပေါ် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကောဏ္ဍည၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့အား လက်ဆယ်ဖြာ ထိပ်မှာမိုးလျက် ရှိခိုးဦးချ ရေးသားပူဇော်လိုက်ရပါသည်။

* * *

မင်းစောအောင်

ကိုးကား

- ဆရာတော်ဘုရားကြီး ရေးသားပြီး လယ်ပေါ်ကျောင်းတိုက် သာသနာ့အကျိုးဆောင်အဖွဲ့မှ ထုတ်ဝေသည့် မေတ္တာဝိဟာရီက ကမ္မဋ္ဌာန်းတရားတော် ... ဒါနစာအုပ်နှင့် ထေရုပ္ပတ္တိအကျဉ်း။
- စာရေးသူကိုယ်တိုင် သွားရောက်ဖူးမြော်လေ့လာမှုများ။




www.burmeseclassic.com

www.burmeseclassic.com

ထွန်း

# ရွှေတိဂုံဘုရား လင်းတနား လင်းတဆိုင်ရာ နိမိတ်အဟောများ

■ ဓမ္မာစရိယ ဦးအောင်ကျော်မိုး ■



၂၃-၁၂-၂၀၁၂ ရက်နေ့ ညနေခင်းမှ စ၍ ရွှေတိဂုံဘုရားပေါ်သို့ လင်းတ ၆ကောင် နားခဲ့သည်။ ၉ကောင်ဟုလည်း ပြောကြသည်။ နောက်ထပ် သုံးကောင် ထပ်ရောက်လာသလား၊ ဒါမှမဟုတ် သုံးကောင်က ဘုရားပေါ်မှာ ပျောက်ပျက်သွားနေသလား၊ မပြောတတ်။

စာရေးသူထံ ည ၉နာရီအချိန် ရွှေတိဂုံဘုရားရင်ပြင်ပေါ်မှာ ရောက်နေသော မောင်မြတ်နိုင်မိုး Top Tow ဓာတ်ပုံတိုက်(စမ်းချောင်းမှာ နေသူ)က ဖုန်းလှမ်းဆက်သည်။ ရာဟုထောင့်မှာ သုံးကောင်၊ အင်္ဂါထောင့်မှာ သုံးကောင်တဲ့။

နောက်တစ်နေ့ ဦးပိုင်ကုမ္ပဏီမှ ဦးစိန်နိုင်က ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com

ပြန်သည်။ အင်္ဂါထောင့် ပန်းဆွဲအောက်မှာ သုံးကောင်တဲ့။

ယင်းအကြောင်းကို လူထုပုံရိပ်ဂျာနယ်၌ ရေးသားခဲ့သည်။ ဂျာနယ်ဆိုတော့ သတင်းနှင့် အကျိုးကျေးဇူးမျှသာ ရေးသားခဲ့သည်။ ယခု ဂမ္ဘီရဆန်းကြယ် ပရိသတ်အတွက် အကျယ်တဝင့် ရေးသားခွင့်ရ၍ အယ်ဒီတာများအား ကျေးဇူးတင်ပါသည်။

လင်းတနှင့် စပ်လျဉ်း၍ ရာဇဝင် မှတ်ဆန်း၊ မှတ်ပျက် ပုရပိုက်နက်ကျမ်းမှာ -

ခဲ့သည်။

ထို့နောက် မြန်မာသက္ကရာဇ် ၁၄ခုနှစ်ရောက်လတ်သော် ပိတ်သုံမင်း နတ်ရှာစံခါနီး လင်းတများ နန်းတော်သို့ လာရောက် ကျအုံ့ဝဲသောတွာ ဝဲပျံလေသည်။ အချို့ကလည်း လာရောက်နားသည်ဟု ဆိုသည်။ ၎င်းမင်းသည် သောကြာသားဖြစ်လေသည်။ နတ်ရွာစံခဲ့၏။

၇၆၂ ခုနှစ်၊ တနင်္လာသား မင်းကြီးစွာစော်ကဲ နတ်ရွာစံခါနီး ရွှေစည်းခုံဘုရားပေါ် လင်းတ နားသည်။



မူလ နှစ်ဟောင်း မြန်မာသက္ကရာဇ် ၅၆၂ခုနှစ်၊ ပုပ္ပားစောရဟန်းမင်းကြီး နတ်ရွာစံခါနီး နန်းတော်ထက်မှာ လင်းတ ခုနစ်ကောင်နားသည်။ ၎င်းမင်းသည် အင်္ဂါသားဖြစ်သည်။ ၎င်း ပုပ္ပားစောရဟန်းမင်းသည် ကျမ်းတတ်ပညာရှိဖြစ်သည်။ မူလ မြန်မာနှစ် ၅၆၂ခုနှစ်ရောက်လာသော နက္ခတ်ကိန်းအရ ၅၆၀ ကို နုတ်ကြွင်းထား၍ မြန်မာသက္ကရာဇ်ကို ၂ခုနှစ်က အစထားလေသည်။

ယင်းသက္ကရာဇ်ပြီသောနှစ်မှာပင် လင်းတ ခုနစ်ကောင် နန်းတော်ထက်မှာ လာရောက်နားသည်။ ထိုမင်း နတ်ရွာစံ

သက္ကရာဇ် ၁၀၀၈ခုနှစ်တွင် အိမ်ရှေ့မင်း မင်းရဲကျော်စွာ နတ်ရွာစံခါနီး တော်သလင်းလ၌ ရဲလှေများဖြင့် စစ်ရေးခင်းကျင်းပရာတွင် ကတ္တူလှေတစ်စင်းပေါ် လင်းတ တစ်ကောင် အနောက်မှလာ၍ နားလေသည်။

တစ်ဖန် အရှေ့အာကာသအဝင်တံခါး တုရင်ဖျားထိပ်ပေါ်သို့လည်း လင်းတများ အရှေ့မှ လာ၍နားလေသည်။ ထိုနှစ် မင်းရဲကျော်စွာ ကျောက်ဝက်သက်ပေါက်၍ နတ်ရွာစံလေသည်။

သက္ကရာဇ် ၁၀၃၄ ခုနှစ်တွင် ပြည်မင်း နတ်ရွာစံခါနီး


www.burmeseclassic.com

www.burmeseclassic.com

ရွှေစည်းခုံဘုရား လင်းတ နားလေသည်။

များသောအားဖြင့် လင်းတနားလျှင် မင်းနှင့် ဆိုင်ရာများ ပျက်စီးတတ်သော နိမိတ်များဖြစ်၍ ကောင်းမြတ်သော သမ္မာသတိဖြင့် ဘာဝနာပွားထိုက်သည်။

မဟာတိတ်ထုံကျမ်းကြီး၌ ငှက်ပျံရာအရပ်နှင့် စပ်လျဉ်း၍ . . .

* အရှေ့အရပ်က လာ၍ အနောက်အရပ်သို့ ပျံသန်းမှု နှစ်ခုသော ရန်တွေ့အံ့။
* အနောက်မှ လာ၍ အရှေ့သို့ ပျံမှု လာဘ်ရအံ့။
* မြောက်အရပ်မှ လာ၍ တောင်သို့ ပျံမှု ငြင်းခုံခိုက်ရန်ဖြစ်အံ့။
* တောင်အရပ်မှ လာ၍ မြောက်အရပ်သို့ ပျံမှု မြတ်သော ပူဇော်ဖွယ် လာဘ်လာဘရအံ့။
* အနောက်တောင်ထောင့်မှ လာ၍ အရှေ့မြောက်ထောင့်သို့ ပျံမှု မင်းပူဇော်ခံရအံ့။
* အရှေ့မြောက်ထောင့်မှ လာ၍ အနောက်သို့ ပျံပြီး တစ်ဖန် မြောက်ကို ပြန်လျှင် စီးပွားတိုးတက်အံ့။
* အရှေ့မြောက်ထောင့်မှ လာ၍ အနောက်တောင်ထောင့်အရပ်သို့ ပျံမှု ပျက်စီးအံ့။
* မြောက်အရပ်မှ လာ၍ အရှေ့တောင်သို့ ပျံမှု ထင်ပေါ် ကျော်ကြား၍ လာဘ်လာဘရအံ့။
* အရှေ့တောင်ထောင့်မှ လာ၍ မြောက်အရပ်သို့ ပျံလေမှု စိုးရိမ်ကြောင့်ကြခြင်းသည် လည်းကောင်း၊ အနာ ရောဂါသည် လည်းကောင်း ဖြစ်ပေါ်အံ့။

ဤကား ပျံသန်းရာအလိုက် နိမိတ်အဟောများ ဖြစ်သည်။


•••

ငှက်သည် လက်ဝဲငှက်၊ လက်ယာငှက်ဟု နှစ်မျိုးကွဲပြားသည်။

လက်ဝဲငှက်ဟူသည် လင်းတ၊ ကြိုးကြာ၊ ဥဒေါင်း၊ ဒီးကွက်၊ ဝံပို၊ ကျေး၊ ဇီဝဇိ၊ စွန်၊ ခေါက်ရှာ၊ ခို၊ ပျား၊ ဗိုလ်တုန်း၊ ဘုံမထိ၊ ချိုးလည်ပြောက်၊ သမင်ပျံ၊ နဂျီ၊ ဖျံ၊ သင်းပိုင်၊ ငါးလိပ်များဖြစ်သည်။

လက်ယာငှက်ဟူသည် ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဖြူ၊ မိကျောင်း၊ ကျား၊ ဝက်၊ သမင် စသဖြင့် ခြေလေးချောင်း သတ္တဝါများကို ခေါ်သည်။

ခြေနှစ်ချောင်း ငှက်များစွာတို့တွင်လည်း လက်ဝဲ၊ လက်ယာနည်းများ ခွဲခြားသေး၏။



လင်းတသည် လက်ဝဲငှက်ဖြစ်သည်။

လက်ဝဲ ငှက်သည် လက်ဝဲဂြိုဟ်အရပ်၌ ပျံမှု မကောင်း။

လက်ယာ ငှက်သည် လက်ယာဂြိုဟ်အရပ်သို့ ပျံမှု မကောင်း။

ရန်၊ ပြဿနာ၊ ဆင်းရဲသောက ဖြစ်ပေါ်လိမ့်မည်။

လက်ဝဲငှက်သည် လက်ယာဂြိုဟ်အရပ်သို့ ပျံမှု ကောင်းသည်။

လက်ယာငှက်သည် လက်ဝဲဂြိုဟ်အရပ်သို့ ပျံမှု ကောင်းသည်။

ကောင်းသည်ဟု ဆိုရာတွင် မင်းချီးမြောက်မည်။ ရာထူးတက်မည်။ ငွေဝင်မည်။ လာဘ်လာဘပေါ်များမည်။ ဝမ်းမြောက်ရမည်။

လက်ယာဂြိုဟ်ဟူသည် "အောင်၊ ထွန်း၊ ရာဇာ၊ ဂြိုဟ် လက်ယာ"လင်္ကာအတိုင်း အရှေ့မြောက် တနင်္ဂနွေဂြိုဟ်တိုင်အရပ်၊ အရှေ့တောင် အင်္ဂါဂြိုဟ်တိုင်အရပ်၊ အနောက်တောင် စနေဂြိုဟ်တိုင်အရပ်၊ အနောက်မြောက် ရာဟုဂြိုဟ်တိုင်အရပ်များသည် လက်ယာဂြိုဟ်များ ဖြစ်သည်။


လက်ဝဲဂြိုဟ်ဟူသည် "ကေ၊ လာ၊ ပြာ၊ သာဒ်၊ လက်ဝဲမှတ်"ဟူသော လင်္ကာအတိုင်း အရှေ့၊ အနောက်၊ တောင်၊ မြောက် ဂြိုဟ်တိုင်အရပ်များသည် လက်ဝဲဂြိုဟ်အရပ်များ ဖြစ်ကြသည်။

ငှက်များနှင့် ဂြိုဟ်အရပ်များသို့ ကျရောက်ရာ အဟောများကို "မှတ်လင်နှုလော၊ ရတနာတိုင်၊ မိုးဆိုင်တိမ်မှို၊ တိတ်ထုံကြီးကို၊ ကောင်းချီကျော်ကြား မျိုးလေးပါးတို့၊ ယုံမှားကင်းကွာ၊ မှတ်သားနာလော့"စသည်ဖြင့် လင်္ကာအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



၁၉ပိုဒ်ဖြင့် အကျယ်တဝင့် ဟောပြထားလေသည်။

လူ့အမျိုးအနွယ်နှင့် ပတ်သက်၍လည်း လက်ာစီထားသည်။

"မင်းက လင်းတ၊ ထိုမှ မကင်း၊ အောက်ချင်း မိဖုရား၊ ပိန်းညှင်းမင်းသား၊ တခြားမှတ်ပါ၊ ကြိုးကြာသူကြီး၊ ကျီးကားမတ်ရာ၊ ခေါက်ရှာတံဆေး၊ ကျေးကား မင်းဆရာ၊ ငှက်တကာ၏၊ ဗိုလ်ပါဝန်လျား၊ ဟောရိုးကြားက၊ များအံ့သည်တွင်၊ တိတ်ကောင်းမြင်"

(၁) လင်းတ - မင်းအစိုးရ၊
(၂) အောက်ချင်းငှက် - မိဖုရား၊
(၃) ပိန်းညှင်းငှက် - မင်းသား၊
(၄) ကြိုးကြာ - သူကြီး၊
(၅) ကျီး - အမတ်၊
(၆) ခေါက်ရှာ - မင်းဆေး၊
(၇) ကျေး - မင်းဆရာ

ဟု နိမိတ်အရ ထုတ်ဖော်ပြကြသည်။

◆◆◆

လင်းတသည် မင်းအစိုးရနှင့် တိုက်ရိုက်သက်ဆိုင်သည်။ နက္ခတ်ပညာအရ အင်္ဂါဂြိုဟ်သည် လင်းတဖြစ်သည်။ စစ်မြေပြင်၊ စစ်တပ်၊ စစ်ဘက်ဆိုင်ရာကို အစိုးရသည်။ မြေပြင်ကို လက်ဦးရယူသူဖြစ်သည်။

ရွှေတိဂုံဘုရားပေါ် လင်းတနားချိန်၌ အင်္ဂါဂြိုဟ်သည် မကာရရာသီရှင် တနင်္ဂနွေ နက္ခတ်ကို စီးနင်းနေသည်။ ၎င်းတနင်္ဂနွေဂြိုဟ်သည် အင်္ဂါစက်မှ ဗျာယအိမ် ၁၂တန်းမှာ ရှိနေသည်၊ ကြာသပတေးဂြိုဟ်သည် ဝကြွသွားနေသည်။

အင်္ဂါဂြိုဟ်သည် ဥတ္တရာသန်နက္ခတ် ဒုတိယပါဒ် ဒုတိယနဝင်းကို စီးလျက် ဘော-အက္ခရာကို နင်းကာ မိဂသီနက္ခတ်ကို ရင်ဆိုင်လျက် က-အက္ခရာကို ခွင်းပြီး ဥတ္တရဖလဂုဏီနက္ခတ်ကို လက်ယာအမြင်ဖြင့် မြင်လျက် ပ-အက္ခရာကို ခွင်းနေသည်။ ပြုဗ္ဗာသဒြပိုဒ် နက္ခတ်ကို လက်ဝဲအမြင်ဖြင့် မြင်ပြီး သော-အက္ခရာကို ခွင်းနေသည်။ ထို့ကြောင့် ဘော၊ ပ၊ က၊ သော အက္ခရာပါ နာမည်တွင် လူမျိုးများ မြို့များ၊ တိုင်းပြည်များအပေါ် အကျိုးသက်ရောက်မှု ရှိလိမ့်မည်။

ဘော - အရှင်ကောင်း၊ အရှင်မြတ် ဘုန်းကြီး၊ ရဟန်းများ၊ ဗိုလ်ပါ နာမည်များ။
ပ - ပလောင်၊ ပီကင်းမြို့များ။
က - ကချင်၊ ကရင်၊ ကလောမြို့များ။
သော - သောအက္ခရာပါ လူနာမည်၊ မြို့များ။

အထူးသဖြင့် ယင်းနာမည်ပါ မင်းစိုးရာဇာမှ စ၍ ရပ်ကွက်အုပ်ချုပ်သူများထိ ပင်ပန်းမှု၊ ဆင်းရဲမှု၊ သေကြေပျက်စီးမှုများ ဖြစ်ပေါ်လိမ့်မည်။

ယတြာကား ရှေးမှုများအရ အိမ်ခေါင်မိုးပေါ် ခွေးတက်ပါက ၎င်းခွေးကို ရွှေလက်ဝတ်ရတနာဖြင့် စိမ်ထားသော ရေ(ရွှေရည် ငွေရည်)ဖြင့် ပက်ဖျန်းပြီး ခွေးကို ခွေးလို့ မခေါ်ဘဲ ရွှေခြသေ့်မင်း ချီးမြှောက်တော်မူပါဟု ပြော၍ ယတြာပြုသကဲ့သို့၊ ၎င်းလင်းဘ နားလျှင်လည်း ၎င်းလင်းတကို ရွှေရည် ငွေရည် ပက်ဖျန်း၍ ရွှေဟင်္သာမင်း ချီးမြှောက်တော်မူပါဟု ပြော၍ ယတြာပြုကြသည်။

ထို့ပြင်၊ လင်းတအရ မီးပူဇော်ခြင်း၊ လင်းတ(၄-၀)၏ ပြောင်းပြန် တရား(၀-၄) တရားနာခြင်း၊ တရားအားထုတ်ခြင်း၊ တရားအလှူပေးခြင်း၊ တရားစာအုပ် ဒါနပြုခြင်း၊ ဦးခေါင်းဆေးမင်္ဂလာပြုခြင်း၊ သက်သတ်လွှတ်စား၊ ဥပုသ်စောင့်သုံးခြင်းများဖြင့် မကောင်းကျိုးများ ပ,ပျောက်ပေမည်။

အထူးသဖြင့် စေတီငယ်အား မီးပူဇော်၍ ရွှေသင်္ကန်းကပ်လှူပြီး အမိဋ္ဌာန်တရားအားထုတ်ပါက လျင်မြန်စွာ မကောင်းကျိုးများ ဝေးကွာပါလိမ့်မည်■

ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေ


* * *

ဓမ္မာစရိယဦးအောင်ကျော်မိုး



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စလောဟာရုပ်ပွားတော်
လက်ပံတန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ ရန်ပြေ၊ မာန်ပြေ၊ ဓားပြေ၊ ဝန်းပြေ ကမ္ဘာ့သက်သာ

# ငါးမည်ရစေတီတော်မြတ်ကြီးနှင့် ပညာဒီပရူပကာတံခွန်ဆရာတော်ကြီ

■ မင်းတိုင်ပင်(မြရောင်ခြယ်) ■



ပဉ္စလောဟာ (အောင်မြေ)

ယနေ့ ၂၃-၈-၂၀၁၂နေ့မှာ ကြည့်မြင်တိုင်၊ သာရဝေါ အမြန်ရထားစီးနင်း၍ ခရီးထွက်ခဲ့ခြင်းဖြစ်ပါ၏။ နံနက် ၆နာရီအချိန် အင်းစိန်ဘူတာရုံသို့ လာခဲ့ရ၏။ ထိုအကြောင်းကား စာရေးသူအား သိဝါရုံကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တပညာသိရိ၏ ဖိတ်ကြားချက်အရ ဖြစ်သည်။ ဆရာတော်ကြီးနှင့်အတူ ဦးပညာဓမ္မ၊ ဦးသိရိန္ဒတို့လည်း ပြန်လည်ကြွရောက်ခဲ့ကြပါ၏။ နံနက် ၆နာရီခွဲတွင် ရထားကြီးနှင့် စီးနင်းလိုက်ပါရင်း မွန်းလွဲ ၁၂နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ကညင်တိုဘူတာသို့ ရောက်ရှိလာတော့၏။ ထို့နောက် ရထားပေါ်မှ ဆင်းကာ ဆရာတော်ကြီး၏ တပည့်များက ဆိုင်ကယ်နှင့်တစ်မျိုး၊ စက်ဘီးနှင့်တစ်ဖုံ၊ ခြေလျင်နှင့်တစ်သွယ် ကြိုကြလေတော့၏။

ရွာသို့ ဝင်သောအခါ ဘူတာမှစ၍ ရွာလယ်လမ်းသည် ကျောက်ပြားများ သေသပ်စွာ ခင်းထားခြင်းကို တွေ့ရပါ၏။ လမ်းဘေးဝဲယာတွင် ယူကာလစ်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ားနှင့် ပျဉ်းမပင်များ ကို စီတန်း၍ စိုက်ပျိုးထားခြင်းမှာ ည်း ရွာအဝင် အလွန်ပန်းတင့်နေပါတော့၏။ လမ်း၏ ကဲ်ဝဲဘက်တွင် အခြေခံပညာ အမှတ်(၄) မူလတန်း ကျောင်းကလေးကလည်း ဤဒေသ၏ ပညာတတ် လူငယ် ားစွာကို အပအဆင့်မြှင့်ပေးခဲ့သော လူငယ်၊ လူကြီးများ ည်မှုရှိနေမည်လဲဟု တွေးနေမိ၏။ သုံးဖာလုံခန့် လျှောက်ပြီး သောအခါ အလွန်ခံ့ညားတင့်တယ်သော မုခ်ဦးကြီးက ကြိုနေပါတော့၏။

"ကမ္ဘာ့ရန်ပြေ၊ မာန်ပြေ၊ မောပြေ၊ ပန်းဖြေ၊ ကမ္ဘာ့ ကဲ်သာ စေတီတော်မြတ်ကြီး"ဟု မြင်လိုက်ရပြီးနောက် ဦးနှင့်အညီ အလွန်ပန်းတင့်လှသော ထိုစေတီတော်ကြီး။ ည်ရာဘွဲ့ခံ စေတီတောတ်မြတ်ကြီး၏ ထီးတော်ရိပ်အောက် နေသည့် သိဝါရုံကျောင်းတိုက် ပရိဝုဏ်နှင့် နတ်လမ်း ကြီးအား ရောက်ခဲ့ပြီး သာသနိက အဆောက်အအုံကြီး ားစွာကိုလည်း မြင်ခဲ့ရပါ၏။ ကျောင်းတိုက်ကြီး၏ အောက်၌ ရေးသူ ဘုရားရှိခိုး၍ ဆရာတော်ကြီးအား ကန်တော့ပြီး သောအခါ ရင်ထဲ အေးမြသလို ခံစားရ၏။ လေနအေး ကဲ်လာဘိသကဲ့သို့ အေးမြလာ၏။ ထို့ကြောင့်လည်း မော ။ ခရီးပန်းလာသမျှ အမောပြေ၊ အပန်းပြေဖြစ်နေရခြင်းကို လွန်မှ အံ့သြစွာဖြင့် ကိုယ်တွေ့ ခံစားရလိုက်ပါတော့သည်။

ထိုနေ့က စေတီတော်မြတ်ကြီးအား ဦးစွာသွားရောက် ခဲ့ရ၏။ တမူထူးခြားနေသည့် စေတီတော်မြတ်ကြီးသည် မှခ်ပေါက်၀ လေးမှခ်ရှိပါ၏၊ ကုလားကျောင်းခံ စေတီ ပုံဖြစ်လင့်ကစား အပြင်မုခ်လေးမုခ်၊ အတွင်းဘက်၌ သင်္ကြိုဟ်နှင့် မုခ်ရှစ်ပေါက်ဖြင့် စီစဉ်ထားပါ၏။ လေးမုခ် ၌ စကောက်ရာဘုရား၊ ကဿပဘုရား၊ မေစက်ရာဘုရား၊ ကောက်ရာဘုရား၊ ဒီပင်္ကရာဘုရား၊ ဂေါဏာဂုံဘုရား၊ ဂေါတမ ။ သုမင်္ဂလ၊ ရေဝတ စသည့် နှစ်ကျိပ်ရှစ်ဆူသော ရုပ်ပွားတော်များနှင့် အရှင်သာရိပုတ္တရာ၊ အရှင်မဟာ လာန်၊ လက်ဝဲရံ လက်ျာရံ၊ အသီတိ သာဝက ရှစ်ကျိပ် ရဟန္တာအပေါင်း ၁၀၈ ပါးသော နှဝင်းကြေ၊ ဗုဒ္ဓခာတ် များကို တည်ထားကိုးကွယ်ထားပါ၏။ ထို့ပြင် အ၄လက် တွင်မုခ် ရှစ်အင်၌ မြတ်စွာဘုရားရှစ်ဆူဖြစ်သော အရှေ့ င်အရပ်၌ ဂေါဏာဂုံ၊ တောင်အရပ်၌ ကဿပ၊ အနောက် ရပ်၌ ကကုသန်၊ မြောက်အရပ်၌ ဂေါတမ၊ အရှေ့မြောက် ရပ်၌ ဖုဿ၊ အရှေ့တောင်အရပ်၌ ဝိပဿီ၊ အနောက်တောင် ရပ်၌ သိခီ၊ အနောက်မြောက်အရပ်၌ ဝေဿဘူ စသည့် ဘုရားရုပ်ပွားတော်များ ကိန်းဝပ် စံပယ်နေသည်ကို တွေ့ရပါ၏။ ထို့နောက် စာရေးသူ ဘုရားဖူးပြီးနောက် ကျောင်း သို့ ပြန်ပြီး အနားယူပါ၏။

"ဆရာရေ…ဒီနေ့တော့ ဒေသန္တရ ဗဟုသုတ လေ့လာ ပါ။ ဒီမှာ သိန်းရွှေဆိုတာ ဆရာတော့်ညီပေါ့။ သူနဲ့ ရွာထဲ လျှောက်ကြည့်။ အရှေ့ဘက်မှာ ညောင်ပိုင်းကျောင်းနဲ့ အနောက်ဘက်မှာ လွှမ်းစေတီကျောင်းရှိတယ်ဗျ။ အဲဒါ သွား ဖူးကြ။ နောက်နေ့မှ သမိုင်းပြုစုထားတဲ့ မှတ်တမ်းဖတ်ပြီး လိုတာ ပြောကြတာပေါ့ကွယ်"

"မှန်ပါ ဘုရား။ ဆရာတော် လိုအပ်သလို စီစဉ်ပါ ဘုရား"

◆◆◆

ထို့နောက် ဦးသိန်းရွှေနှင့်အတူ စက်ဘီးစီး၍ ရွာလယ် ကျောက်ပြားလမ်းအတိုင်း ထွက်ခဲ့၏။ ၄မိုင်-၅မိုင်ခန့် ရှည် လျားမည်။ အောင်မြေ လယ်တီသည်လည်း ကျောက်ပြား လမ်းပင် ဖြစ်၏။ ထို့နောက် ဆရာတော်၏ လွှမ်းစေတီသို့ ရောက်ခဲ့ရာ ထိုကျောင်းရှေ့ မုခ်ဝနှင့်အတူ ကျောင်းထိုင်ဆရာ တော် ဘဒ္ဒန္တတေဇနိယ ဖြစ်ပါ၏။ ဆရာတော်ကို ဖူးမြော်ပြီး နောက် လွှမ်းစေတီတွင် ဓာတ်ပုံရိုက်၏။ ပြီးသောအခါ ရွာထဲ လမ်းအတိုင်း ပြန်ခဲ့ပြီး တစ်ဖက်ကမ်းသို့ ကူးကြ၏။ ရွာထဲ တွင် သွပ်မိုး-ပျဉ်ထောင် အိမ်ကြီးအိမ်ကောင်းများ၊ တိုက်ခံ အိမ်ကြီးများ၊ ဆန်စက်များနှင့် တဒေါက်ဒေါက် ထုသံရိုက်သံ များကို အဆက်မပြတ် ကြားနေရပါတော့၏။ လမ်းပေါ်၌ ဆိုင်ကယ်တစီစီနှင့် ဥဒဟို မောင်းနှင်နေကြသည်မှာ မြို့ပေါ် လမ်းများလို အမှတ်မထင် မြင်နေရပါ၏။ ထို့နောက် ညောင် ပိုင်းကျောင်းတိုက်အတွင်း ရောက်ရှိခဲ့ပါတော့သည်။ အမည်နှင့် လိုက်ဖက်ညီသည့် ဗောဓိညောင်ပင်ကြီးသည် နှစ်ပရိစ္ဆေဒ ကြာမြင့်သည့် ရောမအပင်ကြီး၍ စိမ်းစိုဝေဆာလျက် ရှိနေပါ ၏။ ထို့နောက် ဘုရားရုပ်ပွားတော်နှင့် စေတီတော်အား ကြည် ညိုပြီး ကျောင်းထိုင်ဆရာတော် မအားသည့်အချိန်နှင့် ကြုံ နေပါသဖြင့် စာရေးသူတို့နှစ်ဦး ကျောင်းသို့ ပြန်ခဲ့ကြပါတော့ ၏။

နောက်တစ်နေ့နံနက်ပိုင်းသို့ ရောက်သောအခါ ဆရာ တော် ဘဒ္ဒန္တပညာသိရီမှ မှတ်တမ်းတင် စာရွက်များ ဆရာ တော်၏ လက်ရေးမူအတိုင်း ရေးသားထားသည်ကို တွေ့ရ ပါသည်။ ထိုစာရွက်များကို စာရေးသူအား ပေးပြီး…

"ဆရာရေ…ဒီမှာ မှတ်တမ်းတော့ ကျုပ်ရေးထား တယ်။ လိုအပ်သလို ရေးနိုင်ပါတယ်"

"မှန်ပါ့ ဘုရား။ တပည့်တော် ဖတ်ပါ့မယ်။ လိုအပ်တ



www.burmeseclassic.com

www.burmeseclassic.com



ယူပါ့မယ် ဘုရား"

"အေး၊ ဒါဆို ကျောင်းပေါ်မှာ သွားဖတ်။ ဒီမှာ ဆွမ်းချက်မယ့်အဖွဲ့တွေ ရောက်လာရင် ဆူသံညံသံတွေ ကြားရမှာ။ ဦးဇင်း ပညာဓမ္မ စီစဉ်ပေးလိုက်ကွာ။ လိုတာရှိရင် ဦးဇင်းက တာဝန်ယူပေးပါလိမ့်မယ်"

"မှန်ပါ့ ဘုရား။ တပည့်တော် သွားပါ့မယ်"

ထို့နောက် စာရေးသူ ဦးပညာဓမ္မနှင့်အတူ ကျောင်းမကြီးအပေါ်ထပ်သို့ တက်၍ ဆရာတော် ပေးအပ်ခဲ့သော မှတ်တမ်းအား ဖတ်မှတ်ရပါတော့၏။ ထို့နောက် စာရှုသူများ ဓမ္မဒေသနာ၊ ဓမ္မဘာဝနာ ရရှိစေခြင်းငှာ ဤအကြောင်းအရာအားလုံးကို ယခုကဲ့သို့ ရေးသားပြုစု တင်ပြအပ်ပါသည်။

♦♦♦

**သာသနာပြုအစ ကိုးတောင်ပြည့်စေတီတော်က**

မြန်မာပြည် တိုင်းတစ်ပါးအောက် ကျွန်သဘောက်တာဝ ရောက်ရှိနေချိန် ဒုတိယကမ္ဘာစစ်ကြီးကာလအတွင်း ၁၃၀၀ ပြည့် အရေးတော်ပုံ၊ ဆရာစံ အရေးတော်ပုံကာလက ဤကညင်တိုရွာသည် လူဆိုးလူမိုက်များ ပုန်းအောင်းခိုလှုံရာ စားကျက်မြေ သားသတ်ကွင်းကြီး ဖြစ်ခဲ့ရ၏။ ဦးရာလူ သတ်၊ မိုက်ရာလူ ဆရာခေါ် လက်နက်ရှိသူ ဗိုလ်ကျနေချိန်။ သတ်ဖြီး လူသေအလောင်းများကို ဤကိုင်းတော၊ စားကျက်တော ချုံနွယ်ထဲ၌ ပစ်၍ ကျီးထိုး၊ လောက်ကိုက်၊ လင်းတစားခွေးဆွဲ၊ စွန့်ပစ်ခံရသော ဒေသဖြစ်၍ ကညင်တိုသည် နာမည်ထင်ပေါ်ခြင်းမရှိဘဲ ဇီးဖြူကွင်းသည်သာ လူသိများသော ရွာကြီးဖြစ်ခဲ့ပါ၏။

ထိုချုံနွယ်ပိတ်ပေါင်း ထူထပ်ပြီး မြွေဆိုးမြွေဟောက်၊ လူရမ်းကားများ ရက်စက်ကြမ်းကြုတ်ပေါများသည့်နေရာသို့ ဆရာတော်ကြီးတစ်ပါး ကြွရောက်တော်မူလာပြီး မြေရှင်ချုံခုတ်ကာ သက်ကယ်မိုး၊ သက်ကယ်ကာ ဝါးတဲကျောင်းကလေးဖြင့် သီတင်းသုံးနေတော်မူခဲ့၏။ ထို့ကြောင့် လူဆိုးလူရမ်းကားတို့က ဆရာတော်အား ဤနေရာတွင် မနေနိုင်အောင် ရက်စက်ကြမ်းကြုတ်ကြလေ၏။ သို့သော် ဆရာတော်က မည်သို့မျှ မတုန်လှုပ်ခဲ့။ မေတ္တာစိတ်တန်ခိုးတော်ကြောင့် ရက်စက်ရာမှ ယဉ်ကျေးရာသို့၊ ထိုမှ နူးညံ့သိမ်မွေ့ရာသို့ ရောက်ခဲ့ရတော့၏။ ထိုဆရာတော်အား ဖူးမြော်ကြည့်တော့ မျက်စိနှစ်ကွင်း အလင်းမရသူဖြစ်၍ "မျက်မမြင် ကိုယ်တော်လေး"ဟု ခေါ်ကြပါ၏။ တစ်နည်း "ဇီးဖြူကွင်း မျက်မမြင် ကိုယ်လေး"ဟု လူသိထင်ရှား ခေါ်ဝေါ်လာတော့၏။

ထို့နောက်မှာ ဆရာတော်သည် ယခု ကညင်တို့ဘုတာ တည်ရာ အောင်မြေရှာ ကိုးတောင်ပြည့်စေတီအား စတင်၍ တည်ထားတော်မူပါသည်။ ထိုနှစ်သည် ၁၃၀၂ ခုနှစ်ကာလ မြန်မာပြည်လုံး လွှမ်းခြုံပေါ်ထွက်လျက်ရှိသော ရိုးမသိုက်ထွက် တဘောင်စကားအရ "ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့် တည်ငယ် သာငယ် ကယ်ဆယ်မယ့် ဘုရား"ဆိုသည့် စကားနှင့်အညီ စစ်ဘေးဒုက္ခအပေါင်းမှ ကင်းဝေးငြိမ်းအေးရာ ဖြစ်ကြောင်း မေတ္တာကရုဏာဖြင့် ကိုးနဝင်းဓာတ်ဆင်ကာ ကိုးတောင်ပြည့်စေတီကို ယခု "သိဝါရုံအောင်မြေ"ဟု ခေါ်တွင်သမုတ်၍ ဗဟိုအချက်၌ တည်ထားကိုးကွယ်တော်မူပါ၏။ ထို့နောက် ဆရာတော်သည် သိဝါရုံကျောင်း ပရိဝုဏ်၌ ဝါးကျောင်းသစ်ကလေး ဆောက်၍ သီတင်းသုံးတော်မူပါသည်။ ဆရာတော်ထံသို့ ဗိုလ်ဝင် ဆရာတော်ကြီးများ ဖြစ်ကြကုန်သော ဂိုဏ်းစဉ်အရ ပထမဓာတ်ကြီးပိုင် ဆရာတော် ဦးသုစိဏ္ဏနှင့် ဒုတိယဓာတ်ကြီးပိုင် ဆရာတော် ဦးမေဓာဝီတို့ ကြွရောက်၍ အတူသီတင်းသုံးတော်မူကြပါ၏။ ထို့ပြင် ၁၃၁၁ ခုနှစ်တွင် ဆရာတော် ဦးမေဓာဝီသည် ပုသိမ်ခရိုင် ကျုံပျော်မြို့ ရင်းတိုက်ကုန်းဆရာတော် ဦးသုဝဏ္ဏ၊ ဇီးဖြူကုန်းဘုရားကြီးတိုက် ဆရာတော် ဦးပါမေက္ခတို့ ပူးပေါင်း၍ ဗိုလ်ဝင်ခြင်းလုပ်ငန်းကို ဦးမေဓာဝီမှ ထိုးပေးကာ ပြုလုပ်ခဲ့ပါတော့သည်။ ထိုအချိန်က ယခုကျောင်းတိုက်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဦးပညာသိရှိသည့် ငယ်စဉ် ရဟန်းဘ၀သာ ဖြစ်ပါသေး၏။ အသင်္ဂါးဖြစ်၍ ဆရာတော်ကြီးထံ အလည်ရောက်လာခြင်းဖြစ်ပါ၏။ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို ယုံကြည်ရင်းတစ်ဦးဘ၀နှင့် ခြေဆုပ်လက်နယ်ပြုကာ နေခဲ့စဉ်သာ ဖြစ်ပါသေး၏။

## မျက်မမြင်ကိုယ်တော်လေး၏ ငယ်စဉ်ဘ၀နှင့် သာသနာပြုခရီး

မျက်မမြင်ကိုယ်တော်လေးသည် မုံရွာခရိုင် အရာတော်မြို့နယ်၊ ရွာသစ်ကျေးရွာ၌ ဖခမည်းတော် ဦးချစ်ဦး မယ်တော်ဒေါ်ပြည့်တို့မှ ၁၂၇၇ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ရက်၊ အင်္ဂါနေ့နေ့ စက် ၀နာရီ ၂၀မိနစ်၊ မြန်မာ တစ်ချက်တီးကျော်၊ နာရီ ၂ပါဒ်၊ စဗီဇနာတွင် ဖွားမြင်တော်မူခဲ့ပါ၏။ မိဘများ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရွာသစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်အား ဥပဇ္ဈာယ်ပြု၍ သာသနာ့ဘောင်သို့ ၀င်ရောက်ခဲ့ပါ၏။ ထိုကျောင်း၌ပင် ပိဋကတ်စာပေများကို သင်ကြားရာ သာမဏေဘ၀နှင့်ပင် ကျမ်းကြီးပေါက် ဆည်းပူးခဲ့သည်။ သက်တော် ၁၉နှစ်ကျော်တွင် ရွာသစ် ဘုန်းတော်ကြီးအား ဥပဇ္ဈာယ်ပြုကာ ကျေးဇူးရှင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟအထောက်အပံ့နှင့် ၁၂၉၆ခုနှစ်တွင် ဥပသမ္ပဒကံဆောင် ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါ၏။ ဆရာတော်သည် ငယ်စဉ်ကပင် မျက်စိမှုန်ခဲ့၏။ ထိုရောဂါကို ကုသရန် မိဘများက တိုင်ပင်ကြစဉ် သီလရှင်လေးပါးက ကြွရောက်လာပြီး "မကုပါနှင့်၊ သာသနာပြုမယ့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တစ်ဆူဖြစ်ရပါလိမ့်မည်။ ကု၍ မရပါ"ဟု ပြောသဖြင့် မကုဘဲ ထားရပါတော့၏။

သိက္ခာ ၅၀ါအရ ၁၃၀၁ ခုနှစ်တွင် အောက်ပြည် အေးရဲမြို့သို့ ကြွရောက်၍ ပိဋကတ်စာပေနှင့်တကွ လောကီယ၊ ဝိဇ္ဇာရေ ပညာများကို ဓမ္မသီဂီဆရာတော်(ဦးအောင်ကြီး)ထံ ဆည်းပူးခဲ့၏။ လောကနီယာမ၊ အဘိဓမ္မာ၊ အဋ္ဌာရသ၊ သိပ္ပပညာအရာတွင် ထိုးထွင်းသိမြင် အောင်မြင် ထွန်းပေါက်တော်မူသဖြင့် ပညာဒီပ၊ ဉာဏတံခွန်၊ ဘွဲ့ထူးချွန်၊ လေးဂိုဏ်းပိုင်ညွှန်းစေရေး ဓမ္မဝိဇ္ဇာအဖြစ် ရောက်ရှိတော်မူခဲ့ပါတော့၏။ ဆရာတော်၏ ဘွဲ့တော်သည် "ဦးက္ကန္ဒာစရိယ"(ဇီးဖြူကွင်း မျက်မမြင်ကိုယ်တော်လေး)ဟု ထင်ရှားကျော်ကြားခဲ့သော ပုဂ္ဂိုလ်ဖြစ်ပါတော့၏။

## ငါးမည်ရ သုံးဘုံကျော်ဟီး စေတီတော်ကြီးတည်

၁၃၁၂ ခုနှစ်၊ ခရစ်နှစ် ၁၉၅၀ခုတွင် ရှိးမနစ်တွေ့ အချက်ဖွေ၍ အောင်မြေကြဂုန်း၊ ဓာတ်ကြီးနန်းဝယ်၊ ကိန်းခန်းအလိုက်၊ တဘောင်သိုက်နှင့်၊ ရောင်ဆိုင်ညီညာ၊ ပွင့်ဝေဖြာလျက်၊ ခိုင်ညာပြည့်စုံ၊ ပြည်လုံးခြုံသည့်၊ သုံးဘုံကျော်ဟီး၊ အကြင်ဓမ္မ အဋ္ဌာရသ စေတီတော်ကြီးကို တည်ထားတော်မူပါတော့၏။

ထိုစေတီတည်သည့် ရက်မြတ်သည် သင်္ကြန်တာကြူး၊ အခါကူးလို့ လထူးကဆုန် တစ်ဝက်ကြွ၊ ဘ၀င်တုံ ရိုက်ဟီး ဆိုသည့်ကြောင့် ကဆုန်လပြည့်နေ့တွင် ထိုကိုးနဝင်း ကိုးတောင်ပြည့်စေတီငယ်အား ငုံ၍ အသစ်ပြန်လည်တည်ထားတော်မူခဲ့ပါသည်။

၁၃၀၉ ခုနှစ်က သိဒ္ဓိပေါက် ဆရာတော်ကြီးများထံမှ ဗျာပနာသွင်း ပူဇော်ရန် ပေးအပ်ခဲ့သော ရဟန္တာအရှင်မြတ်ကြီးများ၏ ဓာတ်တော်များ၊ ပူဇနီယဓမ္မ သရီရက ဓာတ်တော်များကို ကြိုတင်၍ ပင့်ထားခဲ့၏။ ထိုပန္နက်တော် ဗျာပနာသွင်း ပူဇော်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ပူဇော်ကြသော ရဟန်းရှင်လူ ပြည်သူ အယုတ်အလတ် အမြတ်မရွေး လာရောက်ကြသည့် လူထုပရိသတ်များကို နေ့စဉ် စတုဒိသာ ချက်ပြုတ်ကျွေးမွေးရခြင်းမှာ ဆန်အတင်းပေါင်း ၃၀၀ကျော် အထိပင်ဖြစ်၍ ပရိသတ်ပေါင်း ၈သောင်း/၉သောင်းခန့် ရှိလေ၏။ ထိုဗုဒ္ဓပူဇနီယပွဲတော်ကြီးသည် အံ့ချီးမကုန်နိုင် ဖြစ်ခဲ့ရလေတော့၏။

ထိုအလှူတော်ကြီးသည် ကမ္ဘာပေါ်တွင် တမမြင် ဖျက်မရ စတုဒိသာ အသဒိသ မဟာဒါနပွဲကြီးဖြစ်ပါတော့သည်။ ထိုအလှူပွဲတော်ကြီးသို့ ပုဂ္ဂိုလ်ထူးကြီးများ ကြွရောက် ချီးမြှောက်တော်မူခဲ့ရာ သိပ္ပံမင်္ဂလဆရာတော်၊ မင်္ဂလဒီပ ဆရာတော်၊ မင်္ဂလာပွင့် ဆရာတော်၊ ဧည့ဝတီ ဆရာတော်၊ မင်္ဂလာဝင်းကုန်းဆရာတော်၊ ကုံကော်ပင်ဆရာတော်၊ တောင်ငူဆရာတော်၊ ကမ္ဘာ့မင်္ဂလာပိုင် ဓာတ်ကြီးပိုင် ဆရာတော်၊ ဒုတိယဓာတ်ကြီးပိုင် ဆရာတော်၊ တတိယ ဓာတ်ကြီးပိုင် ဆရာတော် ဦးသံ၀ရ၊ သန်လျင် ကျိုက်ခေါက် ဆရာရသေ့၊ ဓမ္မသိင်္ဂ ဆရာတော်ဘုရားများကိုယ်တိုင် ဗျာပနာသွင်း ပူဇော်တော်မူကြပါ၏။


## ဓာတ်တော်များ ပျံ့ကြွ၊ ရောင်ခြည်တော် လျှံပ

၁၃၀၉ ခုနှစ်၊ တော်သလင်းလဆန်း ၈-ရက်၊ စနေနေ့ ၌ နေ့-ည ၂၄နာရီလုံး အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်


www.burmeseclassic.com

www.burmeseclassic.com

ရွှတ်ဖတ်ပူဇော်ပွဲ ကျင်းပနေစဉ် ဓာတ်တော်များ လက်ျာရစ် သုံးပတ် ပျံဝဲနေသည်ကို များအုပ်ကြီးပမာ မြင်ကြလေ၏။ ထိုဓာတ်တော်များ အထက်ကောင်းကင်သို့ ပထမအကြိမ် ပျံကြွလေ၏။ ထို့နောက် ဒုတိယအကြိမ် ပျံကြွလာသောအခါ သိဒ္ဓိပေါက် ဆရာတော်ကြီးများမှ ဓာတ်တော်ကြွရန် ဌာနေရာ အဆင်သင့် ပြုလုပ်စီမံကြလေရာ မဟာ လောဟာပါသာဒ ကြေးပြာသာဒ်ကျောင်းတော် စီစဉ်၍ ဖန်ပေါင်းချောင်များ၊ ဖန်လင်းတောင်ချိုင့်များ အသင့်ချထားပြီး စီမံကြရလေတော့၏။ ဓာတ်တော်များသည် ထိုဖန်ချိုင့်များအတွင်း အသီးသီး ကြီး ကျင်းပခဲ့၏။ ဓာတ်ကိုးပါး စီရင်၍ ဘုရားရဟန္တာ အရှင် သူမြတ်၏ သရီရဓာတ်တော်များ ကိတ်၊ ဘော်၊ ဘင်၊ နာ စိန့်၊ ဒါန်း၊ ဆံ၊ ဆေးဒါန်း၊ ပြဒါး၊ အင်္ဂရပ် ၉ပါး၊ နဝင်းဓာတ် သား နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားများ၊ လက်ဝဲရံ၊ လက်ျာရံ တောင်ရံ အသီတိ သာဝက ရဟန္တာကြီး ၁၀ပါးတို့၏ ရုပ်ပွား ဆင်းတုမြတ်များ၊ ငွေစင်နှင့် သွန်းလုပ်ထားသည့် ရုပ်ပွားတော် များကို ဌာပနာသွင်းလှူ ပူဇော်တော်မူခဲ့ပါ၏။ ထို့နောက် ဂေါတမမြတ်စွာဘုရားရှင်နှင့် အတီသိ သာဝက ရဟန္တာ အရှင်မြတ်ကြီးတို့၏ သရီယဓာတ်တော်များ ကြွပြီး မရှေး



ဝင်ရောက်ပြီး ကြွရောက် ကိန်းဝပ်တော်မူပါတော့သည်။ တော်သလင်းလပြည့်ကျော် ဂ-ရက်၊ တနင်္ဂနွေနေ့တွင် ဆက် လက် ပူဇော်ကြစဉ် (၁၉-၉-၁၉၅၀) အင်္ဂါနေ့ည ၉နာရီအချိန် ဓာတ်တော်များ ရောင်ခြည်တော် ကွန့်မြူးလျက် ကောင်းကင် သို့ ပြန်ကြွတော်မူပါတော့သည်။

### ငါးမည်ရ ဓမ္မအဋ္ဌာရသစေတီတော် တည်ထားပုံ
### သဏ္ဌာန်ရ ဘုရား

၁၃၁၂ ခုနှစ်၊ တော်သလင်းလပြည့် (၁၅-၉-၅၀) တနင်္ဂနွေနေ့ သာသနာနှစ် ၂၅၀၀ပြည့် ဗုဒ္ဓပူဇနီယ ပွဲတော် မနောင်း စွယ်တော်လေးဆူ ကြွရောက်၍ ခြောက်ဆိုင်သော ရောင်ခြည်တော်များ ကွန့်မြူးတော်မူကြသည်ကို ပရိသတ် များစွာ ဖူးမြော်ကြည်ညိုကြရလေတော့၏။

ဆရာတော် ဦးဣန္ဒာစရိယသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရာဟုထောင့်တွင် ၄၉ရက် အဓိဋ္ဌာန်စဝင်ခဲ့ပါ၏။ ထို့နောက် ကမာရွတ် လှည်းတန်းရှိ တူမအရင်း ဒေါ်လှချစ်အိမ်၌ ခေတ္တသီတင်းသုံးနေစဉ် နေ့ဆွမ်း ဘုဉ်းပေးချိန် ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ကြီး တံခါးပေါက်ရှေ့ ရောက်လာပြီး ဒေါ်လှချစ်က အလှူငွေ ၂၅ပြားစေ့တစ်စေ့ကို လောင်းလှူလိုက်ရာ ထိုပုဂ္ဂိုလ်ကြီးက ဆုံးမ ဩဝါဒပေးပြီး



www.burmeseclassic.com

www.burmeseclassic.com

တကျူလိပ်တစ်ချပ်ကို ပေးခဲ့၏။ ဆရာတော်က "ဟဲ့ - လှချမ်းခင်နဲ့ မဆိုင်ဘူး၊ ငါ့ကို ပေး။ ငါ ခု တည်မယ့် ဘုရားပုံဖြစ်တယ်"ဟူ၍ ထိုပုံတော်ကို ယူပြီး ပြန်ခဲ့လေ၏။

ထို့ကြောင့် ယခု ကိုးနဝင်းစေတီအား ငုံ၍ တည်ထားခဲ့သည့် စေတီတော်သည် စစ်ပြီးကာလဖြစ်သော (၄-၁-၁၉၄၈) တနင်္ဂနွေနေ့၌ မြန်မာနိုင်ငံသည် သူကျွန်ဘဝမှ လွတ်လပ်ရေးရရှိခဲ့သော အထိမ်းအမှတ်ဖြစ်ပါ၏။ မြန်မာနိုင်ငံသူ/နိုင်ငံသားများသာမက၊ ကမ္ဘာသူ, ကမ္ဘာသားများလည်း ကြုံတွေ့ရတဲ့ ဆင်းရဲဒုက္ခဘေး ကင်းပ အေးစေရန် ရည်ရွယ်၍ "ကမ္ဘာ့ငြိမ်းပြေ မာန်ပြေ အမောပြေ အပန်းပြေ အမျက်ပြေ စေတီတော်"ဟု ငါးမည်ရ မှည့်ခေါ်သမုတ်ခဲ့ပါတော့သည်။

## တာလွတ်ဘုံပျံ ထီးတော်ကြီး ရှမငြိမ်း ဖူးမြော်

၁၃၁ဂ ခုနှစ်၊ တော်သလင်းလတွင် ယခု တင်လှူထားသည့် ထီးတော်ကြီးသည် စေတီတော်ကြီး၏ ငှက်ပျောဖူးတော်၌ ဝါ၊ နီ၊ ပြာ၊ စိမ်း ရောင်ခြည်တော်ကွန့်မြူးရာ ထီးတော်ပုံသဏ္ဌာန်အတိုင်း ပကတိ ဖူးတွေ့ကြရ၏။ ကောင်းကင်မှ ဆင်းလိုက် တက်လိုက်နှင့် ဖူးရသလို၊ ပေါ်လိုက် ပျောက်လိုက်နှင့် လျှပ်စီးလက်သည့်ပမာ ထူးခြားအံ့သြစွာ ဖူးမြော်ကြည်ညိုပါ၏။ ထိုထီးတော်ကြီးသည် တန်ခိုးပြာဋိဟာ ပြတော်မူလျက် ပုံသဏ္ဌာန်တော်အတိုင်း ပြုလုပ်ပူဇော်ရန် ငွေစင်ငွေသားအတိ အနယ်နယ် ဘုရားဖူးများထံ အကျိုးဆောင်အဖွဲ့မှ သုံးရက်အတွင်း အလှူခံခဲ့ရာ ငွေချိန် ၂ဂ ပိဿာ ဂ၅ကျပ်သားကို ရရှိခဲ့လေ၏။

နတ်တော်လဆန်း ၉ရက်နေ့တွင် ရွှေတောင်မြို့မှ ဆရာဦးကျော်သန်းနှင့် ဒေါ်ရင်မေ အမှူးထားသော ပုဂ္ဂိုလ်များ ဆရာတော်ထံ၌ ဖူးမြော်စဉ် ထီးတော်ပြုလုပ်ရန် တာဝန်ပေး၍ အပ်နှံခဲ့လေသည်။ ထီးတော်ကြီးကို လက်ပံတန်းမြို့မှ ဦးဘိုးလုံး၊ ရွှေတောင်မှ ဒေါ်ပု၊ ဆရာကျော်သန်း၊ ဒေါ်ရင်မေတို့ ထီးတော်အပြီး တာဝန်ယူ လှူဒါန်းခဲ့သည်။ ထီးတော်သယ်ယူ ပင့်ဆောင်ရေးအတွက် ဦးကျော်သန်း၊ ဦးသူတော်၊ ဦးလှရှိန်၊ ဦးမောင်လှိုင်၊ ဦးလေးမောင်၊ ဦးတင်ညွှန့်၊ ဦးချစ်တင်၊ ဦးကျော်မောင်တို့က တာဝန်ယူကြပါ၏။

၁၃၁ဂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ရက်နေ့တွင် ထီးတော်ကြီးကို ရွှေတောင်မြို့မှ သာရဝေါ-လက်ပံတန်း မီးရထား စင်းလုံးငှား၍ ပင့်ဆောင်တော်မူခဲ့ကြပါ၏။ ထိုနှစ် ကဆုန်လဆန်း ၅ရက်၊ ကြာသပတေးနေ့တွင် အရှိပ်၊ နိမိတ်၊ အတိတ်ဆောင်၍ ဘိသိက်တော်သွင်း ပူဇော်ကြပါတော့၏။

## ဆင်းတုငွေသား ရုပ်ပွားထီးတော်

ထီးတော်ကြီးသည် ငွေသားများနှင့် ပြုလုပ်ထားသလို၊ ရဟန္တာအရှင်သူမြတ်တို့၏ ရုပ်ပွားတော်များသည်လည်း ငွေသားများပင်ဖြစ်ကာ၊ ထီးတော် ဘုံဆင့်ကိုးဆင့် နဝင်းကြေ ဘုရားထီးမျိုးဖြစ်ပါ၏။ ထို့အတွက် ထိုထီးတော်၌ ကိန်းဝပ်တော်မူသည့် ရဟန္တာရုပ်ပွားတော်များနှင့် အလေးချိန်အား ဤသို့ ဖော်ပြထားပါ၏။

(၁) ပထမခွေ - အချင်း ၄၅လက်မ၊ လုံးပတ် ၇တောင် ၁၅လက်မ၊ ငွေသားရဟန္တာ ၂၀ဆူ။

(၂) ဒုတိယခွေ - ရုပ်ပွား ၁ဂဆူ၊ ငွေသားရဟန္တာ ၃ဂဆူ၊ ၇ပိဿာ ၆၀ကျပ်။

(၃) တတိယခွေ - ရုပ်ပွား ၁၆ဆူ၊ ၂ပိဿာ ၅၆ကျပ်။

(၄) စတုတ္ထခွေ - ရုပ်ပွား ၁၄ဆူ၊ ဉာဏ်တော် ၁၀လက်မ၊ ငွေသားရဟန္တာ ၃ဂဆူ၊ ၂ပိဿာ ၂၄ကျပ်။

(၅) ပဉ္စမခွေ - ရုပ်ပွား ၁၂ဆူ၊ ဉာဏ်တော် ၁၀လက်မ၊ ၁ပိဿာ ၉၂ကျပ်။

(၆) ဆဋ္ဌမခွေ - ရုပ်ပွား ၁၀ဆူ၊ ဉာဏ်တော် ၉လက်မ၊ ၁ပိဿာ ၃၀ကျပ်။

(၇) သတ္တမခွေ - ရုပ်ပွား ဂ-ဆူ၊ ဉာဏ်တော် ၉လက်မ၊ ၁ပိဿာ ၄ကျပ်။

(ဂ) အဋ္ဌမခွေ - ရုပ်ပွား ၆ဆူ၊ ဉာဏ်တော် ၉လက်မ၊ ၁ပိဿာ ၇ဂကျပ်။

(၉) နဝမခွေ - ရုပ်ပွား ၆ဆူ၊ ဉာဏ်တော် ၉လက်မ၊ ၁ပိဿာ ၅၂ကျပ်။

စုစုပေါင်း ရဟန္တာ (၁၀ဂ) ဆူ၊ ၁၇ပိဿာ ၉၆ကျပ်သားဖြစ်ပါသည်။ စိန်ဖူးတော်သည် ၇၀ ကျပ်သားနှင့် ငှက်မြတ်နားတော်သည် ၉၀ကျပ်သား၊ ဥဒေါင်းငွေချိန် ၅၀ကျပ်သား၊ ရွှေခြူး၌ စိန်ရတီ ၁၆၇စိန်တစ်ပွင့် စိန်ဖူးတော် ငှက်မြတ်နားတော်အလေးချိန် ၂ပိဿာ ၉၀ကျပ်သား၊ မြတ်စွာဘုရားဆင်းတုနှင့် ရဟန္တာရုပ်တု၊ စိန်ဖူးတော် ငှက်မြတ်နားတော် ဥဒေါင်းအလေးချိန်မှာ ၂၀ပိဿာနှင့် ဂ၆ကျပ်သားဖြစ်ပြီး ရွှေဆည်းလည်း အလုံး ၅၀လှူဒါန်းပူဇော်ထားပါသည်။ ရင်ပြင်တော်အကျယ် လေးဘက်လေးတန် ၃၉တောင်စီ၊ စေတီတော်အမြင့် ၄ဂတောင် ရှိပါသည်။

## ကမ္ဘာလေးကျွန်း ကျောက်တိုင်ကြီး စိုက်ထူပြီး ပူဇော်


၁၃၂၀ ခုနှစ်၊ ဓမ္မရဋ္ဌာရသ စေတီတော်မြတ်ကြီး၌



www.burmeseclassic.com

www.burmeseclassic.com

အနောက်မျက်နှာအရပ် ကိုက် ၆၀၀ အကွာ၌ အမြင့် ၄၀ တောင်ရှိ ကမ္ဘာလေးကျွန်း ကျောက်တိုင်ကြီးကို တည်ထားပြန်၏။ လောကနိယာမ အဘိဓမ္မာ ဓမ္မအဋ္ဌာရသ သိပ္ပပညာ၊ တြိဘဝ သုံးလောက သယံဇာတဖြစ်သည့် လေ၊ ရေ၊ မြေ ကျောက်၊ အောင်ဓာတ် လေးခု၏ လူ၊ တော၊ တောင်၊ ရေ မစွေ့ဓာတ်လေးခု၊ နေလ၊ နက္ခတ်၊ တာရာ၊ အတက်၊ အာကာသဓာတ်လေးပါး ပေါင်းစု၍ နိယာမ ကမ္ဘာတန်ဆာ ဖြစ်ပေါ်လာသည်။ ခိုင်လှမဖျက်၊ သတ္တဝါဝေနေယျ၊ ကမ္ဘာ့



လူသားအားလုံး အဆုံးမရှိ ချမ်းသာစေရန် ကျွန်းကြီးလေးကျွန်း ဖြစ်သော ဇမ္ဗူဒိတ်ကျွန်းတို့သည် အရှေ့ အနောက်၊ တောင်၊ မြောက် ကျွန်းကြီးများက မြင့်မိုရ်တောင်ကို ဦးခိုက်ကာ ကမ္ဘာ့ဖြစ်စဉ်က စ၍ ခေါ်တွင်ခဲ့သည်။ ထို့နောက် ကောင်းကင်ယံတွင် သက်တန့်ကဲ့သို့ အဆင်းရှိသည့် ဝိုင်းဝိုင်းစက်စက် ဝလုံးကြီးနှစ်လုံး ဆက်တိုက်ပေါ်ခဲ့၏။ ကျောက်တိုင်ကြီးထိပ်များ အနီရောင်ရဲရဲ သပိတ်လုံးခန့်ရှိ အလုံးကြီးနှစ်လုံး ဆက်တိုက် ပေါ်ခဲ့၏။ ကျောက်တိုင်ကြီးထိပ်များ အနီရောင်ရဲရဲ သပိတ်လုံးခန့်ရှိ အလုံးကြီးတစ်လုံးသည် ဝုန်း၊ ဒိုင်း၊ ဖြောင်းဟူသော မိုးခြိမ်းသံဗြောက်မက မြည်ဟိန်းကာ ဥပါဒ်ပျံ တော်လဲသံကြီးများ အရပ်လေးမျက်နှာ တုံဟီးရိုက်ခတ်လေ၏။ အလင်းတန်းကြီးသည်လည်း တောက်ပ၍ ကိုက် ၆၀၀/ ၇၀၀ခန့်ရှိ စေတီတော်ကြီးဆီသို့ လူးလားခေါက်ပြန် သုံးကြိမ်တိုင်တိုင် ကူးချည်သန်းချည် ပြုလုပ်ပြီး အာကာသသို့ မြည်ဟီးကာ ပျောက်ကွယ်ခဲ့ရသည်။

ဝါးတိုင်ထိပ်တွင် ငွေသားငွေမျှင် ပိုးခြည်နှင့် ရက်လုပ်ထားသော ဒေါ်နှစ်ကောင်ရုပ်ပါ အလံတော်ကြီး စိုက်ထူထား၏။ ထိုအလံတော်ကြီးမှာ ပုသိမ်မြို့တွင် ပြုလုပ်၍ ငွေသား ၂ပိဿာရှိ လက်ကိုင်ရိုး ၂နှင့် ပြုလုပ်ထားပါ၏။ ထို့နောက် ကျောက်တိုင်ထိပ် ဌာပနာတိုက်တွင် ရွှေနှင့် ရတနာပစ္စည်းများ ထည့်ထားသည့် ငွေဘူးကြီးနှင့်အတူ အလံတော်ထည့်သွင်း၍ ပန်းရထားပေါ် တင်ကာ ည ၁၀နာရီမှ ၁၁နာရီအချိန်အတွင်း သဗ္ဗဒွေဂါထာတော်အား ပရိသတ်များက ရွတ်ဆိုပူဇော်ကာ ဗျာဒိတ်ပေး မြတ်စွာဘုရား ၂၈ဆူသည် တစ်ကြိမ်လျှင် နှစ်ဆူကျ တင်လှူထည့်သွင်း ပူဇော်လိုက်ကြရပါတော့သည်။ ထို့နောက်မှာ ည ၁၂နာရီအချိန် ဌာပနာပိတ်ပွဲ ကျင်းပမှုကို အောင်ပွဲဆင် ရုပ်သိမ်းစေပါတော့၏။

ဘုရား၏ စနေထောင့်တွင် အလေးချိန် ၁၅ပိဿာရှိ တေဇာဘုန်းညွှန့် ဖယောင်းဆီမီးတိုင်ကြီးကို အမြဲမပြတ် ထွန်းညှိ ပူဇော်ထားပြီး ဆရာတော်ကြီးများက ပရိတ်တော်၊ ပဋ္ဌာန်းတော်၊ ဂါထာတော်များ ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြပါသည်။ ထို့နောက် ဆရာတော်ကြီး ဦးဣန္ဒာစရိယမှ ဤသို့ မိန့်ကြားတော်မူခဲ့၏။ ဆိဝါရုံအောင်မြေ ဓမ္မအဋ္ဌာရသ စေတီတော်နှင့် ပုံသဏ္ဍာန်တူ ဘုရားမျိုး နှစ်ဆူသာရှိ၍ တစ်ဆူမှာ နတ်တို့ ဝှက်ထားကြောင်း မိန့်ခဲ့ပါသည်။

## ထူးခြားအံ့ဖွယ် ဖြစ်ရပ်အသွယ်သွယ်

၁၃၂၁ ခုနှစ်၊ မိုးကျကာလဖြစ်သော နယုန်၊ ဝါဆိုလများတွင် ဘုရားကြီး ပရိဝုဏ်အတွင်း၌ မဏ္ဍပ်များ ဆောက်နေချိန် မိုးများ ရွာသွန်းပြီး ရေများ ဒလဟော ဝင်ရောက်လာ၍ မဏ္ဍပ်နေမည့် ပရိသတ်များ ရေလွတ်ရာသို့ ပြောင်းရွှေ့ကြရ၏။ ထို့နောက် ဆရာတော်က ငှက်ပျောတုံးများ ဖွဲ့ဖောင်ပြုလုပ်၍ ရှင်ဥပဂုတ္တ ရဟန္တာ ဖောင်မျှောပွဲကို ၇ရက်တိုင်တိုင် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဆီမီး၊ ပန်းများ ထွန်းညှိပူဇော်ပြီး ရှင်ဥပဂုတ္တအရှင်မြတ် ဂါထာတော်နှင့် ဘိသိက်တော်တို့ ရွတ်ဖတ်ပူဇော်ကြ၏။ ထို့နောက် ရှင်ဥပဂုတ္တဖောင်တော်အား မျှော်ချပြီး ရေများ တစ်မဟုတ်ချင်း ကျသွားပြီးနောက် သိမ်ရှိ သုမင်္ဂလာအောင်မြေအတွင်း မိုးများ သည်းထန်စွာ ရွာသွန်းတော်မူပါတော့၏။ ထို့နောက် တန်ဆောင်မုန်းလပြည့်နေ့တွင်



www.burmeseclassic.com

www.burmeseclassic.com

ကူအလှူကို အဝတ်အစားများ၊ ငွေစက္ကူများ၊ ဒင်္ဂါးများ၊ ရှာရှစ်ပါး ပုံသကူငွေထုပ်ကြီး ထုပ်၍ စွန့်ကြဲတော်မူခဲ့ ပရိသတ်များအားလုံး ထိုက်သင့်စွာ ရကြ၏။ ပုံသကူငွေထုပ်ကြီးအား မည်သူမျှ မရကြပေ။ မိုးကျသောအခါ သိမ်တော် အောင်မြေတွင် ပြန်လည်တွေ့ရှိ ရယူခဲ့ပါသည်။

၁၃၂၀ ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက်နေ့ ဓာတ်ကြီး ကျောင်းတော်ကြီးပေါ်၌ ဆရာတော် တရားဟောကြား အာဏာဘိသိက်ကျောင်းကြီးအမိုးပေါ်သို့ ကောင်းကင်ယံ ငွေဒင်္ဂါးများ အဖြိုင်ဖြိုင်ကျလာသံတို့ ကြားနေရ၏။ ပရိသတ်များ လိုက်ကောက်ကြရာ ရရှိခဲ့လေ၏။ ဓာတ်ကြီး ကျောင်း ဘုရားကျောင်းဆောက်နေသည့် လက်သမားများအား အားပေးစကားပြောပြီးနောက် "မင်းတို့တွေ ငွေမိုးရွာတာ မြင်ဖူးကြသလား။ အေး၊ မမြင်ဘူးရင် မကြာမီ ကျောင်းကြီးပေါ် ရွာလိမ့်မယ်။ မင်းတို့ လိုချင်ရင် ကောက်ကြပေါ့" ဟု ဆိုမိန့်ကာ ပြန်ကြွသွားလေ၏။ လက်သမားတို့လည်း မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် ရှိနေကြ၏။ ထို့နောက် မကြာမီ ငွေဒင်္ဂါးများ၊ ငါးမူးစေ့၊ ဆယ်ပြားစေ့များနှင့် ဓာတ်လုံးများပါ ရရှိလေ၏။

၁၃၂၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ရက်နေ့ ညနေ ၆နာရီတွင် ဗောဓိညောင်ရေသွန်းနေစဉ် ငွေဒင်္ဂါးများနှင့် ဓာတ်လုံးအရောင်မည်းမည်းများ ရွှေစေ့ကြီးပမာ ကျရောက်ခဲ့လေ၏။ အချို့ပုဂ္ဂိုလ်များ၌ ယနေ့တိုင် ရှိနေပါသေး၏။ ဓာတ်ကြီးပိုင်ကျောင်း ဆောက်နေစဉ် မဏ္ဍပ်ကြီး အလုံး ၂၁လုံးကို ဆောက်လုပ်ထားရ၏။ ထိုမဏ္ဍပ်ကြီးများသည် လေမတိုက်ပါဘဲ မီးတစ်ပြိုင်တည်း လောင်ကျွမ်းကာ ၁၅မိနစ် အတွင်း ပြာပုံအတိ ကျရောက်ခဲ့ရလေ၏။ ထိုမီးသည် မလှမ်းမကမ်း လယ်တီရွာမှ ဦးညိုကြီး+ဒေါ်ငွေကျင်တို့အိမ်သို့ ကျရောက် လောင်ကျွမ်းသည်မှလွဲ၍ အခြားအိမ်များကို ကူးစက်လောင်ကျွမ်းခြင်း မရှိခဲ့ပါ။ ထို့နောက်မှာ အသက် ၇၀ကျော်ခန့် အဘွားအိုကြီးတစ်ဦး ရောက်ရှိလာပြန်၏။ ထိုအဘွားကြီးသည် ပဲခူးမှဖြစ်ကြောင်း သိရ၏။ နှာနုတ်သီးစိတ်များ ဆရာတော်ထံ ကပ်၏။ ဆရာတော်က လက်ခံပြီး အနီးရှိ ဘီရိုပေါ် တင်ထား၏။ ဘုဉ်းပေးခြင်း မပြု။ ညနေ ၃နာရီခန့်တွင် မေးလျှောက်သည့်အခါ···

"တပည့်တော်မ ယူလာတဲ့ နှာနုတ်သီး ဘုဉ်းပေးပြီးပြီလား ဘုရား"

"မစားဘူး။ ကျုပ်စားလည်း ဘာမှမဖြစ်ဘူး။ ခင်ဗျား အပါယ်ကျမှာစိုးလို့"

ဟု မိန့်၏။ ထိုအခါ အဘွားကြီးက···

"ငါ့သား ဒီလောက်တော်မယ် မထင်ဘူး။ မံသမျက်စိ မမြင်ပေမယ့် ပညာမျက်စိ မြင်နိုင်အား ရှိတာပဲ။ ဒါကြောင့် ငါ့သားရဲ့ ပါရမီကို ကူညီပြီး အမေ ဒီမှာ တစ်လလောက် နေသွားမယ်။ စောင့်ရှောက်ပေးမယ်"

ဟု ပြောပါ၏။

ဓမ္မအဋ္ဌာရသ သာသနာအောင်ပွဲကြီး ကျင်းပရာ သိဝါရုံ သုမင်္ဂလာအောင်မြေတွင် မီးလောင်မြေပေါ်၌ မဏ္ဍပ်များ တစ်ခဏချင်း ထိုးကြရ၏။ အနောက် ပစ္ဆိမာရုံမဏ္ဍပ်၊ တောင် ဒက္ခိဏာရုံ မဏ္ဍပ်၊ ဂိုဏ်းကျောင်းကြီးအရှေ့ဘက်၌ ထီးတော်ရုံ မဏ္ဍပ်၊ မြောက်ဘက်၌ သံဃာတော်များ သီတင်းသုံးရာ မဏ္ဍပ်၊ ရန်ကြီးအောင် လေးကျွန်းကျောက်တိုင်ကြီးအနီး ဟာသီတ မဏ္ဍပ် စသည့်ဖြင့် မဏ္ဍပ် ၂၁ခု ထိုးခဲ့ပါ၏။

ဘူတာ မရှိသေး၍ ထိုအချိန်က ရှေ့ပြေး ရထားနှင့် ပြေးဆွဲပြီး နောက်မှ လူစီး ရထားမောင်းရ၏။ ရထားလမ်းတွင် ဖုံးကြဲ၊ မိုင်းထောင်၊ ဓားပြတိုက်သည့်အချိန်ဖြစ်၍ ညကြည်တိုတွင် ရထားရပ်ခွင့် မပြု။ ထို့နောက် ရထားမောင်းသူများက အရှိန်သတ်ပေးပြီး ပွဲတော်လာ ခရီးသည်များကို အတက်အဆင်းပြုလုပ်စေ၏။ အချို့လည်း ဇီးဖြူကွင်းမှ ၅မိုင်ခန့် ခြေလျင်လျှောက်လာရ၏။

တစ်ညနေ၌ ရထားလမ်းပေါ်တွင် ဖြူဖြူအရိပ်သဏ္ဍာန် အကောင်ကြီး အိပ်နေသည်ကို ရထားမောင်းသူက မြင်၍ ရထားဥသြ အကြိမ်ကြိမ်ဆွဲခဲ့၏။ သို့သော် ထိုအကောင်ကြီးသည် မတ်တတ်ရပ်နေရာ ထန်းပင်ကဲ့သို့ မြင်ရပြီး ရထားမောင်းသူက ဆရာတော်ကျောင်းသို့ ပြေးလာကာ လျှောက်တင်ခဲ့၏။ ထိုစက်ခေါင်းမောင်းသမားသည် ပန်ချာပီလူမျိုးဖြစ်၏။ နောင်တွင် ဆရာတော်၏ မေတ္တာရပ်ခံချက်ကြောင့် ထိုအကောင်ကြီး ပျောက်သွားတော့၏။ ယခုအခါ ကြည်တိုရွာ၊ ကြည်တိုဘူတာဟူ၍ ဖြစ်ပေါ်လာရ၏။ ထိုဘူတာနေရာမှ ရွာထဲသို့ မိုင်ဝက်ခန့် ဝေးကွာနေ၏။ ထိုလမ်းကို ဆရာတော်ကြီးက ပွဲတော်လာ ဒကာ၊ ဒကာမများ တစ်ယောက်လျှင် မြေတစ်ခဲကျ သယ်ယူခိုင်း၍ အကျယ်အတောင် ၂၀နှင့် အမြင့် ၃တောင်ခန့်၊ အရှည် မိုင်ဝက်ခန့်ရှိမည့် လမ်း–အား တစ်နေ့တည်း အပြီးဖောက်လုပ်နိုင်ခဲ့၏။ ထိုလမ်းသည် "ရွှေဘုံသာလမ်း" ဟု အမည်တွင်၍ လမ်းဘေးဝဲယာ ယူကလစ်နှင့် ပျဉ်းမပင်များ စိုက်ပျိုးထားပါသည်။ ယနေ့ဆိုလျှင် ကျောက်ပြားများ သပ်ရပ်စွာ ခင်းထားသည်ကို တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မဟာမြိုင်ရဂုံ နန်းလောကဘုံစခန်း ဖြစ်ရပ်အံ့မခန်း

ဓမ္မအဗ္ဗာရသ သာသနာ့အောင်ပွဲကြီးကျင်းပရာ ဗဟိုရ်ချက် မြိုင်သုံးဆယ် မဏ္ဍပ်ကြီး၌ သိဒ္ဓိပေါက် ဝိဇ္ဇာကြီးတို့ ပျော်စံရာ ရဂုံနန်း ရုပ်စုံပန်းချီကားချပ်ကြီးများကို ဟသ်ာတမြို့မှ ပန်းချီကျော် ပန်းချီဆရာ ရှိန်ကို ရေးဆွဲစေခဲ့၏။ ရေမြေတောတောင် ပန်းမာလ်များ အပွင့်အဖူး အသီးအရွက်စုံစွာနှင့်အတူ ရေတံခွန်စိမ့်စမ်းအသွယ်သွယ်တို့တွင် သားရဲတိရစ္ဆာန်များ၊ ကျေးငှက်သာရကာများကို ရေးဆွဲစေခဲ့၏။ ဆရာတော်က မည်သည့်တိရစ္ဆာန်ပုံကို ဆွဲဆွဲ ဖိုနှင့် မတို့ အားလုံးသဘာဝအတိုင်း အင်္ဂါစုံ ရေးဆွဲစေရမည်ဟု မိန့်ပါ၏။ ဆရာရှိန်သည် ပန်းချီလက်ရာများ ဖကာတိစုတ်ချက်၊ ဆေးရောင်တို့ လိုက်ဖက်ညီစွာ ရေးခြယ်၏။ ကြည့်သူတိုင်းက တောထဲတောင်ထဲ ရောက်နေသည့်အတိုင်း အံ့သြရ၏။ လက်ဖျားခါရ၏။ အားလုံးရေးဆွဲပြီး ပန်းချီကားအား ဆရာတော်ထံ အပ်၏။

"မင်းပန်းချီကားမှာ အင်္ဂါမစုံတဲ့ ပုံရှိတယ်။ ရှာထည့်ဦး"

ဟု မိန့်ပါ၏။ ပန်းချီရှိန်လည်း အမျိုးမျိုးရှာရာ မတွေ့။ လက်မြှောက်လေတော့၏။ ထိုအခါ ဆရာတော်က -

"ခွေးခြေတစ်လုံးယူခဲ့၊ ဟောဒီမှာ ချ။ ဟိုမျှောက်မှာ အထီးအင်္ဂါမှ မရှိတာ"

ဟု လက်ညှိုးထိုးပြတော့ ဆရာရှိန် အံ့သြခြင်းနှင့်အတူ ဆရာတော်အား ထိုင်၍ အကြိမ်ကြိမ်ရှိခိုးမိလေတော့၏။

"တပည့်တော်ပညာနဲ့ ပကတိ မျက်စိမမြင်ဘူး ဘုရား။ အရှင်ဘုရားက မြင်တယ်။ တပည့်တော်အမှားကို ခွင့်လွှတ်တော်မူပါ ဘုရား"

ဟု အကြိမ်ကြိမ်တောင်းပန်ရှာလေတော့၏။

တစ်နေ့လျှင် ပရိသတ် ဂ-သောင်း/၉သောင်းကျော် လာရောက်၍ ဆန်အတင်း ၂၀၀မှ ၃၀၀အထိ မီးမပြတ် ချက်ပြုတ်ကျွေးမွေးရ၏။ ထိုဆန်များကို ဇီးဖြူကုန်းပတ်ဝန်းကျင်မှ လာရောက် ရောင်းချကြ၏။ ထိုဆန်ဖိုးငွေကို ဆရာတော်မှ ကေသီသက်န်းအတွင်း လက်နှိုက်၍ ငွေစက္ကူများ ပေးချေ၏။ မည်သူမှ မကျန်စေရ။ ကုန်သွားသည် မရှိပါ။

တစ်နေ့တွင် ဆန်နည်းသွားသောကြောင့် ဆရာတော်ကြီးအား ဝေယျာဝစ္စအဖွဲ့က လျှောက်တင်ရာ လိုက်ကြည့်ပြီး "ဆန်တွေ အများကြီးရှိတာပဲ။ လောက်ပါတယ်"ဟု မိန့်ပြီး လက်နှင့် နှိုက်၍ မွှေပေးလိုက်ရာ ထိုလက်ကျန်ဆန်ကို ချက်ကျွေးရာမှာ လူ ၈၀၀ကျော်အထိ ကျွေးနိုင်သည်။ ထို့နောက် ဇီးဖြူကုန်းဘက်မှ ဆန်အိတ်များ ဝယ်၍

ပွဲတော်လာ ပရိသတ်တို့က သယ်ပို့ကြရာ ထို ၅မိုင်ခန့်လူတန်းစီ၍ အိတ်ငယ်များနှင့် လက်ဆင့်ကမ်း သယ်၍ကျောင်းအရောက် သယ်ယူခဲ့ရာ ခဏချင်းပင် တင်း ၃၀၀ကျော် ရောက်ခဲ့၏။ ထို့ကြောင့် အနယ်နယ် အရပ်ရပ်မှဘုရားဖူးလာ ပရိသတ်များတို့က ဆရာတော်ဘုရား၏ ပါရမီဖြည့်၍ ထိုမြေစိုက် မဏ္ဍပ်တွင် နေထိုင်ကြပြီး ပရိတ် ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ကာ စတုဒိသာ ထမင်းဟင်းများ အချိန်မရွေးစားသုံးပြီး သာသနာပြုနေကြ၏။ အချို့သည် ရွာသို့ မပြန်တော့ဘဲ ထိုဒေသ၌ ကိုင်းပင်၊ ချုံပင်များ ရှင်းလင်း၍ အိမ်ဆောက်၊ တဲထိုး၊ လယ်လုပ်ရင်း ဆရာတော်ဘုရား၏ ငါးမည်ဘုရားထီးတော်ရိပ်အောက် ခိုလှုံ၍ ဘေးမသီ ရန်မခ နေကြရာမှ တဖြည်းဖြည်း ရွာကြီးတစ်ရွာဖြစ်လာခဲ့လေ၏။

ထိုအချိန်က ဆရာတော်အား ပါရမီဖြည့် ကူညီခဲ့သောတပည့်ရင်းများတွင် သက်ရှိထင်ရှား ကျန်နေခဲ့သူ ဦးပွား၊ ဦးကျော်ရင်၊ ဦးခင်မောင်(ပျူစောထီးတပ်သား)၊ ဦးညွန့်မောင်(ဘူတာလက်မှတ်ရောင်း)နှင့် ယခု သီဝါရုံ ဆရာတော်ကြီးဘဒ္ဒန္တပညာသီရိတို့နှင့်အတူ ပရိတ်အဖွဲ့ခေါင်းဆောင် ဒေါ်အုန်းရင်တို့လည်း ကျန်ရှိပါသေး၏။

ထိုပရိတ် ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲသည် အဖွဲ့ ၄ဖွဲ့ဖြစ်ပါ၏။ အလှည့်ကျ ရွတ်ဖတ်၍ တစ်နာရီ တစ်ကြိမ်ပူဇော်ကြပါ၏။ ဆရာတော်ကြီးက သူ့ထံ ခိုလှုံသူများကိုသတ္တခတ္တုံ ဓာတ်လုံးလက်စွပ်များ ပြုလုပ်စေခဲ့၏။ ထို့ကြောင့်ယနေ့အထိ ထိုရွာတစ်ရွာလုံး ကြေးပန်းတိမ်များ ပြုလုပ်နေသည်ကို တွေ့ရပါသည်။

ညောင်ပိုင်းတွင်လည်း ဆရာတော်ဘုရားကြီး ရုပ်ပွားတော်များ တည်ထားခဲ့၏။ ထို့နောက် ထိုရွာတွင် ရထားလမ်းဘေး မြှုပ်နှံခဲ့သည့် အလောင်းများကို ဖော်၍ စေတီတည်ထားပြီး ထိုစေတီကို "လွမ်းစေတီ"ဟု အမည်မှည့်ခေါ်၍ မင်္ဂလာကန်တော် မြေနေရာကို သတ်မှတ်ခဲ့ပြီး ယခုအခါ အမှတ်(၄) မူလတန်းကျောင်း ဆောက်လုပ်ခဲ့ပါ၏။

## လောကဘုံစခန်းမှ မဟာမြိုင် ရဂုံနန်းသို့ ခန္ဓာဝန်ချတော်မူ

လောကနိယာမ အဘိဓမ္မာ ဓမ္မရသ သိပ္ပလေးဂိုဏ်းပိုင် ညွှန်းစေရေး ပညာဒီပ ဉာဏတံခွန် ဆရာတော် ဦးကုဏ္ဍစရိယ ဆရာတော်ကြီးထံတွင် ဓာတ်ပိုင်းဆရာတော် လေးပါးရှိ၏။ ပထမ ဦးသုစိတ္တ၊ ဒုတိယ ဦးမေဓာဝီ၊ တတိယ ရှင်းတိုက်ကုန်း၊ စတုတ္ထ ဦးနန္ဒတို့ ဖြစ်ပါ၏။ ၎င်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဘို့က -

"ဆရာတော် ဒီလောက် အပင်ပန်းမခံပါနဲ့။ အလုပ်အားလုံးပြီးနေပြီပဲ။ ဘာလို့ ဆက်အပင်ပန်းခံ နေတာလဲ"

ဟု လျှောက်ထားရာ…

"အချိန်မှ မကျသေးတာပဲ ဘုရား။ တပည့်တော်ကြိုးစားနေရဦးမှာပေါ့ ဘုရား"

ဟု ဖြေတော်မူခဲ့၏။

၁၃၃၃ ခုနှစ်၊ တပို့တွဲလဆန်း ၈-ရက်နေ့၌ ပထမဓာတ်ပိုင်၊ မရေးမနှောင်း ဒုတိယဓာတ်ပိုင် သိဒ္ဓိပေါက် ဝိဇ္ဇာတို့ ပျော်မြူးရာ လောကီဘုံစခန်းသို့ ခန္ဓာဝန်ချ ထွက်ခွာခဲ့ပါတော့၏။ ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့သို့ ကြွရောက်၍ ရွှေတိဂုံစေတီတော်မြတ်အား ဖူးမြော်ကြည်ညိုနေစဉ် ဝတ်ဖြူဝင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီးအား တွေ့ပြီး၊ ထိုပုဂ္ဂိုလ်ကြီးမှ -

"ဆရာတော်က အရင်ထွက်ရမှာ၊ ဘာကြောင့် ဓာတ်ကြီးပိုင်တွေက အရင်ထွက်နေပါသလဲ"

ဟု လျှောက်၏။ ဆရာတော်က ပြန်မဖြေခဲ့ပေ။ ထို့နောက် ကျောင်းပြန်ကြွပြီး ဘုရားအား ရွှေသင်္ကန်းကပ်စေ၏။

"မင်းတို့ ရွှေသင်္ကန်းကပ်လို့ မပြီးသေးဘူးလား"

ဟု အကြိမ်ကြိမ်မေးခဲ့ပါ၏။ ထိုနှစ် တပေါင်းလမှာ -

"မင်းတို့ ပွဲကြီးပွဲကောင်းနှင့် တွေ့ကြရလိမ့်မယ်။ နောင်ဆိုရင် မင်းတို့ ဒီပွဲမျိုး ဘယ်တော့မှ တွေ့ကြုံရမှာ မဟုတ်ဘူး။ ဒီတပို့တွဲ ရောင်သွေလွဲရင်၊ သင်လည်း ဒီလိုကပ်ထဲလျှိုလိမ့်မယ်"

ဟု တဘောင်ကို ရွတ်ဆို မိန့်ကြားနေစဉ် ဆရာတော်၏ ကျန်းမာရေးကောင်းနေပါ၏။

၁၃၃၃ ခုနှစ်၊ တပို့တွဲလဆန်း ၂ရက်နေ့ ဆရာတော် ကျန်းမာရေး ကောင်းနေဆဲပါ။ သို့သော် စေတီတော်ကြီး ရွှေသင်္ကန်းကပ်ခြင်း ပြီးဆုံး အောင်မြင်ကြောင်း ကြားသိလေ၏။ နောက် ရက်တရက် မူးတယ်ဟု မိန့်ကြားပြီး ဘုရားခန်းရှေ့တွင် ဖျာပေါ်၌ ဆရာတော် လျောင်းနေတော်မူစဉ် စကားလည်း လုံးဝ မပြော၊ မိန့်ကြားခြင်း မရှိတော့။ ရန်ကုန်မြို့မှ တပည့် ဆရာဝန်ကြီး ဒေါက်တာ ဆင်ဖိုးထံ အမြန်သွားပင့်စေရာ တပို့တွဲလဆန်း ၅ရက်နေ့ည ၂နာရီအချိန် တစ်ဘဝ တစ်ခန္ဓာ ဝန်ချတော်မူ၍ ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းစေခဲ့ပါ၏။

ဥတုရုပ်ကလာပ်ကို အန္တိမ အဂ္ဂိစျာပနကျင်းပ သင်္ဂြိုဟ်ကြလေ၏။ ဓာတ်ကြီးပိုင်း ဆရာတော်တို့ ပျံတော်မူစဉ်က အစီအမံပြုလုပ် ညွှန်ကြားတော်မူခဲ့သည့်အတိုင်း နောက်ကျောနွေးအောင် မထားရ။ သေတ္တာခေါင်းမသွင်းရ။ ဝါးရင်းဖြင့်ပတ်၍ ရွှေထီးမိုးပြီး သယ်ဆောင်ကာ မီးသင်္ဂြိုဟ် အရိုးပြာကောက်ယူပြီးနောက် "လွမ်းစေတီ" တည်ထားတော်မူပါတော့၏။

ယနေ့ဆိုလျှင် နှစ်ပေါင်း ၇၀ကျော်ကာလ ကြာမြင့်ခဲ့ပါ၏။ ထိုသီဝါရုံကျောင်းတိုက်၏ သာသနိကအဆောက်အအုံများနှင့် ငါးမည်ရ ငါးဘွဲ့ခံ စေတီတော်ဖြစ်သော ကမ္ဘာ့ရန်ပြေ၊ မာန်ပြေ၊ မောပြေ၊ ပန်းပြေ၊ အမျက်ပြေ စေတီတော်အား တပည့်ရင်းဖြစ်သူ ဆရာတော် ဘဒ္ဒန္တပညာသီရိမှ ဆက်လက်၍ သာသနာပြုလုပ်ငန်းများ ဖွံ့ဖြိုးဝေစည်ရန် မြတ်ဗုဒ္ဓ၏ အလိုတော်ကျအတိုင်း စီမံဆောင်ရက်နေပြီဖြစ်ပါ၍ လက်ပံတန်းမြို့နယ်၊ ကညင်တိုကျေးရွာအုပ်စု အောင်မြေရွာသို့ တစ်ခါတစ်ခေါက်သွားရောက် ဖူးမြော်၍ သာသနာအကျိုးသယ်ပိုးကြပါရန် လေးမြတ်စွာ ဖိတ်ကြားရင်း နှုတ်ခွန်းဆက်သ ဂါရဝ ပြုလိုက်ရပါတော့သည်။

* * *

မင်းတိုင်းပင်(မြရောင်ခြယ်)



www.burmeseclassic.com

www.burmeseclassic.com

# သမ္ဘရာယ မင်္ဂလာဂါထာ

(သို့)

# တစ်ထောင်တာန်ဂါထာ

အမျိုးလှ



မရှိးနိုင် မအီနိုင်သော ဇနီးသည်၏ မွေးရပ်မြေသို့ ခရီးတစ်ပတ်ထွက်ရန် အကြောင်းက ဖန်လာသည်။ မသွား၍လည်း မဖြစ်။ သာရေးဆိုက အကြောင်းပြချက်များစွာနှင့် ရှောင်တိမ်းနေ၍ရသည်။ ယခုတော့ ဇနီးသည်၏ မိခင်ကြီး အသက် ၈၀၏ နာရေးကိစ္စဟု သိရသည်။ ထိုနာရေးတွင်လည်း ဇနီးသည် ညီကိုမောင်ဘွား စုံစုံလင်လင်ရောက်ကြမည်။ အတောက်အလက် စုံလင်သောအချိန်သို့ ရောက်ကြသည့် သားသမီးမျုးက သျှောင်နောက် ဆံထုံးပါ ဆိုရိုးစကားအတိုင်း မိခင်ကြီး၏ ရင်ခွင်တံခါးဖွင့်၍ အသီးသီးခွဲထွက်သွားကြသည်။ ဝေးလံခေါင်းပါး ကွဲကွာခြင်း။ အနေဝေးခြင်းတော့ မဟုတ်။ တစ်နေ့ခရီးများသာ။ အကွာအဝေး ခပ်လှမ်းလှမ်းများတွင်သာ နေကြသည့် သားသမီးများမို့ သွားချည်လာချည် လုပ်နိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ခပ်ဝေးဝေးနေရသည်မှာလည်း ဇနီးသည်၏ အချင်းအငယ်ဆုံး သမီးအပျိုကြီးက ယခုသေသည်အထိ စောင့်ရှောက်ထားသည်။ ကျောင်းဆရာမပီပီ စည်းကမ်းသည်လည်း ကြီးပါ၏။ စနစ်ကလည်း ကျပါသည်။ မြင်သမျှ သူတပည့်မှတ်ကာ ဆုံးမ ဩဝါဒစကား အမြဲ ဆိုတတ်ရှိသည်။ သူ့ နားမလည်သည်က သူထက် အသက်ကြီးသူများ သူထက် ပညာတတ်များဟု သူ မသိ။ ယုတ်စွအဆုံး သူတော့ တူမတွေကို ဆုံးမရင်လည်း "မင်းတို့အဖေ၊ အမေတွေကို ငါက လမ်းညွှန်ပေးနေတာ"တဲ့လေ။ အဲသည်တော့ အိမ်မျိုး၊ နေရာမျိုးကို အမျိုးလှ ရှောင်ရှားတာ မများပါဘူး။ ခုတော့ နာရေးမို့ မြန်မာ့မီးရထား(ရန်ကုန်-မော်လမြိုင် အထူးအမြန်)ဖြင့် မိသားစု ၅ဦး ခရီးထွက်ခဲ့ရသည်။

အထူးဆိုသော ဝေါဟာရစကားသုံး၍ သတ်မှတ်ထားသော်လည်း အတော်ကလေး စိတ်မကောင်းစရာ။ အမိနိုင်ငံ၏ ဂုဏ်သိက္ခာကျဆင်းမည်ကိုလည်း ရှက်မိသည်။ ယနေ့ မြန်မာ့ကုန်တိုင်းဒေသကြီးတွင် မော်တော်ယာဉ်(ခရီးသွား)ကြီးများ၏ အထူးယာဉ်အဖြစ် သတ်မှတ်ထားသည့် ခရီးစရိတ် အထူးပေးရသော်လည်း ခရီးသွားရသည့်၊ စီးနင်းရသည့်အခါ ကျပ်ညပ်မွန်းသိပ်ခံရသည့် ဒဏ်၊ ယာဉ်နောက်လိုက်များ၏ ရိုင်းသော စကားလုံးကြီးများကလည်း ကြောက်ရွံ့ မုန်းတီးဖွယ်ရာဒဏ်များ နေ့စဉ်နှင့်အမျှ ခံစားကြုံတွေ့နေရသည်။ သွား၍လည်း မဖြစ်။ ဝမ်းရေးငါးထွာအတွက် အလုပ်ဆိုသော အလုပ်စခန်းဆီသို့ နေ့စဉ် သွားလာလှုပ်ရှားနေရသည်။

ယခုလည်း အထူးအမြန်ရထား(မော်လမြိုင်)ကို စီးသွားသည်မှာလည်း ဆန်ကောထဲ ဆီးဖြူသီးထည့်လှိမ့်သလို ဘယ်-ညာယိမ်းတိမ်းယိမ်းနွဲ့ပါးလေရဲ့။ သည့်ထက် အဆိုးရွားသည် ခရီးမဆုံးသေး၊ ရေအိမ်၌ ရေလုံးဝမလာ။ ခရီးတစ်ခေါက်မကသွားတိုင်း အမြဲတမ်း ကြုံရသည့်ဘဝ။ အတိတ်ဘဝက ရေလှူဒါန်းမှု နည်းခဲ့၍လား မသိ။ နိုင်ငံခြားသားများဆိုလျှင် အတော်ကလေး မျက်စိပျက် မျက်နှာပျက် တွေ့ခဲ့ရသည်။ ထားပါလေ။ အခုတော့ မြန်မာ့မီးရထားအနေနှင့် ဇလီဖားတုံးအသစ်၊ သံလမ်းများ အသစ်လဲလှယ်နေပါပြီ။ ရထားတွဲများလည်း နိုင်ငံခြားမှ ရောက်ရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါပြီ။ နောက် ခရီးစဉ်များတွင်တော့ အားလုံးအဆင်ပြေ ချောမွေ့သွားမည်ဟု တစ်ထစ်ချ ယုံကြည်မိပါသည်။

♦♦♦

အမျိုးလှ မိသားစုနာရေးအိမ် ဝင်လိုက်သည်နှင့် ကြိုရောက်နေကြသော ဇနီးသည်၏ ညီအစ်ကိုမောင်နှမများက အားရဝမ်းသာဖြင့် ကြိုကြသည်။

"မမကြီးနဲ့ ကိုကိုကြီး မိသားစုရောက်ပြီဟေ့"

ဟု ပြောပြောဆိုဆို ခရီးဆောင်ပစ္စည်းများ သယ်ယူပေးသူက ပေး၊ အိမ်ပေါ် ဆွဲတင်သူက တင်နှင့်၊ ဆွေမျိုးမောင်နှမများတော့လည်း တစ်မျိုးကြည်နူးစရာပင်။ ကွယ်လွန်သူ မိခင် ယောက္ခမကြီးအလောင်းကိုတော့ ရွာခလေ့အတိုင်း ချက်ချင်းမြေမြှုပ်ရသည်မို့ ကန်တော့ချင်လျှင် သင်္ချိုင်းသို့ သွားရောက်ကန်တော့ရသည်။ ရွာခလေ့မို့ အပြစ်မဆိုသာ။ ဇနီးနှင့်အတူ မိခင် ယောက္ခမ မြေပုံသို့ သွားရောက်ကန်တော့ပြီးမှ ဆွေမျိုးသားချင်းများနှင့် အေးအေးလူလူ ရေးဟောင်းနှောင်းဖြစ်များ စကားဆိုခွင့်ရခဲ့လေသည်။

"အစ်ကိုကြီး ကြည့်ရတာ စိတ်ချမ်းသာတယ်ထင်တယ်၊ ဝလို့ လှလို့ပါလား"

"ဟာ…ငါ့ယောက်ဖက မြှောက်နေပြန်ပြီ။ မင်းတို့ အစ်မကြီးက လိုအပ်တာ ပြုစုနေလို့ပါကွာ"

"အလကားပေ့ါ၊ ငါ့ကို ဖားပြီးပြောနေတာ။ သူ့အလုပ်နဲ့ သူ မနိုင့်တနိုင်လုပ်နေရင်းနဲ့ ဝနေတာဟေ့"

"မမကြီးကလည်း အစ်ကိုကြီးက ဘယ်လို မနိုင့်တနိုင် လုပ်နေတာလဲ"

"အလုပ်က ဖြေနာရီမှ ဆင်းရတယ်။ အလုပ်ဆင်းတာနဲ့ ဘုရားတက်၊ အဓိဋ္ဌာန်ပုတီးစိပ်တဲ့ အလုပ်က နေ့စဉ်ပဲပေ့ါ။ အိမ်အလုပ်ကို ဘာမှကို မကူဘူး။ ငါ့ဈေးဆိုင်ကို ငါနဲ့ ကလေးတွေပဲ ရောင်းနေရတယ်"

"အို…မမကြီးကလဲ၊ ကိုကြီးက အရက်ဆိုင်သွားတာမှ မဟုတ်တာ။ မမကြီး ဈေးရောင်းကောင်းအောင်၊ စီးပွားတက်အောင် လုပ်ပေးတာပဲ"

"အေး…အေး၊ နင်တို့ယောက်ဖဘက်က ထောက်ခံကြ၊ ထောက်ခံကြ။ ငါ ဘာမှမပြောတော့ဘူး"

ပြောပြောဆိုဆို စကားဝိုင်းမှ ထွက်သွားသည်ကို အားလုံးက ရယ်မောလျက် ကျန်ရစ်ခဲ့ကြသည်။

"အစ်ကိုကြီး"

"ဘာလဲ ဆရာမကြီးရဲ့"

"အစ်ကိုကြီးနော်၊ ညီမက ဆရာမကြီး မဖြစ်သေးဘူး၊ ဆရာမကြီးလို့ မခေါ်နဲ့။ ရာထူးမတက်လို့ စိတ်ညစ်နေရတဲ့အထဲ"

"အောင်မလေး…ခယ်မရယ်၊ နင်ဟာလေ အားလုံးကို ဆရာလုပ်ဖို့တော့ တတ်တယ်။ နင် ဒါလေးတော့



www.burmeseclassic.com

www.burmeseclassic.com

မသိဘူးလား"

"ဘာများလဲ အစ်ကိုကြီး"

"ဟိုမှာလေ၊ နင်တို့ရဲ့ ခေါင်းရင်း ဘုရားစင်အောက်မှာ ချိတ်ထားတဲ့ ပြက္ခဒိန်လေးမှာ ဂါထာလေးတစ်ပုဒ်လေ"

"အဲသည် ဂါထာက ဘာဂါထာမျိုးလဲ"

"သဗ္ဗဇယမင်္ဂလာဂါထာလည်း ခေါ်တယ်။ ဒိဝါတပတိ ဂါထာလို့လည်း ခေါ်တယ်"

"အဲသည်ဂါထာရဲ့ အစွမ်းနဲ့ ဘယ်တုန်းက ပေါ်ပေါက်ခဲ့တာလဲဆိုတာ အစ်ကိုကြီး ကြုံကြိုက်တုန်း ရှင်းပြပေးပါဦး"

"သိဟိုဠ်ကျွန်း ဘာတိကမင်းလက်ထက် ပညာရှိ အမတ်တစ်ဦးဟာ မင်းတရားကြီးက ပိဋကသုံးပုံထဲက ရတနာသုံးပါးလုံး ပါတဲ့ ဇယမင်္ဂလာဆောင်ခြင်း ဂါထာတစ်ပုဒ်ကို ရွတ်ဆိုခိုင်းတော့ အဲသည် ဒိဝါတပတိဂါထာကို ရွတ်ဖတ်ပူဇော်တယ်လေ။ မင်းတရားကြီးလည်း ပညာရှိ အမတ်ကို ဆုတော်ငွေတစ်ထောင် ဆုချလိုက်တယ်"

"အဲသည်ဂါထာက နေ့စဉ် ရွတ်ဖတ်ပူဇော်မယ်ဆိုရင် အရာခပ်သိမ်း လောကီ၊ လောကုတ္တရာ ကျက်သရေမင်္ဂလာ တိုးတက်စေနိုင်တယ်။ ဥစ္စာစီးပွား ကြီးပွားတိုးတက်ပြီး ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပြီး အရာရာကို အောင်မြင်တယ်။ အထူးသဖြင့် ညီမလေးတို့ အစိုးရဝန်ထမ်းတွေ အလိုချင်ဆုံး ရာထူးတိုးဖို့အရေး၊ အထက်လူကြီး မျက်နှာသာပေး မြှောက်စားခြင်းကို ခံစားရတဲ့ ဂါထာကောင်းတစ်ပုဒ်ပေါ့။ ဟိုပြက္ခဒိန်လေးကို ဖြုတ်လိုက်"

ခယ်မလေး ကျောင်းဆရာမသည် ဘုရားစင်အောက် ချိတ်ဆွဲထားသော ပြက္ခဒိန်အညိုရင့်ရင့်ကလေးကို ဖြုတ်ကာ ရှေ့သို့ တိုးပေးပြီး...

"ကဲ - အဲသည်ဂါထာကို အစ်ကိုကြီး ဆိုပြမယ်"

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိံ မာတာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယောတပတိ၊ ဈာယီတပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

"အစ်ကိုကြီး အဲဒါတော့ အမေရွတ်နေတာ ကြားဖူးတယ်။ ညီမလေးတော့ တစ်ခါမှ မရွတ်ဖူးဘူး။ ဂါထာရဲ့ အနက်အဓိပ္ပာယ်ကိုရော ပြောပြနိုင်လား"

"ဟာ...ဒီဆရာမ အပျိုကြီးကတော့၊ ငါ့ကိုတော့ ရေနွေးကြမ်းမပေးဘူး၊ ငါ မောလှပြီဟ"

"ဟာ...ကန်တော့ ကန်တော့။ ဟဲ့ - တူတော်မောင်တွေ သွား...သွား ရေနွေးကြမ်းဖန်း အမြန်ယူခဲ့။ အစ်ကိုကြီးရယ် စိတ်မဆိုးပါနဲ့နော်၊ ရောက်တုန်းလေးမှာ အားကိုး ရတာပါ"

"အဲဒါနဲ့ပဲ ငါ ကျေနပ်ပြီး ပြောပြရတော့မှာပေါ့။ ဂါထာရဲ့ အနက်အဓိပ္ပာယ်က -

ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းသည် ထွန်းလင်းတောက်ပပြီး လမင်းကြီးသည်လည်း ညဥ့်အခါ၌သာလျှင် ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုး ငါးပါး ကင်းစင်မှသာလျှင် ထွန်းလင်းတောက်ပနိုင်ပြီး ရေမြေသနင်း ပြည့်ရှင်မင်းသည်လည်း မင်းမြောက်တန်ဆာကို ဝတ်ဆင်မှ သာလျှင် မင်းတို့ကျက်သရေ ထွန်းလင်းတောက်ပနိုင်သည်။ ကိလေသာကုန်ခန်းသည့် ရဟန္တာအရှင်မြတ်သည်ပင်လျှင် အာရုံမှ လက္ခဏာဟု နှစ်ဆူစုံမြတ် သမာပတ်ကို ဝင်စား၍နေမှသာလျှင် ရဟန်းတို့ ကျက်သရေထွန်းလင်း တောက်ပနိုင်ပေ၏။ ထိုမှတစ်ပါး မြတ်စွာဘုရားရှင်သည်သာ လျှင် နေ့ရာ ညဥ့်ပါ အခါခပ်သိမ်း ပညာသီလ ဂုဏ်မွေ့နှင့် ငါးမျိုးသော အာနုဘော်တို့ဖြင့် စိမ်း ရွှေ မြရောင်၊ နေလရောင် ထက် အခေါင်တက်၍ ပြောင်လျက်ထိန်ဝေ ထွန်းလင်း တောက်ပနိုင်ပါပေ၏တဲ့။

ကဲ - ဆရာမလေးရေ သည့်ထက်တော့ တိတိကျကျ မပြောနိုင်တော့ဘူး။ ဒီကနေ့က စပြီး အမိအမွေလို တစ်မျိုး ကိုယ့်အကျိုးစီးပွားအတွက်လို တစ်မျိုး နေ့စဉ်နှင့်အမျှ ဒီဂါထာ ကို ရွတ်ဖတ်ပေတော့။ တစ်ခုတော့ ရှိတယ်။ ကျောင်းအုပ် ဆရာမကြီးတို့ ပညာရေးဝန်ကြီးတို့ ဖြစ်ရင်တော့ အစ်ကိုကြီး တို့ကို ကျေးဇူးဆပ်ပေါ့"

"ဆပ်ပါ့မယ် အစ်ကိုကြီးရယ်"

ကျောင်းဆရာမ ခယ်မလေး၏ ပျော်ရွှင်မှု အပြုံးမျက်နှာ ကို အားလုံးမြင်လိုက်ရ၍ ကြည်နူးပီတိဖြစ်မိရပါတော့သည်။

* * *

အမျိုး...



www.burmeseclassic.com

www.burmeseclassic.com

"ပေသကာရ"အမည်ရှိ ရွာကလေး။

...ည့်ရွာကလေးကား စည်ပင်သည်နှင့်အမျှ သာတောင့်...ည်း ရှိလှချေ၏။ ရက်ကန်းသည်များ စုဝေးနေထိုင်... ရွာကလေးဖြစ်ပြီး လုပ်ငန်းအခြေအနေကောင်းမွန်...အမျှ စားဝတ်နေမှုတို့မှာလည်း ဖူလုံလှပေ၏။

...ရွာသူရွာသားအားလုံးပင် အကျင့်သီလနှင့် ပြည့်စုံ၏။ သဒ္ဓါတရားထက်သန်ကြ၏။ ရွာထဲမှ ဂုဏ်အားဖြင့်သော်လည်းကောင်း၊ အသက်အားဖြင့်သော် လည်းကောင်း၊ ကြီးမားသူတစ်ဦးအား အကြီးအမှူး နာယကအဖြစ် တင်မြှောက်ကာ ထိုပုဂ္ဂိုလ်၏ ဆိုဆုံးမမှုကို ခံယူလျက် အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်ကြကုန်၏။

သို့ရာတွင် ပေသကာရ ရွာသူရွာသားတို့အဖို့ မပြည့်စုံ



# မစ္ဆရိယကျိန်စာ

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

သောကိစ္စတို့ ရှိနေပါသေး၏။ ထိုကိစ္စကား အခြားမဟုတ်။ သူတို့ရွာ၌ ကိုးကွယ်စရာ ကျောင်းသင်္ခမ်းလည်း မရှိ။ ရဟန်း သံဃာလည်း မရှိဖြစ်နေ၏။ ရဟန်း သံဃာတို့ကို ကိုးကွယ်ချင်ပါလျက်နှင့် မကိုးကွယ်ကြရသကဲ့သို့ လှူဒါန်းလိုပါလျက်နှင့် အလှူခံ ပုဂ္ဂိုလ် ရဟန်း သံဃာတို့ ဆိတ်သုဉ်းနေသည့် အဖြစ်ကို ကြုံရလေ၏။

◆◆◆

မမျှော်လင့်သည့် တစ်နေ့မှာတော့ ပေသကာရရွာကလေးသို့ သံဃာတော် တစ်ကျိပ်နှစ်ပါးတို့ ဆွမ်းခံဝင်လာကြသည့်အတွက် တစ်ရွာလုံးပင် အုတ်အုတ်ကျက်ကျက်ဖြစ်သွားလေတော့၏။

"သံဃာတော်တွေ...သံဃာတော်တွေ..."

ဝမ်းသာလိုက်လှဲမှုဖြင့် ဟစ်ကြွေးသံတို့ ဘဝင်လှုံသွားခဲ့ကြ၏။ ရွာသူရွာသားအပေါင်းမှာ ကြည်နူးလန်းရွှင်စွာဖြင့် သံဃာတော်တို့အား ဆွမ်းခဲဖွယ်ဘောဇဉ်များ အလှူပယ်လောင်းလှူကာ ပူဇော်ဦးခိုက်ကြကုန်၏။

အဆိုပါ ရဟန်း သံဃာတော်တို့ကား ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားတို့ကို တောင်းခံခဲ့ကြပြီးနောက် တောရဆောက်တည်ရန်အတွက် သာဝတ္ထိမှ ထွက်လာခဲ့ကြခြင်းဖြစ်၏။ သူတို့အဖို့ နေရာဒေသ သတ်မှတ်ရွေးချယ်ခြင်း မပြုရသေး။ နေစရာ၊ သီတင်းသုံးစရာဆို၍ မည်သည့်ကျောင်းသင်္ခမ်းမျှ မရှိသေး။

ဝါဆိုရန်အတွက်လည်း အချိန်တို့က နီးကပ်လာကြပေပြီ။

သီတင်းသုံးရန်အတွက် ကျောင်းသင်္ခမ်းတို့ မရှိသေးလေရကား သင့်လျော်ရာ နေရာဒေသတို့ကို လှည့်လည်ရှာဖွေကြရင်းမှ ဤပေသကာရရွာသို့ ရောက်လာခဲ့ခြင်းဖြစ်ပေ၏။ ရွာသူရွာသားတို့လည်း ပူဇော်ကန်တော့ကြရင်းမှ အကြောင်းရင်းမှန်ကို သိလိုသည့်အတွက် မေးမြန်းလျှောက်ထားကြလေ၏။

"အရှင်ဘုရားတို့...ဘယ်အရပ်ဒေသကို ကြွမြန်းမလို့ပါလဲ ဘုရား"

"ဒကာတို့...ငါတို့ဟာ တရားဓမ္မနဲ့ မွေ့လျော်ဖို့ရာ ရောက်လာကြတာ ဖြစ်ပါတယ်။ ဘယ်အရပ်ဒေသမဆို ငါတို့အတွက် ဥတုသပ္ပာယ မျှတမယ်ဆိုရင်ဖြင့် အဲဒီအရပ်ဒေသရှိရာ သွားရောက်ပြီး သီတင်းသုံးကြမှာပါပဲ"

သည်စကားကြားရတော့ ရဟန်း သံဃာတို့အား ကိုးကွယ်လိုကြသော အလှူခံ ပုဂ္ဂိုလ်အား တောင့်တနေကြသော ရွာသူရွာသားများအဖို့ အထူးပင် ရွှင်လန်းဝမ်းမြောက်သွားရသည်။

"အရှင်ဘုရားတို့...သည်လိုဆိုရင်ဖြင့် တပည့်တော်တို့ရွာမှာပဲ သီတင်းသုံးတော်မူကြပါ ဘုရား။ တပည့်တော်တို့ ကျောင်းသင်္ခမ်းဆောက်လုပ်ပြီး ဥတုသပ္ပါယ မျှတအောင် လုပ်ကျွေးကြပါမယ် ဘုရား"

"သာဓု...သာဓု...သာဓု"

ရဟန်းတို့လည်း ဝါဆိုရင်ကာလ နီးကပ်နေပြီဖြစ်သည့်အတွက် ရွာသူရွာသား ဒကာ၊ ဒကာမအပေါင်း၏ လျှောက်ထားချက်ကို လက်ခံလိုက်ကြလေ၏။

ထိုအခါ ရွာသူရွာသားအပေါင်းတို့လည်း နှစ်သက်ဝမ်းမြောက်စွာဖြင့် ရွာနှင့် မနီးမဝေးတွင် ကျောင်းသင်္ခမ်းကို ဆောက်လုပ်ကာ တစ်ကျိပ်နှစ်ပါးသော ရဟန်း သံဃာတော်တို့အား ပင့်ဆောင်လျက် လုပ်ကျွေးကြကာ ပူဇော်ကိုးကွယ်ကြလေသတည်း။

◆◆◆

လောက၌ အပုရှိလျှင် အအေးလည်း ရှိရစမြဲ။

ထို့အတူ အဖြူရှိလျှင် အမည်းလည်း ရှိလာရကား အတိုက်အခံ ဆန့်ကျင်ဘက်တွေ ဖြစ်တည်လာရလေတော့၏။

ဤ၌ အများသဘောတူ ရွေးချယ်တင်မြှောက်ထားသော နာယကကြီးမှာ ရဟန်း သံဃာတော်တို့အား ကြည်ညိုသဒ္ဓါများသလောက်၊ နာယကကြီး၏ မယားမှာမူ ဆန့်ကျင်ဘက်ဖြစ်၏။ ရဟန်း သံဃာတော်တို့ကို မကြည်ညို၊ သာသနာတော်ကိုလည်း မလေးစား။ လင်ဖြစ်သူ နိုင်းစေ၍သာ ဆွမ်းချက်ရသော်လည်း အမြဲလိုလိုပင် ဆောင့်ကြီးအောင့်ကြီးဖြင့် မြည်တွန်တောက်တီးနေတတ်ချေ၏။ ထိုအဖြစ်ကို ရိပ်စားနားလည်မိသော နာယကကြီးလည်း ဇနီး၏ ညီမဖြစ်သော ခယ်မအား အိမ်ပေါ် ခေါ်တင်၍ မိမိ၏ စည်းစိမ်တို့ကို အပ်နှင်းလေ၏။

ခယ်မဖြစ်သူမှာ ၎င်း၏ အစ်မနှင့် အသွင်မတူပေ၊ သဒ္ဓါတရားရှိ၏။ ရဟန်း သံဃာတော်တို့ကို ကြည်ညို၏။ သာသနာတော်ကို လေးစား၏။ ရဟန်း သံဃာတော်တို့အား ရိုသေစွာ ဆွမ်းလုပ်ကျွေး၏။ နာယကကြီးဖြစ်သော ခဲအိုနှင့် သဘောချင်းအကြိုက်ညီ၏။ တရားအသိချင်းကို ဖလှယ်၏။ သည့်အတွက် နာယကကြီးသည် ဘဝင်နငုံး ပီတိဖုံးလျက် တပြုံးပြုံးဖြစ်နေလေတော့၏။

ခယ်မသည် သံဃာတော်နှစ်ပါးအား နေ့စဉ်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ခွမ်းချက်၍ ကပ်လှူသည့်အပြင် ဝါဆို သင်္ဃာတော် နှစ်ကျိပ် ဘစ်ပါးတို့ ဝတ်ရုံရန်အတွက် သင်္ကန်းကိုလည်း ကိုယ်တိုင် ရက်လုပ်၏။ လှူဒါန်းဆက်ကပ်၏။ သည့်အတွက် နာယက ကြီးမျာ အဘယ်မှာလျှင် ပီတိမဖုံး မရွှင်ပြုံးဘဲ နေနိုင်မှာတဲ့ နည်း။ ထိုအဖြစ်ကို တွေ့မြင်နေရသော မယားဖြစ်သူကား လွန်စွာမှ အော့နှလုံးနာလျက်ရှိ၏။ သည့်အတွက် လင် ယောကျ်ား နာယကကြီးအား ခါးသီးစွာ ကျိန်ဆဲလေတော့၏။

"သင်ဟာ ငါ မနှစ်သက်ပါဘဲနဲ့ ရဟန်းတွေကို ဆွမ်း ဆပ်ကျွေးတယ်။ သင်္ကန်းတွေကို ပေးတယ်။ အဲဒါကြောင့် သင်ကျွေးသမျှ ဆွမ်းတွေဆိုတာဟာ သင် တမလွန်ဘဝကို ရောက်ခဲ့ရင် ချေးတွေ၊ သေးတွေ ဖြစ်ကြပါစေ။ သင်ပေးတဲ့ သင်္ကန်းတွေကြောင့် သင် တမလွန်ဘဝကို ရောက်တဲ့အခါ အလျှံတပြောင်ပြောင် တောက်လောင်တဲ့ အဝတ်ပုဆိုးတွေ ဖြစ်ကြပါစေ"

ဤသို့ လင်ဖြစ်သူ တရားပြည့်ဝသူအား ရိုင်းပျစွာ ပြောဆိုဆက်ဆံခြင်း၊ ခါးသီးစွာ ကျိန်ဆဲခြင်းများက သူမအပေါ် တွင် တုံ့ပြန်ရိုက်ခတ်လာတော့၏။

သို့ဖြင့် လင်သည် လည်းကောင်း၊ မယားသည် လည်း ကောင်း သေလွန်သည့်အခါ လင်ဖြစ်သူသည် "ဝိဥ္စာဋဝီ" တောအုပ်၌ တန်ခိုးအာနုဘော်ကြီးမားသော ရက္ခစိုးနတ်ဖြစ် လာခဲ့၏။ မယားဖြစ်သူကား သူပြုသောကံက သူ့အပေါ် ပြန် ပဲ့တင်ရိုက်ခတ်လာခဲ့ပြီး ထိုတောအုပ်အနီးအပါး၌ပင် ပြိတ္တာမကြီးဖြစ်ခဲ့လေသည်တကား။

♦♦♦

ပြိတ္တာမကြီး၏ ဒုသွင်ကား စပ်ရှုပ်ရှုံ့ရှာဖွယ်အတိ။ အဝတ်မပါ၊ ဗလာ ကိုယ်လုံးတီး၊ ရုပ်အဆင်းမှာလည်း အော့နှလုံးနာစရာ၊ ကြောက်မက်ဖွယ် ကောင်းမှကောင်း။ စားသာ၍လည်း မစားရ၊ ရေငတ်၍လည်း မသောက်ရ။ ဆာလောင်မွတ်သိပ်ခြင်းတို့ နှိပ်စက်သည့်အတွက် ဟိုနေရာ၌ နှိုးနိုး၊ သည်နေရာ၌ သောက်ရနိုးနိုးဖြင့် မျှော်ကိုးရင်းမှ မောအနဲ့ လျှောက်သွားနေရတော့၏။

ထိုသို့လျှောက်သွားရင်းမှ အတိတ်ဘဝ၌ လင်မယား ပေါင်းဖက်ခဲ့ကြဖူးသူ နှစ်ဦးလည်း တောအုပ်ကြီးအတွင်း၌ ဆုံမိ ကြလေ၏။

ပြိတ္တာမမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေရလေကား ရက္ခစိုး နတ်မင်းအဖို့ လုံးဝမမှတ်မိ။ ပြိတ္တာမမှာမူကား ရက္ခစိုးနတ် သည် မိမိ၏ လင်ယောကျ်ားဖြစ်ခဲ့သည်ကို သိသဖြင့် သူမကပင် ဦးစွာ နှုတ်ခွန်းဆက်ကာ စကားဆိုပါလေ၏။

"အရှင်နတ်မင်း . . . ကျွန်မကို မှတ်မိပါသလား"

"ငါ မမှတ်မိ။ သင် ဘယ်သူတုန်း"

"အရှင်နတ်မင်း . . . ကျွန်မဟာ အတိတ်ဘဝတုန်းက ရက်ကန်းသည်ရွာမှာ ဖြစ်ခဲ့ပြီး အရှင့်ရဲ့ မယားဖြစ်ခဲ့ပါတယ်။ ကျွန်မရဲ့ အဖြစ်ကို ကြည့်စမ်းပါဦးတော့လား အရှင်နတ်မင်း ရယ်။ ကျွန်မမှာ ဝတ်စရာ အဝတ်အစားလည်း မရှိ။ စား သောက်စရာ အစားအစာဆိုလည်း မရှိ။ အငတ်ငတ်အပြတ် ပြတ်နဲ့ သိပ်ကိုပဲ ဆင်းရဲဒုက္ခကြီးမားလှပါတယ်။ ကျွန်မကို သနားသဖြင့် အဝတ်အစားတွေ ပေးပါလား။ အစားအသောက် တွေ ပေးပါလားဟင်"

ရက္ခစိုးနတ်မင်းအဖို့ ရုတ်ခြည်းအားဖြင့် ယုံရခက်ခက်၊ မယုံရခက်ခက်ဖြစ်နေ၏။ သို့ရာတွင် ပြိတ္တာမ ပြောဆိုသော စကားက အတိအကျဖြစ်နေသည့်အတွက် နောက်ဆုံး၌ အကြွင်းမဲ့ ယုံကြည်သွားမိလေတော့၏။ ထိုသို့ ယုံကြည်သွားမိ သည့်အခါ အဘယ်မျှပင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေလင့်ကစား အတိတ်ဘဝက မိမိ၏ မယားဖြစ်ခဲ့ဖူးပါလားဟူသော အသိ စိတ်ဓာတ်ကြောင့် ပြိတ္တာမအပေါ်၌ သနားကရုဏာစိတ်များ ဖြစ်ပေါ်လာခဲ့တော့၏။

ထိုအခါတွင် အပြစ်ဟူသမျှတို့အား အချစ်ဖြင့် ဖုံးလိုက် ကာ နတ်၌ ဖြစ်သော အဝတ်တို့ကို လည်းကောင်း၊ အစား အသောက်တို့ကို လည်းကောင်း ပေးလေ၏။

"ချစ်နှမ . . . ပူဆွေးမှုအပေါင်းမှ သက်သာရာရပါလော့။ ဟောသည် အစားအစာတွေကို စားသောက်ပါ။ ဟောသည် အဝတ်အစားတွေကို ဝတ်ဆင်ပါ"

ပြိတ္တာမလည်း လွန်စွာမှ ဝမ်းမြောက်ဝမ်းသာဖြစ်သွား ၏။ ထို့ကြောင့် ငတ်ပြတ်ခဲ့သမျှ အတိုးချ စားသောက်လိုက် မည်ဟူသောစိတ်ဖြင့် အစားအစာတို့ကို လက်ဖြင့် ထိကိုင် လိုက်သည်နှင့်တစ်ပြိုင်နက် နတ်ဩဇာတို့သည် ချေးများ၊ သေးများ ဖြစ်သွားကြလေတော့၏။ နတ်၌ ဖြစ်သော အဝတ် အစားတို့ကို ဝတ်ဆင်ရန် ထိကိုင်လိုက်သည့်အခါတွင်လည်း မီးလျှံတရဲရဲနှင့် သံပြားကဲ့သို့ ပူလောင်လေတော့၏။

ရက္ခစိုးနတ်မင်းလည်း မိမိ၏ မျက်စိအောက်၌ပင် ဖောက်ပြန်ပြောင်းလဲကုန်သည်တို့ကို မြင်လိုက်ရသောအခါ တွင် လွန်စွာမှ အံ့အားတသင့်ဖြစ်ရလေ၏။ ထိတ်လန့် တုန် လှုပ်သွားရတော့၏။ ပြိတ္တာမလည်း မိမိ၏အဖြစ်ကို ယူကြုံး မရဖြစ်ကာ . . .

"ငါ့ဘဝနယ်နော် . . . ဆိုးလိုက်ပါဘိခြင်း"

ဟူ၍ အော်ဟစ်ငိုကြွေးမြည်တမ်းလျက် ခြေဦးတည့်ရာ



www.burmeseclassic.com

www.burmeseclassic.com

ပြေးထွက်သွားလေသော ရက္ခစိုးနတ်မင်းလည်း တအံ့တသြဖြင့် ငေးကြည့်ကျန်ရစ်ခဲ့လေသတည်း။

✦✦✦

ဝါလကင်းလွတ်၍ သီတင်းကျွတ်ခဲ့ပေပြီ။

ရဟန်း သံဃာတော်များအဖို့ ဝါလကင်းလွတ် သီတင်းကျွတ်ပြီဆိုမှဖြင့် ဘုရားရှင်ရှိရာသို့ သွားရောက်ကာ ပူဇော်ဖူးမြော်လေ့ရှိကြ၏။

တစ်နေ့သ၌ ကျေးလက်ဇနပုဒ် တောရွာကလေးတစ်ရွာ၌ ဝါဆို ဝါကပ်ခဲ့သော ရဟန်းတစ်ပါးသည် ဘုရားရှင်သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်ရှိ ဇေတဝန်ကျောင်းတော်သို့ သွားလိုသည့်အတွက် ခရီးဖော်ကို ရှာဖွေနေမိလေ၏။ ထိုအချိန်တွင် သာဝတ္ထိသို့ ကုန်ရောင်းသွားကြမည့် လှည်းကုန်သည်များနှင့် တွေ့လိုက်ရရာ အဆင်ပြေသွားလေတော့၏။ သို့ဖြင့် ထိုရဟန်းလည်း လှည်းကုန်သည်တို့ကို အဖော်ပြုကာ လိုက်ပါသွားလေတော့၏။

ကုန်စည်တို့ တင်ဆောင်လာသော လှည်းများကား တောလမ်းခရီးအတိုင်း တအိအိနှင့် ရွေ့လျားနေဆဲ။

ကောင်းကင်ပြင်၌ နေမွန်းတည့်ချိန်ရောက်သောအခါ နွားများကို အနားပေးရန်အတွက် အရိပ်အာဝါသကောင်းမွန်သောနေရာကို ရွေးချယ်လျက် ခေတ္တခဏ စခန်းချကာ နွားများကို အစာရေစာတိုက်ကျွေးခြင်း၊ မိမိတို့သည်လည်း ချက်ပြုတ်စားသောက်ခြင်းတို့ ပြုကာ သက်တောင့်သက်သာ အနားယူကြလေ၏။

ဤလှည်းကုန်သည်တို့နှင့် လိုက်ပါလာခဲ့သော ရဟန်းလည်း စခန်းနှင့် မနီးမဝေးတွင်ရှိသော သစ်ပင်ရိပ်အောက်သို့ ဝင်ရောက်ကာ တစ်ပါးတည်း အပန်းဖြေနေလေ၏။ ထို့နောက် ဒုကုဋ်သင်္ကန်းကြီးကို ခင်း၍ လဲလျောင်းလိုက်မိလေရာ ခရီးပင်ပန်းနွမ်းနယ်သည့်အဖြစ်ကြောင့် မျက်တောင်များ စင်းလာပြီး အိပ်ပျော်သွားမိလေတော့၏။ ကျိန်းစက်ရာမှ နိုးလာသည်ရှိသော် ညနေစောင်းနေပြီဖြစ်၏။

ထိုအချိန်တွင် စခန်းချ ရပ်နားခဲ့သော လှည်းတို့မှာလည်း တစ်စီးတလေမျှပင် မရှိတော့ချေ။ လှည်းကုန်သည်တို့လည်း ကိုယ့်ဇောနှင့် ကိုယ်မို့ ရဟန်းကို ဂရုမပြုမိဘဲ ခရီးရှေ့ဆက် ထွက်ခွာခဲ့ကြခြင်းဖြစ်လေ၏။ ရဟန်းသည် ဒုကုဋ်သင်္ကန်းကြီးကို ပခုံးပေါ် တင်လျက် လှည်းလမ်းအတိုင်း လှမ်းလျှောက်ခဲ့လေ၏။ သို့ဖြင့် လမ်းခွဲတစ်ခုသို့ ရောက်သည်ရှိသော် မည်သည့်လမ်းကို လိုက်ရမည်မသိဘဲ ဇဝေဇဝါဖြစ်နေမိလေ၏။ နောက်ဆုံးတွင် လှည်းဘီးအရာများကို ကြည့်၍ သည့်လမ်းအတိုင်းပင် ဖြစ်ရမည်ဟု ထင်မြင်မှန်းဆကာ လှည်းဘီးရာအတိုင်း ခရီးဆက်ခဲ့လေတော့၏။

စင်စစ်မူ ထိုရဟန်း ခရီးဆက်ရာလမ်းသည် သာဝတ္ထိသို့ သွားရာလမ်းမဟုတ်ဘဲ "ဝိဥ္စာဋဝီ" တောအုပ်ရှိရာ သွားသော လမ်းသာလျှင် ဖြစ်၏။ သို့ဖြင့် ရဟန်းလည်း အဆိုပါ တောအုပ်ကြီးအတွင်းသို့ ရောက်ရှိသွားလေရာ တစ်ပါးတည်း ယောင်ချာချာဖြစ်နေပြီး သွားပြီးသားနေရာသို့ပင် ထပ်ပြန် တလဲလဲ ပြန်ရောက်နေလေ၏။ ဤတွင် ရက်ကန်းသည် ရက္ခစိုးနတ်မင်းလည်း ရဟန်း၏ အဖြစ်ကို တွေ့မြင်ရလေသော် လူအသွင် ဖန်ဆင်းလျက် ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် ရဟန်းအား ရှိခိုး၏။ ပြီးလျှင် အကျိုးအကြောင်းကို မေးမြန်း၏။ ရဟန်းက လမ်းမှားနေသည့်အကြောင်းကို ပြောလေသော် ရက္ခစိုးနတ်မင်းလည်း မိမိစံမြန်းရာ ဗိမာန်သို့ ပင့်ဆောင်သွားလေ၏။

ရဟန်းလည်း ရက္ခစိုးနတ်မင်း၏ ဗိမာန်တွင်းသို့ ရောက်ရှိသွားလေသော် လွန်စွာမှ အံ့အားတသင့်ဖြစ်သွားရလေ၏။ တစ်ဖန် မိမိအား ပင့်ဆောင်သောသူမှာ လူသားစင်စစ်မဟုတ်ဘဲ ရက္ခစိုးနတ်မင်းဖြစ်နေသည်ကို သိရှိရပြန်သော် ပို၍ အံ့အားတသင့်ဖြစ်ရပြန်၏။

ရက္ခစိုးနတ်မင်းလည်း ရဟန်း သံဃာတော်တို့အား လွန်စွာမှ ကြည်ညိုသည့်အလျောက် ခရီးပန်းလာသော ရဟန်းအား ခြေနယ်ဆီတို့ လိမ်းကျံကာ နှိပ်နယ်ပေးရင်း စကားစမြည် ပြောဆိုလေ၏။ ထိုစဉ်မှာပင် မယားပေါင်း ပြိတ္တာမ ဗိမာန်၌ လာ၍ရပ်နေသည်ကို မြင်တွေ့မိလေ၏။

"အရှင်နတ်မင်း . . . ကျွန်မကို အစားအစာပေး... အဝတ်အစားပေးပါ"

ထိုသို့ တစာစာတောင်းခံနေလေရာ ရက္ခစိုးနတ်မင်းလည်း နတ်သြဇာနှင့်တကွ နတ်၌ ဖြစ်သော အဝတ်အစားတို့ကို ပြိတ္တာမအား သွား၍ပေးလေ၏။ ရဟန်းလည်း ထူးဆန်းလှသောအဖြစ်ကြောင့် လိုက်လံ၍ ကြည့်ရှုမိလေ၏။

နတ်မင်းပေးသော နတ်သြဇာတို့မှာ ပြိတ္တာမထံ ရောက်ရှိသွားသည်နှင့် ချေး သေးတို့ ဖြစ်သွားကြသကဲ့သို့ နတ်ဝတ် နတ်စားတို့မှာလည်း အလျှံတရဲရဲနှင့် သံပြားပုံများ ဖြစ်သွားကြလေ၏။ ဝတ်လွှန်းမက ဝတ်နေသော ပြိတ္တာမလည်း မစင်၊ ချေး သေးတို့အား မရွံမရှာပင် စားသောက်နေလေ၏။ ထိုအခါ ရဟန်းလည်း မနေသာတော့ဘဲ ရက္ခစိုးနတ်မင်းအား မေးမြန်းမိလေတော့၏။

"ဒါယကာ နတ်မင်း . . . သည်မာတုဂါမ၏ အဖြစ်...



www.burmeseclassic.com

www.burmeseclassic.com

…လည်း ဆိုးရွားလှပါကလားနော်။ သင်က နတ်ဩဇာ … ပေးပေမယ့် သူလက်ထဲ ရောက်သွားတဲ့အခါ မစင် …ကြီး ကျင်ငယ်တွေအဖြစ် ပြောင်းလဲသွားကြတယ်။ အဲဒါ … ဘယ်လိုမျိုး မကောင်းမှု ဒုစရိုက်တွေ ပြုခဲ့လို့ပါလိမ့်။ …တော့ သင်ပေးလိုက်တဲ့ အဝတ်အစားဆိုတာကလည်း …ကြယ်နူးညံ့ပျော့ပျောင်းပြီး အကောင်းတကာ့ အကောင်း …တွေပါပဲ။ အဲ - သူ့လက်ထဲကို ရောက်တဲ့အခါ အလျှံ …ညီးနဲ့ သံပြားပူတွေလို ဖြစ်သွားကြပြန်တယ်။ အဲဒါလည်း … ဘယ်လို မကောင်းမှု ဒုစရိုက်တွေ ကျူးလွန်ခဲ့ကြလို့လဲ"

ရဟန်း၏ အမေးကို ရက္ခစိုးနတ်မင်းအဖို့ မရှောင်လွှဲ … ရင်နာနာနှင့်ပင် အဖြစ်မှန်ကို ထုတ်ဖော်လျှောက်တင်ခဲ့ …

"အရှင်ဘုရား . . . အဲသည် ပြိတ္တာမဟာ လွန်ခဲ့တဲ့ …က တပည့်တော်ရဲ့ ဇနီးမယားဖြစ်ခဲ့ပါတယ်။ တပည့်တော် … သာသနာတော်အပေါ်၊ ရဟန်း သံဃာတွေအပေါ် …က်ဝင် ယုံကြည် ပူဇော်ဦးခိုက်သလောက် သူကတော့ …ပည့်တော်နဲ့ ဆန့်ကျင်ဖီလာပါပဲ။ သာသနာတော်ကို …က်ဝင်ယုံကြည်မှု မရှိ၊ ကုသိုလ်ဒါနကိုလည်း မပြုဘဲ သိပ် … စေးနှဲဝန်တိုလှပါတယ် ဘုရား။ ကောက်ကျစ်စဉ်းလဲလှပါ …ယ် ဘုရား။ ရဟန်း သံဃာတော်တွေ၊ ပုဏ္ဏားတွေကို …ပည့်တော် လှူဒါန်းတာကို သိရင် မကြားဝံ့ မနာသာ …ရေးရုံမျှမက ကျိန်စာလည်း တိုက်ပါတယ် ဘုရား"

"အို . . . ဖြစ်မှဖြစ်ရလေ နတ်ဒကာရယ်"

"တင်ပါ့ ဘုရား။ ကျိန်စာတိုက်တာမှ သိပ်ကို ကြောက် …ဖွယ်ကောင်းလောက်တဲ့ စကားလုံးတွေနဲ့ကို တိုက်တာပါ …ရား။ "ရှင်ဟာ ရှိသမျှ ပစ္စည်းတွေ ထပ်ပြီးတိုးပွားအောင် …တော့ မလုပ်ဘဲ အလှူအတန်းတွေချည်း လုပ်ပစ်နေတယ်။ …ဒီတော့ ရှင်ဟာ နောက်ဘဝရောက်တဲ့အခါ သူတစ်ပါး …တဲ့ ချေးတွေ၊ သေးတွေကို စားသောက်ရပါစေ။ အဝတ် …စားတွေဆိုရင်လည်း အလျှံတညီးညီးတောက်လောင်တဲ့ …ပြားပူတွေ ဝတ်ဆင်ရပါစေ" အစရှိသဖြင့် ရင့်သီး ရိုင်းပျ …ာ ကျိန်ဆဲခဲ့ပါတယ် ဘုရား။ အဲသည်ဘဝက လွန်မြောက် …အခါ တပည့်တော်ဟာ အလှူဒါနအကျိုးကြောင့် အရှင် …ရားတွေ့မြင်ရတဲ့အတိုင်း နတ်စည်းစိမ်ကို ခံစားနေရပေမယ့် …သူကတော့ ပြိတ္တာဘဝရောက်ရတာနဲ့အမျှ ကျိန်စာတိုက်ခဲ့တဲ့ …အတိုင်း စားသောက်ဝတ်ဆင်နေရပါတယ် ဘုရား"

ရက္ခစိုးနတ်မင်း တင်လျှောက်အပြီးမှာတော့ မစင် …ှင်ကြီးကျင်ငယ်တို့ကို စားသောက်ပြီးသော ပြိတ္တာမသည် နတ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်လိုက်၏။

"အမလေး…သေပါပြီ ပူလှချည်ရဲ့ အား…အမလေး"

ကျယ်လောင်လှစွာသော အော်ဟစ်သံနှင့်အတူ ပြိတ္တာမလည်း အဝတ်အစားတို့ကို ခွာချကာ ဗလာကိုယ်ထီး ပင် ထွက်ပြေးသွားပါလေတော့၏။

ထိုမြင်ကွင်းကို မြင်တွေ့ရသည့် ရက္ခစိုးနတ်မင်းအဖို့ ထွက်ပြေးသွားသော ပြိတ္တာမ ဇနီးဟောင်းကို မျက်စိတစ်ဆုံး ကြည့်ရင်း စိတ်မသက်မသာဖြစ်နေမိလေ၏။ သည့်အတွက် ခရီးသွား ရဟန်းအား ထိုပြိတ္တာမအဖို့ ဝင့်ဒုက္ခမှ လွတ်ရာ လွတ်ကြောင်း နည်းလမ်းကောင်းကို မေးမြန်းလျှောက်ထား ကြည့်ပါလေတော့၏။

"အရှင်ဘုရား…တပည့်တော်ရဲ့ ဇနီးဟောင်း ပြိတ္တာမ ရဲ့ အဖြစ်ဟာ ရင်နာစရာကောင်းလှပါတယ် ဘုရား။ သူ့ဒုက္ခ ကို တပည့်တော် ကယ်တင်ချင်ပါတယ်။ အဲဒါ နည်းလမ်း ကောင်းများရှိရင် ပေးသနားတော်မူပါ ဘုရား"

"ဒကာ နတ်မင်း . . . ပြိတ္တာမအဖို့ ဒုက္ခအပေါင်းက လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းရှိပါတယ်"

သည်စကားကြားရတော့ ရက္ခစိုးနတ်မင်းအဖို့ လွန်စွာ မှ ဝမ်းမြောက်ဝမ်းသာဖြစ်သွားရတော့၏။

"အရှင်ဘုရား…တပည့်တော်ကို အဲသည်နည်းလမ်း ပေးတော်မူပါ ဘုရား"

"ကောင်းပေပြီ ဒကာ နတ်မင်း။ သင်ဟာ ဘုရားရှင်ကို ဖြစ်စေ၊ သံဃာတော်တွေကို ဖြစ်စေ၊ ဒါမှမဟုတ် ယုတ်စွ အဆုံး သံဃာတစ်ပါးကို ဖြစ်စေ၊ အဲသည် ပြိတ္တာမကို ရည်စူးပြီး အလှူဒါနပြုလုပ်ပါ။ ကောင်းမှုရဲ့ အဖို့ဘာဂကို ပြိတ္တာမကို ပေးဝေပါ။ ပြိတ္တာမဟာ သင်ပေးဝေတဲ့ အမျှကို ရပြီး သာဓုခေါ်နိုင်ခဲ့မယ်ဆိုရင် ပြိတ္တာဘဝက ကင်းလွတ်သွား ပါလိမ့်မယ် ဒကာ နတ်မင်း"

"ဟာ…ဒါဆိုရင် အတော်ပဲ။ အလှူခံ ပုဂ္ဂိုလ်ဖြစ်တဲ့ အရှင်ဘုရားရှိနေပြီပဲဟာ။ တပည့်တော် ခုပဲ ကုသိုလ်ကောင်းမှု အလှူဒါနပြုမယ် ဘုရား"

"ကောင်းပေပြီ ဒကာ နတ်မင်း"

သည့်နောက်မှာတော့ ရက္ခစိုး နတ်မင်းလည်း ထိုရဟန်း အား ဆွမ်းခဲဖွယ်ဘောဇဉ်တို့ လုပ်ကျွေးပြီး လှူဖွယ်ဝတ္ထုပစ္စည်း တို့ကို ဆက်ကပ်လှူဒါန်းပါလေ၏။

ထိုအချိန်ဝယ် ပြိတ္တာမအဖို့ မိမိ၏ လင်အား ရင့်သီး ရိုင်းပျစွာ ကျိန်ဆဲမိခဲ့သည့်အတွက် ယခုဘဝသို့ ရောက်ရလေ ခြင်းဟု သတိသံဝေဂဖြင့် နောင်တကြီးစွာ ရရှိနေခို…



www.burmeseclassic.com

www.burmeseclassic.com

ဖျတ်ခနဲဆိုသလို သူမ၏ အကြားအာရုံတွင်း အသံတစ်သံက စီးမျောဝင်ရောက်လာခဲ့၏။ ထိုအသံက ရက္ခစိုးနတ်မင်း၏ အသံဖြစ်ကြောင်း သိနားလည်နေမိ၏။

"ရှင်မရေ…ရှင်မကို ရည်စူးလို့ သံဃာတော်တစ်ပါးကို ဆွမ်းဒါန၊ အလှူဒါနတွေ ပြုခဲ့ပါပြီ။ ကုသိုလ်အဖို့ဘာဂကို ရှင်မအတွက် ပေးဝေပါတယ်။ အမျှ…အမျှ…အမျှ"

သူမအဖို့ ကြက်သီးမွေးညင်းထလောက်မှု အံ့သြဖွယ်သာရပြီး ပီတိဖြာရသည်နှင့်အတူ လှိုက်လှဲစွာဖြင့်…

"သာဓု…သာဓု…သာဓု"

ဟူ၍ အနုမောဒနာခေါ်ဆိုလိုက်ပေ၏။ သုံးကြိမ် သုံးလီ သာဓုခေါ်ဆိုအပြီး ပြိတ္တာမအဖြစ်မှ ကင်းလွတ်၍ နတ်၌ ဖြစ်သော အစားအစာတို့ကို ရရှိလေ၏။ နတ်၌ ဖြစ်သော အဝတ်အစားတို့ကိုလည်း ရရှိပြန်လေ၏။

◆◆◆

ရက္ခစိုးနတ်မင်း၏ ကူညီလမ်းပြမှုဖြင့် ထိုရဟန်းလည်း သာဝတ္ထိပြည်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့ပါလေ၏။ ဘုရားရှင်ထံမှောက် ရောက်သည်ရှိသော် ရက္ခစိုးနတ် လှူလိုက်သော ပုဆိုးအစုံအား ဘုရားရှင်ထံ လှူလိုက်၏။ ပြီးနောက် မိမိတွေ့ကြုံရသော အဖြစ်အပျက်များကို လျှောက်ထားလေ၏။

ထိုအကြောင်းကို ကြားရလေသော တရားနာ ပရိသတ်မှာတော့ တအံ့တသြဖြစ်ရချေ၏။

ဤတွင် ဘုရားရှင်လည်း လင်ကို ကျိန်ဆဲမိသဖြင့် မစင်စား ပြိတ္တာမဖြစ်ခဲ့ရသည့် ဇာတ်ကြောင်းကို မိန့်ကြားပြီး တရားဒေသနာတော်ကို ဟောကြားတော်မူလေ၏။ ဒေသနာတော်ဆုံးလေသည်ရှိသော် တရားနာ ပရိသတ်အပေါင်းတို့လည်း သတိသံဝေဂ ကိုယ်စီရရှိကြလေကုန်သတည်း။■

* * *

နန္ဒာမိုးကြ…

ကျမ်းကိုး
- ပေတဝတ္ထု။
- မဟာပေသကာရပေတိဝတ္ထု။


## စာမူရှင်များသို့ ဖိတ်ခေါ်ခြင်း

အနယ်နယ်အရပ်ရပ်ရှိ စာမူရှင်များကို
ကျွန်တော်တို့ မဂ္ဂဇင်းမှ နွေးထွေးစွာ
ကြိုဆိုဖိတ်ခေါ်အပ်ပါသည်။
မိမိတို့နေရပ်အသီးသီးတွင် တည်ရှိသော
စေတီပုထိုးများ၊
ထူးဆန်းသောဖြစ်ရပ်များတို့ကို
သုတရသပုံစံဖြင့်
ရေးသားပေးပို့နိုင်ပါကြောင်း
အသိပေးအပ်ပါသည်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# ဘားမွဲဆရာတော် တည်ထားကိုးကွယ်ခဲ့သော ရတနာမာန်အောင်စေတီတော်နှင့် တဝဂု ဆုတောင်းပြည့်ဘုရား

■ ဂမ္ဘီရ ဆရာလှမျိုး (B,Sc) ■





လွန်ခဲ့သောလ၊ သောကြာနေ့တစ်နေ့တွင် ကျွန်ုပ် ...သူသည် "နေလ ဂမ္ဘီရ" ဂျာနယ်တိုက်သို့ ရောက်ရှိသွား ...ည်။ နေလ ဂမ္ဘီရဂျာနယ် အယ်ဒီတာချုပ်၏ အိမ်တက် ...သာအခမ်းအနားသို့ သွားခြင်းဖြစ်သည်။

အိမ်တက်မတိုင်မီ တနင်္ဂနွေနေ့ ညနေဘက်တွင် ...ျပ် ကိုနွယ်ဦးလှိုင်၊ ဆရာ သက်နှင်းခွေ(ပုပ္ပား)၊ ဆရာ ...င်ညိုအေး(ပန်းတော)တို့ ဆုံဖြစ်ကြ၏။ အပြန်တွင် ကျွန်ုပ် ...ဟိုလမ်းမကြီး လမ်းဆုံ မီးပွိုင့်အနီးသို့ ရောက်သောအခါ "အဲဒီကျောင်းဝင်းထဲမှာ ရတနာမာန်အောင် စေတီတော်ရှိတယ်"ဟု ဆရာ မောင်ညိုအေးနှင့် ဆရာ သက်နှင်းခွေတို့အား လှမ်းပြခဲ့ပါသည်။ ထိုအခါ ဆရာ မောင်ညိုအေး (ဂမ္ဘီရ ဆန်းကြယ် အယ်ဒီတာချုပ်)သည် ဘုရား၊ စေတီတော် သမိုင်းဆိုလျှင် မဂ္ဂဇင်းတွင် ဖော်ပြပူဇော်ပေးလိုသော စိတ်ဆန္ဒ ရှိသူဖြစ်၍ "ဆရာ ဓာတ်ပုံရိုက်ပြီး ရေးပို့ပေးလေ"ဟု ဆိုပါသည်။

ထိုစကားကို သတိရပြီး နေလဂမ္ဘီရဂျာနယ်တည်ရှိရာ



www.burmeseclassic.com


www.burmeseclassic.com





ဗဟိုလမ်းမကြီးမှအပြန် လမ်းလျှောက်ပြီး ဘုရားဝင်မည်ဟု စီစဉ်လိုက်ပါသည်။ ကျွန်ုပ်နှင့်အတူ ဆရာကြီး ဇာဂရ၊ ဆရာဦးလှစံတို့လည်း လိုက်လာကြပါသည်။ ပထမဆုံး တွေ့တွေ့ချင်း "မဟာနဝင်း"စေတီတော်ကို ဝင်ရောက်ဖူးမြော်ကြ၏။ စေတီတော်အတွင်းရှိ ဘုရားရုပ်ပွားတော်များမှာ ကြည်ညိုဖွယ်

ဖြစ်ပြီး ဝိဇ္ဇာဓိုရ်ရုပ်တော်များလည်း တွေ့မြင်ရပါသည်။ ဘုရားကို ဓာတ်ပုံရိုက်ပြီး ဘုရားသမိုင်းရေးလျှင် ကောင်း ဟု စိတ်ကူးပြီး ဘုရားလူကြီးတစ်ဦးအား မေးကြည့်ရာ "သ စာအုပ်မထုတ်ရသေးကြောင်း၊ မကြာမီ စာအုပ်ထုတ်ဝေ အဲဒီအခါမှ ရေးရင် ပိုပြည့်စုံမယ်"ဟု ပြော၍ မှုလရည်ရွ








www.burmeseclassic.com

www.burmeseclassic.com









သော ယခင် ရှမ်းလမ်း(ယခု ဗဟိုလမ်းမကြီး)လမ်းဆုံ ရွှေ တောင် တိုက်သစ်ဝင်းအတွင်းရှိ ရတနာမာရ်အောင် စေတီ တော်သို့ သွားကြပါသည်။

ထိုစေတီမှာ လမ်းမပေါ်မှ မတွေ့ မမြင်ရပါ။ ရှေးအခါ ကတော့ ပတ်ဝန်းကျင်တွင် ကျောင်းတိုက်ကြီးတွေ မရှိ၍ မြင်ရသည်ဟု သိရှိရပါသည်။ မြေနီကုန်းမှ လမ်းလျှောက်လျှင် ကားမှတ်တိုင်နှစ်တိုင်လောက် လျှောက်ရပါသည်။ ရှမ်းလမ်း ထိပ်ရောက်သော် ကားကြီး၊ ကားလေးများလည်း ရှိပါသည်။ ဆိုက်ကားစီးသွား၍လည်း ရပါသည်။ ကိုးထပ်ကြီးဘုရားနှင့် မလှမ်းမကမ်းတွင် တည်ရှိသည်။ ရွှေတောင် တိုက်သစ်




www.burmeseclassic.com

www.burmeseclassic.com

ကျောင်းအဝင်ပေါက်မှ ဝင်သွား၍ ရသလို၊ ဗားကရာကျောင်းတိုက် ဝင်ပေါက်မှ ဝင်သွား၍လည်းရသည်။

◆◆◆

စာရေးသူ ရောက်သွားသောအခါ လွန်ခဲ့သော ၆နှစ်က ရောက်ခဲ့သော အချိန်ထက် စေတီတော်မှာ မထူးခြားသော်လည်း ဆရာတော်ကြီးများ ပုံတော်ရုပ်ထု၊ ဝိဇ္ဇာမိုရ်၊ မယ်တော်ပုံတို့မှာ ပို၍တင့်တယ်လျက်ရှိနေတာကို တွေ့မြင်ရပါသည်။ ရတနာမာရ်အောင် စေတီတော်ဘွဲ့တော်ကို အချို့က "မာန်









အောင်"ဟု ရေးတာ တွေ့ရ၏။ ဘွဲ့တော်အမည်အစစ်မှာ မာရ်ဖြင့် ရေးရသည်ကို သတိပြုရပါမည်။

ဤစေတီတော်နှင့် တဝဂ္ဂဘုရားကို ဗားမဲ့ဆရာတော်ဘုရားကြီး‌တည်ခဲ့သည်ဟု အခိုင်အမာပြောဆိုကြပါသည်။ သို့သော် နှစ်ပေါင်း ကြာမြင့်၍ သမိုင်းကြောင်း တိတိကျကျတော့ မည်သူမျှ မပြောနိုင်။ ရေးတာ မတွေ့ရပေ။ နီးစပ်ရာ ရေမီးနောက်မီ လူကြီးအချို့အား မေးမြန်းကြည့်ရာ ညောင်ရမ်းမင်းတရားလက်ထက်တွင် နာမည်ဂုဏ်သတင်းကျော်ကြားတော်မူသော ဗားမဲ့ဆရာတော်ဘုရားကြီးသည် ဒဂုံမြို့သို့ ကြွလာပြီး တည်ခဲ့ကြောင်း သိရှိရပါသည်။ မျိုးသွင်(လှိုင်)၏

"ဗားမဲ့ဆရာတော်နှင့် မဟာဂန္ဓရီ နိဒါန်း"စာအုပ်တွင် ကော
သက္ကရာဇ် ၉၅၁ခုနှစ်တွင် ညောင်ရမ်းမြို့မှ ရန်ကုန်မြို
ကြွရောက်တော်မူပြီး ရတနာမာရ်အောင်စေတီတော်နှင့် တ
၇ ဆုတောင်းပြည့် ရုပ်ပွားတော်အား သဒ္ဓါကြည်လင် ပါရမီ
သူတော်ကောင်းတို့နှင့်အတူ ကမကထပြု၍ တည်ထားခဲ့
သည်။ ထိုစေတီတော်မှာ ယခုအခါ ရန်ကုန်မြို့ ဗားမဲ့ကျော
ဝင်းအတွင်း၌ ရှိပြီး စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်းထိပ်အနီးတ
ဖြစ်ပါသည်။ ထိုစေတီတော်ကို နှစ်စဉ် သီတင်းကျွတ်လဆ


၁၄ရက်မှ လပြည့်ကျော် ၁ရက်နေ့အထိ ဆီမီးတစ်ထော
ပန်းတစ်ထောင် ပူဇော်၍ ဗုဒ္ဓပူဇနီယသဘင် ဆင်ယင်ကျင်း
လျက် ရှိပါသည်။


ထိုစေတီကို ၉၅၁ ခုက တည်သည်ဟု ဆို၍ ၁၃၇
ခုမှ ၉၅၁ခုကို နုတ်လျှင် နှစ်ပေါင်း ၄၂၃နှစ်ရှိပြီဖြစ်ပါသည်
ဘုရားစေတီအနီးရှိ ပုဂ္ဂိုလ်တစ်ဦးက လွန်ခဲ့သော နှစ် ၂၀ကျော
က ၉၅၂ခုဟူ၍ ဆိုင်းဘုတ်ရေးထားတာ တွေ့ရသည်ဟု ဆို
သည်။ ယခု လမ်းမကြီးအနီး ဝင်ပေါက်တွင် ဘုရားစေတီ
တော်အမည်ရေးထားတာ မတွေ့ရပေ။ ဘုရားဘွဲ့အော် လမ်း
ညွှန်ဆိုင်းဘုတ် ထားသင့်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com










မြေနီကုန်းမရောက်ခင် တော်လှန်ရေးပန်းခြံ၊ လဗမ်းဆုံ …င်အနီးတွင် ဗားကရာကုန်းရှိပါသည်။ ထိုကုန်းပေါ်တွင် …ည်း နှစ်ပေါင်း ၄၀၀ကျော်က တည်ခဲ့သော "တေဇော် …သိန်"စေတီတော်တစ်ဆူရှိပါသည်။ ဆိုင်းဘုတ်ရေးထား …ည်ကို လမ်းပေါ်မှ မြင်တွေ့ရသည်။ စေတီတော်အနီးရှိ …ရာဘုန်းကြီးကျောင်းက ထိန်းသိမ်းစောင့်ရှောက်ထား …ည်။ ဆရာတော်မှ "ဗားမဲ့ဆရာတော် တည်ခဲ့တဲ့ ဘုရား"ဟု …ဆိုပါသည်။

"ရတနာမာရ်အောင်"စေတီသည် မူလက ထုံးဖြူဖြူ …တီတစ်ဆူသာ ဖြစ်သည်။ နှစ်ပေါင်း အတော်ကြာ မွမ်းမံ …မှု မရှိ ပျက်စီးနေသော ပုံပဟောင်းတစ်ပုံကို တွေ့မြင်ရသည်။ …တီပုံစံတော့ မပျက်ပါ။ ထီးတော်မရှိ။ အရောင်မထွက်။ မြက်ပင် ချုံပင်များ ပေါက်ရောက်တွယ်ကပ်နေတာ တွေ့ရသည်။ ထိုစေတီရင်ပြင်အနီးတွင် ကျောက်စာတစ်ခုတွေ့ရသည်။ ပြုပြင်မွမ်းမံ ထီးတော်တင်ခြင်း ကမ္ပည်းကျောက်စာ ဖြစ်ပါသည်။


**"ရတနာမာရ်အောင် စေတီတော်"**


*ရန်ကုန်မြို့ ဘိုလီမ်းလမ်း၊ အမှတ် ၁၆-၁၇နေ ကျောင်းဆရာကြီး ဘုရားဒါယကာ ဦးဘိုးချစ်၊ ဘုရား ဒါယိကာမ ဒေါ်ဖွားရီ၊ သား ဘုရားဒါယကာ ဦးတင်ရှိန်၊ ဘုရားဒါယိကာမ မမြရင်၊ မြေး အောင်မျိုးရှိန်၊ ညီမ မြမြရှိန် သားသမီးတစ်စုတို့က ကွယ်လွန်သူ မိခင် ကျောင်းဆရာကြီးကတော် ဒေါ်စိန်ရင်နှင့် ကွယ်လွန်လေပြီးသော မိဘဘိုးဘွားများကို ရည်စူး၍ ရတနာမာရ်အောင်စေတီတော်မြတ်ကြီးကို ၁၃၂၁ခု၊ တန်*



www.burmeseclassic.com

www.burmeseclassic.com





ဆောင်မုန်းလပြည့်နေ့တွင် အသစ်တစ်ဖန် ပြန်လည်မွမ်းမံ ထီးတင်ကြပါသည်။

ယခုဆိုလျှင် နှစ်ပေါင်း ၅၃နှစ်ရှိပေပြီ။


ဗိုလ်သံမဏိမှ ဦးတင်ရှိန်အား "သံလေးလံ ပေးမယ်၊

မြတ်ရင် ဘုရားမွမ်းမံမလား"ဟု မေးရာ "မွမ်းမံမယ်"

ကတိပေးခဲ့ပြီး အမြတ်ငွေရသဖြင့် ပြုပြင်မွမ်းမံခဲ့သည်

ဆိုပါသည်။ စေတီတော်ပတ်လည်တွင် နှစ်ကျိပ်ရှစ်ဆူဘု

များ တွေ့ရ၏။ နောက်ပိုင်းမှ ပြုလုပ်ထားခြင်းဖြစ်သည်။ ပြီး







www.burmeseclassic.com

www.burmeseclassic.com


ခွင်ရုပ်နှင့် ပြဲုဟ်တိုင်များ တင့်တယ်စွာ ပြုလုပ်ထား၍ ကီယကြြာ ယုံကြည်သူများ ဗုဒ္ဓယကြြာဆောင်ရွက်နိုင် ည်။ စေတီတော်အနောက်မြောက်ထောင့်တွင် အဘ ခေါင်ရုပ်ထုကို ခန့်ညားစွာ တွေ့ရသည်။

ရတနာမာရ်အောင်စေတီ ဉာဏ်တော်အမြင့် မရေး သော်လည်း ၂၇ပေ အနည်းဆုံးရှိမည်ဟု ခန့်မှန်းရပါသည်။ ခင်က ဤနေရာသည် တောအုပ်များ ဖြစ်နေ၍ ဗားမဲ့ တော် ဒဂုံ(ရန်ကုန်)ကြွတော်မူပြီး တောရဆောက်တည် ည်။ ဗားကရာကုန်းနှင့် ရတနာမာရ်အောင် တည်ရာတွင် ရဆောက်တည်ရခြင်းမှာ ရွှေတိဂုံစေတီတော်မြတ်ကြီး နီးသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ ဤနေရာပတ်ဝန်း တွင် ယခုတိုင် သစ်ပင်ကြီးများ ရှိပါသည်။

ရတနာမာရ်အောင်စေတီတည်ရာ နေရာတွင် တရား ဝိုင်၊ ပုတီးစိပ် ပြုလုပ်ပါက တည်ငြိမ်အေးချမ်း၍ သမာဓိ ရနိုင်ပြီး အကြားအာတ်၊ အမြင်ဓာတ်ရရှိစေသည့် ဆုတောင်း ပြည့် စေတီတော်တစ်ဆူဖြစ်သည်။ စေတီတော်ကို နှစ်စဉ် အမျိုးသားနေ့တိုင်း ရောင်တော်ဖွင့်သည်ဟု သိရပါသည်။ စေတီတော်အနီး လမ်းမဘက်သို့ မျက်နှာမူနေသော မတ်ရပ် ဆင်းတုတော်တစ်ဆူ ဖူးမြင်ရပါသည်။

စေတီတော်အောက်ဘက်တွင် တဝဂူ ဆုတောင်းပြည့် ဘုရားတစ်ဆူရှိပါသည်။ ဂူထဲတွင် ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွား တော်ကို ဖူးတွေ့ရသည်။ အပြင်ပေါက် ဖွင့်ထားပြီး အတွင်း ဝင်ပေါက်ကို ပိတ်ထားပါသည်။ ရုပ်ပွားတော်မှာ ရှေးဟောင်း ဘုရားဖြစ်ပြီး နှစ်ပေါင်းကြာ၍ အုတ်သားမှာ နူးညံ့နေသည်











www.burmeseclassic.com

www.burmeseclassic.com







ဟု ဆိုပါသည်။ ရွှေသင်္ကန်းကပ်လှူချိန်သာ ဖွင့်ပါသည်။ အပြင်တွင် အုန်း၊ ငှက်ပျောပွဲ မပြတ်လာလှူထားတာ တွေ့ရသည်။ စေတီနှင့် တဝဂ္ဂုကို တွဲထားပြီး ထူးခြားသော ပုဂ္ဂိုလ်မြတ်တို့သည် တဝဂ္ဂုမှာ အဓိဋ္ဌာန်ဝင် ကျင့်ကြံ အားထုတ်လေ့ရှိပါသည်။

လွန်ခဲ့သော ၆နှစ်က စာရေးသူသည် အဘ ဦးခင်မောင်ဆိုသူအား တွေ့ဆုံမေးမြန်းကြည့်ခဲ့ဖူးပါသည်။ တဝဂ္ဂုတွင် အရဟံဂုဏ်တော် ပုတီးစိပ် အဓိဋ္ဌာန်ဝင်နေစဉ် နားထဲတွင် လူလာကပ်ပြောသလို အသံကြားရကြောင်း၊ သေချာ နားထောင်သောအခါ ကိန်းဂဏန်းသုံးလုံးပေးသွားကြောင်း၊ နီးစပ်ရာကို ပြောပြလိုက်သောအခါ အားလုံးပေါက်သွားသည်ဟု ဆိုပါသည်။ ထိုကဲ့သို့ သုံးလေးကြိမ်မှန်သောအခါ လူများအုံလာ၍ ဘာမှထပ်မကြားရတော့ဟု ပြောပါသည်။

"အမျိုးသမီးတွေ ဟိုဟာ ဝယ်လာ၊ ဒီဟာ ဝယ်လာနဲ့ အဘနား အတင်းကပ်လာကြတယ်။ အဘလည်း လောကီစည်းစိမ်ပုံစံ ငွေနဲ့ အစားအစာအပေါ်မှာ သာယာမိလိုက်တာ ဘာသံမှ မကြားရတော့ဘူး"

ဟု ပြောပြပါသည်။

"နောက် ဘာဖြစ်မယ်ဆိုတာလည်း ကြိုတင် နိမိတ်ပုံစံ လာပြောတယ်။ ပရိမိတ္တဇာလသုတ် ရွတ်လို့ ပြောတယ်။ ကိုးထပ်ကြီးဘုရားမှာ စာအုပ်လေး သွားဝယ်ပြီး ရွတ်လိုက်တယ်။ ညနေ ရုံးဆင်းတော့ ကားတိုက်မလို ဖြစ်တယ်။ ပေါင်နားက ပွတ်သွားတယ်။ ပရိမိတ္တသာ မရွတ်ထားရင် ကားတိုက်ခံရမှာ သေချာတယ်"

ဟု သူ၏ ကိုယ်တွေ့ကို ပြောပြပါသည်။

လွန်ခဲ့သောနှစ်ကလည်း နေလဂ္ဂာနယ်တွင် "ထူးဆန်းသော အလင်းတန်း ထွက်ပေါ်ခဲ့သည့် ရတနာမာရ်အောင်စေတီတော်နှင့် တဝဂ္ဂုဘုရား" ဟူသော သတင်းပါလာသည်။ ဓာတ်ပုံနှင့်တကွ ဖော်ပြပေးထားသည်။

စာရေးသူတို့ ရောက်သောအခါ စေတီတော်အကျ
တော်ဆောင် ဆရာ ဦးထွန်းဇော်နှင့် ဆရာမ ဒေါ်ခင်မာမြင့်တ
မှ ဝေယျာဝစ္စကိစ္စ ဆောင်ရွက်ရင်း အစားအာဟာရတို့ဖြ
ကျွေးခဲ့၍ သိလိုသည်များကို ရှင်းပြပေးကြပါသည်။


ယခုအခါ ဤစေတီတော်နှင့် ဘုရားကို ရွှေတော
တိုက်သစ် ဆရာတော်(မြို့နယ် သံဃမဟာ နာယက ဥက္ကဋ္ဌ
ဘဒ္ဒန္တဓေရဝံသာ ဘိဝံသမှ ထိန်းသိမ်း၊ ဩဝါဒ ဆရာတော
အဖြစ် ဆောင်ရွက်နေသည်ဟု သိရပါသည်။ တဝဂ္ဂုဘုရားအ
တွင် ကြေးဆင်းတု ဇာဘးမဲ့ဆရာတော်ပုံကြီးမှာ အထူးကြည်
ဖွယ် ကောင်းလှပါသည်။ ဇင်းကျိုက်တောင်အနီး ဇာဘးမဲ့ကု
တွင် တည်ရှိသော ပုံတော်နှင့် တူပါသည်။ ထိုကြေး ဇာဘ
ဆရာတော်ရှေ့တွင် ပွဲတော်၊ ပန်း၊ သစ်သီးလှူထားတာက
အမြဲလိုလို တွေ့မြင်ရပါသည်။ တဝဂ္ဂုဘုရားတွင် နေ့စ
အဓိဋ္ဌာန်လာဝင်သူတွေ ရှိပြီး ဇာဘးမဲ့ဆရာတော်ရှေ့တွင် ပုတ
စိပ် ဆုတောင်းသူများလည်း ရှိကြ၏။ တဝဂ္ဂုအနီးတွင် ဝိဇ္ဇာမ
ရုပ်ထုပုံများ၊ မယ်တော်ပုံ၊ ဘုရားရုပ်ပွားတော်၊ ဂန္ဓကုဋိတိုက
တို့ကို တွေ့မြင်ရသည်။ ဇာဘးမဲ့ဆရာတော်၊ ဘိုးဘိုးအောင
ဘိုးမင်းခေါင် စသည့် ရုပ်ထုပုံများမှာ အသက်ဝင်နေသ
ထင်ရပါသည်။ ရှေ့တွင် ဝိဇ္ဇာမိုရ်သုံးပါး ထိုင်နေတော်မူပြ
နောက်တွင် သုံးပါးရပ်ကာ စေတီတော်ဘက် လှမ်းမျှေ
ဖူးနေပုံဖြစ်သည်။

သူရဿတီမယ်တော်၊ နဂါးမယ်တော်ထံတွင် အဓိဋ္ဌာ
ဆုတောင်းသွားကြပြီး အဓိဋ္ဌာန် အောင်မြင်၍ အလှူဒါနပြု
တွေလည်း ရှိသည်ဟု ဆိုပါသည်။ ဤစေတီတွင် အလှူ
ပုဂ္ဂိုလ်၊ အလှူခံဌာန မရှိသည်မှာလည်း ထူးခြားမှုတစ်ခု
ပါသည်။ ပန်း၊ ပွဲ အမွှေးတိုင်၊ ဖယောင်းတိုင် အရောင်း
မရှိပါ။ ပုံသေ ဂေါပကအဖွဲ့ပုံစံလည်း မတွေ့ရပေ။ လှူချင်



www.burmeseclassic.com

www.burmeseclassic.com



များ မိမိစိတ်၊ စေတနာသဒ္ဓါတရားဖြင့် လှူနိုင်သည်။ ယခင် အစ်ခေါက်က အပေါ်ဖြူ၊ အောက်ဖြူနှင့် မုတ်ဆိတ်ဖြူပုဂ္ဂိုလ် တစ်ဦးမှာ ယခုစေတီတော်အနီး ရောက်နေပါသည်။ ဒီ တစ်ခေါက် အကျိုးတော်ဆောင်မှာ သတင်းထောက် စာရေး ဆရာ ဇနီးမောင်နှံဖြစ်နေပါသည်။

ရတနာမာရ်အောင်စေတီနှင့် တဝဂ္ဂဘုရားသည် မသိလူ ကျော်သွား၊ သိလူ ဖော်စားဟူသကဲ့သို့ ဖြစ်နေပါသည်။ လပြည့် ကျော်ကွယ်နေ့တိုင်း ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်လှူကြ သည်ဟု ဆိုပါသည်။ အဓိဋ္ဌာန်ဝင်လိုသည် ဖြစ်စေ၊ ကုသိုလ် ကောင်းမှုပြုရန်အတွက် ဖြစ်စေ၊ ဤစေတီတော်သို့ တစ်ခေါက်တစ်ခါတော့ အရောက်သွား၍ ဖူးမြော်သင့်ပါသည်။

စေတီတော်အနီးတွင် ဇိနမာရ်အောင် ဆုတောင်းပြည့် ဗုဒ္ဓရုပ်ရှင်တော်မြတ်ကြီးလည်း တည်ရှိပါသည်။ "သာသနဝိသော ဓနီ"သိမ်တော်ကို အသစ်တည်ဆောက်ထားပါသည်။ ပရဟိတ စာသင်ကျောင်းတစ်ကျောင်းလည်း တွေ့ရပြီး ဂျပန်နိုင်ငံမှ ရေအိမ်၊ ရေစင် လာလှူပေးထားပါသည်။ ဤကျောင်းတိုက် ဝင်းကြီးမှာ ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ သိမ်၊ ဗောဓိ ညောင်ပင် စသည်တို့နှင့် ပြည့်စုံစွာ တည်ရှိနေပါသည်။ အကျိုး တော်ဆောင်များအနေဖြင့် လူအများ မြင်သာအောင် လမ်း ညွှန်ဆိုင်းဘုတ် ပြုလုပ်ထားပေးသင့်ပါသည်။ ဘုန်းကြီးကျောင်း ဘက်မှဝင်သော အပေါက်လည်း ဖွင့်ပေးထားသင့်ပါသည်။ ရှေးဟောင်းသမိုင်းဝင် စေတီတော်နှင့် ဘုရားဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် ဗုဒ္ဓဘာသာဝင်များ ဆောင်ရွက်နိုင်ကြပါစေ သတည်း။■


* * *

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ဝင်စားဖွယ်ကောင်းသော စာတစ်စောင်နှင့်
# အခက်ဆုံး မေးခွန်းသုံးခု

မေတ္တာရှင်(ရွှေပြည်သာ)



အဆက်…

**သိုလ်ဖြင့် အပါယ်လွတ်လမ်း**

ဝတ္ထုပါဠိတော်မှာ "စဏ္ဍာလီ" လို့ ခေါ်တဲ့ ဘာသာ ဒိုတစ်ယောက်ရှိတယ်။ သူဟာ သက်တမ်းကုန် နေ့ခင်းလောက်မှာပဲ သေမှာ။ ကို မသိရတော့ ဘာကုသိုလ်မှလုပ်ဖို့ သတိမရဘဲ ဝမ်းစာပဲ ရှာဖွေနေရတယ်။ သူဟာ သူတစ်ပါးအိမ်မှာ အစေခံ လုပ်ရတယ်။ သူသေရင် အပါယ်ကျမှာဆိုတာကို သိတဲ့ ဘုရားရှင်ဟာ စဏ္ဍာလီအသွားနဲ့ မျက်နှာချင်းဆိုင်တွေ့မယ့် လမ်းကို ရွေးပြီး ဆွမ်းခံကြွတော်မူတယ်။ နောက်မှာလည်း သံဃာတော်တွေ အများကြီးပါတာပေါ့။ သံဃာတော်တွေက တော့ မသိရဘူး။ မြတ်စွာဘုရားဟာ ဆွမ်းလောင်းသူမရှိတဲ့ နေရာတွေကို ဘာဖြစ်လို့ ကြွနေတာပါလိမ့်ဆိုပြီး စဉ်းစားနေ တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဘုရားရှင်ကို ရှိခိုးပြီးသေမှ နတ်ပြည် ရောက်မယ်ဆိုတာကို သိလို့ အဘွားနဲ့ မဆုံ့ဆုံအောင် ကြွနေ တာပါ။ ဟော···ဘုရားရှင်နဲ့ အဘွား မျက်နှာချင်းဆိုင် ဆုံပါပြီ။ ဒါပေမယ့် ဘာသာခြားဖြစ်တဲ့ အဘွားဟာ ရပ်ပေး တော်မူတဲ့ ဘုရားရှင်ကို ရှိခိုးဖို့ စိတ်ကူးမပေါ်ပါဘူး။ ရှောင်ထွက် ဖို့ပဲ ကြိုးစားနေတယ်။ ဒီအခါမှ ဘုရားရှင်က အရှင်မောဂ္ဂလာန် ကို လှမ်းကြည့်လိုက်တယ်။ လှမ်းကြည့်တယ်ဆိုတာ ဘုရား ရှင်ရဲ့ ဆန္ဒကို စိတ်နဲ့ ပြောလိုက်တာပဲ။ အရှင်မောဂ္ဂလာန်ဟာ ရှေ့ကို ထွက်လာပြီး ဘုရားရှင်ကို ရှိခိုးဖို့ အဘွားအိုကို တိုက်တွန်းတယ်။ ဒါပေမယ့် အဘွားအိုက ငြင်းဆန်နေတယ်။ သူ့ကို အပါယ်မကျအောင် ကယ်တင်နေတယ်ဆိုတာ မသိ ဘူး။ စည်းရုံးနေတယ်လို့ပဲ ထင်နေတယ်။

ဘယ်လိုမှ ရှင်းပြလို့မရတဲ့အခါ အရှင်မောဂ္ဂလာန်က အဘွားအိုကို တည့်တည့်ပြောချလိုက်တယ်။ အဘွားဟာ နောက် နှစ်နာရီကျော်လောက်ဆို သေတော့မှာ။ အဘွားမှာ အားကိုးစရာ ကုသိုလ်မရှိတဲ့အတွက် သေရင် အပါယ်ငရဲကျ မှာ။ ဘုရားရှင်ကို ကန်တော့ပြီးမှသေရင် အပါယ်မကျတော့ ဘူး။ ဒီအကျိုးကျေးဇူးတွေကို မြင်လို့ ဘုရားရှင်ဟာ အဘွား တစ်ယောက်တည်းအတွက် အပင်ပန်းခံပြီး ကြွလာတာလို့ ပြောလိုက်မှ သူ သဘောပေါက်သွားတယ်။

အဲဒီတော့မှ ဘုရားရှင်ကို ရိုသေစွာ ကန်တော့တယ်။ ဘုရားရှင်နဲ့ သံဃာတော်တွေ ပြန်ကြွပြီးမကြာခင်မှာပဲ အဘွား ဟာ ရုတ်တရက် သေဆုံးသွားတယ်။ ခုခေတ်လိုဆိုရင် နှလုံး ရပ်တာတို့၊ ဦးနှောက်သွေးကြောပြတ်တာတို့ တစ်ခုခုဖြစ်မှာ ပေါ့။ ဘုရားရှင်ကို တစ်ခဏတာ ကြည်ညိုရတဲ့ ဗုဒ္ဓါနုဿတိ သမထဘာဝနာ ကုသိုလ်ကံကြောင့် အဘွားဟာ နတ်ပြည်ကို ရောက်ခဲ့ပါတယ်။

အဲဒီနေ့ညမှာပဲ ဘုရားရှင်ဟာ တရားပွဲကြီးတစ်ပွဲကို ဟောကြားနေတယ်။ အဲဒီအချိန်မှာ လူတွေ မြင်သာတဲ့ ကောင်းကင်ပြင်မှာ နတ်ဗိမာန်ကြီးတစ်ခုပေါ်လာပြီး နတ်သမီး တစ်ယောက်ဟာ ဗိမာန်ထဲကနေ တရားနာနေတယ်။ လူတွေ ဟာ နတ်သမီးကို တအားစိတ်ဝင်စားနေကြတဲ့အတွက် တရား ပွဲပြီးတာနဲ့ ဘုရားရှင်ဟာ နတ်သမီးနဲ့ အမေးအဖြေလုပ်တယ်။ နောက်ဆုံးတော့ အဲဒီနတ်သမီးဟာ နေ့ခင်းကမှ သေသွားတဲ့ စဏ္ဍာလီအမည်ရှိတဲ့ အဘွားဖြစ်နေတာကို သိသွားကြတယ်။ ဒါဟာ သမထ ဝိပဿနာကုသိုလ်က အပါယ်လေးပါးသို့ မကျအောင် ဆောင်ပုံပါပဲ။

## ဝိပဿနာကုသိုလ်ဖြင့် အပါယ်လွတ်လမ်း

ဝိပဿနာ ဘာဝနာကုသိုလ်နဲ့ မဂ်ကုသိုလ်က အပါ
လေးပါးနဲ့ ဝဋ်သုံးပါးသို့ မကျအောင် ဆောင်ပုံကို ဆက်
မယ်။ မြေပဒမှ လာတာ၊ ငါ့ရှင် ကြားဖူးပြီးသား။ "တမ္ဗဒါဌိ
အမည်ရှိတဲ့ အာဏာသားကြီးတစ်ယောက်အကြောင်းကို
မယ်။ ဇာတ်လမ်းကို အဓိကထားပြီး ပြောမှာမဟုတ်ဘူ
အပါယ်က လွတ်ပုံ၊ ဝဋ်သုံးပါးက လွတ်ပုံကို အဓိ
ထားပြီး ပြောမှာ။ သူဟာ ရာဇဂြိုဟ်ပြည်မှာ နေတ
မကောင်းတာမှန်သမျှ အကုန်လုပ်တယ်။ နောက်ဆုံး
အဖွဲ့ထဲ ရောက်သွားပြီး ပိုဆိုးသွားတယ်။ ကန်တတ်တဲ့
ကို ချိတပ်ပေးလိုက်သလို ဖြစ်သွားတတ်တာပေါ့။ နော
ဆုံး သူတို့အဖွဲ့တွေဟာ စစ်တပ်ရဲ့ ဖမ်းဆီးခြင်းကို ခံလိုက
တယ်။

အမှုကို စစ်ဆေးပြီးတဲ့အခါ အားလုံး သေဒဏ်အ
ရတယ်။ သူသာန်ရောက်တဲ့အခါ ဒီခိုးသားငါးရာကို သတ်
မယ့် အာဏာသားက မရှိဘူးဖြစ်နေတယ်။ ဒီတော့ အ
တစ်ယောက်က သူတို့အဖွဲ့က ဓားပြခေါင်းဆောင်ကို အာ
သားလုပ်ပြီး သူ့အဖွဲ့က လူတွေကို ကိုယ်တိုင်ပြန်သတ်
ဖို့ စည်းရုံးတယ်။ အဲဒီလိုသတ်ပေးရင် သေဘေးက လွတ်
အာဏာသား ရာထူးကို ပေးမယ့်အကြောင်းလည်း ပြေ
တယ်။

ဓားပြခေါင်းဆောင်ဟာ မိုက်သာ မိုက်တာ၊ မယုတ်
ဘူး။ သူသေချင် သေပါစေ၊ အချင်းချင်းပြန်မသတ်ဘူးဆို
ဘူးခံလိုက်တယ်။ ဒါနဲ့ တစ်ယောက်စီ မေးသွားလိုက်
အရင်ဓားပြအဖွဲ့ဝင်ဟောင်း ၄၉၉ ယောက်ဟာ ဘယ်သ
အချင်းချင်း ပြန်မသတ်ကြဘူး။ တမ္ဗဒါဌိကအလှည့်လ
ရောက်ရော လက်ခံလိုက်တယ်။ သူဟာ မိုက်ရုံတင်မက
ယုတ်မာသူပါ ဖြစ်နေတာပေါ့။ သူဟာ သူ့အဖွဲ့သား ၄
ယောက်ရဲ့ ခေါင်းတွေကို သူကိုယ်တိုင် ရက်ရက်စက်စက်
ပြီး သတ်ပစ်လိုက်တယ်။

အဲဒီနေ့မှာပဲ အရပ်လေးမျက်နှာက ဓားပြအဖွဲ့
ထပ်မိလာတယ်။ အားလုံး သေဒဏ်ချည်းပဲ ကျတယ်
ဓားပြ အယောက်နှစ်ထောင်ကိုလည်း သူပဲ သတ်ခဲ့တ
အဲဒီနေ့က စပြီး သေဒဏ်ကျတဲ့ လူတွေကို သတ်ပေး
လိုက်တာ နှစ်ပေါင်းအတော်ကြာသွားတယ်။ သူ့အသ
တောင် ခြောက်ဆယ်ကျော်လို့ ခုနစ်ဆယ်နား ကပ်လာ
အသက်ကြီးလာတော့ အားအင်တွေကလည်း
လာတယ်။ ရာဇဝတ်သားတွေရဲ့ ခေါင်းကို ခုတ်ဖြတ်တဲ့အ

www.burmeseclassic.com

www.burmeseclassic.com

...ချက်တည်းနဲ့ မပြတ်တော့ဘူး။ နှစ်ချက်သုံးချက်ခုတ်မှ ...တော့တယ်။ ဒီတော့ ရာဇဝတ်သားတွေဟာ မချိမဆန့် ...နာကို ခံစားပြီးမှ သေကြရတာပေါ့။

ဒါကို သိသွားတဲ့အတွက် သူ့ကို အာဏာသား ရာထူး ...နေ ချလိုက်တယ်။ ခုခေတ်လိုဆိုရင်တော့ အလုပ်ထုတ် ...ိုက်တယ်။ ဒါမှမဟုတ် ပင်စင်ပေးလိုက်တယ်ပေါ့။ နှစ်နာ ...အနေနဲ့ ရရှိတဲ့ ခြောက်လစာလောက် ပင်စင်ငွေစတွေ ...ကြည့်ပြီး သူ ဘာစဉ်းစားနေသလဲဆိုတော့ ငါဟာ အသား ...ောင်းကောင်းမစားရတာ ကြာပြီ၊ ဒီနေ့တော့ အသားမျိုးစုံ ...ပြီး ကောင်းကောင်းချက်စားမယ်လို့ စဉ်းစားနေတယ်။

တကယ်တော့ သူဟာ အဲဒီနေ့ညမှာပဲ ဆုံးမှာပါ။ ဒါကို ...တော့ ကုသိုလ်လုပ်ဖို့ သတိမရဘဲ ကောင်းကောင်းစားဖို့ အာရုံစိုက်နေတာပါ။ ပုထုဇဉ်အများစုဟာ ဒီအာဏာသား ...လိုပဲ များပါတယ်။

ပုထုဇဉ်တွေဟာ...

* ဘယ်အသက်အရွယ်မှာ သေရမယ်၊
* ဘယ်အနာရောဂါနဲ့ သေရမယ်၊
* နံနက်၊ နေ့လယ်၊ ည ဘယ်ကာလမှာ သေရမယ်၊
* ဘယ်သုသာန်မှာ သင်္ဂြိုဟ်မယ်၊
* ဘယ်ဘုံရောက်မယ်

ဆိုတာ အသေအချာမသိနိုင်ပါဘူး။ ရမ်းသမ်းနေကြရ ...ပါ။ ဒါကြောင့်လည်း ရမ်းသမ်းသေကြရတာပေါ့။

တောင်သာမြို့နဲ့ တစ်ဆက်တည်း "ညောင်ပင်သာရွာ" ...တာ ရှိတယ်။ ကျောင်းသစ်ကျောင်း စာသင်တိုက်က ...ဆရာတော်တစ်ပါးဖြစ်တဲ့ ဦးကဥ္စနဟာ အဲဒီကျောင်းမှာ ...ောင်းသွားထိုင်ရတယ်။ ဆရာတော်ဟာ မြို့စာသင်တိုက် ...မှာ နေလာတာဆိုတော့ အဆင့်မြင့်မြင့်နေချင်တယ်။

ဒါ့ကြောင့် ရောက်ရောက်ချင်း အတော်ကောင်းတဲ့ ...ထပ်ကျောင်းကြီးတစ်ကျောင်းကို မရှိ့ရှိတာ စုဆောင်းပြီး ...ောက်ရာတယ်။ ဆရာတော်ဟာ သက်တော် ၅၀ကျော်လေး ...ရှိသေးတော့ သေခြင်းတရားဟာ သူနဲ့ အဝေးကြီးလို့ ...င်နေမှာပေါ့။ နှစ်ထပ်ကျောင်းကြီးလည်း ဆောက်ပြီးရော ...ောက်တောင် မချရသေးဘူး၊ ဆရာတော်ဟာ အသည်း ...င်ဆာနဲ့ ပျံလွန်တော်မူရှာတယ်။

ဒါကြောင့် ငါ့ရှင်ကိုလည်း သတိပေးချင်တယ်။ သေခြင်း ...ရားဟာ ရင်ဘတ်နဲ့ ကျောလို ကပ်နေတာပါ။ သိပ်နီးကပ် ...တယ်။ သေခြင်းတရားဟာ အမြဲရှိနေပါတယ်။ နေခြင်း ...ရားကတော့ အမြဲမရှိပါဘူး။ အသည်းရှိသူတိုင်း အသည်း ...င်ဆာနဲ့ သေနိုင်ကြတာချည်းပဲ။ ကဲ - အာဏာသား တမ္ဗဒါဌိကကြီးအကြောင်းကို ဆက်ပြောပါမယ်။ အာဏာသား ဟာ ဒီနေ့ညနေ သေမှာကို မသိရှာတော့ ကုသိုလ်ရဖို့ စိတ်မကူးဘဲ ကောင်းကောင်းစားရဖို့ပဲ စိတ်ကူးနေတယ်။

သူ စိတ်ကူးတဲ့အတိုင်းပဲ အသားတွေ၊ ငါးတွေ သွားဝယ် ပြီး ကိုယ်တိုင် ကျကျနနချက်တယ်။ အားလုံးကျက်ပြီဆိုတဲ့ အခါ ထမင်းပွဲကြီးပြင်ပြီး ဝိုင်းမှာ ထိုင်လိုက်တယ်။ ဒီအချိန်မှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ဟာ အာဏာသားရဲ့ အိမ်ရှေ့ မှာ ဆွမ်းလာရပ်တယ်။ အာဏာသားကြီး သေပြီးရင် ငရဲကျ မှာကို မြင်တော်မူလို့ ဝိပဿနာတရားဟောပေးရအောင် ကြွ ရောက်တော်မူတာပါ။

မထေရ်မြတ်ကိုလည်း မြင်လိုက်ရော အာဏာသားကြီး ဟာ သူ့ကိုယ်သူ တော်တော်သံဝေဂ ရသွားတယ်။ အသက် သာ ၆၀ကျော်လို့ ၇၀ထဲ ရောက်လာတယ်၊ ဘာကုသိုလ်မှ မရှိခဲ့ဘူး မဟုတ်လား။ ဒါကြောင့် မထေရ်မြတ်ရဲ့ သပိတ်ကို ယူပြီး အိမ်ထဲ ဝင်လိုက်တယ်။ ပြီးတော့ သူစားဖို့ ပြင်ထားတဲ့ နို့ထမင်းတွေကို မထေရ်မြတ်အား လှူလိုက်တယ်။

မထေရ်မြတ်က ဝိပဿနာတရားတစ်ပုဒ်ဟောပေး လိုက်တာ တရားအဆုံးမှာ အနုလောမဉာဏ်လို့ ဖွင့်ပြထား တယ်။ မထေရ်မြတ် ပြန်အကြွမှာ သူက လိုက်ပို့တယ်။ ပို့ပြီး ပြန်အလာမှာပဲ နွားငဲ့တာ ခံရပြီး သေသွားရှာတယ်။ ဒါပေမယ့် တစ်ခဏတာ နာရတဲ့ ဝိပဿနာကုသိုလ်ကံကြောင့် လူသက်နဲ့ဆိုရင် ၅၇ကုဋေနဲ့ အနှစ် ၆သန်း အသက်ရှည်တဲ့ တုသိတာနတ်ဘုံကို ရောက်သွားတယ်။

ဒီဖြစ်ရပ်ကို ကြည့်ပြီး ပဥ္စနဏ္ဍိယကံငါးပါးမှ တစ်ပါး အခြားကံတွေ ဘယ်လောက်ပင် လုပ်ခဲ့လုပ်ခဲ့ ဝိပဿနာ တရားကိုသာ နာကြားအားထုတ်ကြပါ။ မဂ်ဖိုလ်ရပြီး အပါယ် တံခါးပိတ်စေရမယ်လို့ ရေလုပ်ငန်းသမားတွေ၊ သားသတ် သမားတွေကို တာဝန်ယူလိုက်စမ်းပါ။ ဒွိဟိတ်ဖြစ်နေလို့ မဂ် ဖိုလ်မရနိုင်ဘူးဆိုရင်တောင် ဝိပဿနာကုသိုလ်တော့ ဖြစ်မှာ ပဲ။ ဒီကုသိုလ်က အခုဘဝမှာ ဒွိဟိတ်ဖြစ်နေတဲ့အတွက် မဂ်ဖိုလ်မရနိုင်ရင် နောက်ဘဝမှာ ကောန်မုချ မဂ်ဖိုလ်ရစေမှာ ပါ။

ဒီတရားကို ရွှေတိဂုံအရှေ့မုခ်က မဂ်လာဈေး ဓမ္မာရုံ မှာ ဟောတော့ ဆယ်နှစ်သားလေးတစ်ယောက်က မေးခွန်း ထုတ်တယ်။ ဒီအာဏာသားကြီး နတ်ပြည်က သေတဲ့အခါ လူသတ်ခဲ့တဲ့ အကုသိုလ်ကံတွေကြောင့် ငရဲကို ပြန်မကျနိုင် ဘူးလားတဲ့။ မကျနိုင်ဘူးလို့ ဖြေလိုက်တယ်။ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com

မကျနိုင်တာလဲဆိုတော့ ဒီအာဏာသားကြီးဟာ နတ်ပြည်မှာ သောတာပန်တည်မှာမို့ပါ။

အင်္ဂုတ္တိုရ်ပါဠိတော် သောတာနုဂတသုတ်မှာ နတ်ပြည်မှာ သောတာပန်တည်နိုင်တဲ့ ပုဂ္ဂိုလ်လေးမျိုးကို ဟောထားတယ်။ ဘယ်သူတွေလဲဆိုတော့ . . .

၁။ တရားတော်ကို ရိုသေစွာ နာကြားထားသူ၊

၂။ တရားတော်ကို စိတ်ဝင်စားစွာ ရွတ်ဖတ်သရဇ္ဈာယ်သူ၊

၃။ တရားတော်ကို နှလုံးသွင်း ဆင်ခြင်လေ့ရှိသူ၊

၄။ ဒိဋ္ဌိ(အယူမှား)ကွာအောင် ပွားများထားသူတို့ပဲ။

သူတို့ဟာ ပါရမီရှိရင် ဒီဘဝမှာတင် သောတာပန်တည်ကြမှာပါ။ ပါရမီမရှိသေးရင်တော့ နောက်ဘဝ နတ်ပြည်မှာ သောတာပန်တည်ကြမှာပါ။ ဒါကြောင့် တရားတော်များကို နာယူဖတ်ရှုခွင့် ကြုံပြီဆိုရင် သေသေချာချာ နာယူဖတ်ရှုစေချင်ပါတယ်။ နတ်ပြည်မှာ သောတာပန်တည်ပုံကိုလည်း အဲဒီပါဠိတော်မှာ ဆက်ဟောထားတယ်။

နတ်ပြည်ရောက်ရောက်ချင်း ချက်ချင်း သောတာပန်တည်တာလည်းရှိတယ်၊ ဒါမှမဟုတ် တန်ခိုးကြီးတဲ့ မြေ့ကထိက နတ်သားတစ်ပါးပါးက တရားလာဟောပေးလို့ နာယူလိုက်ရင်လည်း သောတာပန်တည်နိုင်တယ်။ ဒါမှမဟုတ် လူ့ပြည်က တန်ခိုးကြီးတဲ့ ရဟန္တာတစ်ပါးပါးကြွလာပြီး တရားဟောရင်လည်း ချက်ချင်း သောတာပန်တည်နိုင်တယ်။

ဒါမှမဟုတ် တရားနာယူဖူးခဲ့သူအချင်းချင်း နတ်ပြည်မှာ ပြန်တွေ့ပြီး တရားအကြောင်းကို ဆွေးနွေးရင်းကလည်း ချက်ချင်း သောတာပန်တည်နိုင်ပြန်တယ်။

**မင်္ဂလေးပါးက ဝဋ်ဆင်းရဲကနေ ထုတ်ဆောင်ပုံ**

မင်္ဂလေးပါးက ဝဋ်ဆင်းရဲကနေ ထုတ်ဆောင်ပုံကိုလည်း ပြဦးမယ်။ သံသရာဆင်းရဲက သုံးမျိုးရှိတယ်။ အောက်သံသရာ၊ အလယ်သံသရာ၊ အထက်သံသရာတို့ပဲ။

အောက်သံသရာဆိုတာက အပါယ်လေးပါး။ အလယ်သံသရာဆိုတာက လူ့ဘုံနဲ့ နတ်ဘုံ၊ အထက်သံသရာဆိုတာက ဗြဟ္မာ့ဘုံ (၂၀)ပဲ။

ဒီသံသရာ သုံးမျိုးရောက်အောင် ဝဋ်သုံးမျိုးက ပို့ပေးနေတာ။ ဝဋ်သုံးမျိုးက ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့ပဲ။ ဝဋ်ဆိုတာ လည်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ အပါယ်လေးပါးကို ကျဖို့ အပါယ်သံသရာလည်ဖို့အတွက် ကိလေသဝဋ်အရ သက္ကာယဒိဋ္ဌိ ကိလေသာကို ယူရတယ်။ ရုပ်၊ နာမ်ခန္ဓာကို ငါလို့ အယူစွဲမှားတာပေါ့။ အဲလိုအယူမှားရင် ကမ္မဝဋ်တွေ ဖြစ်တာပဲ။

ကမ္မဝဋ်တွေ ဖြစ်တယ်ဆိုတာ သတ်တာ၊ ဖြတ်တာ လိမ်ညာခိုးဝှက်တာကို ပြောတာ။ ကိလေသဝဋ်နဲ့ ကမ္မဝ ဟာ အကြောင်းဝဋ်ပဲ။ ဒီအကြောင်းဝဋ်ကြောင့် အကျိုးဝ ဖြစ်လာရတယ်။ အကျိုးဝဋ်ဖြစ်တယ်ဆိုတာ အပါယ်ကျသွာ တာကို ပြောတာ။ အဲဒါ ဝိပါကဝဋ်ပဲပေါ့။ သောတာပတ္တိမ ကို ရပြီဆိုတာနဲ့ သက္ကာယဒိဋ္ဌိ ကိလေသာကို အမြစ်ပြ ပယ်သတ်လိုက်တယ်။ ငါမရှိဘူးဆိုတာကို သေချာသိသွား နဲ့ ငါကောင်းစားဖို့၊ ငါ့သားမယားကောင်းစားဖို့ဆိုတဲ့ စိတ် တော့ဘူး။

ဒါကြောင့် သတ်ဖြတ်လိမ်ညာ ခိုးဝှက်ပြီး စီးပွားမ တော့ဘူး။ ဒါဟာ ကမ္မဝဋ်ချုပ်သွားတာပေါ့။ အကြောင်းဝ ဖြစ်တဲ့ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ချုပ်မှတော့ အကျိုးဝဋ်ဖြစ် ဝိပါကဝဋ် မလာတော့ဘူး။ အပါယ်တံခါးပိတ်သွားတယ် ပုထုဇဉ်တွေဟာ ငါစွဲကြီးလို့ အကုသိုလ်လုပ်တာ၊ အကုသို လုပ်လို့လည်း အပါယ်ကျတာ။ သောတာပန်တွေဟာ ငါ မရှိတော့တဲ့အတွက် အကုသိုလ်မလုပ်တော့ဘူး။ အကုသို မလုပ်တဲ့အတွက် အပါယ်မကျတာ။

သောတာပတ္တိမင်္ဂကို ရလိုက်တာနဲ့ အပါယ်ဝဋ်ဆင် ကို အမြစ်ပြတ် ပယ်သတ်လိုက်တယ်။ လောဘ၊ ဒေ သီလ၊ သမထကုသိုလ်တွေက အပါယ်မကျအောင် က ထုတ်တယ်ဆိုတာ တစ်ဘဝ၊ နှစ်ဘဝသာပါ။ သောတာပတ္တိ ကတော့ သံသရာတစ်လျှောက်လုံး အပါယ်လေးပါးကို ဘ တော့မှ မကျရောက်တော့အောင် ကယ်ထုတ်လိုက်တာ အများကြီး ကွာခြားပါတယ်။

ဒါပေမယ့် သောတာပန် ပုဂ္ဂိုလ်ဟာ လူ့ဘုံ၊ နတ်ပြ ခြောက်ထပ်ဆိုတဲ့ ကာမသုဂတိ ခုနစ်ဘုံမှာတော့ အများဆ ခုနစ်ဘဝလောက် ကျင်လည်ဦးမှာပါ။ သကဒါဂါမိမင်္ဂ ရလိုက်ပြီဆိုရင် လူ့ဘုံ၊ နတ်ဘုံမှာ အများဆုံး တစ်ဘဝ ကျင်လည်တော့တယ်။

ကာမသုဂတိ ခုနစ်ဘုံမှာ ဘာ့ကြောင့် ကျင်လည်ရ လဲဆိုရင် ဝဋ်သုံးပါးကြောင့်ပဲပေါ့။ ဒီနေရာမှာ ကိလေသဝ အရ ကာမတဏှာကို ယူရတယ်။ ကာမတဏှာဆိုတာ ဘုံမှာ ကာမဂုဏ် အာရုံတွေကို ခံစားချင်တဲ့ တဏှာ ပြောတာ။ ဒီ ကာမတဏှာရှိနေရင် ကာမသုဂတိသို့ ရော ကြောင်း ဒါန၊ သီလကုသိုလ်တွေကို ပြုနေမှာပဲ။ ဒါ ကမ္မဝဋ်လို့ ခေါ်တယ်။

ဒီအကြောင်း ဝဋ်နှစ်ပါးကြောင့် ဝိပါကဝဋ်လို့ခေါ် ကာမသုဂတိ ခုနစ်ဘုံကို ရောက်ရတာပဲ။ အနာဂါမိမင်္ဂ



www.burmeseclassic.com

www.burmeseclassic.com

ယ်ဆိုရင် ကာမတဏှာကို အမြစ်က ဖြတ်ပစ်လိုက် ဒီတော့ ကမ္မဝဋ်တွေ ချုပ်သွားတယ်။ ကိလေသဝဋ်နဲ့ ဝဋ်ချုပ်မှတော့ ဝိပါကဝဋ်လို့ခေါ်တဲ့ ကာမသုဂတိ ခုနစ်ဘုံ ရောက်တော့ပါဘူး။ အဲဒီလို ကာမသုဂတိ ခုနစ်ဘုံကို ရောက်တော့တာကို လယ်တီဆရာတော်ကြီးက အနုတ္တ ကျမ်းသစ်မှာ ဒုတိယနိဗ္ဗာန်လို့ နာမည်ပေးထားတယ်။

စောစောက ပြောခဲ့တဲ့ အပါယ်လေးပါး သံသရာကို ပေးတဲ့ သောတာပတ္တိမဂ်ရတာကိုတော့ ပထမနိဗ္ဗာန်လို့ ည်တပ်ထားတယ်။ သကဒါဂါမိမဂ်ကိုလည်း ပထမနိဗ္ဗာန် ထဲ ထည့်ထားတယ်။ အနာဂါမ်ဟာ ဗြဟ္မာဘုံမှာ ကျင် ည်သေးတယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုရင် ကိလေသဝဋ် ဗြဟ္မာဘဝကို လိုချင်တဲ့ ဘဝတဏှာရှိနေသေးလို့ပဲ။ တဏှာရှိနေပြီဆိုရင် ဈာန်တရားကို ရအောင် လုပ်တယ်။ ဈာန်တရားက ဗြဟ္မာ့ဘုံရောက်အောင် ပို့ပေးမယ့်ကံ သွားတယ်။

အဲဒီ ဘဝတဏှာဆိုတဲ့ ကိလေသဝဋ်နဲ့ ဈာန်တရား ဆိုတဲ့ ကမ္မဝဋ်ကြောင့် ဗြဟ္မာဘုံမှာ သွားဖြစ်ရတဲ့ အကျိုး တရားကို ဝိပါကဝဋ်လို့ ပြောတာပဲ။ အရဟတ္တမဂ်ကို ရတဲ့ အခါ ဘဝတဏှာကို အမြစ်ပြတ် ပယ်သတ်ပစ်လိုက်တယ်။ ဒီတော့ ဈာန်တရားဆိုတဲ့ ကမ္မဝဋ်လည်း ချုပ်သွားတော့တာ ပေါ့။ အကြောင်းဝဋ်နှစ်ပါးချုပ်မှတော့ ဗြဟ္မာခန္ဓာလည်း မဖြစ် တော့ဘူးပေါ့။ ၃၁ဘုံက အပြီးလွတ်သွားတယ်။

အဲဒါကိုပဲ တတိယနိဗ္ဗာန်လို့ ခေါ်တယ်။ ဒီနေရာမှာ အရေးတကြီး ပြန်မှတ်ရမှာက ဒုတိယနိဗ္ဗာန်အရ ဒါန၊ သီလ ဆိုတဲ့ ကမ္မဝဋ်ချုပ်လို့ ကာမသုဂတိ ခုနစ်ဘုံ မရောက်တော့ တာဆိုတဲ့ စကားရယ်၊ တတိယနိဗ္ဗာန်အရ ဈာန်ဆိုတဲ့ ကမ္မဝဋ် ချုပ်လို့ ဗြဟ္မာဘုံမရောက်တော့တာဆိုတဲ့ စကားရယ်ကို အကျယ်ရှင်းပြဖို့ လိုအပ်လာတယ်။

(ရှေ့လ ဆက်လက်တင်ပြပါဦးမည်)

* * *

ဓမ္မဥာဏ်ရှင်ရွှေပြည်သာ


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

ည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေးမှုမပျက် နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာဟော စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံး များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီနေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာမြန်မာ ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှုမြန်မာများအတွက်နာမည်ပေးခြင်း စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဥာဏ်ပူဇော်ခ၇၀၀၀ကျပ်) သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆောင်ရွက် ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရှက်မြတ်ကို နာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာတမ်း များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟောခြင်း အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသဘော်သားများလိုင်းကောင်းကောင်းရစေရန် နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများ စုံတွဲဇာတာစစ်ဆေးခြင်းအကြေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှုရှိ/ မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရှုပ်ရည်ချောမော သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြုလုပ် ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစီအရင် ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေရ မည်ဟုမှတ်ပါ(နတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာတမ်း များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်မှငွေလွှဲ လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍မေးမြန်းနိုင်ပါ သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမလိုပဲပို့ပေး မည်ဖုန်းသာဆက်လိုက်ပါတိုက်(၄၆)မြေညီထပ်လမ်း(၉၀)မင်္ဂလာတောင်ညွန့်မြို့နယ်

မြို့။(ပိတ်ရက်မရှိ) ☎ 01-394727, 0949 312100, 0949 320960, 01-73009994, 0951 52521




www.burmeseclassic.com

www.burmeseclassic.com



# တဏှာဖြတ်တဲ့ဝါဒ ဘုရားဝါဒ

## အောင်ခင် (ဥပဒေ)

စာရေးသူသည် ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်သည်။ သို့သော် သာသနာပနှင့် သာသနာတွင်းကိုလည်းကောင်း၊ ဘုရား၏ ဝါဒကို လည်းကောင်း ခွဲခြား၍ ဂဃနဏ မသိခဲ့ရိုး အမှန်ဖြစ်၏။ အသက်အားဖြင့် ၆၀ကျော် ၇၀ကျော်မှာ တစ်နည်းအားဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ သစ္စာလေးပါးတရားများ နလုံးသွင်းရမှ ခွဲခြား၍



www.burmeseclassic.com

www.burmeseclassic.com

...ရသလို၊ တထာဖြစ်သည့် ဘုရား၏ ဝါဒကို သိရှိခွင့်ရခဲ့သည်။ စာရေးသူ၏အသိကို စာဖတ်သူများ မျှဝေခံစားစေရန် တင်ပြခွင့်ပြုစေလိုပါသည်။

◆◆◆

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကုရုတိုင်းတွင် ...တင်းသုံးနေသည့်အချိန်အခါက ဖြစ်သည်။

တစ်နေ့ တစ်ရက် ဆွမ်းခံချိန်မှာတော့ ဘုရားသခင် ...တစ်ပါးတည်း ကပိလဝတ်ပြည်ထဲသို့ ဆွမ်းခံကြွတော်မူလေသည်။ ဆွမ်းများ ခံယူပြီး အပြန်လမ်းတွင် စိမ်းလန်းစိုပြည်သည့် ဥသျှစ်ပင်အရိပ်၌ ဆွမ်းစားနေ၏။ ဆွမ်းစားပြီးနောက် ...ပင်အရိပ်မှာပင် ဖလ သမာပတ်ဝင်စားမည်ဟု ရည်သန်...ကာ ခေတ္တနားနေတော်မူ၏။

ယင်းအခိုက်မှာပင် "ဒဏ္ဍပါဏိ" ဆိုသော ပုဂ္ဂိုလ်ကြီး ...ရောက်လာပြီး ဘုရားသခင်အား ဦးညွတ်ခြင်းမပြုဘဲ ရွှေတုတ်...ကောက်ပေါ် မေးတင်လျက် စူးစူးစိုက်စိုက်ကြည့်နေ၏။

ဒဏ္ဍပါဏိသည် ဒေဝဒတ်နှင့် ဆွေတော်မျိုးတော် ...တော်သူဖြစ်သည်။ သူသည် ဘုရားသခင်က ဒေဝဒတ်အား ...ယာအပေါင်းမှ ကြဉ်ထားသည်ဟု လည်းကောင်း၊ ရာဟု...လေးကိုလည်း စကြာဝတေး မင်းကောင်းမင်းမြတ်အဆက် ...ဖြစ်အောင် သင်္ကန်းဝတ်ပေးသည်ဟု လည်းကောင်း၊ ယုံမှား...သံသယဖြင့် အမြင်စောင်းနေသည့် ပုဂ္ဂိုလ်ဖြစ်ပေသည်။

ဒဏ္ဍပါဏိသည် လောကီသမားကြီးလည်း ဖြစ်သည်။ ...သည် ဘုရားသခင်အား တွေ့တုန်းတွေ့ခိုက်ဖြစ်၍သာ မမေး...ပါသော်လည်း မေးလိုက်ရရှာ၏။

"ဩော်...ရှင်ကြီးဂေါတမက ဒီရောက်နေတာကိုး။ ...တွေ့တုန်းတွေ့ခိုက် မေးစမ်းပါရစေဦး"

"ဒဏ္ဍပါဏိရယ်...ငါဘုရားကို မေးစရာရှိတယ်ဆိုရင် ...ပါလော့"

ဘုရားသခင်သည် ဒဏ္ဍပါဏိအား ရင်းနှီးကျွမ်းဝင်စွာ ...ပြောကြားလိုက်၏။ ဒဏ္ဍပါဏိက...

"ရှင်ကြီး ဂေါတမ...သင့်ရဲ့ အယူဝါဒဟာ ဘယ်လို ...အယူဝါဒမျိုးရှိတယ်ဆိုတာ သိပါရစေလား"

"ငါဘုရားရဲ့ အယူဝါဒကတော့ ဘယ်သူနဲ့မှ မဆန့်ကျင် ...တဲ့ ဝါဒပဲပေါ့"

"ဟား...ဟား...ဟား"

ဒဏ္ဍပါဏိသည် ဝါးလုံးကွဲပမာ ဟားတိုက်၍ ပြောကြား ...၏။

"ဘယ်သူနဲ့မှ မဆန့်ကျင်တဲ့ ဝါဒတဲ့၊ ဟုတ်ပါလေစ။ အပြောကတော့ အကောင်းသား။ ဒါပေမယ့် တိတ္ထိကြီးတွေက ဝိုင်းလို့ဝန်းလို့။ ဒေဝဒတ်တို့လို ဆန့်ကျင်တဲ့သူတွေကလည်း မနည်းလှ။ မာရ်နတ်ကြီးကလည်း အကြိမ်ကြိမ်စစ်ထိုးလို့ပါလား"

ဘုရားသခင်သည် တည်ငြိမ်အေးချမ်းစွာဖြင့်...

"ငါဘုရားရဲ့ ဝါဒကတော့ ဘုရားအဆူဆူ ကျင့်သုံးခဲ့တဲ့ ဝါဒပဲ။ အရိယာ သူတော်ကောင်းတို့၊ ပညာရှိတို့ လက်ခံပြီး သူတော်ကောင်းမဟုတ်တဲ့ ပညာမဲ့တွေ၊ မသိနားမလည် မိုက်မဲတဲ့သူတွေကတော့ ဆန့်ကျင်ကြတာ ငါဘုရား ဘာမှမဆိုလိုပါ။ ငါ့ဝါဒကတော့ အမှန်ပဲကွ"

ဒဏ္ဍပါဏိသည် ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ်မဟုတ်သည့်အလျောက် ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါ။ တွေဝေငေးမောနေ၏။ ဘုရားသခင်သည် ဆက်၍မိန့်ကြား၏။

"အကြင်မှုမကသေး၊ ငါဘုရား သံသယဝိစိကိစ္ဆာကင်းစွာဖြင့် တထာဖြစ်တဲ့ အလုပ်ဟာ ငါဘုရားအလုပ်စဉ်ပဲလို့ ဒဏ္ဍပါဏိ မှတ်မဲလော့"

"ဩော်...ဩော်...ရှင်ကြီးဂေါတမက ဒီဝါဒ၊ ဒီအလုပ်တွေနဲ့ ဒီလိုဟောလေ့ပြောလေ့ရှိတာကိုး"

လောကီသမားကြီး ဒဏ္ဍပါဏိသည် ဘုရားသခင်အား ချီးမွမ်းသလိုလိုနှင့် ပြောဆိုရင်း ရွှေတုတ်ကောက်ကြီး တဒေါက်ဒေါက်ထောက်၍ ပြန်ထွက်သွားလေပြီ။

◆◆◆

ဘုရားသခင်ကိုယ်တော်မြတ်သည်လည်း ဖလသမာပတ် မဝင်စားတော့ဘဲ ကျောင်းတော်ပြန်ကြွလေသည်။ ကျောင်းတော်အရောက် ရဟန်းများ တွေ့ရာ ရဟန်းတစ်ပါးက ရိုသေဦးညွတ်စွာ လက်အုပ်ချီ၍ လျှောက်ထားသည်။

"အရှင်ဘုရား...ဒီနေ့ ဘယ်အရပ်သို့ ကြွတော်မူပါလဲ ဘုရား"

"ငါဘုရား ကပိလဝတ်ပြည်ထဲသို့ ကြွခဲ့ပါတယ် ချစ်သားတို့"

"အရှင်ဘုရား အပြန်ခရီးမှာ အဘယ်ပုဂ္ဂိုလ်နဲ့ တွေ့ခဲ့ပါသေးလဲ ဘုရား"

"ငါဘုရား ဒဏ္ဍပါဏိဆိုတဲ့ ပုဏ္ဏားကြီးနဲ့ တွေ့ခဲ့တယ် ချစ်သားတို့"

"ပုဏ္ဏားကြီး ဒဏ္ဍပါဏိနဲ့ တွေ့တော့ ဘယ်လိုများ ပြောခဲ့ဟောခဲ့ရပါသေးလဲ ဘုရား"

"ချစ်သားတို့...ဒဏ္ဍပါဏိက မေးလျှောက်လို့ ငါဘုရားရဲ့ အယူဝါဒနဲ့ အလုပ်စဉ်တွေကို ပြောပြခဲ့ရတယ်"


www.burmeseclassic.com

www.burmeseclassic.com

"အရှင်ဘုရား···ဒဏ္ဍာပါဏိအား မည်သို့သော ဟောကြားခဲ့တယ်ဆိုခြင်းကို ဘုရားတပည့်တော်များ သိပါရစေဘုရား"

"ချစ်သား ရဟန်းတို့···ငါဘုရားရဲ့ ဝါဒက ဘယ်သူနဲ့မှ မဆန့်ကျင်တဲ့ ဝါဒ။ ငါဘုရားရဲ့ အလုပ်စဉ်က သံသယဝိစိကိစ္ဆာကင်းစွာ တဏှာဖြတ်တဲ့ အလုပ်လို့ ဟောကြားခဲ့တယ်"

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ရဟန်းများအား တိုတိုနှင့် လိုရင်း အကျဉ်းမျှသာ မိန့်ကြားပြီး ကျောင်းတော်အတွင်းသို့ ကြွရောက်သွားလေပြီဖြစ်သည်။

ရဟန်းများသည် ဘုရားသခင်အား အကျယ်ဟောကြားပေးပါရန် လျှောက်ထားချိန်မရလိုက်ဘဲ ရှိ၏။ အကြားအမြင်ဗဟုသုတနည်းပါးသောကြောင့် ဆိုလိုရင်းကို မသိဘဲ ရှိ၏။

ရဟန်းများသည် ဆွေးနွေးတိုင်ပင်၍ ကြံဆကြရာ ဘုရားက အကျဉ်းဟောကြားခဲ့သည်ကို အကျယ်ပြန်ဟောကြားနိုင်စွမ်းရှိသည်ဟု ဘုရား၏ အချီးအကျူးခံရသည့် အရှင်မဟာကစ္စည်းထံ သွားရောက်လျှောက်ထားရန် သဘောတူကြလေသည်။

◆◆◆

ရဟန်းများသည် အရှင်မဟာကစ္စည်းထံ ချဉ်းကပ်၍ မေးလျှောက်ကြလေသည်။

"အရှင်ဘုရား···ဒဏ္ဍာပါဏိ ပုဏ္ဏားအား ဘုရားက ဟောကြားခဲ့တဲ့ တရားတော်တို့ကို တပည့်တော်များအား ပြန်လည်ဟောကြားရာ အကျဉ်းမျှသာ ဖြစ်နေပါတယ် ဘုရား"

"ဒဏ္ဍာပါဏိအား ဘုရားသခင်က ဘယ်လိုဟောကြားခဲ့တယ်ဆိုတာ ပြောစမ်းပါဦး"

"ဘုရားဝါဒက ဘယ်သူနဲ့မှ မဆန့်ကျင်တဲ့ ဝါဒ။ သူ့မှာ သံသယကင်းစွာနဲ့ ကိလေသာကို သတ်တဲ့ အလုပ်ဟာ သူ့အလုပ်လို့ ဟောပါတယ် ဘုရား"

"ဒါဆိုရင်တော့ ဖြစ်မှုပျက်မှုကို ရှုလို့ ဟောတာပဲ"

ရဟန်းများက တောင်းပန်သောအားဖြင့်···

"တပည့်တော်များဟာ ရှေးကလည်း နားမလည်ခဲ့ပါ။ ယခုလည်း နားမလည်တဲ့အတွက်ကြောင့် အရှင်ဘုရားဟောမှ ပြောမှပဲ နားလည်ရတော့မှာပါ ဘုရား"

အရှင်မဟာကစ္စည်းက ဥပမာပေး၍ ပြောလေ၏။

"သင်ရဟန်းတို့ကလည်းကွယ်၊ အနှစ်ရှိတဲ့ သစ်ပင်ဆီက အနှစ်မရှိတဲ့ သစ်ပင်ဆီလာပြီး အနှစ်တောင်းသလိုဖြစ်နေပါပေါ့လား"

"အရှင်ဘုရား···အနှစ်ရှိတဲ့ဆီက အနှစ်မရှိတဲ့ဆီ တရားလာတောင်းတယ်လို့ မယူလိုက်ပါနဲ့။ အရှင်ဘုရား ဂုဏ်သတင်းမွှေးနေလို့ တပည့်တော်များ အရှင်ဘုရား လာရောက်လျှောက်ထားရခြင်းဖြစ်ပါတယ် ဘုရား"

"အရှင်ဘုရားတို့က အကျဉ်းချုပ်တရားကို အမှန်တကယ် နာချင်လို့ပါလား"

"အမှန်တကယ်နာချင်ပါတယ် ဘုရား"

"အကြင်···သို့ဖြစ်လျှင် အကျဉ်းချုပ်အနေနဲ့ ရှင်ရဟ တို့အား သစ္စာတရားဟောမယ်။ တရားကို နှလုံးသွင်းကြ ကုန်လော့"

"မှန်လှပါ အရှင်ဘုရား"

ရှင်ရဟန်းများသည် ကိုင်းညွှတ်ရိုကျိုးစွာပင် တရ တော်ကို နှလုံးသွင်းလျက်ရှိကြလေသည်။

ရှင်မဟာကစ္စည်းမထေရ်သည် ဘုရားအဆူဆူ လ မလွတ်ခဲ့သော သစ္စာတရားတော်ကို သစ္စဉာဏ်၊ ကိစ္စဉာ ကတဉာဏ်များ ခြံရံလျက် အကျယ်အားဖြင့် ရှင်းလ ဟောကြားတော်မူလေ၏။

"အရှင်ဘုရား၏ ကျေးဇူးကြောင့် ဘုရားရဲ့ တဏှာဖြ တဲ့ ဝါဒကို သိရပါပြီ ဘုရား။ အကြင်ဝါဒကြောင့် ပဥ္စ ငါးဦးအစ နတ်ပြဟ္မာအပေါင်း ရှစ်သောင်းလေးထောင် မ ဉာဏ်၊ ဖိုလ်ဉာဏ်ရပြီး ကျွတ်တမ်းဝင်ခဲ့ကြောင်းကိုလည် တပည့်တော်များ သဘောပေါက်ပါပြီ အရှင်ဘုရား"

မထေရ်မြတ်ကြီး၏ တရားအဆုံး၌ ရှင်ရဟန်းများ တစ်ပြိုင်နက်တည်းသော အသံတော်သည် စကြာဝဠာတစ်ခွ လုံး အထက်ဘဝဂ်တိုင်အောင် ပဲ့တင်ရိုက်၍သွားလေပြီဖြ တော့၏။■

* * *

ခအောင်ခင်(ဥပဒေ

ကျမ်းကိုး

- မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မဓုပိဏ္ဍိကသုတ်။
- မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဘုရားဝါဒနှင့် အလု စဉ်ကို အခြေပြု၍ ခံစားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝါကျစဉ် (က)

သာသနာပြုလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ ကိုင်ဆောင်ရွက်နေကြသူများအတွက် သာသနာပြုလုပ်ငန်း လုပ်ကိုင်တဲ့အခါမှာ အားကျ အတုယူ ထားရှိရမယ့် စိတ်ဓာတ်များကို အသောက မင်းတြားကြီးရဲ့ စိတ်ဓာတ်တွေနဲ့ နှိုင်းယှဉ်ပြခဲ့ပြီးပါပြီ။ အခုကတော့ သာသနာပြုတဲ့အခါမှာ နည်းစနစ်ကျဖို့အတွက် သာသနာပြု နည်းလမ်းများကို ဆက်ပြီး ဖော်ပြချင်ပါသေးတယ်။

# သင်ခန်းစာများကို မိတ္ထူပွားခြင်း – ၄၆ (သို့) အမျိုး ဘာသာ သာသနာ စောင့်ရှောက်ရေး

■ ဦးသျှောင်မှူး(လှိုင်လင်) ■



www.burmeseclassic.com

www.burmeseclassic.com

**သာသနာပြု နည်းလမ်းငါးသွယ်**

(၁) အာရက္ခသမ္ပဒါ - စောင့်ရှောက်ခြင်း။

(၂) ပဋိသေဓသမ္ပဒါ - သာသနာ့အန္တရာယ်ကို ကာကွယ်တားမြစ်ခြင်း။

(၃) ပုနဝုမ္ဗနသမ္ပဒါ - တိုးတက်အောင် အားထုတ်ခြင်း။

(၄) ဝိပုလသမ္ပဒါ - ပြန့်ပွားအောင် အားထုတ်ခြင်း။

(၅) ပဝေသနသမ္ပဒါ - ကွယ်ပျောက်သွားသော အရာများကို အစားထိုးခြင်း။

* **အာရက္ခသမ္ပဒါ** - စောင့်ရှောက်ခြင်းအတွက် ဘာတွေကို စောင့်ရှောက်ရမလဲဆိုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် သွေးနဲ့ ချွေးနဲ့ ရင်းပြီး တည်ထောင်ထားတော်မူခဲ့တဲ့ သာသနာတော်မြတ်ကြီး ပျောက်ကွယ်မသွားအောင်၊ တိမ်ကောမသွားရလေအောင် ထိန်းသိမ်းစောင့်ရှောက်ရပါမယ်။ အဲဒီလို ထိန်းသိမ်းစောင့်ရှောက်တဲ့ နေရာမှာ ဘယ်လို ထိန်းသိမ်းစောင့်ရှောက်ရမှာလဲဆိုရင် ဆရာနဲ့ ဒကာကိုယ်စီသော တာဝန်တွေ ကျေပွန်အောင် ထမ်းဆောင်ရပါမယ်။

ဆရာ့ဘက်မှာဆိုရင် ပရိယတ်ပညာရေးတွေ လက်ဆင့်ကမ်း သင်ယူပို့ချရမယ်။ ပဋိပတ်တရားတွေ ကျင့်ကြံဟောနည်းလမ်းပေးတဲ့ တာဝန်တွေ ထမ်းဆောင်ရမယ်။ ဒကာဘက်က ဆိုရင်လည်း ပရိယတ်၊ ပဋိပတ်တာဝန်တွေကို ထမ်းဆောင်နေကြတဲ့ ပုဂ္ဂိုလ်၊ ရဟန်း၊ သံဃာတော်များအတွက် မရှိမဖြစ် လိုအပ်တဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို တတ်အားသမျှ လှူဒါန်းရပါမယ်။

ဒါ့အပြင် မိမိတို့ရဲ့ အမျိုး ဘာသာ သာသနာနဲ့ စာပေ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ပျောက်ပျက်မသွားဖို့အတွက် နိုင်ငံရပ်ခြား တိုင်းတစ်ပါးက ထိုးဖောက်ဝင်ရောက်လာတဲ့ မိမိတို့ရဲ့ ယဉ်ကျေးမှုနဲ့ ဆန့်ကျင်တဲ့ ယဉ်ကျေးမှုတွေ မကြီးစိုးဖို့ ဆရာ-ဒကာ လက်တွဲကာ တားဆီးချေမှုန်းရပါမယ်။ အဲဒီ အနောက်တိုင်းက ထိုးဖောက်ဝင်ရောက်လာတဲ့ ကိုးရိုးကားရား ယဉ်ကျေးမှုတွေကြောင့်မို့ ယနေ့ ညီငယ်၊ ညီမငယ်များရဲ့ သရုပ်ပျက်မှုတွေကတော့ လက်ဖျားရော ခြေဖျားပါ ခါလောက်ပါရဲ့။ မိန်းကလေးတွေက ဟိုဖော် ဒီဖော်၊ ဟိုပေါ် ဒီပေါ်။ ယောက်ျားလေးတွေက ဟိုခေါ် ဒီခေါ်။ ပြီးတော့ ညီငယ်လေးတွေက လက်သည်းဆိုးဆေးတွေ ဆိုးလို့ ဆိုး၊ ဆံပင်အရှည်နဲ့၊ နားကပ်၊ နားဋောင်းနဲ့။ ညီမငယ်လေးတွေက ဆံပင်တိုနံ့နံ့ အမြင်မတော်လိုက်ပုံများ။ ဒီ ကိုးရိုးကားရား ယဉ်ကျေးမှုတွေ၊ ဝတ်စားဆင်ယင်မှုတွေ၊ ပြောဆို နေထိုင်မှုတွေ မိမိတို့ရဲ့ နိုင်ငံထဲမှာ မကြီးစိုးဖို့အတွက် ဆရာ-ဒကာ လက်တွဲပြီး ချေမှုန်းတိုက်ဖျက်ရပါမယ်။

ဒီလိုဖြစ်ရတာဟာ မည်သူ့မှာ တာဝန်ရှိသနည်းလို့များ တစ်ယောက်ယောက်က မေးလာခဲ့ရင် လူကြီးတွေအားလုံးမှာ တာဝန်ရှိသည်ဟု စာရေးသူကတော့ ဖြေရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုရင် ကလေးသူငယ်လေးတွေ ဆိုတာဟာ ဘာအရောင်အဆင်းမှ မစွန်းသေးတဲ့ ကင်းဗတ်(စ်)စလေးတွေနဲ့ အလားသဏ္ဌာန်တူတယ်ဆိုတာ အားလုံးအသိပါ။ ဒီကလေးလူငယ်တွေ သရုပ်ပျက်နေတာဟာ သူတို့တစ်တွေရဲ့ အသိထဲမှာ ခေတ်မီတာနဲ့၊ ခေတ်ဆန်တာနဲ့၊ ခေတ်လွန်တာနဲ့ မကွဲပြားသေးလို့ပါ။

အဲဒီလို နေထိုင် ပြောဆို ဝတ်ဆင်မှ ခေတ်မီတယ်လို့ သူတို့က ထင်နေကြတယ်လေ။ တကယ်တော့ သူတို့ရဲ့ အဲဒီလုပ်ရပ်တွေဟာ ခေတ်မီတာလည်း မဟုတ်သလို ခေတ်ဆန်တာထက်လည်း ပိုနေတဲ့၊ ခေတ်လွန်တဲ့ စရိုက်တွေပါ။ နောက်ထပ်တစ်ခါ ကွဲ့ဖြစ်စေမယ့် စရိုက်တွေပါဆိုတာကို မိဘဆရာသမား လူကြီးမင်းများအားလုံး သတိချပ်ပြီး သူတို့လေးတွေ နားလည်အောင် ကိုယ့်အမျိုး ဘာသာ သာသနာကို ချစ်မြတ်နိုးတတ်အောင် ပြုပြင်ပြောဆို ဆုံးမ... ဖို့ အထူးကို လိုအပ်နေတဲ့ အချိန်အခါမျိုးကို ဆိုက်ရောက်နေပါပြီ။

အခုဆိုရင် တိုင်းတစ်ပါးက ထိုးဖောက်ဝင်ရောက်လာတဲ့ ကိုးရိုးကားရား ယဉ်ကျေးမှုတွေ အတော့်ကို ကြီးစိုးနေတာကို တွေ့နေရပါတယ်။ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်တုန်းက ပေါ့၊ ဆရာတော်တစ်ပါးက ယနေ့ခေတ် မျိုးဆက်သစ် အငယ်... မယ်လေးများရဲ့ ဝတ်စားဆင်ယင်မှုတွေနဲ့ ပတ်သက်ပြီး ဝေ... တိုက်ဖျက်ရေးဆောင်းပါးတစ်ပုဒ်ရေးပါတယ်။ ရရှိလာတဲ့ ဒီ... ဓမ္မဝေဒနီယကံ - ချက်ချင်းလက်ငင်း အကျိုးပေးတဲ့ ကံ... တော့ အဖေကျော် ဒွေးတော်လွှမ်းပြီး ဒေါ်လာတစ်မျက်... တည်းကြည့်လို့ တိုင်းတစ်ပါးရောက် မြန်မာသစ္စာဖောက်သမား... တွေက "ဒီဘုန်းကြီးက ဒါတွေကိုပဲ လိုက်ကြည့်နေမှာပေါ့" ဆိုပြီး ပက်ပက်စက်စက် ဝေဖန်ထိုးနှက်ကြလေရဲ့။ အံ့ရော... အံ့ရော အရပ်ကတို့ရေ။ ကိုယ့်အမျိုး၊ ကိုယ့်ယဉ်ကျေးမှု... ဂုဏ်သိက္ခာမြင့်မားရေးအတွက် တာဝန်သိသူတွေက တာဝန်... ကျေပွန်အောင် တာဝန်ကို ထမ်းဆောင်တော့လည်း... အကောင်းမမြင်၊ အပြစ်တင်ကြသေးရဲ့။ အဒီလိုပေါ့... "သွားဟဲ့ ဒယ်အိုး" ထဲကပဲထင်ပါရဲ့။ ပြီးတော့ ... တစ်ခွန်းပြောလိုက်ပါ့မယ်။ မမြင်ချင်၊ မကြည့်ချင်လည်း ...



www.burmeseclassic.com

www.burmeseclassic.com

ယ်လို့။ မမြင်စေချင်ရင် မဖော်နဲ့ပေါ့လို့။

သာသနာပြုလုပ်ငန်းတွေ လုပ်နေပါတယ်လို့ ဟစ်ကြွေး ကြတဲ့ သာသနာပြု ပုဂ္ဂိုလ်များတို့ရေ… သာသနာပြု ငန်းများ လုပ်တဲ့နေရာမှာ အဆောက်အအုံကြီးတွေ ဟီး အောင် ဆောက်၊ ဘုရား, စေတီတွေ ရွှေရောင်ဝင်းအောင် ည်နေရုံနဲ့ မပြီးသေးပါဘူး။ မိမိရဲ့ အမျိုးဂုဏ်၊ ဘာသာ သနာ ယဉ်ကျေးမှုဂုဏ်ကိုလည်း လိုအပ်ရင် လိုအပ်သလို သိမ်းစောင့်ရှောက်ကာကွယ်ဖို့လည်း လိုအပ်ပါတယ်။ ရာယ်တွေကို ကာကွယ်တားဆီး တိုက်ဖျက်ဖို့ရာမှာ သနာပြု ပုဂ္ဂိုလ်များရဲ့ ပထမဆုံးသော သာသနာပြုတာဝန် ခုပေါ့။

◆◆◆

* **ပဋိသေဓသမ္ဘဒါ** - သာသနာ့အန္တရာယ်ကို ကွယ်တားမြစ်ခြင်းဆိုတာကတော့ သာသနာဆိုတာ ဘုရား ရဲ့ အဆုံးအမဩဝါဒ တရားဓမ္မတွေအားလုံးကို သာသနာ ခေါ်ပါတယ်။ ဆိုတော့ ဗုဒ္ဓဘာသာဝင်များအားလုံးတို့ရဲ့ ညီသော တာဝန်တစ်ခုက ဘုရားရှင်ရဲ့ စစ်မှန်သော အဆုံး မတွေကို ထိန်းသိမ်းရမယ်၊ လိုက်နာရမယ်၊ တန်ဖိုးထား န်းရမယ်။ မိမိရဲ့ အပြုအမူ အပြောအဆိုတွေကြောင့် သာခြားများက ဘုရားရှင်ရဲ့ အဆုံးအမဩဝါဒ တရားဓမ္မ များနဲ့ ပတ်သက်လို့ ထင်ယောင်ထင်မှားဖြစ်အောင် မိမိရဲ့ တ္တနောမတိ ကိုယ်ပိုင်အမြင်ကို ရှေ့တန်းတင်ပြီး ဟောပြော တွေ၊ မဆီမဆိုင်ပြောဆိုမှုတွေ၊ သွားပုပ်လေလွင့်ပြောဆိုခြင်း တွေ မပေါ်ပေါက်အောင် ကာကွယ်ရမယ်။ ပေါ်ပေါက်နေ င် ပျောက်ကွယ်သွားအောင် ချေမှုန်းရမယ်။

ဒီအကြောင်းအရာတွေနဲ့ ပတ်သက်လို့ အခုဆိုရင် နုပညာလောကထဲမှ အနုပညာခပ်များများက မိမိတို့ရဲ့ ထွတ်အမြတ်ထား ကိုးကွယ်တဲ့ ရတနာမြတ်သုံးပါးထဲက စ်ပါးဖြစ်တဲ့ သံဃာရတနာ(ရဟန်း သံဃာတော်များ)ကို က်ရယ်မှုအသွင်မျိုးနဲ့ တင်ဆက်ပြသရေးသားပြောဆိုနေတာ မကြာခဏ တွေ့မြင်နေရတတ်ပါတယ်။ တချို့ တချို့ သာ စာရေးဆရာများ(ပိုက်ဆံရဖို့အတွက်တစ်ခုတည်းနဲ့ စာ နေသော စာရေးဆရာများ၊ အထူးသဖြင့် အနှစ်အဆန် တဲ့ ရယ်မောဖွယ်သက်သက်ကိုသာ ဖန်တီးရေးသားနေကြ သာ စာရေးဆရာဆိုသူများ)ဟာ ဘုန်းကြီး ရဟန်း သံဃာ ကိုပါ သူတို့ရဲ့ ရယ်စရာဇာတ်ကောင်အဖြစ် တားကက်ထား ရေးသားနေတာကို မကြာခဏဆိုသလို ဖတ်ရှုနေရပါ တယ်။ ရေးစရာ ကုန်ကြမ်းက အဲလောက်တောင် ရှားနေကြ ရော့သလားကွယ်။ စာရေးသူကတော့ အဲဒီလို မိမိရဲ့ ဘာသာ သာသနာကို စော်ကားမော်ကား အလေးမထားတဲ့ ရေးသားမှု တွေကို ဖတ်ရှုရတိုင်း ဝမ်းနည်းမိသလို၊ ကိုယ့်ဘာသာရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စော်ကားနေသလို ခံစားရတယ်။ ဘာသာမစစ်သူတွေရဲ့ လုပ်ရပ်လို့လည်း ဝေဖန်မိပါတယ်။ ကိုယ့်ဘာသာရဲ့ ဂုဏ်သိက္ခာကို ကိုယ်တိုင်ရိုက်ချိုးသလိုလည်း ဖြစ်နေပါတယ်။

ရုပ်ရှင်၊ ဗွီဒီယိုတက်က အနုပညာရှင်များမှာဆိုရင်လည်း ပြက်လုံးထုတ်စရာ၊ အပျော်အပြက်တင်ဆက်စရာ ရှားလို့လား ကွယ်။ ဒီရဟန်း သံဃာများကို ဆွဲထည့်စရာလားကွယ်။ အပျော်အပြက်တဲ့။ အပျော်ရဲ့ နောက်မှာ အပျက်ရှိတယ်ဆို တာကိုတော့ မမေ့ကြပါနဲ့။ အထူးသဖြင့် အငြိမ့်ကတဲ့ လူရွှင် တော်များရဲ့ ပြက်လုံးတွေမှာ မကြာခဏ ကြား,ကြားနေရပါ တယ်။ မိမိတို့ရဲ့ အဲဒီလို မဆင်မခြင် နှုတ်ထွက်စကားကြောင့် မိမိတို့ ကိုးကွယ်ဆည်းကပ်တဲ့ ဘာသာ သာသနာများရဲ့ မျက်နှာကို အိုးမည်းသုတ်ရာရောက်သလို၊ ကိုယ့်ကြောင့် ကိုယ့်ဘာသာ သာသနာကို ဘာသာခြားများက ပြက်ရယ်ပြု စေရာလည်း ရောက်ပါတယ်။

ပြီးတော့ ကိုယ့်ရဲ့ လုပ်ရပ်ဟာ ကိုယ့်ကို ပြန်ပြီး ဒဏ်သင့်စေနိုင်၊ ဂိုဏ်းသင့်စေနိုင်တယ်ဆိုတာကိုလည်း အလေးအနက်ထား စဉ်းစားဆင်ခြင်သင့်ပါတယ်။ မြန်မာနိုင်ငံ မှာ နေထိုင်ကြတဲ့ လူသားတွေအားလုံးဟာ ဗုဒ္ဓဘာသာတစ်ခု တည်းကိုပဲ ကိုးကွယ်ကြတာ မဟုတ်ဘူးဆိုတာကိုလည်း မေ့ထားလို့ မရပါဘူး။ တတ်နိုင်သမျှ ကိုယ့်ဘာသာ သာသနာ ရဲ့ ဂုဏ်သိက္ခာကို ကိုယ်တတ်တဲ့ ပညာနဲ့ ပိုပြီးတော့တောင် မြှင့်တင်ပေးရဦးမှာမဟုတ်လား။

* **ပုနဝုဿနသမ္ဘဒါ** - တိုးတက်အောင် အားထုတ်ခြင်း- ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး တည်ထောင်တော် မူခဲ့တဲ့ သာသနာတော်မြတ်ကြီးရဲ့ သက်တမ်းဟာ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ခဲ့ပါပြီ။ ဒါပေမယ့်လို့ ဒီကနေ့အချိန်ထိ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်မြတ်ကြီး မတိမ်ကော မပပျောက် သေးပါဘူး။ ကမ္ဘာ့အလယ်မှာ လင်းလက်တောက်ပဆဲပါ။ ဘုရားရှင်ကိုယ်တော်မြတ်ကတော့ ပရိနိဗ္ဗာန်စံတော်မူသွားပြီး ဖြစ်ပေမယ့် ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ ဘုရားရှင်ရဲ့ ကိုယ်စား တရားတော်များကတော့ မှန်ကန်စွာ ရှင်သန်နေဆဲ ပါ။ ထိုနည်းတူ ဘုရားရှင်ရဲ့ သား ရဟန်း သံဃာတော်ဆိုတဲ့ ပုဂ္ဂိုလ်များဟာလည်း အနွယ်အဆက်မပြတ် ရှင်သန်တ



www.burmeseclassic.com

www.burmeseclassic.com

နေခဲ့ပါ။

အခုလို သာသနာတော်မြတ်ကြီး နှစ်ရှည်လများတိုင် ရှင်သန်ရပ်တည်နေနိုင်တာဟာ သာသနာ့အသက်ကို ဘယ်သူကများ ဆက်ခဲ့သလဲလို့ မေးခဲ့ရင် သံဃာတော်အရှင်သူမြတ်တွေက ဆရာ့ဆရာအစဉ်အဆက်၊ တပည့်အစဉ်အဆက် ပခုံးပြောင်းလို့ ပရိယတ်တာဝန်တွေ၊ ပဋိပတ်တာဝန်တွေကို ထမ်းဆောင်ရင်း သာသနာ့တာဝန်တွေကို ထမ်းရင်း သာသနာ့အသက်ကို ဆက်ခဲ့တယ်လို့ ဖြေရမှာပါ။

သံဃာတော်အရှင်သူမြတ်တွေက ဒီလို သာသနာ့အသက်ကို ဆက်တဲ့နေရာမှာ သံဃာတော်အရှင်သူမြတ်များဟာ ဒါယကာ၊ ဒါယိကာမများရဲ့ ပစ္စည်းလေးပါးထောက်ပံ့မှုများကိုလည်း ခံယူခဲ့ရပါတယ်။ ဆိုတော့ ဆရာ-ဒကာ လက်တွဲပြီး သာသနာ့အသက်ကို ဆက်ခဲ့လို့ ယနေ့အထိ သာသနာတော်မြတ်ကြီး တည်တံ့ခိုင်မြဲနေနိုင်တယ်လို့ ဆိုရမှာပါ။ ဒီလို ဆရာ-ဒကာ လက်တွဲပြီး သူ့တာဝန်၊ ကိုယ့်တာဝန်ထမ်းရင်း သာသနာ့အသက်ကို ဆက်နေကြခြင်းဟာ သာသနာတော်မြတ်ကြီးကို တိုးတက်စည်ပင်အောင် အားထုတ်ပြုလုပ်ခြင်းပါ။ မှန်ကန်သော သာသနာပြုလုပ်ငန်းပါ။ အသံကောင်းဟစ်ခြင်းမျိုးမဟုတ်သော သာသနာပြုခြင်းမျိုးပါ။

* **ဝိပုလသမ္ဗဒါ** - ပြန့်ပွားအောင် အားထုတ်ခြင်း- ယနေ့ခေတ်ရဲ့ အစစအရာရာ ဖွံ့ ဖြိုးတိုးတက်လာမှုဟာ ဘယ်လောက်အတိုင်းအတာထိ ကျယ်ပြန့် လျှင်မြန်လာလဲ ဆိုတာ အားလုံးအသိပါ။ ကမ္ဘာကြီးတစ်ခုလုံးတောင် ရွာလေးတစ်ရွာသာသာဖြစ်သွားပြီလို့ ဆိုကြရငဲ့အထိပဲလေ။ ဒီလိုဖြစ်လာတဲ့ အခြေအနေပေါ် မူတည်ပြီး သာသနာပြုတဲ့ နေရာမှာလည်း ခေတ်နဲ့ အမီလိုက်နိုင်ဖို့ ခေတ်နဲ့အညီ စွမ်းဆောင်ဖို့ လိုအပ်လာပြီဆိုတာကိုလည်း ဘယ်သူမှ ငြင်းဆိုလို့ မရတဲ့ ကိစ္စတစ်ခုပါ။

ဒါကြောင့် ဗုဒ္ဓဘာသာ ရဟန်းတော်များရဲ့ ပညာရေးစနစ်ဟာလည်း ခေတ်နဲ့အညီ ပြုပြင်ပြောင်းလဲ သင်ယူလာကြပါတယ်။ အဲဒီရဲ့ အကျိုးရလဒ်ကတော့ ယနေ့ သာသနာ့အာဇာနည် သံဃာတော်အရှင်သူမြတ်များဟာ ကမ္ဘာ့နိုင်ငံအသီးသီးအထိ ဗုဒ္ဓရဲ့ ဓမ္မများကို ပြန့်ပွားအောင် ဖြန့်ကားနိုင်ကြပါပြီ၊ ဒါဟာ သာသနာကို ပြန့်ပွားအောင် စွမ်းဆောင်ရင်း သာသနာပြုနေကြခြင်းပါ။

ဒီကနေ့ သာသနာပြုနေကြရတဲ့ သံဃာတော်အရှင်သူမြတ်များရဲ့ လိုအပ်ချက်နဲ့ အခက်အခဲကို နားမလည်ကြသူ ဗုဒ္ဓဘာသာ ဒါယကာ၊ ဒါယိကာမများလည်း ရှိသေးရဲ့၊ တစ်ခါ တုန်းက ဒကာမကြီးတစ်ယောက်က စာရေးသူကို မေးဖူးတယ်။

"အရှင်ဘုရားတို့နဲ့ ကွန်ပျူတာနဲ့ ဘာဆိုင်လဲ ဘုရား" တဲ့။

"ဆိုင်လို့ ကိုင်တာပေါ့ ဒကာမကြီးရဲ့"

လို့ စာရေးသူက ဖြေလိုက်တော့ သူက···

"ကိုင်ရော ကိုင်ကောင်းလို့လား ဘုရား"

ဆိုပြီး သူက ဆက်မေးတယ်။ စာရေးသူကလည်း···

"ကွန်ပျူတာကိုင်ရင် အာပတ်သင့်စေလို့တော့ ဘုရား ပညတ်ခဲ့တာတော့ မရှိဘူး ဒကာမကြီး"

လို့ ဘုတောလွှတ်လိုက်မှပဲ ငြိမ်သွားပါတော့တယ်။ ဒီခေတ်မှာ သာသနာပြုကြမယ့် သံဃာတော်အရှင်သူမြတ် များဟာ ကမ္ဘာနဲ့ ချီလာပြီဆိုရင် ကွန်ပျူတာဆိုတာ မရှိမဖြစ် လိုအပ်တဲ့ အသုံးအဆောင်တစ်ခုဖြစ်နေပါပြီ။

သံဃာတော်အရှင်သူမြတ်များက ဤကဲ့သို့ ဘုရားရှင်၏ သာသနာကို ကမ္ဘာအနှံ့ပြန့်အောင် ပြုပွားနေကြတဲ့ အခ[...] အခါမှာ မိမိတို့ ဒါယကာ၊ ဒါယိကာမများဘက်ကလည်း တကယ်လို့များ သံဃာတော်အရှင်သူမြတ်များရဲ့ လိုအ[...] ချက်ကို ဖြည့်စွက်လှူဒါန်းမယ်ဆိုရင် မိမိတို့သည်လည်း သာသနာတော်ကို ပြန့်ပွားအောင် ကြိုးစားအားထုတ်နေကြ[...] သာသနာပြု ပုဂ္ဂိုလ်တွေပါ။

* **ပဝေသနသမ္ဗဒါ** - ကွယ်ပျောက်သွားသော အ[...] များကို အစားထိုးခြင်းတဲ့။ ဒီကိစ္စနဲ့ ပတ်သက်လို့ စာရေးသူ[...] အတ္တနောမတိအမြင်ကို တင်ပြရရင် ဗုဒ္ဓဘာသာ[...] လောလောလတ်လတ် ရင်ဆိုင်ကြုံတွေ့နေရတဲ့ စိတ်မကောင်[...] စရာကိစ္စရပ်တွေကို အရင်ဆုံး ပြန်လည်အစားထိုးပေးရမ[...] လို့ မြင်ပါတယ်။ အဲဒီကိစ္စရပ်တွေကတော့ ယနေ့ခေတ်[...] တွေ မသိနားမလည် တန်ဖိုးမထားတော့တဲ့ မိမိတို့ရဲ့ လူ[...] အလိုက် တည်ရှိခဲ့တဲ့ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှု၊ ကိုယ်[...] ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းများနဲ့ ကိုယ်ပိုင်ဂီတသ[...] သဘင်အနုပညာတွေကို ပြန်လည်ဖော်ထုတ်ပေးဖို့ပါ။

ယိုယွင်းပျက်စီးနေတဲ့ ကနေ့ခေတ် ဗုဒ္ဓဘာသာက[...] တွေရဲ့ အကျင့်စာရိတ္တကို ပြန်လည်ပြုပြင်ပေးဖို့ဟာလ[...] အရေးကြီးသော တာဝန်တစ်ခုပါ။ အခုဟာက အပျက်အပ[...] နဲ့ နှာခေါင်းတင် သွေးထွက်နေတာမဟုတ်တော့ဘဲ တစ်ကိ[...] လုံး အပျက်သွေးထွက်နေသလိုဖြစ်နေပါပြီ၊ သူတို့ ပြော[...] တဲ့ စကားလုံးတွေ၊ သူတို့ ဝတ်ဆင်နေတဲ့ ဝတ်စား[...] တွေ၊ သူတို့ဆိုနေတဲ့ တေးဂီတတွေ၊ အို···[...]ားလုံး [...]



www.burmeseclassic.com

www.burmeseclassic.com

...ပါပဲ။ သူတို့စကားနဲ့ ပြောရရင် လန့်ထွက်နေတာပါပဲ။ ...ရှက်ဆိုတာ နှစ်ဆယ်ရာစုနဲ့အတူ သေဆုံးသွားပြီလို့များ ...တို့ အောက်မေ့နေကြရော့သလားလို့တောင် ထင်မိသေး ...။

ယနေ့ခေတ် လူငယ်၊ လူလတ်ပိုင်းများဟာ ဝတ်စား ...ဆင်ယင်မှုနဲ့ ပတ်သက်လာရင်လည်း တိုင်းတစ်ပါးက လာတဲ့ ...ဝတ်အထည်မျိုးမှ၊ သူတို့လို ဝတ်စားဆင်ယင်နိုင်မှ လူလို ...ဖြစ်မယ် ထင်နေကြပြီး ယဉ်ကျေးမှုပိုင်းနဲ့ ပတ်သက်လာ ...လည်း တိုင်းတစ်ပါးယဉ်ကျေးမှုကို လိုက်အတုခိုးတတ်နေ ...ကြပါတယ်။ ဒါဟာ တလွဲဆံပင်ကောင်းနေကြခြင်းနဲ့ ကိုယ့် ...မျိုး ကိုယ့်ဘာသာ၊ ကိုယ့်သာသနာရဲ့ ဂုဏ်သိက္ခာကို ...ကိုယ်တိုင် ပြန်ပြီးစော်ကားမော်ကားလုပ်နေခြင်း၊ နောက် ...တစ်ခါ ကွဲပြဖ်စေမယ့် လုပ်ရပ်များကို လုပ်ဆောင်နေခြင်း ... ဒီကိစ္စဟာ သာသနာပြုလုပ်ငန်းဆိုတာထက် တစ်မျိုးသား ...နဲ့ သက်ဆိုင်တဲ့ ကိစ္စရပ်လို့လည်း တစ်ပါးတည်းပြော ...လိုက်ချင်ပါတယ်။

ဘာသာရေးပိုင်းနဲ့ ပတ်သက်လာရင်လည်း မြန်မာနိုင်ငံ ... ယိုယွင်းပျက်စီးနေတဲ့ ကျောင်း၊ ကန်၊ ဘုရားများရဲ့ ...ဆောက်အအုံတွေ၊ စေတီဘုရားတွေ အများကြီးမှ အများ ...ပါ။ အဲဒီအရာတွေကို ပြန်လည်ပြုပြင်မွမ်းမံဖို့ ပြိုလဲပျက်စီးသွားတဲ့ စေတီဘုရားတွေကို ပြန်လည်အစားထိုးတည်ဖို့ မည်သူ့မှာ တာဝန်ရှိသနည်းဆိုရင် ဗုဒ္ဓဘာသာအားလုံးတို့မှာ တာဝန်ရှိပါသည်ဟု ဖြေရပါလိမ့်မယ်။

အို . . . စာရှုသူ . . . သင့်လက်ထဲမှာ ပိုလျှံနေတဲ့ ငွေကြေးတွေကို နိုက်ကလပ်တို့၊ ဘီယာစင်တာတို့မှာ အပျော်အပါးမယ်လေးတွေကို ပန်းကုံးစွပ်ပြီး ကျူနေမယ့်အစား ဘုရားတွေ ပြုပြင်၊ ကျောင်းတွေ ဆောက်လုပ်၊ မိဘမဲ့ကလေးတွေကို ကျွေးမွေး၊ ပရဟိတလုပ်ငန်းတွေအတွက် လှူဒါန်း၊ စာပေ ပရိယတ် သင်ယူပို့ချနေတဲ့ ရဟန်း သံဃာတော်တွေရဲ့ လိုအပ်ချက်တွေကို ဖြည့်စွက်လှူဒါန်းလိုက်ရင် ပိုအကျိုးမရှိဘူးလား။ အကျိုးရှိတာချင်းတူရင်တောင် ပန်းကုံးစွပ်ရင်း ကျူလို့ ရလာတဲ့အကျိုးက အကုသိုလ်အကျိုး။ လှူဒါန်းလိုက်လို့ ရလာတဲ့ အကျိုးက ကုသိုလ်အကျိုးပါ။ ငွေကို တန်ဖိုးရှိရှိ အသုံးပြုမယ်ဆိုရင် သံသရာအတွက်လည်း ပါအောင် ကျူတာထက် လှူလိုက်ပါလားလို့။

အမြင်မှန်တွေ ရကြပြီး မိမိရဲ့ ဘာသာ သာသနာရဲ့ အလုကို ဆင်နိုင်ကြပါစေလို့။

* * *

ဥဒဿာင်မှူး(ရွှေခြင်သင်)


ရှမ်းမလေးခေါက်ဆွဲ



အမှတ် (၉၇၂)၊ ရန်ပြေ (၄)လမ်းအနောက်၊ (၂/ခ) ရပ်ကွက်၊ သာကေတမြို့။
၆၂-ကားစီး၍ ရန်ပြေမှတ်တိုင်ဆင်းပါ။
☎ ၀၁ - ၇၃၀၄၇၃၀၃

| | | |
|---|---|---|
| နေ့စဉ် | - | နံနက် (၇း၃၀) နာရီ မှ (၉း၀၀) နာရီ |
| | | ညနေ (၄း၃၀) နာရီ မှ (၈း၀၀) နာရီ |
| စနေ-တနင်္ဂနွေ | - | နံနက် (၈း၃၀) နာရီ မှ (၁၂း၀၀) နာရီ |
| | | ညနေ (၄း၃၀) နာရီ မှ (၈း၀၀) နာရီ |

'ကလေး ခေါ် မလာရပါ။'




www.burmeseclassic.com

www.burmeseclassic.com



# အမိအဖကို ခြေစုံရှိခိုးဂါထာ

ခင်လေး(ဓာတု)

ဗုဒ္ဓဘာသာဝင်တို့သည်သာ မဟုတ်၊ အခြားဘာသာဝင်တို့သည်လည်း အမိဟူသော၊ အဖဟူသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်တို့အား ကျွေးကျေးဇူး မွေးကျေးဇူးဆပ်ချင်သူများပင် ဖြစ်တတ်ကြသည်။ သက်ရှိထင်ရှားရှိစဉ် အမိအဖတို့အား မိမိအလှည့်ကျရောက်မည့် တာဝန်ဖြစ်သော ကျွေးမွေးစောင့်ရှောက်ခြင်း၊ နေ့စဉ်နှင့်အမျှ ရှိခိုးသသမှု အစဉ်ဂါရဝပြုလို့ နေကြရမည်မှာ မလွဲကေန်ဖြစ်ပေသည်။ သို့သော် မမျှော်လင့်သော အခြေအနေအရ ကျောခိုင်း စွန့်ခွာသွားကြသည့် အမိအဖတို့အား မွေးကျေးဇူး၊ ကျွေးကျေးဇူးဆပ်ခွင့် အနေနှင့် အမိခြေရာ၊ အဖခြေရာတို့ကို ဆောင်ကြဉ်း၍ နေ့စဉ် ဦးတိုက်ရန် ဝန်မလေးသင့်ပေ။

ယုံယုံကြည်ကြည်ဖြင့် အမိခြေရာဂါထာ၊ အဖခြေရာဂါထာအား ရွတ်ဆိုကန်တော့ပါက လက်တွေ့ ထူးခြားမှုများ ရက်ပိုင်းအတွင်း သိသာလာပါလိမ့်မည်။

**အမိခြေရာရှိခိုးဂါထာ**

ဒသမာသေ ဥရေကတွာ၊ ပေါသေတိ၊ ဝုဗီကာရဏံ၊
အာယုဒီဃံ ဝဿသတံ၊ မာကုပါဒံ၊ နမာမဟံ။

**အနက်**

သာမာတာ - အကြင်အမိသည်၊ ဒသာမာသေ - ဆယ်လတိုင်တိုင်၊ ခုရေကတွာ - ရင်ဖြင့် ပိုက်လွယ်သည်[...] ပြု၍၊ ဝုဗီကာရဏံ - ကြီးပွားခြင်းအကြောင်းကို၊ ကတွာ - ပြု၍၊ ပေါသေတိ - နို့ရည်တိုက်ကျွေး မွေးမြူပေ၏။ ဝဿ[...] သတံ - အနှစ်တစ်ရာတိုင်တိုင်၊ အာယုဒီဃံ - အသက်ရှည်[...] သမျှကာလပတ်လုံး၊ သာမာတု - ထိုအမိ၏၊ ပါဒံ - ခြေအ[...] ကို၊ အဟံ - အကျွန်ုပ်သည်၊ နမာမိ - ရှိခိုးပါ၏။

**အဖခြေရာရှိခိုးဂါထာ**

ဝုဗီကာရော အာလိင်္ဂေတွာ၊ ဥပ္ပိတွာ ပီယပုတ္တကံ[...]
ရာဇမဥ္ဇူ သုပတိဋ္ဌံ၊ ပိတုပါဒံ နမာမဟံ။

**အနက်**

ယောပိတု - အကြင်အဖသည်၊ ဝုဗီကာရော - ကြီး[...] ပွားကြောင်းကို ပြုလျက်၊ အဝလိင်္ဂေတွာ - လည်ဖက်၍[...] ဥပ္ပိတွာ - နမ်း၍၊ ပီယပုတ္တကံ - ချစ်လှစွာသော သားကို[...] ရာဇမဥ္ဇူ - မင်း မှူးမတ်တို့ အလယ်၌၊ သုပတိဋ္ဌံ - ကောင်း[...] တည်စေပြီး၊ သောပိတု - ထိုအဖ၏၊ ပါဒံ - ခြေအစုံကို[...] အဟံ - ကျွန်ုပ်သည်၊ နမာမိ - ရှိခိုးပါ၏။

* * *

ခင်လေး([...])



www.burmeseclassic.com

www.burmeseclassic.com

# တတ်သော ဒေါ်ရွှေ၏ ပေတ္တာ

ဓမ္မာစရိယ ဦးဌေးလှိုင်





www.burmeseclassic.com

www.burmeseclassic.com

ဂန့်ဂေါမြို့ ဝန်ထောက်ကြီး ဦးညိုသည် ဇနီး ဒေါ်မမကြီး၏ ပရိတ်မေတ္တာကြောင့် ငှက်များကို သေနတ်ဖြင့် ပစ်၍ ထူးဆန်းစွာ မသေမပျောက်ကြပုံကို ကိုယ်တွေ့ကြုံရရာမှအစ ဗုဒ္ဓဝါဒ၏ မေတ္တာ ကရုဏာတရားများ၏ စွမ်းအင်သတ္တိကို သိမြင်၍ ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြောင်း ပြဆိုခဲ့ပေပြီ။

ထိုဖြစ်ရပ်နှင့် တစ်စပ်တည်း လွန်ခဲ့သော အနှစ် ၅၀ ကျော်က ဂန့်ဂေါမြို့၌ ဘုံဘေဘားမား သစ်လုပ်ငန်းဌာန စာရေးကြီး ဦးစံထွန်းနှင့် ဇနီး ဒေါ်ရွှေတို့အကြောင်း အနည်းငယ် ဆက်၍ပြောပါဦးအံ့။

ဦးစံထွန်းသည် မော်လမြိုင် ကတိုးကော့နပ်သားဖြစ်၏။ ဘုံဘေဘားမား သစ်ကုမ္ပဏီ အင်္ဂလိပ်အရာရှိများနှင့် အလွန်ရင်းနှီးကျွမ်းဝင်သော ခေတ်ပညာတတ် စာရေးကြီးဖြစ်သည်။ ငှက်ပစ် မုဆိုးလိုက်လည်း ဝါသနာပါ၏။

ဇနီး ဒေါ်ရွှေကား စာမတတ်။ ရတနာသုံးပါးဆည်းကပ်ရာ၌မူ လွန်ကဲ၏။ ဒေါ်ရွှေသည် စာမတတ်သော်လည်း အိမ်၌ ဈေးဆိုင်ဖွင့်ထားရာ ကြွေးစာရင်းစာအုပ်၌ အရုပ်ပုံ၊ အကြောင်းအခြစ်များ ရေး၍ ကြွေးစာရင်းလုပ်လေ့ရှိသည်။ ငပိဆိုလျှင် ငပိအပုံနှင့် ယောက်မပုံကလေး ရေးထား၏။ ဝယ်သူ၏ ပုံပန်းသဏ္ဌာန်ကိုလည်း သူ သဘောပေါက်သလို ပုံဆွဲထားရာ သူ့အကြွေးစာရင်းစာအုပ်ကိုလည်း သူသာလျှင် ဖတ်တတ်သည်။

## ဆင်ရိုင်းကြီးကို ယဉ်လာအောင် သနားခြင်း

ဒေါ်ရွှေသည် စာမတတ်စေကာမူ တရားနာယူရသော အခါမျိုးတွင် ဘုန်းတော်ကြီးဟောသော တရားကို စာတတ်သူများပင် စိတ်ဝင်စားလာအောင် မှတ်သားပြောဆိုနိုင်၏။ ဒေါ်ရွှေ၏ အထူးခြားဆုံး အရည်အသွေးကား ရတနာသုံးပါး ဝတ်များ စွဲမြဲ၍ ပရိတ်ရွတ်ခြင်း၊ မေတ္တာပွားခြင်း၊ အထူးသဖြင့် တိရစ္ဆာန်ကလေးများကအစ တစ်ဖက်သားအပေါ် သနားကြင်နာတတ်ခြင်းဖြစ်လေသည်။

ဒေါ်ရွှေ၏ သနားကြင်နာခြင်းမှာ မည်ကာမတ္တမဟုတ်။ မနေနိုင် မထိုင်နိုင်အောင် ဖြစ်နေတတ်၏။ တစ်ခါက ရှမ်းပြည် တောင်ပိုင်း မိုင်းပုံ၌ နေစဉ် ဘုံဘေဘားမားကုမ္ပဏီ၌ လူများကို နင်းသတ်ပေါင်းများလှသဖြင့် သတ်ပစ်ရန် အမိန့်ချမှတ်ထားသော ဆင်ရိုင်းကြီးတစ်ကောင်ကို တွေ့ရသောအခါ ဒေါ်ရွှေမှာ သနားလှသဖြင့် "အိမ်မှာ မွေးထားမည်၊ ဝယ်ပေးပါ" ဆို၍ ဝယ်ရာ အရာရှိများက အခမဲ့ပင် ပေးလိုက်သည်။

ထိုဆင်ရိုင်းကြီးမှာ အိမ်ရှေ့သစ်ပင်၌ ချည်ထားရာ သူ့ အနားသို့လာသော ကြက်များ၊ ခွေးများကို မလွတ်တမ်း ရိုက်သတ်လေ့ရှိသည်။ သို့ရာတွင် ဒေါ်ရွှေ၏ သားငယ် နှစ် လည်သားကလေး မောင်ချစ်တင်(ယခု သာသနာရေးဌာ အင်္ဂလိပ်စာအယ်ဒီတာကျမ်းပြုမှူး ဦးချစ်တင်)မှာမူ ဆင်ရိုင်း ကြီး၏ ဝမ်းဗိုက်အောက်တွင် အကြိမ်ကြိမ် ဝင်လိုက် ထွက် လိုက်လုပ်နေသော်လည်း အန္တရာယ်မပြုချေ။ နောက် ဆင်ရိုင်း ကြီးမှာ ပွဲဝင်အောင်ပင် ယဉ်ကျေးလာလေသည်။

## ကျွန်မယောက်ျား မုဆိုးကြီး လာလေရဲ့

ဒေါ်ရွှေတို့မိသားစု ဂန့်ဂေါသို့ ရောက်စဉ် အကြိုက်ဆ ကာ သေနတ်မုဆိုးလုပ်နေသူ ဦးစံထွန်းအား အမျိုးမျိုးဖျောင်း ပြောဆိုသေး၏။ မရသည့်အဆုံး သူသဘောပေါက်သ မေတ္တာလက်နက်ကို အသုံးပြုသည်။ ဒေါ်ရွှေသည် ဦးစံထွ တပည့်များနှင့် တောလိုက်ထွက်မည်ရှိစဉ် ဘုရားရှေ့ က ကယာသွားရောက် ဝတ်ပြုပြီးနောက်···

"သတ္တဝါတွေ ချမ်းသာကြပါစေ၊ အသက်ဘေးမှ လွ ကြပါစေတော်။ တောစောင့်နတ်၊ တောင်စောင့်နတ်တွေ လည်း ကျွန်မကုသိုလ်ကို အမျှပေးဝေပါ၏။ တောတိရစ္ဆာ များ မသေမပျောက်ရအောင် စောင့်ရှောက်ဖယ်ရှားပေးလို ကြပါ။ ကျွန်မယောက်ျား မုဆိုးကြီး လာလေရဲ့။ သူ့ကိုတော ကျွန်မ ပြောလို့မရတော့ပါဘူး။ အားလုံး ချမ်းသာကြပါစေ ပါးစပ်ကလည်း ပြော၊ စိတ်ထဲကလည်း ဂန့်ဂေါမြို့ပတ်ဝန်းကျ တောတောင်များကို အနှံ့ရည်မှန်းပြီး မေတ္တာပွားပို့လေ့ရှိသ

ဒေါ်ရွှေသည် စာပေကျမ်းဂန် ဗဟုသုတရှိသူ၊ စာဖ တတ်သူများကဲ့သို့ မေတ္တာကို မည်သို့ပို့ရသည်၊ စိတ်ထဲ မည်သို့ ရည်ရွယ်ရသည် စသည်တို့ကို စနစ်တကျ နားလ သိရှိထားသူကား မဟုတ်ချေ။ စိတ်ထဲရှိသည့်အတိုင်းသ လျှောက်၍ ပြောဆိုနေခြင်းဖြစ်၏။ သို့သော် သူ၏ စိတ် မည်မျှ ထိထိခိုက်ခိုက် နှစ်နှစ်ခြိုက်ခြိုက် လေးလေးပင် ဖြစ်နေမည်ကိုမူ ခန့်မှန်း၍ သိနိုင်ပေသည်။

မည်မျှ စာပေကျမ်းဂန် ဗဟုသုတ များပြားစေ နှလုံးသားဖြင့် ပြုလုပ်ရမည့်ကိစ္စ၌ နှစ်နှစ်ခြိုက်ခြိုက် ယုံ ကြည်ကြည်မရှိလျှင် ခရီးမရောက်ချေ။



www.burmeseclassic.com

www.burmeseclassic.com

### ...မေတ္တာနှင့် အဓိသီလမေတ္တာ

...ဒေါ်ရွှေသည် ရံခါ ပါးစပ်က ရွတ်ရုံ၊ စိတ်ထဲက ပွားပို့ရုံ ...။ ဦးစံထွန်း တောလိုက်ရန် ဟန်ပြင်နေသည်ကို ...ဦးစံထွန်း မသိအောင် လက်ညှိုးကို တံတွေးဆွတ်၍ ... တတွတ်တွတ်ရွတ်ဆိုလျက် သေနတ်ပြောင်းဝထိပ် ...တွေးဖြင့် (စတိအဖြစ်) တို့လွှတ်လိုက်သေးသည်။ ...တွင် ဦးစံထွန်းသည် တောထဲ၌ တစ်နေ့ကုန်သော် ... သားကောင်တစ်ကောင်တစ်မြီးမှ မရရှိတော့ပေ။

ဦးစံထွန်းသည် ဒေါ်ရွှေ၏ တောင်းပန်တိုးလျှိုးမှုကို ...ကြိမ်ချိုးဖောက်ကာ အမဲလိုက်ဝါသနာကို မစွန့်နိုင်ဘဲ ... ဒေါ်ရွှေကလည်း ပါးစပ်က မပြောတော့ဘဲ မေတ္တာကို ...၍ပို့သည်။ အကြိမ်ကြိမ်ကြိုးစားသော်လည်း ဦးစံထွန်း ...မှာ တစ်နေကုန် တစ်နေခန်း မောပန်း၍သာ ပြန်လာ ... သားကောင်တစ်ကောင်တစ်မြီးမှ မရခဲ့။

ဦးစံထွန်းသည် သေနတ်များကိုလည်း ဘုံဘောဘားမား ...ပ်အရာရှိများထံမှ အကူအညီရကာ တစ်လက်ပြီး ...က် ပြောင်းလဲ ကိုင်ဆောင်၍ ကြိုးစားသော်လည်း ...ဆုံးတွင် တောလိုက်မှုဆိုးဘဝကို စွန့်လွှတ်လိုက်ရလေ ...သည်။

စစ်ပြီးခေတ် သတိပဋ္ဌာန်တရားများ ပြန့်ပွားလာသော ... ဦးစံထွန်းအား မဟာစည်ဆရာတော်ဘုရားကြီး၏ ပဲခူး ...ပဋ္ဌာန် သာသနာ့ရိပ်သာ၌ ယောဂီ ဦးစံထွန်းအဖြစ် ...မြင်ကြရ၏။

ဝန်ထောက်ကတော်ကြီး ဒေါ်မမကြီးနှင့် ဒေါ်ရွှေတို့၏ ...မေတ္တာဘာဝနာအင်အားများသည် ဆရာသမားများနှင့် ...ပွန်းတတီး သင်ယူ၍ စနစ်တကျ ပွားထုံထားသော ...များ မဟုတ်သေးချေ။ ဆန့်ကျင်ဘက် အခြေအနေအရ ...ပေါက်သလို ကြံရာမရလုပ်ရသော ရိုးရာမေတ္တာမျှသာ ...သေးသည်။ စနစ်တကျ သဘာဝမိမိ သမာဓိတည်တည် ...သီလ(ယောဂီ၏ သီလ)ကို အခြေခံရသော မေတ္တာသည် ...ယ်မျှ အင်အားရှိမည်ကို သတိပြုကြရာ၏။

◆◆◆

### ...ထူး၏ မေတ္တာ

ဦးဘထူး၏ မေတ္တာအကြောင်း ကျေးဇူးရှင် မဟာစည် ...တော်ဘုရားကြီး ဟောကြားတော်မူသော "ဗြဟ္မဝိဟာရ ...တော်" စာအုပ်၌ အောက်ပါအတိုင်း ဖတ်ရှုရပါသည်။ ...အတိုင်း ဖော်ပြပါဦးအံ့။

(မေတ္တာစာတ်ဖြင့် အခြားသူ၏ စိတ်အနေအထား ပြုပြင်ပေးနိုင်ပုံကို ထောက်ဆပြီးတော့ ယခုအခါမှာလည်း မေတ္တာဓာတ်ဖြင့် စူးစူးစိုက်စိုက် နှလုံးသွင်းပေးရင် မေတ္တာခံ ပုဂ္ဂိုလ်များက ချစ်ခင် ကြည်ညိုတတ်တယ်ဆိုတာ သိမှတ်ရပါ တယ်။ တော်တော်ဆီက ဘိုးဘွားရိပ်သာမှ ထုတ်ဝေတဲ့ စာစောင်ထဲမှာ ထူးခြားတဲ့ အကြောင်းအရာတစ်ခုတွေ့ရတယ်။

ဦးဘထူးဆိုတဲ့ လူတစ်ယောက်ဟာ တိရစ္ဆာန်တွေကို အလွန်သနားတတ်ပါသတဲ့။ အထူးအားဖြင့် ခွေးတွေကို အလွန်သနားတတ်သတဲ့။ ဒါကြောင့် သူက အရှင်မရှိတဲ့ ခွေးတွေကို သနားပြီး အထူးကျွေးမွေးစောင့်ရှောက်နေလေ့ရှိ တယ်။ ရန်ကုန် ကျိုက္ကဆံစေတီဝင်းထဲက ခွေးတွေကို သူ သတ်မှတ်ထားတဲ့ ရက်တိုင်း ကောင်းမွန်စွာ ချက်ပြုတ်ပြီး သွားရောက်ကျွေးသတဲ့။ ဟိုက ခွေးတွေကလည်း သူလာတဲ့ အခါ လာရောက်ပြီး ကြိုဆိုကြသတဲ့။ ဒါကတော့ သိပ်မထူး လှပါဘူး။

တစ်ချိန်ကတော့ အဲဒီ ဦးဘထူးဟာ သူ့အဖော်များနှင့် အတူ ကျိုက်ထို တောင်စွန်းဆိုတဲ့ ဌာနက ကေလာသ မြသပိတ်ဆိုတဲ့ စေတီတော်များကို ဖူးမြော်ဖို့သွားတယ်။ အဲဒီ တောင်ခြေက ရွာမှာ ခွေးတွေက ကိုက်တတ်တယ်။ တယ် ဆိုးတယ်တဲ့။ လူအစိမ်းဆိုရင် ဝိုင်းပြီး ကိုက်တတ်ပါသတဲ့။ တောင်ပေါ် စေတီရှိရာ သွားရင်း အဲဒီတောင်ခြေရွာထဲက ဖြတ်သွားရတယ်။ ဒါ့ကြောင့် ဦးဘထူးက ခေါင်းဆောင်ပြီး အဲဒီခွေးတွေရှိတဲ့ ရွာထဲက ဖြတ်သွားတဲ့အခါ ခွေးတွေက အတင်းပြေးလာကြသတဲ့။

အဲဒီတော့ ဦးဘထူးကို ခွေးဆိုးတွေက ကိုက်တော့မှာ ပဲလို့ ဘေးက လူတွေက စိုးရိမ်ကြတယ်။ ဒါပေမယ့် ခွေးတွေ က အဲဒီ ဦးဘထူးကို မိမိ၏ အရှင်သခင်လိုပင် ပတတ်ရပ်ပြီး နှုတ်ဆက်ကြပါသတဲ့။ အဲဒါဟာ ခွေးများအပေါ်မှာ မေတ္တာ ကရုဏာပွားနေတဲ့အတွက်ကြောင့်လို့ ဆိုရမှာပဲ။)

### တိရစ္ဆာန်နှင့်လူ ထပ်တူ ရှုမြင်ခြင်း

တိရစ္ဆာန်လောက တိရစ္ဆာန်ဘုံဟူ၍ ၃၁ဘုံတွင် တစ်ခု အပါအဝင်ဖြစ်သော်လည်း ဘုံသီးခြားမရှိချေ။ လူဘုံနှင့်၊ လူ တို့နှင့် အတူတကွ ရောနှောနေထိုင်ကြလေသည်။ လူနှင့် အတူနေကြသူများဖြစ်၍ လူတို့အား များစွာကျေးဇူးပြုလျက် ရှိကြပေသည်။ တိရစ္ဆာန်တို့၏ ကျေးဇူးကား လူသားတို့အပေါ် ၌ များစွာတင်ကျန်လျက်ရှိနေ၏။

မြတ်စွာဘုရားရှင်သည် တိရစ္ဆာန်တို့မှာ ပေါ်လွင်၍ ရိုးဖြောင့်ကြောင်း၊ လူတို့သည် ကောက်ကျစ်စဉ်းလဲ၍ လျှို



www.burmeseclassic.com

www.burmeseclassic.com

ဖုက်တတ်ကြောင်း(မဇ္ဈိမနိကာယ်၊ ကန္ဒရကသုတ်၌) နှိုင်းယှဉ်ပြောကြားတော်မူဖူး၏။ ရိုးသားဖြောင့်မတ်၍ သခင့်သစ္စာကို ရှိသေကျိုးနွံစွာ ကူညီသူများအပေါ် လူသားတို့၏ သဘောထားပုံ၊ ဆက်ဆံပုံများမှာ တရားမဲ့လွန်းလှ၏။ ခိုင်းစားရန်နှင့် သတ်စားရန်လောက်သာ သဘောထားနေကြ၏။ အနိုင်ကျင့် အမြတ်ထုတ်၍ သွေးစုပ်ရန်သာ ရည်ရွယ်နေကြသည်။

ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ခွေး စသော တိရစ္ဆာန်များကသာမဟုတ်၊ ကျွန်ုပ်တို့ မသိသော အခြားတိရစ္ဆာန်များကလည်း လူသားတို့အား သူ့နည်းနှင့်သူ အကူအညီပေးလျက်ရှိကြပေသည်။ ဥပမာ - သီးနှံဖျက် ပိုးများကို ခုခံကာကွယ်ပေးသော ပိုးများ၊ ရောဂါပိုးများကို ခုခံကာကွယ်ပေးသော ပိုးများ စသည်တို့ဖြစ်လေသည်။ မည်သို့ပင် လူသားတို့အား အကူအညီပေးနေကြစေကာမူ လူတို့ကား အနိုင်ကျင့်လျက်ပင် ရှိကြကုန်၏။ ထိုအမူအကျင့်ဆိုးများကြောင့် တိရစ္ဆာန်တို့သည် အတွင်းစိတ်က "ဒီလူတွေ မယုံရဘူး"ဟူသော သံသယနှင့်အတူ အမြဲတမ်း ကြောက်လန့်၍သာ နေကြရရှာ၏။ မတတ်သာသောအခါ ရန်မူ၍ပင် လာကြ၏။

တိရစ္ဆာန်နှင့်လူ အတူတကွ နေထိုင်ရသူအချင်းချင်း ငြိမ်းချမ်းစွာ မနေနိုင်ကြသေးသမျှ လူသားတို့အတွက် ဘေးရန်



ကင်းစွာ နေနိုင်ပြီဟု မဆိုရသေးချေ။ အသိဉာဏ်ရှိသူတို့
စည်းမစောင့်လျှင် အသိဉာဏ်နည်းသူတို့သည် ပို၍
အန္တရာယ်ပြုတတ်ကြ၏။ တိရစ္ဆာန်တို့၏ အန္တရာယ်သ
လူသားတို့အတွက် စဉ်းစားတိုင်း ရင်လေးစရာဖြစ်နေပေသ

"လယ်တွေ တောကြွက်အုပ်ကြီးတွေ ဖျက်လို့
အုပ်ကြီးတွေ ကျလို့ အာဖရိကမှ ဟိမဝန္တာအထိ နိုင်ငံ
၅၀ကို ဒုက္ခပေးနိုင်တဲ့ ကျိုင်းကောင်အုပ်ကြီးများ အန္တရာယ်
ကုလသမဂ္ဂကတောင် အပူတပြင်း ဆောင်ရွက်နေရသ
စသော သတင်းဆိုးများသည် ယနေ့လူသားတို့၏ တိရ
တို့အပေါ် ထားရှိသော မေတ္တာကို ဖော်ပြနေခြင်းပင် ဖြစ်
တော့သည်။

ရံခါ "ရှူးပုံ၊ ဖူး၊ ဝက်၊ ကျားနှင့် ငှက်ကြောင့် ဖျက်
ဘနန်း"ဟူသော ပုဂံရာဇဝင်ကဲ့သို့ တိရစ္ဆာန်တို့ မင်းမှ
သဖြင့် တိုင်းပြည်ပျက်လုနီးနီး ဘေးဆိုးကြီးများလည်း ဖြစ်
တတ်ပေသည်။ "တိရစ္ဆာန်နှင့်လူ အတူတူ"ဟု မရှုမြင်နိုင်
သမျှ ဘုရားရှင်၏ အဆုံးအမကို ရရှိသူ၊ လိုက်နာသူ မ
သေး။ မလိုက်နာနိုင်သေးသမျှ ချမ်းသာသူမဖြစ်နိုင်သေး

**ဒေါသကျိန်စာ ဘဝင်းရာ**

ဘုရားရှင်ကား အကျိုးအပြစ်ကို ကုန်စင်အောင်
တော်မူသည့်အတွက် "အတ္တာနံ ဥပမံ ကတွာ၊ န ဟ
န ယာတယေ - မိမိကိုယ်ကို ဥပမာထား၍ (ကိုယ်ချင်း
မည်သည့်သတ္တဝါကိုမျှ မညှဉ်းဆဲ မသတ်ဖြတ်ကြနှင့်
တိုတိုတုတ်တုတ်ပင် ဆုံးမခဲ့လေသည်။

ကြက်မကြီး ဝပ်နေသော ဝပ်ကျင်းထဲမှ ကြက်
နိုက်ယူ ကြော်စားမိသဖြင့် ကြက်မကြီး၏ နာကြည်း
ဒေါသထွက်သော ကျိန်စာကြောင့် ဘဝများစွာသေကြရ
သူငယ်မ(ဓမ္မပဒ ကုက္ကုဋအဏ္ဍခါဒိကာ)၊ ဆိတ်ကို သ
စားမိသဖြင့် ဘဝင်းရာ သေစားအလျော်ပေးရသော ပု
ကြီး၊ ဆိတ်အမွေးအရေအတွက်အတိုင်း သေရသူ အိ
စသည်တို့ကို ကြည့်၍ ကြီးနိုင်ငယ်ညှဉ်းကာ ပထမ
မိမိက အနိုင်ရသည်ဟု ထင်ရသော်လည်း အရှုံးပေါ်လ
ကြောင်း ဘုရားရှင်သာ မြင်တော်မူလေသည်။ သတ်
ဒေါသ၊ ခံရသူ၏ နာကြည်းမှုဒေါသတို့ကား ကမ္ဘာနိယာ
ပျောက်ပျက်၍မသွားဘဲ ပြုလုပ်သူကသာလျှင် တာဝ
စမြဲဖြစ်သည်။ "တံငါမှဆိုး အကျိုးမပေး"ဟု မြတ်စွာ
(အင်္ဂုတ္တိုရ်-မစ္ဆဗန္ဓသုတ်၌) ဟောတော်မူသည်မှာ ဤအ
ပင်ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com

## လိမ်၍မရ

သည္တာန်၌ ဖြစ်နေသောစိတ်ကို မိမိသာလျှင် တာဝန် သည်။ မိမိစိတ်ကို ပတ်ဝန်းကျင်က မသိဟု ထင်ကြ သည်း သတ္တဝါအချင်းချင်း စိတ်ချင်းဆက်သွယ်တာ ကြသည်ပင် ဖြစ်၏။

တစ်ချိန်က ရဟန္တာအရှင်မြတ်ကြီးဖြစ်တော်မူသော ကြီး ဦးသီလနှင့်အတူ တောထဲသို့ လိုက်ပါနေထိုင် ကပ္ပိယကြီး ဦးအာကာသည် ဆောင်းအခါ ချမ်းအေးလှ ထင်းမီးဖို၍ မီးလှုံနေစဉ် ကျားရိုင်းကြီးတစ်ကောင် မီးဖိုဆီသို့ တည့်တည့်ကြီးလာနေသဖြင့် ကပ္ပိယကြီးမှာ လည်း ပြေးခဲစေလုပ်၍နေရသည်။ ဘုန်းတော်ကြီး မလှမ်းမကမ်း လေးတိုင်စင် ကျောင်းကလေး၌ တရား နေ၏။

ကျားကြီးမှာ မည်သို့မျှ ရန်မမူဘဲ ကပ္ပိယကြီးနှင့်အတူ မီးလှုံနေရာ မကြာမီ ကျားကြီးမှာ မီးဖိုအနီး၌ တွဲလျားကျကာ မေးခနဲ အိပ်ပျော်သွား၏။ ထိုအခါ ကြီးမှာ အကြောက်ပြေသွားပြီးနောက်···

"ဒီကျားကြီးပါးစပ်ထဲ မီးကျီးတွေ ကော်ထည့်လိုက်ရ ကောင်းမှာပဲ"ဟု မသမာစိတ်ဝင်လာ၏။ ကပ္ပိယကြီး စိတ်ကူး လိုက်သည်နှင့် အိပ်ပျော်နေသော ကျားကြီးမှာ ချက်ချင်း ခေါင်းထောင်လာကာ ကိုက်သတ်ရန် ဟိန်းဟောက်လေတော့ သည်။ ကပ္ပိယကြီးမှာ ကြောက်လွန်း၍ ဒူးဆတ်ဆတ်တုန်နေ တော့သည်။

ထိုအခါ ဘုန်းတော်ကြီးမှာ ကပ္ပိယကြီးစိတ်နှင့် ကျား ကြီးစိတ်ကို သိမြင်တော်မူသည့်အတိုင်း···

"ကပ္ပိယကြီး···ဘာလို့ စိတ်ယုတ်မာမွေးရသလဲ။ သူ့ကို(ကျားကြီး) မေတ္တာပို့ပြီး တောင်းပန်လိုက်"ဟု ကျောင်း ကလေးမှ လှမ်း၍ မိန့်တော်မူလိုက်သည်။ တောင်းပန်လိုက် မှ ကျားကြီးမှာ စိတ်ချလက်ချ အိပ်မြဲအိပ်သွားတော့သည်။

စိတ်ကို လိမ်၍မရချေ။

* * *

မဇ္ဈိမာစရိယ ဦးဒွေးလှိုင်

(ဆရာကြီး မဇ္ဈိမာစရိယ ဦးဒွေးလှိုင်၏ "မေတ္တာဝါဒ"(ဗြဟ္မ ဝိဟာရအဖွင့်) စာအုပ်မှ ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။)


မြန်မာနိုင်ငံဝေဒသုတေသနပညာရှင်

# မဇ္ဈိမာစရိယ ဆရာဦးအောင်ကျော်မိုး

(နက္ခတ်ဗေဒင်၊ ယတြာ အခါပေးပညာရှင်)

လူသားတို့အတွက်

- အတွဲညီသောအိမ်ထောင်ဖက်
- အကျိုးပြုသောအလုပ်အကိုင်နှင့် နေရပ်
- ရှေးဘဝကတည်းက အထုံပါခဲ့သော ပညာရပ်
- ကျန်းမာရေး၊ ဘာသာရေး စည်တို့ကို နေ့စဉ် ဟောပြောပေးနေသည်။
- အိမ်၊ ခြံ၊ မြေ ပန္နက်ရိုက် အခါပေးနှင့် ရောင်းအဝယ်အစီအမံယတြာများ ပြုလုပ်ဆောင်ရွက်ပေးသည်။

ဟောခန်းလိပ်စာ

စီ-၅၊ အမှတ် (၁၆၇/၁၇၃) ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။

ဖုန်း - ၃၉၂၂၄၃




www.burmeseclassic.com

www.burmeseclassic.com


## အဝိဋ္ဌာန်ပါရမီထူး မေတ္တာတောင်တော်ဦး ပြည်လုံးချမ်းသာ

# ဆုတောင်းပြည့်စေတီတော်နှင့် အံ့ဖွယ်ထူးခြားဖြစ်ရပ်များ

■ မင်းမြွတ်ကြိုင် ■

စာရေးသူနှင့် ဂီတစာဆို ဆရာကြီး ဦးခင်မောင်ဝင်းတို့ ဤမေတ္တာတောင်တော်ဦး ဆရာတော်၏ သာသနာပြုပုံများကို ယခင်နှစ်ကတည်းက ဆွေးနွေးခဲ့ကြ၏။ ယခုတော့ ခရီးကြုံနှင့် ဆရာတော်၏ သာသနာပြုရာ ရခိုင်ပြည်နယ်ဒေသကြီး၊ ကျောက်တော်မြို့နယ်၊ မတင်မှိုင်းချောင်းအုပ်စုအနီး မေတ္တာတောင်တော်သို့ ရောက်ခဲ့ပါတော့၏။

ရန်ကုန်မြို့၏ အောင်မင်္ဂလာအဝေးပြေးစခန်းမှ နံနက် ၆နာရီ စတင်ထွက်ရှိရာ ပြည်မြို့တို့မှ မကွေးမြို့သို့ ရောက်ပြီး မကွေးမြို့စွန် မြသလွန်စေတီမှ ဦးခိုက်ပူဇော်ပြီး မကွေးတံတား ရောဝတီကို ကူးခဲ့ရ၏။ ထိုမှ မင်းဘူးမြို့ဝင်ကာ ပုသိမ်-မုံရွာလမ်းမကြီးနှင့် လမ်းခွဲ ပဒါန်းလမ်းဆုံ ထိုမှတစ်ဆင့်



ဆုတောင်းပြည့်စေတီတော် ထီးမတင်ရသေးမီ



www.burmeseclassic.com

www.burmeseclassic.com

ဆက်ခဲ့ရာ အမ်းမြို့သို့ ရောက်ပါ၏။ ထိုမှ မင်းဖြား ဦး ကျောက်တော်သို့ ခရီးနှင်ခဲ့သည်။ သို့သော် ခရီး လမ်းက ကြမ်း၊ တစ်နေ့တစ်ည ခရီးကို ပြင်းပြင်း ဆက်ခဲ့ရင်း တစ်ထောက်နားရာ၊ ကွန်းခိုရာဆီသို့သာ ပါသေး၏။ ထိုမှ ကစ္စပနဒီမြစ်ရဲ့ အလှနှင့် ရခိုင်ရိုးမ တန်းကြီး၏ သဘာဝတောတန်းအလှတွေက ပန်းချီ ချပ် စုတ်ချက်မှန်မှန်၊ အရောင်မှိုင်းပျပျနှင့် ပေါ်လွင် ရေးခြယ်ထားသည့်အလား မြင်နေရပါ၏။

ပါတော့၏။

"ဒကာကြီးတို့ ပင်ပန်းလာရောပေါ့။ ဦးဇင်းတောင်က တော့ ဝေးမှဝေး။ နားနားနေနေ နေကြပေါ့"

"မှန်ပါ။ ဝမ်းသာပါတယ် ဘုရား"

"ကဲ - ဒကာကြီး ဦးခင်မောင်ဝင်း၊ ခုလို ဆရာတော့် သာသနာကို ကူညီတာ အထူးကျေးဇူးတင်သလို ဒီက စာရေး ဆရာ ဒကာကိုလည်း အထူးကျေးဇူးတင်ပါတယ်ကွယ်"

"မှန်လှပါ ဘုရား"



ရဟန္တာ ခြေတော်ရာ

အနီးကပ် မှတ်တမ်းတင်ထားပုံ



ကျောက်ဆင့်ကြီး



ကျောက်ဖားရုပ်ကြီး



ကျောက်မိချောင်းကြီး

ကစ္စပနဒီမြစ်မှ ရေလမ်းခရီးဖြင့် စက်လှေစီး၍ ခရီးမိုင် မိုင်ခန့်ကို ဆက်ခဲ့ရ၏။ ထိုမြစ်၏ အနောက်ဘက်မှ သွား ချင်လည်း ရောက်ပါ၏။ နာရီဝက်ခန့် တောင်စဉ်တောင်တန်း များကို ဖြတ်ကျော်ပြီး ပေ ၁၀၀၀ကျော် မြင့်သည့် လှုလှု အရောက်အပေါက်နည်းလွန်းသော ဤဒေသမျိုးသို့ မြတ် ဘုရား၏ သားတော်ပီပီ သာသနာတော်ထွန်းကား ပြန့်ပွားရေး ရွှာန်ရောက်ရာ ရောက်ကြောင်း အထောက်အပံ့ကောင်းတွေ ကို မျှဝေပေးနေသည့် သာသနာ့အာဇာနည်တစ်ပါးပင် ဖြစ်

"ခရီးရောက်မဆိုက်ပါ ဘုရား။ အရှင်ဘုရားရဲ့ သာသနာ ပြုတဲ့ အစခရီးကို မိန့်ပါဦး ဘုရား"

"ဒီလိုကွဲ့။ ဦးဇင်းဘွဲ့က ဦးနန္ဒဝံသ။ သက်တော်က ၅၇နှစ်။ ဝါတော်က ၁၃ဝါ။ ၂၀၀၃ခုနှစ်က ရဟန်းဖြစ်ပါတယ်။ ဟုမ္မလင်းမြို့နယ်၊ ခေါ်ဒေါင်းဆရာတော်ကြီးမှာ ဥပဇ္ဈာယ်ပြုပြီး ဇီးပင်သာ ခန္ဓသိမ်တော်တွင် ရဟန်းပြုခဲ့ပါတယ်။ ဆရာတော် က မြန်မာပြည်အလယ်ပိုင်းနဲ့ မွန်ပြည်နယ် မော်လမြိုင်မြို့ တွင် သုဿနိကဓုတ်င်(သင်္ချိုင်းမှုတင်)ကို ငါးနေရာ ကျင်းပ



www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာခြေတော်ရာတစ်ဆူအား ဖူးမြင်ရပုံ

ပါတယ်။ အခုတော့ ရခိုင်ပြည်နယ်ရဲ့ ၂၇သုသာန်မှာ စတင်ကျင့် တရားအားထုတ်ခဲ့ပါတယ်"

"ဆရာတော်ရဲ့ ဇာတိနှင့် ထေရုပ္ပတ္တိကို မိန့်ပါဦး ဘုရား"

"ကျုပ်က ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကုလားမတောင်ကျေးရွာက ဖခမည်းတော် ဦးစောလှဖြူနဲ့ မယ်တော်ဒေါ်ဖော့မယ်တို့ကနေ မွေးချင်းသုံးယောက်အနက် သားအလတ်ဖြစ်ပါတယ်။ ကျုပ်ရဲ့ ဖွားသက္ကရာဇ် ၁၃၁၇ ခုနှစ်၊ စနေသားပါ။ ငယ်နာမည်က ဦးရွှေစံတင် ဖြစ်ပါတယ်"

"ဆရာတော် ယခု မေတ္တာတောင်တော်ကို ဘယ်နှခုနှစ်က သာသနာပြု ကြွခဲ့ပါသလဲ ဘုရား"



ယခင် ဇော်ဂျီခေါင်းတောင်

ယခု မေတ္တာတော်တောင် အနီးကပ်မြင်ရပုံ



ကျောက်ငါးကြင်းကြီး

"အင်း…ကျုပ် ၂၀၀၃ခုနှစ်မှာ ရောက်ရှိပြီး ဒီတော

မှာ မေတ္တာကမ္မဋ္ဌာန်းပွားများပါတယ်။ ပထမဆုံးကတော

ဇော်ဂျီခေါင်းတောင်လို့ ခေါ်ပါတယ်ကွယ်။ လူသူအရော

နည်းပါတယ်။ တောကြီးမျက်မည်းပါ"

"အရှင်ဘုရား တစ်ပါးတည်း ယခုလို သာသနာပြုတ

ကို ရွာအနီးက ပုဂ္ဂိုလ်တွေ မလာခဲ့ဘူးလား"

"ကျုပ် ဒီမှာ အဓိဋ္ဌာန်ကျင့်စဉ် ကျင့်နေပြီး အနီ

ရွာများဖြစ်တဲ့ ရေနံတိုရွာသို့ ဆွမ်းခံကြွပါတယ်။ ဒီတော



ကျောက်ဝက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တူးဖော်လျက်ရှိသည့် လိုဏ်ဂူတော်

…ျပ် တရားကျင့်နေဘာကို သိကြတော့ ဟိုရွာက သိ၊ …ရွာက သိနဲ့ သိကြတယ်လေ။ နောက်နော့ မတင်မိုင်းချောင်း …ာတို့ တောင်ဘွယ်ရွာတို့ကပါ လာကြတယ်။ အဲဒီရွာတွေက …ခြေ ၁၀၀ခြောက်လောက်ပဲ ရှိကြတာ။ နောက်တော့ …ရှင် ဒါယကာ၊ ဒါယိကာမတွေ၊ ဝေနေယျတွေ ရောက် …ကြပြီး ယခုလို ကျောင်းတို့၊ ဆွမ်းစားဆောင်တို့၊ ယောဂီ …ဆောင်တို့ ဆောက်ကြပါတယ်"

"အရှင်ဘုရား ဒါဆို သက်သတ်လွတ် စားရပါသလား"

"ဟုတ်တယ်။ ကျုပ် စပြီး အဓိဋ္ဌာန် ပါရမီဝင်ပါပြီဆို …တည်းက သက်သတ်လွတ်နဲ့ပဲ အဓိဋ္ဌာန်ဝင်ခဲ့ပါတယ်။ …ကြောင့် ဒီဇော်ဂျီခေါင်းတောင်က နေပြီး မေတ္တာကမ္မဋ္ဌာန်း …ဖြန့်းခဲ့လို့ ဆရာတော့်အာရုံထဲမှာ မေတ္တာတောင်တော်လို့ …မည်ပေးခဲ့ပါတယ်"

"ထူးခြားမှုများ ရှိရင် မိန့်ပါဦး ဘုရား"

"ဒီတော့ ဟောဒီ ဇော်ဂျီခေါင်းတောင်မှာ ကျောက် …ဏ်ဂူတစ်ခုပေါ်လာပါတယ်။ အဲဒီနေရာမှာ ကျုပ် ၁၀ရက် …တိ အဓိဋ္ဌာန်ပြုတော့ ဇော်ဂျီနေခဲ့သော၊ ဇော်ဂျီဖိုလ်ဝင်တဲ့ …နေရာကို ထူးခြားစွာ တွေ့ရပါတယ်။ ဒကာကြီးတို့ ဒီလို

မေတ္တာပါရမီအဟုန်ကြောင့် ဆရာတော်က မဆုတ်တဲ့ ဇွဲနဲ့ ပါရမီဖြည့်ကျင့် အဓိဋ္ဌာန်ပြုခဲ့တော့ တစ်ဆင့်စကား တစ်ဆင့် ကြားပြီး ပရိသတ်တွေ ရောက်လာကြတယ်။ ဒီတော့ သူတို့ မှာ ဖြစ်ပေါ်နေတဲ့ ရောဂါဝေဒနာတွေလည်း ကျုပ်မေတ္တာဓာတ် ဖြင့် ပျောက်ကင်းသက်သာကြတော့ မေတ္တာတောင်တော် ဆရာတော်လို့ လူတွေ သိလာကြပါတယ်"

"ဆရာတော် သဘာဝကျောက်များက အရုပ်ပုံတွေ ဖြစ်နေတယ်ဆိုတာ မှန်ပါသလား"

"ကဲ - ဒကာ၊ ဒီမှာကြည့်၊ ဟောဒါ ရဟန္တာခြေတော် ရာကွဲ့။ ဒီဟာက ကျောက်ဖားကြီး။ ဒီမှာ ကျောက်ဆင်ခေါင်း ကြီး။ ဒီမှာကြည့်၊ ဒီဟာက ကျောက်ဝက်ရုပ်ကြီး။ ကျောက် ငါးကြွင်းကြီးဗျ။ ဒီမှာ ကျောက်မိကျောင်းကြီး တွေ့တယ် မဟုတ်လား"

"မှန်ပါ့ဘုရား။ သဘာဝတရားက တော်တော်ဆန်းပြား ပါတယ် ဘုရား"


"ယခု ကျုပ် အဓိဋ္ဌာန်ပါရမီက ဒီတောင်တော်မှာ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီကို ကျောက်လုံးတောင် ပေါ်မှာ တည်ထားပါတယ်။ မကြာခင် ထီးတင်ပွဲကျင်းပ ပူဇော်ပါ့မယ်။ အရန်စေတီက ရှစ်ဆူဖြစ်ပါတယ်ကွယ်"

"ဘယ်တော့ ထီးတင်ပွဲ စရပါ့မလဲ ဘုရား"

"ကျုပ်တို့က ခရီးက ဝေသီခေါင်ဖျားဆိုတော့ သွားရ လာရ ခက်ပါတယ်။ ထီးတော်က မန္တလေးမှာ ပူဇော်ဖို့ မှာယူထားပြီးဖြစ်တယ်"

"ယောဂီဆောင်ဆိုတော့ တရားစခန်းများ ဖွင့်လှစ်တော် မူပါသလား ဘုရား"

"ဒီလို ဒကာရေ၊ ကျုပ်က ခုတင်ကျင့်တယ်ဆိုတာ မေတ္တာ ဘာဝနာ ကမ္မဋ္ဌာန်းကျင့်တာ။ ထွက်သက် ဝင်သက်



ကျောက်ဆင်ကြီးအနီးကပ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တဲ့ သမထ ဝိပဿနာ၊ နောက် မေတ္တာ ဘာဝနာ၊ မရဏာ နုဿတိ ကမ္မဋ္ဌာန်းပွားပါတယ်။ ဒီတော့ ဘုရားဂုဏ်တော်ပွား၊ မေတ္တာပို့ မရဏာ နုဿတိ ကမ္မဋ္ဌာန်းကို အမိဋ္ဌာန် ပါရမီအရ ကျင့်ပါတယ်။ ကျုပ်ထံ လာတဲ့ ဒကာတွေ၊ ဒကာမတွေကို တရားပြပါတယ်"

"ရောဂါဝေဒနာပျောက်တယ်ဆိုတာရော ဘုရား"

"ဒီဒေသ၊ ဒီနေရာက တောတောင်ထူထပ်ပြီး ငှက်ဖျားတို့၊ အဖျားရောဂါတို့က ပေါမှပေါ။ လေက တဟူးဟူး၊ ရေကလည်း ရှားတယ်။ ဒီတောင်ပေါ်ရဲ့ ခပ်လှမ်းလှမ်းမှာ ရေကန်တစ်ကန်ရှိတယ်။ စမ်းရေတွေပါ။ ဒါပေမယ့် ခွက်သေးသေးလေးနဲ့သာ ခပ်လို့ ရတာ။ ဒီတော့ တွင်းရေသုံးရတယ်။ အဲဒီလိုဆိုတော့ ရောဂါတွေက ထူပြောကြတယ်။ ကျုပ်က ဝေနေယျတွေကို ဗုဒ္ဓရဲ့ မေတ္တာဆေးတော်နဲ့ ကုသပေးလို့ ပျောက်ကင်းသက်သာသူတွေ ရှိလာတော့ ယုံကြည်လာကြတယ်။ ဆေးရုံ ဆေးခန်းကလည်း ဝေးတော့ ကျုပ် သတ္တဝါရဲ့ အသက်ကို ကယ်နိုင်သမျှ ကယ်ပေးတာပါ"

"အရှင်ဘုရား အဓိက ရည်ရွယ်ချက်က ဘာပါလဲ ဘုရား"

"ဒီလို အဘရဲ့၊ ကျုပ် သမထရော ဝိပဿနာပါ အားထုတ်ပါတယ်။ ပြောရလျှင် နောက်ဆုံးတော့ ဝိပဿနာလမ်းစဉ်သာလျှင် ကျုပ် ကူးပြောင်းပါမယ်။ ဒါကြောင့် တရားစခန်းလိုတော့ မဖွင့်နိုင်ပါဘူး။ ကျုပ်က ရွာနီးက ဒကာ၊ ဒကာမတွေကို တရားပြပေးပါတယ်ကွယ်"

"အရှင်ဘုရားရဲ့ တောင်တော်မှာ ဧာရိုင်း တိရစ္ဆာန်တွေရော ရှိပါသလား ဘုရား"

"အေးကွဲ့၊ ဒီတောင်က အိန္ဒိယ ဟိမဝန္တာတောင်နှင့် တစ်ဆက်တည်းဖြစ်ပါတယ်ကွယ်။ အရှေ့ အနောက်၊ တောင်၊ မြောက်က တောင်စဉ်တောင်တန်းတွေဟာ ယခု မေတ္တာ တောင်တော်ကို လာဦးခိုက်နေပါတယ်။ ပူဇော်နေပါတယ်။ ကြည့်ပါဦး။ ဒီတော့ ကျုပ် တရားရှုမှတ်နေတဲ့အခါ ဆင်ကလွဲလို့ မျောက်၊ ဒရယ်၊ ဂျီ၊ သမင်၊ ဆတ်၊ တောကြွက်၊ တောနွားတွေ၊ နောက် ကျားသစ်တို့၊ ကျားတို့လည်း ရှိပါတယ်။ ဒါပေမယ့် ကျုပ်ကို အန္တရာယ်မပြုကြပါဘူးကွယ်။ မေတ္တာရဲ့ တန်ခိုးတော်ကြောင့် ဖြစ်ပါတယ်။ မြွေဆိုး၊ မြွေဟောက်က စလို့ နဂါးမျိုးနွယ်တို့ကလည်း ဘုန်းကြီးအပေါ် မေတ္တာထားကြပါတယ်။ အားလုံး ဝေနေယျတွေ၊ မကျွတ်မလွတ်တဲ့ ပုဂ္ဂိုလ်တွေ၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘာဝနာ စောင့် နတ်မင်းကြီးတို့ကလည်း ဘုန်းကြီးကို ကူညီစောင့်ရှောက်ကြပါတယ်။ ဒီပြင် သိုက်နန်းသူ၊ သိုက်နန်းသား၊ ဘုမ္မိရှ အစောင့်အရှောက်တွေလည်း ကူညီကြပါတယ်ကွယ်"

"အရှင်ဘုရား…ဤဒေသဟာ မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက်တော်မူပြီး မြတ်ဗုဒ္ဓကိုယ်ပွား မုန့်ရှင်တော်များ ပွင့်ထွန်းရာဒေသဖြစ်ပါတယ် ဘုရား။ ယခု ဒီမှာ ကျောက်တော်မုန့်၊ တပည့်တော်များဘက်မှာ မဟာမြတ်မုန့် ရွှေဘုံသာမုံနီ၊ မာန်အောင်မြင်မုနီ၊ မြတ်ကိုးပါး ရုပ်ပွားတော်မြတ် ကိန်းဝပ်ပါတယ် ဘုရား။ မြတ်ဗုဒ္ဓပွင့်ထွန်းရာ ဤမြေ ဒေသသည် သာသနာတော် ပွင့်ထွန်းရာ ဘူမိနက်သန်မြေ လည်း ဖြစ်ကြောင်းပါ ဘုရား။ ဒါကြောင့် အရှင်ဘုရား၏ မေတ္တာတော်သည်လည်း သမိုင်းဝင် ရာဇဝင်ရှိခဲ့ဖူးသော တောင်တော်မြတ်ဖြစ်ပါလိမ့်မယ် ဘုရား"

"ဒကာကြီးပြောတာ မှန်ပါတယ်ကွယ်။ လူတွေ မမြင်နိုင်၊ မတွေ့နိုင်တော့ အချို့ကိစ္စ ဘယ်သိနိုင်မှာလဲကွဲ့။ သမိုင်းဝင်တယ်ဆိုတာတော့ ခုအထောက်အထားများက ဂန္တိရဆန်ဆန် ထူးဆန်းတာကို တွေ့ရပြီပဲ။ ရှေ့ ရခိုင်ဘုရင်များ တည်



လိုဏ်ဂူတော်အတွင်းမှ
ဆရာတော် ဦးနန္ဒဝံသ၏ ပုံတော်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးနန္ဒဝံသ၏
ပုံတော်

…တဲ့ ရှစ်သောင်း ပုထိုးတော်ကြီးဆိုတာ ထင်ရှားပြီးသား …ကွယ်"

"မှန်ပါ့ ဘုရား။ တပည့်တော် အရှင်ဘုရားကို မသိလို့ …ကော်ပါရစေ"

"ဒကာကြီး ဦးခင်မောင်ဝင်း ဘာများ လျှောက်ချင်တာ …"

"အရှင်ဘုရား…သာသနာပြုတဲ့ နေရာမှာ အခက်အခဲ …ရာ တွေ့ကြုံရသေးလား ဘုရား"

"လမ်းဆိုတာ အမြဲမဖြောင့်ပါ၊ အကောက်တော့ ရှိစမြဲ …သာသနာမှာလည်း အခက်အခဲအမျိုးမျိုးတော့ ကြုံ…ယ်။ ဒီတော့ လောကဓံတရားကို ဘယ်လွန်ဆန်လို့ …လဲ ဒကာကြီး"

"မှန်ပါတယ် ဘုရား"

"ဒကာကြီးတို့ …ကျုပ် တရားအားထုတ်ချိန်ရောက်ပါ …သည်းခံကြပါဦး"

"မှန်ပါ ဘုရား။ တပည့်တော်တို့ကို ခွင့်ပြုပါဦး"

"အေး၊ သာဓု…သာဓု…သာဓု၊ ကျန်းမာချမ်းသာကြပါစေကွယ်"

◆◆◆

ဆရာတော်၏ မေတ္တာရေစက် သောက်စို့ဖူးသူများ ယခုအခါ ရောဂါဝေဒနာများ ပျောက်ကင်းချမ်းသာစေပါ၏။ အကယ်၍များ စာရှုသူတို့ သွားရောက်ကြည်ညို ဖူးမြော်ကြမည်ဆိုလျှင် ဆရာတော် သီတင်းသုံးရာ မေတ္တာတောင်တော်သို့ အရောက်လှမ်းခဲ့ကြဖို့ ဖိတ်ခေါ်လိုပါတယ်။

ဆရာတော်၏ ပါရမီဖြည့် အဓိဋ္ဌာန်အောင်မြင်ရန်အတွက် ဒါနပြု ပါဝင်လှူဒါန်းကြစေလိုပါသည်။ ဤသို့ ဝေးလံခေါင်ဖျား ဒေသများတွင် တောင်တန်းဒေသ သာသနာပြု ဆရာတော်၊ ရှုတင်ဆရာတော်၊ မေတ္တာတောင်တော်ဆရာတော်အား ကူညီပါရမီဖြည့်စွမ်းနိုင်ကြစေရန် နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်တိုက်တွန်းရင်း ရင်ထဲမှ ပီတိစေတနာစကားဖြင့် အလှူရှင်၊ အလှူ့အမ ပါရမီရှင်အပေါင်းတို့အား ကြေညာလိုက်ပါ၏။ ထို့ကြောင့် ဒါန ပါရမီ တတ်စွမ်းသမျှ ကုသိုလ်ပြုလှူဒါန်းကြစေလိုပါ၏။

အဓိဋ္ဌာန် ပါရမီထူး၊ မေတ္တာတောင်တော်ဦး ပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီတော်နှင့် အံ့ဖွယ်ထူးခြား ဖြစ်ရပ်များ။ ကိုယ်တိုင်ဖူး၊ ကိုယ်တိုင်လှူ၊ ကိုယ်တိုင် ဒါနယူ၍ ကောင်းမှုကုသိုလ် သဒ္ဒါပွားများနိုင်ကြပါစေလို့ ဆုတောင်းဂါရဝပြုအပ်ပါသည်။

ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု


* * *

မင်းမြတ်ကြိုင်



www.burmeseclassic.com

www.burmeseclassic.com



# သူဌေးတစ်လှည့် ခွေးတစ်လှည့်

မောင်မောင်သိန်း(ဇီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com

အရှေ့လောကဓာတ်မှ ရွှေအိုရောင် ပုစွန်ဆီသွေး ...ဦး ရောင်ခြည်တို့သည် လင်းလက်၍ လာချေပြီ။ ...တာ၏ ဩကာသ လောကကြီးအား အလင်းရောင် ...ရန် ဘာဏုရာဇာ နေမင်းကြီးသည် ရောင်ခြည် ...ောင်၏ ရှေ့တော်ပြေး အရုဏ်ဦး ရောင်ခြည်တို့အား ...တ်ပြေးအဖြစ် လွှတ်လိုက်လေပြီ။

အရုဏ်ဦး၏ နံနက်ခင်းစောစောဝယ် ရာဇဂြိုဟ်ပြည် ...၌ မြတ်စွာဘုရား အမှူးရှိသော သံဃာတော် အရှင်သူ ...တို့သည် စီတန်း၍ မြို့တော်အဝွင်းသို့ ဆွမ်းခံဝင်လာ ...သည်။ နံနက် အရုဏ်တက်တွင် ဝါဝင်းသော အရောင်တွင် ...တော်တို့၏ အရောင်သည် ကျက်သရေမင်္ဂလာအပေါင်း ...ပြည့်စုံလျက်ရှိသည်။

ရာဇဂြိုဟ် မြို့သူမြို့သားတို့သည် ဆွမ်းခဲဖွယ်ဘောဇဉ် ...သစ်သီး စသည့် လောင်းလှူဖွယ်ရာများတို့အား ကိုင် ...လျက် မိမိတို့ အိမ်ဂေဟာရှေ့သို့ ရောက်ရှိလာကြမည့် ...ဘုရားနှင့်တကွ သံဃာတော် အရှင်သူမြတ်အပေါင်း ...အား စောင့်ဆိုင်းနေလျက်ရှိကြသည်။

မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ် ...သည် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွလာကြရာ ပြည်သူ ...တို့မှ ဆွမ်း၊ ကွမ်း၊ ပန်း၊ သစ်သီးတို့အား လောင်းလှူ ...ရှိကြရာ မြတ်ဘုရားနှင့် သံဃာတော်များသည် သူဌေး ...ဦး၏ တိုက်ရှေ့၌ ဘုရားရှင်အား ဆွမ်းလောင်းလှူနေ ...ခိုက်တွင် ထိုသူဌေးအိမ်မှ ကောင်းမွန်စွာ မွေးမြူထား ... ခွေးနက်ကြီးတစ်ကောင်သည် ဘုရားရှင်နှင့်တကွ ...တော်များအား ဒေါသတကြီးဖြင့် ထိုးဟောင်နေသည်။

သူဌေးကြီးအိမ်ရှိ အိမ်သူအိမ်သားများသည် ခွေးနက် ...အား ဟန့်တားကြသော်လည်း ခွေးနက်ကြီးသည် ...င်မရပ်ပေ။ ထိုစဉ်အခိုက် မကြံစဲဖူး မြတ်ဘုရားရှင်၏ ...တော်မှ စကားတစ်ခွန်း မြွက်ဟလိုက်တော်မူလေသည်။

"ဟဲ့ . . . တောဒေယျ၊ သင် ယခုအထိ မိုက်မဲဆဲပဲ ... ဟူ၍ မိန့်တော်မူသော စကားတစ်ခွန်းကို ဘေးလူများ ...ဖြင့် သာမန်ဟု ထင်ခဲ့ကြသော်လည်း ဆွမ်းလောင်းနေ ... တောဒေယျသူဌေးကြီး၏ သားနှင့်တကွ ကျေးကျွန် ...သုံးအတွက် ရှက်ဖွယ်လီလီ ခံရခက်သွားသည်။

တောဒေယျသူဌေးကြီး၏ သားနှင့် ကျေးကျွန်များ ခံရခက်လှသည့်အချက်က သူတို့မိသားစု၏ အကြီးအကဲဖခင်ဖြစ်သူ သူဌေးကြီး တောဒေယျ ကွယ်လွန်ခဲ့သည်မှာ တစ်နှစ်ပင် မပြည့်သေး။ အောက်မေ့လွမ်းဆွတ် ပူဆွေးမှုကလည်း မပြေသေးဘဲ ရှိနေကြသည့်အတွက်ဖြစ်သည်။

သူဌေးကြီးအတွက် ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးနေကြသည်က ယနေ့အထိပင် ဖြစ်သည်။ ယခုလည်း ဘုရားရှင်နှင့်တကွ သံဃာတော် အရှင်သူမြတ်များကို ဆွမ်းလောင်းလှူနေဆဲကာလ ကုသိုလ်ရေးကြောင့် ဝမ်းသာကြည်နူးနေခိုက်မှာမှ ဘုရားရှင်ထံမှ မမျှော်လင့်သော သတင်းဆိုးကြီးကို ကြားခဲ့ကြရသည်။

"ဟဲ့ . . . တောဒေယျ၊ သင် ယခုအထိ မိုက်မဲဆဲပဲလား"ဟူသော ဘုရားရှင်၏ စကားသံတော်က သားဖြစ်သူ၏ နားထဲတွင် ပဲ့တင်ထပ်လျက် ကြားနေရဆဲ။ ကွယ်လွန်ခဲ့ပြီးသော ဖခင်ကြီး၏ "တောဒေယျ"အမည်ကိုမှ အိမ်က ခွေးနက်ကြီးအား တပ်၍ ခေါ်သွားခဲ့သည့်အတွက် ရတက်မအေးဖြစ်နေရလေသည်။

ဖခင်ကြီး သေဆုံးပြီးနောက် ဒီခွေးကြီးဘဝသို့ ရောက်ခဲ့ရခြင်းလော။

ခွေးကြီးကို မြင်မိတိုင်း သားဖြစ်သူ၏ ရင်ထဲတွင် မချိအောင် ခံစားနေရသည်က ကြာတော့ သူဌေးသားသည်းမခံနိုင်တော့ပေ။

ဘုရားရှင်၏ စကားတော်မို့ မပယ်နိုင်သော်လည်း လုံလောက်သော အကြောင်းပြချက်က မတွေ့ရ၊ မမြင်ရသေးသည့်အတွက် မြတ်ဘုရားထံသို့ သွားရောက်၍ လျှောက်ထားရန် ဆုံးဖြတ်ချက်ချလေသည်။

◆◆◆

တန်ဆောင်မုန်းလပြည့်နေ့ည ငွေသော်တာ စန္ဒာလမင်းကြီးကား အရှေ့လောကဓာတ်မှ ထွက်ပေါ်စ ပြုပေပြီ၊ အဇ္ဈောကောင်းကင်ယံထက်ဝယ် ငွေစန္ဒာလမင်းကြီးကား ကြယ်အပေါင်း ဝန်းရံလျက် ဩကာသ လောကကြီးအား အေးမြသော အလင်းရောင်ကို ပက်ဖျန်းလျက်ရှိလေသည်။

ညဦးယံကာလ မြတ်စွာဘုရားသည် သံဃာတော်အပေါင်းခြံရံလျက် ရဟန်းတို့အား တရားဟောနေလျက်ရှိရာ သူဌေးကြီး တောဒေယျ၏ သားသည် မြတ်စွာဘုရားသီတင်းသုံး နေထိုင်တော်မူသော ကျောင်းတော်သို့ သွားရောက်ပြီး သင့်တင့်လျောက်ပတ်သော နေရာအရပ်၌ မြတ်စွာဘုရားအား ဝတ်ပြုသည့် ကန်တော့၍ ထိုင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားသည် တောဒေယျသူဌေးကြီး၏ သားအား ဘယ်အကြောင်းရှိပါသလဲဟု မေးမြန်းတော်မူရာ သူဌေးသားသည်…

"မြတ်ဘုရားသည် နံနက်ချိန်ခါက ဆွမ်းခံကြွစဉ် ခွေးကြီးအား ဟဲ့-တောဒေယျ၊ သင် ယခုအထိ မိုက်မဲဆဲပဲလားဟု၍ မိန့်ဆိုသွားသည်မှာ ယုံမှားသံသယဖြစ်နေ၍ ရင်ထဲမှ သံသယအား ရှင်းလင်းအောင် မြတ်ဘုရားအား လျှောက်ထားပါသည် ဘုရား"

ဟု တောဒေယျ သူဌေးကြီး၏ သားသည် ရင်ထဲမှ သံသယအား ဘုရားရှင်ထံမှောက်သို့ သွားရောက်ပြီး ရှင်းလင်းလျှောက်ထားမိလေသည်။

ထိုအခါ မြတ်စွာဘုရားသည် တောဒေယျ သူဌေးကြီး၏ သားအား လုံလောက်သော အကြောင်းပြချက် သက်သေအား…

"ဒကာတော် သူဌေးသား… ညပိုင်း လူခြေတိတ်ချိန်တွင် ဒီခွေးကြီးကို ကောင်းစွာပြုစု အစာကျွေးပြီး ပိုက်မြည်းစဉ်ကာလဝယ် ဒကာတော် သူဌေးသားက ဤသို့ပြောလိုက်ပါ"

ဟု မြတ်စွာဘုရားသည် သူဌေးကြီး တောဒေယျ၏ သားအား သင်ပြပေးလိုက်လေသည်။

•••

နောက်တစ်နေ့ ညချမ်းချိန်ခါဝယ် တောဒေယျသူဌေးကြီး၏ သားသည် အိမ်၌ ကောင်းမွန်စွာ မွေးထားသော ခွေးနက်ကြီးအား အစားအစာကောင်းများ ဝလင်အောင် ကျွေးမွေးပြုစု၍ထားလေသည်။

နာရီလက်တံတို့ကား တရွေ့ရွေ့ဖြင့် မရပ်မနားသွားလျက်ရှိရာ ညဉ့်နက်သန်းခေါင် ကြက်များပင် တွန်ချေပြီ။ ရာဇဂြိုဟ်ပြည်သူပြည်သားတို့သည်လည်း တစ်နေ့တာ၏ ညချမ်းအချိန်အား အိပ်စက်နားနေ အပန်းဖြေလျက်ရှိကြရာ လူခြေတိတ်လျက်ရှိလေသည်။

ညဉ့်နက်သန်းခေါင်အချိန်တွင် တောဒေယျ သူဌေးကြီး၏ သားသည် ညဉ့်ဦးက ကောင်းမွန်စွာ ကျွေးမွေးထားသော ခွေးနက်ကြီး အိပ်နေရာသို့ သွားရောက်ပြီး ခွေးနက်ကြီး၏ ဘေးတွင် ထိုင်လျက် ခွေးနက်ကြီးအား ယုယကြင်နာစွာ ပွတ်သပ်ပေးရင်း…

"အို…ဖခင်၊ ဖခင် မသေမီက မည်သူမျှမသိအောင် မြေမြှုပ်ထားခဲ့သည့် ပစ္စည်းများရှိလျှင် သားကို ပြပါ"

ဟု မြတ်စွာဘုရားရှင် သင်ပြပေးသည့်အတိုင်း သူဌေးကြီးသားက ယနေ့ည သန်းခေါင်ယံတွင် အကောင်အထည်ဖော်လိုက်လေသည်။

ထိုအခါ လေ့ကားရင်း ကော်ဇောပေါ်တွင် နှစ်မြိုက်စွာ အိပ်နေသော ခွေးနက်ကြီးသည် သူဌေးကြီးရဲ့ သား၏ ပုဆိုး ကို ကိုက်ဆွဲ၍ ခေါ်သွားပြီး ခြံထောင့်ရောက်သော ပိတောက်ပင်ကြီး၏ အောက်တွင် မြေကြီးကို လက်နှစ်ဖက် နှင့် ယက်ပြလိုက်လေသည်။

သူဌေးကြီး၏ သားသည် ခြံထောင့် ပိတောက်ပင်ကြီး ၏ အောက်နေရာအား မှတ်သားထားပြီး ခွေးနက်ကြီး အတူ မိမိနေထိုင်ရာတိုက်သို့ ပြန်လာခဲ့လေသည်။

•••

တစ်ညတာ၏ အမှောင်ကားချပ်ကြီးအား လိပ်တင် အရှေ့လောကဓာတ်တစ်ခွင်မှ ရောင်နီများ ပျို့အန်၍ ထွ ပေါ်လာချေပြီ။ မကြာမီမှာပင် ရောင်ခြည်တစ်ထောင်ဆော သော နေမင်းကြီးအား လောကအလှ မျက်နှာသစ်ရန် ထွက်လာပေတော့မည်။ သစ်ပင်များပေါ်တွင် တစ်ည အိပ်စက်နားနေ အပန်းဖြေနေကြသော ငှက်ကလေးများ သည်ပင် အိပ်တန်းမှထကာ ဘာသာဘာဝ မ-ဖို့ခေါ်ထူ မြူးနေလျက်ရှိကြချေပြီ။

သူဌေးကြီး၏ သားသည် ညက မှတ်သားထားခဲ့သော ခြံထောက် ပိတောက်ပင်ကြီး၏ အောက်တစ်နေရာ မြေကြီးအား တူးဆွလေသည်။ မြတ်စွာဘုရားရှင် ဟော လိုက်သည့်အတိုင်း တွေ့ပါပြီ။

ရွှေအိုးကြီး ၅လုံး။

သူဌေးကြီး၏ သားသည် ရင်ထဲမှ သံသယများ သွားရသော်လည်း သူဌေးဘဝမှ ခွေးဘဝသို့ ပြောင်းသွား ရသည့် ဖခင်ကြီး၏ အဖြစ်ဆိုးကြောင့် ရွှေအိုးကြီး ၅ ရရှိခဲ့သော်လည်း ဝမ်းမသာနိုင်ခဲ့ရှာပေ။

"ဘာကြောင့် ဖခင် သူဌေးကြီး ခွေးဘဝသို့ ကျရော ခဲ့ရပါသတည်း"

ထိုအတွေးမေးခွန်းမှတစ်ဆင့် သူဌေးကြီး တောဒေ ၏ သားဖြစ်သူသည် နက်နက်နဲနဲ အတွေးနယ်ချဲ့၍ စဉ်း နေလေသည်။

"ယနေ့ ငါ ဘာတွေ လုပ်မိနေသလဲ"

"နောက်နေ့ ငါ ဘာများဖြစ်မလဲ"

"လောလောဆယ်တော့ ငါက သူဌေးကြီး၏ သား"

"သို့သော် နောက်နေ့၊ နောက်ဘဝမှ…"■


* * *

မောင်မောင်ခိုင်(…



www.burmeseclassic.com

www.burmeseclassic.com




ဓမ္မဝိဇယ ဆုတောင်းပြည့်ရွှေစေတီ
မြောက်ဥက္ကလာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မဝိဇယဆုတောင်းပြည့်ရွှေစေတီတော်နှင့် ဓမ္မဝိသုဒ္ဓိ ဓမ္မာရုံတော်ကြီး

■ မင်းတိုင်ပင် (မြရောင်မြေ) ■



ဓမ္မဝိဇယ ဆုတောင်းပြည့်ရွှေစေတီ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းမကြီးနှင့် သစ္စာပန်းလမ်းတို့ ဆုံရာ ကြက်လျှာစွန်း၌ ရွှေရောင်တဝင်းဝင်းနှင့် အလွန်သပ္ပာယ်ကြည်ညိုဖွယ်ရှိသော စေတီတော်မြတ်အား ဖူးတွေ့ရပါမည်။ တစ်ဆက်တည်းမှာပင် ဓမ္မဝိသုဒ္ဓိ ဓမ္မာရုံတော်ကြီးသည်လည်း တည်ရှိနေပါ၏။ မကြာသေးမီ ၄-ရပ်ကွက်၊ စိုက်ပျိုးရေးမြဥယျာဉ်ခြံတွင် အိမ်နှင့် ခြံဝယ်လိုက်သည်ကို အကြောင်းပြု၍ နေ့စဉ် ထိုလမ်းမကြီးမှ ဖြတ်သွားရင်း ထိုစေတီအား ဖူးမြော်ကြည်ညိုရင်း ဓမ္မဒါနပြု ကျေးဇူးဆပ်လိုသည့်အကြောင်းက ရင်ထဲမှာ တဖွားဖွားပေါ်လာရသည်၊ ပိတောက် (၈)လမ်းတွင် နေကြသည့် မောင်တင်စိုး(အနေးယာဉ်ဂိတ်မှူး)နှင့် မညွန့်ညွန့် (မိခင်နှင့်ကလေး)ကို အကူအညီတောင်းကာ ထိုဓမ္မာရုံသို့ သွား ရောက်ခဲ့ပြီး မိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com

တ်တမ်းတင်ရပါတော့သည်။

"အဘ…ဒါ သမီးတို့အစ်ကို စာရေးဆရာပါ။ ဒီဘုရား မှာရုံအကြောင်း စာရေးချင်လို့ပါ"

"တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ။ အဘနာမည်က ညွှန့်မောင်ပါ"

"ကျွန်တော်က 'မင်းတိုင်ပင်(မြရောင်မြေ)ပါ အဘ"

"ဝမ်းသာလိုက်တာ မောင်ရင်ရယ်၊ အဘ အားလုံး ပ်သမျှ ကူညီပေးပါ့မယ်"

"ကဲ - မောင်ရင်၊ လာထိုင်ပါဦးကွယ်။ ဒီလိုကွဲ့ ဘုရား မစခင်မှာ ဓမ္မာရုံအကြောင်းကို အရင်ပြောမယ်နော်။ က ဘုရားအနေကဇာတင်ခြင်းနဲ့ မွေးနေ့ရှိတော့ ပိုပြီး င်ပါတယ်၊ အဘတို့ အခု ခင်းကျင်းထားတာက ဘုရား ကာကြီး ဦးညွန့်ရွှေ + ဒေါ်ခင်အေးမိသားစုက သင်္ကန်း၊ ဒီနှပ်နဲ့ ဝတ္ထုငွေ။ ဒါ့အပြင် သမီး မသင်းသင်းခိုင်ရဲ့ ၄၅ ည့်မွေးနေ့အပြင် စတုဒီသာ ကြာဆံဟင်းခါး၊ အဝတ် ည်နဲ့ ကံစမ်းမဲများ ဖောက်လှူဒါန်းမှာဖြစ်လို့ ဆရာ တွေ မကြာခင် ကြွရောက်လာတော့မှာကွဲ့။ ဒီတော့ ရသလောက်မှာ အဘ ဓမ္မာရုံအကြောင်း အရင်ပြောမယ် 


"ဟုတ်ကဲ့ပါ အဘခင်ဗျာ"

## လောင်းဓမ္မာရုံ စတင်တည်ထားပုံ

ဒီဆွမ်းလောင်းဓမ္မာရုံကို ၁၉၇၃ခုနှစ်၊ ဝါဆိုဦးကာလမှာ ထရံကာ၊ ဝါးခင်း၊ သစ်သားတိုင်နှင့် စဆောက်လုပ်ခဲ့ တယ်။ ဟိုတုန်းက ဒီသုဓမ္မာလမ်းမကြီးဟာလည်း မြေနီ ကြီးပါပဲ။ ၁၉၈၂ခုနှစ်၊ ဧပြီလမှ စလို့ ယခု မြောက် လာ အနောက်တိုးချဲ့ ၄-ရပ်ကွက်လို့ ဖြစ်ပေါ်လာပါတယ်။ ကွက်ဟာ နောက်မှ စတင်တော့ ဆင်းရဲသူ ပိုများပါတယ်။ ပြည့်နှစ်လောက်ကျတော့ အများစုပေါင်းလို့ သစ်သား ကားတက် သွပ်မိုး တည်ဆောက်လှူဒါန်းခဲ့ပါတယ်။ ဒီ ဂန္ထကုဋီတိုက်တော်ကြီးကတော့ ယခု အလှူရှင် ရွှေ + ဒေါ်ခင်အေး၊ အမှတ် (၂၆၉)၊ သုဓမ္မာ လမ်းမကြီး ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ မိသားစုတို့က န်းပါတယ်။ နှစ်စဉ် ပင့်သံဃာ ၅၀၀ ကျော်တို့အား ကြွက်ကံ လှူဒါန်းဆက်ကပ်ပြီး ဆွမ်းဆန်တော်များ ဝတ် လှူခဲ့ကြပါတယ်။ ယနေ့အထိ ဓမ္မာရုံတော်ကြီး ဥက္ကဋ္ဌ ဖြစ်နေပါပြီ။ ဓမ္မာရုံတော်ကြီး ဘွဲ့တော်မှာ ဓမ္မဝိသုဒ္ဓိ တော်ဖြစ်ပါတယ်။

## အိပ်မက်ထူးတွေ့ ဓမ္မဝိဇယမြေ

တစ်ညမှာ အဘ ဘုရားအာရုံပြုပြီး အဓိဋ္ဌာန်ပုတီးစိပ် လို့ မေတ္တာပို့ ဆုတောင်း၍ အိပ်စက်တဲ့အခါ ထူးထူးဆန်းဆန်း အိပ်မက်ကြီးတစ်ခု မက်ခဲ့ပါတယ်။ ဟိုတုန်းက အဘက ဘုရားတည်၊ ကျောင်းဆောက်၊ သာသနာပြုလုပ်ငန်းဆိုပြီး နယ်တွေ၊ မြို့တွေမှာ ပင်ပင်ပန်းပန်းသွားခဲ့ပါတယ်။ လှူခဲ့ပါ တယ်။ ဒီဓမ္မာရုံမှာက ဥက္ကဋ္ဌတာဝန်ကို ယူခဲ့တယ်။ ဒီတော့ ဟောဒီ ဘုရားတည်မယ့်နေရာက အခု ဓမ္မာရုံနဲ့ အတူရှိနေ ပါတယ်။ အိပ်မက်ထဲမှာက အဲဒီမြေနေရာမှာ မြေကြီးတွေ က အဝိုင်းကြီးလို နိမ့်လိုက်၊ ကုန်းလို မြင့်လိုက်၊ လှိုင်းတံပိုး




ဓမ္မဝိဇယဆုတောင်းပြည့် ရွှေစေတီတော်
စိန်ဖူးတော်မှ ရောင်ခြည်တော်များကွန့်မြူးနေပုံ

ရိုက်ခတ်သလို ချိုင့်ဝှမ်းကြီးလိုလို လှုပ်ရှားနေပါတယ်။ နောက် အဘတို့ခေါင်းပေါ်မှာ သံဃာတော် အရှင်မြတ်တွေ၊ အလယ် က ကိုရင်လေးတွေ၊ သီလရှင်တွေ။ အဘ အဓိဋ္ဌာန်ပြုတဲ့ အကျိုးက အခုတော့ ဘုရားတည် ကိုးကွယ်ဖို့ အချိန်ရောက် လာခဲ့ပါပြီ။ ဒီတော့ အဘတို့ ဒီမြေပေါ်မှာ ဘုရားတည်ပြီး ကိုးကွယ်ဖို့ ပါရမီရှင်အားလုံးတို့ကို တိုင်ပင်ကြ၊ ညှိနှိုင်းကြပြီး ဆရာတော်ကြီးများအား လျှောက်ထားလို့ ဩဝါဒခံယူကြရပါ တယ်။



www.burmeseclassic.com

www.burmeseclassic.com



**ဓမ္မဝိဇယ ဆုတောင်းပြည့်စေတီတော် ပွင့်ထွန်းသော်**

အဘတို့ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ဤဓမ္မဝိဇယ မြေအား မြေသန့်မင်္ဂလာတော် ပြုလုပ်ပါတယ်။ နောက် ဒုတိယအကြိမ်မှာ မတ်လရောက်တော့ ပန္နက်တင်ပွဲ ကျင်းပ နိုင်ရာမှာ ရန်ကုန်တိုင်း၊ သံဃနာယက ဥက္ကဋ္ဌ ဦးကောသလ္လ ဆရာတော်နှင့် ဆရာတော်ကြီး ဇပါး၊ မြို့နယ် သာသနာရေး ဦးစီးမှူး ဦးလှငွေ၊ မြို့မိမြို့ဖ၊ ရပ်ကွက်လူကြီးများနှင့် ပါရမီရှင် များ ကြွရောက်ပြီး ပန္နက်တော်တင်ပွဲ မင်္ဂလာသဘင်ကို ကျင်းပခဲ့ပါတယ်။ ၂၀၀၆ခုနှစ်မှာ ပြီးစီးပြီး ရွှေထီးတော် တင်လှူပူဇော်နိုင်ခဲ့ပါတယ်၊ ပန္နက်တင်တဲ့အခါမှာလည်း အဘ အိပ်မက်အတိုင်း သာသနာ့ဝန်းခင်းပြီးတော့ သံဃာတော်၊ သီလရှင်၊ ကိုရင်တွေနဲ့ တင်ခဲ့ရသလို၊ ဌာပနာတော် သွင်းစဉ် ကလည်း မြတ်ဗုဒ္ဓ သရီရဓာတ်တော်များ၊ ရဟန္တာဓာတ်တော် များနှင့် ဗုဒ္ဓအောင်မြေ၊ နဝရတ်ကိုးသွယ်နှင့် နှစ်ကျိပ်ရှစ်ဆူ ဘုရားများ၊ ရွှေ ငွေ ကြေးနှင့် ရတနာပစ္စည်းများ၊ ပိဋကတ် သုံးပုံ၊ ကြေးထက်အက္ခရာ၊ စေတီလေးဆူ၊ နောက် ကျောင်း အစ်မကြီး ဝိသာခါနှင့် ထေရ်ရှိရုပ်တုများလည်း ဌာပနာတော် သွင်း ပူဇော်ခဲ့ပါတယ်။

**ရောင်တော်ကွန့်မြူး စေတီထူး**

ဒီပုံတော်ပါ ဓမ္မဝိဇယ ဆုတောင်းပြည့် ရွှေစေတီတော် ကို ထီးတော်တင် ဗုဒ္ဓပူဇနီယပွဲတော်နှင့် အနေကဇာတင်ပွဲ ကျင်းပပြီးချိန်တွင် နောက်တစ်နေ့ ည ၇နာရီခွဲမှ နံနက် ၅နာရီအချိန်အထိ စိန်ဖူးတော်မြတ်အနီးမှ ပြိုးပြက်သော ရောင်ခြည်တော် ကွန့်မြူးနေကြောင်း ဖူးတွေ့ရပါတယ်။ ဒီ တော့ သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များမှ လာရောက် စစ်ဆေးကြည့်ရှုကြပါတယ်။ အဘတို့ ဓမ္မာရုံက လျှပ်စစ်မီး တွေ၊ ဘုရားက မီးတွေ ပိတ်၊ ဓာတ်ကြိုးတွေ ဖြုတ်၊ ဒီပြင် မြို့နယ် လျှပ်စစ်ရုံးကို ပိတ်စေပြီး ဓာတ်အား ဖြတ်တောက် စစ်ဆေးခဲ့ပါတယ်။ ဒီတော့ အဘကို မေးပါတယ်၊ ဘုရားတည် စဉ်က လိုဏ်စေတီလားတဲ့။ မဟုတ်ပါဘူးလို့ ဖြေရတယ် ဒါနဲ့ သူတို့အားလုံး စစ်ဆေးပြီး မှန်ကန်ကြောင်း သိသွားကြ တယ်။ ဒီတော့လည်း ရောင်ခြည်တော် ကွန့်မြူးထွန်းတောက် နေဆဲပါ။ လူတွေက ဆုတောင်းလိုက်ကြတာကွယ်၊ လုံခြုံရေး အစောင့်အရှောက်တွေ အတိချထားရတယ်။ လမ်းမကြီး လည်း ဘုရားဖူး ပရိသတ်တွေ ပြည့်သွားတော့ ကားတွေ သွားရလာရ ပိတ်သွားတဲ့အထိပါပဲ။ ထိုရက်မှာပဲ လေး ဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးလည်း ရောင်တော် ကွန့်မြူးနေချိန်နဲ့ ကြုံနေပါတယ်ကွယ်။

**ဓမ္မဝိဇယ ဆုတောင်းပြည့် ရွှေစေတီ ဖူးမြော် ဦးတင်**

ဓမ္မဝိဇယ ဆုတောင်းပြည့် ရွှေစေတီတော်၏ ဉာဏ် တော်အမြင့်မှာ ၁၀တောင်ခန့်သာ ရှိပါ၏။ လုံးပတ်တော် ပန်းတင်ခုံမှ ၂၃ပေနှင့် ပထမ၊ ဒုတိယ၊ တတိယ ပစ္စယံများ ကြာညိဝန်း၊ ခေါင်းလောင်း၊ သပိတ်မှောက်၊ ကြာနှ၊ ကြာမှောက် ကြာလုန်၊ ငှက်ပျောဖူးနှင့် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ် တော်တို့သည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး နှင့် တူပါ၏။ ဘုရားပရိဝုဏ်တော်အတွင်း သံပန်းများ ကာရံထားပါသည်။ မှန်လေးပေါက်ရှိပြီး ထိုမှန်များအတွင်း ဗုဒ္ဓရုပ်ပွားတော်များ ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရပါသည် တောင်ဘက်တွင် ဓမ္မဝိဇယ ဆုတောင်းပြည့် ရွှေစေတီတော် ဟူသည့် မှန်ဝတော်ကြီးကို မြင်ရပါသည်။ ထိုစေတီတော်၏ အရှေ့ဘက်လမ်း နှစ်ဦးပေါင်းဆုံရာတွင် စကားဝါလမ်းမကြီး ရှိပါသည်။ ထိုလမ်းမကြီးအား လူတာဝ၏ အန္တိမအချိန် စွန့်ခွာ တစ်တုံ တစ်တစ ကူးပြောင်းသူတို့၏ သွားရာ ပို့ရာ ဌာန သော ရေဝေးသုသာန်သို့ သွားသူတိုင်း ဤဓမ္မဝိဇယ ဆုတောင်း ပြည့် ရွှေစေတီကို ဖူးမြော် ဦးတင်၍သွား

www.burmeseclassic.com

www.burmeseclassic.com

ကျော်ရှိမည်ဖြစ်ပါသည်။ ကုသိုလ်ထူး ရရှိစေသော နောက်ဆုံး အဝတ် စွန့်ခွာရာမှ ဖူးမြော်ဦးတင်ရာ စေတီဖြစ်ပါကြောင်း ဆိုနိုင်ပါသည်။

"ဘုရားလေးငယ်ငယ်၊ ကိုးတောင်ပြည့်ကွယ်၊ ငယ်သာ ငယ် ကယ်ဆယ်မည့်ဘုရား" ဆိုသည်မှာ ဓမ္မဝိဇယ ဆုတောင်း ပြည့် ရွှေစေတီတော်လေးက ဘဝကူးပြောင်းသူနှင့် ဖူးမြော် သူတို့အား ကယ်ဆယ်မည့်ဘုရား ကေန်ဖြစ်နေပါတော့သည်။



## ဗုဒ္ဓပူဇာပွဲတော်သာ

ဓမ္မဝိဇယ ဆုတောင်းပြည့် ရွှေစေတီတော်၏ ဗုဒ္ဓ ပူဇနီယပွဲတော်သည် ၄-ရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိုပ်ရှစ်ဆူ ပူဇော်ပွဲနှင့် တစ်ပြိုင်တည်း ပထမ ဓမ္မပူဇာ တရားပွဲ ၅ရက် ဒေသစာရီ ကြွချီရာမှာ စနေနေ့တိုင်းဖြစ်ပါသည်။ ယခုနှစ်ဆို လျှင် ၂၅နှစ်မြောက် ၂၅ကြိမ်ရှိပြီး ၇ရက်တိတိ ပူဇော်ပွဲ ကျင်းပ ခဲ့သည်။ ၂၀၁၁ ခုနှစ်မှစ၍ ဗုဒ္ဓပူဇနီယပွဲတော်မှာ ဓမ္မပူဇာ အောင် ဆင်ယင်ကျင်းပခဲ့သည်မှာ ၅ညတိုင်တိုင်ဖြစ်ခဲ့ပါသည်။ ဓလေ့အလိုက် ဘုရားရှင်များ ဒေသစာရီ ကြွချီ၍ မဟာဒုတ် ချင့်လှစ်ပူဇော်ကြပါသည်။ ယခုဆို ဒီဇင်ဘာလ ၂၂ရက်နေ့ မှ ၂၃ရက်နေ့အထိ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူ ပြီး သံဃာတော်အပါး ၇၀ ကြွရောက်ခဲ့ကြပါ၏။ ခန့်မှန်း ကုန်ကျငွေနှင့် တစ်ပါးလျှင် သုံးသောင်းကျော်ဖိုး လှူဒါန်း ဆက်ကပ်ခဲ့ပါသည်။ ပျော်ပွဲရွှင်ပွဲ သီးသန့်တော့ မပြုလုပ်ပါ။ ပွဲတွင်းကာလမှာတော့ နှစ်စဉ် သံဃာအပါး ၅၀၀ကျော် ဆွမ်းနေ့တိုင်း ဆွမ်းလောင်းလှူခဲ့ပါ၏။ မတ်လ ၂၅ရက်နေ့မှ ၃၁ရက်နေ့ထိ မေတ္တာရှင် ရွှေပြည်သာ အရှင်ဇဝနမှ သုဒ္ဓ ဝိသုဒ္ဓိသနာ ၇ရက် တရားစခန်းပွဲကို ကျင်းပခဲ့ပါသည်။

### ဓမ္မဝိဇယ ဆုတောင်းပြည့် ရွှေစေတီ ဩဝါဒစရိယ ဆရာတော်ကြီးများ

(၁) ဘဒ္ဒန္တပညာသာမိ (သုဝဏ္ဏကျောင်းတိုက်၊ မြောက် ဥက္ကလာပမြို့နယ်။)
(၂) ဘဒ္ဒန္တကုန္တဝံသ (သာသနာ့ဓဇ ဓမ္မာစရိယ၊ ရပ်ကွက် သံဃနာယက ဥက္ကဋ္ဌ၊ ၄-ရပ်ကွက်၊ အောင်ရတနာ ကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်။)
(၃) ဘဒ္ဒန္တကဝိန္ဒ (မြို့နယ် သံဃနာယကအဖွဲ့ဝင် မြရတနာ ကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက်၊ မြောက်ဥက္ကလာပ မြို့နယ်။)
(၄) ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ (ရတနာဝေယျကျောင်း၊ ဇမ္ဗူအေး ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်။)
(၅) ဘဒ္ဒန္တပဏ္ဍိတ (သာသနာ့စည်းကမ်း ထိန်းသိမ်းရေးဥက္ကဋ္ဌ၊ ၈-ရပ်ကွက်၊ သံဃနာယကအဖွဲ့ဝင်၊ ဇမ္ဗူအေးကျောင်း တိုက်၊ မြောက်ဥက္ကလာပမြို့နယ်။)

နာယကလူကြီး ၁၇ဦးနှင့် ဩဝါဒခံယူ ဆောင်ရွက်ခဲ့ ပါသည်။

### ဓမ္မဝိဇယ ဆုတောင်းပြည့် ရွှေစေတီ၏ ဓမ္မဝိသုဒ္ဓိ ဓမ္မာရုံ အကျိုးဆောင်များ

(၁) ဦးညွှန့်မောင် (ဥက္ကဋ္ဌ)၊
(၂) ဦးစိန်သော် (ဒု-ဥက္ကဋ္ဌ)၊
(၃) ဦးအောင်သန်းဌေး (အတွင်းရေးမှူး)၊
(၄) ဦးထွန်းကြည် (တွဲဖက်အတွင်းရေးမှူး)၊
(၅) ဦးညွှန့်မောင်(၂) (ဘဏ္ဍာရေးမှူး - ၁)၊
(၆) ဦးမြင့်ဟန် (ဘဏ္ဍာရေးမှူး - ၂)၊
(၇) ဦးဝင်းဦး (စာရင်းစစ်) နှင့် အဖွဲ့ဝင် (၉)ဦးတို့ ပါဝင် ဆောင်ရွက်ကြပါသည်။

♦♦♦

ထို့နောက် အကျိုးတော်ဆောင် ဥက္ကဋ္ဌကြီး ဦးညွှန့် မောင်သည် ယနေ့ ဗုဒ္ဓဘိသေက၊ အနေကဇာတင်လှူ ပူဇော်



www.burmeseclassic.com

www.burmeseclassic.com

ပွဲရှိနေသဖြင့် မကြာမီ ဓမ္မာရုံတော်ကြီးရှေ့သို့ ဆရာတော်ကြီးများ ပင့်ဆောင်လာသော မော်တော်ယာဉ် ဆိုက်ရောက်လာသဖြင့် ဆရာတော်ကြီးများနှင့်အတူ သံဃာတော် ၅ပါးတို့ ဓမ္မာရုံတော်ကြီးအတွင်းသို့ ကြွရောက် သီတင်းသုံးတော်မူကြပါသည်။ နံနက် ၁၀နာရီတွင် ဆရာတော်ကြီး ဘဒ္ဒန္တ သုမင်္ဂလဗုဒ္ဓိနှင့် သံဃာတော်အရှင်မြတ်တို့ ဗုဒ္ဓဘိသေက အနေကဇာတင် ပူဇော်တော်မူကြပါသည်။ ထို့နောက် အလှူရှင် မိသားစုနှင့် ဧည့်ပရိသတ်များ တရားနာကြား၍ လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းတော်မူကြပြီး သာဓုအနုမောဒနာခေါ်ဆိုတော်မူကြပါတော့သည်။

ထို့နောက် ဆရာတော်ကြီးများ ဆွမ်းဘုဉ်းပေးတော်မူချိန် စာရေးသူတို့ လိုအပ်သမျှ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းနှင့် ဓမ္မာရုံတွင် ဖွင့်လှစ်တော်မူသည့် ဓမ္မရသ စာဆိုရှင်များ၏ စာအုပ်ဖြန့်ချိရာ အရောင်းဆိုင်သို့ အတွင်းရေးမှူး ဦးအောင်သန်းဌေးနှင့် ဦးဝင်းနိုင်တို့မှ လိုက်၍ ရှင်းလင်းပြကြပါ၏။ ထိုစာအုပ်နှင့် ဓမ္မတိပ်ခွေများကို မေတ္တာရှင် ရွှေပြည်သာအရှင်ဇဝနမှ ကိုယ်တိုင်ရေးသားသော တရားစာအုပ်များနှင့်အတူ ဓမ္မတိပ်ခွေများကို ဖြန့်ချိခဲ့ပါသည်။ နေ့စဉ် ညနေ ၄နာရီမှ ည ၈-နာရီအထိ ရောင်းချ၍ ပူဇော်ခွင့်ပြုထားပါသည်။ မကြာမီ ဆရာတော်ဘုရားကြီးနှင့် စာရေးသူတို့အား အဘ ဦးညွန့်မောင်မှ မိတ်ဆက်စကားပြော၍ အနီးကပ်ဖူးမြော်ကြည်ညိုခွင့် ရရှိခဲ့ပါသည်။

ဥက္ကဋ္ဌကြီးနှင့် ကိုဝင်းနိုင်တို့မှ ဤဓမ္မာရုံတော်ကြီးနှင့် အလှူအတန်းကိစ္စ၊ သာသနာရေး၊ ဘာသာရေးကိစ္စမှန်သမျှ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိနှင့် တိုင်ပင်၍ ဆရာတော်ကြီးများ လိုအပ်သလို ညွှန်ကြား၍ အစွမ်းကုန် ကူညီပေးပါကြောင်း ပြောကြားပါသည်။ ထို့နောက် ဆွမ်းစားပြီးနောက်မှာ ၄၄-ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတိုးကြွယ်နှင့် မြို့မိမြို့ဖအဖွဲ့များနှင့်ကအတူ နံနက်စာ ထမင်းသုံးဆောင်ကြပါသည်။ အဘ ဦးညွန့်မောင်မှပင် စာရေးသူနှင့် အုပ်ချုပ်ရေးမှူးအဖွဲ့တို့ကို မိတ်ဆက်ပေးပြီး ဤသို့ ဆက်လက်ပြောပြပါသည်။

"ဥက္ကဋ္ဌကြီးတို့ရေ..ကျွန်တော်တို့ ဓမ္မဝိဇယ ဆုတောင်းပြည့် ရွှေစေတီနှင့် ဓမ္မဝိသုဒ္ဓိ ဓမ္မာရုံကြီးကို လိုအပ်နေတဲ့ သာသနာကိစ္စ ဘက်စုံပြင်ဆင် ပြန်လည်တည်ဆောက်ဖို့ ဆောင်ရွက်ရန် ကြိုးစားနေချိန်၊ ယခု စာရေးဆရာကလည်း မဂ္ဂဇင်းများထဲမှာ ဓမ္မဒါနပြုပေးမှာဆိုတော့ ကျွန်တော်တော့ မဖိတ်ပါဘဲ ရောက်လာလို့ အထူးဝမ်းသာပါတယ်ဗျာ။ ကျေးဇူးလည်း တင်ပါတယ်။ ယခု ဦးတိုးကြွယ်ဆိုရင်လည်း ဒီဓမ္မာရုံ



၂၁-၇-၂၀၀၄ ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီ (၉)မိနစ်
(၉)စက္ကန့် ဗုဒ္ဓရုပ်ပွားတော်များ ဌာပနာပူဇော်ပွဲ

ကြီးရဲ့ နာယကကြီးတွေနဲ့ အဖွဲ့ဝင်တွေပါ အမြဲတစေ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော် ယခု ဆက်လက်တင်ပြလိုတာက ဒီဓမ္မာရုံက နှစ်ကလည်း ကြာ ဟောင်းနွမ်းပျက်စီးမှုလည်း များလာပြီ၊ အသေးစား ပြင်ဆင် တာလည်း နှစ်စဉ်ပါ။ ဒါပေမယ့် အခုအကျယ်အဝန်းက ကျဉ်းတော့ ဥပုသ်သီလဆောက်တည်သူတွေ နေရာအခက် အခဲကြောင့် ဆွမ်းမသုံးဆောင်ရဘဲ ပြန်သွားနေကြရပါတယ်။ ဒီတော့ ဓမ္မာရုံကြီး အာစီ သုံးထပ်တိုက်တည်ဆောက်ပါက နေရာအခက်အခဲ မရှိတော့ပါဘူး။ ဥပုသ်ထမင်းကျွေးမွေ လှူဒါန်းရာမှာလည်း စောင့်ဆိုင်းစရာ မလိုတော့ပါဘူး။ နေရာ ဖယ်ပေးရခြင်းလည်း မရှိတော့ပါဘူး။ ဒါကြောင့် ယခုနှစ်က စလို့ သုံးနှစ် စီမံကိန်းအရ ဆောင်ရွက်မှာ ဖြစ်ပါတယ် အလှူရှင် အားလုံးနဲ့ ပါရမီရှင်များ စုပေါင်း၍ အလှူဒါယိကာ ဒါယိကာမ ပေါ်ထွန်းရေး၊ အုတ်တစ်ချပ်၊ သဲတစ်ဆုပ်မှ တိုင် တံခါး၊ အမိုးသွပ်၊ အကာ၊ အခင်း စသည့် အဆောက်အအ ပစ္စည်းများအတွက် အလှူရှင်များ ဖိတ်ခေါ်လိုပါတယ်ခင်ဗျာ"

ထိုစကားကို ကြားလိုက်ရတော့ စာရေးသူ အတွေးတစ်ခုပေါ်လာခဲ့ပါ၏။ အခါတစ်ပါး၌ မြတ်ဗုဒ္ဓအာ နတ်သားတစ်ယောက်က ဤသို့ မေးလျှောက်တော်မူခဲ့ပါ၏

"ကေသံ ဒိဝါစ ရတ္တောစ၊ သဒ္ဒါ ပုညံ ပဝမုတိ"

ကေသံ - အဘယ်ပုဂ္ဂိုလ်တို့အား၊ ဒိဝါစ - နေ့၌ လည်းကောင်း၊ ရတ္တောစ - ညဉ့်အခါ၌ လည်းကောင်း သဒ္ဒါ - အခါခပ်သိမ်း၊ ပုညံ - ကုသိုလ်သည်၊ ပဝမုတ- တိုးပွား၍နေပါသနည်း။

အဘယ်အလှူမျိုးကို လှူတဲ့ အလှူရှင် ပုဂ္ဂိုလ်တို့ နေ့ရော ညပါ ကုသိုလ်တွေ တိုးပွားနေပါပြီလဲဟု နတ်သားက မြတ်ဗုဒ္ဓအား လျှောက်ထားတော်မူတော့ မြတ်ဗုဒ္ဓက -



www.burmeseclassic.com

www.burmeseclassic.com



-၇-၂၀၀၄ ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီ (၉)မိနစ်
ဤကြန့် ဗုဒ္ဓရုပ်ပွားတော်များ ဌာပနာပူဇော်ပွဲ

ယ ဒဒ္ဓိ ဥပသံ"

ယ - ဇနာ အကြင်လူရော နတ်ပါ ဖြဟ္မာမကြွင်း၊ ပင်းတို့သည်၊ ဥပသသယံ- သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ကျောင်းကို၊ ဒဒ္ဓိ- ပေးလှူကြကုန်၏။ ဣတိ- ဤသို့ သို - ကောင်းစွာမသေ့ ဖြေကြားတော်မူလိုက်ပါပေ ည်း။

မ်း ဆီမီးတို့ကျတော့ နေ့မှာ၊ ညမှာ လှူမှ ကုသိုလ် လှူနေတဲ့အခိုက်မှာ ကုသိုလ်စိတ်တွေ တိုးပွားပြီး ယ်။ ကျောင်းအလှူကျတော့ ကိုယ်ဆောက်လုပ် ထားတဲ့ ကျောင်းကို မြင်ရတဲ့ ခဏတိုင်းမှာ ကုသိုလ် တွေ နေ့ရော ညပါ အမြဲတိုးပွားနေသတဲ့။

"အပိစ၊ အာဝါသဒါနသ္မိံ၊ ဒိန္နေသဗ္ဗဒါနံ၊ ဒိန္နမေဝ တိ"

အပိစ - စင်စစ်သော်ကား၊ အာဝါသဒါနသ္မိံ - နေစရာ ကျောင်းအလှူကို၊ ဒိန္နေ - ပေးလှူအပ်သည်ရှိသော်၊ သဗ္ဗဒါနံ- မ်းသောအလှူကို၊ ဒိန္နမေဝ - ပေးလှူရာရောက်သည် လျှင်၊ ဟောတိ - ဖြစ်ပါပေ၏။

ဒါကြောင့် ကျောင်းအလှူကို ဆောက်လုပ် လှူဒါန်း ဆိုရင် အလှူအားလုံးကို ပေးလှူရာ ရောက်ပါတယ်တဲ့။ လိုအကျိုးထူးတွေ ရမလဲဆိုရင်. . .

* အမြဲတမ်း ကုသိုလ်ရနေတယ်ဆိုတဲ့ အလှူမှာ ကျောင်းအလှူ၊
* အလှူအားလုံးတို့ ပေးလှူရာရောက်တာလည်း ကျောင်းအလှူ၊
* လှူရတဲ့အကျိုးမှာ ဘဝကြီးငယ်အသွယ်သွယ်မှာ ပဋိသန္ဓေနေရတာ ခက်၊ မွေးဖွားရတာ ခက်၊ နေထိုင်ရတာ ခက်၊ အသက်မွေးရတာ ခက်ဆိုတဲ့

ခက်လေးပါးမှ လွတ်ပါတယ်။

ဤသို့ မြတ်ဗုဒ္ဓဖြေကြားတော်မူသည်ကို စာရေးသူ ဖတ်ဖူး မှတ်ဖူးခဲ့သည့် ရွှေသုတ္တန်တရားတော်(အရှင်ပညာ ဇောတ-အနန်းပင်တောရ)စာအုပ်မှ ဝတ္ထုကို သတိရမိခဲ့ပါ၏။ ဒီတော့ ယခု ဓမ္မပီသုဒ္ဓိ ဓမ္မာရုံတော်ကြီးသည် အသစ်တစ်ဖန် ပြန်လည်တည်ဆောက်မည်ဆိုပါက အာစီ သုံးထပ်တိုက် အခိုင်အမာတည်ဆောက်လျှင်ဖြင့် ခန့်မှန်းငွေ ကျပ်သိန်း ၁၀၀၀ခန့် ကုန်ကျမည်ဖြစ်ပါသည်။ အလှူရှင်များမှ မိမိတို့ လှူဒါန်းလိုသည့် ဤဓမ္မာရုံတော်ကြီးတွင် တစ်တိုင်၊ တစ်ခန်း၊ တစ်ထပ်၊ တစ်ချပ်၊ တစ်ပေါက်၊ အုပ်တစ်ချပ်၊ သဲတစ်ဆုပ် ပါဝင်လှူဒါန်းကြပါလို့ တိုက်တွန်းဆန္ဒပြုလိုပါသည်။ ဤသို့ အများစုပေါင်း လှူဒါန်းကြမည်ဆိုပါလျှင် မကြာမီ ဓမ္မပီသုဒ္ဓိ သုံးထပ် ဓမ္မာရုံတော်ကြီး ထွားထွားစွင့်စွင့် ပေါ်ထွန်းလာတော့မှာ ဖြစ်ပါတော့၏။

## နိဂုံးစေတနာ ပန်ကြားလွှာ

ဓမ္မဝိဇယ ဆုတောင်းပြည့် ရွှေစေတီတော်မြတ်နှင့် ပရိဝုဏ်ချင်း ဆက်နေသည့် ဓမ္မပီသုဒ္ဓိ ဓမ္မာရုံတော်ကြီးသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အတွက် အထွတ်အမြတ် ဦးခိုက်ရာ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ ထိုက်တော်မူပါပေသည်။ ညွှတ်တွား ဦးတင် ပူဇော်ကြ၍ ကုသိုလ်၊ သီလ၊ ဒါန၊ ဘာဝနာ၊ ဝေယျာဝစ္စဆောင်ရွက်ရာ၊ ကုသိုလ်ထူးတို့ မျှဝေရာ နိဗ္ဗာန်လမ်းညွှန် ဗြာနကြီးတစ်ခုဖြစ် နေပါသည်။ ဤမှာ လှူဒါန်း၊ ဤမှာပင် ဧည့်ခံကျွေးမွေး၊ ဤနေရာမှာပင် စုပေါင်း သာဓုခေါ် အမျှဝေကြ ကုသိုလ်ဆပွား ဒါနတရားတွေ ထပ်ဆင့်တိုးပွားနေပါ၏။ အပါယ်တံခါးပိတ်၊ နိဗ္ဗာန်တံခါးဖွင့်ရာ နေရာထူး နေရာမြတ်ဖြစ်ပါ၏။ ဤသို့ ကုသိုလ်ပြုရာ၊ တရားဓမ္မဟောပြောရာ၊ တရားဘာဝနာပွားများ အားထုတ်ရာ ဓမ္မသာန ပလ္လင်တော်စိုက်ထူရာ ဤမြေထူး မြေမြတ်မှာ ယခု ရည်မှန်းတည်ဆောက်မည့် အာစီ သုံးထပ် ဓမ္မပီသုဒ္ဓိ ဓမ္မာရုံတော်ကြီး ပေါ်ထွန်း အောင်မြင်ပါစေလို့ စာရေးသူရင်ထဲမှ စေတနာ မေတ္တာအပြည့်အဝနှင့် အလှူရှင် များကို ဖိတ်မန္တကပြုရင်း နိဂုံးစေတနာနှင့် ပန်ကြားလွှာ သ,လိုက်ပါရစေတော့ဟု မှတ်တမ်းတင်လိုက်ရပါတော့ သည်။

ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု

* * *

မင်းတိုင်ပင်(မြရောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

သဗ္ဗညု မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်
ပြီးသည့်နောက် ခုနစ်ရက်မြောက်သောနေ့တွင် မြတ်စွာဘု
၏ အလောင်းတော်ကို မီးသင်္ဂြိုဟ်ရန် တင်ထားသော နံ့
ထင်းပုံကို မလ္လာမင်းတို့သည် စတင် မီးရှို့ကြလေ၏။ နံ့သ
ထင်းပုံကား မီးစွဲလောင်ခြင်းမရှိချေ။

# ဘုရားရှင်လို အငြိုးဖွဲ့သူ





www.burmeseclassic.com

www.burmeseclassic.com

...ထိုအခါ ကုသိနာရုံပြည်သား မလ္လာမင်းတို့သည် အရှင်...ကို မေးလျှောက်ကြလေသည်။

"အရှင်ဘုရား...မြတ်စွာဘုရားရဲ့ အလောင်းတော်ထား...ထင်းပုံကို မီးတိုက်ရာ အဘယ့်ကြောင့် မီးစွဲလောင်...ပါသလဲ"

ထိုအခါ အရှင်အနုရုဒ္ဓါက...

"အို...မလ္လာမင်းတို့၊ အရှင်မဟာကဿပဟာ ပါဝါ... ကုသိနာရုံပြည်ကို နောက်လိုက် ရဟန်းသံဃာ...အတူ ကြွလာလျက်ရှိတယ်။ အရှင်မဟာကဿပ...ဘုရားရဲ့ ခြေတော်ကို ဦးခိုက်ကာ ရှိမခိုးရသေးခင်... ထင်းပုံကို မီးစွဲမလောင်စေသတည်းလို့ နတ်တို့ရဲ့...ကြောင့် မီးစွဲမလောင်ခြင်းပဲ ဖြစ်တယ်"

လို့ မိန့်တော်မူလိုက်၏။

ထိုအချိန်တွင် အရှင်မဟာကဿပသည် ငါးရာမျှသော...ရဟန်း ပရိသတ်နှင့်အတူ ပါဝါပြည်မှ ကုသိနာရုံပြည်... ကြွလာရာ လမ်းခရီးတွင် တစ်ခုသော သစ်ပင်ရင်းမှာ...တော်မူ၏။ ထိုအခိုက် အဝတ်မဝတ်သော အာဇီဝက...တွန်းတစ်ယောက်သည် "မန္ဒာရဝ" နတ်ပန်းကို ထီး...ဆောင်းကာ ကုသိနာရုံဘက်မှ ပါဝါပြည်ဘက်သို့ လာ...၏။ အရှင်မဟာကဿပသည် ထိုတက္ကတွန်းကို မြင်...

"ငါ့ရှင်... ငါတို့၏ ဆရာ မြတ်စွာဘုရားကို သိပါ...သလား"

လို့ မေးလိုက်၏။ တက္ကတွန်းက -

"ဩော်...သင်တို့ဆရာကို ငါသိပါတယ်။ ရဟန်း...တမ ပရိနိဗ္ဗာန်ပြုတာ ဒီနေ့ဆို ခုနစ်ရက်ရှိပါပြီ။ အဲဒီ...အရပ်က ဟောဒီ မန္ဒာရဝ နတ်ပန်းကို ကျွန်ုပ်ယူလာ...တယ်"

လို့ ပြန်ဖြေ၏။

ဒီစကားကို ကြားသောအခါ ရာဂမကင်းသော ရဟန်း...သည် မတ်တတ်မှ လဲကျကာ လိမ့်လူးကာ ငိုကြွေးကြလေ...၏။ ရာဂကင်းပြီးသော ရဟန်းတို့သည်ကား -

"သင်္ခါရတရားတို့မှာ အမြဲမရှိကြကုန်။ ဒီသင်္ခါရတရားရဲ့...ခြင်းသဘောဟာ အဘယ်မှာ ရှိနိုင်ပါမလဲ"

လို့ ဆင်ခြင်အောက်မေ့ပြီး စိတ်ကို ဖြေကာ ဓမ္မသံဝေဂ...ကြကုန်၏။

ထိုအခါတွင် "ဘဒ္ဒ"မည်သော တောထွက် ရဟန်းကြီး...သည် ထိုပရိသတ်ထဲတွင် ပါဝင်လျက်ရှိ၏။ ထိုရဟန်းကြီး

"

မြတ်စွာဘုရားအပေါ်မှာ ထားခဲ့သော ရန်ငြိုးကို
အခုမှ ဖွင့်ဟအန်ထုတ်လိုက်ခြင်းဖြစ်၏။
သုဘဒ္ဒသည် သာသနာ့ဘောင်မဝင်မီ
လူဝတ်ကြောင်ဘဝက ဆံသမုတ်ဆိတ်ရိတ်ပေးသည့်
ဆတ္တာသည်အလုပ်ကို လုပ်၏။
သားနှစ်ယောက် လူပျိုပေါက်အရွယ်ရောက်မှ
မယားသေ၍ သားနှစ်ယောက်ကို
ရှင်သာမဏေဝတ်စေပြီး မိမိက
ရဟန်းဘဝရောက်လာခဲ့ခြင်းဖြစ်လေသည်။
သား ရှင်ပြု အဖေ ပဉ္စင်းခံပွဲပြုလုပ်ခဲ့၏။

"

သုဘဒ္ဒက -

"ငါ့ရှင်တို့ မငိုကြကုန်လင့်။ အငိုတိတ်ကြကုန်လော့။ အခုအခါ ငါတို့ဟာ ရဟန်းကြီး ဂေါတမရဲ့ လက်အောက်က ကောင်းစွာ လွတ်မြောက်ကြလေပြီ။ ရဟန်းကြီး ဂေါတမက ငါတို့ကို အရာရာမှာ ချုပ်ချယ်ခဲ့တယ်။ အခုတော့ ငါတို့ ပြုလိုရာ ပြုကြကုန်အံ့။ မပြုချင်တာကို မပြုဘဲ နေကြကုန်အံ့"

လို့ ဆိုလေသည်။

တောထွက် ရဟန်းကြီး သုဘဒ္ဒကား အဘယ့်ကြောင့် ထိုသို့ဆိုလေဘိသနည်း။

မြတ်စွာဘုရားအပေါ်မှာ ထားခဲ့သော ရန်ငြိုးကို အခုမှ ဖွင့်ဟ အန်ထုတ်လိုက်ခြင်းဖြစ်၏။ သုဘဒ္ဒသည် သာသနာ့ဘောင်မဝင်မီ လူဝတ်ကြောင်ဘဝက ဆံသ မုတ်ဆိတ်ရိတ်ပေးသည့် ဆတ္တာသည်အလုပ်ကို လုပ်၏။ သားနှစ်ယောက် လူပျိုပေါက်အရွယ်ရောက်မှ မယားသေ၍ သားနှစ်ယောက်ကို ရှင်သာမဏေဝတ်စေပြီး မိမိက ရဟန်းဘဝရောက်လာခဲ့ခြင်းဖြစ်လေသည်။ သား ရှင်ပြု အဖေ ပဉ္စင်းခံပွဲပြုလုပ်ခဲ့၏။

ထိုရဟန်းကြီးသည် မိမိနေရာ အာတုမာတိုင်းပြည်သို့ မြတ်စွာဘုရားသခင် ဒေသစာရီလှည့်လည်မည့်အကြောင်းကို ကြားသိထားလေသည်။ မြတ်စွာဘုရားနှင့် နောက်ပါ သံဃာ



www.burmeseclassic.com

www.burmeseclassic.com

(၁၂၅၀)ကို သီးစုံထောပတ် ဒံပေါက်ဆွမ်းကပ်ရန် အကြံဖြစ်ပေါ်လေသည်။ ရဟန်းကြီးသည် သားငယ် ရှင်သာမဏေနှစ်ယောက်ကို သင်တုန်းဓားအပ်ကာ အိမ်ပေါက်စေ့ မှတ်ဆိတ်ဆံသအလုပ်ကို လုပ်စေသည်။ ဆံသလုပ်အားခနှင့် ဘုရားအမျိုးရှိသော သံဃာတော်များကို ဆွမ်းကပ်မည့်အကြောင်းဟောပြောကာ အလှူခံလေသည်။ ထောပတ်၊ တင်လဲ၊ ဆန် ရသမျှ ပစ္စည်းဝတ္ထုများကို အလှူခံသည်။ တချို့အိမ်ကလုပ်အားခ ဆံသခမျှသာ ရပြီး၊ ဗုဒ္ဓဘာသာဝင် သဒ္ဓါတရားထက်သန်သောအိမ်များမှ လှူဖွယ်ဝတ္ထုအများအပြားရရှိလေသည်။

ဒီနည်းဖြင့် စုဆောင်းလာခဲ့ရာ တစ်သိန်းဖိုးခန့်ရှိသော ဆီ၊ ဆန်၊ ထောပတ်၊ တင်လဲ၊ အသပြာငွေတို့ကို ရရှိလေသည်။ မြတ်စွာဘုရားသည် အာတုမာမြို့ကို ရောက်တော်မူလာသောအခါ သုဘဒ္ဒ ရဟန်းကြီးသည် ရွာထဲဝင်ကာ ချက်ပြုတ်တတ်သော ယောက်ျားတို့ကို လုပ်အားပေး ဖိတ်ခေါ်ခဲ့သည်။ သုဘဒ္ဒ ရဟန်းကြီး၏ ကျောင်းသင်္ခမ်းမှာ အိုးကြီးအိုးငယ်အသွယ်သွယ်ဖြင့် သစ်သီးမျိုးစုံ ငါး၊ အမဲမျိုးစုံရောပြွမ်းကာ နမသလေး ဆန်မွှေးတို့ကို ဒံပေါက်ဆွမ်းအဖြစ် ချက်ပြုတ်နေကြသည်။

တောထွက် ရဟန်းကြီးကား မည်းနက်သော သင်္ကန်းကို ဝတ်ကာ မီးဖိုချောင်ဝင်လိုက် ထွက်လိုက်နှင့် တစ်ညလုံး စီမံချက်ပြုတ်နေရာ ဖတ်ဖတ်မောနေလေပြီ။ တစ်သိန်းတန်သော သားပြွမ်းထမင်းဖြစ်၍ အာတုမာမြို့တွင် မြတ်စွာဘုရားအတွက် အကောင်းဆုံး ဆွမ်းဟု မှတ်တမ်းတင်ခံရမည်ကို တွေးကာတွေးကာ သုဘဒ္ဒရဟန်းကြီးသည် ကြည်နူးပြီး မောရပန်းရမှန်းပင် မသိတော့ပေ။

နံနက်မိုးသောက် အလင်းရောက်သောအခါ မြတ်စွာဘုရားသခင်သည် နောက်ပါ ရဟန်းသံဃာများ ခြံရံကာ ကျောင်းတိုက်ကြီးအဝရှိ သုဘဒ္ဒထံမှာ ဆွမ်းမရပ်ဘဲ အာတုမာမြို့တွင်းကို ရှေ့ရှုကာ ဆွမ်းခံကြွတော်မူလေသည်။

ထိုအခါ သုဘဒ္ဒ ရဟန်းကြီး၏ တပည့်လုပ်အားပေးလူငယ်များက သုဘဒ္ဒ ရဟန်းကြီးဆီ အပြေးသွားပြီး...

"မြတ်စွာဘုရားရှင်က မြို့ထဲ ဆွမ်းခံကြွသွားပြီ။ ကိုယ်တော်ကြီး ဆွမ်းကို ဘယ်အတွက် ချက်ထားပါသလဲ"

လို့ မေးကြလေသည်။ ဒီတော့ မီးဖိုချောင်တွင် အလုပ်ရှုပ်နေသော သုဘဒ္ဒ ရဟန်းကြီးက ညဦးကတည်းက ဝတ်ထားသော သင်္ကန်းမည်းညစ်ညစ်နှင့် ယောက်မတစ်ဖက်၊ ဇွန်းတစ်ဖက်ကိုင်ကာ မြတ်စွာဘုရားရှင်ရှေ့ကို အလျင်အမြန်ပြေးသွားပြီး ပြဟ္မာမင်းကြီး၏ တင့်တယ်စံပယ်ဟန်ဖြင့် ဒူး တစ်ဖက်ကို မြေမှာ ထောက်လျက် လက်အုပ်ချီကာ

"မြတ်စွာဘုရား... တပည့်တော်ရဲ့ ဆွမ်းကို ခံယူတော်မူပါ ဘုရား"

လို့ လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်က သုဘဒ္ဒ ရဟန်းကြီး၏ ဆွမ်းဖြစ်ပေါ်လာပုံကို အစအဆုံး မေးမြန်းတော်မူပြီးမှ...

"တရားနဲ့ မညီတဲ့ ဆွမ်းဖြစ်တယ်"

လို့ နှုတ်ချ ကဲ့ရဲ့တော်မူပြီး သုဘဒ္ဒ၏ ဆွမ်းကို မခံ ဘဲ အာတုမာမြို့တွင်းကိုသာ ဆွမ်းခံကြွလေ၏။ သုဘဒ္ဒ ရဟန်းကြီးကား ရင်ထုမနာဖြစ်လေပြီ။

အကောင်းဆုံး ဆွမ်းဒါယကာအဖြစ် ချီးကျူးခံရ မည်လို့ မျှော်လင့်ထားရာ အခုတော့ "မတရားသော ဆွမ်း" ကဲ့ရဲ့ရှုတ်ချခံရလေပြီဆိုပြီး သုဘဒ္ဒ ရဟန်းကြီးသည် ရင် အောင့် ခံစားရရင်း တွေးလိုက်မိတိုင်း မြတ်စွာဘုရားအ အခဲမကြေဖြစ်ရလေသည်။

"အလုံးစုံကို သိမြင်တော်မူတဲ့ မြတ်စွာဘုရားလို့ ထားပြီး ငါ ဆွမ်းချက်တာကို မသိရလေသလော။ တကယ် ငါ့ရဲ့ ဆွမ်းကို မခံယူလိုပါက ညနေကတည်းက တစ်ယော ယောက်ကို လွှတ်ပြီး ပြောသင့်ပေတယ်။ အခုတော့ ငါ ဆောင်းထားခဲ့သမျှ ပစ္စည်းဥစ္စာတွေ အချည်းနှီး ဆုံးရှုံး ပြီ။ ကိုယ့်ပစ္စည်း ကိုယ်ထိုင်စားနေရင် တစ်သက်လုံး စ လောက်လိမ့်မယ်။ အခုတော့ ဒီဆွမ်းတွေကို ဂေါတမဘုရား က ဖျက်ဆီးပစ်လိုက်လေပြီ။ ဂေါတမဘုရားဟာ ငါ့ရဲ့ အ စီးပွားမဲ့မှုကို အလိုရှိလေတယ်"

လို့ တစိမ့်စိမ့်တွေးကာ မြတ်စွာဘုရားအပေါ်မှာ ရန် ဖွဲ့လေ၏။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က မြတ်ဗု အရှိန်အဝါကို ကြောက်ရွံ့ပြီး နှုတ်က တစ်စုံတစ်ရာ ထု ဖော် မပြောဝံ့ရဲခဲ့ပေ။ အမျက်ဒေါသ မကျေနပ်ချက်တွေ ကြိတ်မှိတ်အောင့်အီး မျိုသိပ်ထားခဲ့ရသည်။ ဒီနေ့ ဒီအ တွင်မှ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူပြီဟု ကြား လိုက်ရသည်နှင့်တစ်ပြိုင်နက် မပြေနိုင်သည့် ရန်ငြိုးစ ကို အခုလို ဝမ်းသာအားရ ဖွင့်ဟ အန်ထုတ်လိုက်ခြင်း ဖြစ်လေတော့၏။

* * *

မှီငြမ်း ။ ။ ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး(ပထမတွဲ)။




www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဆည်ခရိုင် သဗြေကုန်းကျေးရွာမှ

# ဦးညိုတော်အေးချမ်း ရန်အောင်မြင်စေတီတော် ဝန္ဒက်ချမင်္ဂလာအလှူတော်

■ မောင်ယဉ်လှိုင်း(ဟသ်ာတ) ■



အိပ်မက်တို့သည် တစ်ခါတစ်ခါ ဆန့်ကျင်ဘက်၏ ...ပြန်၊ တစ်ခါတစ်ခါကျတော့ တိုက်ရိုက်အတည့်ပင်။ ...က်သည်လျှင် လေလိုမက်၍ လေမှာပင် ပျောက်ပြယ် ...ည့်နယ်။ တစ်ခါတစ်ခါများဆို စိတ်အစဉ်၌ စွဲထင်၍ ...က်ဒ၊တိုင်း အကောင်အထည်ဖော်၍ သွန်းလောင်းတတ် ... ဘုရားတည်မည့် ဘုရားဒကာ ကိုညီညီတစ်ယောက် ... ယဲ့ယိုင်နေသည့် ဘုရားအို၊ ဘုရားပျက်အား အိပ်မက် ...သော် ပုဂံခေတ်မှုဟန် ရေးဟောင်းဘုရားစေတီ၊ အနော် ...မင်းလက်ထက်၊ ဘုရားပျက်အနီးအပါး၌ ပုဂံသူ၊ ပုဂံ ...တို့ လှုပ်ရှားသက်ဝင်နေဟန်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ... အစ ပုဂံမှ ပုဂံအစစ်ပင်။ ဝါးတားတားမဟုတ်ပေ။

ဒုတိယအကြိမ် တစ်ကျော့ပြန်အိပ်မက်ကား ကွယ်လွန်သွားပြီဖြစ်သည့် မကြာသေးမီက ဇနီးသည် မခင်ဝင်းကြည်အား မြင်မက်မိသည်။ ဇနီးသည် ကွယ်လွန်သည်မှာ ရှစ်လ စွန်းစွန်းမျှသာ ရှိပြီး သမီးနှစ်ယောက်ကျန်ခဲ့ရ၏။ သမီးနှစ်ယောက်ကား မအိချောဇင်နှင့် မေပြည့်ဖြိုးလွင်တို့ပင် ဖြစ်သည်။ ခင်ပွန်းဖြစ်သူ ကိုညီညီ၏ အိပ်မက်ထဲတွင် ယခုတည်မည့် ဘုရားပျက်၌ ဇနီးသည် မှီခိုနေရကြောင်း၊ ဤဘုရားအို ဘုရားပျက်အား ဖြိုဖျက်ခြင်းမရှိဘဲ မူလအတိုင်း ငုံ၍ အသစ်တစ်ဖန်တည်ထားပေးလိုကြောင်း တောင်းဆိုလာခဲ့သည်။ သဘောကတော့ ကိုညီညီအနေဖြင့် ဤဘုရားကို တည်ပေးခြင်းဖြင့် ကွယ်လွန်သူ ဇနီးသည် ကောင်းရာသုဂတိ ဘုံဘဝသို့ ရောက်ရစေမည့်သဘော သက်ဝင်သလို၊ ဇနီးသည်အပေါ်တွင် သစ္စာရှိရှိ ချစ်ခင်စုံမက်လှစွာသော ကိုညီညီအဖို့ ပ...



www.burmeseclassic.com

www.burmeseclassic.com

ကြည့်မှုနှင့်ပင် ဘုရားတည်ပေးရန် ကတိသစ္စာပြုခဲ့လေသည်။

ဘုရားတည်ရန်ကိစ္စအား သာသနာပြုအကျိုးဆောင် နဂါးတစ်ထောင် ဦးကြည်ဝင်းနှင့်အတူ သာသနာပြု ခုနစ်ရက်သားသမီးများ၏ အကျိုးကို ဆောင်ရွက်နေသည့် ဆရာ ဦးမြင့်ဦး၊ အင်ဂျင်နီယာ ဦးလှအောင် (ခ) ဦးအောင်မင်းတို့ကပင် တာဝန်ယူ ဆောင်ရွက်ကြသည်။ ဘုရားပန္နက်ချကိစ္စကိုပင် ဦးကြည်ဝင်းမှ နေလအဖွဲ့ကို လွှန်ခဲ့သည့် တစ်လလောက်က ကြို၍ လက်တို့ခဲ့၏။ ဦးကြည်ဝင်းသည် နေလအဖွဲ့ဝင်ဖြစ်သည့်အလျောက် နေလအဖွဲ့အပေါ်၌ သံယောဇဉ်ရှိသူတစ်ယောက်လည်း ဖြစ်သည်။ ဘာပဲလုပ်လုပ်၊ ဘယ်ခရီးစဉ်မဆို နေလအဖွဲ့ကို လိုက်ပါစေချင်သည်။ နေလအဖွဲ့ကို အဓိက အားထားလေ၏။

တကယ်တော့လည်း လူတိုင်းအဖို့ သူ့အကြောင်းကိစ္စနှင့် သူတွေပဲလေ။ အကြောင်းအကျိုး ညီညွတ်မှုတမှသာ ဆုံဆည်းခွင့်ရကြသည်ပင်။ ကိုယ့်အကျိုးတစ်ခုတည်း ကြည့်ပြီး ပြော၍လည်း မဖြစ်နိုင်ချေ။ သို့ပေမယ့် ကျောက်ဆည်ခရီးစဉ်သို့ တကယ်တမ်း သွားကြမည်ဆိုတော့ မည်သူမှ မလိုက်ဖြစ်ကြ။ အကြောင်းကြောင်းကြောင့် မအားလပ်ကြ။ လိုက်မည်ဟု တကဲကဲကြုံးဝါးနေသည့် ကိုလွှမ်းရည်ပင် ကျန်းမာရေးကြောင့် ပျက်ကွက်ရသည်။ မည်သို့ပင် အကြောင်းကိစ္စတွေ ရှိစေကာမူ ဆရာ ဦးကြည်ဝင်းအနေဖြင့် စိတ်ကောင်းဟန်မတူ။ ဒါကလည်း မေတ္တာသက်ဝင်သည့် ကရုဏာဒေါသောကြောင့်သာ မျက်နှာမကောင်းသလို၊ နှုတ်မှ တဖွဖွပြောလာတတ်သည်။ မိမိအနေကလည်း ဤခရီးစဉ်တွင် ကျန်းမာရေးက တစ်ကြောင်း၊ အခြားသော ကိစ္စအကြောင်းတွေကြောင့် တစ်ကြောင်း လိုက်ဖြစ်ဖို့ ကံသေကံမ မသေချာ။ ရည်ရွယ်ချက်ကတော့ နေလအဖွဲ့လိုက်ဖြစ်မည်ဆိုက မိမိကျန်ရစ်ခဲ့ရန်သာ။ မည်သူမျှ မလိုက်ဖြစ်တူးဆိုလေတော့ အားတောင့်အားနာနှင့်ပင် ...

"ဆရာရယ်...ဘာမှစိတ်မပူပါနဲ့။ အကြောင်းကိစ္စတွေကြောင့် ဘယ်သူမှ မလိုက်ဖြစ်ရင် နေလအဖွဲ့ရဲ့ ကိုယ်စား ကျွန်တော်လိုက်ပေးပါ့မယ်"

ဟူ၍ ကျေနပ်မှုရအောင် ပြော၍ လိုက်ခဲ့ပေသည်။

◆◆◆

ခရီးစဉ်က (၂၉-၁-၂၀၁၂) တနင်္ဂနွေနေ့ည အောင်မင်္ဂလာအဝေးပြေးမှ မန္တလာမင်း(Express)ကားနှင့် ကျောက်ဆည်သို့ ထွက်ခဲ့ကြ၏။ သည်ခရီးစဉ်၌ အမှတ်မထင် တစ်ချိန်က နေလစာရေးဆရာ ဦးစိုးပိုင်၊ နေမင်းသူရိန်လည်း ပါလာသည်။ သူက ဆရာ ဦးမြင့်ဦးနှင့်အတူ။ မိမိတို့နေလအဖွဲ့က ဆရာ ဦးကြည်ဝင်းနှင့် အစ်မဖြစ်သူ ရွှေတိဂုံအဖွဲ့ လူအားလုံး ၁၅ဦး။ ထိုင်ခုံကတော့ ဘုရားတစ်ဆူအပါ ၁၆ခုံ ဖြစ်သည်။ ရာသီဥတုအခြေအနေသည်ကား အေးနေသည် ဖြစ်၍ အဲကွန်းနှင့် အတော်ကို ချမ်းစိမ့်နေသည်။ ကားမှာ ခရီးသည်ချောင်နေ၍ ကားနောက်ပိုင်း ခုံလွတ်သို့ အေးအေး စွာ ရွှေ့ထိုင်လိုက်၏။ မကြာမီ ဦးခေါင်းပိုင်း၌ ထိုင်နေသော ဆရာ ကိုမြင့်ဦး မိမိထိုင်ခုံသို့ ရောက်လာသည်။ ခေါင်းပိုင်းက ပိုအေးသည်ဟု ဆိုသည်။ နှစ်ဦးသား ဝိပဿနာအကြောင်း သစ္စာအကြောင်းတွေကို အရှိန်ကောင်းကောင်းဖြင့် ပြောလိုက် ကြသည်မှာ အေးလွန်းသည့် ရာသီဥတုကိုပင် အမှုမထား ကြပေ။

နံနက် ၄နာရီခွဲလောက်တွင် မိမိတို့ သွားမည့် ရွာသို့ ရောက်သည်။ အချိန်စောသေး၍ ကြိုမည့်ကား မရောက်သေး။ အအေးလွန်ကဲနေသောကြောင့် အသ အရွယ်ကြီးပိုင်းများနှင့် ပစ္စည်းအချို့ကို တောကားတစ်စီး ငှ ပြီး သွားခိုင်းရသည်။ ဒါကိုလည်း လူရင်းခံဖြစ်သည့် ဆ ကိုမြင့်ဦးကပဲ တာဝန်ယူ ဦးဆောင်သွားရသည်။ ကျန်ခဲ့သ က မိမိနှင့် ဆရာ ဦးကြည်ဝင်းတို့မောင်နှမ။ အအေးဓာ လွန်ကဲသည်ဖြစ်၍ သုံးဦးသား မီးကင်းမှ လှုံနေသော မီးပုံ ပြေး၍ မီးလှုံကြရသည်။ မကြာမီ သပြေကုန်းရွာက ကိုညီ ကားရောက်လာတော့သည်။ ရွာသို့ ရောက်သည် ကျောက်ဆည်ခရိုင် သပြေကုန်းကျေးရွာရှိ ပေါက္ကံရာမ ကြီးရှင် အနော်ရထာမင်းတရားကြီး တည်ထားတော်မူခဲ့သော "ပြည်တော်အေးချမ်း ရန်အောင်မြင်စေတီတော် ပန္နက် အလှူတော်မင်္ဂလာ" ဟူ၍ ဆိုင်းဘုတ်ကို တွေ့ရ၏။

ဘုရားအိုး၊ ဘုရားပျက်က ရေးကျသည်ဖြ ရေးဟောင်းပုံစံ လိုဏ်ဂူဘုရားမှခ်ဦး စပေါက်၊ အထက်ပ မှာ အရန်စေတီ ၈ဆူပါသည်။ သို့သော်လည်း မြန် အနုပညာပန်းတွေကတော့ မူလအတိုင်း မရှိတော့ဘဲ ဒေ မင်းဆက် လက်ရာတွေသာ တွေ့ရသည်။ မြန်မာမှု ပန်း ရာတွေသည် ခပ်ကြဲကြဲ ခပ်ကြမ်းကြမ်းတွေပင်။ မည်သို့ ရှိစေကာမူ ကြည်ညိုဖွယ်၊ စိတ်ဝင်စားဖွယ်ကောင်းလ ဤစေတီသည် ဇော်ဂျီမြစ်နှင့် ကပ်လျက်ရှိပြီး ဇော်ဂျီမြ နောက်ကျော၌ ထုံးကျောက်တောင်တန်းရှိသည်။ ထုံးကျေ တောင်ကို မှီ၍ အေသုံးလုံးတို့ကဲ့သို့ ဘိလပ်မြေစက် လည်း ရှိကြသည်။ ဤစက်ရုံများသို့ မီးပေးရန် တာဝါတိုင်များကို စိန်တစ်လုံး သရက်ခြံ သို့ ထိုက်ခ



www.burmeseclassic.com

www.burmeseclassic.com

မှ ဖြတ်သန်း၍ ပေ ၃၀၊ ပေ ၄၀ ပတ်လည် မြေကျင်းများကို ကျင်း၊ ၆ကျင်းလောက် သွားရောက်ကြည့်ဖြစ်ခဲ့ပေသည်။ အတူးခံကြရသည့် ခြံပိုင်ရှင်၊ မြေပိုင်ရှင်များအဖို့ ဆုံးရှုံးမှု နစ်နာမှုတို့ကို ပြောဆို ညည်းတွားသံများကလည်း ရင်ထဲ စိတ်ထဲ မကောင်းစရာပင်။ နစ်နာမှုကလည်း စိန်တစ်လုံး ရောက်ပင်ကြီးတစ်ပင်၏ ကာလတန်ဖိုးမှာ တစ်သိန်းငါးသောင်း ကျပ်ဟု ဆိုသည်။ နစ်နာမှု လျော်ကြေးလည်း မရဟု ဆိုပါ သည်။ ဤဝေည်ရေသောက် ကျောက်ဆည်ခရိုင်၏ ကောက်ပဲ သီးနှံ စိုက်ပျိုးရေးတို့သည် မြေနု မြစ်ဝကျွန်းပေါ်ကဲ့သို့ ဖြစ် ထွန်းမှုရှိလှသည်။ ဘယ်ကိုပင်ကြည့်ကြည့်၊ စိမ်းစိုညို့မောင်း ၍ စိုပြည်လှပါ၏။

ပြိုပျက်နေသော စေတီအား ကြည့်၍ စူးစမ်းလိုသော စိတ်ဓာတ်သည် မနေနိုင် မထိုင်နိုင်ဖြစ်လာပါသည်။ အပေါ်မှ ပြိုကျနေသော စေတီသည် လိဏ်ဂူသို့ ကျွံ၍ ဝမ်းစာသိပ် ထားသည်ကဲ့သို့ ပြည့်နှက်နေပါ၏။ စေတီအဟောင်းကိုလည်း ဖြိုဖျက်ခွင့်မရှိ၊ ငုံတည်မည်ဖြစ်သောကြောင့် ဤစေတီအုတ်ပုံ အတွင်း သဲလွန်စ ပစ္စည်းများအား တွေ့ရှိဖို့ရန် မလွယ်ကူလှ၊ သို့သော်လည်း စေတီဂူခြေရင်း၌ တစ်စွန်းတစ်စ တွေ့လို တွေ့ငြား တုတ်တစ်ချောင်း ဟိုထိုး-ဒီဆွလုပ်ခဲ့မိသည်။ စေတီ အတွင်း ဌာပနာသည့် ပစ္စည်းအတိုအစလေးများကို တွေ့ရှိ သော် စေတီအုတ်ပုံအတွင်းမှ ပစ္စည်းများသည် ဘာဖြစ်နိုင် ည်နည်း၊ ဘာတွေတွေ့နိုင်မည်နည်းဟူသော စိတ်ဆန္ဒတို့ သည်ကား တဖွားဖွားပေါ်လာတတ်ပြန်သည်။ ဒါကလည်း မိမှမဟုတ်၊ လူအများ၌ ဖြစ်နေပြန်၏။ ပိုဆိုးသည်က ကိုစိုး ပိုင် နေမင်းသူရိန်တို့က ဘုရားပြို ဘုရားပျက်၊ အုတ်ခဲ အုတ်ပုံမြင်လျှင် မနေနိုင်တဲ့သူ။ အလိုလိုတူးချင်၊ ဆွချင်၊ မွှေချင်၊ နှောက်ချင်သူ။ သူက သမိုင်းသမား။ သုတေသန လည်း ပြုနေသူဆိုလေတော့ အသဲအမဲကို ဖြစ်နေတော့ သည်။ နောက်ပြီး လူသူအများအနေဖြင့် ဤစေတီကို အနော် ရထာမင်း၊ ပုဂံခေတ်ကဟု သတ်မှတ် အမည်တပ်ကြသော် လည်း ကိုစိုးပိုင်က ပုဂံထက်စောသည့် ပျူခေတ်ကို သံသယ ဖြစ်မိသည်။ ဤစေတီမှ တွေ့ရှိထားသည့် အတိုအစ ပစ္စည်း များနှင့် အုတ်ကျိုး အုတ်ပဲ့ ဆင်းတု စသဖြင့်ကို ကြည့်၍ သံသယ်ကြည့်သည်။ ပျူခေတ်က စ၍ ပုဂံ၊ ပင်းယခေတ်အထိ သဲလွန်စများအား တွေ့ရှိနေရသောကြောင့်ဖြစ်သည်။

♦♦♦

နောက်တစ်နေ့တွင် (၁-၂-၂၀၁၂)နေ့၌ ဘုရားဒကာ ကိုညီညီ၏ ကားဖြင့် မိမိနှင့်အတူ ကိုစိုးပိုင်၊ ကိုညီညီ၊ အင်ဂျင် နီယာ ကိုလှအောင်၊ ရွာသား လူငယ်တစ်ယောက် [illegible] ကြောင်ပန်းကုန်း၊ ညောင်ပင်ဇောက်၊ ငယ်တိုးကျေးရွာအနီးမှာ ရှိသည့် တမုတ်မြို့ဟောင်းနှင့် တမုတ်ရှင်ပင် ရွှေဂူကြီးစေတီ တော်အား သွားရောက်ဖူးမြော်၍ လေ့လာခွင့်ရသည်။ ဤစေတီတော်၏ သမိုင်းအကျဉ်းသည်ကား ပထမမြန်မာနိုင်ငံ တော်ကြီးကို စတင် တည်ထောင်တော်မူသည့် ထေရဝါဒ သာသနာပြုမင်းမြတ် အနော်ရထာသည် ပုဂံ နိုင်ငံတော်ကြီး၏ စပါးကျီဒေသဖြစ်သော စမုံ၊ စမား၊ ဇော်ဂျီ၊ ပန်းလောင်နှင့် ဒုဋ္ဌဝတီမြစ်တို့ ဖြတ်သန်းစီးဆင်းရာ ကျောက်ဆည်လွင်ပြင် တွင် လယ်တွင်း ၁၁ခရိုင်ခံ မြို့များကို အခိုင်အမာ တည် ဆောက်တော်မူရာ -

(၁) ပင်လယ် (မြို့တွင်းရွာ၊ မြစ်သားမြို့နယ်)၊
(၂) ပြည်မနား (ကူမဲမြို့အနီး၊ မြစ်သားမြို့နယ်)၊
(၃) မြစ်သာ (လက်ရှိ မြစ်သားမြို့)၊
(၄) ရမှန်း (စပါးတောရွာအနီး၊ ကျောက်ဆည်မြို့နယ်)၊
(၅) မြင်းခုံတိုင် (မြင်းချည်တိုင်၊ ကျောက်ဆည်မြို့နယ်)၊
(၆) ပနန် (ပန်းခွာရွာအနီး၊ ကျောက်ဆည်မြို့နယ်)၊
(၇) တမုတ် (ညောင်ပင်ဇောက်ရွာအနီး၊ ကျောက် ဆည်မြို့နယ်)၊
(၈) သင်တောင်း (သင်တောင်းကြီးရွာ၏ အရှေ့ဘက်၊ ကျောက်ဆည်မြို့နယ်)၊
(၉) မက္ခရာ (ညှော်ပြုရွာအနီး၊ ဇော်ဂျီမြစ်နှင့် မြစ်ငယ် မြစ်ဆုံ၊ စဉ့်ကိုင်မြို့နယ်)၊
(၁၀) တပြက်သာ (ရွာဟောင်းကုန်းရွာအနီး၊ မြစ်ငယ် မြစ်ရိုး၊ စဉ့်ကိုင်မြို့နယ်)၊
(၁၁) ခံလူး (လက်ပန်ချိုင့်ကျေးရွာအနီး၊ စဉ့်ကိုင်မြို့ နယ်)

ဟူ၍ မြစ်သားမြို့နယ်၌ သုံးမြို့၊ ကျောက်ဆည်မြို့နယ် အတွင်း၌ ငါးမြို့၊ စဉ့်ကိုင်မြို့နယ်အတွင်း၌ သုံးမြို့ အသီးသီး တည်ရှိကြသည်။

ထို ၁၁ ခရိုင်တွင် တစ်မြို့ပါဝင်သော တမုတ်မြို့ဟောင်း သည် ပန်းလောင်မြစ်၏ အရှေ့ဘက် ကြောင်ပန်းကုန်းကျေးရွာ အနီး တည်ရှိခဲ့ပြီး မြင်းခွာပုံသဏ္ဌာန်ရှိသော အုတ်မြို့ရိုးကို တည်ဆောက်ရာ အကျယ်အဝန်း ဧရိယာ ၂၅ဧကရှိသည်။

တမုတ် ရွှေဂူကြီးစေတီတော်မြတ်ကြီး၏ တည်နေရာ မှာ မန္တလေးတိုင်း၊ ကျောက်ဆည်မြို့၏ အနောက်ဘက် ၆မိုင်အကွာ၊ တံတားဦး ကားလမ်းဘေး၊ ကြောင်ပန်းကုန်း၊ ညောင်ပင်ဇောက်၊ ငယ်တိုးကျေးရွာတို့၏ အလယ်ဗဟို



www.burmeseclassic.com

www.burmeseclassic.com

တမုတ်မြို့ဟောင်းကုန်း၏ အတွင်းဘက်၊ အရှေ့တောင်ထောင့်တွင် ကပ်လျက် တည်ရှိသည်။ အစဉ်အလာအားဖြင့် ပြောဆိုကြသည်မှာ လယ်တွင်း ၁၁ခရိုင်မြို့များအနက် ပန်းလောင်မြစ်ရိုးတစ်လျှောက်တွင် ရှိသော ခံတပ်မြို့ ကိုးမြို့အနီးတွင် အနော်ရထာမင်းကြီးသည် ရွှေဂူစေတီတော်ကြီး ၉ဆူတို့ကို တည်ဆောက်ခဲ့ရာ ခံလူးရွှေ(ပနန်းရွာအနီး)၊ မြင်းခုံတိုင် ရွှေဂူကြီးစေတီတော်(မကျီးတောရွာအနီး)၊ ရွာနန်း ရွှေဂူကြီးစေတီတော်(မရှက်ရွာအနီး) စသည်အားဖြင့် ရွှေဂူကြီး ၉ဆူတွင် ဤတမုတ်ရှင်ပင် ရွှေဂူကြီးစေတီတော် ဂူဘုရားကြီးတစ်ဂူ အပါအဝင်ဖြစ်သည်။

တမုတ်ရှင်ပင် ရွှေဂူကြီးစေတီတော်သည် ပုဂံခေတ်ဦးပိုင်းက ပန်းလောင်မြစ်ရိုးတစ်လျှောက် အနော်ရထာမင်းကြီး တည်ထားပူဇော်ခဲ့သော ဂူကြီး ၉ခုအနက် တစ်ခုဖြစ်ခဲ့သော်လည်း နှစ်ပရိစ္ဆေဒ ကြာမြင့်လာ၍ ပျက်စီး ယိုယွင်းမှုကို ထိန်းသိမ်းပူဇော်သည့်အနေဖြင့် ပုဂံခေတ်နှောင်း(၁၂ရာစုအနှောင်းပိုင်း)လောက်တွင် မြစ်တော် နရပတိစည်သူမင်းကြီးက မူလစေတီပုံအထွဋ်တင် တစ်ထပ်ဂူ ဘုရားငယ်ကို ကွန်းတော်အကြီးအကဲများ၊ အပြင်မှ အလွန်အနုစိပ်လှသော ကနုတ်ပန်းများ၊ တိရစ္ဆာန်ရုပ်ပုံမျိုးစုံ၊ လူနတ်ဗြဟ္မာ၊ ကိန္နရာပေါင်းစုံတို့၏ အရုပ်ပုံများဖြင့် အလှဆင်ခဲ့သည်။ နောက်ဆုံးအနေဖြင့် အကျဉ်းရုံးရသော် သက္ကရာဇ် ၆၇၄ခု၊ ဥစ္စနာမင်းလက်ထက် စေတီတော်၊ သိမ်တော်၊ ဆင်းတုတော်တို့ကို ထပ်မံ လွှမ်းခြုံခြင်း၊ သက္ကရာဇ် ၇၁၇တွင် ပင်းယဘုရင် ဆင်ဖြူရှင် ကျော်စွာမင်းသည် တမုတ်ဘုရားကြီးသို့ လာရောက်ဖူးမြော်ပြီး ဘုရားဝတ္တကမြေများအမှုလုပ်ကျွန်များအား လှူဒါန်းခြင်း၊ ထို့နောက် တောပင် ချုံနွယ်များ ဖုံးလွှမ်းခဲ့ပြီး ၁၂၇၇ ခုနှစ်တွင် ဘုရားဒကာ ဦးစံထွား(ကြောင်ပန်းကုန်း)မှလည်းကောင်း၊ ၁၃၅၂ ခုနှစ်တွင် ကျောက်ဆည်မြို့နယ်(ရွှေကျင်) သံဃနာယက ဆရာတော်များ၏ တာဝန်ပေးအပ်ခြင်းဖြင့် ဂေါပကအဖွဲ့ ဒေသခံ ရပ်မိရပ်ဖ ရ·ယ·က များ၏ ပင့်လျှောက်ချက်အရ မဟာဂန္ဓာရုံတိုက်မှ အရှင်ဇနေ္ဒာဘာသ (ငယ်တိုးရွာဇာတိ) ကြွရောက် သီတင်းသုံးခဲ့ပြီး ၁၃၅၂ခုနှစ်၊ ဝါခေါင်လဆန်း ၅ရက်နေ့တွင် သံဃနာယက ဆရာတော်များနှင့် ရွှေဂူကြီးကျောင်းထိုင်ဆရာတော်၏ လမ်းညွှန်မှုဖြင့် ပြုပြင်ရှင်းလင်း ထိန်းသိမ်းကြပေသည်။

ထိုမှတစ်ဆင့် ကျောက်ဆည်ခရိုင်၊ ညောင်ရွှေကွင်း ကျေးရွာအတွင်း အနော်ရထာ၏ ကောင်းမှုတော်ဖြင့် တည်ထားတော်မူသော ရှင်ပင်ရွှေဆပ်သွား ဘုရားကြီးသို့ ရောက်ခဲ့ရပြန်သည်။ ဤဘုရားကြီးသည်လည်း မူလက ကိုးတိုင်ကိုးဌာန သာသနာပြု သီရိဓမ္မာသောကမင်းကြီး၏ ဘုရားအား ပုဂံခေတ် အနော်ရထာမှ ပြန်လည်၍ တည်ထားကြောင်း သမိုင်းအထောက်အထားများ ရှိကြသည်။ အောက်ပါ စာကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပေသည်။


အနိရုဒ္ဓေါ၊ မဟာပုညော၊ မရမ္မရဋ္ဌမာပိတော၊ တံအာ ဒိကာံ၊ သပုညေဟိ၊ မရမ္မရာဇူဟိ၊ ပူဇိတာံ။

သုဝဏ္ဏကေတကီဗုဒ္ဓ၊ အဘိဝန္ဒာမိ၊ သာဒရံ၊ တေနု နဘာဝေန၊ သဗ္ဗာဏ္ဏစ္စာ ဘဝန္တုမေ။

သာသနာ့သမိုင်းတွင် မော်ကွန်းဝင်သား ဘုရ အသောကမင်းရာဇာ၏ ပုညကုသလ အရင်းခံသည့် မှ မှဌော့ မြတ်ရှင်စောကို မနော်မယီဒ္ဓိဘုန်းကံရှိသည့် အနိ မည်နာမဖြင့် မြန်မာပြည့်အရှင် အနော်ရထာဘုရင်က ရှင် ဆပ်သွား ဘွဲ့တော်ထား၍ တိုင်းသားပြည်သူ ကုသိုလ်ယူ ဖြူစင်ဆပ်သွား မြတ်ဘုရားသည် ခေတ်များအဆက်ဆ ဘုန်းရောင်တက်မို့ ထွန်းလက်ဂုဏ်အင် မြတ်ရှင်ပင်ကို ဦးတ မြတ်နိုး လက်စုံမိုးကာ ကောင်းကျိုးချမ်းသာ မင်္ဂလာ ဖြစ်ပါစေကြောင်း ဆုမွန်တောင်းသည် အပေါင်းသိဒ္ဓိပြီး သော်။

"ပုဂံခေတ် အနော်ရထာမှသည် ဆပ်သွားကိုးဆူ ကိုးဂူ၊ မှဌောကိုးခု၊ ဆည်ကိုးခု၊ အနော်ရထာကောင်းမှု" တ ကျောက်ဆည်မြို့အတွင်း အနော်ရထာ၏ ကောင်းမှ ရှင်ပင်ရွှေဆပ်သွားစေတီ ကိုးဆူ၊ ရှင်ပင် ရွှေဂူကြီးစေ ကိုးဆူ၊ ရွှေမှဌောစေတီတော် ကိုးဆူနှင့် ဆည်ကိုးဆည်တ ရှိကြောင်း သိရပေသည်။ ဤရာဇဝင် သမိုင်းကြောင်းအ နောင်အခါ အပြည့်အစုံတင်ပြပါဦးမည်။

◆◆◆





www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ (၂-၂-၂၀၁၂) ကြာသပတေးနေ့ ...ဉနာရီတွင် မြကျောက်ဆရာဘုရားကြီးမှ ခုနစ်ရက် ...သမီးများနှင့်အတူ ဘုရားပန္နက်တင် မင်္ဂလာပြုကြလေ ... ဆရာတော်ဘုရားကြီးသည် ကိုးတိုင်း ကိုးဌာနမှ ထင် ... ပန္နက်ရိုက်အချိန်အား ကိုးဂဏန်းကို မိအောင် ...သည်ကို တွေ့ရ၏။ ပန္နက်ချရင်း အောက်ခြေလိုင်းသို့ ...ရာ ပျူခေတ် အုတ်လေးလုံးနှင့် ပျူအိုးကွဲများကို ...လေသည်။ ကိုစိုးပိုင်၏ သုံးသပ်ချက်အရ အုတ်ခဲများ ...ကွရာများကို တွေ့ရသည်။ ဝ၊ ထ၊ ရ၊ ၎ စသဖြင့် ...င်ရှားရှားတွေ့ရ၏။ ဤစေတီကိုလည်း ရှေးယခင်က ...တို့ ဦးစွာတည်ပြီးမှ ပုဂံခေတ် အနော်ရထာမှ ဆက် ...ည်ထားသည်ဟု ယူဆလေသည်။

သမိုင်းပညာရှင်များအနေဖြင့် မြန်မာအစ တကောင်း ... မြန်မာအစ ပျူခေတ်က၊ မြန်မာအစ ကျောက်ဆည်က ... ကိုယ့်ယူဆချက်နှင့်ကိုယ် အဆိုပြုကြသည်။ တကယ် ... ကျောက်ဆည်ဆိုသော နယ်မြေဒေသတွင် ပုဂံမခွမီ ...ခင်နှစ်ပေါင်း နှစ်ထောင်ကျော်ကပင် ပျူလူမျိုးတို့ ...ခြ၍ နေထိုင်ခဲ့ကြောင်း လေ့လာမှတ်သားဖူးသည်။ ပျူ ...ကင်းများ၊ ပျူရွာများ၊ ပျူတို့၏ အသုံးအဆောင်ပစ္စည်း ...ကိုလည်း တွေ့ရှိရပေသည်။ ဘုရားပန္နက်ချသည့် သမြေ ...အပါအဝင် အနီးအနားရှိ ကျေးရွာများသို့ သူကြီးဆိုသူ ...ယ်တစ်ယောက်၏ ဆိုင်ကယ်ဖြင့် မိမိနှင့် ကိုစိုးပိုင် ...သွားလေ့လာရေးထွက်ဖြစ်ကြသည်။ ညောင်လှမြို့ ...င်၊ ပုန်းညက်ကျေးကွင်း၊ ဘုရားကုန်း စသဖြင့် ကျေးရွာ ...ငါးခြောက်ရွာမှာ ရှေးဟောင်းမြို့ရိုးများ၊ ခံတပ်များ၊ ...ာ်ဖုတ်ကုန်းများ၊ ဘုရားပြို ဘုရားပျက်များကို မှစ်တက် ...င် တွေ့ရလေသည်။

ကိုစိုးပိုင်ကတော့ ဤကျောက်ဆည်ခရိုင်သည် လွန်ခဲ့ ...သာ နှစ်ပေါင်း နှစ်ထောင်ကျော်ကတည်းက ပျူလူမျိုးတို့ ...ထိုင်ကြသည်ဟူ၍ ယူဆထားပေသည်။ တကယ်တော့ ...မာတို့သည် ပျူမှ ဆင်းသက်လာသည်ဖြစ်၍ မြန်မာသည် ...န်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်ကတည်းက ရှိနှင့်ပြီး ...၍ဆိုပါသည်။ သည်တုန်းကတည်းက မြန်မာလူမျိုးတို့ ...ည် ကိုယ့်ဘာသာ၊ ကိုယ့်ယဥ်ကျေးမှုတို့ဖြင့် ရှိကြပေသည်။ ...ရေခေတ္တရာမှ ရရှိသော ရွှေပေလွှာအချပ် ၂၀တွင် ပျူခေတ် ...ပေလွှာများဖြစ်၍ ယနေ့ ရှေးဟောင်းသုတေသနဌာနတွင် ...နေပါသည်။ ဤရွှေပေလွှာတွင် ဗုဒ္ဓစာပေများအား ပျူစာဖြင့် ...သားထားသည်ကို အခိုင်အမာတွေ့ရ၏။ ဆိုလိုချင်သည်က မြန်မာလူမျိုးတို့သည် ပုဂံမတိုင်မီ ပျူခေတ်ကတည်းက ယဥ်ကျေးမှုရှိပြီးသား ဗုဒ္ဓနွယ်ဝင်များ ဖြစ်ကြသည်ကို ဆိုချင်ပါသည်။

ပုဂံခေတ်၊ သုဝဏ္ဏဘုမ္မိ သထုံခေတ်၊ အနော်ရထာ၊ ရှင်အရဟံ၊ အရှင်သောန၊ အရှင်ဥတ္တရမထေရ်တို့၏ ခေတ်ကျ မှ ထေရဝါဒဗုဒ္ဓသာသနာ နေလို လလို ထွန်းကားပြန့်ပွား သည်မှန်ကြားသော်လည်း ဗုဒ္ဓနွယ်ဝင် သက်ဝင်သည်ကား ပျူခေတ်ကတည်းကဟု ယူဆမိပါသည်။ ယနေ့လူအများက တော့ ပုဂံခေတ်၊ သထုံခေတ်ကျမှ ဗုဒ္ဓဘာသာ မြန်မာပြည် ကို စတင်ပြီး ရောက်လာရသည်။ ပုဂံခေတ်ကျမှ ဩကာသ စတင် သင်ယူရသည်ဟူသော သဘောမျိုးဖြင့် မှတ်ယူနေ ကြသည်။ တကယ်တော့ ပျူခေတ် ရွှေပေလွှာများအား သုံးသပ်ကြည့်ပါမှ နှစ်ပေါင်း နှစ်ထောင်ကျော်ကတည်းက မြန်မာလူမျိုးရှိနှင့်ပြီး ယဥ်ကျေးပြီးသား ထေရဝါဒဗုဒ္ဓသာသနာ သက်ဝင်ပြီးသားဖြစ်သည်။

ဤနေရာ၌ မိမိအဖို့ အားရကျေနပ်မိပေသည်။ မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်ရသည်မှာ ကောင်းလေစွတကားဟူ ၍ မြကျောက်ဆရာတော်ဘုရားကြီးသည် ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြား၊ နီလာ စသည်ဖြင့် ရတနာအုတ်များအား မြှုပ်နှံ၍ မေတ္တာပို့ အမျှဝေအပြီးတွင် ပကတိ ငြိမ်သက် အေးချမ်း တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်တစ်ခုလုံး အမှတ်မထင် ရုတ်ခြည်းဆိုသလို လေပွေရူးများ ဝင်ရောက်လာကြသည်မှာ တရုတ် နဂါးများ နှစ်အကူးမှာ ဝှေ့ယမ်း၍ ကနေသည့်အလား ထင်မှားရပေသည်။ ဤသည်ကလည်း ပြည်တော်အေးချမ်း ရန်အောင်မြင်စေတီတော်၏ ပန္နက်ချမင်္ဂလာ အောင်မြင်မှု ထူးခြားသည့် လက္ခဏာတစ်ရပ်ပင်တည်း။ စေတီပန္နက်ချ အခမ်းအနားပြီးဆုံး၍ ခုနစ်ရက်သားသမီးများ အမျှအတန်း ပေးဝေ သာဓုအနုမောဒနာခေါ်ဆို၍ စေတီတော်အား ဦးခိုက် ပူဇော်ကြလေသည်။

ထိုနေ့ညမှာပင် မိမိနှင့်အတူ ဆရာ ကိုမြင့်ဦး၊ ကိုစိုး ပိုင်တို့ သုံးဦးသား စေတီတော်ကို ဦးခိုက်ပူဇော်အပြီး ဆရာ ဦးကြည်ဝင်းအား နှုတ်ဆက်၍ ရန်ကုန်သို့ ပြန်လာကြလေ သည်။ လမ်းခရီးတစ်လျှောက် ဤစေတီတော်အား အကောင်း ဆုံးနှင့် အမြန်ဆန်ဆုံး ပြီးမြောက်အောင်မြင်ပါစေဟူ၍သာ မေတ္တာပို့ ဆုတောင်းရပေသည်။

* * *

မောင်သဉ်သိုင်း(ဖားသီးတ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဝမ်းတွင်းရှိ အစာကို ကြေကျက်အောင် ချက်သော ...ဂါအစိတ်အပိုင်းကို စက်ကိရိယာကြီးတစ်ခုနှင့် နှိုင်းလိုက် ...ှင် လူတို့ ပြုလုပ်သော စက်ကိရိယာမျိုးတို့၏ နယ်တွင် ...ည်းကောင်း၊ သဘာဝမွေ့အလျောက် ဖြစ်ပေါ်သော အခြား ...ကိရိယာတို့၏ နယ်တွင် လည်းကောင်း၊ ဤစက်ကိရိယာကဲ့ ...သို့ ခက်ခဲသိမ်မွေ့လှ၍ အလွန်နေရာကျသည့် အခြားအရာ ...တစ်ခုကို ရှာဖွေတွေ့ရှိနိုင်ရန် မရှိချေ။

သတင်းစာတိုက်ကြီးများတွင် စက္ကူကို အလိပ်လိုက် ...သွင်းပေးလိုက်ခြင်း၊ စာပုံနှိပ်ခြင်း၊ ဖြတ်တောက်ခြင်း၊ သူ ...အမှာနှင့်သူ မမှားရအောင် ခေါက်ခြင်း၊ တံဆိပ်ကပ်ခြင်း ...တို့ကို အစအဆုံးတိုင် ပြုလုပ်ပေးနိုင်သည့် စက်ကိရိယာကြီး ...များလည်း ရှိကြ၏။ စပါးကို ထည့်ပေးလိုက်လျှင် အခွံနှာ ...ပြုအောင် ဖွပ်ခြင်း၊ ဖွပ်ပြီးသောဆန်ကို တလမ်းမှထုတ် ...နှံ့တလမ်း၊ ဖွဲကြမ်းတလမ်း၊ ဖွဲလတ်တလမ်း၊ ဆန်ကွဲ ...လမ်း ထွက်စေနိုင်သော စက်ကိရိယာမျိုးလည်း ရှိကြ၏။ ...ရှုပ်ထွေးသော အလုပ်အမျိုးမျိုးလုပ်နိုင်သည့် စက်ကိရိယာ ...များလည်း ပေါပေါက်လျက်ရှိကြ၏။ သို့ရာတွင် ၎င်းစက်ကိရိ ...ယာမျိုးတို့သည် ခန္ဓာကိုယ်တွင်းရှိ အစာချေချက်ပေးသော ...စက်ကိရိယာနှင့် နှိုင်းလိုက်သည့်အခါ အလွန်ရိုးလှ၍ အလွန် ...ကြမ်းထမ်းသေး၏။

ကျွန်ုပ်တို့သည် အစာကို ခံတွင်းသို့ ထည့်သွင်းလိုက် ...သည်နှင့် သွားတို့က စားကြိတ်ပေးသည့်အခါ ထိုအစာကို ...ကျက်ကြေအောင် ကြိတ်ရုံသာမက၊ ခံတွင်းမှ အလျှံ ...ထွက်အောင် ထွက်နေသော သွားရည်နှင့် သမအောင် ရော ...မွှေနှောက်ပေးခြင်းအလုပ်ကိုလည်း ဆောင်ရွက်လျက် ...အဆိုပါ သွားရည်တွင် အစာကို ကြေကျက်စေနိုင်သည့် ...ဓာတ်တစ်မျိုးပါရှိသဖြင့် အစာကြေကျက်ဖို့အလုပ်ကို ခံတွင်း၌ ...ပင်ကပင် စတင်လုပ်ကိုင်လျက်ရှိလေပြီ။

အစာကို ခံတွင်းမှ မျိုချပြီးသည့်နောက်၌လည်း ဝမ်း ...တွင်း ရှိသော အင်္ဂါအစိတ်အပိုင်းတို့သည် ထိုအစာကို ချေ ...ချက်ခြင်းအလုပ်တွင် သူ့အလုပ်နှင့်သူ လုပ်ကြရ၏။ တစ်ခုသော ...အင်္ဂါအစိတ်အပိုင်း၏ အလုပ်ကို အခြားသော အင်္ဂါအစိတ် ...အပိုင်းက မဆောင်ရွက်နိုင်ချေ။ အသည်း၏ အလုပ်ကို ...အသည်းကသာလျှင် လုပ်နိုင်၍၊ သည်းခြေ၏ အလုပ်၊ ...အူလက်ကပ်၏ အလုပ် စသည်တို့မှာလည်း သူ့တာဝန်နှင့် သူ ရှိနေကြ၏။

အစာကို ချေချက်ရခြင်းအလုပ်ဆိုသည်မှာ ခံတွင်းမှ စားမျိုလိုက်သော ဝတ္ထုပစ္စည်းတို့ကို ဆိုင်ရာဆိုင်ရာ အင်္ဂါတို့က နုတ်ယူသုံးစွဲနိုင်သည့်အခြေမျိုးသို့ ရောက်အောင် ဓာတ်ခွဲပေးရခြင်းပင် ဖြစ်လေရာ၊ ထိုကဲ့သို့ ဓာတ်ခွဲပြီးသည့်နောက် ဆိုင်ရာ အင်္ဂါတို့က လိုသမျှကို စုပ်နုတ်၍ သွေးကြော စသည်တို့သို့ ပို့ဆောင်ကြရလေသည်။ သွေးကြောထဲသို့ ရောက်ကြသော အာဟာရတို့ကိုလည်း ဦးနှောက်၊ အကြော၊ ကြွက်သား၊ သွေးအိမ် စသည်တို့အဖို့ ဆိုင်ရာဆိုင်ရာ အသုံးပြုကြစေနိုင်ခြင်းမှာ ထပ်မံ၍ ဓာတ်ခွဲရပြန်လေသည်။

အစာအိမ်တွင်းသို့ ဝင်လာသော အစာများအနက် အစေးပါသည့် ထမင်း၊ သကြား စသည်တို့ကို တစ်မျိုးနည်းနှင့် ချေချက်ရ၍ သားငါး၊ မလိုင်၊ ထောပတ် စသည်တို့ကို တစ်မျိုးနည်းနှင့် ချေချက်ရ၏။

အစေးပါသည့် သကြား၊ ထမင်း အစရှိသည့် အစားအစာမျိုးမှာ အချဉ်မပေါက်တဲ့ အစာချေချက်နိုင်စေရန် အလိကာလီဓာတ်ကို ကိုယ်ခန္ဓာမှ အလိုရှိကြ၏။ လုံလောက်စွာ မဝါးမကြိတ်သဖြင့် သွားရည်ဖြင့် သုတ်လိမ်းခြင်း မခံခဲ့ရသည့်အခါ ထိုအစားအစာမျိုးမှာ ဝမ်းထဲတွင် အချဉ်ပေါက်တတ်လေသည်။ ထိုအစာမျိုးတို့ကို ချဉ်သောအသီးတို့နှင့် တွဲဖက်စားသောက်ပါလျှင်လည်း အယ်လ်ကာလီဓာတ် လုံလောက်စွာ မထွက်နိုင်ရှိနေသဖြင့် အစာမကြေတတ်ဖြစ်လေ၏။

ထမင်း၊ သကြား စသော အစားအစာတို့ကို ချေချက်ပြီးနောက် အူတစ်မျိုးထဲမှ တစ်မျိုးပြောင်းရွှေ့၍ ဓာတ်ခွဲခြင်းအလုပ်ကို လုပ်ကြရလေရာ နောက်ဆုံးတွင် ဂလူကို့စ်ခေါ် မူလ သကြားမျိုးအဖြစ်သို့ ရောက်ကြရလေသည်။ ကျွန်ုပ်တို့ စားသုံးနေကြသော သကြားတို့မှာ မူလ သကြားများမဟုတ်။ အသီးအပင်တို့က ပြုပြင်စီရင်ထားသော သကြားများသာ ဖြစ်လေရာ ၎င်းတို့ကို မူလသကြားအခြေသို့ ပြန်ရောက်အောင် ပြုပြင်ခြင်းသည် ထိုစက်ကိရိယာကြီး၏ အလုပ်ဖြစ်ချေ၏။

အူတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ခွဲစိတ်ပြီးသည့်နောက် ညက်ကြေနေသော အစာပျော့တို့သည် အသည်းထဲသို့ ဆိုက်ရောက်လာကြရလေရာ ထိုအသည်း၏ အလုပ်မှာ ညက်ပြီးသော အာဟာရတို့ကို ဆိုင်ရာအရပ်သို့ မပို့မီ စစ်ထုတ်ပေးရန်ဖြစ်လေသည်။ စစ်ထုတ်ခွဲခြားပြီးနောက် အသည်းသည် သင့်တော်သော ဝတ္ထုပစ္စည်းတို့ကို သွေးသားသို့ ရောက်စေရန် ဆိုင်ရာသို့ ပို့၍ မသင့်တော်သေးသော ဝတ္ထုပစ္စည်းတို့ကို ဆိုင်ရာသို့ တစ်ဖန် ပြန်ချက်ရန် ပို့ရလေသည်။ နောက်တစ်ဖန်

www.burmeseclassic.com

www.burmeseclassic.com

ပြန်ချက်၍ ရနိုင်သမျှသော ဩဇာတို့ကို သွေးသားအတွက် ဆိုင်ရာသို့ ပို့၍ လုံးလုံးအသုံးမဝင်သော ဝတ္ထုပစ္စည်းတို့ကို ရေဆိုးမြောင်းမှ ထုတ်ပစ်စေရန် ဆိုင်ရာသို့ ပို့လိုက်လေသည်။

သကြားနှင့် ဆန်ထမင်းတို့မှ ကြေကျက်ပြီးသော အရာတို့ကို သွေးသားသို့ ပို့ရန်နေရာသို့ ရောက်သောအခါ အူမ၏ ထိပ်ဖျားမှ ထွက်သော ကဇော်ရည်တစ်မျိုးနှင့် ရောစပ်လိုက်သဖြင့် ခန္ဓာစက်ကြီးအတွက် အသုံးပြုနိုင်သည့် ဂလူကိုဂျင်ခေါ် ထင်းအဖြစ်သို့ ရောက်သွားရလေသည်။ ထိုထင်းကို သွေးထဲ၌ ဖြစ်စေ၊ အသားမျှင်ထဲ၌ ဖြစ်စေ၊ ကြွက်သားထဲ၌ ဖြစ်စေ၊ အသည်းအကြိုအကြားထဲ၌ ဖြစ်စေ၊ အလိုရှိသောအခါ အသုံးပြုနိုင်ရန် စုဆောင်းသိုလှောင်ထားလေသည်။ ကျွန်ုပ်တို့သည် ကိုယ်လက်လှုပ်ရှားသောအခါ၌ ထိုထင်းကို အသုံးပြုရလေသည်။

အူမကြီးမှ ကစော်ရည် လုံလောက်စွာ ထုတ်မပေးနိုင်သော်သူတို့မှာ ကြေညက်ပြီးသော အာဟာရရည်ကို ထင်းအဖြစ်သို့ရောက်အောင် ဓာတ်ခွဲပေးရန် မတတ်နိုင်ဘဲ ရှိရကား၊ သွေးကြောထဲတွင် သကြားအတိုင်း တည်နေရ၍ သွေးကြောမှ ထုတ်လိုက်သောအခါ ဆီးထဲတွင် သကြားအဖြစ်နှင့်ပင် လိုက်ပါသွားရလေသည်။ ထိုသူတို့၏ ဆီးသည် ချိုသော အရသာရှိ၍ ဆီးချိုရောဂါစွဲကပ်သည်ဟု ခေါ်ဆိုကြ၏။

သား၊ငါး စသော အစာအာဟာရမျိုးကို ချေချက်ရသော အလုပ်မျိုးမှာ တစ်နည်းဖြစ်၏။ သားငါးတို့ကို ခံတွင်း၌ ကြိတ်ဝါးရသောအလုပ်မှာ ညက်ကြေစေရုံမျှသာဖြစ်၍၊ သွားရည်နှင့် သုတ်လိမ်းပေးရန် ရည်ရွယ်ချက်မရှိချေ။ ၎င်းအစားအစာမျိုးသည် သွားရည်နှင့် မတွေ့ရဘဲ မျိုချလိုက်စေကာမူ အတွင်း၌ ကြေကျက်နိုင်မည်သာဖြစ်၏။ ဥပမာ - ခွေး၊ ကြောင် စသော သတ္တဝါတို့သည် သားတစ်သားတုံးကို မဝါးကြိတ်ဘဲ မျိုချတတ်ကြသော်လည်း ဝမ်းထဲတွင် ကြေကျက်ကြရသည်သာ ဖြစ်၏။

သားငါးတို့သည် အစာအိမ်ထဲသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် အစာအိမ်မှ အချဉ်ဓာတ်ပါရှိသော အရည်တစ်မျိုး ထွက်လာ၍ ၎င်းနှင့် သမအောင် ရောနှောပေးလိုက်ခြင်းအားဖြင့် ထိုအစားအစာမျိုးမှာ နူးနပ်၍သွားရလေသည်။ ရောနှောပြီးသော အစားအစာတို့သည် အစာအိမ်အောက်ထပ်ရှိ အူမထဲသို့ ရောက်သောအခါ အူမနှင့် အသည်းတို့မှ ထွက်သော အရည်နှင့် ဘင်ဖန်ရောစပ်၍ ဓာတ်ခွဲသောအလုပ်ကို လုပ်ကြရလေသည်။ ထိုမှတစ်ဖန် အသည်းအနီးရှိ အူမကြီးထဲသို့

ရောက်သွား၍ အသည်းသည် ထမင်းနှင့် သကြား စသော
အစားအစာမျိုးကို စစ်ဆေးသည့်နည်းတူ၊ ၎င်းအစာမျိုး
လည်း သွေးကြောနှင့် သင့်မသင့်၊ လျော်မလျော် စစ်ဆေး
သင့်တော်သော အစိတ်အပိုင်းကို တစ်ကိုယ်လုံးသို့
လျှောက်ရန်နေရာသို့ ပို့လိုက်လေသည်။ သွေးကြောထဲ
ရောက်သောအခါ ကျွန်ုပ်တို့ ခန္ဓာအိမ်ဆောက်လုပ်မှု ပြင်
ရေးအတွက် အသင့်ဖြစ်သော အခြေအနေမျိုးသို့ ရော
အောင် တစ်ဖန်ထပ်၍ ဓာတ်ခွဲပြီးလျှင် အချို့ကို ကိုယ်ခ
အသစ် ပြင်ဆင်မှုအတွက် အသုံးပြု၍၊ အချို့ကို အသ
အကြိုအကြား စသော နေရာမျိုးတို့တွင် နောင်ရေး
သိုလှောင်ထားလေသည်။

သား၊ ငါး၊ ကြက်ဥ စသော ပရိုတင်းခေါ် အာဟာ
တို့သည် အချိန်ကာလကြာရှည်သည့်အခါ ပုပ်ရိနံ့စော်
သော သဘောရှိ၍ သကြား၊ ထမင်း စသော အစားအစ
မှုကား ကာလကြာသောအခါ ကစော်ပေါက်တတ်
သဘောရှိလေသည်။ ထို့ကြောင့် ၎င်းတို့သည် အစာ
အိမ်ထဲသို့ နောက်ဆုံး ရောက်ရသောအခါတွင် မပုပ်မ
ထုတ်ပစ်ဖို့ အရေးကြီးလှပေသည်။ အဆီ စသော အရာ
တို့ကို ချေချက်ရန်မှာမူ သည်းခြေမှထွက်သော အရည်
ရောစပ်လိုက်ရုံမျှနှင့်ပင် သွေးကြောအတွက် အသုံးပြုနိုင်
အာဟာရအဖြစ်သို့ ရောက်သွားနိုင်သည်ဖြစ်၍ ရှုပ်ထွေး
မရှိလှချေ။

အဆီ စသော အစာအာဟာရမျိုးမှာ အသားမျှင်
အကြားတွင် လိုလိုမယ်မယ် သိုလှောင်ထားသည် ဖြ
ထင်းအဖြစ်နှင့် ချက်ချင်းအသုံးပြုလိုက်သည် ဖြစ်စေ၊ ပြ
နိုင်သည်ဖြစ်၍ သကြား စသော အာဟာရတို့နည်းတူ
လက်လှုပ်ရှားခြင်းအတွက် အသုံးပြုနိုင်လေသည်။ သို့
အဆီကို စားမှသာလျှင် အဆီဖြစ်နိုင်သည်ဟု အချို့မှတ်
နေကြသော ဝါဒမှာ လုံးလုံးမမှန်ချေ။ မြက်၊ ပဲ
အစားအစာများကိုသာ စားသောက်ကြရသော တိရစ္ဆာ
၏ ကိုယ်ခန္ဓာတွင်လည်း အဆီပြင်များကို တွေ့ရှိရ
ကြောင့် ဂျုံ၊ ဆန် စသည်တို့တွင် အဆီဖြစ်စေနိုင်
သတ္တိပါရှိလေသည်။

အဆီတို့သည် အခြားသောအစားအစာတို့နှင့် တွဲ
စားသောက်သော်လည်း အစာကြေကျက်ခြင်းကို အ
အယုက်မပြုတတ်သောကြောင့် တွဲဖက် စားသုံးခြင်းဖြ
၏။ သို့ရာတင် သား၊ ငါးတို့ကို ဆီနှင့် ကြော်လိုက်
တွင်မူကား အစာအိမ်ထဲတွင် အချဉ်ရည်ဓာတ်နှ



www.burmeseclassic.com

www.burmeseclassic.com

အခါ အလွယ်တကူ မနှုးနပ်ဘဲ ရှိတတ်သောကြောင့် အစာကြေကျက်ခဲသောသူတို့သည် သား၊ ငါးကြော်များကို ရှောင်ရှားကြ၏ပေသည်။

သကြားနှင့် ထမင်း စသော အစားအစာမျိုးသည် အယ်လ်ကာလီဓာတ်မျိုး အလိုရှိခြင်းကို လည်းကောင်း၊ သား ငါး စသော အစားအစာမျိုးသည် အက်စစ်ရည် အလိုရှိခြင်းကို လည်းကောင်း သိရှိကြရ၍ အက်စစ်ဓာတ်နှင့် အယ်လ်ကာလီဓာတ်တို့၏ ဆန့်ကျင်ဘက်ရှိကြသော သဘောကို လည်း ရိပ်မိနားလည်ကြပြီဖြစ်ရကား၊ ထိုအာဟာရနှစ်မျိုးတို့ ကို တစ်ပြိုင်နက်တည်း တွဲဖက်စားသုံးခြင်း၏ မလျော်ခြင်းအကြောင်းကို သဘောပေါက်လောက်ပေပြီ။

အားလုံးသောအစားအစာတို့သည် ကြေညက်ပြီးသည့်နောက် အစာဟောင်းအိမ်သို့ နောက်ဆုံး ဆိုက်ရောက်လာသောအခါ အစာဟောင်းအိမ်၌ ရှိသော သွေးကြောတို့သည် အစာထဲတွင် 'အကတ်အသတ် ကြွင်းကျန်နေသေးသော အရာတို့ကို ထပ်မံ စုပ်ယူပြီးနောက် ကျင်ချေး အဖြစ်နှင့် စွန့်ပစ်ရန်အလုပ်သာလျှင် ရှိချေတော့၏။

အစာဟောင်းအိမ်ထဲတွင် ကျင်ချေးရှိနေခြင်းသည် အရေးမကြီးဟု မှတ်ထင်ဖွယ်ရှိသော်လည်း ထမင်း စသော အာဟာရမျိုးကို ကောင်းစွာ မဝါးကြိတ်လိုက်သဖြင့် အရည်နှင့် ကောင်းကောင်းကြီး မရောစပ်လိုက်ရသောအခါ မကြေကျက်သော ထမင်းစေးတို့သည် အစာဟောင်းအိမ်ထဲတွင် ကစော်ပေါက်ခြင်း၊ ပုပ်သိုးခြင်းတို့ဖြစ်၍ အလွန်နံစော်လှသော အပုပ်တို့ကို ထုတ်လည်ရလေသည်။ ဝမ်းရောင်သည်ဆိုခြင်းမှာ ထိုအခြင်းအရာပင် ဖြစ်ချေ၏။ ကစော်ပေါက်ပြီးမှ အမလည်ရလျှင် ဘေးထိုးရင်ကျပ်ဖြစ်တတ်သော်လည်း ထလည်ရတိုင်း ကောင်းသည်ဟု မမှတ်ယူအပ်ချေ။ အလွန်ကျန်းမာ၍ အစာကောင်းကောင်းကြီး ကြေကျက်သောသူတို့မှာ အလွန်အမင်း လေလည်သည်ဟု မရှိချေ။

အစားအစာသည် ခံတွင်းမှ ဝင်သည့်အချိန်မှစ၍ နောက် ထုတ်ပစ်သောအချိန်တိုင်အောင် ဖျမ်းမျှခြင်းအားဖြင့် ၇ နာရီမျှ ကြာရှိတတ်သည်ဖြစ်ရာ ထိုကာလအတောအတွင်း ပုပ်စရာရှိလျှင် ပုပ်၍၊ ကစော်ပေါက်စရာရှိလျှင်လည်း ပေါက်ဖို့ အချိန်လုံလောက်နေလေပြီ။

အချို့သူတို့သည် ထမင်းစားပြီးလျှင် မကြာမီအတွင်း လေချဉ်တက်ခြင်း၊ စားချင်ပြန်ခြင်းတို့ ဖြစ်တတ်၏။ ထိုသူတို့သည် ထမင်းကို ချဉ်သီးများနှင့် ဖြစ်စေ၊ သား ငါး စသော ဟင်း အာဟာရမျိုးနှင့် ဖြစ်စေ၊ တွဲဖက် စားသုံးခြင်းမှ ရှောင်ရှားလိုက်သည်နှင့် တစ်ပြိုင်နက် ထိုအဖြစ်မျိုးမှ ချက်ချင်း သက်သာရာရကြပေလိမ့်မည်။

ထမင်းနှင့် သားငါးကို လူတိုင်းပင် စားကြသည်ဟု ဆင်ခြေမတက်ကြလေနှင့်။ လူတိုင်းသည် ရောဂါကလေး တစ်မျိုး တစ်မျိုးစီ ရှိတတ်ကြ၍ ပထမတန်း ကျန်းမာသူတို့မှာ အလွန်နည်းပါးလှပေသည်။ ဤစာအုပ်ကား ပထမတန်း ကျန်းမာခြင်းကို အလိုရှိ၍ တစ်သက်လုံး မဖျားမနာလိုသူတို့ အတွက်ဖြစ်၏။

ကိုယ်နှင့် စိတ်တို့သည် အပြန်အလှန်ကျေးဇူးပြုတတ်ခြင်းအကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်ရာ ဖော်ပြခဲ့ပြီးသော အာဟာရ စားသုံးနည်းကို လိုက်နာသောသူတို့မှာ စိတ်သည် ရုပ်ထက် လျင်မြန်စွာ ပြောင်းလဲတတ်သည်ဖြစ်သောကြောင့် ခန္ဓာကိုယ်မှ သိသိသာသာကြီး အထိမ်းအမှတ်များ မပြတ်သေးမီ စိတ်၏ ရွှင်ပျကြည်လင်ခြင်း၊ ပေါ့ပါးလျင်မြန်ခြင်းတည်းဟူသော အခြင်းအရာတို့ကို ကြိုတင်ခံစားကြရပေလိမ့်မည်။

ရောဂါဟူသမျှတို့သည် အစာအာဟာရတို့ကြောင့် ဖြစ်ရ၍ အစာအာဟာရကို မှန်ကန်စွာ ရွေးချယ်စားသုံးခြင်းမှာ လည်း မိမိတို့ကိုယ်တိုင် တတ်နိုင်သော အရာမျိုးဖြစ်ရကား ကျန်းမာမှု၊ မကျန်းမာမှုသည် မိမိတို့လက်ထဲတွင် ရှိပါလျက် ကောင်းသော အရာဘက်သို့ လိုက်နာဖို့ မကြိုးစားခဲ့လျှင် ဉာဏ်ပညာနည်းရာရောက်ကြပေလိမ့်သတည်း။■

* * *

ရွှေဥဒေါင်း



www.burmeseclassic.com


www.burmeseclassic.com



## ပတ္တမြားမြေ မိုးကုတ်မြို့မှ

# အံ့ဖွယ်ထူးထူး ဘောင်တော်ဦး မြတ်စွာဘုရား

မင်းသုခ




မိုးကုတ်မြို့ကို ကောဇာသက္ကရာဇ် ၅၇၉နှစ်က စတင်တည်ခဲ့၍ မြို့သက်တမ်းမှာ နှစ်ပေါင်း ၇၀၀နီးပါးခန့်ရှိပြီဖြစ်သည်။ ထိုစဉ်က မိုးမိတ်စော်ဘွားလက်အောက်ခံ ဖြစ်ခဲ့သည်။ ကမ္ဘာတွင် အကောင်းဆုံး ပတ္တမြားထွက်သည့် မိုးကုတ်မြို့မှာ မန္တလေးမြို့နှင့် မိုင်ပေါင်း ၁၃၀ခန့် ကွာဝေးသည်။ ထိုသို့ ပတ္တမြား၊ နီလာ အစရှိသည့် အဖိုးတန် ကျောက်မျက်ရတနာများ ထွက်ရှိသောကြောင့် မိုးကုတ်မြို့မှာ ကမ္ဘာ့အလယ်တွင် မြန်မာ့အသရေကို ရှန်းတင့်ထည်ဝါစေသည်။


ရှန်းကုန်းမြေမြင့်၏ အနောက်ဘက်စွန်းဒေသ၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ခန့်မြင့်ရာအရပ်၌ တည်သည့် မိုးကုတ်မြို့၏ ရာသီဥတုအခြေအနေမှာ အေးစိမ့်နေချင့်စဖွယ်ကောင်းလှသည်။ မြို့အနေအထားမှာ မြင့်သည့် တောင်တန်းကြီးများ လေးဘက်လေးတန် သည်။ ၎င်းတောင်တန်းကြီးများအကြားရှိ ချိုင့်ဝှမ်းတွင် 



www.burmeseclassic.com

www.burmeseclassic.com





...တည်ရှိနေသောကြောင့် ဒယ်အိုးပုံသဏ္ဍာန်ဖြစ်နေ...


ဘာသာရေးကိုင်းရှိုင်းကြသူ ဗုဒ္ဓဘာသာဝင် ဒါယကာတော်စဉ်...င်းတို့ တည်ထားကိုးကွယ်ခဲ့ကြသည့် ဘုရားစေတီ...ရီအပေါင်းတို့၏ အနန္တတန်ခိုးတော်ကြောင့် မိုးကုတ်မြို့... ဘာသနာ့ဂုဏ်ရောင် ထွန်းပြောင်ထိန်လင်း ဂုဏ်သတင်း...ကျော်ကြားလျက်ရှိသည်။

**...ကုတ်နာမ မည်ရသုံးလီ**

မိုးကုတ်၏ အမည်ရင်းမှာ ရှမ်းဘာသာစကား မိန်းကတ်...ကတ်)မှ ဆင်းသက်လာသည်။ မိုင်း (သို့မဟုတ်) မိန်းမှာ မြို့ဟု ခေါ်ပြီး၊ ကတ်မှာ ချမ်းအေးခြင်းဖြစ်၍ "ချမ်းအေးသော မြို့"ဟု အဓိပ္ပာယ်ရသည်။

အချို့က "မိန်းကု(ပ)"ဟု ခေါ်ရာ မိန်းမှာ မြို့ဟု ခေါ်ပြီး ရှု(ပ)မှာ ခမောက်ဖြစ်၍ "မြို့ခမောက်"၊ "မြို့ဒယ်အိုး" (ချိုင့်ဝှမ်းတွင် ရှိသောမြို့)ဟု အဓိပ္ပာယ်ရသည်။ တစ်ဖန် "မိုင်းကွတ်"ဟု ခေါ်ကြပြန်ရာ မိုင်းမှာ မြို့ဟု ခေါ်ပြီး ကွတ်မှာ ကောက်ကွေ့ခြင်းဖြစ်၍ "ကောက်ကွေ့သောမြို့"(ကောက်ကွေ့သည့် တောင်ကြားတွင် တည်ထားသောမြို့)ဟု အဓိပ္ပာယ်ရသည်။


ဤသို့ ရှမ်းဘာသာစကား မိန်းကတ်(မိုင်းကတ်)၊ မိန်းကု(ပ)နှင့် မိုင်းကွတ် စသည့် အမည်သုံးမျိုးတို့မှ တစ်ဆင့် ကာလရွေ့လျောလာသည့်အခါ "မိုးကုတ်မြို့"ဟု ခေါ်တွင်ခဲ့





www.burmeseclassic.com

www.burmeseclassic.com



ကြောင်း လေ့လာမှတ်သားရသည်။

**သမိုင်းအစ မြတ်ဗုဒ္ဓ**

ပုဂံပြည့်ရှင် အလောင်းစည်သူမင်းတရားကြီးသည် သာသနာပြုရန်အတွက် ဖောင်တော်ဦးတွင် သရက္ခန်နံ့သာနှစ် ရုပ်ပွားတော်မြတ်ကို ပင့်ဆောင်ပြီး ပုဂံနေပြည်တော်မှ ရှမ်းပြည်မြောက်ပိုင်းသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း ဖောင်စကြာဖြင့် ဆန်တက်တော်မူခဲ့သည်။ ထိုမှတစ်ဆင့် ဒုဋ္ဌဝတီမြစ်ကြောင်းအတိုင်း လှည့်လည်တော်မူခဲ့ရာ နောင်ချိုမြို့အနီး ဆမ္မဆယ်(ခေါ်) သုံးဆယ်မြို့သို့ ရောက်ရှိတော်မူခဲ့သည်။ မင်းကြီးသည် ထိုမြို့မှ "သီရိဓမ္မာသောကမင်းကြီး"တည်ထားကိုးကွယ်တော်မူခဲ့သည့် "ရွှေစံဦး"စေတီတော်မြတ်ကို ဝင်ရောက် ကြည်ညိုဖူးမြော်တော်မူပြီး မိမိပင့်ဆောင်လာသည့် လက်လေးသစ်ခန့် ဉာဏ်တော်မြင့်သော "သရက္ခန်နံ့သာနှစ် ရုပ်ပွားတော်မြတ်"ကို ထိုရွှေစံဦးစေတီတော်မြတ်၌ အပူဇော်ခံရန် ထားရှိတော်မူခဲ့သည်။

ထိုဖောင်တော်ဦး ရုပ်ပွားတော်မြတ်ကို အဆိုပါ သုံးဆယ်မြို့မှ သုဓမ္မာဂိုဏ်းချုပ် ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကြသည့် စော်ဘွားအဆက်ဆက်နှင့် ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားတို့က နှစ်ပေါင်း ၈ဝဝကျော်တိုင်အောင် ထိန်းသိမ်း စောင့်ရှောက်ကိုးကွယ်လာခဲ့ကြသည်။ ထိုသို့ ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက် ကိုးကွယ်လာခဲ့ကြရာမှ နောက်ဆုံးတွင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူသော ကျောင်းဂူကျောင်းဆရာတော် ဦးကာဝိ (ခေါ်) ဦးတိုက်နှင့် သုဓမ္မာဂိုဏ်းဆရာတော်ကြီးများလက်ထက်သို့တိုင် ရောက်ရှိလာခဲ့သည်။

**မိုးကုတ်မြို့ ဈေးကျောင်းသို့ ပင့်ဆောင်ပူဇော်**

ထို့နောက် ၁၂၅၂ ခုနှစ်တွင် ဆရာတော် ဦးကာဝိ နောင်ချိုမြို့မှ ဆရာတော် ဦးမင်းနောင်တို့သည် နောက် ဒါယကာများနှင့်အတူ သာသနာတော် ပြန့်ပွားရန်အတွ ဖောင်တော်ဦး ရုပ်ပွားတော်မြတ်ကို ဆမ္မဆယ် (ခေါ်)သုံးဆ မြို့မှ မိုးကုတ်မြို့သို့ ပင့်ဆောင်ပူဇော်သွားကြပြီး ဈေးကျော တိုက်တွင် သီတင်းသုံး စံပယ်တော်မူစေပါသည်။ (မိုးကုတ် သို့ မရောက်မီ မန္တလေးမြို့ "ရွှေကျီးမြင့် မြတ်စွာဘုရား ခေတ္တ သီတင်းသုံးတော်မူခဲ့သည်။)

**တောင်ရွာကျောင်းမှာ သုံးနှစ်ကြာ**

ဈေးကျောင်းတိုက်တွင် လာရောက် ဖူးမြော်ကြ များပြားလွန်း၍ ကျောင်းတော်မှာ မခိုင်ခံ့သည့်အတွ "တောင်ရွာကျောင်းကြီး"သို့ ထပ်မံပြောင်းရွှေ့ ပင့်ဆော ပူဇော်ကြသည်။ ထိုအခါ ဘုရားဒါယကာကြီး ဦးရွှေ က ရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူရန် "အာ ကျောင်းဆောင်တော်"ဆောက်လုပ်လှူဒါန်းသည်။


ငင်းဦးရွှေလှိုင်းကပင် မူလဉာဏ်တော် လက်လေး သစ်ခန့်ရှိသည့် ဖောင်တော်ဦး ရုပ်ပွားတော်မြတ်ထက်






www.burmeseclassic.com

www.burmeseclassic.com





... ညာဏ်တော် (၁၈)လက်မခန့်ရှိသည့် ရုပ်ပွားတော်မြတ် ...တစ်ဆူကို ထပ်မံ ပြုလုပ်လှူဒါန်းပူဇော်သည်။ ထိုအခါမှ ... ရုပ်ပွားတော်အသေးတစ်ဆူ၊ အကြီးတစ်ဆူ ပေါင်းနှစ်ဆူ ...သည်။

**...တောအရှေ့ရွာ (၁၁)နှစ်ကြာ**

၁၂၅၆ခုနှစ်သို့ ရောက်သည့်အခါ ဖောင်တော်ဦး ရုပ်ပွား ...မြတ်နှစ်ဆူကို မိုးကုတ်မြို့အရှေ့ပိုင်း မုံတောအရပ် ... ကျောင်းတွင်းရုံးအနီး)သို့ ထပ်မံပြောင်းရွှေ့ ပင့်ဆောင် ...ကြပြန်သည်။


ထိုအခါ ဘုရားဒါယကာကြီး ဦးမိုင်းက ဗုဒ္ဓရုပ်ပွားတော် ...နှစ်ဆူ ညာဏ်တော်ညီတူဖြစ်စေရန် ညာဏ်တော် (၁၈) ...မခန့်ရှိ ရုပ်ပွားတော်မြတ်တစ်ဆူထပ်မံ ပြုလုပ်ပူဇော် ...။ ထိုရုပ်ပွားတော်အတွင်း၌ လက်လေးသစ်ခန့်ရှိသော ...နှံ့သာနှစ် ဖောင်တော်ဦး မြတ်စွာဘုရားနှင့် ရွှေငွေ ...ကျောက်သံ ပတ္တမြားစသည့် ရတနာမျိုးစုံတို့ကို ထည့်သွင်း ... ပူဇော်ကြသည်။ ထိုအချိန်မှစ၍ ရုပ်ပွားတော်နှစ်ဆူ ... ညာဏ်တော်အမြင့် (၁၈)လက်မစီ ညီတူဖြစ်သွားသည်။

ဤသို့ဖြင့် မုံတောအရှေ့ရပ်တွင် ၁၁နှစ်ကြာမျှ ကိန်းဝပ်စံပယ်တော်မူခဲ့ရသည်။

**ပိတ်စွယ်တစ်ဖန် ပြောင်းကြွပြန်**

၁၂၆၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့တွင် အင်္ဂလိပ်တို့၏ ကျောက်တွင်းနယ်မြေနှင့် မလွတ်ကင်းသဖြင့် အထက်ပါ မုံတောအရပ်မှ အရှေ့ဘက် "နန်းကောက် (နန်းကောင်)တောင်ခြေ"(ယခု ပိတ်စွယ်ဘုရားငါးဆူတောင်ခြေ)သို့ တစ်ဖန်ပြောင်းရွှေ့ ပင့်ဆောင်ပူဇော်ကြပြန်သည်။

ဒုတိယကမ္ဘာစစ်ကာလ ၁၃၀၆ ခုနှစ်၊ တပေါင်းလဆန်း ၁၅ရက်နေ့၌ မဟာမိတ် လေယာဉ်ပျံများက ဗုံးကြဲချ၍ ရုပ်ပွားတော်မြတ်၏ ဂန္ဓကုဋိတိုက်ကြီးမှာ မီးဟုန်းဟုန်း တောက်လောင်သွားသည်။ ထိုသို့ မီးဟုန်းဟုန်းတောက်လောင်နေစဉ် ဦးလေးတာ၊ ဦးမှူ၊ ဦးအောင်လှကြီးနှင့် ဦးစိန်ထွန်း အစရှိသည့် ဒါယကာ လေးဦးတို့က မိမိတို့၏အသက်ကို မငဲ့ကွက်ဘဲ မီးတောက်မီးလျှံအတွင်းသို့ ဖောင်တော်ဦး မြတ်စွာဘုရားအား အတင်းဝင်ရောက်ရှာဖွေကြသည်။ ထိုသို့ ဝင်ရောက်ရှာဖွေကြရာမှ မီးတောက်မီးလျှံများကြားတွင် မီး







www.burmeseclassic.com

www.burmeseclassic.com







မခဘဲ မူလပကတိအတိုင်းရှိနေသည့် ဖောင်တော်ဦး ရုပ်ပွားတော်မြတ်နှစ်ဆူကို ထူးဆန်းအံ့ဩဖွယ်ရာ တွေ့ရှိရ၍ အပြင်သို့ အတင်းထွက်ပြေး ပင့်ဆောင်ခဲ့ကြရသည်။

ထိုသို့ ထူးခြားအံ့ဖွယ် တန်ခိုးကြွယ်သည့် ရုပ်ပွားတော်မြတ်နှစ်ဆူ၏ ဂုဏ်သတင်းကို ကြားသိကြသူ မြို့သူမြို့သား အပေါင်းတို့က အုန်းအုန်းကျွက်ကျွက်ဖြင့် လာရောက် ဖူးမြော်ကြည်ညိုကြသည်။ ဤသို့ဖြင့် ဖောင်တော်ဦး ရုပ်ပွားတော်မြတ်နှစ်ဆူမှာ မီးလောင် ပြာကျသွားသော ဂန္ဓကုဋီတိုက်ကြီး၏ အနောက်ဘက်ရှိ ဇရပ်အိုကြီးပေါ်တွင် ၅နှစ်တိုင်တိုင် ဒုက္ခရစရိယာ ဆင်းရဲစွာဖြင့် ကိန်းဝပ်စံပယ်တော်မူရပြန်သည်။


**ထင်းရှူးခြံတောင်တော် စံမွေ့ပျော်**


ထိုမှတစ်ဖန် ၁၃၀၉ခုနှစ်တွင် မုံတောကျောင်းဆရာတော် ဦးကဝိ၏ တပည့် သံဃာတော်များက အဆိုပါ ပိတ်စွယ်ဘုရားငါးဆူတောင်ခြေရှိ မီးလောင်ပြင် ဇရပ်အိုကြီး ပေါ်မှ ဖောင်တော်ဦး မြတ်စွာဘုရားကို ထင်းရှူးခြံတောင် တော်သို့ ပြောင်းရွှေ့ စံပယ်တော်မူနိုင်ရန် သုဿာန်ကျောင်း ဆရာတော် ဦးကောသလ္လနှင့် ဘုရားဒါယကာကြီး ဦးဘိုးလုံ တို့အား ပေးအပ် ပူဇော်လိုက်ကြပြန်သည်။

သို့နှင့် ၁၃၀၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ရက်နေ့ ထင်းရှူးခြံရပ်နေ ဘုရားဒါယကာကြီး ဦးဘိုးလုံ + ဘုရား ဒါယိကာမ ဒေါ်ကူတို့ သားသမီးမြေးတစ်စုတို့က ထင်ရှူး တောင်တော်(ယခုနေရာ)တွင် အလျား ၁၆၀ပေ၊ အနံ ၄ ပေ၊ အမြင့် ၇၀ပေ၊ ဘုံ ၉ဆင့်ရှိ ပြာသာဒ်တော်ကြီး ပါ သည့် "ဂန္ဓကုဋီတိုက်တော်ကြီး"ကို ဆောက်လုပ် လှူ ကြသည်။

ထို့နောက် ၁၃၁၁ ခုနှစ်၊ တပေါင်းလဆန်း ၇-ရက် တွင် မြို့ပေါ် ရပ်ကွက်ပေါင်း ၄၀ကျော်မှ . လူထု ပရိသ







www.burmeseclassic.com

www.burmeseclassic.com


...သောင်းကျော်တို့က ဖောင်တော်ဦး မြတ်စွာဘုရားကို ...ဆိုက်ဖောင်တော်ဖြင့် အဆိုပါ "ဂန္ဓကုဋီတိုက်တော်ကြီး" ...သို့ စည်းကားသိုက်မြိုက်စွာ ပင့်ဆောင်ပူဇော်ကြသည်။

၎င်းနောက် အလှူရှင်အသီးသီးတို့က အဖိုးထိုက်တန် ...သည့် မိုးကုတ် ကျောက်မျက်ရတနာမျိုးစုံတို့ဖြင့် စီခြယ် ...သော ရွှေသားခံ ပတ္တမြားပလ္လင်နှင့် ငွေသားခံပတ္တမြား ...လ္လင်တော် နှစ်ဆူကို ပြုလုပ်လှူဒါန်းကြပြီး ဖောင်တော်ဦး ...ပွားတော်မြတ်နှစ်ဆူကို ကိန်းဝပ်စံပယ်တော်မူစေပါသည်။

ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ပွားတော်မြတ်နှစ်ဆူ၏ နပူးသင်းကျစ်တော်အတွက် ထင်းရှူးခြံရပ်မှ အလှူရှင် (ဦးဘသင်း)+ဒေါ်အေးမိသားစုနှင့် ဈေးသစ်ရပ်မှ ဦးလောတာ+ ဒေါ်ရွှေလုမိသားစုတို့မှ အမာခံ ရွှေသားနှင့် ကျောက်မျက် ရတနာများကို မ,တံည်လှူဒါန်းထားပြီး ကုသိုလ်ရှင်အများတို့ က ဖြည့်စွက် လှူဒါန်းထားကြသည်။

**သာသနိကအဆောက်အအုံများ**

ထင်းရှူးခြံ တောင်ကုန်းပေါ်တွင် ကိန်းဝပ်စံပယ်တော်မူ



**ရွှေသားခံပတ္တမြား ပလ္လင်တော်**

ဤပတ္တမြား ပလ္လင်ကို အောက်ခံ ရွှေသားအချိန် ...သော ၅၀ကျပ်သားနှင့် ပတ္တမြား၊ နီလာ၊ စိန်၊ ဂေါ်မုတ်၊ ...သဖရား၊ ပုလဲ၊ မိုးကုတ်မြ၊ ပြောင်ခေါင်းစိမ်း အစရှိသည့် ...င်းထွက်ရတနာအစစ်များဖြင့် ကြည်ညိုဖွယ်ရာ ခြယ်သ ...ာ လှူဒါန်းပူဇော်ထားသည်။

**...တ်သားခံ(ငွေသားခံ) ရတနာရောင်စုံ ပလ္လင်တော်**

ဤပလ္လင်တော်ကို အောက်ခံဘော်သား(ငွေသား) အချိန် ၂ပိဿာ ၆၁ကျပ်သားနှင့် ကျောက်သံ ပတ္တမြား ...သည့် ရတနာမျိုးစုံတို့ဖြင့် ကြည်ညိုဖွယ်ရာ မွမ်းမံခြယ်သ ...ာ လှူဒါန်းပူဇော်ထားသည်။

**...ပူးသင်းကျစ်တော်**


သော ဖောင်တော်ဦး မြတ်စွာဘုရားဆီသို့ စောင်းတန်းလေး သွယ်မှ တက်ရောက် ကြည်ညိုဖူးမြော်ကာ ကုသိုလ်တော် ယူနိုင်ပါသည်။

ဖောင်တော်ဦး မြတ်စွာဘုရား သာသနာ့ဝတ္တကမြေ မှာ(၉ . ၆၉၇)ကေ ကျယ်ဝန်းသည်။ အဆိုပါ ဝတ္တကမြေ အတွင်း၌ ဖောင်တော်ဦးဘုရား ဂန္ဓကုဋီတိုက်တော်ကြီး၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓာတုစေတီတော်၊ သုသာန် ကျောင်း မိုးကုတ်ဓမ္မရိပ်သာ၊ မင်္ဂလာတိုက်ကျောင်း၊ ဖောင် တော်ဦး သာသနာ့ရိပ်သာကျောင်း၊ မဟာန္တယ်ကျောင်းနှင့် မဏိရတနာခန်းမ အစရှိသည်တို့ဖြင့် သာသနာ့ဂုဏ်ရောင် ထွန်းပြောင် ကျက်သရေလျှမ်းတင့်ဝေလျက်ရှိသည်ကို တွေ့ မြင် ကြည်ညိုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓပူဇနီ ထူးဘိပွဲတော်

ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကြသည့် ဂေါပကအဖွဲ့မှ ကြီးမှူးပြီး ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၁၁ရက်နေ့မှ လဆန်း ၁၅ရက်နေ့အထိ ၅ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မြဲဖြစ်သည်။ ဂေါပကအဖွဲ့နှင့် သာသနာ့နုဂ္ဂဟ ဆွမ်းလောင်းအသင်းတို့က နှစ်စဉ် တပေါင်းလပြည့်နေ့တွင် မြို့နယ်လုံးကျွတ် သံဃဒါန ဆွမ်းလောင်းပွဲကြီး ကျင်းပကြပြီး သံဃာတော်အပါးတစ်ထောင်ကျော်တို့အား ဆွမ်းလောင်းလှူကြသည်။ အဆိုပါ ဘုရားပွဲတော် အစပြုကျင်းပခဲ့သည့်နှစ်မှယနေ့အချိန်ထိ ဆွမ်းလောင်းပွဲအတွက် ကုန်ကျသည့် ဆွမ်းဆန်တော်ကို ရွှေညောင်ပင်ရွာနေ အဘိုးဆန် + အဘွားနန်းတို့နှင့် ၎င်း၏ သားသမီးမြေးမြစ်တစ်စုတို့က နှစ်စဉ် ကုသိုလ်ယူကာ မ,တည်လှူဒါန်းမြဲဖြစ်ကြောင်း သိရှိရသည်။ ကဆုန်လပြည့် နေ့ထူးနေ့မြတ်အခါသမယ၌ မြို့နယ်လုံးကျွတ် ဓမ္မစကြာ ဝတ်အသင်းများက အသံမစဲ ပရိတ်တရားတော်မြတ်ကို အလှည့်ကျ ရွတ်ဖတ်ပူဇော်ကြပြီး သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းကျွေး ဒါနပြုကြသည်။ ၎င်းအပြင် တန်ဆောင်မုန်းလပြည့်နေ့၌လည်း ဆီမီးတစ်သောင်း၊ ပန်းတစ်သောင်း လှူဒါန်းပူဇော်ပွဲကို စည်းကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြမြဲဖြစ်သည်။

ဖောင်တော်ဦး မြတ်စွာဘုရားမှာ မီးကွင်းခြင်း၊ ရာသီဥတုမှန်ကန်စေခြင်း၊ ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်တို့မှ [...] ကွယ်ပေးခြင်းနှင့် ဆုတောင်းတိုင်း ပြည့်ဝစေနိုင်ခြင်း အ[...] သည့် ဘုန်းတန်ခိုးတေဇော်၊ အာနုဘော်တော်ကြောင့် ဘု[...] ဖူး ပရိသတ်များနှင့် အမြဲစည်ကားလျက်ရှိသည်။

သို့ဖြစ်၍ ပတ္တမြားမြေ မိုးကုတ်မြို့သို့ တစ်ခါက်တ[...] ရောက်ရှိလာပါက တောင်းဆုပြည့်ဝ ဂုဏ်ပေါင်းခ[...] အံ့ဖွယ်ထူးထူး ဖောင်တော်ဦး မြတ်စွာဘုရားကို ညွတ်[...] ဖူးမြော် ကုသိုလ်တော်ယူနိုင်ကြပါကြောင်းနှင့် သဒ္ဓါကြည်[...] ပေးလှူလိုပါက မိုးကုတ်မြို့ ဖောင်တော်ဦး မြတ်စွာဘု[...] ဂေါပကအဖွဲ့ ဖုန်း - ၀၈၆-၂၀၀၆၄သို့ ဆက်သွယ်လှူ[...] နိုင်ကြပါကြောင်း စေတနာရှေ့ထားပြီး ရေးသားဖော်ပြလို[...] ရပါသည်■

နိဗ္ဗာနဿ ပစ္စယော ဟော[...]

* * *

မင်း[...]

ရည်ညွှန်း

- ဆရာတော် ဒေါက်တာ အရှင်ဥတ္တရညာဏ၏ ဖောင်တော်[...] ဘုရားသမိုင်းစာအုပ်။
- မိုးကုတ်မြို့ ဖောင်တော်ဦး မြတ်စွာဘုရားသမိုင်း လက်[...] စာစောင်။
- ဂေါပကအဖွဲ့ အကျိုးတော်ဆောင် ဦးရေဝိုင်း၏ ပြော[...] များ။



www.burmeseclassic.com

www.burmeseclassic.com

တောင်တွင်းအမော် နိုင်ငံကျော် ခင်ကြီးဖျော် ဆရာတော်က "ကက်ကင်းသေ ရှင်သူ့ ထက်အောက် ပြန်လှန်ယူ နံ့တူသက်က အသေရ"ဟူ၍ မိန့်မြွက်ခဲ့လေသည်။

ဥစ္စာပစ္စည်းပျောက်ရှာရာ၌လည်း ဇင်းဓာတ်ပြန်နှင့် သင့်ရာ သင့်ရာကို ရွေးချယ်စိစစ်လျက် အကြောင်းကိစ္စ တစ်စုံတစ်ရာ ကြုံကြိုက်လာခဲ့သော် အသုံးပြုနိုင်ကြစေရန် သဲလွန်စနည်းစနစ်ကို အောက်၌ ထင်ရှားအောင် ဥဒါဟရဏ်များ ထုတ်ဆောင်၍ နှစ်မျိုးသုံးမျိုး ဖော်ပြပါမည်။ သို့ပါ၍ ဇင်းပညာကို လေ့လာကြည့်ရှုအားထုတ်မှု ပြုလုပ်ကြ



# ဥစ္စာပစ္စည်းပျောက် ဓာတ်ပြန်အဖွင့်နည်းဖြင့်ရှာဖွေခြင်း

■ ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်) ■



www.burmeseclassic.com

www.burmeseclassic.com

သော ပုဂ္ဂိုလ်ကြီး/ငယ်အပေါင်းတို့သည် အကယ်၍ ဉာဏ် အမြင် ထိုးထွင်းကြပါက ဖော်ပြပါ သဲလွန်စ ကြံပုံကို နည်းယူ အမှီပြုလျက် ဆည်းပူးကြည့်ရှု ပြုလုပ်နိုင်ကြပါကြောင်း တိုက်တွန်းလိုက်ပါသည်။

၁။ တစ်ယောက်သောသူ၏ အပိုင်ဖြစ်သော မြင်းဖြူ တစ်ကောင်သည် ပျောက်သွားသဖြင့် ရတ်တရက် ရှာမတွေ့ပါက ၎င်းမြင်း(ကြာသပတေး)၏ ဓာတ်ပြန်ဖြစ်သော မြင်းမကို တစ်ဦးသော ပုဂ္ဂိုလ်က တက်စီးလျှက် ပေါက်ပေါက်ဆော် ကြီးကို ဘယ်ဘက်က အိတ်ထဲမှာ ထည့်၍ စားပြီးရှာသည် ရှိသော် တခြားသို့ တိမ်းရှောင်သော မြင်းပင်ဖြစ်လင့်ကစား၊ ဓာတ်အနေအထား အအုပ်အခံ မှန်ကန်သောကြောင့် မကြာခင် ထိုမြင်းကို ပြန်၍ တွေ့ရှိလိမ့်မည်ဖြစ်သည်။

၂။ လယ်ရှင်တစ်ဦး၏ အပိုင်ဖြစ်သော နွားနီတစ်ကောင်သည် ရတ်တရက် ရှောင်တခင် ပျောက်နေသဖြင့် ရှာမတွေ့ခဲ့သော် ၎င်းနွား(စနေနံ)၏ ဓာတ်ပြန်မည်သော ထမင်းကို နပဲဖက်နှင့် ထုပ်၍ ယူဆောင်သွားပြီးလျှင် နပဲပင်အောက်မှာ ထိုအထုပ်ကို ဖြည်၍ စားသောက်ရမည်။ စားပြီးသည့်နောက် မိမိ၏ စိတ်ဓာတ်က ရှေ့ရှုညွှတ်သောအရပ်ဆီသို့ နပဲအကိုင်းကို ကိုင်ဆောင်လျှက် ရှာကြံပါက. မရဘူးဟု ထင်ရသော နွားပင်ဖြစ်စေကာမူ သတင်းစကားကို ကောင်းစွာ ကြားရ၍ အမှန်ပြန်ပြီး တွေ့လိမ့်မည်။

၃။ တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်၏ သားကလေး ဖြစ်စေ၊ သမီးကလေးဖြစ်စေ၊ ရတ်တရက် အိမ်က ထွက်၍ ပျောက်သွားခဲ့သော် ထိုသူငယ်၊ သူငယ်မ ချိုသော စောင်[...] မိခင်ဖြစ်သူက ကလေးရုပ်သဏ္ဍာန်ပြုလုပ်လျက် မိ[...] လက်နှင့် ပွေ့ပိုက်ချီကိုင်၍ နို့တိုက်ဟန်ပြုပြီးလျှင် အမိဖြ[...] က ထိုကလေး အမြန်ပြန်လာရန်နှင့် မကြာခင် တွေ့[...] စိတ်ဓာတ်က လေးနက်စွာ ထား၍ ပါးစပ်က ခေါ်[...] ၎င်းကလေးသည် မိမိ၏ နေရပ်က အိမ်ကို အမြဲသတိ[...] ပြန်လာလိမ့်မည်မှာ အမှန်ဖြစ်သည်။

ပစ္စည်းဥစ္စာပျောက်ခြင်းနှင့် ပတ်သက်၍ ကက်[...] ဓာတ်ပြန်အစီအရင်ဖြင့် ဓာတ်အနေအထားများကို ကြ[...] ကာ အထက်က ဖော်ပြထုတ်ဆောင်ခဲ့သော ဥဒါဟ[...] သုံးမျိုးတို့ကို အကြိမ်ကြိမ်အလီလီ ဆင်ခြင်စဉ်းစား၍ ဉာ[...] သက်ဝင်ပါသဖြင့် မည်သည့်ပစ္စည်းကိုမဆို ပျောက်ရသော[...] ၌ ၎င်းဓာတ်ပြန် ကက်ကင်းနှင့်ပင် သင့်ရာ သင့်ရာကို ဉာ[...] ယှဉ်၍ ကြံစည်ကာ အသုံးပြုနိုင်ကြောင်းကို ကောင်[...] နှလုံးသွင်းမိကြပါသဖြင့် ပညာလိုပါ အမျိုးသားတို့ ကြိုး[...] အားစိုက်ကြပါကုန်။

ကိုယ်စိတ်နှစ်ပါး ချမ်းသာကြ[...]

* * *

ဆရာမင်းသူမြ(မန်းတ[...]

ကျမ်းညွှန်း

- ဘဒ္ဒန္တအရှင်ဣန္ဒဝံသ မထေရ်မြတ် စီရင်ရေးသားအပ်သော အ[...] အလင်းပြ ယတြာဓာတ်ရိုက်ကျမ်း။





အယ်ဒီကာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။




www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

**EX-စာပေဗိမာန်**

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

## သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

Ph. 290046

09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားစျေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မေတာ်ဝီလေး ××× ရသေ့ငယ် ××× နေရာရှာသကို
ဆင်နှာမောင်းတစ်ပင်လုံး ×××သုံးခွက်တစ်ခွက်တင် ကျို
သောက်လွှန်လွှန်းလို့ ကျောက်ခွက်ညှိမှာ ××× ရွှဲရွှဲစို
င် ××× ရှုရှုးပန်းတယ်လေး××× သမင်မ ××× သောက်
သန္ဓေပေး ××× မွေး ××× မွေး ×××

မိသားစု ညစာစားပြီး ဧည့်ခန်းတွင် ထိုင်လိုက်ရာ ဝင်းဦး
ဗေဒါရီ"သီချင်းမှာ မြန်မာ့အသံမှ လာနေသဖြင့် စိတ်ဝင်
နားထောင်နေကြရင်း သီချင်းပြီးသွားသည့်အခါတွင်မူ
တွင် ထိုင်နေသော သားဖြစ်သူက မေးခွန်းမေးလာတော့
သည်။

"ဖေဖေ…ခုသီချင်းက ဗေဒါရီသီချင်းနော်"

"အေး၊ ဟုတ်တယ်"

"အဲဒီ ဗေဒါရီက သမင်မက မွေးတာလို့ ကြားဖူးတယ်။
တကယ်ပဲလား၊ ပုံပြင်လား"

ကျွန်တော့်မှာ သားဖြစ်သူ၏ မေးခွန်းကို ဖြေရန်မှာ
တော်ကို စဉ်းစားခန်းဖွင့်လိုက်ရ၏။ ထို့နောက် ကျွန်တော်
…

"သမင်မက မွေးတာ အမှန်ပဲကွ။ မြတ်စွာဘုရား
ကြားတဲ့ တရားတော်တွေမှာလည်း ရှာတွေ့နိုင်တယ်"
ဟု ပြန်ဖြေပြီး ဆက်ပြောပြလိုက်၏။

♦♦♦

မြတ်စွာဘုရားရှင် သက်ရှိထင်ရှားရှိစဉ်တုန်းက သံကိစ္စ
တို့သား၊ ဋ္ဌသိ သိင်္ဂ သတို့သားနဲ့ ကုမာရ ကဿပတို့ဆို
ရှိတယ်။ ဖြစ်ပုံက ဒီလိုကွ။ ဥတုလာပြီးစ သမင်မ
ကောင်ဟာ ရသေ့နှစ်ပါး ကျင်ငယ်စွန့်တဲ့နေရာက ကျင်
ရည်ကို သောက်ကြတဲ့အခါမှာ ဒီကျင်ငယ်ရေထဲမှာ
ရေပါတဲ့အတွက် သမင်မတစ်ကောင်က "သံကိစ္စ"သတို့
ကို ဖွားတယ်။ ကျန်တစ်ကောင်က "ဋ္ဌသိ သိင်္ဂ"သတို့
ကို ဖွားတယ်။

နောက်ပြီး အရှင်ဥဒါယီဟာ တစ်နေ့မှာ ဘိက္ခုနီမတို့ရဲ့
ကျောင်းကို သွားတယ်။ အဲဒီမှာ ဘိက္ခုနီမတစ်ပါးဟာ ထိုင်နေ
အောက်စလွတ်ပြီး အင်္ဂါဇာတ်ပေါ်နေတယ်။ အဲဒါကို
ဥဒါယီဟာ တစိမ့်စိမ့်ကြည့်ရင်း ကိလေသာတွေ ဖြစ်ပေါ်
တယ်။ တဖြည်းဖြည်း ထကြွသောင်းကျန်းလာပြီး စိတ်
နိုင်တော့ဘဲ သင်္ကန်းထဲကို သုက်လွှတ်လိုက်တယ်။

သုက်တွေ ပေနေတဲ့ အဲဒီသင်္ကန်းကို ဘိက္ခုနီမက လျှော်ဖွပ်ဖို့
ယူသွားပြီး ကိလေသာစိတ်နဲ့ သင်္ကန်းမှာ ပေနေတဲ့ သုက်ရည်
တွေကို သူ့ပါးစပ်နဲ့ စုပ်ပြီး မျိုချတယ်။ ကျန်တဲ့ သုက်ရည်
ကို သူ့အင်္ဂါဇာတ်ထဲ ထိုးထည့်တယ်။ အဲဒါကြောင့် "ကုမာရ
ကဿပ"သတို့သားကို ဖွားမြင်လာတယ်။

တချို့ကိစ္စတွေဟာ ယုံကြည်နိုင်ဖို့ရာ စမ်းသပ်ကြည့်လို့
မရနိုင်ဘူး။ လက်တွေ့ စမ်းသပ်ကြည့်လို့ မရတာနဲ့ ဒါတွေဟာ
ပုံပြင်တွေပါလို့ ပြောရင် ရုပ်ဝါဒီဖြစ်သွားမယ်။ ဥပမာ - ဖျိုင်း
အောက်တွေဟာ အထီး၊ အမရယ်လို့ မရှိကြဘူး။ လေလာ
တဲ့ဘက်ကို ဖင်ပေးနေရင်း စိတ်မှာ သာယာပြီး သန္ဓေတည်
ကြတယ်။ ကြက်မတွေဟာ သာယာလှတဲ့ ကြက်ဖတွေရဲ့
တွန်သံကြောင့် သာယာတပ်မက် နှစ်သက်တဲ့စိတ်နဲ့ သန္ဓေ
တည်ကြတယ်။ နွားမတွေဟာ နွားလားဥသဘရဲ့ တွန်သံကို
ကြားပြီး သာယာတပ်မက် နှစ်သက်လို့ သန္ဓေတည်ကြတယ်။
ဒါတွေကို ဆက်စပ် စဉ်းစားကြည့်ရင် သမင်မက လူသားမွေး
တာကို မယုံကြည်နိုင်စရာ မရှိဘူး။ ဒီလောကကြီးထဲမှာ
အဖို-အမ မစပ်ယှက်ဘဲ သန္ဓေတည်နိုင်ကြတာ အများကြီး
ပါပဲ။

ဥပမာပြောလိုက်ဦးမယ်။ "ဒုကူလ"ရသေ့က "ပါရိကာ"
ရသေ့မရဲ့ ချက်ကို လက်နဲ့ သပ်ရုံလေးနဲ့ ကိုယ်ဝန်ရှိပြီး
"သုဝဏ္ဏသာမ"သတို့သားကို မွေးဖွားစေခဲ့တယ်။ မာတင်္ဂဟာ
သူ့ဇနီးရဲ့ ချက်ကို လက်နဲ့ သပ်ရုံနဲ့ ကိုယ်ဝန်ရပြီး "မဏ္ဍဗျ"
သတို့သားကို မွေးတယ်။ ဒါတွေကို ကြည့်ရင် မင်းတို့ ငါတို့
လက်လှမ်းမမီနိုင်တာ အများချည်းပဲ။ ခု ဗေဒါရီဖြစ်ပေါ်လာ
ပုံကိုလည်း ပြောပြဦးမယ်။

♦♦♦

ဟိုတုန်းက တကောင်းမင်းဆက်တစ်ဆက်ရဲ့ ဘုရင့်
မိဖုရားတစ်ပါးဟာ "မဟာသမ္ဘဝ"၊ "စူဠသမ္ဘဝ" ဆိုတဲ့ မင်းသား
နှစ်ပါးကို ဖွားမြင်တယ်။ ဒီမင်းသားနှစ်ပါးဟာ မွေးကတည်းက
မျက်စိမမြင်ကြဘူး။ ဒါကို ဖခင်ဖြစ်တဲ့ ဘုရင်ကြီးက ရှက်တော်
မူလို့ ဖျောက်ဖျက်ပစ်ခိုင်းတယ်။ ဒါပေမယ့် မိဖုရားကြီးက
ဝမ်းနဲ့ လွယ်မွေးရတဲ့ ကိုယ့်ရင်သွေးတွေကို ဘယ်ဖျောက်ဖျက်
ရက်ပါ့မလဲ။ မင်းကြီး မသိအောင် တစ်နေရာမှာ ဝှက်ထား
ပြီး ကျွေးမွေးပြုစုထားတယ်။ နောက်တော့ မင်းသားတွေ
အရွယ်ရောက်လာတဲ့အခါ မင်းသားလေးတွေက အပြင်ထွက်
ကစားကြတော့ မင်းကြီးရဲ့ နားကို ရောက်သွားပြီး ချက်ချင်း
သတ်ပစ်ခိုင်းတယ်။ မိဖုရားကြီးလည်း အမိန့်ကို မလွန်ဆန်ရဲ
ဘဲ ဖောင်ဖွဲ့ပြီး စားနပ်ရိက္ခာအပြည့်အစုံနဲ့ ဖောင်ပေါ် တင်ပြီး


www.burmeseclassic.com

www.burmeseclassic.com





မျှောလိုက်တယ်။ ကိုယ့်သားသမီးတွေ ကိုယ့်ရှေ့မှာ သေတာ မမြင်ရက်တူ။ မျက်ကွယ်ရာမှာ သေချင်လည်း သေ ကံတရား ပဲဆိုတဲ့ သဘောပေါ့ကွာ။

မျှောလိုက်တဲ့ ဖောင်ဟာ စစ်ပင်ကြီး ကိုင်းကျနေတဲ့ နေရာရောက်တော့ သစ်ကိုင်းနဲ့ ငြိပြီး ရပ်နေတယ်။ အဲဒီ နေရာကို စစ်ကိုင်းလို့ သမုတ်တယ်။ အဲဒီအပင်ကြီးမှာ "စန္ဒမုခီ"ဆိုတဲ့ ဘီလူးမ နေတယ်။ တစ်နေ့တော့ မင်းသားလေး တွေရဲ့ အစာကို ခိုးစားမိရာက မင်းသားလေးတွေက ဖမ်းမိ သွားလို့ သတ်မယ်လုပ်တော့ ဘီလူးမက မသတ်ဖို့အကြောင်း၊ သူတို့ရဲ့ မျက်လုံးတွေကို မြင်အောင် ကုပေးပါ့မယ်လို့ ပြော ပြီး မျက်လုံးတွေကို စပြီးကုတော့တာပဲ။ အဲဒီနေရာကို "စကု" လို့ ခေါ်တယ်။ နောင် မျက်စိတွေ လင်းလာတဲ့ နေရာကို "စလင်း"လို့ ခေါ်တယ်။

အဲဒီလို မျက်စိတွေ မြင်ရတဲ့အခါ ကုန်းပေါ်ကို တက် ပြီး မြစ်ကမ်းနားအတိုင်း လျှောက်လာလို့ "ဗေဒါရီ"အမျိုးပေါက် ကလေးနဲ့ တွေ့တာပဲ။ အကျိုးအကြောင်းစုံစမ်းပြီး ရသေ့ ကျောင်းကို လိုက်သွားတယ်။ နောက်တော့ အငယ်ဖြစ်တဲ့ စူဠသမ္ဘဝ မင်းသားက ဗေဒါရီကို လက်ထပ်ယူလိုက်တယ်။

"မင်းကို ခုပြောပြတာက တို့ငယ်ငယ်က သင်ကြားခဲ့ ဖူးတဲ့ အကြောင်းတွေပဲ။

နောက်တစ်ခုက တက္ကသိုလ် စိန်တင်ရေးတဲ့ "ပန်ဝတ္ထု ဘုရင်မ"စာအုပ်မှာ ပါတဲ့အကြောင်းကိုလည်း ဆက်ပြောပြ လိုက်မယ်။ ဆက်စပ်မှု ရှိ,မရှိ ယှဉ်ကြည့်လို့ ရအောင်ပေါ့

◆◆◆

ဂေါတမမြတ်စွာဘုရား ထင်ရှား ပွင့်တော်မူပြီး ကာလ၊ တကောင်း ဒုတိယမင်းဆက် သတိုး ၁၇ဆက်ထဲ ၁၇ယောက်မြောက် "သတိုးမဟာရာဇာ"ဆိုတာ ရှိတယ် မိဖုရားကြီးရဲ့ အမည်က "ကိန္နရီဒေဝီ"တဲ့။ သူတို့မှာ "မဟာ သမ္ဘဝ"၊ "စူဠသမ္ဘဝ"ဆိုတဲ့ မျက်မမြင် သားတော်နှစ်ပါးဖွား တယ်။ ဒီညီနောင်အတွက် မင်းကြီးရှက်တော်မူလို့ သားနှ ကို ဖျောက်ဖျက်ခိုင်းတယ်။ မိဖုရားကြီးက မဖျောက်ဖျက် မင်းကြီး မသိအောင် ဝှက်ထားပြီး ကျွေးမွေးစောင့်ရှောက် ဒီမင်းသားတွေ အသက် ၁၉နှစ်ရောက်တော့ မင်းကြီး သိ လို့ စိတ်ဆိုးပြီး ချက်ချင်းသတ်ပစ်ဖို့ အမိန့်ထုတ်တ မိဖုရားကြီးလည်း ဆက်မထားရဲတော့ဘဲ ဖောင်ဖွဲ့ပြီး စ ရိက္ခာအပြည့်အစုံနဲ့ မြစ်ထဲ မျှောလိုက်တယ်။

တစ်နေ့ "စန္ဒမုခီ"မည်တဲ့ မင်းသမီးဟာ ဆေးအ ကို တတ်ကျွမ်းလို့ လိုအပ်တဲ့ ဆေးမြစ် ဆေးဥတွေ ရှ စစ်ပင်ကြီးတစ်ပင်ရှိတဲ့ ကမ်းစပ်ကို ရောက်သွားတယ်။ အပင်ကြီးရဲ့ အကိုင်းကြီးတစ်ကိုင်းဟာ ကမ်းစပ်ပေါ်ကို ကျနေပြီး တံတားလို ကိုင်းကျနေတယ်။ တချို့အကိုင်း က မြစ်ထဲကို တွဲလဲကျနေကြတယ်။ အဲဒီမှာ ဖောင်တ ငြိနေတာကို မြင်တွေ့ သတိထားကြည့်မိတယ်။ အဲဒီ ပေါ်မှာ လူနှစ်ယောက်ကို မြင်တယ်။ ဒါကြောင့် စူးစ တာနဲ့ သစ်ကိုင်းကြီးကနေ ဖောင်ပေါ်ကို ကူးသွားတ အဲဒီ စန္ဒမုခီ မင်းသမီးဟာ ဖောင်ပေါ်က လူနှစ်ယော ဝတ်စားဆင်ယင်ပုံကို ကြည့်ပြီး နန်းတွင်းသားတွေပဲလို့ ခတ်မိလိုက်တယ်။ နောက်ပြီး သူတို့က အရွယ်တူ၊ အ အမွှေးတူဖြစ်နေကြတယ်။ အဲဒီနှစ်ယောက်ဟာ မျက် ဆိုင် ထိုင်ပြီး စားမြိန်ထုပ်ထဲက အစားအစာတွေကို စ ကြတာဟာ မျက်စိမမြင်ကြရဘူးဆိုတာကို သူတို့ရဲ့ လှု ပြုမူပုံကို အကဲခတ်ပြီး သိလိုက်တယ်။

အဲဒီ မင်းသမီးလေးလည်း သူတို့စားတာကို ကြ ရင်းက သူ့ဝမ်းထဲက တကြုတ်ကြုတ်မြည်လာတော့ ဆာနေမှန်း သတိထားမိလို့ စားချင်စိတ်တွေ ထိန်းမရ ဖြစ်လာတယ်။ ဒါနဲ့ သူတို့ မသိအောင် အစားအ တွေကို ခိုးစားတယ်။ စားလို့ကလည်း အရသာ ဒီအစားအသောက်ပေါ်မှာပဲ ခုံမင်စားသောက်နေရင်း အ



www.burmeseclassic.com

www.burmeseclassic.com

နောက်လှည့်ကြည့်လိုက်တော့ ဖောင်က သစ်ကိုင်းနဲ့ ငြိပြီး စစ်ပင်ကြီးနဲ့ အတော်ဝေးနေပြီ။ ဒီလိုနဲ့ပဲ ဆက် ရတာပေါ့။ ဖောင်ပေါ်က အစားအစာတွေကိုလည်း နေတော့ နှစ်ယောက်စာကို သုံးယောက်စားတော့ အစာ ကုန်တာ မြန်လာတယ်။ အဲဒါကို မသက်သာလို့ တွေက စောင့်ဖမ်းလိုက်တော့ မိသွားရောဆိုပါတော့။ မင်းသားတွေက သတ်မယ်လုပ်တော့ မင်းသမီးလေး သတ်ဖို့နဲ့ သူဟာ ဆေးကုတဲ့ အတတ်ကို တတ်တဲ့ ကြောင်း အစအဆုံးရှင်းပြပြီး မင်းသားတွေရဲ့ မျက်လုံးတွေ ပြန်မြင်အောင် ကြိုးစားကုပေးပါ့မယ်လို့ ကတိပေး တယ်။

အဲဒီအချိန်က စပြီး မင်းသမီးကလည်း မေတ္တာ စေတနာ ရားအပြည့်နဲ့ ပြုစုလုပ်ကျွေးတယ်။ ဆေးဝါးကုသပေး ဝတ်ကြီးဝတ်ငယ်ပြုပေးတယ်။ ဒီလိုနဲ့ လိုက်သွား မင်းသားလေးတွေနဲ့ ရင်းနှီးသွားကြပြီး သံယောဇဉ်ရှိလာ ပေါ့။ "တက်နွယ်ချောင်း"ကို ရောက်တော့ ဖောင်ကို ပြီး ကမ်းပေါ်ကို လိုတဲ့ ဆေးမြစ်ရှာတယ်။ ကံအားလျော် ဆေးမြစ်ကို ရှာတွေ့တယ်။ ဖောင်ကို ဆက်မျှောလာ ဆေးဆက်ကုလာတာ မျက်စိတွေ မြင်လာကြတယ်။

အဲဒီလိုနဲ့ ခရီးဆက်လာရင်း ဟိုတုန်းကအခေါ် "ကုဋ္ဌ အခုအခေါ်ကတော့ "ကုန်းတလင်း"အရပ်ရောက်တော့ ကို ကမ်းစပ်မှာ ထားခဲ့ပြီး ကုန်းပေါ်တက် လမ်းလျှောက် ကြတယ်။ အဲဒီလို သွားနေရင်းနဲ့ မြစ်ဆိပ်တစ်ခုမှာ နေတဲ့ အမျိုးသမီးငယ်တစ်ယောက်ကို တွေ့ကြတယ်။ အမျိုးသမီးကတော့ "ဗေဒါရီ"ပဲ။

ဗေဒါရီနဲ့အတူ ရသေ့ကျောင်းကို လိုက်သွားကြတော့ ရီရဲ့ အကြောင်းကို သိကြရတယ်။

သတိုးမဟာရာဇာဆိုတဲ့ မင်းဟာ မျက်မမြင် မင်းသား ကို မွေးတော့ ထီးမွေ နန်းမွေဆက်ခံမယ့်သူ မရှိဘူး။ တော့ မိမိရဲ့ အမွေကို ညီတော် "စေပဒ္ဒူတ"ကို အိမ်ရှေ့ သားအရာပေးထားတယ်။ အဲဒီကာလတုန်းက ဘုရင်တို့ ရှေ့မင်းသားတို့ဟာ အသက် ၅၀ကျော်လာရင်၊ ဒါမှ တ် နန်းသက် ၃၅နှစ်ကျော်ရင် ထီးနန်းကို စွန့်ပြီး တရား ကျင့်ကြဖို့အတွက် ရသေ့ဝတ်လေ့ရှိကြတယ်။

အဲဒီ ရသေ့ကြီး "စေပဒ္ဒူတ"ဟာ သူ့ကျောင်းသင်္ခမ်း အောက်မှာ ရှိနေတဲ့ သဘာဝ ကျောက်ခွက်ကြီးထဲကို င်ငယ်စွန့်နေကျဆိုတော့ သမင်မတစ်ကောင်ကလည်း မြဲတမ်း ဒီကျင်ငယ်ရည်ကို လာ,လာသောက်တယ်။ တစ်ချိန်မှာ ကျင်ငယ်ရည်ထဲမှာ ပါတဲ့ သုက်ကြောင့် သမင်မ လေးမှာ ကိုယ်ဝန်ရှိလာတယ်။ အချိန်စေ့လို့ မိန်းကလေး တစ်ယောက်မွေးလိုက်တယ်။ ဒီမိန်းကလေးဟာ လူသားပီပီ အပြင်ရောက်တော့ ခမွေတာအတိုင်း ငိုတာပေါ့။ ကလေးငိုသံ လည်း ကြားရော၊ သမင်မလည်း လန့်ပြီးပြေးတယ်။ ကျောင်း ပေါ်က ရသေ့ကြီးကလည်း ကလေးငိုသံကြားလို့ ခေါင်းကြည့် လိုက်တော့ မွေးခါစ မိန်းကလေးကို သွားတွေ့တယ်။

ရသေ့ကြီးဟာ သီလ၊ သမာဓိနဲ့ ပြည့်စုံသူဖြစ်ပြီး အဓိဋ္ဌာန်ပြုလိုက်လို့ သူ့ရဲ့ လက်ညှိုးနဲ့ လက်ခလယ်က နို့ရည်စီးကျလာတယ်။ အဲဒီနို့ရည်နဲ့ တိုက်ကျွေးပြုစုလာရင်း ကြီးပြင်းလာတဲ့အခါ "ဗေဒါရီ"လို့ နာမည့်ပေးတယ်။ ဒီဗေဒါရီ လေး ၁၇နှစ်အရွယ်ရောက်လာတော့ ရသေ့၊ ရဟန်းနဲ့ မိန်းကလေး မသင့်လျော် မအပ်စပ်လို့ "ဖူးခါး"ချောင်းဝမှာ တစ်နေကုန် ရေခပ်ခိုင်းထားတယ်။ အဲဒီလိုနဲ့ မဟာသမ္ဘဝ၊ စူဠသမ္ဘဝတို့နဲ့ တွေ့တာပဲ။

ရသေ့ကြီးဟာ မဟာသမ္ဘဝ၊ စူဠသမ္ဘဝတို့ရဲ့ ဦးလေး တော်သူဖြစ်ပြီး စူဠသမ္ဘဝနဲ့ ဗေဒါရီကို လက်ဆက်ပေးလိုက် ကယ်။ မဟာသမ္ဘဝကတော့ စန္ဒမုခီ မင်းသမီးနဲ့ လက်ဆက် တယ်ပေါ့ကွာ။

အဲဒီတော့ တိုင်ငယ်ငယ်က သင်ရတာနဲ့ တက္ကသိုလ် စိန်တင် ရေးထားတာနဲ့ သိပ်မကွာလှပါဘူး။ စန္ဒမုခီဟာ ဘီလူးမနဲ့ လူသား ဆေးဆရာပဲ ကွာတယ်။ တက္ကသိုလ် စိန်တင်ကတော့ သမိုင်းအံထောက်အထားနဲ့ ရေးထားတော့ ပိုပြီး တိကျခိုင်မာတာပေါ့။

ကဲ – မင်းမေးတာကို ပြည့်ပြည့်စုံစုံ ဖြေပြီးပြီ။ တိုတို တုတ်တုတ်ဖြေလို့ ရနိုင်တဲ့ မေးခွန်းမဟုတ်လို့ အရှည်ကြီး ဖြေလိုက်ရတာ မင်းလည်း ညောင်းရောပေါ့။ ငါလည်း ဘုရား ရှိခိုးချိန်ရောက်လို့ ဘုရားရှိခိုးလိုက်ဦးမယ်"■

* * *

လှကျော်ညွှန့်(ရေတောင်း)



www.burmeseclassic.com

www.burmeseclassic.com

# တုံ့ပြန်ကျေးဇူး
# ပေးဆပ်ရကျိုးနပ်ပေပြီ

အောင်မြင့်မြတ်
(မြည်ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com

နေရာက သီဟိုဠ်ကျွန်း ကလျာဏ မင်္ဂလာရာမကျောင်း
ကိုက်၊ အရှင်၏ ဘွဲ့တော်အမည်က မလိယဒေဝ၊ သိက္ခာ
တော်က ရဟန်းသုံးဝါ၊ ရည်ရွယ်ချက်က စာပေ ပရိယတ်
ကြားတတ်မြောက်ရေး ဂန္ထဓုရနှင့် တရားဘာဝနာပွားများ
အားထုတ်ရေး ဝိပဿနာဓုရ၊ ပရိယတ်၊ ပဋိပတ်၊ ဒီဓုရနှစ်ဖြာ
ကြိုးကြိုးစား အားထုတ်ဖို့အတွက် ဤပမင်္ဂလာရာမ
ကျောင်းတိုက်သို့ ကြွရောက်တော်မူလာရခြင်းဖြစ်သည်။

ကျွန်ုပ်တို့ဘဝအတွက် ကျန်းမာဖျတ်လတ် နုနယ်ပျိုမျစ်
ဘ ဉာဏ်ပညာထက်မြက်၍ ထင်တိုင်းပေါက် မှန်းတိုင်း
ရောက်နေချိန်ဝယ် သံသရာဆင်းရဲမှ လွတ်ရာလွတ်ကြောင်း
တော်ကောင်းတရားများကို အားထုတ်သင့်သောအရွယ်ဟု
မှတ်ထားပေသည်။ ဆရာကောင်း၊ နည်းကောင်းနှင့်
လျှင် သူ့ဘဝအတွက် မျှော်လင့်ချက်တွေ ပြည့်ဝပြီဟု
ယူကာ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ စုံလင်စွာ ယူဆောင်
ဤကျောင်းတိုက်သို့ မနေ့က ရောက်လာခဲ့ခြင်းဖြစ်သည်။
အတွက် တစ်ပါးနေ ကျောင်းကလေးကို ကျောင်းထိုင်
ရာတော်ကြီးက ညွှန်ပြနေရာချထားပေး၍ စိတ်တိုင်းကျ
ဆင်ပြေစွာ သီတင်းသုံးနေရသည်။

ယနေ့ အရုဏ်တက်ချိန်၌ လျှောင်းစက်ရာ ညောင်
င်းမှ ထခဲ့ပြီး မျက်နှာသစ်ရန် ကျောင်းရှေ့အရောက်
မကာမ်း သပြေပင်၊ မရမ်းပင်၊ သရက်ပင်တို့၌ ကျေးငှက်
ကာတို့၏ တစာစာတွန်ကျူးသံတို့သည် အရုဏ်၏
ခင်းဝယ် သာယာကြည်နူးလိုက်ပါဘိခြင်း။

ရေအိုးမှ ရေတစ်ခွက်ခပ်ယူပြီး သူ့မျက်လုံးအစုံက
ခွက်တွင် အာရုံစူးစိုက်ကြည့်ကာ -

"ဤရေခွက်ထဲ၌ ရှိသော ရေစင်ကလေး သန့်ရှင်း
ကြည်လင်အေးမြသကဲ့သို့ စကြာဝဠာအတွင်း၌ ရှိကြကုန်
သော သတ္တဝါ ဝေနေယျတို့၏ စိတ်အစဉ်သည်လည်းပဲ
လေသာအညစ်အကြေးမှ သန့်ရှင်းအေးမြ ချမ်းသာစွာ
ကြရပါစေ။ ကြည်လင် ရွှင်လန်းသောစိတ်ရှိကြပါစေ။
ဦးနဲ့ တစ်ဦး မေတ္တာစိတ်ဓာတ်ဖြင့် ပက်ဖျန်း၍ အေးမြ
သာယာရှိကြပါစေ"ဟု မေတ္တာပို့သအပြီး အေးမြလတ်ဆတ်
သော ရေစင်ဖြင့် မျက်နှာသစ်လေ၏။

ဆက်လက်၍ ဘုရားဝတ်ပြု မေတ္တာပို့ အမျှဝေကာ
ကျောင်းသေနာသန ဝေယျာဝစ္စ သန့်ရှင်းရေးပြုလုပ်ပြီးချိန်တွင်
သံဃာတော်တချို့ သင်္ကန်းရုံကာ ဝမ်းရေးအတွက် ဆွမ်းခံ
ကြွတော်မူကြသည်ကို မြင်တွေ့ရကား "ြော်…တစ်နေ့
တာ ဆွမ်းခံချိန်တောင် ရောက်ပါပြီကော"ဟု သက်ပြင်းချကာ
ဝေယျာဝစ္စအမှုကို လက်စသိမ်းပြီး သင်္ကန်းတော်ကို အဝန်းညီ
စွာ ဝတ်ရုံ၍ သပိတ်ကို ပွေ့ကာ အများနည်းတူ ကြည်ညိုဖွယ်
ရာ အဆင်းကို ဆောင်လျက် ကလျာဏသို့ ရှေ့ရှု မေတ္တာ
ဘာဝနာပွားရင်း သတိပဋ္ဌာန်အမှတ်ဖြင့် တစ်လှမ်းချင်း ကြွ
ရောက်လေရာ ရွာလယ်လမ်းမသို့အရောက် ဒါယိကာမကြီး
ဒေါ်ပုညဝတီတစ်ယောက် ထွက်လာကာ အရှင်မလိယဒေဝ
၏ အမူအရာဣန္ဒြေသိက္ခာတို့ကို ကြည့်၍ ကြည်ညိုသဒ္ဓါစိတ်
ဖြင့် ယာဂုဆက်ကပ်၏။ ယာဂုဆွမ်းဘုဉ်းပေးသောအခါတွင်
လည်း တရားအမှတ်ဖြင့် ဘုဉ်းပေးတော်မူရာ ဒါယိကာမကြီး
မှာ ပို၍ပို၍ပင် ကြည်ညိုရင်း သဒ္ဓါတရားတိုးပွားလာလေ
တော့၏။

ယာဂုဘုဉ်းပေးပြီးလျှင် အရှင်မလိယဒေဝက အလှူရှင်
ဒါယိကာမကြီးအား "သုခီဟောတု - ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာပါစေ။ ဒုက္ခ မုစ္စတု - ဆင်းရဲခပ်သိမ်း ကင်းငြိမ်း
ပါစေ"ဟု မေတ္တာခုပေးရာ ဒါယိကာမကြီးမှာ ရင်မှ ဖွားသည့်
သားတစ်ယောက်ပမာ အရှင်မလိယဝ ရဟန်းငယ်ကို လွန်စွာ
မှ ကြည်ညိုချစ်ခင်သွားလေ၏။

"အရှင်ဘုရား… တပည့်တော်မ၏ အိမ်အတွင်းသို့
ကြွ၍ ဆွမ်းဘောဇဉ်များကို ဘုဉ်းပေးတော်မူပါဦး ဘုရား"ဟု
ပင့်လျှောက်ကာ ဆွမ်းဘောဇဉ်ခဲဖွယ် စုံလင်စွာဖြင့် ဆက်ကပ်
ပြန်၏။ ရဟန်းငယ်လည်း ပေးမြဲဆုကို ပေးလေ၏။

"သားတော် မောင်ပဉ္စင်း…ဘယ်ကျောင်းမှာ သီတင်း
သုံးပါသလဲ"

"မင်္ဂလာရာမကျောင်းကြီးမှာ ဦးပဉ္စင်း စာသင်နေပါ
တယ်"

"ြော်…ကောင်းပါလေ ဘုရား။ သားတော် မောင်ပဉ္စင်း
စာသင်နေသမျှကာလပတ်လုံး ဒကာမကြီးရဲ့ အိမ်မှာပဲ ဆွမ်း
အလှူခံတော်မူပါ။ အခြား ဘယ်မှမကြွပါနဲ့တော့ ဘုရား"

ဟု လျှောက်ထား၍ နေ့စဉ် အိမ်မှာ ပင့်ပြီး ဆွမ်းကပ်
လေတော့သည်။

အရှင်မလိယဒေဝ ထိုနေ့ ကျောင်းသို့ ရောက်သော်
ကျောင်းနံရံကို မှီကာ ဤသို့ စဉ်းစားခန်းဝင်လေတော့၏။

"ြော်…ဒီဆွမ်းအလှူရှင် ဒါယိကာမကြီးမှာ ငါနှင့်
ဆွေမတော် မျိုးမတော်၊ မည်သည့်ကျေးဇူးခံ ကျေးဇူးစားမျှ
မရှိ မည်သည့်မျှော်လင့်ချက် ရယူခြင်းပါ၊ သာသနာကို ကြည်


www.burmeseclassic.com

www.burmeseclassic.com

ညှိသော စိတ်သက်သက်ဖြင့်သာ နေ့စဉ်ပေးလှူသောဆွမ်းကို ဘုဉ်းပေးရသည့်အတွက် ငါ့မှာ တာဝန်တက်လျက်ရှိ၏။ ထိုက်တန်အောင် ငါစားမယ်။ ဆွမ်းလှူသူ ဝိဍ်ကျေးဇူးများအောင် ငါ ကြိုးစားဆောင်ရွက်မည်"

ဟု ဤသို့ဆုံးဖြတ်ချက် သန္နိဋ္ဌာန်ကို ခိုင်ခိုင်မာမာ ချမှတ်လေတော့သည်။ တစ်ဖန် စဉ်းစားဆင်ခြင်သည်မှာ -

"လောက၌ အချိန်သည် ဘဝဖြစ်၏။ အချိန်ဖြုန်းသူသည် မိမိ၏ ဘဝကို တုံးအောင် ပြုသူ၊ မိမိကိုယ်ကို မချစ်မြတ်နိုးသူသာ ဖြစ်သည်။ မည်သည့်ပုဂ္ဂိုလ်မျိုးပင် ဖြစ်စေ၊ အရွယ်သုံးပါး တစ်ပါးပါးတွင် တရားအလုပ် အားထုတ်ခဲ့ကြပါမှ အချိန်မနှောင်းသေးကြောင်း၊ ကံကောင်းထောက်မ၍ မိမိသည် လူ့ဘဝရလာချိန်၌ ပျော်ရုံပါးရုံ၊ စီးပွားရှာရုံသက်သက်တို့ဖြင့် အချိန်မကုန်စေသင့်ကြောင်း။ အချိန်မနှောင်းမီ ဘဝသမုဒ္ဒဝဲစီးပွား ကုသိုလ်တာဝနာများကြလျက် မိမိကိုယ်မိမိ ချစ်တတ်သူအဖြစ် ကမ္ဘည်းမှတ်တမ်းတင်သင့်ကြောင်း၊ ဘယ်လူမဆို မိမိကိုယ်ကို အမှန်တကယ် ချစ်မြတ်နိုးကြသည်ဆိုပါလျှင် ကိုယ့်ကိုယ်ကိုယ်ချစ်၊ စင်စစ်သိမြင်၊ ကိုယ့်ကို စောင့်ရှုအ-ကုမဝင်၊ အရွယ်သုံးပါး တစ်ပါးပါးတွင် သန့်စင်မှု ကြည့်ရှုပညာရှင်"ဆိုစကားအတိုင်း သုံးသပ်မိလေသည်။

"မမြင်ဖြစ်ပျက် အသက်တစ်ရာနေရရှာလည်း ခန္ဓာဖြစ်ပျက် ရှုမှတ်လျက်ဖြင့် တစ်ရက်တာမျှ နေမှုကလျှင် အဆများစွာ လွန်မြတ်ရာ၏" ဆိုသကဲ့သို့ လောက၌ အမြတ်ဆုံးဖြစ်သော တရားပညာကို ရရှိပိုင်ထားပါမှ ငါ့အတွက် အမြတ်ဆုံး လူသား၊ မဟာလူသားအဖြစ်၊ ဘဝနိဂုံးချုပ်နိုင်ပေမည်ဟု အဖန်ဖန် ဝေဖန်သုံးသပ်ဆင်ခြင်မိ၏။

ပစ္စည်းဥစ္စာကို အနှစ်ရှာသော် ဒါနတရားကို တွေ့ရ၏။ လူသားတို့၏ အသက်ရှင်ခြင်းနှင့် အကျင့်စရိုက်ကို အနှစ်ရှာသော် ဖြူစင်သော သီလကို မြင်နိုင်သည်။ ရေတစ်ပွက်ဟန် ကြက်တစ်ပျံမျှ လာဖြစ်ကြရသော လူ့ဘဝကို အနှစ်ရှာသော် နာမ်ရုပ်တို့၏ ဖြစ်ချုပ်မစဲ တသဲသဲကို ထဲထဲနက်နက် ရှုမှတ်ခြင်းဟူသော ဝိပဿနာ ဘာဝနာကို မုချ တွေ့နိုင်သည်ဟု ယုံကြည်မိပါသည်။

လှူဒကာတို့ ပြုသော ရိုသေခြင်း၊ လှူဒါန်းခြင်းနှင့် ထိုက်တန်အောင်၊ အလှူအကျိုးရှိအောင် လုပ်ပေးနိုင်သည်မှာ တစ်လောကလုံးတွင် သံဃာတော်များသာ ဖြစ်ပေ၏။ ဒါကိုပင် သာမိစိပ္ပဋိပန္နောဟု ခေါ်သည်။ မိမိသန္တာန်၌ ကိလေသာ ကုန်ခန်း၍ ရဟန္တာဖြစ်သည်အထိ ကျင့်ကြံခြင်းအားဖြင့် အလှူရှင်တို့အား ပြန်လည်ချီးမြှောက်ခြင်း၊ ဆွမ်းဖိုးဆပ်ခြင်း၊ လှူဒကာတို့ အကျိုးများအောင် ဆောင်ရွက်ပေးခြင်းဖြစ်တော့သည်ဟု သုံးသပ်ဆင်ခြင်တော်မူ၏။

မလိယဒေဝ ရဟန်းငယ်သည် ဆွမ်းဒါယိကာမ ဒေါ်ပုညဝတီ၏ စေတနာကို ထောက်၍ အစွမ်းကုန် ချီးမြှ မည်ဟု ရည်ရွယ်ချက်၊ ဆုံးဖြတ်ချက်တို့ဖြင့် စတင် ဆွမ်း သောနေ့မှစ၍ တစ်ဖက်က စာပေသင်ကြားရင်း တရား လည်း အချိန်ရှိတိုင်း ထက်ထက်သန်သန် နှလုံးသွင်း အ ထုတ် ပွားများနေလေတော့၏။ နေ့စဉ် ဆွမ်းဘုဉ်းပေ တစ်ဝါတွင်းသာ ကုန်သွားသော်လည်း မည်သည့်စကား မပြောပြော။ သုခီဟောတု၊ ဒုက္ခာမုစ္စတုဟူသော မိန့်ဆို ကြားပြီး ကျောင်းသို့ ပြန်ကြွမြဲ ပြန်ကြွသွားလေတော့သ

ဤသို့နှယ် မလိယဒေဝ ရဟန်းငယ်သည် နေ့ သေနာသန ကျောင်းဝေယျာဝစ္စတို့ကို ကိုရင်ငယ် သာမ များနှင့်အတူ ပြုလုပ်ဆောင်ရွက်လာရင်း ရင်းနှီးကျွ ခင်မင်လာကြ၏။ ထိုမျှသာမက သားတမျှ ချစ်ခင်အပ် ဆွမ်းဒကာမကြီးနှင့်လည်း ခင်မင်ရင်းနှီး အကျွမ်းဝင်ကြ ညနေပိုင်း ဒကာမကြီးအိမ်မှ ဖျော်ရည်၊ ဆေးဝါးများပါ ခ်ဆောင်၍ အရှင့်အား ဆက်ကပ်ကြလေသည်။

•••

မိနစ်၊ နာရီတို့ကို ရက်က စား၊ နေ့ရက်တို့ကို လ စားလာရင်း တစ်ဝါတွင်းလုံး ကျောင်းထိုင် မထေရ်ကြီး နည်းခံကာ စာသင်ကြားရင်း တစ်ဖက်ကလည်း ဝိပဿ တရားများကို အချိန်ရတိုင်း ကြိုးစားရှုမှတ် အားထုတ် ရာ ဝါကျွတ်ရက်ပင် နီး၍လာပေပြီ။

ယနေ့သည်ကား သီတင်းကျွတ်လဆန်း ၁၄ အဖိတ်နေ့ပင် ဖြစ်၏။ မနက်ဖြန် လပြည့်နေ့ ဝါကျွတ် မည်။ သံဃာ့ပဝါရဏာပြုရတော့မည်။

"ငါ့ရှင် သံဃာ့ပဝါရဏာပွဲမှာ ပုထုဇဉ်ဘဝအဖြစ်နဲ့ ္တဲ့ ဥပုသ်ပြုမည်လော၊ အရိယာအဖြစ်နဲ့ သံဃာ့ဥပုသ်ပြု လော၊ စဉ်စား၊ စဉ်းစားစမ်းပါ"

"ငါသည် သာသနာ့တာဝန်ကို ထမ်းဆောင်နေ မြင့်မြတ်သော အာဇာနည်ယောကျ်ားတစ်ယောက်ဖြစ်သ ဝန်ပိသောအမျိုးမဟုတ်။ ဖြစ်ပျက်ရှုမှန်း ဖြစ်ပျက်သုဉ်း ချမ်းသာအမှန် မြတ်နိဗ္ဗာန်ကို ငါ့ရှင် ကေန်ရမှ သင့်တော် ဟု သန္နိဋ္ဌာန်ချမှတ်ကာ စင်ကြယ်နေသော မိမိ၏ သီ အဖန်ဖန်ဆင်ခြင်၊ သမာဓိကို တည့်မတ်စေလျက် ရု တို့ရဲ့ ဖြစ်ပျက်မှုကို ချက်တိုင်းသိအောင် အခါမလပ် ရှုမှတ်၊ သဒ္ဓါ ဝီရိယ သမာဓိ ပညာတို့ အပိုအလို မ



www.burmeseclassic.com

www.burmeseclassic.com

သားကာ တစ်ညလုံးပေါက် အားထုတ်ရာ သီတင်းကျွတ်ပြည့်နေ့၏ အစဦးဆုံးအချိန် အရှေ့လောကဓာတ်မှ စန္ဒာမင်းကြီး လင်းရောင်ခြည်ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်က် မလိယဒေဝ ရဟန်းမှာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ဟန္တာအဖြစ်သို့ ရောက်တော်မူသည်။

လပြည့်နေ့နံနက်စောစော ရှင်သာမဏေ ကိုရင်နှစ်ပါးင့်အတူ ကျောင်းထိုင်ဆရာတော်ကြီးသည် မိမိနေရာကျောင်းလေးပေါ်သို့ ကြွရောက်လာရာ နေရာထိုင်ခင်း ပြင်ဆင်ပေးကာ သင်္ကန်း လက်ကန်တော့တင် ဦးချရှိခိုးအပြီးထေရ်ကြီးက -

"ငါ့ရှင် မဟာဒေဝ၊ ယနေ့ ကျောင်းမှာ ဒကာ၊ ဒကာမတွေ စုဝေးရောက်ရှိလာကြလိမ့်မယ်။ အဲဒါ အလှည့်ကျရားချီးမြှင့်ဟောရမယ်"ဟု မိန့်ကြားတော်မူပြီး ပြန်လည်ကြွသွားသည်။

မလိယဒေဝ ရဟန်းငယ် တရားဟောမည်ကို ကိုရင်ငယ်လေးများက ဆွမ်းအမကြီး ဒေါ်ပုည၀တီအိမ်သို့ ဆွမ်းခံကြွလာရင်း တစ်ပါးနှင့် တစ်ပါး မျက်ရိပ်ပြကာ သူပြော ငါပြောနှင့် ဤသို့အသိပေးကာ ဖိတ်ကြားကြလေသည်။

"ဒကာမကြီး . . . ဒကာမကြီးရဲ့ သား ရဟန်းတော်ကနေ့ ကျောင်းမှာ တရားဟောလိမ့်မယ်။ အဲဒါ ဒကာမကြီးကျောင်းလာပြီး တရားနာလှည့်ပါဦး"ဟု ဖိတ်ကြားလေသည်။

"မလျောင်ကြပါနဲ့ ကိုရင်တို့ရယ်။ တရားဆိုတာ ပုဂ္ဂိုလ်တိုင်း ဟောနိုင်ကြတာ မဟုတ်ပါဘူး။ တပည့်တော်မသားဆင်ပွင်းဟာ ခုလောက်သာ ကြာတယ်။ ရိုးလွန်းလိုက်တာ၊ တစ်ခွန်းတစ်ပါဒလောက်တောင် စကားပြောဖော် မရဘူး။ နေ့တိုင်း ဆွမ်းစားပြီးပြီးချင်း သုခီ ဟောတု၊ ဒုက္ခာ မုစ္စတု-ယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါ ဒီနှစ်ပုဒ်လောက်ပဲ ဟောတတ်တာပါ"

ဟု ဒကာမကြီးက ရိုးစင်းစွာ လျှောက်ထား၏။

"မဟုတ်ပါဘူး ဒကာမကြီးရယ်။ တတ်တတ်,မတတ်တ် တရားနာ လာဖြစ်အောင်သာ လာခဲ့စမ်းပါ။ ဆက်ဆက်ခဲ့နော်"

ဟု ပြောဆိုပြီး ကိုရင်ငယ်နှစ်ပါးမှာ ရွာလမ်းမအတိုင်းမ်းခံ ဆက်ကြွသွားကြသည်။ မိမိရင်ထဲမှ မေးစရာ စကား အဆက်ပြတ်တောက်သွားခဲ့၏။ ရင်ထဲမှ ဝမ်းသာပီတိည်နူးခြင်းများစွာနှင့်အတူ ကိုရင်ငယ်လေးများကို လက်အုပ်ကာ ကျန်ရစ်ခဲ့ရလေတော့သည်။

ရဟန်းတော်များ ထုံးစံအတိုင်း ပဝါရဏာပွဲကို သီတင်းကျွတ်နှင့်အတူ ပြုလုပ်လေ့ရှိရာ ထိုနေ့မျိုးတွင် ကလျှာရွာသူရွာသားများသည် ဆွမ်း၊ ပန်း၊ ရေချမ်း၊ နံ့သာ ဆီမီး အသီးသီး ကိုယ်စီယူဆောင်လာကြပြီး မဏ္ဍလာရာမ ကျောင်းတိုက်ကြီးဆီသို့ လာရောက်လျှုဒါန်းပူဇော်ကြပြီး ဥပုသ်စောင့်ရင်း တရားနာရမည့်အချိန်ကို စောင့်ဆိုင်းကာ နေကြကုန်၏။ အရှင်မလိယဒေဝ၏ ဆွမ်းအမကြီးမှာလည်း ကိုရင်လေးများရဲ့ သတင်းပေးတိုက်တွန်းဖိတ်မန်မှုအရ ပန်းနံ့သာ စသည့် လှူဖွယ်များကိုယူဆောင်၍ ကျောင်းသို့ ရောက်လာ၏။ သား ရဟန်းဟောမည့် တရားကို မရှုံ့မရဲ ရင်တထိတ်ထိတ်ဖြင့် ပရိသတ်အစွန်နောက်ခုံမှ ခေါင်းငုံ့ကာ တရားတော်များ မှတ်သားနာယူရန်စောင့်ဆိုင်းနေလေသည်။

နံနက်ပိုင်း၊ နေ့လယ်ပိုင်း အလှည့်ကျ ရွတ်ဖတ်ဟောပြောကြသည့် သံဃာတော်များ ပြီးဆုံးသွားသောအခါ မလိယဒေဝ ရဟန်းငယ်အလှည့်ရောက်ပြီ။ ကြေးစည်နာရီမောင်း၊ ခေါင်းလောင်းသံတို့က သူ့အလှည့်သို့ ရောက်ကြောင်း သတိပေး ပင့်လျှောက်နေသလို ထင်နေရသည်။

ရဟန်းငယ် အရှင် မလိယဒေဝသည် ကြည်ညိုဖွယ် သင်္ကန်းကို သပ္ပာယ်စွာ ရုံတော်မူ၍ ယပ်တောင်ကို ကိုင်ဆောင်ကာ တည်ငြိမ်သော ဣန္ဒြေသိက္ခာဖြင့် တစ်လှမ်းချင်း တရားဟောပလ္လင်ရှိရာသို့ ကြွလှမ်းကာ ထိုင်တော်မူပြီး ထုံးစံအတိုင်း သီလ စသည့် ပေးပြီးလျှင် ဟောရမည့် တရားကို စဉ်းစားသောအခါ ဆွမ်းအမကြီးအား တစ်ဝါတွင်းလုံး ဟောခဲ့ဖူးသော တရားကို ဟောကြားရန် ဆုံးဖြတ်လိုက်လေသည်။

အချိန်က နေဝင်စ ညနေချမ်းဆည်းဆာ။ သာယာလှပအေးချမ်းကြည်လင်သောအချိန်မို့ နေ့ပိုင်းမှာ မအားလပ်၍ မလာရောက်နိုင်ကြသူတို့ ယခုမှပင် လာရောက် တရားနာယူကြလေရာ တရားနာ ပရိသတ်တို့ ကြိတ်ကြိတ်တိုးစည်ကားကာ တရားမဏ္ဍပ်ပြည့်၍ပင်နေတော့သည်။

ကျောင်းထိုင် မထေရ်ကြီးနှင့်တကွ စာသင်ဘက် ရဟန်းတော်များ၊ ကိုရင်လေးများပါ သင့်တော်ရာ၌ နေရာယူထိုင်ကာ နာကြားနေကြ၊ အကဲခတ်နေကြ၏။ ဆွမ်းအမကြီးလည်း ငါ့သား မောင်ပဉ္ဇင်း ဘာတရားများ ဟောမလဲ၊ ဟုတ်မှဟုတ်ပါလေစ။ အကယ်၍ ဟိုတစ်စ သည်တစ်စ ထစ်အအနဲ့နေမှဖြင့် ခက်ရချေရဲ့ဟု စိတ်ထဲမှာ မလုံမလဲ ရင်တမမနှင့် ခေါင်းမဖော်ဝံ့ဘဲ နားစိုက်နေရ၏။

မလိယဒေဝ ရဟန်းငယ်သည် "သုခီဟောတု၊ ဒုက္ခာ မုစ္စတု" တရားနှစ်ပုဒ်ကိုပင် အခြေခံကာ မေတ္တာတရား ကိုယ်ပြုလျက် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ခြုံငုံသုံးသပ်



www.burmeseclassic.com

www.burmeseclassic.com



၍ အကျယ်ဖွင့်ဆို ဟောကြားတော်မူလေရာ ညဉ့်နက်သည်ထက် နက်၍လာသော်လည်း တရားနာ ပရိသတ်တို့သည် ကြာသည်မထင်၊ နာ၍ မငြီး၊ အသီးသီး အာရုံစိုက်ကာ နာကြားနေကြ၏။

တစ်လောကလုံး တစ်သံသရာလုံး သတ္တဝါတိုင်း၏ ဆင်းရဲပုံများကို ပြဆိုကာ သောတာပန်ပုဂ္ဂိုလ်၏ ချမ်းသာပုံ၊ ဆင်းရဲမှ လွတ်ပုံ၊ သကဒါဂါမ် အနာဂါမ်တို့၏ ချမ်းသာပုံ၊ ဆင်းရဲပုံမှ လွတ်ပုံများကို အဆင့်ဆင့်နှိုင်းယှဉ် ဝေဖန်၍ နောက်ဆုံး အရဟတ္တဖိုလ်သို့ မရောက်ကြရသေးသမျှ ချမ်းသာသုခအပြည့်အဝ မခံစားရသေးပုံ၊ ဆင်းရဲမှ လုံးဝ ကင်းငြိမ်းပြီဟု မဆိုနိုင်သေးပုံများကို အသေးစိတ် ရှင်းလင်း ဟောပြကာ တရားမိုးကြီး ရွာသွန်းတော်မူ၏။

"ချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ"

ဤစကားနှစ်ခွန်းသည် ပိဋကတ်သုံးပုံလုံး ခြုံငုံမိ၍ အလွန်အရေးပါသော မေတ္တာဘာဝနာ စကားဖြစ်ကြောင်း ပရိသတ်များအားလုံး သဘောပေါက်သွားကြသည်။

တရားပွဲပြီးဆုံးသောအချိန်နှင့် အရှေ့လောကဓာတ်မှ နေအရုဏ်တက်သောအချိန်သည် အချိန်ကိုက်ဖြစ်နေတော့၏။ တရားပွဲပြီးလျှင် ဆွမ်းအမကြီး ဒေါ်ပုညဝတီလည်း သောတာပန်တည်လေတော့သည်။ အရှင် ဟောကြားသော တရားများမှာ အတွင်း အာယတန ၆ပါး၊ အပြင် အာယတန ၆ပါး၊ ဝိညာဏ် ၆ပါး၊ ဖဿ ၆ပါး၊ ဝေဒနာ ၆ပါး၊ တဏှာ ၆ပါးတို့ ဖြစ်၏။ ပဉ္စမ နိကာယ် ဥပရိပဏ္ဏာသ ပါဠိတော် ဆ/ဆက္ကသုတ္တန်ပင် ဖြစ်၏။

"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ" ပါဠိကို မူတည်၍ ၆ × ၆ = ၃၆မျိုးသော တရား သဘောတို့သည် ဖြစ်မှုပျက်မှု ထင်ရှား၍ ငါ၊ ငါ့ဥစ္စာဟု မသုံးသပ်ထိုက်ကြောင်း အကျယ်ဟောပြောပြခြင်း ဖြစ်၏ တရားပွဲပြီးဆုံးချိန်၌ ဆွမ်းအမ မယ်တော်ကြီး သောတာပန် တည်၍ ရဟန်းတော် ခြောက်ကျိပ်(အပါး ၆၀)လည်း ရဟန္တာ ဖြစ်တော်မူကြသည်။

အကျွန်ုပ် တို့ပြန် ကျေးဇူးပေးဆပ်ရကျိုးနပ်ပေပြီဟု ကြည်နူးဝမ်းသာပီတိဖြစ်လိုက်ပါဘိခြင်း။ ဤ ဆ-ဆက္ကသုတ္တ ကို အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်နှင့် အခြား အခြားသော အသီတိ သာဝကမထေရ်ကြီးများ ဟောတော် ရာ၌လည်း အလားတူစွာပင် ရဟန်းခြောက်ကျိပ်တို့ အသီး ရဟန္တာဖြစ်တော်မူကြရာ ခြောက်ခြောက်လီ သုတ္တန်သည် သာသနာတော်၌ အလွန်ထူးခြား အကျိုးများသော သုတ္တ ကြီးပါတကားလို့ တရားတော်ရဲ့ ဂုဏ်ကို လေးလေးစားစား ယုံကြည်မိပါတော့သည်။

အကျွန်ုပ်အရှင်သည် ဤမျှအကျိုးကျေးဇူး အထူးများ လှသော ဆ-ဆက္ကသုတ္တန်ကြီးကို ကြည်ညိုလေးစား ယုံကြ ကိုးစား အားထားသမှုပြုရင်း သာသနာပွင့်လင်းရာ သီဟိုဠ် ကျွန်းမြေတစ်ခွင်ကို လှည့်လည်ဟောကြားမည်ဟု အဓိဋ္ဌာ ပြုကာ ဘုံကိုးဆင့်ရှိသော ကြေးပြာသာဒ်၌ လည်းကော ဟောဟပါသာဒ ခေါ် ကြေးပြာသာဒ်ရှေ့ ရဟန်းတော်မျာ သီတင်းသုံးရန် ပြုလုပ်ထားသော အဝတ်မိုး မဏ္ဍပ်တွ လည်းကောင်း၊ မဟာဝိဟာရကျောင်း၌ လည်းကောင်း၊ ထို တစ်ဆင့် စေတီယတောင်ပေါ်၌ သီတင်းသုံး ဝါဆိုစဉ် လည်းကောင်း၊ အကြိမ်ကြိမ်ဟောတော်မူရာ နေရာဌာနတိုင် ရဟန်းတော် ခြောက်ကျိပ်စီ ရဟန္တာဖြစ်ကြကုန်တော့သည်

ထိုမှတစ်ပါး လှည့်လည်ကြွချီကာ သာကီယဝံ ကျောင်း၊ ကူဋာလိကျောင်း၊ အန္တသောဗ္ဗ၊ မုတိင်္ဂဏ၊ ဝါတ တောင်၊ ပါစီနယရက၊ ဒီဃဝါပီ၊ လောကန္ဒရ၊ နော မဏ္ဍ တလ၊ အခိုပါ ဌာနတိုင်း ဆ-ဆက္ကသုတ္တန်တရား ပြီး လေတိုင်း ခြောက်ကျိပ်စီ ရဟန္တာဖြစ်သွားကြသည့်ကို အကျွ အရှင် ကျေနပ်ဝမ်းသာမဆုံးဖြစ်မိပါလေတော့သည်။

♦♦♦

ကျွန်ုပ်အရှင်သည် ဒီကနေ့အတွက် ဘဝတစ်သ တာမှာ မမေ့ရက်စရာ အမှတ်ရစေသော နေ့တစ်နေ့ ပြီ။ ရဟန်းသံဃာတော်များ သီတင်းသုံး မွေ့လျော်ရာ စိတ္တ

www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်သို့ ရောက်ရှိခဲ့သည်မှာ ရက်ပိုင်းမျှသာ ရှိသေးသည်။ သက်ချိုးရေတွက်မှ လဝက်မျှတောင် မပြည့်သေးပါ။ နွေလ ဆုသီ တန်ခူးလဆန်းပိုင်း ပူအိုက်၍ အနေခက်သောနေ့ တစ်နေ့၏ ညနေပိုင်းအချိန်၊ မိမိနှင့် မလှမ်းမကမ်းတစ်နေရာ ၌ ၆၀ ကျော် မထေရ်ကြီးတစ်ပါး စိတ္တလတောင်ပေါ်ရှိ ကန်ကြီး၏ ကုရုဝဆိပ်ခေါ် လုံခြုံသော ရေချိုးရန်ဌာနသို့ ကြွလှမ်းနေသည်ကို မြင်လိုက်ရ၏။ ကျွန်ုပ်သည် မထေရ်ကြီး ၏ နောက်သို့ လိုက်ပါသွားကာ အနီးသို့ ရောက်သည့်အခါ သေစွာ ရှိခိုးကန်တော့ပြီး -

"အရှင်ဘုရား…တပည့်တော် ရေချိုး၍ ပေးပါရစေ၊ ခွင့်တော်မူပါ"

ဟု လျှောက်ထားရာ မထေရ်ကြီးသည် စကားတုံ့ပြန် ရှိသေးဘဲ ခေတ္တမျှ စဉ်းစား၍ "အင်း…မလိယဒေဝလို့ ပြောနေကြတယ်၊ သူများ ဖြစ်လေမလား"ဟု ဆင်ခြင် ချက်…

"ငါ့ရှင်၊ သင်ဟာ သံဃာအများ ပြောနေကြတဲ့ ဒေဝ ထေရ်ပဲ မဟုတ်လား"

ဟု မေးတော်မူ၍…

"မှန်လှပါ အရှင်ဘုရား"

ဟု လျှောက်ထားရသည်။

"ငါ့ရှင်…တို့များ ဝါ-၆၀ ကျော်ပါပြီ။ ဒီလောက်သာ ကြာခဲ့ပေမယ့် တို့များကိုယ်ကို ဘယ်သူ့လက်နဲ့မျှ ထိကိုင်ခွင့် ပေးခဲ့ဘူး။ ငါ့ရှင်ကိုတော့ ခွင့်ပြုပေမပေါ့"

ဟု မိန့်ကြားတော်မူပြီး ကန်ပေါင်ပေါ်သို့ တက်ကာ ကိုယ်လက်ဆုပ်နယ် ချေးပွတ်ပေးရန် ခွင့်ပြုတော်မူရှာ၏။ မလိယဒေဝထေရ်သည်လည်း စိတ်တိုင်းကျ မထေရ်ကြီးအား ပြုစုခွင့်ရခဲ့လေသည်။

ထိုနေ့ကား တရားဓမ္မဟောပြော နာယူကြသောနေ့ ဖြစ်သည့်အတိုင်း ရေမိုးချိုးပြီးသောအခါ မထေရ်ကြီးက -

"ငါ့ရှင် မလိယဒေဝ… ဒီကနေ့ တို့များကို တရား ဟောပေးပါဦး"

ဟု တောင်းပန်ရာ -

"ကောင်းပါပြီ အရှင်ဘုရား"

ဟု ဝန်ခံလိုက်ရသည်။

နေဝင်ဆည်းဆာ ညနေချမ်းအချိန်ရောက်သောအခါ တရားနာယူ ကြွရောက်ကြရန် သံဃာတော်အချင်းချင်း ထုံးစံ အတိုင်း နှိုးဆော်ကြပြီး ဓမ္မာရုံတော်သို့ ကြွရောက်ကြလေ၏။

ထိုနေ့ တရားပွဲသို့ ထူးထူးခြားခြား ဝါတော် ၆၀ကျော် မထေရ်ကြီး ခြောက်ကျိပ်တို့ တရားနာ ကြွတော်မူ၏။ မထေရ် ကြီးများအား ရှိခိုးကန်တော့ပြီး အကျွန်ုပ်အရှင်သည် တရား အမွှမ်းဂါထာ အနည်းငယ်ရွတ်ဆို၍ ခြောက်ခြောက်လီ ဆ-ဆက္ကသုတ္တန်ကိုပင်ဟောကြားလေရာ တရားပွဲပြီးဆုံးလျှင် ဝါတော်၆၀ကျော်၊ သက်တော်၈၀ကျော် မထေရ်ကြီး ခြောက် ကျိပ်စလုံး အရိယာရဟန္တာဖြစ်တော်မူသွားကြသည်ကို ကြည် ညိုဖူးမြော်ပူဇော်ရင်း သာဓုအခါခါခေါ်လိုက်ရပါတော့၏။

◆◆◆

အကျွန်ုပ်အရှင်သည် စိတ္တလတောင်ပေါ်မှ ထွက်ခွာ လာခဲ့ပြီး သီဟိုဠ်သာသနာဝင်တွင် ထင်ရှားသော တိဿမဟာ ဝိဟာရ၊ နာဂမဟာဝိဟာရ ကာဋကစ္ဆရွာ၊ ထိုမှတစ်ဆင့် ကလျာဏီမဟာဝိဟာရရှိ ဉပုသ်ကျောင်းတော်ပြာသာဒ်ကြီး စသည်တို့ကို လှည့်လည်ကြွရောက်ကာ ခြောက်ခြောက်လီ ဆ-ဆက္ကသုတ္တန်ကြီးကိုပင် အလေးအမြတ် ကြည်ညိုပူဇော် ရင်း ဟောကြားလာခဲ့ရာ ဌာနပေါင်း ၆၆ဌာနရှိခဲ့လေပြီ။

ဟောခဲ့ရာ နေရာဌာနတိုင်းပင် ရဟန်းတော်အပါးပေါင်း ၆၀၊ အာသဝေါကုန်ခန်း ရဟန္တာများချည်းဖြစ်ကြ၍ ၆၆ဌာန ကို အပါးရေ ၆၀ဖြင့် ရေတွက်ကြည့်မည်ဆိုပါက အရိယာ ရဟန္တာပေါင်း ၃၉၆၀ ရှိခဲ့ပြီး ဉပါသကာ ဒါယကာ၊ ဒါယိကာမ များလည်း သောတာပန် သကဒါဂါမ်၊ အနာဂါမ်တည်ကြသော ပုဂ္ဂိုလ်များလည်း ရှိနေသည်မို့ ဆ-ဆက္ကသုတ္တန်ကြီး၏ အာထာစက် တတ်ခိုက်ပုံအဟုန်သည် အလွန်ကြည်ညိုဖွယ် ကောင်းလှပါပေတကားဟု တရားတော်၏ ဂုဏ်ကျေးဇူးများ ကို အဖန်ဖန်အောက်မေ့မိပါသည်။

အကျွန်ုပ်အရှင်အနေဖြင့် ဆွမ်းအမကြီး ဒေါ်ပုညဝတီ ၏ တစ်ဝါတွင်း ကပ်လှူခဲ့သော ဆွမ်းအကြွေးကို ပြန်လည် ပေးဆပ်သောအားဖြင့် တရားအလုပ် အားထုတ်ပြီး သံသရာ ဆင်းရဲမှ လွတ်ခဲ့ပုံ၊ ဆ-ဆက္ကသုတ္တန်ကြီးကို လေးမြတ် ယုံ ကြည် ကြည်ညိုပူဇော်သောအားဖြင့် ၆၆ဌာန ဒေသစာရီ လှည့်လည်ကြွချီ သာသနာပြုကာ ဟောကြားခဲ့၍ အာသဝေါ ကုန်ခန်း ရဟန္တာအရိယာအပေါင်း ၃၉၆၀ တို့ကို ကြည်ညို ဖူးမြော်ကာ ဝမ်းသာပီတိ ကြည်နူးခြင်းဖြင့် အခါခါအလီလီ သာဓု…သာဓု…သာဓုဟု ခေါ်ဆိုမိပါတော့သတည်း။

* * *

အောင်မြင့်မြတ်(မြည်မွှေးဘို့)


ကျမ်းကိုး

- ဓမ္မာစရိယ ဦးဌေးလှိုင်၏ သီဟိုဠ် စံတော်ဝင် အရိယာများ စာအုပ်မှ မလိယဒေဝ ဝတ္ထုကို ခြယ်မှုန်းပူဇော်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ပြူစောထီး၏ မန္တန်တော်

သျှင်ထွေး

ပုဂံကောင်းစားစဉ် ပြူစောထီးမှာ ထင်ရှားသော မင်းတစ်ပါးဖြစ်ခဲ့၏။ ပြူစောထီး၏ ဘုန်း၊ သမ္မာ၊ သီလ၊ သမာဓိကြောင့်ပင် ပုဂံပြည်ရှိ ရန်အပေါင်းကို နှိမ်နင်းအောင်မြင်ခဲ့သည်မှာ ဒဏ္ဍာရီမဟုတ်၊ ပုံပြင်မဟုတ်။ ပုဂံမြေမှာ ဒီနေ့အထိ အထင်ကရ သက်သေအထောက်အထားများ ရှိနေဆဲပင်။

ကြုံကြိုက်၍ ပုဂံ ပြူစောထီးမင်း အမြဲမပြတ် ရွတ်ဆိုသော မန္တန်တော်ကို ဝေငှပေးလိုက်ရပါသည်။ ဂမ္ဘီရဆန်းကြယ် ပရိသတ်များ လိုသလိုရွတ်ဖတ် ကုသိုလ်ပွားနိုင်ကြပါသည်။

မန္တန်တော်ကလည်း တိုတိုတုတ်တုတ်နှင့် ရှင်းလင်းလွယ်ကူ၊ မှတ်မိလွယ်၏။ ပါဠိစာသားများမှာလည်း မခက်ခဲ။ အမြဲမပြတ် နှလုံးသွင်း ဆင်ခြင်ပါက ရရှိလာမည့် အကျိုးကျေးဇူးများမှာ ကြီးမားသလို ဆန်းပြားအံ့ဩလောက်ပါပေသည်။ ကိုယ်တိုင် မပြတ်ရွတ်ဆို ပွားများကြည့်ပါ။ ထူးဆန်းအံ့ဖွယ်ရာများနှင့် မလွဲမသွေ ကြုံကြိုက်ရမည်ဟုသာ တိုက်တွန်းလိုက်ချင်ပါသည်။

အတေ၊ အာတေ၊ ဥတေ၊ ဦတေ၊
ဣလုတေ၊ ဣလူတေ၊ ဣလန္တေ၊ ဣလာတေ၊
ခတေ၊ စတေ၊ စာတေ၊ တဝတေ၊ တဝါတေ၊
တံသုခတေ၊ မတေ၊ သမတိတေ၊ သံတေ။

အတေ - အဆိပ်ပျောက်အံ့။
အာတေ - အဆိပ်မတက်အံ့။
ဥတေ - အလိုခပ်သိမ်း ပြည့်စုံအံ့။
ဦတေ - ကြံတိုင်းအောင်အံ့။
ဣလုတေ - သူတကာဟူသမျှ ချစ်အံ့။
ဣလူတေ - သူတကာ မြင်သမျှ ချစ်မြတ်နိုး[illegible]
ဣလန္တေ - ရန်ပျောက်အံ့။
ဣလာတေ - မကောင်းသော ရန်ပျောက်အံ့။
ခတေ - သူခပ်သိမ်း ကြံ၍မဖြစ်။
စတေ - ရန်ဟူသမျှ ပျောက်အံ့။
စာတေ - အသက်ရှည်အံ့။
တဝတေ - ကိုယ်အနာဟူသမျှ ပျောက်အံ့။
တဝါတေ - မကောင်းသော အနာခပ်သိမ်း [illegible] ပျောက်အံ့။
တံသုခတေ - ဝမ်းကြီးအနာဟူသမျှ ပျောက်[illegible]
မတေ - ရွှေငွေဥစ္စာရအံ့။ (နှလုံးချမ်း[illegible] လည်း ဟူ၏။)
သမတိတေ - မင်းဘေးမင်းဒဏ် ကင်းငြိမ်းအံ့[illegible]
သံတေ - နှလုံးကောင်းမြတ်အံ့ ■

* * *



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ - မတ်လအတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ဗေဒင်ပညာ ဆရာကျော်

ဒီစာမျက်နှာဟာ သင့်အတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ ...ဂိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြပေးသလို၊ သင့်ဘဝအတွက် အထောက်အကူပြုပါလိမ့်မယ်။

"မြန်မာများမှာ ပြောသူ၊ ရေးသူကား များ၏။ လုပ်သူကား အလွန့်အလွန်ရှား၏။ ထကြ၊ ကြွကြ၊ ကြိုးစားကြလော့"

( ဦးပဂျီဒိ )

## ၂၀၁၃၊ မတ်လ စန်းပွင့်ရက်များ

| | |
|---|---|
| ၁၊ ၂၊ ၁၀၊ ၁၁၊ ၁၉၊ ၂၀၊ ၂၁၊ ၂၈၊ ၂၉၊ ၃၀ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၃၊ ၄၊ ၁၂၊ ၁၃၊ ၂၂၊ ၂၃၊ ၃၁ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၅၊ ၆၊ ၁၄၊ ၁၅၊ ၁၆၊ ၂၄၊ ၂၅ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၇၊ ၈၊ ၉၊ ၁၇၊ ၁၈၊ ၂၆၊ ၂၇ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |


BURMESE CLASSIC .com

အထက်ဖော်ပြပါ ဇယားအတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြထားခြင်းဖြစ်သည်။ ဉာဏ်ရှိသလို ...ပြုနိုင်ပါသည်။ အကြံအစည်သစ်များ ချမှတ်ဆောင်ရွက်ခြင်း၊ အရေးကြီးသော ကိစ္စများ၌ ဖော်ပြပါ ထောင့်အရပ်များသို့ ...နှာမူ၍ ဆုတောင်းခြင်း၊ မေတ္တာသုတ်ရွတ်ခြင်း၊ ခရီးစတင်ထွက်ခြင်း၊ ဖော်ပြပါ ရက်အလိုက် စန်းပွင့်ထောင့်ကို ...နှာမူ၍ စကားပြောဆိုခြင်းများ ရွက်ဆောင်နိုင်ပါသည်။

ဥပမာ - ၂၀၁၃၊ မတ်လ ၁ရက်နေ့တွင် အရေးကြီးကိစ္စအတွက် စကားအခြေအတင်သွားပြောရန် ရှိပါက မြောက် ...ပ်ကို မျက်နှာမူပြီး ပြောရမည့် ပုဂ္ဂိုလ်အား မေတ္တာပို့ပါ။ မေတ္တာသုတ် ရွတ်ပါ။ သူ့ထံသို့ သွားလျှင် မြောက်အရပ်ကို ...ခြေလေးငါးလှမ်း အထွက်ပြုပြီးမှ ကိုယ်လိုသည့်အရပ်ကို သွားပါ။ သင့်အခက်အခဲပြေပျောက်စေရန် အထောက်အပံ့ ...ပါလိမ့်မယ်။ ဉာဏ်ယှဉ်ပြီး သုံးနိုင်ပါသည်။

စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ မကာရ၊ ပြိဿ၊ ကန်ရာသီများတွင် ...ပါက တောင်အရပ် စန်းပွင့်သည်။ တူ၊ ကုမ်၊ မေထုန်ရာသီများတွင် ရှိပါက မြောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ ...ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။

### ထီးကံ






www.burmeseclassic.com

www.burmeseclassic.com

မတ်လမှာ ထိုးခဲ့သော ထီဖွင့်ရက်၏ ကောဇာ ဇာတာဖြစ်သည်။ သူဌေးလောင်းရွေးမည့် ဇာတာဟု ပြောလို့ ရပါသည်။ (၁၊ ၃၊ ၄၊ ၆) ဂဏန်းများ ဦးစားပေး၍ များများပါအောင် ထိုးပါ။

အဓိဋ္ဌာန်အာရုံ ဂဏန်းမှာ (၇၊ ၉)ဖြစ်သည်။

## ရတနာအဆောင်

ဤလထဲမှာ မြ ခရမ်းစွဲကို အဆောင်ရတနာအဖြစ် ဆောင်နိုင်လျှင် အကျိုးရှိပါမည်။ အေးငြိမ်းခြင်း၊ အခက်အခဲများ ကျော်ဖြတ်နိုင်ခြင်း၊ ရန်သူဘေးမှ လွတ်မြောက်ခြင်း၊ အရှိအသေခံရခြင်း စသော အကျိုးများ ရရှိနိုင်ပါသည်။

## ငွေကြေးကံပွင့်ရန်

မိမိ၏ မွေးနေ့နံနက် ၅နာရီမှ စကာ "အရဟံ"ဂုဏ်တော်ကို ရှစ်သောင်းလေးထောင်ပြည့်အောင် ယုံယုံကြည်ကြည် ပုတီးစိပ်ပါ။ တစ်ရက်နှင့် အပြီးစိပ်ရပါမည်။ ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်နှင့် လက်ဖက်ဆွမ်း ကပ်လှူ... အောင်သော် လိုရာဆုတောင်း။ မေတ္တာပို့ အမျှဝေပေးပါ။ အပွင့်အလန်း အလွန်ကောင်းပါတယ်။ စာတွေ့မဟုတ်၊ လက်တွေ့ ဖြစ်ပါတယ်။

## ဖြေဆေး ယတြာ

ဂုရက်သားသမီးများအားလုံး တန်ခိုးကြီးဘုရား၏ မွေးနံထောင့်တွင် မနက်ပိုင်း၌ သပြေပန်းများ ဝေဆာနေအောင် လှူ၍ "သမ္ဗုဒ္ဓေ"ဂါထာတော်ကို တတ်နိုင်သလောက် ရွတ်ပွားပူဇော်ပါ။ အနည်းဆုံး ခေါက်ရေ သက်စေ့ဖြစ်ရပါမည်။ ထို့နောက် နေအိမ်က ဘုရားကျောင်းဆောင်တွင် သပြေပန်း၊ သပြေညွန့်များ ဝေဆာနေအောင် တစ်လလုံး ပူဇော်ထားပါ။ ဂုဏ်တော်... ပါ။ မင်းအစိုးရများနှင့် ပြည်သူပြည်သား၊ ကမ္ဘာသူ ကမ္ဘာသားများကို မေတ္တာပို့ပါ။ မိသားစုလည်း မေတ္တာတရား... နေထိုင်ပါ။ အလုပ်ကိစ္စကြောင့်မှ တစ်ပါး လူစုလူဝေးထူရာ ပြင်ပများသို့ မသွားဘဲ ကိုယ့်တရားနှင့် ကိုယ်နေပါ။ မ... ပြေလများတွင် ဤကျင့်စဉ် လုပ်ပါ။ အကျိုးထူးပါလိမ့်မည်။

## အကြံပြုချက်

ဤတစ်လလုံး ကျက်သရေရှိသော၊ မင်္ဂလာရှိသော တေးသံသာများ ဖွင့်ပါ။ အေးငြိမ်းသော သန္တိရသ တေးစာသားများ... သံစဉ်ကောင်းများကို ဦးစားပေးပါ။ မနက်ပိုင်းတွင် ဝုန်းဝုန်းဒိုင်းဒိုင်း ဆူညံသော ဂီတသံစဉ်များ လုံးဝ ရှောင်ပါ။

ဥပမာ - တေးသံရှင် ရာဇာဝင်းတင့်နှင့် စိုးစန္ဒာထွန်းတို့ သီဆိုသော "ရွှေလာဘ်တံခါးကြီးဖွင့်"ဟူသော သီချင်း... အလွန်ကောင်းပါသည်။ ဆူလောင်ပွက်လောရိုက်ပြီး အကြမ်းဖက်သည့် သီချင်းမျိုး တစ်လလုံး ရှောင်ပါ။ ဤအကြံပြု... ကို လိုက်နာကြည့်ပါ။ ထူးခြားကြောင်း ကောင်းကောင်းသိလာပါမည်။

ထို့ပြင် မည်သူမဆို စနေ၊ တနင်္ဂနွေ၊ အင်္ဂါနေ့များတွင် တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပါ။ ခေါင်းလျှော်... သမ္ဗုဒ္ဓေဂါထာ ရွတ်ပွားပါ။

* * *

ဓေဋ္ဌာရာ ဆရာ...



www.burmeseclassic.com

www.burmeseclassic.com

# နေ့စေး စာပေမှ

## သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် ...သူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ...ရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား ...စေး စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် ...ည်။

BURMESE CLASSIC .com

...စဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ ... ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ ...စာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ ...နေပါသည်။

### ဆက်သွယ်ရန်လိပ်စာ

...င်း – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

...(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရှုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

...(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

...(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မိုးလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ မတ်လအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

ဆရာ မြတ်ထွဋ်ခေါင် (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

### တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[င့်] တွင် သီဟိုဠ် (၉)ညွန့် သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါ[က်] ရွတ်ဆိုကာ မိမိလိုရာဆုကို တောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[င့်] တွင် ကံ့ကော် (၉)ညွန့် သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[င့်] တွင် ပျဉ်းမ (၉)ညွန့်နှင့် ထီးနီ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာ[ဆု] တောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[င့်] တွင် ပဲပေါင်မှန့် (၅)ခု၊ ကြက်လျှာ (၅)လက်နှင့် ရေသက်စေ့တို့ကို သွားရော[က်] လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထော[င့်] တွင် ကိတ်မုန့် (၁)ခု၊ ဖြူဟတ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး [မိမိ] လိုရာဆုကို တောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - မွေးနေ့တွင် ရဟန်းတစ်ပါးကို ဆပ်ပြာ (၅)တုံးလှူပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တန[င်္ဂနွေ] ထောင့်တွင် သရက်သီး (၅)လုံးကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါ[က်] ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွန့်ကို ဖလားတစ်ခုအတွ[င်း] ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

…နှင့် အဆင်ပြေစေရန် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက်သီးနှစ်လုံးနှင့် ဆူးတံခွန်တစ်လုံးတို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

…ဆောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ မနက် ၆နာရီခွဲမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြီးသုပ်လှူဒါန်းပါ။

…ကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှင်းဆီ (၉)ပွင့်နှင့် ကြိုးဟ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပါ။

…ဒုပ်အကိုင်အခက်အခဲအတွက်- တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး (၇)ညွန့်၊ တံခွန်ကုက္ကားတစ်စုံတို့ကို လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

…မာရေးအတွက် - တနင်္လာနေ့ မနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သပြေ (၆)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

…ခြားခရီးအတွက် - မွေးနေ့တွင် ရဟန်းတစ်ပါးအား ဆန်(၉)လုံး လှူဒါန်းပါ။

…ွားရေးလုပ်ငန်းများအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် လက်ဖက် (၉)ကျပ်သား၊ တံခွန်လုံးအဝါ ၉လုံးတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

…/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (၇)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

…ကြမ္မာ - (၂)ထိပ်စီး (၄)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## အင်္ဂါသားသမီးများအတွက်

BURMESE CLASSIC .com

…သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ထန်း (၁၀)ညွန့်၊ အုန်းယို (၉)ခု၊ ထီးဖြူ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

…ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရေသက်စေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

…ကြေးအခက်အခဲအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အုန်းယို (၅)ခုနှင့် ရေသန့်ဘူး (၉)ဘူးတို့ကို သွားရောက်လှူဒါန်းပါ။

…သုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက် (၉)ညွန့်နှင့် ဆီမီး (၉)တိုင်၊ ရေသက်စေ့တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

…ျန်းမာရေးအတွက် - တနင်္လာနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ခရေ (၉)ညွန့်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး(၉)ပတ်စိပ်ပါ။

…ိုင်ငံခြားခရီးအတွက် - သောကြာနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

…ွားရေးလုပ်ငန်းများအတွက် - တနင်္လာနေ့ နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံ ပုဂ္ဂိုလ်တစ်ဦးကို ငွေတစ်ထောင်ကျပ်လှူပါ။

…ိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်နှင့် နှင်းဆီပန်း (၉)ပွင့်ကို လှူဒါန်းပါ။

…ီကံကြမ္မာ - (၃)ထိပ်စီး (၃)နောက်ပိတ်နှင့် (ဆ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထော တွင် အုန်း (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထော တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၁၈)ပတ်စိပ်ပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထော တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း လိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပ ထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း လိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထော တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့် မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

BURMESE CLASSIC .com

## ကြာသပတေးသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထော တွင် ကံ့ကော် (၁၅)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါ ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်

**ငွေကြေးအခက်အခဲအတွက်** - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာ ပတေးထောင့်တွင် ဇော်စိမ်း (၈)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်း

**အလုပ်အကိုင်အခက်အခဲအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂ ထောင့်တွင် ကိတ်မုန့်ဆွမ်းကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ

**နိုင်ငံခြားခရီးအတွက်** - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၂၁)ညွန့်ကို တန် ကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်း

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂ ထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆို

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၈)ညွန့်ကို ဖလားတစ်ခုအတွင်းထ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၅)ထိပ်စီး၊ (၆)နောက်ပိတ်နှင့် (စ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ထန်း (၉)ညွန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန်- | တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ရေသက်စေ့ သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး (၇)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၉)ပတ်စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက်- | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့် တွင် ရေသက်စေ့ သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဆိုပါ။ |
| ကျန်းမာရေးအတွက် - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီး - | ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ဇီဇဝါ (၉)ညွန့်နှင့် တံခွန်ကုက္ကား (၉)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ဇော်စိမ်း (၇)ညွန့် သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ကားရောင်းလိုသော် - | တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ (၉)ညွန့်နှင့် တရော်ကင်ပွန်းကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ - | (၁)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

BURMESE CLASSIC .com

## စနေသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မေမြို့ (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန်- | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မီးသက်စေ့သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် - | စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်ကို သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော် (၉)ပတ် ပုတီးစိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် - | အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ကျန်းမာရေးအတွက် - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီး - | ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ ကားရောင်းလိုလျှင် - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ - | (၁)ထိပ်စီး၊ (၂)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

* * *



www.burmeseclassic.com

www.burmeseclassic.com


မိုးညှင်းဆရာတော်

BURMESE CLASSIC .com

# ကျေးရှူးရှင် လယ်တီဆရာတော်ဘုရားကြီးနှင့် မိုးညှင်းဆရာတော်တို့ ဝါဆို၊ တရားကျင့်ကြံခဲ့သော လက်ပတောင်းတောင် ကြားတောရ

မင်းထက်ကျော် (B.Sc)

စာရေးသူအနေဖြင့် မုံရွာနှင့် လယ်တီဆရာတော်အကြောင်း သိရှိခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်း ၆နှစ်ခန့်က ဖြစ်ပါသည်။ ရန်ကုန်မြို့ နာဂလိုဏ်ဂူ ကလေးဝ တောရကျောင်းတိုက်ကြီးတွင် လယ်တီ ဝိပဿနာသင်တန်းဖွင့်လေ့ရှိပါသည်။ နှစ်စဉ်လည်း အဘိုး ကလေးဝ ဆရာတော်ကြီး၏ အထိမ်းအမှတ်ပွဲ ပြုလုပ်သောအခါ ယခုလက်ရှိ ကလေးဝ ဆရာတော်မှ လယ်တီ ဝိပဿနာစာအုပ်များ ဓမ္မဒါနပြုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် မိတ်ဆွေဖြစ်သူ ဆရာ ဦးဆန်းဦးမှ လယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုသော ဒီပနီပေါင်းချုပ်တယတွဲကို ဝယ်လာပေးပါသည်။ ဆောင်းပါးရေးရာတွင် အထောက်အကူရသော စာအုပ်ဖြစ်ပါသည်။ ဂန္ဓာရီ ဂမ္ဘီရအကြောင်း ရေးသားသူ၊ ဝါသနာပါ စိတ်ဝင်စားသူ လက်လွှတ်၍မရသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ လယ်တီ ဆရာတော်နှင့် ပတ်သက်၍ အပြည့်စုံဆုံး ဆရာတော်၏ ဘဝဖြစ်စဉ်အစုံအလင်ပါသော ကျမ်း ဆရာ ဦးအောင်မွန်(မြတ်ဆုမွန်) ရေးသောကျမ်းဖြစ်သည်။

လွန်ခဲ့သော တစ်ပတ်ကျော်က ရန်ကုန်မြို့ထဲမှ တရားတစ်ခွေဝယ်လာပါသည်။ သီတဂူဆရာတော် ဒေါက်တာ ဉာဏိဿရ ဟောကြားသော စီဒီခွေဖြစ်သည်။ တရားတော်ဒ်ပါရှိပါသည်။ ၃၀-၁၂-၂၀၁၂ ရက်နေ့ လမ်းမတော် ဟောသော တရားတော်အမည်မှာ "ချမ်းမြေ့ပျော်ရွှင်စွာ နေနိုင်ကြပါစေ"ဖြစ်ပြီး ကျန်နှစ်ပုဒ်ကတော့ အိမ်တွင်းအရှုပ် မှုဖြင့် ရှင်းပါ။

"ချမ်းမြေ့ပျော်ရွှင်စွာ နေနိုင်ကြပါစေ"ခေါင်းစဉ်ဖြင့် ဟောသော တရားတော်တွင် ကုသိုလ်နှင့် အကုသိုလ်၊ ကောင်းမှု ဗုဒ္ဓက "ကတပုညော"ဟု ဆောသည်။ မကောင်းမှုကို ပါပကာရီ"ဟု ခေါ်သည်။ ဆရာတော်မှ မှတ်၍ကောင်းအောင် ပုညကာရီ-ကောင်းမှု၊ ပါပကာရီ-မကောင်းမှုဟု ရှင်းပြတာ ကြားနာယူရပါသည်။

**ပုညကာရီ** - မိမိကိုယ်ကိုယ် သုံးသပ်ကြည့်ပါ။ ကောင်းမှုတွေကို ပြုပြီးပြီဆိုရင် ယခုဘဝလည်း ပျော်ပျော်နေမယ်။ သေတော့လည်း ပျော်ပျော်သေရမယ်။ ပျော်ပျော် သံသရာကူးရမယ်။

**ပါပကာရီ** - မကောင်းမှုတွေ ပြုထားရင် ယခုဘဝလည်း စိတ်မချမ်းသာ၊ ပျော်ပျော်နေလို့လည်း မရ၊ ပြောဆိုသမျှလည်း မကောင်း၊ လုပ်သမျှလည်း အကုသိုလ် ဒီဘဝ၊ နောက်ဘဝ ပျော်စရာမရှိတော့ဘူး။ နိဗ္ဗာန်တံခါး ခေါက်ဖို့ ဝေးလိမ့်မယ်။ နှစ်ဘဝလုံးမှာ စိတ်ညစ်ရမယ်။

◆◆◆

သီတဂူဆရာတော်ဘုရားကြီးသည် ကုသိုလ်၊ အကုသိုလ်အကြောင်း ဟောကြားပြီး လက်ပတောင်းတောင်ကိစ္စအကြောင်း ဆက်ဟောပါသည်။ လက်ထဲတွင် စာရွက်ရွက်ကိုင်၍ လယ်တီဆရာတော်ဘုရားကြီး ၁၂၆၅ ခုနှစ်၊ ဝါဆိုလဆန်းမှ တပေါင်းလဆန်းထိ နှစ်ဝက်ကျော် ဝါဆို၊ သီတင်းသုံးသွားသောတောင်ဖြစ်ကြောင်း၊ ကျမ်းသုံးကျမ်း ပြုစုသွားကြောင်းကို အခိုင်အမာဟောကြားသွားပါသည်။ စာရေးသူလည်း စိတ်ဝင်စားသွားပြီး မှတ်စုစာအုပ်တွင် လိုက်မှတ်ထားလိုက်ပါသည်။ ယခုအခါ မြန်မာတစ်နိုင်ငံလုံး စိတ်ဝင်စားနေသော ခေါင်းစဉ်တစ်ခုဖြစ်ပါသည်။ သီတဂူဆရာတော်မှ မြန်မာပြည်သူပြည်သားအချင်းချင်း၊ အစိုးရနှင့် ပြည်သူ ငြိမ်းချမ်းစွာ ပြုမူဆောင်ရွက်ရေး၊ ယခုလို အချိန်အခါတွင် ထိုကဲ့သို့သောနည်းဖြင့် ဖြေရှင်းခဲ့သည်မှာ နည်းလမ်းမမှန်ကြောင်း ဟောကြားတော်မူပါသည်။

ဆရာတော်ကြီးကိုယ်တိုင် ချက်ချင်းကြွတော်မူပြီး စုံစမ်းရာ…

"ဒီကိုယ်တော်တွေ ဒီလောက်များတာ ဘယ်ကျောင်းကလဲ"

ဟု မေးမြန်းရာ ဇေတဝန်ကာရာမ စာသင်တိုက်မှ အများဆုံးဖြစ်နေကြောင်း၊ ဆရာတော်ကြီးကိုယ်တော်တိုင် ရဟန်း သံဃာများအား…

"လက်ပတောင်းတောင်ကြီး ပြိုတော့မယ်။ လယ်တီဆရာတော်ဘုရားကြီး သာသနာပြုခဲ့တဲ့ နေရာလေး မပျက်စီးအောင် မောင်ပဥ္စင်းတို့ သွားပြီး ကာကွယ်စောင့်ရှောက်ကြ"

ဟု မိန့်ဆိုခဲ့သည်ဟု ဆိုပါသည်။

ဤသို့နှင့် စာရေးသူလည်း လက်ပတောင်းတောင်ကို စိတ်ဝင်စား၍ ဆရာ ဦးအောင်မွန်ရဲ့ "လယ်တီဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ် စာအုပ် ပြန်ဖတ်ရပါသည်။ ထိုစာအုပ်၏ အကြောင်း၊ ထေရုပ္ပတ္တိနှင့် ပတ်သက်၍ မှန်ကန်ပြည့်စုံမှုကိုတော့ စာပေဝါသနာပါသူ၊ ဘာသာရေးလိုက်စားသူတိုင်း သိရှိပြီးဖြစ်မည်ဟု ယုံကြည်ပါသည်။ ဆရာ ဦးအောင်မွန်(မြတ်ဆုမွန်)မှ နှစ်ပေါင်း ၃၀နီးပါး ဆရာတော်ကြီးနှင့် ပတ်သက်သော အကြောင်းအရာ၊ မှတ်တမ်းများ စုဆောင်း၊ ကိုယ်တိုင် အကြိမ်ကြိမ်သွားရောက်လေ့လာပြီး ရေးထားသည်ဟု သိရပါသည်။

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်ရှိ လက်ပတောင်းတောင်သို့လည်း ၇ကြိမ်လောက် သွားရောက် ဓာတ်ပုံရိုက်၊ မှတ်တမ်းတင် ပြုစုထားပါသည်။ ထိုကျမ်းမှ လက်ပတောင်းနှင့် ပတ်သက်၍ ပြန်လည် ကောက်နုတ်ရေးပြရသော်…



www.burmeseclassic.com

www.burmeseclassic.com

**အင္ဂုတ္တိုသတိမ ဝါဆိုတော်မူခြင်း**

လယ်တီဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၆၅ခုနှစ်၊ ဝါတွင်းကာလ(အေဒီ ၁၉၀၃ ခုနှစ်၊ ဇူလိုင်လ)သို့ ရောက်သောအခါ ထိုနှစ် ဝါတွင်းကာလကို ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ လက်ပတောင်းတောင်တွင် ကပ်ဆိုရန် အစီအစဉ်ပြုလုပ်ခဲ့သည်။ မောင်ကြော၊ မောင်စံလင်းတို့က ဝါဆိုစကြံကျောင်းတစ်ဆောင်ကို ဆရာတော်ကြီး မကြွရောက်မီကြိုတင်ဆောက်လုပ်ထားကြပြီး ဆရာတော်ကြီးအား လျှောက်ထားခဲ့ကြသည်။ သို့ဖြင့် လယ်တီဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၆၅ခုနှစ်၊ ဝါတွင်းကာလတွင် မိမိ၏ ၃၈ ကြိမ်မြောက် အင္ဂုတ္တိုသတိမဝါကို လက်ပတောင်းတောင် စကြံကျောင်း၌ ကပ်ဆိုတော်မူခဲ့ပါသည်။

BURMESE CLASSIC .com

**လက်ပတောင်းတောင်**

လက်ပတောင်းတောင်သည် ချင်းတွင်းအနောက်ဘက်ကမ်း ဆားလင်းကြီးမြို့နယ်အတွင်း တည်ရှိသည်ဖြစ်၍ မုံရွာမြို့မှသော် ချင်းတွင်းမြစ်ကို ဖြတ်၍ သွားရသည်။ (ယခုအခါ ချင်းတွင်းတံတားဆောက်လုပ်ပြီး၍ ထိုတံတားမှ ကူးဖြတ်သွားလာနိုင်ပြီဖြစ်သည်။) လက်ပတောင်းတောင်အပါအဝင် ချင်းတွင်းမြစ်ကမ်းကို ယှဉ်လျက် စပယ်တောင်၊ မြရိပ်တောင်၊ ကြေးစင်တောင်၊ ကျောက်မျက်တောင်၊ ရွှေဘုံသာတောင်၊ ဗိုလ်ဝင်တောင် စသည်ဖြင့် တောင်များ ရှိပြီး ယင်းတောင်များသည် ရှေးအခါ မီးတောင်ကြီးများ ဖြစ်ခဲ့ကြသည်။

ယခုအခါ စပယ်တောင်၊ ကြေးစင်တောင်တို့ မြေပြင်မှ ပျောက်ကွယ်သွားကြပြီ။ သံတော်ဆင့်ဂျာနယ် အမှတ်(၄၀)တွင် ရွှေကူမေနှင်း၏ "စပယ်တောင် ဘယ်ရောက်သွားပြီလဲ" ဆောင်းပါးကို ဓာတ်ပုံနှင့်တကွ အကျယ်ချဲ့ ရှင်းပြထားပါသည်။

ဆက်လက်ဖော်ပြရသော် ဤတောင်များတွင် လက်ပတောင်းတောင်သည် တောင်သုံးလုံး ဖိုခနောက်ဆိုင် နေဟန်ရှိပြီး တောင်ကြောကြီးနှင့် တောင်လယ် လျှိုမြောင်များ ပါရှိသည်။ ရှေးစာတို့အရ ဤလက်ပတောင်းတောင်တွင် တောင်ထွတ်ပေါင်း ၃၃လုံးရှိကြောင်း သိရသည်။ တောင်ကုန်း တောင်တန်းများ၏ ဆင်ခြေလျှောတွင် ဆူးချုံ ချုံနွယ် စသော သဘာဝပေါက်ပင်များ ပေါက်ရောက်နေပါသည်။ လက်ပတောင်းတောင်သည် အရှေ့ဘက်တွင် ချင်းတွင်းမြစ်ကြီး ကာဆီးထားပြီး မြောက်ဘက်၌ ညောင်ပင်ကြီးဆိပ်ကမ်း၊ အနောက်မြောက်တွင် ကျော်ရွာ၊ တောင်ပလူရွာ၊ အနောက်ဘက်တွင် မိုးကြိုးပြင်ရွာ၊ တောင်ဘက်တွင် တုံရွာ၊ ဖောင်ကတော၊ ဘားထုံး၊ ဆားလင်းကြီး စသောရွာများ ဝန်းရံလျက်ရှိသည်။

လယ်တီဆရာတော်ကြီး ဘဝဖြစ်တော်စဉ် စာမျက်နှာ (၅၀၄)တွင် လက်ပတောင်း တောင်တန်းပုံတစ်ပုံတွေ့ရသည်။ တောင်အနီးတွင် ယာစိုက်ခင်းတစ်ခုနှင့် နွားတစ်ကောင်တွေ့ရသည်။ ရွာနှစ်ရွာနှင့် ဗိုလ်ဝင်တောင်ရှုခင်းပုံလည်း တွေ့ရ၏။ စာမျက်နှာ (၅၀၇)တွင် လက်ပတောင်းတောင်ကြ... တောရ၊ လယ်တီဆရာတော်ကြီး ဆွမ်းခံကြွရာ တောင်ပ... ရွာနှင့် ကျော်ရွာ၊ တရားချီးမြှင့်ရာ ညောင်ပင်ကြီးဆိပ်တို့... ပုံလည်း ဖော်ပြထားသည်။ ယခု ရွာတွေ ဖျက်၍ ပြောင်း... ရသောကြောင့် ထိုရွာတွေ မူလနေရာတွင် မရှိနိုင်တော့... ချင်းတွင်းမြစ်လည်း ဓာတုပစ္စည်း၊ မြေစာတွေကြောင့် ပျက်စီး... သွားပြီး လယ်တွေလည်း ကြေးနီ စီမံကိန်းကြောင့် ပျက်စီး... နေရပုံကို သံတော်ဆင့်ဂျာနယ်တွင် ဖော်ပြထားတာ တွေ့... မြင်ရပါသည်။

ဤနှစ် ဝါဆိုသောအခါ လယ်တီဆရာတော်ကြီး... နောက်တော်ပါးမှ အရှင်ပဏ္ဍိတ၊ အရှင်ကိတ္တိ၊ အဘိ... ဆရာကြီး ဦးရောင်နီ၊ ရန်ကုန်-ပုဇွန်တောင်မှ ဓာတ်ဆရာ... ဦးမြို့တို့ ပါလာကြသည်။ အထူးအားဖြင့် လက်ပတောင်း... မစိုးရိမ်ကျောင်း ဘုန်းကြီး အရှင်ကေသရမှာ လယ်တီဆရာ... တော်ကြီးအား အထူးကြည်ညိုသူဖြစ်၍ များစွာစောင့်ရှောက်... တော်မူခဲ့ပါသည်။

လယ်တီဆရာတော်ဘုရားကြီးသည် မြန်မာ... သာသနာ့သမိုင်းတွင် ဝိပဿနာ၏ ဖခင်ကြီးဟူ၍ပင် တင်... ခေါ်ဝေါ်ကြပါသည်။ ဆွမ်းခံကြွရာပင် နောက်ပါ ရဟန်း... ဝိပဿနာတရားဟောကြားပေးပါသည်။ တောသူတောင်သား... များ ပါရမီဓာတ်ခံရစေရန် ဆွမ်းအလှူခံပြီး ဝိပဿနာတ... သစ္စာလေးပါး၊ ခန္ဓာငါးပါး တရားတော်များ ဟောကြား... လက်ပတောင်းတောင်မှာ သာသနာပြုခဲ့သည်။ ကိုယ်... လည်း တရားဓမ္မကျင့်ကြံ အားထုတ်ကာ တောရဆော... တည်သည်။

ကျောင်းဒကာဖြစ်သူ မောင်ကျော့နှင့် မောင်စံလင်း... က လျှောက်ထား တောင်းပန်သောကြောင့် သစ္စာလေး... အနက်အဓိပ္ပာယ်ကို အကျဉ်းသခင်္ချေပနည်းအားဖြင့် ရေး... တော်မူရာ၊ ထိုနှစ် ဝါခေါင်လဆုတ် ၂ရက်(အေဒီ ၉၊ ဩ... လ၊ ၁၉၀၃ခုနှစ်)တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။ က... အမည်ကို "စတုသစ္စဒီပနီ"ဟူ၍ အမည်ပေးအပ်ခဲ့...



www.burmeseclassic.com

www.burmeseclassic.com

လက်ပတောင်းတောင်တွင် ဝါကပ်တော်မူစဉ်အတွင်း သမ္မာဒိဋ္ဌိ ဒီပနီကျမ်း၊ ကမ္မဋ္ဌာန ဒီပနီကျမ်းတို့လို ရေးသား ပြုစုခဲ့ပါသည်။ ထို့ကြောင့် လက်ပတောင်းတောင်တွင် ကျမ်း ဆုံးကျမ်းပြုစုကာ သာသနာပြုခဲ့သည်ဟု အခိုင်အမာပြော နိုင်ပါသည်။

ထိုလက်ပတောင်းတွင် ဝါဆိုတော်မူနေစဉ် ကင်းဝန် မင်းကြီး၏ သား ပုသိမ်မြို့အုပ် လာရောက်ဖူးမြော်သည်။ လယ်တီဆရာတော်ဘုရားကြီးမှ ကင်းဝန်မင်းကြီးအတွက် "မိုက်မလင်းနိုင်လို့"အစချီသော လေးချိုးကြီး ရေးကာ သား ဖြစ်သူမှတစ်ဆင့် လက်ဆောင်ပါးလိုက်သည်။

"မိုက်မလင်းနိုင်လို့၊ မြို့က်ခင်းညာဆီမှာ၊ ခါတော်မီ သိမဝေ့နိုင်ဘ၊ ဒီကွေ့တွင် နေကုန်မြောပြန်ရ၊ အတော ဘယ်မသတ်နိုင်တဲ့ ရဟာတ်တွေ…" အစချီသော လေးချိုး ကြီးမှာ စာတစ်မျက်နှာလောက် ရှည်ပါသည်။ အပြည့်အစုံ ဖတ်လိုပါက လယ်တီဆရာတော် ရေးသားပြုစုသော လေးချိုး ပေါင်းချုပ် (သို့) လယ်တီဆရာတော်ကြီး၏ ဘဝဖြစ်စဉ် စာမျက်နှာ (၅၁၆-၅၁၇)တွင် ဖတ်ရှုပါ။

ဤလက်ပတောင်းတောင်ဒေသသည် ယောမင်းကြီး ဦးဘိုးလှိုင်၊ ကင်းဝန်မင်းကြီး ဦးကောင်းတို့၏ ဇာတိမြေလည်း ဖြစ်ပါသည်။ လယ်တီဆရာတော်ဘုရားကြီးသည် လက် ပတောင်းတောင်တောရမှ အလုံကြီး ခေါင်ကြီးတောရသို့ သက္ကရာဇ် ၁၂၆၅ခုနှစ်၊ တပေါင်းလတွင် ကြွတော်မူပါသည်။ စာရေးသူသည် ဂဏ္ဍိရ ဝါသနာပါသူပီပီ လက်ပတောင်းနှင့် လယ်တီ(၄+၇)(၄+၇) ဓာတ်တူ၊ နံတူဖြစ်နေသည်ဟု တွေးမိ ပါသည်။ ကက်ကင်းကျမ်းတွင် လယ်တီ + တောင်ဇေးဟု ဖော်ပြလေ့ရှိသည်။

ဤလက်ပတောင်းတောင်တွင် လယ်တီဆရာတော် ဘုရားကြီး ဝါဆို ဝါကပ်တော်မူသွားသည်ကို မည်သူမျှ မငြင်း နိုင်ပေ။ သို့သော် နှစ်ပေါင်း ရာကျော်နေပြီဖြစ်၍ မူလကျောင်း တော့ မရှိနိုင်တော့ဟု ထင်မိပါသည်။ နောက်ပိုင်းတွင် ကျောင်းအသစ်ပြန်ဆောက်ထားခြင်း၊ ကျေးဇူးရှင်အထိမ်း အမှတ် သိမ်၊ ဇရပ်၊ စေတီတည်ဆောက်မှုများ ပြုလုပ်ထား နိုင်ပါသည်။ စာအုပ်ထဲမှ လက်ပတောင်းတောင်ပုံတွင် ထုံး ဖြူဖြူစေတီတစ်ဆူ ဖူးတွေ့ရသည်။

လက်ပတောင်းတွင် လယ်တီ ဆရာတော်သာမက၊ မိုးညှင်း သမ္ဗုဒ္ဓေ ဆရာတော်ဘုရားကြီးလည်း ဝါဆိုခဲ့ဖူးပါ သည်။ ထိုအကြောင်းကို မိုးညှင်းသမ္ဗုဒ္ဓေ စေတီယ ကထာ စာအုပ် စာမျက်နှာ (၁၀၈)တွင် ဖော်ပြထားသည်။

**လက်ပတောင်းတောင်မှာ ဆိုတစ်ဝါ**

လက်ပတောင်းတောင်သည် မုံရွာမြို့အနီး ချင်းတွင်းမြစ် အနောက်ဘက် ကမ်းနဖူးတွင် တည်ရှိသည်။ စိမ်းလန်း စိုပြည်၏။ တောင်ထွတ်ပေါင်း ၃၀ကျော်ရှိသဖြင့် လျှိုမြောင် ပေါ်များ၏။ တောင်ထွတ်နှစ်ခုအကြား တစ်ခုသော လျှိုမြောင် တွင် ကျေးဇူးရှင် လယ်တီအရှင်မြတ် ဝါကပ်ဖူးသော စကြံ့ ကျောင်းကလေးမှာပင် မိုးညှင်းမထေရ်မြတ် အရှင်သုမနက လည်း ဝါကပ်၍ တရားအားထုတ်ရပေသည်။

၁၂၇၁ ခုနှစ်ဆိုတော့ လယ်တီဆရာတော်ကြီးနှင့် ဖြနှစ်ခြားပါသည်။ လယ်တီဆရာတော်ဘုရားကြီး၏ ညွှန်ကြား တော်မူချက်အရ လက်ပတောင်းတောင်သို့ ကြွရောက် အား ထုတ်ခြင်းဖြစ်ပါသည်။

BURMESE CLASSIC .com

အနီးဆုံး လက်ပတောင်းရွာမှာ တစ်မိုင်ကျော်ကွာဝေး သဖြင့် တောရကျောင်းများ ဝေးကွာရမည့် အင်္ဂါရပ်နှင့် ညီ ညွတ်သည်။ ပတ်ဝန်းကျင်ရွာများမှာ ချင်းတွင်းမြစ်ကမ်းနှင့် နီးသော်လည်း ချင်းတွင်းမြစ်ရေဝင်မဟုတ်သဖြင့် အနည်းငယ် ခြောက်သွေ့သည်။ ထိုအချိန်က အာလူး၊ ဆတ်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါအစိုက်များသောအရပ်ဖြစ်သည်။

ထို့ကြောင့် လက်ပတောင်းတောင်သည် သာမည တောင်မဟုတ်။ ထူးမြတ်သော တောင်တော်ဖြစ်၍ တောင် မပျောက်အောင် ဗုဒ္ဓဘာသာဝင်အားလုံး ဝိုင်းဝန်းကူညီ ထိန်းသိမ်းစောင့်ရှောက်၊ အားပေးကာကွယ်သင့်ပါသည်။ ပျောက်ပြီးမှ အစားထိုး၍ ရနိုင်မည်မဟုတ်ပေ။

* * *

မင်းခက်ကျော်(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

# အန္တရာယ်ကင်း

# နတ်မင်းကြီးငါးပါးဂါထာတော်

■ ကျော်သန်း (တိုင်းရင်းဆေး) ■

သာဝတာဂိရိ နမော ယက္ခော၊
တဿ စ အသုရိန္ဒကော။
ဘဂဝတော မဟာရာဇာ၊
သက္ကော အရဟာတော တထာ။
သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာစ၊
ဧတေ ပဥ္စ နမဿန္တိ။ ။

သာတာဂိရိ - "သာတာဂိရိ" အမည်ရှိသော၊ ယက္ခော- နတ်ဘီလူးသည်၊ နမော နမောဟု ဆို၍၊ ဝန္ဒတိ - ရှိခိုး၏။

သုရိန္ဒကော - အသူရိန် နတ်မင်းကြီးသည်၊ တဿစ- တဿဟူ၍ (ဝါ) တဿဟု ဆို၍၊ ဝန္ဒတိ - ရှိခိုး၏။

မဟာရာဇာ - နတ်မင်းကြီးတို့သည်၊ ဘဂဝတော၊ ဘဂဝတောဟူ၍ (ဝါ) ဘဂဝတောဟု ဆို၍၊ ဝန္ဒတိ-ရှိခိုး၏။ တထာ - ထိုမှတစ်ပါး၊ သက္ကော - သိကြားမင်းသည်၊ အရ ဟတော၊ အရဟတောဟူ၍ (ဝါ) အရဟတောဟု ဆို၍၊ ဝန္ဒတိ - ရှိခိုး၏။

ဗြဟ္မာစ - ဗြဟ္မာကြီးသည်ကား၊ သမ္မာသမ္ဗုဒ္ဓဿ၊ သမ္မာသမ္ဗုဒ္ဓဿဟူ၍ (ဝါ) သမ္မာသမ္ဗုဒ္ဓဿဟု ဆို၍၊ ဝန္ဒတိ- ရှိခိုး၏။

ဣတိ - ဤသို့၊ ဧတေပဥ္စ - ဤနတ်မင်းကြီးငါးပါး သည်၊ နမဿန္တိ - ရှိခိုးကြကုန်၏။

ဤနတ်မင်းကြီးငါးပါးဂါထာတော်သည် အန္တရာယ်ကာ ၍ ကောင်းကျိုးအထွေထွေများလှသောကြောင့် နတ်မင်းကြ သည် ဘုရားရှိခိုးဂါထာတော်ဖြစ်သည်။

ထို့ကြောင့် နတ်မင်းကြီးငါးပါးဂါထာတော်ကို ရွတ်ဖ သူများသည် နေ့အခါ ခရီးသွားလာနေစဉ်ဖြစ်စေ၊ ရွတ်ဖ ပြီး သွားလာပါက အန္တရာယ်အမျိုးမျိုးမှ ကာကွယ်နိုင်ပါသည် ထို့ပြင် ည-နံနက် အိပ်ရာဝင် အိပ်ရာထမှာ ဖြစ်စေ၊ ရွတ်ဖ ပေးပါက အန္တရာယ်ကင်းရှင်းနိုင်ပါသည်။ အထူးသဖြင့် သီ စောင့်ထိန်းပြီး သတ္တဝါများအပေါ်မှာ စိတ်ကောင်း၊ စေတ ကောင်းထား၍ မေတ္တာပွားနိုင်ပါလျှင် ပို၍ပို၍အကျိုးရှိ ခရီးရောက်နိုင်ပါသည်။

မေတ္တာပွားများနိုင်ကြပါစေ■

* * *

ကျော်သန်း(တိုင်းရင်းဆေး



www.burmeseclassic.com


www.burmeseclassic.com
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
ညစ်နေသူများနှင့် ဗိုက်ပူခါးတုတ်၍
နေသူများအတွက် သွေးထဲမှ မလိုအပ်သောအဆီများကို
ဆူဖြိုးနေသော ကိုယ်ခန္ဓာကို အဆီကျ ကျစ်လျစ်လှပသွားစေရမည်။
အမှတ်တံဆိပ်
ကျဆေး
မှတ်ချက်
ပိန်ဆေး
မဟုတ်ပါ
ဝ၃၁ဝ ပိုင် ဝ၇၃၉၇
နှင့်လျှင် ကိုယ်အလေးချိန် (၃) ပေါင်ခန့်အထိ ကျသွား၍
သွက်လက်စေပါသည်။
သာဆေးတိုက် -
www.burmeseclassic.com

www.burmeseclassic.com



# ညီအောင်ပြည့် သူရဲကောင်း ဟူသည်

ဟံသာဝတီမင်းနေပြည်တော်မှ ဇနီးသည် စောနှင်းညို ရှိရာ စစ်တောင်းမြို့သို့ စီးတော် "မြင်းနီကျော်"ဖြင့် အပြင်းနှင်ကာ ပြန်လာခဲ့ရင်း စစ်တောင်းမြို့စားအမတ်ကြီး သမိန်ဗရမ်းသည် ယခု ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်းကြီး ထီးနန်းမစံခင် သူရဲကောင်း "မင်းညီတုံး"ဘဝကို ပြန်စဉ်းစားလာခဲ့မိသည်။ မသေလို့ ကောင်းစား၊

www.burmeseclassic.com

www.burmeseclassic.com

ောင်းစားချင်၍မသေ ဟူသကဲ့သို့ အသက်စွန့် တိုက်ပွဲများကို ိုင်ခဲ့ရသည်။ ဘုရင်မကြီး ရှင်စောပု ဟံသာဝတီ ထီးနန်းကို ခင်ကတည်း က ဘုရင်မကြီး၏ ကိုယ်ရံတော် သူရဲကောင်း ညီတုံး။ လက်ဖျံတစ်ချောင်းတည်းရှိသော သူရဲကောင်း။ ကို ဓားချင်း၊ လှံကို လှံချင်း၊ မြင်းစီးချင်း၊ ဆင်စီးချင်းဆိုလျှင် ည်သူ့ကိုမျှ မရှုံ့။ မြင်းတစ်စီး၊ ဓားတစ်လက်ဖြင့် ည်လာသူတို့၏ အသက် ပေါင်းများစွာကို သတ်ဖုံ့ခဲ့သည်။ တ်လည်း သတ်ခဲ့သည်။ ဆင်တစ်စီး၊ လှံတစ်ချောင်းဖြင့် သက်ပေါင်း များစွာကို သတ်ခဲ့သည်။ "မင်းညီတုံးဟော့" ဟု လိုက်လျှင် ရင်ဆိုင်သူတို့ ရှောင်ကြသည်။

ဤသို့ ရှုပ်ရှုပ်ချွံချွံ သတ္တိရှိရှိဖြင့် အမှုတော်ကို ထမ်း က်ခဲ့သောကြောင့် ဘုရင်မကြီး ရှင်စောပု ထီးနန်းရလာခဲ့ပြီး ကိုလည်း ကိုယ်ရံတော် အမတ်သူရဲကောင်းအဖြစ် ကောင်းပြုခဲ့သည်။ ဟံသာဝတီ ထီးနန်းကို ဘုရင်မကြီး ာပြန်တော့လည်း ဝါးအစည်းပြေသလို ဖရိုဖရဲ တကွဲကွဲ ်နေသော ရာမညတိုင်းအလုံးကို တိုက်ခိုက်ရင်း၊ စည်းရုံး း သိမ်းသွင်းကြရင်းဖြင့် နားရသည် မရှိ။ ပင်ပန်းလှဘိ၏။

ယခုမူ ဘုရင်မကြီး ရှင်စောပုနှင့် မိမိတို့ ရာမည ရဲကောင်းများ ကြိုးပမ်းစုစည်းခဲ့သော ရာမညတိုင်းအလုံး ို ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်းက အေးချမ်းစွာ နန်းခံ ျက် အုပ်ချုပ်နေပေသည်။ ဘာသာ၊ သာသနာအရေး၊ ဘုရားကျောင်းကန်အရေး၊ စာပေရေးရာအရေးကိစ္စများကိုသာ အလေးထား ဆောင်ရွက်လျက်နေသည်။ ဘုရင်မကြီး င်စောပုကလည်း သက်တော်ကြီးပြီးဟု ဆိုကာ သမက်တော် မ္မစေတီကို ထီးနန်းလွှဲအပ်ကာ တိုင်းရေးပြည်ရေးကို စိတ် ဝင်စားတော့ဘဲ ဘုရားဖက်၍ အေးအေးချမ်းချမ်းသာ ဒဂုန် ွင် စံနေတော်မူတော့သည်။

ဓမ္မစေတီမင်းကြီးကလည်း ဘုရင်မကြီးကဲ့သို့ မိမိကို အသိအမှတ်ပြုပြီး သူရဲကောင်းအမတ်ကြီး သမိန်ဗရမ်းဘွဲ့ ပေးကာ စစ်တောင်းမြို့ကို စားစေခဲ့သည်။ ထို့ကြောင့် မိမိ သည် ဓမ္မစေတီမင်းထံ ခစားရန်အတွက် စစ်တောင်းမြို့နှင့် ဟံသာဝတီမြို့ကို ယခုလို နေ့စဉ် ကူးသန်းနေရခြင်းပင် ဖြစ် သည်။

မိမိ၏ စီးတော် "မြင်းနီကျော်" သည်လည်း နေ့စဉ် ပင်ပန်းလှသည်။ ၎င်းသည် မည်မျှပင် ပင်ပန်းနေစေကာမူ တစ်ချက်ကလေးမျှ ပေကပ်ခြင်း မရှိ။ သခင်အလိုသို့ လိုက် ကာ ဒုန်းစိုင်းတစ်လှည့်၊ အပြေးတစ်လှည့်ဖြင့်သာ သွားလိုရာ ကို အရောက်ပို့ပေးတတ်သည်။ ယခင်က သည်မြင်းနီလေး

သည် မြင်းကြမ်းကလေးတစ်ကောင်သာဖြစ်၏။ မှဆိုးမတစ်ဦး ပိုင်သော ကိုက်တတ်၊ ခွာဖြင့် ခုတ်တတ်၊ ကန်ကျောက်တတ် သော မြင်းနီရိုင်းကလေး။ ကြမ်းကြုတ်လွန်းသောကြောင့် မည်သူမျှ မစီးဝံ့ဘဲ လွှတ်ထားရသည်။ အစာလည်း ကောင်း ကောင်းမကျွေး။ သွားလိုရာ သွား၊ ပြန်လိုရာ ပြန် လွှတ်ထား ရသည်။ မိမိနှင့် တွေ့တော့မှ မိမိ၏ မြင်းကိုင်၊ မြင်းစီးကျွမ်း ကျင်မှု၊ ဇက်ကြိုးနိုင်နင်းမှုတို့ကြောင့် မြင်းနီကြမ်းမှ တိုက်ပွဲ ဝင် သူရဲကောင်း မြင်းနီကျော်ဖြစ်လာခဲ့သည်။

သည်မြင်းနီကလေးကို စီးပြီး မိမိက အင်းဝဘုရင် မဟာသီဟသူရ၏ ရန်သူတော် တရုတ်စစ်သူကြီး စလုံကျော် ခေါင်ကို စီးချင်းထိုး အနိုင်ယူပြီးနောက် အင်းဝတစ်လွှား၌ မိမိနှင့် မြင်းနီလေးသည် "ရာမည သူရဲကောင်း သမိန်ဗရမ်းနှင့် မြင်းနီကျော်" ဟု ပြည်သူတို့၏ ပါးစပ်ဖျားတွင် ရေပန်းစားခဲ့ပြီး အင်းဝသူရဲကောင်းတို့ အလေးထားရသူများ ဖြစ်လာခဲ့သည်။

◆◆◆

မိမိတွင် မြင်းနီကျော်ကဲ့သို့ ရဲရဲဝံ့ဝံ့ တိုက်ပွဲနိုင်ပြီး မိမိ သခင်နှင့် မိမိသခင်ရှိရာကို သစ္စာရှိရှိ ခင်တွယ်သော "ချစ် နောင်ရင်း" ခေါ်သည့် သူရဲကောင်း ဆင်တစ်စီးလည်း ရှိပေ သေးသည်။ မိမိကျောပေါ်တွင် မိမိသခင်၊ မိမိဆင်ဦးစီး၊ ဆင် နောက်ထိုင်တို့ မရှိလင့်ကစား ရန်သူကို မရှုံ့ ရှုပ်ရှုပ်ချွံချွံ ပြန်တိုက်ခိုက်တတ်သည်။ ရန်သူများကို အနိုင်မခံ အရှုံးမပေး ဘဲ ခုခံတိုက်ခိုက်ပြီး များပြားလှသော တိုက်ဆင်များ ဝိုင်းဝန်း တိုက်ခိုက်နေသည့်ကြားမှ အလွတ်ရုန်း၍ မိမိအရှင်သခင်ရှိရာ ဟံသာဝတီသို့ အင်းဝမှ အရောက်ပြန်လာခဲ့သည်။ သူ့ကို မည်သူကမျှ မဟန့်တားနိုင်။ မည်သူကမျှလည်း အနိုင်မတိုက် ခိုက်နိုင်။ မည်သူကမျှလည်း မဖမ်းဆီးနိုင်။ နေရပ်အရောက် ပြန်ခဲ့ပြီး ဟံသာဝတီဘုရင်မင်းမြတ် ဓမ္မစေတီကိုသာ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များစွာဖြင့် ဦးခိုက်လာသည်။ ဤသို့ဖြင့် မိမိ၏ စီးတော်ဆင်သည် ဟံသာဝတီပြည်၏ တိုက်ပွဲဝင်၊ တိုက်ပွဲအောင် သစ္စာရှိရှိ သူရဲကောင်း "ဆင်တော် ချစ်နောင်ရင်း" ဟု အရပ်ရပ်တွင် ကျော်ကြားခဲ့ပေသည်။

ဆင်တော် ချစ်နောင်ရင်း၏ ဤအဖြစ်အပျက်ကို ပြန် စဉ်းစားလျှင် မိမိပယောဂကြောင့်ဟု ဆိုရပေသည်။

◆◆◆

သက္ကရာဇ် ၇၃၆ခုနှစ်က မြန်မာ-တရုတ်နယ်စပ်မြို့ ခန္တီးသို့ တရုတ် ဦးတည်ဘွားမင်း၏ တရုတ်စစ်သည်များ လာပြီး နယ်ခြားသံတိုင်စိုက်ရာတွင် အင်းဝဘုရင် မဟာသီဟ သူရက မည်သို့မျှ ဆောင်ရွက်ခြင်းမရှိဘဲ မသိသလိုနေသည်

www.burmeseclassic.com

www.burmeseclassic.com

ကို မိမိကမခံရပ်နိုင်၍ ဗမ္မစေတီမင်းအားလျှောက်ထားခဲ့သည်။

"အရှင်မင်းကြီး…တရုတ်စစ်သည်များ ခန္တီးမြို့တွင် နယ်ခြားသံတိုင် လာရောက်စိုက်သည်ကို အင်းဝမင်းက မည်သို့မျှ မဆောင်ရွက်ဟု ကြားသိရပါသည်။ တရုတ်စစ်သည်တို့ မြန်မာပြည်သို့ ကျူးကျော်သည့် ဤအရေးကို ကျွန်တော်မျိုး အမှုတော်ထမ်းပါမည်။ ကျွန်တော်မျိုးကို အရှင် ချီးမြှောက်ထားတော်မူသော ကျေးဇူးတော်များစွာ ရှိနေပါသည်။ သို့ပါ၍ ခန္တီးမြို့၌ တရုတ်တို့ စိုက်ထူထားခဲ့သော နယ်ခြားသံတိုင်ကို နုတ်၍ နောက်ထပ် သံတိုင်သတ်မှတ်ကာ ကျွန်တော်မျိုး စိုက်ထူခဲ့ပါမည်။ သို့မှသာ သားတော်အစဉ်၊ မြေးတော်အဆက်ထိအောင် မြန်မာတို့ ဥဒါန်းမော်ကွန်းဖြစ်ရစ်ပါမည်"

ဤသို့ မိမိလျှောက်ထားချက်ကြောင့် ဗမ္မစေတီမင်းကြီးသဘောတူ၍ မိမိအား ခန္တီးမြို့တွင် နယ်ခြားသံတိုင် သတ်မှတ်စိုက်ထူခွင့်ပြုပြီး မင်းကြီး၏ စီးတော်ဆင် ချစ်နောင်ရင်းနှင့် သူရဲကောင်း စစ်သည်တို့ကို ပေးအပ်ကာ ခန္တီးမြို့သို့ စေတော်မူလိုက်လေသည်။

♦♦♦

မိမိနှင့် စစ်သည်တို့သည် တောင်ငူကျေး၊ ရမည်းသင်းကျေးတို့မှတစ်ဆင့် မိုင်းလုံး မိုးမိတ်လမ်းအတိုင်း ခန္တီးမြို့သို့ အန္တရာယ်တစ်စုံတစ်ရာမတွေ့ရဘဲ ရောက်ရှိကြပြီး ခန္တီးမြို့ရှိ တရုတ်စစ်သည်များ စိုက်ခဲ့သော သံတိုင်ကို နုတ်ပယ်ကာ မြန်မာနယ်ခြား သံတိုင်ကို စိုက်ထူခဲ့ကြပြီးနောက် ဟံသာဝတီသို့ နောက်ကြောင်းပြန်လှည့်ခဲ့ကြပေသည်။

ခန္တီးမြို့သားတို့သည်လည်း မိမိတို့ကို မတားဆီး၊ မနှောင့်ယှက်ဝံ့ကြချေ။

မိမိတို့ ပြည်တော်ပြန် တပ်တော် မိုင်းလုံ၊ မိုးမိတ်အလွန်သို့ အရောက်တွင် မိမိတို့ ဆောင်ရွက်ခဲ့သောအရေးကို တရုတ် ဦးတည်တွားမင်း သိရှိပြီး "မြန်မာသံတိုင်ကို နုတ်ပယ်ပြီး မိမိတို့ သံတိုင်ကို ပြန်စိုက်ထူရမည်"ဟု အမိန့်တော်ချမှတ်၍ တရုတ်စစ်သူကြီးနှင့် တရုတ်စစ်သည် သူရဲကောင်းများစွာတို့ကို တပ်တော်ကြီးဖွဲ့၍ စေလွှတ်လိုက်ကြောင်း ကြားသိခဲ့ရသောကြောင့် မိမိတို့ တပ်တော်ကို အင်းဝဘုရင်စေလွှတ်လိုက်သော စစ်သည်များက ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။ ဝိုင်းဝန်းတိုက်ခိုက်ခံရသော မိမိစစ်သည်များသည် ခရီးပန်းနေခြင်း၊ ရိက္ခာများ ပြတ်လပ်ကာ အစာရေစာနည်းပါးခြင်း၊ မြန်မာတိုင်းရင်းသားအချင်းအချင်း မတိုက်လိုခြင်းတို့ကြောင့် အင်းဝစစ်သည်တို့ကို ပြန်လည်မတိုက်ခိုက်ဘဲ မျက်ကွယ်ရာ ရွာများသို့သာ ကိုယ်လွတ်ရုန်းတိမ်း ထွက်ပြေးကြကုန်သဖြင့် မိမိတစ်ဦးတည်းသာ ဆင်တော် ချစ်နောင်ရင်းကို စီးလျက် ဝိုင်းဝန်းတိုက်ခိုက်လာသော စစ်သည်များနှင့် တိုက်ဆင် ၃၀ ကျော်ကို အပြင်းအထန် ခုခံတိုက်ခိုက်ရင်း မခံနိုင်လာသည်နှင့် ချစ်နောင်ရင်းကို တောနက်ဘက်သို့ ဦးလှည့်ပြီး အပြင်းဆုတ်ခွာခဲ့ရလေသည်။

တောနက်အတွင်း မိမိနှင့် ဆင်တော် ချစ်နောင်ရင်းတို့ ပြေးရင်းလွှားရင်း အခိုက်အတန့်တွင် အင်းဝမြို့တော်၏ မြောက်ဘက်ရှိ နေရောင်ပြ အင်းသို့ ရောက်လျှင် ရေငတ် လွန်းသည်နှင့် ရေဆင်းသောက်အပြီး၌ မိမိလည်း ထမင်းမစား ရသည်မှာ သုံးနပ်ရှိလေပြီ။ ဆင်တော် ချစ်နောင်ရင်းလည်း အစာမစားရရုံမျှမက၊ ပင်ပန်းလွန်းလှပြီဖြစ်၍ အင်းအတွင်း ရေစိမ်စေလျက် ဆင်ကို ရေချထားလိုက်မိသည်။ ထိုခဏ၌ နောက်မှ လိုက်လာကြသော အင်းဝစစ်သည်များ ရောက်ရှိ လာပြီး အင်းကို ဝိုင်းထားလိုက်ကြသဖြင့် မိမိနှင့် ဆင်တော် ချစ်နောင်ရင်းတို့မှာ မလွတ်သာအောင် ရှိနေသည်တွင် အင်း မင်း၏ သားတော် အိမ်ရှေ့မင်းကိုယ်တိုင် အင်းသို့ တပ်တော် ချီလာပြီး…

"မောင်မင်းသည် ငါတို့လက်မှ လွတ်မည်မဟုတ်။ ငါ ပို့သော ထမင်းကို စား၍ ငါ့ထံ အသာတကြည် အဖမ်းခံပါ ခမည်းတော်ဘုရားကို လျှောက်၍ သူကောင်းပြုထားမည်"

ဟု စာရေးသားပြီး စာနှင့် ထမင်းထုပ်တို့ကို စစ်သည် နှစ်ဦးနှင့် လှေတစ်စင်းလွှတ်၍ မိမိထံသို့ ပေးပို့စေသည်။

မိမိသည် စာကို ဖတ်ပြီးနောက် အလွန်ဆာလောင်နေ သည်ဖြစ်သောကြောင့် ထမင်းထုပ်ကို ဖြည်၍ စားမိချေသည်။ ထမင်းစားပြီးသောအခါ အိမ်ရှေ့မင်းသားသည် ငါ၏ ထမင်း ရှင်ဖြစ်ချေပြီဟု စဉ်းစားပြီး မလွတ်သာသည်လည်း ဖြစ်၍ လှေငယ်နှင့် လိုက်သွားပြီး ဓားကို ချကာ အဖမ်းခံခဲ့လေသည်။ ထိုအချိန်တွင် အင်းထဲ၌ ရေစိမ်နေသော ဆင်တော် ချစ်နောင် ရင်းသည် နှာမောင်းကို ထောင်ပြီး အစွယ်နှစ်ချောင်းကို ဖွင့်ကာ အော်ဟစ်၍ အိမ်ရှေ့မင်း၏ အင်းဝတိုက်ဆင်များနှင့် စစ်သည်များကို တစ်ရှိန်ထိုး ပြေးဝင်တိုက်ခိုက်လေရာ အင်း ဝိုင်းတွင် အင်းဝတိုက်ဆင်များနှင့် စစ်သည်များ ဖရိုဖရဲဖြစ် သွားသော်လည်း တစ်ခဏအတွင်းမှာပင် တိုက်ဆင် အင်း ၃၀ကျော်ကို စုစည်းပြီး ဝိုင်းဝန်းတိုက်ခိုက်ရာ ဆင်တော် ချစ်နောင်ရင်းသည် အပြင်းတိုက်ခိုက်သော်လည်း ဆင်အား စစ်သည်အား များလှသည်ဖြစ်၍ အင်အားမမျှသဖြင့် ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ အပြည့်ရရှိသည်နှင့် တော နက်ထဲသို့ တစ်ဟုန်ထိုးပြေးဝင် ထွက်ပြေးသွားလေတော့

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆင်ဦးစီးနှင့် ဆင်နောက်ထိုင်တို့လည်း အင်းဝ ...သည်တို့၏ လက်နက်သင့်ကာ ကျဆုံးကုန်ပြီ။ မိမိသခင် ...ည်း မရှိတော့ပြီဖြစ်၍ တစ်ကိုယ်လုံး ဒဏ်ရာအပြည့်ရရှိ ...လျက်နှင့် ဟံသာဝတီ နေပြည်တော်ရောက်အောင် ...ပြင်းနှန်းစိုင်း ဆုတ်ခွာပြေးလေသည်။ ဟံသာဝတီရောက်ပြီး ...စေတီမင်း၏ ခြေတော်ရင်းမှာသာ ဝပ်စင်း ခယလေတော့ ...ည်။

ဆင်တော် ချစ်နှောင်ရင်း၏ စိတ်ဓာတ်နှင့် သတ္တိကမှ ... သူရဲကောင်းစိတ်ဓာတ်နှင့် သတ္တိဟု ဆိုရချေမည်။ မိမိ ...ခင်ကိုသာ ဦးညွှတ်ချင်သော၊ မိမိအရှင်သခင်ရှိရာ မြေတွင် ... နေလိုသော ချစ်နှောင်ရင်း၏ စိတ်ဓာတ်သည် စံပြပင် ...ချေသည်။

ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်းသည် ကိုယ်တိုင် ...ည်း စာပေကျမ်းဂန်နှံ့စပ်ကျွမ်းဝင်ပြီး စာပေတတ်ကျွမ်းသူ ...သူတို့နှင့် အကျင့်သိက္ခာကြီးမြင့်သော ရဟန်း သံဃာတော် ...ကိုလည်း လေးစားချစ်ခင်လျက် ချီးမြှောက်တော်မူသည်။ ...ပြင် အစွမ်းသတ္တိနှင့် ပြည့်စုံသူတို့ကို သူရဲကောင်းအရာ ...၍ မြှောက်စားလေသည်။ ဆင်ကောင်း၊ မြင်းကောင်းတို့ ကိုလည်း ကောင်းစွာ မွေးမြူတတ်သကဲ့သို့ သူရဲကောင်းတို့ ကိုလည်း ဆင်ကောင်း၊ မြင်းကောင်းများ ပေး၍ မွေးမြူစေလေ သည်။ ဤသို့ဖြင့် ဟံသာဝတီပြည် ရာမညတိုင်းတွင် သူရဲ ကောင်း၊ ဆင်ကောင်း၊ မြင်းကောင်းများ များပြားစွာရှိသည်ဟု ဆိုရချေမည်။

တိုက်တိုင်းအောင် သူရဲကောင်းသည် ဓားလုံ့ လက်နက် ကောင်းရုံမျှဖြင့် သူရဲကောင်း မဖြစ်နိုင်ပေ။ စီးတော်ဆင်၊ စီးတော်မြင်းတို့လည်း ကောင်းပါမှ သူရဲကောင်းဖြစ်ချေမည်။ မိမိ၏ စီးတော်ဆင်၊ စီးတော်မြင်းတို့က တစ်ဖက်ရန်သူ၏ ဆင်, မြင်းကို ကြောက်ရွံ့နေမည် (သို့မဟုတ်) မိမိဆင်, မြင်းတို့က ကာလန်ကဆန် တစ်ငွတ်ထိုး ပြုလုပ်နေမည်ဆိုပါ လျှင် တိုက်ပွဲဝင် သူရဲကောင်းသည် အောင်ပွဲခံနိုင်ဖို့ မလွယ်ရုံ သာမက၊ မိမိအသက်ကိုပင် စောင့်ရှောက်ရခက်ချေမည်။

ထို့ကြောင့် သူရဲကောင်းဟူသည် ဓား၊ လုံ၊ ဆင်၊ မြင်း၊ နောက်လိုက် စစ်သည် စသည်ဖြင့် အားလုံးကောင်းမှ သူရဲကောင်းဖြစ်ချေမည်။

* * *

ညီအောင်မြင့်


အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့် ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့ ...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မင်္ဂလာ ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၄၃၀ ၂၃၉၄၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံပြီ။




www.burmeseclassic.com

www.burmeseclassic.com

# ပုံတောင်ပုံညာ ယောနယ်ဇာစ်ခွင်မှ

# အစွမ်းထက် ဆေးပင်များ

ကိုနေဦးမောင်(ပခုက္ကူ)

ပုံတောင်ပုံညာနယ်တစ်ဝှမ်းသည် ဆန်းကြယ်၏။ ဂမ္ဘီရဆန်၏။ မြေပြန့်သားများ အရောက်အပေါက်နည်းသော နေရာဒေသများစွာရှိ၏။ ထီးလင်းနယ် ဆေးမင်းတောင်သည် တစ်တောင်လုံး၊ တစ်တောလုံး ဆေးစွမ်းထက်သော ဆေးပင်မျိုးစုံပေါက်ရောက်၏။ ဝိဇ္ဇာ ဇော်ဂျီတို့ ဆေးကြိတ်ရာ တောတောင်ဒေသဟု ယောဘူယောသား ပုံတောင်ပုံညာနယ်သားများက ဆိုကြ၏။

ယောနယ်သည် ဂမ္ဘီရဆန်သလို၊ ဆေးပင်များသည်လည်း ဂမ္ဘီရဆန်ဆန် အစွမ်းထက်လှ၏။ ကျွန်ုပ်သည် အများဝေနေယျအကျိုး ရည်သန်ရေးရှု၍ ယောနယ်မှ ဆေးပင်အစွမ်းများအား ဖော်ထုတ်လေ့လာ တင်ပြလိုက်ရပေသည်။

## ဂျိုးသိုက်

နှပ်နှပ်စဉ်းပြီး သုံးခွက် တစ်ခွက်တင် ပြုတ်သောက်။ ကျောက်တည်ရောဂါဝေဒနာ၊ ဆီးလမ်းကြောင်း ပိတ်ဆို့နေသော အနာရောဂါဟူသမျှ ချက်ချင်းကျပျောက် သက်သာရောက်၏။



www.burmeseclassic.com

www.burmeseclassic.com

**…စငေါက်**

လက်ဖက်ခြောက်ကဲ့သို့ ရေနွေးနှင့် ခတ်သောက်။ …ဆီးချုပ်နာ၊ လေပူစွဲကပ်နေသော အနာတို့ ပျောက်…စေနိုင်၏။

**…တုမံ**

ကျောက်ဂုံဂမန်အစစ်ဖြစ်ကာ ကြိတ်ပြီး လိမ်း၊ မီးခဲ…နင်း မီးမလောင်၊ အပူနိုင်၏။ ကြာဂုံဂမန်ဆိုလျှင် ဝမ်းထဲ…အားလုံးနိုင်၏။ အပင်ဂုံဂမန်ဖြစ်ကာ သွေးပျက်နာ၊ မအိပ်…သော အနာတို့ကို ပျောက်စေနိုင်၏။

**…ဂမုန်း**

ယုံကြည်လေးနက်စွာဖြင့် ယုယပြုစု စိုက်တတ်လျှင် …ကျွန် ဥစ္စာရတနာများ တိုးပွား၏။

**…မင်း**

ခြေဖဝါး၊ လက်ဖဝါး အပူလွန်၍ အဖုပေါက်သော …သွေးပြည်တည်သော အနာ၊ ယားယံသော အနာများ… ဆီနှင့် ဖျော်လိမ်းလျှင် ပျောက်စေ၏။

**…လင်းဝါ**

အမြစ်ဥကို ပါးပါးလွှာပြီး လက်ဖက်ခြောက်ကဲ့သို့ …ပြု၍ လည်းကောင်း၊ အခြားနည်းဖြင့် စိမ်ဆေးပြု၍ …ကောင်း သုံးဆောင်က ဆီးနှင့် ပတ်သက်သော ရောဂါ…နိုင်၏။

**…င်းနက်ကတိုး**

ဝမ်းကျသော အနာ၊ ရေငတ်သောအနာ၊ မြစ်ပျားရည် …ဟုတ်) စတုမဓုနှင့် ရောစပ်တွဲဖက် စားသုံးပေးလျှင် …သောဆံပင် နက်၏။ မျက်စိမှုန်ပျောက်၏။ ခါးကိုင်း …ထိုင်းအနာရောဂါပျောက်၏။ အသက်ရှည်၏။ တရုတ်ပြည် …အစွမ်းထက်သော ဆေးပင်များ၊ ကချင်ပြည်နယ် မချစ်ဥ… ဆေးပင်များထက် အစွမ်းထက်၏။

**…ရှောက်**

လေဖြတ်ပြီး ခြေလက်သေနေသော ရောဂါများ၊ …ဥကိုက်ခဲအနာဟူသမျှ မီးတောက်အရက်နှင့် သွေးလိမ်း…လျှင် ပျောက်ကင်း၏။

**လက်ပံခါး**

ပျားရည်စစစစ်နှင့် တေစားလျှင် လေမျိုး(၈၀)ခေါ် လေရောဂါမှန်သမျှ အမြစ်ပြတ် ပျောက်၏။

**ဝက်ကြီးပင်**

ဝက်ခြံ၊ သွားနာ၊ ခံတွင်းနာ၊ အဖုအကျိတ်အခဲအနာများ သွေးလိမ်းကာမျှဖြင့် အနာအဖုအကြိတ်မှန်သမျှ ပျောက်၏။

**သွေးမင်းပင်**

ပြုတ်၍သောက်က သွေးယား၊ လေယား စသော အနာမျိုး၊ အနာကြီး (၁၀)ပါးရောဂါမျိုး ပျောက်ကင်းစေနိုင်၏။

**တီလက်သာ**

အနာ၊ အဖု၊ အကြိတ်၊ အနာဒိုမှန်သမျှ ဆန်ဆေးရည်နှင့် သွေးလိမ်းလျှင် အမြစ်ပြတ်၏။

**တောင်မရိုး**

ပွေးနာ၊ ယားနာရောဂါမှန်သမျှ အစေးကို လိမ်းပေး။ တောင်မရိုးပင်ကို အမှုန့်ပြုကာ ပျားရည် ၅၀ကျပ်သား၊ တောင်မရိုးအမှုန့် ၁၀ကျပ်သား ဖျော်ပြီး နေ့စဉ် တစ်ဇွန်းစီ မှန်မှန်မှီဝဲပါက အနာကြီးရောဂါမှန်သမျှ ပျောက်၏။

**ပန်းသုံးဆင့်**

မြွေဆိပ်၊ ကင်းဆိပ်၊ အဆိပ်မှန်သမျှ အမြစ်ကို ကြိတ်ပြီး အုံပေးလျှင် အဆိပ်ဝေဒနာ အပြင်ထွက်၍ ပျောက်ကင်း၏□

* * *


ကိုနေဦးမောင်(မစ္စတ္တူ)


www.burmeseclassic.com

www.burmeseclassic.com

# တောင်ကြီးမီးပုံးပျံမှသည်
# အင်းလေး-ဖောင်တော်ဦးဆီသို့

ကြည်မိုးငြိမ်း



နိုဝင်ဘာ ၂၇-၂၈ရက်နေ့များတွင် ကျွန်တော်သည် အဖော်ကောင်းသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး မီးပုံးပျံပွဲတော်နှင့် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်သို့ ရောက်ခဲ့သည်။ လွန်ခဲ့သော ၁၀နှစ်ခန့်က အင်းလေး ဖောင် တော်ဦးသို့ တစ်ခေါက်ရောက်ဖူးသော်လည်း ဟိုစဉ်က မိုးလေ မကောင်းသောအချိန်ဖြစ်နေ၍ ကန်၏ သဘာဝအလှကို ကောင်းစွာ မခံစားခဲ့ရသလို၊ ပတ်ဝန်းကျင်နှင့် ခရီးသွားလာမှု အတွေ့အကြုံများကိုလည်း ကောင်းကောင်းလေ့လာခဲ့ရခြင်း မရှိခဲ့ပါ။ အမှန်အတိုင်းဝန်ခံရလျှင် ထိုစဉ်က ငွေကြေးမပြည့်စုံ မှုလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

ယခုအချိန်မှာတော့ အပေါင်းအသင်းတစ်ဦးက အ
အရာရာ တာဝန်ယူခဲ့သော ခရီးစဉ်တစ်ခုဖြစ်ခဲ့သ
ကျွန်တော်တို့အဖွဲ့သည် ကိုယ်ပိုင် မော်တော်ယာဉ်
(၂၇-၁၁-၂၀၁၂)ရက်နေ့တွင် တောင်ကြီး မီးပုံးပျံပွဲတော်
ည ၇နာရီခွဲအချိန်ခန့်တွင် ရောက်ရှိသည်။ မီးပုံးပျံ
မရောက်မီ တည်းခိုရန် တောင်ကြီးမြို့ရှိ ဟိုတယ်၊ မို
တည်းခိုခန်း လိုက်ရှာသည်။ တောင်ကြီးတစ်မြို့လုံး
ကလောင်များပါမကျန် မည်သည့်တည်းခိုခန်းမှ အခန်း
မရှိ။ ကျွန်တော်တို့ကဲ့သို့ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း
ဝင် တစ်ခုထွက် လိုက်လံရှာဖွေသူများနှင့်လည်း တွေ့



www.burmeseclassic.com

www.burmeseclassic.com

သည်။ လမ်းဘေး ဆိုင်ကယ် ကယ်ရီသမားများကိုလည်း ငှားပေးပြီး ရှာခိုင်းသည်။ မရရေးချ မရ။ ထိုသူများက အကြံပြုသည်။ ပွဲလာကြသူတော်တော်များများ ပွဲခင်းထဲမှာပဲ ဖြစ်သလိုသည်ပတ် အိပ်ပုစက်ရင်း မိုးလင်းကြသည်ဟု ဆိုကြသည်။

သို့ကလိုကြောင့် ကျွန်တော်တို့အဖွဲ့ ပွဲခင်းရှိရာသို့ ကိုယ့်ကားနဲ့ သွားရောက်ကြသည်။ ပွဲတော်နဲ့ တော်တော်လှမ်းလှမ်းသို့ ရောက်ရှိသည့်နေရာတွင် လမ်းလုံခြုံရေး ထိန်းသိမ်းသည့် ရဲတပ်ဖွဲ့များအပါအဝင် မီးသတ်နဲ့ အခြားအဖွဲ့ဝင်များက ကားဝင်၍ မရဟု ပြောပြီး တောင်ပေါ်ဘက် တက်သော လမ်းကျဉ်းလေးဘက် တက်ရန် ဝေါက်ငမ်း၍ ဆိုသည်။ တစ်ခါမှ မရောက်ဘူးသော ကျွန်တော်တို့လည်း ၎င်းလမ်းကျဉ်းလေးဘက်သို့ မောင်းဝင်သွားသည်။ လမ်းဘေး ဘယ်ညာ နေအိမ်များတွင် "ကား၊ ဆိုင်ကယ်အပ်ရန် ကားတစ်စီး ၁၀၀၀ကျပ်၊ ဆိုင်ကယ်တစ်စီး ၅၀၀ကျပ်"ဟု ကျောက်သင်ပုန်းတွင် မြေဖြူခဲနဲ့ ရေးထားကြသည်ကို တွေ့ရသည်။

ရှေ့ကို ကားသွားမရတော့။ ဆိုင်ကယ်လည်း သွား၍ မရတော့ပါဟု အော်ပြောကြသည်။ ဒါနဲ့ ကျွန်တော်တို့လည်း ကားကို အပ်ခံသည့် ခြံဝန်းတစ်ခုထဲ ချိုးဝင်လိုက်သည်။ ငွေ ၄၀၀၀ ပေးခဲ့ပြီး၊ ဒီကနေ ဒီလမ်းအတိုင်း ခြေလျင်သွားရင်း ပွဲခင်းထဲကို ရောက်သည်ဟု လမ်းညွှန်သဖြင့် ကျွန်တော်တို့အဖွဲ့ အနွေးထည်၊ ခေါင်းစွပ်၊ ခြေအိတ်များ ယူဆောင်ပြီး ပွဲခင်းဘက်သို့ သွားကြသည်။ သွားရာ လမ်းတစ်လျှောက်တွင်လည်း "ဆိုင်ကယ်၊ ကားအပ်နှံရန်"ဆိုသည့် စာတန်းများလည်း အနှံ့ ဒေး တွေ့ရသည်။ ဆိုင်ကယ်များ၊ ကားများလည်း သွားနေကြဆဲ။ မထိခိုက်မိအောင် မနည်းရှောင်နေရသည်။ ပွဲခင်းနေရာက တော်တော်နဲ့ မရောက်။ လမ်းကလည်း ဟိုဘက်ချိုး ဒီဘက်ကွေ့နဲ့ မျက်စိကို လည်ရောပဲ။ အတော်လေးကို တက်ခက်ခဲခဲသွားပြီးမှ ပွဲခင်းသို့ ရောက်သည်။

လူကတော့ ကြိတ်ကြိတ်တိုးပါပဲ။ ဘာတိုးလို့ တိုးမှန်းမသိတဲ့ ကျွန်တော်တို့လည်း ထိုလူအုပ်ကြီးကြားထဲ မျောပါသွားလိုက်တာ တစ်နာရီခန့် ထပ်ကြာသွားလောက်သည်။ တရွေ့ရွေ့သာ သွားရသည်။ အသွားလမ်း၊ အပြန်လမ်းရယ်လို့ မရှိ။ ရှုငယ်လူရွယ်များက ညာသံပေး၍ အပျော်တွေနဲ့ တိုးဝှေ့သွားနေကြပေမယ့် ကျွန်တော်တို့လို အရွယ်လေးနည်းနည်းရလာပြီမို့ ဤအပြုအမူများမှာ စက်ဆုပ်ရွံရှာဖွယ်ရာ ဖြစ်နေတော့သည်။ ပွဲတော်ဈေးတန်း ဘေးဘယ်ညာမှာတော့ မီးများမှိတ်တုတ်မှိတ်တုတ်နဲ့ အနောက်တိုင်း တေးသီချင်း၊ တီးလုံးများ ဆူညံစွာ ဖွင့်ထားသော ဘီယာဆိုင်များကလည်း အလျှိုလျှို။ အရက်မဲဖောက်တဲ့ ဆိုင်ကလည်း အပြိုင်အဆိုင်။ ထိုထိုသော ဆိုင်များတွင်လည်း ဆံပင်အတိုအရှည် အရောင်သွေးစုံ မိန်းကလေး၊ ယောကျာ်းကလေးများ သူ့ထက်ငါ လှုပ်နေလိုက်ကြတာ ကျွန်တော် ဟာဝိုင်ရှီကျွန်းများ ရောက်နေသလားဟု ထင်မိသည်။

မျက်လုံး သေချာပွတ်တိုက်ကြည့်လိုက်မိသည်။

"ဩော်…ငါရောက်နေတာ တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ပဲ။ မျက်စိမှားနေပါလား"လို့ ကိုယ့်ကိုယ်ကိုယ် အသိပေးလိုက်ရသည်။ ထိုထိုသော အနိဋ္ဌာရုံများ လွန်မြောက်လာတော့ မီးပုံးပျံလွှတ်တင်တဲ့ ကွင်းကြီးသို့ ရောက်လာသည်။ ကျွန်တော်၏ အဖော်မိန်းကလေးက…

"အစ်ကို…ညီမကို လုပ်ပေးပါဦး"

"ဟဲ့ - ဘာလုပ်ပေးရမှာလဲ"

"ဟာ…အစ်ကိုကလည်း ဒီမှာ ခြေမ ခြေသည်းလန်သွားပြီ"ဆိုတော့မှ ကျွန်တော်လည်း သူ့ခြေမကို ပါလာသော ဓာတ်မီးလေးနဲ့ ကြည့်လိုက်တော့ မရွှေချော၏ နီရဲနေအောင် ဆိုးထားသော ခြေသည်းရှည်က လန်တက်နေပြီး သွေးများ ယွက်နေသည်ကို တွေ့လိုက်ရသည်။ သူက အလွန်နာနေရှာသည်။ နံဘေးရှိ ဈေးသည်တစ်ဦးအား ပွဲခင်းထဲ ကြက်ခြေနီ ဆေးခန်းရှိသလားလို့ မေးလိုက်တော့ ခပ်လှမ်းလှမ်းရှိ မီးချောင်းထွန်းထားသော နေရာကို ညွှန်ပြသည်။

သို့ဖြင့် ထိုနေရာသို့ သွားရောက်သည်။ ကြက်ခြေနီ ယူနီဖောင်းစတ်နှင့် အရပ်ဝတ်များ ဝတ်ဆင်ထားသော ကျန်းမာရေးအဖွဲ့မှ ချေ့ဝတ်ပျူငှာစွာ ခရီးဦးကြိုပြုသည်။ လူနာအား တွဲခေါ်သည်။ မေးခိုင်ဆေး ထိုးပေးသည်။ အနာအား ဆေးကြော၍ ဆေးထည့်ပေးသည်။ ပိုက်ဆံပေးသော်လည်း လုံးဝ မယူ။ ဤပွဲသို့ ရောက်လာသည့်ကာလတွင် မြင်ရာ တွေ့ရာ ကြားရာတွေအားလုံးထဲမှာမှ ဤကဏ္ဍသည် လွန်စွာလှပကောင်းမွန်သည်။ ကျွန်တော် သာဓုအကြိမ်ကြိမ်ခေါ်ဆိုမိသည်။

ပွဲခင်းထဲသို့ ပြန်ရောက်လာသည်။ ရီးရာမလေ့ ရှမ်းအိုးစည်သံများ၊ ကခုန်နေကြသူများဖြင့် ကြည်နူးပီတိဖြစ်ဖွယ် တွေ့ရှိရပါသည်။ ထိုစဉ်…

"အရက်ရမယ်…အရက်ရမယ်"

ဟူသော အသံကြားရသဖြင့် ကြည့်လိုက်ရာ အရက်ပုလင်းမှိုစုံ လည်ရောင်းသောသူများကို တွေ့ရသည်။ ဤအပြုအမူများသည် ပွဲတော်နှင့် လုံးဝ မအပ်စပ်သော အရာပင်တည်း။ ကြိုက်တဲ့သူများသည် အလွယ်မရရင်တောင် ရှာ



www.burmeseclassic.com

www.burmeseclassic.com


သောက်တတ်ကြသည်မဟုတ်ပါလား။ ဤကဲ့သို့ လည်ရောင်းသောအခါ ကြိုက်သူရော၊ မကြိုက်တတ်သူတွေပါ အကြိုက်တွေ့ကုန်ကြတော့သည်။ ဟိုနား ဝိုင်းဖွဲ့ ဒီနား ဝိုင်းဖွဲ့ ထိုင်နေသူများမှာ အရက်ဝိုင်းများပေတည်း။ ကျွန်တော်တို့အဖွဲ့မှာ အရက်ဝိုင်းများကို ရှောင်ရှားရင်း ထိုင်ချင်သဖြင့် မြွေရေခွဲ အိတ်များအား ထိုင်ခင်းဟု အော်ရောင်းနေသူများထံမှ အိတ်တစ်လုံး ၂၀၀ကျပ်ဖြင့် သုံးလေးလုံးဝယ်၍ ထိုင်လိုက်ကြသည်။

◆◆◆

သွားရပေဦးမည်။ ခြေမ ခြေသည်းလန်သွားသော မချော...
ကျွန်တော့်ကို ကြည့်ပြီး ဘယ်လိုသွားရမလဲဟု မျက်နှာအ...
အရာနဲ့ မေးနေသည်။ ကျွန်တော်က…

"ကဲ…သူငယ်ချင်းတို့၊ ငါက ရှေ့က သွားမယ်၊ ငါ...
အားလုံး တစ်ယောက်ပခုံး တစ်ယောက်ကိုင်ပြီး တန်းစီလို...
ကြမယ်။ မအဝါက အလယ်က လိုက်ပေါ့။ အဲဒါဆို ...
ထောက် တက်မနင်းမိနိုင်ဘူး။ ဟုတ်ပြီလား"

အပြန်ခရီးကား ပို၍ကြမ်းတမ်းသည်ဟု ဆိုရပေမည်...
အဘယ့်ကြောင့်ဆိုသော် ပွဲတော်လာ ပရိသတ် ရာခိုင်နှု...



ခပ်လှမ်းလှမ်းတွင် မီးပုံးပျံအလှည့်ကျ ပြိုင်ပွဲဝင် လွှတ်တင်နေသည်ကို မြင်တွေ့ရသည်။ တစ်ခါမှ မမြင်တွေ့ဘူးသဖြင့် အမြင်ဆန်း၊ အသွင်ဆန်းများပင် ဖြစ်ပါသည်။ ဒီလိုနဲ့ ညဉ့်နက်ပိုင်း ရောက်လာတော့ အအေးဓာတ်က ပိုလာသည်။ ပေါက်မြောက်နေသူများအဖို့ သတိမမူမိသော်လည်း တစ်ခွက်တစ်ဖလား လားလားမှ မမှီဝဲတတ်ကြသော ကျွန်တော်တို့အဖွဲ့ အအေးဒဏ်ကို ခံစည်းခံနိုင်စွမ်း မရှိတော့ပြီမို့ ပြန်ရန်ကားအပ်ထားသည့်နေရာသို့ လူအုပ်ကြီးကြားထဲမှ တိုးဝှေ့

တော်တော်များများ ပေါက်၊ မြောက်၊ စိုက်နေကြပြီဖြစ်သည်...
သွားလာရင်း ထိုသူတွေကို သွားထိမိက…

"ဘဲကြီးက လူမမြင်ဘူးလား၊ ကိုင်လိုက်လို့ အိုင်...
ဖြစ်သွားမယ်။ ဘာလဲ…မကြည့်ဘူးလား၊ အူတူတူမလုပ်...
မှုလီငုတ်ပါ ပြုတ်သွားမယ်"

အမှန်တော့ ကိုယ်က သူ့ကို သွားထိ၍ မဟုတ်။ ...
တို့ကို ရှောင်ရှားရင်း သူတို့က လာထိတာချည်းပင်။ ဒီလူ...
ထဲက မြန်မြန်ထွက်နိုင်အောင် ရသမျှ ဘုရားစာရွ...
သည်က အမော။ ဘယ်သူက ကိုယ့်ကို ဆွဲကြီးလော...


www.burmeseclassic.com

www.burmeseclassic.com

ကြိုက်မလဲလို့ ကြည့်ရတာ မျက်စိတောင် ပါဝါတက်လာပါ လား။

ဒီလိုနဲ့ လူအုပ်ကို ကျော်ဖြတ်ပြီး ကားအပ်ရာ လမ်း ...ောင်စောင်းပေါ်သို့ တက်ကြသည်။ လမ်းတစ်လျှောက် ...၍ရှောင်ရသည်က ဆိုင်ကယ်။ မူး ပေါက် မြောက်ပြီး ...ဟစ်စီး၍ သွားလာကြသော ဆိုင်ကယ်များအား ရှောင် ...ရသည်မှာ သေမင်းနှင့် စစ်ခင်းရသလိုဖြစ်တော့သည်။ ...နဲ့ အသွားတုန်းက တစ်နာရီခန့် ကြာခဲ့သော ခရီးမှာ ...မှ ၂နာရီခန့် ကြာသွားသည်။ ကားအပ်သည့်နေအိမ်ကို ...တော်တို့ မမှတ်မိတော့။ ထိုအိမ်က ပေးသော ဖြတ်ပိုင်း ...ကို ကြည့်လိုက်သည်။ ဘာမှ မရေးထား။ လမ်းက ...ဝင် ဒီထွက်။ ဆိုင်ကယ်ကို ဟိုရှောင် ဒီရှောင်။ ပေါက် ...ကြက်သူအမျိုးမျိုးတို့ကြောင့် ကျွန်တော်တို့အဖွဲ့ မျက်စိလည် ...ပြီ။ ဒီလိုနဲ့ ဟိုလမ်းဝင် ဒီလမ်းထွက် ရှာပုံတော်ဖွင့်လိုက် ...ကြ နောက်ထပ် တစ်နာရီတိုး၍သွားတော့သည်။ တွေ့ ...ပြီ။ ကားအပ်သည့်နေရာ။ ထိုအိမ်မှ ပေးသော ဖြတ်ပိုင်း ... ပေးလိုက်သည်။ သို့သော်···

"ခေတ္တစောင့်ပါဦး။ ရှေ့က ပိတ်နေတဲ့ ကားဆရာတွေ ...ာသေးဘူး"တဲ့။

ကောင်းရော့။ ထိုသူတို့ ဘယ်တော့ လာမယ်မသိ။ ...တော့ပြီမို့ အအေးဒဏ်ကာကွယ်ရန် ကားထဲသို့ ဝင်ပြီး ...ကြသည်။ အိပ်တတ်သူက အိပ်ပျော်သွားသည်။ ကျွန်တော် ...မှ မအိပ်တတ်။ ငုတ်တုတ်ထိုင်စောင့်နေရသည်။ သို့ကလို ...ကြောင့် နောက်တစ်နာရီကြာသွားပြန်သည်။

ပိတ်နေသော ကားသမားများ ရောက်လာပြီး ကား ...ထွက်ခဲ့သည်။ မနက်မိုးလင်းရင် အင်းလေး ဖောင်တော် ...သို့ ဘုရားသွားဖူးကြမည်ဖြစ်၍ တောင်ကြီးမှာ တည်းခိုခန်း ...ရင် ရွှေညောင်၊ ညောင်ရွှေမှာ ရ,ရချည်ရဲ့အတွေးနဲ့ ...တော်တို့ ရွှေညောင်သို့ ဆင်းလာခဲ့သည့်အချိန်က နံနက် ...ရီခန့်ရှိနေပြီး ရွှေညောင်သို့ ရောက်ပြန်တော့လည်း အခန်း ... မရှိတာနဲ့ ညောင်ရွှေသို့ ဆက်ထွက်ခဲ့သည်။ ညောင်ရွှေ ...လည်း အခန်းက မရရေးချ မရနဲ့ တိုးလေသည်။ ထိုစဉ် ...ယ်တစ်ဦးရောက်လာပြီး···

"ဆရာတို့···အင်းလေးသွားမယ်ဆိုရင် ကျွန်တော့် ...အိမ်က လေဆိပ်နားမှာ ရှိတယ်။ အိမ်ရှေ့မှာ ကားထားလို့ ...တယ်။ ကားပေါ်မှာ အိပ်ပြီး မနက် ၅နာရီလောက်ဆိုရင် ...စထွက်တယ်။ လှေက စပါယ်ရှယ်ငှားရင်လည်း ရတယ်။ ...များနဲ့ အတူစီးမယ်ဆိုရင်လည်း ဖြစ်ပါတယ်"

သို့နှင့် ထိုလူငယ်၏ ဆိုင်ကယ်နောက် ကားမောင်း လိုက်ခဲ့ကြသည်။ မှန်ပါသည်။ ၎င်းတို့အိမ်ရှေ့တွင် အခြား ကားများလည်း ရပ်ထားသည်ကို တွေ့ရသည်။ ကားပေါ်မှာ အိပ်သူ အိပ်၊ အိမ်ကွပ်ပျစ်တွင် အိပ်သူ အိပ်နဲ့ တုံးလုံးပက် လက်တွေ တွေ့ရသည်။

ကျွန်တော်တို့အဖွဲ့ကတော့ နေရာမရနိုင်တော့သဖြင့် ကားပေါ်တွင် ထိုင်လျက် အိပ်နေကြသည်။ မကြာပါလေ။ ပင်ပန်းလာကြသဖြင့် အိပ်ပျော်သွားကြသည်။ ကျွန်တော် က အိပ်၍ မပျော်သေး။ ထိုစဉ် ဟောက်သံကြားရသဖြင့် အိပ်မပျော်တော့။ အအေးဒဏ်ကြောင့် ကားမှန်များ အလုံ ပိတ်ထားသည်။ သို့သော် မရပါလေ။ ကျွန်တော့်အပေါင်း အသင်းများသည် ပါးစပ်ကပင် ဟောက်၍ အားမရသေးဘဲ အောက်ကပါ ဟောက်တော့ အနံ့အသက်က မခံနိုင်။ ကျွန်တော်ထိုင်သည့်ဘက်ခြမ်းက မှန်ကို အနည်းငယ် လှပ် လိုက်မှ သက်သာရာရသည်။ ကျွန်တော်တို့ စီးလာသော ကားမှာ ကားသံမဟုတ်တဲ့ မော်တော်တုတ်သံ ထွက်နေသည်။ သူ ခရော၊ ငါ ခရူး၊ ဟိုလူ ဘွတ်နဲ့ သံစုံတွေ ထွက်နေတော့ သည်။ ကျွန်တော် တစ်မှေးမှပင် မရဘဲ နံနက် ၆နာရီအချိန် ရောက်တော့သည်။ အဖွဲ့သားများအား နှိုး၍ ဖောင်တော်ဦးသို့ သွားရန် စီစဉ်ကြသည်။ ပါလာသော သွားတိုက်တံများဖြင့် သွားတိုက်၊ မျက်နှာသစ်ပြီး နံနက်စာအတွက် ထိုအိမ်နှင့် မလှမ်းမကမ်းတွင် ရှိသော ရှမ်းတို့ဟူးနွေး စားကြသည်။ မြေပဲရွက်ညွန့်နှင့် ဟင်းချို တို့ဟူးနွေးမွှေးမွှေးလေးက နတ်သုဒ္ဓါ တမျှပင် အရသာရှိလှသည်။

ထိုစဉ် ညက ကျွန်တော်တို့အား ခေါ်လာသော လူ ငယ်ရောက်လာပြီး···

"ဆရာတို့···ဘယ်လိုပုံစံနဲ့ သွားကြမလဲ။ သီးသန့် သွားမလား၊ အများနဲ့ အတူလိုက်မလား"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ သည်။ ပြီး ပြိုင်တူပင်···

"သီးသန့်သွားမယ်ဟေ့"

သီးသန့်ဆိုရင် နေရာစုံဆို ၄၅၀၀၀ကျပ်၊ ဘုရားဆီသို့ ပင်ဆိုလျှင် ၃၅၀၀၀ကျပ်ဟု ဆိုသည်။ ဈေးဆစ်သော်လည်း မရသဖြင့် သီးသန့်လှေဖြစ်သွားကြသည်။ လှေပေါ်ရောက် တော့ ခုံငါးခုံ၊ သက်ကယ်အင်္ကျီ၊ ထီးတစ်လက်စီ ချပေး ထားသည်ကို တွေ့ရသည်။ လှေဆိပ်က လှေထွက်တော့ နံနက် ၇နာရီကျော်ခန့်ရှိနေပြီဖြစ်သည်။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

ချောင်းကျဉ်းကျဉ်းလေးဆီမှ ရေပြင်ကျယ်ဆီသို့ ရောက်လာသည်။ စင်ရော်ငှက်ကလေးများကို အစာကျွေးရန် မုန့် ၁၀ထုပ်ကို ငါးရာကျပ်ဖြင့် ကိုယ်စီ ဝယ်လာသည်။ ရေပြင်ကျယ်ရောက်သည်နှင့် စင်ရော်ငှက်ကလေးများ လှေအနီး ပျံဝဲလျက်ရှိသည်ကို တွေ့ရသည်။ ပါလာသော အစာများအား ပက်ကျွေးရသည်မှာ ကြည်နူးစရာတစ်မျိုးပင်တည်း။ ပဲ့ချိတ်လှေကလေးများ သူ့ထက်ငါ အပြိုင်မောင်းကြသည်။ ကျွန်တော်တွေးလိုက်မိသည်။ ရန်ကုန်တွင် လိုင်းကားများ အပြိုင်မောင်းကြသလို၊ အင်းလေးကန်တွင်လည်း ပဲ့ချိတ်များ အပြိုင်မောင်းကြတာ ရှိတာပဲ။ ကျွန်တော် လေယာဉ်မစီးဘူးသေးလို့ တစ်ခါလောက်တော့ စီးကြည့်လိုက်ဦးမည်။ လေပေါ်မှာလည်း လေယာဉ်တွေရော အပြိုင်မောင်းတာ ရှိနေမလားလို့ တွေးနေမိသည်။


ပဲ့ချိတ်လှေများ ဥဒဟိုသွားလာနေတာ ကြည့်ရင်း အချို့သော လှေများသည် ဝန်နဲ့ အား မမျှဟု ထင်မိသည်။ လူအယောက် ၂၀-၃၀ တင်ထားသည်ကိုလည်း တွေ့ရသည်။ လှေနံနဲ့ ရေ လက်လေးသစ်ခန့်ပင် ရှိတော့သည်။ တင်ဆောင်ထားတာက မိန်းကလေးအများစု။ ကျွန်တော်က တွေးပူမိသော်လည်း ထိုလှေပေါ်ပါသူများက ဂရုစိုက်မိမယ်ပင် မထင်။ ပေါး…ဟား…အော်ဟစ် လက်ပြ နှုတ်ဆက်နေကြသည်။ မဆီမဆိုင် ကျွန်တော် အတွေးတစ်ခုဝင်မိသည်။ အင်းလေးကို သွားတဲ့ လှေတွေမှာ လူဦးရေကန့်သတ်ချက် မရှိလေရော့သလားလို့ အတွေးဝင်မိသည်။ မရှိပါက ရှိဖို့ ကောင်းနေပြီ။ မမျှော်မှန်းနိုင်သော အန္တရာယ်က လက်တစ်ကမ်းသာတည်း။ ခလုတ်ထိမှ အမိတတာထက်၊ ခလုတ်မထိ ဆူးမငြိမီ အမိတတဲ့။ ဘေးရန်ကင်းကွာ သတ္တဝါတို့ပင် ဖြစ်စေချင်ပါသည်။

နောက်ထပ် ပြောရန် ကျန်သေးသည်။ စင်ရော်စာကျွေးပြီး ပလတ်စတစ်အိတ်များ ရေထဲ ပစ်ချလိုက်သည်။ ထို့အတူ ကွမ်းစားသူများ ကွမ်းတံတွေးက တပျစ်ပျစ်နဲ့ ရေထဲ ထွေးချကြသည်။ ကျွန်တော်တို့လူမျိုးကလည်း ကွမ်းစားသူက များသနဲ့။ ဆေးလိပ်တို့မှ အစပေါ့။ ဖြစ်နိုင်ရင်၊ ဖြစ်နိုင်ရင်ဆိုတာထက် မဖြစ်နိုင်စရာ မရှိပါ။ ဘာလဲဆိုတော့ လှေတိုင်းမှာ အမှိုက်ပုံးများ ထားစေချင်သည်။ ဒါက အသေးအမွှားကိစ္စလို့ မသတ်မှတ်သင့်ပေ။ အင်းလေးကန်ကြီး ရေရှည် တည်တံ့ခိုင်မြဲဖို့၊ အမြဲတမ်း သာယာလှပဖို့ ဆန္ဒရှိရင် ဒါတွေကအစ သတိမူရပေမည်။

သို့နှင့် ကျွန်တော်တို့လှေလေး ဖောင်တော်ဦးစေတီအနီးသို့ ရောက်လာသည်။ အခြားလှေကလေးများက အလုအယက်လာကပ်ပြီး ကြာပန်းနှင့် ရွှေသင်္ကန်းကပ်ရန် ရွှေဆိုင်းများ ရောင်းသည်။ ကြာပန်းက သုံးစည်းကို ငါးရာကျပ်၊ ရွှေဆိုင်းက ဆယ်ခုကို သုံးထောင်ကျပ်တဲ့။ ကြာပန်းသုံးစည်း အရင်ဝယ်လိုက်သည်။ အခြားပန်းရောင်းသူများကလည်း စကားသံဝဲဝဲနဲ့…

“ဆရာကြီး…သမီးဆီကလည်း ယူပါဦး။ ဈေးဦး မပေါက်သေးလို့ပါ။ ထမင်းဖိုး မရသေးလို့ပါ”

စသည်ဖြင့် ပန်းစည်းကို အတင်းတွန်းထိုးပေးနေသည်။ ပန်းကတော့ တော်လောက်ပြီ၊ ရွှေဆိုင်းဝယ်မည်ပြုစဉ် ဘုရားဆီမှ အသံချဲ့စက်ဖြင့် အော်နေသောအသံကို ကြားရသည်။



ရေလယ်တွင် ရွှေဆိုင်းများ တရားမဝင် လိုက်လံရောင်း သူများထံမှ ရွှေဆိုင်းများ မဝယ်ကြရန်နှင့် ၎င်းရွှေဆိုင်း ဘုရားတွင် ကပ်ခွင့်မပြုကြောင်း ကြေညာနေသည်။ ကျွန်တော် လက်တွန့်သွားသည်။ ရွှေဆိုင်းရောင်း ကလေးမများက…

“အလကား အော်နေတာ။ သူတို့က ကန်ထရိုက် ထားလို့ အော်တာ။ ကပ်လို့ ရတယ်။ ဝယ်ပါ ဆရာကြီး ဈေးဦးမပေါက်သေးလို့ပါ။ ထမင်းဖိုး မရသေးလို့ပါ”

အတင်း ငွတ်ရောင်းနေသဖြင့် ကျွန်တော်က…

“ကဲပါ။ ကပ်မရတော့လည်း မတတ်နိုင်ပါဘူး။ ဆယ်ဆိုင်း”

www.burmeseclassic.com

www.burmeseclassic.com

ငွေသုံးထောင်ပေး၍ ဝယ်လိုက်သည်။ ကလေးမက-

"သာဓုပါတော်၊ ဆရာကြီး သွားလမ်းသာလို့ ပြန်လမ်းသာပါစေတော်"

ဟု ဆုတောင်းသည်။ နောက်တစ်ယောက်က. . .

"သမီးဆီကလည်း သုံးထောင်ဖိုးလောက် အားပေးပါဦး ဆရာကြီးရယ်။ ဈေးဦးမပေါက်သေးလို့ပါ။ ထမင်းဖိုး မရသေးလို့ပါ"

တဲ့။ ကျွန်တော် စဉ်းစားမိလိုက်သည်။ ဈေးသည်အားလုံး၏ လက်သုံးစကားများမှာ ဤသို့တစ်ထပ်တည်းကျနေပါရောလားဟူ၍။

♦♦♦

ဘုရားပေါ်သို့ တက်ရောက်လာသည့် ဖောင်တော်ဦးရုပ်ပွားတော်အား ဝိုင်းအုံ၍ ယောကျ်ားလေးများ ရွှေဆိုင်းကပ်နေကြသည်။ ကျွန်တော်လည်း ထိုအထဲ တိုးဝှေ့၍ ရေလယ်က ဝယ်လာသော ရွှေဆိုင်း ၁၀ခုအား မမီမကမ်းနဲ့ မနည်းကြိုးစား၍ ကပ်ရသည်။ ကပ်ရင်းနဲ့ ရေလယ်မှာ ရွှေဆိုင်းရောင်းတဲ့ ကလေးပြောတာ ကြားယောင်မိသည်။ "အလကားအော်နေတာ၊ သူတို့က ကန်ထရိုက်ဆွဲထားလို့၊ ကပ်လို့ ရဘယ်"တဲ့။ ဟုတ်ပေသားပဲ။ သူ့ဆီက ဝယ်လာတဲ့ ရွှေဆိုင်းက ဘုရားမှာ ကျွန်တော် ကပ်လှူပူဇော်နေပြီးပဲ။ ဘယ်သူမှ တန့်ကွက်သူ မရှိဘူးဘဲ။

ရွှေသင်္ကန်းကပ်လှူပြီး ဘုရားဝတ်ပြုရန် အောက်တစ်ဆင့်တွင် ထိုင်လိုက်သည်။ ဘုရားကို ရည်စူး၍ ရှိခိုးရသည်။ ဘုရားကို ဖူးတွေ့ခွင့် မရ။ ပတ်လည်ဝိုင်းအုံထားသော လူအုပ်ကြီးကိုသာ အပြစ်တင်နေသော အမျိုးသမီးများ၏ မကျေမနပ်ပြောဆိုသံကို ကြားရသည်။ ဒီတော့မှ ကျွန်တော်လည်း အတွေးဝင်သွားခဲ့သည်။ ဟုတ်ပေသားပဲ။ သူတို့က ဘုရားရုပ်ပွားတော်များ ကိန်းဝပ် စံပယ်တဲ့ အပေါ်အဆင့်ကို မတက်ရဘူး။ ရွှေကပ်နေသူများကြောင့် ဘုရားရဲ့ ရုပ်လုံးတော်ကိုလည်း ဖူးတွေ့ခွင့် မရကြဘူး။ အမျိုးသမီးထုအတွက် မြတ်စွာဘုရား၏ အရပ်လေးမျက်နှာအနက် တစ်မျက်နှာဖွင့်ထားသင့်ပါသည်။ ဂေါပကအဖွဲ့များကလည်း ထိုသို့စီစဉ်ပေးခြင်း မရှိ။

ဂေါပကတစ်ဦး လုပ်နေတာတစ်ခုကို သတိပြုမိတာကတော့ ကြာပန်းတွေ နာရီဝက်တစ်ခါ ပန်းအိုးထဲက သိမ်းခြင်းအလုပ်ကို တစိုက်မတ်မတ် လုပ်နေသည်ကို တွေ့ရသည်။ မိန်းကလေးထု ဖူးမြော်နိုင်ရန် တစ်ဖက်ဖက်ကို ရွှေပြားကပ်သူများ ပိတ်မထားရန် စီစဉ်ပေးထားသင့်သည်ဟု အကြံပြုခွေးနွေးလိုသည်။ အမျိုးသမီး ဘုရားဖူးများသည် ၎င်းတို့ပိုင်၍ ဘုရားဖူးမည့်နေရာဘက်မှ ရုပ်ပွား တော်အားဖူးတွေ့နိုင်ရေး အချိန်တော်တော်ကြာကြာ စောင့်၍ ဖူးမြော်ကြရသည်။

ကျွန်တော် ဘုရားဖူးပြီး ဘုရားလိုဏ်အတွင်းမှ လက်ယာရစ် တစ်ပတ်ပတ် ဖူးမြော်ရန် သွားခဲ့သည်။ တစ်ဖက်ဆီမှ အော်ကြီးဟစ်ကျယ် ရန်ဖြစ်နေသည့်အသံကို ကြားရသည်။ အထူးသဖြင့် မိန်းကလေးများအသံဖြစ်သည်။ ကျွန်တော်လည်း သိလိုစိတ်ဖြင့် ထိုနေရာသို့ ရောက်သွားသည်။ ကျွန်တော့်နည်းတူ အခြားသူများလည်း ဝိုင်းအုံကြည့်နေကြသည်။ ထိုအထဲတွင် နိုင်ငံခြားသားတွေလည်း ပါသည်။ မိန်းကလေး ၅ယောက်/၆ယောက်ခန့်က ဘုရားလူကြီးများအား ရန်တွေ့နေသည်။ အော်ဟစ် ပြောဆိုနေသည်။ ၎င်းတို့ စကားများကို အာရုံစိုက်လိုက်သည်။

"ရှင်တို့က ငွေရှင်ကြေးရှင်တွေ။ ကျွန်မတို့က တစ်နေ့လုပ်မှ တစ်နေ့စားရတာ။ ရှင်တို့ အဲဒီလိုအော်နေတော့ ကျွန်မတို့ဆီမှာ ဝယ်သူမရှိတော့ဘူး။ အိမ်မှာ ကျန်နေတဲ့ ကလေးတွေကို ရှင်တို့ ကျွေးမှာလား"

၎င်းတို့ ပြောနေတာကို ကျွန်တော်နားလည်လိုက်ပါပြီ။ စောစောက ရေလယ်မှာ ရွှေဆိုင်းတွေ လှေနဲ့ လိုက်ရောင်းတဲ့ အဖွဲ့နဲ့ အသံချဲ့စက်ဖြင့် အော်နေတဲ့ အဖွဲ့တို့ ထိပ်တိုက်တွေ့နေကြပြီပဲ။ ဘုရားဖူးလာသူများ၊ နိုင်ငံခြားဧည့်သည်များနှင့် ထိုမြင်ကွင်းမှာ လွန်စွာအကျည်းတန်လှပေသည်။ ဤမျှ တန်ခိုးကြီးသော မြတ်စွာဘုရားတည်ရာနေရာသည် ဘာသာ၊ တရား၊ ဓမ္မတေးသံများနှင့် ထုံမွှမ်းနေရမယ့်အစား ဤသည်တို့ကြောင့် မိမိတို့ ဘာသာ သာသနာ ထိခိုက်ညှိုးနွမ်းစရာတွေ ဖြစ်လေသည်။

♦♦♦


စာရေးသူသည် သာမန် လက်လုပ်လက်စားတစ်ဦးပင် ဖြစ်ပါသည်။ ဤစာရေးခြင်းမှာလည်း မည်သူ့ကိုမှ နစ်နာစေတဲ့ ဆန္ဒမပါပါ။ ဖောင်ကြီး တန်ဆောင်တိုင်ပွဲတော်သည်လည်း နှစ်စဉ်နှစ်တိုင်း ကျင်းပကြဦးမည်သာ။ ဒီလို ကျင်းပပေးတဲ့ ဒေသ အာဏာပိုင်များ၊ ဒေသခံ ပြည်သူများအား အထူးကျေးဇူးတင်ရပါမည်။ သို့သော် လာမည့်နှစ်တွေမှာ ကျွန်တော်တို့ကဲ့သို့ မတွေ့ကြုံ၊ မခံစားစေလိုသောတာ ကျွန်တော် နားလည်သလောက် အကြံပြုချင်ပါသည်။

ပွဲတော်အတွက် ကား၊ ဆိုင်ကယ်နှင့် ယာဉ်အမျိုးမျိုးထားရန် ကွင်းတစ်ခုစီစဉ်ပေးသင့်ပါသည်။ မျက်နှာကြီးပေး



www.burmeseclassic.com

www.burmeseclassic.com



မရွေး လာသော ယာဉ်အားလုံး ထိုကွင်းတွင် စနစ်တကျ အပ်နှံသင့်သည်။ အခကြေးငွေယူခြင်းသည် အဓိက မကျ။ ပစ္စည်းတစ်ခု မပျောက်မပျက်၊ မပျက်စီးအောင် ထိန်းသိမ်းခ ယူသင့်ပါသည်။ ဘီယာအရက်ဆိုင်များ ဤမျှလောက် ဖောဖောသီသီ မဖွင့်သင့်။ ခွင့်မပြုသင့်ပေ။ ကျွန်တော်တို့ ကြည့်ဖူးတဲ့ နိုင်ငံခြားရုပ်ရှင်ကားထဲက နိုက်ကလပ်များ ရောက်နေသည့်အလားပင် ဖြစ်နေသည်။

အလားတူ၊ အင်းလေး ဖောင်တော်ဦးဘုရားနှင့် အင်းလေးကန်သည် ကမ္ဘာတည်သရွေ့ တည်ရှိနေဦးမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွက် နိုင်ငံခြားသားများအား ဆွဲဆောင်ရာ နေရာဒေသတစ်ခုလည်းဖြစ်သည်။ ဒီလိုနေရာမျိုးတွေမှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ယဉ်ကျေးမှု၊ ဘာသာ၊ ဓလေ့ထုံးတမ်း အစဉ်အလာများကို ပြရမည့်အစား မလျော်ကန်သော အသုံးအနှုန်း၊ အပြုအမူများ မရှိအပ်ပေ။ မမြင်အပ်ပေ။ မကြားအပ်ပေ။

ထိုထိုသော အရာကိစ္စရပ်များသည် လူသားတိုင်း ထိန်းသိမ်းကြရမည်ဖြစ်သလို၊ တာဝန်ရှိသူ အဆင့်ဆင့်တို့မှလည်း ကြပ်မတ် ထိန်းသိမ်း ပြုပြင်တည့်မတ်သင့်သော အရာများပင်တည်း။ တာဝန်ရှိသူအဆင့်ဆင့်ဆိုသည်မှာ နိုင်ငံတော်ကို အုပ်ချုပ် မင်းလုပ်နေသူများအပါအဝင် နေရာဒေသ အဖွဲ့အစည်း၊ အစုအဖွဲ့ အသင်းအဖွဲ့များ၊ အိမ်ထောင်စုကို ဦးစီးဦးဆောင်လုပ်နေကြသောသူများအားလုံးကို ဆိုလိုသည်။ ဥပမာ - ဘုရားမှာဆို ဂေါပကအဖွဲ့ လေမှာဆိုလည်း လေ အသင်းအဖွဲ့ စသည်တို့ ရှိနေကြရမည်သာဖြစ်သည်။

နောက်တစ်ခု ထပ်မံတင်ပြလိုပါသည်။

လေလံစနစ်ကျင့်သုံးမှုသည် ကျွန်တော်တို့နိုင်ငံ
အလွှန်တွင်ကျယ်နေသော စနစ်တစ်ခုဖြစ်သည်။ ဘုရား
အစ၊ အိမ်သာအဆုံး လေလံစနစ်ကျင့်သုံးနေသည်ကို
ရသည်။ လေလံစနစ်မှာ ဌာန၊ အစုအဖွဲ့တစ်ခုအတွက်
ကောင်းချင် ကောင်းမည်။ ဘာဖြစ်လို့လဲဆိုတော့ တစ်
တည်း တစ်ခဲတည်း ရလိုက်တာကိုး။ ဒါပေမယ့် အ
အတွက်တော့ မကောင်းရေးချ မကောင်းပါ။ လေလံ
သူသည် နည်းမျိုးစုံသုံးပြီး လေလံရအောင် ယူသည်။
ရပြီးသည်နှင့် မတန်မဆ ဈေးကွက်တင်၊ သူမှလွဲ၍ မ
မှ လုပ်ပိုင်ခွင့် မရှိစေရ။ အရင်းကျေအောင်နဲ့ အမြတ်
များများရအောင် လုပ်ဆောင်နေကြသည်ကိုသာ တွေ့ရ

ဥပမာ - ဖောင်တော်ဦးစေတီတွင် ရွှေဆိုင်း
ယူထားသူကိုပဲ ပြောကြည့်ပါမည်။ ရွှေဆိုင်းလေလံဆွဲ
မှအပ ကျန်သူများ ရွှေဆိုင်းမရောင်းရ။ ရောင်းတဲ့သူမျ
ဝယ်သော ရွှေဆိုင်းများ ဘုရားမှာ မကပ်ရ။ ကပ်ခွင့်မ
ကြေညာနေခြင်းမှာ ကျွန်တော် ဘဝင်မကျပါ။

"ဒိမ်ကြီးတစ်ဝမ်း ဗျိုင်းတစ်ဝမ်း"ဆိုတဲ့ စကား
သည်။ "သမုဒ္ဒရာရေ ဘယ်သူသောက်သောက်"ဆိုရိုး
လည်း ရှိသည်။ ကျွန်တော်ပြောချင်ပါသည်။

"ကိုယ့်ဝမ်းဆံ့သလောက်သာ စားကြပါ။ ဆင်စာ၊
စာ ခွဲခြားသိမြင်ပေးပါ။ လေလံတွေကြောင့် ကျွန်တော်
ပြည်သူတွေ မလေးလံစေချင်တော့ပါ"

ဟု အကြံပြု ရေးသားဖော်ပြလိုက်ရပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေအကြောင်း လူတိုင်းပြောနေကြသော်လည်း တစ္ဆေကို ကိုယ်တွေ့ကြုံဖူးသူ ရှားသည်ဟု တရုတ်စကားပုံရှိသည်။ တစ္ဆေခြောက်သည်၊ တစ္ဆေလိုက်သည်၊ တစ္ဆေက လူယောင်ဆောင်သည်ဟု ပြောနေကြသော်လည်း လူတစ်ရာတွင် ကိုယ်တိုင် တစ္ဆေကို တွေ့ဖူးသူတစ်ဦးရှိရန် ခဲယဉ်းပါသည်။ အများသူငါပြောစကားအရ တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် ပြန်လည်ပြောနေခြင်းများသာ ဖြစ်ကြပါသည်။ တစ္ဆေခြောက်သည်ဟူရာတွင်လည်း အကြောင်းအမျိုးမျိုးရှိပါသည်။ ဘဝဟောင်းက ကျန်ခဲ့သည့် ဥစ္စာပစ္စည်းများ၊ အိမ်ခြံမြေများကို စွဲလမ်းပြီး မကျွတ်မလွတ်နိုင်ဘဲ တစ္ဆေဘဝရောက်နေသူများသည် သူ၏ဥစ္စာပစ္စည်းများကို တစ်ပါးသူ မယူနိုင်အောင် စောင့်ကြပ်နေကြပြီး မယူဝံ့အောင် ခြောက်လှန့်တတ်ပါသည်။ လူဘဝက ပျော်တတ်ပါးတတ် နောက်တတ်သူများသည် တစ္ဆေဘဝသို့ရောက်သည့်အခါ လူ့ဘဝမှ ခင်မင်ရင်းနှီးသူများကို တွေ့ပါက လန့်အောင်လုပ်တတ်ကြခြင်းကိုလည်း တစ္ဆေခြောက်သည်ဟု ပြောကြပါသည်။

ချစ်ဆွေသည် ငယ်စဉ်က အရက်သေစာ သောက်စားခြင်းမရှိဘဲ မိဘများက ဘာသာရေးကိုင်းရှိုင်းသူများဖြစ်၍ ဘုရားတရားကို မပြတ်ဆည်းကပ်ကိုးကွယ်သူဖြစ်သည်။ နေ့စဉ် ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ ပုတီးစိပ်သောအကျိုးကြောင့် တစ္ဆေအခြောက်မခံရခြင်းဖြစ်သည်ဟု ယုံကြည်နေသူဖြစ်သည်။ အပေါင်းအသင်းများ တစ္ဆေခြောက်ခံရသည်ဟု ပြောပါက ဘာသာရေးကို မလေးစားလို့ ခံရတာဟု သုံးသပ်လေ့ရှိပါသည်။ တစ္ဆေအခြောက်မခံရဖူးသဖြင့် တစ္ဆေနှင့် တွေ့ကြည့်ချင်သည့်၊ တစ္ဆေအခြောက်ခံကြည့်ချင်သည့်စိတ်များ ပေါ်လာတတ်ပါသည်။

ချစ်ဆွေတွင် မွေးချင်းပေါက်ဖော်မရှိ။ တစ်ဦးတည်းသောသားဖြစ်သည်။ တစ်ဦးတည်း မွေးသော်လည်း ဘကြီးမှမွေးသည့် သားသုံးယောက်ရှိသဖြင့် ညီအစ်ကိုလေးဦးသဖွယ် ကြီးပြင်းခဲ့ရသည်။ အစ်ကိုကြီးက ထွန်းကျော်၊ ချစ်ဆွေနှင့် အသက်တူက ထွန်းဇော်၊ အငယ်ကောင်က မျိုးအောင်တို့ ဖြစ်သည်။ အိမ်ချင်းကပ်လျက်ရှိသဖြင့် ညီအစ်ကိုလေးယောက် တပူးတွဲတွဲရှိခဲ့ကြသည်။ အငယ်ဆုံး ညီငယ် မျိုးအောင်မှာ အစ်ကိုများနှင့် အသွင်မတူဘဲ ငယ်စဉ်ကပင် ဘာသာရေးကို စိတ်ဝင်စားသူဖြစ်သည်။ ညီအစ်ကိုလေးယောက် ရှင်ပြုပြီး ကိုရင်ဝတ်ရာမှ အစ်ကိုများ လူဝတ်လဲသော်လည်း သူက ကိုရင်ဝတ်နှင့် ဆက်၍နေခဲ့သည်။ အရွယ်ရောက်သည့်အခါ မိဘများက ပဉ္စင်းခံပြုလုပ်ပေးသဖြင့် ရဟန်းဝတ်နှင့် သာသနာ့ဘောင်တွင် ပျော်မွေ့နေခဲ့သည်။ ဦးပဉ္စင်းလေးက ဘာသာရေးအယူအဆတူသော ချစ်ဆွေကို အလွန်ခင်မင်သည်။ သူ၏ ကျောင်းသို့ မကြာခဏခေါ်၍ တွေ့လေ့ရှိသည်။

အစ်ကိုကြီး ထွန်းကျော်မှာ အရက်ကို စွဲစွဲမြဲမြဲသောက်တတ်သူဖြစ်၍ ဦးပဉ္စင်းကျောင်းနှင့် ဝေးကွာခဲ့ရသည်။ ဦးပဉ္စင်း၏ သပြေတောရကျောင်းသည် နှစ်မိုင်ခန့်ဝေးကွာသဖြင့် ဦးပဉ္စင်းကလည်း တစ်ခါတစ်ရံမှသာ ရွာသို့ကြွဖြစ်သည်။ သပြေတောရ ဆရာတော်ကြီး ပျံလွန်စဉ်က ဘုန်းကြီးပျံပွဲမှာ စည်ကားလှပါသည်။ နောက်ပိုင်းတွင် သတင်းများ ထွက်ပေါ်လာသည့်အတွ… ကျောင်းဘက်သို့ အသွားအလာနည်း… ခဲ့ပါသည်။ ပျံလွန်တော်မူသော ဆ… တော်ကြီးမှာ မကျွတ်မလွတ်ဘဲ ‌ဝိ… ကြောင်း သတင်းထွက်လာသ… ဆရာတော်ကြီး နေထိုင်ခဲ့သည့်… ကျောင်းတွင် ဆရာတော်ကြီးကို… ဘက်တွင် မြင်ရတတ်ကြောင်း… ကြသည်။ တစ်ခါတစ်ရံ ကျောင်း… အတွင်း ညဘက် လမ်းလျှောက်… သည်ဟုလည်း ပြောတတ်ကြသ… ဆရာတော်ကြီး၏ စံကျောင်းကို… လိုက်ပြီး မည်သူမျှ မနေရဲတော့ကြ… သိရသည်။ နောက်ရောက်ရှိလာသ… ကျောင်းထိုင်ဆရာတော်ကလည်း… ကျောင်းတွင် မနေဘဲ အခြားကျေ… ဆောင်တွင် ကျောင်းထိုင်ခဲ့သည်။

◆◆◆

တစ်နေ့ အစ်ကိုကြီး ထွန်းကျေ… ထွန်းဇော်နှင့် ချစ်ဆွေတို့ ညီအ… သုံးဦး တွေ့ဆုံခိုက် ရောက်တတ်… စကားများ ပြောဖြစ်ခဲ့ကြသည်။ အ… ကြီး ထွန်းကျော်က ရုတ်တရက် … စတင်ပြောပါသည်။

"မင်းတို့ တစ္ဆေကြောက်… သလား"

ချစ်ဆွေက အရင်ဖြေလို… သည်။

"ကျွန်တော် ဘုရားရှိခိုး … ရွတ်နေတော့ တစ္ဆေမခြောက်နိုင်… ယုံကြည်လို့ ကျွန်တော် မကြောက်…"

"ဒါတော့ မင်းက မတွေ့ဖူး… လို့ပါ။ တကယ်တွေ့ရင် မင်း မကြော… ဘဲ မနေပါဘူးကွာ"

"ဒါဆို အစ်ကိုကြီးရော တစ္ဆေ… မကြောက်ဘူးလား"

"ငါက တကယ်ပဲ မ… တာ။ မင်းတို့လို ပရိတ်တွေ…

www.burmeseclassic.com

www.burmeseclassic.com

...ည်း မရှုတ်ပါဘူး။ တစ္ဆေကို တွေ့ကို ...တွေ့ချင်တာ။ တွေ့ချင်လို့ တစ္ဆေကို ...ိက်ရှာပေမယ့် မတွေ့ပါဘူး။ တစ္ဆေနဲ့ ...န်းလုံးရတယ်လို့ ကြားရင် သိပ် ...အကျတာပဲ။ တစ်ခါလောက် တစ္ဆေနဲ့ ...တွေ့ပြီး နပန်းလုံးရရင် ကောင်းမယ်လို့ ...တွေးမိတယ်။ မင်းလို ဂါထာတွေ မရွတ် ...မယ့် တစ္ဆေမကြောက်အောင် ရဲ ...တွေ ရှိတယ်"

"ဘာလဲ၊ အစ်ကိုကြီးက အရက် ...အောင် သောက်ပြီး တစ္ဆေကို ရင်ဆိုင် ...ဘာလား။ တကယ့်တစ္ဆေနဲ့ တွေ့ရင် ...ပြေပြီး အစ်ကိုကြီး ဒုက္ခရောက်မှာ ...ယောင်သေးတယ်"

အစ်ကိုကြီးနဲ့ ချစ်ဆွေတို့ အပြန် ...လှန်ပြောနေသော စကားများကို ...က နားထောင်နေသော ထွန်းဇော် ... ဝင်ရောက်ဆွေးနွေးပါသည်။

"ဒါဆို အစ်ကိုကြီး သပြေတောရ ...ကျောင်းမှာ ညအိပ်ရဲသလား"

"အိပ်ရဲ၊ မအိပ်ရဲ မင်းတို့နဲ့ ငါ ...လောင်းမလား"

"အစ်ကိုကြီး အိပ်ရဲရင် အစ်ကို ...ကို အဝတိုက်မယ်။ ကျွန်တော်နဲ့ ...ဆွေ နှစ်ယောက်ပေါင်းပြီး အစ်ကို ...ကို ပြုစုမယ်။ ကျွန်တော်တို့ဘက် ... နိုင်ခဲ့ရင် အစ်ကိုကြီးက ဘာမှပြန် ...ရာမလိုပါဘူး။ ဒါပေမယ့် စံကျောင်း ...ပေါ်ထပ်မှာ အစ်ကိုကြီး အိပ်ရမယ် ..."

"မင်းတို့က ပုံလွှန်တော်မူသွားတဲ့ ...ရာတော်ကြီးနဲ့ တွေ့ရအောင် စီစဉ် ...လား။ ရတယ်။ ငါက ဆရာတော် ...ကလို ဘီလူးကြီးရှိတယ်ဆိုတောင် ...မှာပဲ။ မင်းတို့နှစ်ယောက်ကရော ငါ ...ကယ်အိပ်,မအိပ် လိုက်ကြည့်မှာ ...တ်လား"

"ဒါပေါ့ အလောင်းအစားဆိုတော့

> “ သပြေတောရကျောင်းသည် အနောက်ရိုးမတောင်ခြေတွင် ရှိသဖြင့် တောင်ဆင်းတောင်တက် လမ်းများကို ဖြတ်သန်းသွားရပါသည်။ ညနေ နေမဝင်မီ သပြေတောရကျောင်းသို့ ရောက်ပါသည်။ ဦးပဥ္စင်းလေးကို အသင့်တွေ့ရပါသည်။ ဦးပဥ္စင်းမှာ အစ်ကိုများ ရောက်လာသဖြင့် ပျော်ရွှင်နေပါသည်။ ”

လိုက်ကြည့်ရမှာပေါ့"

"ကောင်းပြီ၊ ဘယ်နေ့သွားကြမလဲ"

ချစ်ဆွေမှာ တစ္ဆေကို မကြောက်သော်လည်း တစ္ဆေရှိ,မရှိ၊ တစ္ဆေတကယ်ခြောက်,မခြောက် လက်တွေ့မြင်ရတော့မည်ဖြစ်၍ ဝမ်းသာနေပါသည်။ အကယ်၍ အစ်ကိုကြီးက နိုင်ခဲ့သော် ထွန်းဇော်နှင့် နှစ်ယောက်ပေါင်းပြီး အစ်ကိုကြီးကို ပြုစုလိုက်ရုံသာ ဖြစ်သည်။ ဦးပဥ္စင်းလေးကလည်း အစ်ကိုများကို တွေ့ချင်နေ၍ ခေါ်နေသဖြင့် အဆင်ပြေပါသည်။ ချစ်ဆွေနဲ့ ထွန်းဇော်တို့မှာ ပွဲကြီးပွဲကောင်းကြီးရ၊ မြင်ရမည်ဖြစ်၍ ဝမ်းသာနေပါသည်။ အစ်ကိုကြီးကလည်း သည်ပွဲတွင် သူ နိုင်ရမည်ဟု ယုံကြည်နေသဖြင့် အလောင်းအစားလုပ်မည့်နေ့ကို မျှော်လင့်နေပုံရသည်။

"တို့ တောထဲကို မျှစ်ချိုး၊ မှိုရှာသွားရင်း သပြေတောရကျောင်းမှာ တစ်ညဝင်အိပ်ကြတာပေါ့"

"ဟုတ်တယ်။ အစ်ကိုကြီးပြောတာ ကောင်းတယ်။ အိမ်က နေ့လယ်ဘက် ထွက်မယ်။ သပြေတောရကျောင်းကို ညနေရောက်မယ်။ ကျောင်းမှာ တစ်ညအိပ်ပြီး နောက်နေ့မှ တောထဲကို သွားကြမယ်"

အစ်ကိုကြီး၏ အကြံပေးချက်ကို ချစ်ဆွေက ဖြည့်စွက်ပြောလိုက်ရာ သုံးယောက်လုံး သဘောတူသဖြင့် အစ်ကိုကြီး၏ အဆိုပြုချက် အတည်ဖြစ်သွားပါသည်။ သပြေတောရကျောင်းသို့လည်း မရောက်သည်မှာ ကြာပြီဖြစ်၍ အားလုံးသွားချင်နေကြသည်။

◆◆◆

နေ့လယ်ပိုင်း နေကျချိန်တွင် ရွာမှ ထွက်ခဲ့ကြသည်။ သပြေတောရကျောင်းသည် အနောက်ရိုးမတောင်ခြေတွင် ရှိသဖြင့် တောင်ဆင်းတောင်တက် လမ်းများကို ဖြတ်သန်းသွားရပါသည်။ ညနေ နေမဝင်မီ သပြေတောရကျောင်းသို့ ရောက်ပါသည်။ ဦးပဥ္စင်းလေးကို အသင့်တွေ့ရပါသည်။ ဦးပဥ္စင်းမှာ အစ်ကိုများ ရောက်လာသဖြင့် ပျော်ရွှင်နေပါသည်။ နောက်နေ့နံနက်တွင် တောသို့ ဝင်၍ မျှစ်ချိုး၊ မှိုရှာမည်ဖြစ်၍ ယနေ့ည ကျောင်းတွင် အိပ်ရန် လျှောက်ထားလိုက်သည်။ ဦးပဥ္စင်းက ညစာအတွက် ကျောင်းရှိ ကျောင်းသားများနှင့်အတူ စီစဉ်ကျွေးမွေးပါသည်။ ညစာစားပြီး ရေနွေးကြမ်းသောက်ရင်း စကားပြောကြသည်။ စကားပြောရင်း အပြင်လောကသည် တစ်စထက်တစ်စ


www.burmeseclassic.com

www.burmeseclassic.com

မောင်လာသည်။ ဦးပဥ္စင်းက သူ၏ ကျောင်းတွင် အိပ်ရန် ဖျာများ၊ စောင်များ ထုတ်ပေးပါသည်။ အစ်ကိုကြီးက အစီအစဉ်ဖြစ်မြောက်အောင် ဦးပဥ္စင်းကို ပြောရသည်။

"ဦးဇင်း··· တပည့်တော်တို့ကို စံကျောင်းမှာ ဒီတစ်ညအိပ်ခွင့်ပြုပါ"

အစ်ကိုကြီး၏ စကားကြောင့် ဦးပဥ္စင်း အံ့သြသွားသည်။

"စံကျောင်းရဲ့ အကြောင်းလည်း အစ်ကိုကြီးတို့ ကြားဖူးကြမှာပါ။ မကောင်းပါဘူး အစ်ကိုကြီးရယ်၊ ဒီကျောင်းမှာပဲ အိပ်ကြပါ"

"မဟုတ်ဘူး ဦးပဥ္စင်း၊ တပည့်တော်တို့က စံကျောင်းမှာ အိပ်ကြည့်ချင်လို့ပါ။ အတွေ့အကြုံရတာပေါ့။ တစ်ညတည်းဖြစ်လို့ ခွင့်ပြုပေးပါ။ တကယ်လို့ တစ္ဆေခြောက်ရင်လည်း ခြောက်တဲ့ အတွေ့အကြုံရတာ အမြတ်ပေါ့"

ဦးပဥ္စင်းက အစ်ကိုများကို စံကျောင်းတွင် ညမအိပ်ရန် အမျိုးမျိုး လှည့်ပတ်ပြောသော်လည်း မရသည့် အဆုံးတွင် ခွင့်ပြုလိုက်ရသည်။

"ဆရာတော်သိရင် လုံးဝ ခွင့်ပြုမှာ မဟုတ်ဘူးနော်။ ဒီတော့ အစ်ကိုတို့ အိပ်မယ်ဆိုရင် ဦးပဥ္စင်းစကားကိုတော့ နားထောင်ရမယ်နော်။ ညအိပ်ရင် ကျောင်းအပေါ်ထပ်ကို လုံးဝ မတက်ရဘူး။ အိပ်ရင် ငြိမ်ငြိမ်သက်သက်အိပ်ပါ။ စကားကျယ်ကျယ်မပြောရဘူး။ မီးလုံးဝ မထွန်းရဘူး။ အောက်ထပ်မှာ အားလုံးအိပ်ရမယ်။ နောက်ပြီး အရက်မသောက်ရဘူး"

ဦးပဥ္စင်းက စည်းကမ်းချက်များကို ရှင်းပြပြီးနောက် စံကျောင်းသော့ကို ယူကာ အစ်ကိုကြီးများကို သော့ဖွင့်ပေးပြီး သူနေထိုင်ရာ ကျောင်းဆောင်သို့ ပြန်ကြွသွားပါသည်။ ညီအစ်ကို သုံးယောက် ကျောင်းထဲသို့ ဝင်ခဲ့ကြသည်။ ကျောင်းမှာ လူမနေသည်မှာ ကြာပြီဖြစ်၍ တံခါးအားလုံး ပိတ်ထားသဖြင့် အနံ့အသက်မကောင်းပါ။ အစ်ကိုကြီး ထွန်းကျော်မှာ လက်နှိပ်ဓာတ်မီးနှင့် စံကျောင်းအပေါ်ထပ်သို့ တက်သွားပါသည်။ ချစ်ဆွေနှင့် ထွန်းဇော်တို့သည် တံမြက်စည်းဟောင်းတစ်ခုနှင့် ကြမ်းပေါ်မှ ဖုန်များကို လှည်းကာ အိပ်ရန် နေရာလုပ်ကြသည်။ အနီးရှိ ဘီရိုပေါ်မှ ဖျာကို ခင်းလိုက်ပြီး အိပ်ရာပြင်ဆင်၍ အစ်ကိုကြီးအခြေအနေကို အကဲခတ်ရန် အသံမကြားအောင် တိတ်တဆိတ် အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

အပေါ်ထပ်သို့ ရောက်ခါနီးလေ ကြက်သီးများ ထလာသဖြင့် တစ်ဦးလက်ကို တစ်ဦးကိုင်ကာ ခြေသံမကြားရအောင် အပေါ်ထပ်သို့ တက်ခဲ့ကြ



သည်။ လပြည့်ညဖြစ်သဖြင့် ပြတင်း ပေါက်များမှ ဝင်လာသော လရောင် ကြောင့် အပေါ်ထပ်တစ်ခုလုံး လင်း ထိန်နေပါသည်။ အပေါ်ထပ်တွင် ကုတင်တစ်လုံးမှလွဲ၍ မည်သည့်ပစ္စည်း မှ မရှိသဖြင့် ရှင်းလင်းနေပါသည် ကုတင်ပေါ်တွင် ဖျာခင်းထားသော် လည်း အစ်ကိုကြီးကို မတွေ့၍ လှ ပတ်ရှာဖွေရသည်။ အစ်ကိုကြီးကို ကြ ကြာမရှာရပါ။ ပြတင်းပေါက်ဘေးတွ ထိုင်၍ လရောင်ဖုန်းထားသော ပတ် ကျင်အလှကို ခံစားရင်း အရက်သော နေကြောင်း တွေ့လိုက်ရသည်။ သူ လွယ်အိတ်ထဲတွင် အိမ်က ယူလာ သော အရက်ပုလင်းကို ဖွင့်၍ သော ရင်း ဇိမ်ယူနေပုံရသည်။ အစ်ကိုကြီး အနှောင့်အယှက်မပေးလိုသဖြင့် ချစ် တို့နှစ်ယောက် အသာအယာပြန်၍ ခဲ့ကြသည်။

•••

အောက်ထပ်သို့ ရောက်သ အခါ ထွန်းဇော်က အိပ်ရာပေါ် လှဲလ သော်လည်း ချစ်ဆွေမှာ အသင် ဆောင်လာသော စိပ်ပုတီးကို ထုတ် ပုတီးစိပ်နေခဲ့သည်။ ပုတီးစိပ်ပြီးသည် မြင်အပ် မမြင်အပ်သော သတ္တဝါများ ရည်စူး၍ မေတ္တာပို့ပါသည်။ ပြုခဲ့သ သော ကုသိုလ်ကောင်းမှုကို ဝမ်းကျ မကျွတ်မလွတ်သေးသည့် ဝဲနေ များကို မေတ္တာပို့လိုက်ရမှ ရင်မှာ သွားပါသည်။

ချစ်ဆွေ မေတ္တာပို့ပြီး အိပ် လှဲလိုက်သည့်အခါ ထွန်းဇော်မှာ ပျော်နေပြီဖြစ်သည်။ ထွန်းဇော်နှင့် ချင်းကပ်၍ ဝင်ရောက်လှဲအိပ်လိုက် သည်။ ထိုအချိန် ကျောင်းခွေး အူသံကြောင့် ရင်တုန်သ ချစ်ဆွေသည် ရုတ်တရက် အိပ်

www.burmeseclassic.com

ဘဲ ရင်ခုန်နေပါသည်။ ရုတ်တရက် ည်သည့်ရုပ်သွင်များ ပေါ်လာလေမည် လဲ မည်သည့်အသံများ ကြားလေမည် လဲဟု တထိတ်ထိတ် နားစွင့်နေမိ သည်။ ထိုစဉ် ကျောင်းဘုံဆောင်မှ သင်းဆွဲများ ရုတ်တရက် ထပျံသွား သောအသံများကို ကြားလိုက်ရ၍ လန့် သွားမိသည်။ အပေါ်ထပ်တွင် အစ်ကို ကြီး ရှိနေသည်ကို တွေးမိမှ စိတ်သက် သာရာ ရစေပါသည်။ လေတိုး၍ တံခါး က ကျွဲခနဲ မြည်သံကပင် တိတ်ဆိတ် သော ညအခါ မိုးခြိမ်းသံအလား ထင်ရ ပါသည်။ ပတ်ဝန်းကျင်က တိတ်ဆိတ် နေစဉ် အပေါ်ထပ်မှ ဒုန်းခနဲ အသံ ကျယ်ကြီး ကြားလိုက်ရသဖြင့် လှဲနေရာ မှ ထထိုင်လိုက်သည်။ တစ်ယောက် တည်း အားငယ်သဖြင့် ထွန်းဇော်ကို သုပ်နှိုးလိုက်သည်။

"ဟေ့ကောင် . . .ထွန်းဇော်၊ ထွန်းဇော်"

"ဘာလဲကွ၊ ဘာဖြစ်လို့လဲ"

ထွန်းဇော်က ရုတ်တရက် အိပ် ရာက နိုးလာပြီး မေးလိုက်သည်။

"အပေါ်ထပ်က အသံကြားလို့ ကွ"

"ဘာသံလဲကွ"

ထွန်းဇော်၏ အသံမှာ တုန်နေပါ သည်။ ဆက်လက်ကြားရမည်လားဟု နားစွင့်နေကြသော်လည်း ရုတ်တရက် မကြားရပါ။ နှစ်ဦးလုံး အိပ်ရာပေါ် ပြန် လှဲနေလိုက်ကြသည်။ မကြာမီ အပေါ် ထပ်မှ အသံကြားရပြန်သည်။

"ဒုန်း. . .ဝုန်း. . .ဒိုင်း. . .ဒိုင်း"

ယခုကြားရသည့်အသံမှာ ယခင် ကြားရသည့်အသံထက် ပိုမိုပြင်းထန် သဖြင့် နှစ်ယောက်လုံး ထထိုင်နေမိ သည်။

"ထွန်းဇော်ရေ. . .အစ်ကိုကြီးကို

"

နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ်
ကြားရသည့်အသံများက
မိုးခြိမ်းသံအလား ပြင်းထန်ပါသည်။
လေးလံသော ပစ္စည်းများကို
ကိုင်ပေါက်နေသည့်နှယ်
ဝုန်းဒိုင်းကြဲနေပါသည်။
ချစ်ဆွေတို့နှစ်ယောက်မှာ
တိုင်ပင်ထားသည့်အလား၊
နှစ်ယောက်သား အိပ်ရာက
လူးလဲထကာ အပေါ်ထပ်သို့
တက်ခဲ့ကြပြန်သည်။
အပေါ်ထပ်သို့ ရောက်သောအခါ
အသံများ ငြိမ်သွားပြန်သည်။

"

တက်ကြည့်ရအောင်"

"ငါ မလိုက်ရဲဘူး၊ မင်းသွားကြည့် လိုက်ပါ"

"အေး၊ ဒါဆို မင်းနေခဲ့နော်"

ချစ်ဆွေက အပေါ်တက်ရန် တံခါး ဆီသို့အသွား ထွန်းဇော် နောက်က ပြေး လာသည်။

"ငါလည်း လိုက်မယ်၊ တစ် ယောက်တည်း မနေရဲဘူး"

ထွန်းဇော် လိုက်လာသဖြင့် နှစ်ဦး သား လေကားအတိုင်း အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ အပေါ်ထပ်သို့ ရောက် သောအခါ အစ်ကိုကြီးကို ယခင် ထိုင် သည့်နေရာတွင် ထိုင်လျက် အရက် သောက်နေသည်ကို တွေ့ရသည်။

"အစ်ကိုကြီး စောစောက အသံ တွေ ကြားလို့ အစ်ကိုကြီးကို လာကြည့် တာ"

"ဘာမှမဟုတ်ပါဘူးကွာ။ ငါ မူး ပြီး ကုတင်ပေါ်က လိမ့်ကျတာပါ"

"ဒါဆိုလည်း ဘာပြုလို့ အရက် ဆက်သောက်နေတာလဲ၊ သန်းခေါင် ကျော်နေပြီ"

"ဒီလက်ကျန်လေး ကုန်ရင် အိပ် တော့မှာပါ။ ဒါ နောက်ဆုံး လက်ကျန် ပဲ"

အစ်ကိုကြီး ဘာမှမဖြစ်၍ စိတ် အေးပြီး ချစ်ဆွေတို့နှစ်ယောက် ကျောင်း အောက်သို့ ပြန်ဆင်းခဲ့ကြသည်။ ယခုမှ စိတ်ချလက်ချ အိပ်ခွင့်ရသည်မို့ အိပ် လိုက်သည်နှင့် ချက်ချင်းအိပ်ပျော်သွား ပါသည်။

◆◆◆

နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ် ကြား ရသည့်အသံများက မိုးခြိမ်းသံအလား ပြင်းထန်ပါသည်။ လေးလံသော ပစ္စည်း များကို ကိုင်ပေါက်နေသည့်နှယ် ဝုန်းဒိုင်း ကြဲနေပါသည်။ ချစ်ဆွေတို့နှစ်ယောက် မှာ တိုင်ပင်ထားသည့်အလား၊ နှစ် ယောက်သား အိပ်ရာက လူးလဲထကာ အပေါ်ထပ်သို့ တက်ခဲ့ကြပြန်သည်။ အပေါ်ထပ်သို့ ရောက်သောအခါ အသံ များ ငြိမ်သွားပြန်သည်။ အစ်ကိုကြီးကို ရှာဖွေရာ ယခင်နေရာတွင် ထိုင်လျက် တွေ့ရသည်။

"အစ်ကိုကြီး. . .ဘာဖြစ်တာလဲ"

"အရေးထဲ အရက်က ကုန်နေ ပြီ။ ငါ ဆက်အိပ်လို့ မရလို့ အရက်ကို ချည်း သောက်နေခဲ့တာ"

"စောစောက အသံတွေကြောင့် အစ်ကိုကြီးကို စိတ်ပူလို့ပါ။ ဘာဖြစ်တာ လဲ အစ်ကိုကြီး"

"ဘာမှမဟုတ်ပါဘူး။ သွားအိပ်ကြ ပါ။ မိုးလင်းမှ ပြောကြတာပေါ့"

"ဒါဆို အစ်ကိုကြီးတစ်ယောက် တည်း နေရဲတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

“နေရဲပါတယ်ကွာ။ ကဲ - သွားကြ၊ နောက်ထပ် ဘာသံကြားကြား မင်းတို့ မလာကြပါနဲ့”

အစ်ကိုကြီးက နှင်လွှတ်သဖြင့် နှစ်ဦးသား ပြန်ဆင်းခဲ့ကြပြန်သည်။ အစ်ကိုကြီးအတွက် အေးရပြီဖြစ်၍ အေးချမ်းစွာ အိပ်လိုက်ကြသည်။

အိပ်ပျော်သည်နှင့် အပေါ်ထပ်မှ ကမ္ဘာပျက်သည့်အလား ပေါက်ကွဲသံများကို အဆက်မပြတ် ကြားလိုက်ရပါသည်။ အစ်ကိုကြီးက နောက်ထပ်တက်မလာရန် ပြောသဖြင့် ငြိမ်နေကြရသည်။

“ဘုန်း…ဒိုင်း…ဒိုင်း…အုန်း”

ပြင်းထန်သောအသံများကို နားကွဲမတတ် ကြားနေရသည်။ အပေါ်ထပ် အဆောက်အအုံကြီးတစ်ခုလုံး ပြိုကျတော့မယောင် ထင်မှတ်ရသည်။

“ဒီတစ်ခါ ပိုပြီးကြမ်းတယ်ကွ။ အစ်ကိုကြီးက မလာရဘူးဆိုတော့ ခက်တာပဲ။ ဘယ်လိုလုပ်မလဲ ချစ်ဆွေ”

ထွန်းဇော်မှာ အစ်ကိုကြီးအတွက် စိတ်ပူပြီး အိပ်မရသဖြင့် မတ်တတ်ရပ်ရင်း ပြောသည်။ အချိန်မှာ မိုးလင်းရန်ပင် သိပ်မလိုတော့သဖြင့် ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေရပေတော့မည်။

မကြာမီ အပေါ်ထပ်မှ လှေကားထစ်များအတိုင်း လေးလံသော အရာဝတ္ထုကြီးတစ်ခု လိမ့်ကျလာသည့်နယ် အသံကြားရသည်။ လိမ့်ကျလာသည့် အရာဝတ္ထုမှာ တစ်ထစ်ချင်း “ဒုန်း…ဒုန်း”ဟု ကျလျက် လှေကားထစ်ကုန်၍ အောက်ဆုံး ကြမ်းပြင်ရောက်မှ ရပ်တော့သည်။

ချစ်ဆွေနှင့် ထွန်းဇော်တို့ နှစ်ယောက်မှာ တိုင်ပင်ထားသည့်အတိုင်း လှေကားရင်းသို့ ပြေး၍ကြည့်လိုက်ရာ မြင်ရသောအရာအတွက် နှစ်ယောက်သား အံ့သြ၍ ကြက်သေ,သေနေမိပါသည်။

ကျလာသည့် အရာဝတ္ထုမှာ အစ်ကိုကြီး ထွန်းကျော်ဖြစ်သည်။ လှေကားထစ်ပေါင်းများစွာမှ တလိမ့်ခေါက်ကွေးကျခဲ့ပုံရသည်။ နာကျင်ဟန်မပြသလို အရက်မူးခြင်းလည်း မရှိ။ အလွန်ကြောက်ရွံ့နေဟန်နှင့် အသားများ တဆတ်ဆတ်တုန်နေသည်ကို တွေ့ရသည်။ ထွန်းဇော်က ဆွဲထူသည်ကိုပင် အကိုင်မခံ။ အလွန်တုန်လှုပ် အော်ဟစ်နေပါသည်။

“မကိုင်နဲ့၊ ငါ့အသားကို မကိုင်နဲ့။ နောက်ဆုတ်၊ နောက်ဆုတ်ပါ”

“အစ်ကိုကြီး သတိထားပါ။ ကျွန်တော်တို့ပါ”

“ဘာကျွန်တော်တို့လဲ။ မကောင်းဆိုးဝါးတွေ၊ သွား…သွား”



“အစ်ကိုကြီး သတိထားပါ ကျွန်တော် ချစ်ဆွေပါ။ သူက ထွန်းဇေ လေ”

ထွန်းကျော်မှာ ယခုမှ မှတ်မိပုံပေ သည်။ ချစ်ဆွေကို အတင်းဖက်ထား သည်။

“သွားမယ်၊ သွားကြမယ်၊ ဒီနေရ က လွတ်အောင် အမြန်သွားကြမယ်”

“ဘယ်ကို သွားမှာလဲ အစ်ကို ကြီးရဲ့ မိုးလင်းမှ သွားကြတာပေါ့”

“မိုးလင်းအောင် မစောင့်နိုင်ဘူ ချက်ချင်းသွားမယ်”

အစ်ကိုကြီးကို ထိန်းမရသဖြ အတင်းဆွဲထားရသည်။ အစ်ကိုကြီးက တံခါးကို ဆွဲဖွင့်လိုက်သည်နှင့် တံခါး တွင် ဦးပဥ္ဇင်းလေးနှင့် ကိုရင်နှစ်ပါး ကျောင်းသားသုံးယောက်ကို တွေ့လိုက် ရသည်။

“ဘာတွေ ဖြစ်ကြတာလဲ၊ ဆူညံ နေတာပဲ”

ဦးပဥ္ဇင်းလေးကို ဘယ်က စ၍ ဘယ်လိုပြောရမည်ပင် မသိတော့ မည်သူမှ မဖြေနိုင်သဖြင့် ဦးပဥ္ဇင်းလေး က ထပ်၍မေးပြန်သည်။

“စံကျောင်းပေါ်မှာ ဆူဆူညံညံ အသံတွေ ကြားရလို့ ဆရာတော်ကြီး အိပ်ရာက နိုးပြီး မေးနေတယ်။ ဦးပဥ္ဇင်း ကိုလည်း ဧည့်သည်တွေကို စံကျောင်း မှာ လက်ခလို့ ကြိမ်းနေတယ်။ အားလုံး လိုက်ခဲ့ကြ။ ဆရာတော်ကြီးရှေ့ရောက် မှ အဖြစ်မှန်အတိုင်း လျှောက်တင်ကြ ဆွမ်းစားကျောင်းမှာ ဆရာတော်ကြီး စောင့်နေတယ်”

•••

ဦးပဥ္ဇင်းလေး ခေါ်ဆောင်သည့် နောက်သို့ အားလုံးလိုက်ခဲ့ကြသည် ဆွမ်းစားကျောင်းသို့ ရောက်သည်နှင့် ဆရာတော်ကြီးကို တွေ့ရ၍ အားလုံး


www.burmeseclassic.com

www.burmeseclassic.com

၍ ကန်တော့လိုက်ကြသည်။

"ကဲ - မောင်ရင်တို့ ဘာတွေ ခဲ့တယ်ဆိုတာ ပြောပါဦး"

ဆရာတော်ကြီးက လေသံအေး ပြောသော်လည်း မည်သူမျှ ပြန် ဖြေဝံ့ကြပါ။ အားလုံး ခေါင်းငုံ့နေကြ သည်။ ဦးပဉ္စင်းလေးက ဝင်ရောက် လျှောက်ထားပါသည်။

"ဒါ တပည့်တော်ရဲ့ အစ်ကိုတွေ ဘုရား။ ညက ကျောင်းကို မိုးချုပ်မှ ရောက်လာပြီး စံကျောင်းမှာ အေးအေး ချမ်းချမ်းနားချင်တယ်ဆိုလို့ တပည့် တော် ခွင့်ပြုလိုက်မိပါတယ်"

"အိပ်ခွင့်ပြုတာက ကိစ္စမရှိပါဘူး။ ဒါလောက် ဆူဆူညံညံဖြစ်ရတာတော့ ဘယ်ကောင်းမလဲ။ မောင်ရင်တို့အထဲ အရက်သောက်တဲ့လူ ပါသလား"

ဆရာတော်ကြီး၏ လေသံမှာ သသံမပါပါ။ အစ်ကိုကြီးမှာ အသက် ကြီးဆုံးလည်းဖြစ်၊ အပြစ်ရှိသူလည်း ၍ သူက. လျှောက်ထားလိုက်ပါ သည်။

"မှန်လှပါ။ တပည့်တော် လျှောက် ပါ့မယ် ဘုရား။ အခုအဖြစ်အပျက် အားလုံးဟာ တပည့်တော်ရဲ့ အမှားတွေ ဦးပဉ္စင်းလေး ခွင့်မပြုခဲ့တဲ့ စံကျောင်း အိပ်ခွင့်တောင်းခဲ့ပါတယ်။ ကျောင်း ပေါ်ကို တက်ခွင့်မပြုတာကို တက်ခဲ့ ပါတယ်။ အဆိုးဆုံးက ညက အိပ် ပျော်တော့ အရက်သောက်မိပါတယ် ဘုရား။ ဦးပဉ္စင်းက ကုတင်ပေါ် တက် အိပ်ဖို့ အတန်တန်မှာပေမယ့် ကုတင် ပေါ် တက်ပြီး အိပ်မိပါတယ် ဘုရား"

"ကုတင်ပေါ် တက်အိပ်တော့ ဘာဖြစ်သလဲ ဆက်ပြောပါဦး"

"အိပ်ပျော်သွားတော့ တစ်စုံ တစ်ယောက်က တပည့်တော်ကို ကုတင်ပေါ်က ဆွဲချပါတယ်။ အကောင် အထည်မမြင်ရဘဲ ဆွဲချတာ ခံလိုက်ရ တော့ ဒေါသထွက်ပြီး ကုတင်ပေါ် ပြန် တက်အိပ်တယ်။ အဲဒီအခါမှာလည်း ဆွဲချပြန်တယ်။ ဒါလောက်ရိုတာ နောက် တစ်ကြိမ်ဆွဲချရင် ပြန်ထိုးမယ်လို့ သတ္တိ မွေးပြီး ပါလာတဲ့ အရက်ပုလင်းကို ထုတ်ပြီး သောက်ခဲ့မိပါတယ်။ အဲဒီ နောက် ကုတင်ပေါ် ပြန်တက်ပြီး အိပ် လိုက်ပြန်တယ်။ အဲဒီအကြိမ်ကတော့ အဆိုးဝါးဆုံးအကြိမ်ပါပဲ။ ကုတင်ပေါ်က အတင်းဆွဲချရုံသာမက၊ လှေကားထိ ခြေထောက်နှစ်ချောင်းကို ကိုင်ပြီး ဆွဲ တာ။ ဘယ်လိုမှ ရုန်းလို့ကန်လို့မရဘဲ တရွတ်တိုက်ပါသွားပါတယ်။ အကောင် အထည်မမြင်ရပေမယ့် အလွန်အားသန် သန်နဲ့ ဆွဲတော့ ပါသွားတာပေါ့။ ဘယ် လိုမှ ရုန်းလို့ကန်လို့ မရဘူး။ လှေကား ဆီရောက်တော့ လှေကားထိပ်ကနေ တွန်းချလိုက်ပါတယ်။ ဒီတစ်ခါတော့ အသက်သေပြီထင်ပြီး ကြောက်ကြောက် နဲ့ အသံကုန် အော်မိပါတယ် ဘုရား။ ကျောင်းအောက်ရောက်တော့ ဒီနေရာ မှာ တစ်စက္ကန့်တောင် နေလိုခြင်းမရှိဘဲ အမြန်ဆုံး ထွက်ပြေးဖို့ ကြိုးစားခဲ့ပါ တယ် ဘုရား"

ဆရာတော်သည် ထွန်းကျော်၏ စကားကို စိတ်ဝင်စားစွာ နားထောင်ပြီး ချစ်ဆွေဘက်သို့ လှည့်၍ မေးလိုက် သည်။

"ကဲ - မောင်ရင်တို့နှစ်ယောက် ရဲ့ အတွေ့အကြုံကို ပြောပြပါဦး"

"တပည့်တော်တို့နှစ်ယောက်က ကြောက်တတ်တော့ အောက်ထပ်မှာ အိပ်ပါတယ် ဘုရား။ မအိပ်ခင် ဘုရား ရှိခိုး၊ ပရိတ်ရွတ်၊ ဂုဏ်တော်ပုတီးစိပ်၊ အမျှဝေပြီးမှ အိပ်ပါတယ်။ အပေါ်ထပ် က အသံတွေက ပြင်းထန်နေတော့ အိပ်လို့ မရပါဘူး ဘုရား"

"ဟုတ်ပါပြီ။ ဒါလောက်ပြောရင် ဘုန်းကြီး သဘောပေါက်ပြီ။ တကယ် တော့ စံကျောင်းမှာ အိပ်လို့ရတယ်။ ဒါပေမယ့် ကုတင်ပေါ် တက်ခွင့်မပြုဘူး။ အရက်သောက်ခွင့်မရှိဘူး။ အခုတော့ ကုတင်ပေါ်မှာလည်း အိပ်တယ်၊ အရက် လည်း သောက်တယ်ဆိုတော့ စိတ်ဆိုး လို့ ဒီလိုလုပ်တာဖြစ်မယ်။ မောင်ရင်တို့ သိအောင် ပြောရရင် ပျံလွန်တော်မူ သွားတဲ့ ဆရာတော်ကြီးဟာ အစွဲ အလမ်းတစ်ခုကြောင့် အခိုက်အတန့် မကျွတ်လွတ်ဘဲ ရှိနေတယ်။ အချိန်ကျ ရင် သွားမှာမို့ သူ့ကို နေခွင့်ပြုထားရ တယ်။ မကြာခင် သူ့ကိစ္စပြီးတော့မှာ ပါ။ ဘယ်သူ့ကိုမှ မခြောက်လှန့်ပါဘူး။ စောစောက ပြောသလို သူ့ကုတင်ပေါ် တက်ရင်၊ အရက်သောက်ရင်တော့ သည်းမခံဘူး။ အဲဒီလိုလူမျိုးကို လုံးဝ လက်မခံဘူး။ အခုတော့ မောင်ရင်က သူ့စိတ်ကို သွားဆွပြီး သူ့ကို စိန်ခေါ် လိုက်သလိုဖြစ်သွားတာကိုး။ ကဲ-ကဲ- နောင်ကို သတိထားကြပေါ့ကွယ်"

ဆရာတော်ကြီး၏ စကားအဆုံး မှာ ညီအစ်ကိုသုံးယောက် သက်ပြင်း ကိုယ်စီချနိုင်ပါတော့သည်။ ဘုန်းကြီး တစ္ဆေကို စိန်ခေါ်မိသူ ထွန်းကျော်မှာ အလွန်တုန်လှုပ်ပြီး ကြောက်လန့်နေပါ တော့သည်။■

* * *

ကောင်းသော်

(ငယ်သူငယ်ချင်း ချစ်ဆွေကိုယ်တိုင် တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကို သူပြော ပြသည့်အတိုင်း ရေးသားတင်ပြခြင်းဖြစ်ပါ သည်။)



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ပေဒင် (က) ပြောသော
## တိရစ္ဆာန်နက္ခတ်များအကြောင်း

မကွေး . ညမြင့်

လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက တရုတ်တို့သည် ခုနှစ်သက္ကရာဇ်များကို တိရစ္ဆာန် ၁၂ကောင်တို့၏ အမည်များဖြင့် သတ်မှတ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ထိုတိရစ္ဆာန် ၁၂ကောင်မှာ ဝက်၊ ကြွက်၊ ကျွဲ၊ ကျား၊ ယုန်၊ နဂါး၊ မြွေ၊ မြင်း၊ ဆိတ်၊ မျောက်၊ ကြက်ဖနှင့် ခွေးတို့ဖြစ်



www.burmeseclassic.com

ကြောင်း သိရသည်။

ဝက်နက္ခတ်ယှဉ်သူများသည် ၁၈၈၇၊ ၁၈၉၉၊ ၁၉၁၁၊ ၁၉၂၃၊ ၁၉၃၅၊ ၁၉၄၇၊ ၁၉၇၁၊ ၁၉၈၃ခုနှစ်များတွင် မွေးဖွားသူများ ဖြစ်ကြ၏။

ထိုသူတို့မှာ သန့်စွမ်းရဲရင့်၍ ဉာဏ်ထက်မြက်ခြင်း မရှိစေကာမူ အလုပ်ကြိုးကြိုးစားစားလုပ်တတ်ပြီး ဗဟုသုတ ရှာမှီးရန် စိတ်ဝင်စားတတ်ကြသည်။ စိတ်ဓာတ်သိမ်မွေ့၍ ရှက်တတ်ကြသည်။ ယဉ်ကျေး၍ စိတ်ကောင်းရှိမည်။ သစ္စာရှိ၍ အလွန်အားကိုးရသော မိတ်ဆွေများဖြစ်သည်။ အငြင်းအခုံ မလိုလား။ ရိုးသား၍ စီးပွားရေးတွင် သူပြိုင် ငါပြိုင် လုပ်လိုကြပေ။ ငွေကို မက်မေ[illegible]မာမရှိလှ။ သူတစ်ပါး၏ အလိမ်အညာခံရမည်။ တစ်ခုခုကို စွဲစွဲမြဲမြဲလုပ်တတ်သူများ ဖြစ်၍ တယုသန်ဖြစ်မည်။ တစ်ခါတစ်ရံ ပျင်းရိလေးတွဲမည်။ အမျိုးသားဖြစ်လျှင် ဝမည်။

ဝက်နက္ခတ်အမျိုးသမီးများသည် သစ္စာရှိသော မယား များဖြစ်၍ သားသမီးများကို ချစ်ခင်တွယ်တာသည့် မိခင် ကောင်းများဖြစ်ကြမည်ဟု ဆို၏။

အမျိုးသားဖြစ်လျှင် မိမိသားမယားကို စွဲစွဲလမ်းလမ်း သစ္စာရှိစွာ ချစ်မည်။ ကြင်နာသနားတတ်သူလည်း ဖြစ်မည်။ ဝက်နက္ခတ်ပါသူများသည် အိမ်ထောင်ဖက်အဖြစ်ဖြင့် ယုန်၊ ဆိတ်၊ ကျား၊ မြင်း၊ နက္ခတ်ပါသူများအား ရွေးသင့်၏။ မြွေ နက္ခတ်ပါသူများကို ရှောင်ဟု ဆို၏။ ဝက်နက္ခတ်ရှိ၍ ထင်ရှား သူများမှာ နီဝယ်ကားဝပ်၊ ဂျူအယ်လင်တန်၊ အင်္ဂမမြောက် ဟင်နရီဘုရင်၊ ဘစ်စမတ်၊ အော်လီဗာကရွမ်းဝဲလ်၊ ဒေါက်တာ ရှိုက်ဇာ၊ ဟင်နရီဖို့ဒ်နှင့် ရော့ကာဖဲလားတို့ ဖြစ်ကြသည်။

◆◆◆

ကြွက်နက္ခတ်ဖြင့် ယှဉ်သူများသည် ၁၈၈၈၊ ၁၉၀၀၊ ၁၉၁၂၊ ၁၉၂၄၊ ၁၉၃၆၊ ၁၉၄၈၊ ၁၉၆၀၊ ၁၉၇၂ နှစ်များတွင် မွေးဖွားသူများ ဖြစ်ကြ၏။

ထိုသူများသည် လောဘကြီး၍ သူတစ်ပါးကို လိုးရန် ဝန်မလေးကြသူများဖြစ်သည်။ ညအချိန် ဖွားသော နက္ခတ်ပါသူ များသည် နေ့တွင် မွေးသူထက်ပို၍ စွန့်စွန့်စားစားလုပ်လိုသူ များဖြစ်ကြအံ့။ နေ့စဉ်ရက်ဆက် အချိန်မှန်လုပ်ရသော အလုပ် ကို မုန်းတီးသူများဖြစ်၏။ မိမိအလိုကို မည်သည့်နည်းဖြင့်မဆို ရအောင် ကြံစည်သူဖြစ်မည်။ စီးပွားရေးတွင် သူတစ်ပါးကို လိမ့်ရန် လိုးရန် ဝန်မလေးသူတို့သည် ရန်လိုတတ်မည်။ အတင်းအဖျင်းပြောမည်။ သဘောထားသေးမည်။ သူတို့၏ ကောင်းသော အင်္ဂါရပ်များမှာ ချစ်စဖွယ်ရှိခြင်း၊ အလုပ်ကြိုး စားခြင်း၊ ချွေတာခြင်းတို့ ဖြစ်၏။

ထိုသူများသည် ပညာရှင် ပါရဂူများမဟုတ်သော်လည်း ဖန်တီးဉာဏ်ရှိသူများဖြစ်ရာ စာရေးဆရာများ၊ ဝေဖန်သူများ ဖြစ်မည်။ အစုအဝေးဖြင့် ပူးပေါင်းဆောင်ရွက်တတ်သူများ မဟုတ်။ တစ်ကိုယ်တော်သမားများဖြစ်၏။ အချစ်နှင့် ပတ်သက်၍ အမြူကောင်းမည်။ အစွဲသန်၍ စိတ်လှုပ်ရှား တတ်မည်။ လက်ဆောင်ပဏ္ဏာများ အပေးရက်ရောတတ်ကြ သည်။

ကြွက်နက္ခတ်ဖြင့် ယှဉ်သော အမျိုးသမီးများသည် အိမ်ထောင်ကျသည့်တိုင် အသက်မွေးဝမ်းကျောင်းအလုပ်တွင် အောင်မြင်စွာ လုပ်နိုင်စွမ်းရှိသည်။ သို့ရာတွင် ပူပင်တတ်၍ နမြောစု စုတတ်ကြသည်။ ကြွက်နက္ခတ်ပါသူများသည် အိမ် ထောင်ဖက်အဖြစ် နဂါး၊ ကျွဲ၊ မျောက်အုပ်စုဝင်များကို ရွေးချယ် သင့်ပြီး မြင်းနက္ခတ်ဖြင့် ယှဉ်သူများကို မပေါင်းသင်းအပ်။

ကြွက်အုပ်စုဝင် ထင်ရှားသော ပုဂ္ဂိုလ်များမှာ ရှိတ်စပီး ယား၊ တော်စတွိုင်း၊ ဂျူးဗန်း၊ ရှားလော့ဘရွန်တေး၊ မာလွန် ဘရန်ဒို၊ မာတာယာရီ၊ နစ်ကာဆင်တို့ဖြစ်ကြသည်။

◆◆◆

ကျွဲနက္ခတ်ဖြင့် ယှဉ်သူများသည် ၁၈၈၉၊ ၁၉၀၁၊ ၁၉၁၃၊ ၁၉၂၅၊ ၁၉၃၇၊ ၁၉၄၉၊ ၁၉၆၁၊ ၁၉၇၃ခုနှစ်များတွင် မွေးဖွားသူများဖြစ်ကြသည်။

ထိုသူများသည် ကာယဗလ ကြီးထွားသန်မာသူများ ဖြစ်ကြသည်။ အလုပ်လုပ်ရာတွင် ကြိုးစားပမ်းစားရှိ၍ တည်ငြိမ် သည်းခံသူများဖြစ်ကြသည်။ စကားပြောကောင်းမည်။ အားကိုး လောက်သော ခေါင်းဆောင်များ စီမံခန့်ခွဲသူများဖြစ်ကြသည်။ အလုပ်ကြိုးစားသူများဖြစ်သဖြင့် လုပ်ငန်းအောင်မြင်တတ်ကြ သူများဖြစ်မည်။ အလုပ်လုပ်ရာတွင် နှေးကွေး၍ ခေါင်းမာသူ များဖြစ်ကြသည်။ တစ်ခါတစ်ရံ မလိုစိတ်၊ ကလဲ့စားချေလို စိတ်ရှိအံ့။ ချစ်စဖွယ်အမူအရာမရှိ။ အချစ်ရေး လိုက်ဇလိုက် လှဲလှဲမရှိ။ စိတ်ဆိုးလာလျှင် မလုပ်သင့်သည်များကို နိုင်းနိုင်း ဆဆ မလုပ်တတ်ကြဟု ဆို၏။

ကျွဲအုပ်စုဝင် ပုဂ္ဂိုလ်များသည် အိမ်ထောင်အကြီးအကဲ ဖြစ်ပါက မယားနှင့် သားသမီးများကို ချစ်တတ်သော်လည်း တစ်သွေး တစ်သံ တစ်မိန့်ကျင့်တတ်၏။ အိမ်ရှင်မသည် စိတ်ဓာတ်ကြံ့ခိုင်မည်။ အိမ်သူအိမ်သားများ မပူပင်ရအောင် စီမံတတ်မည်။ သို့သော် တီတီတာတာပြောဆိုမည်မဟုတ်။ စီးပွားရေးတွင် ကြွက်အုပ်စုဝင်များနှင့် အလုပ်လုပ်ပါက အောင်မြင်အံ့။ ကျားနှင့် နဂါးနက္ခတ်ယှဉ်သူများ မပေါင်းအပ်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ဖက်အဖြစ် ကြွက်၊ ကြက်ဖနှင့် မြွေအုပ်စုဝင်များကို ရွေးသော် သင့်၏။ မြင်းနှင့် ဆိတ်အုပ်စုဝင်များကို ကြပ်ကြပ်ရှောင်လော့။

ကျွဲနက္ခတ်တွင် နပိုလီယံ၊ ဟစ်တလာ၊ ချာလီချက်ပလင်၊ ဗီဗီယံလေး၊ ရစ်ချတ်ဘာတန်၊ ပီတာဆလားနှင့် ဂျိမ်းဖွန်ဒါတို့ ဖြစ်ကြ၏။

♦♦♦

**ကျားနက္ခတ်ဖြင့်** ယှဉ်သူများသည် ၁၀၉၀၊ ၁၉၀၂၊ ၁၉၁၄၊ ၁၉၂၆၊ ၁၉၃၈၊ ၁၉၅၀၊ ၁၉၆၂၊ ၁၉၇၄ ခုနှစ်များတွင် မွေးဖွားကြ၏။

ထိုသူများသည် အထင်ကြီးသူများ ဖြစ်ကြအံ့။ အုပ်ချုပ်စိုးမိုးသူကို တော်လှန်သူများ ဖြစ်ကြအံ့။ စိတ်လွတ်ကိုယ်လွတ်လုပ်တတ်မည်။ ကျားအုပ်စုဝင် အမျိုးသမီးများသည် သူတစ်ပါးကို ခွဲခေတင်နိုင်စွမ်းရှိပြီး ဥစ္စာပစ္စည်း မမက်မောဘဲ ခေါင်းမာမည်။ လုပ်ရိုးလုပ်စဉ် ထုံးစံများကို တော်လှန်တတ်မည်။ အချစ်တစ်ရာ ဆင်နွှဲ၍ မျက်ရည်တစ်ရာဖြင့် အဆုံးသတ်အံ့။

ကျားနက္ခတ်ယှဉ်၍ မွေးဖွားသော အမျိုးသားများသည် လှိုက်လှိုက်လှဲလှဲ ချစ်တတ်၏။ ထိုနည်းတူသူကိုလည်း သစ္စာရှိရှိ ပြန်ချစ်စေချင်သည်။ စီးပွားရေးတွင် တစ်ကိုယ်တော်သမားဖြစ်၍ တစ်ပါးသူ ဩဇာကို နာခံလိုစိတ်မရှိ။ ငွေများများရှာတတ်၍ ငွေများများ သုံးဖြုန်းတတ်မည်။ စစ်တက်၌ ဖြစ်စေ၊ လူသူမပေါက်ရောက်သော နေရာများကို သွားရောက်လေ့လာရေးတွင် ဖြစ်စေ အောင်မြင်နိုင်၏။

သူနှင့် နေ့ဘက်-နံဘက်သင့်သူများမှာ မြင်း၊ ခွေး၊ နဂါးနက္ခတ်ပါသူများ ဖြစ်၏။ ရှောင်ရန်မှာ မျောက်၊ ကျွဲ၊ မြွေအုပ်စုဝင်များ ဖြစ်၏။ ကျားနက္ခတ်ရှိသူများမှာ ဗီထရိုဘင်၊ ဟိုချီမင်း၊ အဲလီဇဘတ်ဘုရင်မ၊ မာကိုပိုလို၊ မယ်ရီလင်မွန်ရိုး၊ ကားလ်မတ်စ်နှင့် ပြင်သစ်သမ္မတပောင်း ဒီဂေါတို့ ဖြစ်ကြ၏။

♦♦♦

**ယုန်နက္ခတ်နှင့်** ယှဉ်သူများသည် ၁၇၉၁၊ ၁၉၀၃၊ ၁၉၁၅၊ ၁၉၂၇၊ ၁၉၃၉၊ ၁၉၅၁၊ ၁၉၆၃၊ ၁၉၇၅ ခုနှစ်များတွင် ဖွားမြင်ကြသည်။

ထိုသူများသည် ကံကောင်းမည်။ စိတ်ကောင်းရှိအံ့။ ပျော်ရွှင်ခြင်း၊ ချစ်ခင်တတ်ခြင်း၊ ကြင်နာတတ်ခြင်း ရှိကြမည်။ အခြားသူများကို ကူညီတတ်၍ ကြီးကြီးကျယ်ကျယ်ဖြစ်လိုစိတ်ရှိပြီး အကင်းပါးတတ်ကြ၏။

ယုန်နက္ခတ်ပါသူ အမျိုးသားသည် အမျိုးသမီးများကို ခွဲခေတင်နိုင်စွမ်းရှိ၍ အများနှင့် ရောနှောပေါင်းသင်းတတ်သည်။ မိတ်ဆွေဖွဲ့ရာတွင်လည်း လိမ္မာ၍ ရာသက်ပန် မိတ်ဆွေများ ရရှိတတ်သည်။ ထိုသို့သော အိမ်ထောင်ဦးစီးတို့သည် မိမိတို့ သားမယားများကို ဂရုတစိုက်ထား၍ အေးအေးဆေးဆေး နေလိုစိတ်ရှိကြ၏။ သူတို့၏ အားနည်းချက်မှာ လောင်းကစား တတ်ခြင်းဖြစ်၏။

ယုန်အုပ်စုဝင် အမျိုးသမီးသည် ကောင်းသော အိမ်ရှင် ဖြစ်တတ်သော်လည်း ပလွှားဝင့်ကြွားတတ်၍ ထစ်ခနဲရှိ ငိ တတ်၏။ အိမ်ထောင်ရေးတွင် ယုန်နက္ခတ်ပါသူသည် ဆိတ်၊ ဝက်၊ ခွေး နက္ခတ်ပါသူတို့နှင့် သဟဇာတဖြစ်သည်။ ကြက် နက္ခတ်ပါသူတို့နှင့် လုံးဝမတည့်။ စီးပွားရေးတွင် အောင်မြင် တတ်၍ နိုင်ငံရေး၊ သံတမန်ရေးတို့တွင် အောင်မြင်နိုင်၏။

ယုန်အုပ်စုတွင် ပါဝင်သူများမှာ ဗိတိုရိယ ဘုရင်မ၊ စတာလင်၊ ကက်စထရို၊ ကွန်ဖြူးရှပ်၊ အီဗာဗီရွန်၊ ဟာ အင်တွိုင်းနက်နှင့် အိုင်းစတိုင်းတို့ ဖြစ်ကြ၏။

♦♦♦

**နဂါးနက္ခတ်**ယှဉ်သူများသည် ၁၇၉၂၊ ၁၉၀၄၊ ၁၉၁ ၁၉၂၈၊ ၁၉၄၀၊ ၁၉၅၂၊ ၁၉၆၄၊ ၁၉၆၇ ခုနှစ်များတွင် ဖွား မြင်ကြသူများ ဖြစ်၏။

ထိုသူတို့သည် ဉာဏ်ထက်မြက်၍ လုပ်ရည်ကိုင်ရည် သောကြောင့် ခေါင်းဆောင်များဖြစ်အံ့။ ကျန်းမာရေးကောင်း ရဲရင့်တက်ကြွအံ့။ ပညာရှင် (သို့မဟုတ်) အနုပညာရှင်ဖြ တတ်ပြီး ပါးရည်နပ်ရည်ရှိမည်။ စိတ်တိုခြင်း၊ ကိုယ့်ဖို့သာ ကြည့်ခြင်း၊ ခေါင်းမာခြင်းများလည်း ဖြစ်တတ်၏။ အဝတ်အစ ကို ကောင်းမွန်သပ်ရပ်စွာ ဝတ်မည်။ အချစ်နှင့် ပတ်သက် စိတ်ကူးယဉ်တတ်မည်။ ပြောင်ပြောတတ်သဖြင့် ရေရှည် မိတ်ဆွေသင်္ဂဟမရှိတတ်။ အိမ်၌ အာဏာရှင်တမျှ အမိန့်ပေး လျှင် အားလုံးက လိုက်နာစေချင်၏။

နဂါးနက္ခတ်ပါသော အမျိုးသမီးများသည် ထကြွလုံ့ ရှိ၏။ စိတ်ကူးယဉ်တတ်၏။ ကလက်တတ်၏။ အိမ်ကို သပ် စွာ ထားချင်သော်လည်း အိမ်မှုကိစ္စများ လုပ်ရန် ပျင်း ဝတ်ဆင်ရာတွင် တောက်ပြောင်သော်လည်း အချစ်ရေးတွ အခြားသူများထက်ပို၍ သည်းသောကြောင့် ချစ်ကြိုက်သူမျ ၏။ သစ္စာမဲ့တတ်၏။ လုပ်ငန်းတွင်ဖြစ်စေ၊ စီးပွားရေးတွင် ဖြစ်စေ အောင်မြင်တတ်၏။ စီးပွားရေးတွင် ကျား၊ မျောက် ဝက်အုပ်စုဝင်များနှင့် ဆက်ဆံလျှင် အကျိုးဖြစ်ထွန်းအံ့။ ထောင်ဖက်အဖြစ် ကြွက်၊ မြွေ၊ မျောက်၊ ကြက်ဖ များကို ရွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

နဂါးနက္ခတ်ယှဉ်၍ မွေးဖွားသူများမှာ အီဘာရဟင်လင်ကွန်း၊ ဆစ်ဂမန်ဖရွိုက်၊ ဘားနတ်ရှော၊ လွှစ္စဘာ့ရို၊ ဒါလီ၊ ချေ့ဗွေဗားရား၊ ဂျိမ်းဂက်ဂန်၊ ဆာ့ရာသန်းဟက်တို့ ဖြစ်၏။

•••

မြွေနက္ခတ်ယှဉ်သူများသည်။ ၁၈၉၃၊ ၁၉၀၅၊ ၁၉၁၇၊ ၁၉၂၉၊ ၁၉၄၁၊ ၁၉၅၃၊ ၁၉၆၅၊ ၁၉၇၇ ခုနှစ်ဖွားများ ဖြစ်ကြ၏။

ထိုသူများသည် ပညာရှိအံ့။ အရာရာတွင် နက်ရှိုင်းစွာ တွေးခေါ်တတ်အံ့။ ခေါင်းမာတတ်ပြီး အတ္တစွဲရှိတတ်၏။ မိမိအား ဆန့်ကျင်သူကို အလိမ္မာသုံး၍ ကလဲ့စားချေတတ်၏။

မြွေနက္ခတ်ပါသော အမျိုးသမီးများသည် အလွန်လှပ၍ နှစ်နှစ်ကာကာချစ်သူများ ဖြစ်တတ်၏။ သူတို့သည် လက်မှု၍ မီးဖိုချောင်လုပ်ငန်းနှင့် အိမ်မှုကိစ္စများကို မလုပ်လိုကြ။ သို့သော် မိခင်ကောင်းများ ဖြစ်၏။

မြွေအုပ်စုဝင် အမျိုးသားများသည် ချောမော၍ တစ်ပါးသူအား ဆွဲဆောင်နိုင်စွမ်းအားရှိ၏။ ပရိယာယ်ပါရဂူဖြစ်၍ ငွေများကို ပိုင်စိုးပိုင်နင်းရှိ၏။ အချစ်ရေးတွင် စွဲစွဲမြဲမြဲမရှိလှ။ လုပ်ငန်းတွင် အောင်မြင်မည်။ ဗွဲ့နပဲရှိပြီး စေ့စပ်သေချာ၏။ ဂီတသမား၊ စာပေသမား၊ အခေါ်အဝေါ်သမား ဖြစ်နိုင်၏။ စီးပွားရေးတွင် မြင်း (သို့မဟုတ်) နဂါးအုပ်စုနှင့် ပူးပေါင်းလုပ်ကိုင်သင့်၏။ အိမ်ထောင်ရေးတွင် ကျွဲ၊ ကြက်ဖ၊ နဂါးအုပ်စုဝင်များနှင့် အသင့်မြတ်ဆုံးဖြစ်၏။ ကျား၊ ဝက်၊ မျောက်အုပ်စုဝင်များကို ရှောင်လော့။

မြွေနက္ခတ်ရှိသူများမှာ မော်စီတုန်၊ ဂန္ဒီ၊ ဒါဝင်၊ ပီကာဆို၊ ဂျိုးဇက်ကွန်ရက်၊ ဂျက်ကလင်းကနေဒီ၊ ဂရေ့ကယ်လီ၊ အော်ဒရီဟက်ဗန်းတို့ ဖြစ်ကြ၏။

•••

မြင်းနက္ခတ်ယှဉ်သူများသည် ၁၈၉၄၊ ၁၉၀၆၊ ၁၉၁၈၊ ၁၉၃၀၊ ၁၉၄၂၊ ၁၉၅၄၊ ၁၉၆၆၊ ၁၉၇၈ ခုနှစ်များတွင် ဖွားမြင်ကြ၏။

ထိုသူများမှာ ပညာရှိအံ့။ မိမိကိုယ် မိမိယုံကြည်ခြင်း၊ စကားပြော ကောင်းခြင်း စသော အင်္ဂါရပ်များဖြင့် ပြည့်စုံအံ့။ အနုညာဏ်ရှိခြင်း၊ မာနကြီးခြင်း၊ ငွေကြေးရှာဖွေတတ်ခြင်း၊ စကားများလွန်းခြင်း၊ ဟန်ထုတ်လွန်းခြင်း၊ အရိပ်သုံးပါး နားမလည်ခြင်းတို့ ရှိတတ်၏။ မြင်းနက္ခတ်သည် အမျိုးသားများအတွက် ကောင်း၍ အမျိုးသမီးများအတွက် မကောင်းဟု ဂျပန်လူမျိုးများ အယူအဆရှိကြ၏။

အမျိုးသားများသည် မိတ်ဆွေအပေါင်းအသင်းများနှင့် အကျွမ်းတဝင်ရှိတတ်ကြ၏။ ကျကျနန ဝတ်စားတတ်ကြသည်။ အကြံဉာဏ်ယူသည်ထက် အကြံဉာဏ်ပေးတတ်ကြ၏။ အိမ်ထောင်ဦးစီးအနေဖြင့် ပိုင်စိုးပိုင်နင်းသဘော တစ်ကိုယ်ကောင်းကြံသည့်သဘောရှိတတ်၏။

မြင်းအုပ်စုဝင် အမျိုးသမီးများသည် ရိုးထုတ်သူများဟု နာမည်ကြီးပြီး အလုအယက်ကြိုက်တတ်၏။ စိတ်ကူးယဉ်သမားများလည်း ဖြစ်၏။ အတင်းအဖျင်းပြောခြင်း၊ အငြင်းသန်ခြင်း၊ ခေါင်းမာခြင်း စသည့်နည်းများ ရှိတတ်၏။ အချစ်ရေးတွင် စာပေသမားများဖြစ်ကြပြီး အခြားသူများ၏ အပျော်ကြံခြင်း ခံရတတ်၏။ စီးပွားရေးတွင် ခွေးနက္ခတ်ရှိသူနှင့် အလုပ်လုပ်လျှင် အောင်မြင်မည်။ နိုင်ငံရေး၊ ရုပ်ရှင်၊ ပြဇာတ် စသည့် အနုပညာလောက၌ အထူးအောင်မြင်နိုင်သည်။

မြင်းနက္ခတ်သည် ကျား၊ ဆိတ်၊ ခွေးနက္ခတ်များနှင့် သင့်မြတ်၏။ ကျွဲ၊ ယုန်နက္ခတ်များနှင့် ဗီလာကြ၏။ ကြွက်နက္ခတ်နှင့်ကား မဖွာ-သောက။ မြင်းနက္ခတ်ရှိ၍ ထင်ရှားသူများမှာ ဂရီဘာကာတို့၊ ကရူရှက်၊ ရင်းဖရန့်၊ ရုစဗဲ့၊ ပတ်စချာ၊ အိုင်ဇက်နတန်၊ ဆိုဇင်နစ်ဇင်တို့ ဖြစ်ကြ၏။

•••

ဆိတ်နက္ခတ်ယှဉ်သူများသည် ၁၈၉၅၊ ၁၉၀၇၊ ၁၉၁၉၊ ၁၉၃၁၊ ၁၉၄၃၊ ၁၉၅၅၊ ၁၉၆၇၊ ၁၉၇၉ ခုနှစ်များတွင် ဖွားမြင်ကြသည်။

ထိုသူများသည် စိတ်ကူးယဉ်သမားများ ဖြစ်ကြ၏။ ရိုးသားပြီး အနုပညာပါရမီရှိကြသည်။ အဝတ်အစားကို လှပစွာ ဝတ်ဆင်၍ ရက်တတ်ကြ၏။ အဆိုးမြင်တတ်ပြီး သူများအပေါ် မှီခိုတတ်ကြ၏။ ပန်းချီ၊ ပန်းပု၊ ဗိသုကာ၊ သရုပ်ဆောင် စသည့် အနုပညာရပ်များတွင် ပေါက်ရောက်အောင်မြင်ကြမည်။ ရာထူးကြီးများတွင် မမြဲတတ်။

ဆိတ်အုပ်စုဝင် အမျိုးသမီးများသည် စိတ်ထားဖြူစင်မည်။ အချိန်ကို လေးစားသူများ မဟုတ်။ သားသမီးအုပ်ထိန်းရာတွင် လျော့လျော့ပေါ့ပေါ့ဖြစ်တတ်၏။ ခင်ပွန်းသည်များက ချစ်သည်ကို သစ္စာရှိရှိ စွဲစွဲလမ်းလမ်း ပြန်၍ချစ်တတ်ကြ၏။

ဆိတ်နက္ခတ်ပါသူများသည် ယုန်၊ ဝက်နှင့် မြင်းနက္ခတ်ရှိသူများနှင့် ပေါင်းဖက်သင့်၍ ကျွဲ၊ ခွေးနှင့် ကြွက်နက္ခတ်ရှိသူများကို ရှောင်ရသည်။ ဆိတ်နက္ခတ်အုပ်စုမှ ထင်ရှားသူများမှာ ရှူဒေါ့၊ ဗင်္ဂတီးနီး၊ လောရင့်အော်လစ်ဗီယေး၊ ဒေါက်တာဖဲရာဆင့်၊ လက်စကီကာရွှန်း၊ မိုက်ကယ်အိန်ဂျလို၊ မူဆိုလိုနီနှင့် အက်တလီတို့ ဖြစ်ကြ၏။

•••


www.burmeseclassic.com

www.burmeseclassic.com

**မျောက်**နက္ခတ်နှင့် ယှဉ်သူများသည် ၁၇၉၆၊ ၁၉၀၈၊ ၁၉၂၀၊ ၁၉၃၂၊ ၁၉၄၄၊ ၁၉၅၆၊ ၁၉၆၈၊ ၁၉၈၀ခုနှစ်တို့တွင် ဖွားမြင်ကြ၏။

ထိုသူတို့ကား ဟာသရွှင်အံ့။ မှတ်ဉာဏ်ကောင်းအံ့။ တည်ထွင်စိတ်ရှိအံ့။ ပညာဗဟုသုတရှာလိုစိတ် ပြင်းပြကြသည်။ စီးပွားရေး အောင်မြင်မည်။ နိုင်ငံရေးသမားအဖြစ်နှင့် လူလိမ်အဖြစ်လည်း အကျိုးပေးမည်။ စာပေ၊ ပန်းချီ၊ ပန်းပု လောကတွင် ကောင်းစားမည်။ စိတ်မရှည်ခြင်း၊ စိတ်ပြောင်းတတ်ခြင်း၊ အတ္တဆန်ခြင်း၊ ငြင်းခုံတတ်ခြင်း၊ လှည့်ပတ်တတ်ခြင်း၊ ဟိတ်ဟန်ကြီးခြင်းတို့သည် သူတို့၏ အဂတိရုပ်များ ဖြစ်၏။

မျောက်အုပ်စုအမျိုးသားများသည် ပျော်တတ်ရွှင်တတ်၍ ချစ်ခင်ဖွယ်ကောင်းသော်လည်း စိတ်မချရသူများ ဖြစ်၏။

အမျိုးသမီးများသည် အိမ်မှုကိစ္စတွင် စိတ်မဝင်စား။ ပစ်စလက်ခတ် နေတတ်ကြ၏။ ဖန်တီးဉာဏ်ရှိတတ်သည်။ အချစ်ရေးတွင် ကံဆိုးတတ်ကြသည်။ ချစ်လိုက်ကွဲလိုက်ဖြစ်ကြသည်။ အိမ်ထောင်ရေးတွင် မြွေ၊ ဝက်နှင့် အထူးသဖြင့် ကျားနက္ခတ်ပါသူများကို ရှောင်။

မျောက်နက္ခတ်ပါ၍ ထင်ရှားကြသူများမှာ ထရူးမင်း၊ ဂျူးလီယက်ဆီဇာ၊ ချိန်ဘာလင်၊ လီယိုနာဒိုဒါဗင်ချီ၊ ဂေါ်ဂင်၊ မီလတန်၊ ဆိုင်ရွှန်၊ ဒတ်ကင်းဒူးမား၊ အဲလီဇဘက်တေလာနှင့် ဘတ်စတာလီတန်တို့ ဖြစ်ကြ၏။

♦♦♦

**ကြက်**နက္ခတ်ယှဉ်သူများသည် ၁၉ဂ၇၊ ၁၉၀၉၊ ၁၉၂၁၊ ၁၉၃၃၊ ၁၉၄၅၊ ၁၉၅၇၊ ၁၉၆၉ နှင့် ၁၉၈၁ ခုနှစ်များတွင် မွေးဖွားကြသည်။

ထိုသူများမှာ ရဲရင့်အံ့။ အတွေးအခေါ်နက်အံ့။ လုပ်ရည်ကိုင်ရည်ရှိပြီး ပွင့်လင်းအံ့။ လုပ်သမျှ ပိုင်သည်ဟု ဟန်ရေးပြတတ်သော်လည်း စိတ်ထဲတွင် စိတ်မချခြင်း၊ စိတ်မလုံခြင်းများ ရှိတတ်၏။ ငွေဖြုန်းတီးတတ်သည့် လင်ယောကျ်ားများဖြစ်တတ်၏။ မိမိ၏ အိမ်ထောင်ကို ကောင်းမွန်စွာ ထားရန် စိတ်ကောင်းရှိသော်လည်း လက်တွေ့ မလုပ်ကြ။ အချစ်ရေးကိစ္စများတွင် ကြက်ဖအုပ်စုဝင်များသည် မတည်ငြိမ်ကြ။

အိမ်ထောင်ရှင် အမျိုးသမီးများသည် မိခင်ကောင်းများဖြစ်တတ်ကြ၍ အိမ်မှုကိစ္စများကို ကောင်းစွာ နိုင်နင်းကြမည်။ လင်ယောကျ်ားအပေါ်တွင် အားကိုးအားထားမပြုကြ။ အိမ်ထောင်ပြုရာတွင် ကျွဲ၊ မြွေ၊ နဂါး နက္ခတ်ရှိသူများကို ရွေးပါ။ ကြက်၊ ခွေးနက္ခတ်ရှိသူများနှင့် ပေါင်းဖက်ရသော် မဆိုးလှ။ ယုန်နက္ခတ်သမားများကို လုံးဝ စိတ်ကူးမထည့်သင့်။ အလုပ်အကိုင်အားဖြင့် သရုပ်ဆောင်ကောင်းဖြစ်နိုင်၏။ ငွေကြေးကို[...] တွယ် စီမံရာတွင် ညံ့ဖျင်းမည်။ စီးပွားဘက်အဖြစ် န[...] (သို့မဟုတ်) ကျားနက္ခတ်ပါသူများကို ရွေး။ မျောက်နက္ခတ်ပါ[...] နှင့် စီးပွားတူ မလုပ်နှင့်။ ကြက်နက္ခတ်ယှဉ်သော ထင်ရှား[...] များမှာ အဲရိုးဖလင်၊ ဒီအိတ်ချ်လောရင့်၊ ဂျတ်ကလင်းဘူ[...] ကစ်ပလင်းနှင့် ရစ်ချလျူတို့ ဖြစ်ကြ၏။

♦♦♦

ခွေးနက္ခတ်ယှဉ်သူများသည် ၁၇၉၈၊ ၁၉၁၀၊ ၁၉[...] ၁၉၃၄၊ ၁၉၄၆၊ ၁၉၅၈၊ ၁၉၇၁၊ ၁၉၈၂ ခုနှစ်တို့တွင် ဖွား[...] သူများဖြစ်၏။

ထိုသူများသည် ပင်ကိုယ်ဇာတိအားဖြင့် ခေါင်းဆော[...] များ ဖြစ်ကြအံ့။ ရိုးသားဖြောင့်မတ်၍ ဝီရိယအလွန်ရှိပြီး စိတ်[...] ရသူ၊ သစ္စာရှိသူများ ဖြစ်ကြ၏။ တာဝန်သိခြင်း၊ တရားမျှ[...] ကို လေးစားခြင်း၊ သိုသိုသိပ်သိပ်ရှိခြင်းဟူသော ဂုဏ်များ[...] ပြည့်စုံမည်။ လူအများနှင့် ရောထွေးဆက်ဆံခြင်းကို မကြိုက်[...] ဘာသိဘာသာ နေတတ်ကြ၏။ အဆိုမြင်သဘောထား[...] သို့ ယိမ်းသော်လည်း သဘောထား မသေးကြ။ ဥ[...] ဆေး၊ ဘာသာရေးတို့၌ ထူးချွန်မည်။ ကျားနက္ခတ်ပါသူမျ[...] အတွဲဖက်သည်။ နေ့ဖွားဖြစ်လျှင် ငွေကြေးရှင်မည်။ ညဖွား[...] လျှင် အောင်မြင်မှု နည်းမည်။ မြင်းနက္ခတ် (သို့မဟု[...] ယုန်နက္ခတ်ပါသူနှင့် တွဲဖက်လုပ်ကိုင်လျှင် စီးပွားဖြစ်ထွန်း[...] အိမ်ထောင်ဖက်အဖြစ် ကျားနက္ခတ်ပါသူကို ရွေး။ ဆိတ်[...] နဂါးနက္ခတ်သမားကို ရှောင်။ ခွေးနက္ခတ်နှင့် ယှဉ်၍ ဖွား[...] အမျိုးသမီးများသည် သစ္စာရှိသော၊ အထိန်းအသိမ်းကော[...] သော အိမ်ရှင်မများ ဖြစ်တတ်၏။

ခွေးနက္ခတ်၌ ဖွား၍ ထင်ရှားသူများမှာ ဆိုဖီယာလော[...] ဆမ္မားဆက်မွန်၊ လီနင်၊ ဆိုကရေတီး၊ ဘရစ်ဂျစ်ဘားဒေါ[...] ဖြစ်ကြသည်။

* * *

မတေ့ား[...]



www.burmeseclassic.com

www.burmeseclassic.com

**အောင်မင်္ဂလာ၊ အောင်အတိတ်၊ အောင်နိမိတ် အောင်ဟိတ်သံ မြည်ဟီး**

# အောင်မြင်စေရန် အောင်ကိုးအောင်ဂါထာတော်

ကိုသက်ရှည်

ဂမုန်းပင်၊ ဂမုန်းအမျိုးမျိုးတို့အား နေအိမ်ခြံဝင်းတွင် ...လှအပအတွက်သော် လည်းကောင်း၊ တခြား စီးပွားဥစ္စာ ...တ်လာဘအဆောင်အဖြစ် လည်းကောင်း စိုက်ပျိုးလေ့ရှိ ...ကြသည်။ ဂမုန်းအမျိုးမျိုးရှိသလို စိုက်ပျိုးသူတို့၏ ကိုယ်ကျင့် ...လအပေါ် မူတည်ကာ အကျိုးပေးခြင်း၊ အကျိုးမပေးခြင်းတို့ ...သည်ကို တွေ့ရှိရသည်။ အချို့က လောကီအစီအရင် ဂါထာ ...မန်း၊ ဘုရားဟော ပရိတ်တော် စသည်တို့ ရွတ်ဖတ် ...ရွှာယ်ကာ ပရိတ်ရေ၊ ပရိတ်သဲကာအစ ခံလျက် စိုက်ပျိုး ...တွေလည်း ရှိသည်။ နေအိမ်ခြံဝင်းတွင် အလှအပအတွက် ...က်ပျိုးကြသူများ ရှိကြသည်။

မည်သည့်ရည်ရွယ်ချက်နှင့် စိုက်ပျိုးသည့်ဖြစ်စေ၊ ဤ ...ည်းမှာ မည်သည့်ဂမုန်းပင်မျိုးမဆို စိုက်ပျိုး၍ရသည်။ အောင် ...ကိုးအောင်ဂါထာနည်းနှင့် စိုက်ပျိုးခြင်းဖြင့် အောင်မြင်မှု ...တက်မှုအဝဝတို့အား အနည်းနဲ့ အများ ရရှိနိုင်မည်ဖြစ် ...သည်။

ဂမုန်းပင်အား မည်သည့် ဂမုန်းပင်မဆို စိုက်ပျိုး၍ ...သည်ဆိုသော်လည်း နေ့ရက်အနေနှင့် ကြာသပတေးနေ့ဖြစ် ...သည့်ရက်အား နှစ်တစ်နှစ်၏ ပြက္ခဒိန်တွင် ရှာဖွေကြည့်ရှု စိုက်ပျိုးရမည်ဖြစ်သည်။ စိုက်ရမည့်နေ့မှာ စနေဆန်း၊ စနေကွယ်၊ စနေပြည့် ကြုံကြိုက်သည့်နေ့တွင် အောင်ကိုးအောင်ဂါထာကျူးရင့်ကာ စိုက်ပျိုးရမည်ဖြစ်သည်။

**အောင်ကိုးအောင် ဂါထာတော်**

* ဩောင်း ဟောဟော၊ တိသျှတ္တ။
* ဩောင်း သဗ္ဗ ဒုဝံ အရံသွားဟာံ။
* ဩောင်း ဗုဒ္ဓံ သရဏံ ဂစ္ဆာမ ဟောတာနောခွာ။
* ဩောင်း ဓမ္မံ သရဏံ ဂစ္ဆာမ ဟောတာနောခွာ။
* ဩောင်း သံဃံ သရဏံ ဂစ္ဆာမ ဟောတာနောခွာ။
* ဩောင်း ရင်္ဂီ ရံဝါဝ ရကံလှုမေ ချေစေသွားဟာံ။
* ဩောင်း ပတ္တံ၊ နေတ သွားဟာံ။
* ဩောင်း အမတ္တံ၊ ဝတ္တိ တိရိပတိရိ သွားဟာံ။
* ဩောင်း ဉုံနှာ၊ ဩောနှာ မနိသွားဟာံဟာံ။ ။

မှတ်ချက်။ ဩောင်းဟူသော ပုဒ်ကို အောင်ဟု ဖတ်ရပါမည်။

* * *

ကိုသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာခြင်းအတွက် မရန်းပင်

**ကျော်တင့်ဆွေ**

ရာသီဥတုအလိုက် သီးပွင့်လာတဲ့ ဟင်းသီးဟင်းရွက်တွေ၊ သစ်သီးတွေဟာ မြန်မာနိုင်ငံမှာ စုံလင်လှပါတယ်။ ဒီဆောင်းပါးမှာတော့ မရန်းသီးရဲ့ ဆေးဖက်ဝင် စားသုံးနည်းများကို စာဖတ်ပရိသတ်တွေအတွက် မိတ်ဆက်ပေးလိုက်ပါတယ်။ ထမင်းပွဲများ၊ သရေစာများအဖြစ် စားသုံးမှုတွေဟာ ပုံစံအမျိုးမျိုးနဲ့ တည်ရှိနေကြပါတယ်။ ဒါတွေကတော့ မရန်းသီးစိမ်းနမျာကို မြန်မာ့ထမင်းဝိုင်းတွေမှာ တို့ဆရာအဖြစ် စားသုံးလေ့ရှိကြပါတယ်။ မရန်းသီးမှာ ပါဝင်တဲ့ အာဟာရဓာတ်တွေကိုလည်း ရရှိစေနိုင်ပါတယ်။ ခံတွင်းတွေကာ ထမင်းကို မြိန်စေပါတယ်။ အထူးသဖြင့် မရန်းသီးကို ခံတွင်းပျက်ကြတဲ့လူတွေအတွက် အထူးရွေးချယ် စားသုံးသင့်ကြပါတယ်။

မရန်းသီးကို အစိမ်းနဲ့ အမှည့်အဖြစ် စားသုံးကြရာမှာ မြန်မာ့ဆေးပညာအမြင်အရ အမှည့်မှာ အစိမ်းထက် လေသလိပ်၊ သည်းခြေတွေနဲ့ အလွန်သင့်တော်ပါတယ်။ ဝမ်းမီးကိုလည်း ကောင်းစေနိုင်ပါတယ်။

မရန်းသီးသုပ်ကို စားသုံးခြင်းဖြင့် အောက်ပါ ရောဂါလက္ခဏာတွေအတွက် ကောင်းပါတယ်။ လည်ချောင်းပူခြင်းကြောင့် အစားစားရာမှာ အခက်အခဲရှိသူများ၊ တာရှည်နေသော အဖျားဟောင်းများ၊ အသား၊ အရိုးကြားမှာ ထိုးအောင့်နာကျင်ခြင်း၊ ကိုယ်လက်ယားယံခြင်း၊ ဝမ်းပျက် ဝမ်းလျှောခြင်း၊ လေထိုးလေအောင့်ခြင်း၊ ဝမ်းသွားရာ မထိန်းနိုင်ခြင်းတို့ ဖြစ်ပါတယ်။

မရန်းသီး ဆားရည်စိမ်သည် တာရှည်ခံ အစားအစာထဲမှာ ပါဝင်ပါတယ်။ မရန်းသီး ဆားရည်စိမ်ကို ဖြစ်စေ၊ မရန်းသီးသုပ်ကို ဖြစ်စေ စားသုံးပေးမယ်ဆိုရင်တော့ မစားချင်မသောက်ချင်ဖြစ်နေတဲ့ ခံတွင်းပျက် ရောဂါတွေနဲ့ ပါးစပ်၊ လည်ချောင်းပူတဲ့ ရောဂါရှင်တွေအတွက် စားသုံးသင့်တဲ့ အစားအစာအဖြစ် ညွှန်းပြပါရစေ။

## သွေးဝမ်းကိုက်၊ ဝမ်းကိုက်ရောဂါ

ကျန်းမာရေးကိုယ်စောင့် ဓာတ်သွားနည်းပါးသူများအနေနဲ့ သွေးဝမ်းကိုက်ရောဂါ၊ ဝမ်းကိုက်ရောဂါတွေနဲ့ မကြာခဏရင်ဆိုင်တတ်ကြပါတယ်။ ရောဂါမှာ ပြင်းထန်နေပါက မြန်မ... ဟင်းလျာတစ်ခွက်ကို ညွှန်းပြပါရစေ။ မရန်းသီးကို ငါးမြွေထိ... ကျပ်နဲ့ ချက်စား၍ဖြစ်စေ၊ သုပ်စား၍ဖြစ်စေ စားသုံးပေးနိုင... ပါတယ်။

## အစာလမ်းကြောင်းရောဂါများ

အစာလမ်းကြောင်းမှာ ဖြစ်တဲ့ ဝမ်းရောဂါတွေအတွ... မရန်းသီး ဆားရည်စိမ်ကို စားသုံးဆီကို စပ်ကာ ခြေ... စားပေးပါ။ ဤသို့ စားသုံးခြင်းအားဖြင့် ဝမ်းတွင်းမှာ ထိုးကျ... ခြင်း၊ ပင်လယ်အူနာ ဝမ်းပျက်ခြင်း၊ ဝမ်းပုပ်ခြင်း၊ အစာမ... ခြင်းကြောင့် မစားချင် မသောက်ချင်ဖြစ်နေတဲ့ ရောဂါ... ပျောက်ကင်းစေပါတယ်။

## အမျိုးသမီးကျန်းမာရေး

သားဖွားအမျိုးသမီးများ သကျည်းကိုက်ခြင်း၊ ဝမ်းဗိုက်... ပူနေခြင်း၊ သားဖွားရာ-သွေးခွဲရာ၌ သွေးပုပ်ကျန်ခြင်း၊ သား... ဖွားလမ်းကြောင်း အင်္ဂါဇာတ် အနာမကျက်ခြင်း၊ ဆီးအိမ်ကိုက်... ခဲခြင်းတို့အတွက် စားသုံးသင့်တဲ့ ဆေးဖက်ဝင် ဟင်းလျာ... တော့ မရန်းသီးအစိမ်းကို ဖြစ်စေ၊ ဆားရည်စိမ်ကို ဖြစ်စေ... ငါးကျည်းကင်နဲ့ သုပ်စားပေးနိုင်ပါတယ်။

ဆားပုပ်မှုန့်အနည်းငယ်ကို မရန်းသီးနဲ့ တို့စားပါ... ကိုယ်ဝန်ဆောင်များ သားဖွားရာမှာ လွယ်ကူစေပါတယ်...

## ကျောက်ရောဂါ

မရန်းသီးအစေ့များကို အမှုန့်ပြုကာ ဆားပုတ်အနည်း... ငယ် ရောစပ်ကာ လျက်ပေးပါ။ ရရှိစေနိုင်တဲ့ ရလဒ်... ကျောက်ရောဂါဖြစ်ပွားမှုနှုန်းကို ကာကွယ်ပေးစေနိုင်ပါတယ်... မရန်းစေ့ကို စားသုံးခြင်းဖြင့် ကျောက်ပေါက်နေစဉ်မှာ ချော... ဆိုးခြင်းကို ကာကွယ်ပေးစေနိုင်ပါတယ်။

အာရောဂျ ပရမ ...

* * *

ကျော်တင့်...




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(၁)

ညောင်သာယာရွာနှင့် အနီးပတ်ဝန်းကျင်ရွာအားလုံး သူတို့မြေးအဘွားအကြောင်းကို ကောင်းကောင်းသိကြသည်။ သည်နယ်တစ်ကြောမှာတော့ မြေးချစ်လွန်းသော အဘွားများကို "ဒေါ်ညွန့်"နှင့် တင်စား ခိုင်းနှိုင်းတတ်ကြသည်။

"ညည်းနယ့်တော်··· မြေးကို ချစ်လိုက်တာ ညောင်သာယာက ဘွားညွန့်ကျနေတာပဲ"

"အမလေးတော်··· အဖြစ်ကို ညည်းလိုက်တာ၊ ညောင်သာယာက ဘွားညွန့်နဲ့ ဘာများတော်သလဲ မသိဘူး"

ဒီစကားသံတွေက သည်ဒေသတစ်ဝိုက်မှာ လူတွေ ပြောလေ့ရှိတဲ့ စကားတွေ။ ဒေါ်ညွန့်ကလည်း တကယ့် ဒေါ်ညွန့်ဗျ။ "ဖိုးထွန်း"ဆိုတဲ့ မြေးကလေးကို ချစ်ပုံများ သူများ အမြင်ကတ်လောက်တဲ့အထိ။

"ဖိုးထွန်းလေး"

"သားလေး"

"လူလေး"နဲ့ ပါးစပ်က တသသနေပြီး ချစ်ရှာတာ။ သားအချစ် မြေးအနှစ်ဆိုတဲ့ စကားတော့ ရှိတာပေါ့လေ။ ဒါပေမယ့်ပေါ့···။

ဟုတ်တယ်လေ။ ဒေါ်ညွန့်က အပျိုကြီး။ ဘုရားစူးရစေ့။ တစ်ကိုယ်တည်း အပျိုကြီး။ အဖော်မဲ့။ သူ့တူ ကိုထွန်းခင်ကြီး မိန်းမရတုန်းကများဆိုရင် တူကို နှမြောပြီး လူတကာနဲ့ ရန်ဖြစ်လိုက်ရတာ အမော။ ဒါပေမယ့် ထွန်းခင်မိန်းမ မိဇံမြလည်း သားဦးကလေးမွေးရော ဒေါ်ညွန့်တစ်ယောက် မြေးရူးရောဂါထတော့သည်။

သိကြတဲ့ အတိုင်းပေါ့။ မြေးဦးလေးနာမည်က ဖိုးထွန်း။ မိဇံမြဆိုတဲ့ မိန်းမကလည်း ဖိုးထွန်းလေးကို မွေးပြီးတော့ ကောင်းကောင်းမမာရှာဘူး။ ဒီတော့ ဖွားညွန့်အကွက်ဆိုက်တော့တာပေါ့။

"ကဲ - မိဇံမြ ညည်းလည်း ကောင်းကောင်းမာတာ မဟုတ်ဘူးလေ။ နို့ကလည်း မထွက်၊ ကလေးလည်း ကောင်းကောင်းပြုစုတတ်မယ့်ပုံ မပေါ်ဘူး။ ဒီကလေးက ငါ့တူက မွေးတာဆိုတော့ ငါ့မြေးပဲဟာယ်။ ငါ့ကို ပေး၊ ငါမွေးမယ်"

"မလုပ်ပါနဲ့ ကြီးညွန့်ရယ်။ ကျွန်မတို့မှာက သားဦးလေး···"

"ဒီမှာ မိဇံမြ နင့်မှာ အရွယ်ကောင်းကြီး ရှိသေးတယ်။ နောက်ထပ်ကလေးတွေ အများကြီး ရနိုင်သေးတယ်။ မွေးပေါ့အေ။ ဒီကလေးတော့ ငါ့ကို ပေးပါအေ။ ငါ့မြေးကြီးကို ငါချစ်လွန်းလို့ပါဟယ်။ ဟုတ်တယ်မဟုတ်လား သားလေး"

"အဲ···အဲ့···အဲ့···အဲ"

"တွေ့လားဟေ့ ကောင်မ၊ ငါ့မြေးက ငါ့ကို ထောက်ခံတယ်။ မိဇံမြရယ် နင်လည်း သိပ်မာတာ မဟုတ်ဘူး။ သောကများပါတယ်အေ၊ ငါမွေးစားပါရစေ။ မိညွန့်တို့က အခြေနဲ့ အနေနဲ့ပါအေ့။ ဒီမှာဟေ့···ဒီကလေးကို ငါမွေးစားမယ်။ သူကြီးလာရင် ငါပိုင်တဲ့ ပစ္စည်းတွေရယ်၊ ရွာမြောက်ပိုင်းက ကိုင်းတစ်ခင်းရယ်၊ ရွာတောင်ပိုင်းက သီးစားချထားတဲ့ ငါ့လယ်တစ်ပွဲရယ်ဟာ ငါ့မြေးအတွက် ဖြစ်ရမယ်။ ဘယ့်နှယ့်လဲ၊ ပေးမယ်မဟုတ်လား"

"ဩော်···ကြီးညွန့်ရယ် ခက်နေပါပြီ။ ကျွန်မသားလေးက အရမ်းငယ်ပါသေးတယ်"

"အို···ငယ်သေးတာတွေ ဘာတွေ လုပ်မနေနဲ့။ ကျုပ်အိမ်က နွားမကြီး "မိနက်ကျား"က နို့ထွက်မှာတော့ ဒီရွာမှာ ပြိုင်စံရှားပဲ။ ထွက်သမျှနို့ ငါ့သားလေးကို ငါတိုက်ပြီး မွေးမှာပေါ့အေ"

"တယ်ခက်ပါလား ကြီးညွန့်ရယ်၊ ကြီးညွန့်မလဲ အသက်အရွယ်က···"

"အဲဒါ ပြောတာပေါ့တော်။ ကျုပ်မှာက အသက်အရွယ်ကလည်း ဖဝနားကပ်နေပြီ။ ဒီအရွယ်ကြီးကို ဘယ်လင်ကမှလည်း ယူမှာမဟုတ်ဘူး။ အို···ကုန်ကုန်ပြောမယ်တော်။ ကျုပ်ငယ်ရည်းစား ကိုဘပုကြီးလည်း ကျုပ် ဇီဇာကြောင်တဲ့ ဒဏ်ကို မခံနိုင်လို့ ဘုန်းကြီးဝတ်သွားလိုက်တာ အလယ်ရွာမှာ ကျောင်းထိုင်ဘုန်းကြီးတောင် ဖြစ်နေပါပကော။ ဝါတောင် ဘယ်နည်းလိမ့်မလဲတော်။ အိုတော်··ကျုပ် လင်ယူလည်း ဒီအရွယ်ကြီး ဘယ်လိုလုပ် ကလေးရတော့မှာလဲ"

"ဒါဆိုရင်လည်း မယူနဲ့ပေါ့ ကြီးညွန့်ရယ်"

"အေး၊ ဒါကြောင့် ငါပြောတာပေါ့။ ငါ့အသက်အရွယ်က ကြီးပြီလေ။ ငါ မမာတဲ့အခါ လက်တိုလက်တောင်း ခိုင်းဖို့ လူတစ်ယောက်လိုတာပေါ့။ ဒီကလေး ငါမွေးမှ ဖြစ်မှာအေ့"

ဒေါ်ညွန့်ပုံစံက သိကြားမင်းကြီးဆင်းတားရင်တောင် နောက်ဆုတ်မည့်ပုံမပေါ်။ ကလေးလိုချင်ဇောနဲ့ စွတ်ပြောလိုက်တာ ငယ်ကျိုးငယ်နာတွေလည်း ပေါ်လို့ပေါ့။ တကယ့်ငွတ်တရွတ် အပျိုကြီး ဒေါ်ညွန့်။ သူလိုချင်တာကို မရ,ရအောင် ယူမည့်လူစား။ ပြောတော့လည်း အထက်စီးကချည်း။ မိဇံမြကလည်း လက်မလျှော့။

"ကြီးညွန့်ရယ်··· မမာတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

ပြုစုဖို့ရော၊ အဖော်ရဖို့ရော အားလုံး အဆင်ပြေအောင် တစ်ခါတည်း ကျွန်မတို့နဲ့ လာနေပါလားရှင်"

"အို…ဘယ်ဖြစ်မလဲ။ ညည်းတို့လင်မယားက အသုံးအဖြုန်းကလည်း ကြီး၊ နေတာထိုင်တာကလည်း ညစ်ပတ်၊ တော်ကြာ ကျုပ်စည်းစိမ်တွေ ပြုတ်ပြုတ်ပြုန်းကုန်ပါဦးမယ်တော့။ ညည်းချက်တဲ့ ဆီပြန်ဟင်းတွေ စားပြီး ကျုပ်ရောဂါရပြီး အသက်တိုနေပါဦးမယ်တော်။ ဒီကလေးကို ငါ့ကို ပေးမှာသာ ပေးစမ်းပါ။ လူတစ်လုံး သူတစ်လုံးဖြစ်အောင် ငါမွေးပါ့မယ်"

"ကြီးညွန့်ရယ်…ဒုက္ခပါပဲ"

"အို…ဒုက္ခတွေ ဘာတွေ တ, မနေပါနဲ့တော်။ ကျုပ်တူနဲ့ ရလို့ ကျုပ်မြေးကို ရတဲ့ ကောင်မကများ။ ကြီးကြီးကျယ်ကျယ်နဲ့။ ဟော့ - ဟိုအကောင် ငထွန်းခင်၊ ငါတို့ပြောနေတာတွေ ကြားတယ်မဟုတ်လား။ ဒီကလေးဟာ ငါ့မြေး၊ နင့်အမေ ငါ့အစ်မ မရှိတော့တဲ့ အတွက် ဒါ ငါ့မြေးအရင်းပဲ။ ငါမွေးစားမယ်။ ငါ့ကို ပေး။ ဘယ်လိုလဲ"

ငယ်ငယ်ကတည်းက အဒေါ်လုပ်သူကို ကြောက်လာရရှာတဲ့ ထွန်းခင်ကတော့ ဘာမှပြန်မပြောရဲရှာပါ။ အခု သူရပ်တည်နေတဲ့ ဘဝလေးတောင် ဒေါ်ညွန့်နဲ့ ကင်းတာမှမဟုတ်တာ။ သူစားနေတာတောင် ဒေါ်ညွန့်လယ်က ထွက်တဲ့ ဝမ်းစာစပါး။ ဒီကလေးကို ဒေါ်ညွန့်ဆီ ပေးလိုက်လို့လည်း သူတို့လင်မယားအတွက် ဘာမှ ပိုပြီးဆုံးရှုံးတာမျိုး မရှိ။ အိမ်ချင်းကလည်း မျက်စောင်းထိုး။ နှစ်အိမ်လောက်ပဲ ခြားတာ။ ပြီးရင် သည်မြေးလေးကို အကြောင်းပြ အပျိုကြီးဆီက အမွေတွေ သူတစ်ယောက်တည်း ရဦးမှာမဟုတ်လား။

ဒီလိုနဲ့ ကလေးတစ်လသား အရွယ်မှာတော့ ဒေါ်ညွန့်လက်ထဲကို အမွေစား အမွေခံအဖြစ်နဲ့ လုံးဝ ရောက်ရှိသွားတော့သည်။ ဒေါ်ညွန့်ကလည်း ကလေးကို သားလို တစ်မျိုး၊ မြေးလို တစ်ဖုံ အစစအရာရာ ပြည့်စုံကုံလုံအောင် ထားရှာသည်။ ဒီလိုနေရင်းနဲ့ပဲ ဖိုးထွန်းလေးခမျာ တစ်စတစ်စ ကြီးပြင်းလာရင်း ကျောင်းနေသော အရွယ်သို့ပင် တိုင်ခဲ့ချေတော့သည်။

(၂)

"သားလေး ဖိုးထွန်း၊ သားအသက် ၅နှစ်ပြည့်ပြီ။ သား ကျောင်းနေရမယ်နော်"

"ဟုတ်ကဲ့ ဘွားဘွားကြီး"

"အို…သိပ်လိမ္မာတဲ့ ကလေးပဲကွယ်။ ဒါကြောင့် ဘွားဘွားကြီးက ချစ်နေရတာ"

သို့နှင့် ဖိုးထွန်းလေး ကျောင်းနေဖြစ်သွားသည်။ သူငယ်တန်း၊ တစ်တန်း၊ နှစ်တန်း။

နှစ်တန်းနှစ်မှာ ပြဿနာက စလာတော့သည်။

"အောင်မလေးတော်…အရပ်ကတို့ရေ - ကြည့်ကြစမ်းပါဦး။ ကျုပ်မြေးလေးကို ကျုပ်က အရိပ်တကြည့်ကြည့်နဲ့ မွေးလာတာပါတော်။ ခုတော့ ဒဏ်ရာဒဏ်ချက်တွေနဲ့။ ကျောင်းဆရာ၊ ဆရာမတွေက ညှဲ့ဖျင်းလှချေလား။ မထားဘူး တော်ပြီ။ ဒီလိုကျောင်းမျိုးမှာ ငါ့မြေးကို ဆက်ထားရင် ဒုက္ခရောက်ရချည်ရဲ့။ ငါ့မှာ ရှိတဲ့ လယ်တွေ၊ ကိုင်းတွေ ငါ့မြေးလေး ဒီတစ်သက်စားလို့ မကုန်ဘူး"

အဖြစ်က ဘာရယ် မယ်မယ်ရရ မဟုတ်။ နေ့လယ်ကျောင်း မုန့်စားဆင်းချိန်မှာ ဖိုးထွန်းနှင့် အခြားကလေးတစ်ယောက် ရန်ဖြစ်ကြသည်။ လက်သံ

ပြောင်လွန်းသောကြောင့် အခြားက… တစ်ယောက် ခေါင်းပေါက်သွားသည်… ဖိုးထွန်းပါးမှာလည်း ကုတ်ခြစ်ရာ ထ… သွားသည်။ ဆရာမက နောက် ရန်မ… အောင် ခပ်သာသာ သုံးချက်ရိုက်… ဆုံးမသည်။ ခြေသလုံးဖွေးဖွေးလေး… အရိုးရာနီနီလေးများ ထင်သွားသည်… ဒါကို ဒေါ်ညွန့်က ပုံကြီးချဲ့ပြီး က… ကို ကျောင်းထုတ်သည်။ ဆရာ၊ ဆ… တွေက ကလေးကို ကျောင်းပြန်… ရန် အမျိုးမျိုးဖျောင်းဖျ ပြောဆို… လည်း ဖွားညွန့်က လက်မခံ။ နော… ဆုံး နှစ်တန်းနှင့် ဖိုးထွန်းလေး ကျော… ရိပ်မှ ခွာလာခဲ့ရသည်။

ဖွားညွန့်က ဖိုးထွန်းကို အိမ်မှ… စာကြိတ်သင်သည်။ ရေးတတ်၊ ဖ… တတ်သာသာလောက်တော့ ဖိုးထွ… တတ်မြောက်ခဲ့ပါသည်။ ဖိုးထွန်းလေ… လူအေး။ အဆော့သန်တာက လွဲ… ကျန်တာ ဘာမျှ ဟော့ဟော့ရမ်းရမ်း… လက်ခြေမဆော့။ ဘွားအေအ… လည်း နွဲ့ဆိုးမဆိုး။ ဘာမျှလည်း မ… ဆာ။ ဂျီကျတယ်ဆိုတာ ဝေလာဝေ… ဒါကြောင့် ဘွားချစ်ကလေးဖြစ်ခဲ့ရသည်… သူက ကြက်ကလေး၊ ငှက်ကလေ… ဘဲကလေးတွေ မွေးရတာ ဝါသနာ… သည်။ သူတစ်ပါးကို သနားတတ်သည်… မိခင်နှင့် ဖခင်အပေါ်လည်း ဘွားအေ… လောက် မခင်တွယ်။

ဖိုးထွန်းက ဟင်းကောင်းကြိုက်… သည်။ လယ်ကြွက်၊ တောကြောင်… အမဲ၊ ဝက်၊ ကြက် တစ်ခုခုမပါလျှင်… ထမင်းမစား။ သူအကြိုက်ဆုံး သတ္တ… ကတော့ ဖား။ ဖားသားဟင်းကို ငရုတ်… သီးစပ်စပ်နှင့် ချက်သောနေ့များတွင်… ခေါင်းမဖော်တမ်း စားသည်။ ဖားသည်… လာသမျှ ခေါ်ပြီး ဘွားအေကို ဝယ်ခိုင်… ခိုင်းသည်။ မိုးတွင်းဆို လယ်ကွင်း…



www.burmeseclassic.com

www.burmeseclassic.com

ဘဲမှာ ဖားထွက်ရိုက်သည်။ မိုးကုန်လျှင် ချိုင်းတွေထဲ ချိတ်နှင့် လိုက်ချိတ်ပြီး ရှာဖွေသလို၊ နွေခေါင်ခေါင်တွင်လည်း ကြက်ကြားကွဲ မြေကို လှန်ကာ ဖားရှာသည်။ ရသမျှ ဖားကို ရှမ်းနံ့နံ့သင်းသင်း နှင့် ဘွားအေကို ချက်ခိုင်းသည်။ ပြီးလျှင် ချဉ်ပေါင်အရည်သောက်ဟင်းကို ဇလုံ လိုက် မော့သောက်ကာ ဖားသားဟင်း နှင့် ထမင်းစားသည်။

ငယ်ငယ်တုန်းက ရိုးအေးလွန်း သတဲ့ ဖိုးထွန်း။ အပေါင်းအသင်းများ ဘယ်ပဲ ပြောရမလား။ ၁၅နှစ်သားအရွယ် မှာ အရက်စသောက်တတ်လာသည်။ ဒါပေမယ့် မူးယစ် ရမ်းကားခြင်း အလျှင်း မရှိ။ ဘယ်သူ့ကိုမှ ပြဿနာမရှာ။ သောက်လာပြီးလျှင် မာလကာရွက်တွေ ကို ပါးစပ်အပြည့် ဝါးပြီး အိမ်ပေါ်တက်၊ တန်းအိပ်သည်။ ဘွားအေက ထမင်း နှိုးကျွေးလျှင် ဟန်မပျက် ထစားသည်။ စကားလုံးဝ မပြောတော့။

စဦးပိုင်း တစ်လ၊ နှစ်လလောက် အထိတော့ ဘွားအေက မသိရှာ။ ကြာ တော့မှ သိလာသည်။ ဒါပေမယ့် အသည်းနှလုံးတမျှ ချစ်သောမြေးလေး မှီ မဆူရက်။ မပြောရက်။ ဘာပြဿနာ မတက်ရင် ပြီးရောဟု တွက်ကာ စိတ် ကို ဖြေရှာ၏။ မြေးကြိုက်တတ်တဲ့ အစား ကောင်းလေးများကို ရှာဖွေချက်ပြုတ် ကျွေးရှာသည်။ ဖိုးထွန်း မူးပြီး အိမ် ခလောက်ဆွဲမှာ အိပ်ပျော်နေလျှင် အိမ် ပေါ်သို့ မနိုင့်တနိုင်ဆွဲထူပြီး မ,တင် သည်။

ဘွားညွှန့်ခမျာမှာ အသက်အရွယ် ကြီးလာသော်လည်း နားရသည် မရှိရှာ ပေ။ ချစ်သော မြေးလေးအတွက် ကြိုက်တတ်ရာရာ အစားကောင်းများကို မရမက ရှာဖွေချက်ပြုတ်ကျွေးရှာသည်။ မြေးအဝတ်အစားမှန်သမျှကို မနားမနေ ဖွပ်လျှော် မီးပူတိုက်ပေးသလို၊ မြေး ဝေယျာဝစ္စအားလုံးကိုလည်း လစ်ဟင်းမှု မရှိအောင် လုပ်ဆောင်ပေးရှာ၏။ ဖိုးထွန်း ကတော့ ဘာမျှ မယ်မယ်ရရမလုပ်။ သောက်သောက်မေးမေး သူဌေးမကြီး မြေးဘဝဖြင့် အတော်ဟန်ကျနေရှာ၏။

အချိန်ရာသီစက်ဝန်းတို့သည် တရွေ့ရွေ့လည်ပတ် ကုန်ဆုံးခဲ့ချေပြီ။ ဘွားညွှန့်ပင် စဝနားနီး အဘွားအိုကြီး ဖြစ်ခဲ့၍ ခံဖြူ၊ သွားကျွေ၊ ပါးရေနားရေ တွန့်လျက် ခါးကိုင်း နားထိုင်းခဲ့ချေပြီ။ သူတို့မြေးအဘွားနေသည့် အိမ်ကြီးက ရွာတောင်ပိုင်းအစွန် ခြံပျက်သုံးခုကြား တွင် အထီးကျန် ရပ်တည်လျက်...

"သားရေ လူလေး...ဖိုးထွန်း၊ အ...ဘွား...ဆီကို လာပါဦးကွယ်"

အိမ်ရှေ့ခလောက်ဆွဲတွင် အရက် မူးပြီး အိပ်ပျော်နေသော ဖိုးထွန်း။ အဘွား ဖြစ်သူ၏ မော်ကြီးပန်းကြီး ညည်းသံကြီး ဖြင့် ခေါ်သံကို ကြားသဖြင့် အိပ်နေရာမှ ငေါက်ခနဲ ထထိုင်သည်။ ပြီးတော့ မျက်လုံးကို ပွတ်သပ်ပြီး...

"ဗျာ...ဗျာ၊ လာပါပြီ အဘွား ရယ်"

"အဘွား ခုတစ်လော ကျန်းမာ ရေး မကောင်းဘူး မြေးရယ်။ အသက် အရွယ်ကလည်း ကြီးလာ၊ မျက်စိတွေ နားတွေလည်း မကောင်း၊ ခုတစ်လော လေ ရင်ဘတ်ထဲမှာလည်း ကျပ်,ကျပ် ပြီး အောင့်တယ်။ မတော်တဆများ အဘွားသေခဲ့ရင် ငါ့မြေးလေးတော့ ဒုက္ခ ပဲကွယ်။ လိမ္မာပါတော့ လူလေးရယ်။ အဘွားမရှိရင် ငါ့မြေးကို အဘွား လောက် ဘယ်သူမှ ပြုစုလုပ်ပေးမှာ မဟုတ်ဘူး။ လူလေးအမေအိမ် လူ လေး ပြန်တော့မှာမဟုတ်လား။ အဘွား သေရင်လေ"

"အဘွားရယ်... ဘာတွေ ပြော နေတာလဲ။ အဘွားက ဘာလို့ သေရ မှာလဲ။ ဘာလို့ အမေ့အိမ် ပြန်ရမှာလဲ။ ဘယ်တော့မှ မပြန်ပါဘူး အဘွားရယ်။ အမေ ဇမြက သားကိုမှ မချစ်တာ။ အဘွားကသာ သားကို အရမ်းချစ်တာ။ သားကြိုက်တဲ့ ဖားသားဟင်းလည်း ချက်ကျွေးတယ်။ သား အရက်သောက် ရင်လည်း မဆူဘူး။ အဘွားကို သား အရမ်းချစ်တာဗျ။ အဘွားအိမ်က လွဲရင် သား ဘယ်မှာမှ မနေဘူး"

ပြောရင်းဆိုရင်းနဲ့ ဖိုးထွန်းက ဘွားအေရင်ခွင်ထဲ ခေါင်းတိုးကာ နွဲ့နေ သည်။ ဘွားညွှန့်က မြေးဖြစ်သူကို ရင် ခွင်ထဲထည့်ပြီး ကျောကုန်းကို ကလေး ငယ်တစ်ယောက်အား ယုယသလို ပွတ်သပ်နေသည်။ ပြီးတော့ မျက်ရည် တွေ စီးကျကာ ကြိတ်၍ ငိုနေရှာ၏။ မျက်ရည်များသည် ရင်ခွင်ထဲရှိ ဖိုးထွန်း ၏ ကျောပေါ်သို့ ကျ၏။

"ဟင်... အဘွားငိုနေတယ် ဟုတ်လား။ အဘွားရယ် ဘာတွေများ စိတ်မကောင်းဖြစ်ပြီး ကြိတ်ငိုနေရတာ လဲ။ မငိုပါနဲ့ အဘွားရယ်"

"လူလေးရယ်... ခုတစ်လော အဘွားကျန်းမာရေး မကောင်းဘူး။ အိပ် မက်တွေလည်း မကောင်းဘူး။ အိပ်ပျော် နေတုန်း လူနီကြီးနှစ်ယောက် ရောက်, ရောက်လာပြီး အဘွားကို အတင်းဆွဲ ခေါ်တယ်။ အဘွားက ရုန်းရင် သူတို့က ပိုပြီးဆွဲတယ်။ ထမင်းလည်း စား မကောင်းတာ ၁၀ရက်လောက် ရှိပြီ။ အဘွားတော့ ကြာကြာနေရမယ် မထင် ဘူး မြေးရယ်"

"အဘွားရယ်...စိတ်ညစ်စရာ တွေ ပြောမနေပါနဲ့။ အဘွား ဘာမှ မဖြစ်စေရပါဘူး။ သားတစ်ယောက်လုံး အနားမှာ ရှိနေတဲ့ဟာကို"

"အဘွားအခြေအနေကို အဘွား



www.burmeseclassic.com

www.burmeseclassic.com

သိနေတယ် လူလေးရယ်။ အဘွားကို ကတိတစ်ခုပေးပါကွယ်။ အဘွားသေခဲ့ရင် အဘွားရဲ့ ဒီအိမ်ကလေးမှာပဲ လူလေး ဆက်နေပါ့မယ်လို့။ လူလေးရဲ့ အမေအိမ်ကို မပြန်ပါဘူးလို့"

"သား ကတိပေးပါတယ် အဘွားရယ်။ ဘယ်တော့မှ အခြားနေရာမှာ မနေပါဘူး။ အဘွားအိမ်ကလေးမှာပဲ တစ်သက်လုံး ဆက်နေပါ့မယ်လို့"

ဖိုးထွန်းက ငိုသံပါကြီးနှင့် ကတိပေးရှာသည်။ ဘွားညွန့်ကတော့ စိတ်လျှော့လိုက်သည် ထင်၏။ ထိုညနေကတည်းက အိပ်ရာထဲမှာ လဲတော့သည်။ ဦးထွန်းခင်၊ ဒေါ်ငွေမြနှင့် မြေးဖိုးထွန်းတို့မှ ဆေးဆရာများ ခေါ်၍ အစွမ်းကုန် ပြုစုကုသကြရာသည်။ သို့သော်လည်း မည်သူတစ်ဦးတစ်ယောက်မှ အန်တုဖက်ပြိုင် ရင်ဆိုင်အနိုင်ယူခြင်းငှာ မစွမ်းသာသော သေခြင်းတရားသည် ဘွားညွန့်အား မရဏနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့လေတော့၏။ ဖိုးထွန်းတို့မိသားစုကတော့ သွားလေသူအတွက် ကောင်းမှုကုသိုလ်တွေ ပြု၊ အမျှတွေဝေရင်း ငိုပွဲဆင် ပူဆွေး၍မဆုံးရှာပါပေ။

(၃)

ဘွားညွန့် ဆုံးပါးသွားပြီးနောက် ဖိုးထွန်းက မိဘတွေနှင့် အတူမနေ။ နေ့နေကျ အဘွားရဲ့ အိမ်ကြီးမှာပဲ ဆက်နေသည်။ ဆာရင် ဒေါ်ငွေမြအိမ်မှာ ထမင်းပြန်စားသည်။ မိဘဖြစ်သူတွေက သူတို့နှင့် ပြန်နေဖို့ အကြိမ်ကြိမ်ပြန်ခေါ်ကြပေမယ့် ဖိုးထွန်းက လက်မခံ။ ငယ်ရွယ်သူပီပီ လွတ်လပ်မှုကို ခုံမင်သည်။ အပေါင်းအသင်းတွေနှင့် ပျော်ပါး စားသောက်သည်။ မူးလာလျှင်တော့ မရစ်။ ဘယ်လောက်မူးမူး အိမ်ပြန်လာသည်။ အိမ်မှာ ပြန်အိပ်သည်။ ဘယ်သူ့ကိုမှ ဒုက္ခမပေး။ တစ်ခုနေ့တော့ ဖိုးထွန်း တစ်ယောက် ရွာထဲထွက်ပြီး သောင်းကျန်းနေသည်။ ခါးတောင်းကို မြှောင်အောင် ကျိုက်ပြီး လက်ထဲမှာလည်း ငှက်ကြီးတောင် ဓားကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ သူ၏ မျက်ဝန်းမှ မျက်လုံးများက မီးဝင်းဝင်းတောက်လျက်။ ပါးစပ်ကလည်း...

"ဟေ့ - ဘယ်သူတွေလဲကွ။ ငါ့အဘွားကို မကျွတ်ဘူးလို့ ပြောတာ။ မိန်းမတွေလို ကြောက်ပြီး ဝင်ပုန်းမနေနဲ့။ သတ္တိရှိရင် ထွက်ခဲ့။ စကားနဲ့ မရှင်းဘူး။ ဓားနဲ့ ရှင်းမယ်။ ငါ့အဘွားဟာ တစ္ဆေသရဲမဟုတ်ဘူး။ မကောင်းဆိုးရွား မဟုတ်ဘူး။ နင်တို့တစ်တွေသာ မကောင်းဆိုးရွားတွေ။ နောင်တစ်ခါ ပြောရဲရင် ပြောကြည့်၊ တစ်ရွာလုံး မီးရှို့ပစ်မယ်"

ဖိုးထွန်း၏ သူငယ်ချင်းများဖြစ်ကြသည့် ကျော်ပိန်၊ ကြူထွေး၊ အရိုးခြောက်တို့က ဖိုးထွန်းကို ဝိုင်းဆွဲကြသည်။ လက်ထဲမှာက ငှက်ကြီးတောင်ဓားကြီးနှင့်မို့ ဆွဲရတာ ခပ်ရွံ့ရွံ့။ ဖိုးထွန်းကတော့ ဝုန်းဒိုင်းကြဲ အော်ဟစ်ဆူပူလျက်။ ရွာသားတွေက တုတ်တုတ်မျှ မလှုပ်။ ရွာမှာ ဒီလိုမျိုး ဆူပူသောင်းကျန်းတာမျိုး တစ်ခါမှ ဖြစ်လေ့ဖြစ်ထမရှိ။ ရွာသားအားလုံး ပင့်သက်နေကြသည်။ ပြီးတော့ ဖိုးထွန်းကို ကြည့်ပြီးတော့လည်း သူတို့ ဝိုင်းသနားနေကြသည်။ အငြိမ်တန် အေးအေးဆေးဆေးနေတတ်သည့် ဖိုးထွန်း၊ အခုမှ ဒေါသယမ်းအိုးပေါက်ကွဲနေသည်။ ကျော်ပိန်တို့အဖွဲ့ကတော့ ဖိုးထွန်းကို အတင်းအကျပ် မပြောရက်ဘဲ ချော့မော့ကာ ခေါ်နေကြသည်။ နောက်ဆုံး ဘယ်သူမှ မထွက်လာမှဘဲ ပြန်ခေါ်သွား၍ရတော့သည်။

ဘွားညွန့်နှင့် ပတ်သက်၍ ခုတစ်လော ရွာထဲမှာ တစ်ယော[...] တစ်ပေါက် ဝေဖန်ပြောဆိုသံတွေ[...] မိုးမွှန်နေသည်။ ဘွားညွန့်သည် မြေ[...] စွဲလမ်းသည့် သံယောဇဉ်နှင့် မကျွ[...] မလွတ်ဘဝရောက်နေသည်ဟု [...] တော်တော်များများက လက်ခံထား[...] သည်။ မြင်သူတွေက မြင်ကြသ[...] အခြောက်အလှန့်ခံရသူတွေလည်[...] အခြောက်အလှန့်ခံရသည်။ သူတို့ပြေ[...] ဆိုနေသံတွေကား ကြောက်စရာ၊ ထိတ်[...] လန့်စရာကောင်းလှသည်။

"ဘွားညွန့်ကြီး မကျွတ်ဘူး [...] ထိပ် ခြပျက်ကြီးတွေကြားက သူ့[...] ကြီးမှာ ညဘက်ဆို မီးလုံးကြီးတွေ [...] တယ်။ အဲဒီမီးလုံးကြီးဟာ ဘွားညွ[...]

"အောင်ဘုတို့အဖွဲ့ ဖား[...] ထွက်တာ ရွာတောင်ပိုင်းအစွန်[...] အဘွားကြီးတစ်ယောက် ဆံပင်ဖား[...] ချပြီး ငုတ်တုတ်ကြီး ထိုင်နေတာ [...] သတဲ့"

"ဝင်းလွင်တို့အဖွဲ့ ထင်းတိုက်[...] တောထဲက ပြန်လာတာ၊ လမ်းမှာ [...] ရှုတ်တာနဲ့ အပြန် မိုးတော်တော်[...] သွားတယ်။ မိုးချုပ်စ အမှောင်ထဲ [...] လှည်းကို စမ်းပြီး မောင်းလာတာ [...] တောင်ပိုင်း ခြစပ်၊ ရွာစပ်နားရော[...] တော့ နွားတွေက နှာတရှုံးရှုံးမှုတ်[...] ရှေ့ဆက် မောင်းမရတော့ဘူးတဲ့။ [...] ဝင်းလွင်လည်း ကြက်သီးတဖျန်းဖျန်း[...] ပြီး ဘေးဘီကို မီးခြစ်ခြစ်ပြီး ရှာ[...] ဘွားညွန့်ကြီး ငုတ်တုတ်ထိုင်နေတာ[...] တွေ့သတဲ့။ လက်ထဲမှာ တုတ်ချော[...] တစ်ချောင်းနဲ့ ဖားပလိုင်းတစ်လုံးလည်[...] လွယ်ထားတယ်။ ဆံပင်ဖားလျ[...] ကြောက်စရာကြီးတဲ့တော်ရေ"

"ဟေ့ - ကလေးတွေ၊ ရွာ[...] ပိုင်းက ခြပျက်တွေထဲ သွား[...] နော်။ နင်တို့ကို တစ္ဆေ[...]ကိုက်မယ်။ ဘွ[...]





www.burmeseclassic.com

www.burmeseclassic.com

ကြီး ကုပ်ချီးစားလိမ့်မယ်"

သည်လိုနှင့် ရွာတောင်ပိုင်းအဖျား လူသူအရောက်အပေါက် အသွား လာနည်းပါးလာသည်။ ကြောက်ကြ ကြသည်။ လူကြီးတွေက အမျိုးမျိုး မကြောက်လန့်အောင် ဆုံးမကြ သော်လည်း အမျိုးသမီးများနှင့် ကလေး ငယ်များကတော့ ကြောက်လန့်နေကြ သော။ ရွာဦးကျောင်းဆရာတော်က ထွန်းခင်ကို ခေါ်တွေ့သည်။ ရဟန်း သာတွေကို ပင့်ဖိတ်ပြီး လျှုဖွယ်ဝတ္ထု ဆက်ကပ်ကာ အမျှအတမ်းပေး ပေးဖို့ ညွှန်ကြားသည်။ ဦးထွန်းခင် လည်း လက်ခံသည်။ ပြီးတော့ ဆရာ တော်ကို ပြန်လျှောက်သည်။

"တပည့်တော်ကတော့ အလှူ တန်းပေးပြီး အမျှဝေချင်တာ ကြာပါ ဘုရား။ ဒါပေမယ့် တပည့်တော်သား ထွန်းက ဒီကိစ္စကို လက်မခံဘဲ ကြောက်အကန် ငြင်းနေပါတယ် ဘုရား။ နောက်ဆုံး တပည့်တော်တို့ မယား သူကို အကြောက်အကန် ပြောင်းဖျဆုံးမတော့ သူက ရက်တယ် ပြီး ကြိတ်ဝိုရှာတယ် ဘုရား။ ပြီးတော့ ကိစ္စကို သူကိုယ်တိုင် စုံစမ်းဖော်ထုတ် စေဆိုပြီး ခွင့်တောင်းတယ်။ အချိန် တစ်ပတ်ပေးပါတဲ့။ တစ်ပတ်အတွင်း စုံစမ်းလို့ ဒီကိစ္စဟာ ဟုတ်မှန်နေရင် ကြီးတွေ ကြိုက်သလို စီမံ၊ သူ နာခံ မယ်တဲ့ ဘုရား။ မဟုတ်ရင်တော့ တစ်ရွာလုံးကို မီးလောင်တိုက်သွင်းမယ် ပြီး အဘွားချစ်တဲ့ဇာနဲ့ မိုက်ဂုဏ်ပြ ပါတယ် ဘုရား"

"အိမ်း…လူငယ်တွေရဲ့ စိတ်က သည်း ခက်သားလားကွယ်။ ဒီကိစ္စက ကာလေး ဖိုးထွန်းကိုလည်း အပြစ်ဖို့ မရသေးဘူးကွဲ့ ဒကာကြီးရဲ့။ သူ မှာလည်း အမိအဖလို ချစ်ရလွန်းရှာ တဲ့ အဘွားမဟုတ်လားကွဲ့။ ဒီတော့ စိတ်မကောင်းဖြစ်ရှာမှာပေါ့ကွယ်"

"တင်ပါ့ ဘုရား။ ဘုရားတပည့် တော်ကတော့ တစ်ပတ်အတွင်း မြန်မြန် သာ အဖြေပေါ်စေချင်တယ် ဘုရား။ ဒါမှ အဒေါ်အတွက်လည်း အမျှအတန်း ပေးဝေ၊ သားလေးကိုလည်း အိမ်ပြန်ခေါ် ရမှာမဟုတ်လား ဘုရား"

"အေးကွယ်၊ ဒီကိစ္စက အဖြေ ပေါ်မှာပါကွယ်။ သွားလေသူဟာ အိမ်နဲ့ မြေးကို တွယ်တာစွဲလမ်းတဲ့စိတ်နဲ့ မကျွတ်မလွတ်ဖြစ်နေရှာတာ ထင်ပါရဲ့ ကွယ်။ ဦးဇင်းဆန္ဒကတော့ အမြန်ဆုံး အလှူဒါနပြု၊ သွားလေသူအမည်ကို ခေါ်ပြီး အမျှအတန်းပေးဝေစေချင်တာ ပဲ"

"တင်ပါ့ ဘုရား။ တပည့်တော် အရှင်ဘုရားလမ်းညွှန်မှုအတိုင်း လိုက် နာပါ့မယ် ဘုရား"

"သာဓုကွယ်၊ သာဓု…သာဓု"

(၄)

ညောင်သာယာရွာ၏ နေဝင်ရီ တရော ဆည်းဆာအလှအောက်တွင် ရွာတောင်ပိုင်း ထန်းတောကြီးက လှချင်တိုင်း လှပနေသည်။ ထန်းတော ကြီးထဲတွင်တော့ ဖိုးထွန်းတို့ လူငယ် တစ်သိုက် ထန်းရည်ခါးတွေကို တစ်ကျိုက်ပြီး တစ်ကျိုက်မော့နေကြ သည်။ အရိုန်ကလေးကလည်း ရနေ ကြတော့ စကားသံတွေက ကျယ် လောင် ကျယ်လောင်။ ဘေးနားတွင် လည်း ထန်းရည်အိုးတွေက ပုံထပ်နေ သည်။ ငါးအိုးထက်မနည်းသော ထန်း ရည် လေးလုံးဝင်အိုးများကို ကြည့်ခြင်း အားဖြင့် သူတို့ အတော်မူးနေပြီဖြစ် ကြောင်း ခန့်မှန်း၍ရသည်။ ထိုစဉ် ရွာ ထဲ လမ်းမဆီမှ မိန်းကလေးငယ် တစ်ယောက် ဗန်းကလေးရွက်ကာ ထွက်လာနေသည်ကို သူတို့ ခပ်ရေးရေး မြင်ကြရသည်။ အနားရောက်မှ သေသေ ချာချာကြည့်တော့ ဟိုဘက် တစ်ရွာ ကျော်က "မငွက်"ဆိုတဲ့ ကောင်မလေး။ ကောင်မလေးက တစ်ရွာကျော်က တံငါသည် ဖိုးတိုးရဲ့ သမီး။ သည်လိုပဲ၊ သည်ရွာမှာ ငါးစိမ်းတို့၊ ဖားတို့ လာ ရောင်းနေကျ။ သူ့အသက်က ၁၃နှစ် လောက် ရှိနေပြီ။ ဒါပေမယ့် ကလေး စိတ်မကုန်ဘဲ ရှုးပေါ်ပေါ်လေးဖြစ်နေရှာ ၏။ သို့သော် ဈေးရောင်း ဈေးဝယ်တော့ အလွန်လည်သည်။ လျင်သည်၊ တဖြည်း ဖြည်းနဲ့ ဖိုးထွန်းတို့နား ထိုကောင်မလေး ရောက်လာသည်။

"ဟေ့ - ကောင်မလေး၊ နေဝင် မိုးချုပ်ကြီး ဘယ်က ပြန်လာတာလဲ"

ဖိုးထွန်း၏ အသံကြားတော့ ကောင်မလေးက သူတို့အဖွဲ့ကို ဘုကြည့် ကြည့်သည်။ ကောင်မလေးပုံကို ကြည့် ရတာ ဖိုးထွန်းတို့အဖွဲ့ကို သိပုံမပေါ်။ ကြောက်လန့်ပုံလည်း မပေါ်။

"ဟေ့ - ကောင်မလေး၊ မေးနေ တာ မကြားဘူးလား။ ဘယ်က ပြန်လာ တာလဲလို့"

"တော်တို့ကလည်း မျက်လုံး မမြင်ဘူးလား။ ငါးသည်ပဲတော့၊ ငါးဖား ရောင်းပြီး ပြန်လာတာပေါ့"

"တယ်…ဒီကောင်မလေး၊ လူ ကြီးတွေက အကောင်းမေးတဲ့ဟာကို။ မိုးချုပ်နေပြီ ပြန်ရော ပြန်ရဲ့ရဲ့လား။ ဒါနဲ့ ငါးကရော ရောင်းကောင်းရဲ့လား။ အခု ရော ကုန်ပြီလား"

ကျော်ပိန်က နှမလေး တစ် ယောက်ကို အစ်ကိုကြီးတစ်ယောက်က မေးသည့် လေသံမျိုးဖြင့် မေးသည်။ ကောင်မလေးက အသံစာစာလေးဖြင့်-

"ရောင်းမကောင်းပါဘူး တော် ရယ်။ ဒါပေမယ့် ရွာထိပ်က ခြံကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရင်တော့ အဘွားကြီးတစ်ယောက် ထွက်,ထွက်ဝယ်တတ်တယ်။ ကုန်တာပဲ တော်ရေ။ မနေ့ညနေကလည်း လှောင်ထားတဲ့ ဖားတွေ လာထုတ်ရောင်းတာ ရွာထဲမှာ သိပ်မရောင်းရပါဘူးတော်၊ အဲ - ရွာထိပ်လည်း ရောက်ရော ကျန်နေတဲ့ ငါးဆယ်သားလောက်ကို သူမြေးစားဖို့ဆိုပြီး အကုန်ဝယ်တော့တာပဲ။ ပေးတော့လည်း ပိုက်ဆံက အသစ်ကလေးတွေ"

ကောင်မလေး စကားမဆုံးခင်မှာပဲ ဖိုးထွန်းက ဒေါသတကြီးနဲ့ ထအော်သည်။

"ဟိတ်…ကောင်မလေး။ တော်-ပေါက်ကရစကားတွေ လျှောက်မပြောနေနဲ့။ ရှုကြောင်ကြောင်နဲ့။ ငါ လည်ပင်းထညှစ်လိုက်ရင် သေတော့မယ်"

"ဟုတ်တာ မှန်တာ ပြောတာဘာဖြစ်လဲတော်"

"မပြောနဲ့ဆိုတာကို ဆက်ပြောတယ်၊ ကဲ - သေပေတော့"

ဖိုးထွန်းက ဒေါသတကြီးနဲ့ ကောင်မလေးကို ခုန်အုပ်လိုက်သည်။ မျက်လုံးက မီးဝင်းဝင်းတောက်လျက်။ ကျော်ပိန်နှင့် ကြူထွေးတို့က ဘေးနှစ်ဖက်မှ ဝိုင်းချုပ်ထားသဖြင့် မအုပ်မိ။ ချုပ်ထားလျက်မှပင် ကျော်ပိန်က -

"ဟေ့ - ကောင်မလေး။ မိုးချုပ်နေပြီ၊ ပြန်တော့။ ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ လျှောက်မပြောနဲ့ ကြားလား။ ကဲ - ပြန်…ပြန်၊ မြန်မြန်ပြန်တော့၊ ကြာရင် နင်လွယ်မှာ မဟုတ်ဘူး"

ဖိုးထွန်းကတော့ အကြီးအကျယ် ဒေါသဖြစ်လျက်။ မူးနေတာတွေလည်း ပျောက်ကုန်ပြီထင်ပါရဲ့လေ။ ကျော်ပိန်ကတော့ လေပြေလေးနဲ့ ချော့ရှာသည်။

"ဖိုးထွန်းရယ်… မင်းစိတ်ကို လျှော့ပါကွာ သူငယ်ချင်းရယ်။ ဒေါသရှေ့ထားရင် မှားမှာပေါ့ကွ"

"ကျော်ပိန်နဲ့ ကြူထွေးရယ်… ဟုတ်ပါပြီကွာ၊ သေချာနေပါပြီကွာ။ ဟိုကောင်မလေးပြောတာ ဟုတ်မှာပါ။ အပဟီး…အဘွားရယ်၊ အဖြစ်ဆိုးလှချည်လား။ ဒီလောက်တောင်ပဲ သားကို ချစ်ရသလားဗျာ၊ အီး…ဟီးဟီး"

ဖိုးထွန်းတစ်ယောက် ပြောရင်းနဲ့ ချုံးပွဲချ ငိုလေပြီ။ ဟိုနှစ်ကောင်ကတော့ ဖိုးထွန်းကို ကြည့်ပြီး အံ့အားသင့်နေကြသည်။ ဖိုးထွန်း ဘာတွေဖြစ်နေပါလိမ့်ဟု တွေးနေကြသည်။ ကျော်ပိန်က မေးခွန်းထုတ်သည်။

"ဘာဖြစ်လို့ စိတ်တိုရာကနေပြီး ငိုရတာလဲ သူငယ်ချင်းရယ်။ ငါတို့ကို ပြောစမ်းပါဦး။ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးကွာ"

"ဟိုကောင်မလေး ပြောတာ မှန်တယ်ကွ။ ဟိုတစ်နေ့က ငါ အိပ်ရာထတော့ ခြံထဲမှာ အပုပ်နံ့တွေ လှိုင်နေတယ်။ ခြံထဲမှာ လိုက်ရှာတော့ နောက်ဖေးက ကုက္ကိုပင်ကြီးခြေရင်းမှာ ဖားပုပ်တွေ တွေ့တယ်ကွ။ ဒီလိုမျိုးတွေ့တာ နှစ်ခါသုံးခါရှိပြီ။ ပြီးတော့ ငါမူးပြီး ခွေးကတက်မှာ လဲပြီး အိပ်ပျော်လည်း မိုးလင်းရင် အိပ်ရာထဲ ရောက်,ရောက်နေတတ်တယ်ကွ။ ငါ မသင်္ကာဖြစ်နေတာ ကြာပြီ။ အခုမှ တဖြည်းဖြည်းဆက်စပ်ပြီး တွေးမိတာကွ။ ဟုတ်နေပါပြီ။ ငါ့အဘွား မကျွတ်ဘူးဆိုတာ သေချာနေပြီ။ ဒီတော့ ငါ ဘာလုပ်ရမလဲ သူငယ်ချင်းတို့ရယ်။ အကြံဉာဏ်လေးဘာလေး ပေးပါဦးကွာ"

"ဟာ…ဖိုးထွန်းရယ်၊ ဒီကိစ္စ လွယ်လွယ်လေးပါကွာ။ ဆရာတော်ပြောသလို အလှူအတန်းပေးပြီး အမျှဝေလိုက်ရုံပေါ့ကွာ"

"အဲဒါဆို ငါ ဘာလုပ်ရမလဲ…

"မင်းအနေနဲ့ကွာ၊ လှူဖွယ်…

တွေ ဝယ်၊ ရဟန်း သံဃာတွေ…

လှူဒါန်းပြီး အမျှအတန်းပေးဝေ…

အဲဒီအခါ မင်းပေးတဲ့ အမျှကို…

အဘွား သာဓုခေါ်ပြီး ကောင်းရာ…

ရောက်မှာပေါ့ကွ"

"တကယ်လားဟင်၊ ဟော့…

တွေ…ကျော်ပိန်ပြောတာ အ…

လား"

"တကယ်အဟုတ်ပေါ့ကွ"

"အေး၊ ဒါဆို မနက်ဖြန်…

တော်နဲ့ တိုင်ပင်ပြီး လှူဖွယ်ဝတ္ထု…

ဝယ်ဖို့ မြို့တက်ကြတာပေါ့ကွာ"

"သိပ်ကောင်းတဲ့ အစီအစဉ်…

ဖိုးထွန်းရယ်။ သာဓုကွာ၊ သာဓု…

သာဓု"

ညောင်သာယာ ထန်းတော…

ထန်းသမားလေးများ၏ သာဓုခေါ်…

အတူ နေလုံးကား အနောက်အရပ်…

တိတ်တခိုး ငုပ်လျှိုးပျောက်ကွယ်ခဲ့…

ပြီတကား။

* * *

မင်းမြတ်အုန်း(ညောင်…





www.burmeseclassic.com

www.burmeseclassic.com

# အဆင်ထူး လုံးကြီးတင် ပီယနှတ်ငုံလက်ပွဲ အစီအရင်

ဓအးရွှေ (ဖိုးကုန်း)

ဤထဆင်ထူး လုံးကြီးတင် ထီမထင်တဲ့ ရွှေကျောင်းအမည်ရှိသော ပီယနှတ်ငုံ လက်ပွဲအစီအရင်ကို စာရေးသူ ခင်ရေးသားခဲ့သည့် မှတ်စုစာအုပ်တစ်အုပ်မှာ တွေ့ရသည်။ ခေါင်းစဉ်၌ အထက်ပါအတိုင်း ရေးသားပြီး မှတ်ချက်နောက်၌ "ဤနှတ်ငုံလက်ပွဲမှာ မိမိအား သတ်ရန် လာသူပင် ကျော်နက်ချရသော အဆောင်ကောင်းတစ်ခုဖြစ်သည်။ ခင်တွေ့"ဟု ရေးသားထားသဖြင့် ဆက်လက်ဖတ်ရှုကြည့်ရာ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရ၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ၌ နိုင်ငံတစ်ဝှမ်း မငြိမ်သက် ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ခဲ့သည်။ သောင်းကျန်းသူများတို့၏ ဒဏ်ကို ခံခဲ့ကြရသည်။ လွတ်လပ်ရေးရပြီးသည့်အချိန်မှစပြီး နယ်စားပယ်စား စစ်ဘုရင်တွေ၏ အောက်၌ နေထိုင်ခဲ့ကြရသည်။ ၎င်းတို့၏ ညှင်းပန်းနှိပ်စက် သတ်ဖြတ်မှုတွေကို ပြည်သူတွေ အလူးအလဲခံခဲ့ကြရသည်။ ခိုးသားဓားပြတွေလည်း အလွန်ထူပြောခဲ့သည်။ နိုင်ငံရေးပါတီတွေသည်လည်း သူ့လူ ငါ့လူဖြင့် ပါတီနိုင်ငံရေးစွဲတွေ၊ ဝါဒစွဲတွေနှင့် ခြားကာ တပည့်မွေး၊ ဆရာမွေးစနစ် ထူထောင်ခဲ့ကြသည်။ မြင်ကျဉ်းမြောင်းသည့် လက်နက်ကိုင်တပ်ဖွဲ့တွေကို သိမ်းသွင်းကာ ခါးပိုက်ဆောင်တပ်ဖွဲ့အဖြစ် အသုံးချခဲ့ကြသည်။ တိုင်းပြည်က နုနယ် မှန်တိုင်းက ထန်ထန်ဆိုသောအချိန်ဖြစ်သည်။

ထိုအချိန်က ဤစာရေးသူ၏ တူတော်မောင်တစ်ယောက်မှာ ပြောက်ကျားခေါင်းဆောင်အဖြစ်မှ နိုင်ငံရေးပါတီတစ်ခုအတွင်း ကူးပြောင်းပြီး ပါတီနိုင်ငံရေးလုပ်နေသောအချိန်ဖြစ်သည်။ စာရေးသူသည် မည်သည့်ပါတီဝင်မှုမဟုတ်သော်လည်း တူတော်မောင်နှင့် ပတ်သက်၍ နိုင်ငံရေးပယောဂကောင်းဖြစ်လာခဲ့၏။ အခြား နိုင်ငံရေးပါတီများ၏ မျက်မုန်းကျိုးတ်ခတ် စွပ်စွဲခြင်းကို ခံခဲ့ရ၏။

တစ်နေ့ ပြည်သူ့လွှတ်တော်အမတ် မဲရွေးကြသည်။ ထိုမဲရွေးပွဲ၌ တူတော်မောင်က အပြတ်အသတ် အနိုင်ရလိုက်သည်။ သို့သော် ထိုမဲအနိုင်ရသောနေ့၌ပင်လျှင် တူတော်မောင်လည်း ရန်ကုန်ကို ထွက်ပြေးရသည်။ ဤစာရေးသူတို့ကိုလည်း အမတ်၏ ဘကြီး ဘထွေးများအနေဖြင့် အဖမ်းခံခဲ့ရသည်။ တရားဝင် ဥပဒေတစ်ခုခုဖောက်ဖျက်၍ ရာဇဝတ်ကြောင်းအရ အဖမ်းခံရခြင်းမျိုးမဟုတ်ဘဲ နိုင်ငံရေးပါတီကြီးတစ်ခု၏ ခါးပိုက်ဆောင်တပ်(တရားဝင် လက်နက်ကိုင်အဖွဲ့)မှ လူမသိသူမသိ ဖမ်းဆီးခံရခြင်းဖြစ်သည်။ ဤသို့ အဖမ်းခံရရာ၌ တူတော်မောင်၏ ဦးနှစ်ယောက်နှင့် ယောက်ဖတစ်ယောက်လည်း ပါ၏။ ထိုဖမ်းဆီးသော တပ်ဖွဲ့၏ ခေါင်းဆောင်မှာ "မယင်းခြောက်ရွာ"မှ ဗိုလ်အောင်ညွှန့် ဆိုသူဖြစ်ကြောင်း နောက်တော့ သိရသည်။

စာရေးသူတို့ကို ရုံးဂါတ်သို့ ခေါ်ခြင်းမဟုတ်ဘဲ တောရွာတစ်ရွာသို့ ခေါ်ခဲ့ကြသည်။ ထိုဖမ်းဆီးခံရခြင်းကြောင့်ပင် အမတ်ဖြစ်သူ တူတော်မောင်၏ ညီနှစ်ယောက်နှင့် ယောက်ဖတစ်ယောက်တို့ ပြန်လမ်းမဲ့ခဲ့ကြရသည်။

စာရေးသူကိုလည်း အထွေအထူး စစ်ဆေးမေးမြန်းမှု မပြုဘဲ လက်ပြန်ကြိုးတုတ်၍ ရွာပြင် ကိုင်းတောထဲ ဆွဲခေါ်ခဲ့ကြ၏။ ကိုင်းတောစပ်ရောက်သည်နှင့် ၎င်းတို့ချင်း တီးတိုးတီးတိုးစကားပြောကာ လက်နက်ကိုင် သုံးယောက်နှင့် စာရေးသူကို ထားခဲ့ပြီး ဗိုလ်အောင်ညွှန့်ဆိုသူနှင့် ကျန်အဖွဲ့က ရွာဆီပြန်သွားကြသည်။

စာရေးသူလည်း မိမိအား သူတို့ ဘာလုပ်မည်ကို သိနေသည်။ ထိုအချိန်က နိုင်ငံရေးပါတီများနှင့် ဆက်နွှယ်နေသူများ(တရားမဝင်) အဖမ်းခံရပါက ဘာလုပ်သည်၊ ဘာဖြစ်တတ်သည်ကို အတတ်သိနေသောကြောင့်ဖြစ်၏။ ထို့ကြောင့်ပင် ဘုရား၊ တရား အာရုံပြု၍ မည်သည့်စကားမျှမဆိုဘဲ ၎င်းတို့ ဆွဲခေါ်ရာနောက် လိုက်ခဲ့သည်။

ကိုင်းတောထဲရောက်သည်နှင့် စာရေးသူအား ၎င်းတို့ သုံးယောက်ထဲမှ အသက်ကြီးကြီး လူတစ်ယောက်က ဝေဖန်သလိုလိုနှင့်...

"ဦးရီးကို ကြည့်ရတာ နိုင်ငံရေးသမားတော့ မဟုတ်လောက်ပါဘူးနော်"

ဟု မေးသည်။

"မဟုတ်ပါဘူး ဗိုလ်ကြီးရယ်။ ကျုပ်တို့က လူကောင်းတွေပါ"

စာရေးသူလည်း ကြောက်ကြောက်လန့်လန့်ဖြင့် ဖြေ



www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။ ထိုအခါ ထိုသူက ရယ်မောရှ်...

"ဘာလဲ၊ ဒါဆို နိုင်ငံရေးသမားတွေက လူကောင်း မဟုတ်ဘူးလို့ ဦးရီးဆိုချင်တာလား"

"မ...မဟုတ်ပါဘူး ဗိုလ်ကြီးရာ။ အဲဒီလို မဟုတ်ပါဘူး။ ကျုပ်တို့က တောမှာ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးရာအေးကြောင်းနေတာကို ပြောတာပါ"

ဟု စာရေးသူက ပျာပျာသလဲ တောင်းပန်လိုက်သည်။

"ကျုပ်တို့ သိပါတယ်ဗျာ။ ဘယ်သူ မကောင်းဘူး၊ ဘယ်သူ ကောင်းတယ်ဆိုတာ"

ထိုသူက စကားဆုံးသည်နှင့် စာရေးသူအား တုပ်ထားသော ကြိုးများကို ဖြေပေးကာ...

"ကဲ - သွားတော့။ ကျုပ်တို့ ဦးရီးကို လွှတ်ချင်လည်း ရတယ်၊ သတ်ချင်လည်း ရတယ်။ ဒါကြောင့် ဦးရီးကို ကျုပ်တို့ လွှတ်လိုက်တယ်"

ဟု ပြော၍ လွှတ်လိုက်သည်။

ဤသည်မှာ ကန္တလီကျောင်းဆရာတော် ပြုလုပ်ပေးထားသော ပီယနှုတ်ဝှလက်ဖွဲ့၏ အစွမ်းကြောင့်ပင်ဖြစ်ကြောင်း စာရေးသူ ယုံကြည်လိုက်၏။ ထိုအချိန်က လက်ဖွဲ့ကိုလည်း စာရေးသူ ငုံထားသည်။

◆◆◆

နောက်ဖြစ်ရပ်တစ်ခုမှာလည်း မြေယာကိစ္စများနှင့် မကျေမနပ်ဖြစ်နေသော ရွာထဲမှလူတစ်ယောက်သည် တစ်ညနေ စာရေးသူ ဘုန်းကြီးကျောင်းက အပြန်၊ သတ်ရန် ဓားကြီး တောင်ဓားကိုင်၍ လမ်းမှာ စောင့်နေသည်။ စာရေးသူကို မြင်သည်နှင့် ပုန်းကွယ်ရာမှ ဓားမိုး၍ ထွက်လာ၏။ သို့သော် စာရေးသူ အနားရောက်သည်နှင့် ဓားကို ချ၍ သူမှားကြောင်း၊ ယခုလို ကြံစည်မိသည်ကို ခွင့်လွှတ်ဖို့အကြောင်း တောင်းပန်သွားလေသည်။ ဤသည်တို့မှာ ကိုယ်တွေ့၏ အဖြစ်များဖြစ်၏။

စာရေးသူအား ပီယနှုတ်ဝှလက်ဖွဲ့ စီရင်ပြုလုပ်ပေးသည့် ဆရာတော်က "ဤလက်ဖွဲ့မှာ ထဆင်ထူးအစီအရင်ဖြစ်ပြီး ပီယအရာ၌ သူမတူအောင် စွမ်းကြောင်း၊ မိမိကို သတ်ရန် လာသူပင် ဖြစ်လင့်ကစား၊ မေတ္တာထား၍ လက်နက်ချရကြောင်း" မိန့်ခဲ့သည်။

အထက်ပါ အကြောင်းအရာတို့မှာ စာရေးသူ၏ ဖခင် ရေးခဲ့သည့် မှတ်စုစာအုပ်ထဲမှ "ထဆင်ထူး လုံးကြီးတင် ထီမထင်တဲ့ ရွှေကျောင်းသား" အမည်ရှိ ပီယနှုတ်ငုံလက်ဖွဲ့နှင့် ပတ်သက်၍ မှတ်တမ်းဖြစ်၏။

◆◆◆

အောက်တွင် ဖခင်၏ မှတ်စုစာအုပ်ပါအတိုင်း ဆက် လက်၍ တင်ပြအပ်ပါသည်။

ဤလက်ဖွဲ့ကို စနေဆန်းသောလ၏ အဝင်နက္ခ ကြိမ်သောနေ့၌ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး သီလတစ်မျိုးမျိုး ဆောက်တည်ပြီး ရွှေပြား ငွေပြားတစ်ခုခု၌ "ကကြီး" အထက်၊ "ယ-ပက်လက်"ကို အောက်ထား၍ အောက် ပါပုံအတိုင်း ထဆင်ထူးနှင့် တူအောင် ပိုင်းပိုင်းလုလုရေး ထို့နောက် "ဣ"နှင့် "န"ကို ထဆင်ထူးအတွင်း၌ ထ ထဆင်ထူး၏ လက်ဝဲ "င"အက္ခရာကို ရေး၍ လက်ယာ ၌ "ခ"အက္ခရာကို ရေးကာ "င"နှင့် "ခ"ကို လုံးကြီး ဆံခတ်ဖြစ်အောင် ထဆင်ထူး၏ အပေါ်မှ ပုံပါအတိုင်း အောင် သေချာစွာ တင်ရေးရမည်။

(မှတ်ချက်။ ယင်းသို့ရေးရာ၌ ဆောင့်ကြောင့် နူးထောက်ထိုင်၍ ဘယ်ဘက် ဖနောင့်က ပုရွက်ဆိတ် ကို ပိတ်၊ ညာဘက် ဖနောင့်က မိမိအိုးရကို ပိတ်ပြီး မပြီး အသက်အောင့်ရေးရမည်။ ထို့နောက် ထိုအနေအ အတိုင်း ထိုင်လျက်ပင် လက်ဖွဲ့ကို လိပ်၍ ဘုရားဂုဏ် ၃၇အုပ် စုတ်ရမည်။ နောက် အောက်ပါ အနှီးမန္တ သုံးကြိမ်နှိုးရမည်။

**အနှီးမန္တန်**

"ဥုံ... ထဆင်ထူး လုံးကြီးတင်၊ ထီမတင်တဲ့ ကျောင်းသား၊ ထဆရာ ထ၊ ကြွဆရာ ကြွ"

ထိုသို့ နှိုးပြီးပါက အသင့်နှုတ်၌ငုံ၍ဆောင်နိုင်ပြီဖြစ်

**လက်ဖွဲ့ပုံစံ**



ထိုထဆင်ထူး ပီယနှုတ်ငုံ လက်ဖွဲ့၏ အစွမ်းကာ ဆိုဖွယ်ရာမရှိပြီ။ ကိုဋ္ဌိသျှိ၊ ရာဇသျှိ၊ သဗ္ဗသျှိ၊ သျှိသုံးပါး အပြီးထိုင်၏။ သစ္စာရှိစွာဖြင့် စီရင်ပြုလုပ်၍ ဆောင်ထားကြ လေ။

(အထူး အမှာထားမှာ သူတစ်ပါး၏ ဇနီးမယားအား ပြစ်မှားကျူးလွန်လျှင် ရှုံးတတ်သည်။)

မေတ္တာအစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။




www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရသိဒ္ဓိဝင် ကျောက်အမြုတေများနှင့် အဆောင်ကောင်းတစ်ခု

ရောမြေ ကျော်ဝေ



ဂမ္ဘီရဆန်သော ကျောက်ဂူ(ခေါ်) ကျောက်ကြက်ဥနှင့် ကျောက်လိပ်(၂)ကောင် ဖိုနှင့်မပုံ

ကျွန်ုပ်တို့ လူသားများသည် ဂမ္ဘီရဆန်စွာ ဆန်းကြယ် ည် ကျောက်ဖြစ်ရုပ်ကြွင်းများကို မြတ်နိုးစွာ အဆောင်အဖြစ် ကြသည်ကို ရှေးဟောင်းလူကြီးများမှ လက်ဆင့်ကမ်း အဖြစ် သားသမီးမြေးမြစ်အဆက်ဆက်တိုင်အောင် သိမ်း ထားကြသည်ကို သိရှိခဲ့ရသလို၊ ကိုယ်တွေ့ မျက်မြင် ကြုံတွေ့ခဲ့ရဖူးပါသည်။ မြတ်နိုးသူတို့က သိဒ္ဓိဝင်ပစ္စည်း ကြပါသည်။ အဆောင်ဟူသည်မှာ ဆောင်ကောင်းခြင်း ာင်ကောင်းခြင်းကို အချို့ မသိရှိကြပါ။ ဂမ္ဘီရပညာတတ် သော ရှေးဆရာတော်ကြီးများနှင့် ပညာလိုက်စားသော လူကြီးအချို့တို့သာလျှင် သိရှိကြပါသည်။ လာဘသိဒ္ဓိ၊ မေသိဒ္ဓိ၊ ပီယသိဒ္ဓိအဖြစ် အဆောင်ကို ယုံကြည်သူတို့က ဆောင်ကြ ခြင်းပါ။ ဆရာတော်ကြီး ဦးသုန္ဒရက စာရေးသူကို ပြောဖူးပါ သည်။


“ဒကာကြီး…အဆောင်ဆိုတာ သက်မဲ့ရုပ်ကြွင်းပါ။ များသောအားဖြင့် သတ္တဝါတွေက ဖြစ်ပေါ်လာတဲ့ သဋ္ဌာန် တွေက ကျောက်ဖြစ်ပြီး ထူးဆန်းပေါ်ပေါက်လာတာပါ။ မိမိ နှစ်သက် မြတ်နိုးတဲ့ ဥတို့၊ လိပ်၊ ဖား၊ ငှက်ပုံသဏ္ဌာန် အစ ရှိတဲ့ သတ္တဝါအမျိုးမျိုးရဲ့ အမြုတေ ကျောက်တွေကို ရှေးရှေး



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ထားရုံနှင့် သိဒ္ဓိမမြောက်ပါဘူး။ မြတ်စွာဘုရားရှင်ရဲ့ ပရိတ်မြတ်တို့၊ ဂါထာမန္တန်တို့ကို တတ်သိနားလည်တဲ့ ဆရာဘုန်းကြီး (သို့မဟုတ်) လူ့ဆရာများက ရွတ်ဖတ်သရဇ္ဈာယ်ပြီးမှ အသက်ဝင်ပြီး သိဒ္ဓိထူးလို့ အဆောင်က စွမ်းတယ်လို့ ခေါ်ဆိုတာပါ။ ယခု ဒကာကြီးလက်ဝယ်မှာ ရှိတဲ့ ကျောက်ကြက်ဥကလေးက တစ်ဝက်က အနှစ်ပြည့်သလို၊ တစ်ဝက်က အရေကြည်စာတ်တွေနဲ့ သဘာဝက ဖြစ်ပေါ်လာတဲ့ ကျောက်အမြုတေလေးပါ။ သာမန်ကြည့်ရင်တော့ မြစ်သဲ



ဦးခေါင်းဝင်နေသော ကျောက်လိပ်ဖိုနှင့် ဦးခေါင်းထွက်နေသော ကျောက်လိပ်မ၊ အပေါ်ဆုံးမှကျောက်ကြက်ဥ

ကျောက်ကလေးတစ်လုံးပါပဲ။ ဒါပေမယ့် ဂန္ဓာရသိဒ္ဓိပညာနှင့် ကြည့်ရင်တော့ ထူးဆန်းတဲ့ ကျောက်ကလေးတစ်လုံးပေါ့"

"မှန်ပါ့ဘုရား။ ဒီကျောက်ကြက်ဥကလေးက တပည့်တော်ရဲ့ မြေးမလေး မစုလင်းထက် ချောင်းသာက ရခဲ့တဲ့ ကျောက်ကလေးပါ ဘုရား။ ဟောဒီက လိပ်ဖိုအညိုရောင်လေးက ဦးခေါင်း အထဲဝင်နေတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းကလေးပါ ဘုရား။ ဒီကျောက်လိပ်ကလေးက တပည့်တော်ရဲ့ မြေးငယ် မောင်ဘုန်းမြတ်ပိုင်က တပည့်တော် အိမ်ခြံစည်းရိုးအုတ်တံတိုင်းလုပ်တုန်းက ကျောက်ပုံထဲက ရတာပါ ဘုရား။ တစ်ဆက်တည်းပါပဲ၊ တပည့်တော်ကလည်း မနေနိုင် မထိုင်နိုင် ဝါသနာအရ ကျောက်ပုံကို ရွေးကြည့်ရာက ဦးခေါင်းထွက်နေတဲ့ လိပ်ကလေးနဲ့ သဏ္ဍာန်တူ ကျောက်လိပ်ကလေးကို

လည်း ရပါတယ် ဘုရား။ တပည့်တော် ဆောင်သင့် မဆော... သင့် အရှင်ဘုရားကို ပြကြည့်တာပါ ဘုရား"

"ဒကာကြီးကလည်း ဆောင်ကောင်းပါတယ်။ ဒါပေမယ့် ငါးပါးသီလကိုတော့ လုံခြုံအောင် ထိန်းပါ ဒကာကြီး။ ဒကာ... ကြီး သိဒ္ဓိတင်ရမှာက စတုမဟာရာဇ်နတ်မင်းကြီး လေးပါး... ဂါထာတော်ကို ကိုးကြိမ်ရွတ်ပြီး မြတ်စွာဘုရားရှင်ရဲ့ မေ့... တရားတော်ကို ဘုရားရှိခိုးတိုင်း နေ့စဉ် ရွတ်ဖတ်ပေးခြင်း... သိဒ္ဓိပြီးမြောက်မှာပါ။ ဘုန်းကြီး ပါဠိနဲ့ အနက်အဓိပ္ပာယ်... ပါ ရေးပေးလိုက်ပါ့မယ်"

ဆရာတော်ကြီး ဦးသုန္ဒရ ရေးပေးလိုက်သော ဂါထာ... တော်နှင့် မေ့စကြာ ဘုရားရှိခိုးကို စာရှုသူတို့အတွက် ဖော်... သားဖော်ပြလိုက်ပါသည်။

**နတ်မင်းကြီးလေးပါးဂါထာ**

ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠကော၊
ပစ္ဆိမေန ဝိရူပက္ခေါ၊ ကုဝေရာ ဥတ္တရံဒိသံ၊
စတ္တာရောတေ မဟာရာဇာ၊ လောကပါလာ ယသဿိနော၊
တေပိအမှေ့ နုရက္ခန္တု၊ အရောဂေန သုခေနစ။

**ဂါထာတော်၏ အနက်**


ပုရတ္ထိမေန - အရှေ့အရပ်၌၊ ဓတရဋ္ဌော - ဓတရ... မည်ရ ကျော်ပအီးနတ်မင်းကြီးသည်၊ ဒက္ခိ - ရှိ... ဒက္ခိဏေ...



www.burmeseclassic.com

www.burmeseclassic.com

တောင်အရပ်၌၊ ဝိရူဠှကော - ဝိရူဠှကမည်ရ ကျော်ပဲ့နတ်မင်းကြီးသည်၊ အတ္တိ - ရှိ၏။ ပစ္ဆိမေန - အနောက်အရပ်၌၊ ဝိရူပက္ခော - ဝိရူပက္ခမည်ရ ကျော်ပဲ့နတ်မင်းကြီးသည်၊ အတ္တိ - ရှိ၏။ ဥတ္တရဒိသံ - မြောက်အရပ်၌၊ ကုဝေရော - ကုဝေရမည်ရ ကျော်ပဲ့နတ်မင်းကြီးသည်၊ အတ္တိ - ရှိ၏။ စတ္တာရော - လေးယောက်ကုန်သော၊ တေမဟာရာဇာ - ထိုနတ်မင်းကြီးတို့သည်၊ လောကပါလာ - လောကကို အစဉ်စောင့်ရှောက်တတ်ကုန်သော၊ ယသာသသီနော - များသောအခြံအရံရှိကြကုန်၏။ တေပိ - ထိုလောကပါလမည်ရ



ထူးခြားဆန်းကြယ်သည့် သိဒ္ဓိဝင် ဂမ္ဘီရပစ္စည်းများ

ကျော်ပဲ့နတ်မင်းကြီး လေးယောက်တို့သည် လည်း၊ အမေ့တို့ကို၊ အရောဂေန - အနာရောဂါကင်းရှင်း ကျန်းမာစေခြင်းဖြင့် လည်းကောင်း၊ သုခေနစ - ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းသာစေခြင်းဖြင့် လည်းကောင်း၊ အနုကမ္ပန္တု - အစဉ်စောင့်ရှောက်ကြပါစေကုန်သတည်း။

**ဓမ္မစကြာဘုရားရှိခိုး**

ဘိက္ခုနံ ပဉ္စဝဂ္ဂီနံ၊ စက္ကံ ဒေသယိမာရဇိ၊
နိသိန္နောယပတိဋ္ဌာနမှိ၊ ထုပံဝန္ဒာမိ တဂ္ဂိတံ။

**ဓမ္မစကြာဘုရားရှိခိုးအနက်**

အပဲ-ခန္ဓဝင်းခု ရုပ်နာမ်အစုကို၊ နာမသမုတ် အကျွန်ုပ်သည်၊ မာရဇိ - မြတ်ဗောဓိပလ္လင်ပြန်ဝယ် ငါးအင်မာန်ဆိုးအယုတ်တို့ကို ပယ်ချိုးခုတ်ထွင် အောင်မြင်တော်မူပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ယပတိဋ္ဌာနမှိ - မိဂဒါဝုန် တောရဂုံဆိုတဲ့ အကြင်အရပ်၌၊ နိသိန္နော - နေမင်းအသွင် တင့်တယ်စွာ သီတင်းသုံးနေတော်မူလျက်၊ ပဉ္စဝဂ္ဂီနံ - ငါးဦးအရေ အတွက်ရှိကုန်သော၊ ဘိက္ခုနံ - သံသရာဝဋ်စခန်းမှ ကျွတ်လမ်းကို ရှာ၊ တောရပ်ထံ ပျော်အောင်းကြသည့် သူတော်ကောင်း ရဟန်းတို့အား၊ စက္ကံ - သစ္စာလေးချက် ဓမ္မစက်ဟု တရားရတနာ ယာဉ်စကြာကို၊ အဒေသယိ - ပဉ္စဝဂ်ထေရ်မဟာနှင့် တစ်ဆေယ့်ရှစ်ကုဋေသော နတ်ပြဟ္မာတို့ကို အမတာ ဖို့ရအောင် မချိုပင် ဟောကြားတော်မူခဲ့လေပြီ။

တဂ္ဂိတံ - ဓမ္မရတနာ ယာဉ်စကြာကို ဟောရာ ရှေးဘုံ မိဂဒါဝုန်၌ ကြည်ယုံသဒ္ဓါ ပူဇော်ရာဟု ကောင်းစွာ တည်ထားအပ်ထသော၊ ထုပံ - သုံးလူ့အဆွေ မြတ်စေတီ၏ သရီရေဓာတ် ကိန်းဝပ်ခိုလှုံ မိဂဒါဟုန်ဆိုတဲ့ စေတီတော်မြတ်ကြီးကို၊ ဝန္ဒာမိ - ဓမ္မစကြာဒေသနာကို သိလိုအားဖြင့် ဝပ်တွားရှိခိုးလိုက်ရပါ၏ အရှင်ဘုရား။

♦♦♦

လိပ်ဖို့ လိပ်မသည် ဗီယာအခေါင်ဖြစ်သဖြင့် မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

အပေါင်းအသင်းများ၏ ချစ်ခင်ခြင်းကို ခံစားရပါသည်။ ထိုနည်းတူစွာ လိပ်အမြီးတောကျောက်ကို ဆောင်ထားခြင်းဖြင့် စီးပွားလာဘ်လာဘများမှာလည်း တစ်ရှိန်ထိုး ထောင်တက်ခြင်း မရှိပါသော်လည်း ထိုလိပ်ကဲ့သို့ တဖြည်းဖြည်းချင်း ပန်းတိုင်သို့ တက်လှမ်းမည်မှာ မလွဲဧကန်ပါ။ ကျောက်ကြက်ဥကလည်း အကာက တစ်ဝက်၊ အနှစ်က တစ်ဝက်ဖြင့် ထူးခြားပုံမှာလည်း မိသားတစ်စုအတွက် ၅၂၈ မေတ္တာဟူသော နိုင်မြသည့် အကာက အချစ်၊ အနှစ်က မေတ္တာ သဘောတရားကို ဆောင်ပါသည်။ တစ်နည်းဆိုရပါလျှင်လည်း တစ်ဝက်တစ်ခြမ်းသင်္ကေတဟူသော ဂမ္ဘီရသဘောတရားဖြင့် ကြည့်လျှင် သာသနာတော်အတွက် တစ်ဝက်ကို လှူ၊ တစ်


သိလမြဲတဲ့သူအတွက်ကတော့ အဲဒါအဆောင်ကောင်းပါ...

ဟု စာရေးသူမှ ပြောလိုက်သည်။ မိတ်ဆွေ... သဘောကျစွာဖြင့်...

“ဒါ့ထက် ဂမ္ဘီရစာရေးဆရာကြီး...နှင့်ဆောင်းပါး...ကို မဂ္ဂဇင်းတွေမှာ ဖတ်ရတယ်။ ပညာပေးလေးတွေ...ရေးပါ။ တို့ အမြဲအားပေးပါ့မယ်”

ဟု ပြောဆိုပြီး စာရေးသူကို နှုတ်ဆက်၍ လိုရာ... သွားကြလေတော့သည်။

မိတ်ဆွေကြီး ဇော်ထက်ကလည်း သူ့ထံမှ သိ... ကျောက်များကို ဓာတ်ပုံရိုက်ပြီး စာရေးသူကို ဤဆောင်... နှင့်အတူ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းတွင် ဖော်ပြပေးပါရန် ...



ဝက်ကို စားဟု အဓိပ္ပာယ်ရပါသည်။

စာရေးသူ ယခု အသက် ၆ဝပင် ကျော်ခဲ့လေပြီ။ မိတ်ဆွေအပေါင်းအသင်းများနှင့် လမ်းတွင် တွေ့သောအခါ စာရေးသူကို မိတ်ဆွေများက -

“ဟေ့လူကြီး...ခင်ဗျားကတော့ ဂုသိုလ်ထူးတယ်။ ပင်စင်ယူပြီးသည့်နောက်မှာ လုလို့ ဝလို့ပါလား။ ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်ပဲဆိုတော့ ခင်ဗျားမှာ အဆောင်ကောင်းတစ်ခုတော့ ရှိလိမ့်မယ်ထင်တယ်။ ကျုပ်တို့ကိုလည်း အဆောင်ကောင်းလေးများရှိရင် ဝေငှပါဦးဗျာ”

ဟု ပြောသောအခါ စာရေးသူကလည်း...

“အဆောင်ကောင်းဆိုတာ လူတိုင်းမှာ ရှိပါတယ်ဗျာ။ ဗုဒ္ဓဘာသာဝင်ဟူသမျှ ရတနာသုံးပါးနဲ့ မိဘဆရာဂုဏ်ကျေးဇူးကို အထူးသိတတ်တဲ့သူအတွက်ကတော့ ထွေထွေထူးထူး ပြောစရာမလိုပါဘူး။ အဓိက,က အနန္တောအနန္တငါးပါးနဲ့ ငါးပါး

ဆိုပါသဖြင့် စာရေးသူကလည်း ဆောင်းပါးပါ ဓာတ်ပုံများ... အတူ ဖော်ပြပေးပါသည်။

ဦးဇော်ထက်၏ ဓာတ်ပုံပါ ဂမ္ဘီရကျောက်များမှာ -

(၁) ကျောက်မှိုပွင့်၊

(၂) ဓာတ်လုံး ပုတီး၊

(၃) ကျောက်ဒေါင်းရုပ်၊

(၄) ကျောက်နတ်ကွင်းသုံးခု၊

(၅) ကျောက်ဆေးလုံးနှင့် ကျောက်ဆေးတောင့်... ဖြစ်ပါသည်။

ဤဆောင်းပါးနှင့်အတူ ဂမ္ဘီရ သိဒ္ဓိဝင် ကျောက်... တေများကို သိဒ္ဓိတင်ပေးသော သက်တော် ၇၀ ရှိ ... သုန္ဒရကိုလည်း အထူးပဲ ကျေးဇူးတင်ပါသည်။


* * *

ရေမြေကျော်...



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒီဇင်ဘာလ ကုန်ခါနီးပြီဖြစ်၍ အအေးဓာတ်က သိသိသာသာ ပိုလာနေပြီဖြစ်သည်။ ညနေစောင်း ၆နာရီကျော်ကျော်သာ ရှိသေးသော်လည်း နေ့တာတိုသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ရိပ်သမ်းနေပြီဖြစ်သည်။

တစ်နေကုန် အော်ကြဟစ်ကြ ထုကြရိုက်ကြနှင့် ဆူညံနေခဲ့သော ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုလုံး အလုပ်သမားများ တစ်ယောက်မှ မရှိကြတော့ဘဲ အိမ်ပြန်ကုန်ကြပြီဖြစ်သဖြင့် တိတ်ဆိတ် ငြိမ်သက်နေပြီး တစ်ခါတစ်ရံမှသာ ဆောင်းတွင်းတွင် အော်နေကျ ငှက်ကလေးများ၏ အော်မြည်သံကို တစ်ချက်တစ်ချက်ကြားနေရသည်။ အလုပ်ထဲတွင် စိတ်ရောက်နေသဖြင့် ပတ်ဝန်းကျင်ကိုပင် ဦးစိုးအေး သတိမထားမိ။

တဖြည်းဖြည်းနှင့် မှောင်လာသဖြင့် အသက်ကလေးကလည်း ရလာ၊ မျက်မှန်သမားလည်း ဖြစ်သောကြောင့် ရေးသာ ရေးနေသည် စာလုံးများက သိပ်မသဲကွဲတော့။

သတိရ၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိတော့ လုံခြုံရေးအတွက် ထွန်းထားသည့် မီးသေးလေးပင် လင်းနေပြီဖြစ်သည်။

လက်မှ နာရီကို ကြည့်လိုက်ပြန်တော့လည်း နာရီလက်တံက ၆နာရီ တော်တော်ပင် ကျော်နေပြီဖြစ်ကြောင်း ပြနေသဖြင့် လုပ်လက်စအလုပ်ကို ဖြတ်လိုက်ပြီး စားပွဲပေါ်မှ စာရင်းစာအုပ်များနှင့် ပစ္စည်းများကို ခပ်မြန်မြန် သိမ်းလိုက်သည်။

လက်ရှိ ဦးစိုးအေး အလုပ်လုပ်ကိုင်နေသည့် ဆောက်လုပ်ရေးဆိုဒ်ဝင်းကြီးနှင့် အိမ်ပြန်ရန် ကားမှတ်တိုင်က အတော်ပင် ဝေးသောကြောင့် ခပ်သွက်သွက်လမ်းလျှောက်ပါမှ နာရီဝက် ကျော်ခန့်ကြာသည်။ ညမှောင်လာလျှင် တစ်ခါတစ်ရံ လိုင်းကားက မရှိတတ်သောကြောင့် ကားအဆင့်ဆင့်စီးပါမှ အိမ်သို့ ပြန်ရောက်တတ်သည်။

ဦးစိုးအေး စာရွက်စာတမ်းများ၊ စာရင်းစာအုပ်များနှင့် ဖိုင်များကို ယာယီပြုလုပ်ထားသော သေတ္တာကြီးထဲသို့ ထည့်နေစဉ်မှာပင် နောက်နားဆီမှ အေးခနဲ လေတိုးလိုက်သလိုဖြစ်သွားပြီး လူရိပ်လိုလို တွေ့လိုက်ရသဖြင့် နောက်ဘက်သို့ ချာခနဲလှည့်ကြည့်လိုက်မိသည်။

ဆောက်လုပ်နေဆဲ ခြောက်ထပ်တိုက်ကြီး၏ မြေညီထပ်တစ်ခုလုံး ပတ်ဝန်းကျင်မှ သစ်ရိပ်ဝါးရိပ်များကြောင့် မှောင်မဲနေကာ သဲသဲကွဲကွဲ မမြင်ရတော့။ ထိုအခိုက် နောက်ဘက် ခပ်လှမ်းလှမ်းရှိ လေှကားထောင့် မှောင်ရိပ်ထဲတွင် လူတစ်ယောက် မတ်တတ်ရပ်နေပုံကို မသဲမကွဲ မြင်လိုက်ရပြီး တစ်ဆက်တည်း စကားသံပါ ထွက်ပေါ်လာသည်။

"မန်နေဂျာကြီး မပြန်သေးဘူးလား။ နောက်ကျလှချည်လားဗျ"

ထွက်ပေါ်လာသော ခပ်ညြညြ အသံကြီးကြောင့် ဦးစိုးအေး ချက်ချင်း မှတ်မိလိုက်သည်။ ဤဆောက်လုပ်ရေးဆိုက်ဝန်းကြီးတွင် လုံခြုံရေးတာဝန် ထမ်းဆောင်နေသော ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သူ ကိုသိန်းစိုး၏ အသံဖြစ်သည်။

"ဟုတ်တယ် ကိုသိန်းစိုးရေ။ ဒီနေ့ ခါတိုင်းနေ့တွေထက် နောက်ကျနေတယ်။ ဟိုဘက်ရက်က ခွင့်ယူပြီး နယ်ကို ခဏသွားနေတာ သုံးရက်ဆိုတော့ အလုပ်အကြွေးတွေ တင်နေလို့ အချိန်ရတုန်း လုပ်နေတာ။ ဒီနေ့ ခင်ဗျား ဂျူတီလား၊ အပေါ်ထပ်ကို တက်ကြည့် မလို့ထင်တယ်"

ဦးစိုးအေးက ပစ္စည်းများ သိမ်းနေဆဲဖြစ်သဖြင့် လှည့်ကြည့်မနေတော့ဘဲ ပြန်ပြောလိုက်သည်။ နောက်ဘက်ဆီမှ ပြန်ဖြေသံ မကြားရသောကြောင့် လှည့်ကြည့်လိုက်ရာ ကိုသိန်းစိုးကို မတွေ့ရတော့။

"ဩော်···ဒီလူကလည်း ပြော ပြောပြေးပြေးထွက်သွားတယ်။ အပေါ် ထပ်ကို တက်သွားပြီထင်တယ်"

ဦးစိုးအေးတစ်ယောက်တည်း ရေရွတ်ရင်း ထမင်းချိုင့်နှင့် အိတ်ကို ဆွဲကာ ယာယီရုံးလုပ်ထားသော ဆောက်လုပ်နေဆဲ ခြောက်ထပ်တိုက် ကြီးအောက်မှ ထွက်လာခဲ့သည်၊ ပင် ဂိတ်ပေါက်ကြီးတစ်ပေါက်သာ အဝင် အထွက်လုပ်ရန် ဖွင့်ထားပြီး ကျန်တစ် ဝန်းလုံးကို အုတ်တံတိုင်းဖြင့် ကာ ထားသည်။

ကိုက်နှစ်ရာခန့်ဝေးသော ဂိတ် ပေါက်ဝသို့ ခဏသာ လျှောက်လိုက်ရ ပြီး ဂိတ်ဝတွင် ယာယီ ဂိတ်တဲလေး တစ်လုံးရှိသည်။ ဂိတ်တဲနှင့် ခပ်လှမ်း လှမ်းတွင် ကြီးမားလှသော ကုက္ကိုပင် ကြီးနှစ်ပင်ရှိပြီး အပင်အောက်တွင် လုံခြုံရေးများနေရန် သက်ကယ်မိုး ထ ကာ ယာယီတဲလေးတစ်လုံးရှိသည်။

တဲလေးဘေးရှိ ကုလားထိုင် တစ်လုံးတွင် လူတစ်ဦးထိုင်နေပြီ ဦးအေးအား လက်လှမ်းပြကာ နှုတ် ဆက်နေသဖြင့် ပြန်နှုတ်ဆက်ခဲ့ပြီ ဂိတ်ဝသို့ ဆက်လျှောက်လာခဲ့သည်။

"ဟာ···ဦးစိုးအေး နောက်ကျ လှချည်လား။ ကျွန်တော်တို့က လူ ကုန်သွားပြီတောင် ထင်နေတာ



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ဦးအေးမြင့်ရေ။ အသက်ရလာပြီး နယ်ကို ခဏပြန်နေတာနဲ့ အလုပ်အကြွေးတွေ တင်နေပြီ။ နောက်ရက်ပိုင်းကျရင် အလုပ်တွေက များတော့မှာဆိုတော့ အားတဲ့ အချိန်လေး ထိုင်လုပ်နေတာ။ နေ့ခင်းကျတော့လည်း မအားဘူးလေ"

ဂိတ်တဲလေးထဲတွင် လုံခြုံရေးတာဝန်ခံ ဦးအေးမြင့် ထိုင်နေပြီး ဂိတ်အရှေ့ ကုလားထိုင်တစ်လုံးပေါ်တွင် လုံခြုံရေးဝန်ထမ်း ကိုသန်းဦး ထိုင်နေသည်။

ဦးစိုးအေးလည်း သူတို့နှစ်ဦးအား နှုတ်ဆက်ခဲ့ပြီး ကားမှတ်တိုင်သွားရန် ဆိုဒ်ဝင်းကြီးထဲမှ ထွက်လာခဲ့သည်။ အပြင်ဘက် လမ်းမရောက်မှ လမ်းလျှောက်ရင်း သေချာစဉ်းစားကြည့်မိသောအခါ ဂိတ်ဝအနီးရှိ ကုက္ကိုပင်ကြီးအောက်မှ လှမ်းလက်ပြ နှုတ်ဆက်နေသူမှာ ကိုသိန်းစိုးဖြစ်ပုံရသည်။

တစ်ဝန်းလုံးမှ လုံခြုံရေး ၃ဦးသာရှိသည် မဟုတ်ပါလား။ ဦးစိုးအေး အံ့သြမိသည်က ယခုလေးတင် ခြောက်ထပ်တိုက်ပေါ် တက်သွားသူ တစ်ယောက် ဒီလောက်မြန်မြန်ဂိတ်ဝသို့ ဘယ်လိုနည်းနှင့်များ ပြန်ရောက်လာသလဲ မသိ။

မှောင်လာသဖြင့် အိမ်အပြန်လိုင်းကားမှုရှိမှာ တွေးပူပြီး ဦးစိုးအေးဆက်မစဉ်းစားတော့ဘဲ ကားမှတ်တိုင်ရှိရာဆီသို့သာ ခပ်သွက်သွက်လျှောက်လာခဲ့တော့သည်။

◈◈◈

လက်ရှိ ဦးစိုးအေး အလုပ်လုပ်ကိုင်နေသည့် ဆိုဒ်ဝန်းကြီးသည် ရန်ကုန်မြို့ကြီး၏ အစွန်ဘက်တွင် တည်ရှိ၍ အကျယ်အဝန်းအားဖြင့် ၄ဧကခန့် ကျယ်ဝန်းသည်။

ယခင်က အစိုးရပိုင် ဂိုဒေါင်များရှိ၍ နောက်ပိုင်းတွင် ဂိုဒေါင်များကို ဖျက်သိမ်း၍ ဆောက်လုပ်ရေးလုပ်ငန်းကြီးတစ်ခုနှင့် စည်ပင်သာယာတို့ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေသော အိမ်ရာစီမံကိန်းကြီးတစ်ခုဖြစ်သည်။

ဖျက်သိမ်းလိုက်သော ဂိုဒေါင်များကလည်း ခေတ်အဆက်ဆက် အစိုးရဌာနများ တစ်ခုပြီး တစ်ခုပြောင်းလဲသုံးစွဲလာကြပြီး ဝန်းကြီးတစ်ခုလုံးကိုလည်း အုတ်တံတိုင်းကြီးဖြင့် အလုံပိတ်ခတ်ထားသည်။ ခြံဝန်းကြီးတစ်ခုလုံးတွင် နှစ်ကာလခန့်မှန်း၍ မရနိုင်သော ညောင်ပင်ကြီးများ ကုက္ကိုပင်ကြီးများ စသည့် သစ်ပင်ကြီးငယ်များဖြင့် အုပ်မှိုင်းနေအောင် ဖုံးလွှမ်းနေသည်။

လောလောဆယ်အားဖြင့် ဆိုဒ်ဝင်းကြီးထဲတွင် ရှစ်ထပ်တိုက်နှစ်လုံးနှင့် ခြောက်ထပ်တိုက်သုံးလုံး လက်ရှိဆောက်လုပ်နေဆဲဖြစ်ပြီး နောက်ပိုင်းတွင် စီမံကိန်းအရ ဆိုဒ်ဝန်းကြီးတစ်ခုလုံးအပြည့် အဆောက်အဦများ ဆောက်လုပ်မည်ဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ရန် အိမ်ရာစီမံကိန်းနှင့် မလွတ်ကင်းသော သစ်ပင်ကြီးငယ်များအား အရင်ဦးဆုံး ခုတ်လှဲ ရှင်းလင်းရသည်။

ခုတ်လှဲရာတွင်လည်း ဆိုဒ်ဝန်းကြီးတစ်ခုလုံး ခုတ်လှဲပစ်ခြင်းမဟုတ်ဘဲ ဆောက်လုပ်နေဆဲ အဆောက်အဦများနှင့် မလွတ်ကင်းသော သစ်ပင်များကိုသာ တဖြည်းဖြည်းခုတ်လှဲကြခြင်းဖြစ်သည်။

သစ်ပင်ကြီးများကလည်း နှစ်ကာလ မခန့်မှန်းနိုင်လောက်အောင်ပင် သက်တမ်းရှည်ကြာလှသော အပင်ကြီးများဖြစ်ပြီး အပင်များပေါ်တွင်လည်း ငှက်သိုက်များက အပြည့်ရှိသည်။

မြန်မာပြည်အနှံ့ ဦးစိုးအေးရောက်ရှိဖူးသော်လည်း ယခုလက်ရှိလုပ်ကိုင်နေသော ဆိုဒ်ဝန်းကြီးလောက် ကျီးကန်းပေါများသော နေရာဒေသကို မတွေ့ခဲ့ဘူးပေ။ ပေါများသလောက်လည်း ကျီးကန်းများက အလွန်ပင်ရဲတင်းလွန်းလှသည်။ တစ်ကြိမ်က အလုပ်သမားတစ်ဦး သစ်ပင်ပေါ်ရှိ အသိုက်ထဲမှ အောက်သို့ ပြုတ်ကျလာသော ကျီးပေါက်စလေးတစ်ကောင် ကောက်ယူလာခဲ့ဖူးသည်။

ခဏချင်းပင် ဆိုဒ်ပေါ်သို့ ပျံသန်းရောက်ရှိလာသော ကျီးကန်းများမှာ ကောင်းကင်တစ်ခုလုံး မဲမှောင်သွားမတတ်ဖြစ်သွားသည်။ သာမန် ပျံဝဲနေသည်မဟုတ်ဘဲ အောက်ဘက်မှ မြင်မြင်သမျှ လူအားလုံးကို အတင်းဝင်ရောက်ထိုးဆိတ်ကြခြင်းဖြစ်သည်။

"ဟေ့ကောင်တွေ မြန်မြန်လွှတ်ပေးလိုက်ပါကွာ။ တော်ကြာ မျက်လုံးတွေ ဘာတွေ ဆိတ်မိလို့ ကန်းကုန်ပါဦးမယ်"

ထိုနေ့က ကျီးပေါက်စလေးအား ပြန်လွှတ်ပေးလိုက်၍ ကျီးများ ရှင်းသွားသော်လည်း နောက်ပိုင်းတွင် ဦးစိုးအေးအပါအဝင် အလုပ်သမားအားလုံး ဆောက်လုပ်နေဆဲတိုက်မှ ဂိတ်ပေါက်ဝသို့ အသွားအပြန် နေ့စဉ်အပေါ်မှ လိုက်လံထိုးဆိတ်ကြသဖြင့် အလွန်စိတ်ညစ်ကြရသည်။

ဆိုဒ်အပြင်ဘက်အထိ မလိုက်ဘဲ ဂိတ်ဝကျော်သည်နှင့် ကျန်ခဲ့ပြီး အပြင်ဘက်မှ ဆိုဒ်ထဲသို့ ဝင်လိုက်သည်နှင့် မည်သည့်နေရာက စောင့်နေသည် မသိရဘဲ ချက်ချင်းရောက်လာတတ်ကြသည်။

ဦးထုပ်ဆောင်းထားရပြီး တစ်ချိန်လုံး ဦးထုပ်ပေါ်မှ တခေါက်ခေါက်မြည်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ဆိတ်နေကြသည်။ တစ်လခန့်ကြာမှ တဖြည်းဖြည်းသက်သာသွားတော့သည်။ အလွန်အပြီးကြီးကြသော ကျိုးကန်းများ ဖြစ်ကြသည်။ သစ်ပင်ကြီးများကို ခုတ်လှဲရာတွင် အရင်ဦးဆုံး သက်ဆိုင်ရာအား တင်ပြရပြီး ခွင့်ပြုမိန့်ရမှသာ ခုတ်လှဲရှင်းလင်းရခြင်းဖြစ်သည်။

မြန်မာရှေးရိုးအစဉ်အလာအရ တစ်တောခုတ်လျှင် တစ်ပင်ချန်ထားရပြီး တစ်ပင်ခုတ်ပါက တစ်ကိုင်းချန်ထားပေးရသည်။ အကယ်၍ တစ်ပင်လုံး ခုတ်ရလျှင်လည်း အပင်အစားပြန်စိုက်ပေးရသည်။ သို့သော်လည်း အိမ်ရာစီမံကိန်းမှာ ဆောက်လုပ်နေဆဲကာလဖြစ်၍ တစ်ပင် တစ်ကိုင်းမချန်နိုင်။ အပင်အစားပြန်စိုက်ပေးရန်လည်း လောလောဆယ် မလွယ်ကူသေးပါ။

သို့ဖြစ်၍ တင်ပြထားသော ခွင့်ပြုချက်ရသည်နှင့် ကန်တော့ပွဲများပေး၍ သစ်ပင်များကို ခုတ်လှဲခဲ့ကြသည်။ သစ်ပင်တစ်ပင်လုံးကိုသာမက အောက်ခြေ အမြစ်ပါမကျန် မြေထိုးစက်ကြီးများဖြင့် အပြီးတိုင် တူးထုတ်ပစ်ခဲ့ကြသည်။

သစ်ပင်ခုတ်လှဲစဉ်က မည်သည့် အခက်အခဲပြဿနာမှ မရှိခဲ့သော်လည်း နောက်တစ်နေ့တွင် အလုပ်သမားလေး တစ်ဦး ရုတ်တရက် ဓာတ်လိုက်၍ သေဆုံးသွားခဲ့သည်။ သို့သော်လည်း တိုက်ဆိုင်သွားခဲ့ခြင်းဟု ယူဆခဲ့ပြီး မေ့မေ့ပျောက်ပျောက်ပင် နေခဲ့ကြသည်။

ဖလခန့်ကြာခဲ့ပြီး တစ်နေ့တွင် အိမ်ရာအတွင်း ကားပတ်လမ်းများ ဖောက်လုပ်ရန်အတွက် ဒုတိယအကြိမ် သစ်ပင်များ ခုတ်လှဲခဲ့ရပြန်သည်။ ယခင်အတိုင်းပင် မည်သည့်ပြဿနာမှမဖြစ်ဘဲ ကောင်းမွန်စွာပင် ကန်တော့ပွဲပေး၍ ခုတ်လှဲခဲ့ကြသည်။

နောက်တစ်နေ့ညနေစောင်းတွင် ဂိတ်ဝရှိ ယာယီပြုလုပ်ထားသော ခုံတန်းရှည်ပေါ်တွင် လူများ ထိုင်ကာ ရောက်တတ်ရာရာ စကားများ ထိုင်ပြောနေခဲ့ကြသည်။ ဦးစိုးအေးလည်း မျက်နှာချင်းဆိုင်မှ မတ်တတ်ရပ်၍ စကားပြောနေခဲ့သည်။

ထိုအခိုက် ယာယီရိုက်ထားသော ခုံဖြစ်၍ ထိုင်နေသည့် လူဒဏ်မခံနိုင်ဘဲ ခုံခြေထောက်တစ်ဖက် ရုတ်တရက် ကျိုးသွားခဲ့သည်။ ထိုင်နေကြသူများအားလုံး လဲပြိုကျန်ကြပြီး တစ်ယောက်မှတော့ ကြီးကြီးကျယ်ကျယ် ဒဏ်ရာမရခဲ့ကြပေ။ အလယ်တွင် ထိုင်နေသော လုံခြုံရေး ကိုခင်မောင် တစ်ယောက်သာ နောက်သို့ ပြန်လဲကျခဲ့ပြီး အောက်တက်တွင် ရှိသော ခုတ်ခဲကျိုးနှင့် ဆောင့်မိ၍ နောက်စေ့တွင် အနည်းငယ် သွေးစို့သွားသည်။ မည်သူမှ ဒဏ်ရာမရကြဘဲ ရယ်ရယ်မောမောဖြင့်သာ လူစုခွဲခဲ့ကြသည်။

နောက်တစ်နေ့မနက် ဦးစိုးအေး ဆိုဒ်ထဲသို့ ဝင်လိုက်သည်နှင့် မျက်စိမျက်နှာမကောင်းဘဲ ဦးအေးမြင့်က ဆီးပြောလိုက်သည်။

"ဦးစိုးအေးရေ···စောစောစီးစီး စိတ်မကောင်းစရာသတင်း ပြောရဦးမယ်။ မနေ့ညနေက ခင်ဗျားလည်း အမြင်ပဲ။ ခုံကျိုးတာ ဘယ်သူမှ ဒဏ်ရာကြီးကြီးမားမားမရခဲ့ကြဘူး။ ညဉ့နာရီလောက်ကျမှ ကိုခင်မောင်က ခေါင်းတော်တော်မူးလာတယ်ပြောလို့ ကျွန်တော်တို့လည်း စိတ်ပူတာနဲ့ အင်ဂျင်နီယာကို အကြောင်းကြားပြီး ဆေးရုံကြီးကို လိုက်ပို့ကြတယ်။ မိုးရောက်တော့ ခေါင်းမူးတာ မသက်သာလို့ ဆေးရုံတင်ရတယ်။ အဲဒါဗျာ ခုမနက် အစောကြီး ဆေးရုံမှာ အစောင့်ထားခဲ့တဲ့သူက ဆုံးသွားပြီလို့ ဖုန်းဆက်လာတယ်။ ဒါကြောင့် အင်ဂျင်နီယာနဲ့အဖွဲ့ ဆေးရုံကို လိုက်သွားကြပြီ"

"ဖြစ်မှဖြစ်ရလေဗျာ။ ကျွန်တော်လည်း မြင်သားပဲ။ ကိုခင်မောင့်ဒဏ်ရာက သိပ်ကြီးတာ မဟုတ်လို့ ပရုတ်ဆီတောင် လိမ်းပေးလိုက်သေးတာပဲ။ ဆရာဝန်က ဘယ်လိုမှတ်ချက်ချလိုက်သလဲ"

"ဦးနှောက်ထဲကို သွေးရောက်သွားတယ် ပြောတာပဲ။ ထင်တော့ ထင်သားဗျ။ တစ်ခုခုတော့ ဖြစ်တော့မယ်ဆိုတာ"

"ဟာ- ဘယ်လိုလဲ ဦးအေးမြင့်ရဲ့။ ခင်ဗျားစကားက အဆန်းပါလား ကျွန်တော့်လည်း ပြောပါဦး"

"ဒီလိုလုပ်ဗျာ။ လောလောဆယ် ကျွန်တော်လည်း မအားသေးဘူး။ တစ်ယောက်မှမရှိလို့ စောင့်ပေးနေရတယ်။ ခင်ဗျားလည်း လောလောဆယ် အားမှာမဟုတ်သေးဘူး။ ခဏနေ ၁၀နာရီလောက်ကျမှ ထွက်လာခဲ့ပါလား။ လက်ဖက်ရည်ဆိုင်မှာ အေးအေးဆေးဆေးပြောကြတာပေါ့"

"ဟုတ်ကဲ့၊ အဲဒါ ကောင်းပါတယ်။ ဒါဆို ခဏနေမှ ကျွန်တော် ထွက်လာခဲ့မယ်"

"ဒီလိုဗျ ဦးစိုးအေးရဲ့၊ ကျွန်တော် ဘယ်သူ့ကိုမှတော့ မပြောရသေးဘူး။ တော်ကြာ ကိုယ်ပြောတဲ့ စကားကို ယုံရင် ကောင်းတယ်၊ မယုံတဲ့ ဒီလူကြောင်နေသလား အထင်ခံရမှာလည်း စိုးရသေးတယ်"

"ပြောမှာသာ ပြောစမ်းပါဗျာ။ ခင်ဗျားအကြောင်း ကျွန်တော်သိပါတယ်။ တော်ရုံနဲ့ စကားများများပြောတတ်တဲ့လူမှ မဟုတ်တာ"

"ဒီဆိုဒ်ဝန်းကြီးက နေ့လယ်





www.burmeseclassic.com

www.burmeseclassic.com

တွေကျရင်သာ ခင်ဗျားတို့အလုပ် တွေနဲ့ ဆူညံစည်ကားနေပြီး ည တွေကျရင် တော်တော်စိတ်ချောက် ကောင်းတယ်။ တစ်ဝန်းလုံးလည်း ဂျင်နီယာနဲ့ ကျွန်တော်တို့ သုံး ယောက်ပဲ ရှိတာလေ။ ပေးထားတဲ့ ခြံရေးမီးကလည်း အားလုံးပေါင်းမှ လုံးပဲ ရှိတာ။ ဒီကြားထဲ မီးအား မကောင်းတော့ လင်းတယ်ဆိုရုံပါ

“ကဲ- လက်ဖက်ရည်တွေ အေး မယ်။ သောက်လည်း သောက်၊ ပြောလည်း ပြော”

“ညဘက်တွေ ဆိုရင်လည်း တစ်ခါတလေ ကျီးတွေက လန့်ပြီး စုလိုက် ထပ်ျကြတယ်။ ပြောရရင် တော့ ကျီးပြုံတယ်လို့ ပြောရမှာပေါ့။ တွေ လန့်ပြီး ပြုံပြီဆိုရင် ခွေးတွေ လည်း တစ်ဝန်းလုံးပတ်ပြီး အူပြန် ဗျာ။ ဒါပေမယ့် ခဏကြာရင်တော့ ငြိမ်သွားတတ်တယ်။ အရင်ပြောင်း သွားတဲ့ လုံခြုံရေးတစ်ယောက်က ပြောသွားဖူးတယ်။ လပြည့်ညတွေဆို ဖြူဖြူအရိပ်တွေ ဟိုသွား ဒီသွား နေတာကို မသဲမကွဲမြင်နေရတယ်

“ဆက်ပါဦးဗျာ။ ခင်ဗျားပြောတာ ကို ကျွန်တော် တော်တော်စိတ်ဝင်စား ပြီ”

“ဒါပေမယ့် ကျွန်တော် ဒီဆိုဒ် ကို ရောက်လာပြီးကတည်းက သတိ ထားမိတာ ရှိတယ်။ ခဏမဟုတ်ဘဲ တစ်ညလုံးလိုလို ကျီးတွေ လန့်ပြီး ပြုံ လိုက်၊ ခွေးတွေ အူလိုက်နဲ့ ဖြစ်နေတာ ကြိမ်ရှိပြီ”

“အဲဒါ ကြာပြီလား၊ ဘယ်တုန်း ကလဲ”

“ပထမအကြိမ်က ဒီစီမံကိန်း ကြီးစစခြင်း နေ့ခင်းဘက်မှာ ကုက္ကိုပင် ကြီးနှစ်ပင်ကို ခုတ်ပစ်လိုက်တယ်လေ။ ညဘက်ကျတော့ ဖြစ်တာ။ နောက် တစ်နေ့ကျတော့ အလုပ်သမားလေး တစ်ယောက် မတ်လိုက်ပြီး ရုတ် တရက် သေသွားခဲ့တယ်”

“တစ်ခုတော့ ရှိတယ် ဦးအေး မြင့်ရဲ့။ အပင်ကြီးတွေ ခုတ်ပစ်လိုက် တော့ ကျီးသိုက်တွေ ပါသွားပြီး ည ဘက်ကျတော့ အသိုက်ပျောက်နေတဲ့ ကျီးတွေ အိပ်တန်းလုတက်ကြရင်း လန့်ပျံကြတာ နေမှာပါ။ တစ်ခါ ကျီး တွေ လန့်အော်သံကြားတော့ ခွေးတွေ လည်း လန့်ပြီး အူတာပေါ့”

“ကျွန်တော်လည်း အဲဒီလိုထင် တာပေါ့။ နောက်ပိုင်း ထပ်မကြားရ တော့ မေ့တောင်နေတာ။ တစ်နေ့ည ကတော့ အရင်တစ်ခါလိုပဲ တစ်ညလုံး ကျီးတွေ ပြုံ၊ ခွေးတွေ အူနဲ့ ကျွန်တော် လည်း စိတ်ထဲတော့ ထင်နေတာ ခု တော့ထင်တဲ့အတိုင်း တစ်ယောက်ဆုံး သွားပြန်ပြီ။ မနေ့ နေ့လယ်ကလည်း လမ်းဖောက်ဖို့ ညောင်ပင်ကြီးတွေ ခုတ် လိုက်သေးတယ်လေ”

“ခင်ဗျားပြောသလိုဆိုရင် တိုက် ဆိုင်တာဆိုရင်လည်း တော်တော်ထူး ဆန်းတာပဲ”

“တိုက်ဆိုင်တာလည်း ဖြစ်ချင် ဖြစ်မှာပေါ့ဗျာ။ ဒါပေမယ့် တစ်ကြိမ်မက နှစ်ကြိမ်တောင်ဆိုတော့လည်း နည်း နည်းတော့ သံသယဖြစ်လာတာပေါ့”

“ကဲပါဗျာ၊ စိတ်ထဲမှာ သိပ်ပြီး အစွဲအလမ်းမထားပါနဲ့။ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်နေပါဦးမယ်။ ကဲ- သောက်ပြီး ရင် ပြန်ကြရအောင်။ အလုပ်တွေက တန်းစီစောင့်နေတာ”

နောက်ပိုင်းတွင် ဆောက်လုပ် နေဆဲ အဆောက်အအုံများကိုသာ အချိန်မီ ပြီးစီးနိုင်ရန် တွန်းတွန်းတိုက် တိုက်လုပ်နေကြရ၍ သစ်ပင်များ ထပ်မံ မခုတ်သေးသလို၊ တခြား ဘာ ပြဿနာမှ ထပ်မဖြစ်တော့ဘဲ အေး အေးချမ်းချမ်းရှိခဲ့သည်မှာ တစ်နှစ်ခန့် ရှိသွားပြီဖြစ်သည်။

တစ်နေ့တွင် ဦးစိုးအေး မသွား မဖြစ်သည့် အရေးကြီးကိစ္စတစ်ခုဖြင့် ခွင့်သုံးရက်ယူကာ နယ်သို့ ခေတ္တခရီး ထွက်ခဲ့သည်။ နယ်မှ ပြန်ရောက်ပြီး နောက်တစ်နေ့ ဆိုဒ်ထဲသို့ ရောက်သော အခါ နှစ်ထပ်တိုက် လုံးချင်းများ ဆောက်လုပ်ရန် သစ်ပင်ကြီးတချို့ခုတ် ထားသည်ကို တွေ့လိုက်ရသည်။ တစ်နေ့ကုန် အလုပ်ရှုပ်နေသဖြင့် ဆိုဒ် ရုံးခန်းလေးထဲမှ အပြင်မထွက်ဖြစ်ခဲ့။

နောက်တစ်နေ့ မနက်စောစော ဦးစိုးအေး ဆိုဒ်ထဲသို့ တံခါးပေါက်မှ ဝင်လိုက်သည်နှင့် ဂိတ်တဲလေးထဲတွင် ဦးအေးမြင့် ထိုင်နေပြီး လုံခြုံရေး လူသစ်တစ်ဦးက ကုလားထိုင်တစ်လုံး နှင့် ဂိတ်တဲရှေ့တွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

“ဦးစိုးအေးရေ . . . မိတ်ဆက်ပေး ရဦးမယ်။ ဒါ ဒီနေ့မနက်မှ ရောက်လာ တဲ့ ကိုချစ်တင်တဲ့။ ကိုချစ်တင်လည်း မှတ်ထားပေါ့။ ဒါ ဆိုဒ်မန်နေဂျာ ဦးစိုး အေးလို့ ခေါ်တယ်”

“ဪ . . . ဟုတ်ကဲ့၊ ဝမ်းသာပါ တယ်ဗျာ။ ဆိုဒ်ထဲကို လုံခြုံရေးအင်အား ထပ်တိုးပေးတာလား။ ဒါဆိုရင်တော့ ဦးအေးမြင့်တို့ လူအင်အားတောင့်သွား တာပေါ့”

“လူအင်အား ထပ်တိုးပေးတာ မဟုတ်ပါဘူး ဦးစိုးအေးရာ။ ကိုသိန်းစိုး အစား နောက်တစ်ယောက်ထပ်ပို့လိုက် တာပါ”

“ဪ . . . ဟုတ်လား။ ဒါဆို



www.burmeseclassic.com

www.burmeseclassic.com

ကိုသိန်းစိုးက ဘယ်ဆိုဒ်ကို ပြောင်းရတာလဲ။ ကျွန်တော့်ကိုတောင် နှုတ်ဆက်မသွားဘူး။ တော်တော်ဆိုးတဲ့ လူပဲ"

"ဦးစိုးအေး ဘာကို ပြောနေတာလဲ။ ကိုသိန်းစိုးက လွန်ခဲ့တဲ့ နှစ်ရက်လောက်က ဆုံးသွားပြီလေဗျာ။ ခင်ဗျားခရီးသွားတဲ့ရက်က ဆုံးသွားတာ"

"ဟုတ်ရဲ့လားဗျာ။ ဦးအေးမြင့်ကတော့ နောက်ပြီ။ မနေ့ညနေကတောင် ကျွန်တော်တို့ဆိုဒ်ဘက်ကို လာစစ်ပြီး နှုတ်ဆက်သွားသေးတယ်။ အပြန်ကျတော့လည်း ဟောဟိုတဲဘေးကနေ လက်ပြပြီး နှုတ်ဆက်လိုက်သေးတယ်"

"ကြည့်ရတာတော့ ဦးစိုးအေး တစ်ခုခု အမြင်မှားနေလို့ ဖြစ်ပါလိမ့်မယ်။ ကိုသိန်းစိုး ဆုံးသွားတာ ဒီဆိုဒ်ဝန်းကြီးတစ်ခုလုံးက လူတွေ အကုန်သိနေကြတာပဲ။ ကျွန်တော်က ဘာလို့ နောက်ရမှာလဲ"

ဦးစိုးအေး ဘာမှ ပြန်မပြောနိုင်လောက်အောင် အံ့ဩသွားမိသည်။ မနေ့ညနေစောင်းက ကိုသိန်းစိုး အမှန်တကယ်ပင် သူ့ကို နှုတ်ဆက်ခဲ့သေးသည်မဟုတ်ပါလား။

"ကဲပါဗျာ။ ထားလိုက်ပါတော့။ ကျွန်တော် မျက်စိမှားသွားတာပဲ နေမှာပါ။ ဒါထက် ကိုသိန်းစိုးက ရုတ်တရက် ဘယ်လိုဖြစ်သွားတာလဲ"

"ထုံးစံအတိုင်းပဲပေါ့ဗျာ။ ခင်ဗျားသွားပြီး နောက်တစ်နေ့ နှစ်ထပ် လုံးချင်းတိုက်တွေ ဆောက်ဖို့ မလွတ်တဲ့ အပင်ကြီးတွေ ထပ်ခုတ်လိုက်တယ်။ ညကျတော့ ကျီးတွေ ပြွေးတွေ အူပေါ့၊ အဲဒီကတည်းက ကျွန်တော်လည်း သတိထားနေတာ"

"ထင်တဲ့အတိုင်းပဲလား"

"မှန်တာပေါ့ဗျာ။ ညနေစောင်းတဲ့အထိ ကိုသိန်းစိုး အကောင်းကြီး သွားလာနေသေးတာ။ ညပိုင်းကျတော့လည်း သန်းခေါင်လောက်အထိ ကျွန်တော်နဲ့ ထိုင်စကားပြောနေသေးတယ်။ ကျွန်တော်လည်း သန်းခေါင်ကျော်မှ အိပ်ရာဝင်ခဲ့တာ။ အဲဒါ မနက်စောစော ကျွန်တော်နိုးတော့ ရေနွေးအိုးတည်ပြီး ကိုသိန်းစိုးသောက်ရအောင် ရေနွေးခွက်သွားပေတော့ ဒီတဲလေးထဲမှာ ကွေးကွေးလေး အိပ်နေတာနဲ့ ကျွန်တော်လည်း တာဝန်ချိန်မှာ အိပ်နေရမလားဆိုပြီး ချက်ချင်းနှိုးတာပေါ့ဗျာ။ ဘယ်လိုမှ နှိုးလို့မရလို့ အနားသွားပြီး လှုပ်နှိုးရအောင် ကိုင်လိုက်တာ ရုတ်တရက် လန့်တောင်သွားမိတယ်။ တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေပြီ၊ အဲဒါနဲ့ အင်ဂျင်နီယာကို သွားနှိုးပြီး သက်ဆိုင်ရာကို အကြောင်းကြား စစ်ဆေးကြပြီး ဆေးရုံကို ပို့လိုက်ကြတယ်"

"ဆေးရုံက ဘာရောဂါနဲ့ သေတယ်လို့ မှတ်ချက်ပေးသလဲ"

"ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက် ဆုံးတယ်လို့ ပြောတယ်။ ကျွန်တော်တွေ့တော့ ကိုသိန်းစိုးကို ကြည့်ရတာ တစ်စုံတစ်ခုကို မြင်ပြီး တော်တော်ကြောက်လန့်သွားပုံရတယ်။ မျက်လုံးတွေက ပြူးထွက်နေပြီး ဆီးတွေ ဝမ်းတွေတောင် ထွက်ကျနေတယ်"

"အေးဗျာ။ ကြားရတာတော့ စိတ်မကောင်းစရာဘဲ။ ဒီဆိုဒ်ကြီးတစ်ခုလုံး ပတ်ပြီး ပရိတ်ရွတ်လိုက်တာပဲဖြစ်ဖြစ် တစ်ခုခုတော့ လုပ်လိုက်မှ ကောင်းမယ်ထင်တယ်"

"သံဃာတွေ ပင့်ပြီး ပရိတ်ရွတ်ပစ်မယ်လို့တော့ ပြောတာပဲ။ ကျွန်တော်လည်း တစ်ခါ နှစ်ခါမကဘဲ သုံးကြိမ်တောင်ဖြစ်လာတာဆိုတော့ ဒီဆိုဒ်ဝင်းထဲက ကျီးတွေကို ခပ်လန့်လန့်[illegible]ဖြစ်လာပြီ"

နောက်တစ်နေ့တွင် သက်[illegible]ရာ တာဝန်ရှိသူများမှ သံဃာတော်[illegible]ပင့်၍ ပရိတ်များ ရွတ်ဖတ်နာယူခဲ့ကြ[illegible]ဆိုဒ်ဝန်းကြီးတစ်ဝန်းလုံးပတ်၍ ပ[illegible]ရေများ လိုက်လံပက်ဖြန်းခဲ့ကြသ[illegible]

သို့သော်လည်း နောက်[illegible]စတုတ္ထအကြိမ် ဆိုဒ်ထဲမှ မလွတ်[illegible]သော သစ်ပင်ကြီးများအားလုံး ခု[illegible]ပစ်ခဲ့ကြသည်။ ယခုအကြိမ်တွင်[illegible]ယခင်အခါများကအတိုင်း ဖြစ်[illegible]ပြန်သည်။

ဥရောပအပါအဝင် အနော[illegible]တိုင်းသားများကမူ ကျီးကန်းနှင့်[illegible]ကွက်တို့ကို နိမိတ်မကောင်းသော [illegible]အ-မင်္ဂလာငှက်အဖြစ် ယူဆခဲ့ကြသ[illegible]

မြန်မာလူမျိုးတို့၏ ဗုဒ္ဓစာပေ[illegible]ဂန်လာတချို့နှင့် လျှောက်ထုံး မှ[illegible]ဖြတ်ထုံးကျမ်းများ၊ လောကနီတိ[illegible]စသည့် ကျမ်းဂန်များတွင် ကျီးငှ[illegible]နိမ့်ကျ ယုတ်ညံ့ ကောက်ကျစ် ရိ[illegible]သော မကောင်းသူအဖြစ် ပုံဖော်[illegible]လေ့ရှိတတ်သည်ကို မှတ်သား[illegible]တွေ့ရှိရသည်။


ဦးစိုးအေးကတော့ သာမန်[illegible]ဆိုင်မှုများ မဖြစ်နိုင်ဘဲ သစ်ပင်ကြီး[illegible]တွင် နှစ်ပေါင်းများစွာ မှီခိုနေထိုင်[illegible]သော မမြင်အပ်သည့် ပရလောက[illegible]များ၏ အသိုက်အမြုံများအား ဖျက်[illegible]ခဲ့သည့်အတွက် ပြန်လည်ဒဏ်[illegible]သည့်အနေဖြင့် လက်စားချေခဲ့ခြင်း[illegible]ဖြစ်နိုင်ပြီး ကျီးကန်းများ အော်မြည်[illegible]သည် မရဏ သေခြင်းတရား၏ ရှေ့[illegible]နိမိတ်များဖြစ်သည်ဟူ၍သာ ယူ[illegible]ထင်မြင်ခဲ့ပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

ဒီနေ့ ကြာသပတေးနေ့။

နေသာတဲ့ နေ့တစ်နေ့မို့ ရာသီဥတု သာယာနေပါတယ်။ ဈေးသည်၊ ဈေးဝယ်တွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ ပလက်ဖောင်းပေါ်က နေပြီး Myanmar Book Centre ထဲသို့ ကိုသိန်းဆွေ ချိုးကွေ့လိုက်ပါတယ်။

အားလပ်ချိန်လေးရတုန်း စိတ်လိုလက်ရ ဖတ်စရာ စာအုပ်လေးများ တွေ့လို တွေ့ငြားဆိုပြီး စာအုပ်ဆိုင်ထဲကို ဝင်ခဲ့တာပါ။ ဆိုင်ထဲကို ရောက်တော့ အင်္ဂလိပ်ဝတ္ထုတစ်အုပ်လောက် ဝယ်မယ်ပေါ့။ 'A house for Mr. Biswas' ဆိုတဲ့ စာအုပ်ကို တွေ့လို့ လှန်လှောနေမိတယ်။ စာအုပ်က တစ်အုပ်တည်းရှိတာလေ။ V.S Naipaul ရေးတဲ့ စာအုပ်။ ခဏမြည်းနေမိတယ်။

"စာအုပ်က စိတ်ဝင်စားစရာကောင်းလားဟင်"

အမျိုးသမီးတစ်ယောက်ရဲ့ အသံကို ကြားလိုက်ရလို့ လှည့်ကြည့်လိုက်မိပါတယ်။ အသားဖြူဖြူ၊ လုံးတန် ရပ်တန်နဲ့ တော်တော်လေး ကြည့်ကောင်းတဲ့ တည်တည်ခန့်ခန့် အမျိုးသမီးတစ်ယောက်။

"တစ်မျိုးပဲ၊ ကောင်းတယ်, မကောင်းဘူးတော့ မသိသေးပါဘူး"

"အဲဒီစာအုပ်က Modern Novel အမျိုးအစားလေ။ အရေးအသားပိုင်း လေ့လာချင်ရင် ပိုကောင်းတဲ့ စာအုပ်"

"ဟုတ်လား"

"ဟုတ်တယ်။ အီးမေဂျာ မဟာဝိဇ္ဇာတန်းအတွက် ပြဋ္ဌာန်းထားတဲ့ စာအုပ်တစ်အုပ်ပေါ့"

အမျိုးသမီးက ပြောပြောဆိုဆို သူ့ဘက်ကို လှည့်လိုက်တော့...

"မင်း"

အမျိုးသမီးရဲ့ ဘယ်ဘက် မေးအောက်နားမှာ မှဲ့နက်ကြီးတစ်လုံးနဲ့။ ဩော်...တူလှပါလားလို့ တွေးနေမိဆဲ...

"ကျွန်မညီမလေးအတွက် မှရင်းစာအုပ်လာရှာတာ။ ဒီတစ်အုပ်ပဲ တွေ့တယ်"

"ဩော်...ဝယ်မလို့လား။ ယူချင်ယူပါ"

"အို..မဟုတ်ပါဘူး။ ရှင် ယူချင်ယူလိုက်ပါ။ တကယ်တမ်း ကျွန်မကြိုက်တာက ဒီစာအုပ်"

'How to make Correct Decisions' ဆိုတဲ့ စာအုပ်ကို ထုတ်ပြပါတယ်။ စာရေးဆရာက George Anden fun ဖြစ်သည်။

"ဒီစာအုပ်က တကယ်ကောင်းတယ်။ ကျွန်မလုပ်ငန်းအတွက်ရော၊ ဘဝအတွက်ပါ တန်ဖိုးရှိတာ။ စာရေးဆရာ ညီညီနိုင်က "ကဲ - ဘယ်လိုဆုံးဖြတ်ကြမလဲ"လို့ ဘာသာပြန်ထားတာ ရှိတယ်"

"စကားပြောလို့ ကောင်းတယ်နော်။ ကော်ဖီတစ်ခွက်လောက် လိုက်သောက်ပါလား။ ကျွန်တော်လည်း စာအုပ်ကို မြည်းရတာပေါ့"

"အခုတော့ မအားသေးလို့ ခွင့်လွှတ်ပါ။ နောက် ကြုံမှပေါ့"

"ဒါ ကျွန်တော့်လိပ်စာကဒ်"

"ကျေးဇူးပါပဲ။ ဒီမှာ ကျွန်မကဒ်"

Visiting Card ချင်း လဲလိုက်ကြပါတယ်။ ကမ်းလှမ်းချက်ကို ဖိတ်ခေါ်လိုက်တဲ့ သဘောပေါ့။

အမျိုးသမီးက 'A Ho...

Mr. Bis was' စာအုပ်ကို ဝယ်...

ကိုသိန်းဆွေကို နှုတ်ဆက်လို့ ...

သွားပါပြီ။ သွက်သွက်လက်...

ထက်ထက်မြက်မြက် အမျိုး...

ခဏငေးကြည့်နေမိပြီး လက်...

Visiting Card ကို ကြည့်လိုက်...

"ငြိမ်းအိစံ"တဲ့။

(၂)

"မငြိမ်းအိစံ (L.A. Inte...

tional Education Centre)...

၀၉၅၀....."

ရုံးခန်းကို ပြန်ရောက်ပြီးက...

က ဒီလိပ်စာကဒ်ကို ကြည့်...

သုံးကြိမ်ရှိပြီ။ လိပ်စာကဒ်ကို ...

လိုက်တိုင်း ဘယ်ဘက်မေးဖျား...

နက်ကြီးနဲ့ ငြိမ်းအိစံရဲ့ ရုပ်သွ...

တရေးရေးပေါ်လာပါရော။ ဖြူဝင်း...

ညောတဲ့ အသားအရေ၊ မည်းမှော...

ထဲလှတဲ့ မျက်ခုံး၊ ပေါ်လွင်လှတဲ့ ...

နဲ့ ပြုံးလိုက်တိုင်း ညာဘက်ပါးက ...

လေးတစ်ခု။ မနိမ့်လွန်း မမြင့်လွ...

အရပ်အမောင်း၊ ခေတ်ရှေ့ကို ...

လွန်း၊ ခေတ်နောက်လည်း မကျ...

တဲ့ ဝတ်စားဟန်နဲ့ တည်ငြိမ်...

ခေတ်အမျိုးသမီးဆို မမှားပါဘူး။

"ဆရာ...အားလုံး အသင့်ဖြ...

ပြီ ဆရာ"

"အေးအေး၊ ငါ အခုလာမ...

ကားအသင့်ပြင်ထားလိုက်"

ဆောက်လုပ်ရေးလုပ်ငန်းရဲ့ ...

ညီထပ်မှာ လိုအပ်တဲ့ သံချည်သံ...

ရေသန့်နဲ့၊ မီလ္လာပိုက်တွေ၊ လျှပ်စစ်...

ပိုက်တွေ ဆင်တာ ပြီးနေတဲ့အကြော...

ဒါတွေကို နောက်တစ်ထပ်အတွက်...

အစဖော်ပြီး ကွန်ကရစ်လောင်းတော...

မို့ Drawing နဲ့ ညီ မညီ စစ်ဆေး...

မှာ။ သူက အိုကေဆိုမှ ...



www.burmeseclassic.com

www.burmeseclassic.com

မ်းတင်ထားပြီး အပေါ်က ကွန်
လောင်းတော့မှာ။ မှတ်တမ်းတင်
ကာက ပုံစံပြာ(Blue Pring)ပေါ့။
ာက်အဒုံအတွက် မှတ်တမ်း။

(၃)

"လာ…မငြိမ်းအိစံ၊ ထိုင်ပါ"

ကိုသိန်းဆွေက မငြိမ်းအိစံ
တွက် ထိုင်ခုံကို နေရာပြင်ပေးရင်း
ရ စကားဆိုလိုက်တာပါ။

"မနက်က ဖုန်းလာတော့ ပထမ
င်သွားသေးတယ်။ ဘယ်က ဖုန်း
လို့။ ရက်ကလည်း နည်းနည်း
သွားပြီမဟုတ်လား"

"ကျွန်တော်လည်း အလုပ်က
ဘို့ မအားတာနဲ့ မဆက်ဖြစ်တာ။
တဲ့ အချိန်ကျတော့လည်း အချိန်
မဟုတ်တော့ပြန်ဘူး။ ဒါနဲ့ ဖုန်း
ဖြစ်တာ။ အခုတစ်လော အလုပ်
အားသုံးပြီး အလုပ်လုပ်နေလို့
တော် နည်းနည်းအားတာနဲ့ ဆက်
တာ"

"ကိုသိန်းဆွေက ဆောက်လုပ်
လုပ်ငန်းနော်"

"ဟုတ်ပါတယ်။ နေပါဦး၊ စကား
ာင်းနေလိုက်တာ၊ တစ်ခုခုမှာဦး
"

"ကော်ဖီဆို ရပါပြီ။ Mr. Guitor
ကော်ဖီကောင်းတယ်"

ဝိတ်တာလေးကို ကော်ဖီတစ်အိုး
ားစရာတချို့ မှာလိုက်ပါတယ်။

"ကုမ္ပဏီရုံးခန်းက ဦးဝိစာရလမ်း၊
zone အပေါ်ထပ်မှာနော်"

"ဟုတ်ပါတယ်။ ဆိုက်ကတော့
မိုင်လမ်းဆုံနားမှာ ကွန်ဒိုတစ်ခု
ာက်နေတာ"

"အင်းပေါ့ အလုပ်က ဘယ်အား
ာမှာလဲ၊ လုပ်ငန်းက ကြီးတာကိုး"

"ဒီလိုပါပဲ။ သိပ်အကျပ်အတည်း
ကြီး မဟုတ်ပါဘူး။ လုပ်နေကျဖြစ်နေ
လို့"

"How to make correct decisions စာအုပ်ကို ဖတ်ဖြစ်သေးလား"

"အဲဒါပြောမလို့ မငြိမ်းအိစံ ညွှန်းတဲ့ စာအုပ်က တော်တော့်ကို ကောင်းတာ။ ကုမ္ပဏီဝန်ထမ်းတွေ ဖတ်သင့်တဲ့ စာအုပ်တစ်အုပ်ပဲ။ ကျွန်တော်လည်း အဲဒီစာအုပ်ကို ဖတ်ပြီး ကုမ္ပဏီဝန်ထမ်းတွေအတွက် ဘာလုပ်ပေးရမလဲ ဆိုတာ စဉ်းစားနေမိတာ။ မငြိမ်းအိစံကို ကျေးဇူးတင်စကားပြောချင်လို့ အခုလို ဖိတ်လိုက်ရတာပါ"

"ကျွန်မနာမည်ကို ခေါ်ရတာ မရှည်ဘူးလား။ အိမ်က ခေါ်သလို ငြိမ်းငြိမ်းလို့ ခေါ်လို့ ရပါတယ်"

"ကောင်းပါပြီ ငြိမ်းငြိမ်းရယ်။ ကော်ဖီသောက်ပါဦး"

"ငြိမ်းငြိမ်းက အဲဒီစာအုပ်ကို ဖတ်ပြီး မျှဝေပေးချင်ပေမယ့် ကိုယ်က မစွမ်းလို့ ဘာမှမတတ်နိုင်ဘူး။ စာအုပ်ကောင်းကြောင်းပဲ ညွှန်းပေးနိုင်ပါတယ်။ ကိုသိန်းဆွေ တတ်နိုင်ရင် ဝန်ထမ်းတွေအတွက် တစ်ခုခုလေးပေါ့။ စဉ်းစား ဆောင်ရွက်ပေးရင် အားလုံးအတွက် အကျိုးရှိမှာ"

"စိတ်ချပါ ငြိမ်းငြိမ်းရယ်။ ကျွန်တော် အားလုံးအတွက် အကျိုးရှိမယ့် တစ်ခုခုပေါ့ စဉ်းစားနေပါတယ်"

"ဟာ…ငြိမ်းငြိမ်း ကျောင်းဆင်းချိန်နီးနေပြီ၊ ဖယ်ရီ ဂျူတီရှိသေးတယ်။ ဒီနေ့ ငြိမ်းငြိမ်းက အင်ချုပ်၊ ပြန်ဦးမှ"

"ကိုသိန်းဆွေ လိုက်ပို့ပါရစေ"

"နေပါစေ၊ အချိန်ရှိပါသေးတယ်"

"မဟုတ်တာ၊ ငြိမ်းငြိမ်းက ဘယ်ကို သွားမှာလဲ"

"ရွှေဂုံတိုင်နားလေးတင်"

"ဟာ…အတော်ပဲ၊ ကျွန်တော်လည်း ရွှေဂုံတိုင်က ပန်းပုဆိုင်မှာ ရုံးခန်းအတွက် အရုပ်တစ်ရုပ်လောက် ဝယ်မလို့။ လမ်းကြုံပါတယ်၊ လိုက်ခဲ့နော်"

ငြင်းမရလောက်တဲ့ အကြောင်းပြချက်မို့ ငြိမ်းအိစံတစ်ယောက် ကိုသိန်းဆွေနဲ့အတူ လိုက်ခဲ့ရပါတယ်။ ရွှေဂုံတိုင်ရောက်လို့ ငြိမ်းအိစံ ဆင်းသွားပြီးတော့မှ ကိုသိန်းဆွေရဲ့ ဒရိုင်ဘာက ပန်းပုဆိုင်ကို မောင်းခဲ့ပါရော။

ကုမ္ပဏီရုံးခန်းမှာ ခန့်ခန့်ညားညား မြန်မာ့ရိုးရာ လက်မှုပညာဖြစ်တဲ့ ပန်းပုရုပ်တစ်ခုထားပေးခြင်းဟာ ရုံးခန်းရဲ့ ကျက်သရေကို တိုးစေတဲ့အပြင် ဖောက်သည်တွေကိုလည်း စိတ်ကြည်လင်လန်းဆန်းစေမှာ မဟုတ်ပါလား။

(၄)

"ဖြည်းဖြည်း…ဖြည်းဖြည်း၊ မထိခိုက်မိစေနဲ့ကွ၊ မြင့်ဦး… မင်းက ဟိုဘက်က မ"

ရုံးခန်းရှေ့က အော်ဟစ်ပြောဆိုနေသံတွေကြောင့် ကိုသိန်းဆွေ ထွက်ကြည့်လိုက်တော့ ပန်းပုရုပ်ကို လာပို့နေတဲ့သူတွေပဲ။

ခါးတောင်း အကျီ၊ ထိုင်မသိမ်း လုံချည်နဲ့ လုချင်တိုင်း လှနေတဲ့ မင်းသမီးရုပ်တစ်ရုပ်။ ညာလက်နဲ့ ဆွမ်းအုပ်ကို ပိုက်ထားပြီး ဘယ်လက်နဲ့ လုံချည်အမြိတ်စကို ကိုင်ထားတဲ့ ဟန်က ရှေ့ကို တစ်လှမ်းတိုးလာသလိုပေါ့။ အနုစိပ်ထုဆစ်ထားတဲ့ ပန်းပုဆရာရဲ့ လက်စွမ်းကြောင့် မျက်ဝန်းအစုံက ရွှန်းစိုတောက်ပသလို ရှိနေပြီး၊ ပေါ်လွင်ဖြောင့်စင်းတဲ့ နှာတံ၊ ပြည့်ဖောင်းတဲ့ ပါးနှစ်ဖက်နဲ့ မပွင့်တပွင့် နှုတ်ခမ်းနှစ်လွှာက တစ်ချက်တစ်ချက် ပြုံးယောင်သမ်းနေသယောင်။

"ဆရာ…ဘယ်နေရာမှာ ထားမှာလဲ။ ကျွန်တော်တို့ တစ်ခါတည်း

www.burmeseclassic.com

www.burmeseclassic.com

နေရာချပေးမယ် ဆရာ"

"အေးကွာ၊ ငါ့ရုံးခန်းထဲက ဟိုထောင့်မှာ ထားမလားလို့"

"ဟာ…ကောင်းတယ် ဆရာ၊ ဆရာ့စားပွဲနဲ့ တည့်နေသလို၊ ဧည့်သည်တွေ ထိုင်တဲ့ နေရာနဲ့လည်း အဆင်ပြေတယ် ဆရာ။ မြင့်ဦးရေ…အောက်ခံကနုတ်ခုံကို သေသေချာချာ နေရာချပေ့"

မင်းသမီးရုပ်ကို နေရာချပေးပြီး အားလုံးထွက်သွားမှ ကိုသိန်းဆွေ ထိုင်ခုံမှာ ထိုင်ရင်း အရုပ်ကို တစိမ့်စိမ့်ကြည့်နေမိပါတယ်။ ဆွမ်းအုပ်ကို ပိုက်လို့ လုံချည် အမြိတ်စလေးကို မ,ပြီး သူ့ဆီကို ပြေးလာတော့မလိုလို၊ တစ်ခါတလေတော့လည်း ဖျတ်ခနဲ ပြုံးပြလိုက်သလိုပါလား။

"အင်း…တော်တော်ကောင်းတဲ့ လက်ရာပဲ။ ဝယ်ရတာ တန်လိုက်တာ"

လို့ တစ်ယောက်တည်း တွေးနေမိရဲ့။

"ကလင်"

ဟု လူခေါ် ခေါင်းလောင်းသံကြောင့် တပည့်ကျော် ရုံးခန်းထဲ ဝင်လာပါတယ်။

"ဟိုကွာ…ငါ အရုပ်ကို ကြည့်ရင်း ဆလိုက်မီးထိုးပေးရင် အလင်းရပြီး ပိုပြီးကြွလာမယ် ထင်တယ်ကွ"

"ဟုတ်ကဲ့ ဆရာ"

"ငါတို့စတိုမှာ ဆလိုက်မီးတွေ ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ဘယ်နလုံးလိုမလဲ ဆရာ"

"တစ်လုံးဆို ရလောက်ပါပြီ"

အဲဒီနေ့က မင်းသမီးရုပ်ကို အမျိုးမျိုး အလှဆင်နေတာ တစ်နေ့ကို ကုန်ပါရော။

(၅)

"ရှင်…"

"အံ့ဩသွားလို့လား ငြိမ်းငြိမ်း၊ ကျွန်တော့်ရင်ထဲမှာ ရှိတဲ့အတိုင်း ပြောလိုက်တာပါ"

"မဖြစ်နိုင်ဘူး ထင်ပါတယ်။ ကျွန်မ တစ်ခါမှ ဒီအလုပ်မျိုး လုပ်ဖူးတာ မဟုတ်ဘူး။ ကျွန်မက စာပဲ သင်တတ်တာ"

"ကျွန်တော် သိပါတယ်။ အလုပ်သမားတွေနဲ့ ဆက်ဆံခဲ့ရ၊ P.A အမျိုးမျိုးနဲ့ အလုပ်လုပ်ခဲ့ရတော့ ငြိမ်းငြိမ်းအရည်အချင်းကို သိပြီးသားပါ။ ငြိမ်းငြိမ်းသာ ကျွန်တော့် P.A အဖြစ် ဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော် အလုပ်တစ်ဝက်လောက် သက်သာသွားမှာ။ ငြိမ်းငြိမ်း အခက်အခဲရှိ တစ်လပေါ့။ ငြိမ်းငြိမ်း အရည်အသွေးကို သိလို့ ကျွန်တော် ကမ်းလှမ်းတာပါ"

"စဉ်းစားပါဦး၊ ငြိမ်းငြိမ်းက တာဝန်မကျေမှာစိုးလို့"

"ကဲ-ကဲ၊ နောက်မှ စဉ်းစားတာပေါ့။ အခုတော့ မှာထားတာတွေကို စားပါဦး"

ကိုသိန်းဆွေရဲ့ ကမ်းလှမ်းချက်က အံ့အားသင့်စရာကောင်းပြီး မယုံနိုင်စရာပါ။ လစာကလည်း ကုမ္ပဏီရဲ့ ပေးရိုးပေးစဉ်ဆိုပေမယ့် စာသင်နေတာထက် အများကြီး ပိုပါတယ်။ စဉ်းစားစရာ မဟုတ်ပါလား။

"ငြိမ်းငြိမ်း ပိုပြီးသဘောပေါက်အောင် အလုပ်မဝင်ခင် တစ်ပတ်လောက် ကျွန်တော့်ရုံးခန်းမှာ လာပြီး လေ့လာစေချင်ပါတယ်။ လုပ်ငန်းလည်း သဘောပေါက်၊ ဝန်ထမ်းတွေနဲ့လည်း ရင်းနှီးတာပေါ့"

ဒီလိုနဲ့ ငြိမ်းအိစံတစ်ယောက် ကိုသိန်းဆွေရုံးခန်းကို ရောက်ခဲ့ပါတယ်။

ရုံးသူရုံးသားတွေနဲ့ မိတ်ဆက်
ကိုသိန်းဆွေရဲ့ ရုံးခန်းထဲ ရောက်
"ကဲ - ငြိမ်းငြိမ်း၊ ဒီဘီရို
မှာ စာချုပ်စာတမ်းတွေ၊ အရေး
ဖိုင်တွေ၊ ရေ့လုပ်ငန်းအတွက် က
ချက်တွေ အားလုံးရှိတယ်။ ဒီ
ဘီရိုက နေ့စဉ်လုပ်နေတဲ့ လုပ်င
ငွေစာရင်းတွေ။ ဒီမှာ ကျွန်တော်
ဖြန့် ဆောင်ရွက်ရမယ့် ဖိုင်တွေနဲ့
ရမယ့် လူတွေ။ ငြိမ်းငြိမ်းက
အဲဒါတွေ ကျွန်တော့်ကို အား
ပေးနော်။ ငြိမ်းငြိမ်း Calendar
ကျွန်တော်က ဆက်လုပ်မှ အ
မှာ။ ဟိုဘက်မှာက ဒီလုပ်ငန်း
ရှယ်ရာဝင်အမည်တွေနဲ့ ကို
အကျဉ်း။ အဲဒါလေးလည်း ဖ
နော်။ ကျွန်တော် ဆိုက်ထဲကို
ဦးမယ်"

ငြိမ်းအိစံလည်း ကိုသိ
ထွက်သွားတော့မှ ဖိုင်တွေကို
ပါတယ်။ အင်း…လေ့လာစရာ
လည်း များမှ များ။

(၆)

အင်း…ဘာလိုလိုနဲ့ ငြိ
ဆောက်လုပ်ရေးကုမ္ပဏီကို
တာ ၆လကျော်ခဲ့ပြီလေ။ P.A
ယောက်ရဲ့ လုပ်ငန်းတာဝန်ကို သ
ပေါက်ခဲ့ပြီပေါ့။

အခုတစ်လော ရှစ်မိုင်က
အားလုံးပြီးစီးပြီမို့ စိတ်လက်ပေ
ကြတယ်။ ဆိုက်က အင်ဂျင်နီယာ
ကို ပါတီပွဲလေး လုပ်ပေးခဲ့ပြီးပါ
တစ်ခါတော့ ရုံးအဖွဲ့အလှည့်ပေါ့

ရုံးအဖွဲ့တစ်ခုလုံးကို ထ
ဟိုတယ်မှာ ဘူဖေးနဲ့ ဧည့်ခံပြီး
ပေးခဲ့တယ်။ ပါတီပွဲပြီးလို့ ပြန်
မယ်ဆိုတော့ ကိုသိန်းဆွေ ယာဉ်
ကောင်လေး ဗိုက်အောင့်ပြီး လ

www.burmeseclassic.com

www.burmeseclassic.com

ပါရော။

"ဟာ…မဖြစ်ဘူး၊ အူအတက် င် ခက်နေမယ်။ ဆေးရုံကို မြန်မြန်ပို့ အောင်"

ဝန်ထမ်းတွေက လိုက်အော့(စ်) စီး၊ ကိုသိန်းဆွေတို့က မတ်တူး စီး။ လူနာကို မတ်တူးပေါ် တင် ကိုပြီး ကိုသိန်းဆွေက ဒရိုင်ဘာခုံမှာ ဝင်ထိုင်လိုက်ပါတယ်။ ဘေးမှာ ဝင်ထိုင် ကိုက်သူက ငြိမ်းအိစံ။ ကိုသိန်းဆွေ စက်နှိုးမယ်လုပ်ပြီးမှ တံခါးဖွင့်လို့ င်းလိုက်ပါတယ်။

"ငါ ကားမောင်းလို့ မဖြစ်ဘူး။ န်းဦးမောင်… မင်းသွားမောင်း"

ကိုသိန်းဆွေက ပြောပြောဆိုဆို ာက်ခန်းမှာ ဝင်ထိုင်လိုက်လို့ သန်းဦး ောင်က ကားမောင်းခဲ့ရပါတယ်။

လူနာကတော့ အော်ဟစ်လို့ ည်းညူနေဆဲပေါ့။

(၇)

"မနေ့က ဘယ်လိုဖြစ်တာလဲ၊ မှာ အရေးကြီးနေချိန်မှာ ကားမောင်း ီမှ သန်းဦးမောင်ကို မောင်းခိုင်းတာ"

အရေးကြီးလုပ်ငန်းမရှိလို့ ရုံးခန်း ာ ထွေရာလေးပါးပြောနေရာက ရုတ် ရက် ငြိမ်းငြိမ်းရဲ့ မေးခွန်းကြောင့် ကိုသိန်းဆွေ ဆတ်ခနဲ တွန့်သွားပြီး ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်ပါ တယ်။ ဘာမှပြန်မပြောသေးဘဲ ရေး က်စ စာရွက်အချို့ကို စီစီရီရီထပ် ိုက်ပြီး ဖန်တုံးလေးနဲ့ ဖိလိုက်ပါတယ်။ ပြီးတော့ စားပွဲပေါ်မှာ လက်ထောက် ်း…

"ပြောရမယ်ဆိုရင်တော့ အရှည် ကြီးပါပဲ"

"အလို…"

ငြိမ်းငြိမ်း အံ့သြသွားရပါပြီ။ ကား မောင်းတာလေး မေးတာကို ပြောရမှာ



က အရှည်ကြီးဆိုတော့။

"ငြိမ်းငြိမ်းလည်း အလုပ်ဝင်တာ အချိန်တစ်ခုအထိ ရှိလာပြီဆိုတော့ တစ်စွန်းတစ်စတော့ သိမလားပဲ။ ငြိမ်းငြိမ်းအရင် ဒီနေရာမှာ P.A လုပ်ခဲ့ တဲ့ မဝေဝေမြင့်ဆိုတာ ကြားဖူးလား"

"အင်း…ပြောသံတော့ ကြားဖူး ပါတယ်။ ဘာဖြစ်ခဲ့တာလဲတော့ မသိပါ ဘူး"

"မဝေက ဒီကုမ္ပဏီမှာ အစုရှယ် ယာဝင်တစ်ယောက်ရဲ့ သမီး။ ကိုယ့်ရဲ့ P.A အဖြစ် တာဝန်ယူနေတဲ့သူလေ။ သူ့အဖေနဲ့ ကိုယ့်အဖေက ကုမ္ပဏီကို စပ်တူထောင်ခဲ့ကြတာ။ အားလုံးဟာ ရင်းနှီးကြတဲ့ လူတွေဖြစ်တဲ့အပြင် မဝေ နဲ့ ကိုယ်က ချစ်သူတွေ"

"ဩ…"

"ကိုယ်တို့ တစ်နေ့မှာပေါ့ ကီစ္စ တစ်ခုနဲ့ ထောက်ကြံ့ကို သွားကြတာ။ ကိုယ်က ကားမောင်းပြီး မဝေက ကိုယ့် ဘေးမှာ။ ကိုးမိုင်(အရင် တရုတ်သင်္ချိုင်း နား)အရောက်မှာ မမျှော်လင့်ဘဲ ဆယ်ဘီးကားတစ်စီးကို ဖြုန်းခနဲ တွေ့ လိုက်ရတယ်။ ကိုယ်က လွတ်အောင် လို့ လမ်းဘေးကို ခွဲလိုက်တာ အရှိန် မထိန်းနိုင်တော့လို့ လမ်းဘေးက ကုက္ကိုပင်ကြီးကို ဝင်တိုက်မိပါရော။ ကိုယ်လည်း သတိလစ်ပြီး ဘာမှမသိ တော့ပါဘူး။ ဆေးရုံရောက်ပြီးမှ သတိ ပြန်ရလာတယ်။ ကိုယ် သတိရရချင်း မဝေ…မဝေကို ကြည့်လိုက်တော့ ဒဏ်ရာအပြင်းအထန်ရပြီး အသက်မရှိ တော့ဘူး"

"ဟယ်…ဖြစ်မှဖြစ်ရလေ"

"ကိုယ်…ဘယ်လိုမှ ဖြေလို့ မရနိုင်ခဲ့ဘူး။ အပြစ်မဲ့တဲ့ ကိုယ့်ချစ်သူ ကို ကိုယ်ကိုယ်တိုင် သတ်လိုက်မိတာ မဟုတ်လား"

တုန်ယင် အက်ကွဲနေတဲ့ အသံ နဲ့ ပြောပြနေတဲ့ ကိုသိန်းဆွေကို ငြိမ်းအိ စံ ငေးမောကြည့်ရင်း ဘာမှပြန်မပြောမိ။

"အဲဒီအချိန်က စပြီး ကိုယ့်မှာ စိတ္တဇဝေဒနာလား၊ စိတ်ရောဂါပဲလား၊ အစွဲအလမ်းကြောင့်လားတော့ မသိပါ ဘူး။ ကိုယ် သိပ်သံယောဇဉ်ကြီးမိတဲ့သူ ဘေးခုံမှာ လာထိုင်ရင် ကားမမောင်းရဲ တော့ဘူး"

"ရှင်"

"ဟုတ်တယ် ငြိမ်းငြိမ်း။ ညစာ စားပွဲနေ့က ကိုယ် အမှတ်မဲ့ ကားမောင်း တော့မလို့။ မောင်းသူခုံဘေးမှာ ထိုင် နေတဲ့ ငြိမ်းငြိမ်းကို မြင်လိုက်တော့ ကိုယ်…ကိုယ်…"

မျက်နှာကို လက်ဝါးနဲ့ အုပ်ရင်း ကိုသိန်းဆွေအသံက တိုးဝင်လို့ ပျောက်ကွယ်သွားပါရော။ ရုံးခန်း တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

က ကြီးစိုးလို့။ ငြိမ်းအိစံကတော့ ကရုဏာမျက်နှာ၊ အကြင်နာမျက်လုံးတွေနဲ့ ကိုသိန်းဆွေကို ကြည့်ရင်း မျက်ရည်တွေ ဝဲနေလေရဲ့။

ခဏအကြာမှာတော့ ကိုသိန်းဆွေ ခေါင်းပြန်မော့လို့ ငြိမ်းငြိမ်းရဲ့ မျက်နှာကို ကြည့်လိုက်တော့ အို··· ငြိမ်းငြိမ်း မျက်ရည်တွေ ဝဲလို့ပါလား။ အမှတ်မထင်ပါပဲ၊ အခန်းထောင့်က မင်းသမီးရုပ်ကို ကြည့်လိုက်တော့···

အလို··မင်းသမီးရုပ်ကလေးကလည်း မျက်နှာညှိုးနေသလိုလို။

(၈)

အခုတော့ ကိုသိန်းဆွေရဲ့ ငြိမ်းအိစံတို့ ချစ်သူတွေ ဖြစ်နေကြပါပြီ။ ရေးရေစက်ကြောင့်လား၊ သတ္တဘာဂ ဖူးစာရေးနတ်ကြောင့်လားတော့ မသိပါဘူး။ မမျှော်လင့်ဘဲ တွေ့ပြီး သံယောဇဉ်တွယ်တာလို့ နှောင်ဖွဲ့မိခဲ့ကြတာ။

ကိုသိန်းဆွေပြလို့ မဝေဝေမြင့်ရဲ့ ဓာတ်ပုံကို မြင်ဖူးခဲ့ရတယ်လေ။ ဩော်-သူ့မှာလည်း ဘယ်ဘက်မေးဖျားမှာ မှဲ့နက်တစ်လုံးနဲ့ကိုး။

"ဟုတ်တယ် ငြိမ်းရယ်။ ငြိမ်းကို စတွေ့တဲ့နေ့က ဘယ်ဘက် မေးဖျားက မှဲ့နက်ကို မြင်လိုက်ပြီး ကိုယ် ရင်ခုန်သွားတာ"

"မဝေနဲ့ ငြိမ်းက ရုပ်ချင်းမတူပါဘူး ကိုရဲ့"

"ဟုတ်ပါတယ်။ ဒါပေမယ့် ကိုက စွဲမိစွဲရာ စွဲတာများလားတော့ မသိပါဘူးကွယ်"

နေ့လယ် ထမင်းစားချိန် ရုံးခန်းထဲမှာ ထမင်းအတူစားရင်း ရောက်မိရာရာ စကားဖောင်ဖွဲ့နေကြတာပါ။

"ရော့၊ ဒါ ကို ကြိုက်တတ်တဲ့ ဆိတ်သားနှပ်"

ငြိမ်းအိစံက ဆိတ်သားတစ်တုံးခပ်ထည့်ပေးတော့ ကိုသိန်းဆွေက ကျေနပ်ပီတိတွေ ဝေလို့။

"ကို···ဒီနေ့ နှစ်နာရီမှာ အပွိုင့်မန့်တစ်ခုရှိတယ်နော်။ ရွှေကမ္ဘာကုမ္ပဏီက ဒါရိုက်တာ အကျိုးတူ ပူးပေါင်းချင်တယ်ဆိုလို့ အကျိုးရှိမယ်ထင်ပြီး ငြိမ်းအပွိုင့်မန့်လုပ်ထားတာ။ ကို မမေ့မှာစိုးလို့"

"မမေ့ပါဘူး။ သူတို့ ထောင်ထားတဲ့ လုပ်ငန်းက ကြီးတော့ ကိုယ်တို့ကုမ္ပဏီနဲ့ ပူးပေါင်းချင်တာ ထင်ပါရဲ့"

"ငြိမ်းငြိမ်း စားလေ၊ ဒီမှာ ငြိမ်းကြိုက်တဲ့ အားလူးကက်တလိတ်"

အားလူးကက်တစ်လိတ်တစ်ခုကို ဇွန်းနဲ့ ကော်ပြီး ငြိမ်းပန်းကန်ထဲထည့်ပေးရင်း အမှတ်မထင် အခန်းထောင့်က မင်းသမီးရုပ်ကို ကြည့်လိုက်တော့···

အို···ဒီတော့မယ့် မျက်နှာနဲ့ မဲ့တဲ့တဲ့လေး။

"ဟင်"

ကိုသိန်းဆွေ အံ့ဩသွားပါတယ်။

"ဘာဖြစ်လို့လဲ ကို"

"ဟိုအရုပ်က မဲ့နေသလိုပဲ"

"ဟာ···ကိုကလည်း အလန့်တကြား၊ အရင်အတိုင်းပဲဥစ္စာ"

သေသေချာချာကြည့်ပြန်တော့ ဟုတ်ပါရဲ့ အရင်အတိုင်း ပြုံးလို့။ ငါ့စိတ်ထင်တာနေမှာလို့ ကိုသိန်းဆွေ တွေးနေမိတယ်။

(၉)

အခုတစ်လော ကိုသိန်းဆွေ အမြင်မှားနေတာလားတော့ မသိပါဘူး။ မင်းသမီးရုပ်လေးကို ကြည့်လိုက်ရင် ပုံစံက ပြောင်းနေသလိုပါပဲ။ အထူးသဖြင့်တော့ သူနဲ့ ငြိမ်းအိစံ အတူတူရှိနေပြီး ကလူကျီစယ် ပျော်ရွှင်နေတဲ့ အချိန်မှာ မမျှော်လင့်ဘဲ မင်းသမီးရုပ်

ကို ကြည့်လိုက်မိရင် မျက်နှာက ညှိ
နေသလိုလို။ တစ်ခါတစ်ခါတော့လည်း
မဲ့နေသလိုလိုပါပဲ။ အံ့ဩစိတ်နဲ့ သေ
ကြည့်လိုက်တော့လည်း အရင်အတိုင်း
ပြုံးပြုံးလေးပါ။ ငြိမ်းငြိမ်းကိုတောင်
ပြောမပြခဲ့ပါဘူး။ ယုံချင်စရာကလည်း
ကောင်းမှ မကောင်းတာ။

ကိုသိန်းဆွေနဲ့ ငြိမ်းငြိမ်း
သံယောဇဉ်က တစ်နေ့တခြား တိုး
ရစ်ပတ်နှောင်ဖွဲ့မိကြပြီလေ။ ရုံးက
တွေကလည်း ပွင့်ပွင့်လင်းလင်း
မပြောကြတယ်၊ ရိပ်မိပြီထင်ပါရဲ့။ မန်
ဂျာကြီး ဦးလှသိန်းဦးကတောင် မ
စဖူး သူ့ကို လာပြောနေသေးတယ်

"အန်ကယ် ကိုသိန်းဆွေကို
လို တက်တက်ကြွကြွနဲ့ ကုမ္ပဏီ
ဦးဆောင်နေတာ အရမ်းဝမ်းသာတ
ကိုသိန်းဆွေကို အကူအညီပေးနေ
မငြိမ်းအိစံကိုလည်း ကျေးဇူးတင်
တယ်"

မန်နေဂျာကြီး ပြောမယ်ဆိုလည်း
ပြောစရာပါ။ မဝေဆုံးပြီးစက ကို
ဆွေ ဘာအလုပ်မှ မလုပ်ဖြစ်တော့
ယစ်ထုပ်ကြီးဖြစ်နေလိုက်တာ တင်
ကျော်ပါရော။ နောက်မှ ကိုယ့်ကို
ကိုယ် ဆောက်တည်ရာရအောင် ကြ
စားပြီး ပြုပြင်ခဲ့ရတာကလား။ ငြိမ်း
နဲ့ ဆုံပြီးနောက်တော့ လူလည်း ေ
တော် တည်ငြိမ်လာသလို လုပ်ငန်း
ကလည်း ပိုလို့ အောင်မြင်လာတ
လေ။

"ငြိမ်းငြိမ်း···ကိုယ်တို့ လက်
ကြပါစို့။ ကိုယ် ငြိမ်းငြိမ်းနဲ့ အတူနေ
ပြီကွယ်"

"အင်းပါ ကိုရယ်၊ ငြိမ်းငြိမ်းလည်း
ကိုလိုပဲပေါ့။ ဒါပေမယ့် မေမေတို့
ဖွင့်ပြောရခက်နေလို့"

"ကဲ - ငြိမ်းငြိမ်းရယ် မနက်

www.burmeseclassic.com

www.burmeseclassic.com

ရှစ်နာရီမှာ ကိုယ်လည်း အိမ်ကို မယ်။ ငြိမ်းငြိမ်းလည်း အိမ်ကို တော့လေ၊ မကောင်းဘူးလား"

"ကောင်းသားပဲ၊ မနက်ဖြန်နော်"

(၁၀)

ကိုသိန်းဆွေနဲ့ ငြိမ်းအိစံတို့ရဲ့ ဆုံး ကာလလေးတစ်ခုကို ခဲ့ပါပြီ။ နှစ်ဖက်မိဘတွေက သမီးတွေရဲ့ ရေ့ရေးကို တွေးတော မ်းမြောက်ဝမ်းသာ ပျော်ရွှင်စွာနဲ့ ပေးလိုက်ကြလေပြီ။ စေ့စပ်ပွဲ မစီစဉ်တော့ဘဲ နေ့ကောင်း သာရွေးပြီး မင်္ဂလာပွဲကို ခမ်းခမ်း စီစဉ်နိုင်နေပြီမဟုတ်လား။ ရွှေ ရွှေနဲ့ ထပ်လို့ မြတ်လှတဲ့ သည်ပွဲ

"ငြိမ်းငြိမ်းရေ…အားလုံး သိနေ ဆိုတော့ တစ်ရုံးလုံးကို တရားဝင် ပေးလိုက်ရအောင်နော်"

"ဟာ…ကိုကလဲ…ရှက်စရာ"

"မကြာခင်တောင် ဖိတ်စာဝေရ မှာ။ ဒါ ရှက်စရာမှ မဟုတ်တာ။ …လာ၊ နှစ်ယောက်အတူထွက်ပြီး ညာလိုက်ရအောင်"

ကိုသိန်းဆွေက ငြိမ်းငြိမ်းလက် ဆွဲလို့ ရုံးခန်းအပြင်ဘက် ထွက်မယ် ယ်မှာ…

"ဟာ…အမယ်လေး"

ရုတ်တရက် အလန့်တကြား ငြိမ်းအော်သံကြောင့်…

"ဘာဖြစ်တာလဲ ငြိမ်းငြိမ်း၊ ဘာ တာလဲ"

"ဟို… ဟို…မင်းသမီးအရုပ် ငြိမ်းငြိမ်းကို ဒေါသတကြီးနဲ့ အံ ပြီး ကြည့်နေတယ်"

ကိုသိန်းဆွေ အရုပ်ကို ကြည့် က်တော့ မျက်နှာထားက တင်းမာ သယောင်မို့ သေချာအောင် ကြည့်လိုက်တော့…

"ဟင်… မဟုတ်တာ၊ ဒီမှာ ကြည့်ပါဦး ငြိမ်းငြိမ်းရဲ့ မင်းသမီးရုပ်က ပြုံးပြနေတဲ့ဥစ္စာ"

မျက်နှာကို လက်ဝါးနဲ့ အုပ်လို့ ကြောက်လန့် တုန်ယင်နေတဲ့ ငြိမ်းငြိမ်းက မရဲတရဲလေး မျက်လုံးကို ဖွင့်ကြည့်တော့ မင်းသမီးရုပ်ကလေးက အရင်အတိုင်း ပြုံးလို့။

ငြိမ်းငြိမ်းကို အပြင်ခေါ်ခဲ့ပြီး ရုံးသူရုံးသားတွေကို ကြေညာလိုက်တော့ အားလုံးက ဝမ်းသာအားရပါပဲ။ ကိုသိန်းဆွေကို လက်ဆွဲနှုတ်ဆက်ကြ၊ ငြိမ်းငြိမ်းကို မိန်းကလေးတွေက ဝိုင်းလို့ ပွေ့ဖက်ကြနဲ့ အားလုံးပျော်ရွှင်နေလိုက်ကြတာ။

ကိုသိန်းဆွေရင်ထဲမှာတော့ သံသယမီးတစ်စက တစ်ငွေ့ငွေ့လောင်မြိုက်လို့နေဆဲပေါ့။

(၁၁)

"ကိုရေ…ဒီနေ့မနက် ရွှေတိဂုံဘုရားသွားရအောင်၊ စောစောထွက်ခဲ့နော်။ ငြိမ်း အိမ်က စောင့်နေမယ်"

မနက်စောစော ဖုန်းမြည်လာလို့ ကိုသိန်းဆွေကိုင်လိုက်တော့ ငြိမ်းငြိမ်းဆက်လိုက်တာ။

"အင်း…ကောင်းသားပဲ၊ ကိုယ်လာခေါ်မယ်။ စောင့်နေနော်"

ငြိမ်းငြိမ်းအိမ်ရှေ့မှာ ကိုသိန်းဆွေလက်ထဲ၌ နှင်းဆီပန်းတစ်စည်းနဲ့။

"ဘုရားလှူရအောင်လို့ ဝယ်လာတာ"

"ကောင်းတယ်။ ကိုသန့်ဦးမောင် လာကူသယ်ပေးပါဦး"

ယာဉ်မောင်းလေး သန့်ဦးမောင်က ငြိမ်းငြိမ်းတို့ အိမ်ရှေ့မှာ ချထားတဲ့ ပလတ်စတစ်ခြင်းသုံးခြင်းကို ဆွဲလို့ ကားနောက်ခန်းမှာ ထည့်လိုက်ပါတယ်။

"ဘာတွေလဲ ငြိမ်းငြိမ်းရဲ့"

"ဘုရားမှာ ဆွမ်းကပ်မလို့ အစောကြီး ထချက်ထားတာ"

"သြော်…ဟုတ်လား၊ ကဲ - လာ…လာ၊ ကားပေါ်တက်"

ကားမောင်းထွက်လာပြီး နောက်ခန်းမှာ အတူထိုင်ရင်း…

"ကို…ဒီနေ့ကို သတိရလား"

"ဘာလဲ ငြိမ်းရဲ့ ကိုယ်က အလုပ်များတော့ မှတ်ဉာဏ်သိပ် မကောင်းဘူး"

"မဝေဆုံးတာ ၅နှစ်ပြည့်တဲ့နေ့လေ"

"ဟင်…ဟုတ်သားပဲ"

ကိုသိန်းဆွေ အံ့သြတုန်လှုပ်လို့ စိတ်မကောင်းဖြစ်မိသွားတယ်။

"မဝေဆုံးတာ ၅နှစ်တောင် ပြည့်ပါပေါ့လား"

လွမ်းဆွတ်သတိရဟန်နဲ့ တိုးတိုးလေး။

"ဟုတ်တယ် ကို။ ကိုပြောလို့ ငြိမ်းငြိမ်းသိတာလေ။ မဝေအတွက် ဘုရားမှာ ဆွမ်းကပ်မယ်။ လှူလည်း လှူကြမယ်။ ရောက်ရာဘဝက မဝေ သာဓုခေါ်နိုင်အောင် ကောင်းမှုကုသိုလ် ပြုချင်လို့"

"အင်း… ကောင်းပါတယ်။ ရောက်ရာ ဘုံဘဝမှာ မဝေ ငြိမ်းချမ်းနိုင်ပါစေပေါ့နော်"

အဲဒီနေ့က တမလွန်ရောက် မဝေကို ရည်စူးလို့ ဆွမ်းခဲဖွယ်ဘောဇဉ်၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်လို့ ဝတ္ထုငွေ ကျပ်တစ်သိန်းကိုလည်း လှူဒါန်းခဲ့တယ်။ ကုသိုလ်ကောင်းမှုအစုစုကို ရေစက်သွန်းတော့ ငြိမ်းအိစံက -

"ဤသို့ပြုရသော ကောင်းမှုကံ စေတနာတို့၏ အဖို့ဘာဂကို ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသော မဝေဝေမြင့်အား အမျှပေးဝေပါတယ်။ ရောက်ရာ


www.burmeseclassic.com

www.burmeseclassic.com

ဘုံ၊ ရောက်ရာဘဝမှ သာဓုခေါ်နိုင်ပါစေ။ မဝေရေ…အမျှ…အမျှ…အမျှ"

ရယ်လို့ နာမည်ခေါ်လို့ အမျှပေးဝေလိုက်ပါတယ်။ ကြားရသူအပေါင်းတို့ကလည်း…

"သာဓု…သာဓု…သာဓု"

(၁၂)

"မောင်…မဝေကို သတိမှ ရသေးရဲ့လား။ ဘယ်သတိရတော့မှာလဲ မောင်ရယ်၊ မောင်နဲ့ မဝေက ဘဝချင်းခြားခဲ့ပြီဆိုတော့ မောင် မေ့နိုင်ပြီပေါ့"

ဝေဝေဝါးဝါး နှင်းမြူတွေကြားထဲက မဝေ။ ကိုသိန်းဆွေကို လှမ်းလို့ပြောနေတာ။ မဝေကို ငေးရင်း ကိုသိန်းဆွေတစ်ယောက် အာစေးထည့်ထားသူအလား။

"မောင်နဲ့ အတူတူ ကားတိုက်ခဲ့တဲ့ ကုက္ကိုပင်ကြီးမှာပဲ မဝေ မကျွတ်မလွတ်တဝဲနဲ့ နေခဲ့ရတာ။ နာဂစ်မုန်တိုင်းကြောင့် ကုက္ကိုပင်ကြီး ပြိုလဲသွားတော့လည်း မဝေမှာ ဒီအပင်ကလွဲလို့ သွားစရာမရှိခဲ့ဘူး။ ပင်စည်မှာပဲ မဝေ ခိုကပ်နေခဲ့ရတာ။ ကုက္ကိုပင်ကြီးကို ပန်းပုအရုပ်ထုလိုက်တော့လည်း မဝေဘဝက ပန်းပုရုပ်မှာ တွယ်ငြိလို့ နေခဲ့ရပြန်တာပေါ့။ မောင့်အနားက မောင့်ချစ်သူကို တမလွန်ဘဝက နေပြီး မဝေ မနာလိုဖြစ်လိုက်ရတာ မောင်ရယ်။ မောင်ကတော့ ဘယ်သိပါ့မလဲ။

အခုတော့ မဝေရဲ့ ကံပဲ ထင်ပါရဲ့။ မောင့်ချစ်သူက မဝေကို နာမည်ခေါ်ပြီး အမျှပေးဝေလိုက်တာ မဝေ သာဓုခေါ်နိုင်ခဲ့တယ် မောင်။ မောင့်ချစ်သူနဲ့ မောင့်ရဲ့ ကောင်းမှုကုသိုလ်နဲ့ မဝေ အခု ကောင်းရာမွန်ရာ ဘုံဘဝတစ်ခုကို သွားရတော့မယ် မောင်ရယ်။ မဝေ အားလုံးကို ကျေးဇူးတင်ပါတယ်။ မဝေလေ မောင်နဲ့ မောင့်ချစ်သူကို ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုလိုက်ပါပြီ မောင်ရယ်။ မောင်နဲ့ မောင့်ချစ်သူ ထာဝရ လက်တွဲလို့ နှစ်ပေါင်းများစွာ ပျော်ရွှင်နိုင်ကြပါစေနော်"

ကိုသိန်းဆွေကို လက်ပြ နှုတ်ဆက်ရင်း နှင်းမြူတွေကြားမှာ တိုးဝင်လို့ ထက်ကောင်းကင်ကို တရွေ့ရွေ့တက်သွားတဲ့ မဝေကို ကြည့်ရင်း…

"မဝေ…မဝေ…မဝေရေ"

အော်ရင်းဟစ်ရင်း ကိုသိန်းဆွေ အိပ်မက်က လန့်နိုးခဲ့ရပါပြီ။ လေအေးပေးစက် တပ်ထားတဲ့ အခန်းထဲမှာ ဇောချွေးတွေ နစ်နေတဲ့ ကိုသိန်းဆွေရင်ခုန်တာ မပျောက်သေး။ မဝေကို စွဲလမ်းစိတ်ကြောင့် မက်ခဲ့ရတဲ့ အိပ်မက်လေလား။

ထူးဆန်းလိုက်တဲ့ အိပ်မက်နော်။

(၁၃)

နောက်တစ်နေ့မနက်မှာ ကိုသိန်းဆွေ ရုံးခန်းရောက်ရောက်ချင်း…

"ဟယ်…ကိုရေ ဒီမှာ လာကြည့်ပါဦး"

ငြိမ်းငြိမ်းရဲ့ အော်သံကြောင့် ကိုသိန်းဆွေ အပြေးအလွှားရောက်သွားတော့ ငြိမ်းငြိမ်းက မင်းသမီးရုပ်ရှေ့မှာ။

"ဘာဖြစ်တာလဲဟင် ငြိမ်းငြိမ်း"

"မင်းသမီးရုပ်ကို ပိုးတွေ ထိုးပြီး ရင်ဘတ်နေရာမှာလည်း အက်ကွဲကြောင်းကြီး ပေါ်နေပြီ ကိုရဲ့"

ငြိမ်းငြိမ်းပြောလို့ ကြည့်လိုက်တော့ ဟုတ်ပါရဲ့ နောက်ကျောဘက်မှာ ပိုးထိုးရာတွေ ပွလို့။ ရင်နေရာမှာလည်း အက်ကွဲကြောင်းက တော်တော်ကြီးနေပြီ။ တခြားနေရာတွေမှာလည်း အက်ကွဲကြောင်းတွေနဲ့။

အဲဒီနေ့က စပြီး ကိုသိန်းဆွေ မင်းသမီးရုပ်ကို ပြုပြင်ဖာထေးဖို့ အမျိုးမျိုးကြိုးစားခဲ့ပေမယ့် မရတော့ပါဘူး။ တစ်နေ့တခြား ဆိုးသထက် ဆိုး…
လိုက်တာ၊ နောက်ဆုံးတော့ ပြုပြင်…
မရနိုင်တော့တဲ့ အခြေအနေကို ဆို…
ရောက်လာပါရော။

"ကိုရေ…မင်းသမီးရုပ်က ပျ…
စီးသွားပြီ။ အရုပ်အသစ်လဲရအောင်…
နော်"

"အင်းပါ။ အချိန်တန်တော့လည်း…
ပျက်စီးရတာပေါ့လေ"

မင်းသမီးရုပ်ကို ကိုသိန်းဆွေ …
ရှု ဖျက်ဆီးလိုက်ပြီး ကျန်ရစ်တဲ့ …
တွေကိုတော့ ရန်ကုန်မြစ်ထဲသို့ ကြ…
တယ်။ ယုံတယ်, မယုံတယ် မဟု…
ပေမယ့် ကိုသိန်းဆွေရဲ့ စိတ္တဇကို…
အမြစ်က နုတ်ပေးလိုက်ပြီထင့်။

ညနေပိုင်း ရုံးဆင်းချိန်ရောက်…
ပြီ။

"ကိုရေ…ဒီညနေ သွား…
တယ်ဆို။ ငြိမ်းငြိမ်းကို မပို့နဲ့တော့…

"ကိစ္စမရှိတော့ပါဘူး။ လိုက်ပို့…
ပေါ့"

ပြောပြောဆိုဆို အတူထွက်…
ခဲ့တာ၊ ကားနားမှာတော့ ဒရိုင်…
သန်းဦးမောင်က စောင့်လို့။

"သန်းဦးမောင်…မင်းပြန်…
ငါမောင်းမယ်"

"ကို…ဘာပြောလိုက်တယ်…

"ဟုတ်တယ် ငြိမ်းငြိမ်း။ ချ…
ကို ဘေးမှာ ထားပြီး ကားမောင်း…
လောက် ပီတိဖြစ်စရာကောင်း…
ဘာရှိဦးမှာလဲ။ ကိုယ့်မှာ ဘာအ…
အလမ်းမှ မရှိတော့ဘူး။ ငြိမ်းငြိမ်း…
ဘေးခုံမှာ ထားပြီး ကမ္ဘာတစ်ပတ်…
လိုက်ချင်ပါသေးတယ် ငြိမ်းငြိမ်း…
ကို့နားမှာ ငြိမ်းငြိမ်းသာ အမြဲရှိနေ…
ဆိုရင်ပေါ့"■

* * *

စောင်ရွှေ…




www.burmeseclassic.com

www.burmeseclassic.com




ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား




# ဆရာဒေဝ A.G.T.I (Civil)

## လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်

အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်

ဓမ္မနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁၊

E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

## ယတြာမချေတဲ့ဆရာ

လွတ်လပ်ရေးမရမီကပင် ဆရာစန္ဒြသည် လက္ခဏာ၊ ဗေဒင်ဟောပြောခဲ့ပြီး (၁၉၈၁) ခုနှစ်မှစ၍ ဘုန်းကြီးဝတ်ခဲ့ရာ (၁၉၉၂) ခုနှစ်တွင် (၁၁) ဝါရသောအခါ ပျံလွန်တော်မူခဲ့သည်။

ဆရာစန္ဒြ၏သား ဆရာဒေဝသည် (၁၉၇၇) ခုနှစ်မှစ၍ ဖခင်နှင့်အတူ လက္ခဏာဟောပြောခဲ့ပြီး၊ (၁၉၈၁)ခုနှစ်မှစ၍ ယခုလိပ်စာတွင် ဟောပြောနေခဲ့ပါသည်။

ဆရာစန္ဒြ၏မြေး၊ ဆရာဒေဝ၏သား၊ ဆရာဖြိုးမွှသည် (၁၉၉၇) ခုနှစ်မှစတင်၍ (၁၄-၁၀-၂၀၀၃) နေ့အထိ လက္ခဏာဗေဒင်ဟောပြောခဲ့သည်။ (၁၅-၁၀-၂၀၀၃)တွင် ကွယ်လွန်ခဲ့သည်။

ဆရာစန္ဒြ၊ ဆရာဒေဝ၊ ဆရာဖြိုးမွှတို့သည် လက္ခဏာဗေဒင်ဟောပြောရာတွင် ယတြာလုံးဝ မချေပေးပါ။ ဓာတ်ဆင်၊ ဓာတ်ရိုက် လုံးဝလုပ်မပေးပါ။ အဆောင်ဆက်ဖွဲ့၊ ဂါထာများကို မရောင်းပါ။ ထီပေါက်ကိန်းရှိလျှင်လည်း ထီပေါက်မည့် အချိန်အခါအသက်ပိုင်း၊ လပိုင်းကိုသာ ဟောကြားပေးပါသည်။ ထီနံပါတ်တွက်မပေးပါ။ ထီမရောင်းပါ။ မေးသူ၏ဖြစ်လိုသော ဆန္ဒကိုဖြစ်အောင် ဘာကိုမျှလုပ်မပေးပါ။ ဘယ်အသက်ပိုင်းမှာ ဘာဖြစ်နိုင်သည်ဟု လက္ခဏာဗေဒင်ဟောပြောခြင်း သန့်သန့်ဖြင့်သာ ရပ်တည်ဟောပြောသော ဆရာများဖြစ်ကြောင်း ကြေညာအပ်ပါသည် ခင်ဗျား။


www.burmeseclassic.com

www.burmeseclassic.com

# တစ်ခါမိုးထဲမှ
# မှောက်ကွယ်ပါများသော မိုးရိပ်

ဂါဦးနွန်းကို



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းတာတော့ အမှန်ပဲ ...ရဲ့ ကျွန်မ တစ်သက်နဲ့တစ်ကိုယ် ...ဖြစ်မျိုး တစ်ခါမှ မကြုံဖူးဘူး။ ...ဘူးခဲ့လို့ ပရလောကသားတွေကို ...ရယ်လို့ မယူဆပါဘူး။ ဒါပေမယ့် ...လည်း ကိုယ့်ဘာသာကိုယ်နေ၊ ...ည်း သူ့ဘာသာသူနေ၊ ဒီလို ...ဘာမျိုးပဲ မှတ်ထင်ထားခဲ့တာ။ ...···ကျွန်မက ပရော်ဖက်ရှင်နယ် ...တ်ပါဘူး။ အပျော်တမ်း ဓာတ်ပုံ ...တာပါ။ ဝါသနာပါတာနဲ့ ခရီးထွက် ...သမ်းမှာ တွေ့တဲ့ လှတာယ်၊ ထူးဆန်း ...ယ်လို့ ထင်တဲ့ဟာ မှန်သမျှကို ...မက ဓာတ်ပုံရိုက်ယူတော့တာပဲ။

ဟယ်···ဟုတ်လား၊ ဆရာမ ...ည်း ဓာတ်ပုံရိုက်တာ ဝါသနာပါတယ် ... ကျွန်မအိမ်မှာ ကျွန်မရိုက်ထား ... မြန်မာနိုင်ငံတွင်း ရှုမျှော်ခင်းတွေ၊ ...င်တွေ တောတွေ၊ ရိုးရာဓလေ့ပုံ ... အတော်များများရှိတယ် ဆရာမ ... အဲ···ဇာတ်လမ်းတောင် ဘယ် ...က်သွားလဲ မသိတော့။ ကျွန်မက အဲဒီ ... ဆရာမရယ်၊ ကျွန်မ ဓာတ်ပုံတွေ ...တ်သက်လာရင် အဲဒီလောက်ကို ...ချင်၊ ပြချင်တာ။ ခုလည်း မုံရွာ ...က် ခရီးထွက်တော့ လူတွေကို ...မရိုက်ထားတာတွေ ကြွားချင်၊ ပြ ...တာနဲ့ရော၊ ကျွန်မ ဝါသနာအရရော ...တ်ပုံတွေ လျှောက်ရိုက်ရာကနေ ...တ်လမ်းဖြစ်ခဲ့ရတာပဲ။

◆◆◆

ကားက တဒုန်းဒုန်းခုန်နေတဲ့ ...းကပင် ကျွန်မ တွေ့သမျှ စိမ်းစိမ်း ... ရှင်း၊ ပြောင်းခင်းများကြား ကလေး ...များ ပြေးနေတဲ့ မြင်ကွင်း၊ လယ်ယာမြေကို နွားတစ်ကောင်နှင့် ထွန်ယက်စိုက်ပျိုးနေသော တောသဘာဝ မြင်ကွင်းများကို ကင်မရာနှင့် တဖျတ်ဖျတ်ရိုက်ကာ မှတ်တမ်းတင်နေမိသည်။ ဓာတ်ပုံတစ်ပုံရိုက်ပြီးလျှင်လည်း ပြန်မကြည့်ဘဲ ဘယ်တော့မှ မနေ။ ပြန်ကြည့်မိရင်လည်း ပါးစပ်ကို ငြိမ်ငြိမ် မထားဘဲ···

"ဟယ်···လှလိုက်တာ"

"အမယ်···ဒါမှ တောသဘာဝ"

"အယ်တော်···တစ်မျိုးလေးပဲ"

"ဟီဟီ···ချစ်စရာလေး"

စသည်နှင့် တစ်ပုံတစ်မျိုး မရိုးအောင် ကိုယ့်ပုံကိုယ် ပြန်ချီးကျူးနေတော့ အနားက သူငယ်ချင်းတွေက မျက်စိနောက်လာပုံရသည်။

"မိငွေ···နင် ဒီနေ့ မမောသေးဘူးလား။ တစ်လမ်းလုံး ရိုက်လိုက် ပြောလိုက်နဲ့ ငါတော့ နင့်အစား မောလိုက်တာ။ ဒီမှာဖြင့် ကားခုန်လို့ စိတ်ညစ်ရတဲ့အထဲ နင်က တစ်မျောက်"

"အမယ်···မမောပေါင်။ ငါက ငါ့ဝါသနာနဲ့ ငါ ရိုက်နေရရင် ပျော်လို့။ နင်တို့နှစ်ယောက်သာ တစ်ခုခုအဆင်မပြေလိုက်နဲ့ ညည်းဟယ် ညူဟယ်နဲ့ အဘွားကြီးအိုလေးတွေ ကျနေတာပဲ"

"ဟဲ့ - မိငွေ၊ နင့်ကို ပြောတာ ပုံပုံတစ်ယောက်တည်းလေ။ ဘာဖြစ်လို့ ငါ့ကို ဆွဲထည့်တာလဲ"

"ဆွဲထည့်မှာပေါ့။ ငါ့ဓာတ်ပုံတွေ ငါ့ဘာသာငါ ချီးကျူးနေတုန်း နင်က ဘာဖြစ်လို့ နှုတ်ခမ်းကို ထော်ထော်ပြနေတာလဲ။ ဟွန်း···အသံတိတ် ကဲ့ရဲ့နေတာ၊ မသိရင် ခက်မယ်"

"ဟယ်···ကောင်မတွေ နားညည်းတယ်အေ။ ကျုပ်ကိုလည်း အားနာပါဦး"

"ငွေရည်"ဆိုတဲ့ ကျွန်မရယ်၊ "အေးအေးပုံ"ဆိုတဲ့ ပုံပုံရယ်၊ "မွန်သွေး"ဆိုတဲ့ မွန်မွန်ရယ်၊ "ရှားခက်"ဆိုတဲ့ ခက်ခက်ရယ်၊ သူငယ်ချင်းလေးယောက် တစ်ယောက်ကို တစ်ယောက် အားမနာတမ်း နောက်နေကြခြင်းဖြစ်သည်။ သူတို့တွေက ကျွန်မအကြောင်း သိ၏။ ကျွန်မက ကျွန်မဓာတ်ပုံတွေကို ထိလျှင် ကက်ကက်လန်အောင် ရန်တွေ့တတ်တာကြောင့် မထိတထိ နောက်နေကြခြင်းဖြစ်၏။

ကျွန်မတို့ ဦးတည်သွားနေသည်က မုံရွာမြို့နယ်တွင် တည်ရှိသော တဝဂူဘုရားသို့။ ထိုဘုရားအနားမှ ရှုခင်းတွေသည် အလွန်လှပသာယာသည်ဟု မုံရွာသူ ရှားခက်ရဲ့ ပြောပြချက်အရ ကျွန်မ တွေ့မြင်ချင်စိတ်စောနေမိသည်။

မြင်လိုက်ရသည့် မြင်ကွင်းလေးတစ်ခုက ကျွန်မအာရုံကို ဆွဲဆောင်သွားသည်။ တစ်လမ်းလုံး တဖျတ်ဖျတ် တချပ်ချပ်ရိုက်လာခဲ့သမျှ ရှုခင်းတွေ အားလုံး ဤမြင်ကွင်းလေးလောက် ကျွန်မကို မဆွဲဆောင်နိုင်ခဲ့။ ကျွန်မတို့ စီးလာသည့်ကားက ဂျစ်ကားဖြစ်ပြီး ကျွန်မက ဓာတ်ပုံဝါသနာအိုးဖြစ်၍ အစွန်ဆုံးမှာ ထိုင်ရင်း အပေါ်မှ လေဝင်ပေါက်ကနေ ရှေ့ကို ချောင်းလည်းကြည့်ရ ကြိုတင် မြင်ထားသည့် ရှုခင်းများထဲမှ နှစ်သက်ရာ ရှုမျှော်ခင်းကို အနားရောက်သည်နှင့် ဓာတ်ပုံရိုက်ယူ၊ ရိုက်ပြီး ဓာတ်ပုံကို ပြန်ကြည့်ဟူ၍ အလုပ်သုံးခုကို တစ်ပြိုင်တည်းလုပ်နေရသည်။ ယခုလည်း ရှေ့သို့ မျှော်ကြည့်နေစဉ် စိတ်ဝင်စားစရာ မြင်ကွင်းလေးတစ်ခုက ကျွန်မအာရုံကို ဆွဲငင်သွားသည်၊ ညှို့ယူဖမ်းစားသွားသည်။ မြင်ကွင်းလေး နံဘေးသို့ ရောက်လာသည်နှင့် ကျွန်မရဲ့ On ထားပြီးသား Canon ကင်မရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ထိုမြင်ကွင်းကို မိမိရရ ဓာတ်ပုံရိုက်ယူလိုက်တော့သည်။

"ဟဲ့ - မိငွေ၊ ဘာဖြစ်လို့ အုတ်ဂူကို ဓာတ်ပုံရိုက်ယူနေတာလဲ"

ပုံပုံက လှမ်းအော်သည်။

"ဟုတ်တယ်ဟ။ အုတ်ဂူတို့၊ သင်္ချိုင်းတို့ကို ဓာတ်ပုံမရိုက်ကောင်းဘူးတဲ့။ ငါ့ဘကြီးတစ်ယောက်ပြောဖူးတာပဲ"

ခက်ခက်ကလည်း ပုံပုံရဲ့ စကားကို ဝင်၍ထောက်ခံသည်။

"ဟယ်…နင်တို့ကလည်း ဓာတ်ပုံဆရာဆိုတာ အဲဒီအယူအဆတွေထားလို့ ဘယ်ဖြစ်ပါ့မလဲ။ နင်တို့ မမြင်လိုက်ဘူးလား။ စိမ်းညို့နေတဲ့ လယ်ကွင်းပြင်ကြီးထဲမှာ ထီးထီးကြီး ပေါက်နေတဲ့ တမာပင်၊ အဲဒီ တမာပင်ရဲ့ အောက်မှာမှ ဖြူဖွေးနေတဲ့ အုတ်ဂူလွှလွှလေး၊ ဘယ်လောက် ကဗျာဆန်လဲ။ ဘယ်လောက် စိတ်ကူးယဉ်စရာကောင်းလဲ။ ဘယ်လောက် စွဲမက်ပုံဖော်ချင်စရာကောင်းလဲ၊ ငါသာ စာရေးဆရာဆိုရင် ဒီအုတ်ဂူလေးနဲ့ ပတ်သက်ပြီး ဇာတ်လမ်းတောင် ရေးပစ်လိုက်ဦးမယ်။

လယ်ပိုင်ရှင်ရဲ့ တစ်ဦးတည်းသော သမီးလေး၊ တစ်နေ့ လယ်သူရင်းငှားလေးနဲ့ ချစ်ကြိုက်နေတာကို မိဘတွေက သိ၊ ကောင်မလေးက ကောင်လေးကို လာခိုးဖို့ပြောပြီး ညကြီးမင်းကြီး အိမ်က ခိုးထွက်လာပြီး တမာပင်လေးရဲ့ အောက်မှာ ချစ်သူ ကောင်လေးကို စောင့်နေ၊ အဲဒီအချိန်မှာပဲ ကောင်လေးမှာလည်း ကောင်မလေးရဲ့ အစ်ကိုမောင်ဘွားတွေက ထိုးကြိတ်ထားလို့ အိပ်ရာထဲမှာ လဲနေ၊ မိုးတွေကလည်း ရွာလာ၊ ကောင်မလေးမှာ မိုးရေထဲ ကောင်လေးလာမလားလို့ မျှော်နေရင်း သတိလစ်မေ့လဲသွား၊ မနက်မိုးလင်းတော့ မိဘတွေက ကောင်မလေး ပျောက်လို့လိုက်အရှာမှာ တမာင်ပင်လေးအောက်မှာ အသက်ပျောက်နေတဲ့ ကောင်မလေးရဲ့ ရုပ်အလောင်းကို သွားတွေ့၊ သူဆုံးပါးသွားတဲ့ နေရာလေးမှာပဲ သူ့အတွက် အမှတ်တရ အုတ်ဂူလေး ဆောက်ပေး။ ကဲ - ဘယ်လောက် သနားစရာကောင်းတဲ့ ဇာတ်လမ်းလေးလဲ။ ပြောတဲ့ ငါတောင် ငိုချင်သွားပြီ"

ကျွန်မရဲ့ ပါးစပ်ဇာတ်လမ်း(ပါးစပ်ထဲ ပေါ်လာရာ ပေါက်ကရလျှောက်ပြောတဲ့ ဇာတ်လမ်း)လည်း ဆုံးသွားရော သုံးယောက်သားခမျာ ကျွန်မရဲ့ အနုပညာစွမ်းအင်ကို သဘောပေါက်နားလည်သွားသည့်အလား မပြောတတ်၊ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေရင်းမှ မွှန်မွှန်က…

"နင်…နင် မမောဘူးလားဟင်။ ကားပေါ်မှာ ပါးစပ်ရော လက်ရော တစ်ချက်မှ မငြိမ်သေးတာ နင်ပဲ ရှိတယ်။ အကုန်လုံး ကားဆောင့်တာရော၊ ဖုန်ထူတာရောကြောင့် အသက်ရှူမဝဖြစ်နေကြပေမယ့်၊ နင်ကတော့ တကယ်ချီးကျူးစရာပါပဲ"

ဟု ကျွန်မကို ငေါ့လိုက်သည်။ ကျွန်မကလည်း သူ့စကားကို ဂရုမစိုက်ဟန်ပြုကာ လျှာကလေးတစ်လစ်ထုတ်ပြလိုက်ပြီး စောစောက သူတို့ လေဝင်ပေါလို့ ရိုက်ပြီး ပြန်မကြည့်ရသေးတဲ့ စိတ်ကူးယဉ်ဇာတ်လမ်းလေးဖြစ်တည်ရာ ဓာတ်ပုံကို ကျွန်မ ကင်မရာကို ဖွင့်ကာ ကြည့်လိုက်မိသည်။

"ဟင်"

ဓာတ်ပုံကို ကြည့်ကာ ကျွန်မ အံ့အားသင့်စွာ ရေရွတ်လိုက်မိတော့ "အမလေး…သူ့ဓာတ်ပုံကို ဘာတွေ အမွှန်းတင်ဦးမလဲ မသိပါဘူး"ဟူ၍ ခက်ခက်က လှမ်းအော်နောက်လိုက်ပေမယ့် ကျွန်မ ဘာကိုမှ ပြန်မတုံ့ပြန်မိ။ ဓာတ်ပုံကိုသာ တွင်တွင်ကြီး စိုက်ကြည့်ပြီး သေချာစေရန် အနီးသို့ပင် ဆွဲယူကြည့်လိုက်သည်။ ပုံသေးနေ၍ မျက်စိများ မှားသလားဟု ကျွန်မ ထင် ထားခဲ့ပေမယ့် အထင်နှင့် အမြင်က တက်တက်စင်အောင် လွဲနေပြီ၊ ဓာတ် ကလည်း Canonတံဆိပ် ဒစ်ဂျစ်တယ် ကင်မရာမှ ရိုက်ယူထားခြင်းဖြစ်တာ ကြောင့် ဝေခြင်း၊ ဝါးခြင်း၊ မှုန်ခြင်း မပြတ်သားခြင်း မရှိ။ ထင်ထင်ရှားရှား ပြတ်ပြတ်သားသားကြီး။

ကျွန်မက ဓာတ်ပုံကို အနီးကြည့် လိုက်၊ အဝေးကြည့်လိုက်၊ မျက်လုံး နှင့် အံ့ဩလိုက် လုပ်နေသည်ကို ဟိုသုံးယောက်က. သူတို့ကို နောက် သည်ဟု ထင်ကာ ကျွန်မကို တစ်စ မှ အဖက်မလုပ်။ ဒါကလည်း သူ အပြစ်မဟုတ်။ ကျွန်မက တစ်ခါတ ဓာတ်ပုံကို ပြန်ကြည့်ပြီး အထူးအဆ အမူအရာမျိုးတွေ လုပ်ပြတတ်သည် ထိုအခါတွင် ကျွန်မအကြောင်း မသိ က "ဟယ် . . . ဘာဖြစ်လို့လဲ" အသည်းအသည်လာကြည့်ကာမှ ဘာ မဟုတ်တဲ့ ကျွန်မ သက်သက်အရူး တာကို သူတို့ အရင်က ခံခဲ့ရဖူးသည် သို့ကြောင့် ယခုလည်း ကျွန်မ အ လုပ်နေသည်ဟု သူတို့ ထင်မှတ်ကြ ဖြစ်မည်။

"ဟဲ့ - ဒီ…ဒီမှာ ကြည့်ပါဦး

ကျွန်မ မနေနိုင်တော့၍ သူ ကို ခေါ်ပြမိတော့ ပုံပုံက လက် ရင်း…

"လာလုပ်မနေနဲ့ မိငွေ၊ နင့်အ တင်တွေ ရိုးနေပြီ"

"ဟဲ့ - ငါနောက်နေတာ မဟု ဘူး။ ကြည့်စမ်းပါဟာ။ ဘာမှမဟု ဆို ငါ့ကို ဆဲဟာ၊ ဟုတ်ပြီလား



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက အတင်းတောင်းတောင်း
...မ် ကြည့်ရှိုင်းတော့မှ သူက "ပေး
...ပေး" ဟု ဆိုပြီး မကြည့်ချင် ကြည့်ချင်
...ကြည့်လိုက်သည်။

"ဟယ်…ဘာ…ဘာကြီးတုန်း။ ...ဘာကို လှမ်းရိုက်ထားတာလဲ။ ခြေထောက်မပါတဲ့ လူကြီးလား။ ဘယ် ...ညည်းလဲ"

ပုံပုံက ထိုသို့ပြောရင်း ကြက်သီး ...သွားဟန်ဖြင့် ကင်မရာကို ကျွန်မထံ ...ပြန်ကမ်းပေးပြီး သူ့လက်နှစ်ဖက်ကို ...တ်နေလေသည်။ ကျန်တဲ့ သူငယ်ချင်း ...ယောက်ကလည်း ပုံပုံဖြစ်သွားပုံကို ကြည့်ကာ စိတ်ဝင်စားသွားကြ၍ ယူကြည့်ကြပြီးနောက် ထိုဓာတ်ပုံအပေါ် ...ွင် နားမလည်နိုင်အောင် ဖြစ်နေကြ...။

"ငါ့အထင်တော့ ခြေထောက်ပြတ်နေတဲ့ လူပုံမဟုတ်ဘူးဟ။ အောက်ပိုင်းက ပါတော့ ပါတယ်။ မှုန်ဝါးနေတာ။ နောက်က အုတ်ဂူဖြူဖြူလေးကိုတောင် အသေအချာမြင်နေရတယ်လေ"

"အေးဟာ၊ ရုပ်ကတော့ တော်တော် ထင်ရှားတယ်။ အသားဖြူဖြူ သွယ်သွယ် ကောင်လေးတစ်ယောက်ဟ။ အသက်ငယ်ငယ်ပဲ ရှိဦးမယ်။ ငါတော့ မထင်တတ်တော့ဘူး။ မိငွေ… နင် ဘယ်သူ့ကို ဘယ်လိုရိုက်လိုက်မိလို့လဲ"

ခက်ခက်၏ စကားကို မွန်မွန်က ထောက်ခံရင်း သူ့ထင်မြင်ချက်ကို ပေးကာ ကျွန်မကို သေချာအောင် မေးလိုက်ခြင်းဖြစ်သည်။ ကျွန်မမှာလည်း ဘာဖြေလို့ ဖြေရမှန်းမသိတော့။

"ဘုရားပေးပေး ကျမ်းပေးပေးပါဟယ်။ ငါရိုက်တုန်းက ရှင်းကြီးပါပဲ။ ဘယ်ကောင်လေးမှ မပါဘူး။ ဘယ်လို



က ဘယ်လို ပါလာမှန်းကို မသိတာ။ ငါ့ရဲ့ ရိုမန့်တစ်ဆန်တဲ့ ဓာတ်ပုံလေးတော့ ပျက်ရပါပြီ"

ကျွန်မရဲ့ ညည်းတွားသံအဆုံးမှာ ခက်ခက်က ဓာတ်ပုံကို ပြန်တောင်းယူပြီး အသေအချာကြည့်ပြန်သည်။

"ဟဲ့ - ကောင်လေးက ခခေတ် မဟုတ်ဘူးဟ။ ဝတ်ပုံစားပုံ၊ ဆံပင် အနေအထားကြည့်ရတာ ငါတို့အမေတွေခေတ်လောက်က ထင်တယ်။ ဒါဆို ငါ့အထင်တော့ သူက မကျွတ်လွတ်သေးတဲ့ ဝိညာဉ်ဖြစ်လိမ့်မယ်"

အားလုံးက ထိုသို့ယူဆမိပြီးသား ဖြစ်ပေမယ့် ပါးစပ်မရဲတာရယ်၊ မယုံရဲတာရယ်ကြောင့် ထုတ်မပြောဘဲကြခြင်း ဖြစ်သည်။ ခက်ခက်ကတော့ အားလုံးထက် ပရလောကကို ပိုမိုယုံကြည်တဲ့သူမို့ ထိုသို့သာ ရဲရဲဝံ့ဝံ့ပြောချလိုက်သည်။ ဒါကိုတောင် ပုံပုံက လက်မခံချင်သလို စောဒကတက်သေးသည်။

"နင်ကလည်း သရဲက မင်းသားသရဲမို့လို့ ဓာတ်ပုံဝင်အရိုက်ခံတာလား။ ငါကတော့ ဓာတ်ပုံထပ်တာလို့ ထင်တာပဲ"

ပုံပုံရဲ့ စကားကို ဓာတ်ပုံဝါသနာအိုး ကျွန်မက ခါးခါးသီးသီး ငြင်းပယ်လိုက်သည်။

"ဒါတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒစ်ဂျစ်တယ်မှာ ဓာတ်ပုံထပ်တယ်ဆိုတာ မရှိဘူး။ နောက်ပြီး ဓာတ်ပုံထပ်တယ်ဆိုတာ စောစောက ရိုက်တဲ့ပုံနဲ့ အခုရိုက်လိုက်တဲ့ပုံ အထဲမှာ တည်ဆောက်ပုံလွဲမှားပြီး ရှေ့နောက်ပုံတွေ ရောကုန်တာကို ပြောတာ။ စောစောက ရိုက်တော့လည်း ဒီကောင်လေး မပြောနဲ့ လူတောင် မပါဘူး။ ကင်မရာတစ်ခုလုံးမှာ ဒီကောင်လေးနဲ့ တူတာ တစ်ပုံတောင် မပါဘူး မိပုံ။ နင် ဖွတ်မငြင်းနဲ့"

ကျွန်မက ဓာတ်ပုံပညာနှင့် ပတ်သက်နေတဲ့ ပုံပုံ့စကားကို မဖြစ်နိုင်ကြောင်း အသည်းအသန်ငြင်းတော့ ပုံပုံလည်း သို့လော သို့လောနှင့် ငြိမ်ကျသွားသည်။ အားလုံးရဲ့ စကားကို နားထောင်နေတဲ့ မွန်မွန်က တစ်ခုခုကို အသေအချာ အလေးအနက်တွေးနေရာမှ…

"အေး၊ ငါလည်း ခက်ခက်ရဲ့ စကားကိုပဲ လက်ခံမိတယ်။ နောက်ပြီး ပုံပုံမေးတဲ့ မေးခွန်းကိုလည်း ဖြေရင်းချက် ရှာကြည့်မိတော့ ဒီလို လယ်ကွင်းထဲမှာ မကျွတ်မလွတ်ဖြစ်နေတဲ့ ဝိညာဉ်ဟာ သူရှိနေကြောင်းကို ဘယ်သူ့ကို ပြောမလဲ။ သူ့ကို ကျွတ်လွတ်အောင် အမျှပေးဝေပေးပါလို့ ဘယ်သူ့ကို တောင်းဆိုမလဲ။ တောင်းဆိုဖို့ လူရှိနေတာတောင်မှ မြင်လို့မရတဲ့သူ၊ တောင်းဆိုလို့ မရတဲ့သူဖြစ်နေလို့ နေပါလိမ့်မယ်။ ဒီလိုအချိန်မှာ မိငွေက ဓာတ်ပုံ


www.burmeseclassic.com

www.burmeseclassic.com

လှမ်းရိုက်လိုက်တယ်။ သူကလည်း သူ ရှိကြောင်း ပြလို့ရနေတဲ့အချိန်နဲ့ သွား ပြီး ကိုက်ညီနေတော့ သူက ငါတို့ကို ဘုရားမှာ အမျှအတန်းပေးဝေပေးဖို့ အကူအညီတောင်းတာ ဖြစ်ပါလိမ့်မယ် ဟာ။ ငါတို့ တဝဂ္ဂကို ရောက်ရင် သူ့ ကို ရည်စူးပြီး အမျှဝေပေးလိုက်ကြတာ ပေါ့။ သနားပါတယ်"

မွန်မွန်၏ စကားကို ကျွန်မတို့ အားလုံး သဘောတူညီလိုက်ကြသည်။ သွားရင်းလာရင်း သတ္တဝါတစ်ခုကို အပန်းကြီးကြီးမားမားမဟုတ်ဘဲ ကူညီ ခွင့်ရသွား၍လည်း ကျွန်မရင်ထဲ ကြည်နူး သလိုလို၊ ဝမ်းသာသလိုလိုဖြစ်နေမိ သည်။

◆◆◆

"ဤလမ်းနံဘေး တမာပင် အောက်မှ အုတ်ဂူဖြူလေးတစ်လုံးတွင် တွယ်ကပ်ငြိနေသော၊ မကျွတ်လွတ် သော ပုဂ္ဂိုလ်တစ်ဦးအား အမျှပေးဝေပါ တယ်။ အမျှ…အမျှ…အမျှယူတော် မူကြပါကုန်လော့၊ သာဓု…သာဓု… သာဓု"

အမျှပေးဝေပြီးနောက် ကျွန်မတို့ တဝဂ္ဂဘုရားတစ်ဝိုက်တွင် ဓာတ်ပုံရိုက် ယူကြသည်။ ခပ်လှမ်းလှမ်းမှ ဆည်တော် ကြီးကိုလည်း အဝေးကနေ ဆွဲကာ ဓာတ်ပုံရိုက်ယူသည်။ တဝဂ္ဂဘုရားသည် မုံရွာသူ မိခက်ပြောသလို အမှန်ပင် သာယာလှပကာ အေးချမ်းဆိတ်ငြိမ် သော၊ တရားဓမ္မအားထုတ်၍ ကောင်း သော နေရာတစ်ခုဖြစ်သည်။ ဆည်တော် မြင်စေတီတော်မှာလည်း နေရောင် အောက်တွင် ရွှေရောင်တဖိတ်ဖိတ်နှင့် သပ္ပာယ်ကြည်ညိုဖွယ်ကောင်းလှသည်။ သို့ပေမယ့် ကျွန်မတို့က နေ့လယ်ခင်း ထမင်းပြန်စားရဦးမည်ဖြစ်၍ ဘုရား သုတ်သုတ်ဖူး၊ ဓာတ်ပုံသုတ်သုတ်ရိုက် ပြီး ဂျစ်ကားပေါ် တက်ကာ လာလမ်း အတိုင်း ပြန်ခဲ့ကြသည်။

◆◆◆

ခရီးတစ်ခုတွင် အသွားနှင့် အပြန် သည် မတူညီ။ အသွားတွင် တက်ကြွ ပျော်ရွှင်နေသလောက် အပြန်၌ နုံးချိချိ ငြီးစီစီကြီး။ အသွားတွင် တစ်လမ်းလုံး ဓာတ်ပုံရိုက်ထားပြီးဖြစ်၍ အပြန်တွင် ကျွန်မလည်း အလုပ်မရှိ။ ထိုအခါမှ ကားဆောင့်တာ၊ ဖုန်ထူတာကို ကျွန်မ ကောင်းကောင်းကြီး သတိထားမိ ခံစား မိတော့သည်။

အလုပ်မရှိဘဲ မနေတတ်သည့် **ကျွန်မ ဓာတ်ပုံရိုက်စရာမရှိတော့သည့်** အခါ ဓာတ်ပုံတွေကို အစကနေ ပြန် ကြည့်သည်။ သည်တစ်ခါတော့ ပါးစပ် က အမျိုးမျိုးပြောပြီး ကိုယ့်ဓာတ်ပုံတွေ ကိုယ် မချီးကျူးတော့။ တစ်ပုံချင်းသာ အသေအချာကြည့်နေမိ၏။

"ဟယ်တော်…ထူးဆန်းလိုက် တာ"

ကျွန်မပြောလည်း ပြော၊ သူငယ် ချင်းတွေဆီကိုလည်း ကင်မရာကို ကမ်း ပေးလိုက်မိသည်။ သူငယ်ချင်းတွေက လည်း ဘာများ ထပ်တွေ့သလဲဟု တွေးကာ အသည်းအသန်ကြည့်ကြ သည်။

ပုံမှန်သာဆိုလျှင် "မိန်းမစုတ်၊ ဘာမှမဟုတ်ဘဲ လာနောက်နေပြန်ပြီ။ ဒီအုတ်ဂူတစ်လုံး တမာပင်အောက်မှာ ရှိနေတာ ထူးဆန်းသလား"ဟု အော် ငေါက်လွှတ်ကြမည်သာ။ ယခုတော့ မူလဓာတ်ပုံကို သူတို့ မြင်တွေ့ဖူးပြီး သားဖြစ်၍ ယခုဓာတ်ပုံကို မြင်တော့ သူတို့ပါ ပါးစပ်အဟောင်းသားဖြစ်သွား ကြသည်။ အမေးအမြန်းထူသော ပုံပုံ က ဓာတ်ပုံကို တအံ့တသြ လက်ညှိုး ထိုးပြီး…

"ဘယ်…ဘယ်ရောက်သွား စောစောက လူပုံ"

ကျွန်မက မသိဟူသော သ ဖြင့် ပခုံးတွန့်ပြလိုက်မိသည်။ ခ ကတော့ တုန်ယင်ဝမ်းသာသော လေးဖြင့်…

"သူ ကျွတ်လွတ်သွားပြီ တယ်"

ဟု ဆို၏။

သုံးယောက်သား ဝေ ဓာတ်ပုံကို ခေါင်းချင်းဆိုင်ကာ ငိ ကြည့်နေကြစဉ် ကျွန်မတို့ ဂျ လေးမှာ ထိုတမာပင်အောက်မှ အ လေးနံဘေးသို့ ရောက်ရှိလာသည် အုတ်ဂူလေးသည် ကျွန်မ စိတ်ကူ သကဲ့သို့ ကောင်မလေးတစ်ယော အုတ်ဂူမဟုတ်ဘဲ၊ ကောင်လေး ယောက်၏ အုတ်ဂူများလား။ ဒါမှမ ကောင်မလေး၏ အုတ်ဂူဖြစ်သော် ကောင်မလေး၏ ဝိညာဉ်က ကျ လွတ်သွားပြီဖြစ်ပြီး ကောင်မလေ ချစ်သူကောင်လေးခမျာ ကောင်မ များ ပြန်လာလေဦးမလားဟူ အတွေးနဲ့ အုတ်ဂူအနားမှာ တဝဲ လည်ဖြစ်နေလေသလား။

ကျွန်မ အတွေးပေါင်းစုံနှင့် က ရစ်ခဲ့ပြီဖြစ်သော အုတ်ဂူဖြူလေ လှမ်းငေးကြည့်လိုက်မိသည်။

"ဟင်…"

အုတ်ဂူပေါ်တွင် မှိုင်တွေငေး လျက် ထိုင်နေသော မိန်းမပုံစံ ပုံ တစ်ခုကို ကျွန်မ ဝေဝေဝါးဝါးနှင့် မြ တွေ့လိုက်ရသလို။

အို… ကျွန်မ စိတ်ထင်၍ ဖြစ်ပါလိမ့်မည်။

* * *

ဓါဦးနှ


www.burmeseclassic.com

www.burmeseclassic.com



ဈေးဆရာတော်ကြီးများ၏

# လက်သုံးဆေးတော်

# ဝမ်းကိုက် ဝမ်းနာပျောက်ဆေး

ရော်မြေ ကျော်ဝေ

စာရေးသူ ငယ်စဉ် ၁၀နှစ်သား ကလေးဘဝအရွယ်တွင် ဝမ်းကိုက်သွေးပါရောဂါဖြစ်ဖူးပါသည်။ ဝမ်းဗိုက်ထဲတွင် စ်နာပြီး လေနှင့် ဝမ်း မကွဲဘဲ၊ သွေးနှင့် ဝမ်းများသွားနေသဖြင့် အလွန်ခံရခက်ပါသည်။ တစ်နေ့တွင် အဘိုး ဦးဘသော်သည် မြို့ထဲမှ လက်သမားလုပ်ပြီး ပြန်လာပါသည်။ စာရေးသူကလည်း နေမကောင်းသဖြင့် ကျောင်းမတက်နိုင်ပါ။ အဘိုးက စာရေးသူကို ကြည့်ပြီး…

"ငါ့မြေးကြီးက ကျောင်းမတက်တာ ဘာဖြစ်လို့လဲ"ဟု အမေ့ကို မေးသောအခါ အမေက…

"ဝမ်းကိုက်နေတယ်လေ။ ထန်းလျက်နဲ့ ကြက်သွန်ဖြူကြော်ကျွေးတာလည်း မရပါဘူး ဘကြီးရယ်"ဟု ပြန်ဖြေသည်။

အဘိုးသည် စာရေးသူကို သေချာစွာ ကြည့်ပြီး…

"ဟဲ့ - ငွေးရီ၊ ကလေးကို မန်ကျည်းမှည့်နဲ့ နနွင်းကို ဆတူတော၊ ဆီလေးလူးပြီး သီတာနဲ့ မီးခဲရဲရဲမှာ အက်ကွဲထအောင် ကင်ပြီးတော့ ကျွေးစမ်းပါ။ ငါတို့ဆရာတော် ဝမ်းကိုက်ရောဂါပျောက်တဲ့ ဆေးပဲ။ ရေးဆေးနည်းကို နင် အထင်မသေးနဲ့။ လက်တွေ့လုပ်ပြီး ကျွေးစမ်း"ဟု ပြောသည်။

အမေသည် မီးဖိုချောင်ထဲတွင် အလွယ်တကူရရ လွယ်သော ဆေးနည်းကို အဘိုးပြောသည့်အတိုင်း ပြုလုပ်ပြီး စာရေးသူကို ကျွေးသောအခါ သုံးခါမျှ စားရရုံဖြင့် သက်သာပျောက်ကင်းသွားခဲ့ပါသည်။

ငယ်စဉ်ကလေးဘဝတွင် တွေ့ကြုံ ခံစားခဲ့ရသော ဝေဒနာတို့ကို ပြန်လည်စဉ်းစား သတိရမိသဖြင့် ရှေးဆရာတော်ကြီးများရဲ့ လက်စွဲ တိုင်းရင်းဆေး၏ တစ်မူထူးခြားသော ဆေးမြီးတိုကလေးကို ငွေကုန်ကြေးကျသက်သာပြီး အမှန်တကယ်ပျောက်ကင်းပါသဖြင့် စာရှုသူတို့အတွက် စာရေးသူ၏ ကိုယ်တွေ့အဖြစ် ရေးသားဖော်ပြလိုက်ရခြင်းပင် ဖြစ်ပါတော့သည်။

* * *

ရော်မြေကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com

# ဒန့်သလွန်ပင်အကြောင်း သိကောင်းစရာများ

**သစ္စာဝါဒီ ဆရာမြတ်စောလင်း**

တစ်နေ့တွင် ကျွန်ုပ်နှင့် ဆရာ ကိုသီဟတို့သည် ဒန့်သလွန်ပင်အကြောင်းများကို ဆွေးနွေးမိကြ၏။ ထိုသို့ ဆွေးနွေးသည့်အခါ ကိုသီဟမှ သူ တတ်သိနားလည်ထားသော တိုင်းရင်းဆေးပညာ၏ ဗဟုသုတများကို ပြောပြခဲ့၏။

လူတိုင်း လူတိုင်းတို့၌ အမြဲတာဝရ ကျန်းမာရေးကောင်းနေဖို့ လိုအပ်လှပေသည်။ ကျန်းမာရေးကောင်းဖို့အတွက် နေ့စဉ် မိမိကိုယ်ကို ဂရုစိုက်နေဖို့ လိုအပ်လှပေသည်။ ဆီး၊ ဝမ်း၊ လေတို့သည် မည်သို့မည်ပုံဖြစ်နေသည်ကို သတိထားပြီး ပြုပြင်ပေးဖို့ လိုအပ်လှ၏။ ဆီး၊ ဝမ်း၊ လေ၊ သွေး၊ ချွေးတို့ ညီညွတ်နေလျှင် ကျန်းမာရေးကောင်းနေမည်ပင်ဖြစ်၏။ ဆေးနှင့် ဓာတ်လေးပါးကို ညှိခြင်းရှိသလို၊ အစာဖြင့်လည်း ဓာတ်လေးပါးကို ညှိခြင်းရှိ၏။ နေ့စဉ် မြန်မာလူမျိုးများ စားသုံးနေသည့် သားငါးနှင့် ဟင်းသီးဟင်းရွက်တို့တွင် ဓာတ်လေးပါးကို ပြုပြင်ပေးနိုင်သော ဟင်းသီးဟင်းရွက်များရှိ၏။ အစာလည်း ဆေး၊ ဆေးလည်း အစာဆိုသော စကားကို လူတိုင်း ပြောကြ၏။ သိကြ၏။ သို့သော် သိသာ သိ၍ မကျင့်သုံးကြဘဲ အမှတ်တမဲ့နေကြ၏။ ကျန်းမာရေး လိုက်စားသော ပုဂ္ဂိုလ်များကသာလျှင် အစာအာဟာကို ဂရုစိုက်



www.burmeseclassic.com

www.burmeseclassic.com

သုံးကြပေသည်။ အစာအာဟာရကို ဂရုစိုက် စားသုံးတတ်သော ကျွန်ုပ်၏ စာဖတ်ပရိသတ်များအတွက် ဤလတွင် ဒန့်သလွန်ပင်၏ အကြောင်းကို တင်ပြလိုက်ပါသည်။

**ရုက္ခဗေဒအမည် - Moringa oleifera lank**

မြန်မာအစားအစာနှင့် အာဟာရမှ အစာလည်း ဆေး ဆေးလည်း အစာဖြစ်သော ဒန့်သလွန်ပင်သည် ဟင်းကောင်း တစ်ခွက်၊ ဆေးကောင်းတစ်လက်ဖြစ်၍ တန်ဖိုးရှိလှပါသည်။ ဦးရာသီ ဝဿနဥတုတို့တွင် ဖြစ်တတ်သော ဝမ်းပျက်၊ သွေးတိုး၊ သည်းခြေငုပ်၊ လေဖြတ်၊ အနာပေါက်ကြသော ဝေဒနာရှင်များအတွက် အထူးကျေးဇူးပြုနိုင်ပေသည်။

မြန်မာဆေးကျမ်းများအလိုအရ ဒန့်သလွန်သည် အနည်းငယ်ချို၍ ဖန်သော အရသာရှိ၏။ ကြေလွယ်၏။ ာ်ကို မြိန်စေ၏။ ဝမ်းမီးကို တောက်စေသည်။ လေ၊ သည်းခြေ သလိပ်ကို နိုင်၏။ သွေးတိုးရောဂါ၊ မီးယပ်ရောဂါ၊ အပူနာ၊ ဝမ်းပျက်၊ ဝမ်းသွားခြင်းတို့ကို နိုင်၏။ ဂူလုံးအကြော အခြင် ရောင်ရမ်းခြင်း၊ နားအူ နားကိုက်၊ မျက်စိဝေခြင်းတို့ ကို အကျိုးပြု၏။

အရွက်ကို ဟင်းချိုအဖြစ် ပြုတ်သောက်သော် သွေး တိုးကျ၏။ ဝမ်းပျက် ဝမ်းသွား၊ ဝမ်းကိုက်၊ ဝမ်းဖော ဝမ်းရောင် ခြင်းအတွက် ဒန့်သလွန်ရွက်ကို မုန်ညင်းစေ့၊ သကြားဆတူ ပေါင်းစပ်၍ သုံးခွက် တစ်ခွက်တင် ပြုတ်သောက်ခြင်းဖြင့် ပျောက်ကင်းစေသည်။ အရွက်ကို ကြက်သွန်ဖြူ၊ ပတဲကော မြစ်၊ မိဿလင်တို့ကို ဟင်းခါးချက်သောက်သော် အမျိုးသမီး များ မီးယပ်ထိန်ခြင်း၊ ငုပ်ခြင်း၊ နည်းခြင်းများ ပျောက်ကင်း၏။

ဒန့်သလွန်မြစ်ကို ထုထောင်းကြိတ်ချေ၍ အရည်ညှစ် ကာ ဟင်းစားဇွန်းတစ်ဇွန်းခန့်သောက်လျှင် အသံဝင်၊ အသံ ပ်၊ လည်ချောင်းနာ ပျောက်စေ၏။ ဒန့်သလွန်မြစ်ကို သုံးခွက် တစ်ခွက်တင် ကျို၍ ဟင်းစားဇွန်းတစ်ဇွန်းခန့် မှန်မှန်သောက်သော် ဝမ်းတွင်း သက်တန့်နာ ပျောက်စေ၏။ အမြစ်ကို ကြိတ်၍ရသော အရည်ကို ချင်း(ဂျင်း)ရည်နှင့် အတူရော၍ သောက်လျှင် ပန်းနာရောဂါကို ပျောက်ကင်း စေပါသည်။ ဒန့်သလွန်မြစ်မှုန့်နှင့် ပရန္နဝါမြစ်မှုန့် ဆတူကို အုန်းနို့ ပျားရည်တို့နှင့် ရောစပ်ချက်ပြီး ဟင်းစားဇွန်းတစ်ဇွန်း သောက်သော် အင်အားပြည့်ဖြိုး ခွန်အားတိုးပြီး သည်းခြေကို နိုင်၍ အသက်ရှည်စေ၏။

ဒန့်သလွန်သီးကို ဟင်းချက်ကျွေးက ကလေးများ သန်ကောင်၊ တုတ်ကောင် ကင်းရှင်းစေ၏။ အသီးကို အမှုန့် ပြု၍ သကြားနှင့်အတူ ရောသောက်သော် ဝမ်းပျက်ရောဂါ နှင့် ဆီးနီခြင်း၊ ဆီးဝါခြင်း၊ ဆီးလွန်ခြင်းတို့ကို ပျောက်ကင်း စေသည်။ ဒန့်သလွန်သီးကို အမှုန့်ပြု၍ နှမ်းဆီဖြင့် အကြော ရောဂါ၊ လေဖြတ်၊ လေငန်းဝေဒနာရှင်များ ပျောက်ကင်းစေ နိုင်ပါသည်။ အပူနာနှင့် ယားနာ ဝေဒနာရှင်များအတွက် ဒန့်သလွန်သီးကို အမှုန့်ပြုလုပ်၍ သနပ်ခါးနှင့်အတူ လိမ်း ပေးခြင်းဖြင့် ပျောက်ကင်းစေပါသည်။

အစေ့နှင့် အဆီကို အနာပေါက်နှင့် ယားနာအမျိုးမျိုး တို့၌ အသုံးပြုနိုင်သည်။ ဒန့်သလွန်အပွင့်ကို ကြက်သွန်ဖြူ၊ နီတို့ဖြင့် သုပ်စားလျှင် ဖောရောင်ခြင်း၊ အဖျဉ်းကြီးနှင့် ဝါဖျဉ်း စွဲသော ရောဂါ၊ အကြောရောဂါ၊ လေဖောက်ပြန်သော ရောဂါ များ ပျောက်ကင်းစေတတ်၏။ အခေါက်မှ အရည်ကို အုန်း ဆီနှင့် ဆတူရော၍ နားထဲ ထည့်ပေးသော် နာကျင်ကိုက်ခဲ ခြင်း၊ နားပြည်ယိုခြင်းများကို ပျောက်ကင်းစေတတ်၏။

ဒန့်သလွန်ပင်သည် ဟင်းသီးဟင်းရွက်ပင်အဖြစ်သာ မက၊ အသုံးပြုတတ်လျှင် အပင်၏ ပဥ္စငါးပါးလုံး အာနိသင် ရှိသော ဟင်းကောင်းတစ်ခွက်၊ ဆေးကောင်းတစ်လက်အဖြစ် မှီဝဲသင့်သောအပင် ဖြစ်ပေသည်။

ဒန့်သလွန်ခေါက်ကို အမှုန့်ပြု၍ ၎င်းအမှုန့်နှင့် ငရုတ် ကောင်းမှုန့်၊ ပန်းနှမ်း၊ လင်းနေမြစ်၊ မြန်မာကုက္ကိုခေါက်မှုန့်တို့ကို ဆတူရောစပ်၍ ညက်အောင် အမှုန့်ပြုပြီး နေ့စဉ် တစ်ကြိမ် နာရှူဆေးအဖြစ် သုံးခဲ့သော် နောက်ကြောတက် ပျောက်၍ ဇက်ထိုး ဇက်လေးခြင်းများ ပျောက်၏။ မျက်စိမှုန်ခြင်း၊ အပြင် တိမ်သလာများကိုပင် ပျောက်ကင်းစေနိုင်ပေသည်။ □

* * *

သန္တာဝါဒီ ဆရာမြတ်စောလင်း



www.burmeseclassic.com

www.burmeseclassic.com

# တစ်နှစ်တာအမည်

## ကောင်း-ဆိုးနှစ်ဖြာ သိစေရာ

■ ကျော်မိုးလွင်(ဝါးခယ်မ) ■

တစ်နေ့ ရေကျော်ရပ်ကွက်ရှိ "ခရေဇီ"လက်ဖက်ရည်ဆိုင်တွင် ထိုင်နေခိုက်ဖြစ်၏။ အမေးအမြန်းထူသော ကျွန်ုပ်၏ တပည့်ကျော် ကျေးတော စောလှိုင် ရောက်လာခဲ့သည်။

ထင်သည့်အတိုင်း ရောက်မဆိုက်ပင် မေးခွန်းက ပါလာခဲ့သည်။

"ဆရာမိုး…တစ်နှစ်တာ အမည်အတက်အကျ သိနိုင်တဲ့နည်း ဗေဒင်ပညာမှာ ရှိတယ်လို့ သိရတယ်။ အဲဒါ ဟုတ်သလား"

ကျွန်ုပ် ပြုံးနေလိုက်မိသည်။

နေ့တိုင်း ကျွန်ုပ်ထိုင်ဖြစ်ခဲ့သော ခရေဇီ လက်ဖက်ရည်ဆိုင်သည် ယခင်က "ပန်းကမ္ဘာ"အမည်နှင့် ဖွင့်ခဲ့သော လက်ဖက်ရည်ဆိုင်ဖြစ်သည်။

ပန်းကမ္ဘာအစက လုပ်ခဲ့သည်။ လူကြိုက်များခဲ့သည်။ နောက်ပိုင်း မှေးမှိန်လာခဲ့ရာက ပိုင်ရှင်ပြောင်းကာ "ခရေဇီ" ဖြစ်လာခဲ့ရသည်။

အမည်အတက်အကျကို ပိုမိုသိစေသည်မှာ အနုပညာရှင်များပင် ဖြစ်သည်။ တချို့ ထင်ရှားတောက်ပလာကြပြီး၊ တချို့ မှေးမှိန်ပျောက်ကွယ်သွားခဲ့ကြသည်။

တရားသဘောနှင့် ကြည့်လျှင် မည်သည့်အရာမှ ခိုင်မြဲမှုမရှိကြောင်း ပြနေခြင်းပင်ဖြစ်တော့၏။

ဗေဒင်ပညာတွင်ကား တွက်၍ရလာသော ကိန်းဂဏန်းများက အမည်၏ အတက်အကျကို ဖော်ထုတ်ပေးနေကြောင်း စမ်းသပ်တွက်ချက်ကြည့်ခြင်းဖြင့် သိနိုင်ခဲ့ပါသည်။

"အမည်နဲ့ ပတ်သက်ပြီး နာမက္ခရဆန်းဆိုတာ ရှိတယ်။ သရောဒယဗေဒင်ဆိုတာလည်း ရှိတယ် ကျေးတော"

"တံခွန်ဂိုဏ်း၊ အခိုးဂိုဏ်း၊ ခြသေ့်ဂိုဏ်းဆိုတာတွေလား"

ကျေးတော စောလှိုင် မည့်ပါ။ သူက သရောဒယ ဗေဒင်နည်းကိုပင် လေ့လာပြီးဖြစ်နေတော့၏။

"မင်းသိချင်တာက တစ်နှစ်တာ နာမည်အဆိုးအကောင်း အကျအတက်ကို မဟုတ်လား"

ကျေးတော စောလှိုင်က စပ်ဖြီးဖြီးမျက်နှာနှင့် ကလေး တစ်ယောက်သဖွယ် ခေါင်းညိတ်ပြလာခဲ့သည်။

ကျွန်ုပ်က အသင့်ပါလာသော အမည်အက္ခရာ ဂဏန်း ကောက် ဇယားကို ထုတ်ပေးလိုက်သည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ |
| ည | ဋ | ဌ | ဍ | ဎ | ဏ | တ | ထ | ဒ |
| ဓ | န | ပ | ဖ | ဗ | ဘ | မ | ယ | ရ |
| လ | ဝ | သ | ဟ | ဠ | အ | | | |

ရှေးဦးစွာ သေသကိန်းရှာရပါမည်။

သေသကိန်း - ရောက်ဆဲ သက္ကရာဇ်ကို တည်၊ ၁၀ နှင့် စား။ သေသကိန်းရပါမည်။

ဥပမာ - ၁၃၇၄ (ယခုနှစ် သေသကိန်း)

- ၁၃၇၄ ÷ ၁၀၈ = ၁၂ = ၇၈(သေသကိန်း

အမည်သင်္ချာ - စောလှိုင်

၆ + ၁ = ၇ ရ၏။

အမည်သင်္ချာကို ရောက်နေသော ခုနှစ်(သေသကိန်း နှင့် ပေါင်း၍ တည်ကိန်းပြုပါ။

၇၈ + ၇ = ၈၅ ရ၏။

တည်ကိန်း ၈၅ကို ပထမအဆင့် ၃နှင့် မြှောက် ၉နှင့် စားပါ။



www.burmeseclassic.com

www.burmeseclassic.com

၈၅ × ၃ = ၂၅၅ ÷ ၉ = ၂၈ = ၃ကြွင်း(ပထမကြွင်း)
ဒုတိယအဆင့် ၄နှင့် မြှောက်ပါ။ ၉နှင့် စားပါ။
၈၅ × ၄ = ၃၄၀ + ၉ = ၃၇ = ၇ကြွင်း(ဒုတိယကြွင်း)
တတိယအဆင့် ၈နှင့် မြှောက်၍ ၁၂နှင့် စားပါ။
၈၅×၈ = ၆၈၀ ÷ ၁၂ = ၅၆ = ၈ကြွင်း(တတိယကြွင်း)
စားသည့်အကြွင်း စထက်များက စနုတ်ပေးရပါမည်။
ပထမအကြွင်းသည် ပထမ (၄လ)
ဒုတိယအကြွင်းသည် ဒုတိယ(၄လ)
တတိယအကြွင်းသည် တတိယ(၄လ)
သောမဂဏန်း(၂၊ ၄၊ ၅၊ ၆)ကြွင်းလျှင်ကောင်းပါသည်။
ပါပဂဏန်း (၁၊ ၃၊ ၇၊ ၈)ကြွင်းလျှင် ညံ့ပါသည်။
စာလှိုင်ကို တွက်ကြည့်ရာတွင်...
ပထမ (၄လ) ပါပဂြိုဟ် ၃ကြွင်း၍ ညံ့ပါသည်။
ဒုတိယ(၄လ) ပါပဂြိုဟ် ၇ကြွင်း၍ ညံ့ပါသည်။
တတိယ(၄လ) ပါပဂြိုဟ် ၈ကြွင်း၍ ညံ့ပါသည်။

ပထမ (၄လ) တန်ခူးမှ ဝါဆိုတွင်။
ဒုတိယ (၄လ) ဝါခေါင်မှ တန်ဆောင်မုန်းတွင်။
တတိယ (၄လ) နတ်တော်မှ တပေါင်းလတွင်။
ကျေးတော်၊ စောလှိုင်မျက်နှာကြီး ရှုံ့မဲ့သွားခဲ့ပါသည်။
"ဟုတ်တယ် ဆရာမိုးရာ။ ဒီနှစ် စီးပွားရေးတော်တော် ညံ့တယ်။ ဆရာ ကိုခင်မောင်လွင်(မာတတ်ပုံ)ကတော့ ရန်ကုန်မှာ သူနဲ့ ရုပ်ရှင်ရိုက်ဖို့ ခေါ်ပါတယ်။ ကျွန်တော့်မိန်းမက မလွှတ်ဘူးဗျ"

သူ့အသံက ကျယ်သွား၍ ဘေးဝိုင်းက ရယ်သံကို ကျွန်ုပ် ကြားလိုက်ရပါတော့သည်။

ဗေဒင်ဝါသနာရှင် စာရှုသူများခင်ဗျာ... တစ်နစ်တာ အမည်အကောင်းအဆိုးကို တွက်ချက်ကြည့်ခြင်းဖြင့် ရှောင်တတ်၊ ဆောင်တတ်ကြပါစေ။

* * *

စကျော်မိုးလွင်(ဝါးစယ်မ)

ဆရာမကြီး ဒေါ်လှလှကြွယ်၏
ဘုန်းကြွယ် (အမှတ်တံဆိပ်)
ဝမ်းမှုန်ဆေး
ပင်ရင်း - ဘုန်းကြွယ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(၉၆) ဘီ၊ ခရေပင်လမ်းမ၊ (၂/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၃၅၅၀၃၊ ၀၉-၇၃၁၇၈၄၅၂


www.burmeseclassic.com

www.burmeseclassic.com



ထူးတော့ ထူးဆန်းသ


စွဲ၍ပဲလား။ အမှတ်သညာမ

အိပ်မက်ကိုမှ ထပ်

သည်။ မက်သည့် အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



# မြမြအိုး

## ရှိခဲ့တာအမှန်ပါပဲ.....

-လွန်းသည်။ အရိပ်သဏ္ဍာန် -မြင်ရသည်မဟုတ်၊ ဝိုးဝိုးဝါးဝါးမြင် -မြင်ရသည်။ မှတ်မိလွယ်သော -ထားမှာ ရှိသည်။ အိပ်မက်ကို -တားလျှင် ဖြစ်နေသည့်အလား -သည်။

"အမေ…သမီး အမေ့ဆီ ပြန်လာမယ်နော်"

ချိုအေးသာယာသော အသံလေးနှင့် သမီးငယ်လေး။ အရွယ်အားဖြင့် လေးငါးနှစ်သာ ရှိဦးမည်။ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ မျက်နှာပြည့်ဝိုင်းဝိုင်း၊ မျက်လုံးလှလှလေးနှင့် နားထွင်းမည့် သတို့သမီးငယ်လေးပမာ ခေါင်းစည်းပုံနှင့် ထိုင်မသိမ်းအင်္ကျီကို ဝတ်ကာ အရောင်ပြောင်လက်လက်နှင့် မြန်မာ့၏ ရေ့တည့်တည့်တွင် လာရပ်ပြီး နှစ်သိမ့်စကားလာပြောခြင်းပင်။

"တကယ်ပြောတာလား သမီးရယ်"

"တကယ်ပါ မေမေရယ်။ မေမေ



www.burmeseclassic.com

www.burmeseclassic.com

အတွက် ပစ္စည်းတွေ ကျန်ခဲ့လို့ သမီး ခဏပြန်လိုက်တာ။ မကြာပါဘူး အမေ့ဆီကို သမီးပြန်လာပါမှာပါ"

"မေမေ့ရင်ထဲမှာ သမီးလေးကို လက်လွှတ်ဆုံးရှုံးရပြီဆိုပြီး ယူကျုံးမရ ဖြစ်နေတာ"

"ခဏလေး သည်းခံလိုက်ပါ မေမေရယ်။ သမီး ဒီမှာ အလုပ်ကိစ္စလေးတွေ ရှိနေသေးလို့ပါ။ မကြာပါဘူး ရက်ပိုင်း လပိုင်းအတွင်းမှာပဲ သမီးပြန်လာမှာပါ"

"မြန်မြန်ပြန်လာနော် သမီး၊ မေမေစောင့်နေမယ်"

မက်သည့် အိပ်မက်တိုင်းတွင် ထိုသို့ စကားအခြေအတင်ပြောပြီး ကလေးငယ်က ပျောက်ကွယ်သွားသည်။ အရုဏ်ကျင်း အလင်းရောင်မပျို့တပျို့တွင် မြန်နွှာနိုးလာသည်။ ထူးဆန်းသည်ကလည်း အိပ်မက်သည် မြန်နွှာကို တစ်ရက်ခြား၊ နှစ်ရက်ခြား လာပြီးမက်စေသည်။

"နန္ဒာ့စိတ်ထဲစွဲပြီး သွေးလေချောက်ချားလို့ မက်တာနေမှာပေါ့ကွာ"

ကိုကို့ကို ဒီအိပ်မက်အကြောင်း နန္ဒာပြောပြသည်။ ကိုကိုက မြန်နွှာ စကားကို အလေးမထားဘဲ ရယ်မောကာ နေသည်။

"ကိုကိုက နန္ဒာ့စိတ်ထဲမှာ အစွဲအလမ်းမထားစေချင်လို့ပါ။ စွဲလမ်းမှုကို ထားရတာ နန္ဒာပင်ပန်းမှာစိုးလို့"

"ဟင့်အင်း၊ နန္ဒာကတော့ ဒီအိပ်မက် တကယ်ဖြစ်လာမယ်လို့ ထင်နေတယ်"

"ထင်…ထင်၊ နန္ဒာစိတ်ချမ်းသာမယ်ဆို ထင်သာထင်"

ကိုကိုက မြန်နွှာကို သနားကြင်နာသော မျက်လုံးအစုံနှင့် ကြည့်ကာ ပြောလိုက်သည်။ တကယ်တော့ မြန်နွှာသည် မကျန်းမာသောအခြေအနေကြောင့် အိပ်ရာထဲတွင် အနားယူလှဲနေရသူပင်။ အိမ်ထောင်သက်က မကြာသေး။ တစ်နှစ်သာသာ,သာ ရှိသေးသည်။ စီးပွားရေးလုပ်ငန်းရှင်ဖြစ်သည့် ကိုကိုက သူ့ထက် ဆယ်နှစ်ငယ်သော မြန်နွှာကို လက်ထပ်ခဲ့သည်။ ဆယ်တန်းအောင်ပြီးစ မြန်နွှာက အိမ်ထောင်ကျပြီးမှ တက္ကသိုလ်ကို ဆက်တက်သည်။ အသားလတ်လတ်၊ ခန္ဓာကိုယ်အချိုးအစားကျသော မြန်နွှာ၏ အလှကို မျက်လုံး၊ မျက်ဖန်အလှနှင့် ထပ်ဆင့်လိုက်သည့်အခါတွင် စွဲမက် ချစ်စဖွယ် အလှပိုင်ရှင်တစ်ဦးဖြစ်သွားသည်။

ကိုကိုကလည်း အရပ်မြင့်မြင့်၊ အသားလတ်လတ်၊ နှာတံပေါ်ပေါ်၊ မျက်လုံးဝိုင်းဝိုင်း။ ခန္ဓာကိုယ်က ခပ်ပြည့်ပြည့်၊ အနည်းငယ် ဗိုက်ရွှဲသည်က လွှဲလျှင် ယောက်ျားပီသသော ဟန်ပန်ရှိသည်။ နှစ်လွှာနှုတ်ခမ်းက မထူမပါး၊ အမြဲတမ်း ပြုံးရိပ်ဆင်ထားသည်။ ခွင့်လွှတ်စိတ်ရှိပြီး အနေအေးဆေး၏။

"တကယ်ပြောတာ ကိုကိုရဲ့။ နန္ဒာ့ဆီ သမီးလေး ပြန်ကိုလာမှာ၊ ကြည့်နေ"

"ဖြစ်သွားတဲ့ ကလေးက မိန်းကလေးလို့ နန္ဒာ့ကို ဘယ်သူပြောလဲ"

"နန္ဒာ့စိတ်ထဲ ထင်ရင် မမှားဘူး။ သူ့ကိုယ်ဝန်ရှိစမှာ နန္ဒာက အလှအပကြိုက်တယ်လေ။ ချဉ်စပ်စပ် မုန့်ဟင်းခါးတို့၊ ကြက်သားပလာတာတို့ဆိုတာလည်း နန္ဒာက သိပ်ကြိုက်တာ။ ကိုကိုပဲ နန္ဒာ့ကို လိုက်ကျွေးရတာမဟုတ်လား။ နပြောလိုက်တာ ကိုကိုရယ်"

"ဘာကို နပြောတာလဲ နန္ဒာ"

"ဩော်…ကလေးကိုပေါ့။ သုံးလလောက်ရောက်မှ သားပျက်ကျရတာ။ နန္ဒာသွားလာလှုပ်ရှားတာ ကြမ်းတမ်းလို့ သမီးလေး ထွက်သွားရတာ"

"နန္ဒာရယ်၊ ကိုကို့နန္ဒာလေး… အစွဲအလမ်းသိပ်ကြီးတာပဲ"

အိပ်မက်မက်တိုင်း မိုးလင်း… နှင့် နံနက်စာ အဆာပြေစားရင်း … ပြတတ်သော မြန်နွှာတစ်ယော… ယနေ့လည်း အိပ်မက်အကြောင်း… ပြန်ပြောရင်းက ပျက်ကျသွားရရှာ… သန္ဓေသားကို တမ်းတလိုက်မိသည်…

"နောက်ပြီး သမီးလေးက … သေးတယ်။ သူ့ကို နာမည်မှည့်… နန္ဒာ့နာမည်ကိုရော၊ ကိုကို့နာမည်… ပါအောင် "မြသီရိအေးမွန်" လို့ မှည့်… တဲ့။ လာတယ်နော် နာမည်လေးက… လာရင်တော့ နန္ဒာ အဲဒီနာမည်ပဲ … မယ်"

"မှည့်စေဗျာ…မှည့်စေ"

ကော်ဖီခွက်ထဲမှ လက်… ကော်ဖီကို မော့ပြီးသည်နှင့် စကား… အဆုံးသတ်လိုက်သည်။

"ကဲ - ကိုကို အလုပ်… အတွက် အပြင်သွားမယ်။ နန္ဒာ အိ… ထဲမှာပဲ နေနော်။ ဒီအင်စီလုပ်… တော့ သိပ်လှုပ်လှုပ်ရှားရှားမလု… သွေးသိပ်ဆင်းတတ်တယ်။ ခေါ်… လာမယ်။ ခေါ်စိန်လာမှ နန္ဒာလု… တာကို ပြော။ အခု ဈေးသွားနေ… ခဏစောင့်လိုက်ဦး"

"ကိုကို"

"ဟင်…ဘာလဲ နန္ဒာ"

"နေ့လယ် ထမင်းပြန်လာ… နော်"

"အလုပ်များလို့ ပြန်လာမ… ရင်တော့ ခွင့်လွှတ် နန္ဒာရယ်"

အင်္ကျီအဝတ်အစားလဲပြီး … ထွက်ရန် ပြင်ဆင်နေစဉ်မှာပင် … ပြန်ရောက်လာသည်။ ကိုကိုလ… ချထားပြီး အပြင်သို့ ထွက်သွား…





www.burmeseclassic.com

www.burmeseclassic.com

ခင် မြနန္ဒာအနားသို့ လာပြီး လေးတစ်ဖက်ကို အနမ်းလက်ဆောင် သွားသည်။ သိပ်ချစ်တတ်သော ကိုပင်။

◆◆◆

"ဒေါ်စိန်ရေ…ဘာဝယ်လာလဲ င်"

မီးဖိုချောင်တွင် ဈေးခြင်းတောင်း အလုပ်ရှုပ်နေသော ဒေါ်စိန်ကို မေးလိုက်သည်။ အသက် ၅၀ကျော် သော်လည်း ဒေါ်စိန်က ယခုထက် တ်လတ် ကျန်းမာလျက်ရှိ၍ မြနန္ဒာ သင်မယား အားကိုးရသော အဖော် ာင်းတစ်ဦးပင်။ ကိုကိုနှင့်လည်း မျိုးနီးစပ်တော်၍ အစစအရာရာ ချရသည်။ စကားနည်းပြီး အလုပ် များလုပ်သည်။

"ဘာလဲ နန္ဒာ"

"ဘာဟင်းချက်စရာ ဝယ်လာ လဲလို့"

အနားရောက်လာသည့် ဒေါ်စိန် မြနန္ဒာ ထပ်မေးလိုက်သည်။ ဆေးရုံ မနေ့ကမှ ဆင်းလာသဖြင့် မြနန္ဒာ စ်ယောက် လှုပ်လှုပ်ရှားရှားမလုပ်ရ သေး။

"နန္ဒာအတွက် ကြက်သားပြုတ် ကြာ်လုပ်မယ်။ မောင်မောင့်အတွက် ယ်ခြစ် ရေချိုချက်ပြီး သီးရွက်စုံ ကြော်မလို့"

ဒေါ်စိန်က ကိုကိုငယ်ငယ် တည်းက အတူနေခဲ့ဖူး၍ ကိုကို့ကို ်နာမည် မောင်မောင်လို့သာ ခေါ် ည်။ ကိုကို့မိဘများက စီးပွားရေး မားပင်။ ပညာစုံ၊ ကြွယ်ဝစုံ၊ စီးပွား ပုံပြီး တစ်ဦးတည်းသောသား ကိုအား မြနန္ဒာနှင့် လက်ထပ်ပေးပြီး က် နှစ်ဦးစလုံး ကွယ်လွန်သွားကြ ဲ့သည်။

"ဒေါ်စိန်"

"အမလေး…နန္ဒာ့ရယ်၊ အေးက အေးသနဲ့ မီးဖိုထဲ မလာနဲ့"

"နန္ဒာ ဒီနားမှာပဲ ထိုင်မှာပါ"

ဒေါ်စိန် အလုပ်လုပ်သည့်နေရာ နှင့် မနီးမဝေးတွင် ခုံတစ်လုံးယူကာ ထိုင်လိုက်သည်။

"ဒေါ်စိန်…နန္ဒာမေးချင်လို့"

"မေးလေ"

ကြက်သားချက်ရန် ကိုင်တွယ် ပြင်ဆင်နေရင်းက နန္ဒာပြောမည့်စကား ကို နားထောင်နေသည်။

"အိပ်မက်ဆိုတာ ယုံသလား ဟင်"

"အင်း…ယုံသင့်တာလည်း ရှိ တာပေါ့"

"ခဏ ခဏ အဲဒါကိုပဲ တစ်သွေ မတိမ်းမက်တဲ့ အိပ်မက်ဆိုရင်ရော"

"ယုံတယ်၊ ယုံတယ်။ အဲဒါ ဖြစ် နိုင်တယ်"

"ဟုတ်တယ် ဒေါ်စိန်ရဲ့၊ နန္ဒာလေ အခုမက်တဲ့ အိပ်မက်က ကလေးပျက် ကျလို့ ဆေးရုံကို သွားရတဲ့ညက စပြီး အခုညအထိ လေးငါးခါရှိပြီ။ အဲဒီ အိပ်မက်ပဲ ထပ်မက်တယ်။ အိပ်မက်ထဲ မှာ နန္ဒာက ကိုကိုမပါဘဲ တောထဲကို သွားတာ။ တောက အရမ်းသာယာတာ ပဲ။ ရေတံခွန်တွေနဲ့ ပန်းလေးတွေ ပွင့် ပြီး သိပ်လှတာ"

ဒေါ်စိန်က နန္ဒာပြောစကားကို စောင့်ပြီး နားထောင်ရင်း အလုပ်ကို လုပ်နေသည်။

"အဲဒီလိုသွားနေတုန်း တစ်နေရာ ရောက်တော့ မိန်းကလေးတစ်ယောက် တွေ့တယ်"

မြနန္ဒာက အိပ်မက်ကို အစ အဆုံး ပြောပြလိုက်သည်။ ဒေါ်စိန်က လည်း ပြောသမျှကို စိတ်ဝင်စားလျက် ရှိသည်။

"ထူးဆန်းလိုက်တာနော်"

"ဟုတ်တယ် ဒေါ်စိန်ရဲ့၊ နန္ဒာ့ စိတ်ထဲမှာ အဲဒီသမီးလေးက နန္ဒာ့ဆီ ပြန်လာတယ်လို့ ထင်တယ်"

"မောင်မောင်ကရော ဘာပြော သလဲ"

"နန္ဒာ့ကို အရူးမတဲ့။ သွေးလေ ချောက်ချားပြီး မက်တာကို တကယ် အစွဲအလမ်းထားနေတယ်တဲ့။ သွေးလေ ချောက်ချားပြီး မက်တာဆိုရင် ဒီအိပ် မက်မျိုး ခဏ ခဏမက်ပါ့မလား။ မက် ရင်လည်း တစ်ခုနဲ့ တစ်ခု ထပ်တူထပ်မျှ တူစရာမလိုဘူးပေါ့။ အခုလာမက်တဲ့ အိပ်မက်က တစ်သွေမတိမ်း ထပ်တူ ထပ်မျှကို မက်တာ။ အိုလေ… ဘာ ပဲဖြစ်ဖြစ် နန္ဒာကတော့ သမီးလေးက သူပြောတဲ့အတိုင်း နန္ဒာ့ဆီ ပြန်လာမှာ ပဲလို့ ယုံကြည်တယ်။ တကယ်လို့များ ကိုယ်ဝန်ပြန်ရှိလို့ မိန်းကလေးမွေးရင် အိပ်မက်ထဲက သူပြောတဲ့ နာမည်လေး ပဲ မှည့်မယ်။ နန္ဒာ့နာမည်ရော၊ ကိုကို့ နာမည်ပါ ပါတယ်။ သိပ်ချစ်ဖို့ ကောင်း တဲ့ နာမည်လေး။ မြသီရိအေးမွန်တဲ့ ဒေါ်စိန်ရယ်"

"နာမည်လေးကလည်း လှတယ် နန္ဒာရဲ့"

"အိပ်မက်ထဲမှာ သမီးလေးက သိပ်ချစ်စရာကောင်းတာ၊ ဖအေတူ လေး။ မျက်လုံးပြူးပြူး ပါးဖောင်းဖောင်း လေးနဲ့ အသားလေးက ဖွေးလို့။ နန္ဒာ တော့ ဘုရားရှိခိုးတိုင်း သမီးလေးဟာ နန္ဒာတို့ဆီကို လာခြင်းကောင်းသော ရထားတစ်ပါးအဖြစ် ပြန်ရောက်လာပါ စေလို့ ဆုတောင်းမယ်

◆◆◆

"မေမေ"

"ဘာလဲ သမီးလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"သမီးမှာလေ အိမ်ကြီးကြီး တစ်လုံးရယ်၊ လှည်းတွေ၊ နွားတွေရယ် ရှိတယ်။ အဲဒါတွေက သစ်ပင်ကြီးကြီး အောက်မှာ ထားတယ်။ မေမေလိုက် ကြည့်ပါလားဟင်"

"ဘယ်ကို လိုက်ကြည့်ရမှာလဲ သမီးရယ်။ အဝေးကြီးဆိုရင် မေမေနဲ့ သမီး နှစ်ယောက်တည်း သွားလို့ရမှာ မဟုတ်ဘူး။ သမီးရဲ့ ဖေဖေကိုပါ ခေါ်ရမှာ"

"ဟာ…မေမေကလည်း ဖေဖေ က သူ့အလုပ်နဲ့ သူ ရှုပ်နေတာ။ သမီး ပြောတာကို စိတ်ဝင်စားမှာမဟုတ်ဘူး။ သမီးတို့ သွားမှာ နီးနီးလေးပါ။ လာပါ မေမေရဲ့၊ ထိုင်မနေပါနဲ့။ ထ…ထ၊ သမီးနဲ့ လိုက်ခဲ့"

သမီးလေးက စကားသွက်သည်။ အရွယ်နှင့် မလိုက်အောင် ဖျတ်လတ်ပြီး ချစ်စရာကောင်းသည်။ နာမည်လေးနှင့်လည်း လိုက်ဖက်သည်။ သမီးလေး ခေါ်ရာနောက်သို့ မြန်နွာ ထလိုက်ခဲ့သည်။ သားအမိနှစ်ယောက် ဘယ်ကို သွားမည်ဆိုသည်ကို ကိုကို့အား မပြောခဲ့ရပေ။ မြန်နွာ၏ လက်ကို ဆွဲကာ သမီးလေးက ခေါ်လာသည်။

"မွှေးလိုက်တာ သမီးရယ်။ ဒါ ဘယ်နေရာလဲ မသိဘူး။ ကြည့်ပါဦး၊ ပွင့်နေတဲ့ ပန်းတွေကလည်း စုံနေတာပဲ။ စပယ်ပန်းတွေက စပယ်ကြက်ရုံး၊ စပယ်အိုးပုတ်၊ တောစပယ်တွေရော။ ဟောဒီမှာလည်း လမ်းဘေးမှာ ပေါက်တဲ့ နှင်းဆီပင်တွေက အလုံးတကျ တန်ဖိုးကြီး ပေးဝယ်ကြတဲ့ ပန်းတွေပဲ။ အပွင့်တွေက လှသလို၊ အရောင်ကလည်း အနီ၊ အဝါ၊ ခရမ်းသွေးကျကျ တွေပါ တွေ့ရပါလား"

သားအမိနှစ်ယောက် လာခဲ့ကြသည့်လမ်းက ပန်းခင်းထားသည့်လမ်း။ မြေနီလမ်းလေးတွင် ပန်းမွှေ့ယာ ကျဲထားသည့်ပမာ ပန်းပွင့်ကြွေတို့က ခြေနင်းစရာမရှိလောက်အောင် ကြွေလျက်ရှိသည်။ အမျိုးအမည် မသိနိုင်သော သစ်ခွပန်း၊ သဇင်ပန်းတို့က လည်း အပင်မြင့်မြင့်ထက်တွင် ဝေဝေဆာဆာပွင့်နေသည်။ ပန်းရနံ့တို့က လေပြည်ညင်းတိုက်လိုက်လျှင် သင်းပျံ့ပျံ့ကြိုင်လှိုင် ရနံ့မွှေးထုံ ပန်းပေါင်းစုံတောသို့ ရောက်နေသည့်ပမာ။



သစ်ပင်အုပ်အုပ်၊ ပင်ခြေမှိုင်းမှိုင်း၊ ညို့ညို့ဆိုင်းနေသော်လည်း ပတ်ဝန်းကျင်တစ်ခွင်လုံးမှာ အမှောင်မဖုံးဘဲ တစ်တောလုံး လင်းနေသည်။ ဘယ်က လာမှန်းမသိသော အလင်းတန်းကြီးက မြန်နွာတို့ သားအမိနှစ်ယောက်အား ခရီးလမ်းကို စမ်းတဝါးဝါးမဖြစ်စေရန် လမ်းပြပေးနေသလိုပင်။

"ဘယ်အထိ သွားရမှာလဲ သမီးရဲ့"

"ရောက်တော့မှာပါ မေမေရဲ့"

သမီးလေးက မအေနှင့်အ… ခရီးထွက်လာရ၍ ပျော်နေသည်။ … မစီး၊ ရထားမစီးရဘဲ မြန်နွာတို့ ပ… ဝန်းကျင်နှင့် လုံးဝမတူသော နေရာ… လာနေကြခြင်းပင်။

အသွင်သဏ္ဍာန်က စိမ်… မြိုင်ကြီးထဲ ရောက်နေသလိုလို၊ … သော ဥယျာဉ်ပန်းခြံကြီးထဲမှာ … သလိုလို ခံစားရသည်။ အိမ်နှင့် ဘ… လောက် ဝေးကွာလာသည်လဲ မ…

"ဟိုမှာ ဘုရားတွေလား မေ…

"အေး၊ ဟုတ်ပါရဲ့ သမီး… အဲဒါ ဘာဘုရားလဲဟင်"

"ကြယ်လဲ့ဘုရားတဲ့ မေမေ … အချိန်မှာ စေတီတစ်ခုလုံး ကြယ်… တွေ လဲ့နေလို့ ကြယ်လဲ့ဘုရားတဲ့"

"ဘယ်နေရာရောက်နေလို့… ဟင်"

"သမီးတို့ လျှောက်လာကြ… တော်တော်လေး ဝေးလာပြီ။ ရော… တော့မှာပါ။ လာပါ မေမေရယ်။ ရော… တုန်း ဘုရားဖူးကြရအောင်"

မြန်နွာလည်း သမီးပြော… ဘုရားဖူးရန် သတိရလိုက်သည်။ … အမိနှစ်ယောက်စလုံး စေတီရင်ပြင်… သို့ ရောက်လာကြသည်။ စေတီပုံ… သပ္ပာယ်သည်။ ရှေးကျကျ တည်ထ… သော အသွင်သဏ္ဍာန်ပင်။ အရန်စေ… များကို ရေတွက်ကြည့်သည်။ ၁၆ဆူ… သည်။ သော်တာလကို ကြယ်မ… ဝန်းရံထားသလိုပင်။

စေတီ၏ ပစ္စယံကို လေးထော… ပုံရှည် ကျောက်တုံးအစိမ်း ကြီး/ငယ်… အမျိုးမျိုးဖြင့် တည်ဆောက်ထားသည်…

အလယ်ပစ္စယံမှာ ရစ်မြောင်… ဖြစ်ပြီး စေတီ၏ ကိုယ်ထည်ပုံမှာ … ဆောင်းပုံဖြစ်သည်။ ထီးတော်မှာ … ကြေ…



www.burmeseclassic.com

www.burmeseclassic.com

သာသော ကြေးထီးတော်ပင်။ ကိုက်တိုင်း ဆည်းလည်းသံက ချင့်ချင့်ဖြင့် သာယာနာပျော်ဖွယ် သည်။ ရွှေရောင်ဝင်းပြောင်လျက်ရှိ သော စေတီမှာ ညောင်ပင်တွေ ဝန်းရံ သည်။

“ဒီစေတီကို ဖူးရတာ ချမ်းသာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတယ် မေ”

“ဘယ်နေရာရောက်နေတာလဲ မီး”

“မိုင်ပေါင်းများစွာ ဝေးတဲ့ နေရာ ာ”

“သမီးဖေဖေ စိတ်ပူတော့မှာပဲ”

“စိတ်မပူနိုင်ပါဘူး မေမေရယ်။ ဖေမှ မသိတာ”

ဘုရားဖူးပြီး မြနန္ဒာတို့ ပြန်ထွက် ကြသည်။ တဖြည်းဖြည်းလျှောက် ရင်းက ဘုရားကို လှမ်းမျှော်ကြည့် သည်။ မမြင်ရတော့ပေ။

“ဟိုမှာ အိမ်ကို ရောက်ပြီ မေမေ”

သမီးလေး ပြသည့်အိမ်ကို မြနန္ဒာ ကြည့်လိုက်သည်။ ခပ်လှမ်းလှမ်းက မြင်ရသည်။ ရေနံချေးဝနေသော ရှေး ဆွဲဝောင်အိမ်နှစ်ထပ်ဖြစ်သည်။ အိမ် ာ ကြီးမားခန့်ထည်လှသည်။

“လာ…မေမေ၊ သမီးတို့ ဝင် ကြရအောင်”

“ဟာ…မသိဘဲနဲ့ မဝင်ချင်ပါဘူး သမီးရယ်”

“ရပါတယ် မေမေရဲ့၊ အဲဒီမှာ သမီးရဲ့ အမျိုးတွေ ရှိပါတယ်။ မေမေ့ဆီ ာ နေတာကို ပြောပြမလို့ပါ”

“လာပါ သမီးရယ်၊ ပြန်ကြရ အောင်။ သိပ်ဝေးတော့ ဖေဖေလည်း စိတ်ပူနေဦးမယ်”

“ခဏလေး ဝင်လိုက်ပါ မေမေ ရယ်”

“မေမေတို့ လာတာ ကြာနေပြီ ပြန်ကြရအောင် သမီး။ မသိဘဲနဲ့ တစ်ပါးသူအိမ်ထဲ မဝင်ချင်ဘူး”

မြနန္ဒာက ပြောပြောဆိုဆို လာ ရာ လမ်းဘက်သို့ ခြေဦးပြန်လှည့်ရင်း က သမီးကို လှမ်းဆွဲခေါ်လိုက်သည်။

“ဟောတော့…”

ရုတ်တရက် သမီးခြေချော်သွား ၍ စိုးရိမ်စွာဖြင့် မြနန္ဒာနှုတ်မှ အော်မိ သွားသည်။

“သမီး…သမီး”

◆◆◆

“နန္ဒာ…နန္ဒာ”

ပခုံးကို ခပ်ဆတ်ဆတ် ပုတ် လိုက်သောကြောင့် ရုတ်တရက် အော် ခေါ်နေရာက သတိရပြီး ကြည့်လိုက် သည်။

“နေ့ခင်းဘက်ကြီး အိပ်ပြီး ဘာ တွေ ယောင်နေတာလဲ နန္ဒာ၊ ကိုကို နန္ဒာ့အတွက် အားဆေးဝယ်ပြီး ပြန်လာ ပို့တော့ ဒေါ်စိန်က နန္ဒာ ထမင်းစားပြီး အိပ်နေတယ်ဆိုတာနဲ့ ကိုကို မနိုးဘဲ ထမင်းစားလိုက်တယ်။ ပြီးမှ နန္ဒာ့ဆီ လာတာ။ နန္ဒာယောင်ပြီး အော်တာနဲ့ နိုးလိုက်ရတာပဲ”

“ဟင်…ဒါဆို နန္ဒာအိပ်မက်မက် နေတာပေါ့”

“ဟုတ်တယ်လေ။ နန္ဒာကလည်း အိပ်မက်ပဲ မက်နေတာပဲ”

“သမီးလေးက နန္ဒာ့ကို လာခေါ် ပြီး သူ့အမျိုးတွေဆီမှာ နန္ဒာနဲ့ နေဖို့ သွားပြောမယ်ဆိုပြီး သွားကြတာ အဝေး ကြီးပဲ။ ဘုရားလည်း ဖူးရတယ်။ အမလေး…လေး”

စကားပြောရင်း မြနန္ဒာ ရုတ် တရက် ညည်းညူကာ ဗိုက်တစ်နေရာ ကို လက်နှင့် ထိလိုက်သည်။

“ဘာဖြစ်တာလဲ နန္ဒာ”

“ဟိုလေ…ဟို…ကလေးတိုး တာ၊ အခု စတိုးတာ ကိုကို”

“ဪ…နန္ဒာရယ်၊ ဆရာဝန် က ပြောသားပဲ၊ သုံးလကျော် လေးလ အတွင်းဆိုရင် သန္ဓေသားက အသက် ဝင်လာပြီတဲ့။ လှုပ်လာတော့ တိုးလာပြီ ပေါ့”

“ဟုတ်တယ် ကိုကို။ နန္ဒာ အခု မှ သတိရတယ်။ ကိုယ်ဝန်က လေးလ ထဲ ဝင်လာပြီ။ အခု ကလေးလှုပ်တာ အသက်ဝင်လာလို့။ အမလေး…ဒါဆို သမီးလေး၊ နန္ဒာ့သမီးလေး၊ သူ နန္ဒာ့ဆီ ပြန်လာပြီ ကိုကိုရဲ့”

ကိုကိုက မြနန္ဒာအလိုကျ စိတ် ကျေနပ်အောင် ပြုံးပြီး ခေါင်းညိတ်ပြ လိုက်သည်။

“ကဲ…ကဲ၊ ကိုကို အလုပ်ကိစ္စ ရှိလို့ ပြန်သွားဦးမယ်။ ညနေ နောက် ကျမခံနဲ့၊ ထမင်းကို အချိန်မှန်မှန်စား”

ကားထဲ ဝင်ထိုင်ပြီး နောက်မျက် မှန်တပ်ကာ မြနန္ဒာကို လက်ပြပြီး ကား မောင်းထွက်သွားသည်။

ကိုကိုထွက်သွားမှ ဧည့်ခန်းတွင် ခြေပစ် လက်ပစ် ထိုင်ချလိုက်သည်။ ဗိုက်ထဲမှ သန္ဓေသားလေးမှာ အသက် ဝင်စပြုလာပြီဖြစ်၍ တလှုပ်လှုပ်နှင့် ဝမ်းဗိုက်အတွင်းမှ တိုးနေသည်။

“သမီးလေးရေ… မကြာခင် လပိုင်းအတွင်းမှ မေမေ့သမီးလေးကို မေမေမြင်ရတော့မှာ”

တိုးတိုးလေးပြောပြီး ညာလက် ဖြင့် ဗိုက်ကို ယုယစွာ ပွတ်သပ်လိုက် သည်။ မြနန္ဒာဘဝတွင် တော်ရုံတန်ရုံ စွဲလမ်းမှုမျိုးကို မထားခဲ့၊ ယုံကြည်မှု၊ စွဲလမ်းမှုမျိုးလည်း မရှိခဲ့။ ယခုတော့ လာခြင်းကောင်းမည့် သမီးလေးအတွက် ရည်စူးကာ သန္ဓေပြန်ရှိစကတည်းက



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်တော်ကိုးပါးကို ရည်စူးကာ နေ့စဉ် မပျက် စိပ်ပုတီးစိပ်လာခဲ့သည်။

နေ့လယ်ခင်းက မက်သော အိပ်မက်ကို ပြန်စဉ်းစားမိသည်။ ထင်ထင်ရှားရှားမက်သည့် အိပ်မက်။ အပြင်မှ တကယ်မြင်တွေ့နေရသလိုပင်။ ဘုရားစေတီကိုလည်း သေသေချာချာဖူးရသည်။ မှတ်မိသော အသွင်သဏ္ဌာန်ရှိသည်။

♦♦♦

ညဦးပိုင်းက ရစ်သလိုလို၊ တင်းသလိုလိုနှင့် ဗိုက်က စ,နာလာသည်။ ကိုယ်ဝန် လရင့်လာသည်နှင့်အမျှ အိပ်မက်မမက်တော့။ မြန်နန္ဒာစိတ်ထဲ မိမိဆီကို သမီးလေး တကယ်ရောက်လာပြီဟု သတ်မှတ်ခံယူထားလိုက်သည်။ စနေနေ့ ညဦးပိုင်းကတည်းက နာလာသော ဗိုက်မှာ တနင်္ဂနွေမနက် ၆နာရီတွင် မြန်နန္ဒာအလိုချင်ဆုံး၊ ဆန္ဒအရှိဆုံး ရတနာဖြစ်သည့် သမီးကို ဖွားမြင်သည်။ အိပ်မက်ထဲကအတိုင်း မဟုတ်သေး။ ငယ်သေး၍ ရက်သားဖြစ်နေသေးသဖြင့် ဝိုဝိုပြင်ပြင် မဆိုနိုင်သေးသော်လည်း ဖွံ့ဖွံ့ထွားထွား ပါးမို့မို့အစ်အစ်လေးနှင့် နှုတ်ခမ်းနစ်လွှာက ဖအေအတိုင်းပင်။

နန္ဒာပြောတာ မှန်တယ်မဟုတ်လား ကိုကို။ သမီးလေးက နန္ဒာ့ဆီ ပြန်လာတယ်"

စိတ်စွဲလမ်းမှုအတိုင်း ဖြစ်လာသည့် ဇနီးသည်အတွက် ကိုကိုကလည်း ဝမ်းသာကြည်နူးရပါသည်။ သမီးလေးကို အိပ်မက်ထဲကအတိုင်း အမည်မှည့်လိုက်သည်။ မြသီရိအေးမွန်ပင်။ ရတနာနဲ့ ပြည့်စုံပြီး တနင်္ဂနွေသမီး။ ကျက်သရေရှိပြီး မွန်ရည်သော နလုံးပိုင်ရှင်ဖြစ်စေသတည်းဟု ရင်ထဲမှ သမီးလေးအတွက် ဆုတောင်းမိသည်။

♦♦♦

သမီးလေးမွေးပြီးနောက် အိပ်မက်တွေ ပျောက်သွားသည်။ သမီးလေးက နှစ်ဦးဖြစ်သော ဇန်နဝါရီလ၊ ရက်ဦးက တစ်ရက်နေ့၊ တနင်္ဂနွေနေ့ဖြစ်၍ ချစ်ရလွန်းသည့် သမီးလေးသည် မြန်နန္ဒာအတွက် ကြေးမုံမှန်သဖွယ် ရှုလို့ မခုံ၊ ကြည့်လို့ မဝ၊ ချစ်လို့ မကုန်ပင်။ ခနပူ စပ်ခါး ဖျားနာမိမှာကအစ စိုးရိမ်သည်။ ဂရုတစိုက် ပန်းလို ပျိုးကာ ကြည့်ခဲ့သည်။ တစ်နှစ်ပြည့်သည့်အခါမှာပင် သမီးလေးသည် စကားတတ်လာသလို၊ အိပ်မက်ထဲက အရိပ်က အပြင်မှာ အကောင်အထည်ပေါ်လာသည်။

"မေမေ"

"ဘာလဲ သမီး"

"ဖေဖေမသိအောင် မေမေနဲ့ ဘုရားသွားမယ်လေ"

"ဘာရယ်…သမီး"

"ဘုရားလေ မေမေ၊ ဟိုးအဝေးကြီးက ဘုရား"

သမီးကို စကားလှီးလွှဲပြောလိုက်ပြီး ရေမိုးချိုးပေးလိုက်သည်။ သမီးအကြိုက် သနပ်ခါး ခြေဆုံးခေါင်းဆုံး လူးပေးသည်။

"ဘုရားသွားမယ်ဆို ညနေ လိုက်ပို့လိုက်ပေါ့"

"မဟုတ်ဘူး ကိုကိုရဲ့။ သူပြောတာ ဟိုးအဝေးကြီးက ဘုရားတဲ့။ အစိမ်းရောင်းတွေ ရှိတယ်၊ သစ်ပင်တွေထဲမှာတဲ့"

"ကလေးပဲ နန္ဒာရယ်၊ သူ့စိတ်ထဲ ထင်ရာမြင်ရာ စွတ်ပြောတာလည်း ဖြစ်မှာပေါ့"

"ထင်ရာ ပြောတာ မဟုတ်ဘူး ကိုကိုရဲ့။ နန္ဒာ့ရဲ့ အိပ်မက်ထဲမှာ သမီးခေါ်သွားလို့ ဖူးတွေ့ရတဲ့ ဘုရားစေတီဟာလည်း အစိမ်းရောင် ကျောက်တုံးတွေနဲ့ ညောင်ပင်တွေအလယ်မှာ တည်

ထားတာ။ သမီးက ငယ်သေးတော
သိပ်မပြောတတ်လို့"

"သံသရာဆိုတာ ရှိတာပဲ နန
ရယ်။ ဘယ်ဘဝက ဘယ်လိုရှိပြီး တ
သလဲဆိုတာ ကိုကိုတို့က သာမန်
တွေဖြစ်လို့ ဘယ်သိနိုင်ပါ့မလဲ နန္ဒာ
ခု ဒီဘဝရောက်လာတဲ့ သမီးလေး
ကိုကိုတို့ရဲ့ သမီးလေးပဲပေါ့"

မြန်နန္ဒာနှင့် နှစ်ယောက်တည်း
လျှင် သမီးလေးက အစီအစဉ်က
မရှိသော စကားများကို ပြောတ
သည်။

အကျီလှလှတွေ ဝတ်
ကြောင်း၊ ရုပ်ပုံကားချပ်တွေထဲ
တောင်စဉ်တောင်တန်းတွေကို
သမီးနေတာဟု ဆိုလေသည်။ ကို
တော့ ကလေးစကားဆိုတာ
တတ်ရာရာကို ပြောတတ်၍ အ
မထားသင့်ဟု မြန်နန္ဒာကို ပြောပါ

သမီးလေးကို မြန်နန္ဒာ၏ ဘ
တွင် အေးချမ်းသာယာစွာဖြင့် အ
ရှည် အနာမဲ့ကြောင်း ဖြစ်စေချင်
ဘဝဟောင်း၏ ပယောဂဖြင့်
အနှောင့်အယှက်မဖြစ်စေချင်။

"သမီးလေးက လိမ္မာလိုက်
ဘုရားပုံကို အကြာကြီး ရှိခိုးနေတ
သမီးက ဒီပုံကို ကြည့်ပြီး သဘော
တယ် ဟုတ်လား၊ ဘွားစိန်ကို ပြေ
ဦး"

ထမင်းစားပြီးလျှင် မြေးအ
အိမ်ရှေ့ စာဖတ်ခန်းထဲတွင် ရှိ
သည်။

"ဟင့်…ဟင့်…ဟင့်"

"ဟော…သမီးလေးက ဘ
ငိုတာလဲ။ ဘာလဲ၊ ဩော်…ဒီ
မကြိုက်လို့လား။ ဒါ ဖေဖေယူ
စာအုပ်လေ။ ကဲ-ကဲ…လာ
ဒါဆို တခြားပုံ ကြွားဘွားပြမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်စိန်ရေ···သမီး ဘာဖြစ်လို့
...ဘ"

"နန္ဒာ့သမီးက ဒီပုံကို ကြည့်ပြီး
...တော်လုပ်နေရင်းက ဘာစိတ်ကူး
...ါက်တယ်မသိဘူး၊ ငိုတော့တာပဲ"

"နေ···နေ၊ နန္ဒာလာခဲ့တယ်။
...ခင်းက ကောင်းကောင်းမအိပ်လို့
...ငိုက်ပြီး ငိုနေတာလားမှ မသိတာ။
... - ပေး သမီး၊ ဒေါ်စိန် နားချင် နား
... ပြုပါဦး၊ သမီးက ဘာကို ဦးတော်ချ
...ာလဲ"

သမီးကို ရင်ဘတ်ထဲ မပွေ့ထိုင်
...ားလိုက်ပြီး ဂျာနယ်စာအုပ်လေးကို
...ူလိုက်သည်။ နိုင်ငံခြားမှ ဘာသာပြန်
...ားသော ဂျာနယ်သေးသေးလေး
...ာ်စောင်ပင်။

"ဟင်···ရွှေလီကြယ်လဲ့စေတီ
တဲ့။ ကြယ်လဲ့စေတီ···ကြယ်လဲ့စေတီ၊
ဒီနာမည် ကြားဖူးပါတယ်"

မြန်န္ဒာ စာအုပ်ကို ဖွင့်ထားရင်း
က ဘုရားစေတီပုံနှင့် စေတီတော်၏
အမည်နာမကို ဖတ်ပြီး သူ စဉ်းစားနေ
မိသည်။

"ရွှေလီကြယ်လဲ့ စေတီတော်။
ရွှေလီမြို့နှင့် ၄ကီလိုမီတာဝေးသည့်
တိုင်လူမျိုးရွာတစ်ရွာဖြစ်သော ကြယ်လဲ့
ရွာတွင် ရွှေရောင်ဝင်းပြောင်သည့် စေတီ
တော်တစ်ဆူရှိသည်။ ယင်းစေတီမှာ
သပ္ပာယ်လှ၍ အဆင့်ဆင့် စနစ်တကျ
စွဲကာ တည်ဆောက်ထားသည်။ တိုင်
လူမျိုးတို့က "ကွမ်မှု ဟိုမော်"ဟု ခေါ်
ကြသည်။ ရှေးဟောင်းအကျဆုံး စေတီ။
လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ အချိန်က
မှန်မော်မင်းဖြစ်သော ကျော်သူတင်မင်း
က တည်ထားခဲ့သည်တဲ့။ ပျက်စီး၍
ငါးကြိမ်မျှ ထပ်တည်ရပြီး စည်နှမ်မင်း
လက်ထက်မှာ သတ္တမအကြိမ် ပြန်ပြီး
အသစ်တည်ခြင်း ဖြစ်တယ်တဲ့။ ဟန်
ကယ်ဖမင်း စိုးစံတဲ့အခါမှာ ရွှေဆိုင်းကပ်
လှူတာ။ ဟင်···ဒီစေတီထဲက အရန်
စေတီ ၁၆ဆူရယ်၊ ကျောက်တုံးစိမ်းတွေ
နဲ့ ဆောက်ထားတာရယ်၊ စေတီပုံ
သဏ္ဌာန်က သမီးလေး ငါ့ကို အိပ်မက်
ထဲမှာ ခေါ်သွားတဲ့ ဘုရားပါလား။ ဘုရား
···ဘုရား···ဒါဆို···"

အတွေးများစွာ ရင်ထဲ လှုပ်ခတ်
သွားသည်။ ကိုကို့ကို မြန်န္ဒာ ဘယ်လို
များ ပြောရပါ့မလဲ။■

* * *

မြမြလှိုင်


# ◯ နောက်ကွယ်မှာခြေမများတော့ဘဲ၊ ◯
# အိမ်မှာမြဲသွားပြီ

အိမ်မှ ကုန်မျိုးစုံစတိုးဆိုင်ကြီး လုပ်ကိုင်နေတဲ့ ကျွန်မခင်ပွန်းအား၊ ဆိုင်မှာဖင်မြဲအောင်မထိုင်ဘဲ၊ သူ့အပေါင်းအသင်းတွေနဲ့ နေ့ရော၊ ညပါ ဟိုသွားဒီသွား သောက်စားပျော်ပါး နောက်ကွယ်မှာ ခြေများရှုတ်ထွေးနေတဲ့ ကိစ္စတွေ ကင်းရှင်းပြီး၊ ခြေငြိမ်အိမ်မြဲပြီး ကိုယ့်မိသားစုကိုသာ ပိုချစ်ခင်ဖို့ အထူးယတြာအစီရင် (၁၃-၈-၂၀၁၂)ရက်မှာ၊ ဆရာ့ထံဆက်သွယ်တောင်းခံဆောင်ရွက်ခဲ့ပါတယ်။ မယုံနိုင်လောက်အောင်ပဲ၊ ယခု တစ်လနှစ်လအတွင်း ပြောင်းလဲသွားတယ်။ ကျွန်မတို့ မိသားစု စိတ်ချမ်းသာရလို့ ထောက်ခံပေးလိုက်ပါတယ်ရှင့်။

မစပယ်···ပုသိမ်၊ ကျွန်မဆရာက
ဆရာဦးပိုင်ဇေအောင်(ဝိဇ္ဇာဘွဲ့)၏ လက္ခဏာဗေဒင်ဟောခန်းသို့လာခဲ့ပါ။
(ပိတ်ရက်မရှိ) နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီထိဖွင့်သည်။

(မြေညီတပ်) တိုက်-၄၀၊ အခန်း(B-1)၊ (၄၁)ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း၊
မြောက်ဒဂုံ၊ ရန်ကုန်မြို့။
☎ - ၇၃၁၄၇၀၂၄၊ ၀၉ ၅၀၉၃၈၉၁




www.burmeseclassic.com

www.burmeseclassic.com

ဝင်းဇော် (သုံးဆယ်)

# ကိုယ်ဖောရောင်သည့် ရောဂါ

ကျွန်တော် ၁၂နှစ်သားအရွယ်က ကျွန်တော့်အဘိုး (ကျွန်တော့်အဖေ ဦးအောင်တင်၏ အဖေ) ဦးသင်သည် ခန္ဓာကိုယ်တစ်ခုလုံး ဖောရောင်သောရောဂါဖြင့် သေဆုံးသွားရလေသည်။ တစ်ကိုယ်လုံး ဖောရောင်နေသော အဘိုးဦးသင်ကို ကြောက်သဖြင့် အဖေနှင့် အမေတို့၏ အိမ်သို့ပင် မသွားရဲ။ ထိုစဉ်က ကျွန်တော်သည် ကျွန်တော့်အမေ၏ အဖေ အဘိုး အင်္ဂဝိဇ္ဇာ ဆရာသိန်းနှင့်အတူ နေထိုင်ခဲ့သည်။

အဘိုး ဆရာသိန်းက ဖောရောင်နေသော အဘိုး ဦးသင်ကို သွားရောက်ကုသပေးခဲ့သည်။ ကျွန်တော်၏ ဦးလေးနှင့် ဒေါ်လေး(အဘိုး ဦးသင်၏ သားနှင့် သမီး)တို့က အဘိုး ဆရာသိန်း၏ တိုင်းရင်းဆေးပညာကို အထင်သေးပုံရသည်။ ဆရာဝန်ကို အိမ်သို့ပင့်၍ အဘိုး ဦးသင်ကို ကုသကြသည်။ ထိုအခါ အဘိုး ဆရာသိန်းက အဘိုး ဦးသင်ထံသို့ မသွားတော့ပေ။ အဘိုး ဦးသင် ကွယ်လွန်သွားသောအခါ အဘိုး ဆရာသိန်းက စိတ်မကောင်းဖြစ်နေသည်။

"ကိုယ်ဖောရောင် ဆိုတာက အန်မယ်၊ ဖောမ
ရောင်မယ်။ အဲသလိုက စပြီး တင်းရောင်လာတာပဲ
သာမန် မျက်နှာတွေ မို့လာတာ၊ အသားတွေ တင်းလာ
ကို အန်းတာလို့ ခေါ်တယ်။ ထိုမှတစ်ဆင့် အသား
တင်းလို့ လေတွေ များလာပြီး ဖောင်းပွ ကြီးထွားလာ
ကို ဖောရောင်တယ်လို့ ခေါ်တယ်"ဟု အဘိုး ဆရာသိန်
ကျွန်တော့်ကို ရှင်းပြပါသည်။

"ဒီ့ထက် အဆင့်မြင့်လာတဲ့အခါ ကုစားလို့ ခက်
ထူပေးမှသာ ထနိုင်သော ပယင်းရောင်ကဲ့သို့ ပြောင်တ
နေတဲ့ ရောင်ခြင်းမျိုးဖြစ်လာရင် ၎င်းကို "ဘိန်း"လို့ခေါ်တ
အဲဒီကာလွန်ပြီး ဆေးပညာအခေါ် "သွပ်"အဆင့်ကို ရောက်
အခါ ကိုယ်ဖောရောင်တာတွေကျပြီး အသားတွေ ပျော့
လာတယ်။ အိကျလာတယ်။ မျက်နှာ၊ လက်မောင်း၊
ခြေသလုံးမှာရှိတဲ့ အသားအရေတွ တွဲကျလာမယ်
အဆင့်ရောက်ရင် မလွဲမသွေ သေမယ်လို့ ရှေး ဆေးဆရာ



www.burmeseclassic.com

www.burmeseclassic.com

...က သတ်မှတ်ခဲ့ကြတယ်"ဟုလည်း ထပ်ဆင့်ပြောပြခဲ့ဖူး ...သည်။

အာယုဗ္ဗေဒကျမ်းများတွင် ယောက်ျားများ၌ "ထက် ... မိန်းမများ၌ "သက်ဖော"ဖြစ်လျှင်သော် လည်းကောင်း၊ ...ား-မ နှစ်ဦးစလုံးတွင် ဆီးအိမ်ဖောလျှင်သော် လည်း ...ကောင်း ကုစား၍ မရတော့ကြောင်း မှတ်သားရလေသည်။ "...က်ဖော"ဆိုသည်မှာ ခြေထောက်မှစ၍ ဖောရောင်လာပြီး ...ဖြည်းဖြည်းနှင့် မျက်နှာထိ ဖောရောင်ခြင်းမျိုးကို ခေါ်သည်။ "သက်ဖော"ဆိုသည်မှာ မျက်နှာမှ စတင် ဖောရောင်ပြီးလျှင် ...ဖြည်းဖြည်းနှင့် ခြေထောက်ထိ ဖောရောင်ခြင်းမျိုးကို ခေါ် ...သည်။ ဝမ်းပျက်ပြီး ဖောရောင်သော အဖောနှင့် သက်ကြီး ...ယ်အို အဖောသမားများသည်လည်း ကုစားရန် ခက်သည် ...ု အဘိုး ဆရာသိန်းက ပြောသည်။

အဖော၊ အရောင်ဟူသမျှသည် အပိတ်နာဖြစ်သည်။ ...အပေါ်ဓာတ်များလွန်၍ တေဇော၊ ဝါယောငုပ်ပြီးလျှင် လေ ...ထွက်ရန် အာကာသဓာတ်မရသောကြောင့် ဖောရောင်လာ ...ခြင်းဖြစ်သည်။ ဖောရောင်ခြင်းဖြစ်လျှင် အာကာသဓာတ်ရ၍ ...ပိတ်အဆို့ပျက်ပြီး ဆီး၊ ဝမ်း၊ လေတို့ များစွာ သက်ဆင်း ...ရန်၊ ချွေးများထွက်စေရန်တို့ ပြုလုပ်ပေးဖို့ လိုအပ်သည်။ ...စပ်၊ ခါး၊ ငန်၊ အချဉ်စာများ များများစားပေးရသည်။

နယမာလာကျမ်းတွင်...

*"မိန်းမယောက်ျား၊ ဖောရောင်ငြားသော်၊*
*သနပ်ခါး၊ ဥသျှစ်၊ ခင်ပုပ်မြစ်ကို၊*
*တွက်စစ်တရေ၊ ညီမျှစေ၍၊*
*ငါးထွေစမုန်း၊ ပြတ်ရုံသာ ပြုတ်၊*
*ပေါင်းကြိတ်ညက်မှ၊ မှန်နက်ညသောက်၊*
*ဖောသွပ်ပျောက်၏"*

ဟု ဖော်ပြထားသည်။

သနပ်ခါး၊ ဥသျှစ်၊ ခင်ပုပ်မြစ် ဆေးသုံးမျိုး၏ အချိန် ...စ်ပိဿာလျှင် စမုန်မျိုးငါးပါး ၅ကျပ်သားသာ ထည့်ရသည်။ ...ဆေးသုံးမျိုးတွင် အစွမ်းသတ္တိအကျိုးပေးပုံ တင်ပြရသော် ...တေဇော၊ ဝါယော အာဟာရဓာတ်များ အများဆုံး ပါဝင်သည်။ ...သ်လျှိုးနေသော တေဇော၊ ဝါယောကို ပေါ်လွင်စေသည်။ ...ဟောင်နေသောအပူကို ငြိမ်းစေသည်။ ဒေါသသုံးပါးကို နိုင် ...သော အစွမ်းရှိသည်။

ဥသျှစ်သည် အရွက်၊ အပွင့်၊ အသီး၊ အခေါက်၊ အမြစ်၊ ...အခွံပါ ဆေးဖက်ဝင်လေသည်။ အရွက်တွင် အနိုးအာကာသ ...ဓာတ်ရှိသည်။ အသီးတွင် မွှေးကြိုင်သော ရနံ့ရှိ၍ ပူစေသော ဓာတ်ရှိသည်။ အသီးမှာ သွေးအားကောင်းစေ၍ လေ၊ ဒေါသကို ငြိမ်ဝပ်စေသည်။ ကလေးငယ်များ နေထိုင်မကောင်းလျှင် ဥသျှစ်ခွံကို သွေး၍ ဆေးနှင့်တိုက်ရသည်။ ရှေး တိုင်းရင်းဆေးဆရာကြီးများက ဥသျှစ်မြစ်ကို အဖျားပျောက် ငန်းဆေးများတွင် ထည့်သွင်း အသုံးပြုကြသည်။

ခင်ပုပ်သည် နွယ်ပင်တစ်မျိုးဖြစ်သည်။ အရသာမှာ ခါးသည်။ ဝါယောဓာတ် အားကြီးသည်။ ခင်ပုပ်သည် ရုပ်ကို ပေါ့ပါးစေခြင်း၊ ပိုးနာ၊ ယားနာ၊ အဆိပ်သင့်သော အနာများကို ပျောက်ကင်းစေသည်။ ငုင်းဆေးသုံးမျိုးနှင့် စမုန်စပါးတို့ကို ရောနှောကြိတ်ထားသောဆေးကို ကွမ်းသီးခြမ်းခန့် နံနက်-ည တစ်နေ့ နှစ်ကြိမ်သောက်သုံးပေးရလေသည်။

အဖောနှင့် ပတ်သက်၍ "နယမာလာကျမ်း"တွင် ဆက်လက်ဖော်ပြသေးသည်မှာ...

*"တစ်နည်းဆက်အံ့၊ ခံတက်အခေါက်၊*
*မှောက်ဆိပ်(ဖျောက်ဆိပ်) မြစ်သွင်း၊*
*နနွင်းစိမ်းသည်၊ ဆေးသုံးမည်ကို၊*
*ရေကြည်နှင့် သွေး၊ လေးငါးခြောက်ရက်၊*
*ခုနစ်ရက်ဆက်၍၊ မပြတ်လိမ်းလေ၊*
*ဖောရောင်ပြေအံ့"*

ဆိုသည့် လင်္ကာအရ ခံတက်အခေါက်၊ မှောက်ဆိပ်အမြစ်၊ နနွင်းစိမ်း သုံးမျိုးသည်လည်း အဖောအရောင်ရောဂါကို ပျောက်ကင်းစေကြောင်း မှတ်သားထားသင့်ပေသည်။

ထို့ကြောင့် လွယ်လွယ်ကူကူနှင့် ရရှိသောဆေးများဖြင့် အဖောအရောင်ရောဂါကို ပျောက်ကင်းအောင် ဂရုစိုက်ကုသသင့်လှပါကြောင်း စေတနာရှေ့ထား၍ ရေးသားလိုက်ရပါသတည်း။□

* * *

ခင်းဇော်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

# ကင်းဆိပ်ပြေပျောက် ချမ်းသာရောက်

နုတ်မောက် မှုတ်ကျောက်

ကင်းသုံးမျိုးကို လူတိုင်း သိပါတယ်။

(၁) ကင်းမြီးကောက်၊

(၂) ကင်းခြေများ(တချို့ဒေသတွေမှာ အဲဒီကင်းအထိုးခံရရင် ဖျားတတ်တဲ့အတွက် ကင်းခြေများလို့ ခေါ်တတ်ပါတယ်။)

(၃) ကင်းမလက်မည်း။

အဲဒီကင်းသုံးမျိုးထိုးရင် ၂၄နာရီကနေ ၇၂နာရီအထိ ကင်းဆိပ်ဝေဒနာခံစားရတတ်ပါတယ်။

ဘယ်ကင်းထိုးထိုး ကင်းဆိပ် အမြန်ပြေပျောက် သက်သာအောင် အောက်ပါအတိုင်း ဆောင်ရွက်ပေးပါ။

မဆလာဖော်စပ်ရာမှာသော် လည်းကောင်း၊ ပဲကုလားဟင်း၊ ဆိတ်သားဟင်း၊ ကြက်သားဟင်းချက်ရာမှာသော် လည်းကောင်း ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုလေ့ရှိတဲ့ "ကရဝေးရွက်ခြောက်" လေးငါးရွက်ကို ဝါး... ရေသောက်လိုက်ပါ။

ပြီးရင် မန်ကျည်းစေ့ကို ရေနဲ့ သွေးပြီး ကင်း... ပေါ် ကပ်ထားလိုက်ပါ။ ကင်းဆိပ်များကို မန်ကျည်း... စုပ်ယူပြီး ကွာကျသွားပါလိမ့်မယ်။ မန်ကျည်းစေ့ ... လောက် အသစ်သွေးပြီး ကပ်ပေးပါ။

အထက်ပါအတိုင်း လက်တွေ့အမြန်ဆောင်ရွက်... ပါ။ တစ်နာရီ၊ နှစ်နာရီအတွင်း ကင်းဆိပ်ပြေပျောက်သ... ပြီး ချမ်းသာခြင်းသုခ ခံစားရပါမယ်။ ▢

*ကျန်းမာ ချမ်းသာ လန်းဖြ...*

*ဘေးဘာရာ ဝေးကွာကြပါစေ ...*


* * *

နုတ်မောက်မှုတ်...



www.burmeseclassic.com

www.burmeseclassic.com



# ကိုးသချိုင်းပြွန်အသိုးသန်

(၁)

ထာဝရ စိမ်းလန်းစိုပြည်နေသော ပဲခူးရိုးမကြီး၏ တောင်စွယ် "မြတောင်ညို" ဆိုသော တောင်တန်းကား ပေအားဖြင့် နှစ်ထောင်ကျော်ထက် မမြင့်။ သစ်ကြီးဝါးကြီး တောနက်ကြီးမှ မြေပြန့်

www.burmeseclassic.com

www.burmeseclassic.com

ဆီသို့ စီးဆင်းလာလေသော တောင်ညို ချောင်းကလေးကား အမြဲလိုလို ရေ ကြည်ကြည်အေးအေး စီးဆင်းလျက်။

ချောင်းနံဘေးရှိ စီစီရီရီတန်းနေ လေသော ကျေးရွာ ကိုးရွာအတွက် သောက်ရေ သုံးရေ လယ်နှင့် အခင်းရေ တို့ကို ထာဝရတိုက်ကျွေးနေလေသော ချောင်းကလေးဖြစ်သည်။ ချောင်း အကျယ်ကား ပေ ၅၀သာသာ။ ရေ တော့ နက်၏။ မိုးကာလ ရေစီးသန် သည်မှာ တောင်ကျရေကြောင့် အန္တရာယ်ရှိသော်လည်း နွေကာလမှာ ရေမခန်း။ ဆောင်းကာလမှာလည်း ရေက ချောင်းမပြည့်တပြည့်။

ချောင်းအထက် တောင်ခြေအစပ် မှာတော့ သရက်နှစ်ပင်ရွာ၊ သရက် နှစ်ပင်ရွာအောက်ဘက် ချောင်းဘေး တစ်လျှောက်မှာ မကျီးညိုရွာ၊ အုန်းပင် တန်းရွာ၊ ထန်းတောရွာ၊ သပြေညိုရွာ၊ ပိတောက်ပင်ရွာ၊ ကုံ့ကော်ရွာ၊ ခရေ တောရွာနှင့် အင်ကြင်းမြိုင်ရွာဟူ၍ ရွာ ကိုးရွာ စီတန်းနေ၏။ ထို ရွာကိုးရွာဆုံး လျှင်တော့ ကျယ်ပြန့်သော လယ်ကွင်း ပြင်ကြီးတွေမှာ တမျှော်တခေါ်ပင်။

ထို ရွာကိုးရွာနှင့် မနီးမဝေးတွင် ရွာသချိုင်းတွေ ရှိ၏။ ရွာတိုင်း သချိုင်း ကုန်း ရှိစမြဲ။ တချို့ သင်္ချိုင်းများမှာ သင်္ချိုင်းသုသာန်ဆောက်ထားသော်လည်း ကုက္ကိုပင်များ၊ ချုံနွယ်ပေါင်းပင်များ ကြောင့် သုသာန်ပင် ပျောက်ကွယ်နေ ၏။ ဤသည်မှာ ကျေးတော သဘာဝ အတိုင်း ရွာတိုင်းမှာ ဘုန်းတော်ကြီး ကျောင်းတွေ ရှိ၏။ ရွာဦးကျောင်းဟု ခေါ်ကြပြီး အရှေ့ဘက် ကုန်းမြင့်မြင့်၊ မြေမြင့်မြင့်တွေမှာ ရှိသည်။ သူ့ရွာ၊ သူ့ ကျောင်း။ သူ့ကလေးတွေဖြင့် စုပေါင်း အလှူပွဲဆိုပါကလည်း ထိုရွာကိုးရွာ စလုံး ဖိတ်ကြ၊ ပူးပေါင်းကြစမြဲပင်။

> အေး၊ ကိုစွက
> သပြေညိုရွာက
> အစ်ကိုကြီး အဘိုးသန်
> အမည်ရင်းကား ဦးဘသန်
> (သန်မာသော အဘ)၊
> ဦးဘသန်အမည်ပျောက်ကာ
> အဘိုးသန်ဟုသာ ခေါ်ကြ၏။
> အသက်မှာ ၉၀ပြည့်ပါပြီ။)
> ပြောနေတာ ဒီနေ့ဆို
> ၉ရက်ဆိုလားရှိသွားပြီ အောင်ရွှေ။
> ငါနဲ့ကိုလှ သတင်းမေးသွားမလို့။
> မင်းရော ရောက်ပြီးပြီလား

သာရေးနာရေး ဝန်မလေးကြ၊ ချစ်စရည် သော ကျေးတောရေမြေ၏ အလှတရား များ။

အုန်းပင်တန်းရွာသို့ သရက်နှစ်ပင် ရွာနှင့် မကျီးညိုရွာမှ အဘ ဦးလှနှင့် အဘ ဦးအေးတို့ရောက်လာသည်တွင် အုန်းပင်တန်းရွာသားကြီး အဘ ဦးအောင် ရွှေမှ ဝမ်းသာအားရ ကြိုဆိုလိုက်၏။

"ဟော···ကိုအေးနဲ့ ကိုလှတို့ ပါလား။ လာ၊ အိမ်ပေါ်တက်ကြဗျာ"

"မောင်အောင်ရွှေ··နေကောင်း တယ်နော်"

"ဟုတ်ကဲ့ ကိုအေး။ နှစ်ရွာပေါင်း လာတဲ့ကိစ္စ ဘာများလဲ"

ဦးလှမှာ အသက်အကြီးဆုံးဖြစ် ၍ ဦးအောင်ရွှေအား မောင်အောင်ရွှေ ဟု ခေါ်၏။ သုံးယောက်စလုံးမှာတော့ ၇၀ကျော်ကြပြီး သက်ကြီးရွယ်အိုဆို

သော်လည်း တောသူတောင်သား[illegible] သန်မာခဲ၊ ကျန်းမာခဲ၊ သီလ[illegible] မြဲကြသူတွေ။

"အေး၊ ကိုစွက သပြေညို[illegible] အစ်ကိုကြီး အဘိုးသန်(အမည်[illegible] ဦးဘသန်(သန်မာသော အဘ)၊ [illegible] သန်အမည်ပျောက်ကာ အဘိုး[illegible] သာ ခေါ်ကြ၏။ အသက်မှာ ၉[illegible] ပါပြီ။) ပြောနေတာ ဒီနေ့ဆို [illegible] ဆိုလား ရှိသွားပြီ အောင်ရွှေ။ ငါနဲ့ [illegible] သတင်းမေးသွားမလို့။ မင်းရော [illegible] ပြီးပြီလား"

"မရောက်သေးဘူး ကိုအေး[illegible] ဒီလိုလုပ်ဗျာ၊ ကျွန်တော် လှည်း[illegible] မယ်။ လှည်းနဲ့ သွားကြတာပေါ့[illegible] သရက်နှစ်ပင်ရွာကို ရောက်တော့ [illegible] မောင်ကြီးပါ ခေါ်သွားမယ်လေ"

"အေး၊ ကောင်းတာပေါ့ကွာ"

သုံးယောက်သား ဦးအောင်ရွှေ[illegible] လှည်းယာဉ်ဖြင့် ခရီးနှင်ခဲ့ကြလေသ[illegible] ဦးအောင်ရွှေမှာ အခင်းနှင့် လ[illegible] အကြွယ်ဆုံးသော သူဌေး။ ဘယ်[illegible] သွား သူ့လှည်းယာဉ်နှင့်။ သူ၏ လှ[illegible] ယာဉ်သည် လူလေးယောက်[illegible] တော့ ပိုစီး၍ မရ။

သရက်နှစ်ပင်ရွာရောက်[illegible] ဦးစိန်မောင်ကြီးအား အသင့်တွေ့[illegible] ခေါ်ဆောင်ပြီး သပြေညိုရွာသို့ လှ[illegible] ယာဉ်ကြော့ကြော့ နွားမော့မော့[illegible] ရွာလယ်လမ်းအတိုင်း ခရီးဆက်ခဲ့[illegible] သည်။ သပြေညိုရွာရှိ အဘိုးသန်၏ [illegible] အိမ်သို့ နံနက် ၉နာရီရောက်ရှိသွား[illegible] သည်။

(၂)

"ဟာ···အဘတို့၊ လာကြ··· လာကြ"

အဘိုးသန်၏ သားငယ်[illegible] ကို[illegible] သည် လှည်းယာဉ်အားမြင်[illegible]၍ [illegible]



www.burmeseclassic.com

www.burmeseclassic.com

တွေကို ရေတိုက်၊ အနားပေးရန် ဆွဲသွားစဉ် ကိုမြ၏ အစ်ကိုမှ ခေါ်၍ အိမ်ပေါ်သို့ ရောက်သွားသည်။ အိမ်ပေါ်ရှိ တိုင်ကပ်နာရီကြီးထံမှ အသံကိုးချက် တိတိကြားရသည်ကို ဘယ်သူမှ အလေးမထား။ သို့သော် အုန်းပင်တန်း ရွာသားကြီး အဘ ဦးအောင်ရွှေတော့ သတိထားလိုက်မိသည်။ သူ့အတွေး ကား ပြေးကြည့်သည်ထက် မှန်နေ၏။

"အင်း… အဘိုးသန် မေ့မြောသွားတာ ဒီနေ့ဆို ၉ရက်ပြည့်ပြီ။ အသက်က ၉၀၊ ဟော…ခု ၉နာရီဗျ။ ဘာပဲဖြစ်ဖြစ် အဘိုးသန် ပြန်သတိရမှာ သေချာပြီ"

ဟု မင်္ဂလာစကားပြောနေခိုက်မှာပင် အဘ ဦးအောင်ရွှေ စကားမဆုံးမီ တောက်ပင်ရွာမှ ဦးကျော်အေး၊ ကုက္ကိုတောရွာမှ ဦးခင်မောင်၊ အင်ကြင်းမြိုင်ရွာမှ ဦးထူးနှင့် ခရေတောရွာမှ ဦးသက်ရှည်၊ ရွာကိုးရွာသား လူ ၉ ယောက်လည်း စုံကြပြီ။

"ကိုအောင်ရွှေပြောသလို ဟောဒီ အဘိုးသန်အပါအဝင် လူ ၉ယောက်၊ ရွာ ၉ရွာ၊ နံနက် ၉နာရီနော်။ အင်း… အဘိုးသန်အသက် ၉၀၊ အမှန်သတိရမှာ သေချာပြီ"

ခရေတောရွာမှ ဦးသက်ရှည်၏ ထောက်ခံစကားအဆုံးမှာတော့ အားလုံး အံ့သြသွားကြရလေပြီ။ အဘိုးသန် တစ်ယောက် ၉ရက်တိတိ မေ့မြောနေရာမှ သတိရလာလေပြီ။ ၉ရက်လုံးလုံး ဟနေသော ပါးစပ်ထဲသို့ ဝါဂွမ်းလေး ရေဆွတ်ပြီး နာရီဝက်တစ်ကြိမ် ညှစ်ချပေးနေရသော အဘိုးသန် သတိရလာပါပြီ။

"အဖေ…အဖေ…အဖေ သတိရပြီ"

"ဟာ…အစ်ကိုကြီး"

"အို…မောင်ကြီး…မောင်ကြီး"

"သိပ်ပြီး မဝိုင်းကြနဲ့၊ မအုံကြနဲ့။ လေအေးအေးလေး ဝင်အောင် ခပ်ကြဲကြဲနေပေးကြပါ။ အစ်ကိုကြီး သတိရပြီနော်"

"အင်း…"

အလွန်တိုးတိမ်သော အဘိုးသန်၏ "အင်း"ဆိုသည့်အသံကြောင့် အားလုံး ဝမ်းသာမဆုံး။ ဇနီးဖြစ်သူ အသက် ၈၈နှစ်ရှိ အဘွားမွှေး (ခေါ်) ဒေါ်ခင်မွှေးမှလည်း ဝမ်းသာစွာဖြင့် "အို…မောင်ကြီး…မောင်ကြီး"ဆိုသော အသံတွေအားလုံး အဘိုးသန် ကြားလေပြီ။ ကောင်းစွာ သတိရလာသည်နှင့် သားအကြီးဖြစ်သူမှ မီးဖိုပေါ်မှာ နွေးထားသော နွားနို့နွေးနွေးလေးအား အသာမ၍ ကြွေဇွန်းဖြင့် တိုက်လေပြီ။ အဘိုးသန် တစ်ဇွန်း၊ နှစ်ဇွန်း၊ သုံးဇွန်းအထိ သောက်ပြီး ဦးခေါင်းခါ၍ ခေတ္တနားလိုက်သည်။

"အင်း…ခွေမျိုးမိတ်ခွေတွေ



ဝမ်းသာပါတယ်"

"အစ်ကိုကြီး စကားမပြောနဲ့ဦး၊ နားပါ၊ နားပါ"

"အင်း"

ခေတ္တငြိမ်နေ၏။ အားလုံးကို လိုက်ကြည့်၏။ အကြည့်မှာကား ကျန်းမာရေးကောင်းသော မျက်စိများဖြင့် သတိကောင်းကောင်းရကာ စကားပြောရန် အားယူနေသော အကြည့်မျိုး ခရေတောရွာသားကြီး ဦးသက်ရှည်ကား သဘာဝမွေ့ ဆေးဆရာဖြစ်၍ သွေးစမ်းပြီး အံ့သြစွာ ပြောလာ၏။

"တို့အစ်ကိုကြီး အဘိုးသန်က တော့ကွာ၊ ကိုးရက်လုံးလုံး မေ့မြောသွားပေမယ့် သွေးလည်ပတ်မှုမှာတော့ လူကောင်းပကာတိပြန်ရပြီဟော့၊ ဝမ်းသာလိုက်တာ"

"အင်း…ငါ့ညီတို့၊ အစ်ကိုကြီး ကိုးရက်လုံးလုံး သတိမမေ့ မမြောပါဘူး။ အစ်ကိုကြီးတို့ ဟောဒီ တောင်ညို ချောင်းရိုးတစ်လျှောက်မှာ ရှိတဲ့ ရွာကိုးရွာရဲ့ ကိုးသင်္ချိုင်းမှာ၊ သင်္ချိုင်းတစ်ခုမှာ တစ်ရက်နဲ့ ကိုးရက်ပြည့်ခဲ့ပြီ"

"ဗျာ"

"ဘယ်လို၊ ကိုးသင်္ချိုင်း…ဟုတ်လား"

"အင်း"

"ဟာ…ဒါဆို ကိုးသင်္ချိုင်းပြန် အဘိုးသန်ပေါ့နော်"

"အေး"

"အဘိုးသန် အားလုံးသိနေတာပေါ့"

"သိတာပေါ့။ ငါ အားလုံးပြန်ပြောပြမယ်။ ကဲ - နွားနို့နည်းနည်းသောက်ဦးမယ် သားကြီး"

"ဟုတ်ကဲ့ အဖေ။ နွားနို့က နွေးနွေးလေးပါ။ အဖေအကြိုက် သကြားမပါဘူး။ ဆားလေးပဲ ခတ်ထား

www.burmeseclassic.com

ပါတယ်"

"အေးအေး"

အဘိုးသန်သည် ဒီတစ်ခါတော့ နွားနို့ပျစ်ပျစ် အချိုပန်းကန်တစ်လုံး ကုန်အောင် သောက်လိုက်ပြီးနောက် ပက်လက်ကုလားထိုင်ပေါ် ပြောင်းထိုင်မည်ဆို၍ သားအကြီးနှင့် သားအငယ်တို့မှ ပက်လက်ကုလားထိုင်ပေါ် စောင်ခေါက်၍ ခင်းပြီးမှ အသာ မ,တင်ပေးလိုက်သည်။

(၃)

အဘိုးသန် အိပ်ပျော်သွားသည်။ မကြာလိုက်ပါ။ အဘိုးသန်အား ရွှေရောင်ရွှေဝါတောက်ပစွာဖြင့် သူတော်ကောင်းတစ်ယောက်ပေါ်ပေါက်လာပြီး...

"ကိုဘိုးသန်ရေ... ဓမ္မပဒ၊ ဗာလဝဂ်-၂၃မှာ ခင်ဗျားအသိနော်။ ကိုဘိုးသန် အလွတ်မှတ်ထားတာပါ"

"မကောင်းမှုကား အကျိုးမပေးသေးသမျှ လူမိုက်သည် မကောင်းမှုတွေကို ပျားရည်သကဲ့သို့ ချိုသည်တဲ့။

အချိန်တန်လို့ မကောင်းမှု အကျိုးပေးလာတဲ့အခါမှာတော့ လူမိုက်ဟာ လွတ်လမ်းမရှိတော့ဘူး။ ဆင်းရဲဒုက္ခရောက်လေပြီတဲ့"

"ဟုတ်ပါတယ်"

"အင်း... ကျုပ် ခင်ဗျားကို ကိုးရက်တိတိခေါ်သွားမြို ပြစရာတွေ ရှိတယ်။ ကဲ - လိုက်ခဲ့"

အဘိုးသန်ကား ဘာမျှမပြော။ အိပ်နေရာမှ ကောက်ကာငင်ကာ ထလိုက်သွားလေသည်။ သူခေါ်သူမှာ သူတော်ကောင်းဖြစ်၍ သူတော်ကောင်းတို့၏ ဘုံဗိမာန်ဟုထင်ပြီး လိုက်ပါသွားစဉ်မှာပင် ပထမဆုံး မကျီးညိုရွာသင်္ချိုင်းဖြစ်လေသည်။

"ကိုဘိုးသန်...ဒီနေရာကို သိလား"

> "အချိန်တန်လို့ကတော့
> မလွတ်တမ်း ခံရပြီပေါ့ ဦးဘိုးသန်ရေ။
> ခင်ဗျားလည်း တရားဓမ္မပွားများမှု
> အားကောင်းတဲ့
> သူတော်ကောင်းကြီးဆိုတော့
> အသက်ကလည်း ၉၀၊
> ကျုပ် ခေါ်သွားတာလည်း ၉ရက်၊
> ကိုးသင်္ချိုင်းလည်း ပြည့်သွားပြီ။
> ပြန်ပေတော့နော်။
> ဆက်ပြီး သူတော်ကောင်းတရား
> ပွားများရင်း သမ္ဗုတ္တိစက်လေးပါးထဲက
> ပဋိရူပ ဒေသဝါသ၊ သမ္မတ္တိဆိုတဲ့ ကာယကံ၊
> ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါး
> ဖြူစင်ကောင်းမွန်ခြင်းတွေ
> ဝေမျှပေးလိုက်ပါဗျာ"

"သိတာပေါ့ဗျာ။ ဒါက မကျီးညိုရွာသင်္ချိုင်းပဲ။ ခင်ဗျား ဘယ်သူ့လဲ။ ကျုပ်အထင်က သူတော်ကောင်းခေါ်ရာဆိုတော့ မွန်မြတ်တဲ့ ဘုံဗိမာန်ထင်နေတာ။ ခုတော့ နိမိတ်မရှိတဲ့ သင်္ချိုင်းပဲဗျာ"

"အင်း... မြင်မြင်ချင်းလည်း အထင်မကြီးနဲ့။ မြင်မြင်ချင်းလည်း အထင်မသေးနဲ့လေ။ ကျုပ်ရဲ့ ဘုံက ဒီမှာမဟုတ်ပါဘူး။ ဟိုအပေါ် မော့ကြည့်လိုက်စမ်းပါ"

အဘိုးသန် ကောင်းကင်ပေါ် မော့ကြည့်တော့ အလွန်လှပတဲ့ ဘုံဗိမာန် နန်းပြာသာဒ်အဆောင်ကြီး တွေ့လိုက်ရလေ၏။ ကျောက်မျက်ရတနာများနှင့် စီခြယ်ထားသော ဘုံဗိမာန်ကြီး။

"အဲဒီဘုံနန်းဟာ ကျုပ်ရဲ့ ဘုံ မဟုတ်ဘူး။ ခင်ဗျားအတွက် ကြိုတင်ပြင်ဆင်ထားတာ။ ကျုပ်က အထက်ဘုံမှာဗျ။ ကဲ - ထားပါတော့၊ ဟောဟိုက ပြိတ္တာကောင်ကို သိလား"

"အလို... ခရေတောရွာသား အောင်ဆုပါလား"

"ဟုတ်တယ်။ ငရဲမသွားခင် နွားလို အော်နေတာလေ"

"ဗျာ၊ နွားလို အော်နေတာ"

"ဟုတ်တယ်။ နွားသူခိုးလေ။ နွားခိုးသတ်ပြီး ရောင်းစားလို့ သူ ငရဲမသွားခင် နွားလိုအော်ပြီး မြက်တွေ စား တာ။ သူ မကြာမီ ငရဲလားတော့မှာ ဟိုရောက်မှ နိရယဂတိ ဆိုတဲ့ ငရဲ လားရခြင်းအကြောင်း ကောင်းကောင်း သိတော့မယ်လေ"

"အင်း...ဒါက ခရေတောရွာ နွားသူခိုးအကြောင်းပေါ့။ ဟော သင်္ချိုင်းရော သိလား"

"သိပါတယ်။ သရက်နှစ်ပင် သင်္ချိုင်းပါ"

"ဘာတွေ မြင်လဲ"

"မိန်းမတစ်ယောက်ပါလား ခေါင်းမှာ ကွက်တိကွက်ကျားနဲ့ ဘာ နေတာလဲ"

"အဲဒါက လူ့ဘဝတုန်းက လယ်ကောင်မှာ အမျိုးသမီးတွေ ဆံပင်ကို အလစ်ဖြတ်၊ ဘုရားမှာ ထားတဲ့ ဆံပင်တွေကို ခိုးလို့လေ။ လည်း ငရဲသွားရတော့မယ်။ ကဲ နောက်သင်္ချိုင်းကြည့်"

"အို...အုန်းပင်တန်းက လူ ပါလား။ ဘယ်လိုဖြစ်ပြီး သူ့ခန္ဓာ ကြီး ဖောင်းကားနေတာလဲ မသိ"

"သူက ပြိတ္တာဘုံကို သွား လေ။ လူ့ဘဝမှာ လယ်ပိုင်ရှင် မဟုတ်လား။ သူ့သူရင်းငှားတွေ ဝဝလင်လင် မကျွေးဘဲ သူ့က စားပိုးနှင့်အောင်စား၊ ဝလင်လင်



www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားတွေကို သူခိုးတွေ …ဘယ်လို့ ဆဲဆိုခဲ့လို့ ပြိတ္တာဘဝ …က်တော့မယ်"

"ဟိုမှာကြည့်။ အဲဒါ မကျီးညို …နေ မြို့တက်ပြီး ခါးပိုက်နှိုက်စား …တာ။ အခု သူ့လက်တွေမှာ အနာ … ပြည်တွေနဲ့ ပုပ်ပွနေပြီး ငရဲရောက် … လက်တွေ၊ ခြေတွေ အဖြတ်ခံရ …တော့မယ်"

"ဟိုမှာ တစ်ယောက်၊ သပြေညို …သားပါလား"

"ဟုတ်တယ်။ သေတာ မကြာ …ဘူးလေ။ သူများသားမယား၊ သား …သမီးကို ဖျက်ဆီး စော်ကားနေတဲ့ …ကောင်ပေါ့။ ဒါကြောင့် သူ့ရဲ့ ပါးစပ်၊ …ဂါတွေကို သံချောင်းနဲ့ ထိုးသွင်းနေ …တာပဲ။ ငရဲရောက်ရင်တော့ တံစို့ထိုးခံ …မယ်။ သံပူရည်အလောင်းခံရမှာ မလွဲ …ကန်ပဲ"

"ဟိုမှာ တစ်ယောက်၊ ကြည့် …ိုက်စမ်းပါ။ ထန်းတောရွာသားလေ"

"ဟာ…ကျွန်တော့်တူ ထန်း …တောရွာသား ငတေပါလား"

"ဟုတ်တယ်။ ဘုရားပုထိုးတွေ …က်၊ ဗုဒ္ဓပနာတွေ ခိုး၊ ခုတော့ သူ့ …ပါးစပ်တွေက သွေးတွေ အန်၊ လက် …တွေက အကြောတွေ သေပြီး ခြေ …ထောက်အားကိုးနဲ့ ဟိုပြေး ဒီပြေးဘဝ။ …မကြာပါဘူး၊ ငရဲသွားပြီး မီးရဲရဲ သံပူခဲ …တွေ သယ်မ၊ ခံစားရမှာပဲလေ"

"အင်း… မကောင်းမှုဟူသမျှ မကောင်းမှုအကျိုး မခံစားရမီမှာတော့ အဲဒီလူမိုက်ဟာ သူ့ဘဝအတွက်၊ တစ်ဘဝအတွက် မဟုတ်ဘူးနော်။ တစ်ခဏအတွက် ပျားသကာလို ချိုမြိန်နေတာပဲ။ အဲ - အချိန်တန်လို့ကတော့ မလွတ်တမ်း ခံရပြီပေါ့ ဦးဘိုးသန်ရေ။ ခင်ဗျားလည်း တရားဓမ္မပွားများမှု အားကောင်းတဲ့ သူတော်ကောင်းကြီးဆိုတော့ အသက်ကလည်း ၉၀၊ ကျုပ်ခေါ်သွားတာလည်း ၉ရက်၊ ကိုးသင်္ချိုင်းလည်း ပြည့်သွားပြီ။ ပြန်ပေတော့နော်။ ဆက်ပြီး သူတော်ကောင်းတရားပွားများရင်း သမ္ဗုဒ္ဓေစက်လေးပါးထဲက ပဌောဂသမ္ဗုဒ္ဓေ ဆိုတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါး ဖြူစင်ကောင်းမွန်ခြင်းတွေ ဝေမျှပေးလိုက်ပါဗျာ။ အမှားတွေ သိပြီး အမှားမလုပ်မိကြအောင် တာဝန်ယူပြီး သာသနာပြုသွားပေတော့။ ခင်ဗျားရဲ့ ဘုံနန်းမှာ ခင်ဗျား စံမြန်းတဲ့အခါ ကျုပ်နဲ့ ထပ်တွေ့ရမှာပါ။ နောက်ထပ် ခင်ဗျား သာသနာပြုဖို့ ဇနစ်နေပေဦးတော့။ ကဲ - ကဲ၊ ခင်ဗျားတို့ မိသားစုတွေရယ်၊ ရွာကိုးရွာက ခင်ဗျားရဲ့ ညီ၊ သူတော်ကောင်း မိတ်ဆွေတွေ ကြိုနေကြပြီ။ ခင်ဗျားလည်း ပြန်၊ ကျုပ်လည်း ပြန်ပြီ ဦးဘိုးသန်"

ပြောပြောဆိုဆို ရွှေရောင်ဝါဝင်း သူတော်ကောင်းကြီးလည်း ပြန်အကြွ၊ အဘိုးသန်လည်း ပြန်လည်သတိရခဲ့ကြောင်း ပြောပြနေသည်ကို လူကြီးလူငယ်အရွယ်ရွယ်တို့မှာ နားထောင်ရင်း ကြက်သီးထသည်သာမက၊ အဘိုးသန်ပြောမှ ပိုသိကြ၏။

"ကဲ - အားလုံး သတိတရားထားကြပေတော့။ မကောင်းမှုဟူသည် ပြေးစရာ မြေမရှိဆိုသလို ငရဲဘုံဘဝက ကြိုနေတယ်ဆိုတာ အမှန်ပဲလေ"

"အဘိုးသန် ကိုးသင်္ချိုင်းစလုံးကို တစ်နေ့တစ်ခုရောက်နေရတာ မကြောက်ဘူးလား"

"အင်း…ကြောက်မက်ဖွယ်တွေတော့ တွေ့ရတယ်။ ဒါပေမယ့် မိမိမပြုမိတော့လည်း စိုးရိမ်စိတ်မရှိပါဘူး။ ပထမကတည်းက အဘိုးသန်နေရမယ့် ဗိမာန်ကို ညွှန်ပြထားမှတော့ ဘာများကြောက်စရာလိုသေးလဲ။ ဆက်ပြီး မကောင်းမှုတွေ မလုပ်မိကြရအောင်ပဲ သွန်သင်ဆုံးမ လမ်းကောင်းပြရမှာပေါ့"

အဘိုးသန် စကားပြောရင်း အနည်းငယ် မောလာ၍ ခေတ္တနားနေသည်ကို အားလုံးသိကြပြီး စကားတစ်လုံးမျှပင် မပြောကြ။ နားထောင်ရင်း အဘိုးသန်မျက်နှာကိုသာ ကြည့်နေကြ၏။

"အဘိုးသန် … ကိုးသင်္ချိုင်းရောက်ခဲ့တော့ ဟိုသရဲတွေ၊ တစ္ဆေတွေ အများကြီးလား"

"ဟုတ်တယ်။ မကျွတ်မလွတ်သူတွေ၊ ငရဲမရောက်သေးသူတွေ၊ တချို့တော့လည်း ငရဲမလားရပါဘူးတဲ့။ ဝိညာဉ်တွယ်စရာ စောင့်နေကြသူတွေ၊ အို…အများကြီးပါပဲ။ တချို့ခံပင်ဖားလျား၊ ထဘီရင်လျား စုံနေတာပေါ့၊ သေသူတိုင်း ငရဲမလားပါဘူးလို့ ပြောတယ်။ သူတော်ကောင်းတွေအတွက်က သင်္ချိုင်းမြေမှာ ခန္ဓာဝန်ချရုံပဲတဲ့လေ။ ကျွတ်လွတ်ကြ၊ ဝိညာဉ်အသစ်နဲ့ သံသရာပြန်လည်ကြတယ်။ လူ့ဘဝပြန်ရောက်သူတွေလည်း များသတဲ့။ ဟူး…တရားဓမ္မဟာ ဘဝအတွက် အရိပ်၊ အကာ၊ အခင်း အေးမြခြင်းပါပဲကွယ်"

"အဘိုးသန်ရဲ့ ကိုးသင်္ချိုင်းပြန်ဘဝ ကျွန်တော်တို့ ထာဝရ မမေ့မပျောက် တရားဓမ္မနဲ့ မျှတစွာ အားထုတ်သွားပါ့မယ်လို့ ကတိပေးပါတယ်ဗျာ"

"သာဓု…သာဓု…သာဓု"

ကိုးသင်္ချိုင်းပြန် အဘိုးသန်ကား အေးမြသော နှလုံး၊ သန့်ရှင်းသော အပြုံးတွေဖြင့် လူ့ဘဝလောကအလုကို တရားဓမ္မဖြင့် ဆက်လက်ဖြည့်စွက်သွားလေမည်သာ■

* * *

မင်းရဲကျော်



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်လေလား၊ စိတ်အာထင်လေလား

မြရာပင် မောင်တင်ယုံ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် မောင်ဘိုးစီသည် ငယ်စဉ် ...ာင်ကျေး ကလေးဘဝကတည်းက ...ပရလောကသားများဖြစ်သော သရဲ ...ရွေ့ မှင်စာ၊- တဘက်နှင့် အခြား ...ာဘဝဟူသမျှကို အယုံအကြည် ...ချဉ်းမရှိခဲ့ပေ။ ထို့ကြောင့် ...ကြောက်အလန့်လည်း မရှိခြင်းဖြစ် ...ည်။

ကျွန်ုပ် ဆယ့်လေးငါးနှစ်သား ...ရိုပေါက်အရွယ်ရောက်သော် ထိုသရဲ ...ရွှေနှင့် ဖုတ်၊ ဘီလူး၊ တဘက်၊ ဥစ္စာ ...ာင့်အကြောင်းကို မကြားချင်မှအဆုံး ...ားသိနေရလေတော့သည်။ အထူး ...ဖြင့် ကျွန်ုပ်တို့ လူငယ်၊ လူရွယ်ဘဝ ...င်စကုပ်ခေါ် ရုပ်ရှင်အတော်များများ ...ကြည့်ခြင်း၌ ဝါသနာထုံခဲ့လေသည်။ ...စဉ် ထိုခေတ်ထိုအခါက ဘုရား ...မိုင်း၊ သိုက်သမိုင်းနှင့် ရေကန်ကြီးများ၊ ...တားကြီးများ တူးဖော်ဆောက်လုပ်ရာ ...ွင် ထိုရေကန်၊ ထိုတံတားအတွက် ...စောင့်အကြပ်ထား စတေးခံရသော ...တ်ကား၊ ဇာတ်ထုပ်များသာ ကြည့်ခဲ့ ...လေသည်။ အလွန်ကြီးမားသော ...ဆောက်အအုံကြီးများ ဆောက်လျှင် ...ည်း ထိုနည်းပင်။

ထိုခေတ်က ထိုဘိုင်စကုပ်ရုပ်ရှင် ...ကြီးများတွင် ဦးသိန်းမောင်ခေါ် ...တောကြီးနှင့် ဒေါ်မြလေးတို့ အတော် ...ပန်းစားပြီး ကားတိုင်းလို ပါဝင်ခဲ့ကြ ...ည်။ ထိုခေတ်ကိုပင် တာတေကြီး ...တ်ဟူ၍ ခေါ်ရမလားပင်။ တာတေ ...ကြီးက အရပ်မြင့်မြင့်၊ မျက်နှာကြီးက ...ည်း ရှည်ရှည် တကယ့်ကြောက်စရာ ...သွင်နှင့်ဆိုတော့ ဖြန်းခနဲကြည့်လိုက် ...ွင် ကြောက်စရာအလွန်ကောင်း သည်။

သူ ပါဝင်သောကားများတွင် အုတ်ဂူ၊ သင်္ချိုင်းများ ပါဝင်၍ ထိုသင်္ချိုင်းမြေ၊ လူသေမြှုပ်ထားသော တစ်နေရာမှ စူးစူးဝါးဝါး ဟားဟားဟီးဟီး အက်အက်ကွဲကွဲ အသံကြီးတွေ ဟိန်းပျံ့ထွက်လာပြီး ထိုလူသေမြေမြှုပ်နေရာမှ မြေကြီးတွေ ကွဲအက်၊ နောက် တလား အခေါင်းကြီးထွက်လာ၊ အဲဒီ တလား အခေါင်းကြီးထဲက သရဲအသွင်ဆောင် တာတေကြီး ထွက်လာ စသော ရုပ်ရှင်ဘိုင်စကုပ်ကားများသာ ဖြစ်သည်။

အထူးသဖြင့် ထိုခေတ်က ဒေးစွန်းပါ ဘုရားသမိုင်း၊ ရွှေစက်တော်ဘုရားသမိုင်းနှင့် ရွှေဂိုးဖြူ မူလခဲ သိုက်သမိုင်းတို့ နာမည်ကြီးလေသည်။

မြန်မာ့ဇာတ်သဘင်တွင်လည်း နောက်ပိုင်း ဇာတ်ထုပ်များ ကရာတွင် အလင်္ကာကျော်စွာ ရွှေမန်း(ဦး)တင်မောင်၏ "ပန်းပဲ မောင်တင့်တယ်"၊ ဝဏ္ဏကျော်ထင်(ဦး)စိန်အောင်မင်း၏ "ချင်းဖဝေး"၊ ပုဏ္ဏတျာကြည်လင်၏ "မမြစိမ်း" အစရှိသော သိုက်သမိုင်း၊ နတ်သမိုင်းနှင့် ဥစ္စာစောင့်များအကြောင်းသာ ကပြသည်ကို ကြည့်ခဲ့ရလေသည်။

ထို့အပြင် ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားတစ်ဝိုက်မှ နန်းကျင်တို့ ဇာတ်လမ်းကလည်း စိတ်ဝင်စားစရာကောင်းသည်။ စုန်း၊ ကဝေဇာတ်လမ်းတွေလည်း ကြည့်ကောင်းသည်။

ထိုခေတ်က အလွန်ဆန်းကြယ်သော ဂမ္ဘီရလောကမှ ကြောက်မက်ရင်ခုန် ရင်သိမ့်တုန်စရာကောင်းသော၊ ဖတ်ရင်း လက်က မချချင်သော ဖြစ်ရပ်မှန် ပရလောကသားများနှင့် ဝိညာဉ်အကြောင်း ရေးသားထားသည့် စာအုပ်စာပေ၊ စာစောင်တို့လည်း အတော်လှိုင်လှိုင်ထွက်ပေါ်လာခဲ့လေသည်။ ထိုစာအုပ်များမှ မော်ဝင်ကား၊ မော်ဝင်ခား၊ မော်ဝင်အိမ်ကြီး၊ ပဥ္စမံ၊ ပဥ္စလက် အစရှိသော စိတ်ဝိညာဉ်နှင့် ပတ်သက်ဆက်နွယ်နေသည့် စာအုပ်များ ထွက်ရှိလာသဖြင့် ထိုစာအုပ်များလည်း ဖတ်ရှုခဲ့ရလေသည်။

နောက် နိုင်ငံတော်အစိုးရက ထိုရုပ်ရှင်ဘိုင်စကုပ်ကားများ၊ ထိုစာပေ၊ ထိုတေးဂီတများအား ဆင်ဆာခွင့်ပြုချက်မပြု၊ ပိတ်ပင်လိုက်သော်လည်း ကျွန်ုပ်မောင်ဘိုးစီတို့မှာ ထိုရုပ်ရှင်၊ ထိုဇာတ်သဘင်၊ ထိုစာပေ၊ ထိုဂီတတို့ကြား ဖြတ်သန်း ကြီးပြင်းလာရလေသည်။

ထိုဇာတ်လမ်း၊ ဇာတ်ထုပ်များကို ကျွန်ုပ် အကြိမ်ကြိမ်အဖန်ဖန် ကြည့်ပါ၊ ဖတ်ရှုပါ၊ နားကြားပါ များလာသောအခါ လူ့လောက၊ လူ့ဝန်းကျင်၊ လူ့အဆောက်အအုံ သက်ရှိ လူသားတွေကြားတွင် ပရလောကသားတွေလည်း ရှိနေတာပါလားဟူ၍ ကောက်ချက်ချမိသည်။ သို့သော် ကျွန်ုပ် မောင်ဘိုးစီကား လက်တွေ့ဘဝ၊ မျက်တွေ့အမြင်ဖြင့် ရှင်းလင်းပြတ်သားစွာ မမြင်မတွေ့၊ မကြားမသိရလေသမျှ တကယ်ရှိတယ်ဟု မထင်မှတ်။ အယုံအကြည်လည်း မရှိ။ ဒါ လူတွေ၏ စိတ်ကူးယဉ်သက်သက် ဇာတ်လမ်းထွင်ထားခြင်းသာဖြစ်သည်ဟူ၍ မှတ်ချက်ချခဲ့မိလေတော့သည်။

♦♦♦

ကျွန်ုပ် မောင်ဘိုးစီသည် ထိုနာနာဘာဝ၊ ဝိနာဘာဝ ပရလောကသားများအား တွေ့လို မြင်လိုသော အာသီသ ပြင်းပြဆုံးအချိန်သည် ကျွန်ုပ်အသက် ၁၇-၁၈နှစ်သားခန့်က စခဲ့လေတော့သည်။

ထိုစဉ်က ကျွန်ုပ်သည် နယ်မြို့ကလေးတစ်မြို့တွင် နေစဉ်က ဖြစ်သည်။ ကျွန်ုပ်၏ ဘိုးဘွားမိဘများသည်



www.burmeseclassic.com

www.burmeseclassic.com

ဥယျာဉ်ခြံနှင့် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်သည်။ လယ်ယာလုပ်သူများ ဖြစ်ကြသော်လည်း သူတို့ကိုယ်တိုင်က လယ်တဲမှာ မနေ။ ထိုခေတ် ထိုအခါ၊ ထိုအချိန်က တောကျေးလက်များတွင် သူခိုး၊ ဓားပြတို့ အလွန်ဆိုးသွမ်းနေချိန်ဖြစ်သဖြင့် သူခိုး၊ ဓားပြလုပ်ရန် ဘေးက လွတ်ကင်းရာ မြို့လယ်ကောင်အရပ်မှာသာ ပြောင်း၍ အခြေချ နေထိုင်ကြလေသည်။

ကျွန်ုပ်တို့ ညီအစ်ကိုတစ်သိုက်ကိုသာ လယ်တဲမှာ ပြန်အိပ်၊ ပြန်နေခိုင်းကြခြင်းဖြစ်သည်။ လယ်တဲမှာက ကျွဲ၊ နွားတင်းကုပ်တွေ ရှိသည်။ ကြက်၊ ဘဲခြံတွေ ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ညီအစ်ကိုတွေ တဲမှာ ပြန်အိပ်ရခြင်းဖြစ်သည်။

ကျွန်ုပ်တို့ နေထိုင်သော တဲမှ တစ်ခေါ်လောက်အကွာတွင် မြေကေလေးငါးကေခန့် ကျယ်ဝန်းသော နှစ်ချို့ရေကန်ကြီးရှိသည်။ တစ်နှစ်ပတ်လည် နွေ့နွေ့ ဆောင်း,ဆောင်း ရေတွေ ခန်းခြောက်သွားသည်မရှိသောကြောင့် နှစ်ချို့ရေကန်ဟု ပြောရခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ထိုရေကန်ကြီးအား အညာစု (ခေါ်) စပယ်ကုန်းရေကန်ကြီးဟူ၍ ခေါ်ဆိုခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ နေထိုင်သော အညာစုခေါ် စပယ်ကုန်းပိုင်းသားများက ထိုရေကန်ကြီးမှ ရေကို အမှီပြု သောက်သုံးပြီး ချီး၍ရသောကြောင့်လည်း ဖြစ်သည်။

ထိုရေကန်ကြီး၏ မြောက်ဘက်အခြမ်း ကန်ပေါင်ထိပ်တည့်တည့် တစ်ဖက်တစ်နေရာတွင် ထုံးဖွေးဖွေး အေးစေတီကလေးရှိသလို၊ ထိုစေတီကလေး၏ အခြေ၊ ကန်ပေါင်ခြေကပ် မြေပြန့်လွင်ပြင်တွင်လည်း သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၍ အလွန်တရာ ကြီးမား ကျယ်ပြန့်သော ဇရပ်ကြီးတစ်ဆောင်သည်လည်း ရှိလေသည်။

ရှေးဦးပထမ ထိုဇရပ်တွင် အခန်းဖွဲ့ သံဃာတော်များ သီတင်းသုံးနေခဲ့ဖူးလေသည်။ သို့သော် ယခုနောက်ပိုင်း သံဃာတွေထဲက တစ်ပါးတလေမျှပင် ထိုဇရပ်တွင် သီတင်းသုံးမနေရဲကြတော့ချေ။ ဇရပ်ခေါင်းရင်း ဝါးနှစ်ရိုက်အကွာတွင် အညာစု-စပယ်ကုန်း သင်္ချိုင်းရှိနေခြင်းနှင့် အေးစေတီအခြေ ဇရပ်ခေါင်းရင်း ပင်ညောင်ပင်ကြီးက သရဲအလွန်ခြောက်သည်ဆိုသော သတင်းစကားကြောင့်သာပင်။

ထိုကန်ကြီး၏ တောင်ဘက်အခြမ်းသည် မြို့တွင်းက အဝင် မြေဖို့တာလမ်းကလေးအဝတွင် ရှိပြီး ထိုကန်

> ❝
>
> ထိုကန်ကြီး၏
> တောင်ဘက်အခြမ်းသည်
> မြို့တွင်းကအဝင်
> မြေဖို့တာလမ်းကလေး
> အဝတွင်ရှိပြီး
> ထိုကန်ပေါင်ဘောင်းတစ်ဝိုက်တွင်လည်း
> အုပ်အုပ်ဆိုင်းဆိုင်း
> ပင်စည်ပင်လုံးတုတ်တုတ်ခိုင်ခိုင်
> ညောင်မှတ်ဆိတ်၊ ကုက္ကို၊ ဥဒဲနှင့်
> သပြေသမဲ့ပင်ကြီးများ
> သွယ်ကာ စီတန်း၍
> ကန်ကြီးအား ပိတ်ကာစီးသလို
> ရှိနေသည်
>
> ❞

ပေါင်ဘောင်းတစ်ဝိုက်တွင်လည်း အုပ်...
ဆိုင်းဆိုင်း ပင်စည်ပင်လုံးတုတ်တု...
ခိုင်ခိုင် ညောင်မှတ်ဆိတ်၊ ကုက္ကို၊ ဥဒ...
သပြေသမဲ့ပင်ကြီးများ သွယ်ကာ စီတ...
၍ ကန်ကြီးအား ပိတ်ကာစီးသလို ရှိ...
သည်။

ထို ဖို့မြေတာလမ်းဝ၊ ဦး...
တည့်တည့်၊ ထိုသစ်ပင်ကြီးများ ...
အုပ်ဆိုင်းဆိုင်းရှိသော နေရာတ...
သည်လည်း သရဲအလွန်ခြောက်တ...
သည်ဟု ကျော်ကြားလေသည်။

◆◆◆

ထိုတစ်ညသည် မိုးကလေး...
ရွာနေစဉ်ဖြစ်ပြီး ဖို့မြေ တာလမ်းက...
ဆုံးသည့်နှင့် လမ်းမီးတိုင်များလည်း ...
ကောင်းကင်တစ်ပြင်လုံးလည်း မိုး...
မိုးမှောင်တွေဖြင့် အုပ်ဆိုင်း မှိုင်...
အမှောင်ပိတ်ဆီး၊ ညဉ့် နာရီပြန်တ...
တီး၊ အကျော်ချိန်ဖြစ်သဖြင့် ...
တစ်ဦးတစ်ယောက်မျှလည်း မတွေ့...
သောအချိန်တွင် ကျွန်ုပ် မောင်...
သည် အလွန်သရဲခြောက်သည်ဆို...
ထို အညာစု-စပယ်ကုန်းကန်ပေ...
ညောင်မှတ်ဆိတ်ပင်ခြေအော...
တစ်ကိုယ်တည်းရောက်ရှိနေလေ...
သည်။

ကျွန်ုပ်သည် သည်လို ည...
အချိန်မတော် ထိုနေရာသို့ ရောက်...
ရခြင်းမှာ မြို့လယ်ပိုင်း ရုပ်ရှင်ရုံမှ ရုပ်...
ကြည့်အပြန်ကြောင့်ဖြစ်သည်။

ထိုစဉ်က ကျွန်ုပ်တို့ နေ...
သော မြို့ကလေးတွင် ရုပ်ရှင်ရုံ...
နှစ်ရုံရှိလေရာ သွပ်မိုး၊ ပျဉ်ကာ၊ ...
စိုက်ရုံကြီးများသာဖြစ်၍ ရှေ့...
တစ်မတ်တန်းသည် ဝါးကြောဖျာ...
တန်းဖြစ်၍ အလယ်နှင့် နောက်...
တွင်လည်း ကုလားထိုင်ပျဉ်မရှိ၊ က...
ပင်စည်ဖြတ် ထင်းရူးကြီးတွေ အတ...



www.burmeseclassic.com

www.burmeseclassic.com

က် စီချ၊ နံပါတ်ရေးထိုးထားသော ပေါ် ထိုင်ကြည့်ရသောခေတ်ဖြစ်လေသည်။

ရုံကြီးများက အသံနှင့် အလင်း ဖြစ်သောကြောင့် နေ့အခါ ပြ၍မရ။ ဆိုလည်း ည ၇နာရီမှ စပြသော ပွဲသာ ပြသခွင့်ရကြလေသည်။ ထို ပွဲပြသရုံဖြင့် ညဝက်ကျိုး သန်းခေါင် လွဲအချိန်တိုင်သွားကြောင့်ပင်။ ထို က ပြစက်တစ်လုံးသာ ရှိလေသဖြင့် တ်ထုပ်တစ်ထုပ်၊ ဇာတ်ကားတစ်ကား ကြည့်မည်ဆိုလျှင် ပြတ်တောက် ပြတ်တောက်ဖြင့် ဖလင်ဆက်ပြီးမှ ပြရသဖြင့် ဇာတ်ကားတစ်ကားလုံး တောက် ကြည့်ရတယ် မရှိ။ ဇာတ် အထွတ်အထိပ်ရောက်မှ တိခနဲပြတ်၊ မီးတွေ ပြန်လင်းလာလိုက်၊ ဖလင်ဆက် ပြလိုက်၊ နောက် အရှိန်ရပြီဆို မီးတွေ ပြန်လင်း။ ဇာတ်က ပြတ်သွားပြန်၊ ဖလင်ဆက်၊ ပြန်ပြနှင့်ဆိုတော့ ၃နာရီ နာရီခန့်ကြည့်ရသည့်ကားသည် ကြားမှာ ဖလင်ဆက်ပြနေရသဖြင့် ၄နာရီ ၅နာရီခန့် ကြာပြီးတော့မှ ပြီးဆုံးတိုင်ခဲ့လေသည်။ ထိုညက မူလဇာတ်လမ်းကလည်း ပေရှည်သော ဇာတ်လမ်းဖြစ်သဖြင့် ညဥ့်သန်းခေါင် ၁၂နာရီခွဲကျော်ကျော်ခန့်မှ ပြီးခဲ့လေသည်။

ကျွန်ုပ် တဲအပြန်ခရီးက တစ်မိုင်နီးပါးဖြစ်နေခြင်းကြောင့် ထိုညောင်မှတ်ဆိတ်ပင်ခြေအောက် ရောက်ရှိနေချိန်သည် ည နာရီပြန်တစ်ချက်တီးအကျော် အချိန်ဖြစ်နေခြင်းဖြစ်လေတော့သည်။

ကျွန်ုပ်သည် ထိုညောင်မှတ်ဆိတ်ပင်ခြေအောက် ခြေစုံရပ်၊ ပါးစပ်ကလည်း...

"ဟေ့ - သရဲ၊ ငါတွေ့ချင်လို့ ထွက်ခဲ့စမ်းပါ"

"ဟေ့...သရဲ၊ ထွက်လေကွာ၊ ငါတွေ့ချင်လို့ပါဆို"

ဟူ၍ အော်ခေါ်သော်လည်း ဘာအရိပ်အယောင်မျှ တစ်စွန်းတစ်စ မတွေ့မမြင်ရ။ ဘာထူးခြားချက်မျှလည်း မပေါ်။

ထိုနေရာတွင် အချိန်အားဖြင့် နာရီဝက်မျှ ရပ်၊ သရဲဆိုသူအား ကြိမ်ဖန်များစွာ ဟစ်အော်ခေါ်ဆိုနေသည်မှာ ကြာတော့ ခြေများ ညောင်းညာလာသည်က တစ်ကြောင်း။ ညဥ့်လည်း အတော်နက် တစ်နာရီကျော် နှစ်နာရီနီးတီးရှိလေသဖြင့် အလွန်တရာမှ အိပ်ချင်သည်နှင့်...

"ဘာသရဲမှလည်း မရှိပါဘူးကွာ"

ဆိုပြောပြီး ထိုနေရာမှ ဆုတ်ခွာခဲ့လေတော့သည်။

...

ထိုညဥ့်က ကျွန်ုပ်၏ အစ်ကိုကြီးနှင့် အစ်ကိုလေးတို့သည် အလုပ်ကိစ္စတစ်ခု အရေးပေါ်သည်နှင့် ရန်ကုန်မြို့သို့ တက်သွားလေသဖြင့် တဲမှာ ကျွန်ုပ်တစ်ယောက်တည်းသာ အိပ်စက်ရမည်ဖြစ်သည်။

ကျွန်ုပ်သည် ခြေလက်ဆေး တဲတွင်းဝင်၊ ဖယောင်းတိုင်မီး ငါးတိုင်အားရှိ ရေနံဆီသုံး မီးအုပ်ဆောင်း မီးခွက်ကြီးကို မီးထွန်းညှိလေသည်။ ထို့နောက် ဘုရားရှိခိုး၊ မီးခွက်မှုတ်၊ ခြင်ထောင်ချ အိပ်စက်သည်နှင့် ကျွန်ုပ်အိပ်စက်ရာ ခေါင်းရင်းတည့်တည့် ခြင်ထောင်အစပ်မှ "ဂေါက်ဂေါက်...ဂေါက်ဂေါက်" ဆိုသော လူဦးခေါင်းခွံ အရိုးခေါင်းကို ကျန်အရိုးတစ်ခုနှင့် ထုရိုက်သည့် လိုက်သံတို့ အဆက်မပြတ် ကြားနေရခြင်း၊ အင်မတန် ဆိုးဝါးညှီစို့သော အပုပ်နံ့စူးစူးကို ရရှိခြင်းနှင့် ခြင်ထောင်အမိုး ကျွန်ုပ်မျက်နှာတည့်တည့်နေရာကိုမှ ပေါက်ခနဲ...ပေါက်ခနဲ ရေစက်တို့ တစ်စက်ချင်း ကျနေခြင်းကို သိရှိခံစားရလေတော့သည်။

ကျွန်ုပ်သည် ခြင်ထောင်တွင်းမှ ကမန်းကတန်း မီးအုပ်ဆောင်း မီးခွက်ကို ထွန်းညှိလိုက်သည်နှင့် ထိုအချင်းအရာ၊ အနံ့ အသံ ခံစားချက်သုံးမျိုးလုံး ပျောက်ကွယ်သွားလေတော့သည်။

ဒါကိုပဲ မကျေနပ်။ တဲပြင်ကိုထွက်၊ မီးအုပ်ဆောင်းအကူအညီဖြင့် ကြွက်သေ၊ ခွေးသေ အသေကောင်ရှိ၊ မရှိ ရှာလေ၏။ မတွေ့။ အိပ်သည့်အမိုးထက် ခိုနေပေါက်နေသလား ရှာကြည့်သော်လည်း မတွေ့။ မီးခွက်မှုတ်၍ ပြန်အိပ်လေသည်နှင့် ထိုအခြင်းအရာ သုံးမျိုးစလုံး ပြန်ပေါ်လာပြန်လေသည်။

ကျွန်ုပ် မကျေနပ်။ မီးခွက်ထွန်းပြီး ပြန်ရှာလေ၏။ ထိုဖြစ်ပေါ်နေသော အခြင်းအရာအားလုံးလည်း ရုတ်ခြည်း ပြန်ပျောက်ကွယ်သွားလေသဖြင့် ရှာမလွယ်ဖြစ်နေတော့သည်။

ထိုညက အသံ၊ အနံ့အပြင် ပက်လက်အနေအထားအိပ်လို့ မျက်နှာပေါ် ရေစက်ကျတာပါလေ၊ စောင်းအိပ်ရင်တော့ မကျလောက်ပါဘူးဆိုပြီး တစ်ဖက်စောင်းအိပ်တော့လည်း ပါးပေါ်သို့ ကျလာပြန်လေသည်။ နောက်တစ်ဖက်စောင်းအိပ်တော့လည်း နောက်တစ်ဖက်ပါးပေါ်သို့ တတောက်တောက်ဖြင့် အဆက်မပြတ် ရေတို့ ကျလေပြန်သည်။

ကျွန်ုပ် မကျေနပ်။ ခြင်ထောင်အမိုးကို မီးထိုးကြည့်တော့လည်း အမိုးတွင် ရေစိုအကွက်မရှိ။ နေရာပြောင်းအိပ်တော့လည်း ပြောင်းသည့်နေရာတွင် ထိုအခြင်းအရာသုံးမျိုးလုံး မီးခွက်မှုတ်သည်နှင့် တစ်ပြိုင်တည်း ပြန်ပေါ်လာလေတော့သည်။

ထိုညက ကျွန်ုပ် တစ်မှေးမျှ


www.burmeseclassic.com

www.burmeseclassic.com

မအိပ်လိုက်ရ။ ထူးဆန်းသည်မှာ ထိုတစ်ညသာ ထိုအခြင်းအရာတို့ဖြစ်ပြီး နောက်ညတွေ . . . ညတွေမှာတော့ ဘာတစ်ခုမှ ဖြစ်မလာခြင်းပင်။

♦♦♦

ထိုအခြင်းအရာဖြစ်ပြီး တစ်လခန့်အကြာ တစ်ည၌ ကျွန်ုပ် မောင်ဘိုးစီနှင့် ၆တန်းအတက်နှစ်က ကျောင်းနေဖက် သူငယ်ချင်း ဖိုးထောင်(ခေါ်) အောင်ထိန်တစ်ယောက် အချိန်မတော်ည ၁၀နာရီကျော်ကျော်ခန့်တွင် အဖော်တစ်ယောက် အကူခေါ်ပြီး ကျွန်ုပ်တဲသို့ ရောက်လာလေတော့သည်။ သူ့အဖော်သည် တဲရောက်သည်နှင့် ပြန်သွားလေတော့သည်။

အောင်ထိန်သည် ကျွန်ုပ် မောင်ဘိုးစီထက် အသက်အားဖြင့် သုံးလေးနှစ်ခန့်ကြီး၍ လူကောင်အားဖြင့်လည်း အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ရင်အုပ်ကျယ်ကျယ်၊ လူကောင် ကိုယ်လုံး ထွားကြိုင်းဘိသို့ တုတ်တုတ်ခိုင်ခိုင် ယောက်ျားပီသသူဟု ဆိုရပေမည်။

ကျွန်ုပ်ထက် အသက်အရွယ်ကြီးရင့်ရခြင်းမှာလည်း အောင်ထိန် စာကောင်းကောင်းမသင်။ ထိုအချိန်က ရန်ကုန်တွင် လမ်းသရဲတို့ ချိန်းရိုက်၊ ချိန်းထိုး ဆိုးသွမ်းနေစဉ် ရန်ကုန် ရန်ပွဲတစ်ပွဲ၌ ထိုးကြိတ်လာသဖြင့် သူ့မိဘများက ကျွန်ုပ်တို့မြို့ကလေးရှိ ဆွေမျိုးများထံ ခေါ်လာပြီး ကျောင်းပြန်ထားခြင်းဖြစ်သည်။ ထိုစဉ်က ကျွန်ုပ် မောင်ဘိုးစီနှင့် တစ်ခန်းထဲ အတူထိုင် သူငယ်ချင်းတွေဖြစ်သွားခဲ့သည်။

ထိုနှစ်တွင် အောင်ထိန် စာမေးပွဲမအောင်။ ကျောင်းကလည်း ထွက်၊ ရန်ကုန်ပြန်၊ ဟိုမှာ ကျောင်းဆက်တက်သည်ဟု သိရသည်။ အမှန်တော့ အောင်ထိန်သည် တစ်တန်းတွင် ၂နှစ်-၃နှစ်နေပြီးမှ စာမေးပွဲအောင်သဖြင့် အသက်သာ ကြီးသွားသည်၊ အတန်းက ငယ်နေခြင်းဖြစ်သည်။

ယခုတော့ ရန်ကုန်မြို့ပေါ်တွင် သူ့ဦးလေး လူမိုက်ထိပ်သီး ကိုသာဒင် ဆိုသူနှင့်အတူ ဂျစ်ကားတစ်စင်းဝယ်ပြီး ရန်ကုန်မြို့ပတ်၍ ဖဲလည်ရိုက်ခြင်းအလုပ်ကို လုပ်နေကြောင်း သိရတော့သည်။

ထိုအောင်ထိန့်ဦးလေး ကိုသာဒင် ဆိုသူသည် ဖဲဝိဇ္ဇာတစ်ဦးဖြစ်၍ ဖဲချပ်ဝေသည်နှင့် ဘယ်အိမ်မှာ ဘာဂဏန်းကျနေပြီး ဘယ်အိမ်က ကုလားသုံးကောင်စသည်ကအစ သိသည်။ သူက သူ့တူ အောင်ထိန့်ဘေးထိုင်ပြီး မထိုးနဲ့ဦးဆို မထိုးဘဲ အသာနေ၊ ထိုးတော့ဆိုက ပုံအောရှိတာ အကုန်ထိုး။ အဲဒီရှိသမျှ အကုန်အစားမခံရ။ အလျော် ရကို ရစေရမည်။ သည်လိုနှင့် ဖဲလည်ရိုက်ခြင်းဖြစ်သည်။

ထိုမျှ ဖဲရိုက်ကျွမ်းသော ကိုသာဒင်သည် မိုက်သည့်နေရာတွင် နှစ်ယောက်မရှိ။ ကိုသာဒင် မိုက်သလို အောင်ထိန်လည်း မိုက်လေသည်။ စီခနဲဆို အောင်ထိန်တို့ ထိုးပြီး၊ ရိုက်ပြီးသားဖြစ်နေပေသည်။

"ငါ ကြက်သားဟင်းစားချင်တယ်ကွာ ဘိုးစီရာ"

"အေး ခထာစောင့်။ ဟိုမှာ တွေ့လား၊ အဲဒါ ငါ့အစ်ကိုဝမ်းကွဲတဲ့ပဲ။ အဲဒီမှာ ညနေက ကြက်သားချက်စားကြတယ်ကွ။ ငါ အခုသွားယူလာခဲ့မယ်။ မင်း ဒီကနေ ခထာသာ စောင့်နေ"

ဆိုပြီး ကျွန်ုပ် မောင်ဘိုးစီ ပြော၍ အထွက်မှာ . . .

"ဟာ . . . ငါတစ်ယောက်တည်း မနေရဘူးကွ။ ငါလည်း လိုက်ခဲ့မယ်"

"ဟ . . . မင်းက လူမိုက်တစ်ယောက်လုပ်နေပြီး ဘာလို့ မနေရဲရတာလဲ။ ဒီမှာ မီးခွက်ကြီးလည်း ထွန်း[...] ထားတာ။ ရွံ့တွေ၊ ဗွက်တွေထဲ သွား[...] မို့ မင်းကို မလိုက်ခိုင်းတာ။ ခထာ[...] နေခဲ့ပါကွာ။ ငါ ချက်ချင်းပြန်ခဲ့ပါ့မယ်"

"ဟင့်အင်းကွာ၊ ငါ ခထာ[...] လည်း မနေရဲဘူး။ ငါ သရဲကြော[...] တတ်တယ်ကွ"

"ဟေ . . . သရဲ၊ ဟုတ်လား"

ကျွန်ုပ်သည် သရဲဆိုသော စ[...] ကြားသိရသည်နှင့် အလွန်စိတ်ဝင်[...] သွားပြီး ရေထွက် ခြေလှမ်း နောက်[...] ဆုတ် . . .

"ကဲ - ဆိုစမ်းပါဦး၊ မင်းမြင်[...] သရဲအကြောင်း"

ဆိုတော့ အဲဒီ အောင်ထိန်ဆို[...] သူငယ်ချင်းက မျက်နှာငယ်လေးနဲ့[...]

"ဒီလိုကွ . . ."

"ဒီမြို့ကလေးက ဟိုပြာသာ[...] ကျောင်းတဲတားအဆင်း မောင်းထော[...] ချောင်ဆိုတဲ့ အပိုင်းမှာ ငါ့အမေရဲ့ မော[...] ဦးသာအောင်ဆိုတာ နေခဲ့ဖူးတယ[...] ဦးလေး ကိုသာဒင်ရဲ့ အထက်၊ သူ့အစ်[...] ပေါ့ကွာ။ အဲဒီ ဦးသာအောင်က အရ[...] သမားကွ၊ သူ အရက်မူးလာရင် ပြာသာ[...] ကန်ပေါင်အောက်ခြေမှာ ဟိုညောင်ပ[...] ကြီး သုံးပင်ပေါက်နေပါရောလား။ အေ[...] အဲဒီညောင်ပင်အောက်မှာ မဖွယ်မ[...] ကော့ပန်းလို့ ပန်း၊ နောက်ပြီး "ဟေ[...] သရဲဆိုတဲ့ အကောင်တွေ . . . . [...] မိုက်ရင် ထွက်ခဲ့၊ တစ်ဖွေချင်း ချမ[...] သာအောင်ကွ . . . သာအောင်၊ ဗိုးမှ[...] ဆိုပြီး ဆဲဆို ကြိမ်းဝါးတတ်တာကွ[...] အဲဒါ သူ မူးတဲ့ ညတိုင်းလိုပဲကွ။

တစ်ညလည်း သူ မူးပြီးအပြ[...] အဲဒီလိုပဲ ညောင်သုံးပင်အောက်ဝ[...] မဖွယ်မရာတွေ ပြို၊ ပါးစပ်က[...] "သရဲဆိုတာ တွေ့ချင်စမ်းတ[...] ထွ[...] ခဲ့လေကွာ၊ မင်းတို့ မတွေ့ရဘူးမို့[...]



www.burmeseclassic.com

www.burmeseclassic.com

…အဲဒါပဲ။ သာအောင်ကို စမ်းလို့ …သွားဆိုတာ” အဲဒီလို စိန်ခေါ် ပြောဆို …ထွက်လာတာ အကောင်းကွ။ အိမ် …ကလို့ မှုးပြီး အိပ်ပျော်သွားတာ …ည်း အကောင်းပကတိပဲ။ ဖြစ်ချင် …တော့ ညတစ်ရေးနိုး၊ သူ ရေဆာလို့ …ထအသောက်မှာ “ဟာ . . .ခြေ …ထောက်ကြီး…ခြေထောက်ကြီး” ဆိုပြီး …က်လုံးကြီးပြူး၊ လက်ညှိုးထိုးပြရင်း …ခန် ပစ်လဲသွားလိုက်တာ သတိပြန် …တဲ့ အသက်ပါ ပါသွားတော့တာ။

အဲဒါကြောင့် ပြောတာပေါ့။ သရဲ …တွေကို မယုံချင် မယုံပါနဲ့ သွားတော့ …မခေါ်လိုက်ပါနဲ့ သူငယ်ချင်းရာ”

“ဒါနဲ့ ဆက်ပါဦး။ မင်းမျက်တွေ့ …များ ထူးထူးခြားခြားမြင်ရ တွေ့ရလို့ …နဲ့”

“သူက အရက်ကို ကြိုက်သလို၊ ဒူးယား စီးကရက်ကိုလည်း ကြိုက်တယ်ကွ။ သူသေတော့ လက်ဖက်ရည် အချိုပန်းကန်ပြားကလေးထဲမှာ ဒူးယား စီးကရက်တစ်လိပ် မီးညှိတင်ပေးထားတာ၊ အဲဒီ စီးကရက်က သူ့အလိုလို လူတစ်ယောက် အနားထိုင်ပြီး ပါးစပ် နေရာ သွားဖွာရှိုက်နေတာကို ငါ တွေ့ရတာကွ။ ငါလည်း အိမ်ပေါ်က ဆင်း ပြေးတော့တာပေါ့။ အမေ့ဆီ တစ်ချိုး တည်းပဲ”

ဒါဆိုရင် ကျွန်ုပ် မောင်ဘိုးစီ ဟိုအညာစ-စပယ်ကုန်း ရေကန်ပေါင် နံဘေးက ညောင်မှတ်ဆိတ်ပင်အောက် ဝယ် သရဲကို စိန်ခေါ်ခဲ့တဲ့ညက အသံ၊ အနံ့၊ အတွေ့ သုံးမျိုး တစ်ပြိုင်တည်း ခံစား ကြားသိရခြင်းသည် ကျွန်ုပ်အား နောက်မှ လိုက်လာပြီး သရဲခြောက်နေခြင်းလား။

သူ့အတွေ့အကြုံကို သူပြောပြ သွားခဲ့ပြီး ကျွန်ုပ် မောင်ဘိုးစီအားလည်း အဲဒီညက သရဲလိုက်ခြောက်ခြင်းဖြစ်နိုင် သည်ဟုတော့ ပြောသည်။

ကျွန်ုပ်ကတော့ ဒါကို သရဲခြောက် သည်ဟု မထင်။ ကျွန်ုပ်အား ယုံ လောက်အောင် အကောင် (သို့မဟုတ်) အရိပ်ပြခဲ့ခြင်းမဟုတ်သောကြောင့်ပင်။

စာရှုသူများရော ဘယ်လိုထင်မြင် ပါသလဲခင်ဗျာ။ ကျွန်ုပ်အထင်နှင့် ထပ်တူထပ်မျှ ထင်မြင်ယူဆကြလိမ့် မည်ဟု ကျွန်ုပ် ယုံကြည်မှန်းဆမိပါတော့ သည်။■

* * *

မြရာပင်မောင်တင်ယုံ

---

“ အာစရိယဂုဏ် အပဟ် ဝန္ဒာမိ ”

# ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခံ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ …မိထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ …နီးကျမ်း + သက္ကတ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာ …င်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းဓာတ်ယတြာအဖြေရှာ (ကျန်းမာရေး လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း …စီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) …စ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင် …းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

လမ်းညွှန်

၃၅၊ ၆၅၊ ၃၂၊ ရွှေစည်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ …ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။ ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

# ဂျမ္ဗူရာဆဝန်းကြယ် စာအုပ်စင်

သုတအံ့

## နီမင်းညို

## နရသိန်စံအိမ်၏ ဆေးရောင်စုံ မြင်ကွင်းများ




အကျဉ်းထောင်တိုင်းသည် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာပင် ရှိနေ၏၊ ပြ...
တစ်စုံတစ်ရာ ကျူးလွန်သူတိုင်း သာမန်လူတစ်ယောက်လို လွတ်လပ်မှုအပြည့်အ...
မရနိုင်ပေ။ ထောင်စည်းရိုး အုတ်တံတိုင်းအတွင်းဝယ် စိတ်ရော ကိုယ်ပါ ချုပ်နှော...
ခြင်းကို ခံနေကြရသူများဖြစ်၏။


ဆရာ နီမင်းညိုမှာ အကျဉ်းထောင်ဝန်ထမ်းဟောင်းတစ်ဦးဖြစ်ရုံမက၊ အ...
မြင့် တာဝန်ကို ယူခဲ့ဖူးသူတစ်ယောက်လည်းဖြစ်သည်။

ထောင်အုတ်တံတိုင်းများ၊ သံတိုင်များနောက်ကွယ်မှ ဘဝများကို ကိုယ်တွေ့...
ကြုံရသည့်အတိုင်း ဖွင့်ချထားသည့် ဝတ္ထုတိုများဖြစ်သည်။ တကယ့်ဖြစ်ရပ်မှန်...
များ၊ အိပ်မက်ဆိုးများကို စာရေးသူက ရသဟန်ပါပါဖြင့် ရေးဖွဲ့ပြလိုက်သော...
နရသိန်စံအိမ်၏ ဆေးရောင်စုံ မြင်ကွင်းများဖြစ်လာတော့သည်။

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | မိုးနေ |
| ဖြန့်ချိရေး | - | ရတနာစာပေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃၊ ဖေဖော်ဝါရီ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ကျပ်။ |

## မောင်သာလင်း

## ဇေ၀ံ မေ သုတံ




ပန်းရိုင်းစာပေထုတ် မောင်သာလင်း ရေးသားပြုစုတဲ့ "ဇေ၀ံ မေ သု...
ကျေးလက်တောရွာကို မရောက်ခင်ကတည်းက ကြက်တွန်သံ၊ ခွေးဟော...
သံတို့နဲ့အတူ "ဇေ၀ံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ"ဆိုသော ...
တို့ကို ကြားရတတ်စမြဲပင်"ဟု ဆရာ မောင်သာလင်းရဲ့ အမှာစကားကို ဖတ်...
သဘောခွေ့ နှစ်မြိုက်မိပါတယ်။

လိမ္မာယဉ်ကျေးအောင်၊ လူကျင့်ဝတ်သိအောင် သင်ပေးသော မင်္ဂလ...
ဗုဒ္ဓဝါဒရဲ့ တံခါးပေါက် မင်္ဂလသုတ်၊ ထေရဝါဒ၏ အုတ်မြစ်လို့ သဘောတူ ...
ထားရတဲ့ မင်္ဂလသုတ်အကြောင်းကို ကလေးသူငယ်၊ လူငယ်၊ လူလတ်တို့...
စိမ့်ဝင်သွားအောင် ဆရာ မောင်သာလင်းက ကလောင်ဝင့်ထားပါတယ်။

အင်္ဂလိပ်-မြန်မာ နှစ်ဘာသာနဲ့ လွယ်ကူ ရှင်းလင်းစွာ တင်ပြထားပါတ...

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အေးမြူအောင် |
| ဖြန့်ချိရေး | - | ယဉ်မျိုးစာပေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၂၊ ဒီဇင်ဘာ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ်။ |



www.burmeseclassic.com

www.burmeseclassic.com




## သိဒ္ဓိစိုး ဗိသနိုးသခင်မ

ဆရာ သိဒ္ဓိစိုး၏ စာအုပ်ကို ဖတ်နေရင်းကပင် ဆရာကြီး မင်းသိခ် ရေးသားခဲ့သော "မနုစာရီ" ကို ပြန်လည်သတိရဖြစ်သည်။ ဆရာ မင်းသိခ်နှင့် ဆရာ သိဒ္ဓိစိုး တို့မှာ ဆရာတပည့်များဖြစ်ကြသည်။

"ဗိသနိုးဘုရင်မ" မှာ "မနုစာရီ" ကဲ့သို့ပင် ဖတ်လို့ ကောင်းရုံသာမက၊ စိတ်ဝင်စားစရာများလည်း ပြည့်နှက်နေ၏။

"ပန်ထွာ"၊ "ဒွတ္တဘောင်" ဇာတ်လမ်းတို့မှာ ရင်ထဲတွင် ရှိပြီးသားဖြစ်သော်လည်း ဆရာ သိဒ္ဓိစိုး၏ ရေးသားချက်မှော်အစွမ်းကြောင့် ရုပ်လုံးကြွ အသက်ဝင်နေခဲ့၏။

ဂမ္ဘီရဖြစ်ရပ်များ၊ ဗေဒင်၊ မန္တန်၊ အင်းအိုင်အကြောင်းများနှင့်အတူ ဗိသနိုးကို ဆရာ သိဒ္ဓိစိုးက ပြန်လည်တူးဖော်ပြထားခြင်းဖြစ်၏။ ဂမ္ဘီရဆန်းကြယ် ပရိသတ်များ အကြိုက်တွေ့စေမည့် ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်သည်။

| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | - | ပြည့်မင်းမောင် |
| ဖြန့်ချိရေး | - | အလိုတော်ပြည့် စာအုပ်တိုက် |
| ပုံနှိပ်ခြင်း | - | ၂၀၁၃၊ ဇန်နဝါရီ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ကျပ်။ |




## စာရေးဆရာစုံ ကိုရီးယား ယိမ်းနွဲ့နေသော ရောင်စုံကြာ

"ထောင်စုပြတင်း" စာအုပ်တိုက်အတွက် အယ်ဒီတာ "ဝင်းပေါ်မောင်" စီစဉ်ပြီး ကိုလူချစ်(ကိုရီးယား)၊ ကိုလေး၊ ကိုပိုင်(မိုးညင်း)၊ စိုးမိုးသူ၊ ဇော်မိုးအောင်၊ ညီဇေ၊ နေထွန်းနိုင်၊ မေရီနွယ်၊ မနောပဒါယီ၊ အရှင်ဝိစိတ္တ(ဒိုက်ဦး)၊ မိုးထက်မင်း၊ မောင်မျိုး(စက်မှု)၊ ရွှေပြည်ငြိမ်းချမ်း၊ ဝင်းပေါ်မောင်၊ ဝင်းလှိုင်(နန်းတော်ရှေ့)၊ သူရတို့ ပါဝင်ရေးသားကြသည်။

စာအုပ်အမည်မှာ "ကိုရီးယား ယိမ်းနွဲ့နေသော ရောင်စုံကြာ" ဖြစ်သည်။ ကိုရီးယားနှင့် ပတ်သက်သော ခေတ်ပြိုင်ရှုခင်း၊ အဝေးအနီး ခံစားသုံးသပ်ချက်များဟု အမည်တပ်ထားပြန်သည်။

ကိုရီးယားဆိုတာ ဘာလဲလို့ သိချင်သူတိုင်း ဒီစာအုပ်ကို ဖတ်ဖို့ ညွှန်းဆိုထားပါသည်။ ကိုရီးယားနိုင်ငံအကြောင်းကို ကိုရီးယားရောက် မြန်မာတွေက ကိုယ်တွေ့နှင့် ယှဉ်ပြီး သရုပ်ဖော်ထားကြသည်။ ကိုရီးယားရဲ့ တိုးတက်မှု၊ ဆုတ်ယုတ်မှုတွေထဲကနေ သင်ခန်းစာယူစရာတွေ၊ အထင်မှား၊ အမြင်မှားတွေကို အစားထိုးပေးနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ယခုအချိန်အခါတွင် ကိုရီးယားယဉ်ကျေးမှုမှာ ကျွန်တော်တို့ဆီမှာ မြို့ပေါ်မှအစ ကျေးလက်အဆုံး ထိုးဖောက်နေရာယူလျက်ရှိသည်။ ထို့ကြောင့်ပင် ဂမ္ဘီရဆန်းကြယ် ပရိသတ် လူငယ်၊ လူလတ်၊ လူကြီးမရွေး "ယိမ်းနွဲ့နေသော ရောင်စုံကြာကို ဖတ်ကြည့်သင့်သည်ဟု တိုက်တွန်းလိုက်ရပါသည်။

ဤစာအုပ်အား အမြတ်အစွန်း ပဓာနမထားဘဲ လူမှုရေး နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများ၊ စာကြည့်တိုက်များ၊ မီဒီယာများသို့ အခမဲ့ ပေးဝေးမည်ဖြစ်သလို တစ်ဦးချင်း ဝယ်ယူလိုသူများအနေဖြင့် မာလာရွှေ(မြန်မာပြည်ဖြန့်ချိရေး)၊ Real My Ko Co.,Ltd. အမှတ် (၁၈၈)၊ ဒုတိယထပ်၊ ပန်းဆိုးတန်း(အလယ်)၊ ရန်ကုန်မြို့တွင် မှာယူနိုင်ကြောင်း သတင်းပေးအပ်ပါသည်။

စာအုပ်တန်ဖိုးမှာ (၁၂)ဒေါ်လာ ကျသင့်သည်ဟု သိရပါသည်။

*****




www.burmeseclassic.com

www.burmeseclassic.com

# နေဝင်ပြီး နောက်ဆုံးကာလ အပုအထစ်ကလေးများ

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com

မနက် ၇နာရီခွဲတွင် လူစုံသည်။ ...လုပ်သူ/လုပ်သားအားလုံး စုံပြီးနောက် ...တွင်းရေးမှူးကြီး မင်းဘူးမျိုးသက် ...အောင်က ပြောသည်။

"ကဲ - ဗိုက်ဆာတတ်တဲ့သူတွေ ...တည်းက ဆိုင်သွားပြီး စားထားကြ။ ...ကြာ လမ်းရောက်မှ ဗိုက်ဆာ ...ယ်၊ ကားရပ်ပေးပါဆိုတာမျိုး မဖြစ် ...ကြစေနဲ့"

ရွှေပြည်သာ နာရေးက ကား ...သမားနှင့် ရုံးစောင့်က လွဲလျှင် အတွင်း ...ရေးမှူး၊ ဥက္ကဋ္ဌ၊ ကော်မတီဝင်အားလုံး ...တစ်ယောက်မျှ ထောက်ပံ့ကြေးလစာ ...ကြပေ။ တကယ့်စေတနာသက်သက် ...ဖြင့် ထူထောင်ထားသော နာရေးကူညီ ...အသင်းကြီးဖြစ်သည်။ သွားလာလုပ် ...ကိုင်ကြရသည့် ခရီးအားလုံးကို ကိုယ် ...ငွေ၊ ကိုယ်ပိုင် စရိတ်စိုက်၊ အိတ်စိုက် ...ဖြစ်သည်။

စေတနာရှင် ပြည်သူများ လှူဒါန်း ...ထားကြသော ငွေကြေးကို တစ်ကျပ်မျှ ...အကျအပေါက်မရှိစေရပေ။ ဤကဲ့သို့ ...လုပ်ထားခြင်းဖြင့် လာရောက်ကူညီ ...ကြသော လူအားလုံးများအဖို့လည်း ...သန့်ရှင်းသည်။ စင်ကြယ်သော ကရုဏာ ...နှင့် ယှဉ်သည်။ တကယ့်မြင့်မြတ်သော ...ကူညီခြင်းမျိုးဖြစ်သည်။

မနက် ရှစ်နာရီအချိန်တွင် လမ်း ...ကြောင်း(သတင်းပေးထားသော အသုဘ ...အလောင်း)ရှိရာဘက်သို့ ထွက်ကြရ ...သည်။ နာရေးအသင်းကြီးက ထူထောင် ...သော ရှိသေး၍ အသင်းဝင် လူအင်အား ...သိပ်ပြီး မများသေးပေ။ ထို့ကြောင့် ...တစ်ခါတလေ တာဝန်ကျ ရုံးစောင့်မျှ ...သာ ကျန်ပြီး လမ်းကြောင်းရှိရာဘက်

သို့ အားလုံးထွက်ကြရသည်။

နာရေးအိမ်ရှေ့တွင် နိဗ္ဗာန်ယာဉ်ကို ရပ်လိုက်သည်။ ကောင်လေး တစ်ယောက်လည်း အိမ်ရှေ့တွင် ရပ်စောင့်နေသည်။ ဤအိမ်ပိုင်ရှင်ကို ဦးမျိုးသက်အောင် သိသည်။ ရင်းရင်းနှီးနှီးလည်း ရှိကြသည်။ သို့သော်လည်း နောက်ပိုင်းတွင် မတွေ့ဖြစ်ကြသည်မှာ ၅နှစ်ကျော်ခဲ့ပြီ။

သည်အဘိုးကြီးက အိမ်ကြီး တစ်လုံးတွင် တစ်ယောက်တည်း နေသည်။ လူပျိုကြီးလား၊ မုဆိုးဖိုလား၊ သားသမီးများ အဝေးမှာပင် ရှိကြလေသလားဟု ဦးမျိုးသက်အောင် မမေးမိပေ။ သူကလည်း ပြောမပြဖူးခဲ့။ လူချင်းမတွေ့ကြသည်မှာ ကြာပြီဖြစ်၍ အဘယ်ရောဂါဖြင့် သေဆုံးသွားသည်ကို ပင် မသိလိုက်ရ။ ဝေ့ရင်းက ဦးမျိုးသက်အောင် စိတ်မကောင်းဖြစ်မိသည်။

ဦးမျိုးသက်အောင်သည် သူနှင့် အတူပါလာကြသော နာရေးကော်မတီဝင်များက ကွမ်းယာဝယ်စားနေကြသည်ကို မစောင့်နိုင်ဘဲ အိမ်ထဲသို့ တန်းဝင်လာခဲ့သည်။ အိမ်ဝမှ စောင့်ကြိုနေသော ကောင်လေးက ထိုနေရာမှပင် ရပ်ကျန်ခဲ့သည်။ အိမ်ထဲသို့ ရောက်သွားတော့ ဦးမျိုးသက်အောင် စိတ်မကောင်းဖြစ်ရသည်။

အလောင်းကိုပင် အသေအချာ ပြုပြင်ထားခြင်း မရှိပေ။ အိပ်နေရင်းက သေဆုံးသွားပုံရသည်။ ဤသည်ကို အနည်းငယ်မျှ ပြုပြင်မထားဘဲ နာရေးကို လှမ်းခေါ်ပုံရသည်။ အဘိုးကြီးကို လည်း နောက်ဆုံးအချိန်ထိပင် စောင့်ရှောက်မည့်သူ မရှိလေရော့သလားဟု တွေးလိုက်မိသည်။

ဦးမျိုးသက်အောင် အလောင်းနား ရပ်ပြီး ကပ်ကြည့်လိုက်သည်။ ဤ

တွင် အဘိုးကြီး မျက်စိဖွင့်လာလေသည်။ ထို့ကြောင့် ဦးမျိုးသက်အောင် လန့်အော်မိမလိုဖြစ်သွားသည်။

"ဟင်...မျိုးသက်အောင်၊ မင်း ဘာ...ဘာလာလုပ်တာလဲ"

"ဗျာ..."

အဘိုးကြီးသည် ဦးမျိုးသက်အောင်ဆီမှ မျက်နှာလွှဲပြီး ကြည့်လိုက်ရာ ပြတင်းပေါက်မှတစ်ဆင့် အိမ်ရှေ့တွင် ရပ်ထားသော နိဗ္ဗာန်ယာဉ်ကို မြင်သွားလေသည်။

"မင်း...ဘာလာလုပ်တာလဲ"

"ဗျာ"

"မဗျာနဲ့၊ မင်း ငါသေပြီဆိုပြီး မသာကားနဲ့ အလောင်းသယ်ဖို့ လာတာမဟုတ်လား"

"မဟုတ်ပါဘူး၊ ဟုတ်ပါတယ်"

"ဘာ မဟုတ်ပါဘူး၊ ဟုတ်ပါတယ်လဲ၊ ဟိုမှာ ငါ့အိမ်ရှေ့ ရပ်ထားတာ မသာကားပဲ မဟုတ်ဘူးလားကွ"

ဦးမျိုးသက်အောင် အဘိုးကြီး ကြည့်သည့်အတိုင်း ကြည့်လိုက်တော့ မသာကားကို တန်းမြင်နေရသည်။

"ဖုန်းဆက်လို့ပါ အစ်ကိုကြီးရာ"

"သေတောင် မသေရသေးဘူး။ တောက်...ဟိုကောင် ဘယ်မှာလဲ"

အိမ်ရှေ့မှာ ရပ်နေသော ကောင်လေးကို မေးဟန်တူသည်။

"အစ်ကိုကြီး အရမ်းမထလိုက်နဲ့လေ။ ခဏနေပါဦး။ ကျွန်တော်ခေါ်ပေးပါ့မယ်"

ဟု ပြောပြီး ဦးမျိုးသက်အောင် ခပ်သွက်သွက်ထွက်လာခဲ့သည်။ အိမ်ရှေ့သို့ ရောက်လျှင် ကောင်လေးကို တိုးတိုးပြောပြီး အိမ်ထဲသို့ တွန်းလွှတ်လိုက်သည်။ ကားနားရောက်တော့ ကော်မတီဝင်တွေက လှမ်းမေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ…ဆရာ၊ ဘယ်လိုတုန်း၊ ပြန်ထွက်လာပါလား"

"ဟိုမှာ မသာ ဒေါ်သံထွက်ကျန်ခဲ့တယ်။ အားလုံး ကားပေါ် ပြန်တက်ကြ။ ရုံးကို ပြန်မောင်း"

"ဘယ်လိုဖြစ်တာလဲ ဆရာရယ်၊ ဆရာ့စကားကြီးက တစ်မျိုးပဲ"

"ဟိုက်ကောင်… မောင်းဆို မောင်းကွာ၊ နောက်မှ ငါရှင်းပြမယ်"

နောက်မှ သိရသည်မှာ အဘိုးကြီးသည် လူနှင့် မတည့်သော ဘုန်ဘောက်ကြီးဖြစ်၍ ဆွေမျိုးများလည်း တစ်ယောက်မျှ မကပ်သဖြင့် အဘိုးကြီး နာမကျန်းဖြစ်မှ အိမ်လိုချင်သော လူတစ်ယောက်က လာပြုစုခြင်းဖြစ်သည်။ သို့သော်လည်း မသေမီကပင် ကြိုတင်၍ အသုဘကား မှာသည်က နေရာမကျပေ။

ဦးမျိုးသက်အောင်လည်း အမှန်ကို ပြောတတ်သော (ဘုကလန့်ဟု အပြောခံရသော)လူမျိုးဖြစ်၍ ထိုအနားတွင် ဆက်နေလျှင် ပြောမိပေလိမ့်မည်။ ပြောစရာကြီးလည်း ဖြစ်နေသည်။ ထို့ကြောင့်ပင် ဘာမျှ ဆက်ပြောမနေခဲ့တဲ့ ခပ်သုတ်သုတ်ထွက်လာသည်။

◆◆◆

ဦးမျိုးသက်အောင်သည် ဖုန်းဆက်၍၊ လူကိုယ်တိုင် လာရောက်၍ အကြောင်းကြားထားသော လမ်းကြောင်းများကို ကြည့်နေသည်။

တစ်ခုသော လမ်းကြောင်းသည် ဦးမျိုးသက်အောင်တို့ ရပ်ကွက်နှင့် နီးနေသည်။ ထို့ကြောင့် သင့်ရာလမ်းကြောင်းကို အခြားလူများ၊ ကားများအား တာဝန်ပေး သွားခိုင်းပြီး ဤလမ်းကြောင်းကိုမူ ဦးမျိုးသက်အောင် ရွေးလိုက်သည်။

နာရေးကားပေါ်၌ နာရေးအသုဘရှင်နှင့် သွေးသားတော်စပ်သော လူတစ်ယောက်လည်း ပါလာသည်။ သို့သော်လည်း ယခင်က ဦးမျိုးသက်အောင်သည် ဤလူနှင့် မသိဘူးပေ။ ဤလူကမူ ဦးမျိုးသက်အောင်ကို တီးမိခေါက်မိရှိနေပုံရသည်။

"ဆရာက ဦးမျိုးသက်အောင် ဆိုတော့ စာရေးဆရာ မင်းဘူး မျိုးသက်အောင်များလား"

"ဟုတ်ပါတယ်။ ကျွန်တော် မင်းဘူး မျိုးသက်အောင်ပါ"

ထိုလူသည် ဦးမျိုးသက်အောင်အား အံ့ဩသလို တအောင့်မျှ စိုက်ကြည့်လိုက်ပြီး တစ်စုံတစ်ခုကို ကောက်မေးပြန်သည်။

"ဆရာက ဗေဒင်စရိယတန်းတွေကို စာချပြီး ရှေ့နေလည်း လုပ်တယ်နော်"

"ဟုတ်ပါတယ်"



"ဪ…ဪ…ဒါဆိုရင်
ဆရာက လောကီ၊ လောကုတ္တ
နှစ်မျိုးလုံး ဘွဲ့ရပြီး နာမည်ကြီး စာ
ဆရာကြီးကို။ အခုလည်း ဆရာ စာ
သေးလား"

"ရေးပါတယ်။ ဒါပေမယ့်
ကျွန်တော်က စာအုပ်အထွက်
တယ်။ ကျွန်တော်က စာကို လိုအပ်
ရေးတာပါ။ အပျော်တမ်းရေးတာလည်း
မဟုတ်ဘူး။ ဝမ်းကျောင်းရေးအတွ
လည်း မရည်ရွယ်ဘူး။ အကြောင်းအ
တစ်ခုဟာ စာအဖြစ် လိုအပ်လာ
ဆိုတာမျိုးကိုမှ ရေးတဲ့ သဘောပါ"

"ကျွန်တော် ဆရာ့ကို သိနေ
ဒက္ခိဏာသာခါ စာအုပ်ကပဲ။ ကျွန်
အရမ်းသိချင်နေတာကို ဆရာ့စာ
ဖတ်ပြီး သိလိုက်ရလို့ အရမ်း
ကျေးဇူးတင်မိပါတယ်။ ဆရာ့စာ
တွေကို ဥာလမ်း၊ "စံလု" စာ
ထုတ်တာနော်"

"ဟုတ်ပါတယ်"

ထိုလူနှင့် စကားပြောရင်း
ဆန့်လာခဲ့ရာ အသုဘအိမ်ရှေ့တွင်
ထိုးရပ်လိုက်မှ စကားဆက်လည်း
တော့သည်။ အသုဘအလောင်း
တွင် လူသုံးလေးယောက်မျှသာ
သည်။ သည်မျှအထိ ဆွေကြီးမျိုး
ဖြစ်ပါလျက် အဘယ်ကြောင့် မ
ပါလိမ့်ဟု တွေးလိုက်မိသည်။ သို့
လည်း မိမိ၏ အလုပ်သည်
အလောင်းကို သင်္ချိုင်းကုန်းသို့ သ
ပြီး သဂြိုဟ်ပေးရမည့် တာဝန်ဖြစ်
ထို့ကြောင့် ပါလာသော
ကော်မတီဝင်များနှင့် အိမ်
အလောင်းကို သယ်မပြီး နိဗ္ဗာန်
ပေါ်သို့ တင်ကြသည်။ ထိုအခိုက်
ဟိုမှသည်မှ ဆွေမျိုးများ ရောက်
ကြပြီး ဦးမျိုးသက်အောင်အ



www.burmeseclassic.com

www.burmeseclassic.com



ပြောကြလေသည်။

"ဟာ…ဆရာရယ်၊ အခုချက်ချင်း ပဲ အလောင်းကို သယ်ယူကြတော့ လား။ ဆွေမျိုးတွေကိုလည်း နောက် အနေနဲ့ ကြည့်ရှုခွင့်ပြုပါဦး"

"ဆရာရယ်…အဲလို ရက်ရက် စက်စက်ကြီးတော့ မလုပ်ပါနဲ့။ နောက် ရက်လောက်ဆိုရင် စုံကြမှာပါ။ ဒါ ကြောင့် အိမ်မှာ နှစ်ရက်လောက်တော့ ထားပေးပါဦး"

ဦးမျိုးသက်အောင်၏ စိတ်ထဲတွင် သိကအေးာက်ဖြစ်သွား၏။ သူတို့က လောင်းကို ဈာသယ်ပါဟု ဆို၍ လောင်း ကားပေါ်ရောက်မှ လာတား ကြသည်။ ရက်ရက်စက်စက်ကြီးဟု သုံး ဆို၊ အလောင်းကို ဆွေမျိုးများ ဆုံးအနေဖြင့် ကြည့်ခွင့်ပြုပါဦးဟု ပြောသူက ပြော။ သူတို့အလောင်းကို တင်းအဓမ္မ လာလုယူသလိုမျိုး ဘာသက်ရောက်နေသည်။

"နော်…ဆရာ၊ အလောင်းကို နောက်နှစ်ရက်လောက်တော့ အိမ်မှာ ထားခွင့်ပြုပါနော်။ ဒါမှလည်း ဆွေမျိုး တွေ စုံကြမှာမို့လို့လေ"

"တို့ နာရေးစည်းကမ်းဥပဒေ ရွက်ကလေးကို ခင်ဗျားတို့ အသုဘ ရှိ လာရောက်အကြောင်းကြား တည်းက ပေးလိုက်တယ်မဟုတ် ား ရုံးမှာလည်း စာလုံးကြီးကြီးနဲ့ ထားပါတယ်။ သေဆုံးပြီးတဲ့ လောင်းကို အိမ်မှာ တစ်ရက်ထက် ထားရင် တို့နာရေးက လက်မခံဘူးဆို ာ မင်းဖတ်ခဲ့ရတယ်မဟုတ်လား"

"ဆရာရယ်… စာက စာပါ။ ခု ကျွန်တော်တို့ ဆရာ့ကို ပြောနေ ာက ဆွေမျိုးတွေ မစုံသေးလို့ပါ။ ကြောင့် နှစ်ရက်လောက်ပဲဖြစ်ဖြစ် သည်းခံပြီး စောင့်ပေးပါဦး။ လူတစ်ယောက်ရဲ့ နောက်ဆုံးအချိန်ကိုတော့ ဘယ်လူမျိုးမဆို ကြည့်ချင်၊ မြင်ချင်ကြ တာပေါ့ ဆရာရယ်။ ကိုယ်ချင်းလေး လည်း စာပါဦး"

ဦးမျိုးသက်အောင် စိတ်မရှည် သလိုဖြစ်လာ၏။ ဒေါသလည်း ထွက် ချင်လာသည်။ လုပ်နေရသည်က အခမဲ့ ကူညီနေသော ကရုဏာအလုပ်။ ကရုဏာသည် မေတ္တာထက် အဆင့် မြင့်ပြီး အလောင်းအလျာကြီးများသာ စွမ်းနိုင်ကြသည်။ သည်အထဲတွင် ဦးမျိုး သက်အောင်က ရှေ့ပြည်သာ အခမဲ့ နာရေးကူညီမှုအဖွဲ့တွင် အမိကကျသော အတွင်းရေးမှူးနေရာကို ယူနေရသည်။ ထို့ကြောင့် ဒေါသထွက်ရန် သာ၍ပင် မသင့်ပေ။

"အေး၊ ဒီတော့ တို့မြန်မာတွေရဲ့ အယူအဆအရ အိမ်ထဲက ထုတ်ယူ လာတဲ့ အလောင်းကို အိမ်ထဲတော့ ပြန်မသွင်းကောင်းဘူး။ အိမ်ထဲ ပြန်သွင်း ရင်လည်း ခိုက်တတ်တယ်လို့ ဆို တယ်။ ဒီတော့ အဖြစ်နိုင်ဆုံးတစ်ခုကို ငါလုပ်ပေးမယ်။ မင်းတို့မှာ ကွယ်လွန် သူရဲ့ ဆွေမျိုး ဘယ်နှယောက်လောက် ရှိသလဲ။ ဘယ်တွေမှာ နေကြသလဲ။ လိပ်စာပဲ ပြော၊ ငါ အလောင်းကို သယ် သွားပြီး တစ်အိမ် တစ်ရက်ကျစီ ထား ပေးလိုက်မယ်"

"ဟာ…ဆရာကလဲ"

"ဆရာကလဲ…မလုပ်နဲ့၊ ငါ အဖြစ်နိုင်ဆုံး နည်းလမ်းကို ပြောတာ။ မင်းတို့ လက်ခံကြမယ်ဆိုရင် အိမ် နံပါတ်နဲ့ လိပ်စာတွေကိုပဲ ပြောတော့"

သူတို့ ဘာမျှမပြောကြတော့ဘဲ ဦးမျိုးသက်အောင်၏ မျက်နှာကိုသာ ငေးကြည့်နေကြသည်။ ထိုအချိန်တွင် ဦးမျိုးသက်အောင်က ဖောင်တိန်ကို ထုတ်မလိုလို၊ စာရွက်ရှာသလိုလို လုပ်နေသည်။ ထို့နောက် သူတို့ တစ်ယောက်ပြီး တစ်ယောက် အိမ်ထဲသို့ ပြန်ဝင်သွားကြသည်။ သို့မှ ဦးမျိုးသက် အောင်လည်း အလောင်းတင်ထားသော နိဗ္ဗာန်ယာဉ်ကို မောင်းနှင်ပြီး ထွက်လာ ခဲ့သည်။

◆◆◆

"ရပ်ကွက်ထဲမှာ ရေတွေ ပြည့် နေတယ် ဆရာ။ ဒါကြောင့် ဆရာတို့ နိဗ္ဗာန်ယာဉ်ဟာ အသုဘအိမ်ရှေ့ရောက် အောင် ဝင်နိုင်မှာ မဟုတ်ဘူး"

ဟု ရပ်ကွက်လူကြီးက ဆီးပြော သည်။

"အသုဘအိမ်ရှေ့ကို ရောက် အောင် ကားမဝင်နိုင်ရင် အဆင်ပြေတဲ့ နေရာက ကားကို ရပ်ထားပြီး အလောင်း ကို သွားသယ်မှာပေါ့ကွ"

"ဟာ…အဲဒီလိုကြီးတော့ မလုပ် ပါနဲ့ ဆရာရယ်။ အဲဒီလိုလုပ်ရင် ရပ် ကွက်နာမှာပေါ့။ ဒါကြောင့် အဲဒီလိုကြီး တော့ ခွင့်ပြုနိုင်မှာမဟုတ်ဘူး။ အိမ်ရှေ့ မှာ အသုဘကားရပ်ထားတဲ့ အိမ်ရှင်က လည်း လက်ခံမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲကွ။ အဆင်မပြေ လို့ ပြေတဲ့ နေရာက ရပ်တာပဲဥစ္စာ"

ရပ်ကွက်လူကြီး အနည်းငယ် တင်းသွား၏။ ထို့နောက် ပြောသည်။

"ဆရာ့ကားက မသာကားဆိုတာ လည်း မေ့မနေနဲ့ဦးလေ"

ရပ်ကွက်လူကြီးသည် မျက်နှာ တင်းရုံသာမကဘဲ အသံလည်း မာလာ သည်။ ထို့ကြောင့် ဦးမျိုးသက်အောင် တို့အဖွဲ့မှာလည်း ဘာလုပ်ရမှန်းမသိဖြစ် သွားကြသည်။

"ဒါဆိုရင် တို့က အဲဒီ အသုဘ အလောင်းကို သယ်လို့မရဘူးလား။ ဒီအတိုင်းပဲ ပြန်သွားရမှာလား"

"အဲဒါ ဆရာတို့အပိုင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကတော့ ရပ်ကွက်အနာမခံနိုင်ဘူး။ အသုဘအိမ်ရှေ့ မဟုတ်တဲ့ နေရာမှာလည်း အသုဘကားကို ရပ်ခွင့်မပြုနိုင်ဘူး။ ဒါပဲ"

ဦးမျိုးသက်အောင် သက်မ တစ်ချက်ချလိုက်သည်။ အတော်လေးပင် စိတ်ထဲတွင်လည်း ကသိကအောက်ဖြစ်သွားမိသည်။ အဖွဲ့သူ၊ အဖွဲ့သားများလည်း ဦးမျိုးသက်အောင်၏ မျက်နှာကိုသာ ငေးကြည့်နေကြသည်။ ယခုကဲ့သို့ ရပ်ပြီး စကားပြောနေရသည်ကိုပင် ပတ်ဝန်းကျင်က လူများ မကျေနပ်၊ မရှုဆိတ်သော အကြည့်များဖြင့် စိုက်ကြည့်နေကြသည်၊ နံ့ဗွာနံ့ယာဥ့်နှင့် အနီးဆုံး အိမ်များကမူ သာ၍ပင် စိတ်ဆိုးပြီး လိုက်သတ်မည့်အပေါက်မျိုးဖြင့် တင်းမာင်းကြီး ကြည့်နေကြသည်။

"နေစမ်းပါဦး။ အသုဘမဟုတ်တဲ့ အိမ်ရှေ့မှာ ကားမရပ်ရဘူးဆိုတာက ဘယ်လိုသဘောလဲ"

"ဒါကတော့ ဆရာရယ်၊ ရှင်းနေတာပဲ။ လူမနေအပ်၊ အရပ်သုံးပါးဆိုတာမျိုးလည်း ရှိတယ်မဟုတ်လား"

"ဘာတဲ့လဲကွ"

"အချုပ်ထောင်၊ ဆေးရုံနဲ့ သုသာန်သင်္ချိုင်း၊ ဒီသုံးမျိုးပေါ့။ ဒီတော့ ဒီအလောင်းသယ်တဲ့ အသုဘကားကြီးဟာ နေစဉ်နဲ့အမျှ အသုဘအလောင်းများစွာကို သယ်ယူပေးနေတဲ့ဟာ သုသာန်သင်္ချိုင်းထက်တောင်မှ ပိုပြီး မဆိုးဘူးလား ဆရာရယ်။ ဒါကြောင့် ဒီအသုဘကားကြီး အိမ်ရှေ့လာရပ်တာကို ဘယ်လိုလူမျိုးက ကြိုက်မှာလဲ။ ဆရာလည်း လောကီ၊ လောကုတ်ပညာတတ် ဘွဲ့ရကြီးတစ်ယောက်ပဲ။ ဗဟုသုတကြွယ်တဲ့ ကျမ်းပြုအကျော်အမော်ကြီးတစ်ယောက်လည်း ဖြစ်တယ်။ ဒါတောင် မသိဘူးလား"

"မင်း ငါ့ဆွဲမထည့်နဲ့၊ မင်းပြောတဲ့ စကားတွေကိုပဲ ဘယ်က လာတယ်ဆိုတာရော မင်းသိရဲ့လား"

"ဗမာတွေ ပါးစပ်က ထွက်နေမှတော့ ဗမာက လာတဲ့ စကားပေါ့ စကားရယ်"

ထိုလူ၏ စကားက အနည်းငယ်မျှ ထော်လော်ကန့်လန့်ဆန်လာ၏။ ထို့ကြောင့် ဦးမျိုးသက်အောင်က ပြောလိုက်သည်။

"အဲဒီကတည်းက မင်းကိုယ်မင်း သောက်သုံးမကျဘူးလို့ ဖော်ပြနေတာပဲ။ အသုဘအိမ် မသွားရ၊ မီးနေအိမ် မသွားရ၊ ထဘီတန်းအောက် မဝင်ရ ပြီးတော့ မင်းပြောတဲ့ အရပ်သုံးပါးဆိုတာတွေလေ၊ အဲဒါတွေက ဘယ်က လာတယ်ဆိုတာ မင်းမသိဘူးမဟုတ်လား။ အဲဒါ မိစ္ဆာဒိဋ္ဌိအယူအဆတွေကွ။ ဗုဒ္ဓဘာသာထဲ ထည့်လို့မရတဲ့ အယူအဆတွေပဲ။ အဲဒါကို မင်းက ဗုဒ္ဓဘာသာထဲ အတင်းဆွဲထည့်ပြီး ဗမာက လာတယ် လုပ်နေသလား"

ထိုလူသည် ငေးကြောင်ပြီး ကြည့်နေ၏။

"ပိဋကတ်တော်၊ ဘယ်ကျမ်းဂန်ကမှ မလာတဲ့ စကားတွေကို မင်းက ဗမာက လာတယ်လေး ဘာလေးနဲ့။ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာစစ်စစ်ကွ။ ဘယ်မိစ္ဆာအယူဝါဒမှ မရောနှောဘူး။ ခုနက မင်းပြောတဲ့ စကားတွေအားလုံးဟာ မိစ္ဆာအယူဝါဒက လာတာဖြစ်လို့ အဲဒီအယူအဆတွေကို လက်ခံ ယုံကြည်နေတဲ့ မင်းလည်း မိစ္ဆာပဲ"

ထိုလူသည် ဦးမျိုးသက်အောင်က သူ့အား မိစ္ဆာဟု နှင့်နှင့်သီးသီးပြောလိုက်၍ နည်းနည်းတော့ ထိသွားဟန်ရှိသည်။ သူ၏ မျက်နှာသည်လည်း တင်းရမလို၊ လျှော့ရမလိုနှင့် မည်ကဲ့သို့ နားလည်ရမှန်းမသိ ဖြစ်နေဟန်ရှိသည်။

"ဒီတော့ မင်းနားလည်အောင် ငါ ပြောမယ်။ ပိဋကတ်တော်မှာ လာတဲ့ စကားများဖြစ်သလို၊ ဗုဒ္ဓဘာသာဝင် အားလုံးတို့လည်း နားလည်သိရှိပြီးဖြစ် လို့ အကျယ်ချဲ့စရာလည်း လိုမယ် မထင်ဘူး။ မင်း မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဆိုတာ ကြား သလား"

သူ ဘာမှမပြောဘဲ ကြောင်ပြီး ကြည့်နေသည်။ သူနှင့်တူ အခြား များလည်း တစ်ခွန်းမျှ ဝင်၍မပြော ဘဲ ရပ်ကြည့်နေကြသည်။

"မသာကို တစ်ခေါက်သွားတာ ဟာ ကျောင်းကို ဆယ်ခေါက်သွားတာ ထက် ကုသိုလ်ရတယ်။ ကျောင်း သွားရင် ဘုရားကို ရှိခိုးရတယ်။ ဘုန်း ကြီးကို ရှိခိုးရတယ်။ တရားနာရတယ် ဒါကြောင့် ကုသိုလ်တွေ အများကြီး ရတယ်။ အဲဒီကုသိုလ်တွေထက် သာ တာက မသာကို တစ်ခေါက်သွားတာ ပဲ။ တစ်နေ့ကျ ငါလည်း ဒီလူလို သေ မှာပါလားလို့ သံဝေဂစိတ်ကလေးဝင် တာနဲ့ ကျောင်းကို သွားပြီး တစ်နေကု ကုသိုလ်လုပ်တာနဲ့ ထပ်တူထပ်မျှ ကုသိုလ်ရတယ်ကွာ"

သူတို့က ဘာမှမပြောဘဲ ဆ ကြည့်နေကြ၍ ဦးမျိုးသက်အောင် ဆက်ပြောသည်။

"မင်းက သင်္ချိုင်းကုန်းကို မနေအပ်၊ ကျက်သရေမရှိဘူးလို့ ပြော တယ်။ မြတ်စွာဘုရားရှင်က ဒီ မဟောဘူး။ သုသာန်စွတင်ဆော တည်ပြီး သင်္ချိုင်းကုန်းမှာ နေရင် တရား ဖိုလ်တရားကို မြန်မြန်ရ တယ်လို့ ဟောတယ်။ ဆေး အချုပ်ထောင်တို့ဆိုတာလည်း ကရဏ တရားတော်တွေ သက်

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ငရဲကျမယ့် သတ္တဝါတွေကို တောင်မှ ဒီတရားတော်တွေကို မေးပြီး လွတ်မြောက်စေတယ်။ မင်းပြောခဲ့တဲ့ စကားတွေနဲ့ နှယ်ပြီး အယူအဆတွေ ကြီးနေကြတဲ့ အခြားအကြောင်းတွေကို ပါ ထည့်ပြီးပြောလိုက်မယ်။

မီးနေအိမ်ကို မသွားရဘူး၊ ထဘီ တန်းအောက် မဝင်ရဘူးဆိုတာတွေ အားလုံးပေါ့၊ လူမိုက်ကြီးက ဖြစ်လာတဲ့ ရဟန်းတော် အင်္ဂုလိမာလဟာ မီးနေ အိမ်ကို သွားပြီး တရားဟောခဲ့ဖူးတယ်။ မြတ်စွာဘုရားရှင်က ပံ့သကူရုတင်ကို ဆောင်ပြီး တရားကျင့်ခိုင်းတဲ့ နေရာမှာ ထဘီ/ ပုဆိုး ဘယ်ရဟန်းတော်မှ ရွေး မနေကြဘဲ သင်္ချိုင်းကုန်းကို သွားပြီး ရရာ ပုဆိုးစုတ်၊ စောင်စုတ်၊ ထဘီစုတ် အားလုံး ကောက်လျှော်ပြီး သင်္ကန်းချုပ် ဝတ်ကြရတယ်။ သင်္ကန်းဆိုမှတော့ ဝတ်ရုံ ရုံရုံသာမကဘဲ ခေါင်းအုံးသင့် လည်း အုံးကြရတာပဲ။ နေပူကာအောင် ခေါင်းပေါ်လည်း တင်ကြရတာပဲ။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်လည်း ပုဏ္ဏေားမတစ်ယောက်ရဲ့ အသုဘကို ပံ့သကူသွားကောက်တာ လောက် တစ်စိတ်သား ပါတယ်လို့ အထင်အရှား ပြတယ်။ ဒီတော့ ဘယ်မှာလဲ၊ မင်းရဲ့ မိစ္ဆာအယူအဆတွေအားလုံး မြောင်းထဲ မရောက်ဘူးလား။ ဒါကြောင့် မင်းသိ ထားတဲ့ မိစ္ဆာဝါဒီအယူအဆတွေကို ဆုပ်ကိုင်ပြီး ထင်ရာလျှောက်ပြောမနေ နဲ့ကွ။ ဒါ မိစ္ဆာနိုင်ငံမဟုတ်ဘူး"

ဟု ပြောပြီး ဦးမျိုးသက်အောင်သည် ရေလွှတ်ပြီး အသုဘအိမ်နှင့် အနီးဆုံးဖြစ်မည့် တစ်နေရာသို့ ကားကို မောင်းခိုင်းပြီး ထွက်လာခဲ့သည်။

ထိုရပ်ကွက်လူကြီးသည်လည်း သက်မတစ်ချက်ကို ချကာ သူ့လူများ ဘက် တစ်ချက်လှည့်ကြည့်ပြီး···

"ရှင်းပြတာလေးတွေကတော့ မှတ်သားစရာချည်းပါပဲ။ နားထောင်လို့ လည်း ကောင်းပါတယ်။ ဒါပေမယ့် သူ့ စကားတွေကတော့ ပိသသာလေးနဲ့ ထု သလိုပဲ။ ဒါကြောင့် ဒီလူကြီးကို ဘုကန့်လန့်လို့ ပြောကြတာ ဖြစ်မယ်"

ဟူသော စကားကိုမူ ဦးမျိုးသက်အောင် ကြားခဲ့ဟန်မတူပေ■

* * *

မဟာဆွန်း


## နှစ်သစ်မှာ အလုပ်သစ်လုပ်နိုင်တဲ့ နေရာကောင်း အိမ်နဲ့မြေဝယ်မလား

တစ်ထပ်အုတ်ခံ အိမ်ပါ မြေကွက်အကျယ်(၄၀ x ၆၀)ပေ သုံးပုံနှစ်ပုံခန့် အင်္ဂတေခင်းပြီး၊ မြေလွတ်မှာ သီးပင်စားပင်များစိုက်ပျိုးထား၊ ပတ်လည်အုတ်ခြံစည်းရိုးခတ်ထားပြီး၊ ကိုယ်ပိုင်အဝီစိတွင်း ရေစုပ်စက်သစ်၊ ရေတင်မော်တာသစ်၊ ရေသွယ်ပိုက်သစ်များနှင့် အင်္ဂတေရေကန်ကြီး(၂)ကန်၊ ဖိုင်ဘာရေစည်ကြီးတစ်စည်၊ လျှပ်စစ်မီးမှန်၍ မီးအားပြည့်၊ အိမ်ရှေ့ခြံစည်းရိုးစပ်မှ ကတ္တရာလမ်းမသို့ (၄၀ x ၃၃)ပေ အကျယ် ပန်းခြံအလှစိုက်ဥယျာဉ်ငယ်နှင့်အပြည့် အင်္ဂတေခင်းထားသောမြေကွက်လပ်အပိုရှိ။ အိမ်ရှေ့မှ ခြံစည်းရိုးထိ (၁၇ x ၃၃)ပေ မြေလပ်အင်္ဂတေခင်းထား၊ ဆိုင်ခန်းများဆောက်၍ရ။ အိမ်ရှေ့ လမ်းအခြားဖက်မှာ အိမ်၊ အဆောက်အဦများမရှိ၊ အရိပ်ရသစ်ပင်များနှင့် လမ်း၊ ကျောင်းပိုင်မြေသာရှိ။ အထက်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများနှင့် ကိုက်တစ်ရာဝန်းကျင်၊ လူသွားလူလာများသောနေရာ၊ ကျူရှင်၊ စတိုးဆိုင် စသည့်လုပ်ငန်းမျိုးအတွက် အထူးသင့်လျော်။

**ခေါ်ဈေး ကျပ်သိန်း(၁၅၀၀)၊ ဈေးညှိနိုင်းရန်။**

အိမ်နံပါတ်(၂၄၀)၊ ဝန်းသိုလမ်း၊ (ရွှေဘိုလမ်းထိပ်နှင့် မျက်နှာချင်းဆိုင်)၊ (၄၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

- ၀၉ ၅၀ ၆၂၈၄၃၊ ၀၉ ၅၁ ၇၇၆၂၂




www.burmeseclassic.com

www.burmeseclassic.com



ရွှေဒေး

www.burmeseclassic.com

www.burmeseclassic.com

၄-၁၀-၂၀၁၂ ရက်နေ့က ငါးကုန်း မြို့ပတ်လမ်းရှိ မြို့နယ်စာရေးဆရာ သင်းဥက္ကဋ္ဌ မင်းသွေးနွယ်အိမ်သို့ ကုန်မှ မောင်သာမန် ရောက်,မရောက် သိလိုသဖြင့် ဝင်ခဲ့၏။

မင်းသွေးနွယ်ကို သူရိန်ဝင်းနှင့် အတူ အိမ်၌ အဆင်သင့်ပင် တွေ့ရ သည်။ ကျွန်တော်ရောက်ချိန်၌ ၎င်းတို့ အပြင်ထွက်ဖို့ ပြင်နေချိန်လည်းဖြစ် သည်။

"ဆရာတို့ ဘယ်သွားဖို့ ပြင်နေ ကြတာလဲဗျ"

ကျွန်တော်က တံခါးဖွင့်ဝင်ရင်း ၎င်းတို့နှစ်ယောက်ကို ကြည့်၍မေးလိုက် သည်။ ထိုအခါ မင်းသွေးနွယ်က...

"ဟော...ဆရာ နေဝန်းနီပါလား။ ဘယ်က လှည့်လာတာလဲ။ လာဗျို့"

ဟု မေးခေါ် ခေါ်လိုက်၏။

"အိမ်ကပဲ လာခဲ့တာ။ ဆရာ မောင်သာမန်ကို လပြည့်ဝန်းမဂ္ဂဇင်း ရယ်၊ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းနဲ့ ရောင် ပြန် မဂ္ဂဇင်းရယ် ထုတ်လာခဲ့ဖို့ ဂျွဲစာ တွေ ပေးထားလို့ဗျ။ လာ,မလာ ဝင်မေး တာ"

"ခုတော့ မရောက်သေးဘူး ဆရာ ရေ။ လကုန်ကုန်ချင်းတော့ သူ့အမျိုး သမီးပဲ လာတယ်။ ကျွန်တော် ထင်ပါ တယ်။ နိုင်ငံ့ဂုဏ်ရည်ထွက်မှပဲ စာအုပ် တွေပို့ရင်း တစ်ခါတည်း လာလိမ့်မယ် လို့"

"ခု ဆရာတို့ ဘယ်သွားကြမလို့ လဲ။ ဘာလဲ...စံလား၊ မေတ္တာစေတမန် လား၊ တိုးလျှံလား"

"မဟုတ်ဘူးဗျ။ ဆရာ မသိသေး ဘူးနဲ့ တူတယ်"

ဆရာ သူရိန်ဝင်းက ဝင်ပြော လိုက်၏။

"ဘာလဲဗျ... ဆရာ သူရိန်ဝင်း။ ကျွန်တော် မသိဘူး"

"ရွာမထဲက အသုဘကိုလေ"

"ဘယ်သူလဲဗျ ဆရာသူရိန်ဝင်း"

"ဖိုးတာလေ၊ ဖိုးတာ"

"ဟာ...ဟုတ်လား။ ဖိုးတာ ဘာဖြစ်လို့လဲ၊ နေထိုင်မကောင်းတာ လည်း မကြားဘဲနဲ့ လောလောဆယ် ကြီး ဘယ်လိုဖြစ်ရတာလဲ"

ကျွန်တော်က တအံ့တသြမေး လိုက်မိ၏။ ဖိုးတာဆိုသည်မှာ ဆရာ မင်းသွေးနွယ်၏ တပည့်မလေးဖြစ်သော ကဗျာဆရာမလေး နှင်းပွင့်ရည်၏ မောင်လေးဖြစ်သည်။ စာပေအမျိုးအနွယ် များ ဖြစ်ကြသဖြင့် ကျွန်တော်နှင့်လည်း ခင်မင်ပေသည်။ ယခုကဲ့သို့ မမျှော်လင့် ဘဲ ဖိုးတာဆုံးကြောင်း ကြားလိုက်ရ သောအခါ ကျွန်တော် အတော်စိတ် မကောင်းဖြစ်သွားမိသည်။

"စိတ်မကောင်းလိုက်တာဗျာ"

ထိုအခါ ဆရာ မင်းသွေးနွယ်က-

"ဟုတ်တယ် ဆရာရေ့ သူ့အဖြစ် က တကယ့်ကို စိတ်မကောင်းစရာပဲ။ ဆရာလည်း လိုက်ခဲ့ဦးပေါ့။ ဟိုရောက် တော့ ဖိုးတာအကြောင်း အေးအေး ဆေးဆေးပြောပြမယ်"

ဟု ပြောရင်း ကျွန်တော့်ကိုပါ အသုဘလိုက်ခဲ့ရန် ခေါ်လိုက်၏။

"ဟာ...လိုက်ရမှာပေါ့ ဆရာ ရယ်။ လူရင်းတွေပဲ"

ထို့နောက် ကျွန်တော်တို့ သုံးယောက် ဆိုင်ကယ်ကိုယ်စီဖြင့် ရွာမ ဘက်သို့ ထွက်ခဲ့ကြပါတော့၏။

◆◆◆

ဒီနေ့ ဖိုးတာ၏ အသုဘသင်္ဂြိုဟ် မည့်နေ့ဖြစ်သည်။

နှင်းပွင့်ရည်တို့အိမ်ရှေ့ရှိ ကနား ဖျင်း(မဏ္ဍပ်)ထဲနှင့် အိမ်ပေါ်၊ အိမ် အောက်တို့၌ လူတွေ ပြည့်နေသည်။ အသုဘဟူသည့်အတိုင်း စိတ်မကောင်း၊ မျက်ရည်ကျသူ၊ ငိုသူတို့နှင့် မြင်ကွင်း အားလုံးက ကြေကြေကွဲကွဲဖြစ်နေ သည်။ ကျွန်တော်တို့ကို မြင်သည်နှင့် နှင်းပွင့်ရည်က မျက်ရည်စက်လက်နှင့် ပြေးလာကြိုသည်။

"ဆရာတို့ရယ်...ကျွန်မ မောင် လေးအဖြစ်ကို ကြည့်ကြပါဦး"

ဟု ဆိုပြီး ငိုသည်။

ကျွန်တော်တို့လည်း စိတ် မကောင်းစွာဖြင့်...

"သခါရတွေပဲ နှင်းပွင့်ရည်ရယ်။ ကိုယ့်ကိုယ်ကိုယ် ဖြေပေါ့။ ဒါက ဖြစ်ပုံ ချင်းသာ မတူကြတာ၊ သတ္တဝါတိုင်း ကြုံတွေ့ကြရမယ့် တရားတွေပဲ။ မရဏ မေ ဘဝိသသတိဆို မဟုတ်လား"

ဟု တရားသဘောနှင့် ပြောပြ အားပေးရင်း အိမ်ရှေ့ရှိ မဏ္ဍပ်ထဲ၌ ဝင် ထိုင်လိုက်ကြ၏။

နှင်းပွင့်ရည်က ကျွန်တော်တို့ကို နေရာချပေးပြီးသည်နှင့် ခွင့်တောင်းကာ အခြားဧည့်သည်များဘက် လျှောက် သွားသည်။ မောင်နှမနှစ်ယောက်တည်း သာရှိသော နှင်းပွင့်ရည်အတွက် မည်မျှ ကြေကွဲနေမည်ကို ကျွန်တော် ကိုယ် ချင်းစာမိသည်။ နှင်းပွင့်ရည်၏ မိဘများ က နှင်းပွင့်ရည် ၂၀နှစ် သမီး၊ ဖိုးတာ ၁၈နှစ်သားလောက်ကတည်းက ဆုံးပါး ခဲ့ကြသည်။ မိဘများ မရှိတော့ပေမယ့် နှင်းပွင့်ရည်က မောင်လေးကို စောင့် ရှောက်ရင်း အိမ်ထောင်ရက်သားမပြုဘဲ မိဘများ ကျန်ခဲ့သည့် လက်ငုတ်လက် ရင်းဖြစ်သော လယ်ယာများကို ဦးစီး

www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိုင်ရင်း ကျောင်းထားခဲ့သည်။

သို့သော် ဖိုးတာက ဆယ်တန်းအရောက်၌ ဆက်လက် ကျောင်းမတက်တော့ဘဲ အစ်မဖြစ်သူနှင့်အတူ လယ်ယာလုပ်ငန်းကိုသာ ဇောက်ချလုပ်ကိုင်ခဲ့ကြသည်။ မောင်နှမတွေ ချစ်ခင်ကြင်နာကြသည်။ တစ်ဦးကိုတစ်ဦး သံယောဇဉ်ရှိကြသည်။ ယခုလို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြင့် ရှိကြသည်။ မောင်နှမနှစ်ယောက်အား သေမင်းက ဘယ်တော့မှ ပြန်လည်ဆုံဆည်းခွင့်မပေးတော့သည့် ခွဲခြင်းဖြင့် ခွဲလိုက်ပြီမဟုတ်ပါလား။ သည်တော့ နှင်းပွင့်ရည် ကြေကွဲမည်ပေါ့။

"ကဲ - ဖိုးတာ ဘာဖြစ်လို့ ဆုံးတာလဲဆိုတာ ပြောပါဦး။ ဆရာ မင်းသွေးနွယ်ရ၊ ခင်ဗျားပဲ ဟိုရောက်ရင် ပြောပြမယ်ဆို"

နေရာတကျ ထိုင်မိကြသည်နှင့် ကျွန်တော်က သိချင်ဇောဖြင့် မေးလိုက်၏။

"ပြောမှာပါ ဆရာ နေဝန်းနီရယ်။ ကျွန်တော် ပြောပြီးရင်သာ ခင်ဗျားက စာရေးပြီး မဂ္ဂဇင်းတစ်စောင်စောင်ကနေ တင်ပြပေးပါ။ ဒီကိစ္စက သိပ်အရေးကြီးလို့ မေ့မနေပါနဲ့။ ဒီဖိုးတာအဖြစ်က တကယ်တော့ တော်စော်ယူကျုံးမရစရာ အဖြစ်ပါဗျာ"

မင်းသွေးနွယ်က ထိုသို့ အစချီကာ ဖိုးတာအဖြစ်ကို အောက်ပါအတိုင်း ပြောပြပါလေတော့၏။

◆ ◆ ◆

သည်နှစ်မိုးက မိုးလယ်၊ မိုးနှောင်း ညံ့သည်ပဲ ပြောရမည်လား။

စပါးစိုက်၊ လယ်တွေထဲ မြက်နုတ်ပြီးကတည်းက တိခနဲ ပြတ်သွား၏။ နောက် ရွာပြန်တော့ ဝါဆိုမိုးလို ဝေါခနဲ ရွာပြီး ခပ်ဖွဲဖွဲနှင့် ပြတ်သွားသည်။



နောက်တော့ လယ်တွေ ရေခန်းကာ မြက်သေးတွေ ထပ်ပေါက်လာကြသည်။ စပါးပင်တွေကလည်း ရေမရှိတော့ မထနိုင်ကြတော့။ ရေတင်ပေးရအောင်ကလည်း ချောင်းတို့၊ ချည်မြောင်းတို့က ဖိုးတာတို့ လယ်တောနှင့် မနီး။

သူတို့ လယ်တောကလည်း ကျူဖြူရွာ၊ လက်ပန်ပင်ရွာ၊ ညောင်ပင်ဘိုရွာတွေနှင့် ယင်းမာပင်ရွာ စသည့် ရွာလေးရွာကြားတွင် ရှိသည်။ သူတို့နေတာနှင့်က မနီး။ သို့သော် ဖိုးတာက လယ်တောသို့ မနက်တစ်ခေါက်၊ ညတစ်ခေါက်ရောက်သည်။ ကောက်ပင်တွေကြားထဲမှ မြက်သေးတွေကို ထပ်နုတ်သည်။ နောက် မြက်နုတ်ပြီးသည့် လယ်ကွက်များအား ဓာတ်မြေဩဇာကျွေးသည်။

လယ်ထဲ မြက်နုတ်သည့်အလုပ်ကိုတော့ တစ်ခါတစ်ရံ အစ်မဖြစ်သူက

ပါ လိုက်လုပ်သည်။ သည်နေ့ [illegible]
လယ်ထဲ မြက်နုတ်ပြီးသား အကွက် [illegible]
အား ဓာတ်မြေဩဇာကျွေးမည်ဖြ [illegible]
အစ်မဖြစ်သူကို "မလိုက်နဲ့ဦး မ [illegible]
ဟုဆိုကာ ဓာတ်မြေဩဇာအိတ် [illegible]
၍ တစ်ယောက်တည်း ထွက် [illegible]
သည်။ လယ်တောရောက်သည် [illegible]
ကန်သင်းဆုံမှ ရုံးပင်ကြီးအောက် [illegible]
မြေဇာအိတ်ကို ချ၍ အသင့်ယူ [illegible]
လာခဲ့သော တောင်းထဲသို့ ဓာတ် [illegible]
ဩဇာများ ထည့်ကာ ရုံးပင်အော [illegible]
လယ်ကွက်မှ စတင်ပက်လေတော [illegible]

၁၀နာရီလောက်ရှိသော [illegible]
မြက်နုတ်ပြီး လယ်ကွက်တွေ ပြီး [illegible]
ဖြစ်သွားပြီ။ ရှေ့တစ်ခွဲသာသာ လ [illegible]
ကွက်တစ်ခုသာ ကျန်တော့သ [illegible]
တောင်းထဲ၌ ဓာတ်မြေဩဇာကလ [illegible]
ကုန်သွားပြီဖြစ်သဖြင့် ဖိုးတာ ကန် [illegible]
ဆုံရှိ ရုံးပင်ကြီးအောက် ပြန်လာခဲ့သ [illegible]
ထိုအခိုက် ရုံးပင်ဆီ အတက်နား [illegible]
သင်းဘေးမှ သူ့ဘယ်ဘက် ခြေ [illegible]
ဝတ်ဆီသို့ အကောင်တစ်ကောင် [illegible]
အကိုက်ခံလိုက်ရသည်။ မီးစကြီး [illegible]
ထိုးလိုက်သလို အကိုက်ခံရသော [illegible]
မှ ပူခနဲဖြစ်သွားပြီး လူတစ်ကိုယ် [illegible]
တွန်းလိုက်သလို ယိုင်သွားသည်။ ကြ [illegible]
လိုက်တော့ လက်ကောက်ဝတ်နီ [illegible]
မြွေပွေးကြီး။ မြွေပွေးကြီးက ဖိုးတာ [illegible]
ကိုက်ပြီးသည်နှင့် ခွေပုံဖျက်၍ [illegible]
ပြေးသည်။

ဖိုးတာ ခြေထောက်က ဆွဲ [illegible]
လောက်အောင် လေ့လာသည်။ အ [illegible]
အနားမှာလည်း မည်သူတစ်ယော [illegible]
မရှိ။ ဟိုး - - -ခပ်လှမ်းလှမ်းမှာ [illegible]
မြက်ရိတ်နေသည့် အသက် ၆၀ [illegible]
ဦးမြကြီးကို လှမ်းမြင်ရသည်။ သို့ [illegible]
ဦးမြကြီးကို အသံကုန် လှ [illegible]
ရောက်လာတော့ အမျိုးအကြေ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြီ အကူအညီတောင်းသည်။ ဦးမြ
ကလည်း ဘာမှမလုပ်တတ်။ ဖိုးတာ
ထမ်းခေါ်ရအောင်ကလည်း မနိုင်။
ည့်တော့ ဖိုးတာ၏ ခြေထောက်ကို
ာက်ပွတ် မြက်ပင်များကို ကြိုးလို
၍ ဒဏ်ရာ၏ အထက်ဘက်မှ
ည်နှောင်ကာ -

"မောင်ရင်လေး… ဒီအတိုင်းသာ
ရောက်အောင် အမြန်ပြေးပေရော့။
ာင်ရင်လေးကိုလည်း ငါ မချီနိုင်ဘူး"
ဟု ပြော၍ ပြန်လွှတ်လိုက်လေ
၏။

ဖိုးတာလည်း လေးလံနေသော
ခြေထောက်ကို ဒရွတ်တိုက်ဆွဲရင်း အိမ်
ို့ ပြန်ခဲ့လေသည်။

◆◆◆

ဖိုးတာသည် ဆေးရုံသို့ မြွေကိုက်
ပြီး သုံးနာရီကြာမှ ရောက်ခဲ့၏။ ရောက်
ပြန်တော့ ဆေးရုံမှာ မြွေဆေးက
အဆင်သင့် မရှိ။ ထို့ကြောင့် အခြားမြို့
ဆေးရုံတစ်ရုံသို့ ရောက်ခဲ့၏။ ထို
ဆေးရုံမှာလည်း ဆရာဝန်က မြွေဆေး
ကြောင်း ပြောပြီး မြွေဆေးသွားဝယ်
ိုင်းသည်။ မြွေဆေးက တစ်လုံး
တစ်သိန်းခွဲ နှစ်သိန်း။ သည်တော့ ငွေ
ကြေး အဆင်သင့်ရှိမနေတတ်ကြသည့်
တောသူ တောင်သားများအတွက်
အခက်ဖြစ်ရပြန်သည်။ နှင်းပွင့်ရည်
မြွေဆေးဝယ်ရန် ငွေကို အပူတပြင်းရှာ
ပြန်သည်။ လွယ်လွယ်ရှာမရတော့
ာက်စွပ်နှင့် နားတွောင်းကို အပြတ်
ရောင်းလိုက်သည်။ ရရှိသောငွေဖြင့်
ဆရာဝန် ညွှန်ကြားသောမြို့သို့ မြွေဆေး
အပြေးသွားဝယ်ရသည်။ ပိုက်ဆံပေး
ယ်တော့ မြွေဆေးက ပေါ်ပါဘိ။

နှင်းပွင့်ရည် မြွေဆေးဝယ်ပြီး ပြန်
ရောက်တော့ ည ၁၁နာရီလောက် ရှိပေ
ပြီ အချိန်အားဖြင့် ဖိုးတာ မြွေကိုက်ခံ
ရသည့်အချိန်မှ ရေတွက်လျှင် ၁၃နာရီ
နီးပါး ကြာသွားပြီဖြစ်၏။ နှင်းပွင့်ရည်
ပြန်ရောက်တော့ ဖိုးတာ၏ မျက်လုံးအိမ်
မှာ သွေးတွေက ဝိုင်းနေချေပြီ။ ရင်
ဘတ်နှင့် ဘော(ခွေး)တွေ အောင့်နေ
ချေပြီ။ ဆီးလည်း လုံးဝ မပေါက်တော့။

ဆရာဝန်က ရလာသော မြွေ
ဆေးကို ထိုးပြီး ရန်ကုန်ကို လမ်းညွှန်
သည်။

နှင်းပွင့်ရည် မတတ်နိုင်တော့။
ညတွင်းချင်း ပွဲစားတစ်ဦးနှင့် ဆက်သွယ်
ကာ ကြိုတင် စပါးရောင်း၍ ချက်ချင်း
ရန်ကုန်တက်ခဲ့သည်။ မောင်လေး
အတွက်က အရေးကြီးနေပြီမဟုတ်
လား။

ရန်ကုန်ဆေးရုံကြီးက ဖိုးတာကို
အစွမ်းကုန် ကုသပေးသည်။ ကျောက်
ကပ်တွေ၊ အဆုပ်တွေ၊ အသည်းတွေ
ကိုပင် ဖောက်ဆေး၍ ကုသပေးကြ
သည်။ သို့သော် ဖိုးတာ ကံမကောင်း။
ဆရာဝန်ကြီးတွေ၊ ပါရဂူကြီးတွေနှင့်
ဆရာ၊ ဆရာမတွေက ဖိုးတာကို မည်
သို့ပင် ကယ်ကြပေမယ့် တစ်ကိုယ်လုံး
အဆိပ်တွေ ပျံ့နှံ့နေပြီဖြစ်သဖြင့် ရန်ကုန်
ဆေးရုံကြီးရောက်ပြီး သုံးရက်အကြာ
တွင်ပင် ဖိုးတာ သေဆုံးခဲ့ရလေတော့
၏။

နှင်းပွင့်ရည်ကတော့ သူ့မောင်
လေး ဖိုးတာ ယခုလို သေဆုံးရသည်
မှာ ဆေးရုံ၌ မြွေဆေးမရှိသည့်အတွက်
သေဆုံးရခြင်းဖြစ်သည်ဟု ဝမ်းနည်း
ပန်းနည်းပြောပြသည်။ အကယ်၍သာ
ဆေးရုံမှာ မြွေဆေးရှိနေပါက မြွေကိုက်
လူနာကို အချိန်မီ ကုသနိုင်မည်ဖြစ်ပြီး
အသက်တစ်ချောင်း ကယ်တင်နိုင်မည်
ဖြစ်ကြောင်း နှင်းပွင့်ရည်က တစ်ထစ်ချ
ယုံကြည်ခဲ့လေ၏။

◆◆◆

"ဖိုးတာအဖြစ်ကတော့ အဲဒါပဲ
ဆရာ နေဝန်းနီရေ"

မင်းသွေးနွယ်က စိတ်မကောင်း
စွာဖြင့်…

"အဖြစ်တွေက တော်တော်
ယူကျုံးမရစရာတွေပဲဗျာ။ အကယ်၍
သာ နှင်းပွင့်ရည်ပြောသလို ဆေးရုံမှာ
မြွေဆေးအဆင်သင့်ရှိနေရင် အချိန်မီ
တာပေါ့။ နောက်ပြီး ဝယ်ရရင်လည်း
တစ်ထောင်-ကိုးရာဆို တော်သေး
တယ်။ ခုတော့ မြွေဆေးတစ်လုံး တစ်
သိန်း-နှစ်သိန်းဆိုတော့ ပိုက်ဆံမရှိတဲ့
လူတွေ၊ လွယ်လွယ်ငွေရှာမရတဲ့ လူ
တွေအတွက် ဘယ်လိုလုပ်မလဲ။ ခုပဲ
ကြည့်လေ၊ နှင်းပွင့်ရည်ခမျာ လက်ထဲ
ငွေမရှိလို့ ငွေရှာရတာနဲ့၊ ရပြန်တော့
ဟိုးအဝေးကြီးသွားဝယ်ရတာနဲ့ အချိန်
တွေလွန်ပြီး မောင်လေးတစ်ယောက်
မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရတယ်။ အသက်
တစ်ချောင်း မသေသင့်ဘဲ သေခဲ့ရတယ်။
ဘယ်လောက် နစ်နာသလဲလို့"

ဟု ပြောရင်း သူ့စကားကို
အဆုံးသတ်လိုက်လေသည်။

မလှမ်းမကမ်းတွင် ထိုင်နေကြသူအားလုံး
လည်း မင်းသွေးနွယ်၏ စကားကို
ငေးမော နားထောင်ရင်း ခေါင်းတဆတ်
ဆတ်ညိတ်လိုက်ကြ၏။ ထို့နောက်…

"ဆရာပြောတာ မှန်လိုက်တာ
ဗျာ"ဟု ဝိုင်းဝန်းထောက်ခံလိုက်ကြ
လေသည်။

* * *

နေဝန်းနီ


www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၃ ခုနှစ်၊ မတ်လ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုး

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

ချိတုံချတုံကိစ္စရပ်များနှင့် တွေ့ကြုံနေရသောကာလဖြစ်သည်။ စိုးရိမ်နေသော ပြဿနာရပ်တို့ သင့်ကို အားစမ်းနေမည်။ ရည်မှန်းချက်များ နှောင့်နှေးပြီးမှ အောင်မြင်မည်။ ယခုကာလမှာ ဟိုလုပ် လုပ်ချင်၊ ဒီလုပ်ငန်း လုပ်ချင်နေသောစိတ်များ ဖြစ်နေတတ်သည်။ ကျန်းမာရေး ဒေါင်ဒေါင် ကောင်းပြီး စိတ်သွားတိုင်း ကိုယ်ပါလျက် လိုရာဆန္ဒပြည့်ဝ အောင်မြင်စေရန် ကိုယ်ကျင့်သီလ တရားများကို စောင့်ထိန်းပါ။ သီလတရားစင်ကြယ်လေလေ ကျန်းမာရေးကောင်းလေလေ ကြ လိမ့်မည်။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၉)အဆုံး၊ (၆)အစ (၀)အဆုံး။

**ယတြာ** - အိမ်ရှိ ဘုရားမှာ သီလခံယူပြီး ပန်း၊ ရေချမ်း၊ ဆွမ်း ကပ်လှူပူဇော်ကာ အဓိဋ္ဌာန် သက်စေ့စိပ်ပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

သစ်တစ်ပင်ကောင်းသောကြောင့် ငှက်တစ်သောင်းနားရချိန်ဖြစ်သည်။ အမှတ်တမဲ့မှ အမှတ် လေးများ ကြုံတွေ့ရတတ်သည်။ အိပ်မက်မဟုတ်သော ရှင်သန်မှုများနှင့် ကြုံတွေ့ရတတ်သည် အကြံသစ်တစ်ခုကြောင့် အောင်မြင်မှု ကြီးကြီးမားမားရမည်။ ဝီရိယတန်ခိုးကြောင့် ဘဝတိုးတက် မည်။ မိမိကိုယ်မိမိ ဂရုစိုက် စောင့်ရှောက်တတ်သောကြောင့် ကျန်းမာနေမည်။

**ထီထိုးသင့်သောနေ့** - သောကြာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၆)အစ (၂)အဆုံး၊ (၂)အစ (၀)အဆုံး။

**ယတြာ** - မွေးနေ့တွင် မိသားစုဝင်များနှင့်အတူ တန်ခိုးကြီးဘုရားတစ်ဆူကို ဖူးပြီး ကုသိုလ်ကောင်း ပွားများပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

ကြမ်းတမ်းသော ကန္တာရခရီးကြမ်းကို ဖြတ်သန်းနေရသော ကာလဖြစ်သည်။ ဘဝတစ်ဆစ်ချိုးသွား မည့် ပြောင်းလဲမှုများကို မထင်မှတ်ဘဲ ကြုံမည်။ ယခုကာလမှာ မည်သည့်ကိစ္စကိုမဆို နှစ်ကြိမ် သုံးကြိမ်ကြိုးစားမှ ရမည်။ ဘာသာရေးအဓိဋ္ဌာန်တစ်ခုကို လုပ်ဖြစ်အောင်လုပ်ပြီး ကံစွမ်းအား မြှင့်တင်ပါ။ ဘာသာတရား ကျေးဇူးကြောင့် အောင်မြင်မှုလမ်းပေါ်ကို ရောက်ရှိသွားမည်။ ကျန်းမာ အနေဖြင့် တွေ့ကြုံလာသော လောကဓံကို ပျော်ပျော်ရွှင်ရွှင် ရင်ဆိုင်တတ်ခြင်းကြောင့် ကျန်းမာနေ

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၅)အဆုံး၊ (၇)အစ (၂)အဆုံး။

**ယတြာ** - မိတ်ဆွေအပေါင်းအသင်းများကို မိမိနှစ်သက်ရာ အစားအသောက် တစ်မျိုးကို ဒါနပြုကျွေး



www.burmeseclassic.com

www.burmeseclassic.com

## ကရကင့်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

စိတ်မြန်လက်မြန်ဖြင့် လက်တွေ့ဆန်နေသော ကာလဖြစ်သည်။ စိတ်ကူးယဉ်များကို လက်တွေ့ဖန်တီးခွင့်ရမည်။ မှန်ကန်သော အတွေးအခေါ်သစ်များ ရရှိမည်။ ဆန္ဒနှင့် ဘဝ ထပ်တူကျနေမည်။ စိတ်ဝင်စားစရာ ကံတရားနှင့် တွေ့ကြုံရမည်။ ခရီးသွားလာမည့်ကိစ္စ အဆင်ပြေမည်။ ကျန်းမာရေးကောင်းသည်ထက် ကောင်းစေရန် အချို၊ အဆီအအိမ့်များကို ရှောင်ရှားပါ။ အုန်းသီး၊ ကောက်ညှင်းပါသော အစားအစာတို့ကို လုံးဝ မစားပါနှင့်။ အစားအသောက်ကို ဆင်ခြင်လျှင် ကျန်းမာသည်ထက် ကျန်းမာလာပါလိမ့်မည်။

ဦးထိုးသင့်သောနေ့ - ကြာသပတေး၊ စနေ။

ရွေးချယ်ရမည့်ဂဏန်း - (၀)အစ (၂)အဆုံး၊ (၇)အစ (၅)အဆုံး။

ယတြာ - အောင်သင့် အောင်ထိုက်သော အောင်မြင်မှုများ ရရှိစေရန် ပွင့်တော်မူ ပြီးသော ဘုရားရှင်တို့၏ ဂုဏ်တော်ကို အာရုံပြုလျက် သမ္ဗုဒ္ဓေဂါထာ တော်မြတ်ကို သက်စေ့ရွတ်ဆိုပါ။

## သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

အကောင်းဆုံးဖြစ်ဖို့ အမြဲတစေ ကြိုးစားနေသော ကာလဖြစ်သည်။ လတ်တလောမှာ ဖြဝ်ထိုးဉာဏ် သုံးမှုကြောင့် အောင်မြင်မှု ကြီးကြီးကျယ်ကျယ်ရရှိမည်။ ကံတရားသစ်က သင့်ကို မျက်နှာသာပေးနေမည်။ မပြိုင်အဲ အနိုင်ပွဲများ နွှဲနေရမည်။ အစစအရာရာ ကံကောင်းနေသော်လည်း ကျန်းမာရေးချူချာချာရှိနေတတ်သည်။ အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်ဆိုသကဲ့သို့ အစားအသောက်များယွင်းပြီး ဝေဒနာခံစားရတတ်သည်။

ဦးထိုးသင့်သောနေ့ - တနင်္ဂနွေ၊ သောကြာ။

ရွေးချယ်ရမည့်ဂဏန်း - (၇)အစ (၅)အဆုံး၊ (၂)အစ (၂)အဆုံး။

ယတြာ - စေတ်နာရှိသူတစ်ဦးကို အဝတ်အစား၊ ဖိနပ်နှင့် ငွေပေးလှူပါ။

## ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

အလုပ်နှင့် လက်မပြတ်အောင် လှုပ်ရှားနေရသော ကာလဖြစ်သည်။ ကုသိုလ်ကံအဆိုး-အကောင်း မျှတနေသည်။ ယခုကာလမှာ သင်၏ ဝီရိယစွမ်းအားကို နှစ်ဆမြှင့်တင်ပြီး သမာဓိခိုင်ခိုင်ထားကာ ကြိုးစားပါ။ တိုးပွားမည်။ ရိုးရိုးသားသားနှင့် ဟိတ်ဟန်မထုတ်တတ်ခြင်းက သင့်စတိုင်လ်တစ်ခုဖြစ်နေမည်။ ကျန်းမာရေးကောင်းသည်ထက် ကောင်းမွန်စေရန် ရာသီဥတုနှင့် လိုက်လျောညီထွေ နေထိုင်ပါ။ ရာသီဥတုကြောင့် ပင်ပန်းနွမ်းနယ်ခြင်း ဝေဒနာမျိုးကို ခံစားရတတ်သည်။

ဦးထိုးသင့်သောနေ့ - အင်္ဂါ၊ ဗုဒ္ဓဟူး။

ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၀)အဆုံး၊ (၄)အစ (၂)အဆုံး။

ယတြာ - အိမ်ရှိ ဘုရားမှာ အဖြူရောင်ပန်း၊ ရေချမ်းသုံးခွက်နှင့် ထန်းလျက်ဆွမ်း ကပ်လှူပြီး သီလခံယူ၍ ပဋ္ဌာန်းဒေသနာတော်မြတ်ကို ရွတ်ဖတ်ပူဇော်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

ကမ်းလှမ်းချက်တစ်ခုကြောင့် ပျော်ရွှင်ရသော ကာလဖြစ်သည်။ ယခုကာလမှာ ပြောသင့် ပြောထိုက်သော စကားကို ပြောသင့် ပြောထိုက်သောအချိန်မှာ ပြောလိုက်ပါ။ ပြဿနာကို မီးခွက်ထွန်း ရှာတတ်သော သင့်ထံပါးက မိတ်ဆွေကိုတော့ အလိမ္မာသုံးကာ ရှောင်တတ်ဖို့ရန် အထူးလိုအပ်ပါသည်။ ကျန်းမာရေးကောင်းမွန်စေပြီး တက်တက်ကြွကြွဖြင့် ဘဝခရီးကို ဖြတ်သန်းနိုင်ရန် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းတစ်ခုကို မှန်မှန်ပြုလုပ်ပေးပါ။

**ထီထိုးသင့်သောနေ့** - သောကြာ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၅)အစ (၀)အဆုံး။ (၁)အစ (၇)အဆုံး။
**ယတြာ** - သီလခံယူပြီး သံဃာတော်တစ်ပါး၏ တရားဘစ်ပုဒ်ကို နာယူပါ။

## ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

ငါးရံ့နှစ်ကောင်ဖမ်းခွင့်ရသော ကာလဖြစ်သည်။ အောင်မြင်မှုအားလုံး၏ ပိုင်ရှင်ဖြစ်ခွင့်ရရှိမည်။ ကောင်း၊ ပျော်ရွှင်၊ အောင်မြင်နေမည်။ မိတ်ဆွေသစ်တိုးလျှင် ဝင်ငွေတိုးမည်။ မိတ်ဆွေသစ် စပ်တူ စီးပွားလုပ်ဆောင်ခွင့်ရမည်။ ဘာသာတရားမြဲမြံနေမည်။ ကျန်းမာရေးကောင်းမွန်စေရန် အေးအေးမှာ စိတ်အေးအေးဖြင့် နေထိုင်ပါ။ မေတ္တာတရားများ ပွားများပေးလျှင် ကျန်းမာ သိသိသာသာ ပိုမိုကောင်းမွန်လာပါလိမ့်မည်။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ ကြာသပတေး။
**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၁)အဆုံး။ (၈)အစ (၀)အဆုံး။
**ယတြာ** - မိမိအိမ်ရှိ ဘုရားစင်ကို သန့်ရှင်းရေးလုပ်ပါ။ ထို့အပြင် မိမိစိတ်များ ဖြူစင်စေရန် တရားထိုင် တရားမှတ်ပါ။

## ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

အောင်မြင်ခြင်းမြို့တော်မှာ သုခစည်းစိမ်များကို ခံစားခွင့်ရသော ကာလဖြစ်သည်။ ကိုယ်ကျင့်သီလ ထိန်းသိမ်းမှု အားကောင်းနေမည်။ ဝေဖန်ပိုင်းခြားစိစစ်မှု အားကောင်းနေမည်။ တီထွင်မှုနှင့် အကျိုး ကောင်းမည်။ တိုးတက်ကြီးပွားမှု လမ်းကြောင်းပေါ်သို့ ရောက်စေမည့် အခွင့်ကောင်းများနှင့် ကြုံမည်။ ကျန်းမာရေးကောင်းမွန်စေရန် အပြင်သွားလျှင် ထီး၊ ဦးထုပ်ဆောင်းသွားပါ။ အပြင်မှ ပြန်လာလျှင် ရေချိုးခြင်းကို ရှောင်ရှားပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၈)အဆုံး။ (၂)အစ (၇)အဆုံး။
**ယတြာ** - သံဃာတော်များကို ဆွမ်းလောင်းလှူဒါန်းပြီး ကုသိုလ်ဒါနပြုလုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## မကာရရာသီ



CAPRICORN

### ( ဒီဇင်ဘာလ (၂၃) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

ဉာဏ်ရှိသလောက် အကျိုးဖြစ်ထွန်းခွင့်ရရှိသော ကာလဖြစ်သည်။ လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်နေမည်။ ချင့်ချိန်စွာ လုပ်ဆောင်တတ်သောကြောင့် ဝင်ငွေတိုးမည်။ ကတိတည်ပြီး မိမိပြောသမျှ စကားကို ဆိုခဲ့စေ၊ မြဲစေဆိုပြီး လုပ်ကိုင်ဆောင်ရွက်နေမည်။ အကွက်စေ့ ထောင့်စေ့ လုပ်ကိုင်မှုကြောင့် လုပ်ငန်းနယ်ပယ်မှာ နာမည်ကောင်းရရှိမည်။ ကျန်းမာရေးအနေဖြင့် အစာလည်း ဆေး၊ ဆေးလည်း အစာဖြစ်သောကြောင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ အသီးအနှံများကို စားသုံးပေးပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း**- (၀)အစ (၉)အဆုံး၊ (၅)အစ (၆)အဆုံး။
**ယတြာ** - မွေးနေ့တွင် မွေးနံထောင့်မှာ အောင်သပြေနှင့် တံခွန်၊ ကုက္ကား၊ ထီးဖြူ၊ ထီးနီများ ကပ်လှူပူဇော်ပါ။

## ကုမ်ရာသီ



AQUARIUS

### ( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

ရည်မှန်းချက်များ အဆင်မပြေသလိုလိုနှင့် အဆင်ပြေလာသော ကာလဖြစ်သည်။ ခေါင်းအေးအေးထား လုပ်ဆောင်မှုကြောင့် ဘဝအဆင့် အခြေတင်ပြီး အနေမြင့်မည်။ တက်တက်ကြွကြွ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းကြောင့် အရောင်းအဝယ်ကိစ္စရပ်များ အဆင်ပြေ အောင်မြင်မည်။ ဆန်းသစ်တီထွင်မှုနှင့် အကျိုးပေး သိပ်ကောင်းသည်။ ကျန်းမာခြင်းတည်းဟူသော လာဘ်ကြီးကို ပိုင်ဆိုင်နိုင်စေရန် အရက်၊ ဆေးလိပ် စသည်တို့ကို ရှောင်ပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။
**ရွေးချယ်ရမည့်ဂဏန်း**- (၁)အစ (၂)အဆုံး၊ (၃)အစ (၆)အဆုံး။
**ယတြာ** - ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ် သန့်ရှင်းရေးပြုလုပ်ပြီး မိမိ၏ ကောင်းကံကို မြှင့်တင်ပါ။

## မိန်ရာသီ



PISCES

### ( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

နာမည်ဂုဏ်သတင်းကျော်ကြားနေသော ကာလဖြစ်သည်။ သူစိမ်းတစ်ဦး ကူညီမှု၊ အားပေး ပံ့ပိုးမှုကြောင့် သင့်ဘဝ အကျိုးထူးခြားမည်။ စကားကို အပိုအလိုကင်းပြီး တိတိကျကျပြောတတ်ခြင်းက သင့်အားသာချက်ဖြစ်နေမည်။ ယခုကာလမှာ သင်၏ စိတ်မှန်သော အရည်အချင်းနှင့် စွမ်းပကားများကို ပြသခွင့်ရရှိနေမည်။ ကျန်းမာရေးကောင်းမွန်စေရန် ရသာခြောက်ပါးကို မျှမျှတတ စားသုံးပါ။ ဣရိယာပုတ်လေးပါး မျှတအောင် နေထိုင်ပါ။ ကိုယ်တွင်း သွေးလည်ပတ်မှုကောင်းစေရန် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ပါ။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း**- (၃)အစ (၀)အဆုံး၊ (၅)အစ (၈)အဆုံး။
**ယတြာ** - မိမိထက် အသက်၊ ဂုဏ်ဝါကြီးသူများကို ရိုသေလေးစားစွာဖြင့် ပူဇော် ကန်တော့ပါ။

***

www.burmeseclassic.com

www.burmeseclassic.com


# မခွဲပေးခဲ့မိသော လိပ်ပြာ

တင့်ထူး (ဇေယျဝတီ)

(၁)

ညောင်ပင်တန်းရွာကလေးက ပဲခူးရိုးမတောင်တန်းကြီး၏ အရှေ့ဘက်တွင် တည်ရှိနေသော ရွာကလေးဖြစ်သည်။ တောင်ခြေတောစပ်နှင့် တစ်မိုင်ခွဲမျှသာ ဝေးကွာလေသည်။ ရွာတွင် နေထိုင်ကြသူတို့က တောင်သူ လယ်လုပ်သူများဖြစ်သည်။ မိုးတွင်းအခါတွင် ရွာ၏ ပတ်ပတ်လည်ရှိ လယ်ကွင်းများအားလုံးတွင် ပျိုးထောင်နေကြသူများ၊ ထယ်ထိုးနေကြသူများကို အနှံ့တွေ့မြင်နေရသည်။

စပါးက မိုးဦးကျသည်နှင့် ပျိုး စတင်၍ ထောင်ရသည်။ ပျိုးထောင် သက် ရက်အစိတ်ခန့်ရှိလာလျှင် ထိုပျိုး ပင်များကို နုတ်၍ သမန်းလူးထားသော




www.burmeseclassic.com

www.burmeseclassic.com

ယ်ကွက်များတွင် ကောက်ပင်စိမ်းစိမ်း ်ပျိုးကြရသည်။

လယ်သမားများလည်း ပျိုးခင်း င် ပျိုးကြဲပြီး ပျိုးထောင်ပြီးသည်နှင့် ာက်ရက်များ၌ စပါးစိုက်မည့် လယ် က်များအား ထယ် စတင်၍ထိုးကြ သည်။ ထယ်ကျွတ်သွားသော လယ် က်များအား သည်အတိုင်း မထားကြ ပေ။ ထယ်ခဲများကို နေပူမိသွားလျှင် ယ်ခဲထိပ်များ တင်းမာသွားတတ် ည်။ ထယ်ခဲများ တင်းမာသွားခဲ့ပါက မန်းလူးသည့်အခါ ထယ်ခဲများ မကြေ က်နိုင်တော့ပေ။

လယ်သမားများကတော့ ထယ် တ်သည့် လယ်ကွက်များအား သည် တိုင်းမထားကြဘဲ ကန်သင်းများ လုံ အောင် ပေါက်ဖို့၍ ရေလှောင်ထားပေး ကြသည်။ ထိုအခါ လယ်ကွက်ထဲတွင် များ ပြည့်နေကာ ထယ်ခဲများ ရေနစ် ပ်နေခြင်းကြောင့် နူးအိနေတော့ ည်။ လယ်စိုက်ရက်နီးလာသောအခါ လှောင်ထားသော လယ်ကွက်များ ို ရေလျှော့ထုတ်၍ ထွန်နှင့် အပြန်ပြန် လှန်လှန် ပတ်မောင်းပြီး ထွန်မွှေကြ သည်။ ထိုအခါ နူးအိနေသော ထယ်ခဲ းလည်း ရွံ့ရည်ရွံ့နှစ်(သမန်း)အဖြစ် ို့ ရောက်ရှိကြကာ ကောက်ပင် လွယ်တကူထိုးစိုက်နိုင်သော သမန်း က်များ ဖြစ်လာခဲ့တော့သည်။

(၂)

"ဟေ့…လှအောင်၊ ဘယ့်နှယ့် ဲ ထယ်ထိုးလို့ ထယ်ကျွတ်သွားပြီ းဟေ့"

"မကျွတ်သေးပါဘူး ဦးလေး စံမြ ။ သုံးလေးကွက်လောက် ထယ်ထိုး ကျန်နေသေးတယ်ဗျ"

"မင်းရဲ့ ပျိုးခင်းကတော့ နုတ်ပြီး ်ဖို့ ရနေပြီကွ။ ပျိုးသက်ရော ဘယ် လောက်ရနေပြီလဲ"

"ရက် ၂၀ကျော်သွားပါပြီ ဦးလေး ရ"

"ပျိုးပင်ကတော့ မည်းထလာ တာပဲကွ။ နုတ်စိုက်မယ်ဆိုရင် စိုက်လို့ ရလောက်နေပြီပဲကွ"

"ဟုတ်ကဲ့ နက်ဖြန် သဘက်ဆို ရင် ထယ်ကျွတ်သွားမှာပါ။ ထယ်ကျွတ် တာနဲ့ သမန်းစပြီးလူးတော့မှာဆိုတော့ ဒီတစ်ပတ်အတွင်းမှာ စိုက်နိုင်လာတော့ မှာပါ"

"မင်း ကောက်စိုက်သုတ်ကိုရော ရက်ချိန်းယူထားပြီးပြီလား"

"ယူထားပြီးပါပြီ ဦးလေး"

လယ်ထဲတွင် လယ်သမား အချင်းချင်းတွေ့ဆုံကြသည့်အခါ လယ် အကြောင်းကိုသာ ပြောဆိုတတ်ကြ သည်။ ကန်သင်းပေါက်ဖို့၊ ဓာတ်မြေ ဩဇာပက်ပေးဖို့၊ သမန်းညက်အောင် လူးပေးဖို့များကို အကြံပေးတတ်ကြ သည်။

**"**

**သမန်းညက်ညက်**
**ထွန်ပေးထားလေတော့**
**ကောက်စိုက်သမများ**
**ပျိုးပင်ကလေးများကို**
**သမန်းထဲ ထိုးစိုက်ရသည်မှာ**
**လွယ်ကူလှလေသည်။**
**တချို့ လယ်ကွက်များတွင်**
**သမန်းမညက်သဖြင့်**
**ကောက်ပင်ထိုးစိုက်ကြသောအခါ**
**ခိုးလိုးခုလုဖြစ်ကာ**
**လက်ထိပ်များ နာကြလေသည်။**

**"**

လှအောင်က သည်နှစ် နွေကမှ ရွာထဲက "နှင်းမြ" ဆိုသူနှင့် အိမ်ထောင် ပြုခဲ့ခြင်းဖြစ်သည်။ သူတို့လင်မယားက တစ်အိုးတစ်အိမ်နှင့် အိမ်ခွဲနေခဲ့ကြရာ မိဘများက ခွဲဝေပေးလာသော လယ် မြေများအား ယခု မိုးတွင်းရောက်မှ လယ် စ၍လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ ကြောင့်လည်း လယ် စ၍လုပ်နေသော လှအောင်အား လယ်နီးချင်းဖြစ်သူ ဦးလေးစံမြက လိုအပ်သည်တို့ကို ပြော ပြ လမ်းညွှန်ပေးနေခြင်းဖြစ်လေသည်။

တကယ်တော့ လှအောင် အိမ် ထောင်မပြုမီအချိန် သူ့မိဘများနှင့် အတူနေခဲ့စဉ်က သူ၏ ဖခင်နှင့်အတူ လယ်ဆင်းခဲ့ရသည်။ လယ်စိုက်ပုံ အကြောင်းတော့ သူ့အတိုက်အလျောက် နားလည်နေလေသည်။ သို့သော်လည်း တစ်သက်လုံး လယ်လုပ်စားခဲ့ကြသည့် ဦးလေး စံမြတို့လို လယ်သမားကြီးများ လောက်တော့ အသိမကြွယ်သေးပေ။ လိုအပ်ချက်က ရှိနေမြဲပင်ဖြစ်လေသည်။

မကြာမီရက်တွင် လှအောင်၏ လယ်ပွဲများ စိုက်ပျိုးသည့် နေ့ရက်သို့ ရောက်ရှိလာခဲ့၏။ လှအောင်လည်း နွား ထမ်းပိုးကောက်ကာ လယ်ထဲသို့ စောစောကြီးသွားရတော့၏။ ပျိုးခင်းထဲ မှ ပျိုးနုတ်ထားသော မျိုးထုံးများကို ပျိုးတင်သော စွပ်ဖားပေါ် တင်ကာ သမန်းကွက်များအတွင်းသို့ ဟိုတစ်ထုံး သည်တစ်ထုံး ချပေးသွား၏။ သို့မှသာ မကြာမီ ကောက်စိုက်သမများ ရောက်ရှိ လာကြလျှင် ထိုပျိုးထုံးများကို ဖြေ၍ လယ်သမန်းကွက်များတွင် စိုက်နိုင်ကြ မည်ပင်ဖြစ်သည်။

လှအောင်က ကောက်စိုက်သမ တစ်ကိုပင်းယောက်(၁၅ယောက်) ချိန်း ထားသဖြင့် လယ်ထဲတွင် ငန်းဖွဲ့ကာ စိုက်နေကြပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ . . . လှအောင်၊ နင့်လယ်ကွက်တွေက သမန်းကို အိနေတာပဲ ဟာ၊ စိုက်ရတာ တော်တော်အဆင်ပြေတယ်ဟ"

သမန်းညက်ညက်ထွန်ပေးထားလေတော့ ကောက်စိုက်သမများ ပျိုးပင်ကလေးများကို သမန်းထဲ ထိုးစိုက်ရသည်မှာ လွယ်ကူလှလေသည်။ တချို့လယ်ကွက်များတွင် သမန်းမညက်သဖြင့် ကောက်ပင်ထိုးစိုက်ကြသောအခါ ခိုးလိုးခုလုဖြစ်ကာ လက်ထိပ်များ နာကြလေသည်။

ကောက်စိုက်သမများလည်း နံနက် ၆နာရီအချိန်မှစ၍ စိုက်လာခဲ့ကြရာ လယ်ကွက်လေးငါးကွက်ပင် စိုက်ပြီးခဲ့ကြသည်။

"ဒူ . . . ဒူ . . . ဒူ . . ."

"ဟာ . . . နံနက် ၉နာရီထိုးလို့ ရွာဦး ဘုန်းကြီးကျောင်းက နာရီမောင်း တီးသံပါလား"

နံနက် ၉နာရီထိုးလျှင် ကောက်စိုက်သမများ ခေတ္တနားကြကာ မွန်းလတ်စာစားကြမည်ဖြစ်သည်။

"ဟော . . . နှင်းမြတို့ တောင်းကြီးရွက်ပြီး လယ်ထဲ လာနေပါပြီတော်"

"နှင်းမြရောက်လာတာနဲ့ အချိန်ကိုက်ပဲဟေ့။ ကောက်စိုက်သမတွေကို မွန်းလတ်စာထည့်ကျွေးပေးတော့လေ"

နှင်းမြက သူ ရွက်ယူလာခဲ့သော တောင်းထဲမှ ပန်းကန်ပြားများကို ထုတ်သည်။ ပြီးတော့ ထမင်းနှင့် ပဲပေါင်းရောပြီး ဆီဆမ်းထားသည့် ထမင်းကို ပန်းကန်များထဲသို့ ထည့်သည်။ စိမ်းစားငါးပိနှင့် ရေတ်သီးရောနှောကာ ထောင်းထားသော ငါးပိထောင်းစပ်စပ်ကလေးကို ပန်းကန်ထဲတွင် ထည့်ပုံပေးသည်။

"ကဲဟေ့ . . . အဆာပြေစားလိုက်ကြဟေ့"



"ဟောဒီ ရေနွေးကရားထဲမှာ လက်ဖက်ခြောက်ခတ်ပြီးသား ရေနွေးကြမ်းလည်း ပါတယ်။ ငုံ့သောက်ပြီး စားကြဟေ့"

ကောက်စိုက်သမများ အနားယူနေစဉ်တွင် လယ်သမားများက တစ်ခုခုစားစရာ ကျွေးမွေးပေးကြသည်မှာ စေတနာသာဖြစ်သည်။ ထိုစေတနာမျိုးက လယ်သမားတိုင်းတွင် ရှိနေကြသည်။ နောက်တော့ ဓလေ့ကောင်းတစ်ခုအဖြစ်နှင့်သာ အမြဲကျွေးတတ်ခဲ့ကြလေသည်။

နာရီဝက်ခန့် နားကြပြီးသောအခါ လယ်ထဲ ပြန်ဆင်းကြကာ ကောက်ဆက်စိုက်ကြပြန်သည်။ မွန်းတည့်ချိန်ရောက်သည်အထိ စိုက်ခဲ့ကြပြီး နေ့ခင်းစာကို သူတို့အိမ်မှ အဆင်သင့် ချက်ပြုတ်၍ ထည့်လာသော ချိုင့်များကို

ဖွင့်ကာ တဲ (သို့မဟုတ်) အရိပ်ရှိသော သစ်ပင်ရိပ်တွင် ဝိုင်းဖွဲ့ထိုင်ကာ တ... တပါး စားသောက်ခဲ့ကြ၏။ ဟင်း... များကို ရေ့ရှုပ်တွင် ချထားကြကာ သူ... ကိုယ့်ဟင်း မခွဲခြားဘဲ ကြိုက်သည့်... ကို နှိုက်ယူ၍ စားကြလေသည်။ ... သည်နှင့် ဆေးလိပ်ကြိုက်သူက ဆေး... လိပ်သောက်သည်။ ကွမ်းကြိုက်သူ... ကွမ်းဝါးသည်။ တချို့က တစ်ယော... ခေါင်း တစ်ယောက် ငုတ်တုတ်... ကာ သန်းရှာနေကြသည်။

"ဟဲ့ - ကောင်မတွေ၊ တစ်ချ... တီးပြီဟေ့၊ ကောက်စိုက်ဆင်းကြ..."

နေ့ခင်း တစ်ချက်တီးချိန်မှ ဆ... စိုက်ခဲ့ကြရာ ညနေ ၄နာရီထိုး... လယ်ထဲမှ တက်ကြ၍ အိမ်သို့ ပြ... ခဲ့ကြလေသည်။ ကောက်စိုက်သ... မှာ ကောက်စိုက်ချိန် မဝုံးမချင်း နေ့... လယ်များထဲသို့ ကောက်စိုက်လိုက်... ကြသည်။ သူတို့၏ လက်ချော... ကလေးများမှာ နေ့စဉ် သမန်းထဲ... စိုက်နေကြရခြင်းဖြစ်ကာ ကျိန်း... သည်။ ညနေ အိမ်ရောက်ပြီး ထမင်း... ခါနီးတွင် ထမင်းအိုးထဲမှ ထမင်း... လက်တစ်ဆုပ်စာယူ၍ ဆုပ်နယ်... ဖြင့် အနာအကျင်များ ပျောက်... သည်။

တချို့ ကောက်စိုက်သမ... လယ်ထဲတွင် မျှော့ကြောက်ကြ... ထို့ကြောင့် အိမ်မှ အဝတ်က... သို့ ဆား၊ ဗမာဆေး၊ ထုံး သုံး... ထည့်ကာ ထုပ်ပြီး တုတ်ချောင်း... ထိပ်တွင် ချည်၍ ယူလာကြ... လယ်ထဲ ကောက်စိုက်နေစဉ်... ထောက်ကို မျှော့လာတွယ်သည်... တွင် ထိုးထားသော ဆေးထုပ်... ဆွတ်၍ ပွတ်ချပေးလိုက်လျှင်... တွန့်လိမ်ကာ ကွာကျသွား...



www.burmeseclassic.com

www.burmeseclassic.com

လှအောင်တို့ စိုက်ခဲ့သော လယ်များလည်း ကောက်ပင်များ လှန်လာကာ စိမ်းစိုလာကြ၏။ လယ်သမားများအားလုံး ထွန်တုံးပိတ်ခဲ့ကြလေပြီ။

(၃)

ယခုတော့ လှအောင်တို့ လင်မယားတွင် ခြောက်လသားလေးတစ်ယောက်မွေးဖွားခဲ့ပြီးလည်း ဖြစ်သည်။

"အရီးလေးရေ…သားလေးကို ထိန်းထားပေးပါဦး။ ကျွန်မ လယ်ထဲလိုက်ပြီး နံနက်စာသွားပို့ပေးချင်လို့"

"အေး-အေး၊ နို့ဝအောင် တိုက်သွားဟေ့"

နှင်းမြလက်တစ်ဖက်က ရေနွေးအိုး ကျန်တစ်ဖက်က ချိုင့်ဆွဲကာ သူမယောက်ျား ထယ်ရေးထိုးနေရာ လယ်ထဲသို့ လာခဲ့၏။ လယ်ထဲ ရောက်လျှင် ခင်ပွန်းအား ယူလာသည့် နံနက်စာကို ပေး၍စားစေ၏။ ပြီးလျှင် ချိုင့်နှင့် ရေနွေးကရားကို ယူကာ ပြန်လာခဲ့၏။

"ဟယ်… ကန်သင်းဘေးမှာ မှိုစွန်းတွေ ထွက်နေပါလား။ ငါ ခူးယူသွားဦးမှပဲ"

"အမယ်လေးတော့…"

နှင်းမြ မျက်လုံးတွေထဲက မီးများလွင့်သွားသလား ထင်ရသည်။ လက်တွင် နာခနဲ ခံစားရပြီး မျက်လုံးများ ပြာဝေသွားခဲ့၏။ ခဏအကြာတွင် ကန်သင်းပေါ်တွင် လဲကျသွားတော့၏။ ထိုလယ်ကွင်းထဲ ထယ်ထိုးနေသော လူတစ်ယောက်က ပြေးလာကာ အနီးတွင် တွေ့ရသော မြွေပွေးကို ရိုက်သတ်လိုက်သည်။ ပြီးလျှင် လှအောင်ကို အော်ဟစ်၍ ခေါ်ခဲ့၏။

"ဟာ…နှင်းမြ…နှင်းမြ"

"ဟင်…နှင်းမြ မထူးတော့ပါလား"

"နှင်းမြ အသက်မရှိတော့ဘူးကွ"

ထိုသို့ဖြင့် လှအောင်မှာ မိန်းမဖြစ်သူ နှင်းမြ ပိုးထိ၍ ဆုံးပါးသွားခဲ့ရသဖြင့် ခြောက်လသား သားငယ်တစ်ယောက်နှင့် မုဆိုးဖိုဘဝရောက်ခဲ့ရတော့သည်။

(၄)

"ဒေါ်လေးထွန်း…သားလေးကို နို့တိုက်ပေးပါဦးဗျာ"

"ပြော်…ကလေးက နို့ဆာနေတာပဲ မောင်လှအောင်ရဲ့။ ပေး…ပေး ငါ နို့တိုက်ပေးမယ်"

ကလေးက နို့ကို အငမ်းမရစို့ခဲ့ပြီး ပြန်၍အိပ်ပျော်သွားခဲ့သည်။

"မင်းမလဲ ဒီသား လူမမယ်လေးနဲ့ ဒုက္ခပါလား လှအောင်ရယ်"

"ဘယ်တတ်နိုင်ပါ့မလဲ ဒေါ်လေးရယ်၊ ဘဝရဲ့ ကံအကြောင်းအတိုင်းပဲပေါ့"

လှအောင်လည်း သူ့ကလေး နို့ဆာ၍ ငိုလျှင် ရွာစဉ်လှည့်ကာ သားသည်မိခင်များကို အကူအညီတောင်းပြီး နို့တိုက်ပေးရ၏။

"ဟဲ့ - နင့်သားလေး၊ ညဘက်နို့ဆာလို့ ငိုရင် ခက်မယ်။ ဒီတော့ နွားနို့လေး အစိတ်သားလောက်ဝယ်ကျိုထားပြီးတော့ ထန်းလျက်ခဲလေးတစ်ခဲထည့်၊ ညနေ ထမင်းချက်ရင် ခံထားတဲ့ ထမင်းရည်သန့်သန့်လေးထည့်ပြီး နို့ဘူးဖျော်တိုက်ပေးဟေ့"

"ဝါး…ဝါး…ဝါး"

"ဟင်… သားလေးက အခုဆည်းဆာအချိန်ရောက်လာရင် တအားငိုတော့တာပါလား"

"မင်းကောင် နို့များ ဆာနေလို့လားကွာ"

"နို့လည်း အဝတိုက်ခိုင်းပြီးပြီဗျ"

"ဒါဖြင့် ဗိုက်များ နာလို့လားကွာ"

"အို…ဒါဆိုရင် အုန်းဆီလေးလက်ဝါးထဲ ထည့်၊ ထုံးနည်းနည်းထည့်မွှေပြီး ထုံးထောပတ်လုပ်ပြီး ရင်ဘတ်နေ အောက်ဘက်ကို လူးပေးဟေ့"

အိမ်နီးချင်းများက အကြံပေးသည့်အတိုင်း လူးပေးခဲ့သော်လည်း အငိုမရပ်ပေ။ အချိန်အကြာကြီးနေမှ မောပြီး အိပ်ပျော်သွားခဲ့လေသည်။

"ဟင်…ဒီကလေးဟာ ညနေဆည်းဆာချိန်ရောက်တိုင်း တအားငိုနေပါရောလား။ ဘာများဖြစ်လို့ပါလိမ့်"

"ဟဲ့ - နင့်ကလေးက နွားရိုင်းသွင်းချိန်ရောက်တိုင်း ငို့ငိုနေတာဟာ ရှိုးမှရိုးရဲ့လားဟယ်"

"အေးဗျာ၊ ဘာဖြစ်မှန်းကို မသိတော့ပါဘူး"

ထိုစဉ် ရှေ့မီနောက်မီ အဘွားကြီးတစ်ဦးရောက်လာပြီး ပြောလေသည်။

"ဟဲ့ - လှအောင်၊ နင့်မိန်းမဆုံးသွားတုန်းက ကလေးကို လိပ်ပြာခွဲခဲ့ရဲ့လား"

"ကျွန်တော်လည်း အဲဒီအချိန်က ထူပူနေခဲ့တော့ မလုပ်မိခဲ့ဘူး အဘွားရဲ့"

"အေး ဒါကြောင့် ဒီကလေးဟာ ဆည်းဆာချိန်ရောက်တိုင်း သူ့မိခင်က လာ,လာနှောင့်ယှက်နေလို့ အခုလို ငိုနေတာဖြစ်မယ်ကွယ့်"

"အဘွားရယ်…ဒါဖြင့် အခုချိန်မှာရော လိပ်ပြာခွဲပေးလို့ ရနိုင်မလား"

"ရတာပေါ့ကွယ်။ ဒီလို လိပ်ပြာခွဲပေးလိုက်ရင် ကလေးကို မနှောင့်ယှက်နိုင်တော့လို့ ငိုတော့မှာလည်း မဟုတ်ဘူးကွဲ့"

"ဒါဖြင့် အဘွားရယ်…ကျွန်တော့်သားလေးကို လိပ်ပြာခွဲပေးပါလားဗျာ"

အဘွားက ကလေးအား လိပ်ပြာခွဲပေးနိုင်ရန် ချိန်ခွင်တစ်လက်၊ ဝါဂွမ်း



www.burmeseclassic.com

www.burmeseclassic.com

တချို့ကို ရှာဖွေစေလေသည်။ ပစ္စည်းများ စုံသောအခါ ချိန်ခွင်ခွက်တစ်ဖက်ထဲသို့ ဝါဂွမ်းတစ်ဆုပ်၊ ကျန်တစ်ခွက်ထဲသို့ အလားတူ ဝါဂွမ်းတစ်ဆုပ်ထည့်ကာ ချိန်ခွင်ကို မ,၍ ဆကြည့်လေသည်။ နှစ်ဖက်စလုံးတွင် ဝါဂွမ်းတစ်ဆုပ်စီ အညီအမျှထည့်ထားသဖြင့် ချိန်ခွင် ဘောင်တန်းနေလေသည်။

"ကဲ - နှင်းမြရေ၊ ညည်းဟာ လူ့ဘဝက စွန့်ခွာသွားခဲ့ပြီးဖြစ်တယ်။ ကျန်ရစ်ခဲ့တဲ့ ညည်းရဲ့ သားလေးကိုလည်း အစွဲအလမ်းမထားပါနဲ့တော့။ ဟောဒီ ချိန်ခွင်တစ်ဖက်ထဲက ညည်းရဲ့ ဝိညာဉ်၊ ကျန်တစ်ဖက်ထဲက ညည်းသားလေးရဲ့ ဝိညာဉ်ကိုယ်စား ထည့်ထားတဲ့ ဝါဂွမ်းပဲ။ ညည်းရဲ့ သားလေးကို သူ့ဖခင်က ညည်းရဲ့ ကိုယ်စား ပြုစုကျွေးမွေး စောင့်ရှောက်ပေးနေပါတယ်။ ညည်းဆက်ပြီး မနှောင့်ယှက်ပါနဲ့တော့။ ညည်း စွဲလမ်းနေတဲ့ ညည်းရဲ့ သားလေးကို လှအောင်ကို ပေးလိုက်ပါ။ အကယ်၍ ညည်းယောကျ်ားအား သူ့သားလေးကို ပေးတယ်ဆိုရင် သားလေးအတွက် ထည့်ထားတဲ့ ချိန်ခွင်ခွက်ဘက်ကို အလေးသာပြပါကွယ်"

ထိုအဘွားက ထိုသို့ပြောဆိုပြီး ချိန်ခွင်ကို မ,လေသည်။ ပထမတွင် နှင်းမြလိပ်ပြာအဖြစ် ထည့်ထားသော ဝါဂွမ်းဘက်သို့ စောင်းကာ အသာပြနေသည်။ နောက်တော့ "ပေးလိုက်ပါ နှင်းမြရယ်၊ သူ့အဖေက ကောင်းကောင်းမွန်မွန်စောင့်ရှောက်မှာပါ"ဟု တိုက်တွန်းပြောဆိုလေမှ သူမ၏ သားလေးလိပ်ပြာအဖြစ် ထည့်ထားသော ချိန်ခွင်ခွက်ဘက်သို့ စောင်းပြခဲ့လေသည်။

"ကဲ-ကဲ . . . နှင်းမြက သူ့ယောကျ်ားအား သူ့သားလေးကို ပေးသွားပြီ"

ထိုအဘွားက သားလေးဘက်[...] စောင်းပြသော ချိန်ခွင်ခွက်ထဲမှ ဝါဂွမ်[...] ကို ယူကာ လှအောင်အား ပေးခဲ့[...] သည်။

"ကဲ - အခုတော့ လိပ်ပြာခွဲ[...] သွားပြီ။ သူ့မိခင်ကလည်း သဘော[...] ခဲ့ပြီဆိုတော့ မင်းရဲ့ သားလေးဟာ[...] ဆည်းဆာချိန်ရောက်လာရင် ငိုတော့[...] မဟုတ်တော့ဘူးပေါ့။ နို့တော့ ဝ[...] တိုက်ထားပေးပေါ့ကွယ်"

ထိုအဘွား၏ ဆောင်ရွက်ပေး[...] ကြောင့် သားလေးမှာ ဆည်းဆာ[...] ရောက်လာခဲ့သော်လည်း မငိုခဲ့တော့[...] ထိုအချိန်ရောက်မှပင် ဖခင်ဖြစ်[...] လှအောင်မှာလည်း စိတ်မော လူ[...] ဖြစ်ခဲ့ရသည်များ သက်သာရာရခဲ့[...] တော့သည်။

* * *

တင့်ဆွေ(ဓ[...])

(အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်)

# ခေတ္တာရာဆရာကျော်

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

အထူးဟောစာတမ်းများ မှာယူနိုင်ပါသည်။ နယ်မှငွေကြိုပို့ပါ။

သင့်စီးပွားရေး. . . တိုးတက်မှာလား/ဆုတ်ယုတ်မှာလား
သင့်အလုပ်အကိုင်. . . အောင်မြင်မှာလား/ကျရှုံးမှာလား
သင့်အိမ်ထောင်ရေး. . . တည်မြဲမှာလား/ကွဲကွာမှာလား
သင့်အချစ်ရေး. . . ဖြောင့်ဖြူးမှာလား/ရှုပ်ထွေးမှာလား
သင့်နိုင်ငံခြားခရီး. . . ကံကောင်းမှာလား/ကြန့်ကြာမှာလား

အသေးစိတ်ရေးကားသော
အထူးဟောစာတမ်းကြီး ၂၀၀၀ိ/-
ဟောစာတမ်းကြီး ၁၀၀၀ိ/-

နှစ်,လ,ရက် အထိ တွက်ချက်အဟောထုတ်ပေးသည်။ ထိရောက်သော ယတြာများဖြင့် အကြံပြုပေးသည်။

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၇၄၆၄၂၊ ၀၉-[...]



www.burmeseclassic.com

www.burmeseclassic.com

ဌာနဆောင်းပါး) တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ (တိုး) ၁၀၂၄




# ရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော်စားရေးဆရာများဆုံ ည်၊ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် ထိုက်ရသည်။ ကိုမင်းဆွေက. . "လာထိုင်. . ကိုဇော်ရဲနိုင်၊ မတွေ့ရ တာကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ၊ ားက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့ သုံးယောက် ခံစားနေရတဲ့ဝေဒနာအတွက် အကူအညီ င်းချင်လို့ပါ"

"ဘဝတူရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ. . ကျွန်တော်တို့သုံးယောက် ဆီးနဲ့ပတ်သက်တဲ့ဝေဒနာတွေခံစားနေရတယ်၊ ဒါပေမဲ့ ဖြစ်စဉ်တူ သလိုလိုနဲ့ နည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော်. . ဆီးရောဂါနဲ့ပတ်သက်တဲ့ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်၊ ဘယ်သူက ဘယ်လို ဏာတွေရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်. . . နေပူမိုးရွာ မရှောင် တဲ့သူတွေ အပူအစပ် အဖန် ချဉ်စာတွေ လွန်ကဲစွာစားတဲ့သူတွေ၊ မေထုန်မှုလွန်ကဲသူတွေ၊ အညောင်းထိုင်မှုများ သူတွေဟာ ဆီးပူ ညောင်းကျရောဂါဖြစ်တတ်တယ်၊ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ကောင်လေးများသွားနေသလို ရွစိရွစိဖြစ်ပြီး ယားတတ်တယ်. . တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လိုကျလာ တယ်. . ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ် တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီးမကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ားအားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်းယားယံခြင်း၊ လက္ခဏာတွေခံစားရတတ်တယ်။ ဆီးအောင့်ဆီးချုပ် ရောဂါကို ခံပြီး သည်းခြေ၊ လေဒါသနှစ်ပါးကြောင့် သလိပ်ဒါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်ကစပြီး မ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ၊ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်. . ကဲ. . ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာ နဲ့တူပြီး ကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့တူကြောင်း ပြောပြကြပြီး. .

"ကဲ. . ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခု. . လောလောဆယ်တော့ ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား ကို နီးစပ်ရာ မြန်မာဆေး ဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ. . ကန္တာရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံ ဆေးပြား ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များ ခြင်း၊ ထိန်းနိုင်ခြင်း၊ ဆီးကျင် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သွတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန်ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ် ကျွန်တော့်မိတ်ဆွေ ဆရာဦးလှိုင်မြင့်က ကြက်လည်ဆံဆီးဆေး ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေ ုးစားပေးကုသ နေတာဆိုတော့ အဲဒီ ဆရာဦးလှိုင်မြင့်ရှိတဲ့ ကန္တာရဝတီဆေးတိုက် ကို သွားပြီး ဆရာနဲ့တိုင်ပင် ား. . ဆေးကုသရင် ခင်ဗျားတို့ခံစားနေရတဲ့ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ. . ရီအမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့..ဆီးရောဂါမှန် သမျှ တ်ကင်းချမ်းသာစေရမည်...ကိန္နရီ..တဲ့ဗျ..."

**ပင်ရင်းဌာန– ကန္တာရဝတီဆေးတိုက်**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

## အခန်း (၁)

ရှိုက်ဆံသဲ့သဲ့ကို ကြားသည်။

မျက်လုံးကို အားယူ၍ ဖွင့်လိုက်၏။

"ညီမလေး"

ရင်ထဲက ပြောလိုက်မိသည်။

ညီမလေးသည် ဖက်ဖူးရောင်ဝမ်းဆက်ကို ဝတ်ဆင်ထားပြီး ပါးစပ်ကို လက်နှင့် အုပ်လျက် တသိမ့်သိမ့်ကြိတ်၍ ငိုနေသည်။

အိပ်ရာက လူးလိမ့်၍ ထလိုက်သည်။

"ညီမလေး…ညီမလေး"

ခေါ်ရင်း ပြေးလိုက်သွားမိသည်။ ညီမလေးမရှိတော့။

"ညီမလေး…ညီမလေး…အေးအေး"

"ကိုကို…ကိုကို…ကိုကိုရယ်"

ညီမလေး၏ အသံကို ကြားသည်။ အုတ်နံရံပေါ်ကလား၊ မျက်နှာကြက်ပေါ်ကလား၊ သူ လှည့်ပတ်ကြည့်ကာ ရှာနေသည်။

"ညီမလေး…ဘယ်မှာလဲ၊ ညီမလေး ဘယ်မှာလဲ။ ကိုကို့ဆီကို လာပါ ညီမလေး"

"ကိုကိုရယ်…ကိုကိုရယ်"

ခေါ်ပြီး တရှိုက်မက်မက် ရှိုက်ငိုသံကို ကြားနေရသည်။

"ညီမလေးရယ်…ညီမလေးရယ်"

ကိုကိုက အော်ခေါ်ရင်း တသိမ့်သိမ့်ရှိုက်ငိုနေသည်။ ထိုစဉ် အိပ်ခန်းတံခါးကို တွန်းဖွင့်လျက် အဖေနှင့် အမေတို့ ပြေးဝင်လာကြပါသည်။

လျှပ်စစ်မီးတို့ လင်းလက်လာသည်။

"သား…သား…ကိုကို၊ သား အိပ်မက်မက်နေပြန်ပြီလား ကလေးရယ်"

အမေက ကိုကို့ကို သိုင်းဖက်လျက် မေးနေသည်။

"အိပ်မက်မဟုတ်ဘူး အမေ၊ အိပ်မက်မဟုတ်ဘူး။ ညီမလေး လာနေတယ်၊ ညီမလေး လာတယ်"

အမေက ကိုကို့မျက်နှာပေါ်က မျက်ရည်တွေကို လက်ကိုင်ပဝါလေးနှင့် သုတ်ပေးသည်။ အဖေက ရေတစ်ဖန်ခွက်ငှဲ့ပြီး အမေ့ကို ပေးသည်။ အမေက လှမ်း၍ယူ၏။

"သားကြီး ရေသောက်လိုက်နော်" ဆိုကာ ရေခွက်ကို လှမ်းပေးသည်။ သူ ရေတစ်ငုံသောက်လိုက်သည်။ ရင်ထဲမှာ အေးသွားသလိုရှိ၏။

"သားကြီး…ညီမလေး ဆုံးသွားတာ တစ်ရက်ပဲ ရှိသေးတယ်လေ။ သေတဲ့လူကို တမ်းတနေရင် ကိုယ်ပဲ စိတ်ဆင်းရဲမယ်။ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်သတဲ့လေ။ သားဟာ ကိုးတန်းကျောင်းသားကြီးဖြစ်နေပြီ။ အသိနဲ့ ထိန်းပါ။ သတိနဲ့ ချုပ်တည်းပါကွယ်။ ကြာရင် သားကျန်းမာရေးကို ထိခိုက်မယ်။ ပညာရေးကို ထိခိုက်မယ်။ အမေ မကြည့်ရက်ဘူး သားရယ်"

အမေက မျက်ရည်ဝဲလျက် ပြောနေသည်။

"အမေရယ်…ညီမလေးလေ၊ ညီမလေး သားအနားမှာ အမြဲရှိနေတယ် အမေရယ်။ ညီမလေး သေတယ်ဆိုတာကို ဘယ်လိုလုပ်ပြီး သား ယုံရမှာလဲ အမေ။ သား မယုံဘူး အမေ"

"ဒါက သားအစွဲအလမ်းကြောင့်ပါ သားရယ်။ သားက အစွဲအလမ်းကြီးတာကိုး"

"အစွဲအလမ်းကြောင့် မဟုတ်ဘူး အမေ။ ညီမလေးကလေ ကိုကို…ကိုကိုလို့ ခေါ်ပြီး ရှိုက်ငိုနေတာကို တွေ့နေရတယ်။ သား ဘယ်လိုဖြေနိုင်မှာလဲ အမေရယ်"

"သား သေသွားတဲ့သူကို တွေ့နေရတယ်၊ မြင်နေရတယ်လို့ ဆိုတာဟာ အဓိပ္ပာယ်မရှိဘူးလေ။ ဒါဟာ သမီးလေး ရှိနေစဉ်က နေခဲ့၊ ပြောခဲ့၊ စားခဲ့၊ အတူသွားခဲ့တာတွေကို သတိရနေတာမျိုးပါကွာ"

အဖေကလည်း ဝင်၍ပြော၏။

"ဟုတ်ပါတယ်။ ညီမလေးကို အမြဲသတိရတယ်။ အတူသွား၊ အတူလာ၊ အတူစားခဲ့တာတွေကို သား မမေ့နိုင်ဘူး အဖေရယ်"

ဟု ပြောပြီး ပုံကိုးအဝေးဆီသို့ ငေးကြည့်နေမိသည်။ အဖေနဲ့ အမေတို့မှာ သားကို ကြည့်ပြီး ရင်ထဲမှာ ဆို့နေကြရသည်။

## အခန်း (၂)

"ကိုကို"

ခေါ်သံကို ကြားသည်။ အေးအေး အသံမှန်း သိ၏။ ဒါပေမယ့် မထူးဖြစ်။

"အမေ…ဘီစကစ်ငါးချပ်ပါတဲ့ တစ်ထုပ်ပေးပါဆိုမှ…"

ကိုကိုက မရအရ အတင်းတောင်းနေသည်။

"ဟောဒီ ကြက်ဥမုန့်လေးတစ်ခု ယူသွားပါနော်-သားလေး"

အမေက ကြက်ဥမုန့်လေးကို လှမ်း၍ပေးသည်။

"မယူဘူး၊ မယူဘူး။ ငါးချပ်ပါတဲ့ ဘီစကစ်ကို ပေးပါဆို"

ကိုကိုက ဘီစကစ်ငါးခုပါတဲ့ အထုပ်ကို အတင်းတောင်းနေပြန်သည်။

"သားလေးက မလိမ္မာဘူး။ ငါးခုပါတဲ့ ဘီစကစ်ထုပ်ကို ယူသွားပြီး

www.burmeseclassic.com

အေးအေးကို သုံးခုပေးမယ်၊ သူ့က နှစ်ခုစားမယ်။ တော့လေး၊ သူ့ဟာမကို ချစ်လိုက်ရတာ တုန်နေတာပဲ"

အမေက ပြောရင်းဆိုရင်း ငါးခုပါသော ဘီစကစ်မုန့်ထုပ်ကို လှမ်း၍ ပေးသည်။ ဘီစကစ်ထုပ်လေးကို လှမ်းယူရင်း အမေ့ပါးကို ဖွဖွမွှေးကာ အိမ်ပေါ်က ပြေးဆင်းလာခဲ့သည်။

"လာ…ညီမလေး"

ဆိုကာ အေးအေးလက်ကို ဆွဲလျက် ကျောင်းသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ကြသည်။

အမေပြောသည့်အတိုင်းပင် မုန့်စားလွှတ်ချိန်၌ ဘီစကစ်ထုပ်ကို ဖြည်ပြီး အေးအေးကို သုံးခုပေးသည်။ အေးအေးက တစ်ခုပြန်ပေး၏။

"ကိုကို သုံးခုစား၊ ညီမလေး နှစ်ခုပဲ စားမယ်"

"ကိုကို နှစ်ခုပဲ စားမယ်၊ ညီမလေး သုံးခုစား"

ကိုကိုက အတင်းပြန်၍ပေးသည်။ အေးက မယူ။ ကိုကို့လက်ကို အတင်းတွန်းထုတ်သည်။ မုန့်လေးခမျာ အစိပ်စိပ် အမွှန်မွှန်ဖြစ်သွားတော့သည်။

ဤမေတ္တာလွှန်ပွဲလေးသည် နေ့စဉ် မြင်နေရသော လွှန်ပွဲဖြစ်သည်။ ကျောင်းသို့ လာတော့လည်း အတူ၊ ကျောင်းက ပြန်တော့လည်း အတူ။ မုန့်စားလည်း အတူ၊ စာကျက်တော့လည်း အတူဆိုတော့ ကျောင်းသားကြီးတွေက ကိုကိုနှင့် အေးကို "ကလေးလင်မယား"ဟု ပြောကာ နောက်ပြောင်ကြတော့သည်။

ကိုကိုနှင့် အေးအေးတို့သည် ဘဝအဆက်ဆက် ယခုလိုပင် အတူနေကြရသော ပါရမီအထုံပါလာခဲ့လေသလားဟုပင် မိတ်များက ထင်မြင်နေခဲ့ကြလေ၏။ မည်သို့ပင်ပြောပြော ပြန်မပြောသော်လည်း နားမထောင်ကြချေ။

ဤသို့ဖြင့် အရွယ်လေးတွေ ကြီးလာပြီး ရှစ်တန်းသို့ပင် ရောက်လာခဲ့ကြလေပြီ။ ရှစ်တန်းကို ရောက်လာသော အချိန်တွင် အေးအေးမှာ မကြာခဏ ရင်ထဲက အောင့်အောင့်နေ၏။ တစ်ခါတလေ အစာပင် မစားနိုင်။ ကျောင်းပင် မှန်မှန်မတက်နိုင်ဖြစ်လာခဲ့၏။

တစ်နေ့က ကျောင်းမှအပြန်တွင် လမ်းပေါ်မှာတင် အေးမှာ အောင့်လွန်းသဖြင့် တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေ၏။ ခန္ဓာကိုယ်လေး တုန်လျက်…

"ကိုကို…ကိုကို…အောင့်တယ်၊ ရင်ထဲမှာ အောင့်တယ်"

> ❝
>
> ကျောင်းသွားလည်း အတူ၊
> ကျောင်းပြန်လည်း အတူ၊
> စာကျက်လည်းအတူ၊
> မုန့်စားလည်းတစ်ယောက်
> တစ်ဝက်စားကြတယ်။
> ဒါကြောင့် သမီးအဖေနဲ့ ကိုကို့အဖေ၊
> အမေတို့က ကြီးလာရင်
> ပေးစားကြမယ်တဲ့။
> ဒီနေ့လည်း ခိုင်ရယ်၊
> ကိုကိုနဲ့ အတူလာလို့ပေါ့၊
> နို့မို့ရင် သမီးလေးတော့ မလွယ်ဘူး။
> ကျောင်းက ပြန်လာလို့
> လမ်းတစ်ဝက်လည်းရောက်ရော
> ကိုကို…ညီမလေးရင်တွေ
> အောင့်လာတယ်'လို့ပြောတော့
> ကိုကိုက ကုန်းပိုးခေါ်လာခဲ့တယ်
>
> ❞

လို့ ပြောရင်း သတိမေ့မြော… ပြုလာခဲ့လေပြီ။

ကိုကိုသည် အေးကို တင်း… ဖက်ထားပြီး အေး၏ လွယ်အိတ်… ဆွဲယူ၍ လွယ်သည်။ အေးကို ကျော… မှာ ပိုးလျက် အိမ်သို့ ရောက်အောင်… လာခဲ့သည်။

ကိုကိုနှင့် အေးကို မြင်သောအ… အေးအမေ ဒေါ်အေးနုသည် အိမ်ထဲက… ပြေးထွက်လာကာ အေးကို ဆီး၍… ၏။ အေးကား သတိမရတော့။

ကိုကိုသည် မောဟိုက်လျ… အသက်ကို ဟောဟဲ… ဟောဟဲ… အသက်ကို မနည်းရှူနေရ၏။ တ… ကိုယ်လုံးမှာလည်း ချွေးတွေနှင့် ရွှဲနစ်… ၏။

ဒေါ်အေးနုက ဖုန်းဆက်၍… ဆရာဝန်ကို ပင့်နေ၏။ ကိုကိုသည်… အေး၏ လက်ကလေးကို ဆုပ်ကိုင်… လျက် အေး၏ မျက်နှာလေးကို စိုက်၍… ကြည့်ကာ ဖြူနေသော ပါးပြင်ပေါ်သို့… မျက်ရည်ပွင့်တို့က အဆက်မပြတ် စီး… ဆင်း၍နေ၏။

ဒေါ်အေးနုက ကိုကို့အနားမှာ… ဝင်ထိုင်သည်။

"ကျေးဇူးတင်လိုက်တာ သား… ကြီးရယ်၊ ကျေးဇူးကြီးပါတယ်ကွယ်။ ညီမလေးအသက်ကို ကိုကိုကယ်လိုက်… တာပါကွယ်။ ကိုကို့သာ မပါရင် သမီး… လေးအတွက် မစဉ်းစားရဲဘူးကွယ်"

ဟု ပြောနေစဉ် ဒေါက်တာ… မင်းမင်းခိုင် အပြေးအလွှား အိမ်ပေါ်သို့… တက်လာသံ ကြား၏။ ကိုကို ထိုင်နေရာ… မှ ထ၍ အခန်းထဲမှ ပြေးထွက်သွားပြီး… ဒေါက်တာ မင်းမင်းခိုင်ကို ကြိုလျက်… အခန်းထဲသို့ ခေါ်လာခဲ့၏။ ဒေါက်တာ… မင်းမင်းခိုင်သည် ချက်ချင်းပင် အေး၏… ရင်ကို နားကြပ်နှင့် စမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com

"နုလုံးခုန်နှုန်း သိပ်နှေးတယ်"

လို့ ပြောပြီး ရင်ကို လက်နှင့်ဖိ၍ ဖိ၍ပေးသည်။ ထို့နောက် တစ်ခါပြန်စမ်းပြန်၏။ လက်နှစ်ဖက်ဖြင့် ခပ်ပြင်းပြင်းဖိပြန်သည်။ မတတ်သာသည့်အဆုံး ပါးစပ်ချင်းတေ့ကာ လေကိုခပ်ပြင်းပြင်း နှစ်ခါသုံးခါမှုတ်သွင်းလိုက်ပြီး တစ်ခါပြန်၍ စမ်းသပ်ပြန်၏။

"အင်း…နှလုံးခုန်နှုန်း မှန်လာနေပြီ။ မကြာမီ သတိပြန်ရလာမှာပါ"

ဆရာဝန်မလေးက ထိုသို့ပြောတော့ ကိုကို့မျက်နှာလေး လင်းလက်လာသည်။

"သမီးလေး…သမီးလေး"

ဒေါ်အေးနုက ခေါ်နေသည်။ အေးကား သတိမရသေးပါ။ အတော်လေး ကြာတော့ မျက်ခွံလေး လှုပ်လာသည်။ လက်ချောင်းလေးတွေ လှုပ်လာသည်။

"ကိုကို…ကိုကို"

အေးအေးက ဖွဖွခေါ်သည်။

"ညီမလေး…ညီမလေး သတိရလာပြီလား။ ကိုကို ဒီမှာလေ"

ကိုကိုက အေးလက်လေးကို ဆုပ်ကိုင်လိုက်သည်။ အေးအေးကလည်း ကိုကို့လက်ကို ဆုပ်ကိုင်ထားလိုက်၏။

"ဒီကလေးနှစ်ယောက်က သိပ်ချစ်ကြတာပဲနော် အန်တီနု"

ဒေါက်တာ မင်းမင်းခိုင်က ကလေးနှစ်ယောက်ကို ကြည့်ပြီး ပြော၏။

"ဟုတ်တယ် ခိုင်။ ဘယ်လိုပတ္တန်းဆက်လည်း မသိဘူး။ တစ်ယောက်ကို တစ်ယောက် အရမ်းခင်ကြတာ။ ကျောင်းသွားလည်း အတူ၊ ကျောင်းပြန်လည်း အတူ၊ စာကျက်လည်း အတူ၊ မုန့်စားလည်း တစ်ယောက် တစ်ဝက်စားကြတယ်။ ဒါကြောင့် သမီးအဖေနဲ့ ကိုကို့အဖေ၊ အမေတို့က ကြီးလာရင် ပေးစားကြမယ်တဲ့။ ဒီနေ့လည်း ခိုင်ရယ်၊ ကိုကိုနဲ့ အတူလာလို့ပေါ့။ နို့မို့ရင် သမီးလေးတော့ မလွယ်ဘူး။ ကျောင်းက ပြန်လာလို့ လမ်းတစ်ဝက်လည်း ရောက်ရော ကိုကို…ညီမလေးရင်တွေ အောင့်လာတယ်"လို့ ပြောတော့ ကိုကိုက ကုန်းပိုးခေါ်လာခဲ့တယ်။ လမ်းမှာကတည်းက သမီးလေး မေ့မြောသွားတယ်တဲ့ကွယ်"

ဒေါ်အေးနုက ပြောတော့ ဒေါက်တာ မင်းမင်းခိုင်က ကိုကို့ကို သိုင်းဖက်လိုက်သည်။

"အသက်သခင် ကျေးဇူးရှင်ပဲလေ၊ သားလေး ဘော်တော်မောမှာပေါ့နော်"

"ဟုတ်တယ် ခိုင်။ ကိုကို့ကြောင့် သမီးလေး အသက်ရှင်တာ။ ကျေးဇူးပဲ သားကြီးရယ်"

ဆိုကာ ကိုကို့လက်ကို ဆုပ်ကိုင်၍ ထားလိုက်၏။

"အေးနုရေ…သားကြီး အိမ်မှာရှိသလား"

မဦးက လှမ်း၍ မေးနေ၏။

"ရှိတယ် မမဦး။ အိမ်ပေါ် တက်ခဲ့ပါဦး"

ကိုကို့အမေ မဦး အေးတို့အိမ်ပေါ်သို့ တက်လာခဲ့၏။

"ဟင်…သမီးလေး ဘာဖြစ်လို့လဲ အေးနု"

မဦးက စိုးရိမ်တကြီးမေးလိုက်၏။

"ကျောင်းက အပြန် လမ်းတစ်ဝက်လောက်မှာ သမီးလေးရင်ထဲက အောင့်တယ်ဆိုလို့ သားကြီး ကိုကိုက ကုန်းပိုးပြီး ခေါ်လာတာ။ လမ်းမှာတင် သမီးလေး သတိမေ့သွားသတဲ့ မမဦးရယ်။ သားကြီးပါပေလို့သာပေါ့။ နို့မို့ သမီးလေးအတွက် စဉ်းတောင် မစဉ်းစားရက်ဘူးရှင်။ ဒါနဲ့ ဒေါက်တာ မင်းမင်းခိုင်ကို ဖုန်းဆက်ပြီး ပင့်လိုက်ရတာ"

ဒေါ်အေးနုက ပြောပြနေ၏။

"ဟုတ်တယ် အန်တီ။ သမီး ရောက်ရောက်ချင်း နှလုံးခုန်နှုန်းကို စမ်းလိုက်တော့ တော်တော်စိုးရိမ်သွားတာ။ နှလုံးခုန်နှုန်းက အရမ်းကျနေတယ်။ ဒါနဲ့ ဆေးတစ်လုံး ကမန်းကတန်းထိုးပေးလိုက်တယ်။ ရင်ကို လက်နဲ့ တင်းတင်းဖိပေးပြီး နှလုံးခုန်ဖို့ ကြိုးစားတယ်။ ဒါလည်း နှလုံးခုန်နှုန်း တက်မလာဘူး။ နောက်ဆုံး အသက်ကယ်တဲ့ နည်းနဲ့ ပါးစပ်ချင်းတေ့ပြီး လေပြင်းပြင်း သုံးခါမှုတ်သွင်းလိုက်တော့မှ နှလုံးခုန်နှုန်း နည်းနည်းပြန်တက်လာတယ်။ ဒီတော့မှ သမီး အသက်ရှူနိုင်တော့တယ် အန်တီတို့ရယ်"

ဒေါက်တာ မင်းမင်းခိုင်က ပြောပြလိုက်၏။

"ခုတော့ စိတ်ချရပြီလား ခိုင်"

ဒေါ်အေးနုက မေးလိုက်၏။

"နှလုံးခုန်နှုန်းတက်လာပြီဆိုတော့ စိတ်ချရလောက်ပါပြီ အန်တီ"

"ကျေးဇူးတင်လိုက်တာ ခိုင်ရယ်။ အရမ်းကျေးဇူးတင်ပါတယ်ကွယ်"

ဟု ပြောနေစဉ် အိမ်ရှေ့မှာ ကားတစ်စီးထိုးရပ်သံကို ကြားရသည်။ မကြာမီ ဦးအောင် အိမ်ပေါ်ကို တက်လာခဲ့၏။

"သမီးလေး…ဘာ…ဘာဖြစ်လို့လဲ နု။ ဒေါက်တာ မင်းမင်းခိုင်ကားကို တွေ့ကတည်းက တစ်ယောက်ယောက် ဘာများဖြစ်လို့ပါလိမ့်ဆိုပြီး အပြေးအလွှားတက်လာခဲ့တာ"

ဦးအောင်က အလောတကြီး မေးနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အေးနုက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တော့ ဦးအောင်မှာ သမီးလေးအတွက် စိတ်မကောင်းဖြစ်ကာ ကိုကို့ကို သိုင်းဖက်လိုက်၏။

“ကျေးဇူးတင်ပါတယ် သားကြီးရယ်။ ဒေါက်တာ့ကိုလည်း အရမ်းကျေးဇူးတင်ပါတယ်ကွယ်။ ကုမ္ပဏီကိစ္စတွေက အရေးကြီးနေလို့ နောက်ကျသွားတယ် နုရယ်”

“သမီးလေး…နေကောင်းသွားပြီလား”

ဟု သူ့အဖေက မေးတော့ ခေါင်းညိတ်၍ ပြ၏။

“ဒါနဲ့ အန်ကယ်လ်နဲ့ အန်တီတို့ကို သမီးမှာခဲ့ပါရစေ။ ညီမလေးကို မနက်ဖြန် ဆေးရုံကို သွားဖြစ်အောင် သွားပြလိုက်ကြပါ။ အခုသက်သာနေပေမယ့် စိတ်မချရသေးပါဘူး။ နှလုံးခုန်နှုန်းက သိပ်အားမရသေးဘူး။ ဆေးရုံမှာက ကိရိယာစုံတယ်၊ ခေတ်မီတယ်၊ ရောဂါသိမှ ဆေးရှိမှာပါ”

ဒေါက်တာ မင်းမင်းက ထိုသို့ ပြောတော့ ဦးအောင်မှ…

“စိတ်ချပါ သမီး။ မနက်ဖြန်မနက် သွားပြလိုက်ပါ့မယ်။ ကျေးဇူးပဲ သမီး”

ဟု ပြောပြီး ပိုက်ဆံအိတ်ထဲက ငွေတစ်သောင်းကို ထုတ်ယူလိုက်ကာ ဒေါက်တာ မင်းမင်းခိုင်ကို ပေး၏။

“ကျေးဇူးပဲ အန်ကယ်လ်။ ဒါပေမယ့် သမီးတို့ဟာ ကူညီသင့်လို့ ကူညီတာပါ။ မိသားစုတွေပဲ ပေးစရာမလိုပါဘူး။ သမီးကို ခွင့်ပြုပါဦး”

ဟု ဆိုကာ အားလုံးကို နှုတ်ဆက်ပြီး ပြန်သွားလေ၏။ ကိုကို့အမေကလည်း…

“ကိုအောင်ရော၊ ညီမ အေးနုရော သမီးလေးပါ ခွင့်ပြုကြပါဦး”ဆိုပြီး…

“လာ…သားကြီး၊ သွားကြမယ်”



လို့ ပြောရင်း ထိုင်နေရာက ထရပ်လိုက်ကြ၏။

ကိုကိုသည် ညီမလေး၏ လက်ကို ဖြည်းဖြည်းချင်း ဖြုတ်လိုက်ကာ-

“ကိုကို အိမ်ပြန်တော့မယ်နော် ညီမလေး”

လို့ နှုတ်ဆက်လိုက်၏။

“ကိုကို…မနက်လာခဲ့နော်”

အေးအေးက လှမ်းပြော၏။

“အေးပါ၊ လာခဲ့မယ်”

ဆိုပြီး ကိုကိုတို့သားအမိ အိမ်သို့ ပြန်လာခဲ့ကြ၏။

**အခန်း (၃)**

အလင်းသစ်တို့ နိုးထစ…။

အရှေ့ မိုးကုတ်စက်ဝိုင်းပေါ်၌ ရောင်စုံခြယ် ပန်းချီကားတစ်ချပ်က အလင်းသစ်ကို ကြိုဆိုလျက် ကြက်ဖတို့ တွန်ကျူးနေချိန်…

“ကိုအောင်…ကိုအောင်”

အေးနု၏ အထိတ်တလန့်ခေါ်သံကြောင့် ကိုအောင် အိပ်ရာမှ လူးလို့ ထကာ သမီးလေးအခန်းသို့ ပြေးလာခဲ့၏။

“ဘာဖြစ်လို့လဲ နု ဘာဖြစ်လို့လဲ”

အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် အလောတကြီးမေးလိုက်၏။ ထိုစဉ် ကိုအောင်၏ အစ်မ ဒေါ်နန်းအေးလည်း အပြေးအလွှားရောက်လာခဲ့၏။

“သမီးလေး… သမီးလေး ခေါ်လို့ မရတော့ဘူး”

လို့ ပြောရင်း ခင်အေးနု တသိမ့်သိမ့်ရှိုက်ငို၍ နေလေပြီ။

“အို…ဘုရား…ဘုရား… သမီးလေးရယ်”

လို့ ပြောကာ ရင်ကို လက် ဖိ၍ထားလေ၏။

ကိုအောင်သည် အခန်းထဲ ပြေးထွက်သွားကာ ကုတ်အကျီ ထပ်ဝတ်လိုက်ပြီး ပိုက်ဆံအိတ်ကို ယူကာ သမီးလေးဆီသို့ ပြေးလာ ပခုံးပေါ်၌ ထမ်း၍ အိမ်အောက် ပြေးဆင်းလာခဲ့လေသည်။ ခင်အေး သည်လည်း နောက်က ပြေးလိုက် ခဲ့သည်။

ကိုအောင်သည် ကားတံခါး ဖွင့်လျက် ခင်အေးနုကို ဝင်စေပြီး သမီးလေးကို ခင်အေးနုရင်ခွင်ထဲမှာ ထား ကားကို တရကြမ်းမောင်း၍ ရန်ကု ဆေးရုံကြီးသို့ လာခဲ့လေ၏။ ဆေးရုံကြီးသို့ ရောက်သည်နှင့် သမီးလေးကို ပခုံးပေါ်မှာ ထမ်းကာ ဆေးရုံပေါ်သို့ ပြေးတက်လာခဲ့သည်။ ဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာဝန်မများ၊ သူနာပြု ဆရာမများ ရောင်းလှည့်လာသည်နှင့် ကံအားလျော်စွာ တွေ့တော့ ဆရာဝန်ကြီးက…

“လာ…လာ”



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး ခေါ်သွားကာ မေးစရာရှိ ...ည်တိုက်ကို မေးပြီး ချက်ချင်းပင် အရေး ...အခန်းသို့ ပို့လိုက်၏။

သူနာပြု ဆရာမလေးတစ်ဦး ...က်လာကာ···

"အေးမိဘများ ကြွပါရှင့်"

လို့ ခေါ်၏။

ဦးအောင်နှင့် ဒေါ်ခင်အေးနုတို့ ...ပြေးအလွှားလိုက်ပါသွား၏။

"ခွဲစိတ်ဖို့ လိုတယ်။ ဒါပေမယ့် ...စိတ်ရင် ကောင်းမယ်လို့ အတိအကျ ...ပြောနိုင်ဘူး"

ဆရာဝန်ကြီးက ထိုသို့ပြောနေ ...ည့်မှာပင် ဆရာဝန်တစ်ဦးက···

"နှလုံးခုန်ရပ်သွားပြီ"

လို့ စိုးရိမ်စွာ ပြောလိုက်သဖြင့် ...ရာဝန်ကြီးများ လှုပ်ရှားလိုက်ကြ၏။

ထိုအချိန်မှာပင် အေးက "ကိုကို" ...ို့ တစ်ခွန်းခေါ်လိုက်ပြီး လုံးဝငြိမ်သက် ...သွားလေသည်။

"သမီးလေး···သမီးလေး"

ဟု ခေါ်ရင်း ဒေါ်ခင်အေးနုလည်း ...မြော၍သွားလေပြီ။ ဦးအောင်မှာကား ...သမီးလေးမျက်နှာကို ငေးကြည့်ကာ ...ကို တင်းတင်းကြိတ်လျက် မျက်ရည် ...တွေတွေစီးကျနေ၏။

ဆရာဝန်တို့က ခင်အေးနုကို ...ပြုရသဖြင့် ခင်အေးနု သတိပြန်ရလာ ...ခဲ့လေပြီ။ သမီးလေးကား ဝိညာဉ်မဲ့ ...သဲလျောင်းလျက်။

**အခန်း (၄)**

"ကိုကို"

အေး၏ ခေါ်သံကို ကြားသည်။ ကိုကိုသည် စာကျက်နေရာမှ ထပြေး ...သွားကာ ပြတင်းမှ လှမ်း၍ကြည့်လိုက် ...သည်။

"အေး···ညီမလေး၊ ကိုကိုလာ ...မယ်နော်။ ခု ဆင်းလာခဲ့မယ်"

ပြောပြီး ကျောင်းယူနီဖောင်းကို ကမန်းကတန်းဝတ်သည်။ ထိုစဉ် အမေ ရောက်လာခဲ့၏။

"သား···ကျောင်းသွားတော့မလို့ လား"

မဦးက ကိုကို့မျက်နှာကို ပြုံး ကြည့်ရင်း မေး၏။

"ဟုတ်တယ် အမေ။ ညီမလေး အိမ်ခြံဝမှာ စောင့်နေတယ် အမေ"

ဆိုပြီး ကိုကိုသွားဖို့ လှုပ်လိုက်စဉ် သူ့အမေက ကိုကို့လက်ကို ဆွဲကိုင် လိုက်သည်။

"နေပါဦး သား။ အေး နေမကောင်း လို့ ဆေးရုံကို ဒီနေ့မနက်အစောကြီးက တင်လိုက်တယ်လေ။ ဘယ်မှာလဲ အေး ပြောပါဦး"

သူတို့သားအမိ ပြတင်းဆီသို့ လာခဲ့ပြီး ပြတင်းမှ အိမ်ရှေ့ လမ်းပေါ် ကို လှမ်းကြည့်သောအခါ ကျောင်းယူနီ ဖောင်းဝတ်လျက် ကျောင်းလွယ်အိတ် လေးကို လွယ်ပြီးရပ်နေသော အေးအေး ကို တွေ့ရ၏။

"တွေ့လား အမေ။ သား လိုက် သွားမယ်နော်"

လို့ ပြောပြီး ပြေးဆင်းသွားလေ ၏။

ကိုကို လမ်းပေါ်သို့ ရောက်သွား သောအခါ အေးအေးကို မတွေ့ရတော့ ပေ။ သူသည် ရှေ့နောက် ဝဲယာတို့ကို လှည့်ပတ်၍ ကြည့်၏။ ရွှေတန်းပွင့်လမ်း ထိပ်မှာ ရပ်၍ သူ့ကို လှည့်ကြည့်နေ သော အေးကို တွေ့သဖြင့် ကိုကိုပြေး လိုက်သွားပြန်သည်။ အေးသည် ခပ် သွက်သွက်လျှောက်သွားနေ၏။

"ညီမလေး···ကိုကို့ကို စောင့်ဦး"

ဆိုကာ အပြေးအလွှားလိုက်သွား ပြန်၏။ ရေကျော်ဈေးရှေ့မှာ အေးကို တွေ့လိုက်သဖြင့် ပြေးလိုက်သွားသော အခါ အေးသည် ရေကျော်ဈေးထဲသို့ ဝင်သွားသည်ထင်၏။ အေးကို မတွေ့ရ တော့။

ကိုကိုသည် ဈေးထဲသို့ လိုက်ဝင် ကာ တစ်ဈေးလုံးအနှံ့ လိုက်ရှာသော် လည်း အေးကို လုံးဝ မတွေ့ရတော့ ချေ။ ကိုကိုသည် အေးအေး သူ့ကို နောက်ပြီး ကျောင်းကို ပြေးသွားပြီထင် သဖြင့် ကျောင်းကို လိုက်လာခဲ့သော် လည်း အေးကိုကား မတွေ့ရပါ။

စာသင်နေရသော်လည်း စိတ်က စာထဲကို မရောက်တော့။ အေးအေးဆီ သို့သာ ရောက်နေသည်။

"အေး···ညီမလေး၊ ကိုကို့ကို ဘာလို့ ဒီလိုလုပ်တာလဲ"

ကိုကိုနဲ့ အေး ပထမတန်းမှ ရှစ်တန်းရောက်တဲ့အထိ တစ်ယောက် ကို တစ်ယောက် မျက်စိအောက်က အပျောက်မခံ။ ခုတော့···။

ကိုကို့မျက်လုံးအိမ်ထဲမှာ မျက် ရည်စတွေ ဝိုင်းဖွဲ့လာနေကြသည်။ ရင် ထဲမှာ ဆို့နစ်စွာ ခံစားနေရသည်။

"အေး···ရက်စက်တယ်"

"အေး···ကိုကို့ကို မုန်းသွားပြီ လား"

"ညီမလေးရယ်···ကိုကို့ဆီကို လာခဲ့ပါတော့"

ကိုကို့ခမျာ နှုတ်ခမ်းတလှုပ်လှုပ် နဲ့ တစ်ယောက်တည်း တိုးတိုးလေး စကားပြောနေမိသည်။

ဒေါ်မဦးသည် စာသင်ခန်းထဲသို့ ဝင်လာခဲ့ပြီး ကိုကို့ကို မြင်ပေမယ့် ဆရာမ ဒေါ်မျိုးမျိုးဆီသို့ လျှောက်လာ ခဲ့၏။

"မဦး···သားကို လာကြိုတာ လား"

"ဆိုပါတော့ ဆရာမရယ်။ ကိုကို့ ကို နေ့တစ်ဝက် ခွင့်ပေးဖို့ လာခွင့်



www.burmeseclassic.com

www.burmeseclassic.com

တောင်းတာပါ"

"ဘာဖြစ်လို့လဲ"

"အေးအေးလေ၊ ကိုကို့ညီမလေး ဆုံးသွားလို့"

"ရှင်…၊ ဒါကြောင့် ကိုကို ငူငူငိုင်ငိုင်ဖြစ်နေတာကိုး"

"ကိုကို မသိသေးဘူး ဆရာမရယ်"

"ရှင်…၊ ဘယ်တုန်းက ဆုံးသွားတာပါလဲ"

"ဒီနေ့မနက် ၇နာရီက ဆေးရုံကြီးမှာ ဆုံးသွားတာ။ ၇နာရီခွဲမှာ အေးအေးလေ ကျောင်းယူနီဖောင်းလေး ဝတ်ပြီး လွယ်အိတ်လေး လွယ်လို့ အိမ်ရှေ့မှာ ရပ်နေတယ်။ ဒီတော့…"

မမဦးခမျာ စကားပင် မပြောနိုင်တော့။ မျက်ရည်မိုးတွေ သွန်ဖြိုးရွာနေလေပြီ။

"ပြီးတော့ ကိုကို့ရယ်…ကျောင်းသွားမယ်လို့ လှမ်းခေါ်တယ်။ ကိုကိုက ကမန်းကတန်း ကျောင်းယူနီဖောင်းကို ဝတ်ပြီး ပြေးဆင်းလိုက်သွားတယ်။ ခုတော့မှ ခင်အေးနု ဖုန်းဆက်လို့ သိရတာပါ။ သမီးလေး ဆုံးသွားပြီတဲ့"

"အို…ကိုကို့ကို သနားလိုက်တာ မမဦးရယ်"

ဆရာမ ဒေါ်မျိုးမျိုး မျက်ရည်ဝဲနေပြီ…

"ဖြစ်မှဖြစ်ရလေ သမီးလေးရယ်"

လို့ ပြောရင်း မျက်ရည်စတွေကို လက်ကိုင်ပဝါနှင့် သုတ်နေရှာ၏။

"ခေါ်သွားပါ မမဦး။ ဆရာမကြီးကို ညီမ ပြောလိုက်ပါ့မယ်"

မဦးသည် ထိုင်နေရာမှ လေးပင်စွာ ထလျက် ကိုကို့ဆီသို့ လျှောက်လာခဲ့သည်။

"သား"

"ဟင်…မေမေ"

"သွားကြမယ်၊ စာအုပ်တွေ သိမ်း။ အဖေ ကားပေါ်က စောင့်နေတယ်"

"အမေ…ကျောင်းမဆင်းရသေးဘူးလေ"

"အမေ…ဆရာမကို ခွင့်တိုင်ခဲ့ပြီ သားရဲ့"

ဆိုတော့မှ စာအုပ်တွေကို လွယ်အိတ်ထဲ ထည့်လို့ လွယ်ကာ ထိုင်နေရာက ထသည်။ ကျောင်းသား၊ ကျောင်းသူတွေက သူတို့သားအမိကို လှမ်းကြည့်နေကြ၏။ သူတို့ ကျောင်းပေါ်က ဆင်းလာခဲ့ကြသည်။

"အမေ…ဘယ်သွားမှာလဲ"

ကိုကိုက သူ့အမေ၏ မျက်နှာကို မော့ကြည့်လို့ မေးသည်။

"ညီမလေးဆီကိုလေ"

"ညီမလေးဆီကို…"

သူက မရှင်းလင်းစွာ သံယောင်လိုက်၍ပြောသည်။



သူတို့ ကားပေါ်ကို တက်ပြီး… နောက် ကားသည် ကျောင်းရှေ့က ပြေး… ထွက်လာခဲ့ပြီ။

**အခန်း (၅)**

မိုးသည် ဖွဲဖွဲလေး ရွာနေ… သည်းလာ၏။

သူတို့ စကားမပြောဖြစ်ကြ… ကိုယ့်အတွေးနှင့် ကိုယ်။

ဆေးရုံကြီး ကော်ရစ်ဒါအော… မှာ ကားထိုးရပ်လိုက်ပြီး သူတို့ ကား… က ဆင်းပြီး ဆေးရုံပေါ်သို့ တက်… ခဲ့ကြသည်။ ကိုကိုသည် မဝံ့မရဲ… နေး တုံ့နေးနှင့် လျှောက်သွားနေ…

"သား…ညီမလေးနဲ့မတွေ့… ဘူးလား"

မဦးက သားကို ပြောသော… ဦးအောင်ကျော်ထွန်းက အထက်… ကျောင်းအုပ်ဆရာကြီးပီပီ မျက်မှေ… ကပ်၍ လှည့်ကြည့်လိုက်၏။

သည်တော့မှ သူ့စကားမှား… မှန်း မဦး သတိထားမိသည်။

"တွေ့ချင်တာပေါ့။ ဒါပေမယ့်… ညီမလေးက သားကို စိတ်ကောက်… တယ် ထင်ပါရဲ့"

ကိုကိုက မောလျှစွာ ပြောသ… မဦး ဘာမှပြန်မပြောတော့။

သူတို့ အပေါ်ထပ်ကို ရော… သောအခါ ဦးအောင်နှင့် ခင်အေးန… ပြေးလာကြကာ ခင်အေးနုက မဦး… သိုင်းဖက်လျက် တသိမ့်သိမ့်ရှိုက်ငို… သည်။ ဦးအောင်က သားကို သိုင်း… လျက် တစ်ကိုယ်လုံး တဆတ်ဆ… တုန်နေသည်။ မျက်ရည်တွေ စီးက… သည်။

"ကျွန်တော် မှားသွားလို့ သ… လေးကို ဆုံးရှုံးလိုက်ရတာပါ ဆ… ရယ်။ ကျွန်တော် မပြေ…ဘူး… ဒေါက်တာ မင်းမင်းဦး… စိတ်မ…

www.burmeseclassic.com

www.burmeseclassic.com

ဘူးလို့ ပြောခဲ့သားပဲ။ အဲဒီညနေ တည်းက သမီးလေးကို ချက်ချင်း ရုံကို ပို့သင့်တယ်။ ခုတော့ နှမ်တော် ရှုံးရပြီဗျာ"

ဦးအောင်က ယူကျုံးမရစွာ ပြော ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင် လေပြီ၊ ကိုကို့မှာကား နားမလည်စွာ အဖေ့မျက်နှာကို ကြည့်၊ အမေ့မျက်နှာ ကို ကြည့်၊ ဦးအောင်နှင့် ခင်အေးနုတို့ မျက်နှာကို ကြည့်လိုက်နှင့် လုပ်နေလေ ၏

သမီးလေးကို ကိုကို မရောက် သေးလို့ ဆရာဝန်ကြီးကို တောင်း ပြီး ထား,ထားရတာလေ"

"မနက်က သား· · ·သားကို ကျောင်းသွားဖို့ ညီမလေး လာခေါ်သေး ယ်လေ။ အဲဒါ· · ·အဲဒါ သား နား လည်တော့ဘူးဗျာ"

"ဟုတ်လား ကိုကို၊ သမီးလေး ကျောင်းသွားဖို့ သားကို လာခေါ်တယ်၊ ဟုတ်လို့လား"

ခင်အေးနုက တအံ့တဩမေး ၏။

"မယုံရင် အမေ့ကို မေးကြည့် ါလေး"

"ဟုတ်လား မဦး"

"ဟုတ်တယ် ညီမ၊ ကိုကို စိတ် ဆင်းရဲမှာစိုးလို့ မဦး မပြောဘဲ လွှတ် ပေးလိုက်တာပါ။ ဒါပေမယ့် အစ်မ လေ· · ·အစ်မ ယူကျုံးမရစွာ ရိုက်ငို လိုက်မိတယ် ညီမရယ်"

မဦးက သူ့ခံစားချက်ကို အမှန် အတိုင်းပြောလိုက်၏။

"တကယ်တော့ ဦးအောင်နဲ့ ခင် အေးနုတို့ရယ်၊ ညီနဲ့ ညီမတို့မှာ ခင်မတန်လှပ ယဉ်ကျေး ထက်မြက် တဲ့ သမီးလေး ဆုံးရှုံးခဲ့ရလို့ ယူကျုံးမရ မ်းနည်းကြေကွဲခဲ့ကြရသလို၊ ကိုကို့နဲ့ ကျွန်တော်တို့ ဇနီးမောင်နှံမှာလည်း သမီးတစ်ယောက်ဆုံးရှုံးခဲ့ရပြီလို့ ရင်နင့် ကြေကွဲနေကြရတာပါဗျာ"

ကိုကို့အဖေ ဦးအောင်ကျော်ထွန်း က ပြောတော့ အားလုံး ကြိတ်လို့ ငို ကြွေးနေကြရလေပြီ။ ထိုအချိန်တွင် ဆရာဝန်နှစ်ယောက် ရောက်လာခဲ့ကြ ကာ· · ·

"လူကြီးမင်းတို့ခင်ဗျား· · ·ကွယ် လွန်သူ အေးအေးဆီသို့ သွားတွေ့ကြ ဖို့ အချိန်ရောက်ပါပြီခင်ဗျား"

လို့ ပြောသဖြင့် အေး၏ အခန်း ထဲကို အားလုံးဝင်လာခဲ့ကြလေ၏။

အေးအေးလေးကား ကုတင်ပေါ် မှာ ပီဘိအိပ်နေသလို လဲလျောင်း၍ နေချေပြီ။ ကြိတ်၍ ငိုကြွေးသံများက ရင်နာဖို့ ပို၍ကောင်းလွန်းလှပါသည်။

"ညီမလေး· · ·ညီမလေး· · ·ညီမ လေးရယ်"

လို့ ခေါ်လိုက်ကာ အခန်းထဲသို့ ပြေးဝင်သွားလျက် အေးအေး၏ ရုပ် အလောင်းကို ပွေ့ဖက်လိုက်စဉ်· · ·

"ကိုကို· · ·ကိုကို· · ·ကိုကို့ရယ်"

ဆိုသော အေးအေးလေး၏ အသံ ကို အခန်းထဲက ကြားရပြီး ရှိုက်ငိုသံ တို့က ပေါ်လာပြန်၏။

မဦးနှင့် ခင်အေးနုတို့မှာ· · ·

"သမီးလေး· · ·သမီးလေး"

. . လို့ ခေါ်ရင်း မေ့မြော၍သွားကြ လေပြီ။ ယောက်ျားကြီးနှစ်ယောက်မှာ လည်း ဖြေမဆည်နိုင်တော့၊ တသိမ့်သိမ့် ရှိုက်ငိုနေကြလေပြီ။

ကိုကိုကား အေး၏ ရုပ်အလောင်း ကို အတင်းပွေ့ဖက်လျက်· · ·

"ညီမလေး· · ·ညီမလေး· · · ကိုကို့ကို ခွဲမသွားရဘူး၊ ခွဲမသွားရဘူး။ ကိုကို ရှုံးရပြီ ညီမရယ်။ ကိုကို ဘာလို့ ခွဲသွားရတာလဲ။ ကိုကို ညီမလေးကို မခွဲနိုင်ဘူး။ မခွဲနိုင်ဘူး"

လို့ ဗလုံးဗထွေးပြောနေလေ၏။

"ကိုကို· · ·ကိုကို· · ·ကိုကို"

လို့ ခေါ်သံသည် တဖြည်းဖြည်း ဝေး၍ ဝေး၍သွားကာ အေးအသံက ပျောက်သွားလေပြီ။

မဦးနှင့် ခင်အေးနုတို့ကို သူနာပြု ဆရာမတွေက ပြုစုသဖြင့် အတော်လေး ကြာတော့မှ သတိရလာခဲ့ကြလေ၏။

"သမီးလေး· · ·မေမေ့သမီးလေး။ ဖေဖေနဲ့ မေမေ့ကို နှုတ်လေးတစ်ချက် ဆက်ခဲ့ပါဦး။ မေမေ့ပါးလေးကို တစ်ချက် လောက် မွှေးမွှေးပေးခဲ့ပါဦး။ မေမေ ရင်ကွဲရပါပြီ သမီးကြီးရယ်။ မေမေ ရှုံး နေပြီ လာကြည့်ပါဦး သမီးရယ်၊ မေမေ ရှုံးနေရပြီ"

ခင်အေးနုကား ပြောရင်းပြောရင်း မေ့မြော၍ သွားပြန်သဖြင့် ဦးအောင်က ပွေ့ဖက်၍ ထားလိုက်၏။

ထိုအချိန်တွင် အခန်းတံခါးပွင့် လာကာ တွန်းလှည်းတစ်ခုကို တွန်း လျက် ဆေးရုံအလုပ်သမား သုံးယောက် နှင့် ဆရာဝန်နှစ်ယောက်၊ သူနာပြု ဆရာမ နှစ်ယောက်တို့ ရောက်လာခဲ့ ကြပြီး အေးအေး၏ ရုပ်အလောင်းကို သယ်ယူသွားကြလေပြီ။

အခန်းထဲမှာကား ငိုသံ၊ ရှိုက်သံ တို့ဖြင့် ထုံမွှန်းလျက် ကျန်နေခဲ့လေပြီ တည်း■

* * *

သန်းဆွေသစ်



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ် စိုးမိုးနိုင်

# ဘဝပုစ္ဆာ အဖြေရှာကျော

ရတီ
စမ်းချောင်း၊ ရန်ကုန်တိုင်းဒေသကြီး။

**မေး။** ။ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။

**ဖြေ။** ။ ရတီသည် တရုတ်ရိုးရာဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ ဆိတ်(သဂ္ဂု)နှစ်ဖွား ဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၉)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ဓနုရာသီဖွား (Sagittarius)ဖြစ်ပါသည်။ ထို့ကြောင့် ရတီသည် မိဘကိုလေးစားချစ်ခင်ပြီး မိဘအတွက် စံပြ သားသမီးကောင်းဖြစ်သည်။

ရတီ၏ ချစ်သူသည် တရုတ်ရိုးရာ ဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ မြင်း(မြေ)နှစ်ဖွား ဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရို၏ ဂဏန်းဗေဒင်ပညာရပ်အရ (၄)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ မိဿရာသီဖွား(Aries)ဖြစ်ပါသည်။ ထို့ကြောင့် ချစ်သူသည် လွတ်လပ်မှုကို လိုလားပြီး ချုပ်ချယ်မှုကို မနှစ်သက်သူဖြစ်သည်။ သိမ်မွေ့ညက်ညောစွာ ပြောဆိုဆက်ဆံတတ်သည်။ ချစ်သူသည် အကြံဉာဏ်ယူခြင်းထက် အကြံဉာဏ်ပေးခြင်းကို ပိုပြီးသဘောကျသူဖြစ်သည်။

ရတီ၏ အချစ်ပုစ္ဆာကို အဖြေထုတ်ရမည်ဆိုလျှင် ချစ်သူ၏ စိတ်သဘောထားကို စေ့စပ်စွာ လေ့လာပါ။ အချစ်အတွက် ဆုံးဖြတ်ချက်ချသည့်အခါတိုင်း လူကြီးမိဘများနှင့် တိုင်ပင်ပါ။

Ma. Th. T. T
မုံရွာမြို့

**မေး။** ။ ဒီနှစ်ထဲမှာ ပညာရေးကံကောင်းမလား...

**ဖြေ။** ။ Ma.Th.T.T သည် တရုတ်ရိုးရာ ဂမ္ဘီရဝေ... ဗေဒင်ပညာရပ်အရ ကြွက်(မီး)နှစ်ဖွားဇာတာရှင်ဖြစ်ပါသည်... ဆရာကြီး ကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၆)ဂဏ... သမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ကန်ရာ... ဖွား(Virgo)ဖြစ်ပါသည်။ ထို့ကြောင့် အကြောင်းအကျိုး... ခွဲခြားနားလည်တတ်သူ၊ အခွင့်ကောင်းကို အရယူတတ်သူ... လျှို့ဝှက်မှုကို စိတ်ဝင်စားသူ၊ အနုပညာဝါသနာပါသူ၊ အ... အပံကို မြတ်နိုးသူ၊ ဒေါသထွက်လွယ်သူမျိုးဖြစ်သည်။

ပညာရေးတွင် ထူးထူးချွန်ချွန် အောင်မြင်လိုပါက...

* မိမိတတ်ချင်၊ သိချင်သော ပညာရပ်ကို တစ်စိုက်မတ်မတ်... လေ့လာပါ။

* ပညာရေးမှာ ထူးချွန်လိုလျှင် မိမိ၏ ဦးနှောက်စွမ်းရည်... များများအသုံးချပါ။ ဦးနှောက်စွမ်းရည်သည် ဓားကဲ့သို့... အသုံးပြုလေ ထက်မြက်လေလေပင်ဖြစ်သည်။ ခက်ခဲသော... အရာများကို မှတ်သားခြင်း၊ ရှုပ်ထွေးသော ပြဿနာများ... ဆင်ခြင်စဉ်းစား ဖြေရှင်းခြင်းသည် လွယ်ကူသောအရာများ... ပြုလုပ်ခြင်းထက် ဦးနှောက်ကို ပိုမို၍သန့်စွမ်း ထက်မြက်... သည်။ ခက်ခဲသောအလုပ်တစ်ခုကို ပြီးဆုံးအောင် လုပ်... စိတ်ဆန္ဒတန်ခိုး(Will Power) တိုးတက်လာကာ၊ ... ခက်ခဲသောအလုပ်များကို လုပ်ရာတွင် လွယ်ကူလာ... ပင်ပန်းတော့မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

ပညာရေးမှာ ထူးချွန်သူများ၏ အတ္ထုပ္ပတ္တိများကို ရှာဖွေ ဘတ်ရှုကာ မိမိလည်း ထိုသူတို့ကဲ့သို့ ထူးချွန်အောင် ကြိုးစား ပါ။

Ma.Th.T.T ၏ ပညာရေးကံ့ကို အဖြေပေးရမည် ဆိုလျှင် ဆယ်တန်းစာမေးပွဲကို မျှော်မှန်းထားသကဲ့သို့ ဂုဏ်ထူးများစွာ မရရှိနိုင်သော်လည်း ကြိုးစားသလောက် အောင်မြင်လိမ့်မည်။

**K.K.K.T**

**နွေလေးမြို့**

**မေး။ ။ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လို ပါသည်။**

**ဖြေ။** ။ K.K.K.Tသည် တရုတ်ရိုးရာ ဂမ္ဘီရဝေဒ ဗေဒင် ပညာရပ်အရ မျောက်(ရေ)နှစ်ဖွား ဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၆)ဂဏန်း သမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ မိဿရာသီ ဖွား(Virgo)ဖြစ်ပါသည်။ ထို့ကြောင့် အတ္တမြင့် အတတ်သင် ယွယ်သူ၊ ဖြတ်ထိုးဉာဏ်ကောင်းသူ၊ စီမံကိန်းချ လုပ်ကိုင် တတ်သူမျိုးဖြစ်သည်။ ထို့အပြင် မာန်မာနကြီးသလောက် ဘော်ရွေသူလည်း ဖြစ်သည်။

ချစ်သူသည် ဆိတ်(သတ္တု)နှစ်ဖွား ဇာတာရှင်ဖြစ် သည်။ (၇)ဂဏန်းသမား၊ မိန်ရာသီဖွား(Pisces) ဖြစ်သော ကြောင့် ငွေကြေးကို စည်းကမ်းတကျ သုံးတတ်သူ၊ မိမိကိုယ် မိမိ အထင်ကြီးသူ၊ ရိုးရိုးသားသားဖြင့် ကြိုးစားသူ၊ ကြီးပွား တိုးတက်လိုစိတ် ပြင်းပြလွန်းသူဖြစ်သည်။

K.K.K.T ၏ အချစ်ရေးပုစ္ဆာကို အဖြေထုတ်ရ ည်ဆိုလျှင် အငိုလွယ်ပြီး အရိုက်မခက်စေရန် နှလုံးသားနှင့် စ်ပြီး ဦးနှောက်ဖြင့် ဆင်ခြင်သုံးသပ်ပါ။ ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်ကို လုပ်ပါ။ ငယ်ရွယ်စဉ်မှာ အချစ်ရေးထက် ညာရေး (သို့မဟုတ်) ကြီးပွားတိုးတက်ရေးကို ပိုပြီး အာရုံ စိုက်သင့်သည်။

**H.M.O**

**ရင့်နောင်လမ်း။ လမ်းသွယ်(၇)၊ ရန်ကင်း။ မုံရွာမြို့**

**မေး။ ။ ကံကောင်းခြင်း၏ လက်ဆောင် ယတြာ တစ်ခုကို လိုချင်ပါသည်။**

**ဖြေ။** ။ H . M .O သည် တရုတ်ရိုးရာ ဂမ္ဘီရဝေဒဗေဒင် ပညာရပ်အရ မြင်း(သတ္တု)နှစ်ဖွား ဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၂)ဂဏန်း သမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ကုမ်ရာသီ ဖွား(Aquarius)ဖြစ်ပါသည်။ ထို့ကြောင့် H . M .O သည် သွက်သွက်လက်လက် နေထိုင်တတ်သူ၊ အမြဲပင် ရှင်မြူး တက်ကြွနေသူ၊ ခုန်ပေါက် ပျော်ရွှင်နေတတ်သူ၊ အိမ်တွင် နေထိုင်ရခြင်းထက် ခရီးသွားလာမှုကို ပိုမိုနှစ်သက်သူ၊ အပေါင်းအသင်းများနှင့် ရောရောနှောနှော နေထိုင်ရခြင်းကို နှစ်သက်သူမျိုးဖြစ်သည်။ တစ်ခါတစ်ရံ တစ်ယောက်တည်း စိတ်ကူးယဉ်နေတတ်သည်။

ကံကောင်းခြင်းလက်ဆောင် ယတြာကို လိုချင်သူ အနေဖြင့် ကံ၏ အဓိပ္ပာယ်ကို သိရန် အရင်လိုအပ်ပါသည်။ "ကမ္မ"ဟူသော ပါဠိစကားကို မြန်မာလို "ကံ"ဟု ခေါ်သည်။ ထိုကံဟူသော စကားကို တစ်မျိုးထပ်၍ ဘာသာပြန်လျှင် "အမှု"ဟု ခေါ်ပြန်သည်။ ထိုအမှုကား ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုအားဖြင့် သုံးမျိုးကွဲပြားသည်။

"ကိုယ်မှု"ဟူသည် လက်၊ ခြေ စသော အင်္ဂါရပ် ဖြင့် ပြုရသော လုပ်ငန်းကိစ္စရပ်တည်း။ ဥပမာ - သူ့အသက်ကို သတ်ခြင်း၊ အလှူဒါနကို ကိုယ်တိုင်လှူခြင်း စသည်တည်း။

"နှုတ်မှု"ဟူသည် နှုတ်ဖြင့် ပြောဆိုရသော ကိစ္စ တည်း။ ဥပမာ - ဟိုအကောင်ကို သတ်လိုက်၊ ဆွမ်းလောင်း လိုက်ပါ စသည်ဖြင့် စေခိုင်းတိုက်တွန်းမှု၊ လိမ်လည်မှု၊ တရား ဟောပြောမှု စသည်တည်း။

"စိတ်မှု"ဟူသည် ကိုယ်လည်း မလှုပ်၊ စိတ်လည်း မပါ၊ စိတ်ထဲ၌သာ စဉ်းစားကြံစည် စိတ်ကူးမှုတည်း။ သူ တစ်ပါးကို သနားခြင်း၊ ချမ်းသာစေလိုခြင်း၊ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများခြင်းများ စသည်များတည်း။

H . M .O အတွက် ကံကောင်းခြင်းလက်ဆောင် ယတြာမှာ နံနက်တိုင်း စောစောထပြီး အောက်ပါ "အရိ ယသာဝိတ္တိ"ဂါထာကို သက်စေ့ရွတ်ဆိုပါ။

**"အရိယသာဝိတ္တိဂါထာ"**

**(သရဏံ သုံးပါး အဓိဋ္ဌာန်ပုတီးစိပ်နည်း)**

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**

**ဓမ္မံ သရဏံ ဂစ္ဆာမိ**

**သံဃံ သရဏံ ဂစ္ဆာမိ။** ■

* * *

တက္ကသိုလ်စိုးမိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒသနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်း လမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒသနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** ▪ ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** ▪ ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** ▪ ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** ▪ ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** ▪ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** ▪ ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန် မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။)
- **G** ▪ အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

### ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ______________________

မွေးခုနှစ်၊လ၊ရက် ။ ။ ______________________

နေရပ်လိပ်စာ ။ ။ ______________________

______________________

______________________

မိမိမေးလိုသည့် ။ ။ ______________________

မေးခွန်းအကြောင်းအရာ ______________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

✂ ------------------------------------------------------------

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင် အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)
ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း
ဘဝပုစ္ဆာအဖြေရှာကဏ္ဍ
အမှတ် - ၁၇၉ (မြေညီထပ်)၊ ၃၁ - လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၄၄၈၅



www.burmeseclassic.com


www.burmeseclassic.com


# ကျောင်းဆရာမလုပ်ငန်းမျိုးနဲ့ အကျိုးပေး၊ မပေး

ဆရာကြီး ဦးအောင်မြိုင် (လက္ခဏာဗေဒပညာ သုတေသီ)

ဟိုးလွန်ခဲ့တဲ့ အနှစ် ၂၅နှစ်ခန့်က တက္ကသိုလ်ပညာ ဘွဲ့ရပြီးစ အမျိုးသမီးငယ်တစ်ဦးရဲ့ ညာလက်ဖဝါးပြင်ကို ပုံနှိပ်လေ့လာကြည့်ရှုခဲ့တာကို ပြန်ပြောပြပါမယ်။ ယခု ဖော်ပြပေးလိုက်တဲ့ လက်ဖဝါးပုံစံဟာ သူမရဲ့ လက်ဖဝါးပုံစံဖြစ်ပါတယ်။ အဲဒီတုန်းက သူမရဲ့ အသက်ဟာ ၂၃နှစ်ခန့် ရှိပါတယ်။

သူမရဲ့ လက်ဖဝါးပြင်မှာ ဦးခေါင်းလမ်းကြောင်းနဲ့ အသက်လမ်းကြောင်းဟာ (၁.၅)စင်တီမီတာခန့် အဖျားပိုင်းမှာ ပူးနေတယ်။




က-အက္ခရာကို ကြည့်ပါ။ ဒါကြောင့် သူမဟာ ဝန်ထမ်းလုပ်ငန်းမျိုးနဲ့ ပိုပြီးအကျိုးပေးနိုင်တယ်။ အထူးသဖြင့် အစိုးရဝန်ထမ်းလုပ်ငန်းမျိုး လုပ်ချင်တဲ့ ဝါသနာလည်း ရှိမယ်လို့ ဟောခဲ့ဖူးပါတယ်။

ဦးခေါင်းလမ်းကြောင်းပေါ်က အပေါ်ထောင်တက်နေတဲ့ လမ်းတွေ သုံးကြောင်းလောက် ထင်ရှားနေတယ်။ ခ-အက္ခရာကို ကြည့်ပါ။ အဲဒီလမ်းကြောင်းငယ်တွေကို တိုးတက်မှုလမ်းကြောင်းလို့ ခေါ်ပါတယ်။ အခြေအနေ၊ အဆင့်အတန်း၊ ရာထူးတိုးတက်နိုင်တဲ့ သင်္ကေတများ ဖြစ်ပါတယ်။ ဦးခေါင်းလမ်းကြောင်းရဲ့ အဆုံးမှာ တြိဂံပုံ ထင်ရှားရှိနေတယ်။

ဂ-အက္ခရာကို ကြည့်ပါ။ ဒါက သင်လွယ်၊ တတ်လွယ်၊ နားလည်လွယ်၊ ကျက်ဉာဏ် မှတ်ဉာဏ်ကောင်း၊ တွေးခေါ်ဆုံးဖြတ်ကောင်းတဲ့ သင်္ကေတဖြစ်ပါတယ်။ နှလုံးလမ်းကွေးတဲ့အတွက် ကျက်စာတွေကို ပိုပြီးအားသန်တတ်တယ်။ အဲဒီ တြိဂံပုံထဲက အောင်မြင်ရေးလမ်း စတက်ပါတယ်။

ဃ-အက္ခရာကို ကြည့်ပါ။ ဉာဏ်ပညာ နှလုံးရည်ကို အသုံးချပြီး ဘဝမှာ အောင်မြင်တိုးတက်မယ်လို့ ဟောခဲ့ပါတယ်။ လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံပေါ်မှာ အလွန်ထင်ရှားတဲ့ ဒေါင်လိုက် မျဉ်းမတ်ရှိပြီး အဖျက်လမ်းလည်း ကင်းပါတယ်။


င-အက္ခရာနဲ့ ညွှန်ပြထားတဲ့ နေရာကို ကြည့်ပါ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးတောင်ဝေးလို့ ခေါ်ကြတယ်။ ဉာဏ်ရည်ထက်မြက်၊ သွက်လက်ချက်ချာ၊ ဆက်ဆံရေးကောင်း၊ စကားပြောကောင်း၊ စည်းရုံးရေးကောင်း၊ အသင်အပြကောင်းဆိုတဲ့ ပင်ကိုယ်ဗီဇမျိုး ရှိတယ်။




လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံပေါ်မှာ စတုဂံကွက် သင်္ကေတရှိတယ်။ စီမံ၊ အုပ်ချုပ်၊ ဆရာလုပ်၊ ပညာဗဟုသုတ ပြည့်စုံဆိုတဲ့ ကံကြမ္မာမျိုး ရရှိတတ်တယ်။

**(မှတ်ချက်။** ယခုဖော်ပြခဲ့သော လက်ဖဝါးပုံစံပိုင်ရှင်မှာ မူလတန်းပြ ဆရာမအဖြစ် အလုပ်စတင် ဝင်ရောက်ခဲ့ပြီး ယခုအခါ မူလတန်းကျောင်းအုပ်ရာထူးမှာ လုပ်ကိုင်နေရပြီ ဖြစ်ပါတယ်။ မွေးရပ်ဇာတိမြို့ရွာမှာပဲ နှစ်ပေါင်းရှည်ကြာ တာဝန်ထမ်းဆောင်နေရသူဖြစ်ပါတယ်။ မိဘများနဲ့ မခွဲမခွာ၊ အိုးမကွာ အိမ်မကွာ လုပ်ကိုင်နေရတဲ့အတွက် လုပ်ငန်းအပေါ် ပျော်ရွှင်မှုလည်း ရှိသူဖြစ်ပါတယ်။ လောဘနည်းပါးပြီး ရောင့်ရဲတင်းတိမ်တတ်သူဖြစ်တဲ့အတွက် ပီတိကို စားပြီး အားရှိနေသူလည်း ဖြစ်ပါတယ်။)

စာဖတ်သူအမျိုးသမီးများအနေနဲ့ မိမိတို့ လက်ဖဝါးပြင်မှာ အထက်ဖော်ပြပါ သင်္ကေတများနဲ့ နီးစပ်တူညီမှုတွေ ရှိပါက ကျောင်းဆရာမအလုပ်မျိုးနဲ့ အကျိုးပေးနိုင်ကြောင်း သိရှိပါ။■

* * *

ဆရာကြီး ဦးအောင်မြင့်(လက္ခဏာဗေဒင်ပညာ-သုတေသီ)

# ကမ်းမမြင်
# လမ်းမမြင်
# ပုထုဇဉ်
# ဒုက္ခ

အကယ်၍သာ သောတာပတ္တိမဂ်ကို မရသေး

ရင် နောင်အခါကာလမှာ၊ ဘဝပေါင်းမည်မျှဖြစ်

လိမ့်မယ်လို့ အကန့်အသတ်မရှိဘူး။

တစ်ဘဝမှသေလျှင် နောက်တစ်ဘဝဖြစ်

အဆုံးအကန့်အသတ်မရှိ ဖြစ်ဖြစ်သွားမယ်။ အဲဒီ

ဆင်းရဲဒုက္ခတွေကို သမုဒ္ဒရာပင်လယ်ထဲက ရေ

နဲ့ ဥပမာပြုပြီးပြထားတယ်။ အမှန်ကတော့ သမုဒ္ဒရာ

ရေထွေက အပိုင်းအခြားအကန့်အသတ်ရှိပါသေး

တယ်။

ဘဝတစ်ခုကို သမုဒ္ဒရာရေတစ်စက်ထားပြီး

တွက်ဦးတော့ သမုဒ္ဒရာရေကကုန်သွားပေမယ့်၊ ပု

ဇဉ်ဘဝတွေကတော့ မကုန်နိုင်ဘူး။ အဲဒီလော

များပြားတဲ့ ဘဝဆင်းရဲခြင်းတွေကို သောတာပ

မဂ်က၊ ကုန်ခမ်းသွားစေပါတယ်တဲ့. . . . ။

မဟာစည်ဆရာတော်ဘုရား

(၁၃၃၇



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်
## ဆေးစွမ်းကောင်းများ

- ဂျပန်နားသန့်ဆေးကြီး
- ဂျပန်နားရောဂါပျောက်ဆေးကြီး
- ဂျပန်မျက်စိကြည်ဆေးကြီး
- ဂျပန်မျက်စိရောဂါပျောက်ဆေးကြီး
- ဂျပန်သွားရောဂါပျောက်ဆေးကြီး
- ဂျပန်နှာခေါင်းရောဂါပျောက်ဆေးကြီး



အစလ မှတ်ပုံတင်အမှတ် အစ ၁ [illegible]၀၂၉၆)
လင မှတ်ပုံတင်အမှတ် [illegible]၁၄၃၉

အမြို့မြို့ ဆိုင်တိုင်းမှာ မေးဝယ်ပါ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

■

ဓာတ်ပုံထဲမှ တည်ကြည်ခန့်ညားစွာ တွေ့မြင်ရသည့် အစ်ကိုကြီးမျက်နှာကို တွေ့ရတိုင်း ကျွန်တော် ရင်နင့်စွာ ခံစားမိသည်က အမှန်ပင်ဖြစ်သည်။ တကယ်တော့ အစ်ကိုကြီးနှင့် ကျွန်တော်သည် သွေးမတော် သားမစပ်သည့် သူစိမ်းတစ်ရံဆံတွေဖြစ်သည်။

ကျွန်တော် ဌာနတစ်ခုတွင် အလုပ်ဝင်ရောက်စဉ် အစ်ကိုကြီးနှင့် ဘယ်ဘဝက ရေစက်ပါခဲ့သလဲ မသိ၊ တွေ့ဆုံပြီး ညီအစ်ကိုအရင်းအချာနှယ် ခင်မင်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော် အလုပ်ဝင်ရောက်သည့်ဌာနတွင် အစ်ကိုကြီးက ရုံးစာရေးကြီးဖြစ်သည်။ အစ်ကိုကြီးက ကျွန်တော့်ကို ရုံးလုပ်ငန်းများ ကျွမ်းကျင်အောင် အစစအရာရာ သင်ပေးခဲ့သည်။ ထူးခြားသည်က အစ်ကိုကြီးပင်ဖြစ်သည်။

အစ်ကိုကြီးက စာရေးကြီးဖြစ်သော်လည်း လူပျိုကြီးဖြစ်သည်။ အခန်းတစ်ခုငှားရမ်းပြီး တစ်ကိုယ်တည်း နေထိုင်သူဖြစ်သည်။ ဒါကြောင့်လည်း ကျွန်တော် အစ်ကိုကြီးနှင့် နေ့စဉ် ထိတွေ့ပြီး အစ်ကိုကြီး လိုအပ်ရာကို ဖြည့်ဆည်း ကူညီခဲ့သည်။ အစ်ကိုကြီးက ကျွန်တော့်ကို ခဏခဏပြောရာသည်။ "မင်း ငါ့ညီလေးအရင်းဖြစ်ရင် သိပ်ကောင်းမှာပဲကွာ"ဟု ဆိုသည်။

ကျွန်တော် အစ်ကိုကြီးနှင့် ရင်းနှီးခင်မင်ရာမှ အစ်ကိုကြီးဘဝကို သိခွင့်ရခဲ့သည်။ အစ်ကိုကြီး၏ မိဘများက အစ်ကိုကြီး ငယ်စဉ်ကတည်းက ဆုံးပါးခဲ့ကြသည်။ အဒေါ်ဖြစ်သူက သားအဖြစ်မွေးစားပြီး ပညာသင်ပေးခဲ့၍ အစ်ကိုကြီး ခုလိုဘဝရောက်ရှိခဲ့ခြင်းဖြစ်သည်။

ကျွန်တော် အစ်ကိုကြီးဘဝဖြစ်စဉ်ကို တွေးမိရင်း အစ်ကိုကြီးအဖြစ်ကို သတိရသွားမိသည်။

♦♦♦

တစ်နေ့ အစ်ကိုကြီး အရက်မမူးစဘူး မူးပြီးပြောနေသည့်စကားသံကို ကျွန်တော် ရုတ်တရက်ကြားလိုက်ရ၍ မယုံနိုင်အောင်ဖြစ်သွားမိသည်။

"အစ်ကိုကြီး ထူးထူးခြားခြား အိပ်မက်တွေ မက်မက်နေတယ်ကွာ။ အိပ်မက်ထဲမှာ အစ်ကိုကြီးကို ခေါ်ခေါ်နေတဲ့ အသံတွေ ကြားကြားနေရတယ် ညီလေး"

"ခေါ်သံ···ဟုတ်လား အစ်ကိုကြီး။ အစ်ကိုကြီး စိတ်တစ်ခုခုကို စွဲပြီး အိပ်မက်မက်တာပဲ ဖြစ်မှာပါ အစ်ကိုကြီးရာ"

"မဟုတ်ဘူး ညီလေး။ မဟုတ်ဘူး။ အစ်ကိုကြီး ထူးထူးခြားခြား မက်မက်နေတဲ့ အိပ်မက်ထဲက မြခက်နွယ်

> ❝ ကျွန်တော် မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ အစ်ကိုကြီးရဲ့ စကားသံထဲက နာမည်ကြောင့် ပို၍အံ့အားသင့်သွားမိသည်။ အစ်ကိုကြီးမျက်နှာကို ကျွန်တော်ကြည့်လိုက်မိသည်။ အစ်ကိုကြီးမျက်နှာပေါ်တွင် မယုံနိုင်အောင် ဆွေးမြည့်ကြေကွဲစွာ ခံစားနေရသည်က အထင်းသား ပေါ်လွင်နေသည် ❞

ခေါ်ခေါ်နေတဲ့ အသံပဲဖြစ်မယ်"

ကျွန်တော် မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ အစ်ကိုကြီးရဲ့ စကားသံထဲက နာမည်ကြောင့် ပို၍အံ့အားသင့်သွားမိသည်။ အစ်ကိုကြီးမျက်နှာကို ကျွန်တော်ကြည့်လိုက်မိသည်။ အစ်ကိုကြီးမျက်နှာပေါ်တွင် မယုံနိုင်အောင် ဆွေးမြည့်ကြေကွဲစွာ ခံစားနေရသည်က အထင်းသား ပေါ်လွင်နေသည်။

"အစ်ကိုကြီး ပြောတဲ့ မြခက်နွယ်က လွန်ခဲ့တဲ့ ၂နှစ်ကျော်ကျော်က ဆုံးပါးခဲ့တာ"

မထင်မှတ်ဘဲ ထပ်ဆင့်ကြားလိုက်ရသည့် အစ်ကိုကြီးစကားသံကြောင့် ကျွန်တော် ပို၍အံ့ဩသွားမိပြန်သည်။ ကျွန်တော် မအံ့ဩလို့ မဖြစ်။ ကျွန်တော်နှင့် အစ်ကိုကြီး လောလောဆယ် ရောက်ရှိနေသည့်နေရာက မိုးမခမြစ်တစ်ဖက်ကမ်းရှိ လှိုင်းနဒီရွာလေးဖြစ်သည်။

အစ်ကိုကြီးက သဘာဝကျေးလက်ရှုခင်းများ ပေါသည့် မြို့ပြရဲ့ တစ်ဖက်ကမ်းရှိ လှိုင်းနဒီရွာကို ခင်တွယ်သည်။ လှိုင်းနဒီရွာရှိ အစ်ကိုကြီးရဲ့ မိတ်ဆွေ ကျေးလက်တဲကလေးကို ရုံးပိတ်ရက်တိုင်း သွားပြီး စိတ်အပန်းဖြေနေခြင်းဖြစ်သည်။ ကျွန်တော်လည်း မြို့ပြရဲ့ တစ်ဖက်ကမ်း လှိုင်းနဒီရွာသို့ အစ်ကိုကြီးနှင့်အတူ လေးငါးခေါက်သာ ရောက်ဖူးသော်လည်း သဘောကျ နှစ်သက်မိသည်။ ခု အစ်ကိုကြီးပြောသည့် အိပ်မက်ထဲက မြခက်နွယ်ဆိုသည့် နာမည်ကို ကြားမှ ကျွန်တော့်အဖို့ ထူးထူးခြားခြား ခံစားနေမိသည်။

"အစ်ကိုကြီးအိပ်မက်ထဲက မြခက်နွယ်ဆုံးပါးခဲ့တာ ကြာခဲ့ပြီမဟုတ်လား အစ်ကိုကြီး"

"ကြာခဲ့ပေမယ့် အစ်ကိုကြီးရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com

မှာ ခုအထိ ရှိနေခဲဲ့ဖြစ်လို့ အစ်ကိုကြီး အံ့သြနေမိတာကွ။ တကယ်တော့ မြခက်နွယ်နဲ့ အစ်ကိုကြီးက သိပ်ချစ်ခဲ့တဲ့ ချစ်သူတွေ ဖြစ်ခဲ့ပေမယ့် ဘဝချင်းက မဆုံခဲ့ဘူး ညီလေး။ မြခက်နွယ်မိဘတွေက ချမ်းသာတော့ အစ်ကိုကြီးနဲ့ ဘယ်သဘောတူပါ့မလဲ။ နောက်ဆုံးတော့ မြခက်နွယ်ကို သူတို့ သဘောကျတဲ့သူနဲ့ ပေးစားခဲ့ကြတယ်လေ"

အစ်ကိုကြီးက ယမကာကြောင့် ရီဝေနေသော်လည်း မြခက်နွယ်နှင့် ပတ်သက်ပြီး ပြောပြတော့ ယမကာ မမူးတော့သလို ခံစားရင်း သူ့ရင်ထဲမှာ ဆွေးဆွေးမြည့်မြည့်လေး ဖြစ်နေရာသည်၊ ပြီး အသံက တိမ်ဝင်သွားသည်။

"စကားဆက်ပါဦး အစ်ကိုကြီး"

ကျွန်တော်က အစ်ကိုကြီးရဲ့ စကားကို စိတ်ဝင်စားပြီး စကားဆက်မေးလိုက်သည်။ ကျွန်တော် စိတ်မဝင်စားလို့ မဖြစ်။ အစ်ကိုကြီးနှင့် ကျွန်တော်ရင်းနှီးကျွမ်းဝင်မှုရှိခဲ့သော်လည်း ယခုလို မြခက်နွယ်နှင့် ပတ်သက်ခဲ့သည့် ဖြစ်ရပ်များကို တစ်လုံးတစ်ပါဒမျှ မဖွင့်ဟခဲ့ဘူးချေ။ အစ်ကိုကြီးက ပြတင်းပေါက်မှ မြင်တွေ့နေရသည့် လယ်ကွင်းများကို အတန်ကြာ ငေးကြည့်ပြီးမှ စကားပြန်ဆက်သည်။

"မြခက်နွယ်က အစ်ကိုကြီးနဲ့ ဘဝချင်း ဝေးခဲ့ပေမယ့် သူ့နှလုံးသားထဲမှာ အစ်ကိုကြီးက မဝေးခဲ့ဘူး ညီလေး။ သူ လူ့ဘဝမှာ မရှိတော့ပေမယ့် သူ့ဝိညာဉ်က အစ်ကိုကြီးနားမှာပဲ အမြဲတမ်း ရှိနေတာ အစ်ကိုကြီး သိတယ်။ နောက်ဆုံးတော့ မြခက်နွယ်ဟာ အစ်ကိုကြီးကို ချစ်တဲ့စိတ်နဲ့ မိုးမခမြစ်ထဲမှာပဲ သူ့ဘဝကို နိဂုံးချုပ်ခဲ့ရတာ"

"ဗျာ…၊ မြခက်နွယ်က မိုးမခမြစ်ထဲမှာ…ဟုတ်လား"



"ဟုတ်တယ် ညီလေး။ အစ်ကိုကြီးဘဝမှာ ပထမဆုံး ချစ်ခွင့်ရခဲ့တဲ့ မြခက်နွယ်ကို ခုတိုင် မမေ့နိုင်သလို၊ မြခက်နွယ်ကလည်း ဘယ်ဘဝရောက်ရောက် အစ်ကိုကြီးကို မမေ့လို့ အိပ်မက်ထဲကနေ ခေါ်နေတယ်ဆိုတာ အစ်ကိုကြီးနှလုံးသားမှာ ယုံကြည်တယ်။ အဲဒါကြောင့်လည်း ညီလေးကို အစ်ကိုကြီး ဖွင့်ပြောခဲ့ရတာ"

အစ်ကိုကြီးစကားက ဇာတ်ရှိန်မြင့်လာသလို၊ နားထောင်နေရသည့် ကျွန်တော့်အဖို့ ရင်ထဲ နင့်နေမိသည်။ ကာယကံရှင် အစ်ကိုကြီးက သူ့အဖြစ်ကို ပြောပြရင်း တနင့်တပိုးကြီး ခံစားနေရကြောင်း သူ့မျက်ဝန်းဆီမှ ထွက်နေသည့် မျက်ရည်ငွေများက သက်သေခံနေသည်။ အစ်ကိုကြီး၏ ခံစားမှုကို တွေ့လိုက်ရ၍ ကျွန်တော် စိတ်မကောင်းဖြစ်သွားမိသည်။

"အစ်ကိုကြီးနဲ့ မြခက်နွယ်က သိပ်ချစ်ကြတဲ့ ချစ်သူတွေဆိုတော ဘယ်ဘဝရောက်ရောက် တစ်ချိန်ချိန် ပြန်ဆုံဆည်းပါစေလို့ သစ္စာပြုခဲ့တာ မ ခဲ့ရင် အစ်ကိုကြီးမက်ခဲ့တဲ့ အိပ်မ အတိုင်းဆို မြခက်နွယ်ဟာ ဘဝတစ် မှာ မကျွတ်မလွတ်ဘဲ ရှိနေမှာပါ။ ကြောင့်လည်း အစ်ကိုကြီးသိအော အိပ်မက်ပေးပြီး ခေါ်နေတာပဲ ဖြစ် တယ်"

အစ်ကိုကြီးက စကားမတ ဘဲ ယမကာကို ငုံ့ပြီးသောက်နေသ ကို တွေ့လိုက်ရသည်။ ယခင် လို ရွာသို့ရောက်တိုင်း စိတ်အပန်းဖြေ ယမကာကို သုံးလေးခွက်ထက် မသောက်ခဲ့သည့် အစ်ကိုကြီး၊ သည် ကျမှ ပိုသောက်နေ၍ ကျွန်တော်စိ သွားမိသည်။ ကျွန်တော် အစ်ကိုကြီ မတားလိုတော့ပါ။ အစ်ကိုကြီးရင်ထ ရင်နှင့် မမျှအောင် ခံစားနေရသ ဝေဒနာ။ သည်ဝေဒနာကို တင်းမခံ ၍ ယမကာဖြင့် ဖြေသိပ်နေရသ အစ်ကိုကြီးဘဝ။

"အစ်ကိုကြီး… အချိန်မနည တော့ဘူး၊ ပြန်ကြရအောင်"

ကျွန်တော် တဲကဲလားပေါက် မှ အပြင်သို့ လှမ်းကြည့်လိုက်မိသည အနောက်တောင်မှ ပြာရီညို့မှိုင်း သည့် တိမ်စိုင် တိမ်လိပ်များ တအိ ရွေ့လျားလာသလို၊ မိုးရိပ်မိုးငွေ့များ ဆ နေသည့် မြင်ကွင်း။ တစ်ခါတစ်ရံ တို တိုက်ခတ်လာသည့် လေပြင်းနှင့် အေ စိမ့်စိမ့်အထိအတွေ့။

မကြာမီ မိုးရွာတော့မည် ကျွန်တော် အလိုလိုသိလိုက်မိသည အစ်ကိုကြီးက ယမကာ ပိုသောက် ၍ ကျွန်တော် စိတ်မချ။ ကျွန်တော် အစ်ကိုကြီး ပြန်ရမည့်ခရီးစဉ်ာ မိုး မြစ်ကူးခရီး။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး…မိုးက သဲသဲမဲမဲ ရွာတော့မယ့် ပုံစံပဲ။ ပြန်ဖို့ မလွယ်ဘူးနဲ့ တူတယ်"

"ရွာ-ရွာကွာ။ အစ်ကိုကြီး ပြန်မှ ဖြစ်မယ်"

"အစ်ကိုကြီးကလည်း မိုးထဲလေထဲ မြစ်ကူးရမှာ အန္တရာယ်ရှိတယ် မဟုတ်လား"

"မဖြစ်ဘူး ညီလေး။ အစ်ကိုကြီးနဲ့ မြခက်နွယ် ဒီနေ့တွေ့ဖို့ ချိန်းထားတာကွ။ ဒီနေ့တွေ့မှ ဖြစ်မယ်"

အစ်ကိုကြီးထံမှ မမျှော်လင့်ဘဲ ထွက်ပေါ်လာသည့် စကားသံကြောင့် ကျွန်တော် အံ့အားသင့်သွားမိသည်။ အစ်ကိုကြီး ယမကာကြောင့် စိတ်လွတ်ပြီး ပြောနေတာလား။ အစ်ကိုကြီး ချစ်ခဲ့သည့် မြခက်နွယ်က ဘဝခြားနေသူ ဖြစ်သည်။

"မိုးလေကို မဆိုးရိမ်ပါနဲ့ကွာ။ မိုးထဲလေထဲ လမ်းလျှောက်ရတာ ပျော်စရာကောင်းတယ်ကွ။ ခုလို မိုးရွာတဲ့နေ့ဆို အစ်ကိုကြီးနဲ့ မြခက်နွယ် မိုးရေထဲမှာ အတူလမ်းလျှောက်နေကျကွ"

အစ်ကိုကြီးက တဖွဲဖွဲရွာနေရာမှ အဖြည်းဖြည်း သဲသဲမဲမဲရွာနေသည့် တဲအပြင်ဘက်မှ မိုးရေစက်များကို မော့ကြည့်ပြီး မျက်နှာရွှင်ပျနေသည်။ အစ်ကိုကြီးမျက်နှာကို ကြည့်ပြီး ကျွန်တော် စိတ်ချလက်ချဖြစ်သွားသည်။ အစ်ကိုကြီးအကျင့်ကို ကျွန်တော်သိသည်။ အစ်ကိုကြီးက သူလုပ်ချင်ရာ၊ ပြောချင်ရာရှိလျှင် ဘွင်းဘွင်းရှင်းရှင်း ပြောတတ်၊ လုပ်တတ်သူဖြစ်သည်။

အစ်ကိုကြီးက လက်ဆွဲအိတ်ကို ယူပြီး မိုးရေထဲသို့ ထွက်သွား၍ ကျွန်တော်မနေသာ။ အစ်ကိုကြီးနောက်သို့ အပြေးလိုက်ခဲ့မိသည်။

•••

အစ်ကိုကြီး တစ်ကိုယ်လုံး မိုးရေများ ရွှဲနစ်နေသော်လည်း ချမ်းအေးဟန်မပြ။ သွက်လက်စွာ သွားနေခဲ့ဖြစ်သည်။ ကျွန်တော် မိုးမခမြစ်ကမ်းသို့ ရောက်ပြီး ကြည့်လိုက်မိသည်။

တိုက်တာအဆောက်အအုံများနှင့် မြို့ပြရှင်ခွင်ကို မိုးလေသည်းသည်းတွင် မိုးတဝါး မြင်တွေ့နေရခဲ့ဖြစ်သည်။ ကျွန်တော် လက်မှ နာရီကို ကြည့်လိုက်မိသည်။ ညနေ ၅နာရီအချိန်သာ ရှိသေးသည်။ မိုးရိပ်လေရိပ်ကြောင့် မိုးမခမြစ်ပြင်ထဲတွင် အမှောင်ထုက ဖုံးအုပ်နေ၍ မိုးတဝါးဖြစ်နေသည့် မြင်ကွင်း။

"ညီလေး…လှိုင်းတွေ ကြမ်းတယ်နော်၊ သတိထား"

"ဟုတ်ကဲ့ အစ်ကိုကြီး"

> အစ်ကိုကြီးက
> သည်လမ်း၊ သည်ခရီးကို
> အခါခါသွားလာဖူး၍
> အတွေ့အကြုံရှိပြီး
> တည်ငြိမ်နေသော်လည်း
> ကျွန်တော်ကတော့
> လေပြင်းနှင့်အတူပါလာပြီး
> တဖေါ်ဖေါ်မြည်သံပေးကာ
> လိမ့်တက်လာသည့်
> လှိုင်းလုံးကြီးများကို ကြည့်ရင်း
> အသည်းတယားယား
> ဖြစ်နေမိသည်။

အစ်ကိုကြီးက သည်လမ်း၊ သည်ခရီးကို အခါခါသွားလာဖူး၍ အတွေ့အကြုံရှိပြီး တည်ငြိမ်နေသော်လည်း ကျွန်တော်ကတော့ လေပြင်းနှင့်အတူ ပါလာပြီး တဖေါ်ဖေါ်မြည်သံပေးကာ လိမ့်တက်လာသည့် လှိုင်းလုံးကြီးများကို ကြည့်ရင်း အသည်းတယားယား ဖြစ်နေမိသည်။

ကျွန်တော်နှင့် အစ်ကိုကြီး စီးလာသည့် လှေကလေးက လှိုင်းလုံးကြီးများကြားတွင် လူးကာလိမ့်ကာနှင့် သွားနေခဲ့ဖြစ်သည်။ မိုးမခမြစ်ပြင်တစ်ခုလုံး လှိုင်းသံ၊ လေသံ၊ မိုးသံများက ဖုံးလွှမ်းလွှမ်းရှားနေခဲ့ဖြစ်သည်။

"ညီလေး…ကြောက်နေပြီလား"

"ဟို…ဟို…အစ်ကိုကြီးကို စိတ်မချလို့"

အစ်ကိုကြီးက လှိုင်းနှင့်အတူ လူးလွန့်နေသည့် လှေနံရံနစ်ဖက်ကို လက်ဖြင့် ဆုပ်ကိုင်ထားပြီး ဝဲဂယက်များ ထနေသည့် မြစ်ရေပြင်ကို ကြည့်နေသည်။

"အစ်ကိုကြီးအတွက် စိတ်မပူနဲ့ ညီလေး။ ညီလေးက အိမ်သူနဲ့ဆိုတော့ အစ်ကိုကြီး စိတ်မချဖြစ်နေမိတာ"

အစ်ကိုကြီး ပြောလည်း ပြောစရာ။ ကျွန်တော့်တွင် အိမ်သူရှိသည်။ အစ်ကိုကြီးက လူလွတ်။ သံယောဇဉ်မရှိသူ။ သို့တိုင် အစ်ကိုကြီးရင်ထဲတွင် မမြင်ရသည့် မြခက်နွယ်ဆိုသည့် သံယောဇဉ်ရှိသည်။

ကျွန်တော် အတွေးစပင် မပြတ်သေး။ ရုတ်တရက် ပင့်ရိုက်လိုက်သည့် လှိုင်းလုံးကြီးနှင့်အတူ ကျွန်တော် ပထမဆုံး ထိတွေ့လိုက်ရသည်က နက်ရှိုင်းကျယ်ပြောလွန်းသည့် မိုးမခမြစ်ရေလွှာပြင်။ ကျွန်တော် ရေအောက်သို့ ရုတ်တရက် နစ်မြုပ်ပြီး ပြန်ပေါ်လာမှ သည်



www.burmeseclassic.com

www.burmeseclassic.com

ရပြီး ကြည့်လိုက်မိသည်။ ကျွန်တော့် ဘေးပတ်လည်တွင် တွေ့မြင်လိုက်ရသည့် ဝဲဂယက်များ၊ လှိုင်းလုံးကြီးများ။

ကျွန်တော် ကြောက်လန့်တကြီး အားကုန် ကူးခတ်နေမိသည်။ ကျွန်တော် ဘယ်လိုပဲ ကူးခတ်…ကူးခတ် လှိုင်းလုံးများ၊ ဝဲဂယက်များထဲတွင် တဝဲလည်လည်ဖြစ်နေသည်။ ကျွန်တော် ရေကူးရင်း အစ်ကိုကြီးကို သတိရသွားမိသည်။ အစ်ကိုကြီးလည်း ကျွန်တော့်လိုပင် ရေကူးနေမည်လား။ ဒါမှမဟုတ် ရေနစ်သွားပြီလား။ ကျွန်တော် ရေကူးရင်း အစ်ကိုကြီးအတွက် စိုးရိမ်သွားမိသည်။

"အစ်ကိုကြီးရေ…အစ်ကိုကြီး"

ကျွန်တော် ရေကူးရင်း အစ်ကိုကြီးကို အားကုန်ခေါ်လိုက်မိသည်။ ကျွန်တော့်ခေါ်သံက မိုးသံလေသံကြား ပျောက်ကွယ်သွားသည်။ ထိုစဉ် ကျွန်တော့်ဘေးတွင် ဘွားခနဲပေါ်လာသည့် သစ်သားတုံး။ ကျွန်တော် မလွတ်အောင် တွယ်ဖက်ရင်း အစ်ကိုကြီးကို ရှာကြည့်မိသည်။ ဘယ်မှ မတွေ့ရတော့။ ကျွန်တော့်ပတ်လည်တွင် လှိုင်းလုံးများသာ ရှိနေသည်။

ရုတ်တရက် ကျွန်တော့်မလှမ်းမကမ်းတွင် ပေါ်လာသည့် လှိုင်းလုံးကြီးနှင့်အတူ ဘွားခနဲ တွေ့လိုက်ရသည်က အစ်ကိုကြီး။ အစ်ကိုကြီးက လှိုင်းလုံးများကြားတွင် ရေကူးရင်း ကျွန်တော့်အဖြစ်ကို တွေ့လိုက်ရဟန်တူသည်။

"ညီလေး…မလွတ်စေနဲ့ ဖက်ထား…ဖက်ထား"

အစ်ကိုကြီးက ကျွန်တော့်ကို ပြောရင်း လှိုင်းလုံးကြားမှ ကူးခတ်နေသည့် မြင်ကွင်း။ ကျွန်တော် သစ်တုံးကို တွယ်ဖက်ထားစဉ် ရေစီးပြင်းပြင်းနှင့်အတူ တရွေ့ရွေ့မျောပါသွားသည့်



အစ်ကိုကြီး။ ကျွန်တော် သစ်တုံးကို တွယ်ဖက်ရင်း တကြော်ကြော်ခေါ်လိုက်မိသည်။

"အစ်ကိုကြီးရေ…အစ်ကိုကြီး"

ကျွန်တော့်ခေါ်သံနှင့်အတူ တဖြည်းဖြည်း မိုးမခမြစ်ရေပြင်ပေါ်မှ ပျောက်ကွယ်သွားသည့် အစ်ကိုကြီး။ ကျွန်တော် သစ်တုံးကို တွယ်ဖက်ရင်း ကျွန်တော့်ပါးပြင်ပေါ်သို့ စီးကျလာသည့် မျက်ရည်စများ။ ကျွန်တော် အစ်ကိုကြီးအတွက် ဖြေသိမ့်လို့ မရနိုင်တော့။ ကျွန်တော် ရေမကူးတတ်မှန်း သိသလို အိမ်သူရှိမှန်း အစ်ကိုကြီး သိသည်။ ကျွန်တော် သစ်တုံးကို တွယ်ဖက်ရင်း ရေစီးနှင့် မျောပါနေသည်ကို တွေ့ပြီး အစ်ကိုကြီး စိတ်ချသွားပြီလား။

အစ်ကိုကြီးစိတ်ထဲတွင် စွဲမြဲစွာ တည်ရှိနေသည့် မြခက်နွယ်။ မြခက်နွယ်က မိုးမခမြစ်ထဲမှာ။ အစ်ကိုကြီး မြခက်နွယ်နှင့် ချိန်းထားသည်ဟု တဖွဖွပြော ခဲ့သည့် စကား။ ဒီစကားက အစ်ကိုကြီး ဘဝအတွက် မကောင်းသော နိမိတ်… လား။ ခုတော့ အစ်ကိုကြီး တကယ် မြခက်နွယ်ခေါ်သံနှင့်အတူ မိုးမခမြစ် တွင် ပျောက်ကွယ်သွားခဲ့ချေပြီ။

♦♦♦

အစ်ကိုကြီး တခုတ်တရပြော ခဲ့သည့် မြခက်နွယ်နှင့် ဘဝချင်း ဆုံ ခဲ့ပြီလား။ ကျွန်တော် မိုးမခမြစ်ရေပြ ကို ကြည့်လိုက်မိသည်။ မိုးမခမြစ်ရေပြ က်တော့ တည်ငြိမ်အေးချမ်းစွာ စီးဆင်း နေဆဲဖြစ်သည်။ ကျွန်တော် အစ်ကိုကြီး သွားနေကျ လှိုင်းနဒီရွာလေးသို့ လှ မျှော် ငေးကြည့်လိုက်မိသည်။ လ ကွင်းစိမ်းမြမြနှင့် မှိုင်းပျပျ တောအု လေးများ အထီးကျန် တည်ရှိနေဆဲပြ သည်။

အခုတော့ မိုးမခမြစ်ပြင်ထဲတွင် ဘဝဆုံးပါးခဲ့သည့် အစ်ကိုကြီးနှ အစ်ကိုကြီး အလွန်ချစ်ခဲ့သည့် မြခ နွယ်တို့၏ ချစ်သူချင်း ကွေ့ကွင်းခဲ့ သည့် အလွမ်းဇာတ်လမ်း။ ဘဝဆ တိုင်း အစ်ကိုကြီးနှင့် မြခက်နွယ် ဆုံဆည်းနိုင်ပါစေဟု ကျွန်တော် ဆ တောင်းရင်း မိုးမခမြစ်ပြင်ကို ကြည့် လိုက်မိသည်။ ချစ်သူတို့၏ နှလုံးသာ ဝိညာဉ်ခိုနားရာ မိုးမခရေပြင်က ထာ စီးဆင်းနေဆဲမဟုတ်ပါလား။

* * *

ဇလွန်ကျော်…



www.burmeseclassic.com

www.burmeseclassic.com



စာဝါရိုးကြက်ဖဲ့ကိုက် ဘဝရှာဖိုက်

မြယာငြ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အစိုးရကိစ္စဖြင့် ကယားပြည်နယ် "ဒီမော ဆိုး"မြို့ရောက်ခဲ့စဉ်က တိုင်းရင်းဆေးဆရာကြီးတစ်ဦးနှင့် သိကျွမ်းခဲ့ပါသည်။ ရုံးအားရက်တစ်ခုတွင် ပျင်းပျင်းရှိသည်နှင့် ဆရာကြီးအိမ်သို့ သွားရောက်လည်ပတ်ခဲ့ပါသည်။ ဆရာကြီးအား အိမ်ဦးခန်းတွင် လက်ဖက်ရည်ကြမ်းတစ်အိုးဖြင့် အဆင်သင့်တွေ့ရပါသည်။ ကျွန်တော်သည် အိမ်၏ ဧည့်ခန်းကို တစ်ချက်အကဲခတ်ကြည့်မိရာတွင် ဆေးဆရာ၏ အိမ်ဆိုသော်ငြား၊ ဆေးဝါးနှင့် ပတ်သက်သည့် အစအန တစ်စုံတစ်ရာ မတွေ့ရှိရသည်ဖြစ်၍ ရုတ်တရက် အံ့အားသင့်ခဲ့ရပါသည်။

ကျွန်တော်သည် ဆရာကြီးအနီးတွင် ထိုင်ချလိုက်ပြီး...

"ဆရာကြီး...ဆေးမကုတော့ဘူးထင်တယ်"

ဟု ခရီးရောက်မဆိုက် ပြောလိုက်သည်တွင် ဆရာကြီးက...

"ဆေးဆရာဆိုမှ ဆေးမကုဘဲ နေပါ့မလားကွ"

ဟု ပြန်ဖြေပါသည်။ ကျွန်တော်က ဆက်၍...

"ဆရာကြီးအိမ်က ဆေးဆရာအိမ်လို့သာ ဆိုပေမယ့် ဆေးဝါးနဲ့ ပတ်သက်ပြီး ဆေးတစ်ပုလင်းတောင် မတွေ့ရလို့ပါ"

ဟု ပြောလိုက်ရာ ဆရာကြီးက...

"ဆရာဖျင်းတော့ ပုလင်းရှုပ်တာပေါ့ကွ၊ ဟဲဟဲဟဲ"

ဟု ပြောပြီး အားရပါးရ ရယ်လေသည်။ ပြီးမှ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ထည့်ရင်း...

"တကယ်တော့ ဆေးဆိုတာ အိမ်မှာရှိရင် ဆေးရှိတယ်ကွ။ အစာလည်း ဆေး၊ ဆေးလည်း အစာဆိုတာ ကြားဖူးမှာပေါ့။ မင်းတို့၊ ငါတို့ နေ့စဉ် ချက်ပြုတ်စားသောက်နေကြတာတွေဟာ အမှန်က ဆေးတွေပဲ။ အမြဲတမ်း လတ်ဆတ်တဲ့ ဆေးတွေဟာ မီးဖိုချောင်မှာပဲ ရှိတယ်။ အပြင်မှာ တကူးတကထွက်ရှာဖို့ မလိုဘူး။ နောက်ပြီး ရောဂါရတယ်ဆိုတာ ဓာတ်ငါးပါးညီညွတ်မှု မရှိတာကို ပြောတာပဲ။ ဒါကြောင့် "နရသုခိကျမ်း"မှာ "ငါးပါးသောဓာတ်၊ မညီမျှ၍ ဘေးက လူ့ဘောင်မရှောင်သာရှိ။ ဓာတ်ဦးဓာတ်ကင်း၊ လှုပ်ရှားခြင်းကို၊ နှိမ်နင်းကလျှ၊ အနှာဟူ၍၊ အယူဝါဒ၊ ရှိကုန်ကြတဲ့"လို့ ဆိုထားတာ ပေါ့ကွာ။

တစ်ခါ ရောဂါရရှိလာပြီဆိုရင် ကုသရမယ့် နည်း... လည်း အဲဒီ နရသုခိကျမ်းမှာပဲ "ပဋ္ဌတ၊ ညီညွတ်မှုကို ... နိုင်သည်သာ၊ ဆေးမည်ရာ၏"လို့ ပြောထားတယ်ကွ။ ... ပတ်သက်ပြီး ဆေးလောကမှာ အနောက်တိုင်း ဆေးပညာ... ဓာတ်ကိုပဲ အခြေခံပြီး၊ ငါတို့ တိုင်းရင်းဆေးမှာလည်း ဓာ... ကိုပဲ အခြေခံတယ်။ မတူတာက အနောက်တိုင်းဆေးအတွ... ဗီတာမင်ဓာတ်၊ သတ္တုဓာတ်တွေကို ခေတ်မီ ကိရိယာများ... စမ်းသပ်ဖော်ထုတ် သုံးစွဲကြပြီး တိုင်းရင်းဆေးမှာက မူ... ဘူတခေါ်တဲ့ ဓာတ်လေးပါးအပြင် ဓာတ်တစ်ပါးထက် ပို... လျှင် အလိုအလျောက် ပေါ်လာတဲ့ အာကာသဓာတ်ကြေ... ဓာတ်ငါးပါးဖြစ်လာရတယ်။ အဲဒီဓာတ်ငါးပါးကို အသိဉာဏ်... ဆင်ခြင်သုံးသပ်ပြီး ဆုံးဖြတ်ရတယ်ကွ။

ဒီနေရာမှာ မင်း နားလည်အောင် ဖြစ်စဉ်ကလေးတစ်... ပြောပြမယ်။ ဒဏ္ဍာရီလို၊ ပုံပြင်လို မဟုတ်ပေမယ့် ယုံတမ်း... သတ်မှတ်ရင် ရတယ်။ ဘာလို့လဲဆိုတော့ ယုံတမ်းဆို... တစ်ခါတလေ တကယ်ဖြစ်ရပ် ဖြစ်နေတတ်တာကြောင့်...

ဟု ပြောပြီး ရေနွေးကြမ်းတစ်ခွက်ကို သောက်ချလို... လေသည်။ ဆရာကြီးက ဆက်၍...

"တစ်ခါတုန်းက ပင်လယ်ပြင်မှာ သင်္ဘောပျက်ပြီး န... မြုပ်သွားတဲ့အခါ ပျဉ်တစ်ချပ်အကူအညီနဲ့ လူနှစ်ဦး အသက်... ရှင်လျက် ကျွန်းတစ်ကျွန်းပေါ် ရောက်လာကြတယ်။ လူ... မရှိတဲ့ ကျွန်းဖြစ်ပြီး အချိန်ကြာမြင့်စွာ ပင်လယ်ရေထဲ... ခဲ့ရတာကြောင့် အအေးပတ်ပြီး နှစ်ဦးစလုံး အဖျားတွေ တ... ပြီး ပင်ပန်းနေကြတယ်။ အဲဒီအထဲက တစ်ဦးဟာ အနော... တိုင်း ဆရာဝန်ဖြစ်ပြီး ဆေးသေတ္တာ၊ ဆေးထိုးအပ်နဲ့ နားကျ... စတဲ့ ကိရိယာတွေ မရှိတော့တာကြောင့် စိတ်ပျက် လက်... ချနေတယ်တဲ့။ နောက်တစ်ဦးက တိုင်းရင်းဆေးသမားတော်... ဖြစ်တာကြောင့် ကျွန်းပေါ်မှာ ရှိတဲ့ သစ်ပင်တွေကို သေ... အကဲခတ်ပြီး ဆေးဖက်ဝင်လောက်တဲ့ သစ်ရွက် သစ်ခေါ... များကို ထုထောင်းကြိတ်နယ်ပြီး ကိုယ်တိုင်လည်း သုံး... ဆရာဝန်ကိုလည်း သုံးစွဲခိုင်းလိုက်တယ်။ မကြာခင်မှာ နှ... စလုံး အဖျားကျပြီး ကျန်းမာသွားကြတယ်ကွယ့်"

ဟု ပြောပြီး ငှဲ့ပြီးသား ရေနွေးပန်းကန်ကို ယူ... ဖြည်းဖြည်းချင်း မှုတ်သောက်နေလေသည်။

ကျွန်တော်သည် ဆရာကြီး၏ ယုံတမ်းကို စိတ်ဝင်စာ... လာသဖြင့် ...

"သစ်ပင်တွေဟာ ဒီဒေသမှာ မတွေ့ဘူး မြင်... တဲ့ အပင်တွေဖြစ်နေရင် ဘယ်လိုဖြစ်သွားနိုင်သလဲ ဆ...



www.burmeseclassic.com

www.burmeseclassic.com

ကြီး"

ဟု မေးမြန်းလိုက်ရာ ဆရာကြီးသည် သောက်လက်စ အကြမ်းပန်းကန်ကို အသာချ၍ ...

"ငါပြောချင်တဲ့ ဓာတ်ဆိုတာ အဲဒါကို ပြောတာပေါ့။ သစ်ပင်တစ်ပင်ကို အမျိုးအမည်မသိစေကာမူ အဲဒီအပင်ရဲ့ ပုံသဏ္ဍာန်၊ အကိုင်းအခက်ထွက်ပုံ၊ အပွင့်အသီးထွက်ပုံ၊ သစ်ပင်ရဲ့ အနံ့အသက်၊ ပေါက်ရောက်တဲ့ မြေအမျိုးအစားနဲ့ ရာသီဥတုအနေအထားကို အကဲခတ်ပြီး စဉ်းစားဆုံးဖြတ်လို့ ရတာဆယ်။ အပင်ရဲ့ အနေအထားအရ ဝါရောအားကောင်းတဲ့ အပင်လား၊ တေဇောအားကောင်းတဲ့ အပင်လား စသဖြင့် အကြမ်းအားဖြင့် ခွဲခြားနိုင်တယ်ကွယ့်။ ဒါဟာ တိုင်းရင်းဆေး ပညာရဲ့ အားသာချက်ပါပဲ။ မင်း သိပြီးသားဖြစ်ချင် ဖြစ်လိမ့်မယ်။ ဗုဒ္ဓခေတ်က ဘုရားရှင်ကိုယ်တော်တိုင်ကို ဆေးကုသပေးရတဲ့ ဆေးဆရာကြီး ဇီဝကဟာ ဆေးပညာသင်ကြားစဉ်က သင်ကြားမှု ပြီးမြောက်တဲ့အခါ လက်တွေ့ စမ်းသပ်တဲ့ အနေနဲ့ ဆရာလုပ်သူက တောထဲ စေလွှတ်ပြီး ဆေးဖက်ဝင်တဲ့ အပင်ကို ရှာခိုင်းလိုက်တယ်။ ဆရာ ဇီဝကဟာ အချိန်သာ ကုန်သွားပေမယ့် ဆေးဖက်မဝင်တဲ့ အပင်ကို မတွေ့ရှိခဲ့ဘူး။ ဒါကြောင့် သာသနာဝင် သမိုင်းနဲ့ ဆေးပညာသမိုင်းမှာ ဆရာ ဇီဝကဟာ ဂုဏ်ယူဖွယ်ကြွားလောက်တဲ့ တိုင်းရင်းဆေးဆရာကြီးအဖြစ် ရပ်တည်နိုင်ခဲ့တာပေါ့ကွ။ ဒါကြောင့် သဘာဝဓာတ်က ပြောတဲ့အတိုင်း ဆေးကုသတဲ့အခါ ဆေးချက်ထိပြီး **ဓာတ်သဘာဝကို မစဉ်းစားဘဲ ဆေးကုတဲ့ ဆရာမိုက်**ဟာ သူ့စိတ်ကြိုက် ပေးတာမို့ ဆေးချက်နဲ့ လွဲပြီး ရောဂါပျောက်ကင်းမှုအတွက် အခက်အခဲဖြစ်စေတတ်တယ်"

ဟု ပြောပြီး အကြမ်းပန်းကန်ထဲရှိ လက်ဖက်ခြောက် အနည်ထနေသည့် လက်ကျန်အနည်းငယ်ကို အပြင်သို့ လှမ်းပက်လိုက်ပြီး လက်ဖက်ရည်အကြမ်းကို ထပ်မံ ငှဲ့ထည့်နေလေသည်။

စကားစ ပြတ်သွားချိန်တွင် ကျွန်တော်သည် တိုင်းရင်းဆေးပညာ အတိမ်အနက်ကို နားမလည်သူဖြစ်သော်လည်း တစ်ချိန်က "ပညတ်သွားရာ ဓာတ်သက်ပါသည်"ဟူသော စကားအတိုင်း ဝေဒနာရှင်၏ အမည်နာမကို ကြည့်၍ နေဓာတ်၊ လဓာတ် ပညတ်ဖြင့် ခွဲခြားသတ်မှတ်ပြီး ဆေးကုသခဲ့ရာတွင် အနောက်တိုင်း ဆေးပညာကို စိန်ခေါ်နိုင်လောက်သည့် ကုသုံးများဖြင့် ထင်ရှားကျော်ကြားခဲ့သည့် "အိုင်ကလောင် ဆရာကြီး"နှင့် စာရေးဆရာမကြီး "ဂျာနယ်ကျော် (ဒေါ်)မမလေး" တို့ကို အထူးသတိရမိပါသည်။ ကျွန်တော်၏ အထက်လူကြီး ဖြစ်သူသည် သွေးများ မကြာခဏ အန်လျက်ရှိရာ ဆရာမကြီး ဂျာနယ်ကျော်(ဒေါ်)မမလေး၏ ဓာတ်ကုထုံးဖြင့် အမြစ်ပြတ် ပျောက်ကင်းသွားသည်ကို လူရင်းဖြစ်သည့် ကျွန်တော်ကိုယ်တိုင် သိရှိခဲ့၍ ဖြစ်ပါသည်။

ကျွန်တော်၏ အတွေးများသည် ဆရာကြီး၏ ချောင်းဟန့်သံကြောင့် ပြတ်တောက်သွားပြီး ဆရာကြီးအား မဝံ့မရဲ ကြည့်လိုက်မိပါသည်။ ကျွန်တော်ကပင် ဆက်၍ ဆရာကြီးအား...

"တိုင်းရင်းဆေးပညာကို တကယ်တတ်မြောက်ချင်လျှင် သင်ယူဖို့ လွယ်ကူမည်မဟုတ်ဘူး ထင်ပါတယ်"

ဟု မေးမြန်းလိုက်ရာ ဆရာကြီးက...

"ဗုဒ္ဓအဘိဓမ္မာကို နားလည်သဘောပေါက်တဲ့သူအတွက် ဒီပညာဟာ သင်ကြားရာမှာ အခက်အခဲသိပ်မရှိနိုင်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဗုဒ္ဓအဘိဓမ္မာရဲ့ ကြောင်းကျိုးဆက်သဘောနှင့် တိုင်းရင်းဆေးပညာရဲ့ ကြောင်းကျိုးဆက်သဘောဟာ တူညီမှု ရှိနေတာကြောင့် ဖြစ်တယ်။ အလျှင်းသင့်လို့ ပြောရဦးမယ်။ တစ်ချိန်က တိုင်းရင်းဆေးဆရာကြီး "အဘိဓမ္မာဆရာကြီး ဦးကြည်"အမည်နဲ့ အောင်မြင်ကျော်ကြားတဲ့ ဆရာကြီးတစ်ဦးရှိခဲ့ဖူးတယ်။ ဒီဆရာကြီးဟာ ပုဂ္ဂလပညတ်ဓာတ်ကို အခြေခံပြီး ဆေးကုခဲ့ရုံသာမက၊ ဆေးကျမ်းဓာတ်ကျမ်းများလည်း ပြုစုခဲ့သူဖြစ်တယ်။ ဒါပေမယ့် ဆရာကြီးဟာ အသက်ရလာတော့ ဆေးလောကကို စွန့်လွှတ်ပြီး ဘာသာ သာသနာရေးကို ဇောက်ချလုပ်ခဲ့တယ်။ ဒီလို ဆောင်ရွက်ရာမှာ "မွှာစရိယ"ရထားတဲ့ ဆရာတော်ကြီးများကိုပင် ပိဋကတ်သုံးပုံကျမ်းများအား အမှတ်စဉ်ကို ညွှန်း၍ ထောက်ပြနိုင်စွမ်းရှိတာကြောင့် အောင်မြင်ကျော်ကြားခဲ့သူဖြစ်တယ်။ "သစ္စာဒီပက အဖွဲ့ချုပ်"ကို တည်ထောင်ခဲ့ပြီး နည်းမှန်၊ လမ်းမှန် ကမ္မဋ္ဌာန်းများ ပြသ၍ တရားစခန်းများ ဖွင့်လှစ်နိုင်ခဲ့တယ်။ ဘာသာ သာသနာအတွက် စာအုပ်စာပေများ ပြုစုခဲ့ရာမှာ "ဒိဋ္ဌဓမ္မ" "သိတာနှင့် သိစရာ"နဲ့ "မဇ္ဈိမပဋိပဒါရှင်းချက်"စာအုပ်တွေဟာ ထင်ရှားတဲ့ စာအုပ်တွေ ဖြစ်ပြီး လက်စွဲ လက်ကိုင်ပြုရမည့် စာအုပ်တွေဖြစ်တယ်"

ဟု ပြောပြီး ရေနွေးကြမ်းကို တစ်ငုံချင်း တစ်ငုံချင်း သောက်နေလေသည်။

ဆရာကြီးသည် အမောပြေအနေဖြင့် ရေနွေးကြမ်းကို ငုံမြဲသောက်နေစဉ် စကားစ ပြတ်သွားသည်နှင့် ကျွန်တော် သတိရလာသည့် အချက်တစ်ခုကို စဉ်းစားမိသည်။ တစ်ခ



www.burmeseclassic.com

www.burmeseclassic.com

က ရွှေဘိုမြို့မှာ ဆရာကြီး ဦးအောင်ဒင်သည် "ဗုဒ္ဓနည်းကျ ညြဉ်ရဲက သုခုမ ကြောင်းကျိုးဆက် ဓာတ်ကျမ်း"ကို ပြုစု၍ ဓာတ်ဆေးပညာကို ရန်ကုန်မြို့အထိ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချမှုများ ပြုလုပ်ခဲ့ဖူးသည်။ ဓာတ်ဆေးပညာမှာ သာမန် လူတန်းစားများထက် စိတ်ဝင်တစား, လိုက်စားခဲ့သဖြင့် အောင်မြင်မှု ရရှိခဲ့ဖူးသည်။ ကျွန်တော် အတွေးထနစ်မြောနေစဉ် ဆရာကြီးသည် အမောပြေသွားဟန်ဖြင့် ဆက်၍ ပြောလေသည်။ ဆရာကြီးက...

"ကြောင်းကျိုးဆက်ဆိုလို့ ပြောရဦးမယ်။ အနောက်တိုင်းဆေးပညာက ရောဂါဖြစ်လာတဲ့ "အကျိုး"ကို ကြည့်၍ ကုသကြပြီး တိုင်းရင်းသမားတော်တွေကတော့ ရောဂါဖြစ်လာရတဲ့ "အကြောင်း"ကို သိအောင်လုပ်ပြီး ကုကြတယ်။ ဒီနေရာမှာ ဥပမာတစ်ခုပြောပြမယ်။ မိုးကြီးပြီး မြောင်းရေလျှံလို့ အိမ်ထဲကို ရေတွေ ဝင်လာတဲ့အခါ အိမ်ထဲ ဝင်လာတဲ့ ရေတွေကို ချက်ချင်းခပ်ထုတ်ပစ်လိုက်ရင် လောလောဆယ် အဆင်ပြေသွားပေမယ့်၊ နောက်တစ်ကြိမ် မိုးကြီးလာတဲ့အခါ ရေတွေ ထပ်ပြီးဝင်လာဦးမှာပဲ။ ဒါကို "အကျိုး"ကို ကုသတဲ့ သဘောမှတ်ထားလိုက်ပြီးလျှင် အိမ်ထဲကို ရေလျှံလာတဲ့ မြောင်းထဲက အမှိုက်သရိုက်နဲ့ သဲနုန်းမြေတွေကို ခပ်ထုတ်ဖယ်ရှားပစ်တာက "အကြောင်း"ကို ဆောင်ရွက်လိုက်တာပဲ။ အချိန်ပေးလိုက်ရပေမယ့် စိတ်ချရတယ်။ နောက်တစ်ခါမိုး ဘယ်လောက်ကြီးကြီး အိမ်ထဲကို ရေမဝင်နိုင်တော့ဘူး။ ဒါကို "အကြောင်း"ကို ကုတယ်လို့ ခေါ်တယ်။ "အကြောင်းငြိမ်းတော့ အကျိုးချုပ်"တာပေါ့ကွာ"

ဟု ပြောပြီး လက်ကျန် ရေနွေးကို သောက်ချလိုက်လေသည်။ ကျွန်တော်သည် ဧည့်ခန်းမှ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်ပြီး...

"အချိန်တောင် တော်တော်ကုန်သွားပြီ။ ဒီနေ့ ဆရာကြီးဆီ လာလည်ရတာ ဗဟုသုတမျိုးစုံရရှိခဲ့လို့ ဆရာကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းရင်းဆေးပညာကို စိတ်ဝင်စားပေမယ့် အစိုးရဝန်ထမ်းတွေနဲ့ ငြိမ်ငြိမ်နေရသူမဟုတ်လို့ လေ့လာလိုက်စားဖို့ အချိန်သိပ်မရပါဘူး။ ဒါကြောင့် အသက်ရှည်ပြီး ကျန်းကျန်းမာမာနေနိုင်အောင် အပန်းမကြီးရင် "ရသာယန"ဆေးနည်းများရှိရင် ချီးမြှင့်ပေးစေချင်ပါတယ်"

ဟု တောင်းဆိုလိုက်ရာ ဆရာကြီးက...

"ရသာယနကို လူတိုင်း လိုချင်ကြတယ်။ ဒါပေမယ့် ရသာယနရဲ့ လေးနက်တဲ့ သဘောကို နားမလည်ကြဘဲ လိုချင်တာတစ်ခုပဲ သိကြတာ များတယ်။ တချို့ဆိုရင် ရသာယနရဲ့ နူးညံ့တဲ့ သဘောကို ကြမ်းတမ်းတဲ့ အဓိပ္ပာယ်မျိုး ထင်ယောင်ထင်မှား လုပ်တတ်ကြတယ်"

"ပရန္ဒဝါ၊ ခုနစ်လွှာ၊ သကာများနှင့် ကြိတ်၊ တစ်နေ့ တစ်ကော်စားပါနော်... စသဖြင့် စာချိုး ပေချိုးတွေကို အာဝဇ္ဇန်းရွှင်ရွှင်နဲ့ ရွတ်ပြပြီး ကာမ၊ ရာဂ ထကြွအောင် လှုံ့ဆော်ဆေးအဖြစ် ပြောကြ ဆိုကြတာကြောင့် အဓိပ္ပာယ် ညစ်နွမ်းကြရတယ်။ တကယ်အသက်ရှည်ပြီး အနာရောဂါ ကင်းချင်ရင်တော့ ဗုဒ္ဓကိုယ်တိုင်ဟောကြားခဲ့တဲ့ ရသာယန ဆေးနည်းရှိတယ်။ ဒီဆေးနည်းကို "မြန်မာ့အယုဗ္ဗေ ဆေး ဆရာတော် အရှင်နာဂသိန် မဟာထေရ်"ရဲ့ ဆေးကျမ်းတစ် မှာ ဖော်ပြထားတာ ရှိတယ်။ မင်းလိုချင်ရင် သေသေချာချာ ကူးယူသွားပေါ့ကွာ"

ဟု ဆိုသဖြင့် အောက်ပါအတိုင်း ကူးယူခဲ့ပါသော သည်။

## ရှေးဦးစွာ မှတ်ရမယ့် ဗုဒ္ဓရသာယန

ချစ်သားတို့... အသက်ရှည်ကြောင်း တရားငါးပါး သည်။ ထိုငါးပါးကား -

(၁) မိမိနှင့် လျော်သော ဆေးဝါးနှင့် အစားအသောက် များကိုသာ စားသောက်ခြင်း။

(၂) မိမိနှင့် လျော်သော အစားအသောက် စား တွင် အတိုင်းအရှည်ကို သိခြင်း။

(၃) ကြေလွယ်သော အစာကိုသာ စားသောက်ခြင်း

(၄) ဥတုခြောက်ပါးအား လျော်စွာပြုလုပ် နေထိုင်ခြင်း

(၅) အမြဲပွား စရိယအမှုကို ရှောင်ကြဉ်ခြင်း။ (လင် မယားနှစ်ဦး တစ်ဦးနှင့် တစ်ဦး လွန်ကျူး လင်ငယ်၊ မယားငယ် မယူခြင်း)။

ဤငါးပါးသည် အသက်ကို ရှည်စေတတ်ကုန်၏။

* * *

မြသော



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့တောင်ဘက်ခြမ်းတွင် အကြီးဆုံးမြို့တော်

● မောင်လင်းအောင် ●






























www.burmeseclassic.com

www.burmeseclassic.com

အာဂျင်တီးနားနိုင်ငံသည် တောင်အမေရိကတိုက်တွင် ဒုတိယအကြီးဆုံးသော သမ္မတနိုင်ငံဖြစ်သည်။ ဧရိယာစတုရန်းမိုင်ပေါင်း ၁,၀၇၂,၀၆၇ ရှိပြီး လူဦးရေမှာ သန်း ၄၀ ကျော်ရှိသည်။ စပိန်နှင့် အီတလီမျိုးနွယ်အများစု နေထိုင်ကြသည်။ အများစုမှာ ရိုမန်ကက်သလစ်ဘာသာဝင်များဖြစ်သည်။ ၁၈၁၆ ခုနှစ်၊ လွတ်လပ်ရေးမရမီအထိ အာဂျင်တီးနားကို နှစ်ပေါင်း ၃၀၀ခန့် စပိန်တို့က အုပ်ချုပ်ခဲ့သည်။ အာဂျင်တီးနားအစိုးရအဖွဲ့ ဖွဲ့စည်းပုံမှာ ၁၈၅၃ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေမူအတိုင်းဖြစ်သည်။ ထိုအခြေခံ ဥပဒေကိုပင် ၁၈၆၀၊ ၁၈၆၆၊ ၁၈၉၈ နှင့် ၁၉၅၇ ခုနှစ်များတွင် အကြိမ်ကြိမ်ပြင်ဆင်ခဲ့ရာ နောက်ဆုံး၌ အမေရိကန်ပြည်ထောင်စု ကျင့်သုံးသော အခြေခံ ဥပဒေပုံစံမျိုးဖြစ်လာခဲ့သည်။

ထိုတောင်အမေရိကတိုက်၌ ဒုတိယအကြီးဆုံးသော နိုင်ငံ၏ မြို့တော်မှာ ကမ္ဘာ့တောင်ဘက်ခြမ်းတွင် အကြီး မြို့အဖြစ် ထင်ရှားသည်။ ထိုမှုသာမက မြို့တော် "ဗျူနိုအေး (Buenos Aires)သည် ကမ္ဘာ့အနောက်ခြမ်းတွင်လည်း တတိယအကြီးဆုံးမြို့ဖြစ်ကာ ကမ္ဘာပေါ်တွင်လည်း သ အကြီးဆုံးမြို့ဖြစ်သည်။ ခရစ်နှစ် ၁၅၀၀ကျော်တွင် က ကို လှည့်၍ ကိုလိုနီနယ်မြေသစ်များ ရှာဖွေကြသော စ လူမျိုးအချို့သည် တောင်အမေရိကတိုက် "လာပလက်တ






www.burmeseclassic.com

ခေါ် ပလိတ်မြစ်ဝသို့ ရောက်ကြသောအခါ ထိုဒေသတစ်ဝိုက်တွင် တိုက်ခတ်သော လေပြည်လေညင်း၏ သာယာကြည်နူးဖွယ်ကောင်းပုံကို တွေ့ရှိကြသဖြင့် ထိုနေရာတွင် "လေသာမြို့" ဟူ၍ အဓိပ္ပာယ်ရသော ဗျူနိုအေရိစ်မြို့ကို ၁၅၃၆ ခုနှစ်တွင် တည်ထောင်ခဲ့ကြသည်။ သို့ရာတွင် ယခုလက်ရှိ မြို့သည်





၁၅၈၀ ပြည့်နှစ်၊ ဇွန်လ ၁၁ရက်နေ့က စတင်တည်ထောင်ခဲ့သော မြို့ဖြစ်သည်။ ၁၉၁၀ပြည့်နှစ်တွင် အာဂျင်တီးနားနိုင်ငံဟူ၍ သီးခြားလွတ်လပ်သောနိုင်ငံ ပေါ်ထွက်လာသောအခါ ဗျူနိုအေရိစ်မြို့သည် မြို့တော်အဖြစ် ပြောင်းလဲလာသည်။ ဗျူနိုအေရိစ်မြို့သည် လာပလက်တာမြစ်၏ အနောက်ဘက်ကမ်းတွင် ပင်လယ်နှင့် ၁၇၅မိုင် ကွာဝေးသောနေရာ၌ ပင်လယ်ရေမျက်နှာပြင်အထက် ၇၂ပေသာ မြင့်သော ညီညာပြန့်ပြူးသည့် မြေနိမ့်လွင်ပြင်၌ တည်ရှိသည်။ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်သော ဆိပ်ကမ်းမြို့လည်းဖြစ်သည်။ မြို့၏ သင်္ဘောဆိပ်သည် ကမ်းခြေတစ်လျှောက်၌ ၁၆မိုင်ခန့် ရှည်လျားစွာ ဆန့်တန်းတည်ရှိနေသည်။

ဗျူနိုအေရိစ်မြို့တွင် အာဂျင်တီးနားတစ်နိုင်ငံလုံး၌ လူဦးရေ ၂၀ ရာခိုင်နှုန်းခန့် ရှိသည်။ ယင်းတို့အနက် နိုင်ငံခြားသားများသည် တစ်ဝက်နီးနီးရှိကာ စပိန်လူမျိုးနှင့် အီတာလံလူမျိုးတို့မှာ အများဆုံးဖြစ်သည်။ ကျန်နိုင်ငံခြားသားများမှာ ရုရှား၊ ဥရုဂွေး၊ ပြင်သစ်၊ တူရကီနှင့် ဂျာမနီနိုင်ငံတို့မှ ဖြစ်ကြသည်။ ဗျူနိုအေရိစ်မြို့သည် ယခုအခါ ကမ္ဘာပေါ်တွင် ခေတ်အမီဆုံး မြို့ကြီးများထဲတွင် တစ်မြို့အပါအဝင်ဖြစ်ကာ တောင်အမေရိကတိုက်အတွက် ဂုဏ်ပြုလောက်သော မြို့ကြီးလည်း ဖြစ်သည်။ ပြင်သစ်နိုင်ငံ ပါရီမြို့ကဲ့သို့ ခေတ်ဟောင်းနှင့် ခေတ်သစ်အငွေ့အသက်များ ရောယှက်ခံစားနိုင်သဖြင့် တောင်အမေရိကန်တိုက်၏ ပါရီမြို့ဟု ခေါ်လေ့ရှိကြသည်။





www.burmeseclassic.com

www.burmeseclassic.com







မြို့ကို တည်ဆောက်ထားပုံမှာ အလွန်လှပ၍ မြို့ထဲ၌ ကြည့်ရှုစရာ၊ သွားလာလည်ပတ်စရာ နေရာအမြောက်အမြားရှိသည်။

မြို့၏ ကျက်သရေဆောင် အဆောက်အအုံများမှာ သမ္မတရုံး တည်ရှိရာ "ကာဆာဂိုဇားဒါး"ခေါ် နှင်းဆီရောင် အိမ်တော်၊ မြူနီစပယ်အဆောက်အအုံ၊ ဘုရားရှိခိုးကျောင်းများ။ ဂိုဏ်းအုပ် ဘုန်းတော်ကြီးစံကျောင်း၊ အမျိုးသား အနုပညာခန်းမဆောင်၊ အမျိုးသား စာကြည့်တိုက်၊ တက္ကသိုလ်ကျောင်းတော်ကြီးများ၊ ပြတိုက်များ စသည်တို့ဖြစ်သည်။ မြို့ပေါ်တွင် ပန်းခြံများ ရာကျော်ရှိကာ သစ်ပင်ပန်းမာလ်များ အရောင်အသွေး အစုံအလင်ဖြင့် အလွန်ပင် သာယာလှပါသည်။ သစ်ပင်များဖြင့် ဘေးနှစ်ဖက် အနားသတ်ထားသော လမ်းမကျယ်ကြီးများ၊ လေးထောင့်ပုံ ကျယ်ဝန်းသော ပန်းခြံများနှင့် မြက်ခင်းများဖြင့် ဗျူနိုအေရိစ်မြို့သည် လာရောက်လည်ပတ်သူ ခရီးသွားများကို ဖမ်းစားထားသည်။

မြို့တွင်းရှိ လမ်းများသည် အားလုံးလိုလိုပင် အရှေ့မှ အနောက်၊ တောင်မှ မြောက်သို့ ဖြောင့်ဖြောင့်ဖြူးဖြူး တန်း၍ တစ်ခုနှင့် တစ်ခု ထောင့်မှန် ဖြတ်သန်းလျက် တည်ရှိလေသည်။ ဗျူနိုအေရိစ်မြို့တွင် အာဂျင်တီးနားနိုင်ငံအတွင်း အ... မြို့မှ လာသော မီးရထားလမ်းများဆုံရာ ထိုတူတာရုံကြီးလည်း ရှိသည်။ တောင်အမေရိကတိုက်ရှိ ဒေသတွင်း နိုင်ငံများ... သာမက၊ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများနှင့်လည်း လေကြောင်း ခရီးဖြင့် ဆက်သွယ်ထားသည်။ မြို့တော်သည် တော... အမေရိကတိုက်တွင် အကောင်းဆုံးသော မြေအောက် ရထား လမ်းများလည်း တည်ရှိရာမြို့ ဖြစ်သည်။ ကမ္ဘာအရပ်ရပ်... သင်္ဘောကြီးများ ဆိုက်ကပ်ရာ ထင်ရှားသော ပင်လယ်... ကမ်းမြို့လည်းဖြစ်ရာ ကုန်စည်ကူးသန်းရောင်းဝယ်ရေး... ခရီးသွားလုပ်ငန်းမှာ အထူးကောင်းမွန်သည်။

တောင်အမေရိကတိုက်သို့ တစ်ခါတစ်ခေါက် အလည်... ရောက်ရင်ဖြင့် အာဂျင်တီးနားနိုင်ငံ၏ မြို့တော် ဗျူနိုအေ... သို့ သွားလည်ဖြစ်အောင် သွားကြပါဟု တိုက်တွန်းလိုက်... သည်။

* * *

မောင်လင်း...

Wihipedia, the free encycl...



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကင်တစ်ခွင်လုံး မြူတိမ်ကင်းစင်ကာ ကြည်လင်နေ၏။ ငွေသော်တာ လမင်းကြီးကို ခြံရံ ခစားနေသော ကြယ်ကလေးများကလည်း အပြုံးကိုယ်စီဖြင့် တောက်ပနေသည်။ မြေပြင်လွင်တွင် ရှိသော သစ်ရွက်သစ်ခက်ကလေးများလည်း လမင်းကြီးနှင့် ငွေကြယ်ပွင့်တို့ကို လက်ခုပ်ဩဘာပေးနေပါသည်။ ပုရစ်သံလေးများမှာလည်း ကြည်နူးရင်ခုန်စွာ ရယ်မောနေသယောင်ရှိလေ၏။

သုတ်သုတ်ဖြူးဖြူး လေညင်းကလေးတို့၏ အနမ်းကို အရသာခံနေမိသည်။ မြို့ကြီးအရပ်တွင် မြင်နိုင်ခဲသော မြင်ကွင်း၊ ခံစားဖို့ ခဲယဉ်းသော အရသာနှင့် ညအလှက ကျွန်တော့်ကို ညှို့ယူဖမ်းစားထားခြင်း ဖြစ်ပါသည်။ သဘာဝ ကောင်းကင်အောက်က ကျွန်တော်၏ နှလုံးသားများ ပီတိတွေနှင့် ဖုံးလွှမ်းနေလေသည်။

"ဟင်···သားကြီး၊ ခုအချိန်ထိ မအိပ်သေးဘူးလား။ ဘယ်အချိန်ရှိနေပြီလဲ"

အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ကုလားထိုင်တစ်လုံးနှင့် ကျွန်တော် ငိမ်ကျနေခြင်းဖြစ်ပါသည်။ တစ်ရေးနိုးကာ အပေါ့အပါးသွားရန် ထလာသောအမေ တွေ့မြင်သွားခြင်းကြောင့် စိုးရိမ်တကြီးပြောနေခြင်းပင်။ ကျွန်တော် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လျက်သားဖြစ်သွား၏။

"အဟဲ···အိပ်မှာပေါ့ အမေရဲ့။ မတွေ့ရတာ ကြာပြီဖြစ်တဲ့ ညချမ်းအလှနဲ့ လရောင်ရဲ့ အေးချမ်းမှု အရသာခံနေတာ အမေရဲ့"

"အမယ်လေးလေး···သားရယ်၊ ကဗျာတွေ ဆန့်မနေပါနဲ့ သားရယ်။ မနက်ဖြန် အလှူအစနေ့နော်။ လူတွေ တရုန်းရုန်းနဲ့ အိပ်ရမှာမဟုတ်ဘူး။ နောက်ညတွေရော ဆက်တိုက် အိပ်ရေးပျက်တော့မှာ သားကြီးရဲ့။ ကဲပါ···အိပ်ပါတော့ကွယ်"

"ဟုတ်ကဲ့ပါ အမေ၊ အိပ်မှာပါ။ ဪ···ဒါနဲ့ အမေ အလှူရက်တွေမှာ အဖေ့အခြေအနေကရော ဟန်ပါ့မလား အမေ"

"ဘာ···ဘာကို မေးတာလဲ သားကြီး"

ကျွန်တော့်စကားကို အမေ နားရှုပ်နေဟန်ရှိ၏။ ကျွန်တော်ကလည်း ကိုယ့်အတွေးနှင့် ကိုယ် ရုတ်တရက် မေးလိုက်မိခြင်းဖြစ်ပါသည်။

"ဪ···ဒီလိုလေ အမေရဲ့၊ အဖေက သူ့အကြိုက် ယစ်ရွှေရည်ကို မှီဝဲလို့ ရေချိန်လွန်ပြီး ပြဿနာများ ဖြစ်နေဦးမလားလို့ပါ။ အဲဒါ စိုးရိမ်မိလို့"

"ဪ···ဒါလား။ အင်း···မဖြစ်တန်ကောင်းပါဘူးကွယ်။ စိုးရိမ်မနေပါနဲ့ သားရယ်။ အင်း···ပြောပြဦးမယ် သားရေ၊ အလှူက စပေါင်းလှူကြတာ မဟုတ်လား။ အလှူအတွက် စပြီး အစည်းအဝေးလုပ်တဲ့နေ့ကပေါ့ အမေတို့က သွားပြောတယ်၊ အလှူထဲမှာ ပါချင်တယ်ပေါ့။ အမေတို့လက်ထဲမှာ စပါးရောင်းထားတဲ့ ငွေလေးက ရှိတော့ သားအဖေနဲ့ အမေတိုင်ပင်ပြီး သွားတာဆိုပါတော့။ မ,တည်တဲ့သူရော၊ ပါဝင်တဲ့သူတွေကပါ အင်တင်တင်လုပ်နေကြတာလေ သားရဲ့။ သားရဲ့ အဖေကို ကြောက်ကြလို့ပေါ့ကွယ်။ အဟင်းဟင်း သားရဲ့ အဖေက လူပါး သားရဲ့။ အခြေအနေကို သိသွားတယ်လေ။

"ခင်ဗျားတို့ စိတ်ထဲမှာ ဘာတွေ ရှိနေတယ်ဆိုတာ ကျုပ်ရိပ်မိပါတယ်ဗျာ။ ဘာမှမစိုးရိမ်ကြပါနဲ့။ အလှူ[...] မှာသာ ပါခွင့်ပေးပါ။ ကျွန်တော့်[...] ဘယ်သူမှ စိတ်အနှောင့်အယှက်[...] စေရဘူး။ ကတိပေးပါတယ်" [...] အကြိမ်ကြိမ်ပြောခဲ့ရတာ သားရဲ့ [...] နေ့က စပြီး တစ်စက်မှ မသောက်[...] တာ"

"ဟာ··· ဟုတ်လား အ[...] ဒီအတိုင်းသာ ဆက်သွားရင်တော့ [...] သာစရာပဲ အမေ။ အင်း···[...] တော့ စောင့်ကြည့်ရဦးမှာနော်"

"ဒါပေါ့ သားကြီးရယ်။ သူ [...] လိမ့်မယ်လို့တော့ မျှော်လင့်ပါတ[...] ကွယ်။ မသကာ သောက်လည်း [...] နည်းပါးပါးပေါ့။ ကဲ - အိပ်တော့ သာ[...] ကြီးရေ၊ အတော်ညဉ့်နက်နေပြီကွယ်"

"ဟုတ်···ဟုတ်ကဲ့ပါ အမေ"

◆◆◆

အလှူကား စပေါင်းရှင်ပြုပွဲဖြစ်[...] အလှူအစနေ့ဖြစ်သည်။ ထင်းခွဲသူ [...] ခပ်သူ၊ ကြက်သွန်လှီး၊ ဆန်ရွေး စသည်[...] ဖြင့် တာဝန်ကိုယ်စီယူကာ ပြုံးပျော်[...] ကျေနပ်နေကြ၏။ မယ်ဇလီကျေးရွာ[...] စပေါင်းဆောင်ရွက်တတ်သော ချစ်စ[...] ခလေ့ပင် ဖြစ်သည်။ အလွန်ပင် စည်[...] လုံးညီညာသော ရွာတစ်ရွာဟု အစဉ်[...] အလာကြီးခဲ့ပါသည်။ ယခုလည်း အစဉ်[...] လာမပျက်၊ နောက်နှစ်ပေါင်း ကုဋေကုဋာ[...] လည်း ရှိနေပါဦးမည်။

"ဟဲ့ - စန်းဝင်း၊ ငါ အဖြူရောင် ဇာဝမ်းဆက်လည်း ချုပ်ထားတယ်ဟ[...] ညနေ ရှင်လောင်းလှည့်ရင် ဝတ်မှာ[...] ဟဲ့ - အဲဒါ ငါနဲ့ လိုက်ပါတယ်နော်"

အမျိုးသမီးကြီးအပိုင်းက ကြက်[...] သွန်လှီးကာ၊ အမျိုးသမီးငယ်(အပျို)[...] က ဆန်ပြာ ဆန်ရွေးနေကြ၏။ [...] က စပါးလုံးများ ကောက်[...] စကား[...] လိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မြင့်စန်းရယ်··· နင်ကလည်း ဘာတွေ စိုးရိမ်နေတာလဲဟာ။ နင့်အင်္ကျီမှာ ကြယ်သီးပါတယ်မဟုတ်လား၊ ကြယ်သီးတပ်ထားရင် ကျွတ်ကျန်ခဲ့မှာ မဟုတ်ပါဘူးဟာ။ ဒီအင်္ကျီနဲ့ နင်လိုက်ကို လိုက်မှာပါဟာ၊ နင်ကလဲ···"

"ဟင်···"

"အဟားဟား···"

"ဟီးဟီး···"

မိစိန်စကားကြောင့် တစ်ဖွဲ့လုံး သဘောကျ ရယ်လိုက်ကြ၏။

"ကောင်မစုတ် မိစိန်၊ ငါက အဟုတ်မှတ်လို့။ ဒီမှာ နင့်ကို ငါမေးတာ မဟုတ်ဘူး၊ စန်းဝင်းကို မေးတာ။ ဟဲ့ - စန်းဝင်း၊ နင်ပဲ ပြောဟဲ့"

မြင့်စန်းက ရက်ကိုးရက်ကန်းနှင့် ချော်လဲရောထိုင်လုပ်လိုက်၏။

"အေးဟယ်၊ မိစိန်ကလည်း ဘာတွေ လျှောက်နောက်တယ်မသိဘူး၊ ဒီမှာ မြင့်စန်း၊ နင် ဝတ်သာဝတ်၊ နင်သာ ဇာအဖြူဝမ်းဆက် ဝတ်လိုက တော့အေ···"

"ဘာလဲဟာ၊ မီးသွေးတုံးကို ထုံးသုတ်ထားသလိုဖြစ်သွားရောလား"

"မနောက်ပါနဲ့ မိစိန်ရာ၊ ငါပြောမယ် မြင့်စန်း၊ နင်သာ ဇာအဖြူဝတ်လိုက်တော့ ငါးခူကို ဗလာစာရွက်နဲ့ ပတ်ထားသလိုကို ဖြစ်သွားမှာဟ"

"ဟင်"

"ဟောတော့"

"အဟား···ခစ်ခစ်ခစ်"

စန်းဝင်း၏ စကားအဆုံး အူတက်မတတ် ဝိုင်းရယ်ကြရာ မြင့်စန်းလည်း မနေသာတော့၊ ရောကာယောင်ကာ လိုက်ရယ်နေတော့သည်။ ပြီးမှ···

"တော်ပြီ···တော်ပြီ၊ ဘယ်ကောင်မမှ မကောင်းဘူး။ တော်ပြီ အဲဒီ ဝမ်းဆက်လည်း မဝတ်တော့ဘူး။ ချောင်းထဲ လွှင့်ပစ်လိုက်တော့မယ်"

"အကောင်းဆုံး အစီအစဉ်ပေါ့ ယောက်မရယ်။ နို့မို့ဆိုရင်လေ နင့်ပုံစံက မည်းတဲတဲ ပုပျပ်ပျပ်နဲ့ဆိုတော့ စန်းဝင်းပြောတဲ့အတိုင်း ဖြစ်နေမှာ သေချာတယ်"

"ဟဲ့ - အဲဒီတော့လည်း ငါးခူပြီး လေး ပြီးပြလိုက်ပေါ့ဟယ်"

"ကဲ - တော်ပြီ ဘာမှမပြောကြနဲ့တော့"

"အီး···ရှက်သွားပြီ ရှက်သွားပြီ"

"အဟီး···ခစ်ခစ်"

ဘေးဝိုင်းက အမျိုးသမီးကြီးတို့ကပါ မြင့်စန်းကို ပုံဖော်ကြည့်မိကြ၍ ရယ်နေကြပါတော့သည်။

ချစ်ခင်စည်းလုံးစွာ ပျော်ရွှင်နေကြသည်ကို ကြည့်၍ ကျွန်တော်နှင့် အခြားလူများပါ ဘဝင်ရလုံး ရွှင်ပြုံးကြရပါသည်။ ကျွန်တော် ပီတိဖြစ်နေရင်းမှ အဖေ့ကို ဖျတ်ခနဲ သတိရသွား၏။ အဖေသောက်လာပြီး တစ်ခုခုဖြစ်ရင် ဒုက္ခပဲ အတွေးဝင်လာပါသည်။ မဏ္ဍပ် အတွင်း မျက်လုံးဝေ့ကြည့်ရာ အဖေ့ အရိပ်အယောင်ကို မတွေ့ရ၊ မဏ္ဍပ်သည် အလှူမ,တည်သူ ကိုမြင့်လှိုင်အိမ် ရှေ့တွင်ဖြစ်ရာ မဏ္ဍပ်အတွင်းမှာ မရှိတာ သေချာသည်။ ကပျာကယာ အိမ်ပေါက်ဝဘက် လျှောက်သွားပြီး အိမ်ပေါ်ရှိ လူကြီးဝိုင်းသို့ လှမ်းကြည့်လိုက်မိသည်။

အမေသည်လည်း ကျွန်တော်နှင့် အတွေးချင်း တူနေဟန်ရှိပါသည်။ အိမ်ပေါက်ဝဆီ မယောင်မလည်ရောက်လာ၏။ ကျွန်တော့်အဖေသည် အိမ်ပေါ်ရှိ လူကြီးများ(လက်ဖက်ဝိုင်း)တွင် ရွှင်တပြုံးပြုံးဖြင့် စကားပြောနေပါသည်။ အမေ့မျက်နှာတွင် အပြုံးပန်းများ ဝေနေ၏။

"ဘာလဲ အမေ၊ အဖေ့ကို ကြည့်ပြီး ပီတိတွေ ဖြာနေတာမဟုတ်လား"

"ဒါပေါ့ သားကြီးရဲ့ သားကြီးကရော"

"အဟဲဟဲ···အမေ့လိုပဲ"

"အင်း···ဒီလိုပဲ ဖြစ်ရမှာပေါ့ သားရယ်၊ ဒါ ဖြစ်သင့်တာ ကြာပြီ"

အမေသည် ထိုမျှသာ ပြောပြီး ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ပါသည်။ ကျွန်တော်သိပါသည်။ အဖေ့အတွက် အမေ့ရင်ဘတ်က အပူ ပင်းစင်ဖို့ဖြစ်သွားပါချေပြီ။ နှစ်ပေါင်းများစွာ စိတ်ဆင်းရဲခဲ့ရပါသည်။ နေ့စဉ်နှင့် အမျှ ပူပန်ခဲ့ရပါသည်။

ယခင်က သောက်တတ်၊ ကြမ်းတတ်သော အဖေ၊ သွေးဆိုး ရမ်းကားတတ်သော အဖေ၊ စိတ်ထဲမထင်လျှင် မိသားစုတွင်သာမက တစ်ရွာလုံးကိုပါ အော်ဆဲတတ်သော အဖေဖြစ်ပါသည်။ ယခုတော့မှု သူမှ ဟုတ်ပါလေစဟု သံသယပွားစရာ ဖြစ်နေပါသည်။ ကျွန်တော် မြင်လိုသော ပုံစံ၊ အမေ မျှော်လင့်ခဲ့သော အချိန်ကာလ၊ အခုတော့ ရရှိခဲ့ပါသည်။

ကျွန်တော်တို့ မိသားစုနှင့်တကွ တစ်ရွာလုံးက မျှော်လင့်တောင့်တမိသော ဆန္ဒကို အဖေဖြည့်ဆည်းပေးနေပါသည်။ အတွေးနှင့်အတူ ကြည်နူးစိတ်ကြောင့် ကျွန်တော့်မျက်ဝန်းအတွင်းက မျက်ရည်ပင် စို့ချင်လာပါသည်။ ကျွန်တော့်ညီ၊ ညီမတို့လည်း ကျွန်တော့်ကဲ့သို့ ရှိပေလိမ့်မည်။ အမေလည်း မျက်လုံးအိမ်ကို လက်ခုံနှင့် တို့ကာ လှည့်ထွက်သွားပါတော့သည်။

◆◆◆

သာသနာ့အမွေခံ အလှူပွဲကြီးကား စည်ကားသိုက်မြိုက်စွာ အောင်မြင်ပြီးမြောက်သွားပါသည်။ တစ်ဦးကောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကောင်းမဟုတ်တဲ့ စပေါင်း အလှူပွဲကြီး သာမန်ထက် ပိုမိုစည်ကား ခဲ့ပေသည်။ အလှူပြီးသောညတွင် မြို့ ပေါ်က နာမည်ကြီး "စိန်မိုးလွင်"မင်္ဂလာ ဆိုင်းအဖွဲ့ဖြင့် ညှော်ခံခဲ့ပါသည်။ ရွာလုံး ကျွတ် ပရိသတ်ရော၊ ရွာနီးချုပ်စပ်က ဧည့်ပရိသတ်ပါ မိုးလင်း အားပေးရာ ကျေနပ်ကြည်နူးကြရပါသည်။ စိန်မိုးလွင် ဆိုင်းမှလည်း မိုးအလင်း မနားတမ်း တီးပေးသွားရာသည်။

မြို့ကြီးအရပ်တွင် အနေကြာခဲ့ သော ကျွန်တော့်ပွဲခင်းကြီးကို ကြည့်၍ အံ့ဩဝမ်းသာဖြစ်ရသေးသည်။ ထိုမျှ များပြားလှသော လူပရိသတ်ကို မည်သူ မျှ မထိန်းရပါပေ။ မည်သည့်ပြဿနာမှ မှလည်း မဖြစ်ခဲ့ပါ။

◆◆◆

လေးငါးညဆက်တိုက် အိပ်ရေး ပျက်ထား၍ တစ်ချက် တစ်ချက် ကျွန်တော့်မျက်ခွံများ မဖွင့်ချင် လောက်အောင် လေးလံနေပါသည်။ သို့သော်လည်း ကျွန်တော်တို့မိသားစု မှာ အိပ်လိုစိတ်မရှိကြသေး။ လူစုံ တက်စုံဖြင့် စကားလက်ဆုံကျနေကြ ပါသည်။ ထိုကဲ့သို့ မိသားစုစုံရေးမှာ တော်ရုံ မလွယ်လှ၍လည်း အပျက်မခံ လိုကြပေ။ စကားများ ပြောမဝအောင် ရှိနေကြ၏။

"တစ်မိသားစုလုံးရဲ့ ကိုယ်စား၊ တစ်ရွာလုံးရဲ့ ကိုယ်စား အဖေ့ကို ကျေးဇူး တင်ပါတယ် အဖေ"

"ဟေ…ဘာဖြစ်လို့လဲ သားကြီး ရ၊ ဘာအတွက်လဲ"

ကျွန်တော့်စကားကို အဖေက သဘောမပေါက်။ ကျွန်တော်ကလည်း အခြားစကားပြောရင်းက အဆက်အစပ် မဲ့ ပြောလိုက်ခြင်းကြောင့်ပင်။

"ဩော်…ဟိုနှစ်က အဖေ့သား အလတ်ကောင် မင်္ဂလာဆောင်တုန်းက လိုမျိုး ဖြစ်မလားလို့ စိုးရိမ်နေကြတာ အဖေရ။ အခု အဖေက အလှူကို အေးအေးချမ်းချမ်းနဲ့ အပြီးသတ်ပေး လိုက်လို့ပါ အဖေ"

ထိုစကားကြောင့် လွန်ခဲ့သော ၄နှစ်က ဖြစ်ရပ်တစ်ခုကို အဖေ သတိရ သွားဟန်ရှိ၏။ မှန်သည်။ ထိုစဉ်က အဖေ မူးခဲ့၊ ကြမ်းခဲ့၊ ရမ်းခဲ့ပါသည်။ ထိန်းရခက်အောင်ကိုပင် သွေးဆိုးခဲ့ပါ သည်။

"အင်း…ထားလိုက်ပါတော့ကွာ။ အဲဒါတွေက ကျန်ခဲ့ပါပြီ။ အဲဒီဖြစ်ရပ် မျိုးတွေလည်း အဆုံးသတ်သွားပါပြီကွာ။ အေး၊ ကြုံကြိုက်တုန်း ပြောရဦးမယ်။ အမှန်တော့ အဖေဟာ ငယ်ငယ်လေး ကတည်းက အရက်ကြိုက်ခဲ့သူမဟုတ် ပါဘူး။ သားကြီး မှတ်မိနိုင်တဲ့အရွယ်ထိ အဖေ အရက်ကို အလွန်အကျွံသောက် တာ မြင်ဖူးလို့လား။ ဒါဖြင့် နောက်ပိုင်း ဘာကြောင့် အလွန်အကျွံသောက်ရ သလဲလို့ မေးစရာရှိတယ်။ အခု လူ လည်း စုံတုန်း တစ်ခါတည်းပြောမယ် ကွာ။

အဖေဟာ သားလေးယောက် ရလာတဲ့အချိန်မှာ အတွေးတစ်ခု ခေါင်း ထဲ ဝင်လာတယ်လေ။ အဲဒါ ဘာလဲဆို တော့ သားဆိုတာဟာ ကောင်းရင် တော့ "အား"၊ ဆိုးရင် "ကျား"လို့ အဆို ရှိတယ်မဟုတ်လား။ အဲဒီမှာ အဖေ ဘာကို သွားမြင်သလဲဆိုတော့ သိမ်သိမ် မွေ့မွေ့ရှိတဲ့ ကျောင်းဆရာ ကိုထွန်းလင်း ရဲ့ သားသုံးယောက်လုံး ကျားတွေချည်း ဖြစ်နေပြီး မူးယစ်သောက်စားတတ်တဲ့ ကိုပေါက်စ(ကြိုလ်မင်း)ရဲ့ သားတွေဟာ ဆန့်ကျင်ဖွာ "အား"တွေ ဖြစ်နေတယ်။ ဒီတော့ အဖေ့ခေါင်းထဲ ဝင်လာတဲ့ အတွေးက ငါ ခပ်ကြမ်းကြမ်းကိုင်မှ ဖြစ်မယ်ပေါ့။ ဒါမှ အဖေဆိုးတာတွေ ကြမ်းတာ ရမ်းတာတွေကို လန့်ကြ မယ်၊ ကြောက်ကြမယ်၊ အဖေ့ကို စိတ် ပျက်ကြမယ်၊ ဒါမှ အဖေလို မဖြစ်အောင် ဆိုတဲ့ အတွေးအသိလေးတွေ ဝင်လာ ကြမယ်ပေါ့လေ။ အဖေ့လုပ်ရပ်က စိတ် ပျက်စရာကြီးလို မြင်လာအောင်ပေါ့

"ဩော်… ရှင်က ဒီလို… ကျုပ် တစ်ခုပြောပါဦးမယ်၊ သားတွေ… အဲဒီလိုစိတ်မဝင်ဘဲ အဖေ့ကို အတု… မယ်၊ အဖေတောင် သောက်တာပဲ ဆို… တာပဲ၊ ငါတို့လည်းဆိုတဲ့ စိတ်တွေ ဖြ… လာရင်ရော"

အဖေ့စကားမဆုံးမီ ကြားဖြတ်… မေးခွန်းထုတ်လိုက်သော ငေါ့ထေ့… အမေ့စကားကြောင့် အဖေက ပြုံး… သည်။ ကျွန်တော်နှင့် ညီ၊ ညီမများ… တော့ အဖေ့စကားကိုသာ ငံ့လင့်နေ… ၏။

"အင်း… ဒါ နင်မေးသင့်… မေးခွန်းပါပဲ မခင်မြင့်ရယ်။ အေး လူ… တာကလည်း အခက်သားဟဲ့။ ကိုယ်… မှန်တယ်ထင်လို့ အယူအဆတစ်ခု… ဆုပ်ကိုင်ထားမိရင် ဘယ်သူတွေက… တယ်ပြောပြော မြင်ဖို့တော့ ခဲ… တတ်ကြတယ်လေ။ ငါလည်း လူ… က လူပဲမဟုတ်လားဟ။ ကဲ - ထား… တော့၊ တောက်လျှောက် ငါလုပ်ခဲ့… လုပ်ရပ်တွေဟာ မှန်တယ်၊ မှား… လို့ မပြောလိုပါဘူးဟာ။ နင်မေး… အချက်ကို ပြောရရင်တော့ မခင်… ရယ်၊ နင်လည်း အသိပါ။ "ဟော့ - … ဟာငါ ဘာပဲလုပ်လုပ်၊ ဘာတွေပဲ ဖြ… ဖြစ်ကွ၊ အရက်သောက်တဲ့ … ဖဲကစားတဲ့ကောင် အသေပဲ မှတ် … ရဲရင် လုပ်ကြည့်စမ်း"လို့ မ… ငါ ကြိမ်းမောင်း ကြွေးကြော်နေခဲ့… မဟုတ်လား။ နင် …တ်မိဦးမ…

www.burmeseclassic.com

www.burmeseclassic.com

ဦးသိန်းမောင်ကြီးသေတော့ အသုဘ စောင့်ရင်း နှင့်သားကြီး ဟောဒီကောင် ဆယ်ပြားကြေး တွမ်တီဝမ်းဆွဲနေတာ တောင် နောက်ကနေ ငါ ဖြတ်ကန် ထည့်လိုက်တာလေ၊ ဒီကောင် ခွေးပြေး ဝက်ပြေး ထပြေးလို့ပေါ့။ မပြေးရင် မျက်ခွက်ကို ဆွဲထိုးဦးမှာ၊ ကဲပါ ဒါတွေ လည်း ထားတော့။ ကဲ - အခုကြည့် စမ်း၊ တို့ရဲ့ ကံပဲလား။ ငါ ကြမ်းခဲ့လို့ပဲ လားတော့ မသိဘူး။ ရဲနောင်၊ ရဲမောင်၊ မြင့်နိုင်၊ မြင့်လှိုင် လေးယောက်စလုံး ဘယ်သူ ငါ့လို ဆိုးလို့လဲ၊ မြင့်နိုင် တစ် ယောက်ပဲ နည်းနည်းထိန်းနေရတာ။

အင်း…ငါ့သားတွေက ငါဖြစ်စေ ချင်တဲ့ ပုံစံလေးတော့ ဖြစ်ပါရဲ့၊ ဒါလည်း သူ့ဗီဇနဲ့ သူပဲ ဖြစ်လာတာ နေမှာပါလေ။ ဘာပဲဖြစ်ဖြစ်လေ၊ ငါကတော့ သူတို့ မြင်ချင်တဲ့ ပုံစံပြောင်းမပေးနိုင်ခဲ့ဘူး။ ပျက်ဖို့ လွယ်သလောက် ပြုပြင်ဖို့ ခက် နေခဲ့တာလေ။ အခုတော့ အားလုံး မြင် လိုတဲ့ပုံစံ ငါ ရအောင်ပြောင်းလိုက်ပါပြီ ကွာ။ ကျန်ခဲ့တဲ့ ကာလတွေကို ချန်ရစ် ခဲ့ပြီး ဟောဒီက ငါ့မြေးတွေကိုတော့ သိမ်မွေ့နူးညံ့စွာနဲ့ပဲ လမ်းပြပါတော့မယ် ကွာ"

အဖေသည် စကားကို အဆုံး သတ်လိုက်ပါသည်။ အသံက အက်ကွဲ တုန်ခါနေလေ၏။ စကားဆုံးသည်နှင့် မျက်နှာပြောင်းကာ တစ်ဖက်လှည့်သွားပါ သည်။ ကျွန်တော်နှင့် ညီ၊ ညီမများ လည်း ခေါင်းကို ငုံ့မိလျက်သားဖြစ် သွားပါသည်။ အမေသည်ပင်ရှောင် မျက်နှာလွှဲကာ မျက်ဝန်းအိမ်ကို လက်မ နှင့် သပ်လိုက်၏။ အားလုံး၏ မျက်ဝန်း ထဲတွင် ဝမ်းသာမျက်ရည်များ စီးဆင်း နေပါသည်။ တိတ်ဆိတ်စွာပင် အိမ်ရာ အသီးသီးဝင်သွားကြပါတော့သည်။

♦♦♦

ကျွန်တော် မြို့ကြီးအရပ်တွင် တစ်အိုးတစ်အိမ်ထူထောင်ပြီးနောက်ပိုင်း အဖေ့ကို စကားကြီး စကားကျယ်များ ဖြင့် ဝေဖန်ပြောဆိုဖူးပါသည်။ မကောင်း မှုကို စွန့်၍ ကောင်းမှုဖြင့် ပျော်မွေ့စေ လိုကြောင်း၊ စိတ်သစ် လူသစ်ဖြင့် ဘဝ ကို ပြန်စစေလိုကြောင်း၊ လူရိုးသ ရှင်ရိုး သဘာဝဖြင့် မြင်လိုကြောင်း အကြိမ် ကြိမ်ပြောခဲ့ပါသည်။ အဖေက "ငါသိပါ တယ်ကွာ"ဟုသာ တုံ့ပြန်ခဲ့သော်လည်း ထူးမလာခဲ့ပါ။ ပြုပြင်မှု မရှိခဲ့ပါ။ ပျက် ရန် လွယ်သလောက်၊ ပြင်ရန် ခက်နေ သည်ကိုတော့ ကျွန်တော် မသိခဲ့၊ ယခု တော့မှ အဖေ ပြုပြင်နိုင်လိုက်ပါပြီ။

တစ်လျှောက်လုံး ကြမ်းခဲ့ ရမ်းခဲ့ သော အဖေ့လုပ်ရပ်ကို ကျွန်တော့် ဉာဏ်နှင့် မှားသည်၊ မှန်သည်ကို မခွဲ ခြားတတ်ပါ။ ပြောလည်း မပြောနိုင်ပါ။ ကျွန်တော်ပြောနိုင်သော သေချာသည့် အချက်ရှိပါသည်။ ထိုကား အဖေ့လုပ် ရပ်များသည် စိတ်ပျက်စရာဟူ၍ အသိ ဖြင့် အဖေလျှောက်သောလမ်းကို သွေဖည်လျှောက်လှမ်းခဲ့ပါသည်။ "သည် ပုတ်ထဲကပဲ သည်ပဲ"ဟူသော စကား လုံးတို့ကိုလည်း ကျွန်တော် ချေဖျက် နိုင်ခဲ့သည်။ အခြေအနေ၊ အချိန်အခါ အရပဲ ပြောင်းသွားနိုင်ကြောင်း သက် သေထူနိုင်ခဲ့ပါသည်။ အများသူငါ လက် ခံနိုင်သောလမ်းပေါ်တွင် ကျွန်တော့် ညီများကိုပါ တွဲခေါ်လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ယခု ကျွန်တော့်အသက် ၄၀ပင် ပြည့်ခဲ့ပါပြီတည်း။

♦♦♦

"အစ်ကိုကြီး အဆင်သင့်ဖြစ်ရင် သွားကြရအောင်လေ"

"ဪ…အေး၊ သွားကြမယ် လေ"

ကျွန်တော် လွန်ခဲ့သော ၄နှစ်ခန့် က ဖြစ်ရပ်များဆီ အတွေးရောက်နေ ခြင်းဖြစ်ပါသည်။ ညီဖြစ်သူ မြင့်နိုင် သတိပေးလိုက်မှ အတွေးပြတ်ကာ ထိုင် ရာက ထလိုက်ပါသည်။ ကျွန်တော့်ညီ မြင့်နိုင်က ကျွန်တော့်ကို လာခေါ်ခြင်း ဖြစ်၏။ ဟိုး လွန်ခဲ့သော ၄နှစ်ခန့်က လည်း မြင့်နိုင် လာခေါ်ဖူးပါသည်။ ထို စဉ်က အလှူမင်္ဂလာကိစ္စပါတည်း။ ယခု လာခေါ်သည်က မင်္ဂလာကိစ္စမဟုတ်။ အမင်္ဂလာကိစ္စဖြစ်သည်။ အဖေ့နာရေး ကိစ္စ။ ကျွန်တော်တို့ မြင်းမိုရ်ရွှေတောင် ကြီး ပြိုသည့်ကိစ္စပါတည်း။

ဗုဒ္ဓမြတ်စွာပင် လွန်ဆန်မရသော ကိစ္စဟု ကျွန်တော်ဖြေတွေးပါသည်။ သို့ပေမယ့် မဖြေနိုင်ပါပေ။ ချုပ်တည်း ထားသည့်ကြားက မျက်ရည်ပူတို့က ပါးပြင်ကို စိုစွတ်စေပါသည်။ ၆၄နှစ်ဟူ သော အဖေ့သက်တမ်းက တိုတောင်း လွန်းပါ၏။ အထူးသဖြင့် ကျွန်တော်တို့ မြင်လိုသောပုံစံနှင့် နေပြသွားသည်မှာ နှစ်တွေ တိုလွန်းပါသည်။ မြင်လို၍ မဝ နိုင်သေးပါ။ သို့သော်လည်း ဘာမှ မတတ်တော့ပြီ။

ညီဖြစ်သူ ရဲမောင်နှင့်အတူ မြင့် နိုင်နောက်က လိုက်ရင်း…

"ဪ… လပြည့်ညရောက်ခါမှ မိုးလင်းတာ မြန်လွန်းပါတကား။ လမင်း ကြီး ကွယ်ပျောက်သွားပြီကော"ဟူ၍ နမြောတသစွာဖြင့်…■

* * *

မောင်ကျွန်း ရဲနိုင်


www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၃ မတ်လ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

## (၁၂)ရာသီလဂ်ပိုင်ရှင်တို့၏နက္ခတ်ကြမ္မာနှင့်မွေးတည့်နက္ခတ်ဝင်ထွက်ချိန်များ

ဦးဇေယျာကို B.Sc(D.S.A)
မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့
နိုင်ငံတကာရေးရာနက္ခတ်သိပ္ပံသင်တန်းကျောင်း

၂၀၁၃၊ မတ်လ၏ ကောင်းကင်ထက်၌ ကုမ်ရာသီရောက် တနင်္ဂနွေဂြိုဟ် မတ် ၁၅ရက်တွင် မိန်ရာသီသို့ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီး ကုမ်ရာသီမှ အင်္ဂါဂြိုဟ် မတ်လ ၅ရက်နေ့တွင် မိန်ရာသီသို့ ပြောင်းရွှေ့ရပ်တည်ပါမည်။ကုမ်ရာသီတွင် ဖောက်ပြန်သွားလာနေသော ဗုဒ္ဓဟူးဂြိုဟ် မတ် ၁၈ရက်နေ့၌ အတည့်ပြန်သွားပါမည်။ ကြာသပတေးဂြိုဟ် ပြိဿရာသီအတွင်း ပုံမှန်သွားလာနေသည်ကို တွေ့မြင်နိုင်၍ တူရာသီမှ စနေဂြိုဟ် ဆက်လက်၍ ဖောက်ပြန်သွားလာနေမည်ဖြစ်သည်။ ကုမ်ရာသီမှ သောကြာဂြိုဟ် မတ် ၁၈ရက်နေ့တွင် မိန်ရာသီသို့ ပြောင်းရွှေ့ရပ်တည်ပါလိမ့်မည်။ ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိဿရာသီများတွင် ရပ်တည်နေပါမည်။ ယူရေးနပ်(စ်)၊ နက်ပကျွန်းနှင့် ပလူတိုဂြိုဟ်များ မိန်ရာသီ၊ ကုမ်ရာသီနှင့် မကာရာသီ၌ ပုံမှန်သွားလာနေသည်ကို တွေ့ရပါလိမ့်မည်။


ထူးခြားသော ဂြိုဟ်ဖြစ်စဉ်များအဖြစ် မတ် ၄ရက်၊ မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၄မိနစ်၌ ဗုဒ္ဓဟူးဂြိုဟ် နေ၏ အရှေ့ဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိ၍ ကမ္ဘာဖြင့် တစ်တန်းတည်း ကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ ကမ္ဘာ့လည်ပတ်နှုန်းအရ အနောက်လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၁၇ မိနစ်နှင့် တောင်လတ္တီတွဒ် ၂၂ဒီဂရီ ၄၄မိနစ်ရှိ ချီလီနိုင်ငံအနောက်ဘက် တောင်ပစိဖိတ်သမုဒ္ဒရာ၌ ဖြစ်စဉ်ပေါ်ပေါက်လာပါမည်။ နေ၏ အလင်းရောင် အရှိန်အဝါမှ ဗုဒ္ဓဟူးဂြိုဟ်ကို လွှမ်းမိုးထားသည့်အတွက် ဖြစ်စဉ်အား ကြည့်ရှုလေ့လာရန်အတွက် အခွင့်အရေး မရရှိနိုင်ပါ။ ရွှေဈေးနှုန်းများ ကျဆင်းတတ်သည်။ မတ် ၆ရက်၊ နေ့လယ် ၁နာရီ ၅၁မိနစ်တွင် ဗုဒ္ဓဟူးနှင့် သောကြာဂြိုဟ်များ ပူးယှဉ်၍ ဂြိုဟ်စစ်ထိုးသော ဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ အရှေ့လောင်ဂျီတွဒ် ၆၉ ဒီဂရီ ၀၄မိနစ်နှင့် တောင်လတ္တီတွဒ် ၀၈ဒီဂရီ ၃၂မိနစ် အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ ယင်းဖြစ်စဉ်တွင် သောကြာဂြိုဟ် နေ၏ အနောက်ဘက်၊ ဗုဒ္ဓဟူးဂြိုဟ် နေ၏ အရှေ့ဘက် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ရောက်ရှိနေသည့်အတွက် ကမ္ဘာအတွက် အကျိုးသက်ရောက်မှု မရှိပါ။ ဖြစ်စဉ်အား ကမ္ဘာမှ မြင်တွေ့လေ့လာခွင့် မရရှိနိုင်ပါ။ မတ် ၂၃ရက်နေ့၌ နံနက် ၀နာရီ ၅၆မိနစ်၌ အင်္ဂါနှင့် ယူရေးနပ်စ်ဂြိုဟ်များ နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ ယင်းဂြိုဟ်များ နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိနေသည့်အတွက် လေ့လာမြင်တွေ့ခွင့် မရရှိနိုင်ပါ။ မတ်လ ၂၆ရက်၊ နေ့လယ် ၃နာရီ ၅၈မိနစ်တွင် သောကြာဂြိုဟ် နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ရောက်ရှိ၍ ကမ္ဘာဖြင့် တစ်တန်းတည်းကျရောက်သော ဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ ကမ္ဘာမှ ကြည့်ရှု၍ မမြင်နိုင်ပါ။ နိုင်ငံခြားငွေကြေး ဈေးနှုန်းကျဆင်းတတ်သည့် ဂြိုဟ်ရပ်တည်မှု ဖြစ်သည်။ မတ် ၄ရက်နှင့် ၃၁ရက်များတွင် Star Graffias ကြယ်များ နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ်များ ဖြစ်ပေါ်မည်။ ယင်းကြယ်သည်




www.burmeseclassic.com

www.burmeseclassic.com

ဗြိစ္ဆာရာသီကြယ်စုအတွင်းရှိ ကြယ်ဖြစ်ပြီး လမင်း၏ အံနီးနား၌ သေးငယ်သော ကြယ်ပွင့်အဖြူသဏ္ဍာန်ဖြင့် တွေ့မြင်ရပါလိမ့်မည်။




ဗုဒ္ဓဟူးဂြိုဟ် နေနှင့် ကမ္ဘာကြားထဲမှ လမ်းကြောင်းတည့်မတ်စွာ ဖြတ်သန်းနေပုံ။




ဗုဒ္ဓဟူးဂြိုဟ်နှင့် သောကြာဂြိုဟ်များ နေကို အလယ်ဗဟိုပြု၍ ပူးယှဉ်နေပုံ။




လနှင့် Star Graffias ပူးယှဉ်နေပုံ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃၊ မတ်လ (၁၂)ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ

### ARIES



### မိဿလဂ်

ငွေကြေးကံ ဆက်လက်ကောင်းမွန်ပြီး မိမိ ကြိုးပမ်းဆောင်ရွက်မှုများ၌ ထူးခြားသော အခွင့်အ
ကောင်းများ ပေါ်ပေါက်တွေ့ကြုံလာမည်။ အဆင့်မြင့်လုပ်ငန်းကိစ္စများမှ ငွေကြေး အကျိုးပေး
ကောင်းမွန်မည်။ ပြည့်စုံကြွယ်ဝမှုများ မိသားစုလက်ဝယ်သို့ ရောက်ရှိလာချိန်။ ထီကံစမ်းပေးသင့်
သည့် အချိန်ကာလဖြစ်ပြီး စနေနေ့များ၌ ထီကံစမ်းပေးပါ။ ဩဇာအာဏာ မြင့်မားပြီး ရာထူးတာ
များအတွက် ကံဇာတာ လင်းလက် တောက်ပချိန်။ ရွှေရောင်နေ့ရက်များ မိမိနှင့် မိသားစုလက်
သို့ ရောက်ရှိလာမည်။ လုပ်ငန်းရှင်များ စီးပွားဖြစ်ထွန်းမှုကံ ကောင်းမွန်မည့် အချိန်ကာလ။ပညာ
ကြားနေသူများ အထောက်အပံ့ အကူအညီကောင်းများ ရရှိချိန်။ အိမ်ထောင်ရှင်များ အေးချမ်း
မိသားစုဘဝများ ဖန်တီးရယူနိုင်မည့်ကာလ။ ချစ်သူများ စိတ်ကူးဆန္ဒ ရင်ခုန်သံ စည်းချက်
ထပ်တူညီချိန်။


### TAURUS



### ပြိဿလဂ်

အတိုက်အခံများ ယှဉ်တွဲ၍ အောင်မြင်တိုးတက်ကြီးပွားမှုများ ဖန်တီး ပုံဖော်နိုင်မည်။ ငွေ
အကျိုးပေးကံ ကောင်းမွန်သော်လည်း လက်ထဲတွင် ငွေမမြဲသော အချိန်ကာလ။ လူမှုရေးနယ်
ထင်ရှားကျော်ကြားသော အချိန်ကာလ။ ကံကောင်းမည့်အခွင့်အရေးများ လက်ဝယ်ရောက်
မည်။ ငွေကြေးကံကောင်းမွန်၍ ထီကံစမ်းပေးသင့်ချိန်။ လုပ်ငန်းသစ်များ ပြောင်းလဲဆောင်ရွက်
အခွင့်အရေးများ ပေါ်ပေါက်လာမည်။ ခရီးဝေးများ သွားလာရပြီး အကျိုးရှိမည့် အခွင့်အရေး
ပေါ်ပေါက်လာတတ်သည်။ လုပ်ငန်းရှင်များ ထူးခြားသည့် ကံကောင်း အောင်မြင်မှုများ လက်ဝယ်
ရောက်ရှိချိန်။ ပညာရေးတွင် ကြိုးစားသလောက် အကျိုးဖြစ်ထွန်းချိန်။အိမ်ထောင်ရှင်များ မိသားစု
အဆင့်အတန်း မြင့်မားတိုးတက်၍ အနှောင့်အယှက်များ လျော့ပါးသက်သာချိန်။ချစ်သူ
ကံကောင်းမှု လက်ဆောင်များ ရယူပိုင်ဆိုင်ခွင့်ရှိမည့်ကာလ။

### GEMINI



### မေထုန်လဂ်

ကံဇာတာ ထူးခြားစွာ မြင့်မားတိုးတက်ပြီး အဖက်ဖက်မှ အခွင့်အရေးကောင်းများ ရရှိလာ
လုပ်ငန်းတွင် မိမိ၏ ရည်မှန်းချက်များ ပြည့်ဝအောင်မြင်မည့် အချိန်ကာလ။ ပြည့်စုံ ကြွယ်ဝချမ်း
များ ရယူခွင့်ရှိမည်။ အိမ်ခြံမြေယာဉ်ကိစ္စများအတွက် ကောင်းကျိုးပြုချိန်။လုပ်ငန်းတွင် ငွေ
အကျိုးပေးကံ ထူးခြားစွာ ကောင်းမွန်မည်။ ဘုန်းကံဩဇာအရှိန်အဝါ မြင့်မား၍ မိမိဘဝ အပြောင်း
နှင့် တိုးတက်မှုများ ပေါ်ပေါက်လာမည်။ ဘာသာရေးနှင့် အလှူအတန်းကိစ္စများ မိသားစု၌ ဆောင်
ခွင့် ရရှိချိန်။ ရွှေရောင် အနာဂတ်နေ့ရက်များ လင်းလက်တောက်ပချိန်။ လုပ်ငန်းရှင်များ ပြန်လည်
ကြီးပွားအောင်မြင်မှုများ လက်ဝယ် ရောက်ရှိလာမည်။ ပညာရေးတွင် ကြိုးစားသလောက် အ
မည်။ အိမ်ထောင်ရှင်များ တစ်ဦးနှင့် တစ်ဦး နားလည်မှု ကြည်ဖြူစွာဖြင့် ဘဝခရီးလမ်း
လျှောက်လှမ်းနိုင်မည်။ ချစ်သူများ အချစ်ရေးကံ လှပတင့်တယ်ချိန်။

### CANCER



### ကရကဋ်လဂ်

အခက်အခဲ များပြားပြီး ဆုံးရှုံးနစ်နာမှု ကြီးမားတတ်သည်။ ဆောင်ရွက် ကြံစည်မှုများ၌ အတိုက်
များ ဆက်လက်လွှမ်းမိုးထားချိန်။ မတော်တဆ ထိခိုက်မှုအန္တရာယ် သတိပြုပါ။ ကျန်းမာရေးကိ
ကြောင့် ငွေကုန်ကျမှု များပြားတတ်သည်။ စိတ်လိုက်မာန်ပါ ဆောင်ရွက်မှု ရှောင်ကြဉ်ပါ။အ
အဆင်မပြေသည့် အချိန်ကာလဖြစ်သည့်အတွက် ဘာသာရေးကိစ္စများ အလေးအနက်
ဆောင်ရွက်ပါ။ မိသားစု၌ အဖိုးတန် ပစ္စည်းများ ပျောက်ရှပျက်စီး ဆုံးရှုံးတတ်ပြီး အမှုပြဿနာ
ရင်ဆိုင်ရတတ်သည်။ လုပ်ငန်းရှင်များ စီးပွားရေးတွင် ကြီးမားစွာ ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးတတ်
ပညာရေးတွင် ကျန်းမာရေးကိစ္စများကြောင့် အညံ့ကြုံတတ်သည်။ အိမ်ထောင်ရှင်များ အိမ်
ပဋိပက္ခပြဿနာများ ပြင်းထန်စွာ ဖြစ်ပွားတတ်သည်။ အချစ်ရေး ကံခေနေသည့် အချိန်ကာ



www.burmeseclassic.com

www.burmeseclassic.com

## LEO



## သိဟ်လဂ်

လူမှုရေးမျက်နှာပွင့်လန်း၍ ငွေကုန်ကျမှု များပြားနေတတ်သည်။ ဆုံးဖြတ်ယူဆချက်များ တည့်မတ်မှန်ကန်သော အချိန်ကာလ။ ကြိုးစားမှုအတွက် အောင်မြင်မှုများ ဆီးကြိုနေချိန်။ ဂုဏ်သိက္ခာမြင့်မား၍ လုပ်ငန်းတွင် အကျိုးရှိ အဆင်ပြေမည်။ လူမှုရေးကိစ္စများအတွက် စိတ်ပင်ပန်းမှု များပြားနေချိန်။ စိတ်ပင်ပန်းမှုကြောင့် ကျန်းမာရေးအညံ့ တွေ့ကြုံရတတ်။ စိတ်ဆန္ဒ ဆောလျင်စွာ ဆောင်ရွက်ကြံစည်မှုများ သတိပြု ဆင်ခြင်ပါ။ လုပ်ငန်းရှင်များ ကောင်းသောအဆက်အသွယ်၊ အထောက်အပံ့ အကူအညီကောင်းများ ရရှိပြီး လုပ်ငန်း၌ အကျိုးရှိမည်။ ပညာသင်ကြားနေသူများ စိတ်လေလွင့်မှု များပြားနေချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်၏ သံသယများကြား အဆင်မပြေမှုများ ရင်ဆိုင်ရမည်။ ချစ်သူများ မိမိချစ်သူအပေါ် အလျှော့ပေး အနစ်နာခံရချိန်။

---

## VIRGO



## ကန်လဂ်

ပြဿနာတစ်ခုပြီးတစ်ခု ရင်ဆိုင်ရမည်။ ပင်ပန်းပြီး အရာမထင်သည့် ကာလဖြစ်သည်။မိမိဆုံးဖြတ်မှုများယွင်းတတ်ပြီး ငွေကြေးဆုံးရှုံးနစ်နာမည်။ အကြီးအကဲ၊ မိသားစုအသိုင်းအဝန်းဖြင့် နားလည်မှုလွဲချော်နေမည်။ ခိုက်ရန်ဒေါသ ထိန်းချုပ်ပါ။ အစစအရာရာ ပြောင်းလဲသော အနေအထားများကြား မိမိအခွင့်အရေးများ ဆုံးရှုံးနစ်နာတတ်သည်။ ကျန်းမာရေးအညံ့ အထူးသတိပြုသင့်သည်။အစားအသောက် အပြောအဆို ဂရုစိုက်ပါ။ မိမိကြံစည် ကြိုးပမ်းမှုများအတွက် အဖက်ဖက်မှ အတိုက်အခံကြုံတတ်သည်။ မိသားစုအတွင်း လုပ်ငန်းပိုင်း၊ စီးပွားရေးပိုင်းကိစ္စများ၌ လိမ်လည်လှည့်ဖြားမှုများ တွေ့ကြုံတတ်သည်။ လုပ်ငန်းရှင်များ အမှုပြဿနာများ ဝန်းရံနေချိန်။ ပညာသင်ကြားနေသူများ ကံအညံ့ဖြင့် တွေ့ကြုံတတ်သည်။ အိမ်ထောင်ရှင်များ ကြီးမားသော အိမ်ထောင်ရေးမုန်တိုင်းများ ရင်ဆိုင်ကျော်ဖြတ်ရချိန်။ ချစ်သူနှင့် ဇာတ်လမ်းများ အဆုံးတိုင် ပြီးဆုံးသွားနိုင်သည့် အချိန်ကာလ။

---

## LIBRA



## တူလဂ်

ပါးနပ်စွာ ကြံစည်ကြိုးပမ်းမှုများသည် အရာရာအတွက် အောင်မြင်မှုများ ဆွတ်ယူနိုင်မည့်ကာလဖြစ်သည်။ ကောင်းသော အခွင့်အလမ်းများအတွက် မှန်ကန် တည်ငြိမ်သော ဆုံးဖြတ်မှုများဖြင့် လိုအပ်ချက်များ ဖန်တီးရယူပါ။ ခရီးဝေးသွားရခြင်း၊ နိုင်ငံရပ်ခြားခရီးစဉ်ပေါ်ပေါက်မှုများ တွေ့ကြုံလာမည်။ လူမျိုးခြား၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သည့် လုပ်ငန်းကိစ္စများအတွက် အခွင့်အရေးကောင်းများ ရှိလာမည်။ ငွေကြေးပိုင်း အကျိုးရှိ အဆင်ပြေပြီး မထင်မှတ်ဘဲ ငွေကြေးအများအပြားရရှိနိုင်သည်။ ထီဆု အလယ်အလတ်ပေါက်တတ်ပြီး နိုင်ငံခြားငွေကြေးများ မထင်မှတ်ဘဲ ရရှိနိုင်သည်။ လုပ်ငန်းကိစ္စများအတွက် ပင်ပန်းမှုများ ယှဉ်တွဲနေသော်လည်း မိမိအတွက် အကျိုးအမြတ်ရရှိမည်။ လုပ်ငန်းရှင်များ ပင်ပန်းမှုများယှဉ်၍ ကြီးပွားတိုးတက်မည်။ ပညာသင်ယူသူများ စိတ်ပင်ပန်းရသော်လည်း အောင်မြင်ခွင့် ရယူဖန်တီးနိုင်မည်။ အိမ်ထောင်ရှင်များ ငြိမ်းချမ်းသော မိသားစုဘဝ ရရှိ မည်။ချစ်သူများ မကြာမကြာ စိတ်ဆိုး စိတ်ကောက်နေလိမ့်မည်။

---

## SCORPIO



## ဗြိစ္ဆာလဂ်

ကောင်းသော အခြေအနေသစ်တစ်ရပ် ဖန်တီး ပုံဖော်ခွင့်ရရှိမည်။ ခရီးဝေး မကြာခဏသွားလာမှုများသော ကာလဖြစ်သည်။ မိမိလုပ်ငန်းတာဝန်များအတွက် အရာရာကို ပူပန်ကြောင့်ကြစိတ်များပြားသော ကာလဖြစ်သည်။ အိမ်ခြံမြေယာဥ် ဝယ်ယူရန် ကြိုးပမ်းသူများ၊ ရောင်းချရန် ကြံစည်ထားသူများ အကျိုးရှိ အဆင်ပြေမည့်ကာလဖြစ်သည်။ လုပ်ငန်းတွင် ကောင်းမွန်သော အဆက်အသွယ်၊ အထောက်အပံ့ကောင်းများ တွေ့ကြုံ၍ မိမိကြံစည် လုပ်ဆောင်မှုများ အကျိုးရှိ အဆင်ပြေမည်။ အလုပ်ကိစ္စများအတွက် ငွေကြေးကံ ကောင်းမွန်သည့်အချိန်ကာလ။ လုပ်ငန်းရှင်များ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကြောင့် အကျိုးရှိ ကြီးပွားမည်။ ပညာသင်ယူသူများ ကြီးမားသော အောင်မြင်မှုများ အလွယ်တကူ ပိုင်ဆိုင်ရမည်။ အိမ်ထောင်ရှင်များ ဆွေမျိုးသားချင်းကိစ္စများကြောင့် အဆင်မပြေဖြစ်ရတတ်သည်။ ချစ်သူများ အရင်ထက် ပိုမိုသော မေတ္တာတရားများ ရှင်သန်ခွင့် ရရှိမည်။



www.burmeseclassic.com

www.burmeseclassic.com

## SAGITTARIUS



**ဓနုလဂ်**

ခေါင်းခဲရသော လုပ်ငန်းတာဝန်များကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေတတ်သည်။ ငွေကြေးကိစ္စများ ထူးခြားသည့် အခွင့်အရေးကောင်းများ တွေ့ကြုံလာမည်။ စီးပွားရာဖွေရလွယ်ကူပြီး မျှော်မှန်းသည်ထက် ပိုမို၍အကျိုးဖြစ်ထွန်းမည်။ ဆောင်ရွက်ကြိုးပမ်းမှုများရေတွင် အခက်အခဲ တစ်ခု တစ်ရာပေါ်ပေါက်ပြီးမှ အကျိုးရှိမည်။ မိသားစု၌ အိမ်ခြံမြေယာဥ်တို့နှင့် ပတ်သက်၍ အနှောင့် အယှက်ပြဿနာများ တွေ့ကြုံမည်။ ကျန်းမာရေးတွင် ခေါင်းကိုက် မူးဝေမှု သွေးတိုးပိုင်းဆိုင်ရာ ရောဂါဝေဒနာများအတွက် အထူးသတိပြုပါ။ လုပ်ငန်းရှင်များ ဆုံးဖြတ်ယူဆချက် လွဲချော်၍ အဆင်မပြေမှုများ ရင်ဆိုင်ရမည်။ ပညာသင်ကြားနေသူများ ပညာရေးပိုင်းဆိုင်ရာ ငွေကြေး ထောက်ပံ့ ချီးမြှင့်မှုများ ရယူခွင့်ရှိမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်မှုကိစ္စအဝဝအတွက် စိတ်ပင်ပန်းမည်။ ချစ်သူများ အရာရာတွင် နားလည်မှု လွဲချော်နေတတ်ချိန်။

## CAPRICORN



**မကာရလဂ်**

စိတ်ပင်ပန်း၊ လူပင်ပန်းမှုများ ယှဥ်တွဲနေသည့်ကာလဖြစ်သည်။ ဘာပဲလုပ်လုပ် နှောင့်နှေး ကြန့်ကြာမှုများ တွေ့ကြုံလာနိုင်သည်။ အကောင်းဆုံး အနေအထားများအတွက် အချိန်ကာလ တစ်ခုစောင့်ဆိုင်းပြီးမှ အကျိုးရှိ အောင်မြင်မည်။ မိသားစုအတွင်း ငွေကြေးကံ ကောင်းမွန်သော်လည်း ငွေကြေးဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်တွေ့ကြုံမည်။ မိမိလုပ်ငန်းကိစ္စများအတွက် စကား အတိုက်အခံပြောဆိုရတတ်ပြီး မိသားစုနှင့် သဘောထားကွဲလွဲမည်။ ခရီးဝေးသွားလာမှုများ တွေ့ကြုံပြီး အတိုက်အခံကိစ္စများ ပေါ်ပေါက်တွေ့ကြုံလာနိုင်သည်။ ရွှေရတနာများနှင့် ပတ်သက်၍ ငွေကြေးအကျိုးရှိမည့်ကာလဖြစ်ပြီး လုပ်ငန်းရှင်များ အလုပ်အတွက် ကြန့်ကြာမှုများအား စိတ်ရှည်ရန် လိုအပ်သည်။ ပညာသင်ကြားသူများ ထုံလပြင်းထန်စွာ ဇိုက်ထုတ်မှသာ မိမိလိုအင် ဆန္ဒပြည့်ဝမည်။ အိမ်ထောင်ရှင်များ မိသားစု ပဋိပက္ခပြဿနာ ရင်ဆိုင်ရမည်။ ချစ်သူများ ဆုံ နိုင်ခွင့် နည်းပါးချိန်ဖြစ်သည်။

## AQUARIUS



**ကုမ်လဂ်**

အခက်အခဲအချို့ ယှဥ်တွဲနေသောကာလဖြစ်ပြီး လုပ်ငန်းခွင်တွင် အောက်လက်ကြောင့် စိတ် အနှောင့်အယှက်ကြုံမည်။ မထင်မှတ်ဘဲ ရောက်ရှိလာသည့် ပြဿနာအခက်အခဲများ ရုတ်တရက် ပြင်းထန် ကြီးထွားသွားတတ်သည်။ လုပ်ငန်းအတွက် ကောင်းမွန်သော အဆက် အသွယ်သစ်များကြောင့် ကြီးပွားအောင်မြင်မှုများ ထိပေါက်သကဲ့သို့ ပေါ်ပေါက်တွေ့ကြုံလာမည်။ မိမိကံဇာတာ အကောင်းအဆိုး ဒွန့်တွဲနေမည်။ လုပ်ငန်းတာဝန်များအတွက် စိတ်ပင်ပန်းဖိစီးမှု ပြင်းထန်သောအချိန်ကာလ။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် ကြိုးစားသော်လည်း ရည်ရွယ်မျှော်မှန်း သလောက် အကျိုးမဖြစ်ထွန်းချိန်။ ပညာသင်ယူနေသူများ ကျန်းမာရေးအညံ့ကြောင့် လွဲချော်မှု များ တွေ့ကြုံမည်။ အိမ်ထောင်ရှင်များ စိတ်သဘောထား တိုက်ဆိုင်ညီညွတ်မှု ချစ်သူများ ပြင်းထန်စွာ သဘောထားကွဲလွဲမည်။

## PISCES



**မိန်လဂ်**

အရာရာအတွက် ဆန့်ကျင်လိုစိတ် ပြင်းထန်နေတတ်သည်။ စိတ်ဆိုး ဒေါသဖြစ်ရသော အကြောင်းကိစ္စများ မကြာခဏ တိုက်ဆိုင်တွေ့ကြုံလာတတ်၍ စိတ်လိုက်မာန်ပါ ဆောင်ရွက်မှု သတိပြုပါ။ ကျန်းမာရေးအညံ့နှင့် ခွဲစိတ်ကုသမှုများ တွေ့ကြုံနိုင်သောကာလဖြစ်သည်။ စိတ် ရှုပ်ထွေးရသော အကြောင်းကိစ္စရပ်များကြောင့် အေးချမ်းမှုများ လွင့်ပျောက်ချိန်။ အကောင်းဆုံး မျှော်မှန်းချက်များ လွဲချော်နေပြီး မထင်ထားသောအရာများ မွေးဖွားဖြစ်တည်ချိန်။ လုပ်ငန်းရှင်များ စိတ်လိုက်မာန်ပါ ဆုံးဖြတ်ချက်များ သတိပြုပါ။ ပညာသင်ကြားသူများ အရှုံးများ ရင်ဆိုင်ရ၍ လမ်းပျောက်နေတတ်သည်။ အိမ်ထောင်ရှင်များ တစ်ဦးနှင့် တစ်ဦး သည်းခံခွင့်လွှတ်မှု မေတ္တာတရားနည်းပါး၍ ဒေါသမောဟများ ပြင်းထန် ပေါက်ကွဲချိန်။ တင်းမာသည့် ချစ်သူအား ပြန်လည်ဖြေရှင်းခွင့်မရရှိဘဲ ဝေဒနာမီးတောက်များ ကျွမ်းလောင်ချိန်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ မတ်လ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လဂ် (၁၂)လဂ်ဖြင့် လူ့တန်းစား ၁၂ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် ၁၂လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ နေသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီကို လဂ်တစ်လဂ်အဖြစ် သတ်မှတ်၍ လဂ် (၁၂)လဂ်အတွက် နက္ခတ် ၁၂လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် ၁၂လုံးသည် လဂ်တစ်ခုချင်း အလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ(Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့မွေးဖွားချိန်လဂ် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လဂ်ရှာဖွေနည်း ဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက် အလိုက်ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လဂ်တစ်လဂ်နှုန်းဖြင့် လဂ် (၁၂)လဂ်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ - ဧပြီ ၁၃မှ မေ ၁၃အတွင်း နံနက် (၅း၄၅) မှ (၇း၄၅) နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလဂ်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့ နံနက် (၉း၄၅) မှ (၁၁း၄၅)နာရီအတွင်း မွေးဖွားပါက မေထုန်လဂ်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လဂ်သတ်မှတ်ရာတွင် ၁၂ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လဂ်များအား လဂ်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့်နက္ခတ်တို့၏ နေ့စဉ်မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လဂ်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့်ရက်များသည် တစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဥ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းအား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

ဦးဇေယျာကို (B.Sc)(D.S.A)
နက္ခတ်သိပ္ပံအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၄၅မှ ၇း၄၅ | မိဿ |
| ၇း၄၅မှ ၉း၄၅ | ပြိဿ |
| ၉း၄၅မှ ၁၁း၄၅ | မေထုန် |
| ၁၁း၄၅မှ ၁၃း၄၅ | ကရကကဋ် |
| ၁၃း၄၅မှ ၁၅း၄၅ | သိဟ် |
| ၁၅း၄၅မှ ၁၇း၄၅ | ကန် |
| ၁၇း၄၅မှ ၁၉း၄၅ | တူ |
| ၁၉း၄၅မှ ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅မှ ၂၃း၄၅ | ဓနု |
| ၂၃း၄၅မှ ၁း၄၅ | မကာရ |
| ၁း၄၅မှ ၃း၄၅ | ကုမ် |
| ၃း၄၅မှ ၅း၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၂၅မှ ၇း၂၅ | ပြိဿ |
| ၇း၂၅မှ ၉း၂၅ | မေထုန် |
| ၉း၂၅မှ ၁၁း၂၅ | ကရကဋ် |
| ၁၁း၂၅မှ ၁၃း၂၅ | သိဟ် |
| ၁၃း၂၅မှ ၁၅း၂၅ | ကန် |
| ၁၅း၂၅မှ ၁၇း၂၅ | တူ |
| ၁၇း၂၅မှ ၁၉း၂၅ | ဗြိစ္ဆာ |
| ၁၉း၂၅မှ ၂၁း၂၅ | ဓနု |
| ၂၁း၂၅မှ ၂၃း၂၅ | မကာရ |
| ၂၃း၂၅မှ ၁း၂၅ | ကုမ် |
| ၁း၂၅မှ ၃း၂၅ | မိန် |
| ၃း၂၅မှ ၅း၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၂၀မှ ၇း၂၀ | မေထုန် |
| ၇း၂၀မှ ၉း၂၀ | ကရကဋ် |
| ၉း၂၀မှ ၁၁း၂၀ | သိဟ် |
| ၁၁း၂၀မှ ၁၃း၂၀ | ကန် |
| ၁၃း၂၀မှ ၁၅း၂၀ | တူ |
| ၁၅း၂၀မှ ၁၇း၂၀ | ဗြိစ္ဆာ |
| ၁၇း၂၀မှ ၁၉း၂၀ | ဓနု |
| ၁၉း၂၀မှ ၂၁း၂၀ | မကာရ |
| ၂၁း၂၀မှ ၂၃း၂၀ | ကုမ် |
| ၂၃း၂၀မှ ၁း၂၀ | မိန် |
| ၁း၂၀မှ ၃း၂၀ | မိဿ |
| ၃း၂၀မှ ၅း၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၃၀မှ ၇း၃၀ | ကရကဋ် |
| ၇း၃၀မှ ၉း၃၀ | သိဟ် |
| ၉း၃၀မှ ၁၁း၃၀ | ကန် |
| ၁၁း၃၀မှ ၁၃း၃၀ | တူ |
| ၁၃း၃၀မှ ၁၅း၃၀ | ဗြိစ္ဆာ |
| ၁၅း၃၀မှ ၁၇း၃၀ | ဓနု |
| ၁၇း၃၀မှ ၁၉း၃၀ | မကာရ |
| ၁၉း၃၀မှ ၂၁း၃၀ | ကုမ် |
| ၂၁း၃၀မှ ၂၃း၃၀ | မိန် |
| ၂၃း၃၀မှ ၁း၃၀ | မိဿ |
| ၁း၃၀မှ ၃း၃၀ | ပြိဿ |
| ၃း၃၀မှ ၅း၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၄၀မှ ၇း၄၀ | သိဟ် |
| ၇း၄၀မှ ၉း၄၀ | ကန် |
| ၉း၄၀မှ ၁၁း၄၀ | တူ |
| ၁၁း၄၀မှ ၁၃း၄၀ | ဗြိစ္ဆာ |
| ၁၃း၄၀မှ ၁၅း၄၀ | ဓနု |
| ၁၅း၄၀မှ ၁၇း၄၀ | မကာရ |
| ၁၇း၄၀မှ ၁၉း၄၀ | ကုမ် |
| ၁၉း၄၀မှ ၂၁း၄၀ | မိန် |
| ၂၁း၄၀မှ ၂၃း၄၀ | မိဿ |
| ၂၃း၄၀မှ ၁း၄၀ | ပြိဿ |
| ၁း၄၀မှ ၃း၄၀ | မေထုန် |
| ၃း၄၀မှ ၅း၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၅၀မှ ၇း၅၀ | ကန် |
| ၇း၅၀မှ ၉း၅၀ | တူ |
| ၉း၅၀မှ ၁၁း၅၀ | ဗြိစ္ဆာ |
| ၁၁း၅၀မှ ၁၃း၅၀ | ဓနု |
| ၁၃း၅၀မှ ၁၅း၅၀ | မကာရ |
| ၁၅း၅၀မှ ၁၇း၅၀ | ကုမ် |
| ၁၇း၅၀မှ ၁၉း၅၀ | မိန် |
| ၁၉း၅၀မှ ၂၁း၅၀ | မိဿ |
| ၂၁း၅၀မှ ၂၃း၅၀ | ပြိဿ |
| ၂၃း၅၀မှ ၁း၅၀ | မေထုန် |
| ၁း၅၀မှ ၃း၅၀ | ကရကဋ် |
| ၃း၅၀မှ ၅း၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၅၅မှ ၇း၅၅ | တူ |
| ၇း၅၅မှ ၉း၅၅ | ဗြိစ္ဆာ |
| ၉း၅၅မှ ၁၁း၅၅ | ဓနု |
| ၁၁း၅၅မှ ၁၃း၅၅ | မကာရ |
| ၁၃း၅၅မှ ၁၅း၅၅ | ကုမ် |
| ၁၅း၅၅မှ ၁၇း၅၅ | မိန် |
| ၁၇း၅၅မှ ၁၉း၅၅ | မိဿ |
| ၁၉း၅၅မှ ၂၁း၅၅ | ပြိဿ |
| ၂၁း၅၅မှ ၂၃း၅၅ | မေထုန် |
| ၂၃း၅၅မှ ၁း၅၅ | ကရကဋ် |
| ၁း၅၅မှ ၃း၅၅ | သိဟ် |
| ၃း၅၅မှ ၅း၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၁၀မှ ၈း၁၀ | ဗြိစ္ဆာ |
| ၈း၁၀မှ ၁၀း၁၀ | ဓနု |
| ၁၀း၁၀မှ ၁၂း၁၀ | မကာရ |
| ၁၂း၁၀မှ ၁၄း၁၀ | ကုမ် |
| ၁၄း၁၀မှ ၁၆း၁၀ | မိန် |
| ၁၆း၃၀မှ ၁၈း၁၀ | မိဿ |
| ၁၈း၁၀မှ ၂၀း၁၀ | ပြိဿ |
| ၂၀း၁၀မှ ၂၂း၁၀ | မေထုန် |
| ၂၂း၁၀မှ ၂၄း၁၀ | ကရကဋ် |
| ၂၄း၁၀မှ ၂း၁၀ | သိဟ် |
| ၂း၁၀မှ ၄း၁၀ | ကန် |
| ၄း၁၀မှ ၆း၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၃၀မှ ၈း၃၀ | ဓနု |
| ၈း၃၀မှ ၁၀း၃ | မကာရ |
| ၁၀း၃၀မှ ၁၂း၃၀ | ကုမ် |
| ၁၂း၃၀မှ ၁၄း၃၀ | မိန် |
| ၁၄း၃၀မှ ၁၆း၃၀ | မိဿ |
| ၁၆း၃၀မှ ၁၈း၃၀ | ပြိဿ |
| ၁၈း၃၀မှ ၂၀း၃၀ | မေထုန် |
| ၂၀း၃၀မှ ၂၂း၃၀ | ကရကဋ် |
| ၂၂း၃၀မှ ၂၄း၃၀ | သိဟ် |
| ၂၄း၃၀မှ ၂း၃၀ | ကန် |
| ၂း၃၀မှ ၄း၃၀ | တူ |
| ၄း၃၀မှ ၆း၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၄၀မှ ၈း၄၀ | မကာရ |
| ၈း၄၀မှ ၁၀း၄၀ | ကုမ် |
| ၁၀း၄၀မှ ၁၂း၄၀ | မိန် |
| ၁၂း၄၀မှ ၁၄း၄၀ | မိဿ |
| ၁၄း၄၀မှ ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀မှ ၁၈း၄၀ | မေထုန် |
| ၁၈း၄၀မှ ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀မှ ၂၂း၄၀ | သိဟ် |
| ၂၂း၄၀မှ ၂၄း၄၀ | ကန် |
| ၂၄း၄၀မှ ၂း၄၀ | တူ |
| ၂း၄၀မှ ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀မှ ၆း၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၃၀မှ ၈း၃၀ | ကုမ် |
| ၈း၃၀မှ ၁၀း၃၀ | မိန် |
| ၁၀း၃၀မှ ၁၂း၃၀ | မိဿ |
| ၁၂း၃၀မှ ၁၄း၃၀ | ပြိဿ |
| ၁၄း၃၀မှ ၁၆း၃၀ | မေထုန် |
| ၁၆း၃၀မှ ၁၈း၃၀ | ကရကဋ် |
| ၁၈း၃၀မှ ၂၀း၃၀ | သိဟ် |
| ၂၀း၃၀မှ ၂၂း၃၀ | ကန် |
| ၂၂း၃၀မှ ၂၄း၃၀ | တူ |
| ၂၄း၃၀မှ ၂း၃၀ | ဗြိစ္ဆာ |
| ၂း၃၀မှ ၄း၃၀ | ဓနု |
| ၄း၃၀မှ ၆း၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၁၀မှ ၈း၁၀ | မိန် |
| ၈း၁၀မှ ၁၀း၁၀ | မိဿ |
| ၁၀း၁၀မှ ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀မှ ၁၄း၁၀ | မေထုန် |
| ၁၄း၁၀မှ ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀မှ၁၈း၁၀ | သိဟ် |
| ၁၈း၁၀မှ ၁၀း၁၀ | ကန် |
| ၂၀း၁၀မှ ၂၂း၁၀ | တူ |
| ၂၂း၁၀မှ ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀မှ ၂း၁၀ | ဓနု |
| ၂း၁၀မှ ၄း၁၀ | မကာရ |
| ၄း၁၀မှ ၆း၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | ကန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၀ : ၂၈ | ၁၁ : ၀၀ | ၁၂ : ၀၆ | ၁၂ : ၃၅ | ၁၄ : ၂၇ | ၁၄ : ၅၇ | ၁၆ : ၁၅ | ၁၆ : ၄၇ | ၁၇ : ၀၃ | ၁၇ : ၃၆ | ၂၀ : ၅၀ | ၂၁ : ၂၄ |
| ၂ | ၁၀ : ၂၄ | ၁၀ : ၅၆ | ၁၂ : ၀၂ | ၁၂ : ၃၁ | ၁၄ : ၂၃ | ၁၄ : ၅၃ | ၁၆ : ၁၁ | ၁၆ : ၄၃ | ၁၆ : ၅၉ | ၁၇ : ၃၂ | ၂၀ : ၄၇ | ၂၁ : ၂၀ |
| ၃ | ၁၀ : ၂၀ | ၁၀ : ၅၂ | ၁၁ : ၅၈ | ၁၂ : ၂၈ | ၁၄ : ၁၉ | ၁၄ : ၄၉ | ၁၆ : ၀၇ | ၁၆ : ၃၉ | ၁၆ : ၅၅ | ၁၇ : ၂၈ | ၂၀ : ၄၃ | ၂၁ : ၁၆ |
| ၄ | ၁၀ : ၁၆ | ၁၀ : ၄၈ | ၁၁ : ၅၄ | ၁၂ : ၂၄ | ၁၄ : ၁၅ | ၁၄ : ၄၅ | ၁၆ : ၀၃ | ၁၆ : ၃၅ | ၁၆ : ၅၁ | ၁၇ : ၂၄ | ၂၀ : ၃၉ | ၂၁ : ၁၂ |
| ၅ | ၁၀ : ၁၂ | ၁၀ : ၄၄ | ၁၁ : ၅၀ | ၁၂ : ၂၀ | ၁၄ : ၁၁ | ၁၄ : ၄၁ | ၁၅ : ၅၉ | ၁၆ : ၃၁ | ၁၆ : ၄၇ | ၁၇ : ၂၀ | ၂၀ : ၃၅ | ၂၁ : ၀၈ |
| ၆ | ၁၀ : ၀၈ | ၁၀ : ၄၀ | ၁၁ : ၄၆ | ၁၂ : ၁၆ | ၁၄ : ၀၇ | ၁၄ : ၃၇ | ၁၅ : ၅၅ | ၁၆ : ၂၇ | ၁၆ : ၄၃ | ၁၇ : ၁၆ | ၂၀ : ၃၁ | ၂၁ : ၀၅ |
| ၇ | ၁၀ : ၀၅ | ၁၀ : ၃၆ | ၁၁ : ၄၂ | ၁၂ : ၁၂ | ၁၄ : ၀၃ | ၁၄ : ၃၃ | ၁၅ : ၅၁ | ၁၆ : ၂၃ | ၁၆ : ၃၉ | ၁၇ : ၁၂ | ၂၀ : ၂၇ | ၂၁ : ၀၁ |
| ၈ | ၁၀ : ၀၁ | ၁၀ : ၃၂ | ၁၁ : ၃၈ | ၁၂ : ၀၈ | ၁၃ : ၅၉ | ၁၄ : ၂၉ | ၁၅ : ၄၇ | ၁၆ : ၁၉ | ၁၆ : ၃၅ | ၁၇ : ၀၈ | ၂၀ : ၂၃ | ၂၀ : ၅၇ |
| ၉ | ၀၉ : ၅၇ | ၁၀ : ၂၈ | ၁၁ : ၃၄ | ၁၂ : ၀၄ | ၁၃ : ၅၅ | ၁၄ : ၂၅ | ၁၅ : ၄၃ | ၁၆ : ၁၆ | ၁၆ : ၃၁ | ၁၇ : ၀၄ | ၂၀ : ၁၉ | ၂၀ : ၅၃ |
| ၁၀ | ၀၉ : ၅၃ | ၁၀ : ၂၄ | ၁၁ : ၃၀ | ၁၂ : ၀၀ | ၁၃ : ၅၁ | ၁၄ : ၂၁ | ၁၅ : ၃၉ | ၁၆ : ၁၂ | ၁၆ : ၂၇ | ၁၇ : ၀၀ | ၂၀ : ၁၅ | ၂၀ : ၄၉ |
| ၁၁ | ၀၉ : ၄၉ | ၁၀ : ၂၀ | ၁၁ : ၂၆ | ၁၁ : ၅၆ | ၁၃ : ၄၇ | ၁၄ : ၁၇ | ၁၅ : ၃၆ | ၁၆ : ၀၈ | ၁၆ : ၂၃ | ၁၆ : ၅၆ | ၂၀ : ၁၁ | ၂၀ : ၄၅ |
| ၁၂ | ၀၉ : ၄၅ | ၁၀ : ၁၇ | ၁၁ : ၂၂ | ၁၁ : ၅၂ | ၁၃ : ၄၃ | ၁၄ : ၁၃ | ၁၅ : ၃၂ | ၁၆ : ၀၄ | ၁၆ : ၁၉ | ၁၆ : ၅၃ | ၂၀ : ၀၇ | ၂၀ : ၄၁ |
| ၁၃ | ၀၉ : ၄၀ | ၁၀ : ၁၃ | ၁၁ : ၁၈ | ၁၁ : ၄၈ | ၁၃ : ၄၀ | ၁၄ : ၀၉ | ၁၅ : ၂၈ | ၁၆ : ၀၀ | ၁၆ : ၁၅ | ၁၆ : ၄၉ | ၂၀ : ၀၃ | ၂၀ : ၃၇ |
| ၁၄ | ၀၉ : ၃၇ | ၁၀ : ၀၉ | ၁၁ : ၁၅ | ၁၁ : ၄၄ | ၁၃ : ၃၆ | ၁၄ : ၀၅ | ၁၅ : ၂၄ | ၁၅ : ၅၆ | ၁၆ : ၁၁ | ၁၆ : ၄၅ | ၁၉ : ၅၉ | ၂၀ : ၃၃ |
| ၁၅ | ၀၉ : ၃၃ | ၁၀ : ၀၅ | ၁၁ : ၁၁ | ၁၁ : ၄၀ | ၁၃ : ၃၂ | ၁၄ : ၀၀ | ၁၅ : ၂၀ | ၁၅ : ၅၂ | ၁၆ : ၀၇ | ၁၆ : ၄၁ | ၁၉ : ၅၅ | ၂၀ : ၂၉ |
| ၁၆ | ၀၉ : ၂၉ | ၁၀ : ၀၁ | ၁၁ : ၀၇ | ၁၁ : ၃၆ | ၁၃ : ၂၈ | ၁၃ : ၅၈ | ၁၅ : ၁၆ | ၁၅ : ၄၈ | ၁၆ : ၀၄ | ၁၆ : ၃၇ | ၁၉ : ၅၁ | ၂၀ : ၂၅ |
| ၁၇ | ၀၉ : ၂၅ | ၀၉ : ၅၇ | ၁၁ : ၀၃ | ၁၁ : ၃၂ | ၁၃ : ၂၄ | ၁၃ : ၅၄ | ၁၅ : ၁၂ | ၁၅ : ၄၄ | ၁၆ : ၀၀ | ၁၆ : ၃၃ | ၁၉ : ၄၈ | ၂၀ : ၂၁ |
| ၁၈ | ၀၉ : ၂၁ | ၀၉ : ၅၃ | ၁၀ : ၅၉ | ၁၁ : ၂၉ | ၁၃ : ၂၀ | ၁၃ : ၅၀ | ၁၅ : ၀၈ | ၁၅ : ၄၀ | ၁၅ : ၅၆ | ၁၆ : ၂၉ | ၁၉ : ၄၄ | ၂၀ : ၁၇ |
| ၁၉ | ၀၉ : ၁၇ | ၀၉ : ၄၉ | ၁၀ : ၅၅ | ၁၁ : ၂၅ | ၁၃ : ၁၆ | ၁၃ : ၄၆ | ၁၅ : ၀၄ | ၁၅ : ၃၆ | ၁၅ : ၅၂ | ၁၆ : ၂၅ | ၁၉ : ၄၀ | ၂၀ : ၁၃ |
| ၂၀ | ၀၉ : ၁၃ | ၀၉ : ၄၅ | ၁၀ : ၅၀ | ၁၁ : ၂၀ | ၁၃ : ၁၂ | ၁၃ : ၄၂ | ၁၅ : ၀၀ | ၁၅ : ၃၂ | ၁၅ : ၄၈ | ၁၆ : ၂၀ | ၁၉ : ၃၆ | ၂၀ : ၁၀ |
| ၂၁ | ၀၉ : ၁၀ | ၀၉ : ၄၁ | ၁၀ : ၄၇ | ၁၁ : ၁၇ | ၁၃ : ၀၈ | ၁၃ : ၃၈ | ၁၄ : ၅၆ | ၁၅ : ၂၈ | ၁၅ : ၄၄ | ၁၆ : ၁၇ | ၁၉ : ၃၂ | ၂၀ : ၀၆ |
| ၂၂ | ၀၉ : ၀၆ | ၀၉ : ၃၇ | ၁၀ : ၄၃ | ၁၁ : ၁၃ | ၁၃ : ၀၄ | ၁၃ : ၃၄ | ၁၄ : ၅၂ | ၁၅ : ၂၄ | ၁၅ : ၄၀ | ၁၆ : ၁၃ | ၁၉ : ၂၈ | ၂၀ : ၀၂ |
| ၂၃ | ၀၉ : ၀၂ | ၀၉ : ၃၃ | ၁၀ : ၃၉ | ၁၁ : ၀၉ | ၁၃ : ၀၀ | ၁၃ : ၃၀ | ၁၄ : ၄၈ | ၁၅ : ၂၀ | ၁၅ : ၃၆ | ၁၆ : ၀၉ | ၁၉ : ၂၄ | ၁၉ : ၅၈ |
| ၂၄ | ၀၈ : ၅၈ | ၀၉ : ၂၉ | ၁၀ : ၃၅ | ၁၁ : ၀၅ | ၁၂ : ၅၆ | ၁၃ : ၂၆ | ၁၄ : ၄၄ | ၁၅ : ၁၇ | ၁၅ : ၃၂ | ၁၆ : ၀၅ | ၁၉ : ၂၀ | ၁၉ : ၅၄ |
| ၂၅ | ၀၈ : ၅၄ | ၀၉ : ၂၅ | ၁၀ : ၃၁ | ၁၁ : ၀၁ | ၁၂ : ၅၂ | ၁၃ : ၂၂ | ၁၄ : ၄၁ | ၁၅ : ၁၃ | ၁၅ : ၂၈ | ၁၆ : ၀၁ | ၁၉ : ၁၆ | ၁၉ : ၅၀ |
| ၂၆ | ၀၈ : ၅၀ | ၀၉ : ၂၂ | ၁၀ : ၂၇ | ၁၀ : ၅၇ | ၁၂ : ၄၈ | ၁၃ : ၁၈ | ၁၄ : ၃၇ | ၁၅ : ၀၉ | ၁၅ : ၂၄ | ၁၅ : ၅၇ | ၁၉ : ၁၂ | ၁၉ : ၄၆ |
| ၂၇ | ၀၈ : ၄၆ | ၀၉ : ၁၈ | ၁၀ : ၂၃ | ၁၀ : ၅၃ | ၁၂ : ၄၄ | ၁၃ : ၁၄ | ၁၄ : ၃၃ | ၁၅ : ၀၅ | ၁၅ : ၂၀ | ၁၅ : ၅၃ | ၁၉ : ၀၈ | ၁၉ : ၄၂ |
| ၂၈ | ၀၈ : ၄၂ | ၀၉ : ၁၄ | ၁၀ : ၂၀ | ၁၀ : ၄၉ | ၁၂ : ၄၀ | ၁၃ : ၁၀ | ၁၄ : ၂၉ | ၁၅ : ၀၁ | ၁၅ : ၁၆ | ၁၅ : ၅၀ | ၁၉ : ၀၄ | ၁၉ : ၃၈ |
| ၂၉ | ၀၈ : ၃၈ | ၀၉ : ၁၀ | ၁၀ : ၁၆ | ၁၀ : ၄၅ | ၁၂ : ၃၇ | ၁၃ : ၀၆ | ၁၄ : ၂၅ | ၁၄ : ၅၇ | ၁၅ : ၁၂ | ၁၅ : ၄၆ | ၁၉ : ၀၀ | ၁၉ : ၃၄ |
| ၃၀ | ၀၈ : ၃၄ | ၀၉ : ၀၆ | ၁၀ : ၁၂ | ၁၀ : ၄၁ | ၁၂ : ၃၃ | ၁၃ : ၀၃ | ၁၄ : ၂၁ | ၁၄ : ၅၃ | ၁၅ : ၀၉ | ၁၅ : ၄၂ | ၁၈ : ၅၆ | ၁၉ : ၃၀ |
| ၃၁ | ၀၈ : ၃၀ | ၀၉ : ၀၂ | ၁၀ : ၀၈ | ၁၀ : ၃၇ | ၁၂ : ၂၉ | ၁၂ : ၅၉ | ၁၄ : ၁၇ | ၁၄ : ၄၉ | ၁၅ : ၀၅ | ၁၅ : ၃၈ | ၁၈ : ၅၂ | ၁၉ : ၂၂ |



www.burmeseclassic.com

www.burmeseclassic.com

| | တူလဂ် | | ဗြိစ္ဆာလဂ် | | ဓနုလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၂၂ : ၁၀ | ၂၂ : ၄၂ | ၂၃ : ၁၉ | ၂၃ : ၅၀ | ၀၂ : ၄၃ | ၀၃ : ၁၃ | ၀၂ : ၄၅ | ၀၃ : ၁၅ | ၀၅ : ၁၅ | ၀၅ : ၄၉ | ၀၈ : ၁၉ | ၀၈ : [illegible] |
| ၂ | ၂၂ : ၀၆ | ၂၂ : ၃၈ | ၂၃ : ၁၅ | ၂၃ : ၄၆ | ၀၂ : ၃၉ | ၀၃ : ၁၀ | ၀၂ : ၄၁ | ၀၃ : ၁၁ | ၀၅ : ၁၁ | ၀၅ : ၄၅ | ၀၈ : ၁၅ | ၀၈ : [illegible] |
| ၃ | ၂၂ : ၀၂ | ၂၂ : ၃၄ | ၂၃ : ၁၁ | ၂၃ : ၄၂ | ၀၂ : ၃၆ | ၀၃ : ၀၆ | ၀၂ : ၃၇ | ၀၃ : ၀၇ | ၀၅ : ၀၇ | ၀၅ : ၄၁ | ၀၈ : ၁၁ | ၀၈ : [illegible] |
| ၄ | ၂၁ : ၅၈ | ၂၂ : ၃၀ | ၂၃ : ၀၇ | ၂၃ : ၃၈ | ၀၂ : ၃၂ | ၀၃ : ၀၂ | ၀၂ : ၃၃ | ၀၃ : ၀၃ | ၀၅ : ၀၃ | ၀၅ : ၃၇ | ၀၈ : ၀၇ | ၀၈ : [illegible] |
| ၅ | ၂၁ : ၅၄ | ၂၂ : ၂၆ | ၂၃ : ၀၃ | ၂၃ : ၃၄ | ၀၂ : ၂၈ | ၀၂ : ၅၈ | ၀၂ : ၂၉ | ၀၂ : ၅၉ | ၀၄ : ၅၉ | ၀၅ : ၃၃ | ၀၈ : ၀၃ | ၀၈ : [illegible] |
| ၆ | ၂၁ : ၅၀ | ၂၂ : ၂၂ | ၂၂ : ၅၉ | ၂၃ : ၃၀ | ၀၂ : ၂၄ | ၀၂ : ၅၄ | ၀၂ : ၂၅ | ၀၂ : ၅၅ | ၀၄ : ၅၅ | ၀၅ : ၂၉ | ၀၇ : ၅၉ | ၀၈ : [illegible] |
| ၇ | ၂၁ : ၄၆ | ၂၂ : ၁၉ | ၂၂ : ၅၆ | ၂၃ : ၂၆ | ၀၂ : ၂၀ | ၀၂ : ၅၀ | ၀၂ : ၂၁ | ၀၂ : ၅၁ | ၀၄ : ၅၁ | ၀၅ : ၂၅ | ၀၇ : ၅၅ | ၀၈ : [illegible] |
| ၈ | ၂၁ : ၄၃ | ၂၂ : ၁၅ | ၂၂ : ၅၂ | ၂၃ : ၂၂ | ၀၂ : ၁၆ | ၀၂ : ၄၆ | ၀၂ : ၁၇ | ၀၂ : ၄၇ | ၀၄ : ၄၈ | ၀၅ : ၂၁ | ၀၇ : ၅၁ | ၀၈ : [illegible] |
| ၉ | ၂၁ : ၃၉ | ၂၂ : ၁၁ | ၂၂ : ၄၈ | ၂၃ : ၁၈ | ၀၂ : ၁၂ | ၀၂ : ၄၂ | ၀၂ : ၁၃ | ၀၂ : ၄၃ | ၀၄ : ၄၄ | ၀၅ : ၁၇ | ၀၇ : ၄၇ | ၀၈ : [illegible] |
| ၁၀ | ၂၁ : ၃၅ | ၂၂ : ၀၇ | ၂၂ : ၄၄ | ၂၃ : ၁၄ | ၀၂ : ၀၈ | ၀၂ : ၃၈ | ၀၂ : ၀၉ | ၀၂ : ၄၀ | ၀၄ : ၄၀ | ၀၅ : ၁၃ | ၀၇ : ၄၃ | ၀၈ : [illegible] |
| ၁၁ | ၂၁ : ၃၁ | ၂၂ : ၀၃ | ၂၂ : ၄၀ | ၂၃ : ၁၀ | ၀၂ : ၀၄ | ၀၂ : ၃၄ | ၀၂ : ၀၆ | ၀၂ : ၃၆ | ၀၄ : ၃၆ | ၀၅ : ၀၉ | ၀၇ : ၃၉ | ၀၈ : [illegible] |
| ၁၂ | ၂၁ : ၂၇ | ၂၁ : ၅၉ | ၂၂ : ၃၆ | ၂၃ : ၀၆ | ၀၂ : ၀၀ | ၀၂ : ၃၀ | ၀၂ : ၀၂ | ၀၂ : ၃၂ | ၀၄ : ၃၂ | ၀၅ : ၀၅ | ၀၇ : ၃၅ | ၀၈ : [illegible] |
| ၁၃ | ၂၁ : ၂၃ | ၂၁ : ၅၅ | ၂၂ : ၃၂ | ၂၃ : ၀၂ | ၀၁ : ၅၆ | ၀၂ : ၂၆ | ၀၁ : ၅၈ | ၀၂ : ၂၈ | ၀၄ : ၂၈ | ၀၅ : ၀၁ | ၀၇ : ၃၁ | ၀၈ : [illegible] |
| ၁၄ | ၂၁ : ၁၉ | ၂၁ : ၅၁ | ၂၂ : ၂၈ | ၂၂ : ၅၈ | ၀၁ : ၅၂ | ၀၂ : ၂၂ | ၀၁ : ၅၄ | ၀၂ : ၂၄ | ၀၄ : ၂၄ | ၀၄ : ၅၇ | ၀၇ : ၂၇ | ၀၈ : [illegible] |
| ၁၅ | ၂၁ : ၁၅ | ၂၁ : ၄၇ | ၂၂ : ၂၄ | ၂၂ : ၅၅ | ၀၁ : ၄၈ | ၀၂ : ၁၈ | ၀၁ : ၅၀ | ၀၂ : ၂၀ | ၀၄ : ၂၀ | ၀၄ : ၅၃ | ၀၇ : ၂၃ | ၀၇ : [illegible] |
| ၁၆ | ၂၁ : ၁၁ | ၂၁ : ၄၃ | ၂၂ : ၂၀ | ၂၂ : ၅၁ | ၀၁ : ၄၄ | ၀၂ : ၁၅ | ၀၁ : ၄၆ | ၀၂ : ၁၆ | ၀၄ : ၁၆ | ၀၄ : ၅၀ | ၀၇ : ၂၀ | ၀၇ : [illegible] |
| ၁၇ | ၂၁ : ၀၇ | ၂၁ : ၃၉ | ၂၂ : ၁၆ | ၂၂ : ၄၇ | ၀၁ : ၄၀ | ၀၂ : ၁၁ | ၀၁ : ၄၂ | ၀၂ : ၁၂ | ၀၄ : ၁၂ | ၀၄ : ၄၆ | ၀၇ : ၁၆ | ၀၇ : [illegible] |
| ၁၈ | ၂၁ : ၀၃ | ၂၁ : ၃၅ | ၂၂ : ၁၂ | ၂၂ : ၄၃ | ၀၁ : ၃၇ | ၀၂ : ၀၇ | ၀၁ : ၃၈ | ၀၂ : ၀၈ | ၀၄ : ၀၈ | ၀၄ : ၄၂ | ၀၇ : ၁၂ | ၀၇ : [illegible] |
| ၁၉ | ၂၀ : ၅၉ | ၂၁ : ၃၁ | ၂၂ : ၀၈ | ၂၂ : ၃၉ | ၀၁ : ၃၃ | ၀၂ : ၀၃ | ၀၁ : ၃၄ | ၀၂ : ၀၄ | ၀၄ : ၀၄ | ၀၄ : ၃၈ | ၀၇ : ၀၈ | ၀၇ : [illegible] |
| ၂၀ | ၂၀ : ၅၅ | ၂၁ : ၂၇ | ၂၂ : ၀၄ | ၂၂ : ၃၅ | ၀၁ : ၂၉ | ၀၁ : ၅၉ | ၀၁ : ၃၀ | ၀၂ : ၀၀ | ၀၄ : ၀၀ | ၀၄ : ၃၄ | ၀၇ : ၀၄ | ၀၇ : [illegible] |
| ၂၁ | ၂၀ : ၅၁ | ၂၁ : ၂၃ | ၂၂ : ၀၀ | ၂၂ : ၃၁ | ၀၁ : ၂၅ | ၀၁ : ၅၅ | ၀၁ : ၂၆ | ၀၁ : ၅၆ | ၀၃ : ၅၆ | ၀၄ : ၃၀ | ၀၇ : ၀၀ | ၀၇ : [illegible] |
| ၂၂ | ၂၀ : ၄၈ | ၂၁ : ၂၀ | ၂၁ : ၅၇ | ၂၂ : ၂၇ | ၀၁ : ၂၁ | ၀၁ : ၅၁ | ၀၁ : ၂၂ | ၀၁ : ၅၂ | ၀၃ : ၅၃ | ၀၄ : ၂၆ | ၀၆ : ၅၆ | ၀၇ : [illegible] |
| ၂၃ | ၂၀ : ၄၄ | ၂၁ : ၁၆ | ၂၁ : ၅၃ | ၂၂ : ၂၃ | ၀၁ : ၁၇ | ၀၁ : ၄၇ | ၀၁ : ၁၈ | ၀၁ : ၄၈ | ၀၃ : ၄၉ | ၀၄ : ၂၂ | ၀၆ : ၅၂ | ၀၇ : [illegible] |
| ၂၄ | ၂၀ : ၄၀ | ၂၁ : ၁၂ | ၂၁ : ၄၉ | ၂၂ : ၁၉ | ၀၁ : ၁၃ | ၀၁ : ၄၃ | ၀၁ : ၁၄ | ၀၁ : ၄၅ | ၀၃ : ၄၅ | ၀၄ : ၁၈ | ၀၆ : ၄၈ | ၀၇ : [illegible] |
| ၂၅ | ၂၀ : ၃၆ | ၂၁ : ၀၈ | ၂၁ : ၄၅ | ၂၂ : ၁၅ | ၀၁ : ၀၉ | ၀၁ : ၃၉ | ၀၁ : ၁၀ | ၀၁ : ၄၀ | ၀၃ : ၄၀ | ၀၄ : ၁၄ | ၀၆ : ၄၄ | ၀၇ : [illegible] |
| ၂၆ | ၂၀ : ၃၂ | ၂၁ : ၀၄ | ၂၁ : ၄၀ | ၂၂ : ၁၁ | ၀၁ : ၀၅ | ၀၁ : ၃၅ | ၀၁ : ၀၇ | ၀၁ : ၃၇ | ၀၃ : ၃၇ | ၀၄ : ၁၀ | ၀၆ : ၄၀ | ၀၇ : [illegible] |
| ၂၇ | ၂၀ : ၂၈ | ၂၁ : ၀၀ | ၂၁ : ၃၇ | ၂၂ : ၀၇ | ၀၁ : ၀၁ | ၀၁ : ၃၁ | ၀၁ : ၀၃ | ၀၁ : ၃၃ | ၀၃ : ၃၃ | ၀၄ : ၀၆ | ၀၆ : ၃၆ | ၀၇ : [illegible] |
| ၂၈ | ၂၀ : ၂၄ | ၂၀ : ၅၆ | ၂၁ : ၃၃ | ၂၂ : ၀၃ | ၀၀ : ၅၇ | ၀၁ : ၂၇ | ၀၀ : ၅၉ | ၀၁ : ၂၉ | ၀၃ : ၂၉ | ၀၄ : ၀၂ | ၀၆ : ၃၂ | ၀၇ : [illegible] |
| ၂၉ | ၂၀ : ၂၀ | ၂၀ : ၅၂ | ၂၁ : ၂၉ | ၂၂ : ၀၀ | ၀၀ : ၅၃ | ၀၁ : ၂၃ | ၀၀ : ၅၅ | ၀၁ : ၂၅ | ၀၃ : ၂၅ | ၀၃ : ၅၈ | ၀၆ : ၂၈ | ၀၇ : [illegible] |
| ၃၀ | ၂၀ : ၁၆ | ၂၀ : ၄၈ | ၂၁ : ၂၅ | ၂၁ : ၅၆ | ၀၀ : ၄၉ | ၀၁ : ၁၉ | ၀၀ : ၅၁ | ၀၁ : ၂၁ | ၀၃ : ၂၁ | ၀၃ : ၅၅ | ၀၆ : ၂၄ | ၀၆ : [illegible] |
| ၃၁ | ၂၀ : ၁၂ | ၂၀ : ၄၄ | ၂၁ : ၂၁ | ၂၁ : ၅၂ | ၀၀ : ၄၅ | ၀၁ : ၁၆ | ၀၀ : ၄၇ | ၀၁ : ၁၇ | ၀၃ : ၁၇ | ၀၃ : ၅၀ | ၀၆ : ၂၀ | ၀၆ : [illegible] |



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ၁၉၄၆ခုနှစ်၊ ဒီဇင်ဘာလတွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့မှ ရန်ကုန်မြို့သို့ မိဘများနှင့်အတူ ရောက်လာပါသည်။

ရန်ကုန်မြို့ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်းတွင် နေပါသည်။ ကျွန်ုပ်၏ ဖခင်မှာ အင်္ဂလိပ်စစ်တပ်၏ ထောက်ပံ့ရေးတပ်တွင် စာရေးကြီးအလုပ်ရပါသည်။

ကျွန်ုပ်သည် ချောင်းဆုံ မူလတန်းလွန်ကျောင်း(ယခု အထက ချောင်းဆုံ)မှ ဆဋ္ဌမတန်းပညာသင်ရင်း ကျောင်းမှထွက်လာရသူဖြစ်၏။ နေအိမ်နှင့် အနီးဆုံးကျောင်းဖြစ်သော ကျောက်မြောင်းမူလတန်းလွန်ကျောင်း(ကျောက်မြောင်းဈေးအနီးရှိ ကယ်တင်ရေးတပ်နေရာတွင် ခေတ္တဖွင့်ထားသောကျောင်း)၌ ကျောင်းသွားအပ်ရာ ဆရာကြီး ဦးဘိုးချစ်က စာသင်ချိန် "နှစ်လသာ ကျန်တော့သည်။ လက်မခံနိုင်ပါ။ ၁၉၄၇၊ ဇွန်လ ကျောင်းဖွင့်ချိန်မှ လာပါဟု ပြောသောကြောင့် ကျွန်ုပ်သည် ပညာရေးတွင် တစ်တန်းနစ်နာသွားပါသည်။ ၁၉၄၇-၄၈ ပညာသင်နှစ်တွင်မှ ဆဋ္ဌမတန်း၌ ပညာပြန်သင်ရပါသည်။

ကျွန်ုပ်တွင် ထိုစဉ်က ညီအစ်ကို မောင်နှမ ငါးယောက်ရှိရာ ကျွန်ုပ်မှာ အကြီးဆုံးဖြစ်၏။

ကျွန်ုပ်၏ ဖခင် အလုပ်လုပ်ရာ အင်္ဂလိပ်ထောက်ပံ့ရေးတပ်မှာ ၁၉၄၈ မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ မြန်မာနိုင်ငံမှ ရုတ်သိမ်းသွားသည့်အတွက် ဖခင်သည် အလုပ်လက်မဲ့ဘဝရောက်သွားသည်။ ကံကောင်းထောက်မစွာဖြင့် ဖခင်သည် ရန်ကုန် မြူနီစီပယ်(ယခု ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့) မော်တော်ယာဉ်ဌာနတွင် အောက်တန်းစာရေးအလုပ်ရပါသည်။ လစာမှာ ၁၂၆ ကျပ်သာဖြစ်သဖြင့် စားဝတ်နေရေးအတွက် မလောက်ငသောကြောင့် ဆွေမျိုးအချို့က ဝိုင်းဝန်းထောက်ပံ့ပါသည်။

အထူးသဖြင့် ကျွန်ုပ်၏ ကျောင်းစရိတ်ကို ကျွန်ုပ်၏ အဘွားလေး အပျိုကြီး(အဘွား၏ ညီမ)နှင့် အဒေါ်(မိခင်၏ ညီမ)တို့က ထောက်ပံ့ပါသည်။

ကျွန်ုပ်သည် ၁၉၄၈၊ မတ်လတွင် ၆တန်းအောင်သည်။ ၁၉၄၉၊ မတ်လတွင် ခုနစ်တန်းအောင်သည်။ ၁၉၅၀၊ မတ်လတွင် ရှစ်တန်းအောင်သည်။ ကိုးတန်း၌ ပညာသင်နေစဉ် ၁၉၅၀၊ ဒီဇင်ဘာလ၌ ကျွန်ုပ်၏ အဒေါ် ဒေါ်လုံးရှင်က ကျွန်ုပ်အား . . .

"မောင်သိန်း…ပြည်လမ်း အင်္ဂလိပ်ကုမ္ပဏီတစ်ခုမှာ တစ်လ ၁၅၀ကျပ်နဲ့ စာရေးအလုပ်လုပ်ပါ။ မက်ထရစ် စာမေးပွဲကို အပြင်က ဖြေပေါ့"

ဟု ပြောလာသောကြောင့် ကျွန်ုပ်သည် ၁၉၅၀၊ ဒီဇင်ဘာလထဲ၌ ပြည်လမ်းရှိ အင်္ဂလိပ် ကန်ထရိုက်ကုမ္ပဏီတွင် တစ်လ ၁၅၀ကျပ်ဖြင့် အောက်တန်းစာရေးအလုပ်ဝင်လုပ်ပါသည်။

(ထိုစဉ်က ရှစ်တန်းအောင်လျှင် ကိုးတန်းစာမေးပွဲဖြစ်သော ကျောင်းထွက်လက်မှတ်ရ စာမေးပွဲနှင့် မက်ထရစ် တက္ကသိုလ်ဝင် စာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့်ရှိ၏။)

ကျွန်ုပ်သည် အလုပ်လုပ်ရင်း မက်ထရစ်စာမေးပွဲဖြေရန် ဆုံးဖြတ်လိုက်ပြီး အလုပ်ချိန်ပြင်ပတွင် ကျူရှင်မယူဘဲ သူငယ်ချင်းများထံမှ ကျောင်းစာများကို ကူးပြီး စာကျက်ပါသည်။ သင်္ချာဘာသာများကိုလည်း ပြဋ္ဌာန်းစာအုပ်များ၊ မှတ်စုစာအုပ်များဖြင့် ... ကျင့်မှု ပြုပါသည်။

၁၉၅၁၊ မတ်လတွင် မက်ထရစ် စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ရာ ၁၉၅... ဒီဇင်ဘာလတွင် အလုပ်ဝင်လုပ်သော ကျွန်ုပ်အဖို့ စာကျက်ချိန် ရက် ၆၀သာ ... ရ၏။ ထိုရက် ၆၀အတွင်း စာကြိုးစား... မည်။ မက်ထရစ်စာမေးပွဲကို အောင် ... အောင် ဖြေမည်ဟု အခိုင်အမာဆုံးဖြတ် ... ချက်ချလိုက်ပါသည်။

ကျွန်ုပ်၏ ငယ်သူငယ်ချင်း ... လှထွန်း(နောင်အခါဝယ် သတ္တုတွင်း ... ဝန်ကြီးဌာနတွင် အထွေထွေမန်နေဂျာ ... အင်ဂျင်နီယာဖြစ်သူ)က ကျွန်ုပ် ဆယ် ... တန်းစာမေးပွဲဖြေဆိုနိုင်ရန် အစွမ်းကုန် ... ကူညီပါသည်။

ထိုစဉ်က စနေနေ့တွင် နေ့ ... တစ်ဝက် ရုံးတက်ရ၏။ ကျွန်ုပ်သည် စာမေးပွဲဖြေရန် ညဘက်နှင့် တနင်္ဂနွေ ... နေ့များတွင်သာ စာကျက်ရ၏။

ကျွန်ုပ်၏ အိမ်မှာ ကျဉ်းလည်း ကျဉ်း၊ လူလည်း များသောကြောင့် တနင်္ဂနွေနေ့တွင် နံနက်စာကို ဇနာရီ ... တွင် စားပြီးသည်နှင့် ကျွန်ုပ်သည် တာမွေ အင်္ဂလိပ်သင်္ချိုင်းသို့ သွား၍ တစ်နေကုန် စာကျက်ပါတော့သည်။

ထိုစဉ်က ရန်ကုန်မြို့တွင် သုသာန် ... ကြီးနှစ်ခုရှိ၏။ ၎င်းတို့မှာ ကြံတော ... သုသာန်(ပြည်လမ်း-မြန်မာ့ရုပ်မြင်သံကြား ... ၏ နောက်ကျော)နှင့် တာမွေသုသာန် (တာမွေ အခွန်လွတ်ဈေးနေရာ၏ အနောက်နှင့် မြောက်ဘက်)တို့ ဖြစ် ... သည်။ (ယခုအခါ ထိုသုသာန်နှစ်ခုစလုံး မရှိတော့ပါ။)

ကျွန်ုပ် စာသွားကျက်သော အင်္ဂလိပ်သင်္ချိုင်းမှာ တာမွေသုသာန် ... ၏ အနောက်ဘက်ခြမ်း... ရှိပြီး သစ်ပင်ရိပ်များနှင့် အုတ်ဂူများ အစီအ...



www.burmeseclassic.com

www.burmeseclassic.com

မြေမို့မို့ပေါ်မှ လက်ဝါးကပ်တိုင်များ ညီညီညာညာဖြင့် ရှိ၏။ သံဆူးကြိုး ကာရံထားပြီး သင်္ချိုင်းအစောင့်ရှိ၏။

အင်္ဂလိပ်သင်္ချိုင်းစောင့် အဘိုးကြီး အား…

“ကျွန်တော် ဆယ်တန်းဖြေရန် ဒီမှာ စာကျက်ခွင့်ပြုပါ”

ဟု ခွင့်တောင်းရာ…

“ကောင်လေး…စာကျက်ပါ၊ ငါ ခွင့်ပြုတယ်”

ဟု ပြောပါသည်။

ကျွန်ုပ်သည် သင်္ချိုင်းတစ်နေရာရှိ သစ်ပင်ကြီးတစ်ပင်အောက်ရှိ အုတ်ဂူ တစ်ခုပေါ်တွင် ထိုင်၍ စာကျက်ပါသည်။ စာမေးပွဲနီးကပ်လာလျှင် အကောင်းဆုံး စာကျက်နည်းမှာ မေးခွန်းဟောင်းများ ကို ကြည့်၍ ရေးဖြေလိုက်၊ အဓိက အချက်ကို မှတ်လိုက်၊ ပြန်ဖတ်၊ ပြန် မှတ်၊ ပြန်ဖြေကြည့်သောနည်းဖြစ်၏။

ထိုစဉ်က ဖြေဆိုရမည့် ဘာသာ များမှ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ (၁)(၂)၊ ပထဝီဝင်နှင့် သမိုင်းဘာသာ များဖြစ်သည်။

ကျွန်ုပ်သည် အင်္ဂလိပ်စာတွင် အားနည်း၏။ ထို့ကြောင့် အင်္ဂလိပ်စာ ကို နေ့စဉ်ကျက်ပါသည်။ မှတ်ပါသည်။ အင်္ဂလိပ်သင်္ချိုင်းထဲတွင် အင်္ဂလိပ်စာကို အသံထွက်၍ ကျက်ပါသည်။

စာမေးပွဲဖြေရန် ရက်များ နီးကပ် လာလေလေ ကျွန်ုပ်သည် အိပ်ချိန်ကို နည်းနိုင်သမျှ နည်းစေပြီး စာကျက်၏။

◆◆◆

ဖေဖော်ဝါရီလ၏ တနင်္ဂနွေရက် တစ်ရက်။

ကျွန်ုပ်သည် နံနက် ၁၀နာရီမှ စ၍ အင်္ဂလိပ်သင်္ချိုင်းထဲရှိ ကျွန်ုပ် စာ ကျက်ရာ အုတ်ဂူပေါ်တွင် ထိုင်လိုက်၊ လဲလျောင်းလိုက်နှင့် စာကျက်စဉ်



ညနေ ၃နာရီခန့်၌ ကျွန်ုပ်သည် ဂူပေါ် ၌ လဲလျောင်းရင်း မေးခနဲအိပ်ပျော် သွား၏။

ထိုသို့ အိပ်ပျော်သွားစဉ် ကျွန်ုပ် အနီးသို့ အသက် ၂၀ ဝန်းကျင်ခန့်ရှိ အမျိုးသမီးတစ်ယောက်ရောက်လာပါ သည်။ နှာခေါင်းချွန်ချွန်၊ ဆံပင်တိုတို နှင့် ဂါဝန်ရှည်ဝတ်ထားသော ထိုအမျိုး သမီးမှာ အင်္ဂလိပ်-မြန်မာကပြားဖြစ်ပါ သည်။ ကျွန်ုပ်သည် အိပ်ချင်မူးတူးဖြင့် ထ,ထိုင်ရန် ကြိုးစားသော်လည်း ထ,ထိုင် ၍ မရပါ။

“မောင်လေးက စာသိပ်ကြိုးစား တာပဲ။ မမက ဒီနားမှာ နေတယ်။ မောင်လေးကို ကူညီဖို့ လာတာပါ။ မောင်လေးရဲ့ အင်္ဂလိပ်စာလေ့ကျင့်ခန်း အချို့ဟာ စာလုံးပေါင်းမှားနေတယ်။ မောင်လေး အိပ်ပျော်နေတုန်း မမ ဖတ် ကြည့်လို့ တွေ့တာ။ ကဲ-ကဲ မောင်လေး ထ,ထိုင်လိုက်၊ ဟောဒီ စာလုံးပေါင်း တွေကို ပြင်လိုက်”

ဟု ပြောရာ ကျွန်ုပ်သည် ထ,ထိုင် ၍ ဖောင်တိန်ကို အဖုံးဖွင့်ပြီး သူမ ထောက်ပြသော အမှားများကို ပြင် လိုက်ပါသည်။ စုစုပေါင်း အင်္ဂလိပ်စာလုံး ဆယ်လုံးခန့် ပြင်ရပါသည်။

သူမနှင့် ကျွန်ုပ်မှာ အလွန်နီးကပ် ၏။ သူမသည် အုတ်ဂူ၏ ထိပ်တွင် ရပ်နေ၏။ ရပ်ချောသော မမ။

“မမက မက်ထရစ်အောင်ပြီးပြီ။ အင်္ဂလိပ်စာ ဂုဏ်ထူးရတယ်ကွဲ့၊ မောင်လေးကို မမ အကြံပြုချင်တာက အင်္ဂလိပ်စာမေးခွန်းလွှာမှာ အင်္ဂလိပ် စာစီစာကုံးဟာ သိပ်အရေးကြီးတယ်။ စာစီစာကုံးတစ်ပုဒ်ပဲ ဖြေရပေမယ့်လို့ မေးခွန်းလွှာမှာ အကြောင်းအရာခေါင်းစဉ် သုံးမျိုးပေးထားတော့ အဲဒီအထဲက တစ်ခုကိုပဲ ဖြေရမှာနော်။ ဒါကြောင့် အက်ဆေး(စာစီစာကုံး)ကိုလည်း လေ့ ကျင့်ပါ။ အရေးလေ့ကျင့်ပါလို့ မမ အကြံပြုလိုတယ်”

“ဒီနှစ်အတွက် အင်္ဂလိပ်စာစီ စာကုံး ခန့်မှန်းခြေတစ်ခုလောက် ပြော ပြပါ့လား မမ”

ကျွန်ုပ်၏ နှုတ်မှ အသံထွက်သွား သည်။

“မမ ခန့်မှန်းပြီး ပြောရရင် မိုင် အမ်ဘီးရှင်း(ကျွန်ုပ်၏ ရည်မှန်းချက်)၊ အေပဂိုးဒါးဖက်စ်တီဗဲလ်(ဘုရားပွဲတော်)၊ မိုင်ဘက်စ်ဖရင့်(ကျွန်ုပ်၏ အချစ်ဆုံး သူငယ်ချင်း)တို့ကို မေးတတ်တယ်။ ဒီနှစ်တော့ မိုင်ဘက်စ်ဖရင့် (ကျွန်ုပ်၏ အချစ်ဆုံးသူငယ်ချင်း) မေးမလား မသိ ဘူး”

ဟု ပြောပါသည်။

ကျွန်ုပ်သည် သူမ ပြောသည်များ ကို ဗလာစာအုပ်နောက်ကျောတွင်



www.burmeseclassic.com

www.burmeseclassic.com

လျှင်လျှင်မြန်မြန်လိုက်ရေးရာ ရေးအပြီး၌ ကျွန်ုပ်၏ ပိုင်းလော့ဖောင်တိန်အဖုံး မြေကြီးပေါ် ကျသွားပါသည်။

ကျွန်ုပ်သည် ဖောင်တိန်အဖုံးကို ကောက်ရန် ဂူပေါ်မှ ဆင်းလိုက်ပြီး ကောက်ယူလိုက်ရာ မိုက်ခနဲဖြစ်သွားသောကြောင့် ဂူနံဘေးတွင် ဖင်ထိုင်ချလိုက်ပါသည်။ ကျွန်ုပ်၏ မျက်လုံးများ ပြူးကျယ်သွားသည်။ ခဏအကြာ ကျွန်ုပ်သည် ထိုင်ရာမှထ၍ ဂူထိပ်ကို ကြည့်လိုက်ရာ မမကို မတွေ့ရတော့။ ကျွန်ုပ်သည် ဂူတစ်ဝိုက်တွင် လိုက်ကြည့်သည်။ မည်သူ့ကိုမျှ မတွေ့ရ။

"ငါ အိပ်မက်မက်နေတာ ထင်တယ်"

ကျွန်ုပ်သည် ဇဝေဇဝါဖြစ်သွားပါသည်။ ဗလာစာအုပ်ထဲတွင် သူမ ပြောသော စာစီစာကုံးခေါင်းစဉ်များ၊ သူမ ပြင်နိုင်းသော အင်္ဂလိပ်စာလုံးများ ပြင်ထား၊ ရေးထားသည်ကို တွေ့ရပြန်သည်။

"မမ…မမ"

ကျွန်ုပ်ခေါ် ကြည့်သည်။

အသံမကြားရ။ ကျွန်ုပ်၏ ကျောမှာ စိမ့်ခနဲဖြစ်သွားသည်။

ကျွန်ုပ်သည် ဂူပေါ်ရှိ စာအုပ်များကို လွယ်အိတ်ထဲ ထည့်လိုက်ပြီး ဂူ၏ ခေါင်းပိုင်းတွင် ထွင်းထား၊ ရေးထားသော စာကို တွေ့၍ ဖတ်ကြည့်လိုက်သည်။ အင်္ဂလိပ်လိုရေးပြီး ထွင်းထားသည်။

"ဒေစီလွင်၊ အသက် ၂၀နှစ်"

"--------နေ့တွင် ခရစ်တော်၌ အိပ်ပျော်သည်"

ဟု မြန်မာလို ဘာသာပြန်၍ရသည်။

"ဩော်…ငါဟာ လွန်ခဲ့တဲ့ ၂နှစ်လောက်က သေသွားတဲ့သူရဲ့ ဂူပေါ်မှာ စာကျက်ရင်း အိပ်ပျော်သွားခဲ့တာကိုး"

ဟု စိတ်ထဲမှ ပြောပြီး သင်္ချိုင်းတံခါးဝသို့ ခပ်သုတ်သုတ်လျှောက်လာမိသည်။

သင်္ချိုင်းတံခါးဝအနီးတွင် သင်္ချိုင်းစောင့် အဘိုးကြီးနှင့် တွေ့ရာ…

"အမျိုးသမီးတစ်ယောက် ဒီထဲဝင်လာသလား"

ဟု မေးလိုက်မိသည်။

"ဘယ်သူမှ မလာပါဘူး။ နင်တစ်ယောက်တည်း ဒီထဲမှာ ရှိတယ်။ ဘာဖြစ်လို့လဲ"

"ကျွန်တော် စာကျက်ရင်း အိပ်ပျော်သွားတာ။ မိန်းမတစ်ယောက် ကျွန်တော့်အနားရောက်လာတယ်"

ဟု ပြောရာ အစောင့် ကုလားအဘိုးအိုက…

"ကောင်ကလေး…နင် စာကျက်ရင်း အိပ်ပျော်သွားပြီး အိပ်မက်မက်နေတယ်"

ဟု ပြောသည်။

"ကျွန်တော် စာကျက်တဲ့ ဂူက ဒေစီလွင်ရဲ့ ဂူလို့ သိရတယ်။ သူ ဘာဖြစ်လို့ သေသလဲ၊ သိလား"

ကျွန်ုပ်က မေးသည်။

"ငါသိတာပေါ့။ ကောင်မလေး နော် ကားတိုက်ပြီး သေသွားတယ်"

ဟု အစောင့်က ပြောသည်။ ထို့နောက် ကျွန်ုပ်သည် အိမ်သို့ ပြန်လာပါသည်။ ထိုနေ့မှစ၍ ကျွန်ုပ်သည် ထိုသင်္ချိုင်းသို့ မသွားတော့။ သွားရမှာ ရွံ့နေသည်။

◆◆◆

ထိုနှစ် မတ်လ မက်ထရစ်စာမေးပွဲကို ကျွန်ုပ်သည် ကောင်းစွာ ဖြေနိုင်၏။ အင်္ဂလိပ်စာမေးခွန်းတွင် မိုင်ဘက်စ်ဖရင့်(ကျွန်ုပ်၏ အချစ်ဆုံးသူငယ်ချင်း) စာစီစာကုံးပါလာရာ စာမေးပွဲဖြေရင်း သင်္ချိုင်းထဲမှ မမကို မျက်စိထဲ မြင်ယောင်လာပါသည်။

မက်ထရစ်အောင်စာရင်းထွက်သောအခါ ကျွန်ုပ်အောင်ပါသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

အောင်စာရင်းထွက်ပြီး နောက်တစ်နေ့တွင် ကျွန်ုပ်သည် တာမွေဈေးမှ နှင်းဆီပန်းတစ်စည်းဝယ်ပြီး အင်္ဂလိပ်သင်္ချိုင်းသို့ သွားသည်။ သင်္ချိုင်းစောင့်အား စာမေးပွဲအောင်ကြောင်း ပြောပြီးနောက် နှင်းဆီပန်းစည်းကို ဒေစီလွင်၏ ဂူပေါ်တွင် တ[illegible]င်း…

"မမ… ကျွန်တော် စာမေးပွဲ အောင်တယ်။ မမကို ကျေးဇူးတင်တယ်"

ဟု နှုတ်မှ ရေရွတ်လိုက်ရာ ဂူနံဘေးတွင် ရှိသော သစ်ပင်ပေါ်မှ သစ်ကိုင်းခြောက်တစ်ချောင်း ကျွန်ုပ်အနီး ကျလာသဖြင့် ကျွန်ုပ် ထိတ်လန့်သွားသည်။ ကျွန်ုပ်သည် သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်သည်။ ငှက်တစ်ကောင် ကျီးကန်းတစ်ကောင်။ ကျီးကန်းသည် ကျွန်ုပ်ကို ကြည့်ပြီး ပျံသွားသည်။ ကျွန်ုပ်သည် မမ၏ ဂူ၊ ဒေစီလွင်၏ ဂူကို ကြည့်ရင်း ရင်ထဲဝယ် အမျိုးအမည် မဖော်နိုင်သော ဝေဒနာတစ်မျိုးကို ခံစားလိုက်ရပါတော့၏။■

* * *



www.burmeseclassic.com

www.burmeseclassic.com

ဟိုရာ

၂၀၁၃၊ မတ်လအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

(ဗေဒ္ဒိရ ဆရာလှမျိုး (B.Sc))

## တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ အိ၊ အီ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် အိုးအိမ်၊ နေရာဌာနအပြောင်းအရွှေ့ ကြုံတွေ့ရမည်။ အထူးသဖြင့် ဝန်ထမ်းများ ရာထူး၊ နေရာဌာနပြောင်းရွှေ့မှု ကြုံမည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွှယ်သောအလုပ် ပြုလုပ်ရမည်။ သားသမီးတစ်ဦးဦး အိမ်မှ ထွက်(ခိုးရာလိုက်)၊ အိမ်ခွဲထွက်တတ်သည်။ လက်အောက်ငယ်သား၊ တပည့်သားသမီးများအတွက် စိတ်ညစ်ရမည်။ ပညာရေးဆိုင်ရာ သင်တန်း၊ စာမေးပွဲ ကံကောင်းနေသည်။ အနန္တငါးပါး နေ့စဉ် ရှိခိုးပူဇော်ပါ။ ကြက်သွန်သကြား၊ ကြက်သား၊ သကြားလုံး ယာယီရှောင်ပါ။ သွားနာသွားကိုက် ဝေဒနာ ခံစားရတတ်သည်။ ထီဝါသနာပါသူများ မေတ္တာသုတ်ရွတ်ဆိုပြီး (၅၇)အတွဲထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် ဖယောင်းတိုင် (၁၂)တိုင်နှင့် ပိတောက် (၁၂)ညွှန့်လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် ဝင်ငွေထက် ထွက်ငွေတွေ များနေမည်။ ငွေချေးငှားခြင်း၊ ငွေပေးငွေယူ၊ အကြွေးကိစ္စ၊ သူတစ်ပါးကိစ္စ၊ အာမခံကိစ္စ အထူးရှောင်ပါ။ အိမ်ခြံမြေ၊ ကား၊ ကျောက်၊ ခြေနှစ်ချောင်း ထွက်ကိန်းရှိသည်။ ဆွေမျိုးသားချင်းအတွက် စိတ်သောကဖြစ်ရမည်။ ပြည်ပ/ အဝေးရောက် သားသမီးရှိပါက ကူညီထောက်ပံ့မှု ရရှိမည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွှယ်ပြီး ငွေဝင်မည်။ ဝန်ထမ်းများ အင်တာဗျူးဖြေရခြင်း၊ သင်တန်းတက်ရခြင်း ပြုရမည်။ သားသမီး ပညာရေး ကူညီအားပေးရမည်။ ဘာသာရေး၊ ပညာရေး၊ လူမှုရေး(ပရဟိတ)လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ရမည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ ထီး၊ ထီ၊ နာရီ၊ ဖိနပ်၊ အထည်ဝင်မည်။ အရောင်းအဝယ် အကျိုးပေးမည်။

**ကောင်းကျိုးပြုယတြာ** - ဒူးရင်းရွက်၊ ဒန့်သလွန်ရွက်၊ ထန်းလျက်၊ ဒူးရင်းယို၊ နို့မလိုင် စသည်တို့ကို ဒါနပြုပေးပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် လက်ရှိလုပ်နေကျကို ပုံမှန်ဆက်လုပ်ပါ။ လုပ်ငန်းတိုးချဲ့ ပြောင်းရွှေ့ခြင်း မပြုသင့်ပေ။ ငွေအရင်းအနှီးစိုက်ထုတ်သောလုပ်ငန်း ပြုလုပ်မိက ငွေမြုပ်သွားမည်။ ငွေချေးသူ လာလျှင် တတ်နိုင်သလောက် ပေးလိုက်ပါက စိတ်ချမ်းသာမည်။ ကား၊ ကျောက်မျက်ရတနာ၊ ကုမ္ပဏီလုပ်ငန်း၊ ငါးလုပ်ငန်း၊ ငွေထည်၊ ကြေးထည်လုပ်ငန်းများ ဆုံးရှုံးနစ်နာမှု ကြုံတွေ့ရမည်။ လူငယ်များ အချစ်ရေးထက် ပညာရေးကို ဦးစားပေးပါက ဘဝအောင်မြင် တိုးတက်မှု ရရှိမည်။ ရေလုပ်ငန်း၊ လက်ဖက်ရည်၊ အအေးဖျော်ရည် စသည့်လုပ်ငန်းများ အကျိုးအမြတ်ခံစားရမည်။ စက်ပစ္စည်း၊ ဆိုင်ခန်း၊ ဆေး၊ စာအုပ်၊ စိန် စသည့် အင်္ဂါနံများ ထွက်မည်။ အစားမှား၊ ဆေးမှား သတိပြုပါ။ လူငယ်(ချစ်သူ)တစ်ယောက်နှင့် တစ်ယောက် စိတ်ကောက်နေမည်။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် နှင်းဆီပန်း (၁၀)ပွင့် လှူပါ။ သံဃာတစ်ပါးအား နို့ဆီဘူးလှူပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံ့အကျွရာ

### (ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် ရည်ရွယ်ထားသော အကြံအစည်ကိစ္စများ အောင်မြင်မည်။ အပြိုင်အဆိုင်များကြားမှ အဆင်ပြေ အောင်မြင်မည်။ ပညာရေးဆိုင်ရာလုပ်ငန်း အောင်မြင်မှု ရရှိမည်။ မိမိအိမ်ပတ်ဝန်းကျင်တွင် ပတ္တာန်းရွတ်ဖတ် ပူဇော်သံကြားပါက ကောင်းသော နိမိတ်ဖြစ်သည်။ (၅၇၀)ပါသောထီကို ရွေးထိုးပါ။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ ရွှေရတနာပစ္စည်း၊ လျှပ်စစ်ပစ္စည်း ယွန်းထည်ပစ္စည်း၊ အလှကုန်၊ အဝတ်အစား ဝင်မည်။ အရောင်းအဝယ် အဆင်ပြေမည်။ ဗုဒ္ဓဟူး+တနင်္ဂနွေအမည်များ ကျန်းမာရေး ဂရုစိုက်ပါ။ ပညာရေးအတွက် စံပယ်ပန်း၊ စိန်ပန်း၊ ဆီမီးလှူပါ။ ဆောင်ပါ။

**ကောင်းကျိုးပြုယတြာ** - သရဏဂုံသုံးပါးကို နေ့စဉ် ပုတီးစိပ်။ ဆီမီးသုံးတိုင်၊ ဆွမ်းသုံးပွဲလှူပြီး အမိဗ္ဗာန်သစ္စာဆို၍ လိုရာ ဆုတောင်းပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## ကြာသပတေးနံ့အကျွရာ

### (ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက် ဝင်ကိန်းရှိသည်။ အမွေရ၊ ထီပေါက်၊ ကံစမ်းမဲပေါက်ခြင်း တစ်ခုခုအကျိုးကျေးဇူး ခံစားရမည်။ မိတ်ဆွေ၊ ဆရာသမား၊ အကြီးအကဲထံမှ အကူအညီရမည်။ မင်းစိုးရာဇာ(အစိုးရဌာနဆိုင်ရာ)၊ နိုင်ငံခြားလုပ်ငန်းရှင်တို့ နှင့် ပူးတွဲပေါင်းစပ် လုပ်ကိုင်ရမည်။ ပြည်တွင်း/ပြည်ပ ခရီးဝေးသွားလာရမည်။ တနင်္လာနေ့နှင့် သောကြာနေ့ကို ရှောင်သွားပါ။ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့်သူများ ကြိုးစားလျှင် ဂုဏ်ထူးပင် ရရှိနိုင်သည်။ ပညာရေးအတွက် မွေးနံ့ထောင့်တွင် ထီးဖြူ (၅)လက်လှူပါ။ ချစ်သူ၊ အိမ်ထောင်ဖက်နှင့် ယာယီခွဲခွာနေရမည်။ ကျန်းမာရေး ဂရုစိုက်ပါ။ ၅အစ ၇အဆုံး၊ ၇အစ ၅အဆုံးထီထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မိဘ၊ ဆရာသမားအား နွားနို့၊ နို့မုန့်၊ ပေါင်မုန့်၊ မုန့်ဘူး ဒါနပြုလိုက်ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## သောကြာနံ့အကျွရာ

### (သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် လက်ရှိလုပ်နေကျ ပုံမှန်ဆက်လုပ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ အတွေးအခေါ်၊ အယူအဆ၊ ဆုံးဖြတ်ချက် များ မှားတတ်သည်။ မည်သည့်ကိစ္စမဆို မိဘ၊ ဆရာ၊ အကြီးအကဲ၏ အကြံဉာဏ်ဖြင့် ဆောင်ရွက်ပါ။ ပြည်တွင်း/ပြည်ပ ခရီးဝေးသွားလာကိန်း မကောင်းသေးပါ။ မဖြစ်မနေသွားရပါက နဝင်းယတြာချေပါ။ တနင်္လာနေ့နှင့် သောကြာနေ့ကို ရှောင်ပါ။ ၂၄ပစ္စည်းပဌာန်း ရွတ်ဆိုသွားပါ။ တောင်အရပ်မှ စုတ်၊ လာဘ် ဝင်ကိန်းရှိသည်။ ဉာဏ်၊ ဝီရိယစိုက်ထုတ်မှုဖြင့် အောင်မြင်မည်။ ဖြတ်လမ်းစီးပွား၊ လောင်းကစား၊ အပျော်အပါး ရှောင်ပါ။ ခေါင်းမူးခေါင်းကိုက်၊ အာရုံကြောဆိုင်ရာဝေဒနာ ခံစားရတတ်သည်။ တနင်္လာ+သောကြာအမည်ပိုင်ရှင်များ ကျန်းမာရေး ဂရုစိုက်ပါ။

**ကောင်းကျိုးပြုယတြာ** - ခွေး၊ ခို၊ ငါး အစာကျွေးပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## စနေနံ့အကျွရာ

### (တ၊ ထ၊ ဒ၊ ဓ၊ န၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် လုပ်ငန်း၊ စီးပွားရေးကိစ္စ အဆင်ပြေမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ ထွက်ပြီး အိမ်၊ ကား၊ ငွေ ပစ္စည်း ပြန်ဝင်မည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ် အဆင်ပြေမည်။ စာပေ၊ ဂီတ၊ အနုပညာ၊ ပညာရေးလုပ်ငန်း များ အောင်မြင်တိုးတက်မည်။ ကြာသပတေး၊ စနေ၊ ဗုဒ္ဓဟူးသားသမီးများနှင့် ပူးတွဲပေါင်းစပ် လုပ်ကိုင်နိုင်သည်။ ခေတ်ပေါ် ပစ္စည်းများ ဝင်မည်။ ကောင်းကျိုးသုခခံစားရမည်။ ကွဲကွာနေသော အိမ်ထောင်ဖက်၊ ချစ်သူနှင့် ပြန်လည်ဆုံတွေ့ရမည်။ သားသမီးဝ ပတ်သက်၍ ဂုဏ်ယူရမည်။ ဆီး၊ မျက်စိ၊ အစာအိမ်၊ အဆုတ်ဝေဒနာ ခံစားရတတ်သည်။ (၅၇၀)ပါသော ထီလက်မှတ်ထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံ့အညွန့်တစ်မျိုးမျိုး(ထန်း၊ ခနဲ၊ ဒါန်း) (၁၀)ညွန့်ကို တစ်ပတ်တစ်ခါ လှူပေးပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဇော်ဂျီ၏ အင်းအစီအရင်

ဒေါက်တာ ဆရာကျော်

**နိဒါန်း**

ကျွန်ုပ်သည် တစ်ချိန်က မဂ္ဂဇင်းကြီးတစ်ခုတွင် နယ်လှည့် အယ်ဒီတာအဖြစ် စာပေတာဝန်ကို ထမ်းဆောင်ခဲ့ဖူးပါ၏။ ဌနှစ်တာမျှအတွင်း မြန်မာနိုင်ငံအရပ်ရပ်သို့ ခြေဆန့်ခဲ့ရာ ကျွန်ုပ် မရောက်ဘူးသောအရပ်မှာ ခပ်ရှားရှားပင်။ မြို့ပေါ်များသို့သာမက တောတောင်ဒေသ ခပ်များများသို့ပင် ရောက်ခဲ့၏။

ရောက်သည့်ဒေသအတွင်း လှည့်လည်ကာ စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်အမျိုးမျိုးနှင့် ထူးခြားဆန်းကြယ် အဖြစ်သနစ်များအပြင် ထင်ရှား၊ မထင်ရှား ပုဂ္ဂိုလ်များအကြောင်းကို စာဖတ်သူများအတွက် အကျိုးတစ်စုံတစ်ရာ ရမည်ဆိုပါက လက်မနှေးဘဲ ကလောင်သွေးခဲ့သည်သာ ဖြစ်ပါ၏။

သို့သော် တာဝန်ယူထားသော မဂ္ဂဇင်းကြီး၏ အယ်ဒီတာအကြိုက်ကိုသာ ဇောင်းပေးရေးရသည်မှာ သဘာဝသာဖြစ်လေရာ မရေးဖြစ်ခဲ့သေးသော အကြောင်းအရာပေါင်းများစွာ ကျွန်ုပ်၏ ဘဝမှတ်တမ်း၌ များစွာရှိနေပါသေး၏။

ဤစာမူသည် မရေးဖြစ်ခဲ့သေးသော အကြောင်းအရာသာ ဖြစ်ပါ၏။ အံ့သြဖွယ်ရာအကြောင်းမဟုတ်သော်လည်း ထူးခြားသည်မှာ သေချာ၏။ ဂမ္ဘီရဆန်သော သဘာဝရှိ၏။ ယုံကြည်သူတို့အတွက် လက်တွေ့ အသုံးဝင်၏။ ဝိဇ္ဇာရေ ဂမ္ဘီရနယ်ပယ်မှ လာ၏။ ကြေဝဋ္ဋာစွမ်းအားကို ယူ၏။ သံလိုက်စက်ကွင်းကို ဗဟိုပြု၏။ အရောင်၊ ရောင်စဉ်ကို အဓိကထား၏။ အပြုသဘော ဆုံးဖြတ်ချက်(Positive determination) ထားကာ ယုံကြည်ချက်အပြည့်အဝနှင့် သံသယစိတ်ကင်းဝေးစွာ လုပ်ဆောင်ဖို့သာ လိုသည်။ လောကီပညာထဲက ပညာရပ်တစ်စိတ်တစ်ပိုင်းဖြစ်ကာ ဝိဇ္ဇာရေ ဂမ္ဘီရပညာထဲမှ အမှန်တစ်မှန်ဖြစ်ကြောင်း ကျွန်ုပ်တို့ ကောင်းကောင်းကြီး ယုံကြည်ထားရန်သာ လိုအပ်ပါလေသည်။

**ဟိမဝန္တာမှ လာသောသူ**

ကျွန်ုပ်၏ ခရီးသွားမှတ်တမ်းတွင် မတ္တရာမြို့နယ်အတွင်းရှိ ရက်ကန်းစင်တောင်သို့ သွားခြင်းလည်း ရှိပါ၏။ ထိုခရီးစဉ်တွင် မြောက်ဒဂုံမှ အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်သူ ဦးပိုင်စိုးလည်း ကျွန်ုပ်နှင့်အတူ ပါခဲ့သည်။ တောင်ကိုးလုံး အဓိဋ္ဌာန်ဝင်ရန်ဟူသော အဓိဋ္ဌာန်ခရီးစဉ်ပင် ဖြစ်ပါ၏။

ပထမဦးဆုံးအနေဖြင့် ပျော်ဘွယ် မြကျိုင်းတောင်သို့ အရင်ဝင်သည်။ ဒုတိယအနေဖြင့် မန္တလေး ရန်ကင်းတောင် ဝင်၏။ ရက်ကန်းစင်တောင်ကို တတိယထားကာ ဝင်ခဲ့ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

ရောက်သည့်ညက တောင်လယ်ရှိ ဓမ္မာရုံတစ်ခုတွင် ကျွန်ုပ်တို့ တည်းခိုရသည်။ ရက်ကန်းစင်တောင် ဆရာတော်ကြီး၏ ပုံတော်ရေစွင့်ပွဲဖြစ်သည်။ လုပ်ဆောင်ဖွယ်များ ပြီးသောအခါ အောင်မြေကျောက်ဖျာပေါ်တွင် ဂုဏ်တော်ပွားခြင်း၊ မေတ္တာပွားခြင်း၊ အမျှပေးဝေခြင်း၊ ဆုတောင်းခြင်းများ ပြုလုပ်ကြသည်။ ပြီးသည့်အချိန်မှာ သန်းခေါင်ကျော် မနက် ၂နာရီပင် ထိုးပြီးလေပြီ။

ပြုဖွယ်ကိစ္စများ ပြီး၍ အိပ်တော့မည်အလုပ်တွင် လူတစ်ဦးရောက်လာ၏။ သာမန်လူတော့ မဟုတ်။ ယောဂီကြီးတစ်ဦးပင်။ အချိန်အခါမဟုတ် ရောက်လာသည်မှာ အနည်းငယ် စဉ်းစားစရာဖြစ်ရသည်။

ထို့ကြောင့် ကျွန်ုပ်ကပင် စတင်၍···

"ယောဂီကြီး···ဘယ်က လာသတုန်း"

ဟူ၍ မေးဖြစ်လိုက်၏။ ယောဂီကြီးက···

"ကျုပ် ဟိမဝန္တာက လာခဲ့တာ"

ဟု ဆိုလေရာ ကျွန်ုပ်မှာ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်ခဲ့ပြီး···

"ဟိမဝန္တာက လာတာ၊ ဟုတ်လား"

ဟု ပြန်မေးမိခဲ့၏။

"မင်းက မယုံဘူးလား။ မယုံကြည်လို့ မေးတာလား"

"ဟုတ်တယ်။ ကျွန်တော် မယုံဘူး"

ဟု တုံးတိပင် ပြန်ဖြေလိုက်သည်။

"အေး၊ အဲဒါ မင်းကိစ္စ။ ငါ့ကိစ္စကတော့ ငါသွားတဲ့လမ်းမှာ ငါလုပ်ရမယ့်အလုပ်တွေကို လုပ်သွားရမှာပဲ"

ဟု ပြန်ပြောလေ၏။

ကျွန်ုပ်က···

"ယောဂီကြီးကိစ္စမှာ ကျွန်တော်တို့ ပါနေလို့လား"

ဟု မေးရာ···

"ဟုတ်တယ်။ မင်း ပါရမီလမ်းမှာ ငါပါနေတယ်"

ဟု ဆိုလေ၏။

ဤသို့ဖြင့် ကျွန်ုပ်နှင့် ယောဂီကြီးတို့သည် ညဉ့် ၂နာရီကျော်မှ မနက် ၄နာရီခွဲတိုင်အောင် တွေ့ရာလေးပါးပြောဆိုနေမိကြလေ၏။ ကျွန်ုပ်အနေဖြင့် ယောဂီကြီးထံမှ ဂမ္ဘီရပညာတစ်ရပ်ရလိုက်ပါသည်။ ကိုယ်တိုင်သုံးစွဲကြည့်ရုံမက ကျွန်ုပ်ထံ ရောက်လာကြသူ ဝေနေယျများကိုလည်း အကြောင်းတိုက်ဆိုင်မှုရှိတိုင်း သုံးစွဲစေ၏။ အကျိုးကျေးဇူးများလှပေ၏။ ဟိမဝန္တာမှ လာသည်ဟု ဆိုသောသူ၏ ပညာရပ်တစ်ခုပင် ဖြစ်ပါချေသည်။

## ဂမ္ဘီရရောင်စဉ်

"စကြဝဠာထဲမှာ စွမ်းအားတွေ ရှိတယ်ကွ။ ယုံကြည်နားလည်သူတွေက ထုတ်ယူသုံးစွဲကြတာပဲ။ တချို့ကလေက လွယ်လွန်းအားကြီးလို့ မယုံကြည်ကြဘူး။ ဒါဟာ ဂမ္ဘီရစွမ်းအင်ကို နားမလည်ခြင်းနဲ့ ကြောက်ရွံ့ခြင်းလို့ ငါထင်တယ်။

လူတွေမှာ စိတ်စွမ်းအားဆိုတာ ရှိတယ်။ ဒီလိုပဲ စကြဝဠာကြီးထဲမှာ ဆိုင်ရာ စွမ်းအင်တွေ ရှိတယ်။ အရောင်တွေမှာလည်း စွမ်းအင်တွေနဲ့ပဲကွ။

အရောင်တွေရဲ့ စွမ်းအင်တွေကို အသုံးချတတ်ရင် မကောင်းတဲ့ အမှုအကျင့်တွေကို ကျော်လွှား ပယ်ဖျောက်နိုင်ရုံမကဘူး။ ငွေကြေးဆိုင်ရာကိစ္စ၊ ချစ်ခြင်းမေတ္တာကိစ္စ၊ လာဘ်လာဘရဖို့၊ ကျန်းမာရေး၊ ဘေးအန္တရာယ် ကာကွယ်နိုင်စွမ်းဆိုတာတွေအတွက် အသုံးတည့်နေလိမ့်မယ်။

ဒီလို အသုံးချတတ်ခြင်းဟာ ပညာပဲ။ ဂမ္ဘီရပညာပဲပါတော့၊ ဒီပညာကို စိတ်စွမ်းအင်နဲ့ ပေါင်းစပ်ပြီး ဘာသာတရားနဲ့ အထွတ်တင်ပေးမယ်ဆိုရင် ရောင်စဉ်အားတွေဟာ လူသားတွေအတွက် အသုံးဝင်နေလိမ့်မယ်။ ခု ငါပြောတာကို မင်း သဘောပေါက်မှာပါ။ မင်းမှာ ဒီပါရမီလမ်းပါနေတာ ငါ အလိုလိုသိနေတယ်။ လောကီလူမှုကိစ္စတွေကို ဉာဏ်နဲ့ဆင်ခြင်သိမြင်ပြီး မင်း ကူညီနိုင်မယ့်နေ့ ရောက်လာရင် မင်းအတွက်ရော၊ လိုအပ်သူကိုရော မင်း ကူညီလိုက်ပါ။ အရောင်အသွေး၊ ရောင်စဉ်တွေရဲ့ စွမ်းအင်ကို ကိုယ်တိုင်သိမြင်ပြီး အကျိုးကျေးဇူးတွေ ရလာပါလိမ့်မယ်"

ယောဂီကြီး၏ မနားတမ်းပြောသော စကားများကို ယနေ့တိုင် မှတ်မိနေပါသေး၏။ ပြောဆိုပြီးသည်နှင့် လက်ထဲတွင် အသင့်ပါလာသော ခရမ်းရောင်စာရွက်လေးကို ကျွန်ုပ်အား ဖြန့်ပေးရင်း···

"ကဲ - ဒီခရမ်းရောင်စာရွက်လေးကို ဖယောင်းတိုင်ထွန်းပြီး၊ ပြီးရင် မီးထွန်း။ ဘုရားကို ပူဇော်၊ လိုရာ ဆုတောင်း၊ ကြိုက်တဲ့ ဂါထာကို ကြိုက်သလောက် ရွတ်ပွား၊ မေတ္တာပို့၊ အမျှဝေ"

ဟု ဆိုကာ ပြောပြောဆိုဆိုပင် ထွက်ခွာသွားလေသတည်း။

"ကျုပ် ပုပ္ပားတောင်ကို ခြေလျင်ခရီးဆန့်လိုက်ဦးမယ် မောင်ရေ"

ဟုလည်း နှုတ်မှ ပြောဆိုခဲ့ပါလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

### အင်းအစီအရင်

စာဖတ်သူ ဝါသနာရှင်များခင်ဗျား…

ယောဂီကြီး ပေးခဲ့သော ခရမ်းရောင်စာရွက်လေးမှာ ဇစင်တီမီတာ ပတ်လည်ခန့် ရှိပါမည်။ စာရွက်တွင် ဘာမှ ရေးမထားပါ။ (ဤခရီးစဉ်၌ ပျော်ဘွယ်၊ မြကျိုင်းတောင်တွင် ဆရာတော်တစ်ပါး ချီးမြှင့်သော စမရုပ်ပါ ပန်းရောင်စာရွက် တစ်ရွက်ရခဲ့ပါသည်။ စကားချပ်)။

ဂမ္ဘီရပညာရပ်ဝန်းတွင်…

(၁) ယုံကြည်မှု၊

(၂) ရိုးစိုက်မှု စိတ်စွမ်းအင်၊

(၃) ဉာဏ်စေစားမှုနှင့်

(၄) ကိုယ်ကျင့်သီလကောင်းမွန်မှု အထူးလိုအပ်လေရာ ကျွန်ုပ်သည် ထိုခရမ်းရောင် စာရွက်လေးပေါ်၌ အောက်ပါ အင်းကို ဆွဲပြီး ယုံကြည်စွာ ဘုရားရှင်အား ကပ်လှူပူဇော်ခဲ့ပါသည်။

| | | | | |
|---|---|---|---|---|
| က | ဏီ | ဋ္ဌိ | ကံ | ယ |
| ဓ | ယု | ကာ | ဏု | ဋ္ဌိ |
| ဏိ | ဋ္ဌာ | ၂ | ယာ | ကိ |
| ယီ | ကု | ဏာ | ဋ္ဌု | ကောင်း |
| ဋ္ဌ | ရ | ယိ | ကီ | ဏ |

အင်းဆံမှာ -

က၊ ကာ၊ ကိ၊ ကီ၊ ကု။

ယ၊ ယာ၊ ယိ၊ ယီ၊ ယု။

ဏ၊ ဏာ၊ ဏိ၊ ဏီ၊ ဏု။

ဋ္ဌ၊ ဋ္ဌာ၊ ဋ္ဌိ၊ ဋ္ဌီ၊ ဋ္ဌု။

အလယ်တွင် မွေးနံ့ဂဏန်းသွင်း။ ကျန်လေးကွက်တွင် လိုရာပြည့်စေ၊ ကံကောင်းပါစေ၊ ငွေ-ကြေးရစေ စသဖြင့် သည့်သွင်းပါ။

ထို့ကြောင့် "ဂမ္ဘီရရောင်စဉ် အင်းအစီအရင်"ဖြစ်သွားခဲ့လေသည်။

ဝါသနာရှင်များအနေဖြင့်လည်း အရောင်တို့ရဲ့ စွမ်းအားကို လည်းကောင်း၊ အင်း-စမတို့၏ စွမ်းအားကို လည်းကောင်း ယုံကြည်ပါက ရောင်စဉ် စက္ကူလေးများပေါ်တွင် ဖော်ပြပါ အင်းဆွဲ၍ မွေးနေ့မနက်စောစောတိုင်းတွင် ပူဇော် ထွန်းညှိကြည့်ပါ။ သို့မဟုတ် လိုအပ်သည့်အချိန်တွင် ရွက်ဆောင်ကြည့်ပါ။ လက်တွေ့ သိမြင်ခံစားရပါလိမ့်မည်။

### ရောင်စဉ်စွမ်းအင် အသုံးဝင်ပုံ

**ခရမ်းရောင်** - ငွေရေးကြေးရေးဆိုင်ရာအတွက် အသုံးပြုပါ။ တစ်ဖန် စိတ်စွမ်းအား မြှင့်တင်ရေးအတွက်လည်း အသုံးပြုနိုင်သည်။

**ပန်းရောင်** - ချစ်ခြင်းမေတ္တာအတွက် သုံးပါ။ မိတ်ဆွေဖွဲ့ခြင်းအတွက်လည်း အသုံးဝင်သည်။

**အပြာရောင်** - စိတ်အေးချမ်းမှု ရခြင်းအတွက် အသုံးပြုပါ။ ဆုတောင်းပေးခြင်းအတွက်လည်း သုံးနိုင်သည်။

**အဝါရောင်** - စာမေးပွဲအောင်မြင်ရန်၊ အသိဉာဏ် ပညာတိုးတက်စေရန် အသုံးပြုပါ။

**အစိမ်းရောင်** - ကံကောင်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် အသုံးပြုပါ။

**အပြာရောင်** - ကျန်းမာရေးအတွက် အသုံးပြုပါ။

* * *

ဧဋ္ဌာရာဆရာကျော်

**အာဒေသာကမင်းကြီး၏**

**ကျောက်စာ**

ဣဿာ မနာလိုခြင်း၊
အမျက်ဒေါသကြီးခြင်း၊
ရက်စက်ကြမ်းကြုတ်ခြင်း၊
အလောတကြီးလုပ်ခြင်း၊
ပျင်းရိခြင်း၊
မောပန်းနွမ်းလျခြင်း၊
စသည့်အကြောင်းများကြောင့်
လူတို့သည်
အလုပ်ကိုကောင်းမွန်စွာ
မလုပ်ကိုင်ကြချေ။
အကြင်မျှတသောစိတ်များ
မပေါ်ပေါက်စေရန်
ကြိုးစားကြရမည်။
အဓိကအားဖြင့်
ဒေါသကင်းရှင်းစေခြင်းနှင့်
အလုပ်ကို အလောသုံးဆယ်
မလုပ်ခြင်းတို့ဖြစ်၏…..။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ် လက်ဆောင်

■ **သခင်နင်းဆွေ(ပုပ္ပါး)**

**နိဒါန်းစကား**

ကျွန်တော့်ဆောင်းပါးတချို့တွင် မကြာခဏ ထည့်ထည့် ပြောဖြစ်သော စကားလေးတစ်ခုရှိပါသည်။ ကျွန်တော် ဗေဒင် ဆောင်းပါး မရေးချင်ပါ။ ယတြာဆောင်းပါး မရေးချင်ပါ။ ဗေဒင်ပညာကို အလွန်ယုံကြည်မြတ်နိုးပါသည်။ ယတြာကို လည်း ယုံပါသည်။ သို့သော် အပြစ်တင်လျှင်လည်း ခံရုံသာ ရှိပါမည်။ မရေးချင်တာကတော့ မရေးချင်သော ကျွန်တော့် စိတ်ခံစားမှုပဲ ဖြစ်သည်။ မရေးချင်ရုံသာမက၊ အပြင်တွင် လည်း ဟောတာ၊ ပြောတာတွေကို သိပ်မလုပ်ချင်ခဲ့ပါ။ ထို့ ကြောင့်လည်း ကျွန်တော်၏ **"အောင်အတိတ် အောင်နိမိတ်"** (ASTROLOGY OFFICE)ကို နံနက် ၁၀နာရီမှ နေ့ခင်း ၁၂နာရီအထိသာ ထိုင်ဖြစ်တော့သည်။ တစ်နေ့မှ နှစ်ယောက် လောက်သာ တွေ့ဆုံ ဆွေးနွေးပေးဖြစ်ပါတော့သည်။ ဒါ တောင် စိတ်မပါသည့်ရက်တွေမှာ လုံးဝမတွေ့ဖြစ်။ ကျွန်တော့် စိတ်တွင် ရသစာပေနှင့် ရသကဗျာတွေကိုသာ စိတ်ရှိလက်ရှိ ရေးချင်နေတာကိုလည်း ဝန်ခံလိုပါသည်။ ဆယ့်နှစ်ရာသီဖွား ဟောစာတမ်း စာအုပ်လေးတွေ ရေးပေးဖို့ ထုတ်ဝေသူက တောင်းနေခဲ့တာပင် လေးငါးနှစ်ရှိလေပြီ။ ကျွန်တော်က စိတ်မပါသည့်အတွက် လုံးဝရေးမပေးဖြစ်ခဲ့။ အမှန်မှာ ထို စာအုပ်လေးတွေ ရေးပေးခဲ့လျှင် ပိုက်ဆံများများရနိုင်တာ ကို သိပါသည်။ **"အောင်အတိတ် အောင်နိမိတ်"** (ASTROLOGY OFFICE)မှာ အချိန်များများထိုင်လျှင်လည်း ဝင်ငွေကောင်းတာ လက်တွေ့ပင်။ သို့သော် ငွေရတာတစ်ခု တည်းနှင့် ကျွန်တော့်အချိန်တွေ အကုန်မခံချင်ပါ။ လူ့ဘဝ တိုတိုလေးအတွင်းမှာ နေရခိုက် ကိုယ်လုပ်ချင်တာတွေကို သာ စိတ်ပါလက်ပါ လုပ်သွားချင်ပါသည်။ လောကီပညာ တွေကို အမှန်ပင် တန်ဖိုးထားပါသော်လည်း ကဗျာဆရာ၊ စာရေးဆရာဘဝကို ပိုပြီးမြတ်နိုးလှသည်။

ကျွန်တော်က ထိုသို့ ခေါင်းမာတတ်သူပင်ဖြစ်သည်။ ဘဝကို ထိုသို့ စိတ်လွတ်လက်လွတ် နေတတ်သူလည်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မရေးချင်သည့်ကြားမှပဲ ရေးဖြစ်ခဲ့ တာတွေလည်း များစွာရှိနေခဲ့ပါသည်။ စာဖတ်ပရိသတ်တွေ အတွက် တစ်စုံတစ်ရာ အကျိုးရှိနေသည်ဟု ယုံကြည်ကာ ရေးဖြစ်ခဲ့ခြင်းဖြစ်သည်။ ယခုလည်း ကျွန်တော့်မိတ်ဆွေတချို့ နှင့် နယ်မှ ကျွန်တော့်စာဖတ်ပရိသတ်တချို့၏ တောင်း ဆိုမှုကြောင့် သည်ဟောစာတမ်းလေးကို ရေးဖြစ်ခဲ့ပါသည်။ ကျွန်တော့်ပညာသစ္စာနှင့် ပညာပါရမီတို့ကို အမိတ္တာန်ပြု ကာ ၂၀၁၃အတွက် ခုနှစ်ရက်သားသမီး ကံကြမ္မာ ဟော စာတမ်းလေးကို ရေးဖြစ်လိုက်ခြင်းဖြစ်ပါသည်။ အကျဉ်းချုပ် မျှသာ ဖြစ်ပါသည်။ ယေဘုယျဆန်နေမည်ဖြစ်သော်လည်း ပညာကို အခြေခံကာ အထူးအမိတ္တာန်ပြုပြီး ရေးထားခြင်းဖြစ် သည့်အတွက် ဗေဒင်ဝါသနာကြီးသူ ကျွန်တော့်ပရိသတ်တို့ ကို ထိုက်သင့်သည့် ကောင်းကျိုးတစ်စုံတရာဖြစ်စေမည်ဟု ယုံကြည်မိပါသည်။ အထူးသဖြင့် ယတြာနှင့် ကျင့်စဉ်တို့ ကို ယုံကြည်စွာ ကျင့်သုံးစေချင်ပါသည်။

## ၂၀၁၃ ခုနှစ် တစ်နှစ်စာ ကံကြမ္မာဟောစာတမ်းလက်ဆောင်

**(၁) တနင်္ဂနွေသားသမီးများ**

ယခုနှစ်အတွက် တနင်္ဂနွေသားသမီးများ ကံဇာတာ မြင့်မားနေသည်၊ ဘုန်းကံကြီးမားမည့်နှစ်ဖြစ်သည်။ ဘာသာရေ အဆုံးအမများ၊ မိရိုးဖလာ ယဉ်ကျေးမှုအဆုံးအမများ ကိုယ် ကျင့်သီလများကို ကောင်းစွာ စောင့်ထိန်းခြင်း၊ လိုက်နာခြင်း ကျင့်သုံးခြင်းတို့ ပြုနိုင်မည့်နှစ်ဖြစ်သည်။ ထိုအတွက်ပင် ထူ ခြားသော ကောင်းကျိုးများကို ခံစားရမည်။ ဘဝတိုးတက် မည့်နှစ်ပင်ဖြစ်သည်။ အလုပ်တိုးတက်မည်။ စိတ်ချမ်းသာ မည်။ အိမ်တွင်းရေး အဆင်ပြေမည်။

ယခုနှစ်သည် ခြွေရံသင်းပင်းတို့နှင့် ပြည့်စုံတင့်တယ် မည့်နှစ်ဖြစ်သည်။ အဖိုးတန်ပစ္စည်းဝင်မည်။ လက်ဝတ်ရတန ပစ္စည်းကောင်းဝင်မည်။ ရင်းနှီးမြှုပ်နှံမှုများမှ ဝင်ငွေကောင်းမည် မိဘကျန်းမာရေး ညံ့တတ်သည်။ တပည့်ကောင်း၊ ဝန်ထမ်း ကောင်းတို့ကြောင့် အလုပ်တွင် နာမည်ကောင်းရမည် မိတ်ဆွေကောင်းတို့၏ အကူအညီကောင်းတွေ ရမည်။ သင်

www.burmeseclassic.com

ပြုရန်မှာ မိမိကို သိက္ခာချသူ၊ စွပ်စွဲပုတ်ခတ် ပြောဆိုသူတွေလည်း ပေါ်လာတတ်သည်။ အထူးသတိပြုရန်မှာ ငွေကြေးကိစ္စတွင် လူတိုင်းကို မယုံကြည်အပ်တဲ့ နှစ်ပါပဲ။ ငွေလိမ်ခံရတတ်သည်။ ငွေအလွဲသုံးစားလုပ်တာ ခံရတတ်သည်။ ဗျာနဆိုင်ရာ ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ ရာထူးတက်မည်။ ငယ်ရွယ်သူ၊ ကျောင်းသား၊ ကျောင်းသူများ ပညာရေးတွင် ထူးချွန်စွာ အောင်မြင်မည်။

ငယ်ရွယ်သူများ ကိုယ့်ကို နားလည်ပေးနိုင်သော ချစ်သူကို ရရှိမည်။ ကျန်းမာရေးတွင် ခေါင်းကိုက် ခေါင်းမူးတတ်သည်။ မတ်လတွင် အစစ ကံဇာတာညံ့သည်။ သတိရှိပါ။ ကားဝယ်လိုသူများ ယခုနှစ်တွင် ကားအဝယ်များတတ်သည်။ ထိခိုက်ထားသောကားကို ဝယ်မိတတ်သည်။ ယခုနှစ် အဖြူရောင်ကို လုံးဝရှောင်ပါ။ အနီရောင်၊ အနက်ရောင်၊ အဝါရောင်များ အထူးကောင်းကျိုးပေးသည်။ ဝယ်ဖြစ်သည့်ကားကို ဖြစ်စေ၊ ရောင်းလိုသည့်ကားကို ဖြစ်စေ၊ ဆိုင်လုပ်ငန်းလုပ်သူများဖြစ်စေ တရော်ကင်ပွန်းရည်နှင့် မကြာခဏဖျန်းပါ။ ထို့အပြင် ကားနှင့် ပတ်သက်သော ထိခိုက်မှုဖြစ်တတ်သည့်အတွက် သတိထားရမည့်နှစ်ပါ။ ဘာပဲဖြစ်ဖြစ် ကံဇာတာမြင့်မားနေပါသည်။

**ယတြာ။** ခိုစာ၊ ကျီးစာ၊ ငှက်စာကျွေးပါ။ မကြာခဏကျွေးပါ။ ဆွမ်းလောင်းလှူပါ။ အထူးလှူပါ။ အရဟံဂုဏ်တော်ကို နေ့စဉ် ပုတီး (၉)ပတ် စွဲမြဲစွာ ပွားထုံခြင်းဖြင့် ဘေးရန် ကင်းပျောက်ကာ ကောင်းကျိုးထူးနိုင်ပါသည်။

**(၂) တနင်္လာသားသမီးများ**

အသိဉာဏ်ပညာ လင်းလက်မှုကို ရရှိမည့်နှစ်ပါ။ ဘဝနှင့် ပတ်သက်သော၊ မွေးနှင့် သက်ဆိုင်သော အမှန်တရားတို့ကို ရုတ်တရက် သိမြင်ခွင့်ရမည့်နှစ်ပါ။ လူသစ်၊ စိတ်သစ်၊ အသွင်အမြင်သစ်တွေနှင့် လျှောက်လှမ်းနိုင်မည့်နှစ်ပါ။ အတွေးအခေါ်များတွေ၊ အကြံအစည်များတွေကို စွန့်လွှတ်ပြီး စစ်မှန်သော အတွေးသစ်၊ ခံယူချက်အသစ်၊ ယုံကြည်ချက်အသစ်တို့ဖြင့် လျှောက်လှမ်းနိုင်ပါမည်။ စိတ်ဖိစီးမှု၊ စိတ်ရှုပ်ထွေးမှုတွေကို ဖြိုချပြီး လွတ်လပ်ပေါ့ပါးစွာ လျှောက်လှမ်းနိုင်မည့်နှစ်ပါ။

အထူးသတိပြုရန်မှာ ယခုနှစ်တွင် ဘာသာရေးဖိလုပ်ပါ။ အထူးလုပ်ပါ။ အလှူဒါနတွေ များများပြုပါ။ သီလစောင့်ပါ။ တန်ခိုးကြီးဘုရားတွေကို မကြာခဏသွားရောက် ဖူးမြော်ပါ။ အဓိဋ္ဌာန်တွေ ဝင်ပါ။ ဘာသာရေးကို ပုံအောပြီး လုပ်သင့်သည့်နှစ်ဖြစ်သည်။ ဘာသာရေးတွင် ပေါ့ပေါ့ဆဆနှင့် လျော့တိလျော့ရဲနေထိုင်ပါက ပြဿနာတွေ ပေါ်မည်။ စီးပွားရေးထိခိုက်မည်။ ငွေကုန်များမည်။ ဘာသာရေးကို အထူးဖက်တွယ်ပါက အတွေးသစ်၊ အကြံသစ်၊ မိတ်ဆွေသစ်တို့ကြောင့် စီးပွားတက်မည်။ ယခုနှစ်တွင် ဟိုဟိုဒီဒီတွေးပြီး စိုးရိမ်ပူပန်တာမျိုးတွေ ဖြစ်လာပါက ချက်ချင်းပြင်ပါ။ စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်ကို ပယ်ပါ။ အလုပ်တွင် ရန်ရှိသည်။ အပြိုင်အဆိုင်ရှိသည်။ သတိထားပြီး လုပ်ပါ။ အိမ်တွင်းရေး အဆင်မပြေတာလေးတွေ ကြုံမည်။ စိတ်ရှည်ပါ။ ဘေးစကားတွေကို လုံးဝ မယုံပါနှင့်။ ငယ်ရွယ်သူများ ပညာရေးထိခိုက်တတ်သည်။ စာမေးပွဲကိစ္စတွေမှာ အထူးစိတ်တည်ငြိမ်စွာ ဖြေပါ။ အချစ်ရေးတွင် ချစ်သူဟောင်းနှင့် ခွဲခွာရတတ်သည်။ ချစ်သူသစ်နှင့် လက်တွဲရတတ်သည်။ ကျန်းမာရေးတွင် ရုတ်တရက် ခါးမျက် ခါးနာတတ်သည်။

အထူးသဖြင့် ဇန်နဝါရီလတွင် အစစအရာရာ သတိဖြင့်လုပ်ကိုင်ပါ။ ဆရာသမားအတု၊ မိတ်ဆွေအတုတို့၏ စကားတွေကို နားယောင်မိတတ်သည်။ သတိထားပါ။ ခရီးထွက်ရန်ကိစ္စများဖြင့် နေးနေတတ်သည်။ ကားဝယ်လိုသူများ အလွန်သတိထားပြီး ဝယ်သင့်သည့်နှစ်ပါ။ ယခုနှစ်တွင် အနက်ရောင်ကို လုံးဝရှောင်ပါ။ အရောင်းအဝယ်သမားတွေ သူများစကားကို နားယောင်မိပါက မှားယွင်းမှုတွေ ကြုံတတ်သည်။ ဘာပဲဖြစ်ဖြစ် ယခုနှစ်တွင် အစစ သတိဖြင့် ပြောဆို လုပ်ကိုင်ရမည့်နှစ်ပါ။ သတိရှိရှိလုပ်ကိုင်ပါက အစစ အဆင်ပြေမည်။ အစစအောင်မြင်ပါမည်။

**ယတြာ။** တန်ခိုးကြီးဘုရားတွေကို မကြာခဏသွားရောက်ဖူးမြော်ပါ။ သန့်ရှင်းရေးလုပ်ပြီး ကုသိုလ်ယူပါ။ ယခုနှစ်တွင် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို နေ့စဉ် (၁၀၈)ခေါက် ပူဇော်သွားခြင်းဖြင့် ဘေးရန်ကင်းပျောက်ကာ ကျန်းမာချမ်းသာနိုင်သည့်နှစ်ဖြစ်ပါသည်။

**(၃) အင်္ဂါသားသမီးများ**

ကံဇာတာအလွန်ကောင်းနေသည့်နှစ်ပါပဲ။ အစစတွင် စီမံကွပ်ကဲမှု ကောင်းလျှင် ထိပ်ဆုံးရောက်အောင် ကြီးပွားတိုးတက်မည့်နှစ်ပါ။ ထို့အပြင် သူတစ်ပါးတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်တိုးတက်ခြင်းကို ရရှိမည့်နှစ်ပါ။ အပြောင်းအလဲတွေ ကြုံမည်။ ကောင်းသော အပြောင်းအလဲတွေပါပဲ။ ပြောင်းစရာရှိတာကို ရဲရဲပြောင်းပါ။ တိုးတက်မည်။ အိမ်တွင်လည်း ပြုပြင်ပြောင်းလဲမှုတွေ ကြုံမည်။ အထူးသဖြင့် ယခုနှစ်ထဲတွင် ရုတ်တရက် အလုပ်အကိုင်၊ စီးပွားရေး မိသားစုကိစ္စများ တိုးတက်မှု ကြုံမည်။ ခရီးတိုလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

မကြာခဏတွက်ရမည်။ နေအိမ်ကိစ္စတွင် ယခုနှစ် စိတ်တိုင်းကျဖြစ်မည်။ ငွေဝင်မည်။ ငွေအထူးဝင်မည်။ အထူးသဖြင့် ဖေဖော်ဝါရီလနှင့် ဧပြီလတို့တွင် ငွေပိုဝင်မည်။ မတ်လကို အထူးသတိထားပါ။ မတ်လတွင် စိတ်ဖိစီးစရာတွေ ကြုံမည်။ သားသမီး၊ လက်အောက်ငယ်သားတချို့အတွက် စိတ်သောကဖြစ်ရတာတော့ ကြုံမည်။ မိတ်ဆွေတစ်ဦးအတွက် စိတ်သောကဖြစ်စရာလည်း ကြုံမည်။ ယခုနှစ်တွင် သင်သုံးနေသော စက်ပစ္စည်းတစ်ခုပျက်မည်။ ပြင်သုံးပါ။ ကောင်းကျိုးထူးမည်။ ကျန်းမာရေးတွင် ရင်ဘတ်အောင့်မည်။ ယားနာဖြစ်မည်။ သို့သော် စိုးရိမ်ဖို့ မလိုပါ။ အလွယ်တကူ ပျောက်ကင်းပါမည်။

ငယ်ရွယ်သူများ အချစ်ရေးတွင် လေ့နန့်နှစ်ဖက် နင်းမိတတ်သည်။ ယခုနှစ်တွင် အိမ်ထောင်ပြုဖို့လည်း ကြုံမည်။ အိမ်ထောင်ပြုခြင်းဖြင့် ဘဝတိုးတက်မည့်နှစ်ပါ။

ကားဝယ်လိုသူများ ရဲရဲဝယ်ပါ။ ကားသစ်၊ ကားကောင်း ဝင်မည့်နှစ်ပါ။ အရောင်းအဝယ်သမားတွေ အရောင်းအဝယ်အထူးကောင်းမည်။ အထူးလာဘ်ရွှင်နေတဲ့ နှစ်ပါပဲ။ အသွင်အပြင်သစ်၊ အတွေးအခေါ်သစ်၊ မိတ်ဆွေသစ်၊ ပတ်ဝန်းကျင်အသစ်တွေနှင့် ထိတွေ့ဆက်ဆံပြီး လွတ်လပ်ပေါ့ပါးစွာ ရောင်းဝယ်ပါ။ လုပ်ကိုင်ပါ။ ကျောင်းသား၊ ကျောင်းသူများ ပညာရေး ထူးချွန်စွာ အောင်မြင်နိုင်သည့်နှစ်ဖြစ်သည်။ အစစမှချ တိုးတက်အောင်မြင်မည့်နှစ်ပါ။

**ယတြာ။** ယခုတစ်နှစ်လုံး ပန်းပွင့်တွေ များများလှူပါ။ သောက်တော်ရေလှူပါ။ အထူးယတြာမှာ ရေစီးနေသည့် မြစ်ထဲ၊ ချောင်းထဲ ရေကန်ထဲမှာ ပန်းပွင့်လေး ၁၄ပွင့်ကို မကြာခဏ ရေမျှောပေးပါ။ စိတ်လက်ပေါ့ပါးလာပြီး လာဘ်ရွှင်လာပါလိမ့်မည်။ ပဋ္ဌာန်း ၂၄ပစ္စည်းအကျဉ်းအကျယ်ကို အမြဲရွတ်ပွားပူဇော်ခြင်းဖြင့် ကောင်းကျိုးထူးနိုင်သည့်နှစ်ပါ။

**(၄) ဗုဒ္ဓဟူးသားသမီးများ**

အစစအရာရာ အောင်ပွဲခံနိုင်မည့်နှစ်ပါ။ လောကီစီးပွားရေးကိစ္စတွေကိုလည်း ထူးချွန်အောင် လုပ်ကိုင်နိုင်မည်။ ဘာသာရေးကိစ္စ၊ အလှူအတန်းကိစ္စ၊ ဘုရားသွား ကျောင်းတက်ကိစ္စတွေကိုလည်း ကျကျနန လုပ်ကိုင်နိုင်မည့်နှစ်ပါ။ သို့သော် အားပြိုင်မှုတွေ ကြုံမည်။ အတိုက်အခံ အပြိုင်အဆိုင်တွေလည်း ကြုံရမည်။ ဘာတွေပဲကြုံကြုံ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်မည်။ လုပ်ငန်းသစ်တွေ လုပ်စရာပေါ်မည်။ လုပ်လိုက လုပ်ပါ။ ကိုယ်တိုင်ကလည်း တစ်ခုထက်ပိုမိုသော အလုပ်တွေကို တွဲဖက်ပြီး လုပ်ကိုင်နေရမည်။ အထူးသဖြင့် အလုပ်နှစ်ခုကို ပြိုင်တူလုပ်ကိုင်ပြီး အောင်မြင်နေမည်။ မိမိထက် အသက်ဂုဏ်သိက္ခာကြီးမြင့်သူတို့က ကူညီ မ,စလိမ့်မည်။ အိုးသစ်အိမ်သစ်၊ အလုပ်သစ်တို့အတွက် အခွင့်ထူးရရှိသည့်နှစ်ပါပဲ။ ကိုယ့်မိသားစုအသိုင်းအဝိုင်းတွင် ကိုယ့်ထက် ငယ်သူတို့၏ မင်္ဂလာကိစ္စပေါ်မည်။ သတိပြုရန်မှာ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးတွင် အဖျက်ပေါ်တတ်သည်။ ဆင်ခြင်ပါ။ ကျန်းမာရေးတွင် ခြေထောက်နာတတ်၊ ခန္ဓာကိုယ်တစ်ခြမ်း အောင့်တတ်ပါသည်။ သို့သော် စိုးရိမ်ဖို့ မလိုပါ။ ငယ်ရွယ်သူများ ချစ်သူနှစ်ယောက်ကို ပြိုင်တူတွဲမိတတ်သည်။ ယခုနှစ်ထဲတွင် ဗုဒ္ဓဟူးသားသမီးများ သွားပုပ်လေလွင့်ပြောဆိုတာ ခံရတတ်၊ သိက္ခာချတာ ခံရတတ်၍ အနေအထိုင် အပြောအဆို ဆင်ခြင်ပါ။ ဘာပဲဖြစ်ဖြစ် ကံဇာတာကောင်းနေချိန်ပါ။ စိတ်ချမ်းသာစရာတွေ ဆက်တိုက် ကြုံလာမှာပါ။

ကားဝယ်လိုသူများ အနက်ရောင်နှင့် အဖြူရောင်ကို ဦးစားပေးပြီး ဝယ်ပါ။ မည်သည့်လုပ်ငန်းမှာမဆို အရောင်းအဝယ်သမားတွေ အရောင်းအဝယ်သွက်မည်။ အချိတ်အဆက်မိမိ အရောင်းအဝယ်ဖြစ်မည်။

ဗုဒ္ဓဟူးသားသမီးအားလုံး ယခုနှစ် ဇန်နဝါရီလတွင် အစစ သတိဖြင့် လုပ်ပါ။ မတ်လမှစပြီး စီးပွားဖြစ်မည်။ ငွေကြေးတွင် သူတစ်ပါးကို ထောက်ပံ့စရာတွေလည်း ကြုံမည်။ ငယ်သူများ ပညာရေးအောင်မြင်မှု ရမည်။ မည်သို့ပင် ဖြစ်စေ အစစတိုးတက်မည့်နှစ်ပါ။

**ယတြာ။** ရိုးရာနတ် ပ,သပါ။ အနည်းဆုံး နှစ်ကြိမ် ပသပါ။ သွားသွားလာလာတွင် ခရီးကြုံ သံဃာတော်များကို အလှူဒါနပြုပါ။ တစ်နှစ်ပတ်လုံး အရဟံဂုဏ်တော်ကို ပုတီး (၁၇)ပတ်စိပ်ခြင်းဖြင့် အစစ ကောင်းကျိုးထူးနိုင်ပါသည်။

**(၅) ကြာသပတေးသားသမီးများ**

ကြာသပတေးသားသမီးတွေ စိတ်လိုက်မာန်ပါ မလုပ်ပါနှင့်၊ ယခုနှစ် စိတ်လိုက်မာန်ပါ လုပ်မိတာတွေ များနေမည်။ စိတ်အလိုလိုက်မိတာတွေ များနေမည်။ သတိထားပါ။ အမှားတွေ လုပ်မိတော့မည်။ အပျော်လွန်ပြီး ခလုတ်တိုက်လဲတာမျိုး ကြုံမည်။ သင့်စိတ်ကို အမိက ထိန်းပါ။ အမှားတွေကို တစ်ခုပြီးတစ်ခု ကျူးလွန်မိတတ်ပါသည်။ အထူးသဖြင့် မကောင်းတဲ့ဘက်ကိုပဲ မြှောက်ပင့်ပေးမယ့် မိတ်ဆွေအပေါင်းအသင်းတွေရဲ့ စကားကို နားယောင်မိမည်။ စိတ်ကို ထိန်းပါ။ ယခုနှစ်တွင် တစ်ခုခုမှားယွင်းခဲ့ပါက ဘဝတွင် အလွယ်တကူ ဆယ်လို့ မရအောင် နစ်မွန်းသွားမည်။ သတိထားပါ။ သင့် အိတ်ကပ်ထဲသို့ အကုသိုလ် ဒုစရိုက်တွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com

ခန့်ဝင်လာတော့မည်။ ကာကွယ်ပါ။

စီးပွားရေးလုပ်ငန်းတွေ ဖင့်နှေးနေမည်။ ခရီးတိုလေးတွေ မကြာခဏသွားရမည်။ ကိုယ်တိုင်ကလည်း အကျိုးမရှိတဲ့ နေရာတွေမှာ သွားသွားလာလာနှင့် အချိန်ဖြုန်းနေမိတတ်သည်။ ငယ်သူတွေ ပညာရေးမှာ စိတ်လေနေတတ်သည်။ ထွေပြားနေတတ်သည်။ အချစ်ရေးမှာ ရှေ့တိုးရခက် နောက်ဆုတ်ဖို့ခက် အခြေအနေတွေ ကြုံမည်။ သင့်ချစ်သူက စိတ်မတည်ငြိမ်တဲ့ အနေအထားတွေ ဖြစ်လာမည်။ ကျန်းမာရေးမှာ ခန္ဓာကိုယ်ဘယ်ဘက်ခြမ်း အောင့်တာ၊ ခေါင်းကိုက်တာ၊ မကြာခဏကြုံမည်။ ပြဿနာတချို့ ဖြေရှင်းရတတ်သည်။ သတိထားပါ။

စိတ်ကို အထူးတည်ငြိမ်အောင် ထားပါ။ တရားထိုင်ပါ။ ယောဂအကျင့်တွေ ကျင့်ပါ။ အခွင့်ထူးတွေ ပေါ်လာမည်။ စနစ်တကျရွေးချယ်ပြီး ဆောင်ရွက်ပါက ဘဝအတွက် မုချတိုးတက်မည်။ မထင်မှတ်သည့် အခြေအနေ၊ မထင်မှတ်သည့်အလုပ်တစ်ခုက ပွပေါက်တိုးပြီး ချမ်းသာခွင့်၊ တိုးတက်ခွင့် ကြုံမည်။ မထင်မှတ်တဲ့ အခွင့်အရေးတစ်ခုကြုံမည်။ စနစ်တကျရွေးချယ်ပြီး ကြိုးစားလိုက်ခြင်းဖြင့် ဘဝတက်လမ်းကြီးမားစွာ ကြုံမည်။ ဆိုလိုတာက ဒီနှစ်မှာ အခြေအနေတွေ ရောထွေးနေတယ် ဆိုတာပါပဲ။ အစစမှာ အထူးစိတ်တည်ငြိမ်စွာ လုပ်ကိုင်ဖို့ လိုအပ်နေပါသည်။

ကားဝယ်လိုသူတွေ များပွန်းစွာ ရွေးချယ်မိတတ်။ ကြာသပတေးတွေ ဒီနှစ်တစ်နှစ်လုံး အနက်ရောင်ကို အထူးရှောင်ပါ။ ဖေဖော်ဝါရီ၊ ဧပြီ၊ ဩဂုတ် (၃)လ ကံဇာတာ ညံ့သည်။ အရောင်းအဝယ်ကောင်းလိုပါက၊ အစစအဆင်ပြေလိုပါက စကားပြောဆင်ခြင်ပါ။ အထူးတည်ကြည် အေးချမ်းစွာ ပြောဆိုလုပ်ကိုင်ပါ။

**ယတြာ။** မိမိအိမ်သို့ အရက်ပုလင်း အဝင်မခံရ။ ပုလင်းခွံတွေရှိပါက စွန့်ထုတ်ပစ်ပါ။ အာနာပါန(အသက်ရှူ) ဘာဝနာကို စနစ်တကျ ကျင့်သုံးပါ။ သရဏဂုံ သုံးပါးကို နေ့စဉ်ပုတီး (၄)ပတ် မပျက်တမ်း ပုတီးစိပ်ကာ ကံဇာတာ မြှင့်တင်သင့်ပါသည်။

## (၆) သောကြာသားသမီးများ

ပရဟိတအလုပ်တွေ ပိုပြီးလုပ်ဖြစ်မယ့်နှစ်ပါ။ လောကီအလုပ်တွေလုပ်နေရင်း လောကုတ္တရာအလုပ်တွေကို တွဲဖက်လုပ်ကိုင်ဖြစ်မယ့်နှစ်ပါ။ ကိုယ်နှင့် ထိစပ်သမျှ ပတ်ဝန်းကျင်မှာ ကိုယ်ကပဲ စွန့်လွှတ်တာ၊ အနစ်နာခံတာ၊ အနွံတာခံတာ၊ ပေးဆပ်တာတွေ လုပ်ဖြစ်မယ့်နှစ်ပါ။ စိတ်ပိုင်းဆိုင်ရာ တန်ဖိုး၊ ကိုယ်ကျင့်သီလတန်ဖိုး၊ အသိဉာဏ်ပညာတန်ဖိုးတွေကို ဦးစားပေးဖြစ်မည့်နှစ်ပါ။ သင့်အသိဉာဏ်တွေ အညွန့်တက် မြက်နေပါမည်။ ထို့ကြောင့်သင် ပတ်ဝန်းကျင်နှင့် [illegible] ဘဲ ဆန့်ကျင်ဘက်တွေလည်း ဖြစ်နေတတ်ပါသည်။ သင်က လျှော့ပေးလိုက်ပါ။

ဒီနှစ်ထဲမှာ သင့်လုပ်ငန်း ဖင့်နှေးမှုကြုံမည်။ နောက်မဆုတ်ပါနှင့်။ ရှေ့ကိုသာ တိုးလုပ်ပါ။ ညှိနှိုင်းစရာတွေ၊ ပြင်ဆင်စရာတွေကို ညှိနှိုင်းပါ။ ပြင်ဆင်ပါ။ မုချတိုးတက်ပါလိမ့်မည်။ အကူးအပြောင်းကာလပါ။ ဌ်ရှိပါ။ ကိုယ့်အပေါ် အမြင်မကြည်လင်တဲ့ မိတ်ဆွေတွေ ရှိနေတတ်သည်။ စွပ်စွဲပြောဆိုတာတွေ ခံရမည်။ မဖြေရှင်းပါနှင့်။ ဖြေရှင်းစရာမလိုပါ။ ဖြေရှင်းနေက ပိုရှုပ်သွားမည်။ စီးပွားသစ်၊ လုပ်ငန်းသစ်တွေလည်း ပေါ်မည်။ ငွေဝင်မည်။ ငွေအထူးဝင်မည်။ တစ်ခုပဲ ရှိသည်။ ကိုယ့်မှာ ရှိသည့်ပစ္စည်းကို ထုခွဲရောင်းချပြီး အလုပ်မှာ တိုးချဲ့တာ မလုပ်မိပါစေနှင့်။ ရှိတာနှင့်ပဲ လုပ်ပါ။ ပြီးတော့ ဟိုဟာ ထပ်လုပ်ရနိုး၊ သည်ဟာ ထပ်လုပ်ရနိုး ဒွိဟဖြစ်လာတတ်သည်။ လုပ်လက်စကိုသာ ရဲရဲဆက်လုပ်ပါ။ မုချတိုးတက်ပါမည်။ အိမ်ထောင်ရေး ပုံမှန်ပါပဲ။ ငယ်သူတွေ ပညာရေးကို ဖိကြိုးစားလိုက်စမ်းပါ။ ထူးချွန်သွားပါလိမ့်မည်။ အချစ်ရေးတွင် မရေမရာဖြစ်နေတတ်သည်။ သို့သော် မကြာမီ အဆင်ပြေသွားမည်။ ငွေဝင်မည်။ အလှူပြုရမည်။ ကျန်းမာရေးတွင် သွေးအားနည်းတာ၊ သွေးနှင့် ပတ်သက်တာ ဂရုစိုက်ပါ။

ကားဝယ်လိုသူများ ပစ္စည်းထုခွဲပြီး ကားမဝယ်ပါနှင့်။ အထူးသဖြင့် ခြံ၊ မြေကို ရောင်းလိုက်တာမျိုး မလုပ်ပါနှင့်။ ကားဝင်ဖို့ ရှိသည်။ စီးပွားရေးအရောင်းအဝယ်သမားတွေ စိတ်ရှည်လက်ရှည်လုပ်ပါ။ အစစ အဆင်ပြေမည့်နှစ်ပါ။

**ယတြာ။** မကြာခဏ ငှက်လွှတ်ပါ။ လစဉ် လွှတ်ပါ။ ထို့ထက်ပိုပြီး အဆင်ပြေ ထိရောက်လိုပါက တစ်လလျှင် သုံးကြိမ်လွှတ်ပါ။ သရဏဂုံသုံးပါးကို နေ့စဉ် ပုတီး (၉)ပတ် စွဲမြဲစွာ စိပ်ပါ။ မုချ ထူးခြားသော ကောင်းကျိုးတွေ ခံစားရပါလိမ့်မည်။

## (၇) စနေသားသမီးများ

ယခုနှစ်တွင် ဘဝအတွက် အမှားအမှန်၊ အကောင်းအဆိုးကို ခွဲခြားသိမြင်သွားမည့်နှစ်။ အတုအစစ်တွေကို ခွဲခြားသိမြင်မည့်နှစ်။ မေတ္တာတရားကို အထူးတန်ဖိုးထားဖြစ်မည့်နှစ်ပါ။ အိမ်ထောင်ရေး၊ အချစ်ရေးတွင် ကြားလူ အဖျက်ပေါ်မည့်နှစ်ပါ။ သတိရှိပါ။ စနေသားများ အမျိုးများ


www.burmeseclassic.com

www.burmeseclassic.com

အဖျက်ပေါ်တတ်တဲ့ နှစ်ပါ။ စနေသမီးများအတွက် သင်၏ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ကြားလူ အဖျက်ဝင်ပါအံ့။

ကံဇာတာ မညံ့ပါ။ မြေဝင်အံ့။ အိမ်ဝင်အံ့။ အိမ်ခြံမြေ ရပိုင်ခွင့် အထူးကြုံတဲ့ နှစ်ပါ။ ရရှိပိုင်ဆိုင်မည်။ လက်ရှိ အလုပ်ကို စိတ်မဝင်စားတာ၊ အလုပ်ပြောင်းချင်တာမျိုး တွေလည်း ဖြစ်မည်။ ပြောင်းလိုက ပြောင်းပါ။ အစပိုင်းမှာ မအောင်မြင်သလိုလိုနှင့် နောက်ပိုင်းမှာ အောင်မြင်မည်။ မိသားစုအသိုင်းအဝိုင်းထဲမှာ အလှူကိစ္စ၊ မင်္ဂလာကိစ္စတွေ ပေါ်မည်။ ရက်သတ်မှတ်ပြီးမှ ရွှေ့ဆိုင်းရတာလည်း ကြုံမည်။ ပြီးတော့ သည်နှစ်ထဲမှာ မိဘဆရာသမားအကြီးအကဲများ ကို ကောင်းစွာ ကျေးဇူးဆပ်နိုင်ခွင့်၊ ထောက်ပံ့နိုင်ခွင့် ကြုံမည်။ ပညာဖြင့် လာဘ်ရမည်။ ပညာဖြင့် တိုးတက်ပါမည်။ ရပ်ဝေးခရီး၊ ပြည်ပခရီးတွေလည်း ထွက်ရတတ်သွားရတတ်ပါ သည်။ ပြဿနာတချို့တော့ ဖြစ်စရာရှိနေသည်။ ကိုယ်က ရှောင်ပါ။ စက်ပစ္စည်းအသစ်ဝင်မည်။ အလွန်ကောင်းပါသည်။ ထူးခြားသော သင်တန်းမျိုး၊ တရားစခန်းသင်တန်းမျိုး တက်ရ သင်ရတတ်သည်။ ယခုနှစ်တွင် ကျန်းမာရေးအတွက် ဘာမှ စိုးရိမ်စရာမရှိပါ။ နားတော့ အူတတ်သည်။

ငွေအခက်အခဲကြုံရတတ်သော်လည်း အဆင်ပြေသွား ပါမည်။ ငွေဝင်မည်။ ကားဝယ်လိုသူတွေ ရဲရဲဝယ်ပါ။ ကား ရောင်းလိုသူတွေ ပွဲစားက ဝင်နှောင့်ယှက်တာ ကြုံမည်။ စီးပွားရေးအဝယ်အရောင်းသမားတွေ ကြားစကား၊ ကြားလူ အဖျက်တွေ ဝင်နှောင့်ယှက်တာကြုံမည်။ ကိုယ်က လိမ္မာ ပါးနပ်စွာပြောဆိုရောင်းဝယ်ခြင်းပြုပါ။ အစစ အဆင်ပြေသွား ပါမည်။ အရောင်းအဝယ်တွေ များစွာဖြစ်မည်။ စီးပွားဖြစ် မည်။ ဖေဖော်ဝါရီလတွင် စိတ်ဖိစီးစရာတချို့ ကြုံမည်။ ငယ် သူများ စာမေးပွဲအောင်မြင်မည်။ ကံဇာတာ ကောင်းနေတဲ့ နှစ်ပုံပါပဲ။

**ယတြာ။** ဘုရား၊ ရဟန္တာတွေကို ရည်စူးပြီး သစ်သီး တွေ လှူပါ။ သံဃာတော်တွေကို သစ်သီးတွေ၊ စားဖွယ်တွေ လှူပါ။ ထပ်ကာထပ်ကာ လှူပါ။ မေတ္တာသုတ်ကို အထူး ရွတ်ပါ။ နေ့စဉ် နံနက် သုံးခေါက်၊ ည သုံးခေါက် ပူဇော်ပါလေ။ ထူးခြားစွာ ကောင်းကျိုးတွေ မုချ ခံစားလာရပါလိမ့်မည်။

**(ဂ) ရာဟုသားသမီးများ**

ရာဟုသားသမီးတွေကလည်း ဗုဒ္ဓဟူးသားသမီးတွေ လိုပဲ အစစအရာရာ အောင်ပွဲခံနိုင်မည့်နှစ်ပါ။ လောကီ စီးပွားရေးကိစ္စတွေကိုလည်း ထူးချွန်အောင် လုပ်ကိုင်နိုင်မည်။ ဘာသာရေးကိစ္စ၊ အလှူအတန်းကိစ္စ၊ ဘုရားသွား ကျောင်း တက်ကိစ္စတွေကိုလည်း ကျကျနနလုပ်ကိုင်နိုင်မည့် နှစ်ပါ။ သို့သော် အားပြိုင်မှုတွေ ကြုံမည်။ အတိုက်အခံ အပြိုင် အဆိုင်တွေလည်း ကြုံရမည်။ ဘာတွေပဲကြုံကြုံ ပိုင်ပိုင် နိုင်နိုင် ဆောင်ရွက်နိုင်မည်။ လုပ်ငန်းသစ်တွေ လုပ်စရာ ပေါ်မည်။ လုပ်လိုက လုပ်ပါ။ ကိုယ်တိုင်ကလည်း တစ်ခု ထက်ပိုမိုသော အလုပ်တွေကို တွဲဖက်ပြီး လုပ်ကိုင်နေရမည်။ အထူးသဖြင့် အလုပ်နှစ်ခုကို ပြိုင်တူလုပ်ကိုင်ပြီး အောင်မြင် နေမည်။ မိမိထက် အသက်ဂုဏ်သိက္ခာကြီးမြင့်သူတို့က ကူညီ မ,စလိမ့်မည်။ အိုးသစ်အိမ်သစ်၊ အလုပ်သစ်တို့ အတွက် အခွင့်ထူးရရှိသည့်နှစ်ပါပဲ။ ကိုယ့်မိသားစုအသိုင်း အဝိုင်းတွင် ကိုယ့်ထက် ငယ်သူတို့၏ မင်္ဂလာကိစ္စပေါ်မည်။ သတိပြုရန်မှာ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးတွင် အဖျက်ပေါ်တတ်သည်။ ဆင်ခြင်ပါ။ ကျန်းမာရေးတွင် ခြေ ထောက် နာတတ်၊ ခန္ဓာကိုယ်တစ်ခြမ်းအောင့်တတ်ပါသည်။ သို့သော် စိုးရိမ်ဖို့ မလိုပါ။

ငယ်ရွယ်သူများ ချစ်သူနှစ်ယောက်ကို ပြိုင်တူ ကြုံ တတ်သည်။ ယခုနှစ်ထဲတွင် ရာဟုသားသမီးများအနေနှင့် သွားပုပ်လေလွင့် ပြောဆိုတာ ခံရတတ်၊ သိက္ခာချတာ ခံရ တတ်၍ အနေအထိုင် အပြောအဆို ဆင်ခြင်ပါ။ ဘာပဲ ဖြစ်ဖြစ် ကံဇာတာ ကောင်းနေချိန်ပါ။ စိတ်ချမ်းသာစရာတွေ ဆက်တိုက်ကြုံလာမှာပါ။

ကားဝယ်လိုသူများ အနက်ရောင်နှင့် အဖြူရောင်ကို ဦးစားပေးပြီး ဝယ်ပါ။ မည်သည့်လုပ်ငန်းမှာမဆို အရောင်း အဝယ်သမားတွေ အရောင်းအဝယ်သွက်မည်။ အချိတ် အဆက်မိမိ အရောင်းအဝယ်ဖြစ်မည်။

ရာဟုသားသမီးအားလုံး ယခုနှစ် ဇန်နဝါရီလတွင် အစစ သတိဖြင့် လုပ်ပါ။ ၂၀၁၃-မတ်လမှ စပြီး စီးပွားတက် မည်။ ငွေကြေးတွင် သူတစ်ပါးကို ထောက်ပံ့စရာတွေလည်း ကြုံမည်။ ငယ်သူများ ပညာရေး အောင်မြင်မှုရမည်။ မည်သို့ ပင်ဖြစ်စေ အစစ တိုးတက်မည့်နှစ်ပါ။

**ယတြာ။** ယခုနှစ်တွင် ရိုးရာနတ် ကန်တော့ပါ။ အနည်းဆုံး နှစ်ကြိမ်ဆောင်ရွက်ပါ။ ခရီးသွားလာနေသည့် သံဃာတော်များကို တတ်နိုင်သမျှ ဒါနပြုပါ။ တစ်နှစ်ပတ်လုံး အရဟံဂုဏ်တော်ကို ပုတီး (၁၆)ပတ်စိပ်ခြင်းဖြင့် အစစ ကောင်းကျိုးထူးနိုင်ပါသည်။


အားလုံးသတ္တဝါ ချမ်းသာပါစေ

* * *

သက်နှင်းဆွေ(မှုခင်း)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ကလင်…ကလင်…ကလင်"

ဖုန်းမြည်လာသောအသံကြောင့် ဦးသက်ထွန်း ဖုန်းကို ကောက်ကိုင်လိုက်သည်။ မိမိအလုပ်လုပ်ကိုင်ရာ ရေနံ ရုံးချုပ်ဆီမှ ဖြစ်လေ၏။

"ဦးသက်ထွန်းလား"

"ခြော်…ဟုတ်ပါတယ်။ ဒါနဲ့ ဘာများကိစ္စရှိလို့ပါလဲခင်ဗျာ"

"ခြော်…မနက်ဖြန် ခင်ဗျား နယ်ကို သွားရမယ်၊ အဲဒါ မသိမှာစိုးလို့ အကြောင်းကြားတာပါ"

"ခြော်…ဟုတ်ကဲ့၊ ကောင်းပါပြီ။ ခုပဲ ကျွန်တော် ရုံးကို လာခဲ့ပါ့မယ် ခင်ဗျာ"

ဖုန်းချသွားတော့ ဦးသက်ထွန်း သက်ပြင်းမောတစ်စကို ဖွဖွလေး ချလိုက်မိသည်။

"ဟူး…"

ဦးသက်ထွန်းမှာ ရေနံ ရုံးချုပ်မှ ဝန်ထမ်းတစ်ဦးဖြစ်လေသည်မို့ ရေနံရှာဖွေရေးစခန်းများရှိရာ နယ်ဒေသများသို့ ခရီးသွားရောက်ရမည်ဖြစ်ကြောင်း ရုံးမှ ညွှန်ကြားရေးမှူး ဖုန်းဆက်လာသည်။ ဦးသက်ထွန်းမှာ ရန်ကုန်တွင် နေရသည်ဟူ၍ မရှိ။ ရေနံရှာဖွေရေးစခန်းများ ရှိသည့် နယ်မြို့များသို့ သွားရောက်ကာ ၁နှစ်၊ ၂နှစ် စသည်ဖြင့် အမှုထမ်း နေထိုင်ရသည်။ ယခုလည်း ပုသိမ်မြို့သို့ သွားရောက်ရမည်ဟု သိရလေသည်။

ထို့ကြောင့် ဦးသက်ထွန်း ရုံးချုပ်သို့ လာသည်။ ရုံးမှ အမိန့်အော်ဒါစာများ ရယူကာ လုပ်ဆောင်စရာကိစ္စများကို လုပ်ဆောင်ပြီး အိမ်သို့ ပြန်လာခဲ့သည်။ မိမိမှာ မိသားစုက မများ။ သားသမီးများမှာ အိမ်ထောင်ရက်သားကျကုန်ကြလေပြီ။ လက်မလွတ်သေးသည့် သမီးငယ်လေးတစ်ယောက်သာ ရှိ၏။ မိမိအိမ်ပြန်လာတော့ ဇနီးသည်မှာ မီးဖိုထဲတွင် ချက်ပြုတ်နေ၏။

"မိန်းမရေ…ကိုယ် အော်ဒါ တော့ ယူလာခဲ့ပြီးပြီ။ မနက်ကို ခရီးထွက်ရမယ်။ ခုလောလောဆယ်တော့ ကိုယ် အရင်သွားနှင့်မယ်။ ဟိုရောက်ပြီး နေထိုင်ဖို့ စီစဉ်ပြီးမှ မင်းတို့သားအမိကို လာခေါ်မယ်ကွာ"

"ရပါတယ်ရှင်၊ လောလောဆယ် ရှင်သာ အဆင်ပြေအောင် နေပါ။ ကျုပ်တို့ သားအမိကတော့ ရှင်အသားကျမှပဲ လိုက်လို့ရပါတယ်"

စကားဆုံးတော့ ဦးသက်ထွန်း ခရီးထွက်ရန် ပြင်ဆင်ရ၏။

ဇနီးသည်နှင့် သမီးလေးကလည်း လိုအပ်သည့် ပစ္စည်းပစ္စယများကို ထည့်သိုပေးလေသည်။ နံနက်တွင် ဦးသက်ထွန်း ခရီးထွက်ရမည်ဖြစ်လေ၏။ နံနက်မိုးသောက်လေတော့ ပုသိမ် ကားဂိတ်ဆီသို့ ထွက်လာရင်း ပုသိမ်မြို့ဆီသို့ ခရီးထွက်ခဲ့လေတော့သည်။

◆◆◆

ဦးသက်ထွန်းမှာ အသက် ၅၀ ကျော်ဖြစ်သော်လည်း ဘာသာရေးလုပ်ငန်းများကိုတော့ အထူးအာရုံစိုက် လိုက်စားသူတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့်ပင်လျှင် အောက်ခြေ ဝန်ထမ်းဘဝမှ ရာထူးအဆင့်ဆင့်တိုးတက်ကာ ဤအသက်အရွယ်နှင့်ပင် အရာရှိငယ်တစ်ယောက်ဖြစ်နေပြီ ဖြစ်လေသည်။ ဤအရာအားလုံးသည် ဘာသာတရားများ၏ ကျေးဇူးကြောင့်ဟု ဦးသက်ထွန်း ယုံကြည်လေသည်။

ဦးသက်ထွန်း မရောက်ဘူးသော အရပ်ဒေသဟူ၍ ခပ်ရှားရှားပင်။ ဒေသအတော်သို့ သွားရောက် တာဝန်ထမ်းဆောင်ပြီးခဲ့ပြီဖြစ်လေသည်။ တစ်ခ[…] တစ်ရံမှ အခက်ခဲဟူ၍ မရှိ။ မိမိရောက်[…] လေရာ နေရာတိုင်း၌ အရာအားလုံ[…] သည် ချောမောလေသည်သာ ဖြစ်လေ[…] သည်။

ဦးသက်ထွန်း ပုသိမ်သို့ ထွက်ခွာ[…] လာခဲ့သော အချိန်သည် မိုးရာသီဖြစ်[…] လေ၏။ ရန်ကုန်မှ ထွက်စမှာပင် မိုးက[…] တဖွဲဖွဲခွေရင်း သည်းလာသည်၊ မိုးကြား[…] လေကြား အမြန် Express ကားကြီး[…] ကတော့ အမောအပန်းမရှိသလို တရိ[…] ရိပ်ပြေးလွှားနေလေ၏။

ဘေးဘီဝဲယာသည် စိမ်းစိမ်းစို[…] လယ်ကွင်း၊ လယ်ကွက်တွေသာ အလျှ[…] လျှိုများလေ၏။ ကြည့်မောမဆုံးနိုင်သော[…] မြင်ကွင်းသစ်တွေက ဦးသက်ထွန်းအား[…] ရစ်ပတ်တွေးမွေ့နေလေသည်။ ဦးသက်[…] ထွန်းမှာ ခရီးသွားလျှင် မအိပ်တတ်[…] မိမိနံဘေးမှ မိန်းမကြီးတစ်ယောက်က[…] ဟောက်ပင် ဟောက်၍နေလေ၏။ မိ[…] အိတ်ဆောင် သရေဒိတ်လေးကို စမ်[…] ၏။ အပျင်းပြေ ဖတ်စရာစာအု[…] တစ်အုပ်တလေများ ပါလေမလားဟု[…] သော အတွေးဖြင့် ဖြစ်၏။ သို့သော်[…] ဘာစာအုပ်မှ မတွေ့ခဲ့။ နောက်ဆုံး[…] တွေ့ခဲ့သော ဘုရားရှိခိုးအမျိုးမျိုးစာအု[…] လေးကို ထုတ်ကာ ဖတ်ရှုနေမိလေ[…] တော့သည်။

မိုးတွေက သည်းလာလိုက်၊ ရ[…] သွားလိုက်။ ညနေစောင်းလုလုအချိန်[…] တော့ ပုသိမ်မြို့ဆီသို့ ရောက်တော့[…] ထိုမှ မိမိသွားရမည့် ရေနံရှာဖွေရေး စခ[…] လေးသို့ ၄မိုင်ခန့် ခရီးဆက်ရပြန်လေ[…] သည်။ ပုသိမ်မြို့ဟုသာ ဆိုသော်လည်[…] ပုသိမ်မြို့ပေါ်တွင် မဟုတ်၊ ပုသိမ်မြို့[…] လွန်ကာ အနောက်စူးစူးသို့ ဆက်[…] သွားရ၏။

နာရီဝက်သာသာ သွားမိတော[…]



www.burmeseclassic.com

www.burmeseclassic.com

ထိုစခန်းကို ရောက်၏။ ဝင်းလေးထဲ ဝင်၍ သတင်းပို့လိုက်သည်။ တပည့် တပန်းတချို့က တစ်ခေါ်လောက်ဝေး သည့် အရာရှိရိပ်သာ ဘိုတဲလေးဆီသို့ လိုက်ပို့ကြသည်။ ဘိုတဲလေးမှာ ကုန်း မြင့်မြင့်တစ်ခုပေါ်တွင် တည်ဆောက် ထား၏။

"ကဲ - ကဲ၊ ကျေးဇူးပဲ တပည့် တို့ရာ"

"ရပါတယ် ဆရာ၊ ကျွန်တော်တို့ ကို ပြန်ခွင့်ပြုပါဦး။ မနက်ကျမှပဲ လာ ခဲ့တော့မယ်"

◆◆◆

တပည့်လေးများ ပြန်သွားကြ တော့ ဦးသက်ထွန်း ဘိုတဲလေးထဲသို့ လျှောက်၍ကြည့်သည်၊ အခန်းလေးခန်း ရှိပြီး ရေမီးအစုံအလင်ဖြစ်၏။ ဘိုတဲ နံဘေး မိမိအခန်း၏ ခေါင်းရင်းဘက် တည့်တည့်တွင် ပျဉ်းမပင်ကြီးတစ်ပင် က အုပ်အုပ်မိုးမိုးရှိနေသည်။ ပြတင်း တံခါးကို ဖွင့်၍ နံဘေးပတ်ဝန်းကျင် ရှုခင်းများကို ကြည့်မိ၏။ ဘိုတဲဘေး ပတ်ဝန်းကျင်သည် ခါးလယ်သာသာ မြက်ရိုင်းတောများဖြင့် ဖုံးလွှမ်းနေ၏။ တောင်ကုန်းတစ်ခုပေါ်တွင် ဖြစ်လေ သည်။ တောင်ကုန်းမို့မို့ပေါ်တွင်တော့ ဘိုတဲလေးက ထီးထီးမားမားရှိနေသည်။ ယခုဆောင်လာသော ပစ္စည်းပစ္စယများ ကို မိမိအခန်းထဲတွင် နေရာချထား လိုက်၏။ ခရီးဆောင်အိတ်ဘေးတွင် ထည့်ယူလာသော စိပ်ပုတီးလေးကို လည်း မိမိကုတင်ခေါင်းရင်းရှိ ချိတ် လေးတွင် အသင့်ချိတ်ထားလိုက်၏။ ခေါင်းရင်းဘက်တွင်တော့ ဘုရားစင်ကြီး က ခန့်ခန့်ညားညားရှိနေသည်။

ညောင်ရေအိုးထဲတွင် ခြောက်နေ သော ပန်းများကို ဖယ်ရင်း သောက် တော်ရေတစ်ခွက်ကပ်လိုက်၏။ ညသည် တဖြည်းဖြည်းမှောင်လာ၏။ အိပ်ရန် ကိစ္စသာရှိလေတော့သည်မို့ ဘုရားရှိခိုး ရန် ဘုရားစင်ရှေ့ထိုင်လိုက်သည်။ ၃၁ ဘုံသားအပေါင်းနှင့် မြို့စောင့်၊ နတ် စောင့်၊ ရွာစောင့်နတ်များအားလုံးကို လည်း အမျှပေးဝေလိုက်သည်။

ဘုရားရှိခိုးပြီးတော့ အခန်းတံခါး လေး ပိတ်ကာ ကုတင်ပေါ်တွင် အိပ် စက်လိုက်၏။ တစ်နေ့လုံး ကားစီးလာခဲ့ ရသဖြင့် ပင်ပန်း၍ ခေါင်းချလျှင် ချခြင်း အိပ်ပျော်သွားလေတော့သည်။

မည်မျှ အိပ်ပျော်သွားသည် မသိ၊ ကလေးတစ်ယောက်၏ ငိုသံသဲ့သဲ့ကြား လိုက်ရတော့မှ ဦးသက်ထွန်း အိပ်ရာမှ နိုးလာတော့သည်။

"အူဝဲ . . . အူဝဲ . . . အူဝဲ"

ငိုသံသည် ဝေးသွားလိုက်၊ နီးလာ

BURMESE CLASSIC .com

"ညသည် မဟူရာ ကတ္တီပါခြုံလွှာကြီးကို ခြုံထားသည့်သို့ မှောင်မည်းနေ၏။ ဘိုတဲလေးထဲတွင် သက်ရှိသတ္တဝါဟူ၍ ဦးသက်ထွန်းတစ်ယောက်သာလျှင် ရှိနေလေသည်။ မိမိတာဝန်ကျသော ရေနံရှာဖွေရေးစခန်းသည် မြေနိမ့်ချိုင့်ဝှမ်းလေးတစ်ခုထဲတွင် တည်တည်ငြိမ်ငြိမ်ရှိနေ၏။ တဘုတ်ဘုတ်မြည်ရင်း မောင်းထားသော မီးစက်အသံကိုပင် အတိုင်းသား ကြားနေရလေသည်။"

လိုက်၊ သဲသဲကွဲကွဲဖြစ်စေရန် နားစိုက် ထောင်မိတော့ ငိုသံမှာ ရုတ်တရက် ငြေယမ်းလိုက်သောလေတွင် မျောပါ လွင့်၍သွားရင်း ဝေးကာ ပျောက်၍ သွား ပြန်လေသည်။ ထိုမှ ပြန်၍ ပေါ်လာပြန် လေသည်။

"အူဝဲ . . . အူဝဲ . . . အူဝဲ"

"ဖျန်း . . . ဖျန်း . . . ဖျန်း"

ကလေးငိုသံကို နားစွင့်နေခိုက် မိမိအိပ်ခန်းခေါင်းရင်း ပျဉ်းမပင်ကြီးမှ သစ်ကိုင်း၊ သစ်ခက်တို့၏ ရိုက်ပုတ်သံ များကို ကြားလိုက်ရပြန်လေသည်။ ဦးသက်ထွန်းနံဘေးတွင် အခေါက်လိုက် ချထားသောစောင်ကို ဖြန့်ကာ ခြုံလိုက် မိ၏။ ကလေးငိုသံသည် မကြားရလေ တော့။ တဂူဂူတိုက်ခတ်နေသော လေ ပြင်းများကြားတွင်တော့ သစ်ကိုင်း သစ် ခက်များ၏ အချင်းချင်းပုတ်ခတ် ထိ တွေ့သံများက တစ်စုံတစ်ဦး လှုပ်ယမ်း နေသည်သို့ ဖြစ်ပေါ်နေလေတော့သည်။

"ဖျန်း . . . ဖျန်း . . . ဖျန်း"

"ဖျောင်း . . ."

ညသည် မဟူရာ ကတ္တီပါ ခြုံလွှာ ကြီးကို ခြုံထားသည်သို့ မှောင်မည်းနေ ၏။ ဘိုတဲလေးထဲတွင် သက်ရှိ သတ္တဝါ ဟူ၍ ဦးသက်ထွန်းတစ်ယောက်သာလျှင် ရှိနေလေသည်။ မိမိတာဝန်ကျသော ရေနံရှာဖွေရေးစခန်းသည် မြေနိမ့်ချိုင့် ဝှမ်းလေးတစ်ခုထဲတွင် တည်တည်ငြိမ် ငြိမ်ရှိနေ၏။ တဘုတ်ဘုတ်မြည်ရင်း မောင်းထားသော မီးစက်အသံကိုပင် အတိုင်းသား ကြားနေရလေသည်။

ဦးသက်ထွန်းမှာ ဘုရားတရား သမားတစ်ဦးဖြစ်သော်လည်း မိုးလေများ ကြမ်းရမ်းနေသော၊ မှောင်မည်းသော ညတစ်ညတွင် တစ်ယောက်တည်းရှိနေ ကာ သန်းခေါင်ယံမှ ကြားလာရသော ကလေးငိုသံကြောင့် မကြောက်[illegible] ဆို



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ကျောချမ်းမိသည်မှာတော့ အမှန်ပင် ဖြစ်လေသည်။

အတွေးတစ်စကို ဆန့်ထုတ် အဖြေရှာနေစဥ်ခဏမှာတော့···

"အူဝဲ···အူဝဲ···အူဝဲ"

"အလို့··ကလေးငိုသံကြားရပြန်ပြီ။ ဘယ်က ကလေးများပါလိမ့်။ ဒီအနီးအနားမှာ ညနေ ငါရောက်တုန်းက ကြည့်ခဲ့သေးတယ်။ လူနေအိမ်ဆိုလို့ တစ်လုံးမှ မတွေ့ခဲ့ဘူး။ ဟော··· ဟော···ကြားလာရပြန်ပြီ"

"အူဝဲ···အူဝဲ···အူဝဲ"

◆◆◆

မနက်မိုးလင်းလေတော့ မျက်နှာသစ်ကာ ရေမိုးချိုး၍ တစ်ခေါ်သာသာ လောက်သာ ဝေးလေသည့် စခန်းလေး ဆီသို့ လျှောက်လာခဲ့လေသည်။ တပည့်လေးများဖြစ်ကြသည့် မောင်ထွန်း အောင်နဲ့ မောင်လှအေးကို တွေ့ရသည်။

"ဟာ··ဆရာ စောလှချည်လား"

"အေးကွာ၊ လမ်းလည်း လျှောက်ရင်း ထွက်လာတာမို့ နည်းနည်းစောတာပေါ့။ ဒါနဲ့ မင်းတို့ရော ဘာတွေ စားပြီးကြပြီလဲ"

"မစားရသေးပါဘူး ဆရာ"

"လာကွာ၊ ဒါဆို လက်ဖက်ရည်ဆိုင် ဘယ်မှာ ရှိလဲ၊ သွားကြရအောင်"

လက်ဖက်ရည်ဆိုင်ရောက်တော့ ညက သန်းခေါင်ယံအချိန် မိမိ တစ်ရေးနိုးတွင် ကြားခဲ့ရသော ကလေးငိုသံ အကြောင်း ပြောပြမိ၏။

"ဟာ··ဟုတ်ရဲ့လား ဆရာရယ်"

"ကျွန်တော်တော့ ဒီလို တစ်ခါမှ မကြုံဖူးဘူး။ ဒီဘိုက်တဲမှာ ကျွန်တော် လည်း နှစ်ည သုံးညအိပ်ခဲ့ဖူးပါတယ်။ ဘာတစ်စုံတစ်ရာမှ မထူးခြားခဲ့ပါဘူး။ ကလေးငိုသံလို့ ဆိုရအောင်လည်း ဒီအနီးအနားမှာ လူနေအိမ်ခြေဆိုတာ ရှိမှ မရှိကြတာ"

"ဒါတော့ ဒါပေါ့ကွာ။ ဒါပေမယ့် ငါကြားခဲ့ရတာတော့ အမှန်ပဲကွ။ ပီပီ သသကို ကြားခဲ့ရတာ။ ငိုသံက ပေါ်လာလိုက်၊ ပျောက်သွားလိုက်နဲ့ မဟုတ်မှ လွဲရော ငါ့အထင်တော့ ဒီအနီးအနား တစ်ဝိုက်မှာ မိခင်မပီသတဲ့ မိန်းမတစ် ယောက်ယောက်က လာပြီး စွန့်ပစ်သွား ခဲ့တာများလား"

"ဆရာ···အိပ်မက်တွေ ဘာ တွေမက်တာတော့ မဟုတ်ပါဘူးနော်"

"အိုကွာ··· ဘာအိပ်မက်မှ မဟုတ်ဘူး။ ငါ ညဦးက ပင်ပန်းလို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာ၊ သန်းခေါင်ယံလောက်လည်းကျရော အဲဒီကလေးငိုသံကြောင့် နိုးလာခဲ့တာ။ ညကသာ ငါ့မှာ အဖော်ရှိရင် သွားကြည့် မိမှာ အမှန်ပဲ"

"အမလေးလေး···ကျွန်··· ကျွန်တော်ကတော့ မကြည့်ရဲပါဘူးဗျာ။ ခု ဆရာပြောတာကို နားထောင်ရတာ တောင် ကြောက်လွန်းလို့ ကြက်သီး တွေ ထလာပြီ"

ထွန်းအောင်က ဆိုသည်။

"အင်း···စဉ်းတော့ စဥ်းစားရခက် နေပြီ။ ကဲပါ။ ဒီည ဘာထူးခြားဦးမလဲ၊ ဆရာ စောင့်ကြည့်ဦးမယ်"

စကားဆုံးတော့ ဦးသက်ထွန်းတို့ သုံးယောက် တခြားသော စကားများသို့ လွှဲပြောင်းလိုက်ကြပြီး ခဏကြာလေ တော့ လက်ဖက်ရည်ဆိုင်မှ ပြန်လာခဲ့ ကြသည်။

◆◆◆

ယနေ့ည အိပ်မည်လုပ်တော့ ဦးသက်ထွန်း ဘုရားရှိခိုးသည်။ သမာ ဓေဝ နတ်ကောင်း နတ်မြတ်များကို မေတ္တာပို့သည်။ မြင်အပ် မမြင်အပ်သော ဥဿုံသားတွေအားလုံးကို အမျှပေးဝေ သည်၊ ထို့နောက် အိပ်ရာဝင်ခဲ့တော့၏။

သို့ မိုးကြောင့်လားမသိ။ ထိုည က သန်းခေါင်ယံ ကလေးငိုသံကို မကြားခဲ့ရတော့ပေ။ သို့သော် အရုဏ်ဦး လင်းပိုင်းရောက်သည်တွင်တော့ အိပ် မက်ဆိုးတစ်ခုကို မြင်မက်တော့သည်။

"ဒေါက်···ဒေါက်···ဒေါက်"

တရစပ် ခေါက်နေသော တံခါး ခေါက်သံကြောင့် ဦးသက်ထွန်း နိုးလာ သည်။ သို့သော် အိပ်ရာမှ မထသေး။ နားစွင့်နေမိလေသည်။

"ဖလပ်···ဖလပ်···ဖလပ်"

ခြေသံလိုလို ကြားရသည်။ ထို့ နောက် တံခါးခေါက်သံ ထွက်ပေါ်လာ ၏။

"ဒေါက်···ဒေါက်···ဒေါက်"

ဦးသက်ထွန်း အသံပေးလိုက်၏။

"ဘယ်သူလဲကွ၊ တံခါးခေါက် တာ ဘယ်သူလဲ".

သို့သော် တံခါးခေါက်သူသည် မည်သူမည်ဝါဟူ၍ ပြန်မဖြေ။ ထို့ ကြောင့် မိမိနံဘေးရှိ ဓာတ်မီးကို ဆွဲယူ လိုက်သည်။ ထို့နောက် တံခါးဆီသို့ ခြေသံကို ဖွ၍နင်းကာ လာ၏။ ဂျက်ကို ဖြုတ်ရင်း တွန်းဖွင့်လိုက်လေလျှင်···

"ဂျောက်"

"ဟင်···မင်း···မင်း ဘယ်သူ လဲ"

မိန်းမတစ်ယောက် ဆံပင်ကို ဖားလျားချ၍ ခါးပေါ်တွင်လည်း တစ်နှစ် သာသာ ကလေးတစ်ယောက်ကို ခါးတစ်ခွင်၍ ချီထားသည်။

"ဟဲ့···ဟဲ့···ငါမေးနေတယ် လေ"

"နင်···နင် ဘယ်သူလဲလို့ ပြော···ပြောစမ်း"

"ကျ···ကျွန်မ···ဟောဟို ရွာလေးကပါ။ သမီးလေး နေတာပြီ



www.burmeseclassic.com

www.burmeseclassic.com

တအားငိုနေတာမို့ ရေလေးတစ်ခွက်လောက် တောင်းဖို့ လာခဲ့တာပါရှင်"

"ဒါဆို မနေ့ညက ငိုနေတဲ့ ကလေးငိုသံဟာ နင့်ရဲ့ ကလေးငိုသံလား"

"ဟုတ်ပါတယ်ရှင်။ သမီးလေးရဲ့ ငိုသံပါ။ ကျွန်မက ကျန်းမာရေးမကောင်းဘူး။ ဒါကြောင့် သမီးလေး စို့ဖို့အတွက် နို့လည်း မထွက်ဘူး။ ရေတိုက်ဖို့လည်း ရေက မရှိတာမို့ ခုလိုလာပြီး အကူညီ တောင်းရတာပါရှင်"

ထိုမိန်းမ၏ စကားဆုံးတော့ ဦးသက်ထွန်း ထိုမိန်းမကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။ မယုံတစ်ဝက် ယုံတစ်ဝက်စိတ်များဖြင့် ဖြစ်၏။

"ကဲ - ကဲ၊ ဒါဆိုလည်း နေဦး၊ ငါ ရေသွားခပ်လိုက်ဦးမယ်"

ရေခပ်မည်ဟု အထ၊ ဦးသက်ထွန်း အိပ်မက်မက်နေရာမှ လန့်နိုးသွားလေသည်။ မီမီဘေးတွင် ထားသော ဓာတ်မီးကို ယူ၍ တံခါးဖွင့်ကာ ကြည့်လိုက်၏။ လူဟူ၍ တစ်စုံတစ်ယောက်မျှပင် မရှိပေ။

"ဟင်း...ခုန ကလေးနဲ့ မိန်းမ ဘယ်ရောက်သွားလဲ။ အလို... ငါ အိပ်မက်မက်တာလား။ တကယ်ပဲ တံခါးလာခေါက်တာလား"

ခဏကြာတော့ အခန်းထဲ ပြန်ဝင်ရင်း အိပ်ရာပေါ် လှဲမိသည်။ ထိုမှ အိပ်ပျော်သွားတော့၏။

◆◆◆

"ခေါက်...ခေါက်...ခေါက်"

"ခေါက်...ခေါက်...ခေါက်"

အဆက်မပြတ် ခေါက်လာသော တံခါးခေါက်သံကြောင့် ဦးသက်ထွန်း အိပ်ရာမှ ထလိုက်သည်။ ဟိုမိန်းမ ရောက်လာပြန်ပြီထင်တယ်။



အခန်းတံခါးကို ဖွင့်လိုက်၏။ ထွန်းအောင်နဲ့ လှအေးတို့ နှစ်ယောက်ကို တွေ့လိုက်ရ၏။

BURMESE CLASSIC .com

"ဟင်"

"ဆရာ အိပ်လှချည်လား။ မနည်းကို နှိုးယူရတယ်။ တံခါးခေါက်တာ တောင် မနိုးဘူး။ လက်ဖက်ရည်ဆိုင်ကို သွားဖို့ လာခေါ်တာ ဆရာရဲ့"

"ဪ...အေးအေး၊ နိုးပါပြီကွာ"

ခဏကြာတော့ လက်ဖက်ရည်ဆိုင်သို့ သုံးယောက်သား ထွက်လာခဲ့ကြတော့သည်။

လက်ဖက်ရည်ဆိုင် ထိုင်မိတော့ ညက မိမိမြင်မက်ခဲ့သော အိပ်မက်အကြောင်း ပြောပြလိုက်သည်။

"ဆရာ...သန်းခေါင်ယံ ကလေးငိုသံကို စိတ်စွဲပြီး အိပ်မက်မက်တာ ထင်တယ်"

"အင်း...ဟုတ်မယ်ထင်တယ် မောင်ထွန်းအောင်။ ဒါပေမယ့် ညက တော့ အဲဒီကလေးငိုသံ မကြားရတော့ဘူး။ ဆရာလည်း နယ်တကာ ရပ်တစ်ခွင် နေလာတာ ဒေသတွေ စုံလှာပြီ။ ဒီလိုအဖြစ်မျိုးတွေ တစ်ခါမှ ကြားလည်း မကြားဖူးဘူး၊ ကြုံလည်း မကြုံခဲ့ရဘူး"

"ဒါဆို ဒီည ကျွန်တော်တို့ နှစ်ယောက် ဆရာနဲ့ အိပ်ရမလား။ ပြီးတော့ ဒီသန်းခေါင်ယံ ကလေးငိုသံကို လက်တွေ့ကျကျ လေ့လာချင်တယ်"

"လာနိုင်ရင်တော့ ကောင်းတာပေါ့ မောင်ထွန်းအောင်ရယ်။ ဆရာက ဘုရားတရားသမားပါ။ ကြောက်လို့တော့ မဟုတ်ဘူး။ မင်းတို့ လာတော့လည်း အားရှိတာပေါ့ကွာ"

"ဟုတ်ကဲ့။ ဒါဆို ကျွန်တော်တို့ နှစ်ယောက် ညကျရင် လာခဲ့ပါ့မယ် ဆရာ"

ထိုနေ့ည ထမင်းစားပြီးတော့ ဦးသက်ထွန်း၊ မောင်ထွန်းအောင်နဲ့ မောင်လှအေးတို့ နှစ်ယောက်ကို မျှော်လေသည်။ သို့သော် မိုးချုပ်သည်အထိ ပေါ်မလာကြ။

ည ၉နာရီထိုးလုလုရှိတော့ အမျှော်တရားတို့ကို ရပ်တန့်ရင်း ည အိပ်ယာဝင် ဘုရားရှိခိုးဖို့ ပြင်ဆင်တော့သည်။ ဦးသက်ထွန်း ဥသျှောင်သားတွေကို မေတ္တာပို့သည်။ မိမိအားလည်း မနှောင့်ယှက်၊ မထိတ်လန့်စေရန် မေတ္တာပို့ တောင်းဆိုရင်း အိပ်ရာဝင်ခဲ့သည်။

သန်းခေါင်ယံသို့ ရောက်ရှိလာ၏။ မိုးမပြတ်တပြတ် ကာလမို့ တစ်ခါတစ်ရံ မိုးဖွဲမိုးသေးလေးများ ရွာသွန်းလာတတ်၏။ မြောက်ပြန်လေတစ်ချက် သုတ်လိုက်သည်။

"ဖျန်း...ဖျန်း...ဖျန်း"

www.burmeseclassic.com

www.burmeseclassic.com

မိမိအိပ်ခန်း ဘိုတဲလေးခေါင်းရင်းရှိ ပျဉ်းမပင်ကြီးမှ သစ်ကိုင်းများက လူတစ်ယောက် လှုပ်ယမ်းလိုက်သလို လှုပ်ရှားသွားကြ၏။ သစ်ကိုင်းခြောက်တစ်ခုသည်ပင် ဘိုတဲပေါ်သို့ ကျိုးကျလိုက်သံ ကြားရ၏။

"ဝုန်း"

ဦးသာထွန်း "ဝုန်း"ဆိုသည့် အသံကြောင့် အိပ်ရာမှ နိုးလာသည်။ သို့သော် ထတော့ မထဖြစ်သေး။ ညသည်မှောင်နေ၏။ မိုးဖွဲ့ဖွဲ့နှင့်အတူ လေပြေများက တဝူးဝူးအော်မြည်နေ၏။ ထိုစဉ်သန်းခေါင်ယံ ကလေးငိုသံကို ကြားလာရတော့၏။

"အူဝဲ…အူငဲ…အူဝဲ"

ကလေးငိုသံမှာ လေတွင် လွင့်မျောလာလေ၏။ ခွေးဟောင်သံများပင်လျှင် ရောထွေးပါလာကြ၏။

"ဟော…ဟော…ဒါ…ဒါဟာကလေးငိုသံပဲ"

ဦးသက်ထွန်း ခေါင်းထောင်ကြည့်လိုက်သည်။

"ငါ…ငါ ဘာလုပ်ရရင် ကောင်းမလဲ"

တဖြည်းဖြည်း ကလေးငိုသံက မိမိရှိနေသော ဘိုတဲနားသို့ နီး၍နီး၍လာနေသည်ဟု ထင်လေသည်။ ပီပီသသကြားနေရ၏။

"အူဝဲ…အူဝဲ…အူဝဲ"

"ဝုတ်…ဝုတ်…ဝုတ်"

"ဂူ…ဂူ…ဂူ"

ဦးသက်ထွန်း နေ၍မရတော့။ နဖူးပြင်တစ်လျှောက် ချွေးသီး ချွေးပေါက်တို့က စထွက်လာလေသည်။ မိမိခြေရင်းဘက် နံရံတွင် စီ၍ထားသော ပုလင်းခွံအလွတ်များကို သတိရလိုက်၏။ ပုလင်းလွတ်တစ်လုံးကို ဆွဲယူလိုက်သည်။ ပြီးတော့ ရိုက်၍ ခွဲလိုက်၏။

"ခွမ်း"

ထို့နောက် မိမိနံဘေးရှိ ပြတင်းတံခါးပေါက်ကို ဆောင့်တွန်းထိုး၍ ဖွင့်လိုက်၏။ တစ်ဆက်တည်း လက်တစ်ဖက်တွင် ကိုင်ထားသော ဓာတ်မီးကိုလည်း ဖွင့်လိုက်သည်။ အသံကြားရာသည် ဘိုတဲအနောက်ဘက်ဆီမှ ဖြစ်လေ၏။ ထိုနေရာသို့ တဖြည်းဖြည်းလျှောက်လာခဲ့သည်။

"ဟော…ဟော…တွေ့ပြီ"

ခါးလယ်သာသာ မြက်ရိုင်းခြောက်တွေက လှုပ်ယမ်းနေသည်။ ထိုနေရာပဲ ဖြစ်ရမည်။ ကလေးငိုသံ ထွက်ပေါ်လာပြန်လေ၏။

"အူဝဲ…အူဝဲ…အူဝဲ"

ဟော…ဖ…သေချာပါပြီ။ ကလေးတစ်ယောက်ယောက်ကို ဒီမြက်ရိုင်းတောထဲလာပြီး ပစ်ထားခဲ့တာပဲ ဖြစ်ရမယ်။ ဘယ်လိုမိဘတွေပါလိမ့်။ လူတွေရော ဟုတ်ကြရဲ့လား။ တိရစ္ဆာန်တွေတောင် သူတို့လောက် ရက်စက်ကြမှာ မဟုတ်ဘူး။ သေချာရေရာ မသိသေးသော အဖြေတစ်ရပ်ပေါ် ဦးသက်ထွန်း အပြစ်ဖွဲ့နေခဲ့မိသည်။

တဖြည်းဖြည်း လှုပ်ယမ်းနေသော မြက်ရိုင်းတောစပ်ဆီသို့ ဦးသက်ထွန်း တိုးလာသည်။ ထိုနေရာအား ခွေးများက ဝိုင်းအုံရင်း ဟောင်နေကြသည်။

"ဝုတ်…ဝုတ်…ဝူး"

"အူဝဲ…အူဝဲ…အူဝဲ"

"အို…မြန်မြန်သွားမှ။ တော်ကြာ ကလေးကို ခွေးတွေ ဝိုင်းကိုက်မှ အခက်"

ဦးသက်ထွန်း ခြေလှမ်းတို့သည် အတွေးခုံးသည်နှင့် ပို၍မြန်ဆန်လာ၏။ ခွေးများက ဝိုင်းအုံ ထိုးဟောင်ခဲ့ဖြစ်၏။ တွေ့ရာ ခဲတစ်လုံးကောက်၍ ထိုနေရာအား ပစ်ပေါက်လိုက်သည်။ ခွေးများထွက်ပြေးကြ၏။ မြက်ပင်များကတော့ လှုပ်ယမ်းနေဆဲသာ ဖြစ်သည်။ ဦးသက်ထွန်း မြက်ပင်များကြားသို့ မရဲတရဲကြည့်လိုက်သည်။

"ဟင်"

တွေ့လိုက်ရသော မြင်ကွင်းသည် ဦးသက်ထွန်း ထင်ထားသလို ကလေးတစ်ယောက်မဟုတ်။ သားချနေသော ဆိတ်မတစ်ကောင်သာလျှင် ဖြစ်လေတော့သည်။

"ဪ…ဆိတ်မတစ်ကောင် မွေးနေတာကိုး။ သူ့သားကို ခွေးတွေကိုက်မှာစိုးလို့ အော်…အော်နေတာကိုး။ ရုတ်တရက်ဆိုရင် ဆိတ်အော်သံက ကလေးတစ်ယောက်ငိုတဲ့ အတိုင်းပဲ"

ဦးသက်ထွန်း ပြုံးလိုက်သည်။ မိမိမဟာင်မကျရှိခဲ့ရသော အဖြစ်တစ်ခု၏ အဖြေသည်လည်း တွေ့ရှိခဲ့ပြီဖြစ်၍ အပြုံးတစ်ချက် ပြုံးလိုက်သည်။

"အင်း… မနက်ကျရင်တော့ မောင်ထွန်းအောင်နဲ့ မောင်လှအေးတို့ နှစ်ယောက်ကို သန်းခေါင်ယံ ကလေးငိုသံအကြောင်း လက်ဖက်ရည်ဆိုင်ထိုင်ရင်း ပြောပြရဦးမယ်"

အတွေးဆုံးတော့ မိမိအခန်းရှိရာ ဘိုတဲလေးဆီသို့ ပြန်လာခဲ့ပါတော့သည်။

* * *

ရွှေမှုန်ဦး(မာသ်ာ)



www.burmeseclassic.com

www.burmeseclassic.com

## ကောင်းကင်အမြင် နက္ခတ်ဗြိုဟ်စဉ်များအရ

## ၂၀၁၃ ခု၊ မတ်လ၊ ခုနစ်နေ့သားသမီးများအတွက်

# တြင်းရုပ်အဟောစာတမ်းများ

ဝမ္ဘာစရိယ ဦးအောင်ကျော်မိုး

### တနင်္ဂနွေသားသမီးများ

ယခုလ ကုမ်ရာသီ ဒုတိယတြင်းရုပ်အဟောထွက်သည်။

BURMESE CLASSIC .com



**စီးပွားရေး။** တာဝန်ယူ လုပ်ပေးရသော အလုပ်တွေ များနေမည်။ နေအိမ်၊ မိသားစု၊ သားသမီးအလုပ်ကိစ္စတွေဖြင့် နေ့မအား ညမအားဖြစ်နေမည်။ ပရဟိတအတွက်လည်း ငွေရှာပေးဖြစ်မည်။ လူမျိုးခြားနှင့် အကျိုးပေးမည်။ ညအလုပ်နှင့် လျှို့ဝှက်စွာ လုပ်သောအလုပ်များ၊ လူထုကြား၌ ချပြရသော အလုပ်များ အကျိုးပေးမည်။

**အိမ်ထောင်ရေး။** သာယာသော အိမ်ထောင်ရေးဟု မဆိုနိုင်သော်လည်း အောင်မြင်ကျော်ကြား ထင်ရှားသော စုံတွဲအဖြစ် အသိအမှတ်ပြုခံရမည်။ တစ်ယောက်နှင့် တစ်ယောက် သံသယတွေ များ။ ချစ်စိတ်တွေ ကုန်နေမည်။ ဘဝအဖော်အဖြစ် သည်းခံလျက် လူကြားကောင်းအောင် ပေါင်းဖက်နေရမည်။

**ပညာရေး။** အနုပညာနှင့် အားကစားပညာရပ်များ၊ စီးပွားရေးဆိုင်ရာ ပညာရပ်များ ထူးချွန်မည်။ စာကျက်နှင့် စာရေးပျင်းမည်။ စကားပြောဆိုင်ရာ အားနည်းမည်။ လက်တွေ့ အသုံးဝင်သော ပညာရပ်များ အကျိုးပေးမည်။ သင်ယူဖြစ်မည်။

**အချစ်ရေး။** အချစ်တွေ များနေမည်။ ပူလောင်မှန်းသိသော်လည်း အတွေ့ကို မရှောင်နိုင်ဖြစ်မည်။ ချစ်သူတိုင်း ကောင်းကျိုးပေးနေ၍ မည်သူ့ကိုမျှ မစွန့်နိုင်။ ရသမျှ ယူနေ၊ ပူနေရသော အချစ်များဖြစ်သည်။

**ကျန်းမာရေး။** အသံဝင်၊ လည်ချောင်းနာမည်။ မူလရောဂါအခံ သွေးတိုး၊ ဆီးချိုရှိသူများ တိုင်းရင်းဆေးဝါးအကူများကြောင့် သက်သာမည်။ ညအိပ်မပျော်သော ရောဂါဖြစ်မည်။

**ကံကောင်းသောအရောင်** - နီညို၊ ရောင်စုံကွက်ကြားအရောင်များ။

**ကံကောင်းသောဂဏန်း၊** - ၃၊ ၅၊ ၀ ဂဏန်းများ။

**ယတြာ** - တဝဂ္ဂဘုရားမှာ မီးသက်စေ့ထွန်း၍ ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ



### ယခုလ တူရာသီ ပထမတြင်းရုပ်အဟောထွက်သည်။

**စီးပွားရေး။** စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ သီးနှံရောင်းဝယ်ရေး၊ ရေကြောင်းဆိုင်ရာ အလုပ်များ အကျိုးပေးမည်။ ရေနှင့် စပ်သော ရေသန့်၊ ဖျော်ရည်၊ ယမကာဆိုင်များ ပန်းအလှပြုပြင်၊ နေအိမ်ပြင်ဆင်မှုများမှ ငွေဝင်မည်။ ပညာရေးဆိုင်ရာ ကျောင်းများနှ စပ်တူရှယ်ယာဝင်ခွင့်ရလျှင် အကျိုးကျေးဇူး လျင်မြန်စွာ ခံစားရမည်။ မိသားစုဝင်တို ငွေဝင်နည်းသော်လည်း အလုပ်အကိုင် ကိုယ်စီရနေမည်။

**အိမ်ထောင်ရေး။** အပိုစကားတွေ အများကြီး ပြောနေရမည်။ စကားအထာအနကော ၍ ငြင်းခုံနေရမည်။ ကိုယ့်အလုပ်နှင့် ကိုယ် နေရလျှင် သက်သာမည်။ သားသမီးအတွက် ပူပင်ကြောင့်ကြရမည်။ အစားအသောက်မမှန်။ မိသားစု ထမင်းလက်စုံ မစားဖြစ်။

**ပညာရေး။** သင်ယူလိုသော ပညာရပ်တွေ များနေမည်။ ဘာသာခြား စာပေဆိုင်ရာ များကြောင့် အခက်အခဲဖြစ်မည်။ စာမေးပွဲဖြေတိုင်း အခက်အခဲရှိနေမည်။

**အချစ်ရေး။** အချစ်လုခံရမည်။ အချစ်ကြောင့် ပူလောင်ခံစားရမည်။ အလုပ်အကိုင် ပျက်မည်။ လူမှုရေးနှင့် အချစ်ရေး ရောထွေးနေမှုများ၊ အလုပ်အကိုင်နှင့် အချစ်ပူးဝင်နေမှုများကြောင့် ဇယားရှုပ်နေရချိန်ဖြစ်မည်။

**ကျန်းမာရေး။** အစားအသောက်မမှန်၊ အိပ်ရေးပျက်မှုများကြောင့် ရောဂါရလွယ်၊ ပျောက်လွယ်မည်။ ကိုယ်အလေး လျော့ကျလာမည်။ ဓာတ်စာအစာအာဟာရများ ရရှိမည်။

**ကံကောင်းသောအရောင်** - အစိမ်းရင့်၊ ပန်းနုရောင်အရင့်နှင့် ကာလာတူ ဝမ်းဆက်များ၊ ကွက်ကျားများ အကျိုးပေးမည်။
**ကံကောင်းသောဂဏန်း** - ၂၊ ၆၊ ၀။
**ယတြာ** - ကျောက်စိမ်းပန်းများကို တနင်္လာနေ့တွင် လှူ၍ ဆုတောင်းပါ။

BURMESE CLASSIC .com

## အင်္ဂါသားသမီးများ



### ယခုလ မိန်ရာသီ ပထမတြင်းရုပ်အဟောထွက်သည်။

**စီးပွားရေး။** ဝေးမြေမှ ပြန်လာသောသူများနှင့် စီးပွားဖြစ်မည်။ ငယ်စဉ်က လက်တွဲ ဖော် မိတ်ဆွေများနှင့် စီးပွားစပ်တူလုပ်ဖြစ်မည်။ လေလံဆွဲလျှင် ရလွယ်မည်။ အကျိုးအမြတ် ရမည်။ ငွေထုတ်ငွေသွင်း ပြုလုပ်ရဖန် များမည်။ စီးပွားရေး အောင်မြင်သော ကာလဖြစ် သည်။ ကြီးသူများအား ကတိလွယ်လွယ်ပေးမှုကြောင့် ဂုဏ်သိက္ခာကျခင်းမည်။ ခွေမျိုး မြေ၊ စက်ပစ္စည်း၊ အကျိုးပေးမည်။

**အိမ်ထောင်ရေး။** သာယာသော အချိန်ဖြစ်သော်လည်း ခွဲခွာရမှု များနေမည်။ ဝေးဝေး ကောင်းလေ၊ စိတ်ချမ်းသာလေဖြစ်မည်။ မိသားစုတာဝန်များကို လက်တွဲညီညီ ဆောင်ရွက် ဖြစ်မည်။ စာချုပ်နှင့် ဆက်သွယ်ရေးဆိုင်ရာများ၊ နေအိမ်အတွက်ဆိုင်ရာများနှင့် ပတ်သက်၍ စကားများရမည်။ စာအုပ်ကောင်းများ လက်ဆောင်ရလျှင် စိတ်ချမ်းသာမည်။

**ပညာရေး။** ကျနေသော ပညာရေးများ မြင့်တက်လာမည်။ စာအုပ်နှင့် ပညာရပ် ဆိုင်ရာ အရေးကြီးပစ္စည်းပျောက်မည်။ ကွန်ပျူတာဆိုင်ရာများ ပျက်မည်။

**အချစ်ရေး။** မိဘ သဘောမတူသူများနှင့် ချစ်နေမိမည်။ ချစ်သူ၏ လှည့်စားခြင်းများကြောင့် အရှက်တကွဲကြုံရမည်။ ၁ဂရက်ကျော်၍ ခရီးထွက်လျှင် လှပသောသူများ၏အချစ်ကို ရလိမ့်မည်။

**ကျန်းမာရေး။** ယားယံမည်။ အဖုအပိန့်ထွက်မည်။ လည်ချောင်းနာ အသံဝင်မည်။

**ကံကောင်းသောအရောင်** - အဝါရောင်နှင့် အနီရောင်များ။
**ကံကောင်းသောဂဏန်း** - ၃၊ ၅၊ ၂။
**ယတြာ** - ကြည်လင်သော တရားများကို နာယူပြီး ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများ



**ယခုလ ကုမ်ရာသီ ဒုတိယတြင်းရုပ်အဟောထွက်သည်။**

**စီးပွားရေး။** မင်းစိုးရာဇာနှင့် အလုပ်ရှင် အထက်လူကြီးများ၏ ချီးမြှောက်ခံရချိန်ဖြစ်သည်။ ဆက်သွယ်ရေး၊ သတင်း၊ စာပေနှင့် ကျောင်းဆရာအလုပ်များ အကျိုးဖြစ်ထွန်းမည်။ မြို့ကြီးများထက် ဖွံ့ဖြိုးစ မြို့ငယ်များနှင့် အကျိုးပေးမည်။

**အိမ်ထောင်ရေး။** စကားများ ရန်ဖြစ်ရချိန်။ အစားအသောက်၊ ဆွေမျိုး၊ ကိုးကွယ်ရာဘာသာရေး၊ ဆရာသမားများနှင့် စပ်လျဉ်း၍ ငြင်းခုံရ၊ ရန်ဖြစ်ရမည်။ မျက်နှာချင်းမဆိုင်လျှင် သက်သာမည်။

**ပညာရေး။** သင်လိုသော ပညာများ သင်ဖြစ်မည်။ ကူညီမည့်သူများ၊ ဆရာကောင်းများ တွေ့မည်။ စာသင်ကောင်းသော အချိန်၊ သင်ပေးသောစာများ ရလွယ်မည်။ ဘာသာစုံ တော်မည်။

**အချစ်ရေး။** မရေရာသောအချစ်။ ရည်ရွယ်သူဒွေ များနေမည်။ ရယ်စရာမောစရာ စ,လိုက် ပြောင်လိုက်နှင့် သူငယ်ချင်းထက်လည်း မကာ၊ ရည်းစားလည်း မကျ၊ မပွင့်လင်း မပြတ်သားသောအချိန်ဖြစ်သည်။

**ကျန်းမာရေး။** ရေသောက်နည်းလျှင် ဆီးချုပ်၊ ဆီးအောင့် ခံစားရမည်။ အပူရှိန်ကြောင့် နှာခေါင်းပိတ်၊ ခေါင်းကိုက်နေရထိုင်ရခက်မည်။

ကံကောင်းသောအရောင် - ရောင်စုံ၊ စပ်ကျား၊ အနက်ရောင်များ။
ကံကောင်းသောဂဏန်း - ၀၊ ၇၊ ဂ။
ယတြာ - မွေးနေ့တွင် ရောင်စုံပန်းများကို မွေးနံ့ဗြိုဟ်တိုင်မှာ လှူ၍ ဆုတောင်းပါ။

BURMESE CLASSIC .com

## ကြာသပတေးသားသမီးများ



**ယခုလ တူရာသီ ဒုတိယတြင်းရုပ်အဟောထွက်သည်။**

**စီးပွားရေး။** ကြိုးစားသမျှ အရာမထင်။ မမျှော်လင့်သောအလုပ်က အောင်မြင်လိမ့်မည်။ အလုပ်တွေ ရှုပ်နေမည်။ မိတ်ဆွေနှင့် ရန်ဘက်ကြား ကြားညပ်နေသောအလုပ်ကို လုပ်နေရမည်။ မင်းစိုးရာဇာများနှင့် ဆိုင်သောအလုပ်များ အမြတ်နည်းမည်၊ အခွန်အတွက် ငွေကုန်များမည်။ ဝန်ထမ်းစရိတ်နှင့် အပိုဆောင်း စရိတ်များ ကြီးမားနေမည်။ ဘဏ်ချေးငွေရမည်။ ဝေးမြေရပ်ခြားရှိ မိတ်ဆွေထံ အကူအညီပေးဖြစ်မည်။

**အိမ်ထောင်ရေး။** ပြာလောင်ခတ်နေသော အိမ်ထောင်ဘက်ကို ကြည့်၍ စိတ်မောနေရမည်။ ငွေကုန်များမည်။ စိတ်တိုင်းမကျဖြစ်မည်။ သားသမီးများ၏ ရေးရေးအတွက် ရင်မောနေရမည်။ ရံခါ လင်မယားချင်း အလွန်ရယ်မောစွာ စကားလက်ဆုံကျရောက်မည်။

**ပညာရေး။** လက်တွေ့ အသုံးချ ပညာရပ်များကို သင်ယူဖြစ်မည်။ နှုတ်အပြောနှင့် စာအရေးအသားတော်မည်။ သချာညံ့မည်။ စာသင်ဘက် မိတ်ဆွေကောင်းရမည်။ ပျော်ရွှင်သော ပညာရေးကာလဖြစ်သည်။

**အချစ်ရေး။** ယောက်ျားလျာ၊ မိန်းမလျာတို့၏ ချစ်မြတ်နိုးမှု ခံရမည်။ စိတ်ကူးယဉ်မှုတွေ များမည်။ ဇာတ်လမ်းထဲမှ ချစ်သူမျိုးကို ရရှိခံစားရမည်။ ကဗျာဆန်သော အချစ်ဖြစ်သည်။

**ကျန်းမာရေး။** ခြေသလုံး အကြောတက်၊ လေးလံမည်။ ဝမ်းချုပ်မည်။ ယာဉ်ကားတိုက်ခိုက်ခံရမည် (သို့မဟုတ်) မြင်ရမည်။ နလုံးခုန်မှု များမည်။

ကံကောင်းသောအရောင် - အဖြူနှင့် စိမ်းနုရောင်၊ ပန်းနုရောင်များ။
ကံကောင်းသောဂဏန်း - ၂ ၅ ၆။
ယတြာ - ပညာဒါနကျောင်းများအတွက် စာအုပ်သက်စေ့လှူ၍ ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



**ယခုလ ကုမ်ရာသီ ဒုတိယတြင်းရုပ်အဟောထွက်သည်။**

**စီးပွားရေး။** မြစ်ကူးချောင်းဖြား ပင်လယ်ကမ်းရိုးတန်းဒေသ ရှိသူများနှင့် အလုပ်လုပ်ဖြစ်မည်။ ယင်းဒေသထွက် ပစ္စည်းများဖြင့် အကျိုးဖြစ်ထွန်းမည်။ စက်ပစ္စည်းအဟောင်း မြေရိုင်းများ၊ စစ်ပြန်များနှင့် အကျိုးပေးမည်။ စီးပွားရေးအတွက် ဖြည်းဖြည်းနှင့် မှန်မှန် လုပ်ဖြစ်မည်။

**အိမ်ထောင်ရေး။** ခရီးတိုထွက်ဖြစ်မည်။ သာယာသော အိမ်ထောင်ရေးဖြစ်သည်။ အိမ်ထောင်ဖက်က အေးစက်လွန်းနေမည်။ သူ့မိုက်ယ်မှီ အားပြန်ရသောအချိန်ဖြစ်သည်။ နားလည်မှု ရှိမည်။

**ပညာရေး။** ငယ်စဉ်က ပညာရပ်များ ပြန်အသုံးချဖြစ်မည်။ သို့မဟုတ် သင်ပြီးသား ဘာသာရပ်ကို ပြန်သင်ရလိမ့်မည်။ အားကစားနှင့် အနုပညာထက် ပိုမိုစိတ်ဝင်စားမည်။ စာအုပ်ဆိုင်ရာ ပညာရေး အားနည်းမည်။

**အချစ်ရေး။** လွယ်လွယ်ချစ်၊ မြန်မြန်မေ့သော၊ မတည်ငြိမ်သော အချစ်ဖြစ်သည်။ ချစ်သူများနေသော်လည်း အချစ်စစ်ရှာမတွေ့၊ အချစ်ရေးထက် ဝမ်းရေးကို ဦးစားပေးနေရမည်။

**ကျန်းမာရေး။** အိမ်နီးနားချင်းတို့၏ ဆူညံမှုကြောင့် စိတ်တို ဒေါသဖြစ်ရမည်။ အနီးနေ လူ၏ ဆူပူမှုကြောင့် ရောဂါရလွယ်သည်။ အနံ့ဆိုးများကိုလည်း သတိပြုပါ။

**ကံကောင်းသောအရောင်** - ပန်းရောင်၊ အဝါနုရောင်၊ အဖြူရောင်များ။
**ကံကောင်းသောဂဏန်း** - ၂၊ ၅၊ ၆။
**ယတြာ** - မွှေးသောပန်းများ လှူ၍ ဆုတောင်းပါ။

## စနေသားသမီးများ



**ယခုလ တုရာသီ ဒုတိယတြင်းရုပ်အဟောထွက်သည်။**

**စီးပွားရေး။** နှစ်ဆတက် အောင်မြင်မည်။ ဆုံးရှုံးရသမျှ ပြန်ရမည်။ တာဝန်ယူ လုပ်ပေးရသော အလုပ်များမှ ပိုမိုငွေရမည်။ နာမည်ကောင်းရမည်။ အလုပ်သမားများ မတည်ငြိမ်၊ အလုပ်ထွက်မှု များမည်။ ဉာဏ်ရှိသလို အလုပ်လုပ်ခွင့်ရချိန်ဖြစ်သည်။

**အိမ်ထောင်ရေး။** အေးစက်စက်ဖြစ်နေရာမှ ထ၍ ဒေါသပေါက်ကွဲတတ်သည်။ အိမ်ထောင်ရေးက ပုံမမှန်။ သတိအနေဖြင့် စောင့်ကြည့်နေရမည်။

**ပညာရေး။** ဘာသာစုံ အမှတ်တက်လာမည်။ ကြိုးစားသလောက် အောင်မြင်မှု ရမည်။ ပညာသင်ရင်း ရန်ပြဿနာကြုံမည်။ တာဝန်အရ စာသင်ယူနေရမည်။ ပညာရေးထက် အပျော်ဘက်ကို ပိုအားသန်မည်။

**အချစ်ရေး။** တစ်ဖက်သတ် ချစ်နေမိမည်။ မှန်သွားမှာ ကြောက်၍ ဖွင့်မပြောရက်၊ အောင်သွယ်ကောင်းကို ရှာသင့်သည်။ အလိုက်သိတတ်လျှင် မြန်မြန်အချစ်ခံရမည်။ ကပ်စေးမနဲပါနှင့်။

**ကျန်းမာရေး။** နာစေး ချောင်းဆိုး အအေးပတ်မည်။ အနေအထိုင်မတတ်မှုကြောင့် ရောဂါရလွယ်မည်။ အစားအသောက် လွန်ကဲမည်။ အားကစား မလွန်ကဲရန် သတိပြုသင့်သည်။

**ကံကောင်းသောအရောင်** - အညို၊ အနက်၊ နီညိုရောင်များ။
**ကံကောင်းသောဂဏန်း** - ၃၊ ဝ၊ ၇။
**ယတြာ** - အောင်သပြေနှင့် ကျောက်စိမ်းပန်း စသော အရွက်များပါ ပန်းများကို မွေးနေ့တွင် နံနက် နေထွက်ချိန် လှူ၍ ဆုတောင်းပါ။

*****

www.burmeseclassic.com